ဂုဏာဝါဘိလင်္ကာရ သဒ္ဓမ္မဓဇ မဟာဓမ္မရာဇဂုရု

လုံးတော်ဆရာတော်

# ပကိဏ္ဏက ဝိသဇ္ဇနာကျမ်း

## ဒုတိယတွဲ

၁၃၇၂ ၂၀၁၀

ဤပကိဏ္ဏကဝိသဇ္ဇနာ(ဒုတိယတွဲ)ကျမ်းကို အဆက်မပြတ်
ထုတ်ဝေနိုင်ရန် ရည်သန်၍ ငွေပဒေသာပင်စိုက်ထူကာ
ပညာသံဝတ္တနိကကုသိုလ်ပြုကြသော ဓမ္မဒါန ဒါယကာများ

ရွှေသုဝဏ်ဆရာတော်၏ ရဟန်းမယ်တော်ကြီး

# ဒေါ်အေးရင် (မြစ်သား)

ကို ရည်စူး၍

သမီး- ဒေါ်ကြည်ကြည်

မြေး- ဗိုလ်ချုပ်စောထွန်း(ငြိမ်း)+ဒေါ်မြင့်မြင့်ကို
ဦးကျော်နီ+ဒေါ်မူမူကို၊ ဦးခင်မောင်ဆွေ+ဒေါ်ခင်မာဦး
ဒေါက်တာဦးမင်းလွင်+ဒေါ်ဝင်းဝင်းကို
ဦးအေးကို+ဒေါ်ချိုပြုံး၊ ဦးလှမြင့်+ဒေါ်နှင်းနှင်းဦး
မြေး,မြစ်,တီ မျိုးဆက်သစ်များ

ကောင်းမှု

# ပကိဏ္ဏကဝိသဇ္ဇနာ (ဒုတိယတွဲ)

## လုံးတော်ဆရာတော်

ဂုဏဝါဘိလင်္ကာရ သဒ္ဒမှုဓဇ မဟာဓမ္မရာဇဂုရု

လုံးတော်ဆရာတော်

# ပဋ္ဌာန ဝိသဇ္ဇနာကျမ်း

ဒုတိယတွဲ

၁၃၇၂ ၂၀၁၀

သာသနာတော်ထွန်းကားပြန့်ပွားရေးဦးစီးဌာန
အမှတ် ၂၇၃၄၈
ရက်စွဲ ၂၅-၁၁-၁၀
သာသနာစာကြည့်တိုက်

ပုံနှိပ်မှတ်တမ်း

---

အုပ်ရေ (၁,၀၀၀)
၁၃၇၂-ခုနှစ်၊ (၂၀၁၀-ခုနှစ်)

ရွှေသုဝဏ်ကျောင်းက သန့်စင်သည်အထိ ကွန်ပျူတာစာစီ လှူဒါန်းသည်။
ဦးမြင့်စိုး၊ ဦးသိန်းအောင်၊ ဦးစိုးတင့်တို့ ကြီးကြပ်ပြင်ဆင်သည်။

ရန်ကုန်မြို့၊ ကမ္ဘာအေး၊ သာသနာရေးဝန်ကြီးဌာန
သာသနာရေးဦးစီးဌာန၊ ညွှန်ကြားရေးမှူး ဦးဝင်းနိုင်
မှတ်ပုံတင်အမှတ် (၀၃၈၄၃ / ၀၂၄၀၅) က
ပုံနှိပ်ထုတ်ဝေသည်။

# ပါစိတ္တကပိသဇ္ဇနာ (လုံးတော်၊ ၂)

## ဒုတိယတွဲ၊ မာတိကာ

---------


| [ပုဒ်မ]အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| က။ နိဒါနပဏ္ဏာမပါဌ် | | [ ၁၉ ] |
| ကာ။ ၎င်းအနက် | | [ ၂၁ ] |
| ကိ။ ပုံနှိပ်လုပ်ဆောင်သည့်နိဒါန်း | | [ ၂၃ ] |


### (ဒုတိယတွဲ၊ ပထမပိုင်း)၊ မာတိကာ


၈၀။ ငရဲ,တိရစ္ဆာန်,ပြိတ္တာ-အစရှိသော အရပ်ပြစ် ၈-ပါး၏အမေးကို ဖြေဆိုပြရာ ၆၂၅

၈၁။ ဗိုလ် ၅-ပါးတို့၏ သကဌာနအားဖြင့် နေရာကျ ဖြစ်သင့်သည့် အမေးကို ဖြေဆို၍ ပြရာ ၆၂၆

၈၂။ (၁) အာမကမံသ-ကို ရဟန်းတို့ခံယူခြင်း၌ အပြစ်ထိုက်မည်, မထိုက်မည်၊ ၆၃၂

(၂) န ဝဋ္ဋတိ-ဟူသော ပါဌ်၌လည်း န ဝဋ္ဋတိ-သင့်မည်, ဝဋ္ဋတိ-သင့်မည်-ဟူသော အမေးကို ဖြေဆို၍ပြရာ ၆၃၅

၈၃။ မဟောသဓာဇာတ်တွင် ပဉ္စသုဝဏ္ဏေန နိက္ခေန-အစရှိသည်၏အရ၌ နိက္ခ ၁,၀၀၀-ဟူသည် မြန်မာချိန်မည်မျှရှိမည်, ၁-နိက္ခ-ဟူသည် အဘယ်မျှ ရှိမည်ဟူသော အမေးကို ဖြေဆို၍ပြရာ ၆၃၆

၈၄။ (၁) "ဘိက္ခုနိဝိဟာရဘူမိ"အစရှိသောပါဌ်၌ 'န ဝဋ္ဋတိ'-နှင့် 'ကိဉ္စိနဂရေ'-မှစ၍ အဓိဋ္ဌာနတ္ထတိုင်အောင် မည်သို့ ယူရမည်၊ ၆၃၉

(၂) သာမဏေတို့မှာ ဥပဇ္ဈာယ်ယူ၍ နေသင့်မည်, နိဿယည်းယူ၍နေသင့်မည်၊ ဥပဇ္ဈာယ်ပျံတော်မူလျှင် ဥပဇ္ဈာယ်အသစ် ယူသင့်မည်,မယူသင့်မည်၊ ၆၄၃

(၃) ဥပဇ္ဈာယ်ရင်းရှိလျက် အဝေးရပ်သို့ သွား၍ နေသောအခါ ဥပဇ္ဈာယ် အသစ် ယူသင့်မည်, မယူသင့်မည်၊ ၆၄၆

[ပုဒ်မ]အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

(၄) ဥပဇ္ဈာယ်ရင်းရှိလျက် ရဟန်းခံသောကာလ လိင်ပြန်၍ အသစ်ဥပဇ္ဈာယ် ယူသင့်မည်,မယူသင့်မည်-ဟူသော အမေးကို ဖြေဆို၍ ပြရာ ၆၄၇

၈၅။ (၁) စတုပါရိသုဒ္ဓိသီလကို လူတို့ ကျင့်အပ်မည်, မကျင့်အပ်မည်၊ ၆၄၈

(၂) ၅-ပါးသီလ, ၈-ပါးသီလ, ၁၀-ပါးသီလတို့၏ အထူးအခြား အကျိုး အာနိသင်တို့၏ အမေးကို ဖြေဆို၍ပြရာ ၆၄၉

၈၆။ [၁]နန္ဒိယာဝဋ္ဋနည်း၊ [၂]တိပုခလနည်း၊ [၃]သီဟဝိက်ကီဠိတနည်း၊ [၄]ဒိသာလောစနနည်း [၅]အင်္ကုသနည်း ၅-ပါးတို့၏ အမေးကို ဖြေဆို၍ပြရာ ၆၅၃

၈၇။ (၁) ၆၂-ပါးကုန်သော မိစ္ဆာဒိဋ္ဌိတို့တွင် အပါယ်လားသော ဒိဋ္ဌိ မည်မျှ, အပါယ်မလားသော ဒိဋ္ဌိ မည်မျှရှိသည်၊ ၆၅၈

(၂) ထို ၆၂-ပါးသော ဒိဋ္ဌိမှတပါး အပါယ်လားသောဒိဋ္ဌိ အခြားပင် ရှိမည်ဟူသော အမေးကို ဖြေဆို၍ပြရာ ၆၆၅

၈၈။ ပုထုဇဉ်ပုဂ္ဂိုလ်တို့မှာ သမာဓိတရား ရမည်, မရမည်-ဟူသော အမေးကို ဖြေဆို၍ပြရာ ၆၆၇

၈၉။ တိရစ္ဆာန်ချင်းချင်း သတ်စားကြရာ ပါဏာတိပါတကံ ထိုက်မည်,မထိုက်မည် အမေးကို ဖြေဆို၍ပြရာ ၆၉၉

– ပုစ္ဆာဝိသဇ္ဇနာသမူဟကဏ္ဍ ၇၂၃

----- x -----

## (ဒုတိယတွဲ၊ ဒုတိယပိုင်း)၊ မာတိကာ

၉၀။ "ဗုဒ္ဓေါ လောကေ သမုပ္ပန္နော"အစရှိသော ဂါထာသည် အဘယ်ကျမ်းလာ အဘယ်အရာတွင် ဟောသည်-ဟူသော အမေးကို ဖြေဆို၍ပြရာ ၇၂၅

၉၁။ တိရစ္ဆာန်ဖြစ်သော ကိန္နရာတို့သည် လူတို့ဘာသာဖြစ်သော စကားကို ပြောဆို တတ်လျက်နှင့် အကျိုးထူး ၂-ပါးကိုမြင်၍ မပြောမဆိုသည့်အရာသည် မည်သို့အကြောင်းရှိ၍ ဖြစ်မည်-ဟူသော အမေးကို ဖြေဆို၍ ပြရာ ၇၃၄

၉၂။ ကင်္ခါဝိတရဏာဝိသုဒ္ဓိ၌ ယုံမှားခြင်း ၁၆-ပါး၏ အမေးကို ဖြေဆို၍ပြရာ ၇၃၆

၉၃။ (၁) ဣတ္ထိန္ဒြေ-ဣတ္ထိလိင်္ဂတို့၏ ဝိသေသဖြစ်ဟန်၊ ၇၄၁

| [ပုဒ်မ]အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | (၂) မိန်းမ,ယောကျ်ားတို့ ဣတ္ထိလိင်ကွယ်ပျောက်၍ ပုရိသလိင်ဖြစ်ခြင်း၊ ပုရိသလိင်ကွယ်ပျောက်၍ ဣတ္ထိလိင်ဖြစ်ခြင်း၌ ကုသိုလ်, အကုသိုလ် ၂-ပါးတို့ အကျိုးပေးဟန် | ၇၄၆ |
| | (၃) ဥဘတောဗျည်း ၂-ယောက်တို့တွင် ဣတ္ထိဥဘတောဗျည်း၌ ဣတ္ထိလိင်ကွယ်ပျောက်၍ ပုရိသလိင် ရောက်သောအခါ ဣတ္ထိနိမိတ် အလျှင်းပင် ရှိ,မရှိ စသဖြင့် ပုရိသလိင်၌လည်း ထို့အတူ သိလိုပါသည်-ဟူသော အမေးကို ဖြေဆို၍ပြရာ | ၇၄၈ |
| ၉၄။ | (၁) ပိသုဏဝါစာ,ဖရုသဝါစာတို့ ပြောဆိုလျှင် မုသာဝါဒသိက္ခာပုဒ်ပျက်,မပျက်၊ | ၇၅၆ |
| | (၂) သုရာကို အဘယ်မျှလောက် သောက်လျှင် ကံ-ထိုက်မည် | ၇၆၄ |
| | (၃) မာတုရက္ခိတ-စသော မိန်းမ ၈-ယောက်တို့ကို စောင့်ရှောက်သူတို့မှာ ကာမေသုမိစ္ဆာစာရကံ-ရှိ, မရှိ | ၇၆၄ |
| | (၄) နွားသင်းကွပ်သူတို့ အဘယ်ကံ ထိုက်မည် | ၇၆၅ |
| | (၅) အပရာပရိယကံသည် ကံတပါး မကူဘဲ မိမိချည်းသက်သက် အကျိုးပေးနိုင်မည်, မပေးနိုင်မည် | ၇၇၂ |
| | (၆) အဘိဇ္ဈာမနောကံသည် အဘယ်သို့ဖြစ်မှ မနောကံ ထိုက်မည် | ၇၇၂ |
| | (၇) သီလကို အဘယ်သို့ ဆောက်တည်မှ သီလဝိသုဒ္ဓိဖြစ်မည် | ၇၇၅ |
| | (၈) ဝိစိကိစ္ဆာသည် ကံ ၃-ပါးတို့တွင် အဘယ်ကံ၌ သွင်း၍ ကမ္မပထ မြောက်သည် ယူရမည် | ၇၇၉ |
| | (၉) အဘိဓမ္မ-သဒ္ဒါ ၂-နက်တွင် အဘယ်အနက် သာ၍သင့်မည်-ဟူသော အမေးကို အကျယ်ဖြေဆို၍ပြရာ | ၇၈၃ |
| ၉၅။ | အချို့သောသူတို့က တိရစ္ဆာန်တို့မှာ မိမိတို့အချင်းချင်း ဖမ်းယူ,သတ်စား ကြသည့်အရာသည် မိမိတို့အစာဖြစ်ရကား ပါဏာတိပါတ ကံ-ထိုက်, မထိုက်အမေးကို ဖြေဆို၍ပြရာ | ၇၈၆ |
| ၉၆။ | ထီးလင်းဆရာတော်က ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသညသတ်, အရူပ, ဝိကလိန္ဒြိယ, ပစ္စန္တရစ်, မိစ္ဆာဒိဋ္ဌိ၊ ဤ ၈-ဌာနတို့ကို အရပ်ပြစ် ၈-ပါး ဟု အများပြောဆိုကြသောအရာနှင့် ဘုရားဟောကျမ်းလာ ဒေသနာ အရှိ ညီ,မညီအမေးကို ဖြေဆို၍တဖန်ပြရာ | ၇၈၇ |

| [ပုဒ်မ]အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၉၇။ | (၁) မြင်းမိုရ်,စကြဝဠာ,သီဒါ,သတ္တရဘ္ဘန်,အရံကျွန်းကြီးတို့၏အဝေးအကွာ | ၇၈၈ |
| | (၂) ၃-ဖြာသော ဝီထိတို့၏ အချင်းယူဇနာ, အဝေးအကွာတို့၏ အမေးကို ဖြေဆို၍ပြရာ | ၇၈၈ |
| ၉၈။ | ပါဏာတိပါတကံ အင်္ဂါ ၅-ပါးတွင် ၁-ပါးပါးပင် ပါဏာတိပါတကံယူရမည် ပါဏာတိပါတစေတနာသည် အင်္ဂါ ၅-ပါးမှ မလွတ်ဖြစ်မည် အမေးကို ဖြေဆို၍ ပြရာ | ၇၉၄ |
| ၉၉။ | ဝိသာခါဒါယိကာမကို မိဂါရမာတာ-ဟု ကျမ်းဂန်တို့၌ လာရှိပါသည်၊ ထိုသို့ လာရှိသည့်အရာကို အချို့က ချွေးမ-ဝိသာခါ၏နို့ကို ယောက္ခမမိဂါရ သူဌေး စို့သောကြောင့် မိဂါရမာတာတွင်သည်-ဟူသော အမေးကို ဖြေဆို၍ပြရာ | ၇၉၆ |
| ၁၀၀။ | ဗောဇ္ဈင်သုတ်-ပါဠိအနက်နှင့်တကွ ၎င်းကို ရွတ်ဖတ်သရဇ္ဈာယ်ရခြင်း၏ အကျိုးအာနိသင်ကို ပြရာ | ၇၉၉ |
| – | ပုစ္ဆာဝိသဇ္ဇနာသမူဟကဏ္ဍ | ၈၀၃ |


----- x -----

## (ဒုတိယတွဲ၊ တတိယပိုင်း)၊ မာတိကာ


| | | |
|---|---|---|
| ၁၀၁။ | နဝင်္ဂဥပုသ်အမေးကို ဖြေဆို၍ပြရာ | ၈၀၄ |
| ၁၀၂။ | (၁) ပါရမီတော်ခန်းပျို့တွင် "စကြဝဠာနဂိုရ်၊ မြင်းမိုရ်တစ်ထောင်" အစရှိသောပုဒ်၌ တ-အက္ခရာနှင့် စကြဝဠာတစ်တောင်ဖြစ်မည်၊ ထ-အက္ခရာနှင့် စကြဝဠာ တစ်ထောင်ဖြစ်မည်၊ | ၈၀၉ |
| | (၂) "သြဇာနက်၍"ဟူရာဝယ် နက်-ဟူသော ဝေါဟာရကို သိလိုပါသည် | ၈၁၀ |
| | (၃) "ဆယ့်နှစ်တန်သား၊ ကျိုးမွန်ပေးထိုက်"ဟူရာ၌ ၁၂-တန်သောအကျိုးကိုလည်း သိလိုပါသည်-ဟူသော အမေးပုစ္ဆာ ၃-ရပ်ကို ဖြေဆို၍ပြရာ | ၈၁၀ |
| ၁၀၃။ | (၁) ခန္ဓာ ၅-ပါး, အာယတန ၁၂-ပါး, ဓာတ် ၁၈-ပါး, သစ္စာ ၄-ပါး, ပဋိစ္စသမုပ္ပါဒ် ၁၂-ပါး, ဗောဓိပက္ခိယတရား ၃၇-ပါး | ၈၁၂ |
| | (၂) ပုဂ္ဂိုလ် ဘုံရ, စိတ်ရတို့ကို ဖြေဆို၍ပြရာ | ၈၁၉ |

| [ပုဒ်မ]အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၀၄။ (၁) | စိတ္တဝိက္ခိတ္တဖြစ်သည့်အလျောက် သိက္ခာချသော ပုဒ်ကို ရွတ်ဆိုသော်လည်း သိက္ခာကို စွန့်လိုသောစိတ် မရှိလျှင် သိက္ခာ ကျ,မကျ၊ | ၈၂၄ |
| (၂) | ထေနက ဖြစ်,မဖြစ်ကို ဖြေဆို၍ပြရာ | ၈၂၅ |
| ၁၀၅။ | စေတိယပဗ္ဗတဒွေဘာတိကထေရဝတ္ထုကို ဖြေဆို၍ပြရာ | ၈၂၈ |
| ၁၀၆။ | ဥပဋ္ဌိတဖြစ်၍ ထင်သော သတိရှိသောပုဂ္ဂိုလ် ၃-ဦးတို့၏ အကြောင်းကို ဖြေဆို၍ပြရာ | ၈၃၄ |
| ၁၀၇။ | သိကြားမင်းသည် စာတုမဟာရာဇ်,တာဝတိံသာ ၂-ဘုံကိုသာ အစိုးရသည်၊ ယာမာ-စသော အထက် ၄-ဘုံကို အစိုးမရ-ဟူသော အမေးကို ဖြေဆို၍ပြရာ | ၈၃၇ |
| ၁၀၈။ | လောက၌ စည်းစိမ်ချမ်းသာကို ရှာဖွေတောင့်တ၍ ရကြ,ရှိကြ,ပြည့်စုံကြသော သူတို့သည် ကံ-အကျိုးဖြစ်မည်, လုံ့လ-အကျိုးဖြစ်မည် ဟူသော အမေးကို ဖြေဆို၍ပြရာ | ၈၃၉ |
| ၁၀၉။ (၁) | သူကြီး, နာခံ, စစ်ကဲ, မြို့ဝန်အရာရှိတို့ကို ရဟန်းတော်များက စာသွင်း၍ အရာကျသည့်အမှု၊ | ၈၄၅ |
| (၂) | တစ်ဦးကို အမိန့်တော်ခံပေး၍ တစ်ဦးအရာကျသည့်အမှု | ၈၄၅ |
| (၃) | ထောက်လှမ်းချက်ပေးသောကြောင့် အရာမကျ၊ ကြေးငွေကုန်ကျသည့်အမှု-စသော ရဟန်းတော်တို့ ပယောဂကြောင့် ပျက်စီးနစ်နာသည်များကို ကံထိုက်, မထိုက် ဖြေဆို၍ပြရာ | ၈၄၅ |
| ၁၁၀။ (၁) | ၁၀-ပါးသီလတွင် သုရာမေရယမှ အထက်ကို ယွင်းပျက်ရာ၌ သာဝဇ္ဇဖြစ်မည်, အနဝဇ္ဇဖြစ်မည် | ၈၅၃ |
| (၂) | ပရပုတ္တဓမ္မာနုဂ္ဂဟသည် ဒါယာဒ ဖြစ်,မဖြစ် | ၈၅၅ |
| (၃) | အလှူခံသာမညတို့အား လှူဒါန်းသော ဒါနသည် ဒိဋ္ဌဓမ္မ အကျိုးရှိ, မရှိ-စသည်များကို ဖြေဆို၍ပြရာ | ၈၅၇ |
| ၁၁၁။ | ဥက္ကာကျခြင်း, တော်လည်းခြင်းအကြောင်းတို့ကို ဖြေဆို၍ပြရာ | ၈၅၈ |
| ၁၁၂။ | ပကိဏ္ဏကဝိသဇ္ဇနာကျမ်း၊ တတိယထုပ်၊ ပဉ္စမတွဲ၊ သတ္တမ၊ ဗီဇုဒ္ဓရဏပုစ္ဆာတွင် "တတ္ထ ကတမာ ဝိဟိံသာဓာတု"အစရှိသော ပါဠိ၌(ပေယျာလ) ထားသည်ကို ဖြေဆို၍ပြရာ | ၈၆၂ |

| [ပုဒ်မ]အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၁၃။ | သမ္မသနဉာဏ်ကို ဖြေဆို၍ပြရာ | ၈၆၄ |
| ၁၁၄။ | အတွင်းအောင်ခြင်း အပြင်အောင်ခြင်း ရတနာရွှေချိုင့် မင်္ဂလသုတ် ဂါထာတို့ကို ပုဒ်,ပါဌ်,အက္ခရာ မှန်ကန်အောင် စိစစ်၍ပြရာ | ၈၇၃ |
| ၁၁၅။ | ကံ-ဒွါရတို့ ကွဲပြားပုံကို ဖြေဆို၍ပြရာ | ၈၇၅ |
| – | ပုစ္ဆာဝိသဇ္ဇနာသမူဟကဏ္ဍ | ၈၈၀ |


----- x -----

## (ဒုတိယတွဲ၊ စတုတ္ထပိုင်း)၊ မာတိကာ


| | | |
|---|---|---|
| ၁၁၆။ | ပရိတ်ပါဠိတော်တွင် ပုဒ်, အက္ခရာ, ဂါထာဗန္ဓ ချွတ်ယွင်းလျက်ရှိသည့် အမေးကို ဖြေဆို၍ အကျယ်ပြရာ | ၈၈၂ |
| ၁၁၇။ | (၁) လူတို့တွင် ကိုယ်စောင့်နတ် ၁၂-ယောက်ရှိသည်-ဆိုသောစကား | ၉၁၉ |
| | (၂) ထိုကိုယ်စောင့်နတ်များ၏ အမည်နာမ၊ | ၉၁၉ |
| | (၃) အချို့ကလည်း ကိုယ်စောင့်နတ် ၁-ယောက်သာ ရှိသည်ဆိုသော စကားကို ဖြေဆို၍ပြရာ | ၉၂၀ |
| ၁၁၈။ | "ခဏော ကိစ္စော ခဏော ကိစ္စော"အစရှိသော အင်္ဂုတ္တရ အဋ္ဌကနိပါတ် ပါဠိတော်၏အရတွင် အာဂမသုတ,အဓိဂမသုတ ၂-ပါးတို့၏ သရုပ်အဓိပ္ပါယ်အမေးကို ဖြေဆို၍ပြရာ | ၉၃၁ |
| ၁၁၉။ | "ထေရော ဝိရိယသမာဓိယော"အစရှိသော သတိပဋ္ဌာနဝိဘင်္ဂအဋ္ဌကထာ မှစ၍ ထိုထိုအဋ္ဌကထာ,ဋီကာ-စသည်တို့၌ပြဆိုသော မရဏာသန္နဇော ၇-ကြိမ်၏ အမေးကို ဖြေဆို၍ပြရာ | ၉၃၈ |
| ၁၂၀။ | (၁) ကာယပသာဒရုပ်သည် ကိုယ်အင်္ဂါအစိတ်၌ တစ်ကိုယ်လုံးပင် နှံ့၍ တည်သည် ဖြစ်မည် | ၉၄၅ |
| | (၂) ဖောဋ္ဌဗ္ဗာရုံနှင့် ထိခိုက်ကြသောအခါ ၎င်းအာရုံ အများဖြစ်ခဲ့သော် ကာယပသာဒရုပ်လည်း အများပင် ဖြစ်မည်,အနည်းပင်ဖြစ်မည် အကယ်၍ အများဖြစ်ခဲ့အံ့၊ | ၉၄၆ |
| | (၃) အဘယ်ပသာဒရုပ်ကို ကာယဝိညာဉ် မှီရမည်-ဟူသော အမေးကို ဖြေဆို၍ပြရာ | ၉၄၆ |

[ပုဒ်မ]အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

၁၂၁။ ဓမ္မရသ,ဝိမုတ္တိရသ ၂-ပါးတို့၏ အကွဲအပြားအထူးအခြားကို ဖြေဆို၍ပြရာ ၉၅၅

၁၂၂။ မဂ်လသုတ်၌လာရှိသော အာရတီနှင့် ဝိရတီတို့၏ အကွဲအပြားအထူးအခြား ဝိသေသအကျိုးထူးဖြစ်ဟန်ကို ဖြေဆို၍ပြရာ ၉၅၈

၁၂၃။ (၁) ပါရမီ ၁၀-ပါးတို့၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန် ၉၇၀

(၂) ဗြဟ္မဝိဟာရတရား ၄-ပါးတို့၏ လက္ခဏာ,ရသ,ပစ္စုပဋ္ဌာန်,ပဒဋ္ဌာန်တို့ ဖြစ်ပုံကို ဖြေဆို၍ပြရာ ၉၇၆

၁၂၄။ သန္တုဋ္ဌိ, သလ္လေခ တရား၂-ပါးတွင် အဘယ်တရားသည် သန္တုဋ္ဌိ၊ အဘယ် တရားသည် သလ္လေခဖြစ်မည်-ဟူသော အမေးကို ဖြေဆို၍ပြရာ ၉၇၉

၁၂၅။ မြတ်စွာဘုရား အလောင်းတော်တို့သည် ပစ္ဆိမဘဝ၌ အလောင်းတော် အဖြစ်ကစ၍ ဘုရားဖြစ်တော်မူသည်မှ အနုပါဒိသေသပရိနိဗ္ဗာန်စံယူ တော်မူသည်တိုင်အောင် ပြည့်စုံစွာ ဖြည့်ကျင့်ရသော ဓမ္မတာအပြား ၃၀-တို့ကို သရုပ်သချာနှင့်တကွ ဖြေဆို၍ပြရာ ၉၉၀

၁၂၆။ နဂါးမျိုး ၁၀၂၄-ပါးကို ကွဲပြားအောင် ဖြေဆို၍ပြရာ ၉၉၄

၁၂၇။ နတ်တို့သည် လူတို့ကဲ့သို့ပင် အာဟာရကို သုံးဆောင်မှီဝဲသည်,မမှီဝဲသည် ဟူသော အမေးကို ဖြေဆို၍ပြရာ ၉၉၆

၁၂၈။ ဘုရား ၁-ဆူနှင့် ၁-ဆူအကြား မြေကြီး ၁-ယူဇနာ တက်သည်-ဟု ဆရာစဉ်ဆက် ပြောဆိုကြသောစကား မှန်မည်,မမှန်မည်-ဟူသော အမေးကို ဖြေဆို၍ပြရာ ၉၉၉

— ပုစ္ဆာဝိသဇ္ဇနာသမူဟကဏ္ဍ ၁၀၀၅

----- x -----

## (ဒုတိယတွဲ၊ ပဉ္စမပိုင်း)၊ မာတိကာ

၁၂၉။ တောင်ပို့ကို ဥပမာပြု၍ ဟောတော်မူသော ဝမ္မိကသုတ်, မေတ္တာနိသံသ သုတ်တို့ကို ပါဠိ, အနက်အဓိပ္ပါယ်နှင့်တကွ ဖြေဆို၍ပြရာ ၁၀၀၆

၁၃၀။ ပဉ္စမသင်္ဂါယနာတင် အရှင်ဘဝသျှင်မင်းတရားကြီးဘုရား၏သားတော် သုံးဆယ်မင်းသား လျှောက်ထားတောင်းပန်ချက်အရ အမျိုးသားတို့ နှလုံးသွင်းထား၊ သင်ကြားလေ့ကျက်၊ ဆောင်ရွက်မှတ်သား ကြည့်ရှုရန် ကျမ်းဂန်အရ ရေးပေးတော်မူသော သာရဏီယဩဝါဒကထာ ၁၀၂၉

| [ပုဒ်မ]အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၃၁။ (၁) | မြတ်စွာဘုရား ဂုဏ်တော်, ကျေးဇူးတော်တို့ကို ချီးမွမ်းသောဂါထာ | ၁၀၄၇ |
| (၂) | ပညာရှိတို့ကို ချီးမွမ်းသောဂါထာ | ၁၀၄၈ |
| (၃) | အသက်ဂုဏ်ကြီးသောသူတို့ကို ရိုသေသောအကျိုး | ၁၀၄၈ |
| (၄) | ဆွမ်း, အဝတ်, ယာဉ်လှူသောအကျိုး | ၁၀၄၈ |
| (၅) | မနောဒ္ဒါရဖြင့် လှူသောအကျိုး | ၁၀၄၉ |
| (၆) | ဆီမီးခွက်, ဆီမီးလှူသောအကျိုး | ၁၀၅၀ |
| (၇) | အသက်ရှည်ခြင်းအကြောင်း ၆-ပါး | ၁၀၅၁ |
| (၈) | အနည်းငယ်မျှသောဒါန အကျိုး | ၁၀၅၁ |
| (၉) | ဒေဝဓမ္မတရား ၂-ပါး | ၁၀၅၂ |
| (၁၀) | ပညာရှိတို့ လက္ခဏာ | ၁၀၅၂ |
| (၁၁) | သူမြတ်တို့ လက္ခဏာ | ၁၀၅၃ |
| (၁၂) | လူတို့ကို သိကြားမင်း ရှိခိုးသောဂါထာ | ၁၀၅၃ |
| (၁၃) | ရတနာ ၃-ပါးကို ဆည်းကပ်သောအကျိုး | ၁၀၅၄ |
| (၁၄) | မေတ္တာအကျိုး | ၁၀၅၅ |
| (၁၅) | အဆွေခင်ပွန်းကောင်းတို့၏ အင်္ဂါ | ၁၀၅၇ |
| (၁၆) | သီလဂုဏ် ၈-ပါး | ၁၀၅၈ |
| (၁၇) | စာဂဂုဏ် ၆-ပါး | ၁၀၅၈ |
| (၁၈) | သီလဝန္တရဟန်းတို့ကို ကိုးကွယ်သောအကျိုး | ၁၀၅၉ |
| (၁၉) | နတ်ပြည်၌ ဖြစ်ရသော အကြောင်း | ၁၀၆၀ |
| (၂၀) | မုသာဝါဒ အပြစ်ကြီးကြောင်း | ၁၀၆၀ |
| (၂၁) | ဇမ္ဗူဒိပ်ကျွန်းသားတို့က မြောက်ကျွန်းသားတို့နှင့် တာဝတိံသာနတ်များတို့ထက် သာလွန်သည့်တရား ၃-ပါး | ၁၀၆၀ |
| (၂၂) | အား ၈-ပါး | ၁၀၆၁ |
| (၂၃) | ဩဝါဒကထာ | ၁၀၆၁ |

[ပုဒ်မ]အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

(၂၄) ဆုတောင်းဂါထာ-တည်းဟူသော ဤ ၂၃-ပါးသော အမေးပုစ္ဆာကို ဖြေဆို၍ အကျယ်ပြရာ ၁၀၆၃

၁၃၂။ အဘိဓမ္မတ္ထသင်္ဂြိုဟ်တွင် သမ္မာသမ္ဗုဒ္ဓ-အစရှိသောပါဌ်တို့၌ ခက်ဆစ်ခဲရာ ယူဆပုံအဓိပ္ပါယ်များကို အကျယ်ဖြေဆို၍ပြရာ ၁၀၆၄

၁၃၃။ ပဥ္စမသင်္ဂါယနာတင် အရှင်ဘဝသျှင်မင်းတရားကြီးဘုရား သားတော် ပင်လယ်မင်းသားက “၃၈-ဖြာမင်္ဂလာတရားတော်တွင် ‘အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ’-ဟူသော ဂါထာမှ စ၍ ၁၀-ပါးသော ဂါထာတို့ဖြင့် တန်ဆာဆင်အပ်သော မင်္ဂလာတရား ၃၈-ပါးတို့၌ သရုပ်-သန်္နိဋ္ဌာန မည်သည့်ဂါထာတွင် မင်္ဂလာတရား မည်မျှရသင့်သည်ကို ဖြေဆိုတော်မူပါ”ဟု လျှောက်ထားတောင်းပန် ချက်အရ ဖြေဆို၍ပြရာ ၁၀၈၆

၁၃၄။ နေ,လ ၂-ပါးတို့ကို အသူရိန်နတ် ဖမ်းသည်ဆိုသောစကားမှာ မြေက တက်၍ဖမ်းသည်, အထက်ကောင်းကင်မှ လာ၍ဖမ်းသည်၊ မိမိ ဗိမာန်ပင် မိမိကို ကွယ်ကာသည်-ဟူသောအမေးကို ဖြေဆို၍ပြရာ ၁၀၉၅

၁၃၅။ သဗ္ဗညုတဉာဏ်တော်နှင့် ဒသဗလဉာဏ်တော်တို့ ဖြစ်ရာကာလသည် ကွဲပြား၍ အသီးအခြားပင် ဖြစ်ကြသည်, တပြိုင်နက်ပင် ဖြစ်သည် ကို ဖြေဆို၍ပြရာ ၁၁၀၅

၁၃၆။တရားသူကြီး မဟာမင်းထင်စည်သူက—

(၁) သမ္ဖပ္ပလာပ, ဗျာပါဒတို့သည် အင်္ဂါပြည့်စုံက အပါယဂမနိယဖြစ်မည်, မဖြစ်မည် ၁၁၀၈

(၂) ကမ္မပိလောတိက ၁၂-ပါးတို့တွင် ၉-ပါးသောဝတ္ထု၌ ဆိုသည်မှာ ငရဲ၌ ကျက်ပြီးမှ အကြွင်းကြွင်းဖြင့် မည်ကဲ့သို့ ခံရမည်၊ ၃-ပါးသော ဝတ္ထုမှာ ငရဲ၌ ကျက်သည်-ဟူ၍ မဆိုပါ၊ ခေါင်းတော်ခဲရခြင်း, ခါးတော်နာရခြင်း-ဟု ဆိုသော အပဒါန်ပါဠိတော်, အဋ္ဌကထာ, ဋီကာ၊ ကျမ်း ၃-ရပ်၌ မည်ကဲ့သို့ ထွက်ရှိသည်၊ ၁၁၁၅

(၃) စတုဒိသာ သံဃာအား လှူသော ကျောင်း-စသည့် အလှူဒါနတို့ကို သာမဏေတို့ ပါဝင်မည်, မပါဝင်မည်၊ တစ်ရပ်- ၁၁၂၄

[ပုဒ်မ]အမှတ်စဉ် အကြောင်းအရာ စာမျက်နှာ

(၄) *[၁]တောကျေးရွာမှာ မသာအသုဘတို့၌ အင်အားအလျောက် အနည်း, အများမဆို ကျောင်းရှိသံဃာကို ရည်၍လှူဒါန်းသည့်အရာ၊ ၁၁၂၉

*[၂]စာရေးတံဆွမ်းကို ကျောင်းသံဃာအား ရည်၍ လှူဒါန်းသော အရာများ၌ သာမဏေတို့ ခွဲဝေသုံးဆောင်ထိုက်သည် ဖြစ်မည်၊

တစ်ရပ်လည်း–

(၅) စတုဒိသာ သံဃာကို ရည်မှတ်၍ သစ်,ဝါး-စသည်တို့ စုပုံချထားသည့် ကာလမှစ၍ စေတနာ ၃-တန်နှင့်အညီ ကျောင်းဆောက်လုပ် ရေစက်သွန်းချ လှူဒါန်းပြီးနောက် ထိုကျောင်း၌ မည်သည့်သံဃာ မဆို သီတင်းသုံးနေသည်ကို ကျောင်းတကာ မနှစ်သက်ပြန်၍ ကျောင်းတင်မည်,ကျောင်းအပ်မည်၊ ရည်ရွယ်ရင်းသံဃာ သီတင်းသုံး သည်ကိုသာ နှစ်သက်၍ ကျောင်းတင်,ကျောင်းအပ်သည်များမှာ သံဃိကယောင်ယောင်, ပုဂ္ဂလိကယောင်ယောင် ဆွေးယှက်ရှိသဖြင့် ဤအလှူသည် သံဃိကဆိုသင့်မည်, ပုဂ္ဂလိကဆိုသင့်သည်များကို ကွဲပြားအောင် လျှောက်ထားချက်အရ ခိုင်မာသောကျမ်းဂန်တို့ဖြင့် ကိုးကားထောက်ထားပြီးလျှင် အကျယ်ဖြေဆို၍ ပြရာ ၁၁၃၀

၁၃၇။ ပါရမီတော်ခဏ်းပျို့၌ "လေးပါးအမိုက်၊ သုံးခန်းတိုက်တွင်" အစရှိသော ပုဒ်ဝယ် "ဝိဇ္ဇာသုံးကြိမ်၊ လုံးဖြစ်ချိန်"သင့်မည်၊ "ဝိဇ္ဇာသုံးကြိမ်၊ လူဖြစ်ချိန်" သင့်မည်-ဟူသော အမေးကို ဖြေဆို၍ပြရာ ၁၁၃၄

၁၃၈။ ၆-ခုမြောက်သော သတ္တာဟ၊ မုစလိန္ဒာမည်သော ကျည်းပင်ရင်း၌ သီတင်း သုံးနေတော်မူသောကာလ မြတ်စွာဘုရားသခင်သည် အဘယ် တရားကို နှလုံးသွင်းသည်, အဘယ်တရားကို ဟောကြားတော်မူသည် ကို ဖြေဆို၍ ပြရာ ၁၁၃၈

၁၃၉။ ပရမတ္ထ,ပညတ္တိ-စသော အနက် ၆-ပါးနှင့်တကွ ပ,မ,တ,န-စသောအက္ခရာ တို့ယှဉ်ဟန် အနက် ၆-ပါး သတ်ပုံ,သတ်နည်းတို့ကို ဖြေဆို၍ပြရာ ၁၁၄၀

– ပုစ္ဆာဝိသဇ္ဇနာသမုဟကဏ္ဍ ၁၁၆၁

----- x -----

*[ ဤကျမ်း၊ ဒုတိယတွဲ၊ ဆဋ္ဌမပိုင်းကို တတိယတွဲ(လုံးတော်)၊ ပထမပိုင်း အဖြေ့သို့ ပို့ထားပါသဖြင့် ယင်းဆဋ္ဌမပိုင်းကို တတိယတွဲ(လုံးတော်)၊ ပထမပိုင်းတွင် ကြည့်ရှုပါ။ ]*

နိဒါန

ပ

ဏာမ

ဝိစိတ္တဓမ္မဒေ

သတံ၊ ဗုဒ္ဓံ သမ္ဗုဒ္ဓပူဇိတံ။ နတွာ
ဓမ္မဉ္စ သံဃဉ္စ၊ ဒက္ခိဏေယျံ နိရင်္ဂဏံ။ ။
ပရိယတ္တိ ဝိသာရဒံ၊ ဂုရုံ ဂါရဝ ဘာဇနံ။
သတ္တစ္စံ အဉ္ဇလိံ ကတွာ၊ အဟံ ဝန္ဒာမိ သီရသာ။ ။

သပ္ပုရိသေဟိ ပုစ္ဆိတံ၊ ကထိတံ ယံ ဝိသဇ္ဇနံ။ သုတိစ္ဆိတာန’မတ္ထာယ။ ပုဗ္ဗပုဗ္ဗံ သုပါကဋံ။ ။ ဝိနာ ဝတ္ထာလင်္ကာရေန၊ ပုရိသော နာပိ သောဘတိ။ တထာ နိဒါနာလင်္ကာရေန၊ ဂန္ထောစာပိ န သောဘတိ။ ။ တသ္မာ ဒါနိ ကထာမ’ဟံ။ မြမ္မဘာသာယ မဏ္ဍိတံ။ နိဒါနံ ဒိန္နလဒ္ဓေန။ ကထိတဿ

တတော

တတော။ ။

တိက္ခညာ

ဏေန

ပေက္ခိတွာ၊

နာနာ ဂန္ထံ

သမာနိယ။

ဝိစိနိတွာ

ယုတ္တာ

ယုတ္တိံ၊

ဥဒ္ဓရိတွာ

န ဂန္ထတော။

(နိဒါနပဏာမပါဠ်။)

# နိဒါနပဏာမပါဌ်

ဝိစိတ္တဓမ္မဒေသကံ၊ ဗုဒ္ဓံ သမ္ဗုဒ္ဓပူဇိတံ။
နတွာ ဓမ္မဉ္စ သံဃဉ္စ၊ ဒက္ခိဏေယျံ နိရင်္ဂဏံ။ ။

အနက်။ ။အဟံ၊ အကျွန်ုပ်သည်။ ဝိစိတ္တဓမ္မဒေသကံ၊ အထူးသဖြင့် ဆန်းကြယ်သော တရားကို ဟောကြားတော်မူတတ်သော။ ဗုဒ္ဓဉ္စ၊ မြတ်စွာဘုရားကိုလည်းကောင်း။ သမ္ဗုဒ္ဓပူဇိတံ၊ ဘုရားရှင်တို့သည် ပူဇော်အပ်သော။ ဓမ္မဉ္စ၊ တရားတော်မြတ်ကိုလည်းကောင်း။ ဒက္ခိဏေယျံ၊ မြတ်သောအလှူကို ခံခြင်းငှာ ထိုက်တော်မူထသော။ နိရင်္ဂဏံ၊ အပါယ်လားကြောင်း၊ မကောင်းမှုကိလေသာ မရှိထသော။ သံဃဉ္စ၊ သံဃာတော်မြတ်ကိုလည်းကောင်း။ နတွာ နမာမိ၊ ရှိခိုးပါ၏။ နတွာ၊ ရှိခိုးဦး၍။

ပရိယတ္တိဝိသာရဒံ၊ ဂုရုံ ဂါရဝဘာဇနံ။
သက္ကစ္စံ အဉ္ဇလိံ ကတွာ၊ အဟံ ဝန္ဒာမိ သိရသာ။ ။

ပရိယတ္တိဝိသာရဒံ၊ ပရိယတ်၌၊ တောသုံးတောင်ပိုင်၊ ဦးခိုင်ချုပ်ချာ၊ ကေသရာဇာ ခြင်္သေ့မင်းကဲ့သို့ ကင်းသော ရွံ့ရှားခြင်းလည်း ရှိထသော။ ဂါရဝဘာဇနံ၊ ရိုသေလေးမြတ်၊ တုပ်ဝပ်ခြင်း၏ တည်ရာဖြစ်ထသော။ မေ၊ အကျွန်ုပ်၏။ ဂုရုံ၊ ကျောက်ထီးအတူ၊ အလေးမူအပ်သော လုံးတော်ဆရာတော်ဘုရားကြီးကို။ သက္ကစ္စံ၊ ရိုသေစွာ။ အဉ္ဇလိံ၊ လက်အုပ်ချီခြင်းကို။ ကတွာ၊ ပြု၍။ သိရသာ၊ ဦးဖြင့်။ အဟံ၊ အကျွန်ုပ်သည်။ ဝန္ဒာမိ၊ ရှိခိုးပါ၏။

သပ္ပုရိသေဟိ ပုစ္ဆိတံ၊ ကထိတံ ယံ ဝိသဇ္ဇနံ။
သုတိစ္ဆိတာန’မတ္ထာယ၊ ပုဌပုဌံ သုပါကဋံ။ ။

သပ္ပုရိသေဟိ၊ သူတော်ကောင်းအပေါင်းတို့သည်။ ပုစ္ဆိတံ-ပုစ္ဆိတဿ၊ မေးထိုက် မေးအပ်၊ အရပ်ရပ်သော ပုစ္ဆာပြဿနာ၏။ ယံ ဝိသဇ္ဇနံ၊ အကြင်အဖြေ ဝိသဇ္ဇနာကို။ သုတိစ္ဆိတာနံ၊ သုတပညာကို အလိုရှိကုန်သောသူတို့၏။ အတ္ထာယ၊ အကျိုးငှာ။ ပုဌပုဌံ၊ မေးတိုင်း,မေးတိုင်းသော ပုစ္ဆာပြဿနာကို။ သုပါကဋံ၊ အလွန်ထင်ရှားသည်ကို။ ကတွာ၊ ပြု၍။ ကထိတံ၊ ဖြေဆိုတော်မူအပ်ပြီ။

ဝိနာ ဝတ္ထာလင်္ကာရေန၊ ပုရိသော နာပိ သောဘတိ။
တထာ နိဒါနာလင်္ကာရေန၊ ဂန္ထောစာပိ န သောဘတိ။ ။

ပရိသမဇ္ဈေ၊ ပရိသတ်တို့၏ အလယ်၌။ ဝသန္တော၊ နေသော။ ပုရိသော၊ ယောကျ်ားသည်။ ဝတ္ထာလင်္ကာရေန၊ အဝတ်တန်ဆာဆင်ခြင်းနှင့်။ ဝိနာ၊ ကင်း၍။ ဝါ၊ ကင်းသည်ရှိသော်။ န သောဘတိ ယထာ၊ မတင့်တယ်သကဲ့သို့။ တထာ၊ ထို့အတူ။ သာသနေ၊ ဘုရားသာသနာတော်၌။ ဌိတော၊ တည်သော။ ဂန္ထောစာပိ၊ ကျမ်းဂန်သည်လည်း။ နိဒါနာလင်္ကာရေန၊ နိဒါန်းတည်းဟူသော အဆင်တန်ဆာဆင်ခြင်းနှင့်။ ဝိနာ၊ ကင်း၍။ ဝါ၊ ကင်းသည်ရှိသော်။ န သောဘတိ၊ မတင့်တယ်။

တသ္မာ ဒါနိ ကထာမ'ဟံ၊ မြမ္မဘာသာယ မဏ္ဍိတံ။
နိဒါနံ ဒိန္နလဒ္ဓေန၊ ကထိတဿ တတော တတော။ ။

တိက္ခဉာဏေန ပေက္ခိတွာ၊ နာနာဂန္ထံ သမာနိယ။
ဝိစိနိတွာ ယုတ္တာ'ယုတ္တိံ၊ ဥဒ္ဓရိတွာန ဂန္ထတော။

တသ္မာ၊ ထိုသို့ နိဒါန်းနှင့် ကင်း၍ အလျှင်းမတင့်တယ်သည်၏ အဖြစ်ကြောင့်။ ဒါနိ-ဣဒါနိ၊ ယခုအခါ၌။ ဒိန္နလဒ္ဓေန၊ ဂုဏဝါဘိလင်္ကာရသဒ္ဓမ္မဇောတိကမဟာဓမ္မရာဇဂုရု ရှေးထုံးခတ်နှိပ်၊ တံဆိပ်မင်းစံ၊ အလှူတော်ခံရသော လုံးတော်ဆရာတော်ဘုရားကြီးသည်။ တိက္ခဉာဏေန၊ ဝရဇိန်လက်နက်၊ မိုးကြိုးစက်သို့ ထက်မြက်သော ဉာဏ်ဖြင့်။ နာနာဂန္ထံ၊ အထူးထူးသော ကျမ်းဂန်ကို။ ပေက္ခိတွာ၊ ကြည့်ရှုမြော်မြင်၊ ဆင်ခြင်၍လည်းကောင်း။ နာနာဂန္ထံ၊ အထူးထူးသော ကျမ်းဂန်ကို။ သမာနိယ၊ ရုံးစု၍လည်းကောင်း။ ယုတ္တာ'ယုတ္တိံ၊ ယုတ္တာယုတ္တိ ရှိ,မရှိကို။ ဝိစိနိတွာ၊ ရွေးချယ်စိစစ်၍လည်းကောင်း။ တတော တတော ဂန္ထတော၊ သင်္ဂါယနာ ၃-တန်တင် ပါဝင်သော ထိုထိုသို့သော ကျမ်းကြီး,ကျမ်းခိုင်တို့မှ။ ပါဠိံ၊ အလိုရှိအပ်သော ပါဠိကို။ ဥဒ္ဓရိတွာန၊ မပို, မယုတ်၊ ဉာဏ်ဖြင့် ထုတ်၍လည်းကောင်း။ ကထိတဿ၊ ဖြေဆိုအပ်သော။ ဧတဿ ပကရဏဿ၊ ပကိဏ္ဏကဝိသဇ္ဇနာ၊ သညာတင့် လျှမ်း၊ ဤစာကျမ်း၏။ မြမ္မဘာသာယ၊ မြန်မာလူမျိုးတို့၏ ဆိုရိုးစကား၊ အသွားအလာ၊ သာယာချောမွေ့ စေ့စပ်လှစွာသော မြန်မာဘာသာဖြင့်။ မဏ္ဍိတံ၊ တန်ဆာဆင်အပ်သော။ နိဒါနံ၊ ကျမ်း၏အမြစ်၊ ဖြစ်ကြောင်းမူလ၊ ပြရာတစ်ခန်း၊ ကျမ်းနိဒါန်းကို။ အဟံ၊ အကျွန်ုပ်သည်။ ကထာမိ၊ ရေးသားပြုပြင် စီရင်ပါအံ့။

★ ★ ★ ★ ★ ★ ★

# နိဒါန်း

မာရဝိဇယ၊ အတိပဝရ၊ တိလောကဥက္ကဌ်၊ ဘဂျဘုန်းမြတ်၊ စတုတ္ထစက္ကရာဇ်၊ နတ်နာထဖျား၊ စောတ(ဘု)ရားသည်၊ သုံးပါးဘုံနယ်၊ ဗိုလ်ဝေနေယ်ကို၊ ကယ်ဆယ်အမြိုက်၊ ငှဝေတိုက်အံ့၊ နှစ်ခြိုက်ကြည်စွာ၊ အနမိဝရာ၊ ဒီပင်္ကရာ၊ စကြာတော်စုံ၊ မျက်နိတုံသို့၊ ပဒုံပွင့်ဝတ်၊ ဦးဖြင့် ညွတ်လျက်၊ တွတ်တွတ်သံထင်၊ လျှောက်ပန်တင်က၊ ချစ်ရှင်ဘုန်းဟော့၊ ထိုမုနေ့အား၊ နောင်ရေ့မျှော်ကြံ၊ နာဂတံဖြင့်၊ ဘူသယံထွင်၊ မြင်တော်လတ်သော်၊ ပတ်ပတ်စက္ကဝါ၊ ပထဗျာမဟီ၊ ကြည်းဟီတိမ်းတင်း၊ ခပင်းမြေမိုး၊ ၀ှန်တက်ဖြိုးဖြိုး၊ ကြိုးဘနန်းမျှ၊ နိယတ-ဟု၊ အသကမဍ္ဍူ ဦးဖြင့် ယူပြီး၊ ဝရည္ညုဖျား၊ ဘုရားလျှောင်းလျှာ၊ သုံးဆယ်ငါးဖြာ၊ ဓမ္မတာတမ်း၊ ငြမ်းလက်ကသုံး၊ ကျုံး၍ ဖြိုးဖြိုး၊ ကြိုးတော်မူက၊ ဗောဓိပါစက၊ လုံးဝချက်ရိုင်၊ ပိုင်တော်မူလတ်ရကား၊ ကမ္ဘာအကိန်း၊ တစ်သိန်းလွန်လေ၊ လေးသင်္ချေထက်၊ ဗုဒ္ဓဟေနဂို၊ မြရောင်စိုသည်၊ ဗဟိုသီရိ၊ ညောင်ရွှေဗောဓိ၊ ပရာဇိဝယ်၊ သိဒ္ဓိမင်္ဂလာ၊ နှိုင်းမဲ့ရာသား၊ ဝိဇ္ဇာသုံးဆင့်၊ သုံးကြိမ်ပွင့်က၊ သုံးခွင့်တိုက်နေ၊ ဟိန္ဒဂူထွေ၊ သံသာရဏ္ဏဝေ၊ မျောလေလေကို၊ မြေ-သီခရ၊ အမတသို့၊ မ-စချီးမြှင့်၊ ရောက်စေလင့်ပြီး၊ ထွန်းစောခီးသည်၊ ပြည်ကြီးနိဗ္ဗူ၊ ငြိမ်းပွဲယူက၊ မရူနရာ၊ ဝေနေယျာအား၊ မဟာကာရုဥ်၊ ထုံကြီးထုံ၍၊ ကြည်ယုံကိုယ်ပွါး၊ ရိုက်ရာတော်စား၊ ရှည်လျားမြင့်စွာ၊ ငါးထောင်သာသနာ၊ ရွှေဗျာချို့အိန့်၊ မိန့်တော်မူလတ်သတည်း။

ယင်းသို့ ရွှေဗျာ၊ ကွန့်ရွှန်းဝေဖြာ၊ သာသနာဝယ်၊ ရတနာသိခ်၊ ယာမာတမျှ၊ ဘူသိခထက်၊ ပထမစောခီး၊ ရာမျှားထီး-ဟု၊ ဘုန်းမီးနေဝါ၊ တောက်ထိန်ဖြာသည်၊ တေဇာကွန့်ရစ်၊ ဘေးတော်မြစ်လျှင်၊ ဗျာလှစ်သံလေး၊ မိန့်တော်ကြွေးက၊ မန္တလေး ဇေယျံ၊ သိန္ဓေရုံဝယ်၊ ရတနာပုံပြည်၊ ထောင်ဦးတည်ပြီး၊ မြင့်ရှည်သာသနာ၊ တည်စိမ့်ငှာဖြင့်၊ ပါဝစနမြတ်၊ မုခပါဌ်ကို၊ တည်းပြင်ရှုတ်သင်၊ ငါးကြိမ်သဘင်၊ ပွဲကြီးယင်သော၊ ပဉ္စမသင်္ဂါယနာတင်၊ ဘဝရှင်၏၊ သက်သွင်မခြား၊ နောင်ဖန် ကိုယ်စား၊ နန်းရုံပွါးသည်၊ တရားမလစ်၊ ဘုန်းတန်းဖြိုးလှစ်၊ ဥပရာဇ်ကား၊ ကြည်နှစ်သဒ္ဓါ၊ ကိုးထိုက်ရာကို၊ ဖွေရှာမလစ်၊ စုံစေ့စစ်သော်၊ နှစ်နှစ်ရင်းရင်း၊ ဂုဏ်ပေါင်းလင်းသည်၊ ဒီပဲယင်းဇာတိ၊ နွယ်တော်ရှိရှင့်၊ ပဝတ္တိခါ၊ သိခ်ရတနာ၊ သက်ဝင်ရာဖြင့်၊ နိမ္မာတနိုင်း၊ ညှို့ညှို့ဆိုင်းသား၊ ပလိုင်းမည်သာ၊ ယင်းသည့်ရွှာ၌၊ ဂါမဝါသီ၊ ပျော်တင်းမှီ-ဟု၊ ဦးချိပန်ဆင်၊ နားတော်တင်က၊ အောင်မင်္ဂလာ၊ အင်စုံခုနစ်ဖြာ၊ မန်းဇေယျာသို့၊ ကြွရာအခွင့်၊ ဗိုလ်ပေါင်းချီးမြှင့်၊ ပင့်တော်မူလတ်၊ မန်းရန်ဖြတ်ဝယ်၊ တောင်ထွတ်တင့်ညီး၊

တန်ဆောင်မီးသို့၊ တိုင်းကြီးတံခွန်၊ ထေရ်အမွန်၏၊ မိုးစွန်တင့်မူ၊ ပြဘင်တစ်ဆူ၊ ဂုဏ်တင်းကြူကာ၊ ပြောင်ဖြူ ပစ္စယ၊ ဝေါရိဘိန္ဒ၊ ကျွန်းလုံးဘ-ဟု၊ ဘဝကျက်သရေ၊ ဆယ်ကြိမ်နေလျှင်၊ လေးထွေ ပစ္စယ၊ သာမိပေါကွဲရ၊ ဖြိုးဖြိုးသွန်းချ၊ ချီးမြှင့်မ-လျက်၊ ဇောတမျက်သွင်၊ လေခက္ခရာ၊ ကပ်လျှဒါသား၊ ဂုဏဝါဘိလင်္ကာရ သဒ္ဓမ္မဓဇ မဟာဓမ္မရာဇဂုရု၊ ဇမ္ဗူ့ရောင်ချိပ်၊ ရေးထုခတ်နိုပ်၊ တော်တံဆိပ်ဖြင့်၊ ကျွန်းထိပ်သပြေ၊ ဝှန်းဝေထင်ပေါ်၊ ဂုဏ်ထူးကျော်သော၊ **လုံးတော်ဆရာတော်ဘုရားကြီးသည်။**

များးရှင်,လူဗိုလ်၊ ယင်းထိုထိုတို့၊ ငြင်ပြိုခဲစွာ၊ နက်နဲပါသား၊ ဂါထာ,ပုဒ်,ပါဌ်၊ ရုပ်,ဓာတ်,ပစ္စည်း၊ နည်းအကျယ်ကျယ်၊ အသွယ်သွယ်၌၊ အကွယ်အဝှက်၊ အချက်ချက်လျှင်၊ ခက်ဆစ်ရာရာ၊ အဖြာဖြာကို၊ လိုရာလျှောက်ပန်၊ မေးခွန်းမှန်အား၊ မကျန်စေရေ၊ ငုံကွန်းမကျေ၊ ထုံ့တင်ဖြေသော၊ ကဝေပဋိဘာန်၊ ဆောဆောလျင်မြန်၊ ထက်သောဉာဏ်သည်၊ စက်ဖန်ရဟတ်၊ ဒေါင်းနေနတ်နှင့်၊ ဓတရဋ္ဌဆွေ၊ ကျင်းသောပေတည့်၊ ထွေထွေပဥ္စာ၊ ကထနာကို၊ သာသနာတော်ကျမ်း၊ လောကီကျမ်းနှင့်၊ ပြိုးပြွမ်းသက်ဝင်၊ အတင်တင်လျှင်၊ လိုအင်မတ၊ လောက်လုံင‌အောင်၊ အတိတ်,နောင်ဝယ်၊ စန်းရောင်တမူ၊ ပြုလိုသူတို့၊ နည်းယူဖွေဖွေ၊ မှတ်သားလွယ်စေ၊ ကြံတော်ထွေဖြင့်၊ ဖြေဆိုမြွက်ဟ၊ ပေတင်သခဲ့သော၊ **ပကိဏ္ဏက-ဝိသဇ္ဇနာ၊** ကျမ်းမူစာသည်၊ အင်္ဂါ ၆ဝ-ကျော်ခန့် ရှိလတ်သတည်း။

ယင်းသည့်ကျမ်းသည်၊ မှီငြမ်းတစ်ခု၊ အလေးဂရု၊ ပြုထိုက်ပေစွ၊ အမြင်စူးရှ၊ အတ္တ,ပရ၊ နှစ်ဝကျိုးငှာ၊ ဂုဏဝပညဝါ၊ မဟာထေရ်မြတ် တစ်ပါးထံဝယ်၊ အလျှံဝင်းဝါ၊ ဇမ္ဗော်နဒါ၊ သိင်္ဂီရိုးရဲ ဖိုးကဲနှုတ်၊ မြေတွင်းနှံသို့၊ မြမြံတစေ၊ ရှိနေရာမှ၊ ပညာဗဟုသုတ်၊ အားထုတ်ဖွေနည်း၊ စူးစူးရည်ရည်၊ လိုသည်ဆန္ဒ၊ မန္ဒာခိဍ္ဍ၊ ပညာမာမက၊ တောင့်တဟူဟူ၊ လိုသူတို့ငှာ၊ ဤကျမ်းစာသည်၊ ကြမ္မာတိုက်တွန်း၊ ပေါ်လာထွန်းသို့၊ မယွန်း ယခင်၊ ယမ်တွင်၌၊ အကြင်ဂန္ထ၊ ယင်းကပ္ပကို၊ စ-နရှုပ်ထွေး၊ မှိန်မမှေးလျှင်၊ ယုန်ရေးစန္ဒ၊ ပုံတမျှတည့်။

ပဋ္ဌမတွဲး၊ ဖင့်မန္တွဲးလျှင်၊ ပွဲဦးတစ်သုတ်၊ စက်တင်ထုတ်က၊ အစုတ်များဖြင်၊ လူဗိုလ်ရှင်တို့၊ ခြိုက်အင်မြို့မြို့၊ ကျေးဇူးမို့-ဟု၊ နှစ်လိုဝယ်ယူ၊ စွဲသောဟူရှင့်၊ "ပေမူကြွင်းထ၊ တ-ကဏ္ဍဟု၊ ဒုတိယထုပ်၊ လျင်ခုပ်မကြာ၊ ပြီးစေပါ"ဟု၊ သမ္မာဆန္ဒ၊ ထူးတောင့်တလျက်၊ သုတစိန္တာ၊ အဖြာဖြာကို၊ များစွာလိုလား၊ ရှင်,လူများတို့၊ ထပ်ပွါးတိုက်တွန်း၊ ညွှန်းကြလတ်၍၊ ပုဒ်,ပါဌ်အက္ခရာ၊ စေ့ငုစွာလျှင်၊ မသာမပို၊ ယင်းနဂိုမှ၊ မယိုမယွင်း၊ နှလုံးသွင်းလျက်၊ ပါဠိဘက်နှင့်၊ မြန်ဘက်စဉ်လာ၊ ပေါရာဏက၊ ဝေါဟာရဟု၊ သဒ္ဒကထာ၊ သင့်ရာသင့်ရာ၊ စုံစွာမလတ်၊

အသတ်,အရစ်၊ အဆစ်ဆစ်လျှင်၊ တင်ပြစ်မဲ့စေ၊ ကဝိကဝေ၊ မိန့်ထွေထွေကို၊ ဖွေဖွေရှာရှာ၊ နှိုင်းညှိစာလျက်၊ ယုတ္တာယုတ္တိ၊ ဆင်ခြင်ညှိပြီး၊ ဒုတိယခဏ်း၊ များကျယ်ဝန်းကို၊ လေးကျွန်းလှည့်လစ်၊ ဝန်းကာလှစ်သည်၊ စက္ကရာဇ်သမ္ဘာ၊ ပုံတောင်းရတနာ၊ ရှေ့ညွှန်ရာသို့၊ ဒီပါလေးဆူ၊ ကျွန်းကျွန်းသူကို၊ ခေါ်ယူခဲ့ရာ၊ နောက်တော်ပါ၍၊ မဟာသမုဒ်၊ သဲသဲရုတ်ရုတ်၊ ဝဲဇလုတ်ကို၊ ဝုတ်ဝုတ်ခွဲဖြတ်၊ ခွင်းထွက်လတ်သော်၊ အမြတ်ရတနာ၊ အဖြာဖြာကို၊ လိုင်္ဂမတ၊ နောက်တော်ပါကြ၊ ယူသုံးရသို့၊ ဥပမာ့တစေ၊ ဇမ္ဗူမြေဝယ်၊ ကဝေရတနာ၊ ထွေရာရာကို၊ များစွာသုံးလို၊ လူ,ရှင်ထိုထို၊ အဟိုဟို၏၊ အလိုပြည့်မှု၊ အာရုံပြု၍၊ အောင်ဆုဇေယျ၊ စုတ်ဝရနှင့်၊ လာဘကိန်းဆိုက်၊ သိဒ္ဓိကြိုက်တွင်၊ သိုက်မြိုက်ထွန်းပ၊ တိမ်စင်လသို့၊ မြန်မာ့တာရာ၊ တိုက်ဩဘာ၌၊ ကောင်းစွာစီရင်၊ စက်တင်ပုံနှိပ်ပေအံ့သတည်း။

★ ★ ★ ★ ★ ★ ★

## လုံးတော်ဆရာတော်

# ပကိဏ္ဏကဝိသဇ္ဇနာကျမ်း

### ဒုတိယတွဲ၊ ၂။ (ပထမပိုင်း၊ ၁။)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### မဟာဒါန်စာရေး နော်ရထာစည်သူ-က ရပ်ပြစ် ၈-ပါးကို သိသာရန် လျှောက်ထားချက်

၈၀ ။ “ဘုရားတပည့်တော် မဟာဒါန်စာရေး နော်ရထာစည်သူ ကြည်ဖြူညွတ်တွား၍ ၃-ပါးသော ဒွါရဖြင့် တုပ်ကွရှိကျိုး ရှိခိုးနားတော်လျှောက်ပါသည် ဆရာတော်ဘုရား။

ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသညသတ်, အရူပ, ဝိကလိန္ဒြိယ, ပစ္စန္တရစ်, မိစ္ဆာဒိဋ္ဌိ၊ ဤ ၈-ဌာနတို့ကို အရပ်ပြစ် ၈-ပါး-ဟု အများပင် ပြောဆိုကြပါသည်။ ထိုသို့ ပြောဆိုကြသောအရာသည် ဘုရားဟောကျမ်းလာ ဒေသနာနှင့် လျော်ပါမည်လား, မလျော်လားကို ကွဲပြားသေချာ မသိပါသောကြောင့် မိန့်မှာဟောကြား အဇရပ်ပြစ် ၈-ပါးတို့၏ ထူးခြားဖြစ်ပုံကို ယုံကြည်စိတ်ချ စွဲမှတ်ပါရအောင် သာဓကဆောင်ပြီးလျှင် တောင်ယုဂန်ဗွေစွန်းဝယ် ငွေလဝန်းတန်ဆောင်သည် မြူမှောင်ကင်းပကောင်းကင်ဝမှ ထွန်းပထိန်လင်းသကဲ့သို့ အစိန္တေယျ သမ္ဗုဒ္ဓ၏ နယသာဂရတည်းဟူသော ဒေသနာ ရွှေဗျာမိန့်ခွန်းကို ဖော်ညွှန်းထုတ်ဆောင်လျက် မှောင်အဝိဇ္ဇာ၊

တိမ်အလွှာကို၊ ပယ်ခွါလှစ်ခွင်း၍ ရှင်းလင်းအောင် ပြတော်မူပါမှ သုတာရေ့, သုတေ-သနု, သုတဆည်းဆူ ဗိုလ်လူအများတို့ မှတ်သားပါရမည့်အကြောင်းကို ဆယ် ချောင်းဟတ္ထ၊ ပဏာမဖြင့်၊ တုပ်ကွရိုကျိုး၊ ရှိခိုးနားတော်လျှောက်ပါသည် ဆရာ တော်ဘုရား"။

ဃင်းလျှောက်ထားချက်အရ အဖြေဝိသဇ္ဇနာ—

*[ဤကျမ်း၊ ဒုတိယတွဲ၊ ပထမပိုင်း၊ ပုဒ်မ ၈၀-အတွက် အဖြေကို ပထမတွဲ(လုံးတော်)၊ ပဥ္စမပိုင်း၊ ပုဒ်မ-၇၂၊ အပိုဒ်-၄၊ စာမျက်နှာ ၅၇၄-တွင် ပါပြီးဖြစ်သည်။ ပြန်ရှုရန်။ ]*

အကျယ်သိလိုလျှင် အဋ္ဌကနိပါတ်၊ အင်္ဂုတ္တိုရ်ပါဠိအဋ္ဌကထာ။ စတုက္ကနိပါတ်၊ အင်္ဂု-တ္တိုရ်ပါဠိ,အဋ္ဌကထာ။ ဓမ္မပဒအဋ္ဌကထာ။ ဗုဒ္ဓဝဂ်၊ ဧရကပတ္တနာဂရာဇဝတ္ထု၊ ၎င်းအဋ္ဌကထာ။ ဒဏ္ဍဝဂ်၊ ဆဗ္ဗဂ္ဂိယဝတ္ထု။ ဝိနည်းမဟာဝါ၊ မဟာခန္ဓကပါဠိအဋ္ဌကထာ။ ဓမ္မသင်္ဂဏီအဋ္ဌကထာ တို့မှာ ကြည့်လေ။

မဟာဒါန်စာရေး နေ့ရဝိုထာစည်သူက "ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရာသတ်, အရူပ, ဝိကလိန္ဒြိယ, မိစ္ဆာဒိဋ္ဌိ, ပစ္စန္တရစ်၊ ဤ ၈-ဌာနတို့ကို အရပ်ပြစ် ၈-ပါးဟု အများပင် ပြောဆို မှတ်သားကြသောအရာသည် ကျမ်းလာပါဠိ ရှိသည်နှင့် လျော်မည်, မလျော်မည်ကို သိလိုပါသည်"ဟု လျှောက်သောကြောင့် ကျမ်းဂန်ပါဠိ ရှိသည့်အလာ ဒေသနာနယကို ထုတ်ဆောင်၍ ၁၂၃၈-ခု၊ ဝါခေါင်လပြည့်ကျော်၊ ၅-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိ-ရတနာသိမ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## ဒါယကာ မောင်ရွှေအောင်-က ဗိုလ် ၅-ပါးကို နေရာကျ သိပါရမည့်အကြောင်းနှင့် လျှောက်ထားချက်

[ ၈၁ ] "ဘုရားတပည့်တော် သူရဲကြီးအောက်ကင်း၊ ဗျညားတပ်၊ ဒါယကာ ဒကာ ငရွှေအောင် ခြေတော်ဦးခိုက် လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား။

ဗိုလ် ၅-ပါးတို့၏ သကသကဌာနဖြင့် နေရာကျဖြစ်သင့်သော အရာကို ဆရာ တော်ဘုရား ဟောကြားတော်မူချက် အမြွက်စကား ကြားသိရပါသော်လည်း တပည့်

တော်တို့ သန္တာန်ဝယ် ဉာဏ်နည်းသူဖြစ်ပါ၍ အဇ္ဈောကောင်းကင်၊ ဟင်းလင်းပြင် ဝယ်၊ အကြွင်အကျွရာ၊ ဂါထာဗန္ဓ၊ ပုဒ်ပဒအပေါင်းသည်၊ ရေးကြောင်းမထင်၊ ကြည့် မမြင်သည့်နှယ်၊ ဆင်ခြင်အောက်မေ့၍ မရ၊ ဘိလူးယက္ခ၊ အာဠဝက၏၊ ကိုသူဓ အကျွရာ၊ ဂါထာအဖြေ၊ ကွယ်ပျောက်လေသကဲ့သို့ ငါးထွေသော ဗလတို့၏၊ သက- သကဌာနဖြင့် နေရာကျဖြစ်ပုံကို အာရုံစိတ်ချ၊ စွဲမှတ်ပါရအောင်၊ သာဓက ဆောင်ပြီး လျှင်၊ တောင်ယုဂန်ဗွေစွန်းဝယ်၊ ငွေလဝန်းတန်ဆောင်သည်၊ မြူမှောင်ကင်းပ၊ ကောင်းကင်ဝမှ၊ ထွန်းပလင်းထိန်သကဲ့သို့ အစိန္တေယျ၊ သမ္ဗုဒ္ဓ၏၊ နယသာဂရတည်း- ဟူသော ဒေသနာ၊ ရွှေဗျာမိန့်ခွန်းကို ဖော်ညွှန်းထုတ်ဆောင်လျက် မှောင်အဝိဇ္ဇာ၊ တိမ်အလွှာကို၊ ပယ်ခွါလှစ်ခွင်း၍၊ ရှင်းလင်းအောင် ပြတော်မူပါမှ သုတမရှိ၊ သုတေ- သန၊ သုတဆည်းဆူ၊ ဗိုလ်လူအများတို့ မှတ်သားပါရမည့်အကြောင်းကို ဆယ်ချောင်း ဟတ္ထ၊ ပဏာမဖြင့်၊ တုပ်ကွရှိကျိုး၊ ရှိခိုးနားတော်လျှောက်ပါသည် ဆရာတော် ဘုရား"။

ငင်းဒါယကာ လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ–

[ ၈၁ ] ဗိုလ် ၅-ပါးကို မေးလျှောက်သည်မှာ သဒ္ဓါဗိုလ်, ဝီရိယဗိုလ်, သတိဗိုလ်, သမာဓိဗိုလ်, ပညာဗိုလ်အားဖြင့် ဗိုလ် ၅-ပါးတည်း။ ထို ၅-ပါးတို့တွင်-

- သဒ္ဓါစေတသိက်သည် သဒ္ဓါဗိုလ် မည်၏။
- ဝီရိယစေတသိက်သည် ဝီရိယဗိုလ် မည်၏။
- သတိစေတသိက်သည် သတိဗိုလ် မည်၏။
- ဧကဂ္ဂတာစေတသိက်သည် သမာဓိဗိုလ် မည်၏။
- ပညိန္ဒြေစေတသိက်သည် ပညာဗိုလ် မည်၏။

ထို့ကြောင့် မြတ်စွာဘုရားသည်–

> ပဉ္စိ'မာနိ ဘိက္ခဝေ ဗလာနိ။ ကတမာနိ ပဉ္စ? သဒ္ဓါဗလံ ဝီရိယဗလံ သတိဗလံ သမာဓိဗလံ ပညာဗလံ၊ ဣမာနိ ခေါ ဘိက္ခဝေ ပဉ္စ ဗလာနိ။ –

ဟူ၍ ပဉ္စကနိပါတ်၊ အင်္ဂုတ္တရ ၂-ခုမြောက်သော ဗလဝဂ်၌ ဟောတော်မူသည်။ (အံ၊၂။၉)

ဘိက္ခဝေ၊ ရဟန်းတို့။ ဗလာနိ၊ ဗိုလ်တို့သည်။ ဣမာနိ ပဉ္စ၊ ဤ ၅-ပါးတို့တည်း။ ပဉ္စ၊ ၅-ပါးတို့-ဟူသည်။ ကတမာနိ၊ အဘယ်သည်တို့နည်းဟူမူကား။ သဒ္ဓါဗလံ၊ သဒ္ဓါဗိုလ်

လည်းကောင်း။ ဝီရိယဗလ၊ ဝီရိယဗိုလ်လည်းကောင်း။ သတိဗလ၊ သတိဗိုလ်လည်းကောင်း။ သမာဓိဗလ၊ သမာဓိဗိုလ်လည်းကောင်း။ ပညာဗလ၊ ပညာဗိုလ်လည်းကောင်း*(တည်း)*။ ဘိက္ခဝေ၊ ရဟန်းတို့။ ဗလာနိ၊ ဗိုလ်တို့သည်။ ဣမာနိ ခေါ ပဉ္စ၊ ဤ ၅-ပါးတို့တည်း။

ထို ၅-ပါးကုန်သော ဗိုလ်တို့တွင်–

- အရဟံ-အစရှိသော မြတ်စွာဘုရား၏ ဂုဏ်တော်၌ မတုန်မလှုပ် သက်ဝင်ကြည်ညိုသော သဒ္ဓါတရားသည် သဒ္ဓါဗိုလ် မည်၏။
- အကုသိုလ်တရားတို့ကို ပယ်ခြင်း, ကုသိုလ်တရားတို့ကို ပြည့်စုံစေခြင်း၌ မချဲသော ဝန်ရှိသော မြဲမြံစွာ လုံ့လပြုသော ဝီရိယတရားသည် ဝီရိယဗိုလ် မည်၏။
- မြတ်သော သတိပဋ္ဌာန်-စသော ပညာဖြင့် ရှည်မြင့်စွာသော ကာလ၌ ပြုအပ်သော အမှု, ရှည်မြင့်စွာသော ကာလ၌ ဆိုအပ်သော စကားကို မချွတ်မယွင်း အောက်မေ့ ဆင်ခြင်နိုင်သော သတိတရားသည် သတိဗိုလ် မည်၏။
- ၄-ပါးကုန်သော ဈာန်တို့နှင့်ယှဉ်သော သမာဓိတရားသည် သမာဓိဗိုလ် မည်၏။
- ဝဋ္ဋဆင်းရဲမှ ထွက်မြောက်ခြင်း, အရိယမဂ်ဉာဏ်ကို ရခြင်း၏အကြောင်းဖြစ်သော ခန္ဓာ ၅-ပါးတို့၏ အဖြစ်အပျက်ကို သိခြင်း၌ စွမ်းနိုင်သော နိဗ္ဗေဓိကပညာသည် ပညာဗိုလ် မည်၏။ ဤသို့ အထူးမှတ်။

ထို ၅-ပါးကုန်သော ဗိုလ်တို့၏ သကသကဌာနဖြင့် နေရာကျ ဖြစ်သင့်သောအရာကို မေးလျှောက်သည်မှာ–

- သဒ္ဓါဗိုလ်ကို ၄-ပါးကုန်သော သောတာပတ္တိယင်္ဂတို့၌ မှတ်အပ်၏။
- ဝီရိယဗိုလ်ကို ၄-ပါးကုန်သော သမ္မပ္ပဓာန်တို့၌ မှတ်အပ်၏။
- သတိဗိုလ်ကို ၄-ပါးကုန်သော သတိပဋ္ဌာန်တို့၌ မှတ်အပ်၏။
- သမာဓိဗိုလ်ကို ၄-ပါးကုန်သော ဈာန်တို့၌ မှတ်အပ်၏။
- ပညာဗိုလ်ကို ၄-ပါးကုန်သော အရိယသစ္စာတို့၌ မှတ်အပ်၏။

ထို့ကြောင့် မြတ်စွာဘုရားသည် ပဉ္စကနိပါတ်၊ အင်္ဂုတ္တိုရ်၊ ၂-ခုမြောက်သော ဗလဝဂ်၌–

> ကတ္ထ စ ဘိက္ခဝေ သဒ္ဓါဗလံ ဒဋ္ဌဗ္ဗံ?
> စတူသု သောတာပတ္တိယင်္ဂေသု၊ ဧတ္ထ သဒ္ဓါဗလံ ဒဋ္ဌဗ္ဗံ။ ။

ကတ္ထ စ ဘိက္ခဝေ ဝီရိယဗလံ ဒဋ္ဌဗ္ဗံ?
စတူသု သမ္မပ္ပဓာနေသု၊ ဧတ္ထ ဝီရိယဗလံ ဒဋ္ဌဗ္ဗံ။ ။

ကတ္ထ စ ဘိက္ခဝေ သတိဗလံ ဒဋ္ဌဗ္ဗံ?
စတူသု သတိပဋ္ဌာနေသု၊ ဧတ္ထ သတိဗလံ ဒဋ္ဌဗ္ဗံ။ ။

ကတ္ထ စ ဘိက္ခဝေ သမာဓိဗလံ ဒဋ္ဌဗ္ဗံ?
စတူသု ဈာနေသု၊ ဧတ္ထ သမာဓိဗလံ ဒဋ္ဌဗ္ဗံ။ ။

ကတ္ထ စ ဘိက္ခဝေ ပညာဗလံ ဒဋ္ဌဗ္ဗံ?
စတူသု အရိယသစ္စေသု၊ ဧတ္ထ ပညာဗလံ ဒဋ္ဌဗ္ဗံ။ ။

ဟူ၍ ဟောတော်မူသည်။ (အံ၊၂။၁၀)

ဘိက္ခဝေ၊ ရဟန်းတို့။ ကတ္ထ စ၊ အဘယ်အရာဌာန၌။ သဒ္ဓါဗလံ၊ သဒ္ဓါဗိုလ်ကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်သနည်း? စတူသု၊ ၄-ပါးကုန်သော။ သောတာပတ္တိယင်္ဂေသု၊ သောတာပတျင်္ဂ တို့၌။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ဧတ္ထ၊ ဤ ၄-ပါးကုန်သော သောတာပတျင်္ဂတို့၌။ သဒ္ဓါဗလံ၊ သဒ္ဓါဗိုလ်ကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ဘိက္ခဝေ၊ တို့။ ကတ္ထ စ၊ အဘယ်အရာဌာန၌။ ဝီရိယဗလံ၊ ဝီရိယဗိုလ်ကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်သနည်း? စတူသု သမ္မပ္ပဓာနေသု၊ ၄-ပါးကုန်သော သမ္မပ္ပဓာန်တို့၌။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ဧတ္ထ၊ ဤ ၄-ပါးကုန်သော သမ္မပ္ပဓာန်တို့၌။ ဝီရိယဗလံ၊ ဝီရိယဗိုလ်ကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ကတ္ထ စ၊ အဘယ်အရာဌာန၌။ သတိဗလံ၊ သတိဗိုလ်ကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်သနည်း? စတူသု သတိပဋ္ဌာနေသု၊ ၄-ပါးကုန်သော သတိပဋ္ဌာန်တို့၌။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ဧတ္ထ၊ ဤ ၄-ပါးကုန်သော သတိပဋ္ဌာန်တို့၌။ သတိဗလံ၊ သတိဗိုလ်ကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ကတ္ထ စ၊ အဘယ်အရာဌာန၌။ သမာဓိဗလံ၊ သမာဓိဗိုလ်ကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်သနည်း? စတူသု ဈာနေသု၊ ၄-ပါးကုန်သော ဈာန်တို့၌။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ဧတ္ထ၊ ဤ ၄-ပါးကုန်သော ဈာန်တို့၌။ သမာဓိဗလံ၊ သမာဓိဗိုလ်ကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ကတ္ထ စ၊ အဘယ်အရာဌာန၌။ ပညာဗလံ၊ ပညာဗိုလ်ကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်သနည်း? စတူသု အရိယသစ္စေသု၊ ၄-ပါးကုန်သော အရိယသစ္စာတို့၌။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ဧတ္ထ၊ ဤ ၄-ပါးကုန်သော အရိယသစ္စာတို့၌။ ပညာဗလံ၊ ပညာဗိုလ်ကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ထိုမှအထက် ပါဠိဒေသနာရှိတိုင်း ပြဆိုလျှင် ကျယ်လွန်းအံ့။ သရုပ်, အဓိပ္ပါယ် သိသာရုံ အကျဉ်းအမြွက်မျှ ပြပေအံ့။

"စတူသု သောတာပတ္တိယင်္ဂေသု"အရ၌ သောတာပတျင်္ဂ ၄-ပါး-ဟူသော်ကား-

- မြတ်စွာဘုရားဂုဏ်ကျေးဇူးတော်၌ မတုန်မလှုပ် သက်ဝင်ကြည်ညိုခြင်း၊
- တရားတော်ဂုဏ်၌ မတုန်မလှုပ် သက်ဝင်ကြည်ညိုခြင်း၊
- သံဃာတော်ဂုဏ်၌ မတုန်မလှုပ် သက်ဝင်ကြည်ညိုခြင်း၊
- အခဏ္ဍ, အဆိဒ္ဒ-စသော ၈-ပါးသော သီလဂုဏ်နှင့် ပြည့်စုံခြင်း၊

ဤသည်လျှင် သောတာပတျင်္ဂ ၄-ပါးတည်း။ ဤသောတာပတျင်္ဂ ၄-ပါးတို့၌ သဒ္ဓါဗိုလ်ကို မှတ်အပ်၏-ဟူလို။

"စတူသု သမ္မပ္ပဓာနေသု"အရ၌ သမ္မပ္ပဓာန် ၄-ပါး-ဟူသော်ကား-

- ဖြစ်ပြီးသော အကုသိုလ်တရားတို့ကို ပယ်ခြင်းငှာ လုံ့လပြုခြင်း၊
- မဖြစ်သေးသော အကုသိုလ်တရားတို့ကို မဖြစ်စေရအောင် လုံ့လပြုခြင်း၊
- မဖြစ်သေးသော ကုသိုလ်တရားတို့ကို ဖြစ်အောင် လုံ့လပြုခြင်း၊
- ဖြစ်ပြီးသော ကုသိုလ်တရားတို့ကို ပွါးများစေခြင်းငှာ လုံ့လပြုခြင်း-

ဤသည်လျှင် သမ္မပ္ပဓာန် ၄-ပါးတည်း။ ဤ ၄-ပါးကုန်သော သမ္မပ္ပဓာန်တို့၌ ဝီရိယဗိုလ်ကို မှတ်အပ်၏-ဟူလို။

"စတူသု သတိပဋ္ဌာနေသု"အရ၌ သတိပဋ္ဌာန် ၄-ပါး-ဟူသော်ကား-

- ကာယာနုပဿနာ သတိပဋ္ဌာန်၊
- ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊
- စိတ္တာနုပဿနာ သတိပဋ္ဌာန်၊
- ဓမ္မာနုပဿနာ သတိပဋ္ဌာန်-

ဤသည်လျှင် သတိပဋ္ဌာန် ၄-ပါးတည်း။ ဤသတိပဋ္ဌာန် ၄-ပါးတို့၌ သတိဗိုလ်ကို မှတ်အပ်၏ ဟူလို။

"စတူသု ဈာနေသု"အရ၌ ဈာန် ၄-ပါးဟူသော်ကား ပဌမဈာန်, ဒုတိယဈာန်, တတိယဈာန်, စတုတ္ထဈာန်၊ ဤသည်လျှင် ဈာန် ၄-ပါးတို့တည်း။ ထို ၄-ပါးသော ဈာန်တို့တွင်-

- ဝိတက်, ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ၊ ဤ ၅-ပါးနှင့် ပြည့်စုံသော ဈာန်သည် ပဌမဈာန် မည်၏။

- ဝိစာရ, ပီတိ, သုခ, ဧကဂ္ဂတာ၊ ဤအင်္ဂါ ၄-ပါးနှင့် ပြည့်စုံသော ဈာန်သည် ဒုတိယဈာန် မည်၏။
- ပီတိ, သုခ, ဧကဂ္ဂတာ၊ ဤအင်္ဂါ ၃-ပါးနှင့် ပြည့်စုံသော ဈာန်သည် တတိယဈာန် မည်၏။
- သုခ, ဧကဂ္ဂတာ၊ ဤအင်္ဂါ ၂-ပါးနှင့် ပြည့်စုံသော ဈာန်သည် စတုတ္ထဈာန် မည်၏။
- ဥပေက္ခာ, ဧကဂ္ဂတာ၊ ဤအင်္ဂါ ၂-ပါးနှင့် ပြည့်စုံသော ဈာန်သည် ပဉ္စမဈာန် မည်၏။

ဤသို့ ဈာန် ၅-ပါးဖြစ်၏။

ထိုဈာန် ၅-ပါးတို့တွင် စတုက္ကနည်းအားဖြင့်-

- ပဌမဈာန်ကို ပဌမဈာန်ယူ၍,
- ဒုတိယဈာန်နှင့် တတိယဈာန်ကို ဒုတိယဈာန်ယူ၍,
- စတုတ္ထဈာန်ကို တတိယဈာန်ယူ၍,
- ပဉ္စမဈာန်ကို စတုတ္ထဈာန်ယူ၍-

ဈာန် ၄-ပါးဖြစ်၏။ ဤဈာန် ၄-ပါးတို့၌ သမာဓိဗိုလ်ကို မှတ်အပ်၏ ဟူလို။

သစ္စာ ၄-ပါးဟူသော်ကား ဒုက္ခသစ္စာ, သမုဒယသစ္စာ, နိရောဓသစ္စာ, မဂ္ဂသစ္စာ၊ ဤသည်လျှင် သစ္စာ ၄-ပါးတည်း။ ထို ၄-ပါးတို့တွင်-

- စိတ် ၁-ခုယုတ်-၉၀, လောဘကြဉ်သော စေတသိက် ၅၁-ပါးသ, ရုပ် အဌဝီသ သည် ဒုက္ခသစ္စာ မည်၏။
- လောဘစေတသိက်သည် သမုဒယသစ္စာ မည်၏။
- နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏။
- မဂ်စိတ် ၄-ခု၌ရှိသော သမ္မာဒိဋ္ဌိ, သမ္မာသင်္ကပ္ပ, သမ္မာဝါစာ, သမ္မာကမ္မန္တ, သမ္မာအာဇီဝ, သမ္မာဝါယာမ, သမ္မာသတိ, သမ္မာသမာဓိ-ဟု ဆိုအပ်သော မဂ္ဂင် ၈-ပါး တရားသည် မဂ္ဂသစ္စာ မည်၏။

ဤသစ္စာ ၄-ပါးတို့၌ ပညာဗိုလ်ကို မှတ်အပ်၏ ဟူလို။

စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်-ဟူသော ပရမတ္ထတရား ၄-ပါးကို ပြဆိုလျှင် ကျယ်လွန်းအံ့။ သူရဲကြီးအောက်ကင်း ဗျညားတပ်၊ ဒါယကာ ငွေအောင်-က "ဗိုလ် ၅-ပါးတို့၏

´သကာသကဌာနဖြင့် နေရာကျဖြစ်သင့်သောအရာကို နေရာကျ သိမှတ်လိုပါသည်”ဟု လျှောက်သောကြောင့် ကျမ်းဂန်ပါဠိ ရှိသည့်အတိုင်း ၁၂၃၈-ခု၊ တော်သလင်းလပြည့်ကျော်၊ ၈-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိဒ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆို အမိန့်ရှိလိုက်သည်။

★★★★★★★

## မကွေးမြို့၊ ရဟန်းတော် ဦးသြဘာသ-က အာမကမံသကို ရဟန်းတို့ ခံယူခြင်း၌ ထိုက်, မထိုက်၊ “န ဝဋ္ဋတိ”ပင် သင့်,မသင့်ကို မေးလျှောက်ချက်

[ ၈၂ ] . “ဘုရားတပည့်တော် မကွေးမြို့၊ ရှင်သြဘာသ လျှောက်ပါသည် ဆရာတော်ဘုရား။

(၁) ‘အာမကမံသံ ပဋိဂ္ဂဟဏာတိ ဧတ္ထ။လ။ နော အာမသနံ’-ဟူသော သုတ်သီလက္ခန်အဋ္ဌကထာပါဌ်၌ အာမကမံသကို ရဟန်းတို့ ခံခြင်း၌ အပြစ်ထိုက်မည်, မထိုက်မည်။

(၂) “န ဝဋ္ဋတိ”အရာ၌ ၎င်း “န ဝဋ္ဋတိ”ပင် သင့်မည်, “ဝဋ္ဋတိ”ပင် သင့်မည်ကို အသေအချာ သိမှတ်ပါရအောင် ကျမ်းဂန်နှင့်အညီ အမိန့်ရှိတော်မူပါမည့်အကြောင်းကို ခြေတော်ဦးခိုက် လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား။”

၎င်းရဟန်းတော် ဦးသြဘာသ လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ–

[၈၂] (၁) အာမကမံသပဋိဂ္ဂဟဏာတိ ဧတ္ထ အညတြ ဩဒိဿ အနုညာတာ အာမကမံသမစ္ဆာနံ ပဋိဂ္ဂဟဏမေဝ ဘိက္ခူနံ န ဝဋ္ဋတိ၊ နော အာမသနံ–

ဟူသော သုတ်သီလက္ခန်၊ ဗြဟ္မဇာလသုတ်အဋ္ဌကထာ၊ ပုဂ္ဂလပညတ်အဋ္ဌကထာပါဌ်၏ အရကို မေးလျှောက်သည်မှာ–

> အနုဇာနာမိ ဘိက္ခဝေ ဝသာနိ ဘေသဇ္ဇာနိ၊ အစ္ဆဝသံ မစ္ဆဝသံ သုသုကာဝသံ သူကရဝသံ ဂဒြဘဝသံ။ အနုဇာနာမိ ဘိက္ခဝေ အမနုဿိကာဗာဓေ အာမကမံသံ အာမကလောဟိတံ (ဝိ၊၃။၂၉၁၊၂၉၄)–

ဟု ဘီလူးဖမ်းသော အနာရှိသော် မိမိအလို့ငှာ သားစိမ်းခံခြင်းကို ခန္ဓကၡ ခွင့်ပြုတော်မူသောကြောင့် ဆေး ၅-ပါး၊ သားစိမ်းတို့ကို ဝသောဒိဿ, ကာလောဒိဿ အဖြစ်ဖြင့် မိမိအလို့ငှာ ခံခြင်းမှတပါး သားစိမ်းကို မခံအပ်။ ဤအနက်ကို ပြလို၍ "အညတြ ဩဒိဿ အနုညာတာ အာမကမံသမစ္ဆာန်"စသည်ကို မိန့်သည်။

ခံခြင်းငှာ မအပ်သော်လည်း သုံးဆောင်ခြင်းငှာ အပ်၏။ ခြင်္သေ့စားကြွင်း-စသည်ကို မြင်လျှင် 'သာမဏေအား ပေးအံ့'-ဟု စင်ကြယ်သော စိတ်ဖြင့် အကပ်ခံ၍လည်းကောင်း အကပ်မခံဘဲလည်းကောင်း ဆောင်ယူခဲ့၍ ပေးခြင်းငှာ အပ်၏။ သာမဏေတို့က တဖန် ပေးပြန်လျှင်လည်း စားအပ်၏။ သားစိမ်းကို ခံခြင်း, အကပ်ပျက်ခြင်းကြောင့် အာပတ် မသင့်။ ထို့ကြောင့် ပါစိတ်အဋ္ဌကထာ၊ ၄-ခုမြောက်သော ဘောဇနဝဂ်အစု၊ ၁၀-ခုမြောက်သော ဒန္တပေါနသိက္ခာပုဒ်၌—

> သီဟဝိဃာသာဒိံ ဒိသွာပိ သာမဏေရဿ ဒဿာမီ'တိ ပဋိဂ္ဂဟေတွာ ဝါ အပ္ပဋိဂ္ဂဟေတွာ ဝါ အာဟရိတွာ ဒါတုံ ဝဋ္ဋတိ၊ သစေ ပန သတ္တောတိ ဝိတက္ကံ သောဓေတုံ၊ တတော လဒ္ဓံ ခါဒိတုမ္ပိ ဝဋ္ဋတိ၊ နေဝ အာမကမံသပဋိဂ္ဂဟဏပစ္စယာ, န ဥဂ္ဂဟိတကပစ္စယာ ဝဇ္ဇံ ဖုသတိ။ —

ဟူသော ပါဠ်(ဝိ၊ဋ္ဌ၊၃။၁၁၈)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

သီဟဝိဃာသာဒိံ၊ ခြင်္သေ့စားကြွင်း-စသည်ကို။ ဒိသွာပိ၊ မြင်၍လည်း။ "သာမဏေ-ရဿ၊ သာမဏေအား။ ဒဿာမိ၊ ပေးအံ့။" ဣတိ၊ ဤသို့ နှလုံးသွင်း၍။ ပဋိဂ္ဂဟေတွာ ဝါ၊ အကပ်ခံ၍လည်းကောင်း။ အပ္ပဋိဂ္ဂဟေတွာ ဝါ၊ အကပ်မခံဘဲလည်းကောင်း။ အာဟရိတွာ၊ ဆောင်ခဲ့၍။ ဒါတုံ၊ ပေးခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။ ဝိတက္ကံ၊ အကြံကို။ သောဓေတုံ၊ သုတ်သင်ခြင်းငှာ။ သစေ ပန သတ္တောတိ၊ အကယ်၍ တတ်နိုင်အံ့။ တတော လဒ္ဓံ၊ ထိုသာမဏေတို့ အထံမှ ရသည်ကို။ ခါဒိတုမ္ပိ၊ စားခြင်းငှာလည်း။ ဝဋ္ဋတိ၊ အပ်၏။ အာမကမံသပဋိဂ္ဂဟဏ-ပစ္စယာ၊ သားစိမ်းကို ခံခြင်း-ဟူသော အကြောင်းကြောင့်။ ဝဇ္ဇံ၊ အပြစ်သို့။ နေဝ ဖုသတိ၊ မရောက်။ ဥဂ္ဂဟိတပစ္စယာ၊ အကပ်ပျက်ခြင်း-ဟူသော အကြောင်းကြောင့်။ ဝဇ္ဇံ၊ အပြစ်သို့။ န ဖုသတိ၊ မရောက်။

ဤသုတ္တန်ပါဠိတော်၌ကား "အာမကမံသပဋိဂ္ဂဟဏာ ပဋိဝိရတော ဟောတိ"ဟု အလုံးစုံသော အရာကိုပင် သာမညအားဖြင့် ပယ်တော်မူ၏။ ထိုသို့ပင် ပယ်သည် ဖြစ်လင့်ကစား မိမိအလို့ငှာလည်းကောင်း မိမိမှတပါး ရဟန်းအလို့ငှာလည်းကောင်း မခံအပ်သည်၏ အဖြစ်ကိုသာ ပြ၏။

"သီဟဝိယာသာဒိ ။လ။ န ဥဂ္ဂဟိတကပစ္စယာ ဝဇ္ဇံ ဖုသတိ"ဟု အဋ္ဌကထာ မိန့်ရကား ဤအရာ၌ သားစိမ်းကို ခံခြင်းကြောင့် အာပတ်မသင့်။

ထို့ကြောင့် သာရတ္ထဒီပနီဋီကာ၌-

> အတ္တနော အညဿ ဝါ ဘိက္ခုနော အတ္ထာယ အပ္ပဋိဂ္ဂဟိတတ္တာ "သီဟဝိယာ-သာဒိ ဒိသွာ သာမဏေရဿ ဒဿာမီ'တိ ပဋိဂ္ဂဟေတွာ ဝါ အပ္ပဋိဂ္ဂဟေတွာ ဝါ အာဟရိတွာ ဒါတုံ ဝဋ္ဋတီ"တိ ဝုတ္တံ။ —

ဟူသော ပါဌ်(သာရတ္ထ၊၃။၇၄)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

အတ္တနော၊ မိမိ၏။ အတ္ထာယ ဝါ၊ အကျိုးငှါလည်းကောင်း။ အညဿ၊ တပါးသော။ ဘိက္ခုနော၊ ရဟန်း၏။ အတ္ထာယ ဝါ၊ အကျိုးငှါလည်းကောင်း။ အပဋိဂ္ဂဟိတတ္တာ၊ မခံသည်၏အဖြစ်ကြောင့်။ သီဟဝိယာသာဒိ၊ ကို။ ဒိသွာပိ၊ မြင်၍လည်း။ "သာမဏေရဿ၊ အား။ ဒဿာမိ၊ အံ့။" ဣတိ၊ သို့။ ပဋိဂ္ဂဟေတွာ ဝါ၊ လည်းကောင်း။ အပဋိဂ္ဂဟေတွာ ဝါ၊ လည်းကောင်း။ အာဟရိတွာ ဝါ၊ လည်းကောင်း။ ဒါတုံ၊ ငှါ။ ဝဋ္ဋတိ၊ အပ်၏။ ဣတိ၊ သို့။ ဝုတ္တံ၊ မိန့်အပ်၏။

ဋ္ဌင်းအဋ္ဌကထာကို ဖွင့်သော သီလက္ခန္ဓဋီကာဟောင်း, ဋီကာသစ်တို့၌ကား သားစိမ်းကို ခံရာ၌ အာပတ်ကို မဆို။ ဝသောဒိဿ, ကာလောဒိဿအဖြစ်ဖြင့်သာ သားစိမ်းကို ခံသင့်ကြောင်းကို ပြသည်။ အာနန္ဒာဆရာကား မိမိအကျိုးငှာ သားစိမ်းကို ခံရာ၌ အာပတ်သင့်ကြောင်းကို-

အာမကမံသံ အတ္တနော အတ္ထာယ ပဋိဂ္ဂဟဏေ ဒုက္ကဋံ — ဟု ပြသည်။

အတ္တနော၊ မိမိ၏။ အတ္ထာယ၊ အကျိုးငှာ။ အာမကမံသံ၊ သားစိမ်းကို။ ပဋိဂ္ဂဟဏေ၊ ခံရာ၌။ ဒုက္ကဋံ၊ ဒုက္ကဋ်အာပတ်သင့်၏။

မိမိအလို့ငှာ သားစိမ်းကို ခံရာ၌ အာပတ်သင့်ကြောင်းကို "အတ္တနော အတ္ထာယ"ဟု အာနန္ဒာဆရာ မိန့်သောကြောင့်လည်းကောင်း မိမိ,မိမိမှ တပါးသော ရဟန်းအလို့ငှာ သားစိမ်းကို ခံရာ၌သာ အာပတ်သင့်ကြောင်းကို "အတ္တနော အညဿ ဝါ ဘိက္ခုနော အတ္ထာယ အပဋိဂ္ဂဟိတတ္တာ"ဟု သာရတ္ထဒီပနီဋီကာဆရာ မိန့်သောကြောင့်လည်းကောင်း လူသာမဏေတို့အလို့ငှာ သားစိမ်းကို ခံရာ၌ အာပတ်မသင့်-ဟူသော အနက်သည် ပြီး၏။

ထို့ကြောင့် သီလကို ချစ်သော ရဟန်းသူတော်ကောင်းတို့သည် သားစိမ်းကို ခံရာ၌သာ အာပတ်မှ လွတ်စေခြင်းငှာ နှလုံးသွင်း၍ ခံရာ၏။ အချို့ကား သားစိမ်းကို အလှူခံကာမျှ

နှင့် အာပတ် မသင့်။ အကပ်ခံမှသာ အာပတ်သင့်သည်-ဟု ယူကြ၏။ ပါဠိ, အဋ္ဌကထာ, ဋီကာနှင့် ဆန့်ကျင်လေရကား မသင့်။ သာမဏေတို့မှာကား အလိုရှိတိုင်းပင် ခံအပ်၏-ဟူသော အနက်သည် ပြီး၏။

(၂) မိမိအကပ်ခံ၍လည်းကောင်း အကပ်မခံဘဲလည်းကောင်း ဆောင်ခဲ့သော သားစိမ်းကို သာမဏေတို့က လှူပြန်သော် အပ်၏-ဟူရကား-

**"ပဋိဂ္ဂဟာဏမေဝ ဘိက္ခူနံ န ဝဋ္ဋတိ၊ နော အာမသနံ"**

ဟူသော ပါဌ်၌ န-ဟု ပဋိသေဓရှိသော ပါဌ်သာ သင့်။

အာမကမံသပဋိဂ္ဂဟဏာတိ ဧတ္ထ၊ **အာမကမံသပဋိဂ္ဂဟဏာ**-ဟူသော ဤပါဠိတော်၌။ ဥဒ္ဒိဿ၊ ရည်၍။ အနုညာတာ၊ ခွင့်ပြုတော်မူအပ်သော သားစိမ်းကို။ အညတြ ဌပေတွာ၊ ထား၍။ အာမကမံသမဇ္ဈာနံ၊ အစိမ်းဖြစ်သော အမဲ,ငါးတို့ကို။ ပဋိဂ္ဂဟာဏမေဝ၊ ခံခြင်းသည်သာလျှင်။ ဘိက္ခူနံ၊ ရဟန်းတို့အား။ န ဝဋ္ဋတိ၊ မအပ်။ အာမသနံ၊ သုံးသပ်ခြင်းသည်။ န ဝဋ္ဋတိ၊ မအပ်သည်ကား။ နော၊ မဟုတ်။ ဝဋ္ဋတိယေဝ၊ အပ်သည်သာလျှင်တည်း။

အာမကမံသပဋိဂ္ဂဟဏာ-ဟူ၍သာ ဟောတော်မူသော်လည်း-

> **အနုဇာနာမိ ဘိက္ခဝေ တိကောဋိပရိသုဒ္ဓံ မစ္ဆမံသံ အနုညာတံ ဒိဋ္ဌံ သုတံ ပရိသင်္ကိတံ။**

ဟူသော ပါဠိတော်၏ အရသည် အန္တောဂဓဖြစ်ရကား မံသ-သဒ္ဒါဖြင့် မစ္ဆ-ကိုလည်း **ဝိဓူပေကသေသနည်း**ဖြင့် သင်္ဂြိုဟ်၍ **အာမကမံသမဇ္ဈာနံ**-ဟု အဋ္ဌကထာဆရာ ဆိုတော်မူသတည်း။

မကွေးမြို့ ရှင်ဩဘာသ-က "အာမကမံသပဋိဂ္ဂဟာဏာတိ ဧတ္ထ- အစရှိသော သီလက္ခန်အဋ္ဌကထာ, ပုဂ္ဂလပညတ်အဋ္ဌကထာပါဌ်၌ အာမကမံသကို ရဟန်းတို့ ခံခြင်း၌ အပြစ်ထိုက်မည်, မထိုက်မည်၊ 'န ဝဋ္ဋတိ'-ဟူသော ပါဌ်၌လည်း 'န ဝဋ္ဋတိ'-ပင် သင့်မည်၊ ဝဋ္ဋတိပင် သင့်မည်ကို အသေအချာ သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါ"ဟု လျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ထောက်ဆနိုင်းညှိဆင်ခြင်၍ ၁၂၃၈-ခု၊ ဝါဆိုလပြည့်ကျော်၊ ၅-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိမ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## မန္တလေးမြို့၊ နန္ဒမူတံခါးခေါ် ရန်နည်းတံခါးတော်တွင်းနေ ဒကာမောင်ထွန်း-က 'နိက္ခ'-ဟူသည် မြန်မာချိန် မည်မျှရှိမည်ကို မေးလျှောက်ချက်

[ ၈၃ ] "ဘုရားတပည့်တော် နန္ဒမူတံခါးတွင်းနေ ဒကာထွန်း လျှောက်ပါသည် ဆရာတော်ဘုရား။

မဟောသဓာဇာတ်တွင် 'ပဉ္စသုဝဏ္ဏေန နိက္ခေန နိက္ခသဟဿံ'-၏ အရ၌ နိက္ခ ၁,၀၀၀-ဟူသည် မြန်မာချိန် မည်မျှရှိမည်။ '၁-နိက္ခ'-ဟူသည် အဘယ်မည်မျှ ရှိသည်ကို အသေအချာ သိမှတ်ပါရအောင် ကျမ်းဂန်နှင့်အညီ အမိန့်ရှိတော်မူပါမည့်အကြောင်းကို ခြေတော်ဦးခိုက် လျှောက်ထားပါသည် ဆရာတော်အရှင်သူမြတ်ဘုရား။"

၎င်းလျှောက်ထားချက်အရ အဖြေဝိသဇ္ဇနာ–

[၈၃] နိက္ခ-ဟူသည် ၅-သုဝဏ္ဏ ရှိ၏။ ၁-သုဝဏ္ဏ-ဟူသည် ၅-ဓရဏ ရှိ၏။
၁-ဓရဏ-ဟူသည် ၄-ကျပ် ရှိ၏။ ၈-အက္ခတည်း။
၁-အက္ခ-ဟူသည် ၁၀-ပဲ ရှိ၏။ ၁-ပဲကို မာသက ခေါ်သည်။
၁-မာသကသည် ၂-ချင်ရွေး ရှိ၏။ ၁-ရွေးသည် စပါး ၄-လုံး ရှိ၏။

ထို့ကြောင့် အဘိဓာနပ္ပဒီပိကာကျမ်း(နှာ-၅၉)၌–

စတ္တာရော ဝီဟယော ဂုဉ္ဇာ၊ ဒွေ ဂုဉ္ဇာ မာသကော ဘဝေ။
ဒွေ အက္ခာ မာသကာ ပဉ္စ၊ အက္ခာနံ ဓရဏ'မဋ္ဌကံ။
သုဝဏ္ဏော ပဉ္စဓရဏာ၊ နိက္ခံတွ'နိတ္ထိ ပဉ္စ တေ။ ။

ဟူသော ပါဠ်ကို မိန့်သတည်း။

စတ္တာရော ဝီဟယော၊ စပါး ၄-လုံးတို့သည်။ ဂုဉ္ဇာ၊ ၁-ချင်ရွေး မည်၏။ ဒွေ ဂုဉ္ဇာ၊ ၂-ချင်ရွေးတို့သည်။ မာသကော၊ ၁-ပဲသည်။ ဘဝေ၊ ဖြစ်၏။ ဒွေ ပဉ္စ မာသကာ၊ ပဲ ၁၀-တို့သည်။ အက္ခာ၊ ၁-အက္ခ မည်ကုန်၏။ အက္ခာနံ၊ အက္ခတို့၏။ အဋ္ဌကံ၊ ၈-ခုသည်။ ဓရဏံ၊

ဓရဏ မည်၏။ ပဉ္စဓရဏံ၊ ၅-ဓရဏသည်။ သုဝဏ္ဏော၊ ၁-သုဝဏ္ဏ မည်၏။ ဧတေ ပဉ္စ သုဝဏ္ဏာ တု၊ ထို ၅-သုဝဏ္ဏတို့သည်ကား။ နိက္ခံ၊ ၁-နိက္ခ မည်၏။ အနိတ္ထိ၊ နပုလ္လိင်တည်း။

၁-သုဝဏ္ဏသည် ကျပ် ၂၀-ရှိ၏။ ၅-သုဝဏ္ဏသည် ၁-နိက္ခ ဆိုသောကြောင့် ၁-နိက္ခကို ကျပ် ၁၀၀-ရှိ၏၊ ၁-ပိဿာတည်း။ နိက္ခ ၁,၀၀၀-ဆိုသောကြောင့် ရွှေချိန်ပိဿာ ၁,၀၀၀-ဟု ဆိုသည်။

**"အက္ခာနံ ဓရဏံ ပဉ္စ၊ အဋ္ဌကံ ဓရဏန္တိ ဝါ"** စာ အချို့ရှိ၏။ အက္ခာနံ၊ အက္ခတို့၏။ ပဉ္စ၊ ၅-ခုတို့သည်၊ ဓရဏံ၊ ဓရဏ မည်၏။ ဝါ၊ တနည်းကား။ အက္ခာနံ၊ အက္ခတို့၏။ အဋ္ဌကံ၊ ၈-ခုသည်။ ဓရဏံ၊ ဓရဏ မည်၏။ ဣတိ၊ သို့။ ဝဒန္တိ၊ ဆိုကြကုန်၏။

ဤဆရာတို့ ဝါဒတွင်—

ပဌမအယူ၌ ၅-အက္ခသည် ၁-ဓရဏဆိုသောကြောင့် ၁-ဓရဏသည် (၂ိ ၅။း)၊ ၁-သုဝဏ္ဏသည် (၁၂ိ ၅။း)၊ ၁-နိက္ခသည် (၆၂ိ ၅။း)၊ နိက္ခ ၁,၀၀၀-ဆိုသောကြောင့် မြန်မာချိန် (၆၂၅)၊ ၆၂၅-ပိဿာ ရှိ၏။

ဒုတိယအယူ၌ ၈-အက္ခသည် ၁-ဓရဏဆိုသောကြောင့် ၁-ဓရဏသည် (၈။း)၊ ၁-သုဝဏ္ဏသည် (၄ိ)၊ ၁-နိက္ခသည် ကျပ် (၂၀)၊ နိက္ခ ၁,၀၀၀-ဆိုသောကြောင့် မြန်မာချိန် (၂၀၀)-ဟူလို၏။

ထို ၃-နည်းတို့တွင် အဘိဓာနပ္ပဒီပိကာကျမ်း၌ လာသောနည်းကိုသာ ဆရာတို့ နှစ်သက်ကြ၏။

မန္တလေးမြို့၊ နန္ဒမူတံခါးခေါ် ရန်နည်းတံခါးတော်တွင်းနေ ဒကာငထွန်းက "မဟောသဓာဇာတ်တွင်လာသော 'ပဉ္စသုဝဏ္ဏေန နိက္ခေန နိက္ခသဟဿံ'-၏အရ၌ နိက္ခ ၁,၀၀၀-သည် မြန်မာချိန် မည်မျှရှိမည်။ ၁-နိက္ခ-ဟူသည် အဘယ်မျှ ရှိမည်ကို အသေအချာ သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါ"ဟု လျှောက်ထားသောကြောင့် အဘိဓာနပ္ပဒီပိကာကျမ်း၊ လောကီဓမ္မသတ်ကျမ်းတို့တွင်လာသည့် နည်းဥပဒေသကို ပြ၍ ၁၂၃၈-ခု၊ ဝါခေါင်လပြည့်ကျော်၊ ၁၂-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★ ★ ★ ★ ★ ★ ★

## ရဟန်းတော် ဦးနာရဒ-က "န ဝဋ္ဋတိ"နှင့် "ကိဠိနဂရေ"-စသော အရကို မေးလျှောက်ချက်

[ ၈၄ ] "ဘုရားတပည့်တော် အလုံမြို့၊ လေးမြေရွာ၊ ရွှေမြင်တင်ကျောင်းတိုက်နေ ရှင်နာရဒ ခြေတော်ဦးခိုက် လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား။

သေခိယမှာ ဝဇိရဗုဒ္ဓိ၌—

'သဗ္ဗံ ဟတ္ထန္တိ ဝစနတော ဧကဒေသံ မုခေ ပက္ခိပန္တဿ အနာပတ္တီတိ ဧကစ္စေ။ သဗ္ဗန္တိ ဝစနတော ဧကဒေသံပိ ဝဋ္ဋတီတိ ဝဒန္တိ။ တံ ယုတ္တံ အနာပတ္တိဝါရေ အဝိသေသက္ခိတတ္တာ။ – ဟူ၍ လာရာ–

(၁) န-အက္ခရာနှင့် "န ဝဋ္ဋတိ" ဖြစ်လေသလော-စသည်ဖြင့် ယုံမှားမကင်း ရှိပါကြောင်း, ၎င်းဝဇိရဗုဒ္ဓိ၊ ဘိက္ခုနီသံဃာဒိသိသ်၊ ဂါမန္တရသိက္ခာပုဒ်အဖွင့်၌ 'ဘိက္ခုနိ-ဝိဟာရဘူမိ ။လ။ ဂါမန္တရာပတ္တိ ဟောတီတိ အပရေတိ ဝုတ္တံ'-ဟူ၍လာရာ 'ကိဠိ နဂရေ'-မှ စ၍ 'အဓိဋ္ဌာနတ္ထံ'-တိုင်အောင် မည်သို့-ဟူ၍ မသိနိုင်ပါသောကြောင့် ၎င်းပါဌ် ၂-ချက်၏ အနက်နှင့်တကွ သိသာလှသော အဓိပ္ပါယ်ကို တပည့်တော်အား ကယ်မသနားတော်မူပါ ကျေးဇူးရှင်ဆရာတော်ဘုရား။

(၂) အကြင်သာမဏေတစ်ဦးသည် ဥပဇ္ဈာယ်ပျံတော်မူလျှင် လိင်မပြန်ဘဲ အစဉ်သဖြင့် သင်ကြားနေရာ အခြားပုဂ္ဂိုလ်ထံ ဥပဇ္ဈာယ်ယူ၍သာ နေသင့်သည် ဖြစ်မည်၊ သို့မဟုတ် နိဿယည်းသာ ယူ၍ နေပြီးလျှင် ရဟန်းခံခါနီးမှ ဥပဇ္ဈာယ်ယူ၍ ရဟန်းခံသင့်သည် ဖြစ်မည်။

(၃) အကြင်သာမဏေတစ်ဦးသည် ဥပဇ္ဈာယ်ထံမှ အဝေးအရပ်သို့ သွား၍ သင်ကြားနေရာ ဥပဇ္ဈာယ်ရှင်း ရှိသေးသောကြောင့် အခြားပုဂ္ဂိုလ်ထံ နိဿယည်းသာ ယူ၍ နေပြီးလျှင် ရဟန်းခံလိုသော်လည်း ဥပဇ္ဈာယ်အသစ် မယူ။ ထိုအဝေးမှာ ရှိသော ဥပဇ္ဈာယ်ကို ရည်မှတ်၍သာ ရဟန်းခံသင့်သည် ဖြစ်မည်။

(၄) သို့မဟုတ် လိင်ပြန်စေ၍ ထိုသိမ်တွင်းမှာ အသစ်ဥပဇ္ဈာယ် ယူစေ၍ ရဟန်းခံမှ သင့်သည် ဖြစ်မည်။

ဤသို့ စသည်ဖြင့် သက်ာဝိုးဝါး ယုံမှားစွန်းငြိ ရှိပါသည်ဘုရား။ အချို့ဆရာတို့ကလည်း နိဿယည်းယူခြင်းသည် ရဟန်းနှင့်သာ ဆိုင်သည်၊ သာမဏေနှင့် လုံးလုံး

မဆိုင် ဆိုကြပါသည်ဘုရား။ ဥပဇ္ဈာယ်, နိသျည်းယူရာ ရဟန်းနှင့် သာမဏေ ခြားနား သိသာအောင် အာဂုံအာဂါ ကျမ်းဂန်အသင့် ယုတ္တိများနှင့် ကယ်မသနားတော်မူပါ မည့်အကြောင်းကို ခြေတော်ဦးခိုက် လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား။"

ရင်းဦးနာရဒ လျှောက်ထားချက်အရ အဖြေဝိသဇ္ဇနာ–

[၈၄] (၁) ဝဇိရဗုဒ္ဓိဋီကာ၊ သေခိယပဥ္စမဝဂ်၊ သဗ္ဗဟတ္ထသိက္ခာပုဒ်တွင် "သဗ္ဗန္တိ ဝစနတော ဧကဒေသမ္ပိ ဝဋ္ဋတီတိ ဝဒန္တိ"ဟူသော ဝဇိရဗုဒ္ဓိဋီကာပါဌ်၌ 'ဝဋ္ဋတိ'-သင့်မည်၊ 'န ဝဋ္ဋတိ' သင့်မည်ကို လျှောက်သည်မှာ "န ဝဋ္ဋတိ"သာ ရှိသင့်၏။ အဘယ့်ကြောင့်နည်းဟူမူကား ဟတ္ထသဒ္ဒါသည် ၅-ချောင်းသော လက်အပေါင်း၌လည်း ဖြစ်၏။ အပေါင်းမှ အစိတ်ဖြစ်သော ၁-ချောင်း, ၁-ချောင်းသော လက်၌လည်း ဖြစ်၏။ အဘယ်ကဲ့သို့နည်းဟူမူ ဟတ္ထ'မုဒ္ဒါ-ယတိ-အစရှိသည်တို့၌ အပေါင်း၌ဖြစ်သော ဝေါဟာရသည် အစိတ်၌ နှံ့၍ တည်ရကား လက် ၁-ချောင်းကိုပင် ချီသော်လည်း "ဟတ္ထ'မုဒ္ဒါ-ယတိ"ဟု ဆိုသကဲ့သို့ ၁-ချောင်းသော လက်ကိုမျှလည်း ခံတွင်း၌ ထည့်သွင်းခြင်းငှာ မအပ်။

ထို့ကြောင့် "**ဧကဒေသမ္ပိ န ဝဋ္ဋတိ**"ဟု န ပဋိသေဓ-နှင့် ရှိရမည်။ ဧကဒေသမ္ပိ၊ တစ်စိတ်ကိုမျှလည်း။ ပက္ခိပိတုံ၊ ထည့်ခြင်းငှာ။ န ဝဋ္ဋတိ၊ မအပ်။ ဤသို့ အနက်ပေး။

"ဘိက္ခုနီဝိဟာရဘူမိ ။လ။ ဂါမန္တရာပတ္တိ ဟောတီ'တိ အပရေ ဝုတ္တံ"ဟူသော ဝဇိရဗုဒ္ဓိ၊ သတ္တရသကဏ္ဍ၊ တတိယသိက္ခာပုဒ်အဖွင့်တွင်–

တသ္မာ ကိဉ္စိနဂရေ ခန္ဓမမ္မဝိဟာရော ဝိယ, ကာဝီရပဋ္ဋနေ သာရိဓမ္မဝိဟာရော ဝိယ စ အညောပိ သော ဝိဟာရော၊ တသ္မာ သီမပဒ္ဒသုခတ္တံ ဂါမန္တရဘာဝေ နိရန္တရာ အမိဋ္ဌာနတ္တံ–

တိုင်အောင် မည်သို့-ဟူ၍ မသိနိုင်ပါ-ဟု လျှောက်သည်မှာ အထက် ဂါမပ္ပဝေသနသိက္ခာပုဒ်ကို အကျယ်ပြရာ အဋ္ဌကထာ (ဝိ၊၄၊၃။၁၈၄)၌–

- မိမိတို့ နေမြဲရွာမှ ထွက်သော ဘိက္ခုနီမအား ရွာအခြား-ဟူသော အကြောင်းကြောင့် အာပတ်မသင့်ကြောင်းကို "သကဂါမတော နိက္ခမန္တိယာ ဂါမန္တရပစ္စယာ အနာပတ္တိ" ၁-ချက်။
- ထွက်၍ ရွာတပါးသို့ သွားရာ အာပတ်သင့်ကြောင်းကို "နိက္ခမိတ္ဝာ ဂါမန္တရံ ဂစ္ဆန္တိယာ ပဒဝါရေ ပဒဝါရေ ဒုက္ကဋံ" ၁-ချက်။

- ထိုရွာမှ ထွက်ခဲ့၍ မိမိနေရာသို့ ဝင်ရာ အာပတ်သင့်ကြောင်းကို "တတော နိက္ခမိတွာ ပုန သကဂါမံ ပဝိသန္တိယာပိ ဧသေဝ နယော" ၁-ချက်။
- ရွာတွင်းသို့ မရောက်ဘဲ ကျိုးပြတ်သော တံတိုင်းပေါက်, စောင်းရမ်းပေါက်ဖြင့် မိမိတို့ ကျောင်းသို့ ဝင်ရာ အာပတ်မသင့်ကြောင်းကို "သစေ ပန ခဏ္ဍပါကာရေန ဝါ ဝတိဆိဒ္ဒေန ဝါ ဘိက္ခုနိဝိဟာရဘူမိယေဝ သက္ကာ ဟောတိ ပဝိသိတုံ၊ ဧဝံ ပဝိသ-မာနာယ ကပ္ပိယဘူမိ နာမ ပဝိဋ္ဌာ ဟောတိ၊ တသ္မာ ဝဋ္ဋတိ" ၁-ချက်။

ဤစကား၌ ဘိက္ခုနီဝိဟာရဘူမိသည် ရွာတွင်းဆိုသော်လည်း ရွာနှင့် တစ်စည်းတစ်ခြံတည်း စပ်သဖြင့် ရွာတွင်းသို့ မရောက်ဘဲ မိမိတို့ ကျောင်းသို့ အခြား ဝင်ရောက်, ထွက်ရာ ရှာ၍ ရစကောင်းသော ဘိက္ခုနီဝိဟာရဘူမိကို ကပ္ပိယဘူမိ ဆိုသည်-ဟု ယူသင့်၏။

ရွာ၂-ရွာအကြား၌ တည်သော ဘိက္ခုနီမတို့ကျောင်းသည် စောင်းရမ်းအာရာမ် စပ်ခဲ့အံ့။ ထို ၂-ရွာတို့တွင် အကြင်ရွာသည် ဘိက္ခုနိဝိဟာရနိဿိတ ဖြစ်၏။ ထိုရွာ၌ ဆွမ်းခံဝင်ပြီးသော် ကျောင်းသို့ ပြန်ခဲ့၍ ကျောင်း၏အလယ်ဖြင့် ဘိက္ခုနိဝိဟာရနိဿိတ မဟုတ်သော ရွာသို့ ထုတ်ချင်းခပ်သော လမ်းရှိခဲ့အံ့။ ထိုလမ်းဖြင့် သွားအပ်၏။ ထိုသို့ မရှိသော် မသွားအပ်။ သွားပြီး၍လည်း ထိုလမ်းဖြင့်သာ ကျောင်းသို့ ပြန်သင့်ကြောင်းကို-

"ဒွေ ဂါမာ ဘိက္ခုနိဝိဟာရေန သမ္ဗဒ္ဓဝတိကာ ဟောန္တိ၊ ယသ္မိံ ဂါမေ ဘိက္ခုနိ-ဝိဟာရော။ တတ္ထ ပိဏ္ဍာယ စရိတွာ ပုန ဝိဟာရံ ပဝိသိတွာ သစေ ဝိဟာရမဇ္ဈေန ဣတရဿ ဂါမဿ မဂ္ဂေါ အတ္ထိ၊ ဂန္တုံ ဝဋ္ဋတိ။ တတော ပန ဂါမတော တေနေဝ မဂ္ဂေန ပစ္စာဂန္တဗ္ဗံ" ၁-ချက်။

ဘိက္ခုနိဝိဟာရဘူမိသည် ဂါမန္တရဖြစ်၍ ကပ္ပိယဘူမိဖြစ်ရကား ထိုရွာမှ ၁-ယောက်တည်း ထွက်အပ်၏၊ ဝင်ကား မဝင်အပ်။ တံတိုင်းပေါက်, စောင်းရမ်းပေါက်ဖြင့် မိမိတို့ ကျောင်းသို့ ဝင်ခြင်းငှာ တတ်ကောင်းမူ ဝင်အပ်၏-ဟူလို၏။

ရွာကြီး၏ အလယ်၌တည်သော ဘိက္ခုနီမ၏ကျောင်းသည် နောင်အခါ ၄-ဦးသားတို့ အစိုးရဖြစ်၍ ၄-ရွာအသီးသီး စည်းခြံ,စောင်းရမ်းပြုကြရာ မိမိတို့ ဘိက္ခုနိဝိဟာရနိဿိတ ရွာ ၁-ခုကိုသာ ဝင်အပ်,ထွက်အပ်၏။ ကြွင်းသော ၃-ရွာတို့၌ မဝင်အပ်ကြောင်းကို—

"ပုဗ္ဗေ မဟာဂါမော ဟောတိ၊ မဇ္ဈေ ဘိက္ခုနိဝိဟာရော။ ပစ္ဆာ တံ ဂါမံ စတ္တာရော ဇနာ လဘိတွာ ဝိသုံ ဝိသုံ ပရိက္ခေပံ ကတွာ ဝိဘဇိတွာ ဘုဥ္ဇန္တိ၊ ဝိဟာရတော ဧကံ ဂါမံ ဂန္တုံ ဝဋ္ဋတိ၊ တတော အပရံ ဂါမံ ဒွါရေန ဝါ ဝတိဆိဒ္ဒေန ဝါ ပဝိသိတုံ န ဝဋ္ဋတိ" ၁-ချက်။

ဘိက္ခုနိဝိဟာရဘူမိသည် ရွေးအထက် တစ်ရွာတည်းဖြစ်၍ ရွာ ၄-ခုနှင့် ဆက်ဆံပြားသော်လည်း ဘိက္ခုနိဝိဟာရနိဿိတရွာ ၁-ခုကိုသာ ဝင်အပ်၏-ဟူလို။

'ဂဏမှာ ဩဟီယေယျ'-ပါဠိတော်၏အရတွင် အတွင်းဝင်သော တင်းတိမ်, တံတိုင်း, နံရံခြားသော အရပ်သည် "ဒသနူပစာရံ ဝိဇဟိတွာ"ဖြစ်သင့်ကြောင်းနှင့် "အဂါမကေ အရညေ"ပါဠ်ကို ဆောင်၍ပြရာ မဟာဗောဓိအပြင်-စသည်တို့သို့ ဝင်ရာ၌ ဒသနူပစာရ ဝိဇဟိတ ဖြစ်သည်ကို ပြလို၍ "သစေ ဘိက္ခုနီသု မဟာဗောဓိယင်္ဂဏံ ပဝိသန္တီသု ဧကာ ဗဟိ တိဋ္ဌတိ၊ တဿာပိ အာပတ္တိ"ဟု ပြသည်။

- ဤ "ဘိက္ခုနိဝိဟာရဘူမိ ဂါမန္တရန္တိ ဝုစ္စတိ"စသော ပါဠိအရမှာ ဘိက္ခုနီမတို့ ကျောင်းမြေကို ဂါမန္တရ မဆိုသင့်။ အဘယ့်ကြောင့်နည်း-ဟူမူကား ဂါမန္တရ၌ အကျုံးဝင်သော်လည်း ကပ္ပိယမြေဖြစ်သောကြောင့် မဆိုသင့်၊ ဝါဒ ၁-ရပ်။
- "သစေ ဘိက္ခုနီသု မဟာဗောဓိယင်္ဂဏံ ပဝိသန္တီသု ဧကာ ဗဟိ တိဋ္ဌတိ၊ တဿာပိ အာပတ္တိ"ဟု အဋ္ဌကထာဆရာ ဆိုသောကြောင့် ဘိက္ခုနီမတို့ ကျောင်းမြေသည် ကပ္ပိယမြေ မဟုတ်၊ ဝါဒ ၁-ရပ်။

ထိုဝါဒ ၂-ရပ်တို့တွင် ဘိက္ခုနီမတို့ ကျောင်းမြေသည် ကပ္ပိယမြေဖြစ်၍ ဂါမန္တရ ပရိယာပန္နဖြစ်သော်လည်း ဂါမန္တရ မဆိုသင့်-ဟူသော ဝါဒ၌-

> **သစေ ပန ခဏ္ဍပါကာရေန ဝါ ဝတိဆိဒ္ဒေန ဝါ ဘိက္ခုနိဝိဟာရဘူမိ ယေဝ သက္ကာ ဟောတိ ပဝိသိတုံ။ ဧဝံ ပဝိသမာနာယ ကပ္ပိယဘူမိ နာမ ပဝိဋ္ဌာ ဟောတိ။ တတော ဂါမတော နိက္ခမန္တိယာ ဂါမန္တရပစ္စယာ အနာပတ္တိ-**

ဟု အထက်ပြဆိုခဲ့သော ရွာတွင်းပင် ဆိုသော်လည်း ဘိက္ခုနိဝိဟာရသို့ ဝင်ရာ, ထွက်ရာ, အခြားရစကောင်းသော ရွာနှင့် တစပ်တည်း စပ်သဖြင့် မိမိတို့နေရာ ကျောင်းမှ ရွာတွင်းသို့လည်း အသီးသွားလာခြင်းငှာ တတ်ကောင်းသော၊ အပသို့ ထွက်သဖြင့်လည်း အာပတ် မသင့်ကောင်းသော ဘိက္ခုနီမတို့ကျောင်းကို ကပ္ပိယဘူမိဆိုသည် ယူသင့်၏။

"ဘိက္ခုနီမတို့၏ ကျောင်းမြေသည် ကပ္ပိယမြေ မဟုတ်"ဟူသော ဝါဒ၌ ကပ္ပိယ မဟုတ်-ဟု ဆိုခြင်းသည်လည်း "သစေ ဘိက္ခုနီသု မဟာဗောဓိယင်္ဂဏံ ပဝိသန္တီသု ဧကာပိ ဗဟိ တိဋ္ဌတိ၊ တဿာပိ အာပတ္တိ"ဟု အဋ္ဌကထာ ဆိုသောကြောင့် "ဘိက္ခုနီမတို့၏ ကျောင်းမြေသည် ကပ္ပိယမြေ မဟုတ်"ဆိုသည်-ဟူရကား ဘိက္ခုနီမတို့ကျောင်း ဂါမန္တရပင် ဆိုသော်လည်း မိမိတို့ကျောင်းသို့ အလိုရှိတိုင်း အသီးအခြား ထွက်ရာ,ဝင်ရာ စည်း,စောင်းရမ်း

အခြားမရှိ။ ဘိက္ခုနီမတို့ကျောင်းမှ ရွာသို့လည်း အသီးအခြား ဝင်ရာ မရှိ။ ဘိက္ခုနီမတို့ ကျောင်းမှ ထွက်လျှင် ရွာပသို့ ရောက်၏။

ထို့ကြောင့် ဘိက္ခုနီမတို့ ကျောင်းမှ ထွက်၍ မဟာဗောဓိအပြင်-စသည်တို့သို့ ဝင်ကြရာ တစ်ယောက်တည်း ကျန်ရစ်သော ဘိက္ခုနီမသည် အာပတ်သင့်၏။ ထို့ကြောင့် ထိုရွာမှ တစ်ယောက်တည်းလည်း မထွက်အပ်။ တစ်ယောက်တည်းလည်း မဝင်အပ်။ ဝင်သော် အာပတ်သင့်၏။ မိမိတို့ ဘိက္ခုနိဝိဟာရနိဿိတရွာသို့ ဝင်ရာ အာပတ်သင့်ကြောင်းကို "ပုန သကံ ဂါမံ ပဝိသန္တိယာ ဧသေဝ နယော"ဟု အထက်၌ ပြဆိုခဲ့ပြီ။ ထွက်သော် အာပတ်သင့်သည်ကို မလာ။ ထွက်၍ ရွာတပါးသို့ သွားရာ အာပတ်သင့်ကြောင်းကိုသာ "နိက္ခမိတွာ ဂါမန္တရံ ဂစ္ဆန္တိယာ ဒုက္ကဋံ"ဟု လာသည်။

ဤ၌ကား "ပဝိသန္တိယာ နိက္ခမန္တိယာ ဂါမန္တရာပတ္တိ ဟောတိ"ဟု လာရကား ပဝိသန၌ အာပတ်သင့်သည်ဆိုသောအရာ ထူး၏။ ဤအရာ၌ ရွာနှင့်ကျောင်း အကွဲအပြား အထူးအခြား မရှိလေရကား ဂါမန္တရပင် ဆိုသော်လည်း ရွာမှတပါး အခြားမရှိ-ဟု နှလုံးသွင်း၍ သီမဗဒ္ဓအရာ၌ အလွယ်တကူ ဖွဲ့ယူပိုင်းခြားခြင်းငှာ အပ်၏-ဟူလိုသည်။ ထိုသို့ ဆိုအပ်ခဲ့ပြီးသော အကပ္ပိယဘိက္ခုနိဝိဟာရကို ပြလို၍ ကိဋ္ဋိနဂရေ-စသည်ကို ဆိုသတည်း။

ဤအကပ္ပိယဘူမိသည်လည်း ကိဋ္ဋိမြို့၌ ခန္ဓဝမ္မမည်သောကျောင်း, ကာဝီရမည်သောရွာ။ ဝါ၊ ကာဝီရမည်သောဆိပ်၌ သာရိဓမ္မမည်သောကျောင်း, ထိုကျောင်းနှင့်တူသော ကျောင်းကိုသာ ယူအပ်၏-ဟူလို။

ထိုခန္ဓဝမ္မမည်သောကျောင်း, သာရိဓမ္မမည်သောကျောင်းတို့၏ လက္ခဏာကို "သစေ ဘိက္ခုနီသု မဟာဗောဓိယင်္ဂဏံ ပဝိသန္တီသု"မှစ၍ အထက် ပြဆိုခဲ့သည့်အတိုင်း မှတ်ရာ၏။ ဤလည်း အပရေဝါဒသာ။ ဤစကားကို သာရတ္ထဒီပနီဋီကာ, ဝိမတိဝိနောဒနီဋီကာကျမ်းတို့၌လည်း မလာ။ အဋ္ဌကထာဆရာလည်း ဒဿနူပစာရဝိဇဟိတ ဖြစ်သင့်သည်ကို "သစေ ဘိက္ခုနီသု မဟာဗောဓိယင်္ဂဏံ ပဝိသန္တီသု"ပါဌ်ကို ဆောင်၍ ပြ၏။

ဝဇိရဗုဒ္ဓိဋီကာ၌သာ "သစေ ဘိက္ခုနီသု မဟာဗောဓိယင်္ဂဏံ ပဝိသန္တီသု" ပါဌ်ကို ဆောင်၍ ဘိက္ခုနီမတို့ ကျောင်းမြေကို အကပ္ပိယမြေ မဟုတ်ကြောင်းနှင့် အပရေဆရာတို့ ဆိုသည်ဟူရကား ပညာရှိတို့ ဆင်ခြင်အပ်၏။

တသ္မာ၊ ထို့ကြောင့်။ ကိဋ္ဋိနဂရေ၊ ကိဋ္ဋိမြို့၌။ ခန္ဓဝမ္မဝိဟာရော ဝိယ စ၊ ခန္ဓဝမ္မမည်သော ကျောင်းကဲ့သို့လည်းကောင်း။ ကာဝီရပဋ္ဋနေ၊ ကာဝီရမည်သော ရွာ၌။ ဝါ၊ ကာဝီရမည်သော ဆိပ်၌။ သာရိဓမ္မဝိဟာရော ဝိယ စ၊ သာရိဓမ္မမည်သော ကျောင်းကဲ့သို့လည်း

ကောင်း။ အညောပိ၊ တပါးလည်း ဖြစ်သော။ သော ဝိဟာရော၊ ထိုကျောင်းသည်။ သီမဗဒ္ဓ-သုခတ္တံ၊ သိမ်ဖွဲ့ခြင်း၌ လွယ်စေခြင်းငှာ။ ဂါမန္တရဘာဝေ၊ ရွာအခြား၏အဖြစ်၌။ နိရန္တရာ၊ အခြားမရှိ-ဟု။ အဓိဋ္ဌာနတ္ထံ၊ ဆောက်တည်ခြင်းငှာ။ ဝါ၊ နှလုံးသွင်းခြင်းငှာ။ ဤသို့ အနက်ပေး။

ဤတွင် ဘိက္ခုနီဝိဟာရဘူမိဝိနိစ္ဆယ အပြီးတည်း။

(၂) သာမဏေတို့မှာ ဥပဇ္ဈာယ် ယူသင့်သည်၊ နိဿယည်း ယူသင့်သည် မေးလျှောက်သည်မှာ ပါရာဇိကဏ်အဋ္ဌကထာ၊ နိဿဂ္ဂိယ၊ ပတ္တဝဂ်၊ စီဝရအစ္ဆိန္ဒနသိက္ခာပုဒ်တွင်—

**မယံ တုယှံ ဝတ္တပဋိပတ္တိံ ကရိဿတိ။ ဥပဇ္ဈာယံ ဂဏှိဿတိ။ ဓမ္မံ ပရိယာ-ပုဏိဿတီတိ စီဝရံ အဒမှာ။ သော တွံ ဒါနိ န ဝတ္တံ ကရောသိ။ န ဥပဇ္ဈာယံ ဂဏှာသိ။ န ဓမ္မံ ပရိယာပုဏာသီတိ ဧဝမာဒီနိ ဝုတ္တော။—**

(ဝိ၄၊၂။၃၀၂)ဟု ဥပဇ္ဈာစရိယအဖြစ်ကိုသာ လာသည်။

မဟာဝါပါဠိတော်၊ မဟာခန္ဓက၊ ပဗ္ဗဇ္ဇာကထာ၊ ဥပသမ္ပဒကမ္မပုစ္ဆကရဏ ၈-ပါးကို ပြရာ၌လည်း "**ပဌမံ ဥပဇ္ဈံ ဂါဟာပေတဗ္ဗော**"ဟူ၍လည်းကောင်း "**ဥပဇ္ဈာယော မေ အာယသ္မာ တိဿတ္ထေရော နာမ**"ဟူ၍လည်းကောင်း ဥပဇ္ဈာစရိယသဒ္ဓိဝိဟာရိက အဖြစ်ကိုသာ လာသည်။

ငင်းမဟာဝါပါဠိတော်၊ ထေယျသံဝါသကဝတ္ထုတွင် ဆွေမျိုးပြတ်သောကြောင့် ကိုးကွယ်ရာ မရှိ၍ မိမိအလိုလို သာမဏေပြုလုပ်ပြီးလျှင် သံဃာ့ဘောင်သို့ ဝင်သောကာလ ရဟန်းတို့က စစ်မေးရာ၌လည်း "ကော နာမော တေ ဥပဇ္ဈာယော"ဟု လာသည်။

ငင်းပါဠိတော်၊ အနုပဇ္ဈာယကာဒိဝတ္ထုတွင်လည်း ဥပဇ္ဈာယ်မရှိဘဲ ရဟန်းခံခြင်းကြောင့် သိက္ခာပုဒ် ပညတ်တော်မူကြောင်းကို—

**တေန ခေါ ပန သမယေန ဘိက္ခူ အနုပဇ္ဈာယကံ ဥပသမ္ပာဒေန္တိ။ ဘဂဝတော ဧတမတ္ထံ အာရောစေသုံ။ န ဘိက္ခဝေ အနုပဇ္ဈာယကော ဥပသမ္ပာဒေတဗ္ဗော၊ ယော ဥပသမ္ပာဒေယျ၊ အာပတ္တိ ဒုက္ကဋဿ။**

ဟု လာသည်။ (ဝိ၃။၁၂၄)

ငင်းပါဠိတော်၊ ရာဟုလဝတ္ထုတွင်လည်း "တေန ဟိ တွံ သာရိပုတ္တ ရာဟုလကုမာရံ ပဗ္ဗာဇေဟိ"ဟု ခွင့်ပြုတော်မူလျှင် အရှင်မောဂ္ဂလ္လာန် ဆံရိတ်ခြင်း, သင်္ကန်းဝတ်ခြင်း-စသည်ကို ပြု၍ ရှင်သာရိပုတ္တရာ ရှင်ပြု၍ အရှင်မဟာကဿပသည် ဩဝါဒါစရိယ ဖြစ်၏။

ထိုအရာ၌ ဥပဇ္ဈာယ်ဆရာသာ ပဗ္ဗဇ္ဇ ဥပသမ္ပဒ ၂-ပါးတို့၌ပင် မူလဖြစ်၍ ဥပဇ္ဈာယ်ဆရာသာ အစိုးရကြောင်းကို "ယသ္မာ ပန ဥပဇ္ဈာယမူလကာ ပဗ္ဗဇ္ဇာ စ ဥပသမ္ပဒါ စ၊ ဥပဇ္ဈာယောဝ တတ္ထ ဣဿရော, န အာစရိယော"ဟု ၎င်းပါဠိတော် အဖွင့်အဋ္ဌကထာတွင် လာသည်။ (ဝိ၊ဋ္ဌ၊၃။၂၉၁)

၎င်းမဟာဝါပါဠိတော်တွင် ဆဗ္ဗဂ္ဂီရဟန်းတို့ ဆရာကို မပန်ကြားဘဲ သာမဏေတို့ကို ဒဏ်ပေးရာ၌လည်း—

> **တေန ခေါ ပန သမယေန ဆဗ္ဗဂ္ဂိယာ ဘိက္ခူ ဥပဇ္ဈာယေ အနာပုစ္ဆာ သာမဏေရာနံ အာဝရဏံ ကရောန္တိ၊ ဥပဇ္ဈာယာ ဂဝေသန္တိ ကထံ နု ခေါ အမှာကံ သာမဏေရာ န ဒိဿန္တိ။** —(ဝိ၊၃။၁၁၈)

ဟု လာရကား သာမဏေတို့မှာ ဥပဇ္ဈာစရိယသာလျှင် ထင်ရှား၏။

ဝိဘင်းအဋ္ဌကထာ ဉာဏဝိဘင်္ဂဝဏ္ဏနာ၊ ဝတ္တဗ္ဗကနိဂြောဓသာမဏေရဝတ္ထုတွင်လည်း ဝတ္တဗ္ဗနိဂြောဓသာမဏေ ဥပဇ္ဈာယ်ဆရာနှင့်တကွ သမုဒ္ဒရာသို့ မလိုက်ဘဲ ပစ္စန္တရစ်သို့သာ သွားကြကြောင်းကို "သာမဏေရော စ ဥပဇ္ဈာယော စ'ဿ ပရသမုဒ္ဒံ နာ'ဂမိံသု"ဟူ၍လည်းကောင်း ပစ္စန္တရစ်အရပ်သို့ သွားကြ၍ ပဏ္ဍဓါဒရွာသို့ ရောက်ကြလျှင် ဒါယကာတို့က မေးရာလည်း "အာမ ဥပါသကာ ဥပဇ္ဈာယော မေ အန္တောဂဗ္ဘေ"ဟူ၍လည်းကောင်း ထိုဝတ္တဗ္ဗကနိဂြောဓသာမဏေ ဥပဇ္ဈာယ်ဆရာနှင့် ဝေးကွာသည့်နောက် ဥပဇ္ဈာယ်အသစ်ယူ၍ ရဟန်းခံကြောင်းကို "ယထာရူပေ ဌာနေ ဥပဇ္ဈံ ဂါဟေတွာ ဥပသမ္ပန္နော"ဟုလည်းကောင်း လာသည်။ (အဘိ၊ဋ္ဌ၊၂။၄၃၀)

ဓမ္မပဒအဋ္ဌကထာ၊ ဗာလဝဂ်၊ ၂-ခုမြောက်သော ကုဋိဒူသကဝတ္ထုတွင်လည်း "မဟာကဿပထေရဿ သဒ္ဓိဝိဟာရိကံ အာရဗ္ဘ ကထေသိ"ဟု သဒ္ဓိဝိဟာရိက တပည့်၏ ဥပဇ္ဈာစရိယအဖြစ်ကိုသာ လာသည်။

၎င်းအဋ္ဌကထာ ဗာလဝဂ် ၁၅-ခုမြောက်သော **ဝနဝါသီတိဿသာမဏေရဝတ္ထု**တွင်လည်း အရှင်သာရိပုတ္တရာတပည့် တိဿသာမဏေ တောအရပ်သို့သွားရာ ဥပဇ္ဈာယ်ဆရာကို ရှိခိုး၍ သွားကြောင်းကိုလည်း "သော သတ္ထာရံ ဥပသင်္ကမိတွာ ဝန္ဒိတွာ ယာဝ အရဟတ္တာ ကမ္မဋ္ဌာနံ ကထာပေတွာ ဥပဇ္ဈာယံ ဝန္ဒိတွာ"ဟု လာသည်။

၎င်းအဋ္ဌကထာ၊ ပဏ္ဍိတဝဂ်၊ ရှေးဦးစွာသော **ရာဓသာမဏေရဝတ္ထု**တွင်လည်း ရာဓသာမဏေ ဆုံးမလွယ်ကြောင်းကို လျှောက်ရာ "ဤကဲ့သို့ သဒ္ဓိဝိဟာရိကတပည့်ကို

ရလျှင် အဘယ်မျှ ဆုံးမနိုင်ပါသနည်း"ဟု ဘုရားမေးတော်မူကြောင်းကိုလည်း "**သာရိပုတ္တ ဝေရှုပေ သဒ္ဓိဝိဟာရိကေ လဘန္တော ကိတ္တကေ ဂဏ္ဍေယျာသီတိ**"ဟု လာသည်။ ဤ၌လည်း သဒ္ဓိဝိဟာရိက ဆိုသဖြင့် ဥပဇ္ဈာယ်အဖြစ်သည် ထင်ရှား၏။

ဤရာဓထေရဝတ္ထု၌ ရှင်ရဟန်းအဖြစ်ဖြင့် ခွင့်ပြုတော်မူကြောင်းကို "**ဧတေန ဟိ တွံ သာရိပုတ္တ ပြာဟွဏံ ပဗ္ဗာဇေဟိ ဥပသမ္ပာဒေဟိ**"ဟု လာသည်။

ရင်းအဋ္ဌကထာ၊ ပဏ္ဍိတဝဂ်၊ ၅-ခုမြောက်သော **ပဏ္ဍိတသာမဏေရဝတ္ထု**တွင်လည်း သာရိပုတ္တရာသည် ပဏ္ဍိတသာမဏေနှင့်အတူ ရွာတွင်းသို့ ဆွမ်းခံဝင်ရာ လိုက်ပါကြောင်းကို "**သာမဏေရော ဥပဇ္ဈာယေန သဒ္ဓိံ ဂစ္ဆန္တော**"ဟု လာသည်။

ရင်းအဋ္ဌကထာ၊ အရဟန္တဝဂ်အစု၊ ၇-ခုမြောက်သော **တိဿသာမဏေရဝတ္ထု**တွင်လည်း ဥပဇ္ဈာယ်ဆရာနှင့်တကွ ကောသမ္ဗီပြည်မှ သာဝတ္ထိပြည်သို့ ပြန်လာကြရာ "ငါ၏ ဥပဇ္ဈာယ်ဆရာနှင့် အတူတကွ အိပ်ကြသည်ကား ၃-ညဉ့်ရှိပြီ၊ ယနေ့ အိပ်ခြင်းငှာ မအပ်ပြီ" ဟု ထိုင်လျက်ပင် ညဉ့်ကို လွန်စေသောအရာ၌လည်း-

> **အဇ္ဇ မေ ဥပဇ္ဈာယေန သဒ္ဓိံ တတိယော ဒိဝသော ဧကသေနာသနေ ဝသန္တဿ၊ သစေ နိပ္ပဇ္ဇိတွာ နိဒ္ဒါယိဿာမိ၊ ထေရော သဟသေယျံ အာပဇ္ဇေယျာတိ နိသိန္န-ကောဝ ရတ္တိံ ဝီတိနာမေဿာမိ'တိ ဥပဇ္ဈာယဿ မဉ္စကသမီပေ ပလ္လင်္ကံ အာဘု-ဇိတွာ နိသိန္နကောဝ ရတ္တိံ ဝီတိနာမေသိ**- (ဓမ္မဋ္ဌ၁။၃၉၃)

ဟု လာသည်။ ဤဝတ္ထု၌ သာမဏေကား ရဟန္တာ၊ ဥပဇ္ဈာယ်ဆရာကား ပုထုဇဉ်တည်း။

ရင်းအဋ္ဌကထာ၊ ဒဏ္ဍဝဂ်အစု၊ ၁၀-ခုမြောက်သော **သုခသာမဏေရဝတ္ထု**တွင်လည်း ပဏ္ဍိတသာမဏေကဲ့သို့ တိုက်ခန်းသို့ ဝင်၍ တရားကို အားထုတ်သည်တွင် ပဏ္ဍုကမ္ဗလာ တင်းသဖြင့် သိကြားမင်း ကြည့်ရာ "**သုခသာမဏေရော ဥပဇ္ဈာယဿ ပတ္တစီဝရာနိ ဒတွာ ဒွါရံ ပိဒဟိတွာ အတ္တနော ကာယေ ဉာဏံ ဩတာရေတွာ နိသီဒိ**"-ဟု လာသည်။

ရင်းအဋ္ဌကထာ၊ တဏှာဝဂ်အစု၊ ၃-ခုမြောက်သော **ဝိဗ္ဘန္တကဘိက္ခုဝတ္ထု**တွင်လည်း "**ဧကော ကိရ မဟာကဿပထေရဿ သဒ္ဓိဝိဟာရိကော ဟုတွာ စတ္တာရိ ဈာနာနိ ဥပ္ပါဒေတွာ**"ဟု လာသည်။ ဤသို့ လာရာ၌လည်း သဒ္ဓိဝိဟာရိက ဥပဇ္ဈာစရိယအဖြစ်သည် ထင်ရှား၏။ သမန္တပါသာဒိကမည်သော ဝိနည်းအဋ္ဌကထာတွင် သိဂ္ဂဝထေရ်က တိဿ သာမဏေကို "**စဏ္ဍဝဇ္ဇိတထေရ်**၏အထံသို့ ပိဋကတ်တော်ကို သင်ချေ"စေလွှတ်ရာ 'သင်၏ ဥပဇ္ဈာယ်ဆရာကား အသူနည်း'ဟု မေးလျှင် "သိဂ္ဂဝထေရ်-ဟု ကြားလေ"မှာသောအရာ၌-

၂၇၃၄၈

ဖေဟိ တွံ သာမဏေရ စဏ္ဍာဝဇ္ဇိထေရဿ သန္တိကံ ဂန္တွာ ဗုဒ္ဓဝစနံ ဥဂ္ဂဏှ၊ မမ ဝစနေန တဥ္စ အာရောဂျံ ပုစ္ဆ၊ ဧဝဉ္စ ဝဒေဟိ 'ဥပဇ္ဈာယော မံ ဘန္တေ တုမှာကံ သန္တိကံ ပဟိဏီ'တိ၊ ကော နာမ တေ ဥပဇ္ဈာယောတိ စ ဝုတ္တေ သိဂ္ဂဝထေရော နာမ ဘန္တေ'တိ ဝဒေယျာသိ –

ဟု လာသည်။ (ဝိ၊၄၁၁။၃၁)

ဤသို့ အဋ္ဌကထာတို့၌ ဥပဇ္ဈာစရိယ သဒ္ဓိဝိဟာရိကအဖြစ်ကို များစွာလာရကား သာမဏေတို့မှာ ဥပဇ္ဈာယ်ယူစေခြင်းသည်သာ သာ၍ သင့်မြတ်၏။

အကြွင်သာမဏေ ၁-ဦးသည် ဥပဇ္ဈာယ် ပျံတော်မူလျှင် လိင်မပြန်ဘဲ အစဉ်သဖြင့် သင်ကြားနေရာ အခြားပုဂ္ဂိုလ်ထံ ဥပဇ္ဈာယ်ယူ၍သာ နေသင့်သည် ဖြစ်မည်။ သို့မဟုတ် နိဿယည်းသာယူ၍ နေပြီးလျှင် ရဟန်းခံခါနီးမှ ဥပဇ္ဈာယ်ယူ၍ ရဟန်းခံသင့်သည် ဖြစ်မည်ကို မေးလျှောက်သည်မှာ ဝတ္တဗ္ဗကနိဗြောဓသာမဏေရဝတ္ထုတွင် ဝတ္တဗ္ဗကနိဗြောဓသာမဏေ ဥပဇ္ဈာယ်ဆရာနှင့် ဝေးကွာသည့်နောက် နိဿယည်းယူသည်ကို မလာ။ ဥပဇ္ဈာယ်အသစ် ယူ၍သာ ရဟန်းခံကြောင်းကို "ယထာရူပေ ဌာနေ ဥပဇ္ဈံ ဂါဟေတွာ ဥပသမ္ပန္နော"ဟု လာရကား ဥပဇ္ဈာယ်သာ ယူ၍ ရဟန်းခံသင့်၏။ ဤဝတ္တဗ္ဗကနိဗြောဓသာမဏေရဝတ္ထု၌ကား ဥပဇ္ဈာယ်ဖြစ်သော အနာဂါမိပုဂ္ဂိုလ် ပြန်တော်မူကြောင်းကို "ထေရော ကိရ အနာဂါမီ၊ တံ အပရဘာဂေ မနုဿခါဒကာ ခါဒိံသု"ဟု လာသည်။

ဥပဇ္ဈာယ်ဆရာ ထင်ရှားမရှိသောကြောင့်သာ ဥပဇ္ဈာယ်အသစ်ယူသည်-ဟု မှတ်ရာ၏။ ဥပဇ္ဈာယ်ကင်းရာသော အင်္ဂါတွင်လည်း ဥပဇ္ဈာယ်ဆရာ ပျံတော်မူလျှင် ဥပဇ္ဈာယ် ကင်းရာသည်ကို လာသည်။ အကယ်၍ ဥပဇ္ဈာယ် ထင်ရှားရှိခဲ့မူကား ဥပဇ္ဈာယ် အသစ် မယူသင့်ပြီ။

တိဿသာမဏေရဝတ္ထုတွင်လည်း စဏ္ဍာဝဇ္ဇိထေရ်၏ ထံသို့ ရောက်လျှင် "သင်၏ ဥပဇ္ဈာယ်ကား အဘယ်သူနည်း"မေးသော် "သိဂ္ဂဝမထေရ်-ဟု ကြားလေ"မှာလိုက်ကြောင်းကို-

ဥပဇ္ဈာယော မံ ဘန္တေ တုမှာကံ သန္တိကံ ပဟိဏီတိ၊ ကော နာမ တေ ဥပဇ္ဈာယော'တိ စ ဝုတ္တေ သိဂ္ဂဝထေရော နာမ ဘန္တေ'တိ ဝဒေယျာသိ။ –

ဟူ၍ လာသည်။ ဥပဇ္ဈာယ် အသစ်ယူကြောင်းကို မလာ။

(၃) အကြွင်သာမဏေ ၁-ဦးသည် ဥပဇ္ဈာယ်ထံမှ အဝေးရပ်ရွာသို့ သွား၍ သင်ကြားနေရာ ဥပဇ္ဈာယ်ရင်း ရှိသေးသောကြောင့် အခြားပုဂ္ဂိုလ်ထံ နိဿယည်းသာ ယူ၍ နေပြီးလျှင်

ရဟန်းခံလိုသော်လည်း ဥပဇ္ဈာယ်အသစ် မယူ။ ထိုအဝေးမှာရှိသော ဥပဇ္ဈာယ်ရင်းကို ရည်မှတ်၍သာ ရဟန်းခံသင့်သည် ဖြစ်မည်။

(၄) သို့မဟုတ် လိင်ပြန်စေပြီးမှ ထိုသိမ်တွင်းမှာ အသစ်ဥပဇ္ဈာယ်ယူစေ၍ ရဟန်းခံမှ သင့်သည်ဖြစ်မည်ကို မေးလျှောက်သည်မှာ- အဝေးအရပ်သို့ သွား၍ သင်ကြားနေရာ ဥပဇ္ဈာယ်ရင်းရှိသေးမူ အခြားပုဂ္ဂိုလ်ထံ ဥပဇ္ဈာယ်အသစ် မယူသင့်ပြီ။ ရှိရင်း ဥပဇ္ဈာစရိယ ဖြင့်ပင် ဥပသမ္ပဒကံကို ဆောင်အပ်၏။

လိင်ပြန်စေ၍ ထိုသိမ်တွင်းမှာ အသစ်ဥပဇ္ဈာယ် ယူစေ၍ ရဟန်းခံမှ သင့်မည် ဖြစ်မည် ဆိုသည်မှာ လိင်ပြန်လျှင် ဥပဇ္ဈာစရိယသဒ္ဓိဝိဟာရိကအဖြစ်မှ ကင်းပြီးဖြစ်၍ အသစ် ဥပဇ္ဈာယ် ယူစေအပ်၏။ လိင်မပြန်မူကား အခြားဥပဇ္ဈာယ်ယူဖွယ် မရှိ။ ဥပဇ္ဈာယ် ၁-ကြိမ်ယူ၍ ရှင်သာမဏေ ပြုသည့်နောက် မိမိ၏သီလ မပျက်မူ လိင်လည်း မပြန်သင့်။ ဥပဇ္ဈာယ်လည်း အသစ် မယူသင့်။ သီလပျက်ယွင်းခဲ့မူကား လိင်လည်း ပြန်သင့်၏။ ဥပဇ္ဈာယ်လည်း အသစ်ယူရာ၏။ ဤသို့ မှတ်ရာ၏။ ဥပဇ္ဈာယဝိနိစ္ဆယ၌ ရှေ့,နောက် ပြန်သည်မှာ အပေါင်းမှ အစိတ်ကို သိလွယ်စေခြင်းငှာ ဆိုသည်။

အလုံမြို့ လေးမြေရွာ၊ ရွှေမြင်တင်ကျောင်းတိုက်နေ ရှင်နာရဒက "သေခိယပဉ္စမဝဂ် သဗ္ဗဟတ္ထသိက္ခာပုဒ်တွင် 'သဗ္ဗဟတ္ထန္တိ ဝစနတော ဧကဒေသမ္ပိ ဝဋ္ဋတိ'-ဟူသော ဝဇိရဗုဒ္ဓိဋီကာပါဠ်၌ 'ဝဋ္ဋတိ'-သင့်မည်၊ 'န ဝဋ္ဋတိ'-သင့်မည်။

၎င်းဝဇိရဗုဒ္ဓိဋီကာ၊ ဘိက္ခုနီ၊ သတ္တရသကဏ္ဍ၊ တတိယသိက္ခာပုဒ်အဖွင့်တွင် 'ဘိက္ခုနိဝိဟာရဘူမိ ။လ။ ဂါမန္တရာပတ္တိ ဟောတီတိ အပရေတိ ဝုတ္တံ'-ဟူသော ပါဠ်၌ 'ကိဥ္စိနဂရေ'-မှစ၍ 'အဓိဋ္ဌာနတ္ထံ'-တိုင်အောင် မည်သို့-ဟူ၍ မသိနိုင်ပါ။ သာမဏေတို့မှာ ဥပဇ္ဈာယ်ယူ၍ နေသင့်မည်၊ နိဿယည်းယူ၍ နေသင့်သည် ဖြစ်မည်။ ဥပဇ္ဈာယ် ပျံတော်မူလျှင် ဥပဇ္ဈာယ်အသစ် ယူသင့်မည်, မယူသင့်မည်။ ဥပဇ္ဈာယ်ရင်းရှိလျက် အဝေးအရပ်သို့ သွား၍ နေရာ ဥပဇ္ဈာယ်အသစ် ယူသင့်မည်, မယူသင့်မည်။ ဥပဇ္ဈာယ်ရင်းရှိလျက် ရဟန်းခံသည့်ကာလ အသစ်လိင်ပြန်၍ ဥပဇ္ဈာယ်အသစ် ယူသင့်မည်, မယူသင့်မည်"ကို မေးလျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ထောက်ဆနိုင်းညှိ ဆင်ခြင်၍ ၁၂၃၈-ခု၊ ဝါဆိုလပြည့်ကျော်၊ ၂-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိမ်မြို့ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

## မန္တလေးမြို့ မြောက်ပြင်၊ မကုဋ္ဌာရာမတိုက်နေ ရဟန်းတော် ဦးကဝိ-က စတုပါရိသုဒ္ဓိသီလကို လူတို့ကျင့်အပ်, မကျင့်အပ်နှင့် ၅-ပါး, ၈-ပါး, ၁၀-ပါးသီလတို့၏ အထူးအခြားကို သိလိုကြောင်းနှင့် လျှောက်ထားချက်

[ ၈၅ ] "ဘုရားတပည့်တော် မကုဋ္ဌာရာမတိုက်နေ ရှင်ကဝိ လျှောက်ပါသည် ဆရာတော်ဘုရား။

(၁) စတုပါရိသုဒ္ဓိသီလကို လူတို့ ကျင့်အပ်မည်, မကျင့်အပ်မည်၊

(၂) ၅-ပါးသီလအကျိုး၊ ၅-ပါးသီလ, ၈-ပါးသီလ, ၁၀-ပါးသီလတို့၏ အထူးအခြားကို အသေအချာ နေရာကျ သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့် အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။"

၎င်းရဟန်းတော် လျှောက်ထားချက်အရ အဖြေဝိသဇ္ဇနာ–

[၈၅] (၁) စတုပါရိသုဒ္ဓိသီလကို လူတို့ ကျင့်အပ်, မကျင့်အပ် မေးလျှောက်သည်မှာ–

*[ဤကျမ်း၊ ဒုတိယတွဲ၊ ပထမပိုင်း၊ ပုဒ်မ-၈၅၊ အပိုဒ် ၁-အတွက် အဖြေကို ပထမတွဲ(လုံးတော်)၊ ဒုတိယပိုင်း၊ ပုဒ်မ-၂၇၊ အပိုဒ်-၁၊ စာမျက်နှာ ၁၆၇-တွင် ပါပြီးဖြစ်သည်။ ပြန်ရှုရန်။ ]*

သိက္ခာပဒသဲ သိက္ခနံ အဝိပ္ပဋိသာရတ္ထာယ ဟောတိ။ အဝိပ္ပဋိသာရော ပါမောဇ္ဇတ္ထာယ၊ ပါမောဇ္ဇံ ပီတတ္ထာယ၊ ပီတိ ပဿဒ္ဓတ္ထာယ၊ ပဿဒ္ဓိ သုခတ္ထာယ၊ သုခံ သမာဓတ္ထာယ၊ သမာဓိ ယထာဘူတဉာဏဒဿနတ္ထာယ၊ ယထာဘူတဉာဏဒဿနံ နိဗ္ဗိန္ဒတ္ထာယ၊ နိဗ္ဗိန္ဒာ ဝိရာဂတ္ထာယ၊ ဝိရာဂေါ ဝိမုတ္တတ္ထာယ၊ ဝိမုတ္တိ ဝိမုတ္တိဉာဏဒဿနတ္ထာယ၊ ဝိမုတ္တိဉာဏဒဿနံ အနုပါဒါ ပရိနိဗ္ဗာနတ္ထာယ။ (ဝိ၊၅။၂၈၈)

ဟူ၍ ဟောတော်မူသောကြောင့်–

၁။ မကျိုးမပေါက်၊ မပြောက်မကျားသော သီလနှင့် ပြည့်စုံသောသူအား နှလုံးရွှင်လန်းခြင်း အဝိပ္ပဋိသာရနှင့် ပြည့်စုံ၏။

၂။ နှလုံးရွှင်လန်းခြင်း အဝိပ္ပဋိသာရနှင့် ပြည့်စုံသောသူအား ဝမ်းမြောက်ခြင်း ပါမောဇ္ဇနှင့် ပြည့်စုံ၏။

၃။ ဝမ်းမြောက်ခြင်း ပါမောဇ္ဇနှင့် ပြည့်စုံသောသူအား နှစ်သက်ခြင်း ပီတိနှင့် ပြည့်စုံ၏။

၄။ နှစ်သက်ခြင်းပီတိနှင့် ပြည့်စုံသောသူအား ကိုယ်,စိတ် ၂-ပါးငြိမ်းခြင်း ပဿဒ္ဓိနှင့် ပြည့်စုံ၏။

၅။ ကိုယ်,စိတ် ၂-ပါး ငြိမ်းခြင်း ပဿဒ္ဓိနှင့် ပြည့်စုံသောသူအား ကိုယ်,စိတ် ၂-ပါး ချမ်းသာခြင်း သုခနှင့် ပြည့်စုံ၏။

၆။ ကိုယ်,စိတ် ၂-ပါး ချမ်းသာခြင်း သုခနှင့် ပြည့်စုံသောသူအား တည်ကြည်ခြင်း သမာဓိနှင့် ပြည့်စုံ၏။

၇။ တည်ကြည်ခြင်း သမာဓိနှင့် ပြည့်စုံသောသူအား အဖြစ်အပျက်ကို သိသော ယထာဘူတဉာဏ်နှင့် ပြည့်စုံ၏။

၈။ အဖြစ်အပျက်ကို သိသော ယထာဘူတဉာဏ်နှင့် ပြည့်စုံသောသူအား ဝိဋ္ဌာနုဂါမိနိဝိပဿနာဉာဏ်နှင့် ပြည့်စုံ၏။

၉။ ဝုဋ္ဌာနဂါမိနိဝိပဿနာဉာဏ်နှင့် ပြည့်စုံသောသူအား အရိယမဂ်ဉာဏ်နှင့် ပြည့်စုံ၏။

၁၀။ အရိယမဂ်ဉာဏ်နှင့် ပြည့်စုံသောသူအား အရိယဖိုလ်ဉာဏ်နှင့် ပြည့်စုံ၏။

၁၁။ အရိယဖိုလ်ဉာဏ်နှင့် ပြည့်စုံသောသူအား အနုပါဒိသေသနိဗ္ဗာန်ကို မျက်မှောက်ပြုရ၏။

ဤ ၁၁-ပါးကုန်သော အကျိုးတို့ကို ရ၏။

"သိက္ခာပဒဿ သိက္ခနံ အဝိပ္ပဋိသာရတ္ထာယ ဟောတိ"ဟု သာမည ဟောတော်မူသောကြောင့် ၅-ပါးသီလ, ၈-ပါးသီလ, ၁၀-ပါးသီလတို့၌ပင် ယူအပ်၏။

## (၂) ပါဏာတိပါတမှ ကြဉ်ခြင်း၌ အကျိုး ၂၂-ပါး

၁။ အင်္ဂါကြီး,ငယ်နှင့် ပြည့်စုံသည်။
၂။ လုံးရပ်သဏ္ဌာန်နှင့် ပြည့်စုံသည်။
၃။ လျင်မြန်ခြင်းနှင့် ပြည့်စုံသည်။
၄။ ကောင်းစွာ ညီညွတ်သောခြေ ရှိသည်။
၅။ နူးညံ့သည်။
၆။ ချောမွေ့သည်။
၇။ စင်ကြယ်သည်။
၈။ ရဲရင့်သည်။

၉။ ခွန်အားကြီးသည်။
၁၀။ သန့်ရှင်းသော စကားရှိသည်။
၁၁။ လူတို့ ချစ်မြတ်နိုးသည်။
၁၂။ မပြိုမကွဲသော ပရိသတ်ရှိသည်။
၁၃။ မထိတ်မလန့်သည်။
၁၄။ သူတပါးတို့ မဖျက်ဆီးနိုင်သည်။
၁၅။ သူတပါးတို့ လှံ့လဖြင့် မသေရသည်။
၁၆။ များစွာသော အခြံအရံ ရှိသည်။
၁၇။ ကောင်းသော အဆင်းရှိသည်။
၁၈။ ကောင်းသော သဏ္ဌာန်ရှိသည်။
၁၉။ နည်းသော အနာရှိသည်။
၂၀။ စိုးရိမ်ကြောင့်ကြ မရှိသည်။
၂၁။ ချစ်နှစ်လိုသော သူတို့နှင့် မကွေမကွင်းရသည်။
၂၂။ အသက်ရှည်သည်။ *ပေါင်း -၂၂။*

အဒိန္နာဒါနမှ ကြဉ်ခြင်း၌ အကျိုး ၁၁-ပါး

၁။ များသော ဥစ္စာရှိသည်။
၂။ များသော စပါးရှိသည်။
၃။ များသော စည်းစိမ်ချမ်းသာကို ရသည်။
၄။ မရသေးသော စည်းစိမ်ချမ်းသာကို ရသည်။
၅။ ရပြီးသော စည်းစိမ်ချမ်းသာ မပျောက်မပျက်သည်။
၆။ အလိုရှိသော စည်းစိမ်ချမ်းသာကို ရသည်။
၇။ ရပြီးသော စည်းစိမ်ချမ်းသာလည်း ရန်သူမျိုးတို့နှင့် မဆက်ဆံသည်။
၈။ ရန်သူမျိုးတို့နှင့် မဆက်ဆံသော စည်းစိမ်ချမ်းသာကို ရသည်။
၉။ လူတို့ထက် မြတ်သည်။
၁၀။ မရှိသော စကားကို မကြားရသည်။
၁၁။ ချမ်းသာစွာ နေရသည်။ *ပေါင်း ၁၁-ပါး။*

ကာမေသုမိစ္ဆာစာရမှ ကြဉ်ခြင်း၌ အကျိုး ၁၉-ပါး

၁။ ကင်းသောရန်သူ ရှိသည်။
၂။ သူခပ်သိမ်းတို့ ချစ်ခင်သည်။
၃။ ထမင်း, အဖျော်, အိပ်ရာနေရာကို ရလွယ်သည်။
၄။ ချမ်းသာစွာ အိပ်ရသည်။
၅။ ချမ်းသာစွာ နိုးရသည်။
၆။ အပါယ်ဘေးမှ လွတ်သည်။

၇။ မိန်းမ, ပဏ္ဍုက်, ဥဘတောဗျည်း မဖြစ်သည်။

၈။ အမျက်စောင်မာန် နည်းသည်။

၉။ မျက်မှောက်ထင်သော အကျိုးရှိသည်။ ၁၀။ မကိုင်းမညွတ်သော ကိုယ်ရှိသည်။

၁၁။ အောက်သို့ မညွတ်သော မျက်နှာရှိသည်။

၁၂။ ယောက်ျား,မိန်းမတို့ အချင်းချင်း ချစ်ခင်ကြသည်။

၁၃။ ပြည့်ဖြိုးသော လက္ခဏာ ရှိသည်။ ၁၄။ ရွံရှာခြင်း ကင်းသည်။

၁၅။ နည်းသော ကြောင့်ကြခြင်း ရှိသည်။ ၁၆။ ချမ်းသာစွာ နေရသည်။

၁၇။ ဘေးခပ်သိမ်း ကင်းသည်။

၁၈။ ချစ်သောသူတို့နှင့် မကွေမကွင်းရသည်။

၁၉။ *(မချစ်မနှစ်သက်သူတို့နှင့် အတူတကွ မနေရသည်။)* *ပေါင်း-၁၉-ပါး။*

## မုသာဝါဒမှ ကြဉ်ခြင်း၌ အကျိုး ၁၇-ပါး

၁။ ကြည်ညိုဖွယ်သော ဣန္ဒြေရှိသည်။ ၂။ သန့်ရှင်းသော စကားရှိသည်။

၃။ သာယာသောစကား ရှိသည်။ ၄။ ညီညွတ်ဖြူစင် သန့်ရှင်းသော သွားရှိသည်။

၅။ မဆူလွန်းသော ကိုယ်ရှိသည်။ ၆။ မကြုံလွန်းသော ကိုယ်ရှိသည်။

၇။ မရှည်လွန်းသော ကိုယ်ရှိသည်။ ၈။ မတိုလွန်းသော ကိုယ်ရှိသည်။

၉။ မမည်းလွန်းသော ကိုယ်ရှိသည်။ ၁၀။ မဖြူလွန်းသော ကိုယ်ရှိသည်။

၁၁။ နူးညံ့သိမ်မွေ့သော အတွေ့ရှိသည်။ ၁၂။ ကြာညိုနံ့ကဲ့သို့သော ခံတွင်းရှိသည်။

၁၃။ ကောင်းစွာ နာလွယ်သော ပရိသတ်ရှိသည်။

၁၄။ ယုံကြည်အပ်သော စကားရှိသည်။

၁၅။ ကြာရွက်ကဲ့သို့ နူးညံ့သော, နီသော လျှာရှိသည်။

၁၆။ မတုန်မလှုပ်သည်။ ၁၇။ မလျှပ်မပေါ်သည်။ *ပေါင်း ၁၇-ပါး။*

## သုရာမေရယမှ ကြဉ်ခြင်း၌ အကျိုး ၃၂-ပါး

၁။ အတိတ်,အနာဂတ်, ပစ္စုပ္ပန်ကာလတို့၌ အမှုကြီး,ငယ်ကို သိနိုင်သည်။

၂။ အရာခပ်သိမ်းကို သိနိုင်သော ပညာရှိသည်။

၃။ မပျင်းမရိသည်။
၄။ ပင်္ဂသန္ဓေအားဖြင့် မချို့သည်။
၅။ မဆွံ့မအသည်။
၆။ မူးယစ်ခြင်း မရှိသည်။
၇။ မေ့လျော့ခြင်း မရှိသည်။
၈။ တွေဝေခြင်း မရှိသည်။
၉။ ထိတ်လန့်ခြင်း မရှိသည်။
၁၀။ ကြောက်ရွံ့ခြင်း မရှိသည်။
၁၁။ ငြီးငွယ်ခြင်း မရှိသည်။
၁၂။ မှန်သောစကား ရှိသည်။
၁၃။ ကုန်းတိုက်ခြင်း မရှိသည်။
၁၄။ ကြမ်းတမ်းသောစကား မရှိသည်။
၁၅။ ပြိန်းဖျင်းသောစကား မရှိသည်။
၁၆။ နေ့ညဉ့်ပတ်လုံး မပျင်းမရိသည်။
၁၇။ သူ့ကျေးဇူးကို သိတတ်သည်။
၁၈။ သူ့ကျေးဇူးကို ပြောဆိုလေ့ရှိသည်။
၁၉။ ဝန်တိုခြင်း ကင်းသည်။
၂၀။ စွန့်ကြဲပေးကမ်းခြင်း ရှိသည်။
၂၁။ အကျင့်သီလ ရှိသည်။
၂၂။ ဖြောင့်မတ်သော စိတ်ရှိသည်။
၂၃။ အမျက်ဒေါသ နည်းသည်။
၂၄။ မကောင်းမှုမှ ရှက်တတ်သည်။
၂၅။ မကောင်းမှုမှ လန့်တတ်သည်။
၂၆။ ဖြောင့်မတ်သော အယူရှိသည်။
၂၇။ ကြီးသော ပညာရှိသည်။
၂၈။ ထိုးထွင်းသော ပညာရှိသည်။

၂၉။ အထူးထူးအပြားပြား သိနိုင်သော ပညာရှိသည်။

၃၀။ မိမိစီးပွါး, သူတပါးတို့ အကျိုးစီးပွါး၌ လိမ္မာသည်။

၃၁။ အခါခပ်သိမ်း သတိမြဲသည်။

၃၂။ မရှုးသွပ်သည်။ *ပေါင်း-၃၂။*

၅-ပါးသီလ, ၈-ပါးသီလ, ၁၀-ပါးသီလတို့၌ အထူးမရှိပြီလော-ဟူငြားအံ့။ ၅-ပါးသီလမှာ အသက်ထက်ဆုံး လူတို့ အမြဲကျင့်အပ်သောကြောင့် နိစ္စသီလ မည်၏။ ၈-ပါးသီလ, ၁၀-ပါးသီလတို့ကို စွမ်းနိုင်သောအခါ ကျင့်အပ်၏။ အသက်ထက်ဆုံးလည်း ကျင့်အပ်၏။ အသက်ထက်ဆုံးပင် ကျင့်သော်လည်း နိစ္စသီလ မမည်။

၈-ပါးသီလကိုမူကား ဥပသမ္ပဒအဖြစ်သို့ ရောက်သော ရဟန်းတို့အား ရဟန်းဖြစ်သည်နှင့်တပြိုင်နက် ပါတိမောက္ခသံဝရသီလကို ကျင့်ခြင်းကိစ္စ ပြည့်စုံလေသကဲ့သို့ အနာဂါမ်, ရဟန္တာပုဂ္ဂိုလ်တို့မှာ အရိယမဂ်ကို ရသည်မှ စ၍ အမြဲစောင့်ရှောက်ရ၏။

ထို့ကြောင့် အရိယသီလ, ဥပေါသထသီလ မည်၏။ လူဖြစ်သော အနာဂါမ်, ရဟန္တာတို့ ဇာတရူပရဇတပဋိဂ္ဂဟဏမှ ကြဉ်သည်ကို မလာ။ "ဇာတရူပရဇတပဋိဂ္ဂဟဏာ ပဋိဝိရ-တော သမဏော ဂေါတမော"ဟု မြတ်စွာဘုရားသာ ဇာတရူပရဇတပဋိဂ္ဂဟဏမှ ကြဉ်တော်မူကြောင်းကို လာသည်။

ထို့ကြောင့် ဇာတရူပရဇတပဋိဂ္ဂဟဏနှင့်တကွသော ၁၀-ပါးသီလကိုလည်း လူတို့ ကျင့်လိုသောအခါ ကျင့်အပ်၏။ ထူးမြတ်သော အကျိုးကိုလည်း ရ၏။ ဤသို့ အထူးမှတ်ရာ၏။

ထိုစကားရပ်တို့ကို အကျယ်သိလိုလျှင် သဂါထာဝဂ္ဂ၊ ဒေဝပုတ္တသံယုတ်၊ ပါဠိ, အဋ္ဌကထာ။ မူလပဏ္ဏာသ၊ သဗ္ဗာသဝသံဝရသုတ်၊ ပါဠိ, အဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ္ဂ၊ သီလနိ-ဒ္ဒေသကထာ၊ ခုဒ္ဒကပါဌအဋ္ဌကထာ၊ ဇိနာလင်္ကာရဋီကာကျမ်းတို့မှာ ကြည့်လေ။

မကုဋ္ဌာရာမတိုက်နေ ရှင်ကဝိ-က "စတုပါရိသုဒ္ဓိသီလကို လူတို့ ကျင့်အပ်မည်, မကျင့်အပ်မည်၊ ၅-ပါးသီလအကျိုး၊ ၅-ပါး, ၈-ပါး, ၁၀-ပါးသီလတို့၏ အထူးအခြား အကွဲအပြားကို သိလိုပါသည်"ဟု လျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ညွှန်ပြ ထုတ်ဆောင်၍ ၁၂၃၈-ခု၊ ဝါဆိုလပြည့်ကျော်၊ ၁၅-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိ-ရတနာသိမ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## စကုမြို့၊ ရဟန်းတော် ဦးပုည-က "နန္ဒိယာဝဋ္ဋ"စသော နည်း ၅-ပါးကို ဖြေကြားတော်မူပါမည့်အကြောင်း လျှောက်ထားချက်

[ ၈၆ ] "ဘုရားတပည့်တော် စကုမြို့၊ ရှင်ပုည လျှောက်ပါသည် ဆရာတော်ဘုရား။

[၁]နန္ဒိယာဝဋ္ဋနည်း, [၂]တိပုခလနည်း, [၃]သီဟဝိက္ကီဠိတနည်း, [၄]ဒိသာလောစနနည်း, [၅]အင်္ကုသနည်း၊ ၅-ပါးတို့၏ အနက်သဘာဝကို နေရာကျမသိဖြစ်ပါ၍ အသေအချာ နေရာကျကျ သိမှတ်ပါရအောင် ၎င်းနည်း ၅-ပါးတို့၏ ဖြစ်ပုံဥပဒေသကို အမိန့်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား"။

၎င်းရဟန်းတော် ဦးပုည လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ–

[၈၆] 'နန္ဒိယာဝဋ္ဋ'-စသော နည်း ၅-ပါးတို့ကို မေးလျှောက်သည်မှာ နန္ဒိယာဝဋ္ဋနည်း, တိပုခလနည်း, သီဟဝိကီဠိတနည်း, ဒိသာလောစနနည်း, အင်္ကုသနည်း၊ ၅-ပါးတို့၏ ဖြစ်ဟန်ကို ဤသို့ သိရာ၏။ ထို ၅-ပါးတို့တွင်—

နန္ဒိယာဝဋ္ဋနည်း၌—

"နန္ဒိယာ နာမ ယာဝယ တဏှာယ အာဝဋ္ဋော ဝိယ အာဝဋ္ဋော ဧတ္ထာတိ နန္ဒိယာဝဋ္ဋော"ဟူ၍လည်းကောင်း

"နန္ဒိယာ အာဝဋ္ဋေ ဒါရုခဏ္ဍော ဝ အာဝဋ္ဋော ဧတ္ထာတိ နန္ဒိယာဝဋ္ဋော"ဟူ၍လည်းကောင်း ဝစနတ္ထပြု။

တိပုခလနည်း၌ "တိပု ဝိယ ခလတီတိ တိပုခလော"ဟု ဝစနတ်ပြု။

သီဟဝိကီဠိတနည်း၌ "သီဟဝိကီဠိတာ ဝိယ ဝိကီဠိတာ ဧတ္ထာတိ သီဟဝိကီဠိတာ"ဟု ဝစနတ်ပြု။

ဒိသာလောစနနည်း၌ "ဒိသံ အာလောစနံ ဒိသာလောစနံ"ဟု ဝစနတ်ပြု။

အင်္ကုသနည်း၌ "အင်္ကုသော ဝိယာတိ အင်္ကုသော"ဟု ဝစနတ်ပြု။

ထို ၅-ပါးကုန်သော နည်းတို့တွင် နန္ဒိယာဝဋ္ဋနည်း, တိပုခလနည်း, သီဟဝိကီဠိတနည်း၊ ၃-ပါးတို့သည် အတ္ထနယ မည်၏။ ဒိသာလောစနနည်း, အင်္ကုသနည်း၊ ၂-ပါးတို့သည် သဒ္ဒနယ မည်၏။

ထို့ကြောင့် ၃-ပါးကုန်သော အတ္ထနယတို့၌ ၂-ပါး, ၂-ပါးကုန်သော သဒ္ဒနယတို့ကို ယှဉ်၍ ထုတ်အပ်ကုန်၏။ ထို ၃-ပါးကုန်သော အတ္ထနယတို့တွင်—

နန္ဒိယာဝဋ္ဋနည်း ထုတ်ဟန်ကား။ ။သံဝဏ္ဏေတဗ္ဗဖြစ်သော ပါဠိ၏ အနက်တို့ကို သံကိလေသပက္ခ, ဝေါဒါနပက္ခတို့၏အစွမ်းအားဖြင့် ထုတ်ရာ၏။ ထို ၂-ပါးတို့တွင် သံကိလေသပက္ခ၌ အဝိဇ္ဇာ, တဏှာတို့နှင့်လည်းကောင်း ဝေါဒါနပက္ခ၌ သမထ,ဝိပဿနာတို့နှင့်လည်းကောင်း ၄-ပါးကုန်သော သစ္စာတို့နှင့်လည်းကောင်း ယှဉ်၍ အရင်းကို ငင်သဖြင့် ဆောင်ခြင်းလက္ခဏာ ရှိ၏။

"သေဒ္ဓ တိလောကမဟိတံ၊ အဘိဝန္ဒိယ'ဂ္ဂ"အစရှိသော ကစ္စည်းကျမ်း၊ ပဏာမဂါထာ၌ 'အဘိဝန္ဒိယ'ဟူသောပုဒ်ဖြင့် စေတနာပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်တို့ကို ယူအပ်၏။ ထိုသို့ ယူအပ်သဖြင့် အထူးပြုအပ်သော သမာဓိ-ဟု ဆိုအပ်သော သမထ, ပညာ-ဟု ဆိုအပ်သော ဝိပဿနာကိုလည်း ယူအပ်၏။ ထိုသို့ ယူသဖြင့် ထိုသမထ, ဝိပဿနာ၏ မှီရာဖြစ်

သော ဟဒယဝတ္ထုကိုလည်းကောင်း ထိုသမထ,ဝိပဿနာနှင့် သမ္ပယုတ်ဖြစ်သော နာမက္ခန္ဓာ အပေါင်းကိုလည်းကောင်း ထိုစိတ္တုပ္ပါဒ်နှင့် သဟဇာတ်ဖြစ်သော စိတ္တဇရုပ်ကိုလည်းကောင်း ယူအပ်၏။ သမထ,ဝိပဿနာကို ယူသဖြင့်လည်း ထိုသမထ,ဝိပဿနာနှင့် ဆန့်ကျင်ဘက် ဖြစ်၍ ဖြစ်သော။ ဝါ၊ ထိုသမထ,ဝိပဿနာ၏ အာရုံအကြောင်းဖြစ်၍ ဖြစ်သော တဏှာ, အဝိဇ္ဇာ-ဟူသော ၂-ပါးသော ဝဋ္ဋမူလဓမ္မတို့ကိုလည်း ယူအပ်၏။

ထိုတရားအပေါင်းတို့တွင် တဏှာ, အဝိဇ္ဇာတို့သည် သမုဒယသစ္စာ မည်၏။ သမထ, ဝိပဿနာတို့သည် မဂ္ဂသစ္စာ မည်၏။ ကြွင်းသော တရားအပေါင်းတို့သည် ဒုက္ခသစ္စာ မည်၏။ ထိုသစ္စာ ၃-ပါးတို့၏ချုပ်ရာ နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏။

ထိုသို့ ပြဆိုခဲ့ပြီးသော သံကိလေသပက္ခ, ဝေါဒါနပက္ခ၊ ၂-ပါးတို့တွင် သံကိလေသ-ပက္ခ၌ တဏှာသည် ပဌမဒိသာ မည်၏။ အဝိဇ္ဇာသည် ဒုတိယဒိသာ မည်၏။ ဝေါဒါနပက္ခ၌ သမထသည် ပဌမဒိသာ မည်၏။ ဝိပဿနာသည် ဒုတိယဒိသာ မည်၏။

တစ်နည်းလည်း သမထ, ဝိပဿနာသည် ပဌမဒိသာ မည်၏။ ထိုသမထ, ဝိပဿနာနှင့် ယှဉ်သော ပညာသည် ဒုတိယဒိသာ မည်၏။ ဤသို့ ဆင်ခြင်ခြင်းသည် ဒိသာလောစနနည်း မည်၏။ "ဤအရာ၌ ပဌမဒိသာကို ယှဉ် အပ်၏။ ဤအရာ၌ ဒုတိယ ဒိသာကို ယှဉ်အပ်၏"ဟု စိတ်ဖြင့် ဆင်ခြင်၍ စိတ်ဖြင့်သာလျှင် ယှဉ်ခြင်းသည် အင်္ကုသနည်း မည်၏။ ဤသို့ နန္ဒိယာဝဋ္ဋနည်းကို ထုတ်အပ်၏။

**တိပုခလနည်း ထုတ်ဟန်ကား။** ။သံဝဏ္ဏေတဗ္ဗဖြစ်သော ပါဠိ၏ အနက်တို့ကို သံ-ကိလေသပက္ခ, ဝေါဒါနပက္ခတို့၏ အစွမ်းဖြင့် ထုတ်ရ၏။ ထို ၂-ပါးတို့တွင် သံကိလေသပက္ခ၌ ၃-ပါးကုန်သာ အကုသိုလ်မူလတို့နှင့်လည်းကောင်း ဝေါဒါနပက္ခ၌ ၃-ပါးကုန်သော ကုသိုလ်မူလတို့နှင့်လည်းကောင်း ၄-ပါးကုန်သော သစ္စာတို့နှင့်လည်းကောင်း ယှဉ်၍ အကြောင်းကို ရှာသဖြင့် ဆောင်ခြင်းလက္ခဏာ ရှိ၏။

အဘိဝန္ဒိယ-ဟူသောပုဒ်၏ အနက်ဖြစ်သော စေတနာပြဋ္ဌာန်းသော စိတ္တုပ္ပါဒ်၌ အလောဘ, အဒေါသ, အမောဟ-ဟူသော ကုသိုလ်မူလတရား ၃-ပါးတို့ကို ရအပ်ကုန်၏။ ထို ၃-ပါးကုန်သော ကုသိုလ်မူလတရားတို့တွင်—

- အလောဘဖြင့် သီလက္ခန္ဓ-ဟူသော ဂုဏ်ကို ပြအပ်၏။
- အဒေါသဖြင့် သမာဓိက္ခန္ဓ-ဟူသော ဂုဏ်ကို ပြအပ်၏။
- အမောဟဖြင့် ပညာက္ခန္ဓ-ဟူသော ဂုဏ်ကို ပြအပ်၏။

ထို ၃-ပါးကုန်သော ဂုဏ်တို့ကို ပြသဖြင့် ထိုဂုဏ်တို့နှင့် ဆန့်ကျင်ဘက်ဖြစ်သော၊ (ဝါ) ထိုဂုဏ်တို့၏ အာရုံအကြောင်းဖြစ်သော လောဘ, ဒေါသ, မောဟ-ဟူသော ၃-ပါး ကုန်သော အကုသိုလ် မူလဓမ္မတို့ကိုလည်း ပြအပ်ကုန်၏။ ထိုတရားအပေါင်းတို့တွင် အကုသိုလ်မူလတရား ၃-ပါးသည် သမုဒယသစ္စာ မည်၏။ ကုသိုလ်မူလတရား ၃-ပါးသည် မဂ္ဂသစ္စာ မည်၏။ ကြွင်းသော သမ္ပယုတ် နာမက္ခန္ဓာတရားတို့သည် ဒုက္ခသစ္စာ မည်၏။ ထိုသစ္စာ ၃-ပါးတို့၏ ချုပ်ရာနိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏။

ထိုသို့ ပြဆိုအပ်ခဲ့ပြီးသော သံကိလေသပက္ခ, ဝေါဒါနပက္ခ၊ ၂-ပါးတို့တွင် သံကိလေ-သပက္ခ၌ လောဘသည် ပဌမဒိသာ မည်၏။ ဒေါသသည် ဒုတိယဒိသာ မည်၏။ မောဟ သည် တတိယဒိသာ မည်၏။

ဝေါဒါနပက္ခ၌ အလောဘသည် ပဌမဒိသာ မည်၏။ အဒေါသသည် ဒုတိယဒိသာ မည်၏။ အမောဟသည် တတိယဒိသာ မည်၏။ ဤသို့ ဆင်ခြင်ခြင်းသည် ဒိသာလောစန နည်း မည်၏။

"ဤအရာ၌ ပဌမဒိသာကို ယှဉ်အပ်၏။ ဤအရာ၌ ဒုတိယဒိသာကို ယှဉ်အပ်၏။ ဤအရာ၌ တတိယဒိသာကို ယှဉ်အပ်၏"ဟု စိတ်ဖြင့် ဆင်ခြင်၍ စိတ်ဖြင့်သာလျှင် ယှဉ်ခြင်းသည် အင်္ကုသနည်း မည်၏။ ဤသို့ တိပုခလနည်းကို ထုတ်၏။

**သီဟဝိကီဠိတနည်း ထုတ်ဟန်ကား။** ။သံဝဏ္ဏေတဗ္ဗဖြစ်သော ပါဠိ၏ အနက် တို့ကို သံကိလေသပက္ခ, ဝေါဒါနပက္ခတို့၏ အစွမ်းဖြင့် ထုတ်ရာ၏။ ထို ၂-ပါးတို့တွင် သံကိလေသပက္ခ၌ အသုဘ-စသော ၄-ပါး ကုန်သော ဝိပလ္လာသတို့နှင့်လည်းကောင်း ဝေါဒါနပက္ခ၌ ဣန္ဒြေ, သတိပဋ္ဌာန်တို့နှင့်လည်း ကောင်း ၄-ပါးကုန်သော သစ္စာတို့နှင့်လည်းကောင်း ယှဉ်၍ စီရင်သဖြင့် ဆောင်ခြင်း လက္ခဏာ ရှိ၏။

အဘိဝန္ဒိယ-ဟူသောပုဒ်၌ ဗုဒ္ဓ-ဟူသော ပုဒ်၏ အနက်ဖြစ်သော စေတနာပြဋ္ဌာန်း သော စိတ္တုပ္ပါဒ်၌ သဒ္ဓါ-အစရှိသော ဣန္ဒြေတို့ကို ရအပ်ကုန်၏။ ထိုသဒ္ဓါ-အစရှိသော ဣန္ဒြေတို့ကို ရအပ်ကုန်သည်ရှိသော် ၄-ပါးကုန်သော သတိပဋ္ဌာန်တို့ကို ရအပ်ကုန်၏။ ထို ၄-ပါးကုန်သော သတိပဋ္ဌာန်တို့တွင် ကာယာနုပဿနာသတိပဋ္ဌာန်သည် အသုဘသညာ မည်၏။ ဝေဒနာနုပဿနာသတိပဋ္ဌာန်သည် ဒုက္ခသညာ မည်၏။ စိတ္တာနုပဿနာ-သတိပဋ္ဌာန်သည် အနိစ္စသညာ မည်၏။ ဓမ္မာနုပဿနာသတိပဋ္ဌာန်သည် အနတ္တသညာ မည်၏။

ထိုသညာကို ယူသဖြင့် ထိုသညာ၏ ဆန့်ကျင်ဘက်ဖြစ်သော သုဘသညာ, သုခ-သညာ, နိစ္စသညာ, အတ္တသညာ-ဟု ဆိုအပ်သော ဝိပလ္လာသသညာကိုလည်း ယူအပ်၏။ ထိုသညာတို့တွင်—

- ဝိပလ္လာသသညာသည် သမုဒယသစ္စာ မည်၏။
- သတိပဋ္ဌာန် ၄-ပါးဟု ဆိုအပ်သော သပ္ပုရိသဓမ္မသည် မဂ္ဂသစ္စာ မည်၏။
- ကြွင်းသော သမ္မယုတ်တရားတို့သည် ဒုက္ခသစ္စာ မည်၏။
- ထိုသစ္စာ ၃-ပါးတို့၏ ချုပ်ရာဖြစ်သော နိဗ္ဗာန်သည် နိရောဓသစ္စာ မည်၏။

ထိုပြဆိုအပ်ပြီးသော သံကိလေသပက္ခ, ဝေါဒါနပက္ခ ၂-ပါးတို့တွင် သံကိလေသ-ပက္ခ၌ သုဘသညာသည် ပဌမဒိသာ မည်၏။ သုခသညာသည် ဒုတိယဒိသာ မည်၏။ နိစ္စသညာသည် တတိယဒိသာ မည်၏။ အတ္တသညာသည် စတုတ္ထဒိသာ မည်၏။

ဝေါဒါနပက္ခ၌ အသုဘသညာသည် ပဌမဒိသာ မည်၏။ ဒုက္ခသညာသည် ဒုတိယ ဒိသာ မည်၏။ အနိစ္စသညာသည် တတိယဒိသာ မည်၏။ အနတ္တသညာသည် စတုတ္ထ ဒိသာ မည်၏။ ဤသို့ ဒိသာ၏အဖြစ်ဖြင့် စုံစမ်းခြင်းသည် ဒိသာလောစနနည်း မည်၏။

ဒိသာလောစနနည်းဖြင့် ဌာနအကြောင်းတို့ကို ကြည့်၍ ထိုဌာနအကြောင်းတို့ကို ချွန်းဖြင့် ချိတ်သကဲ့သို့ ငင်၍ ယှဉ်ခြင်းသည် အင်္ကုသနည်း မည်၏။ ထို ၅-ပါးကုန်သော နည်းတို့၏ သဘောအဓိပ္ပါယ်ကိုကား အလွန်လျှင် သိနိုင်ခဲ၏။ ရလည်း ရခဲ၏။ အကျယ် သိလိုသူတို့ နေတ္တိပါဠိ, အဋ္ဌကထာမှာ ယူအပ်၏။

**နန္ဒိယာဝဋ္ဋ-စသော ၅-ပါးကုန်သော နည်းတို့ကို ပြဆိုသော အကျဉ်းသခ်ေပနယ ပြီး၏။**

စကုမြို့ ရဟန်းရှင်ပုည-က "နန္ဒိယာဝဋ္ဋနည်း, တိပုခလနည်း, သီဟဝိကီဠိတနည်း, ဒိသာလောစနနည်း, အင်္ကုသနည်း။ ၅-ပါးတို့၏ အနက်သဘာဝကို နေရာကျ သိမှတ်ပါ ရအောင် အမိန့်ရှိတော်မူပါမည့်အကြောင်း"နှင့် လျှောက်သောကြောင့် နေတ္တိပါဠိ,အဋ္ဌကထာ လာသော နည်းဥပဒေသဖြင့် ၁၂၃၈-ခု၊ တော်သလင်းလပြည့်ကျော်၊ ၆-ရက်နေ့၊ ဒီပဲယင်းမြို့ ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

## မန္တလေးမြို့၊ စဉ့်ရှည်စျေးနေ ဒါယကာ မောင်အင်း-က မိစ္ဆာဒိဋ္ဌိ ၆၂-ပါးနှင့် စပ်လျဉ်း၍ လျှောက်ထားချက်

[ ၈၇ ] "ဘုရားတပည့်တော် စဉ့်ရှည်စျေးနေ ဒကာအင်း ခြေတော်ဦးခိုက် လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား။

(၁) ၆၂-ပါးကုန်သော မိစ္ဆာဒိဋ္ဌိတို့တွင် အပါယ်လားသော ဒိဋ္ဌိမည်မျှ, အပါယ်မလားသော ဒိဋ္ဌိမည်မျှ ရှိသည်။

(၂) ၆၂-ပါးသော ဒိဋ္ဌိမှတပါး အပါယ်လားသော ဒိဋ္ဌိအခြားပင် ရှိသည် ဖြစ်မည်ကို ဧကန်မုချ သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့် အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။"

၎င်းဒါယကာ လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ–

[၈၇] (၁) ၆၂-ပါးကုန်သော ဒိဋ္ဌိတို့တွင် အပါယ် ၄-ပါးသို့ လားသော ဒိဋ္ဌိမည်မျှ၊ အပါယ်သို့ မလား,မရောက်သော ဒိဋ္ဌိမည်မျှရှိသည်ကို မေးလျှောက်သည်မှာ–

- ပုဗ္ဗန္တကပ္ပိကဒိဋ္ဌိ ၁၈-ယောက်၊ - အပရန္တကပ္ပိကဒိဋ္ဌိ ၄၄-ယောက်

ဤသို့ ၆၂-ယောက်ကုန်သော ဒိဋ္ဌိတို့သည် ဖြစ်ကုန်၏။

ပုဗ္ဗန္တကပ္ပိကဒိဋ္ဌိ ၁၈ (၁-ကျိပ်, ၈-ယောက်)ဟူသော်ကား–

- သဿတဝါဒဒိဋ္ဌိ ၄-ယောက်
- ဧကစ္စသဿတဝါဒဒိဋ္ဌိ ၄-ယောက်
- အန္တာနန္တိကဒိဋ္ဌိ ၄-ယောက်
- အမရာဝိက္ခေပိကဒိဋ္ဌိ ၄-ယောက်
- အဓိစ္စသမုပ္ပန္နဒိဋ္ဌိ ၂-ယောက်၊

ဤသို့ ၁၈-ယောက် ဖြစ်၏။

အပရန္တကပ္ပိကဒိဋ္ဌိ ၄၄-ယောက်ဟူသော်ကား–

- သညီဝါဒဒိဋ္ဌိ ၁၆-ယောက်
- အသညီဝါဒဒိဋ္ဌိ ၈-ယောက်
- နေဝသညီနာသညီဝါဒဒိဋ္ဌိ ၈-ယောက်
- ဥစ္ဆေဒဝါဒဒိဋ္ဌိ ၇-ယောက်
- ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒဒိဋ္ဌိ ၅-ယောက်၊

ဤသို့လျှင် ၄၄-ယောက်ဖြစ်၏။

ဤသို့ ပေါင်း ဒိဋ္ဌိ ၆၂-ယောက် ဖြစ်၏။

- ပုဗ္ဗန္တကပ္ပိကဒိဋ္ဌိကား ရှေးအဖို့-ဟု ဆိုအပ်သော အတိတ်ကာလကို ကြံ၍ ယူသည်။
- အပရန္တကပ္ပိကဒိဋ္ဌိကား နောက်အဖို့-ဟု ဆိုအပ်သော အနာဂတ်ကာလကို ကြံ၍ ယူသည်။

ပုဗ္ဗန္တကပ္ပိကဒိဋ္ဌိ ၁၈-ယောက်တို့တွင်-

- **သဿတဝါဒဒိဋ္ဌိကား** ခန္ဓာပဉ္စက-ဟု ဆိုအပ်သော အတ္တဘောသည်လည်းကောင်း သဗ်ါရ လောကသည်လည်းကောင်း မြဲ၏-ဟု ယူသည်။
- **ဧကစ္စသဿတဝါဒဒိဋ္ဌိကား** သတ္တဝါ,သင်္ခါရတို့သည် အချို့ကား မြဲ၏၊ အချို့ကား မမြဲ-ဟု ယူသည်။
- **အန္တာနန္တိကဒိဋ္ဌိကား** လောကသည် အဆုံး ရှိ၏၊ အဆုံးမရှိ-ဟု ယူသည်။
- **အမရာဝိက္ခေပိကဒိဋ္ဌိကား** မပြီးမပြတ် စကားမမြဲ တုန်လှုပ်သော အယူရှိသည်။
- **အဓိစ္စသမုပ္ပန္နဒိဋ္ဌိကား** သတ္တဝါ,သင်္ခါရတို့သည် အကြောင်းကင်း၍ ဖြစ်၏-ဟု ယူသည်။

အပရန္တကပ္ပိကဒိဋ္ဌိ ၄၄-ယောက်တို့တွင်-

- **သညီဝါဒဒိဋ္ဌိကား** အတ္တဘောသည် စုတိစိတ်၏ အထက်-ဟု ဆိုအပ်သော နောက်ကာလ၌ သေခြင်း မရှိ၊ မြဲ၏။ ထိုအတ္တဘောကို သညာရှိ၏-ဟု ယူသည်။
- **အသညီဝါဒဒိဋ္ဌိကား** အတ္တဘောသည် စုတိစိတ်၏ အထက်၌ မြဲ၏။ ထိုအတ္တဘောကို သညာ မရှိ-ဟု ယူသည်။
- **နေဝသညီနာသညီဝါဒဒိဋ္ဌိကား** အတ္တဘောသည် စုတိစိတ်၏ အထက်၌ မြဲ၏။ ထိုအတ္တဘောသည် သညာရှိသည်လည်း မဟုတ်၊ သညာ မရှိသည်လည်း မဟုတ်-ဟု ယူသည်။
- **ဥစ္ဆေဒဝါဒဒိဋ္ဌိကား** သတ္တဝါတို့ သေလျှင် ပြတ်၏၊ ဘဝကင်း၏-ဟု ယူသည်။
- **ဒိဋ္ဌဓမ္မနိဗ္ဗာနဝါဒဒိဋ္ဌိကား** ပစ္စုပ္ပန်အတ္တဘော၌ပင် နိဗ္ဗာန် ရှိ၏။ ဒုက္ခငြိမ်း၏-ဟု ယူသည်။

ဤသို့ ၆၂-ပါးကုန်သော ဒိဋ္ဌိတို့၏ အယူကို သိရာ၏။ ၆၂-ပါးကုန်သော ဒိဋ္ဌိတို့၏ သရုပ် အဓိပ္ပါယ်ကို သိသာအောင် ပြဆိုလျှင် ကျယ်လွန်းအံ့။ အကျယ်ကို သိလိုသသူတို့ သုတ်သီလက္ခန်, ဗြဟ္မဇာလသုတ် ပါဠိ,အဋ္ဌကထာ၊ ပဋိသမ္ဘိဒါမဂ် ပါဠိ,အဋ္ဌကထာတို့မှာ ကြည့်လေ။ ထို ၆၂-ပါးကုန်သော ဒိဋ္ဌိတို့တွင် ဥစ္ဆေဒဒိဋ္ဌိ ၇-ပါးသည် ဥစ္ဆေဒဒိဋ္ဌိ မည်၏။ ကြွင်းသော ၅၅-ပါးကုန်သော ဒိဋ္ဌိတို့သည် သဿတဒိဋ္ဌိ မည်ကုန်၏။

ထို့ကြောင့် သုတ်သီလက္ခန်၊ ဗြဟ္မဇာလသုတ် အဖွင့်အဋ္ဌကထာ(နှာ-၁၁၂)၌–

ယာသံ သတ္တေဝ ဥစ္ဆေဒဒိဋ္ဌိယော၊ သေသာ သဿတဒိဋ္ဌိယော။

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ယာသံ၊ အကြင် ၆၂-ပါးကုန်သော ဒိဋ္ဌိတို့တွင်။ သတ္တေဝ၊ ဥစ္ဆေဒဒိဋ္ဌိ ၇-ပါးတို့သည်သာလျှင်။ ဥစ္ဆေဒဒိဋ္ဌိယော၊ ဥစ္ဆေဒဒိဋ္ဌိ မည်ကုန်၏။ သေသာ၊ ကြွင်းသော ၅၅-ပါးကုန်သော ဒိဋ္ဌိတို့သည်။ သဿတဒိဋ္ဌိယော၊ သဿတဒိဋ္ဌိ မည်ကုန်၏။

ဤ ၆၂-ပါးသော ဒိဋ္ဌိအယူသည် အလွန်သိမ်မွေ့နက်နဲ ခက်ခဲ၏။ ဘုရားမှ တပါးသောသူတို့သည် ဟောခြင်းငှာ မစွမ်းနိုင်။

ထို့ကြောင့် သုတ်သီလက္ခန်၊ ဗြဟ္မဇာလသုတ် အဖွင့်အဋ္ဌကထာ(နှာ-၉၅)၌–

ဒွါသဋ္ဌိ ဒိဋ္ဌိဂတာနိ ဘိန္ဒိတွာ နိဇ္ဇဋံ နိဂ္ဂုမ္ဗံ ကတွာ ကထေတုံ အညေသံ ထာမော ဝါ ဗလံ ဝါ နတ္ထိ၊ အဝိသယော ဧသ အညေသံ၊ တထာဂတဿေဝ ဝိသယော-

ဟူသောပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဒွါသဋ္ဌိ ဒိဋ္ဌိဂတာနိ၊ ၆၂-ပါးကုန်သော ဒိဋ္ဌိအယူတို့ကို။ ဘိန္ဒိတွာ၊ ခွဲခြမ်းဝေဖန်၍။ နိဇ္ဇဋံ၊ အရှုပ်အထွေး အမြွေးအယှက် မရှိသည်ကို။ နိဂ္ဂုမ္ဗံ၊ ပတ်ရစ်ဝန်းရံ ချုံမရှိသည်ကို။ ကတွာ၊ ပြု၍။ ကထေတုံ၊ ဟောခြင်းငှာ။ အညေသံ၊ တပါးသောသူတို့အား။ ထာမော ဝါ၊ အစွမ်းသတ္တိသည်လည်းကောင်း။ ဗလံ ဝါ၊ အားသည်လည်းကောင်း။ နတ္ထိ၊ မရှိ။ ဧသ ဧသော၊ ဤ ၆၂-ပါးသော ဒိဋ္ဌိတို့ကို ပိုင်းခြား၍ ဟောခြင်းသည်။ အညေသံ၊ တပါးကုန်သော သူတို့၏။ အဝိသယော၊ အရာမဟုတ်။ တထာဂတဿေဝ၊ မြတ်စွာဘုရား၏သာလျှင်။ ဝိသယော၊ အရာတည်း။

မိစ္ဆာဒိဋ္ဌိသည် ဖောက်ပြန်သောအားဖြင့် ယူခြင်း, ယူအပ်သော ဝတ္ထု၏ ထင်ရှားရှိခြင်း၊ ဤအင်္ဂါ ၂-ပါးနှင့် ပြည့်စုံသော် ကမ္မပထ မြောက်၏။

ထို့ကြောင့် ဓမ္မသင်္ဂဏီအဋ္ဌကထာ(နှာ-၁၄၇)၌–

တဿာ ဒွေ သမ္ဘာရာ ဝတ္ထုနော စ ဂဟိတာကာရဝိပရီတတာ, ယထာ စ တံ ဂဏှာတိ၊ တထာ ဘာဝေန တဿုပဋ္ဌာနံ–

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဝတ္ထုနော၊ ဝတ္ထု၏။ ဂဟိတာကာရဝိပရီတတာ၊ ယူအပ်သော အခြင်းအရာ၏ ဖောက်ပြန်ခြင်း ရှိသည်၏အဖြစ်။ ယထာ ယေန အာကာရေန၊ အကြင်အခြင်းအရာဖြင့်။ တံ၊ ထိုဝတ္ထုကို။ ဂဏှာတိ၊ ယူ၏။ တထာ တေန အာကာရေန၊ ထိုအခြင်းအရာဖြင့်။ တဿ၊ ထိုဝတ္ထု၏။ ဥပဋ္ဌာနံ၊ ထင်ခြင်း။ ဣတိ၊ ဤသို့။ တဿာ၊ ထိုမိစ္ဆာဒိဋ္ဌိ၏။ ဒွေ၊ ၂-ပါးကုန်သော။ သမ္ဘာရာ၊ အင်္ဂါတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

**ထိုမိစ္ဆာဒိဋ္ဌိတို့၌ နတ္ထိကဒိဋ္ဌိ, အဟေတုကဒိဋ္ဌိ, အကိရိယဒိဋ္ဌိ၊ ၃-ပါးသာ ကမ္မပထ မြောက်၏။ ကြွင်းသော ဒိဋ္ဌိတို့သည် ကမ္မပထ မမြောက်။**

ထို့ကြောင့် ဓမ္မသင်္ဂဏီအဋ္ဌကထာ(၁၄၄)၌–

> **တတ္ထ နတ္ထိကာဟေတုကအကိရိယဒိဋ္ဌီဟိ ဧဝ ကမ္မပထဘေဒေါ ဟောတိ။ န အညဒိဋ္ဌီဟိ။ –**

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

တတ္ထ၊ ထိုဒိဋ္ဌိအယူ၌။ နတ္ထိကာဟေတုကအကိရိယဒိဋ္ဌီဟိ ဧဝ၊ နတ္ထိကဒိဋ္ဌိ, အဟေတုကဒိဋ္ဌိ, အကိရိယဒိဋ္ဌိတို့ဖြင့်သာလျှင်။ ကမ္မပထဘေဒေါ၊ ကမ္မပထ အထူးသည်။ ဟောတိ၊ ဖြစ်၏။ အညဒိဋ္ဌီဟိ၊ တပါးသော ဒိဋ္ဌိတို့ဖြင့်။ ကမ္မပထဘေဒေါ၊ ကမ္မပထ အထူးသည်။ န ဟောတိ၊ မဖြစ်။

ထို ၃-ပါးကုန်သော ဒိဋ္ဌိတို့တွင်–

- **မက္ခလိဂေါသာလတို့ကဲ့သို့ သတ္တဝါတို့၏ ဆင်းရဲ,ချမ်းသာခြင်းသည် အကြောင်း မရှိ။ သတ္တဝါတို့သည် အကြောင်းမရှိဘဲ သံသရာဝဋ်ဆင်းရဲမှ စင်ကြယ်၏-ဟု ယူသည်ကား အဟေတုကဒိဋ္ဌိ မည်၏။**
- **ပူရဏကဿပတို့ကဲ့သို့ ကုသိုလ်, အကုသိုလ် မရှိ-ဟု ယူသည်ကား အကိရိယဒိဋ္ဌိ မည်၏။**
- **အဇိတကေသကမ္ဗလတို့ကဲ့သို့ ကုသိုလ်, အကုသိုလ်ကံတို့၏ အကျိုးမရှိ-ဟု ယူသည်ကား နတ္ထိကဒိဋ္ဌိ မည်၏။**

ထို ၃-ယောက်တို့တွင်–

- ပူရဏကဿပကား ကံကို ပယ်၏။
- အဇိတကေသကမ္ဗလကား အကျိုးကို ပယ်၏။
- မက္ခလိဂေါသာလကား ၂-ပါးစုံကို ပယ်၏။

ထိုသို့ ပယ်ရာ၌ ကံကို ပယ်သောသူသည် အကျိုးကို ပယ်သည် မည်၏။ အကျိုးကို ပယ်သောသူသည်လည်း ကံကို ပယ်သည် မည်၏။ ထို့ကြောင့် ကံ,အကျိုး ၂-ပါးကို ပယ်သော အခြင်းအရာအားဖြင့် အဟေတုကဒိဋ္ဌိ, အကိရိယဒိဋ္ဌိ, နတ္ထိကဒိဋ္ဌိ၊ ၃-ပါး ဖြစ်သတည်း။

ထို့ကြောင့် သုတ်သီလက္ခန်၊ သာမညဖလသုတ်အဋ္ဌကထာ(၁၅၀)၌–

**တတ္ထ ကမ္မံ ပဋိဗာဟန္တေနာပိ ဝိပါကော ပဋိဗာဟိတော ဟောတိ၊ ဝိပါကံ ပဋိဗာဟန္တေနာပိ ကမ္မံ ပဋိဗာဟိတံ ဟောတိ။ ဣတိ သဗ္ဗေပေ'တေ အတ္ထတော ဥဘယံ ပဋိဗာဟကာ အဟေတုကဝါဒါ စေဝ အကိရိယဝါဒါ စ နတ္ထိကဝါဒါ စ ဟောန္တိ။**

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

တတ္ထ၊ ထို ၃-ယောက်သော ဒိဋ္ဌိတို့တွင်။ ဝါ၊ ထို ၃-ပါးသော အယူတို့တွင်။ ကမ္မံ၊ ကံကို။ ပဋိဗာဟန္တေနာပိ၊ မြစ်သောသူသည်လည်း။ ဝိပါကော၊ အကျိုးကို။ ပဋိဗာဟိတော၊ မြစ်သည်။ ဟောတိ၊ ဖြစ်၏။ ဝိပါကံ၊ အကျိုးကို။ ပဋိဗာဟန္တေနာပိ၊ မြစ်သောသူသည်လည်း။ ကမ္မံ၊ ကံကို။ ပဋိဗာဟိတံ၊ မြစ်သည်။ ဟောတိ၊ ဖြစ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ တေ သဗ္ဗေပိ၊ ထိုအလုံးစုံသော ဒိဋ္ဌိတို့သည်လည်း။ အတ္ထတော၊ အနက်အားဖြင့်။ ဥဘယံ၊ ၂-ပါး စုံကို။ ပဋိဗာဟကာ၊ တားမြစ်ကုန်သည်ဖြစ်၍။ အဟေတုကဝါဒါ စေဝ၊ အဟေတုက အယူရှိကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ အကိရိယဝါဒါ စ၊ အကိရိယအယူရှိကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ နတ္ထိကဝါဒါ စ၊ နတ္ထိကအယူရှိကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

ထို ၃-ပါးကုန်သော ဒိဋ္ဌိတို့၏ အထူးကား–

- အဟေတုကဒိဋ္ဌိသည် အကြောင်းကို မြစ်၏။
- အကိရိယဒိဋ္ဌိသည် ကံကို မြစ်၏။
- နတ္ထိကဒိဋ္ဌိသည် အကျိုးကို မြစ်၏။

ဤသို့ အထူးမှတ်။ ထို့ကြောင့် မူလဋီကာ(၁။၁၆၇)၌–

**ဧတေသု ပုရိမဝါဒေါ ဗန္ဓနမောက္ခာနံ ဟေတုံ ပဋိသေဓေတိ၊ ဒုတိယော ကမ္မံ၊ တတိယော ဝိပါကန္တိ အယ'မေတေသံ ဝိသေသော။–**

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဧတေသု၊ ထို ၃-ပါးကုန်သော ဝါဒတို့တွင်။ ပုရိမဝါဒေါ၊ ရှေးဖြစ်သော အဟေတုက ဝါဒသည်။ ဗန္ဓနမောက္ခာနံ၊ နှောင်ဖွဲ့ခြင်း, လွတ်ခြင်းတို့၏။ ဟေတုံ၊ အကြောင်းကို။ ပဋိ-

သေခေတိ၊ မြစ်၏။ ဒုတိယော၊ ၂-ခုမြောက်သော အကိရိယဝါဒသည်။ ကမ္မံ၊ ကုသိုလ်, အကုသိုလ်ကံ၏ ဖြစ်ခြင်းကို။ ပဋိသေခေတိ၊ မြစ်၏။ တတိယော၊ ၃-ခုမြောက်သော နတ္ထိကဝါဒသည်။ ဝိပါကံ၊ ကုသိုလ်, အကုသိုလ် ၂-ပါးတို့၏ အကျိုးကို။ ပဋိသေခေတိ၊ မြစ်၏။ အယံ၊ ဤသည်လျှင်။ ဧတေသံ၊ ထို ၃-ပါးကုန်သော ဝါဒတို့၏။ ဝိသေသော၊ အထူးတည်း။

ထို ၃-ပါးကုန်သော ဒိဋ္ဌိတို့တွင်–

- အကိရိယဒိဋ္ဌိသည် သဿတဒိဋ္ဌိ၌ အတွင်းဝင်၏။
- အဟေတုကဒိဋ္ဌိသည် အဓိစ္စသမုပ္ပန္နဒိဋ္ဌိ၌ အတွင်းဝင်၏။
- နတ္ထိကဒိဋ္ဌိသည် ဉစ္ဆေဒဒိဋ္ဌိ၌ အတွင်းဝင်၏။

ထို့ကြောင့် သုတ်သီလက္ခန်ဋီကာ(နှာ-၁၇၈)၌–

**အကိရိယဝါဒေါ တာဝ ဝဇ္ဈော ကူဋဋ္ဌော'တိအာဒိနာ ကိရိယာဘာဝဒီပနတော သဿတဝါဒေ အန္တောဂဓော။ အဟေတုကဝါဒေါ အဓိစ္စသမုပ္ပန္နဝါဒေ အန္တောဂဓော။ နတ္ထိကဝါဒေါ ဉစ္ဆေဒဝါဒေ အန္တောဂဓော။ –**

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

အကိရိယဝါဒေါ၊ အကိရိယဝါဒသည်။ တာဝ၊ ရှေးဦးစွာ။ ဝဇ္ဈော၊ မြဲ၏။ ကူဋဋ္ဌော၊ တောင်ထွတ်ကဲ့သို့ဖြစ်၍ တည်၏။ ဣတိ အာဒိနာ၊ ဤသို့ အစရှိသည်ဖြင့်။ ကိရိယာဘာဝဒီပနတော၊ ပြုခြင်းမရှိသည်၏အဖြစ်ကို ပြခြင်းကြောင့်။ သဿတဝါဒေ၊ သဿတဝါဒ၌။ အန္တောဂဓော၊ အတွင်းဝင်၏။ အဟေတုကဝါဒေါ၊ အဟေတုကဝါဒသည်။ အဓိစ္စသမုပ္ပန္နဝါဒေ၊ အဓိစ္စသမုပ္ပန္နဝါဒ၌။ အန္တောဂဓော၊ အတွင်းဝင်၏။ နတ္ထိကဝါဒေါ၊ နတ္ထိကဝါဒသည်။ ဉစ္ဆေဒဝါဒေ၊ ဉစ္ဆေဒဝါဒ၌။ အန္တောဂဓော၊ အတွင်းဝင်၏။

ဤသို့ ကျမ်းဂန်လာသောကြောင့် ၆၂-ပါးကုန်သော ဒိဋ္ဌိတို့တွင် သဿတဒိဋ္ဌိ, အဓိစ္စသမုပ္ပန္နဒိဋ္ဌိ, ဉစ္ဆေဒဒိဋ္ဌိတို့သည် ကမ္မပထ မြောက်၏။ ကမ္မပထမြောက်က အပါယဂမနိယ ဖြစ်၏။ ကြွင်းသော ဒိဋ္ဌိတို့သည် ကမ္မပထ မမြောက်၊ ကမ္မပထ မမြောက်က အပါယဂမနိယ မဖြစ်-ဟု မှတ်ရာ၏။

ဒိဋ္ဌိသည် တရားကိုယ်အားဖြင့် ဒိဋ္ဌိစေတသိက် ၁-ပါးသာတည်း။ သာမညအားဖြင့် သဿတဒိဋ္ဌိ, ဉစ္ဆေဒဒိဋ္ဌိ-ဟူ၍ ၂-ပါး၊ ဝိသေသအားဖြင့် ၆၂-ပါး၊ အလုံးစုံသော ဒိဋ္ဌိတို့သည် ၆၂-ပါးတို့၌သာ အတွင်းဝင်ကုန်၏။ ၆၂-ပါးတို့၌သာ ဖြစ်ကုန်၏။

ထို့ကြောင့် တေရသကဏ္ဍမည်သော ဝိနည်းဋီကာ၌-

**သဗ္ဗေပိ ဒိဋ္ဌိဂတာ သဥ္ဍာယမာနာ က္ကမာသု ဒွါသဋ္ဌိဒိဋ္ဌိသုယေဝ သဥ္ဍာယန္တိ။**

ဟူသောပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

သဗ္ဗေပိ၊ အလုံးစုံလည်း ဖြစ်ကုန်သော။ ဒိဋ္ဌိဂတာ၊ မိစ္ဆာအယူတို့သည်။ သဥ္ဍာယ-မာနာ၊ ဖြစ်ကုန်သည်ရှိသော်။ က္ကမာသု ဒွါသဋ္ဌိဒိဋ္ဌိသုယေဝ၊ ဤ ၆၂-ပါးကုန်သော ဒိဋ္ဌိတို့၌သာလျှင်။ သဥ္ဍာယန္တိ၊ ဖြစ်ကုန်၏။

သက္ကာယဒိဋ္ဌိ ၂၀-တို့တွင် ရုပ်ကို ကိုယ်-ဟူ၍ မှတ်ခြင်း၊ ဝေဒနာကို ကိုယ်-ဟူ၍ မှတ်ခြင်း၊ သညာကို ကိုယ်-ဟု မှတ်ခြင်း၊ သင်္ခါရကို ကိုယ်-ဟု မှတ်ခြင်း၊ ဝိညာဏ်ကို ကိုယ်-ဟု မှတ်ခြင်း၊ ဤ ၅-ပါးတို့သည် ဉစ္ဆေဒဒိဋ္ဌိ၌ အတွင်းဝင်ကုန်၏။ ကြွင်းသော ၁၅-ပါးကုန်သော ဒိဋ္ဌိတို့သည် သဿတဒိဋ္ဌိ၌ အတွင်းဝင်ကုန်၏။

ထို့ကြောင့် ဓမ္မသင်္ဂဏီအဋ္ဌကထာ(နှာ-၃၈၈)၌-

**ရူပံ အတ္တတော သမနုပဿတိ။ ဝေဒနံ။ သညံ။ သင်္ခါရေ၊ ဝိညာဏံ အတ္တတော သမနုပဿတီတိ ပဉ္စသု ဌာနေသု ဉစ္ဆေဒဒိဋ္ဌိ ကထိတာ၊ အဝသေသေသု သဿ-တဒိဋ္ဌိ။ -**

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ရူပံ၊ ရုပ်ကို။ အတ္တတော၊ ကိုယ်-ဟူ၍။ သမနုပဿတိ၊ ရှု၏။ ဝေဒနံ၊ ဝေဒနာကို။ သညံ၊ သညာကို။ သင်္ခါရေ၊ သင်္ခါရတို့ကို။ ဝိညာဏံ၊ ဝိညာဏ်ကို။ အတ္တတော၊ ကိုယ်ဟူ၍။ သမနုပဿတိ၊ ရှု၏။ က္ကတိ၊ ဤသို့။ ပဉ္စသု ဌာနေသု၊ ၅-ပါးသော အရာတို့၌။ ဉစ္ဆေဒဒိဋ္ဌိ၊ ဉစ္ဆေဒဒိဋ္ဌိကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ကထိတာ၊ ဟောတော်မူအပ်၏။ အဝသေ-သေသု၊ ကြွင်းသောအရာတို့၌။ သဿတဒိဋ္ဌိ၊ သဿတဒိဋ္ဌိကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ကထိတာ၊ ဟောတော်မူအပ်၏။

ထို ၂၀-သော သက္ကာယဒိဋ္ဌိတို့သည် ဉစ္ဆေဒဒိဋ္ဌိ၊ သဿတဒိဋ္ဌိ၌ အတွင်းဝင်သော်လည်း မဂ္ဂါဝရဏကိုသာ ဖြစ်စေ၍ သဂ္ဂါဝရဏကို မဖြစ်စေတတ်သောကြောင့် ကမ္မပထ မမြောက်။ ထို့ကြောင့် အဋ္ဌသာလိနီ အတ္ထယောဇနာ၌-

**တာ ဒိဋ္ဌိယော မဂ္ဂါဝရဏာ ဝိပရီတဒဿနဘာဝတော၊ န သဂ္ဂါဝရဏာ အကမ္မ-ပထပတ္တတ္တာ။ အကိရိယာဟေတုကနတ္ထိကဒိဋ္ဌိယောဝ ဟိ ကမ္မပထဒိဋ္ဌိယော-**

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

တာ ဒိဋ္ဌိယော၊ ထိုသက္ကာယဒိဋ္ဌိတို့သည်။ မဂ္ဂဝဇ္ဈာ၊ မဂ်ကို တားမြစ်တတ်ကုန်၏။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ ဝိပရီတဒဿနဘာဝတော၊ ဖောက်ပြန်သော မြင်ခြင်း, ရှုခြင်းရှိသည်၏ အဖြစ်ကြောင့်တည်း။ သဂ္ဂဝဇ္ဈာ၊ နတ်ပြည်ကို တားမြစ်တတ်ကုန်သည်။ န၊ မဟုတ်ကုန်။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ အကမ္မပထပတ္တတ္တာ၊ ကမ္မပထသို့ မရောက်သည်၏ အဖြစ်ကြောင့်တည်း။ ဟိ သစ္စံ၊ မှန်၏။ အကိရိယာဟေတုကနတ္ထိကဒိဋ္ဌိယောဝ၊ အကိရိယဒိဋ္ဌိ, အဟေတုကဒိဋ္ဌိ, နတ္ထိကဒိဋ္ဌိတို့သည်သာလျှင်။ ကမ္မပထဒိဋ္ဌိယော၊ ကမ္မပထဒိဋ္ဌိတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ကမ္မပထမြောက်သော ဒိဋ္ဌိတို့သည် မသင့်သောအားဖြင့် နှလုံးသွင်းခြင်း လက္ခဏာ ရှိ၏။ မှားသောအားဖြင့် သုံးသပ်ခြင်းကိစ္စ ရှိ၏။ မှားသောအားဖြင့် နှလုံးသွင်းခြင်းလျှင် ထင်သော အခြင်းအရာ ရှိ၏။ ဝါ၊ ထင်သောအကျိုး ရှိ၏။ ဘုရား-စသော သူတော်ကောင်းတို့ကို ဖူးမြင်ခြင်းငှာ အလိုမရှိသည်၏အဖြစ် အစရှိသည်လျှင် နီးစွာသောအကြောင်း ရှိ၏။ ဤသို့ မိစ္ဆာဒိဋ္ဌိ၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကို သိရာ၏။

ထိုကြောင့် ဓမ္မသင်္ဂဏီအဋ္ဌကထာ(နှာ-၂၉၀)၌-

**သာ အယောနိသော အဘိနိဝေသလက္ခဏာ၊ ပရာမာသရသာ၊ မိစ္ဆာဘိနိဝေသပစ္စုပဋ္ဌာနာ။ အရိယာနံ အဒဿနကာမတာဒိပဒဋ္ဌာနာ။** —

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

သာ၊ ထိုမိစ္ဆာဒိဋ္ဌိသည်။ အယောနိသော၊ မသင့်သော အကြောင်းဖြင့်။ အဘိနိဝေသလက္ခဏာ၊ နှလုံးသွင်းခြင်း လက္ခဏာ ရှိ၏။ ပရာမာသရသာ၊ မှားသောအားဖြင့် သုံးသပ်ခြင်း ကိစ္စရှိ၏။ မိစ္ဆာဘိနိဝေသပစ္စုပဋ္ဌာနာ၊ မှားသောအားဖြင့် နှလုံးသွင်းခြင်းလျှင် ထင်သော အခြင်းအရာ ရှိ၏။ အရိယာနံ၊ အရိယာသူတော်ကောင်းတို့ကို။ အဒဿနကာမတာဒိပဒဋ္ဌာနာ၊ ဖူးမြင်ခြင်းငှာ အလိုမရှိသည်၏အဖြစ်-အစရှိသည်လျှင် နီးစွာသော အကြောင်း ရှိ၏။

(၂) ၆၂-ပါးသော ဒိဋ္ဌိတို့မှတပါး အပါယ်လားသော ဒိဋ္ဌိ-ဟူ၍ မရှိပြီ။ အလုံးစုံသော ဒိဋ္ဌိတို့သည် ၆၂-ပါးကုန်သော ဒိဋ္ဌိတို့၌သာ အတွင်းဝင်ကုန်၏။ ဓမ္မသင်္ဂဏီပါဠိတော်, ဝိဘင်းပါဠိတော်တို့၌လာသော အန္တဂ္ဂါဟိကဒိဋ္ဌိ ၁၀-ပါး, ဒသဝတ္ထုကဒိဋ္ဌိ ၁၀-ပါးတို့သည်လည်း ဤ ၆၂-ပါးကုန်သော ဒိဋ္ဌိတို့၌ အတွင်းဝင်ကုန်၏။ ဒသဝတ္ထုကဒိဋ္ဌိဆိုသည်နှင့် နတ္ထိကဒိဋ္ဌိဆိုသည် အတူပင်။ ဒသဝတ္ထုကဒိဋ္ဌိသည် ဒိဋ္ဌုပါဒါန် မည်၏။ သက္ကာယဒိဋ္ဌိသည် အတ္တဝါဒုပါဒါန် မည်၏။

ထို့ကြောင့် ဝိဘင်းအဋ္ဌကထာ(နှာ-၁၇၂-၃)၌—

ဒသဝတ္ထုကာ မိစ္ဆာဒိဋ္ဌိ ဒိဋ္ဌုပါဒါနံ၊ ဝီသတိဝတ္ထုကာ သက္ကာယဒိဋ္ဌိ အတ္တဝါ ဒုပါ-ဒါနံ။ -

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဒသဝတ္ထုကာ၊ ၁၀-ပါးသော အကြောင်းရှိသော။ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိသည်။ ဒိဋ္ဌု-ပါဒါနံ၊ ဒိဋ္ဌုပါဒါန် မည်၏။ ဝီသတိဝတ္ထုကာ၊ ၂၀-သော အကြောင်းရှိသော။ သက္ကာယဒိဋ္ဌိ၊ သက္ကာယဒိဋ္ဌိသည်။ အတ္တဝါဒုပါဒါနံ၊ အတ္တဝါဒုပါဒါန် မည်၏။

ဤတွင်ခွေ့ကား ဒိဋ္ဌိဘေဒကို အကျဉ်းပြဆိုသော စကားရပ် အပြီးသတ်တည်း။

ထိုစကားကို အကျယ်သိလိုလျှင် ဓမ္မသင်္ဂဏီပါဠိ,အဋ္ဌကထာ၊ ဝိဘင်းပါဠိ, အဋ္ဌ-ကထာ၊ သုတ်သီလက္ခန်၊ ပြဟ္မဇာလသုတ်ပါဠိ,အဋ္ဌကထာ, ဋီကာ၊ မူလပဏ္ဏာသ၊ စူဠဝေဒလ္လ သုတ်ပါဠိ, အဋ္ဌကထာ, ဋီကာ၊ သာလေယျသုတ် ပါဠိ, အဋ္ဌကထာ, ဋီကာ၊ ပဋိသမ္ဘိဒါမဂ် ပါဠိ, အဋ္ဌကထာ၊ သာရတ္ထဒီပနီဋီကာ၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာတို့မှာ ကြည့်လေ။

ရတနာပုံရွှေမြို့တော်၊ စည်ရှည်စျေးနေ ဒကာအောင်းက "၆၂-ပါးကုန်သော ဒိဋ္ဌိ တို့တွင် အပါယ်လားသော ဒိဋ္ဌိမည်မျှ၊ အပါယ်မလားသော ဒိဋ္ဌိမည်မျှ ရှိသည်။ ၆၂-ပါးသော ဒိဋ္ဌိမှတပါး အပါယ်လားသောဒိဋ္ဌိ အခြားပင်ဖြစ်မည်ကို ကေန်မုချ သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါ"ဟု လျှောက်သောကြောင့် ကျမ်းဂန်ပါဠိ လာရှိသည့်အတိုင်း ဒေသနာ-နယကို ထုတ်ဆောင်၍ ၁၂၃၈-ခု၊ တော်သလင်းလပြည့်ကျော်၊ ၁၂-ရက်နေ့၊ ဒီပဲယင်းမြို့ ဇာတိ၊ ပဝတ္တိရတနာသိမ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★ ★ ★ ★ ★ ★ ★

## စလင်းမြို့ ဦးသုဒဿန-က ပုထုဇန်တို့မှာ သမာဓိတရားကို ရ,မရ အကြောင်းနှင့် လျှောက်ထားချက်

[ ၈၈ ] "ဘုရားတပည့်တော် စလင်းမြို့ ရှင်သုဒဿန လျှောက်ပါသည် ဆရာတော်ဘုရား။

အချို့သော ပုဂ္ဂိုလ်တို့က ပုထုဇန်တို့မှာ သမာဓိတရားကို မရ။ သမာဓိတရားဟူသည် ပုထုဇန်တို့ အရာမဟုတ်-ဟု ပြောဆိုကြပါသည်။ ထိုသို့ ပြောဆိုကြသည့် အရာမှာ ထိုပုဂ္ဂိုလ်တို့ ဆိုတိုင်းပင် ပုထုဇန်တို့မှာ သမာဓိတရားကို မရသင့်သည်ပင် ဖြစ်မည်၊ ရသင့်သည်ပင် ဖြစ်မည်ကို ဧကန်မုချ သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။"

ဝှင်းဦးသုဒဿန လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ—

[၈၈] ပုထုဇ္ဇန်တို့မှာ သမာဓိတရားကို ရသင့်သည်, မရသင့်သည်ကို မေးလျှောက်သည်မှာ မြတ်စွာဘုရားသခင်သည် ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်းတော်၌ သီးတင်းသုံးနေတော်မူသောအခါ ရာဇဂြိုဟ်ပြည်တွင်းမှ ဝိသာခသူဌေး၏ အိမ်သို့ ဆွမ်းခံကြွတော်မူလာသော ဓမ္မဒိန္နာ ရဟန္တာဘိက္ခုနီမအား ဝိသာခသူဌေးကြီးက—

- သမာဓိ-ဟူသည် အဘယ်နည်း?
- သမာဓိနိမိတ်-ဟူသည် အဘယ်နည်း?
- သမာဓိ၏အခြံအရံ-ဟူသည် အဘယ်နည်း?
- သမာဓိ၏ဘာဝနာ-ဟူသည် အဘယ်နည်း? -ဟု

ကတမော ပနာ'ယျေ သမာဓိ၊ ကတမေ ဓမ္မာ သမာဓိနိမိတ္တာ၊ ကတမေ ဓမ္မာ သမာဓိပရိက္ခာရာ၊ ကတမာ သမာဓိဘာဝနာ-

ဟူ၍ မေးလျှောက်ရာ—

ယာ ခေါ အာဝုသော ဝိသာခ စိတ္တဿ ဧကဂ္ဂတာ၊ အယံ သမာဓိ။ စတ္တာရော သတိပဋ္ဌာနာ သမာဓိနိမိတ္တာ။ စတ္တာရော သမ္မပ္ပဓာနာ သမာဓိပရိက္ခာရာ။ ယာ တေသံ ယေဝ ဓမ္မာနံ အာသေဝနာ ဘာဝနာ ဗဟုလီကမ္မံ၊ အယံ ဣဓ သမာဓိဘာဝနာ။

ဟူ၍ ဓမ္မဒိန္နာရဟန္တာဘိက္ခုနီမ ဖြေဆိုတော်မူသော မူလပဏ္ဏာသပါဠိတော်၊ ၅-ခုမြောက်သော စူဠယမကဝဂ်အစု၊ ၄-ခုမြောက်သော စူဠဝေဒလ္လသုတ်ပါဠိတော်(နှာ-၃၇၅)ဖြင့် သမာဓိ, သမာဓိနိမိတ်, သမာဓိ၏ အခြံအရံ, သမာဓိဘာဝနာကို ရှေးဦးစွာ သိရာ၏။

အယျေ၊ အရှင်မ။ ကတမော၊ အဘယ်သည်-သည်။ သမာဓိ၊ သမာဓိ မည်သနည်း။ ကတမေ၊ အဘယ်သည်တို့သည်။ သမာဓိနိမိတ္တာ၊ သမာဓိနိမိတ် မည်ကုန်သနည်း။ ကတမေ၊ အဘယ်သည်တို့သည်။ သမာဓိပရိက္ခာရာ၊ သမာဓိအခြံအရံ မည်ကုန်သနည်း။ ကတမာ၊ အဘယ်သည်တို့သည်။ သမာဓိဘာဝနာ၊ သမာဓိဘာဝနာ မည်ကုန်သနည်း။

အာဝုသော ဝိသာခ၊ ဒကာ ဝိသာခ။ စိတ္တဿ၊ စိတ်၏။ ယာ ဧကဂ္ဂတာ၊ အကြင် စိတ်၏ တည်ကြည်သည်၏ အဖြစ်သည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤစိတ်၏ တည်ကြည်ခြင်းသည်။ သမာဓိ၊ သမာဓိ မည်၏။ စတ္တာရော သတိပဋ္ဌာနာ၊ ၄-ပါးကုန်သော သတိပဋ္ဌာန်တို့သည်။ သမာဓိနိမိတ္တာ၊ သမာဓိနိမိတ် မည်ကုန်၏။ စတ္တာရော သမ္မပ္ပဓာနာ၊ ၄-ပါးကုန်သော သမ္မပ္ပဓာန်တို့သည်။ သမာဓိပရိက္ခာရာ၊ သမာဓိ၏ အခြံအရံ မည်ကုန်၏။ တေသံ တေသံ ယေဝ ဓမ္မာနံ၊ ထိုထို ပြဆိုအပ်ခဲ့ပြီးသော တရားတို့ကို။ ယာ အာသေဝနာ၊ အကြင် မှီဝဲခြင်းသည်။ ယာ ဘာဝနာ၊ အကြင်ပွါးခြင်းသည်။ ယံ ဗဟုလီကမ္မံ၊ အကြင် အကြိမ်များစွာ လေ့လာခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဧတ္ထ၊ ဤသမာဓိ-ဟူသော အရာ၌။ သမာဓိဘာဝနာ၊ သမာဓိဘာဝနာ မည်၏။

ထိုပါဠိတော်၌-

- *(စိတ်၏ တည်ကြည်ခြင်းသည် သမာဓိ မည်၏။)*
- ၄-ပါးကုန်သော သတိပဋ္ဌာန်တို့သည် မဂ်ခဏ၌ ၄-ပါးသော မဂ်ကိစ္စကို ပြီးစေတတ်သောကြောင့် အကြောင်းဖြစ်၍ သမာဓိနိမိတ် မည်၏။
- ၄-ပါးကုန်သော သမ္မပ္ပဓာန်တို့သည် ၄-ပါးသော မဂ်ကိစ္စကို ပြီးစေသဖြင့် အခြံအရံဖြစ်သောကြောင့် သမာဓိပရိက္ခာရ မည်၏။
- ထိုမဂ္ဂသမ္ပယုတ္တဓမ္မတို့ကို မှီဝဲခြင်း, ပွါးခြင်း, အကြိမ်များစွာ လေ့လာခြင်းသည် သမာဓိဘာဝနာ မည်၏။

ထို့ကြောင့် မူလပဏ္ဏာသ၊ စူဠဝေဒလ္လသုတ် အဖွင့်အဋ္ဌကထာ(၂။၂၆၂)၌-

> စတ္တာရော သတိပဋ္ဌာနာတိ မဂ္ဂက္ခဏေ စတုကိစ္စသာဓကဝသေန *(သာဓနေ)*ဝသေန ဥပ္ပန္နာ သတိ၊ သာ သမာဓိဿ ပစ္စယဋ္ဌေန နိမိတ္တံ။ စတ္တာရော သမ္မပ္ပဓာနာတိ စတုကိစ္စသာဓကဝသေန *(သာဓနေ)*ဝသေနေဝ ဥပ္ပန္နံ ဝီရိယံ၊ တံ ပရိဝါရဋ္ဌေန ပရိက္ခာရော

ဟောတိ။ တေသံ ယေဝ ဓမ္မာနန္တိ တေသံ မဂ္ဂသမ္ပယုတ္တဓမ္မာနံ။ အာသေဝနာတိ-
အာဒီသု ဧကစိတ္တက္ခဏိကာဝ အာသေဝနာဒယော ဝုတ္တာ။

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

စတ္တာရော သတိပဋ္ဌာနာတိ၊ ၄-ပါးသော သတိပဋ္ဌာန်တို့-ဟူသည်။ မဂ္ဂက္ခဏေ၊ မဂ်ခဏ၌။ စတုကိစ္စသာဓနဝသေန၊ ၄-ပါးသော မဂ်ကိစ္စနှင့် ဆက်ဆံသည်၏ အစွမ်းအားဖြင့်။ ဥပ္ပန္နာ၊ ဖြစ်သော။ သတိ၊ သတိတည်း။ သာ၊ ထိုသတိသည်။ သမာဓိဿ၊ သမာဓိ၏။ ပစ္စယဋ္ဌေန၊ အကြောင်း-ဟူသော အနက်ကြောင့်။ နိမိတ္တံ၊ နိမိတ် မည်၏။ စတ္တာရော သမ္မပ္ပဓာနာတိ၊ ၄-ပါးသော သမ္မပ္ပဓာန်-ဟူသည်။ စတုကိစ္စသာဓနဝသေန၊ ၄-ပါးသော မဂ်ကိစ္စနှင့် ဆက်ဆံသည်၏ အစွမ်းအားဖြင့်။ ဥပ္ပန္နံ၊ ဖြစ်သော။ ဝီရိယံ၊ ဝီရိယတည်း။ တံ၊ ထိုဝီရိယသည်။ ပရိဝါရဋ္ဌေန၊ အခြံအရံ-ဟူသော အနက်ကြောင့်။ ပရိက္ခာရော၊ ပရိက္ခာရ မည်သည်။ ဟောတိ၊ ဖြစ်၏။ တေသံ ယေဝ ဓမ္မာနန္တိ၊ ဟူသည်ကား။ တေသံ မဂ္ဂသမ္ပယုတ္တ-ဓမ္မာနံ၊ ထိုမဂ်နှင့်ယှဉ်သော တရားတို့၏။ အာသေဝနာတိအာဒီသု၊ အာသေဝနာ-အစရှိသည်တို့၌။ ဧကစိတ္တက္ခဏိကာဝ၊ တစ်ခုသော စိတ္တက္ခဏရှိသည်ဖြစ်၍သာလျှင်။ အာသေ-ဝနာဒယော၊ အာသေဝန-အစရှိသည်တို့ကို။ ဝုတ္တာ၊ မိန့်ဆိုအပ်ကုန်၏။

မဂ္ဂသမ္ပယုတ္တဓမ္မာနံ၏ အရ၌ ဖဿ-စသော သမ္ပယုတ်တရားကိုသာ မယူအပ်။ မဂ်စိတ်ကိုလည်း ယူအပ်၏။ ထို့ကြောင့် ပပဉ္စသူဒနီမည်သော ဋီကာ(၂။၂၈၂)၌-

မဂ္ဂသမ္ပယုတ္တဓမ္မာနန္တိ ဣမိနာ မဂ္ဂဓမ္မာနမ္ပိ ဂဟဏံ၊ န တံသမ္ပယုတ္တဖဿာဒီနံယေဝ။

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

မဂ္ဂသမ္ပယုတ္တဓမ္မာနန္တိ ဣမိနာ၊ မဂ္ဂသမ္ပယုတ္တဓမ္မာနံ-ဟူသော ဤပါဠ်ဖြင့်။ မဂ္ဂဓမ္မာ-နမ္ပိ၊ မဂ်တရားတို့ကိုလည်း။ ဂဟဏံ၊ ယူခြင်းသည်။ ဟောတိ၊ ဖြစ်၏။ တံသမ္ပယုတ္တဖဿာ-ဒီနံယေဝ၊ ထိုမဂ်နှင့် ယှဉ်သော ဖဿ-အစရှိသော သမ္ပယုတ်တရားတို့ကိုသာလျှင်။ န ဂဟိတံ၊ မယူအပ်။

ဤအရာ၌ အရိယာ, အနာဂါမ်ဖြစ်သော ဝိသာခသူဌေးက ရဟန္တာဘိက္ခုနီမ ဖြစ်သော ဓမ္မဒိန္နာကို မေးသောအရာဖြစ်၍ လောကုတ္တရာ သမာဓိကိုသာ ယူအပ်၏။ ထို့ကြောင့် ဂုဏ်းမူလပဏ္ဏာသ၊ စူဠဝေဒလ္လသုတ်အဋ္ဌကထာ(မ၊ဋ္ဌ၊၂။၂၆၂)၌-

ဧကစိတ္တက္ခဏိကံ မဂ္ဂသမာဓိံ သန္ဓိမိတ္တံ သပရိက္ခာရံ ပုစ္ဆန္တော ကတမော ပနာ'-ယျေတိအာဒိ'မာဟ- ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

သနိမိတ္တံ၊ အကြောင်းနှင့် တကွသော။ သပရိက္ခာရံ၊ အခြံအရံနှင့် တကွသော။ ဧကစိတ္တက္ခဏိကံ၊ တစ်ခုသော စိတ္တက္ခဏရှိသော။ မဂ္ဂသမာဓိံ၊ မဂ်နှင့်ယှဉ်သော သမာဓိကို။ ပုစ္ဆန္တော၊ မေးလိုရကား။ ဝါ၊ မေးလိုသော သူဌေးဝိသာခသည်။ ကတမော ပနာ'ယျေတိအာဒိ၊ ကတမော ပနာ'ယျေ- အစရှိသည်ကို။ အာဟ၊ ဆိုပြီ။

ဝိသုဒ္ဓိမဂ်၊ ၃-ခုမြောက်သော သမာဓိ ဘာဝနာဓိကာရ ကမ္မဋ္ဌာနဂ္ဂဟဏနိဒ္ဒေသ၊ ပဋိသမ္ဘိဒါမဂ္ဂ၊ သမာဓိနိဒ္ဒေသ(ဝိသုဒ္ဓိ၊၁။၈၁)၌ သမာဓိ၏အကြောင်းကို ပြဆိုရာ—

**ကော သမာဓိ၊ ကေန'ဋ္ဌေန သမာဓိ၊ ကာန'ဿ လက္ခဏရသပစ္စုပဋ္ဌာနပဒဋ္ဌာနာနိ။ ကတိဝိဓော သမာဓိ၊ ကော စ'ဿ သံကိလေသော၊ ကိံ ဝေါဒါနံ၊ ကထံ ဘာဝေ- တဗ္ဗော။ သမာဓိဘာဝနာယ ကော အာနိသံသော။ —**

ဟု ၈-ခုသော ပုစ္ဆာမာတိကာကို ရှေးဦးစွာ ထားတော်မူသတည်း။

၁။ ကော၊ အဘယ်သည်လျှင်။ သမာဓိ၊ သမာဓိ မည်သနည်း။

၂။ ကေနဋ္ဌေန၊ အဘယ်အနက်ကြောင့်။ သမာဓိ၊ သမာဓိ မည်သနည်း။

၃။ ကာနိ၊ အဘယ်သည်တို့သည်လျှင်။ အဿ၊ ထိုသမာဓိ၏။ လက္ခဏရသပစ္စုပဋ္ဌာန- ပဒဋ္ဌာနာနိ၊ လက္ခဏ, ရသ, ပစ္စုပ္ပဋ္ဌာန်, ပဒဋ္ဌာန်တို့နည်း။

- အဿ၊ ထိုသမာဓိ၏။ လက္ခဏရသပစ္စုပဋ္ဌာနပဒဋ္ဌာနာနိ၊ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကား။ ကာနိ၊ အဘယ်သည်တို့နည်း။ ဤသို့လည်း ပေး။

၄။ သမာဓိ၊ သမာဓိကား။ ကတိဝိဓော၊ အဘယ်မျှ ပြားသနည်း။

၅။ အဿ၊ ထိုသမာဓိ၏။ သံကိလေသော၊ ညစ်ညူးကြောင်းကား။ ကော၊ အဘယ်နည်း။

၆။ အဿ၊ ထိုသမာဓိ၏။ ဝေါဒါနံ၊ ဖြူစင်ကြောင်းကား။ ကိံ၊ အဘယ်နည်း။

၇။ ကထံ၊ အသို့လျှင်။ သမာဓိ၊ သမာဓိကို။ ဘာဝေတဗ္ဗော၊ ပွါးစေအပ်သနည်း။

၈။ သမာဓိဘာဝနာယ၊ သမာဓိဘာဝနာ၏။ အာနိသံသော၊ အကျိုးကား။ ကော၊ အဘယ် နည်း။

ဤသို့ ပုစ္ဆာကို ထားပြီးမှ "ကော သမာဓိ"ဟူသော ပုစ္ဆာ၏ ဝိသဇ္ဇနာ၌ "သမာဓိ ဗဟုဝိဓော နာနပ္ပကာရကော။ ကုသလစိတ္တေကဂ္ဂတာ သမာဓိ"ဟု ဖြေတော်မူသတည်း။

သမာဓိ၊ သမာဓိသည်။ ဗဟုဝိဓော၊ များသော အပြားရှိ၏။ နာနပ္ပကာရကော၊ အထူးထူးအပြားပြား များ၏။ ကုသလစိတ္တေကဂ္ဂတာ၊ ကုသိုလ်စိတ်နှင့် ယှဉ်သော ဧကဂ္ဂတာ သည်။ သမာဓိ၊ သမာဓိ မည်၏။

“ဧကန’ဋ္ဌေန သမာဓိ”ဟူသော ပုစ္ဆာ၏ ဝိသဇ္ဇနာ(ဝိသုဒ္ဓိ၊၁။၈၁)၌-

**သမာဓာန’ဋ္ဌေန သမာဓိ၊ ကိမိ’ဒံ သမာဓာနံ နာမ၊ ဧကာရမ္မဏေ စိတ္တစေတသိ-ကာနံ သမံ သမ္မာ စ အာဓာနံ၊ ဌပန’န္တိ ဝုတ္တံ ဟောတိ။**

ဟု ဖြေဆိုတော်မူသတည်း။

သမာဓာန’ဋ္ဌေန၊ ကောင်းစွာ ထားခြင်း-ဟူသော အနက်ကြောင့်။ သမာဓိ၊ သမာဓိ မည်၏။ ဣဒံ သမာဓာနံ နာမ၊ ဤကောင်းစွာ ထားခြင်း-ဟူသည်။ ကိံ၊ အဘယ်နည်း။ ဧကာရမ္မဏေ၊ တစ်ခုတည်းသော အာရုံ၌။ စိတ္တစေတသိကာနံ၊ စိတ်,စေတသိက်တို့ကို။ သမံ၊ အညီအညွတ်။ သမ္မာ စ၊ ကောင်းစွာလျှင်။ အာဓာနံ၊ ထားခြင်း။ ဌပနံ၊ ထားခြင်းတည်း။ ဣတိ၊ ဤသို့။ ဝုတ္တံ ဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။

သမာဓိ၏ အာနုဘော်ကြောင့် စိတ်, စေတသိက်တို့ကို တစ်ခုတည်းသော အာရုံ၌ အညီအညွတ် ကောင်းစွာ ထားသဖြင့် မပျံ့လွင့်ဘဲ ဖရိုဖရဲ မရှိ၊ တည်သည်ကိုပင် ကောင်းစွာ ထားသည်-ဟု မှတ်ရာ၏။

ထို့ကြောင့် ဂုဏ်းအဋ္ဌကထာ(ဝိသုဒ္ဓိ၊၁။၈၁)၌–

**ယဿ ဓမ္မဿ အာနုဘာဝေန ဧကာရမ္မဏေ စိတ္တစေတသိကာ သမံ သမ္မာ စ အဝိက္ခိပမာနာ အဝိပ္ပကိဏ္ဏာ စ ဟုတွာ တိဋ္ဌန္တိ၊ ဣဒံ သမာဓာနန္တိ ဝေဒိတဗ္ဗံ။**

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ယဿ ဓမ္မဿ၊ အကြင် သမာဓိတရား၏။ အာနုဘာဝေန၊ အာနုဘော်ကြောင့်။ ဧကာရမ္မဏေ၊ တစ်ခုတည်းသော အာရုံ၌။ စိတ္တစေတသိကာ၊ စိတ်, စေတသိက်တို့ကို(သည်)။ သမံ၊ အညီအညွတ်။ သမ္မာ စ၊ ကောင်းစွာလျှင်။ အဝိက္ခိပမာနာ စ၊ မပျံ့လွင့်သည်ဖြစ်၍လည်းကောင်း။ အဝိပ္ပကိဏ္ဏာ စ၊ ဖရိုဖရဲ မရှိသည်ဖြစ်၍လည်းကောင်း။ ဟုတွာ၊ ဖြစ်၍။ တိဋ္ဌန္တိ၊ တည်ကုန်၏။ ဣဒံ၊ ဤသို့ တည်ခြင်းကို။ သမာဓာနန္တိ၊ ကောင်းစွာ ထားခြင်း-ဟူ၍။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

“ကာန’ဿ လက္ခဏရသပစ္စုပဋ္ဌာနပဒဋ္ဌာနာနိ”ဟူသော ပုစ္ဆာ၏ ဝိသဇ္ဇနာ၌—

**အဝိက္ခေပလက္ခဏော သမာဓိ၊ ဝိက္ခေပဝိဒ္ဓံသနရသော၊ အဝိကမ္ပနပစ္စုပဋ္ဌာနော၊ သုခိနော စိတ္တံ သမာဓိယတီတိ ဝစနတော ပန သုခ’မဿ ပဒဋ္ဌာနံ။**

ဟု ဖြေဆိုတော်မူသတည်း။

သမာဓိ၊ သမာဓိသည်။ အဝိက္ခေပလက္ခဏော၊ မပျံ့လွင့်ခြင်း လက္ခဏာ ရှိ၏။ ဝိက္ခေပဝိဒ္ဓံသနရသော၊ ပျံ့လွင့်ခြင်းကို ဖျက်ဆီးခြင်း ကိစ္စရှိ၏။ အဝိကမ္ပနပစ္စုပဋ္ဌာနော၊ မတုန်လှုပ်ခြင်းလျှင် ထင်သောအခြင်းအရာ ရှိ၏။ ဝါ၊ မတုန်လှုပ်ခြင်းလျှင် ထင်သောအကျိုး ရှိ၏။ သုခိနော စိတ္တံ သမာဓိယတီတိ၊ သုခိနော စိတ္တံ သမာဓိယတိ-ဟူ၍။ ဝစနတော၊ ဘုရားဟောတော်မူသောကြောင့်။ သုခံ၊ သုခသည်။ အဿ၊ ထိုသမာဓိ၏။ ပဒဋ္ဌာနံ၊ ပဒဋ္ဌာန် မည်၏။ ဝါ၊ အကြောင်း မည်၏။

"ကတိဝိဓော သမာဓိ"ဟူသော ပုစ္ဆာ၏ ဝိသဇ္ဇနာ၌ "အဝိက္ခေပလက္ခဏေန တာဝ ဧကဝိဓော"အစရှိသည်ဖြင့် ဖြေတော်မူ၏။

ဤမှ အထက်၌ ပါဠိသာဝကကို စုံးစဉ်းမျှ ထုတ်ဆောင်၍ အဓိပ္ပါယတ္ထကိုသာ ပြအံ့။ အဝိက္ခေပလက္ခဏေန၊ မပျံ့လွင့်ခြင်း လက္ခဏာအားဖြင့်။ တာဝ၊ ရှေးဦးစွာ။ သမာဓိ၊ သမာဓိသည်။ ဧကဝိဓော၊ တပါးသောအဖို့ ရှိ၏။

သမာဓိသည် သာမညလက္ခဏာအားဖြင့် ၁-ပါးသာ။ ဝိသေသလက္ခဏာအားဖြင့် သော်ကား-

- ဥပစာရသမာဓိ, အပ္ပနာသမာဓိ-ဟူ၍ ၂-ပါး
- လောကိယသမာဓိ, လောကုတ္တရာသမာဓိ-ဟူ၍ ၂-ပါး
- သပ္ပီတိကသမာဓိ, နိပ္ပီတိကသမာဓိ-ဟူ၍ ၂-ပါး
- သုခသဟဂတသမာဓိ, ဥပေက္ခာသဟဂတသမာဓိ-ဟူ၍ ၂-ပါး

ဤသို့ ဒုကအားဖြင့် ၂-ပါး ၄-လီ ဖြစ်၏။

- ဟီနသမာဓိ, မဇ္ဈိမသမာဓိ, ပဏီတသမာဓိ-ဟူ၍ ၃-ပါး
- သဝိတက္ကသဝိစာရသမာဓိ, အဝိတက္ကသဝိစာရမတ္တသမာဓိ, အဝိတက္ကအဝိစာရသမာဓိ-ဟူ၍ ၃-ပါး
- ပီတိသဟဂတသမာဓိ, သုခသဟဂတသမာဓိ, ဥပေက္ခာသဟဂတ-သမာဓိ-ဟူ၍ ၃-ပါး
- ပရိတ္တသမာဓိ၊ မဟဂ္ဂတသမာဓိ၊ အပ္ပမာဏသမာဓိ-ဟူ၍ ၃-ပါး

ဤသို့ တိကအားဖြင့် ၃-ပါး, ၄-လီ ဖြစ်၏။

- ဒုက္ခပဋိပဒါဒန္ဓာဘိညာသမာဓိ, ဒုက္ခပဋိပဒါခိပ္ပါဘိညာသမာဓိ, သုခပဋိပဒါဒန္ဓာဘိညာသမာဓိ, သုခပဋိပဒါခိပ္ပါဘိညာသမာဓိ-ဟူ၍　　၄-ပါး
- ပရိတ္တပရိတ္တာရမ္မဏသမာဓိ, ပရိတ္တအပ္ပမာဏာရမ္မဏသမာဓိ, အပ္ပမာဏပရိတ္တာရမ္မဏသမာဓိ, အပ္ပမာဏအပ္ပမာဏာရမ္မဏသမာဓိ-ဟူ၍　　၄-ပါး
- ပဌမဈာနသမာဓိ, ဒုတိယဈာနသမာဓိ, တတိယဈာနသမာဓိ, စတုတ္ထဈာနသမာဓိ-ဟူ၍　　၄-ပါး
- ဟာနဘာဂိယသမာဓိ, ဌိတိဘာဂိယသမာဓိ, ဝိသေသဘာဂိယသမာဓိ, နိဗ္ဗေဓဘာဂိယသမာဓိ-ဟူ၍　　၄-ပါး
- ကာမာဝစရသမာဓိ, ရူပါဝစရသမာဓိ, အရူပါဝစရသမာဓိ, အပရိယာပန္နသမာဓိ-ဟူ၍　　၄-ပါး
- ဆန္ဒသမာဓိ, ဝီရိယသမာဓိ, စိတ္တသမာဓိ, ဝီမံသသမာဓိ-ဟူ၍　　၄-ပါး

ဤသို့ စတုက္ကအားဖြင့် ၄-ပါး, ၆-လီ ဖြစ်၏။

- ပဌမဈာနသမာဓိ၊　　- ဒုတိယဈာနသမာဓိ၊
- တတိယဈာနသမာဓိ၊　　- စတုတ္ထဈာနသမာဓိ၊
- ပဉ္စမဈာနသမာဓိ-ဟူ၍　　ပဉ္စကအားဖြင့် ၅-ပါးဖြစ်၏။

ထိုပြဆိုခဲ့ပြီးသော သမာဓိဘေဒ၌ ဗုဒ္ဓါနုဿတိ-စသော အနုဿတိ ၈-ပါး၊ အာဟာရေ ပဋိကူလသညာ, စတုဓာတုဝဝတ္ထာန်တို့၏ အစွမ်းအားဖြင့် ရအပ်သော သမာဓိသည်လည်းကောင်း အပ္ပနာသမာဓိသို့ မရောက်မီ ရှေးအဖို့၌ဖြစ်သော သမာဓိသည်လည်းကောင်း တစ်နည်း ပထဝီ-စသော ကသိုဏ်းကို စီးဖြန်းသောပုဂ္ဂိုလ်အား ပဋိဘာဂနိမိတ်ထင်သည်တိုင်အောင် ဖြစ်သော သမာဓိသည် ဥပစာရသမာဓိ မည်၏။

"ပဌမဇ္ဈာနဿ ပရိကမ္မံ ပဌမဇ္ဈာနဿ အနန္တရပစ္စယေန ပစ္စယော"ဟူ၍ ဟောတော်မူသောကြောင့် ပရိကံ၏ အခြားမဲ့ဖြစ်သော သမာဓိသည် အပ္ပနာသမာဓိ မည်၏။ ထိုသမာဓိ ၂-ပါးသည် ပုထုဇဉ်တို့ ရသင့်,ရထိုက်သော သမာဓိ မည်၏။ ဤသို့ ပဌမဒုက၌ သမာဓိ ၂-ပါးတို့၏ အဓိပ္ပါယ်ကို သိရာ၏။

ဒုတိယဒုက၌ ဘုံ ၃-ပါးတို့၏ ကုသိုလ်စိတ်နှင့်ယှဉ်သော သမာဓိသည် လောကီသမာဓိ မည်၏။ အရိယမဂ်နှင့်ယှဉ်သော သမာဓိသည် လောကုတ္တရာသမာဓိ မည်၏။

ထို ၂-ပါးတို့တွင် လောကီသမာဓိသည် ပုထုဇဉ်ပုဂ္ဂိုလ်တို့ ရသင့်,ရထိုက်သော သမာဓိ မည်၏။ ဤသို့ ဒုတိယဒုကဌ် သမာဓိ ၂-ပါး၏ အဓိပ္ပါယ်ကို သိရာ၏။

**တတိယဒုကဌ်** စတုက္ကနည်းအားဖြင့် ၂-ပါးကုန်သော ဈာန်တို့၌, ပဉ္စကနည်းအားဖြင့် ၃-ပါးကုန်သော ဈာန်တို့၌ဖြစ်သော သမာဓိသည် **သပီတိကသမာဓိ** မည်၏။ ကြွင်းသော ၂-ပါးကုန်သော ဈာန်တို့၌ဖြစ်သော သမာဓိသည် **နိပ္ပီတိကသမာဓိ** မည်၏။ ထိုသမာဓိ ၂-ပါးသည် ပုထုဇဉ်ပုဂ္ဂိုလ်တို့ ရသင့်,ရထိုက်သော သမာဓိပင်တည်း-ဟု မှတ်ရာ၏။ ဤသို့ တတိယဒုကဌ် သမာဓိ ၂-ပါးတို့၏ အဓိပ္ပါယ်ကို သိရာ၏။ ပြဆိုခဲ့ပြီးသော ဥပစာရသမာဓိသည်လည်း သပီတိက ဥပစာရသမာဓိ, နိပ္ပီတိက ဥပစာရသမာဓိ-ဟူ၍ ၂-ပါး ရှိကောင်း၏။

**စတုတ္ထဒုကဌ်** စတုက္ကနည်းအားဖြင့် ၃-ပါးကုန်သော ဈာန်တို့၌, ပဉ္စကနည်းအားဖြင့် ၄-ပါးကုန်သော ဈာန်တို့၌ဖြစ်သော သမာဓိသည် **သုခသဟဂတသမာဓိ** မည်၏။ ကြွင်းသော ဈာန်တို့၌ဖြစ်သော သမာဓိသည် **ဥပေက္ခာသဟဂတသမာဓိ** မည်၏။ ပြဆိုခဲ့ပြီးသော ဥပစာရသမာဓိသည်လည်း သုခသဟဂတဥပစာရသမာဓိ, ဥပေက္ခာသဟဂတဥပစာရ-သမာဓိ-ဟူ၍ ၂-ပါး ရှိကောင်း၏။ ထိုသမာဓိ ၂-ပါးသည်လည်း ပုထုဇဉ်ပုဂ္ဂိုလ်တို့ ရသင့်, ရထိုက်သော သမာဓိပင်တည်း-ဟု မှတ်ရာ၏။ ဤသို့ စတုတ္ထဒုကဌ် သမာဓိ ၂-ပါးတို့၏ အဓိပ္ပါယ်ကို သိရာ၏။

တိကတို့တွင် ပဌမတိကဌ်–

- ရခါမတ္တသာဖြစ်သော သမာဓိသည် **ဟီနသမာဓိ** မည်၏။
- လွန်စွာ မပွါးလွန်းသော သမာဓိသည် **မဇ္ဈိမသမာဓိ** မည်၏။
- လွန်စွာ ပွါးအပ်သော ဝသီဘော်သို့ ရောက်သော သမာဓိသည် **ပဏီတသမာဓိ** မည်၏။

ထိုသမာဓိ ၃-ပါးသည်လည်း ပုထုဇဉ်ပုဂ္ဂိုလ်တို့ ရသင့်, ရထိုက်သော သမာဓိပင် တည်း-ဟု မှတ်ရာ၏။

ဤသို့ ပဌမတိကဌ် သမာဓိ ၃-ပါးတို့၏ အဓိပ္ပါယ်ကို သိရာ၏။

ဒုတိယတိကဌ် ဥပစာရသမာဓိနှင့်တကွ ပဌမဈာန်သမာဓိသည် သဝိတက္ကသဝိ-စာရသမာဓိ မည်၏။ ပဉ္စကနည်း၌ ဒုတိယဈာန်သမာဓိသည် အဝိတက္ကဝိစာရမတ္တသမာဓိ မည်၏။ စတုက္ကနည်း၌ ဒုတိယဈာန်-စသည်တို့၌, ပဉ္စကနည်း၌ တတိယဈာန်-စသည်တို့၌

ဖြစ်သော သမာဓိသည် အဝိတက္ကအဝိစာရသမာဓိ မည်၏။ ထိုသမာဓိ ၃-ပါးသည်လည်း ပုထုဇဉ်ပုဂ္ဂိုလ်တို့ ရသင့်, ရထိုက်သော သမာဓိပင်တည်း-ဟု မှတ်ရာ၏။ ဤသို့ ဒုတိယ-တိကၵ္ၡ သမာဓိ ၃-ပါးတို့၏ အဓိပ္ပါယ်ကို သိရာ၏။

**တတိယတိက၌** စတုက္ကနည်း၌ အစ ဈာန် ၂-ပါး၊ ပဥ္စကနည်း၌ အစ ဈာန် ၃-ပါး တို့၌ဖြစ်သော သမာဓိသည် ပီတိသဟဂတသမာဓိ မည်၏။ **စတုက္ကနည်း၌** တတိယဈာန်၊ **ပဥ္စကနည်း၌** စတုတ္ထဈာန်၌ ဖြစ်သော သမာဓိသည် သုခသဟဂတသမာဓိ မည်၏။ စတုက္က နည်း၌ စတုတ္ထဈာန်၊ ပဥ္စကနည်း၌ ပဉ္စမဈာန်၌ဖြစ်သော သမာဓိသည် ဥပေက္ခာသဟဂတ-သမာဓိ မည်၏။ ထိုသမာဓိ ၃-ပါးသည်လည်း ပုထုဇဉ်ပုဂ္ဂိုလ်တို့ ရသင့်, ရထိုက်သော သမာဓိပင်တည်း-ဟု မှတ်ရာ၏။ ဤသို့ တတိယတိက၌ သမာဓိ ၃-ပါးတို့၏ အဓိပ္ပါယ်ကို သိရာ၏။

**စတုတ္ထတိက၌** ဥပစာရဘုံ၌ဖြစ်သော သမာဓိသည် ပရိတ္တသမာဓိ မည်၏။ ရူပါ-ဝစရ၊ အရူပါဝစရကုသိုလ်တို့၌ရှိသော သမာဓိသည် မဟဂ္ဂတသမာဓိ မည်၏။ အရိယမဂ် နှင့် ယှဉ်သော သမာဓိသည် အပ္ပမာဏသမာဓိ မည်၏။ ထိုသမာဓိ ၃-ပါးတွင် ပရိတ္တသမာဓိ, မဟဂ္ဂတသမာဓိတို့သည် ပုထုဇဉ်ပုဂ္ဂိုလ်တို့ ရသင့်, ရထိုက်သော သမာဓိပင်တည်း-ဟု မှတ်ရာ၏။ ဤသို့ စတုတ္ထတိက၌ သမာဓိ ၃-ပါးတို့၏ အဓိပ္ပါယ်ကို သိရာ၏။

**ပဌမစတုက္က၌** ရှေးဦးစွာ ပထဝီကသိုဏ်း-အစရှိသည်ကို အားထုတ်သည်မှ စ၍ ထိုထိုသို့သော ဈာန်၏ ဥပစာရတိုင်အောင်ဖြစ်သော သမာဓိဘာဝနာသည် **ပဋိပဒါ** မည်၏။ ဥပစာရမှ စ၍ အပ္ပနာဖြစ်သည်တိုင်အောင် ဖြစ်သော ပညာသည် **အဘိညာဏ်** မည်၏။

ရှေးအဖို့၌လည်း အသပ္ပါယသေဝီ-အစရှိသော အကြောင်းတို့ကြောင့် ဒုက္ခပဋိပဒါ ဖြစ်၏။ နောက်အဖို့၌လည်း အသပ္ပါယသေဝီ-အစရှိသော အကြောင်းတို့ကြောင့် ဒန္ဓာဘိည ဖြစ်၏။ ဤသို့ ဒုက္ခပဋိပဒါဒန္ဓာဘိညကို သိရာ၏။

ရှေးအဖို့၌ အသပ္ပါယသေဝီ-စသော အကြောင်းတို့ကြောင့် ဒုက္ခပဋိပဒါ ဖြစ်၏။ နောက်အဖို့၌ သပ္ပါယသေဝီ-အစရှိသော အကြောင်းတို့ကြောင့် ခိပ္ပါဘိည ဖြစ်၏။ ဤသို့ ဒုက္ခပဋိပဒါခိပ္ပါဘိညကို သိရာ၏။

ရှေးအဖို့၌ သပ္ပါယသေဝီ-အစရှိသော အကြောင်းတို့ကြောင့် သုခပဋိပဒါ ဖြစ်၏။ နောက်အဖို့၌ အသပ္ပါယသေဝီ-အစရှိသော အကြောင်းတို့ကြောင့် ဒန္ဓာဘိည ဖြစ်၏။ ဤသို့ သုခပဋိပဒါဒန္ဓာဘိညကို သိရာ၏။

ရှေးအဖို့၌လည်း သပ္ပါယသေဝီ-အစရှိသော အကြောင်းတို့ကြောင့် သုခါပဋိပဒါ ဖြစ်၏။ နောက်အဖို့၌လည်း သပ္ပါယသေဝီ-အစရှိသော အကြောင်းတို့ကြောင့် ခိပ္ပါဘိည ဖြစ်၏။ ဤသို့ သုခပဋိပဒါခိပ္ပါဘိညကို သိရာ၏။

ဤသို့ ပြဆိုခဲ့သောနည်းအားဖြင့် ပုဂ္ဂိုလ်တို့ အစဉ်အတိုင်းရအပ်သော သမာဓိကို စွဲ၍–

- ဒုက္ခပဋိပဒါဒန္ဓာဘိညသမာဓိ, - ဒုက္ခပဋိပဒါခိပ္ပါဘိညသမာဓိ,
- သုခပဋိပဒါဒန္ဓာဘိညသမာဓိ, - သုခပဋိပဒါခိပ္ပါဘိညသမာဓိ မည်၏။

ထိုသမာဓိ ၄-ပါးသည်လည်း ပုထုဇဉ်ပုဂ္ဂိုလ်တို့ ရအပ်သော သမာဓိပင်တည်း-ဟု မှတ်ရာ၏။ ဤသို့ ပဌမစတုက္က၌ သမာဓိ ၄-ပါးတို့၏ အဓိပ္ပါယ်ကို သိရာ၏။

အသပ္ပါယသေဝိတာဒိ၌ ဒုတိယစတုက္ကပုဗ္ဗကိစ္စ၊ အပ္ပနာကောသလ္လ၊ တဏှာဘိဘူတ၊ အဝိဇ္ဇာဘိဘူတ၊ အကတာဓိကာရ၊ တိဗ္ဗကိလေသ၊ တိက္ခိန္ဒြိယ-စသည်ကိုယူ။

ဒုတိယစတုက္က၌–

- အကြင်သမာဓိသည် မလေ့ကျက်အပ်သည်ဖြစ်၍ အထက်ဈာန်၏ အကြောင်းဖြစ်ခြင်းငှာ မတတ်နိုင်။ မပွါးအပ်သော အာရုံ၌လည်း ဖြစ်၏။ ထိုသမာဓိသည် **ပရိတ္တပရိတ္တာရမ္မဏသမာဓိ** မည်၏။
- အကြင်သမာဓိသည် မလေ့ကျက်အပ်ဖြစ်၍ အထက်ဈာန်၏ အကြောင်းဖြစ်ခြင်းငှာ မတတ်နိုင်။ ပွါးအပ်သော အာရုံ၌ ဖြစ်၏။ ထိုသမာဓိသည် **ပရိတ္တအပ္ပမာဏာရမ္မဏသမာဓိ** မည်၏။
- အကြင်သမာဓိသည် လေ့ကျက်အပ်, ကောင်းစွာ ပွါးအပ်သည်ဖြစ်၍ အထက်ဈာန်၏ အကြောင်းဖြစ်ခြင်းငှာ စွမ်းနိုင်၏။ မပွါးအပ်သော အာရုံ၌ ဖြစ်၏။ ထိုသမာဓိသည် **အပ္ပမာဏပရိတ္တာရမ္မဏသမာဓိ** မည်၏။
- အကြင်သမာဓိသည် လေ့ကျက်အပ်, ကောင်းစွာ ပွါးအပ်သည်ဖြစ်၍ အထက်ဈာန်၏ အကြောင်းဖြစ်ခြင်းငှာလည်း စွမ်းနိုင်၏။ ပွါးအပ်သော အာရုံ၌လည်း ဖြစ်၏။ ထိုသမာဓိသည် **အပ္ပမာဏအပ္ပမာဏာရမ္မဏသမာဓိ** မည်၏။

ထိုသမာဓိ ၄-ပါးသည်လည်း ပုထုဇဉ်ပုဂ္ဂိုလ်တို့ ရအပ်သော သမာဓိပင်တည်း-ဟု မှတ်ရာ၏။ ဤသို့ ဒုတိယစတုက္က၌ သမာဓိ ၄-ပါးတို့၏ အဓိပ္ပါယ်ကို သိရာ၏။

တတိယစတုက္က၌–

- ပဌမစျာန်နှင့်ယှဉ်သော သမာဓိသည် **ပဌမစျာနသမာဓိ** မည်၏။
- ဒုတိယစျာန်နှင့်ယှဉ်သော သမာဓိသည် **ဒုတိယစျာနသမာဓိ** မည်၏။
- တတိယစျာန်နှင့်ယှဉ်သော သမာဓိသည် **တတိယစျာနသမာဓိ** မည်၏။
- စတုတ္ထစျာန်နှင့်ယှဉ်သော သမာဓိသည် **စတုတ္ထစျာနသမာဓိ** မည်၏။

ထိုသမာဓိ ၄-ပါးသည်လည်း ပုထုဇဉ်ပုဂ္ဂိုလ်တို့ ရအပ်သော သမာဓိပင်တည်း-ဟု မှတ်ရာ၏။ ဤသို့ တတိယစတုက္က၌ ၄-ပါးကုန်သော သမာဓိတို့၏ အဓိပ္ပါယ်ကို သိရာ၏။

စတုတ္ထစတုက္က၌–

- သမာဓိ၏ ဆန့်ကျင်ဘက်တရားတို့ကို လေ့ကျက်သည်၏ အစွမ်းဖြင့် ဖြစ်သော သမာဓိသည် **ဟာနဘာဂိယသမာဓိ** မည်၏။
- ထိုစျာန်အားလျော်စွာ ဆန့်ကျင်ဘက်မရှိသော သတိဖြင့် တည်သော သမာဓိသည် **ဌိတိဘာဂိယသမာဓိ** မည်၏။
- အထက်၌ တရားအထူးကို ရခြင်း၏ အစွမ်းဖြင့်ဖြစ်သော သမာဓိသည် **ဝိသေသ-ဘာဂိယသမာဓိ** မည်၏။
- နိဗ္ဗိဒါဉာဏ်နှင့် တကွဖြစ်သော သမာဓိသည် **နိဗ္ဗိဒါဘာဂိယသမာဓိ** မည်၏။

ထိုသမာဓိ ၄-ပါးသည်လည်း ပုထုဇဉ်ပုဂ္ဂိုလ်တို့ ရအပ်သော သမာဓိပင်တည်း-ဟု မှတ်ရာ၏။ ဤသို့ စတုတ္ထစတုက္က၌ ၄-ပါးကုန်သော သမာဓိတို့၏ အဓိပ္ပါယ်ကို သိရာ၏။

ပဥ္စမစတုက္က၌–

- ဥပစာရသမာဓိသည် **ကာမာဝစရသမာဓိ** မည်၏။
- ရူပါဝစရစိတ်၌ ယှဉ်သော သမာဓိသည် **ရူပါဝစရသမာဓိ** မည်၏။
- အရူပါဝစရစိတ်၌ ယှဉ်သော သမာဓိသည် **အရူပါဝစရသမာဓိ** မည်၏။
- လောကုတ္တရာစိတ်၌ ယှဉ်သော သမာဓိသည် **အပရိယာပန္နသမာဓိ** မည်၏။

ထိုသမာဓိ ၄-ပါးတို့တွင် ကာမာဝစရသမာဓိ, ရူပါဝစရသမာဓိ, အရူပါဝစရသမာဓိ၊ ၃-ပါးတို့သည် ပုထုဇဉ်ပုဂ္ဂိုလ်တို့ ရအပ်သော သမာဓိပင်တည်း-ဟု မှတ်ရာ၏။ ဤသို့ ပဥ္စက စတုက္က၌ ၄-ပါးကုန်သော သမာဓိတို့၏ အဓိပ္ပါယ်ကို သိရာ၏။

ဆဌစတုက္ကဥ်-

- ဆန္ဒာဓိပတိ၏ အစွမ်းအားဖြင့် ရအပ်သော သမာဓိသည် ဆန္ဒသမာဓိ မည်၏။
- ဝီရိယာဓိပတိ၏ အစွမ်းအားဖြင့် ရအပ်သော သမာဓိသည် ဝီရိယသမာဓိ မည်၏။
- စိတ္တာဓိပတိ၏ အစွမ်းအားဖြင့် ရအပ်သော သမာဓိသည် စိတ္တသမာဓိ မည်၏။
- ဝီမံသာဓိပတိ၏ အစွမ်းအားဖြင့် ရအပ်သော သမာဓိသည် ဝီမံသသမာဓိ မည်၏။

ထိုသမာဓိ ၄-ပါးတို့သည်လည်း ပုထုဇဉ်ပုဂ္ဂိုလ်တို့ ရအပ်သော သမာဓိပင်တည်း-ဟု မှတ်ရာ၏။ ဤသို့ ဆဌစတုက္ကဥ် ၄-ပါးကုန်သော သမာဓိတို့၏ အဓိပ္ပါယ်ကို သိရာ၏။

ပဥ္စကစတုက္ကဥ်-

- ပဌမဈာန်နှင့် ယှဉ်သော သမာဓိသည် ပဌမဈာနသမာဓိ မည်၏။
- ဒုတိယဈာန်နှင့် ယှဉ်သော သမာဓိသည် ဒုတိယဈာနသမာဓိ မည်၏။
- တတိယဈာန်နှင့် ယှဉ်သော သမာဓိသည် တတိယဈာနသမာဓိ မည်၏။
- စတုတ္ထဈာန်နှင့် ယှဉ်သော သမာဓိသည် စတုတ္ထဈာနသမာဓိ မည်၏။
- ပဥ္စမဈာန်နှင့်ယှဉ်သော သမာဓိသည် ပဥ္စမဈာနသမာဓိ မည်၏။

ထိုသမာဓိ ၅-ပါးတို့သည်လည်း ပုထုဇဉ်ပုဂ္ဂိုလ်တို့ ရအပ်သော သမာဓိပင်တည်း-ဟု မှတ်ရာ၏။ ဤသို့ ပဥ္စကစတုက္ကဥ် ၅-ပါးကုန်သော သမာဓိတို့၏ အဓိပ္ပါယ်ကို သိရာ၏။

စင်စစ်အားဖြင့်ကား ယခုပြဆိုခဲ့ပြီးသော သမာဓိတို့တွင် လောကုတ္တရာသမာဓိ, အပ္ပမာဏသမာဓိ, အပရိယာပန္နသမာဓိ၊ ဤ ၃-ပါးမှ ကြွင်းသော သမာဓိတို့သည် ပုထုဇဉ်ပုဂ္ဂိုလ်တို့ ရသင့်, ရထိုက်သော သမာဓိပင်တည်း-ဟု မှတ်ရာ၏။

ပဋိသမ္ဘိဒါမဂ်၊ ဣန္ဒြိယကထာ၌ လာသော ဒေသနာနည်းဖြင့်သော်ကား ပုထုဇဉ်ပုဂ္ဂိုလ်တို့ ပွါးအပ်သော သမာဓိသည် ၇-ပါးသော အခြင်းအရာတို့ဖြင့် ထင်ခြင်း၌ လိမ္မာ၏။

၇-ပါးဟူသော်ကား-

- အာရုံ၏ ထင်ခြင်း၌ လိမ္မာသည်။
- သမထနိမိတ်၏ ထင်ခြင်း၌ လိမ္မာသည်။
- ပဂ္ဂဟနိမိတ်၏ ထင်ခြင်း၌ လိမ္မာသည်။
- အဝိက္ခေပနိမိတ်၏ ထင်ခြင်း၌ လိမ္မာသည်။

- ဩဘာသ၏ ထင်ခြင်း၌ လိမ္မာသည်။
- သံပဟံသန၏ ထင်ခြင်း၌ လိမ္မာသည်။
- ဥပေက္ခာ၏ ထင်ခြင်း၌ လိမ္မာသည်။ ဤသို့ ၇-ပါးတည်း။

ထို့ကြောင့် ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ ဣန္ဒြိယကထာ၌–

ပုထုဇ္ဇနော သမာဓိ ဘာဝေန္တော သတ္တဟာ'ကာရေဟိ ဥပဋ္ဌာနကုသလော ဟောတိ။ ပုထုဇ္ဇနော သမာဓိ ဘာဝေန္တော ကတမေဟိ သတ္တဟာ'ကာရေဟိ ဥပဋ္ဌာနကုသလော ဟောတိ?

အာဝဇ္ဇိတတ္တာ အာရမ္မဏူပဋ္ဌာနကုသလော ဟောတိ၊
သမထနိမိတ္တုပဋ္ဌာနကုသလော ဟောတိ၊
ပဂ္ဂဟနိမိတ္တုပဋ္ဌာနကုသလော ဟောတိ၊
အဝိက္ခေပူ'ပဋ္ဌာနကုသလော ဟောတိ၊
ဩဘာသူပဋ္ဌာနကုသလော ဟောတိ၊
သံပဟံသနူပဋ္ဌာနကုသလော ဟောတိ၊
ဥပေက္ခုပဋ္ဌာနကုသလော ဟောတိ။

ပုထုဇ္ဇနော သမာဓိ ဘာဝေန္တော ဣမေဟိ သတ္တဟာ'ကာရေဟိ ဥပဋ္ဌာနကုသလော ဟောတိ။

ဟူ၍ ဟောတော်မူသည်။ (ပဋိသံ၊ ၂၂၃)

ပုထုဇ္ဇနော၊ ပုထုဇဉ်ပုဂ္ဂိုလ်သည်။ သမာဓိ ဘာဝေန္တော၊ သမာဓိကို ပွါးစေသည်ရှိသော်။ သတ္တဟာ'ကာရေဟိ၊ ၇-ပါးကုန်သော အခြင်းအရာတို့ဖြင့်။ ဥပဋ္ဌာနကုသလော၊ ထင်ခြင်း၌ လိမ္မာသည်။ ဟောတိ၊ ဖြစ်၏။ ပုထုဇ္ဇနော၊ ပုထုဇဉ်ပုဂ္ဂိုလ်သည်။ သမာဓိ ဘာဝေန္တော၊ သမာဓိကို ပွါးသည်ရှိသော်။ ကတမေဟိ သတ္တဟာ'ကာရေဟိ၊ အဘယ် ၇-ပါးကုန်သော အခြင်းအရာတို့ဖြင့်။ ဥပဋ္ဌာနကုသလော၊ ထင်ခြင်း၌ လိမ္မာသည်။ ဟောကိ၊ ဖြစ်သနည်း။

အာဝဇ္ဇိတတ္တာ၊ ကသိုဏ်း-အစရှိသော နိမိတ်ကို ဆင်ခြင်ခြင်းကြောင့်–

၁။ အာရမ္မဏူပဋ္ဌာနကုသလော၊ အာရုံ၏ သမထနိမိတ်၏ ထင်ခြင်း၌ လိမ္မာသည်။ ဟောတိ၊ ဖြစ်၏။

၂။ သမထနိမိတ္တုပဋ္ဌာနကုသလော၊ သမထနိမိတ်၏ ထင်ခြင်း၌ လိမ္မာသည်။ ဟောတိ၊ ဖြစ်၏။

၃။ ပဂ္ဂဟနိမိတ္တူပဋ္ဌာနကုသလော၊ ပဂ္ဂဟနိမိတ်၏ ထင်ခြင်း၌ လိမ္မာသည်။ ဟောတိ၊ ဖြစ်၏။

၄။ အဝိက္ခေပူ'ပဋ္ဌာနကုသလော၊ မပျံ့လွင့်ခြင်း အဝိက္ခေပ၌ လိမ္မာသည်။ ဟောတိ၊ ဖြစ်၏။

၅။ ဩဘာသူပဋ္ဌာနကုသလော၊ ဩဘာသ၏ ထင်ခြင်း၌ လိမ္မာသည်။ ဟောတိ၊ ဖြစ်၏။

၆။ သံပဟံသနူပဋ္ဌာနကုသလော၊ ရွှင်ခြင်း သံပဟံသန၏ ထင်ခြင်း၌ လိမ္မာသည်။ ဟောတိ၊ ဖြစ်၏။

၇။ ဥပေက္ခူပဋ္ဌာနကုသလော၊ ဥပေက္ခာ၏ ထင်ခြင်း၌ လိမ္မာသည်။ ဟောတိ၊ ဖြစ်၏။

ပုထုဇ္ဇနော၊ ပုထုဇဉ်ပုဂ္ဂိုလ်သည်။ သမာဓိ ဘာဝေန္တော၊ သမာဓိကို ပွါးသည်ရှိသော်။ ဣမေဟိ သတ္တဟာ'ကာရေဟိ၊ ဤ ၇-ပါးကုန်သော အခြင်းအရာတို့ဖြင့်။ ဥပဋ္ဌာနကုသလော၊ ထင်ခြင်း၌ လိမ္မာသည်။ ဟောတိ၊ ဖြစ်၏။

ထိုပါဠိတော်၌ "အာဝဇ္ဇိတတ္တာ"ဟူသည်ကား ကသိုဏ်း-အစရှိသော နိမိတ်ကို ဆင်ခြင်ခြင်းကြောင့် ကသိုဏ်း-အစရှိသော ပရိကံကို ပြု၏။ ထိုပရိကံ၌ ဖြစ်စေအပ်သော နိမိတ်ကို ဆင်ခြင်သည်၏ အဖြစ်ကြောင့်-ဟူလို။

ထို့ကြောင့် သဒ္ဓမ္မပ္ပကာသိနီမည်သော ၎င်းပဋိသမ္ဘိဒါမဂ်၊ အဖွင့်အဋ္ဌကထာ(၂။၁၄၄)၌-

အာဝဇ္ဇိတတ္တာတိ ကသိဏာဒိနိမိတ္တဿ အာဝဇ္ဇိတတ္တာ၊ ကသိဏာဒိပရိကမ္မံ ကတွာ တတ္ထ ဥပ္ပါဒိတနိမိတ္တတ္တာတိ ဝုတ္တံ ဟောတိ။

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

အာဝဇ္ဇိတတ္တာတိ၊ အာဝဇ္ဇိတတ္တာ-ဟူသည်ကား။ ကသိဏာဒိနိမိတ္တဿ၊ ကသိုဏ်း-စသော နိမိတ်ကို။ အာဝဇ္ဇိတတ္တာ၊ ဆင်ခြင်ခြင်းကြောင့်။ ကသိဏာဒိပရိကမ္မံ၊ ကသိုဏ်း-စသော ပရိကံကို။ ကတွာ၊ ပြု၍။ တတ္ထ၊ ထိုပရိကံ၌။ ဥပ္ပါဒိတနိမိတ္တတ္တာ၊ ဖြစ်စေအပ်သော နိမိတ်၏အဖြစ်ကြောင့်။ ဣတိ၊ ဤသို့။ ဝုတ္တံ ဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ၏။

အာရမ္မဏူပဋ္ဌာနကုသလ-ဟူသည် ထိုဖြစ်စေအပ်သော နိမိတ်၏ ထင်ခြင်း၌ လိမ္မာသည် ဟူလို။ ထို့ကြောင့် ၎င်းအဖွင့်အဋ္ဌကထာ၌-

အာရမ္မဏူပဋ္ဌာနကုသလောတိ တဿ ဥပ္ပါဒိတဿ နိမိတ္တဿေဝ ဥပဋ္ဌာနေ ကုသလော။

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

အာရမ္မဏူပဋ္ဌာနကုသလောတိ၊ အာရမ္မဏူပဋ္ဌာနကုသလော-ဟူသည်ကား။ တဿ ဉပ္ပါဒိတဿ၊ ထိုဖြစ်စေအပ်သော။ နိမိတ္တဿဝ၊ နိမိတ်၏သာလျှင်။ ဉပဋ္ဌာနေ ကုသလော၊ ထင်ခြင်း၌ လိမ္မာသည်တည်း။

"**သမထနိမိတ္တုပဋ္ဌာနကုသလ**"ဟူသည်ကား အလွန်အားထုတ်သော ဝီရိယရှိသည်၏အဖြစ် အစရှိသည်ဖြင့် စိတ်တုန်လှုပ်သော် ပဿဒ္ဓိသံဗောဇ္ဈင်, သမာဓိသံဗောဇ္ဈင်, ဉပေက္ခာသံဗောဇ္ဈင်ကို ပွါးသည်၏ အစွမ်းအားဖြင့် စိတ်၏ ငြိမ်သက်ခြင်း နိမိတ်၌ လိမ္မာသည် ဟူလို။ ထို့ကြောင့် ၎င်းအဋ္ဌကထာ၌ –

> **သမထနိမိတ္တုပဋ္ဌာနကုသလောတိ အစ္စာရဒ္ဓဝီရိယတာဒီဟိ ဉဒ္ဓတ္တေ စိတ္တေ ပဿဒ္ဓိ-သမာဓိဉပေက္ခာသံဗောဇ္ဈင်္ဂဘာဝနာဝသေန စိတ္တောပသမနိမိတ္တဿ ဉပဋ္ဌာနေ ကုသလော။**

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

သမထနိမိတ္တုပဋ္ဌာနကုသလောတိ၊ **သမထနိမိတ္တုပဋ္ဌာနကုသလော**-ဟူသည်ကား။ အစ္စာရဒ္ဓဝီရိယတာဒီဟိ၊ အလွန်အားထုတ်သော ဝီရိယရှိသည်၏အဖြစ်- အစရှိသည်တို့ဖြင့်။ စိတ္တေ၊ စိတ်သည်။ ဉဒ္ဓတ္တေ၊ တုန်လှုပ်သော်။ ပဿဒ္ဓိသမာဓိဉပေက္ခာသံဗောဇ္ဈင်္ဂဘာဝနာ-ဝသေန၊ ပဿဒ္ဓိသံဗောဇ္ဈင်, သမာဓိသံဗောဇ္ဈင်, ဉပေက္ခာသံဗောဇ္ဈင်ကို ပွါးသည်၏ အစွမ်းအားဖြင့်။ စိတ္တောပသမနိမိတ္တဿ၊ စိတ်၏ငြိမ်သက်ကြောင်း နိမိတ်၏။ ဉပဋ္ဌာနေ ကုသလော၊ ထင်ခြင်း၌ လိမ္မာခြင်းတည်း။

**ပဂ္ဂဟနိမိတ္တုပဋ္ဌာနကုသလ**-ဟူသည်ကား အလွန်လျော့သော ဝီရိယရှိသည်၏ အဖြစ်-အစရှိသည်ဖြင့် စိတ်တွန့်တိုသော် ဓမ္မဝိစယသံဗောဇ္ဈင်, ပီတိသံဗောဇ္ဈင်ကို ပွါးသည်၏အစွမ်းဖြင့် ချီးမြှင့်အပ်သော နိမိတ်၏ထင်ခြင်း၌ လိမ္မာသည်-ဟူလို။ ထို့ကြောင့် ၎င်းအဋ္ဌ-ကထာ၌-

> **ပဂ္ဂဟနိမိတ္တုပဋ္ဌာနကုသလောတိ အတိသိထိလဝီရိယတာဒီဟိ လီနေ စိတ္တေ ဓမ္မ-ဝိစယပီတိသံဗောဇ္ဈင်္ဂဘာဝနာဝသေန စိတ္တပဂ္ဂဟနိမိတ္တဿ ဉပဋ္ဌာနေ ကုသလော။**

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ပဂ္ဂဟနိမိတ္တုပဋ္ဌာနကုသလောတိ၊ **ပဂ္ဂဟနိမိတ္တုပဋ္ဌာနကုသလော**-ဟူသည်ကား။ သိထိလဝီရိယတာဒီဟိ၊ လျော့သော ဝီရိယရှိသည်၏အဖြစ် အစရှိသည်တို့ဖြင့်။ စိတ္တေ၊ စိတ်သည်။ လီနေ၊ တွန့်တိုလတ်သော်။ ဓမ္မဝိစယပီတိသံဗောဇ္ဈင်္ဂဘာဝနာဝသေန၊ ဓမ္မဝိစယ,

ပီတိသံဗောဇ္ဈင်္ဂဘာဝနာ၏ အစွမ်းဖြင့်။ စိတ္တပဂ္ဂဟနိမိတ္တာဿ၊ စိတ်ကို ချီးမြှင့်သော နိမိတ်၏။ ဥပဋ္ဌာနေ ကုသလော၊ ထင်ခြင်း၌ လိမ္မာ၏။

အဝိက္ခေပုပဋ္ဌာနကုသလ-ဟူသည်ကား မတုန်မလှုပ် မတွန့်မတိုသော စိတ်၏ သမ္မယုတ္တဖြစ်သော သမာဓိ၏ ထင်ခြင်း၌ လိမ္မာသည်-ဟူလို။ ထို့ကြောင့် ၎င်းအဋ္ဌကထာ၌-

> အဝိက္ခေပုပဋ္ဌာနကုသလောတိ အနုဒ္ဓတာ လီနစိတ္တဿ သမ္ပယုတ္တဿ သမာဓိဿ ဥပဋ္ဌာနေ ကုသလော။

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

အဝိက္ခေပုပဋ္ဌာနကုသလောတိ၊ အဝိက္ခေပုပဋ္ဌာနကုသလောဟူသည်ကား။ အနုဒ္ဓတာ လီနစိတ္တဿ၊ မတုန်လှုပ် မတွန့်တိုသော စိတ်၏။ သမ္ပယုတ္တဿ သမာဓိဿ၊ သမ္ပယုတ်ဖြစ်သော သမာဓိ၏။ ဥပဋ္ဌာနေ ကုသလော၊ ထင်ခြင်း၌ လိမ္မာသည်။

ဩဘာသူပဋ္ဌာနကုသလ-ဟူသည်ကား ပညာပယောဂအားဖြင့် နည်းသည်၏ အဖြစ်ဖြင့် အာသာကင်းသောစိတ် ဖြစ်လတ်သော် ၈-ပါးသော သံဝေဂဝတ္ထုကို ဆင်ခြင်သဖြင့် စိတ်ကို ထိတ်လန့်စေ၍ ဉာဏ်တည်းဟူသော အရောင်၏ ထင်ခြင်း၌ လိမ္မာသည်-ဟူလို။ ထို့ကြောင့် ၎င်းအဋ္ဌကထာ၌-

> ဩဘာသူပဋ္ဌာနကုသလောတိ ပညာပယောဂမန္ဒတာယ နိရဿာဒေ စိတ္တေ ဥပ္ပန္နေ အဋ္ဌသံဝေဂဝတ္ထုပစ္စဝေက္ခဏေန စိတ္တံ သံဝေဇေတွာ ဉာဏောဘာသဿ ဥပဋ္ဌာနေ ကုသလော။

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဩဘာသူပဋ္ဌာနကုသလောတိ၊ ဩဘာသူပဋ္ဌာနကုသလော-ဟူသည်ကား။ ပညာပယောဂမန္ဒတာယ၊ ပညာပယောဂ နည်းသည်၏အဖြစ်ဖြင့်။ နိရဿာဒေ၊ အဿာဒ ကင်းသော။ စိတ္တေ၊ စိတ်သည်။ ဥပ္ပန္နေ၊ ဖြစ်လတ်သော်။ အဋ္ဌသံဝေဂဝတ္ထုပစ္စဝေက္ခဏေန၊ ၈-ပါးသော သံဝေဂဝတ္ထုကို ဆင်ခြင်ခြင်းဖြင့်။ စိတ္တံ၊ စိတ်ကို။ သံဝေဇေတွာ၊ ထိတ်လန့်စေ၍။ ဉာဏောဘာသဿ၊ ဉာဏ်-တည်းဟူသော အရောင်၏။ ဥပဋ္ဌာနေ ကုသလော၊ ထင်ခြင်း၌ လိမ္မာသည်။

- ပဋိသန္ဓေနေရခြင်း၊
- အိုရခြင်း၊
- နာရခြင်း၊
- သေရခြင်း၊
- အပါယ်ဘုံ၌ ဖြစ်သော ဆင်းရဲ၊

- အတိတ်ကာလ၌ ဝဋ်လျှင် အကြောင်းရင်းရှိသော ဆင်းရဲ၊

- အနာဂတ်ကာလ၌ ဝဋ်လျှင် အကြောင်းရင်းရှိသော ဆင်းရဲ၊

- ပစ္စုပ္ပန်ဘဝ၌ ဝမ်းစာ ရှာမှီးရခြင်းကြောင့်ဖြစ်သော ဆင်းရဲ-

ဤကား ထိတ်လန့်ရာသော သံဝေဂဝတ္ထု ၈-ပါးတည်း။

**သံပဟံသနူပဋ္ဌာနကုသလ**-ဟူသည်ကား ငြိမ်သက်သော သုခကို *(မ)*ရသဖြင့် အဿာဒ ကင်းသောစိတ် ဖြစ်လတ်သော် ရတနာ ၃-ပါးတို့၏ ဂုဏ်ကို အောက်မေ့သဖြင့် စိတ်ကို ကြည်စေလျက် ရွှင်ခြင်း၌ လိမ္မာသည်-ဟူလို။

ထို့ကြောင့် ဋီကာ၌-

> **သမ္ပဟံသနူပဋ္ဌာနကုသလောတိ** ဥပသမသုခါ*(န)*ဓိဂမေန နိရဿာဒေ စိတ္တေ ဗုဒ္ဓဓမ္မသံဃဂုဏာနုဿရဏေန စိတ္တံ ပသာဒေန္တော သံပဟံသနဿ ဥပဋ္ဌာနေ ကုသလော။

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

သမ္ပဟံသနူပဋ္ဌာနကုသလောတိ၊ **သမ္ပဟံသနူပဋ္ဌာနကုသလော**-ဟူသည်ကား။ ဥပသမသုခါ*(န)*ဓိဂမေန၊ ငြိမ်သက်သော သုခကို *(မ)*ရသဖြင့်။ နိရဿာဒေ၊ အာသာကင်းသော။ စိတ္တေ၊ စိတ်သည်။ ဥပ္ပန္နေ၊ ဖြစ်လတ်သော်။ ဗုဒ္ဓဓမ္မသံဃဂုဏာနုဿရဏေန၊ ဘုရား, တရား, သံဃာ၏ဂုဏ်ကို အောက်မေ့သဖြင့်။ စိတ္တံ၊ စိတ်ကို။ ပသာဒေန္တော၊ ကြည်စေလျက်။ သမ္ပဟံသနဿ၊ ရွှင်ခြင်း၏။ ဥပဋ္ဌာနေ ကုသလော၊ ထင်ခြင်း၌ လိမ္မာသည်။

**ဥပေက္ခုပဋ္ဌာနကုသလ**-ဟူသည်ကား တုန့်လှုပ်ခြင်း-စသော အပြစ်မှ ကင်းသော စိတ်ဖြစ်လတ်သော် နှိပ်ခြင်း, ချီးမြှင့်ခြင်း-အစရှိသည်တို့၌ ကြောင့်ကြမရှိသည်၏ အဖြစ်ကို ပြုသဖြင့် ဥပေက္ခာ၏ ထင်ခြင်း၌ လိမ္မာသည်-ဟူလို။

ထို့ကြောင့် ဋီကာ၌-

> **ဥပေက္ခုပဋ္ဌာနကုသလောတိ** ဥဒ္ဓတာဒိဒေါသဝိရဟိတေ စိတ္တေ နိဂ္ဂဟပဂ္ဂဟာ-ဒီသု ဗျာပါရာဘာဝေန ဥပေက္ခာယ ဥပဋ္ဌာနေ ကုသလော။

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (ပဋိသံ၊ဋ္ဌ၊၂။၁၄၅)

ဥပေက္ခုပဋ္ဌာနကုသလောတိ၊ **ဥပေက္ခုပဋ္ဌာနကုသလော**-ဟူသည်ကား။ ဥဒ္ဓတာ-ဒိဒေါသဝိရဟိတေ၊ တုန့်လှုပ်ခြင်း-စသော အပြစ်မှ ကင်းသော။ စိတ္တေ၊ စိတ်သည်။ ဥပ္ပန္နေ၊

ဖြစ်လတ်သော်။ နိဂ္ဂဟပဂ္ဂဟာဒီသု၊ နှိပ်ခြင်း, ချီးမြှင့်ခြင်း- စသည်တို့၌။ ဗျာပါရာဘာဝေန၊ ကြောင့်ကြမရှိသဖြင့်။ ဥပေက္ခာယ၊ ဥပေက္ခာ၏။ ဥပဋ္ဌာနေ၊ ထင်ခြင်း၌။ ကုသလော၊ လိမ္မာသည်တည်း။

ဤသို့ ပြဆိုခဲ့ပြီးသော ပါဠိ, အဋ္ဌကထာတို့ဖြင့်လည်း ပုထုဇန်ပုဂ္ဂိုလ်တို့ သမာဓိကို ရသင့်, ရထိုက်ကြောင်းကို သိရာ၏။ ပဋိသမ္ဘိဒါမဂ်ပါဠိတော်၊ သမာဓိဘာဝနာမယဉာဏ-ကထာ၌ ဗုဒ္ဓါနုဿတိ-စသော အနုဿတိ ၆-ပါးတို့၏ အစွမ်းဖြင့် ရအပ်သော သမာဓိ ၆-ပါး။ ဤဆက္ကေ၌ အမိပ္ပါယ်ကို သိလွယ်၏။

- သမာဓိ၌ လိမ္မာခြင်း၊
- သမာဓိကို ဝင်စားခြင်း၌ လိမ္မာခြင်း၊
- သမာဓိ၏ တည်ခြင်း၌ လိမ္မာခြင်း၊
- သမာဓိမှ ထမြောက်ခြင်း၌ လိမ္မာခြင်း၊
- သမာဓိ၏ ခန့်သည်၏အဖြစ်၌ လိမ္မာခြင်း၊
- သမာဓိ၏ အာရုံ၌ လိမ္မာခြင်း၊
- သမာဓိကို ဆောင်ခြင်း၌ လိမ္မာခြင်း — **ဟူ၍ သမာဓိ ၇-ပါး။**

ထို ၇-ပါးတို့တွင် ကောဝိဓ-အစရှိသော **သမာဓိအပြားတို့၌ လိမ္မာခြင်းသည် သမာဓိ၌ လိမ္မာသည်** မည်၏။ ထို့ကြောင့် သဒ္ဓမ္မပကာသိနီ-မည်သော ဋီကာအဋ္ဌကထာ၌–

> သမာဓိကုသလတာတိ ဧကဝိဓာဒိဘေဒေန အနေကဘေဒေ သမာဓိမှိ "အယံ-မေ'ဝံဝိဓော သမာဓိ၊ အယမေ'ဝံဝိဓော သမာဓီ"တိ ဆေကဘာဝေါ။ သမာဓိ-ပရိစ္ဆေဒကပညာယေ'တံ အဓိဝစနံ။

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (ပဋိသံ၊ဋ္ဌ၁။၂၁၄)

သမာဓိကုသလတာတိ၊ သမာဓိကုသလတာ-ဟူသည်ကား။ ဧကဝိဓာဒိဘေဒေန၊ ၁-ပါး အစရှိသော အပြားဖြင့်။ အနေကဘေဒေ၊ များသော အပြားရှိသော။ သမာဓိမှိ၊ သမာဓိ၌။ အယံ သမာဓိ၊ ဤသမာဓိသည်။ ဧဝံဝိဓော၊ ဤသို့ ပြား၏။ အယံ သမာဓိ၊ ဤ သမာဓိသည်။ ဧဝံဝိဓော၊ ဤသို့ ပြား၏။ ဣတိ၊ ဤသို့။ ဆေကဘာဝေါ၊ လိမ္မာသည်၏ အဖြစ်။ ဧတံ၊ ဤသမာဓိကုသလတာ-ဟူသော အမည်သည်။ သမာဓိပရိစ္ဆေဒကပညာယ၊ သမာဓိကို ပိုင်းခြားသော ပညာ၏။ အဓိဝစနံ၊ အမည်တည်း။

သမာဓိကို ဝင်စားခြင်း၌ လိမ္မာခြင်း-ဟူသည်ကား ဖြစ်စေအပ်သော သမာဓိကို ဝင်စားခြင်း၌ လိမ္မာခြင်းတည်း။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ(ပဋိသံ၊ဋ္ဌ၊၁။၂၁၄)၌–

သမာဓိဿ သမာပတ္တိကုသလတာတိ ဥပ္ပါဒိတဿ သမာဓိဿ သမာပဇ္ဇနေ ဆေကဘာဝေါ။ ဧတေန သမာပဇ္ဇနဝသိတာ ဝုတ္တာ ဟောတိ။

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

သမာဓိဿ၊ သမာဓိ၏။ သမာပတ္တိကုသလတာတိ၊ ဝင်စားခြင်း၌ လိမ္မာသည်-ဟူသည်ကား။ ဥပ္ပါဒိတဿ၊ ဖြစ်စေအပ်သော။ သမာဓိဿ၊ သမာဓိကို။ သမာပဇ္ဇနေ၊ ဝင်စားခြင်း၌။ ဆေကဘာဝေါ၊ လိမ္မာသည်၏ အဖြစ်။ ဧတေန၊ ထိုသမာဓိဿ သမာပတ္တိကုသလတာ-ဟူသော ပုဒ်ဖြင့်။ သမာပဇ္ဇနဝသိတာ၊ သမာပဇ္ဇနဝသီ၏ အဖြစ်ကို။ ဝုတ္တာ၊ ဟောတော်မူအပ်၏။

**သမာဓိ၏ တည်ခြင်း၌ လိမ္မာခြင်း**-ဟူသည်ကား ဝင်စားအပ်သော သမာဓိအစဉ်၏ အစွမ်းအားဖြင့် အလိုအတိုင်း ထားခြင်း၌ လိမ္မာခြင်းတည်း။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌-

သမာဓိဿ ဌိတိကုသလတာတိ သမာပန္နဿ သမာဓိဿ သန္တတိဝသေန ယထာ-ရုစိ ဌပနေ ဆေကဘာဝေါ။ ဧတေန အဓိဋ္ဌာနဝသိတာ ဝုတ္တာ ဟောတိ။

ဟူသော ပါဠ်(ပဋိသံ၊ဋ္ဌ၊၁။၂၁၄)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

သမာဓိဿ၊ သမာဓိ၏။ ဌိတိကုသလတာတိ၊ တည်ခြင်း၌ လိမ္မာသည်-ဟူသည်ကား။ သမာပန္နဿ၊ ဝင်စားအပ်သော။ သမာဓိဿ၊ သမာဓိ၏။ သန္တတိဝသေန၊ အစဉ်၏ အစွမ်းဖြင့်။ ယထာရုစိ၊ အလိုအတိုင်း။ ဌပနေ၊ ထားခြင်း၌။ ဆေကဘာဝေါ၊ လိမ္မာသည်၏ အဖြစ်။ ဧတေန၊ ထိုသမာဓိဿ ဌိတိကုသလတာ-ဟူသော ပုဒ်ဖြင့်။ အဓိဋ္ဌာနဝသိတာ၊ အဓိဋ္ဌာနဝသီ၏အဖြစ်ကို။ ဝုတ္တာ၊ မိန့်အပ်၏။

သမာဓိမှ ထမြောက်ခြင်း၌ လိမ္မာခြင်း-ဟူသည်ကား အစဉ်၏ အစွမ်းအားဖြင့် အလိုအတိုင်း ဖြစ်စေအပ်သော သမာဓိ၏ ပိုင်းခြားအပ်သော ကာလဖြင့် သမာဓိမှ ထခြင်း၌ လိမ္မာခြင်းတည်း။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ(ပဋိသံ၊ဋ္ဌ၊၁။၂၁၅)၌—

သမာဓိဿ ဝုဋ္ဌာနကုသလတာတိ သန္တတိဝသေန ယထာရုစိ ပဝတ္တဿ သမာဓိဿ ယထာပရိစ္ဆိန္နကာလေယေဝ ဝုဋ္ဌာနေန သမာဓိဿ ဝုဋ္ဌာနေ ဆေက-ဘာဝေါ။ ဧတေန ဝုဋ္ဌာနဝသိတာ ဝုတ္တာ ဟောတိ။

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

သမာဓိဿ၊ သမာဓိမှ။ ဝုဋ္ဌာနကုသလတာတိ၊ ထခြင်း၌ လိမ္မာသည်-ဟူသည်ကား။ သန္တတိဝသေန၊ အစဉ်၏ အစွမ်းဖြင့်။ ယထာရုစိ၊ အလိုအတိုင်း။ ပဝတ္တဿ၊ ဖြစ်စေအပ်သော။ သမာဓိဿ၊ သမာဓိ၏။ ယထာပရိစ္ဆိန္နကာလေယေဝ၊ ပိုင်းခြားတိုင်းသော ကာလ၌သာလျှင်။ ဝုဋ္ဌာနေန၊ ထခြင်းဖြင့်။ သမာဓိဿ၊ သမာဓိမှ။ ဝုဋ္ဌာနေ ဆေကဘာဝေါ၊ ထခြင်း၌ လိမ္မာသည်၏အဖြစ်။ ဧတေန၊ ထိုသမာဓိဿ ဝုဋ္ဌာနကုသလတာ-ဟူသော ပုဒ်ဖြင့်။ ဝုဋ္ဌာနဝသိတာ၊ ဝုဋ္ဌာနဝသီ၏ အဖြစ်ကို။ ဝုတ္တာ၊ ဟောတော်မူအပ်၏။

(သမာဓိဿကား ပဥ္စမီအနက်၌ ဆဋ္ဌီဝိဘတ်၊ "ယဿ ဓမ္မံ ပုရိသော ဝိဇညာ" ကဲ့သို့တည်း။)

**သမာဓိ၏ ခန့်သည်၏ အဖြစ်၌ လိမ္မာသည်-ဟူသည်ကား** သမာဓိ၏ ညစ်ညူးကြောင်း မရှိသဖြင့် ခန့်ခြင်းတည်း။ ထို့ကြောင့် ဋ္ဌကထာ(ပဋိသံ၊၄၁၀။၂၁၅)၌-

**သမာဓိဿ ကလ္လတာ ကုသလတာတိ** အဂိလာနေန အရောဂတာ၊ စိတ္တဿ ဥပက္ကိလေသာနံ ဝိဂ္ဂမေန သမာဓိဿ အဂိလာနဘာဝကရဏေ ဆေကဘာဝေါ သမာဓိဿ ကလ္လတာ ကုသလတာ။ ကိလေသဂေလညရဟိတဘာဝေ ကုသလ-တာတိ ဝုတ္တံ ဟောတိ။

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

သမာဓိဿ၊ သမာဓိ၏။ ကလ္လတာ ကုသလတာတိ၊ ခန့်သည်၏အဖြစ်၌ လိမ္မာခြင်း ဟူသည်ကား။ အဂိလာနေန၊ မနာသဖြင့်။ အရောဂတာ၊ ကျင်နာခြင်း မရှိသည်၏အဖြစ်။ စိတ္တဿ၊ စိတ်၏။ ဥပက္ကိလေသာနံ၊ ညစ်ညူးကြောင်းတို့၏။ ဝိဂ္ဂမေန၊ ကင်းသဖြင့်၊ အဂိလာ-နဘာဝကရဏေ၊ မနာသည်၏အဖြစ်ကို ပြုခြင်း၌။ ဆေကဘာဝေါ၊ လိမ္မာသည်၏ အဖြစ်သည်။ သမာဓိဿ၊ သမာဓိ၏။ ကလ္လတာ ကုသလတာ၊ ခန့်သည်၏အဖြစ်၌ လိမ္မာခြင်း။ ကိလေသဂေလညရဟိတဘာဝေ ကုသလတာ၊ ကိလေသာ-ဟူသော အနာမှ ကင်းသည်၏ အဖြစ်၌ လိမ္မာသည်၏အဖြစ်။ ဣတိ၊ ဤသို့။ ဝုတ္တံ ဝုတ္တော၊ ဆိုလိုသည်။ ဟောတိ၊ ဖြစ်၏။ (ဤအရာ၌ အလွန်ကျယ်ဝန်း၏။)

**သမာဓိ၏ အာရုံ၌ လိမ္မာသည်-ဟူသည်ကား** သမာဓိ၏ အာရုံဖြစ်သော ကသိုဏ်း အစရှိသည်တို့၌ ထိုထိုဈာန်ကို ဝင်စားလိုသဖြင့် အလိုအတိုင်း ဆင်ခြင်ခြင်းကို ပြုသဖြင့် ထိုအာရုံတို့၌ လိမ္မာခြင်းတည်း။ ထို့ကြောင့် ဋ္ဌကထာ၌-

သမာဓိဿ ဂေါစရကုသလတာတိ သမာဓိဿ ဂေါစရေသု ကသိဏာဒီသု အာရမ္မဏေသု တံ တံ ဈာနံ သမာပဇ္ဇိတုကာမတာယ ယထာရုစိ အာဝဇ္ဇနကရဏ-

ဝသေန တေသု အာရမ္မဏေသု ဆေကဘာဝေါ။ ဧတေန ကသိဏာဝဇ္ဇနဝသေန အာဝဇ္ဇနဝသိတာ ဝုတ္တာ ဟောတိ။

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

သမာဓိဿ၊ သမာဓိ၏။ ဂေါစရကုသလတာတိ၊ အာရုံ၌ လိမ္မာခြင်း-ဟူသည်ကား။ သမာဓိဿ၊ သမာဓိ၏။ ဂေါစရေသု၊ အာရုံဖြစ်ကုန်သော။ ကသိဏာဒီသု အာရမ္မဏေသု၊ ကသိုဏ်း-အစရှိကုန်သော အာရုံတို့၌။ တံ တံ ဈာနံ၊ ထိုထိုဈာန်ကို။ သမာပဇ္ဇိတုကာမတာယ၊ ဝင်စားခြင်းငှာ အလိုရှိသဖြင့်။ ယထာရုစိအာဝဇ္ဇနကရဏဝသေန၊ အလိုအတိုင်း ဆင်ခြင်ခြင်းကို ပြုသည်၏အစွမ်းဖြင့်။ တေသု အာရမ္မဏေသု၊ ထိုအာရုံတို့၌။ ဆေကဘာဝေါ၊ လိမ္မာသည်၏အဖြစ်။ ဧတေန၊ ထိုသမာဓိဿ ဂေါစရကုသလတာ-ဟူသော ပုဒ်ဖြင့်။ ကသိဏာဝဇ္ဇနဝသေန၊ ကသိုဏ်းကို ဆင်ခြင်သည်၏အစွမ်းဖြင့်။ အာဝဇ္ဇနဝသိတာ၊ အာဝဇ္ဇနဝသီ၏အဖြစ်ကို။ ဝုတ္တာ၊ ဟောတော်မူအပ်သည်။ ဟောတိ၊ ဖြစ်၏။ (ဤအရာ၌ အလွန်ကျယ်ဝန်း၏။)

သမာဓိကို ဆောင်ခြင်း၌ လိမ္မာသည်-ဟူသည်ကား ထိုထို ဈာန်, အဘိညာဏ်, သမာပတ် စသည်တို့၌ စိတ်ကို ဆောင်ခြင်း, ညွတ်စေခြင်းတည်း။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်ဋီကာ ရင်းအဋ္ဌကထာ(ပဋိသံ၊ဌ၊၁။၂၁၇)၌–

သမာဓိဿ အဘိနီဟာရကုသလတာတိ တတ္ထ တတ္ထ သမ္မာ မနသိကာရေန စိတ္တံ အဘိနီဟရတိ အဘိနိန္နာမေတိ၊ ဥပစာရေ ဝသိပ္ပတ္တေ ပဌမဇ္ဈာနေ အဘိနီဟရတိ။ ဧဝံ ဥပရူပရိဈာနေသု အဘိညာသု သမာပတ္တီသု ဝိပဿနာသု စ အဘိနီဟရတိ။ ဧဝံ တတ္ထ တတ္ထ အဘိနီဟာရကုသလတာ။

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

သမာဓိဿ၊ သမာဓိကို။ အဘိနီဟာရကုသလတာတိ၊ ဆောင်ခြင်း၌ လိမ္မာသည် ဟူသည်ကား။ တတ္ထ တတ္ထ၊ ထိုထို ဈာန်, အဘိညာဏ်, သမာပတ်, ဝိပဿနာတို့၌။ သမ္မာ မနသိကာရေန၊ ကောင်းစွာ နှလုံးသွင်းခြင်းဖြင့်။ စိတ္တံ၊ စိတ်ကို။ အဘိနီဟရတိ၊ ဆောင်၏။ အဘိနိန္နာမေတိ၊ ညွတ်စေ၏။ ဥပစာရေ၊ ဥပစာရသမာဓိသည်။ ဝသိပ္ပတ္တေ၊ လေ့လာခြင်းသို့ ရောက်လတ်သော်။ ပဌမဇ္ဈာနေ၊ ပဌမဈာန်၌။ အဘိနီဟရတိ၊ ဆောင်၏။ ဧဝံ၊ ဤအတူ။ ဥပရူပရိဈာနေသု စ၊ အထက်ထက်ဖြစ်သော ဈာန်တို့၌လည်းကောင်း။ အဘိညာသု စ၊ အဘိညာဏ်တို့၌လည်းကောင်း။ သမာပတ္တီသု စ၊ သမာပတ်တို့၌လည်းကောင်း။ ဝိပဿနာသု စ၊ ဝိပဿနာတို့၌လည်းကောင်း။ အဘိနီဟရတိ၊ ဆောင်၏။ ဧဝံ၊ ဤဆိုအပ်ခဲ့ပြီးသော

နည်းဖြင့်။ တတ္ထ တတ္ထ၊ ထိုထို ဈာန်, အဘိညာဏ်, သမာပတ်, ဝိပဿနာတို့၌။ အဘိနီဟာရ-ကုသလတာ၊ ဆောင်ခြင်း၌ လိမ္မာသည်၏အဖြစ်။

ဤသို့ ပြဆိုခဲ့ပြီးသော ဆက္က, သတ္တက သမာဓိတို့သည်လည်း ပုထုဇဉ်ပုဂ္ဂိုလ်တို့ ရသင့်, ရထိုက်သော သမာဓိပင်တည်း-ဟု သိရာ၏။ သုမေဓာရှင်ရသေ့လည်း ဟိမဝန္တာသို့ ကပ်၍ ကသိုဏ်း,ပရိကံတို့ကို အားထုတ်ရာ ၇-ရက်အတွင်းတွင်ပင် အဘိညာဏ် သမာပတ်နှင့် ပြည့်စုံကြောင်းကို-

**သော တတော ပဋ္ဌာယ တထာ ကတွာ ဃဋေန္တော ဝါယမန္တော သတ္တာဟဗ္ဘန္တရေ-ယေဝ အဋ္ဌ သမာပတ္တိယော, ပဉ္စ စ အဘိညာယော နိဗ္ဗတ္တေသိ။**

ဟု ဓမ္မသင်္ဂဏီအဋ္ဌကထာ(နှာ၊ ၄၁-၂)တွင် လာသည်။

သော၊ ထိုသုမေဓာရသေ့သည်။ တတော ပဋ္ဌာယ၊ ထိုနေ့မှ စ၍။ တထာ ကတွာ၊ ထိုသို့ ဆောက်တည်တိုင်း ပြု၍။ ဃဋေန္တော၊ စေ့ဆော်သည်ရှိသော်။ ဝါယမန္တော၊ လုံ့လ ပြုသည်ရှိသော်။ သတ္တာဟဗ္ဘန္တရေ ၇-ရက် အတွင်း၌။ အဋ္ဌ သမာပတ္တိယော၊ ၈-ပါးသော သမာပတ်တို့ကိုလည်းကောင်း။ ပဉ္စ အဘိညာယော၊ ၅-ပါးသော အဘိညာဏ်တို့ကိုလည်း ကောင်း။ နိဗ္ဗတ္တေသိ၊ ဖြစ်စေ၏။

သည်ကို ရည်၍ **ပါရမီတော်ခန်း ကဗျာကျမ်း၌-**

- "ခုနစ်ရက်စင်၊ မစေ့ခင်၌၊ ကျင့်လျှင်ဖြောင့်ကြည်၊ အမည်ရှစ်ပါး၊ ဈာန်တရားနှင့်၊ ပျံသွားမြေလျှိုး၊ ဘိညာဏ်မျိုးကို၊ လမ်းရိုးဟောင်းတွင်၊ ဆင့်ခါထွင်သို့၊ သုတ်သင်ခါမျှ၊ လွယ်ကာရ၏"-

ဟူ၍လည်းကောင်း

- "ဝသီအစဉ်၊ ငါးပါးယှဉ်လျက်၊ ဝလဥ္ဇန၊ အဝါးဝ၍၊ မြေမှ ဖဝါး၊ မသွား နင်းပြီး၊ ဈာန်ယာဉ်စီးလျက်"-

ဟူ၍လည်းကောင်း စပ်ဆိုလေသတည်း။

ထို့ကြောင့် ဝသီဘော် ၅-ပါးနှင့်တကွ ဤပြဆိုခဲ့သော သမာဓိကို ပုထုဇဉ်ပုဂ္ဂိုလ်တို့ ရထိုက်သော သမာဓိ-ပင်တည်းဟု မှတ်ရာ၏။ [ နိဗ္ဗတ္တေတိ-ပုဒ်များ၌ ဩဋ္ဌဇ တတိယဗျည်းရာ ဗ-သဒိသ ဒွေးဘော်နှင့်ရှိမှ သင့်မည်။ ဝတုဓာတ် ဝ-ကို ဗ-ပြုသည်။ ဤကဗျာတွင် ဝလဥ္ဇန-ဟူရာ၌ ဝသီဘော် ၅-ပါးကို လေ့လာအားထုတ် သုံးဆောင်မှီဝဲသည်-ဟူလို။ ဝလဇိ-ဓာတ်၊ ဝလဇိ-ပရိဘောဂေ၊ သဒ္ဒနီတိ။]

ပထဝီကသိုဏ်း-အစ၊ ဩဒါတကသိုဏ်း-အဆုံးရှိသော ကသိုဏ်း ၈-ပါးတို့၏ အစွမ်းဖြင့် ရအပ်သော သမာဓိ ၈-ပါး၊ ဤ၌ အဓိပ္ပါယ် ထင်ရှား၏။

- ဟီန၊ မဇ္ဈိမ၊ ပဏီတ-ဟူ၍ ရူပါဝစရသမာဓိ　　၃-ပါး
- ဟီန၊ မဇ္ဈိမ၊ ပဏီတ-ဟူ၍ အရူပါဝစရသမာဓိ　　၃-ပါး
- သုညတသမာဓိ၊ အနိမိတ္တသမာဓိ၊ အပ္ပဏိဟိတသမာဓိ-ဟူ၍ လောကုတ္တရာသမာဓိ　　၃-ပါး

ဤသို့ သမာဓိ　၉-ပါး။

ထို ၉-ပါးကုန်သော သမာဓိတို့တွင်–

- ဟီန, မဇ္ဈိမ, ပဏီတ-ဟူ၍ ယုတ်သော ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသ-တို့ကြောင့် ဖြစ်သော သမာဓိသည် **ဟီနသမာဓိ** မည်၏။
- အလတ်ဖြစ်သော ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသ-တို့ကြောင့် ဖြစ်သော သမာဓိသည် **မဇ္ဈိမသမာဓိ** မည်၏။
- မြတ်သော ဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသ-တို့ကြောင့် ဖြစ်သော သမာဓိသည် ပဏီတ-သမာဓိ မည်၏။

ထို့ကြောင့် သဒ္ဓမ္မပကာသိနီမည်သော အဋ္ဌကထာ(ပဋိသံ၊ဋ္ဌ၊၁။၂၁၇-၈)၌–

**ဧတေ ပန အာယူဟနဝသေန ဝေဒိတဗ္ဗာ။ ယဿ ဟိ အာယူဟနက္ခဏေ ဆန္ဒော ဝါ ဟီနော ဟောတိ ဝီရိယံ ဝါ စိတ္တံ ဝါ ဝီမံသာ ဝါ၊ သော ဟီနော နာမ။ ယဿ တေ ဓမ္မာ မဇ္ဈိမာ၊ သော မဇ္ဈိမော။ ယဿ တေ ဓမ္မာ ပဏီတာ၊ သော ပဏီတော။**

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဧတေ ပိ၊ ထိုသမာဓိတို့ကိုလည်း။ အာယူဟနဝသေန၊ အားထုတ်သည်၏ အစွမ်းဖြင့်။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။ ဟိ၊ ထင်စွာပြဦးအံ့။ ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ အာယူဟ-နက္ခဏေ၊ အားထုတ်သော ခဏ၌။ ဆန္ဒော ဝါ၊ ဆန္ဒသည်လည်း။ ဟီနော၊ ယုတ်၏။ ဝီရိယံ ဝါ၊ ဝီရိယသည်လည်း။ ဟီနံ၊ ယုတ်၏။ စိတ္တံ ဝါ၊ စိတ်သည်လည်း။ ဟီနံ၊ ယုတ်၏။ ဝီမံသာ ဝါ၊ ဝီမံသသည်လည်း။ ဟီနာ၊ ယုတ်၏။ တဿ၊ ထိုပုဂ္ဂိုလ်၏။ သော၊ ထိုသမာဓိသည်။ ဟီနော နာမ၊ ဟီနသမာဓိ မည်၏။

ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ တေ ဓမ္မာ၊ ထိုဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသတရားတို့သည်။ မဇ္ဈိမာ၊ အလတ်ဖြစ်ကုန်၏။ တဿ၊ ထိုပုဂ္ဂိုလ်၏။ သော သမာဓိ၊ ထိုသမာဓိသည်။ မဇ္ဈိမော၊ မဇ္ဈိမသမာဓိ မည်၏။

ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ တေ ဓမ္မာ၊ ထိုဆန္ဒ, ဝီရိယ, စိတ္တ, ဝီမံသတရားတို့သည်။ ပဏီတာ၊ မြတ်ကုန်၏။ တဿ၊ ထိုပုဂ္ဂိုလ်၏။ သော သမာဓိ၊ ထိုသမာဓိသည်။ ပဏီတော၊ ပဏီတသမာဓိ မည်၏။

သုညတသမာဓိ-စသော လောကုတ္တရာသမာဓိ ၃-ပါးတို့တွင် အနတ္တာနုပဿနာကြောင့် အတ္တမှ ဆိတ်သော, အရိယမဂ်နှင့်ယှဉ်သော သမာဓိသည် သုညတသမာဓိ မည်၏။

ထို့ကြောင့် သဒ္ဓမ္မပကာသိနီမည်သော အဋ္ဌကထာ(ပဋိသံ၊ဋ္ဌ၊၁။၂၁၈)၌-

အနတ္တာနုပဿနာယ မဂ္ဂဝုဋ္ဌာနေ ဇာတေ ယသ္မာ သာ ဝိပဿနာ အတ္တဝိရဟိတေသု သင်္ခါရေသု သုညတော ပဝတ္တာ၊ တသ္မာ သုညတာ နာမ ဟောတိ။ တာယ သိဒ္ဓေါ အရိယမဂ္ဂသမာဓိ သုညတော သမာဓိ နာမ ဟောတိ။

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

အနတ္တာနုပဿနာယ၊ အနတ္တာနုပဿနာကြောင့်။ မဂ္ဂဝုဋ္ဌာနေ၊ မဂ်၏ ထမြောက်ခြင်းသည်။ ဇာတေ၊ ဖြစ်လတ်သော်။ ယသ္မာ၊ အကြင်ကြောင့်။ သာ ဝိပဿနာ၊ ထိုဝိပဿနာသည်။ အတ္တဝိရဟိတေသု၊ အတ္တမှ ကင်းကုန်သော။ သင်္ခါရေသု၊ သင်္ခါရတို့၌။ သုညတော၊ ဆိတ်သောအားဖြင့်။ ပဝတ္တာ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ သုညတာ နာမ၊ သုညတ မည်သည်။ ဟောတိ၊ ဖြစ်၏။ တာယ၊ ထိုသုညတာနုပဿနာဖြင့်။ သိဒ္ဓေါ၊ ပြီးသော။ အရိယမဂ္ဂသမာဓိ၊ အရိယမဂ်နှင့်ယှဉ်သော သမာဓိသည်။ သုညတော သမာဓိ နာမ၊ သုညတ သမာဓိ မည်သည်။ ဟောတိ၊ ဖြစ်၏။

အနိစ္စာနုပဿနာကြောင့် နိစ္စနိမိတ်၏ ဆန့်ကျင်ဘက်ဖြစ်သော သမာဓိသည် အနိမိတ္တသမာဓိ မည်၏။ ထို့ကြောင့် ၎င်းအဋ္ဌကထာ(ပဋိသံ၊ဋ္ဌ၊၁။၂၁၈)၌-

အနိစ္စာနုပဿနာယ မဂ္ဂဝုဋ္ဌာနေ ဇာတေ ယသ္မာ သာ ဝိပဿနာ နိစ္စနိမိတ္တပဋိပက္ခဝသေန ပဝတ္တာ၊ တသ္မာ အနိမိတ္တာ နာမ ဟောတိ။ တာယ သိဒ္ဓေါ အရိယမဂ္ဂသမာဓိ အနိမိတ္တော သမာဓိ နာမ ဟောတိ။

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

အနိစ္စာနုပဿနာယ၊ အနိစ္စာနုပဿနာကြောင့်။ မဂ္ဂဝုဋ္ဌာနေ၊ မဂ်၏ ထမြောက်ခြင်းသည်။ ဇာတေ၊ ဖြစ်လတ်သော်။ ယသ္မာ၊ အကြင်ကြောင့်။ သာ ဝိပဿနာ၊ ထိုဝိပဿနာသည်။ နိစ္စနိမိတ္တပဋိပက္ခဝသေန၊ နိစ္စ-ဟူသော နိမိတ်နှင့် ဆန့်ကျင်သည်၏ အစွမ်းဖြင့်။ ပဝတ္တာ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ အနိမိတ္တာ နာမ၊ အနိမိတ္တ မည်သည်။ ဟောတိ၊ ၏။ တာယ၊ ထိုအနိမိတ္တာနုပဿနာဖြင့်။ သိဒ္ဓေါ၊ ပြီးသော။ အရိယမဂ္ဂသမာဓိ၊ အရိယမဂ်နှင့် ယှဉ်သော သမာဓိသည်။ အနိမိတ္တော သမာဓိ နာမ၊ အနိမိတ္တသမာဓိ မည်သည်။ ဟောတိ၊ ၏။

ဒုက္ခာနုပဿနာကြောင့် ပဏိဓိ၏ ဆန့်ကျင်ဘက်ဖြစ်သော သမာဓိသည် **အပ္ပဏိဟိတသမာဓိ** မည်၏။ ထို့ကြောင့် ၎င်းအဋ္ဌကထာ(ပဋိသံ၊ဋ္ဌ၊၁။၂၁၈)၌-

> **ဒုက္ခာနုပဿနာယ မဂ္ဂဝုဋ္ဌာနေ ဇာတေ ယသ္မာ သာ ဝိပဿနာ ပဏိဓိပဋိပက္ခဝသေန ပဝတ္တာ၊ တသ္မာ အပ္ပဏိဟိတာ နာမ ဟောတိ၊ တာယ သိဒ္ဓေါ အရိယမဂ္ဂသမာဓိ အပ္ပဏိဟိတော သမာဓိ နာမ ဟောတိ။**

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဒုက္ခာနုပဿနာယ၊ ဒုက္ခာနုပဿနာကြောင့်။ မဂ္ဂဝုဋ္ဌာနေ၊ မဂ်၏ ထမြောက်ခြင်းသည်။ ဇာတေ၊ ဖြစ်လတ်သော်။ ယသ္မာ၊ အကြင်ကြောင့်။ သာ ဝိပဿနာ၊ ထိုဝိပဿနာသည်။ ပဏိဓိပဋိပက္ခဝသေန၊ ပဏိဓိနှင့် ဆန့်ကျင်သည်၏ အစွမ်းဖြင့်။ ပဝတ္တာ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ အပ္ပဏိဟိတာ နာမ၊ အပ္ပဏိဟိတ-မည်သည်။ ဟောတိ၊ ဖြစ်၏။ တာယ၊ ထိုအပ္ပဏိဟိတာနုပဿနာဖြင့်။ သိဒ္ဓေါ၊ ပြီးသော။ အရိယမဂ္ဂသမာဓိ၊ အရိယမဂ်နှင့် ယှဉ်သော သမာဓိသည်။ အပ္ပဏိဟိတော သမာဓိ နာမ၊ အပ္ပဏိဟိတသမာဓိ မည်သည်။ ဟောတိ၊ ဖြစ်၏။

ထိုသမာဓိ ၃-ပါးတို့၏ အကျဉ်းအဓိပ္ပါယ်ကား-

- သုညတာနုပဿနာကြောင့်ဖြစ်သော သမာဓိသည် သုညတသမာဓိ မည်၏။
- အနိမိတ္တာနုပဿနာကြောင့်ဖြစ်သော သမာဓိသည် အနိမိတ္တသမာဓိ မည်၏။
- အပ္ပဏိဟိတာနုပဿနာကြောင့်ဖြစ်သော သမာဓိသည် အပ္ပဏိဟိတသမာဓိ မည်၏။

ထို ၉-ပါးကုန်သော သမာဓိတို့တွင် လောကုတ္တရာ သမာဓိ ၃-ပါးမှတပါး ၆-ပါးကုန်သော သမာဓိတို့သည် ပုထုဇဉ်ပုဂ္ဂိုလ်တို့ ရအပ်သော သမာဓိပင်တည်း-ဟု မှတ်ရာ၏။

"ဥဒ္ဒါမာတက"အစရှိသော အသုဘ ၁၀-ပါးတို့၏ အစွမ်းဖြင့် ရအပ်သော သမာဓိ ၁၀-ပါး အဓိပ္ပါယ်ကား ထင်ရှား၏။ ထို ၁၀-ပါးကုန်သော သမာဓိတို့သည်လည်း ပုထုဇဉ်ပုဂ္ဂိုလ်တို့ ရအပ်သော သမာဓိပင်တည်း-ဟု မှတ်ရာ၏။

**သမာဓိ၏ ညစ်ညူးခြင်း**, **သမာဓိ၏ ဖြူစင်ခြင်း**-ဟူသည်ကား အထက်၌ ပြဆိုခဲ့ပြီးသော ဟာနဘာဂိယဓမ္မသည် သမာဓိ၏ ညစ်ညူးခြင်း **သမာဓိသံကိလေသ**-မည်၏။

ဝိသေသဘာဂိယဓမ္မသည် သမာဓိ၏ ဖြူစင်ခြင်း **သမာဓိဝေါဒါန** မည်၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ သမာဓိနိဒ္ဒေသ(ဝိသုဒ္ဓိ၊၁။၈၆)၌-

**သံကိလေသန္တိ** ဟာနဘာဂိယော ဓမ္မော၊ **ဝေါဒါနန္တိ** ဝိသေသဘာဂိယော ဓမ္မော။

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

**သံကိလေသန္တိ**၊ သံကိလေသံ-ဟူသည်ကား။ ဟာနဘာဂိယော ဓမ္မော၊ ဟာနဘာဂိယဓမ္မတည်း။

**ဝေါဒါနန္တိ**၊ ဝေါဒါနံ-ဟူသည်ကား။ ဝိသေသဘာဂိယော ဓမ္မော၊ ဝိသေသဘာဂိယဓမ္မတည်း။

"ကထံ ဘာဝေတဗ္ဗော"ဟူသော ပုစ္ဆာ၏ ဝိသဇ္ဇနာ၌ လောကီ, လောကုတ္တရာ-စသည်ဖြင့် ပြားသော သမာဓိတို့ကို ပညာဘာဝနာနည်းဖြင့် ရေတွက်အပ်၏။ အဘယ်ကြောင့်နည်းဟူမူ ပညာပွါးသည်ရှိသော် သမာဓိကို ပွါးသည် မည်၏။ ဤအရာ၌ အလွန်ကျယ်ဝန်း၏။ အကျယ်သိလိုမူ ဝိသုဒ္ဓိမဂ်အဋ္ဌကထာမှာ ကြည့်လေ။ သေက္ခ, ပုထုဇဉ်ပုဂ္ဂိုလ်တို့သည် သမာပတ်မှ ထ၍ တည်ကြည်သောစိတ်ဖြင့် ဝိပဿနာကို ပွါးသောပုဂ္ဂိုလ်အား ဝိပဿနာ၏ အကြောင်းဖြစ်၍ ဥပစာရသမာဓိဘာဝနာသည် ဝိပဿနာ-ဟူသော အကျိုးရှိ၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်၊ မာဓိနိဒ္ဒေသ(ဝိသုဒ္ဓိ၊၁။၃၆၈)၌-

> သေက္ခပုထုဇ္ဇနာနံ သမာပတ္တိတော ဝုဋ္ဌာယ သမာဟိတေန စိတ္တေန ဝိပဿိ-
> ဿာမ ဣတိ မနသိကတွာ ဘာဝယတံ ဝိပဿနာယ ပဒဋ္ဌာနတ္တာ အပ္ပနာသမာဓိ-
> ဘာဝနာပိ သမ္ဗာဓေ ဩကာသာဓိဂမဝသေန ဥပစာရသမာဓိဘာဝနာပိ ဝိပဿ-
> နာနိသံသာ ဟောတိ။

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

သေက္ခပုထုဇ္ဇနာနံ၊ သေခ, ပုထုဇဉ်ပုဂ္ဂိုလ်တို့အား။ သမာပတ္တိတော၊ သမာပတ်မှ။ ဝုဋ္ဌာယ၊ ထ၍။ သမာဟိတေန၊ တည်ကြည်သော။ စိတ္တေန၊ စိတ်ဖြင့်၊ ဝိပဿိဿာမ၊ ရှုကုန်အံ့။ ဣတိ မနသိကတွာ၊ ဤသို့ နှလုံးပြု၍။ ဘာဝယတံ- ဘာဝယန္တာနံ၊ ပွါးကုန်သော ယောဂါဝစရပုဂ္ဂိုလ်တို့အား။ ဝိပဿနာယ၊ ဝိပဿနာ၏။ ပဒဋ္ဌာနတ္တာ၊ အကြောင်း၏

အဖြစ်ကြောင့်။ အပ္ပနာသမာဓိဘာဝနာပိ၊ အပ္ပနာသမာဓိဘာဝနာသည်လည်း။ သမ္မာဓေ၊ ကျဉ်းမြောင်းသော အရာ၌။ ဩကာသာဓိဂမဝသေန၊ အခွင့်ကို ရသည်၏အစွမ်းဖြင့်။ ဥပစာရသမာဓိဘာဝနာပိ၊ ဥပစာရသမာဓိဘာဝနာသည်လည်း။ ဝိပဿနာနိသံသာ၊ ဝိပဿနာ-ဟူသော အကျိုးရှိသည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ပြဆိုခဲ့ပြီးသောနည်းဖြင့် ဥပစာရသမာဓိ, အပ္ပနာသမာဓိ-စသော သမာဓိနှင့်တကွသော ဈာန်, အဘိညာဏ်, သမာပတ်တို့သည် မြတ်စွာဘုရား၏ အဆုံးအမတော်၌ အကုသိုလ်ကိလေသာကို ပယ်ခွါခုတ်ဖြတ် စွန့်ပစ်တတ်သော သံလေခဓမ္မ မမည်။ မျက်မှောက်အကျိုးမျှသာဖြစ်သော ဒိဋ္ဌဓမ္မသုခဝိဟာရသာ မည်၏။

ထို့ကြောင့် မြတ်စွာဘုရားသည် မူလပဏ္ဏာသ၊ ရှေးဦးစွာသော ယမကဝဂ်အစု၊ ၈-ခုမြောက်သော သလ္လေခသုတ်(မ၁။၄၉)၌–

**န ခေါ ပနေတေ စုန္ဒ အရိယဿ ဝိနယေ သလ္လေခါ ဝုစ္စန္တိ၊ ဒိဋ္ဌဓမ္မသုခဝိဟာရာ ဧတေ အရိယဿ ဝိနယေ ဝုစ္စန္တိ။**

ဟူ၍ ဟောတော်မူသည်။

စုန္ဒ၊ စုန္ဒရဟန်း။ ဧတေ၊ ထိုအဘိညာဏ်, သမာပတ်-စသော တရားတို့ကို။ အရိယဿ ဝိနယေ၊ ငါဘုရား၏ အဆုံးအမတော်၌။ သလ္လေခါ၊ သလ္လေခတို့-ဟူ၍။ န ဝုစ္စန္တိ၊ မဆိုအပ်ကုန်။ ဧတေ၊ ထိုဈာန်, အဘိညာဏ်, သမာပတ်-စသည်တို့ကို။ အရိယဿ ဝိနယေ၊ ငါဘုရား၏ အဆုံးအမတော်၌။ ဒိဋ္ဌဓမ္မသုခဝိဟာရာ၊ မျက်မှောက်၌ ချမ်းသာစွာ နေရခြင်း အကျိုးရှိကုန်၏-ဟူ၍။ ဝုစ္စန္တိ၊ ဆိုအပ်ကုန်၏။

သမာဓိတရားကို ပုထုဇန်ပုဂ္ဂိုလ်တို့ ရသင့်ကြောင်းကို ဝိဘင်းအဋ္ဌကထာ၊ ခုဒ္ဒကဝိဘင်္ဂဝဏ္ဏနာ၊ မူလပဏ္ဏာသ၊ ရှေးဦးစွာသော မူလပရိယာယဝဂ်အစု၊ ၈-ခုမြောက်သော သလ္လေခသုတ်၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာတို့၌ လာသော ဝတ္ထုသာဓကကို ထုတ်ဆောင်၍ ပြအံ့။

ဝါဠင်္ဂရတိဿမည်သော တောင်၌ နေသော ဓမ္မဒိန္နမည်သော ရဟန္တာပုဂ္ဂိုလ်သည် ပဋိသမ္ဘိဒါပဘေဒပတ္တပုဂ္ဂိုလ်တည်း။ ထိုဓမ္မဒိန္နရဟန္တာပုဂ္ဂိုလ်သည် တစ်နေ့သ၌ နေ့သန့်ရာအရပ်၌ နေလျက် ဤသို့ ကြံ၏။ "ငါ၏ ဆရာဖြစ်သော ဥစ္စာလင်္ကအရပ်၌နေသော မဟာနာဂထေရ်အား ရဟန်းကိစ္စသည် အပြီးသို့ ရောက်ပါလေပြီလော"ဟု ဆင်ခြင်လတ်သော် ပုထုဇဉ်၏ အဖြစ်ကိုသာ မြင်၍ "ထိုအရပ်သို့ ငါမသွားခဲ့သော် ပုထုဇန်၏ အဖြစ်ဖြင့်သာ သေခြင်းကို ပြုရလတ္တံ့"ဟု သိလေလျှင် တန်ခိုးဖြင့် ကောင်းကင်သို့ ပျံသွား၍ မဟာနာဂထေရ်၏ နေရာအရပ်တွင် မထေရ်မြတ်၏အနီး၌ ကျလေ၏။

ဤအရာ၌—

**မဟာနာဂထေရဿ သမဏဘာဝကိစ္စံ မတ္ထကံ ပတ္တံ, နော'တိ အာဝဇ္ဇေန္တော ပုထုဇ္ဇ-နဘာဝ'မေဝ'ဿ ဒိသွာ မယိ အဂစ္ဆန္တေ ပုထုဇ္ဇနကာလကိရိယမေဝ ကရိဿတိ။**

ဟု လာသည်။

မဟာနာဂထေရဿ၊ မဟာနာဂထေရ်အား။ သမဏဘာဝကိစ္စံ၊ ရဟန်းအဖြစ်၌ ပြုအပ်သော ကိစ္စသည်။ မတ္ထကံ၊ အပြီးသို့။ ပတ္တံ၊ ရောက်လေပြီလော။ နော၊ မရောက်လေသေးသလော။ ဣတိ၊ ဤသို့။ အာဝဇ္ဇေန္တော၊ ဆင်ခြင်လတ်သော်။ အဿ၊ ထိုမဟာနာဂထေရ်၏။ ပုထုဇ္ဇနဘာဝမေဝ၊ ပုထုဇဉ်၏အဖြစ်ကိုသာလျှင်။ ဒိသွာ၊ မြင်၍။ မယိ၊ ငါသည်။ အဂစ္ဆန္တေ၊ မသွားသည်ရှိသော်။ ပုထုဇ္ဇနကာလကိရိယမေဝ၊ ပုထုဇဉ်၏အဖြစ်ဖြင့် သေခြင်းကိုသာလျှင်။ ကရိဿတိ၊ ပြုရလတ္တံ့။

မထေရ်၏အနီး၌ ကျပြီးသော် ဝတ်ကို ပြု၍ ရှိခိုးလျက် နေလတ်၏။ ထိုအခါ "ငါ့ရှင် ဓမ္မဒိန္န၊ အခါမဟုတ်သည်၌ အဘယ်ကြောင့် လာသနည်း"ဟု မေးရာ "ပြဿနာ မေးလို၍ လာပါသည်"ဟု လျှောက်လျှင် "ငါ့ရှင် ဓမ္မဒိန္န၊ မေးတော့။ ငါသိလျှင် ဖြေဆိုအံ့"ဟု ဝန်ခံပေရကား ၁,၀၀၀-သော ပုစ္ဆာကို မေး၏။ မေးတိုင်း,မေးတိုင်းကို ဆုတ်ဆိုင်းမရှိ၊ မငြိမတွယ် အလွယ်တကူကို ဖြေဆိုတော်မူတတ်သတည်း။ ထိုအခါ "အရှင်ဘုရား၊ ပညာတော်ကား အလွန်ထက်မြက်လှပေ၏။ ဤတရားကို အဘယ်ကာလက စ၍ ရတော်မူပေသနည်း" မေးရာ "ဤတရားကို ငါ-ရသည်ကား ဤနေ့မှ အဝါ ၆၀-ရှိပြီ"ဟု ဆိုသတည်း။

ဤစကား၌ မဟာနာဂထေရ်ကား သမာဓိ၏အစွမ်းဖြင့် ကိလေသာကို ခွါ၍ ဝိပဿနာဖြင့် သင်္ခါရကို သိမ်းဆည်းလတ်သော် ကိလေသာတို့သည် မိမိ၏သန္တာန်၌ မဥပါဒ်လေရကား "ငါရဟန္တာပင်တည်း"ဟု ထင်သတည်း။ ထို့နောင်မှ ဓမ္မဒိန္နထေရ်က "အရှင်ဘုရား၊ သမာဓိကို သုံးဆောင်လေ့လာတော်မူပါ၏လော"ဟု လျှောက်ပြန်လျှင် "ငါ့ရှင်၊ ဤအရာကား ငါ့အား မခဲယဉ်းသည်သာတည်း"ဟု ဆို၏။

ဤအရာ၌ "သမာပိ ဘန္တေ ဝလဉ္ဇထာတိ၊ န ဣဒံ အာဝုသော ဘာရိယံ"ဟု လာ၏။

"ဘန္တေ၊ အရှင်ဘုရား။ သမာပိ၊ သမာဓိကို။ ဝလဉ္ဇထ၊ သုံးဆောင်လေ့လာတော်မူပါကုန်၏လော။" ဣတိ၊ ဤသို့။ ပုစ္ဆိ၊ မေး၏။

"အာဝုသော၊ ငါ့ရှင် ဓမ္မဒိန္န။ ဣဒံ၊ ဤသမာဓိကို သုံးဆောင်လေ့လာခြင်းသည်။ မေ၊ ငါ့အား။ န ဘာရိယံ၊ ဝန်မလေးပါတကား။"

ထိုအခါ ဓမ္မဒိန္နထေရ်က "အရှင်ဘုရား၊ သမာဓိကို လေ့လာတော်မူသည် မှန်လျှင် တစ်ခုသော အမုန်ယစ်သော ဆင်ပြောင်ကြီးကို ဖန်ဆင်းတော်မူပါ"ဟု လျှောက်လျှင် မထေရ်လည်း ကိုယ်လုံးဖြူသော ဆင်ပြောင်ကြီးကို အနီး၌ ဖန်ဆင်းတော်မူလတ်သတည်း။ "အရှင်ဘုရား၊ ဤဆင်ပြောင်ကြီးသည် အမြီးကို ထောင်လျက် နားရွက်ကို ဖြန့်ပြီးလျှင် ခံတွင်းသို့ နှာမောင်းကို သွတ်၍ ကြိုးကြာသံနှင့်တူသော အသံဖြင့် အရှင်ဘုရား၏ အထံသို့ ရှေ့ရှုလာသည်ကို ပြုတော်မူပါ"ဟု လျှောက်ပြန်ရာ ပြင်းစွာသော အဟုန်ပြုလျက် ကြောက်မက်ဖွယ်လာသော ဆင်ကို မြင်သည်နှင့်တကွ ထ၍ ပြေးမည်ပြုသည့်ကာလ ဓမ္မဒိန္နရဟန်းက သက်န်းစွန်းကို ကိုင်ပြီးလျှင် "အရှင်ဘုရား၊ ရဟန္တာပုဂ္ဂိုလ်တို့မှာ ဤကဲ့သို့ ကြောက်လန့်ခြင်းသည် ပြင်းစွာ ဖြစ်လေရာသလော"ဟု မေးသောကာလမှ မိမိ၏ ပုထုဇဉ်အဖြစ်ကို စင်စစ် သိလေလျှင် "ငါ့ရှင် ဓမ္မဒိန္န၊ ငါ့အား ကိုးကွယ်ရာဖြစ်ပါလော"ဟု ခြေရင်း၌ တည်သည်တွင် "အရှင်ဘုရား၏ ကိုးကွယ်ရာ ဖြစ်စေခြင်းငှာ အကျွန်ုပ် လာပါသည်"ဟု ဆို၍ ကမ္မဋ္ဌာန်းကို သင်ကြားလေ၏။

ထိုအခါ မဟာနာဂထေရ်လည်း ကမ္မဋ္ဌာန်းကို ယူဆောင်လျက် စင်္ကြံသို့ တက်သွားရာ ဖဝါးလှမ်း ၇-ချက်တွင် အရဟတ္တမဂ္ဂ မြတ်ဉာဏကို ကိစ္စဆုံးတိုင် ပြီးပိုင်လေသတည်း။ ထိုမဟာနာဂထေရ်ကား **ဒေါသစရိယပုဂ္ဂိုလ်**တည်း။

ဓမ္မဒိန္နရဟန္တာကား ထိုအရပ်မှ ကြွတော်မူပြန်သောကာလ စိတ္တလတောင်၊ နိက္က-ပေါဏကပတာနုယရအရပ်တွင် နေသော **စူလသုမနထေရ်**၏အထံသို့ ကပ်၍ အထက်၌ ပြဆိုအပ်ခဲ့ပြီးသည်နှင့်တူစွာ ပုစ္ဆာပြဿနာကို ကောင်းစွာ ဖြေကြားပြီးမှ "ကိံ ဘန္တေ သမာဓိဝဋ္ဋေထ"စသည်ကို မေးပြန်၍ ဝန်ခံလေလျှင် "အရှင်ဘုရား၊ ပဒုမာကြာရုံချပ်တွင် ရပ်လျက် ကောင်းစွာ သာယာသော သီချင်းသံဖြင့် ကသည့် မိန်းမနှင့်တကွသော ရေကန်ကို ဖန်ဆင်းတော်မူပြီးမှ ထိုမိန်းမကို ပုနပ္ပုနံ၊ ကြိမ်ဖန်ခါခါ ရှုစေရာတွင် အဝါ ၆၀-ကာလ အနည်းငယ်မျှ မသန်းဘဲ ခြောက်ခန်းသော ကိလေသာသည် လွန်စွာ လှုပ်ရှား၍ အားကြီးစွာဖြစ်သဖြင့် စင်စစ် ပုထုဇဉ်အဖြစ်ကို သိပြန်လေလျှင် "ငါ့ရှင် ဓမ္မဒိန္န၊ ငါ့အား ကိုးကွယ်ရာဖြစ်ပါလော"ဟု ခြေရင်း၌ တည်သည်တွင် အရှင်ဓမ္မဒိန္နပေးသော နည်းဥပဒေသ ကမ္မဋ္ဌာန်းဖြင့် အရဟတ္တဖိုလ်သို့ ရောက်တော်မူလတ်သတည်း။

ဟက်နကအရပ်၌နေသော မဟာဒတ္တထေရ်၏ ဝတ္ထုကိုလည်း ပြဆိုခဲ့ပြီးသောနည်းဖြင့်သာ သိရာ၏။ ဤသို့ ပြဆိုခဲ့ပြီးသော ပါဠိ, အဋ္ဌကထာ, ဋီကာတို့ကို ထောက်၍ ပုထုဇဉ်ပုဂ္ဂိုလ်တို့မှာ သမာဓိတရားကို ရသင့်,ရထိုက်၏-ဟု သိရာ၏။ ပုထုဇဉ်ပုဂ္ဂိုလ်ဟို့ သမာဓိကို မရထိုက်-ဟု ဆိုသောသူတို့ကား ကျမ်းဂန်ပါဠိ လာရှိသည့်အရာကို မတွေ့မသိ

မရိပ်မိ၍သာ ဆိုရှာပလေသည်-ဟု မှတ်ရမည်။ ထိုသို့ ဆိုသောသူတို့၏ စကားကို ထပ်၍ လေးမြတ်ယုံကြည်သော သူတို့ဝယ် အဘယ်မှာ ဆိုဖွယ်ရှိလေတော့အံ့နည်း။

ဤသို့ ပြဆိုခဲ့ပြီးသောနည်းဖြင့် ဗာဟိရက သာသနာပ၌ ရအပ်သော သမာပတ်သည် ဝဋ်၏ အခြေပါဒမူလမျှသာ ဖြစ်၏။ သာသနာတော်တွင်း၌ သရဏဂုံကိုမျှ ကျင့်ဆောက်တည်ကြခြင်းသည် လောကုတ္တရာ၏အခြေ ဖြစ်၏။ သရဏဂုံနှင့်တကွ ၅-ပါးသီလ-ဟု ဆိုအပ်သော အဝိဟိံသတရားမှာ အဘယ်ဆိုဖွယ်ရာ ရှိလေအံ့နည်း။

ထို့ကြောင့် မူလပဏ္ဏာသ၊ ရှေးဦးစွာသော မူလပရိယာယဝဂ်အစု၊ ၈-ခုမြောက်သော သလ္လေခသုတ်အဋ္ဌကထာ(မဋ္ဌ၁။၁၉၀)၌-

**ဗာဟိရကာန’ဉှိ အဋ္ဌ သမာပတ္တိယော ဝဋ္ဋပါဒကာယေဝ။ သာသနေ သရဏဂမနံပိ လောကုတ္တရပါဒကံ၊ ပဂေဝ အဝိဟိံသာဒယော။**

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဗာဟိရကာနံ၊ ဗာဟိရက သာသနာပပုဂ္ဂိုလ်တို့၏။ အဋ္ဌ သမာပတ္တိယော၊ ၈-ပါးကုန်သော သမာပတ်တို့သည်။ ဝဋ္ဋပါဒကာယေဝ၊ ဝဋ်၏ အခြေပါဒ မူလမျှသာတည်း။ သာသနေ၊ သာသနာတော်၌။ သရဏဂမနံပိ၊ သရဏဂုံကို ဆောက်တည်ခြင်းမျှလည်း။ လောကုတ္တရပါဒကံ၊ လောကုတ္တရာ၏အခြေ ဖြစ်၏။ အဝိဟိံသာဒယော၊ အဝိဟိံသ-အစရှိသည်တို့သည်။ ပဂေဝ၊ အကျိုးကြီးမား ပိုင်းခြားဆိုဖွယ် အဘယ်ရှိချေတော့အံ့နည်း။

ဤ၌ အဝိဟိံသာဒယော၏အရမှာ အဝိဟိံသ, ပါဏာတိပါတာ ဝေရမဏီ-စသော သုစရိတဓမ္မ ၁၀-ပါး, သမ္မာဒိဋ္ဌိ-စသော မဂ္ဂင် ၈-ပါး၊ ဤသို့ အစရှိသော ၄၄-ပါးကုန်သော စတုစတ္တာလီသသံလေခဓမ္မတို့ကို ယူအပ်၏။ ထို‘အဝိဟိံသ’-စသော သံလေခဓမ္မတို့သည် အဘယ်ကြောင့် ၈-ပါးကုန်သော သမာပတ်တို့ထက် ကြီးမားသော အာနိသံ ရှိလေသနည်းဟူမူ လောကုတ္တရာ၏အခြေ ဖြစ်သောကြောင့်တည်း။

ထို့ကြောင့် ၎င်းပပဉ္စသူဒနီမည်သော မူလပဏ္ဏာသ၊ သလ္လေခသုတ်အဋ္ဌကထာ၌-

ကသ္မာ ပန “အဋ္ဌဟိ သမာပတ္တီဟိ အဝိဟိံသာဒယော၀ သလ္လေခါ”တိ ဝုတ္တာ? (ဣတိ ပုစ္ဆာယံ) လောကုတ္တရပါဒကတ္တာ။

ဟူသော ပါဠ်(မဋ္ဌ၁။၁၉၀)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ကသ္မာ၊ အဘယ်ကြောင့်။ အဋ္ဌဟိ သမာပတ္တီဟိ၊ ၈-ပါးကုန်သော သမာပတ်တို့ထက်။ အဝိဟိံသာဒယော၀၊ အဝိဟိံသ-အစရှိသည်တို့ကိုသာလျှင်။ သလ္လေခါတိ၊ သလ္လေခ

တို့-ဟူ၍။ ဝါ၊ အကုသိုလ်တရားတို့ကို ပယ်ရှားသုတ်သင် ခုတ်ထွင်ရှင်းလင်းတတ်၏-ဟူ၍။ ဝုတ္တာ၊ ဟောတော်မူအပ်လေကုန်သနည်း။ ကတိ ပုဋ္ဌာယ၊ ဤသို့ မေးသော်။ လောကုတ္တရ-ပါဒကတ္တာ၊ လောကုတ္တရာ၏ အခြေဖြစ်သောကြောင့်တည်း-ဟု ဖြေ။

ယင်းသို့ ၈-ပါးကုန်သော သမာပတ်တို့ထက် သရဏဂမန, အဝိဟိံသ-စသည်တို့သာ သာလွန်ထူးမြတ်ပေရကား သာသနာပ ဗာဟိရက အဋ္ဌသမာပတ္တိ ဈာနလာဘီ ဝသီပတ္တ ပဉ္စာဘိညပုဂ္ဂိုလ်ကို လှူသည်ထက် သာသနာတွင်းကာလ သရဏဂမနပုဂ္ဂိုလ်ကို လှူရသော ဒါနသည် ဆဆလွန်ကြူး ထူးမြတ်သော အကျိုးကို ရ၏။

ထို့ကြောင့် ဝင်းပပဉ္စသူဒနီမည်သော မူလပဏ္ဏာသ၊ သလ္လေခသုတ် အဖွင့်အဋ္ဌ-ကထာ(မ႒၁။၁၉၀-၁)၌-

**ဗာဟိရကဿ အဋ္ဌသမာပတ္တိလာဘိနော ပဉ္စာဘိညဿာပိ ဒိန္နဒါနတော သာသနေ တိသရဏဂမနဿ ဒိန္နဒါနံ မဟပ္ဖလတရံ ဟောတိ။**

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဗာဟိရကဿ၊ သာသနာပ၌ ဖြစ်သော။ အဋ္ဌသမာပတ္တိလာဘိနောပိ၊ သမာပတ် ၈-ပါးတို့ကို ရသော ပုဂ္ဂိုလ်အားလည်းကောင်း။ ပဉ္စာဘိညဿာပိ၊ အဘိညာဉ် ၅-ပါးကို ရသော ပုဂ္ဂိုလ်အားလည်းကောင်း။ ဒိန္နဒါနတော၊ လှူသော အလှူထက်။ သာသနေ၊ သာသနာတော်၌။ တိသရဏဂမနဿ၊ သရဏဂုံ ၃-ပါးကို ဆောက်တည်သော ပုဂ္ဂိုလ်အား။ ဒိန္နဒါနံ၊ လှူအပ်သော အလှူသည်။ မဟပ္ဖလတရံ၊ အကျိုးကြီးမြတ်သည်။ ဟောတိ၊ ဖြစ်၏။

**သာသနာပ ဗာဟိရက ဈာနလာဘီပုဂ္ဂိုလ်တို့ကို လှူသောဒါနထက် သာသနာတွင်း သရဏဂုံတည်သော ပုဂ္ဂိုလ်တို့ကို လှူသောဒါနသည် သာလွန်၍ အကျိုးကြီးမြတ်၏-ဟူလို။**

ထို့ကြောင့် ဥပရိပဏ္ဏာသ၊ ဒက္ခိဏဝိဘင်္ဂသုတ်ပါဠိတော်(နှာ-၂၉၈)၌-

> ဗာဟိရကေ ကာမေသု ဝီတရာဂေ ဒါနံ ဒတွာ ကောဋိသတသဟဿဂုဏာ ဒက္ခိဏာ ပါဋိကင်္ခိတဗ္ဗာ။ သောတာပတ္တိဖလသစ္ဆိကိရိယာယ ပဋိပန္နေ ဒါနံ ဒတွာ အသင်္ချေယျာ အပ္ပမေယျာ ဒက္ခိဏာ ပါဋိကင်္ခိတဗ္ဗာ။

ဟူ၍ ဟောတော်မူသည်။

ဗာဟိရကေ၊ သာသနာတော်ပ-၌။ ကာမေသု၊ ကာမဂုဏ်တို့၌။ ဝီတရာဂေ၊ ကင်းသော ရာဂရှိသော အဋ္ဌသမာပတ္တိ ဈာနလာဘီပုဂ္ဂိုလ်၌။ ဒါနံ၊ အလှူကို။ ဒတွာ၊ လှူ၍။ ဝါ၊ လှူသောကြောင့်။ ကောဋိသတသဟဿဂုဏာ၊ ကုဋေ ၁-သိန်းမျှလောက်သော အဖို့ရှိ

သော။ ဒက္ခိဏာ၊ အလှူ၏အကျိုးကို။ ပါဋိကင်္ခိတဗ္ဗာ၊ အလိုရှိအပ်၏။ သောတာပတ္တိဖလ-သစ္ဆိကိရိယာယ၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုခြင်းအကျိုးငှာ။ ပဋိပန္နေ၊ ကျင့်သော ပုဂ္ဂိုလ်၌။ ဒါနံ၊ အလှူကို။ ဒတွာ၊ လှူ၍။ ဝါ၊ လှူသောကြောင့်။ အသင်္ချေယျာ အပ္ပမေယျာ၊ မရေတွက် မပိုင်းခြားနိုင်သော။ ဒက္ခိဏာ၊ အလှူ၏အကျိုးကို။ ပါဋိကင်္ခိတဗ္ဗာ၊ အလိုရှိအပ်၏။

ဤပါဠိတော်အရ၌ သရဏဂုံ ၃-ပါး ဆောက်တည်သည်မှ စ၍ သောတာပတ္တိ-ဖလသစ္ဆိကိရိယပုဂ္ဂိုလ် မည်၏။

ထို့ကြောင့် ဥပရိပဏ္ဏာသ၊ ဒက္ခိဏဝိဘင်္ဂသုတ်အဋ္ဌကထာ၌-

**တိသရဏဂမနတော ပဋ္ဌာယ သောတာပတ္တိဖလသစ္ဆိကိရိယာယ ပဋိပန္နော အဓိပ္ပေတော။**

ဟူသော ပါဌ်(မဋ္ဌ၄။၂၃၃။ ထောက် ဝိသဒိသံ)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

တိသရဏဂမနတော၊ သရဏဂုံ ၃-ပါး ဆောက်တည်သည်မှ။ ပဋ္ဌာယ၊ စ၍။ သောတာပတ္တိဖလသစ္ဆိကိရိယာယ၊ သောတာပတ္တိဖိုလ်ကို မျက်မှောက်ပြုရခြင်း အကျိုးငှာ။ ပဋိပန္နော၊ ကျင့်သောပုဂ္ဂိုလ်-ဟူ၍။ အဓိပ္ပေတော၊ အလိုရှိအပ်၏။

“**သမာဓိဘာဝနာယ ကော အာနိသံသော**”ဟူသော ပုစ္ဆာ၏ ဝိသဇ္ဇနာကို ပြဆိုလျှင် ကျယ်လွန်းအံ့။ ဤတွင်ရွေ့ သမာဓိဝိနိစ္ဆယကို အကျဉ်းပြဆိုသော စကားရပ် အပြီးသတ်တည်း။ အကျယ်သိလိုသသူတို့မှာ ပဋိသမ္ဘိဒါမဂ်ပါဠိ, အဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ မူလပဏ္ဏာသ၊ သလ္လေခသုတ်၊ ရထဝိနီတသုတ်၊ စူဠဝေဒလ္လသုတ်ပါဠိ, အဋ္ဌကထာ, ဋီကာ၊ ပဉ္စကနိပါတ်၊ အင်္ဂုတ္တိုရ်ပါဠိ, အဋ္ဌကထာ၊ ဥပရိပဏ္ဏာသ၊ ဒက္ခိဏဝိဘင်္ဂသုတ်ပါဠိ, အဋ္ဌကထာ၊ ဝိဘင်းအဋ္ဌကထာတို့မှာ ကြည့်လေ။

စလင်းမြို့၊ ရှင်သုဒဿန-က “ပုထုဇဉ်ပုဂ္ဂိုလ်တို့မှာ သမာဓိတရားကို ရသင့်, မရသင့်သည်ကို အသေအချာ သိလိုပါသည်”ဟု လျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ထုတ်ဆောင်၍ ၁၂၃၈-ခု၊ သီတင်းကျွတ်လဆန်း၊ ၁၂-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိမ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★ ★ ★ ★ ★ ★ ★

## ထားဝယ်မြို့ ရဟန်းတော် ဦးတေဇဝံသ-က တိရစ္ဆာန်အချင်းချင်း ဖမ်းသတ်စားရာ ပါဏာတိပါတကံ ထိုက်,မထိုက်ကို လျှောက်ထားချက်

[ ၈၉ ] "ဘုရားတပည့်တော် ထားဝယ်မြို့ ရှင်တေဇဝံသ လျှောက်ပါသည် ဆရာတော်ဘုရား။

အချို့သောသူတို့က တိရစ္ဆာန်တို့မှာ မိမိတို့ချင်း အချင်းချင်း ဖမ်းယူသတ်စားကြသည့်အရာသည် မိမိတို့အစာဖြစ်ရကား ပါဏာတိပါတကံ မထိုက်-ဟူ၍ ပြောဆိုကြပါသည်။ ထိုသို့ ပြောဆိုကြသည့်အတိုင်းပင် တိရစ္ဆာန်ချင်း အချင်းချင်း သတ်စားကြသည့်အရာမှာ ပါဏာတိပါတကံ ထိုက်မည်, မထိုက်မည်ကို ဧကန်မုချ သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာ-တော်ဘုရား"။

ရင်းရဟန်းတော် ဦးတေဇဝံသ လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ-

[၈၉] တိရစ္ဆာန်တို့မှာ မိမိတို့ချင်း အချင်းချင်း ဖမ်းယူသတ်စားကြသည့်အရာ ပါဏာတိ-ပါတကံ ထိုက်မည်, မထိုက်မည်ကို မေးလျှောက်သည်မှာ-

ဒုဟေတုကာန'မဟေတုကာနဉ္စ ပနေ'တ္ထ ကြိယာဇဝနာနိ စေဝ အပ္ပနာဇဝနာနိ စ န လဗ္ဘန္တိ။ တထာ ဉာဏသမ္ပယုတ္တဝိပါကာနိ စ သုဂတိယံ။ ဒုဂ္ဂတိယံ ပန ဉာဏဝိပ္ပယုတ္တာနိ စ မဟာဝိပါကာနိ န လဗ္ဘန္တိ။

ဟူသော အဘိဓမ္မတ္ထသင်္ဂဟ လက်သန်းအဋ္ဌကထာပါဠ်နှင့်အညီ ဒုဂ္ဂတိအဟိတ်ဖြစ်သော တိရစ္ဆာန်ပုဂ္ဂိုလ်တို့အား-

| | |
|---|---|
| - အကုသိုလ်စိတ် | ၁၂-ခု |
| - ဟသိတုပ္ပါဒ်ကြဉ်သော အဟိတ်စိတ် | ၁၇-ခု |
| - မဟာကုသိုလ်စိတ် | ၈-ခု |
| ဤ | ၃၇-ခု |

သော စိတ်တို့ကို ရအပ်ကုန်၏။ ထို ၃၇-ခုသော စိတ်တို့တွင် ယှဉ်သော ၅၂-ခုသော စေတသိက်တို့ကိုလည်း ရအပ်ကုန်၏။

အဋ္ဌကထာပါဠိ၏အနက်ကား–

ပန၊ အထူးကို ဆိုဦးအံ့။ ဧတ္ထ၊ ဤ ၁-ကျိပ် ၂-ယောက်ကုန်သော ပုဂ္ဂိုလ်တို့တွင်။ ဒုဟေတုကာနဉ္စ၊ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်တို့သည်လည်းကောင်း။ အဟေတုကာနဉ္စ၊ သုဂတိအဟိတ်ပုဂ္ဂိုလ်တို့သည်လည်းကောင်း။ ကြိယာဇဝနာနိ စေဝ၊ ကြိယာဇောတို့ကိုလည်းကောင်း။ အပ္ပနာဇဝနာနိ စ၊ မဟဂ္ဂုတ် လောကုတ္တရာဇောတို့ကိုလည်းကောင်း။ န လဗ္ဘန္တိ၊ မရအပ်ကုန်။ တထာ၊ ထိုမှတပါး။ သုဂတိယံ၊ သုဂတိဘုံ၌။ ဉာဏသမ္ပယုတ္တဝိပါကာနိ စ၊ ဉာဏသမ္ပယုတ်ဝိပါက်စိတ်တို့ကိုလည်း။ န လဗ္ဘန္တိ၊ မရအပ်ကုန်။ ဒုဂ္ဂတိယံ ပန၊ ဒုဂ္ဂတိဘုံ၌ကား။ ဉာဏဝိပ္ပယုတ္တဝိပါကာနိ စ၊ ဉာဏဝိပ္ပယုတ် ဝိပါက်စိတ်တို့ကိုလည်း။ န လဗ္ဘန္တိ၊ မရအပ်ကုန်။

ဤသို့ ပရမတ္ထဖြစ်သော စိတ် ၃၇-ခု၊ စေတသိက် ဒွေပဉ္စာသတို့ကို ဒုဂ္ဂတိအဟိတ်ဖြစ်သော တိရစ္ဆာန်တို့၌ ရအပ်ကုန်၏။

- ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ ကာယဒုစရိုက် ၃-ပါး
- မုသာဝါဒ, ပိသုဏာဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပ, ဝစီဒုစရိုက် ၄-ပါး
- အဘိဇ္ဈာ, ဗျာပါဒ, မိစ္ဆာဒိဋ္ဌိ, မနောဒုစရိုက် ၃-ပါး

ဤသို့ ဒုစရိုက် ၁၀-ပါး

ဖြစ်၏။ ထိုဒုစရိုက် ၁၀-ပါးတို့တွင်–

- ပါဏာတိပါတ, ဖရုသဝါစာ, ဗျာပါဒ၊ ဤဒုစရိုက် ၃-ပါးတို့သည် ဒေါသကြောင့် ဖြစ်ကုန်၏။
- ကာမေသုမိစ္ဆာစာရ, အဘိဇ္ဈာ, မိစ္ဆာဒိဋ္ဌိ၊ ဤဒုစရိုက် ၃-ပါးတို့သည် လောဘကြောင့် ဖြစ်ကုန်၏။
- အဒိန္နာဒါန, မုသာဝါဒ, ပိသုဏာဝါစာ, သမ္ဖပ္ပလာပ၊ ဤဒုစရိုက် ၄-ပါးတို့သည် လောဘ, ဒေါသ-ဟူသော ဟိတ် ၂-ပါးကြောင့် ဖြစ်ကုန်၏။

ထို့ကြောင့် အဘိဓမ္မတ္ထသင်္ဂဟမည်သော လက်သန်းအဋ္ဌကထာ၌–

> ပါဏာတိပါတော ဖရုသဝါစာ ဗျာပါဒေါ စ ဒေါသမူလေန ဇာယန္တိ။ ကာမေသု-မိစ္ဆာစာရော အဘိဇ္ဈာ မိစ္ဆာဒိဋ္ဌိ စ လောဘမူလေန ဇာယန္တိ။ သေသာနိ စတ္တာရိပိ ဒွီဟိ မူလေဟိ သမ္ဘဝန္တိ။

ဟူသော ပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ပါဏာတိပါတော၊ ပါဏာတိပါတသည်လည်းကောင်း။ ဖရုသဝါစာ၊ ဖရုသဝါစာသည်လည်းကောင်း။ ဗျာပါဒေါ စ၊ ဗျာပါဒသည်လည်းကောင်း။ ဒေါသမူလေန၊ ဒေါသမူကြောင့်။ ဇာယန္တိ၊ ဖြစ်ကုန်၏။ ကာမေသုမိစ္ဆာစာရော၊ ကာမေသုမိစ္ဆာစာရသည်လည်းကောင်း။ အဘိဇ္ဈာ၊ အဘိဇ္ဈာသည်လည်းကောင်း။ မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆာဒိဋ္ဌိသည်လည်းကောင်း။ လောဘမူလေန၊ လောဘမူကြောင့်။ ဇာယန္တိ၊ ဖြစ်ကုန်၏။ သေသာနိ၊ ကြွင်းကုန်သော။ စတ္တာရိပိ၊ ၄-ပါးလည်းဖြစ်ကုန်သော အဒိန္နာဒါန, မုသာဝါဒ, ပိသုဏာဝါစာ, သမ္ဖပ္ပလာပတို့သည်။ ဒွိဟိ မူလေဟိ၊ လောဘ, ဒေါသဟူသော မူလ ၂-ပါးတို့ကြောင့်။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။

ဤသို့ ကျမ်းဂန်လာသောကြောင့် ပြဆိုအပ်ခဲ့ပြီးသော စိတ်, စေတသိက်တို့ကို ရသော ပုဂ္ဂိုလ်မှန်လျှင် ၁၀-ပါးကုန်သော ဒုစရိုက်တို့သည် ယထာရဟ ဖြစ်သင့်၏။ ပါဏာတိပါတ-တစ်ခုကို အဘယ်ဆိုဖွယ် ရှိလေအံ့နည်း။ တိရစ္ဆာန်မှန်က ပါဏာတိပါတသည် ဗလဝကံပင် မည်၏။ ဝိဘင်းအဋ္ဌကထာ၊ ဉာဏဝိဘင်္ဂဝဏ္ဏနာတွင် အာနန္တရိယကံကို ပြရာ တိရစ္ဆာန်ဖြစ်သော သတ္တဝါသည် လူဖြစ်သော အမိ, အဘကိုလည်းကောင်း တိရစ္ဆာန်ဖြစ်သော သတ္တဝါတို့သည် တိရစ္ဆာန်ချင်းဖြစ်သော အမိ,အဘကိုလည်းကောင်း သတ်သည်ဖြစ်အံ့။ အာနန္တရိယကံကား မထိုက်၊ အာနန္တရိယကံနှင့်တူစွာ အတိဘာရိယကံဖြစ်၍ အပြစ်ကြီးကြောင်းကို လာသည်။

ထို့ကြောင့် ဝိဘင်းအဋ္ဌကထာ၊ ဉာဏဝိဘင်္ဂဝဏ္ဏနာ(အဘိ၊ဋ္ဌ၊၂။၄၀၇)တွင်-

> **တိရစ္ဆာနဘူတော မနုဿဘူတံ မာတရံ ဝါ ပိတရံ ဝါ, တိရစ္ဆာနောယေဝ တိရစ္ဆာနဘူတံ ဇီဝိတာ ဝေါရောပေတိ၊ တဿ ကမ္မံ အာနန္တရိယကမ္မံ န ဟောတိ၊ ကမ္မံ ပန ဘာရိယံ၊ အာနန္တရိယံ အာဟစ္စ တိဋ္ဌတိ။**

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

တိရစ္ဆာနဘူတော၊ တိရစ္ဆာန်ဖြစ်သော သတ္တဝါသည်။ မနုဿဘူတံ၊ လူဖြစ်၍ ဖြစ်သော။ မာတရံ ဝါ၊ အမိကိုလည်းကောင်း။ ပိတရံ ဝါ၊ အဘကိုလည်းကောင်း။ ဇီဝတာ၊ ဇီဝိတိန္ဒြေမှ။ ဝေါရောပေတိ၊ ချအံ့။ တိရစ္ဆာနောယေဝ၊ တိရစ္ဆာန်ဖြစ်သော သတ္တဝါသည်ပင်လျှင်။ တိရစ္ဆာနဘူတံ၊ တိရစ္ဆာန်ဖြစ်၍ ဖြစ်သော။ မာတရံ ဝါ၊ အမိကိုလည်းကောင်း။ ပိတရံ ဝါ၊ အဘကိုလည်းကောင်း။ ဇီဝိတာ၊ ဇီဝိတိန္ဒြေမှ။ ဝေါရောပေတိ၊ ချအံ့။ တဿ၊ ထိုတိရစ္ဆာန်ဖြစ်သော သတ္တဝါ၏။ ကမ္မံ၊ ကံသည်။ အာနန္တရိယကမ္မံ၊ အာနန္တရိယကံသည်။ န ဟောတိ၊ မဖြစ်။ ကမ္မံ ပန၊ ကံမူကား။ ဘာရိယံ၊ ဝန်လေးစွာ၏။ အာနန္တရိယမ္မံ၊ အာနန္တရိယကံကို။ အာဟစ္စ၊ ထည့်*(ထိခိုက်)*၍။ တိဋ္ဌတိ၊ တည်၏။

**အာနန္တရိယကံ**-ဟူသည် ဘဝမခြား အနန္တရဘဝ၌ မုချ ပဋိသန္ဓေကို ပေးနိုင်၏။ တိရစ္ဆာန်ဖြစ်သော သတ္တဝါသည် လူဖြစ်သော မိဘတို့ကိုလည်းကောင်း တိရစ္ဆာန်ချင်းဖြစ်သော မိဘတို့ကိုလည်းကောင်း သတ်ရာ၌ လူချင်းချင်း မဟုတ်သောကြောင့် အာနန္တရိယကံ မထိုက်၊ အာနန္တရိယကံနှင့်တူစွာ အတိဘာရိယကံဖြစ်၏-ဟု ပြဆိုအပ်သော ဒေသနာနယကို ထောက်ဆသဖြင့် တိရစ္ဆာန်တို့မှာ ပါဏာတိပါတကံ ထိုက်ကြောင်းကို မှတ်ရာ၏။ ဤသို့ဖြစ်၍ တိရစ္ဆာန်ဖြစ်သော သတ္တဝါသည် ပါဏာတိပါတ-စသော အကုသိုလ်ကံ များစွာပြုသဖြင့်လည်းကောင်း လူဖြစ်သော သတ္တဝါသည် ပါဏာတိပါတ-စသော အကုသိုလ်ကံ များစွာပြုသဖြင့်လည်းကောင်း တိရစ္ဆာန်ဘုံ၌ဖြစ်၍ ပါဏာတိပါတ-စသော အကုသိုလ်ကံကိုသာ ကြိမ်ဖန်များစွာ ထပ်ခါထပ်ခါ ဖြစ်ပွါးလေရကား တိရစ္ဆာနယောနိဒုဂ္ဂတိဘဝ၌သာ များစွာ ကျင်လည်ရ၏။

ထို့ကြောင့် အင်္ဂုတ္တရနိပါတ် အဋ္ဌကထာ(အံ၊ဋ္ဌ၊၂။၁၀၉)၌–

**ဧကစ္စော အကုသလကမ္မံ ကတွာ ဒုဂ္ဂတိဘဝသ္မိံ နိဗ္ဗတ္တတိ။ သော တတ္ထ ဌိတော ပုနပ္ပုနံ အကုသလကမ္မံ ကတွာ တံ ကမ္မံ ဥပတ္ထမ္ဘေတွာ ဗဟူနိ ဝဿသတသဟဿာနိ ဒုဂ္ဂတိဘဝသ္မိံ ယေဝ ဝိစရတိ။**

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဧကစ္စော၊ အချို့သော သတ္တဝါသည်။ အကုသလကမ္မံ၊ အကုသိုလ်ကံကို။ ကတွာ၊ ပြု၍။ ဒုဂ္ဂတိဘဝသ္မိံ၊ ဒုဂ္ဂတိဘဝ၌။ နိဗ္ဗတ္တတိ၊ ဖြစ်၏။ သော၊ ထိုသတ္တဝါသည်။ တတ္ထ၊ ထိုဒုဂ္ဂတိဘဝ၌။ ဌိတော၊ တည်လျက်။ ပုနပ္ပုနံ၊ အဖန်ဖန်။ ဝါ၊ အခါခါ။ ဝါ၊ အကြိမ်ကြိမ်။ အကုသလကမ္မံ၊ အကုသိုလ်ကံကို။ ကတွာ၊ ပြု၍။ တံ ကမ္မံ၊ ထိုဘဝဟောင်းက သံသရာ၌ ပြုကြဖန်ဖန် ရှိရင်းကံကို။ ဥပတ္ထမ္ဘေတွာ၊ ကြီးခိုင်ကြံ့ကြံ့ ထောက်ပံ့စေ၍။ ဗဟူနိ ဝဿသတသဟဿာနိ၊ များစွာတွက်ကိန်း နှစ်အသိန်းတို့ ကာလပတ်လုံး။ ဒုဂ္ဂတိဘဝသ္မိံ ယေဝ၊ ဒုဂ္ဂတိဘဝ၌သာလျှင်။ ဝိစရတိ၊ ကျင်လည်ရ၏။

ပါဏာတိပါတ-စသော အကုသိုလ်ကံကြောင့် ဒုဂ္ဂတိဘဝပဋိသန္ဓေကို ရ၍ ပါဏာတိပါတ-စသောကံ ထပ်မံဖြစ်ပွါးသဖြင့် အားကြီးသော အကုသလဥပထမ္ဘကကြောင့် ဒုဂ္ဂတိဘဝ၌သာ များစွာ ကျင်လည်ရ၏-ဟူရကား တိရစ္ဆာန်တို့မှာ ပြုရန်မုချ အကုသလကမ္မသည် ပါဏာတိပါတ-စသော ကံ-ဟု ဧကန်မုချ သိရာ၏။ ထို့ကြောင့် ရှေးရှေးသော ဘုရားအလောင်း သူတော်ကောင်းဖြစ်သော တိရစ္ဆာန်တို့သည် ပါဏာတိပါတ-ဟု ဆိုအပ်သော မကောင်းမှုမှ ကြဉ်ရှောင်၏-ဟု သစ္စာပြုကြောင်းကို စရိယာပိဋကကျမ်း(စရိယာ၊၄၁၆)၌–

**ယတော သရာမိ အတ္တာနံ၊ ယတော ပတ္တောသ္မိ ဝိညုတံ။**
**နာဘိဇာနာမိ သဉ္စိစ္စ၊ ကေပါဏမ္ပိ ဟိံသနံ** *(ဟိံသိတံ/ဟိံသိတာ၊ တု-ပစ္စည်း)*။ ။

ဟူ၍ ဟောတော်မူသည်။

ယတော၊ အကြင်အခါမှ။ ပဘုတိ၊ စ၍။ အဟံ၊ ငါသည်။ အတ္တာနံ၊ မိမိကိုယ်ကို။ သရာမိ၊ အောက်မေ့၏။ ယတော၊ အကြင်အခါမှ။ ပဘုတိ၊ စ၍။ အဟံ၊ သည်။ ဝိညုတံ၊ ကောင်းမှု, မကောင်းမှု-ဟူ၍ သိကြားလိမ္မာသော အဖြစ်သို့။ ပတ္တော၊ ရောက်သည်။ အသ္မိ၊ ဖြစ်၏။ တတော၊ ထိုအခါမှ။ ပဘုတိ၊ စ၍။ သဉ္စိစ္စ၊ သေစေလိုသော စေတနာရှိသည် ဖြစ်၍။ ကေပါဏမ္ပိ၊ ၁-ခုသော သတ္တဝါကိုမျှလည်း။ ဟိံသနံ၊ သတ်ပုတ်ညှဉ်းဆဲမိသည်ကို။ နာဘိဇာနာမိ၊ မသိစဖူး။

ဤသို့ ဘုရားအလောင်း သူတော်ကောင်းဖြစ်သော တိရစ္ဆာန်တို့သည် အပါယ-ဂမနိယ ဒုစ္စရိတသာဝဇ္ဇသာဖြစ်သော ပါဏာတိပါတမှ ကြဉ်ရှောင်ကြကြောင်းကို လာသည်။ ဤ စရိယာပိဋကကျမ်းအလာ သစ္စာပြုခန်းနှင့်ညီစွာ မီးကို ငြှိမ်းစေကြောင်းကို ကေနိပါတ်၊ ၄-ခုမြောက်သော ကုလာဝကဝဂ်တွင် ရှေးဦးစွာသော ကုလာဝကဇာတ်(စရိယာ၊၄၁၆)၌-

**အဘိတ္ထနယ ပဇ္ဇုန္န၊ နိဓိံ ကာကဿ နာသယ။**
**ကာကံ သောကာယ ရန္ဓေဟိ၊ မစ္ဆေ သောကာ ပမောစယ။** ။

ဟူ၍ ဟောတော်မူသည်။

ပဇ္ဇုန္န၊ ပဇ္ဇုန်နတ်သား။ အဘိတ္ထနယ၊ ထစ်ကြိုးပြင်းစွာ ငြှာစေလော့။ ကာကဿ၊ ကျီးအပေါင်း၏။ နိဓိံ၊ ရွှေအိုးနှင့်တူစွာ၊ လွန်စွာပျော်ပါး၊ ကစားကြခြင်းကို။ နာသယ၊ ဖျက်ဆီးလော့။ ကာကံ၊ ကျီးအပေါင်းကို။ သောကာယ၊ စိုးရိမ်ခြင်းဖြင့်။ ရန္ဓေဟိ၊ ပူလောင်စေလော့။ မစ္ဆေ၊ ငါးအပေါင်းတို့ကို။ သောကာ၊ စိုးရိမ်ခြင်းမှ။ ပမောစယ၊ လွတ်စေလော့။ ("ကာကံ သောကာယ ရန္ဓေဟိ"၌ "ကာကံ သောကာယ ရုန္ဓေဟိ"ဟု ဥ-သရနှင့် ရှိတတ်၏၊ မသင့်။ ရန္ဓ-ဟု အ-သရနှင့် ရှိမှ သင့်မည်။ ရန္ဓ ပါကေ။ သဒ္ဒနီတိ။ )

ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း မင်းပြုသောအခါ ကြီးစွာသော သဘင်ကို ပြုရာ လူသာမက ဂဠုန်,နဂါးမှ စ၍ ကြည့်ကြလေလျှင် လူ၏အသွင်ဖြင့် သဘင်သို့ ချဉ်းကပ်လျက် ရပ်၍ ကြည့်ကြသော ဂဠုန်,နဂါး ၂-ဦးသားတို့တွင် လူသားပင် ထင်မှတ်မိသည်နှင့် ဂဠုန်၏ ပခုံးထက် နဂါးလက် တင်မိလျှင် လှည့်၍ ကြည့်ရာတွင်မှ ကေန်မုချ ဂဠုန်-ဟု သိရ၍ သေဘေးကို ကြောက်လှသောကြောင့် ပြည်မှ ထွက်သွား၍ မြစ်နားသို့ ရောက်လေလျှင် "ဤအရှင်ရဟန်းမြတ်ကို မှီကပ်ခိုကိုးမှသာ ငါ-အသက် ချမ်းသာမည်။ ဤအရှင်ရဟန်းသာ

ကိုးကွယ်ရာ”ထင်မှတ်လေ၍ ဈေ့ာ်တေသက်န်း၏အတွင်းသို့ နဂါးမင်း ဝင်တိုးပုန်းလျှိုးခိုနေလတ်သတည်း။

ဂဠုန်မင်းကား သင်္ကန်းကြားသို့ နဂါး တိုးဝင်လတ်သည်ကို တပ်အပ်တွေ့မြင်လေသော်လည်း ဈေ့ာ်တေသက်န်း ရဟန်းတို့ ပရိက္ခရာကို လွန်စွာလေးစား ခံ့ညားကြောက်ရွံ့၍ မဖမ်းမယူဝံ့ရှိလေရကား “အရှင်ဘုရား၊ နဂါးသည် ဤဈေ့ာ်တေသက်န်းတွင်းသို့ ဝင်ခိုနေလတ်သည် မှန်ပြီ။ သင်္ကန်းကို ပယ်ရှားလျှင် နဂါးကိုသာ ဖမ်းကာယူသွား ငါစားလို၏”ဟု လျှောက်သည်တွင် “သင့်အား ဤသို့ ရိုသေလေးမြတ်သော ကုသိုလ်ကံကြောင့် နတ်ထံသို့ ကပ်သဖြင့် နတ်တို့၏အစာကို ဆောလျင်စွာ စားရ၏။ နဂါးတည်း-ဟူသော ဤအစာပါဏာတိပါတ အကုသိုလ်တရားကို ပယ်ရှားရာ၏”ဟု ဂဠုန်မင်းအား ဘုရားလောင်း ဆုံးမတော်မူကြောင်းကို ၅၅၀-ဒုကနိပါတ်၊ ရှေးဦးစွာသော ဒဠှဝဂ်အစု၊ ၄-ခုမြောက်သော ဥရဂဇာတ်(ဇာ၁။၃၇)တွင်-

> သော ဗြဟ္မဂုတ္တော စိရမေဝ ဇီဝ၊ ဒိဗ္ဗာ စ တေ ပါတုဘဝန္တု ဘက္ခာ။
> ယော ဗြဟ္မဝဏ္ဏံ အပစာယမာနော၊ ဗုဘုက္ခိတော နေဝ ဝိတရာသိ ဘောတ္တုံ။

ဟူ၍ ဟောတော်မူသည်။ ဤဂါထာကား ဣန္ဒဝဇိရာဂါထာတည်း။

ယော တွဲ၊ အကြင်သင်သည်။ ဗြဟ္မဂုတ္တော၊ မြတ်သော စောင့်ရှောက်ခြင်း ရှိသည်ဖြစ်၍။ စိရံမေဝ၊ ရှည်မြင့်စွာသာလျှင်။ ဇီဝ၊ အသက်ရှည်စေလော့။ တေ၊ သင့်အား။ ဒိဗ္ဗာ၊ နတ်၌ ဖြစ်ကုန်သော။ ဘက္ခာ စ၊ အစာတို့သည်လည်း။ ပါတုဘဝန္တု၊ ဖြစ်စေကုန်သတည်း။ သော တွဲ၊ ထိုသင်သည်။ ဗြဟ္မဝဏ္ဏံ၊ မြတ်သော ဈေ့ာ်တေသက်န်း ရဟန်း၏အသွင်ကို။ အပစာယမာနော၊ ရိုသေလေးစား ခန့်ညားကြောက်ရွံ့သည် ဖြစ်၍။ ဗုဘုက္ခိတော၊ ဆာမွတ်သည်ဖြစ်လျက်။ ဝါ၊ စားလိုသည်ဖြစ်လျက်။ ဘောတ္တုံ၊ စားခြင်းငှာ။ နေဝ ဝိတရာသိ၊ မဝံ့။

ဤဥရဂဇာတ်၌ “ဒိဗ္ဗာ စ တေ ပါတုဘဝန္တု ဘက္ခာ”ဟူသော ပါဠိတော်၏ အရကို အကျယ်ပြတော်မူလိုသော အဋ္ဌကထာဆရာသည်-

> ဒိဗ္ဗာ စ တေ ပါတုဘဝန္တု ဘက္ခာတိ ဒေဝတာနံ ပရိဘောဂါရဟာ ဘက္ခာ စ တဝ ပါတုဘဝန္တု။ မာ ပါဏာတိပါတံ ကတွာ နာဂမံသခါဒကော အဟောသိ။

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဒိဗ္ဗာ စ တေ ပါတုဘဝန္တု ဘက္ခာတိ၊ ဒိဗ္ဗာ စ တေ ပါတုဘဝန္တု ဘက္ခာ-ဟူသည်ကား။ ဒေဝတာနံ၊ နတ်တို့အား။ ပရိဘောဂါရဟာ၊ သုံးဆောင်ခြင်းငှာ ထိုက်ကုန်သော။

ဘက္ခာ စ၊ နတ်၌ဖြစ်သော အစာတို့သည်လည်း။ တဝ၊ သင်အား။ ဘဝန္တု၊ ဖြစ်စေကုန်သတည်း။ ပါဏာတိပါတံ၊ ပါဏာတိပါတကံကို။ ကတွာန၊ ပြု၍။ နာဂမံသခါဒကော၊ သူတပါးတို့၏ အသားကိုသာ စားသည်။ မာ အဟောသိ၊ မဖြစ်စေလင့်။

ဤအဋ္ဌကထာပါဠိ၌ "ဒေဝတာနံ ပရိဘောဂါရဟာ ဘက္ခာ စ တဝ ဘဝန္တု"အရဖြင့် ဤလျှော်တေသက်နိုး ရဟန်းတို့ ပရိက္ခရာကို လွန်စွာ လေးစားခန့်ညား ကြောက်ရွံ့ရှိသေသော အပစာယန သီလကုသိုလ်စေတနာကြောင့် နတ်ရွာနတ်ထံသို့ ကပ်သဖြင့် နတ်တို့၏ အစာ၊ နတ်ချမ်းသာကို ကောင်းစွာ ခံစားရ၏-ဟူလို။

"မာ ပါဏာတိပါတံ ကတွာ နာဂမံသခါဒကော အဟောသိ"အရ အတက်ပြဆိုခဲ့သော-

စေတ္တော အကုသလကမ္မံ ကတွာ ဒုဂ္ဂတိဘဝသ္မိံ နိဗ္ဗတ္တတိ။ သော ဝါဟ္တ ဌိတော ပုနပ္ပုန် အကုသလကမ္မံ ကတွာ တံ ဥပတ္ထမ္ဘေတွာ ဗဟူနိ ဝဿသတသဟဿာနိ ဒုဂ္ဂတိဘဝသ္မိံ ယေဝ ဝိစရတိ။

ဟူသော အင်္ဂုတ္တရအဋ္ဌကထာစကားကို ထောက်ထားနိုင်းဆလျှင် "ပါဏာတိပါတကံကို ပြုသော အကုသလဝိပါကကြောင့် ဘဝများစွာ တိရစ္ဆာနယောနိဒုဂ္ဂတိဘုံ၌သာ ကျင်လည်ရသဖြင့် ပါဏာတိပါတကံကို ပြု၍ သူ့အသက်, သူ့အသားကိုသာ စားသောက်သော တိရစ္ဆာန်အမျိုးမှာ အခါခါဖြစ်ရမည်ကို သင်-အလိုမရှိလင့်"ဟု ဘုရားလောင်းက အပြစ်ကို ပြ၍ ဆုံးမတော်မူသတည်း-ဟူလို။

ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်း မင်းပြုသောအခါ ငါတို့ဘုရားအလောင်းတော် အဋ္ဌသမာပတ္တိ ဈာနလာဘီရသေ့ဖြစ်၍ တောအရပ်တွင် တစ်ခုသောရွာငယ်ကို မှီလျက် ဒါယကာတို့ ဆောက်လုပ်လှူဒါန်းသော ကျောင်းသင်္ခမ်း၌ နေလတ်၏။ ထိုအခါ တစ်ယောက်သော ငှက်မုဆိုးသည် တစ်ခုသော ခါ-ကို လိမ္မာအောင် သင်ကြား၍ ချိုင့်၌ ထားပြီးသော် တောဖျားမြိုင်ချောင်၊ ယူဆောင်လာသွား၊ ခါ-အများကို ထောင်စားလေသည်။ ထိုအခါ ထိုခါ-ကြံအောက်မေ့သည်ကား "ငါ့ကို အမှီပြု၍ ငါ၏အသံကို ကြားသောကြောင့် ခါအများ သေကြရကုန်သည်။ ဤမကောင်းမှုကား ငါ့အား ရောက်ရာသည်"ဟု ကြံ၍ အသံမပြုဘဲ နေပြန်သဖြင့် ပြင်းထန်စွာ ရိုက်နှက်လေလျှင် နာကျင်သော ဒုက္ခကြောင့် တွန်ပြန်ရသတည်း။ ဤအရာဝယ်—

မယှံ'မေတံ ပါပံ။ ဉ္ဉမေ မရန္တု တိ မယှံ စေတနာ နတ္ထိ။ မံ ပဋိစ္စ ကမ္မံ ပန ဖုသတိ။ အတ္ထိ နုခေါ ဧတ္ထ မယှံ ပါပံ, နတ္ထိတိ။

ဟု လာသည်။ (ဇာ၊ဌ၊၃၊၅၉)

ဇတံ ပါပံ၊ ထိုမကောင်းမှုသည်။ မယှမေဝ၊ ငါ၏သာလျှင်။ ပါပံ၊ မကောင်းမှုသည်။ အဟောသိ၊ ဖြစ်လိမ့်မည်လော။ ဣမေ၊ ဤ ခါအပေါင်းတို့သည်။ မရန္တု၊ သေစေကုန်သတည်း။ ဣတိ၊ ဤသို့။ မယှံ၊ ငါ့အား။ စေတနာ၊ စေတနာသည်။ နတ္ထိ၊ မရှိ။ မံ၊ ငါ့ကို။ ပဋိစ္စ၊ စွဲ၍။ သာကုဏိကဿ ပန၊ ငှက်မုဆိုးအားကား။ ကမ္မံ၊ ပါဏာတိပါတကံကို။ ဖုသတိ၊ ရ၏။ ဧတ္ထ၊ ဤသို့ ရရာ၌။ မယှံ၊ ငါ့အား။ ပါပံ၊ မကောင်းမှုသည်။ အတ္ထိ နုခေါ၊ ရှိလိမ့်မည်လော။ နတ္ထိ နုခေါ၊ မရှိလိမ့်မည်လော။ ဣတိ၊ ဤသို့။ တိတ္တိရော၊ ခါသည်။ စိန္တေသိ၊ ကြံမိ၏။

ထိုသို့ ကြံမိသော အခါမှစ၍ “အဘယ်သို့သော ပညာရှိသည် ငါ၏ ယုံမှားသကာကို ဖျောက်နိုင်ပါအံ့နည်း”ဟု ဆင်ခြင်စူးစမ်း ထောက်လှမ်းဖွေရှာလတ်သတည်း။ ငှက်မုဆိုးကား၊ တောဖျားမြိုင်ခြေ၊ လှည့်ပတ်လေ၍၊ ရှာဖွေထောက်လှမ်း၊ တောစခန်းတွင်၊ ချမ်းဧရိပ်မြုံ၊ ရဂုံချိုင့်ဝှမ်း၊ ရေစိမ့်စမ်းနှင့်၊ ရဟန်းဖွယ်ရာ၊ ဗောဓိလျာ၏၊ နေရာသခ်မ်းသို့ ရောက်လေလျှင် အနီးတွင် ချိုင့်ကို ထား၍ မြစ်နားသို့ ရေသောက်အံ့သောငှာ သွားသည့်ကာလ ချိုင့်တွင်းမှ နေလျက်ပင် အရှင်ရသေ့ကို ပြဿနာမေးလို၍–

သုသုခံ ဝတ ဇီဝါမိ၊ လဘာမိ စေဝ ဘုဉ္ဇိတုံ။
ပရိပန္ထေ စ တိဋ္ဌာမိ၊ ကာနု ဘန္တေ ဂတီ မမ။ ။

ဟူသော ဂါထာ(ဇာ၁။၁၀၂)ကို ရွတ်၏။

ဘန္တေ၊ အရှင်ရသေ့။ (အဟံ၊ ငါသည်။ ဣမံ သာကုဏိကံ၊ ဤငှက်မုဆိုးကို။ နိဿာယ၊ မှီ၍။) ဝတ၊ စင်စစ်။ သုသုခံ၊ အလွန်ချမ်းသာစွာ။ ဇီဝါမိ၊ အသက်မွေးရပေ၏။ ဘုဉ္ဇိတုံ၊ စားခြင်းငှာ။ လဘာမိ စေဝ၊ ရလည်း ရပေ၏။ အပိ စ၊ စင်စစ်သော်ကား။ (မမ သဒ္ဒေန၊ ငါ၏ အသံကြောင့်။ ဉာတကာ၊ ဆွေမျိုးဖြစ်သော ခါအပေါင်းတို့သည်။ နဿန္တိ၊ ပျက်စီးခဲ့ကုန်၏။ ဣတိ၊ ဤသို့။) ပရိပန္ထေ၊ စိုးရိမ်သည်၏ အဖြစ်၌သာလျှင်။ တိဋ္ဌာမိ၊ တည်၏။ ဘန္တေ၊ အရှင်ရသေ့။ မမ၊ ငါ၏။ ဂတိ၊ အလားသည်။ ကာနု၊ အသို့လျှင်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့နည်း။

ခါ-မေးသော ပြဿနာကို ကောင်းစွာ ဖြေကြားလိုသော ဈာနလာဘီ ဗောဓိသတ်အရှင်ရသေ့သည်–

မနော စေ တေ နပ္ပဏမတိ၊ ပက္ခိ ပါပဿ ကမ္မုနော။
အဗျာဝဋဿ ဘဒြဿ၊ န ပါပ'မုပလိမ္ပတိ။ ။

ဟူသော ဂါထာ(ဇာ၁။၁၀၂)ကို ရွတ်၏။

ပက္ခိ၊ ခါငှက်။ ပါပဿ ကမ္မုနော၊ ပါဏာတိပါတ-ဟု ဆိုအပ်သော မကောင်းမှုကံ၏။ အတ္တာယ၊ အကျိုးငှာ။ တေ၊ သင်၏။ မနော၊ စိတ်သည်။ စေ န နမတိ၊ အကယ်၍ မညွတ်အံ့။ အဗျာဝဋဿ ဥဿုက္က အနာပန္နဿ၊ လုံ့လ, ဥဿာဟပြုခြင်းသို့ မရောက်သော။ ဘဒြဿ သုဒ္ဓုနိသိန္နဿ၊ ကောင်းစွာ နှလုံးသွင်း၍နေသော သင့်အား။ ပါပံ၊ မကောင်းမှုကံသည်။ န ဥပလိမ္ပတိ၊ မလိမ်းကျံ။

"ငါ၏ အသံကြောင့် လာရောက်သော ခါတို့ကို မုဆိုးသတ်လေရကား အဘယ်သူအား ပါဏာတိပါတကံ ဖြစ်ချိမ့်မည်နည်း။ ငါလည်း စေတနာ မရှိခဲ့"ဟု လျှောက်ရာ "စေတနာမရှိက ပါဏာတိပါတ အကုသိုလ်တရားသည် သင့်အား အဘယ်မှာ ဖြစ်ရာတော့အံ့နည်း"ဟု ရှင်ရသေ့ ဖြေဆိုသော စကားကို ကြားသောကာလမှ ကုက္ကုစ္စ ပျောက်ကင်း၍ ပူပန်ခြင်း ငြိမ်းလေသည်။

ထိုအကြောင်းကို ကောသမ္ဗီပြည်တွင် သီတင်းသုံးနေတော်မူသောအခါ ရာဟုလာ၏ သိက္ခာကာမ ဝိနယကုက္ကုစ္စ ဩဝါဒက္ခမကို ကိစ္စစွဲလမ်း၍ ရဟန်းတို့ အစည်းအဝေးတွင် ရှေးအတိတဇာတ်ဟောင်းကို ပြ၍ ၅၅၀၊ စတုက္ကနိပါတ်၊ ၂-ခုမြောက်သော ပုစိမန္ဒဝဂ်အစု၌ ၉-ခုမြောက်သော တိတ္တိရဇာတ်ကို ဟောတော်မူသည်။ ဤသို့ သူတော်ကောင်းဖြစ်သော တိရစ္ဆာန်တို့မှာ မိမိတို့ချင်း အချင်းချင်း သတ်စားသည့်အရာကို မဆိုထားဘိ မိမိပယောဂကြောင့် သူတပါး သေမည်ကိုမျှ "အကုသိုလ်တရား ငါ့အား ဖြစ်ချိမ့်မည်လား"ဟု ယုံမှားသံသယ ရှိကြပေသေးသည်။

ငါတို့ ဘုရားအလောင်းတော် မစလရွာတွင် မာဃလုလင်ဖြစ်သောအခါ သုဇာတာမည်သော မိန်းမသည် တစ်စုံတစ်ခုမျှသော ကုသိုလ်ကို မပြုဘဲ စုတိသည်၏ အခြားမဲ့၌ ချောက်ကြားတွင် ဗျိုင်းမဖြစ်လေရကား သိကြားမင်းလာ၍ တာဝတိံသာသို့ ဆောင်ပြီးလျှင် မယားကြီး ၃-ယောက်တို့နှင့်တကွ ထူးမြတ်တင့်တယ် အံ့ဩဖွယ်သော နတ်ချမ်းသာကို ပြ၍ "ထိုဒေသ၌ ဖြစ်လိုလျှင် ကုသိုလ်ကို ပြုရာ၏"ဟု ဆုံးမ၍ ၅-ပါးသီလကို စောင့်စေသတည်း။

ထို့နောက်မကြာ သိကြားမင်းလာ၍ သေသောငါး၏ အသွင်ဖြင့် ဗျိုင်းမ၏ အနီးအပါးတွင် နေလတ်၏။ ဗျိုင်းမကား "ငါကား ငါးသေ စားရပေတော့မည်"ဟု ကောက်ယူလေလျှင် ငါးရှင်ဖြစ်လေ၍ ပြန်လွှတ်ပြန်သတည်း။ ဤနည်းဖြင့်သာ ၃-ခါတိုင်မြောက် ၃-ကြိမ်ရောက်အောင် ငါးသေယောင် ဖန်ဆင်း၍ သိကြားမင်း စုံစမ်းပြီးမှ ကောင်းကြီးသာဓုပြု၍ ပြန်သတည်း။

ထိုအကြောင်းကို ဓမ္မပဒအဋ္ဌကထာ၊ ၂-ခုမြောက်သော အပ္ပမာဒဝဂ်အစု၊ ၇-ခု မြောက်သော မာဃဝတ္ထု, ၅၅၀၊ ဧကနိပါတ်၊ ၄-ခုမြောက်သော ကုလာဝကဝဂ်၌ ရှေးဦးစွာသော ကုလာဝကဇာတ် (ဓမ္မ၊ဋ္ဌ၊၁။၁၇၅။ဇာ၊ဋ္ဌ၊၁။၂၂၁)တွင်–

အထ'ဿာ ပဉ္စသီလာနိ ဒတွာ "အပ္ပမတ္တာ ရက္ခာဟီ"တိ ဝတွာ ပက္ကာမိ။ သာ တတော ပဋ္ဌာယ သယံ မတမစ္ဆကေယေဝ ပရိယေသိတွာ ခါဒတိ။ သက္ကော ကတိပါဟစ္စယေနေဝ တဿာ ဝီမံသနတ္ထာယ ဂန္တွာ ဝါလုကာပိဋ္ဌေ မတမစ္ဆကော ဝိယ ဟုတွာ ဥတ္တာနော နိပ္ပဇ္ဇိ၊ သာ တံ ဒိသွာ မတမစ္ဆကောတိ သညာယ အဂ္ဂဟေသိ၊ မစ္ဆော ဂီလနကာလေ နင်္ဂုဋ္ဌံ စာလေသိ။ သာ "သဇီဝမစ္ဆကော"တိ ဥဒကေ ဝိဿဇ္ဇေသိ။

သော ထောကံ ဝီတိနာမေတွာ ပုန တဿာ ပုရတော ဥတ္တာနော ဟုတွာ နိပ္ပဇ္ဇိ။ ပုန သာ "မတမစ္ဆကော"တိ သညာယ ဂဟေတွာ ဂီလနကာလေ အဂ္ဂနင်္ဂုဋ္ဌံ စာလေန္တံ ဒိသွာ "သဇီဝမစ္ဆော"တိ ဝိဿဇ္ဇေသိ။ ဧဝံ တိက္ခတ္တုံ ဝီမံသိတွာ "သာဓုကံ သီလံ ရက္ခတီ"တိ အတ္တာနံ ဇာနာပေတွာ "အဟံ တဝ ဝီမံသနတ္ထာယ အာဂတော၊ သာဓုကံ သီလံ ရက္ခသိ။ ဧဝံ ရက္ခမာနာ န စိရဿေဝ မမ သန္တိကေ နိဗ္ဗတ္တိဿသိ။ အပမတ္တာ ဟောဟီ"တိ ဝတွာ ပက္ကာမိ။

ဟူ၍ ဟောတော်မူသတည်း။

အထ၊ ထိုအခါ၌။ သက္ကော၊ သိကြားသည်။ အဿာ၊ ထိုဗျိုင်းမအား။ ပဉ္စသီလာနိ၊ ၅-ပါးသော သီလတို့ကို။ ဒတွာ၊ ပေး၍။ အပ္ပမတ္တာ၊ မမေ့မလျော့။ ရက္ခာဟိ၊ စောင့်လော့။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ ပက္ကာမိ၊ ဖဲလေ၏။ သာ၊ ထိုဗျိုင်းမသည်။ တတော ပဋ္ဌာယ၊ ထိုနေ့မှ စ၍။ မတမစ္ဆကေ ယေဝ၊ သေသော ငါးတို့ကိုသာလျှင်။ ပရိယေသိတွာ၊ ရှာ၍။ ခါဒတိ၊ စား၏။ သက္ကော၊ သိကြားမင်းသည်။ ကတိပါဟစ္စယေနေဝ၊ ၂-ရက်, ၃-ရက် လွန်သဖြင့်သာလျှင်။ တဿာ၊ ထိုဗျိုင်းမအား။ ဝီမံသနတ္ထာယ၊ စုံစမ်းအံ့သောငှာ။ ဂန္တွာ၊ လာ၍။ ဝါဠုကပိဋ္ဌေ၊ သဲပြင်၌။ မတမစ္ဆကော ဝိယ၊ ငါးသေကဲ့သို့။ ဟုတွာ၊ ဖြစ်၍။ နိပ္ပဇ္ဇိ၊ အိပ်၏။ သာ၊ ထိုဗျိုင်းမသည်။ ဒိသွာ၊ မြင်၍။ မတမစ္ဆကောတိ သညာယ၊ ငါးသေ-ဟူသော အမှတ်ဖြင့်။ အဂ္ဂဟေသိ၊ ကောက်ယူ၏။ မစ္ဆော၊ ငါးသည်။ ဂီလနကာလေ၊ မျိုသောအခါ၌။ နင်္ဂုဋ္ဌံ၊ အမြီးကို။ စာလေသိ၊ လှုပ်၏။ သာ၊ ထိုဗျိုင်းမသည်။ ဇီဝိတမစ္ဆကောတိ၊ ငါးရှင်-ဟူ၍။ ဥဒကေ၊ ရေ၌။ ဝိဿဇ္ဇေသိ၊ လွှတ်လိုက်၏။

သော၊ ထိုသိကြားမင်းသည်။ ထောကံ၊ အတန်ငယ်။ ဝီတိနာမေတွာ၊ ကာလကို လွန်စေ၍။ ပုန၊ တဖန်။ တဿာ၊ ထိုဗျိုင်းမ၏။ ပုရတော၊ ရှေးမှ။ ဥတ္တာနော ဟုတွာ၊ ပက်လက်လန်၍။ နိပ္ပဇ္ဇိ၊ အိပ်ပြန်၏။ သာ၊ ထိုဗျိုင်းမသည်။ မတမစ္ဆကောတိ သညာယ၊

ငါးသေ-ဟူသော အမှတ်ဖြင့်။ ဂဟေတွာ၊ ကောက်ယူ၍။ ဂိလနကာလေ၊ မျိုသောအခါ၌။ အဂ္ဂနင်္ဂုဋ္ဌ စာလေန္တိ ဒိသွာ၊ အမြီးဖျား လှုပ်သည်ကို မြင်၍။ သာ၊ ထိုဗျိုင်းမသည်။ ဇီဝိတ-မန္တောတိ၊ ငါးရှင်-ဟူ၍။ ဝိဿဇ္ဇေတိ၊ လွှတ်ပြန်၏။ ဧဝံ၊ ဤသို့။ တိက္ခတ္တုံ ဝီမံသိတွာ၊ ၃-ခါစူးစမ်း၍။ သာဒုက၊ ကောင်းစွာ။ သီလံ၊ သီလကို။ ရက္ခာဟီတိ၊ စောင့်ပါလော့-ဟု။ ဝတွာ၊ ဆို၍။ အတ္တာနံ၊ မိမိကိုယ်ကို။ ဇာနာပေတွာ၊ သိစေ၍။ အဟံ၊ ငါသည်။ တဝ ဝီမံသနတ္ထာယ၊ သင့်အား စုံစမ်းအံ့သောငှာ။ အာဂတော၊ လာခဲ့၏။ သာဒုက၊ ကောင်းစွာ။ သီလံ၊ သီလကို။ ရက္ခာဟိ၊ စောင့်လော့။ ဧဝံ၊ ဤသို့။ ရက္ခမာနာ၊ စောင့်သည်ရှိသော်။ န စိရဿေဝ၊ မကြာခင်လျှင်။ မမ သန္တိကေ၊ ငါ၏ အထံ၌။ နိဗ္ဗတ္တိဿသိ၊ ဖြစ်လာလတ္တံ့။ အပမတ္တာ၊ မမေ့မလျော့။ ဟောဟိ၊ ဖြစ်လော့။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ ပက္ကာမိ၊ ဖဲလေ၏။

(ကောင်းချီးပေး သာဒုသဒ္ဒါများ၌ ဒန္တဇတတိယက္ခရာ ဒ-နှင့် ရှိမှ သင့်သည်။ "သာဒိ-ယတိ အဿာဒိယတီတိ သာဒု၊ သုန္ဒရံ" မောဂ္ဂလ္လာန်။ သူတော်ကောင်းပေး သာဓုသဒ္ဒါမှသာ ဒန္တဇစတုတ္ထက္ခရာ ဓ-နှင့် သင့်သည်။ "သာဓေတိ အတ္တပရတ္ထန္တိ သာဓု၊ သဇ္ဇနော"။ မောဂ္ဂလာန်)

ထိုအခါ ထိုဗျိုင်းမကား ထိုနေ့မှစ၍ ရသည်လည်း ရှိ၏၊ မရသည်လည်း ရှိ၏။ စင်စစ်အားဖြင့်သော်ကား ငါးသေကိုလည်း မရ၊ အစာ မစားရသဖြင့် ခဏမကြာ စုတိကျ၍ သီလစေတနာကြောင့် ဗာရာဏသီပြည်တွင် အိုးထိန်းသည်သမီး ဖြစ်လာ၏။ ထိုအကြောင်းကို ဋ္ဌင်းဇာတ်တော်(ဓမ္မ၁ဌ၁။၁၇၆)တွင်ပင်-

> **သာ တတော ပဋ္ဌာယ ပန သယံ မတမစ္ဆံ လဘတိ ဝါ, န ဝါ။ အလဘမာနာ ကတိပါဟစ္စယေနေဝ သုဿိတွာ ကာလက်တွာ တဿာ သီလဖလေန ဗာရာဏ-သိယံ ကုမ္ဘကာရဿ ဓီတာ ဟုတွာ နိဗ္ဗတ္တိ။**

ဟူ၍ ဟောတော်မူသည်။

သာ၊ ထိုဗျိုင်းမသည်။ တတော ပဋ္ဌာယ၊ ထိုနေ့မှ စ၍။ သယံ ပန၊ မိမိသည်ကား။ မတမစ္ဆံ၊ ငါးသေကို။ လဘတိ ဝါ၊ ရသည်လည်း ရှိ၏။ န လဘတိ ဝါ၊ မရသည်လည်း ရှိ၏။ ယေဘုယျေန၊ များသောအားဖြင့်။ အလဘမာနာ၊ မရသည်ဖြစ်၍။ ကတိပါဟစ္စယေနေဝ၊ ၂-ရက်, ၃-ရက် လွန်သဖြင့်သာလျှင်။ သုဿိတွာ၊ ခြောက်ကပ်၍။ ကာလက်တွာ၊ သေ၍။ တဿာ၊ ထိုဗျိုင်းမ၏။ သီလဖလေန၊ သီလတည်း-ဟူသော အားကြောင့်။ ဗာရာဏသိယံ၊ ဗာရာဏသီပြည်၌။ ကုမ္ဘကာရဿ၊ အိုးထိန်းသည်၏။ ဓီတာ ဟုတွာ၊ သမီးဖြစ်၍။ နိဗ္ဗတ္တိ၊ ဖြစ်၏။

ဤသို့ သူတော်ကောင်းဖြစ်ကြသော တိရစ္ဆာန်တို့မှာ ကိုယ့်အသက်ကို အသေခံ၍ ပါဏာတိပါတကံမှ ကြဉ်ရှောင်ခြင်းတည်း-ဟူသော သီလကို စောင့်ကြပေသေးသည်။ အကယ်၍ကား တိရစ္ဆာန်တို့မှာ ပါဏာတိပါတကံ၏ အပြစ်သည် စင်စစ် မရှိခဲ့အံ့၊ အဘယ်မှာ ပါဏာတိပါတကံကို စောင့်ရန်ကိစ္စ ရှိတော့အံ့နည်း။ စောင့်ရန်ကိစ္စ မရှိလေက "သီလကို စောင့်ပါ"ဟု တာဝတိံသာ၊ နတ်ရွာသနင်း၊ သိကြားမင်း ဆိုဖွယ်ရှိအံ့နည်း။ သိကြားမင်း ဆိုဖွယ် မရှိလေကလည်း သီလ-စသော အတ္ထုပ္ပတ္တိ ဤဇာတ်,ဤဒေသနာကို မြတ်စွာဘုရား ဟောကြားတော်မူဖွယ် အဘယ်မှာ ရှိတော့အံ့နည်း။ တိရစ္ဆာန်တို့မှာ သီလစောင့်သော ဒေသနာကို မြတ်စွာဘုရား ဟောကြားတော်မူသည် မှန်က ပါဏာတိပါတကံ တိရစ္ဆာန်တို့မှာ ဧကန်ရှိသည်-ဟု သိရာ၏။ တိရစ္ဆာန် ဗျိုင်းပင် သိ၍ မိမိအသက်ကို အသေခံ၍ ပါဏာတိပါတကံကို ပယ်ရှား၍ တရားစောင့်ကြပေသေးသည်။

ဗာရာဏသီပြည်တွင် ဗြဟ္မဒတ်မင်း မင်းပြုသောအခါ ငါတို့ ဘုရားအလောင်းတော် ယုန်မင်းဖြစ်၍ မြေခွေး, ဖျံ, မျောက်တို့နှင့်တကွ တောအရပ်တွင် နေကြသတည်း။ တစ်နေ့သ၌ ဘုရားအလောင်း ယုန်မင်း ကောင်းကင်ကို ကြည့်ရာ နက်ဖြန် ဥပုသ်နေ့ဖြစ်သည်*(ကို)* သိ၍ "ဥပုသ်သီလ ဆောက်တည်ကြပါ၊ သီလ၌ တည်၍ ပြုရသော ကုသိုလ်သည် အကျိုးကြီးမြတ်၏။ ထို့ကြောင့် ဖုန်းတောင်းယာစကာ ရောက်လာသသူတို့အား လှူဒါန်းပြီးမှ သုံးဆောင်ကြပါ"ဟု ၃-ဦးသားတို့အား ဘုရားအလောင်း ဆုံးမကြောင်းကို-

> ဧကဒိဝသံ ဗောဓိသတ္တော အာကာသံ ဩလောကေတွာ စန္ဒံ ဒိသွာ "သွေ ဥပေါသထဒိဝသော"တိ ဉတွာ ဣတရေ တယော အာဟ "သွေ ဥပေါသထဒိဝသော၊ တုမှေပိ တယော ဇနာ သီလံ သမာဒိယိတ္ထာ၊ ဥပေါသထိကာ စ ဟောထ။ သီလေ ပတိဋ္ဌာယ ဒိန္နဒါနံ မဟပ္ဖလံ ဟောတိ။ တသ္မာ ယာစကေ သမ္ပတ္တေ တုမှေဟိ ခါဒိတဗ္ဗာဟာရတော ဒါနံ ဒတွာ ခါဒေယျာထ။

ဟု ၅၅၀၊ စတုက္ကနိပါတ်၊ ၂-ခု မြောက်သော ပုစိမန္ဒဝဂ်အစု၊ ၆-ခုမြောက်သော သသဇာတ် (ဇာ၊႒၊၃။၄၈)တွင် ဟောတော်မူသည်။

ဧကဒိဝသံ၊ တစ်နေ့သ၌။ ဗောဓိသတ္တော၊ ဘုရားအလောင်း ယုန်မင်းသည်။ အာကာသံ၊ ကောင်းကင်ကို။ ဩလောကေတွာ၊ ကြည့်၍။ စန္ဒံ၊ လကို။ ဒိသွာ၊ မြင်၍။ သွေ၊ နက်ဖြန်။ ဥပေါသထဒိဝသော၊ ဥပုသ်နေ့တည်း။ ဣတိ၊ ဤသို့။ ဉတွာ၊ သိ၍။ ဣတရေ တယော၊ မြေခွေး,ဖျံ,မျောက် ၃-ယောက်သားတို့ကို။ အာဟ၊ ဆို၏။ သွေ၊ နက်ဖြန်။ ဥပေါသထဒိဝသော၊ ဥပုသ်နေ့တည်း။ တုမှေပိ တယော ဇနာ၊ သင်တို့ ၃-ယောက်တို့သည်

လည်း။ သီလံ သမာဒိယိတွာ၊ သီလစောင့်ကြကုန်။ ဥပေါသထိကာ စ၊ ဥပုသ်သုံးကုန်သည်လည်း။ ဟောထ၊ ဖြစ်ကြကုန်။ သီလေ၊ သီလ၌။ ပတိဋ္ဌာယ၊ တည်၍။ ဒိန္နဒါနံ၊ လှူရသောအလှူသည်။ မဟပ္ဖလံ၊ အကျိုးကြီးသည်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ သမ္ပတ္တေ၊ ရောက်လာကုန်သော။ ယာစကေ၊ အလှူခံပုဂ္ဂိုလ်တို့ကို။ တုမှေဟိ ခါဒိတဗ္ဗာဟာရတော၊ သင်တို့စားသော အာဟာရမှ။ ဒါနံ၊ အလှူကို။ ဒတွာ၊ လှူ၍။ ခါဒေယျာထ၊ စားကြကုန်။

နံနက်မိုးသောက်သောကာလ မြေခွေးလည်း လယ်စောင့်သော ယောကျာ်းတို့ပြန်သွား မေ့ရစ်သော ဖွတ်သေ, နို့ဓမ်းတို့ကို ဥစ္စာရှင် ရှိ, မရှိကို သိသာအောင် စုံစမ်းပြီးမှ အသာမိကသညာဖြင့် ကောင်းစွာ ဆောင်ယူခဲ့သတည်း။ ဖျံလည်း ဂင်္ဂါနည်းပင် မြစ်တွင် တံငါတို့ မြှုပ်ထားသော ငါးကြင်း ၇-ကောင်ကို ယူဆောင်ခဲ့သတည်း။ မျောက်လည်း တောအရပ်မှ မှည့်ရွှမ်းလှသော ရသာချိုမြက် သရက်ခိုင်ပြွတ်ကို ယူဆောင်ခဲ့သတည်း။ ယူဆောင်ခဲ့ပြီးမှ အချိန်ကာလကို ကြည့်လျက် မိမိတို့ သီလကို ဆင်ခြင်၍ တောတွင် နေကြသတည်း။ ယုန်မင်းလည်း "ငါ့မှာ လှူစရာ အခြား မရှိပြီ၊ ငါ၏ ကိုယ်ကိုပင် ရလိုသူတို့အား လှူပေအံ့"ဟု ဆိုင်းငံ့မျှော်တင်းလျက် နှလုံးသွင်း၍ နေလတ်သတည်း။

ထိုအခါ တာဝတိံသာ နတ်ရွာသေဌ်နင်း သိကြားမင်းသည် သီတင်းဖြူထွား ပုဏ္ဏားနှင့်တူစွာ ဝတိံသာမှ ကောင်းစွာချဉ်းကပ် ထိုအရပ်သို့ ရောက်သဖြင့် မျောက်, ဖျံ, မြေခွေးတို့ထံ ရပ်ခံခဲ့ပြီးမှ ယုန်မင်းရှိရာ ချဉ်းကပ်လာ၍ ကောင်းစွာ ရပ်ခံလေလျှင် "ငါ့တွင် တစ်စုံတစ်ခု လှူဖွယ်ဝတ္ထု မရှိ၊ ငါ၏ အသားကို စား၍ တရားစောင့်ပါ။ ငါ လှူပါမည်"ဟု ဆိုလတ်၍ သိကြားနတ်မင်း မြက်,ထင်းရုံးစု ပြုသော မီးပုံ၏ အတွင်းသို့ ဝင်ဆင်းလေလျှင် ရေတွင် နေရသကဲ့သို့ ချမ်းသာသဖြင့် "ငါကား ပုဏ္ဏား မဟုတ်။ သင်-ယုန်မင်း၏ သီတင်း, သီလအာစာရကို သိလို၍ စုံစမ်းလာသတည်း"ဟု ကမ္ဘာပတ်လုံး မဆုံးမချင်း ဘုရားလောင်း ယုန်မင်း၏ သီတင်း,သီလအာစာရကို မြင်ကြသသူ လူ-ဟူသမျှတို့ သိကြစေခြင်းငှာ တောင်ဆီဖြင့် လပိမာန်တွင် ယုန်ရေးတံဆိပ်သင်္ကာန် ရေးသား၍ သိကြားမင်း ပြန်လေသည်။

ထိုအကြောင်းကို ဇင်းဇာတ်တော်(ဇာ၄၊၇။၅၁)တွင်-

> "သသပဏ္ဍိတ တဝ ဂုဏော သကလကပ္ပံ ပါကဋော ဟောတူ"တိ ပဗ္ဗတံ ပီဠေတွာ ပဗ္ဗတရသံ အာဒါယ စန္ဒမဏ္ဍလေ သသလက္ခဏံ လိခိတွာ ဗောဓိသတ္တံ အာနေတွာ တသ္မိံ ဝနသဏ္ဍေ တသ္မိံ ယေဝ ဝနဂုမ္ဗေ တရုဏဒဗ္ဗတိဏပိဋ္ဌေ နိပဇ္ဇာပေတွာ အတ္တနော ဝသနဋ္ဌာနမေဝ ဂတော။

ဟူ၍ ဟောတော်မူသည်။

သသပဏ္ဍိတ၊ ယုန်ပညာရှိ။ တဝ ဂုဏော၊ သင်ယုန်မင်း၏၊ သီတင်းကျေးဇူး၊ ဂုဏ်အထူးသည်။ သကလကပ္ပံ၊ ကမ္ဘာပတ်လုံး။ ပါကဋော ဟောတုတိ၊ ထင်ရှားရစ်စေ သတည်း-ဟူ။ ပဗ္ဗတံ၊ တောင်ကို။ ပီဠေတွာ၊ ညှစ်၍။ ပဗ္ဗတရသံ၊ တောင်ဆီကို။ အာဒါယ၊ ယူ၍။ စန္ဒမဏ္ဍလေ၊ လဝန်း၌။ သသလက္ခဏံ၊ ယုန်ရုပ်ကို။ လိခိတွာ၊ ရေး၍။ ဗောဓိသတ္တံ၊ ဘုရားလောင်း ယုန်မင်းကို။ အာနေတွာ၊ ဆောင်ခဲ့၍။ တသ္မိံ ဝနသဏ္ဍေ၊ ထိုတောအုပ်၌။ တသ္မိံ ယေဝ ဝနဂုမ္ဗေ၊ ထိုတောချုံ၌။ တရုဏဒဗ္ဗတိဏပိဋ္ဌေ၊ နေဇာမြက်နုပေါ်၌။ နိပဇ္ဇာ-ပေတွာ၊ အိပ်စေ၍။ အတ္တနော ဝသနဋ္ဌာနမေဝ၊ မိမိနေရာ တာဝတိံသာသို့သာလျှင်။ ဂတော၊ သွားလေ၏။

သည်ကိုရည်၍ ရှေးပညာရှိတို့သည် "ဗိုလ်လူများစွာ၊ သတ္တဝါတို့၊ ရှည်ကြာနှစ်သိမ့်၊ မြင်စိမ့်သောငှာ၊ ကမ္ဘာရှည်လစ်၊ တောင်ဆီညှစ်၍၊ ထွန်းသစ်ရောင်လွန်၊ လဗိမာန်၌၊ စုတ်တံ ကိုင်းအုပ်၊ မင်သတ်ချုပ်သို့၊ ယုန်ရုပ်ရေး၍၊ ပြန်သတည်း"ဟူ၍ ဆိုတော်မူသတည်း။

တရံရောအခါ တစ်ခုသော နဂါးသည် မိမိ၏ တိရစ္ဆာန်အမျိုး၌ ဖြစ်သည်ကို ငြီးငွေ့ ရွံရှာလေရကား "မြတ်စွာဘုရားသာသနာတွင် ငါ-ရဟန်းပြုရလျှင် တိရစ္ဆာန်မျိုးမှ လွတ် ရာ၏-ဟု နှလုံးထား၍ လူသား၏ အသွင်ဖြင့် သံဃာတို့ထံ တောင်းပန်ခွင့်ရ၍ ရဟန်းပြုရ သည့်နောက် တစ်ယောက်သော ရဟန်းနှင့်တကွ ပစ္စန္တဝိဟာရတွင် နေကြသတည်း။

အဖော်ဖြစ်သော ရဟန်းသည် ကျောင်း၏ ပြင်ပ၌ စင်္ကြံသွားသည့်အခိုက် အိပ်ပျော် လေရကား တစ်ကျောင်းလုံး ပြည့်သည်သာမက လေသာပြူတင်းမှ ပြင်ပသို့ ထွက်သဖြင့် ကြောက်မက်ဖွယ်ဖြစ်၍ ဟစ်ကြော်သော အသံဖြင့် သံဃာတို့ သိကြ၍ ဘုရားကို လျှောက် လေလျှင် "သင်နဂါးတို့သည် ငါဘုရားသာသနာတွင် ဈာန်,မဂ်,ဖိုလ်တရားနှင့် မထိုက်တန်၊ ဈာန်,မဂ်,ဖိုလ် တရားလည်း မကြီး,မပွါး၊ နဂါးပြည်သို့သာ သွား၍ နဂါးတို့ ကျင့်ရာသော တရားနှင့် ပြည့်စုံလျှင် လူ့ဘုံ,လူ့ဘဝကို ရရာ၏"ဟု ဆုံးမတော်မူကြောင်းကို–

> တုမှေ ခေါ'တ္ထ နာဂါ အဝိရုဠှိဓမ္မာ ဣမသ္မိံ ဓမ္မဝိနယေ။ ဂစ္ဆ တွံ နာဂ၊ တတ္ထေဝ စာတုဒ္ဒသေ ပန္နရသေ အဋ္ဌမိယာ စ ပက္ခဿ ဥပေါသထံ ဥပဝသ။ ဧဝံ တွံ နာဂယောနိယာ စ ပရိမုစ္စိဿသိ။ ခိပ္ပဉ္စ မနုဿတ္တံ ပဋိလဘိဿသိ။

ဟု ဝိနည်းမဟာဝါ၊ မဟာခန္ဓက၊ တိရစ္ဆာနဝတ္ထုကထာ(ဝိ၊၃။၁၂၁)တွင် လာသည်။

တုမှေ နာဂါ၊ သင်နဂါးတို့သည်။ ဣမသ္မိံ ဓမ္မဝိနယေ၊ ငါဘုရား၏ အဆုံးအမတော် ၌။ အဝိရုဠှိဓမ္မာ၊ မပွါးသော ဈာန်,မဂ်,ဖိုလ်တရား ရှိကုန်သည်။ အတ္ထ၊ ဖြစ်ကုန်၏။ နာဂ၊ နဂါး။ တွံ၊ သင်သည်။ ဂစ္ဆ၊ သွားလော့။ တတ္ထေဝ၊ ထိုနဂါးတို့ နေရာ၌ပင်လျှင်။ စာတုဒ္ဒသေ၊

၁၄-ရက်မြောက်သော နေ့၌လည်းကောင်း။ ပန္နရသေ၊ ၁၅-ရက်မြောက်သော နေ့၌လည်း ကောင်း။ ပက္ခဿ၊ လဆန်းပက္ခ, လဆုတ်ပက္ခ၏။ အဋ္ဌမိယာ စ၊ ၈-ရက်မြောက်သော နေ့၌လည်းကောင်း။ ဥပေါသထံ၊ ဥပုသ်ကို။ ဥပဝသ၊ သုံးလေလော့။ ဝါ၊ ကျင့်ဆောက်တည် လေလော့။ ဧဝံ၊ ဤသို့ ကျင့်သုံးဆောက်တည်သည်ရှိသော်။ တွံ၊ သင်နဂါးသည်။ နာဂ-ယောနိယာ၊ နဂါးအမျိုးမှ။ ပရိမုစ္စိဿသိ၊ လွတ်လတ္တံ့။ ခိပ္ပမေဝ၊ လျင်စွာသာလျှင်။ မနုဿတ္တံ၊ လူအဖြစ်ကို။ ပဋိလဘိဿသိ၊ ရလတ္တံ့။

ဤသို့ တိရစ္ဆာန်နဂါးကို မြတ်စွာဘုရား ဆုံးမရာ၌လည်း ဥပုသ်စောင့်သုံးသည့် အရာသည် ပါဏာတိပါတ-စသော အကုသိုလ်ဓမ္မကိုပင် ကြဉ်ရှောင်ရသတည်း။ ၅၅၀၊ ပကိဏ္ဏကနိပါတ်၊ ၁၃-ဇာတ်ရှိသည်တွင် ၇-ခုမြောက်သော ပဉ္စုပေါသထဇာတ်၌ ခို, မြွေ, မြေခွေး, ဝံ, ဘုရားလောင်း ရသေ့၊ ဤ ၅-ဦးသားတို့ ဥပုသ်စောင့်ကြကြောင်း, ထို ၅-ဦး သားတို့တွင် မြွေသည် ရွာသူတို့ အလေးအမြတ်ပြုသော ဥသဘနွားလားကြီးကို ကိုက်သတ်၍ သေသည်နောက် ပူပန်ခြင်းဖြစ်၍ ရသေ့ထံ ဥပုသ်ဆောက်တည်ကြောင်းကို-

> “အဟံ ကောခံ နိဿာယ ဣမံ ဇီဝိတာ ဝေါရောပေတွာ မဟာဇနဿ ဟဒယေ သောကံ ပဝေသေသိံ။ ဣဒါနိ ဣမံ ကောခံ အနိဂ္ဂဏှိတွာ ဂေါစရာယ န ပက္ကမိဿာမိ”တိ စိန္တေတွာ နိဝတ္တေတွာ တံ အဿမံ ဂန္တွာ ကောခံ နိဿာယ ဥပေါသထံ သမာဒိယိတွာ ဧကမန္တေ နိပ္ပဇ္ဇိ။ (ဇာ၄၄၊၄၂၆-၇)

“အဟံ၊ ငါသည်။ ကောခံ၊ အမျက်ဒေါသကို။ နိဿာယ၊ မှီ၍။ ဣမံ၊ ဤနွားလားကြီး ကို။ ဇီဝိတာ၊ ဇီဝိတိန္ဒြေကို(မှ)။ ဝေါရောပေတွာ၊ ချ၍။ မဟာဇနဿ၊ လူအပေါင်း၏။ ဟဒယေ၊ နှလုံး၌။ သောကံ၊ စိုးရိမ်ခြင်းကို။ ပဝေသေသိံ၊ ဖြစ်စေ၏။ ဣဒါနိ၊ ယခု။ ဣမံ ကောခံ အနိဂ္ဂဏှိတွာ၊ ဤအမျက်ဒေါသကို မနှိပ်ဘဲ။ ဂေါစရာယ၊ အစာရှာခြင်းငှာ။ န ပက္ကမိဿာ-မီတိ၊ မသွားအံ့”ဟူ။ စိန္တေတွာ၊ ကြံ၍။ နိဝတ္တေတွာ၊ ပြန်၍။ တံ အဿမံ၊ ထိုရသေ့ကျောင်း သို့။ ဂန္တွာ၊ သွား၍။ ကောခံ နိဿာယ၊ အမျက်ဒေါသကို မှီ၍။ ဥပေါသထံ သမာဒိယိတွာ၊ ဥပုသ်ဆောက်တည်၍။ ဧကမန္တေ၊ လျောက်ပတ်သော နေရာ၌။ နိပ္ပဇ္ဇိ၊ အိပ်၏။

ဤပါဠိ၌ မြွေသည် အစာရှာရာအရပ်မှ ပြန်လာ၍ မိမိနေရာ တောင်ပို့သို့ ရောက် လျှင် နွားလားဥသဘကို သတ်သော ဒေါသကို နှိပ်လို၍ ထိုအရပ်တွင် မနေဘဲ ပြန်၍ ရသေ့ကျောင်းသို့ သွားသည်ကို နိဝတ္တေတွာ-ဟု ဆိုသည်။

ဆက္ကနိပါတ်၊ ၁၃-ခုမြောက်သော တုဏ္ဍိလဇာတ်တွင် ဘုရားအလောင်းတော် တုဏ္ဍိလဝက်မင်းသည် ညီ-စူဠတုဏ္ဍိလဝက်နှင့်တကွ ဗာရာဏသီပြည်သူတို့ကို ဆုံးမသော

"ဓမ္မောရုဟာဒေါ"-အစရှိသော ဂါထာ၌ ၅-ပါးသီလ, ၈-ပါးသီလ, ၁၀-ပါးသီလ, သုစရိုက် ၁၀-ပါး, ၃၇-ပါးသော ဗောဓိပက္ခိယတရားတို့ကို ရည်၍ ဓမ္မော-ဟု ဘုရားလောင်း တုဏ္ဍိလ ဝက်မင်း ဆိုကြောင်းကို ၎င်းပါဠိတော်၏ အဖွင့်အဋ္ဌကထာ(ဇာ၊ဋ္ဌ၊၃။၂၇၂)တွင်-

ပဉ္စသီလအဋ္ဌသီလဒသသီလာနိ တီဏိ သုစရိတာနိ သတ္တတိံသ ဗောဓိပက္ခိယ- ဓမ္မာ အမတမဟာနိဗ္ဗာနန္တိ သဗ္ဗောပိ ဧသ ဓမ္မော နာမ။

ဟု လာသည်။

ပဉ္စသီလအဋ္ဌသီလဒသသီလာနိ၊ ၅-ပါးသီလ, ၈-ပါးသီလ, ၁၀-ပါးသီလတို့လည်း ကောင်း။ တီဏိ သုစရိတာနိ၊ ၃-ပါးကုန်သော သုစရိုက်တို့လည်းကောင်း။ သတ္တတိံသ ဗောဓိပက္ခိယဓမ္မာ၊ ၃၇-ပါးကုန်သော ဗောဓိပက္ခိယတရားတို့လည်းကောင်း။ အမတမဟာ- နိဗ္ဗာနံ၊ အမြိုက်နိဗ္ဗာန်လည်းကောင်း။ ဣတိ၊ ဤသို့။ သဗ္ဗောပိ၊ အလုံးစုံလည်း ဖြစ်သော။ ဧသ ဧသော၊ ဤကုသိုလ်ဓမ္မအပေါင်းသည်။ ဓမ္မော နာမ၊ ဓမ္မ မည်၏။

ပါပံ၏အရ၌ ဧကဝိဓ, ဒုဝိဓ-အစရှိသောအားဖြင့် များစွာသော အကုသိုလ်ဓမ္မ တို့ကို ရည်၍ ပါပ-ဟု ဆိုကြောင်းကို ၎င်းအဋ္ဌကထာ(ဇာ၊ဋ္ဌ၊၃။၂၇၃)၌-

ဧကဝိဓေန ပါပံ မနောပဒေါသော။ ဒုဝိဓေန ပါပဉ္စ သီလံ ပါပကာ စ ဒိဋ္ဌိ။ တိဝိဓေန ပါပံ တီဏိ ဒုစ္စရိတာနိ။ စတုဗ္ဗိဓေန ပါပံ စတ္တာရိ အဂတိဂမနာနိ။ ပဉ္စဝိဓေန ပါပံ၊ ပဉ္စဝေရာနိ(စေတောခိလာ)။ ဆဗ္ဗိဓေန ပါပံ ဆ အဂါရဝါ။ သတ္တဝိဓေန ပါပံ၊ သတ္တ အသဒ္ဓမ္မာ။ အဋ္ဌဝိဓေန ပါပံ အဋ္ဌ မိစ္ဆတ္တာ။ နဝဝိဓေန ပါပံ နဝ အာဃာတဝတ္ထူနိ၊ ဒသဝိဓေန ပါပံ ဒသ အကုသလကမ္မပထာ။

ဟု လာသည်။

ဧကဝိဓေန၊ ၁-ခုသော အဖို့အားဖြင့်။ ပါပံ၊ ပါပ မည်၏။ မနောပဒေါသော၊ စိတ် ပြစ်မှားခြင်း။ ဒုဝိဓေန၊ ၂-ပါးသော အပြားဖြင့်။ ပါပံ၊ ပါပ မည်၏။ ပါပဉ္စ သီလံ၊ မကောင်း သော သီလ။ ပါပကာ ဒိဋ္ဌိ၊ မကောင်းသော အယူ။ တိဝိဓေန၊ ၃-ပါး အပြားအားဖြင့်။ ပါပံ၊ ပါပ မည်၏။ တီဏိ ဒုစ္စရိတာနိ၊ ၃-ပါးကုန်သော ဒုစရိုက်တို့။ စတုဗ္ဗိဓေန၊ ၄-ပါးသော အပြားအားဖြင့်။ ပါပံ၊ ပါပ မည်၏။ စတ္တာရိ အဂတိဂမနာနိ၊ ၄-ပါးသော အဂတိသို့ လား ခြင်း။ ပဉ္စဝိဓေန၊ ၅-ပါးသော အပြားအားဖြင့်။ ပါပံ၊ ပါပ မည်၏။ ပဉ္စ ဝေရာနိ၊ ၅-ပါးသော ရန်သူတို့။ ဆဗ္ဗိဓေန၊ ၆-ပါးသော အပြားအားဖြင့်။ ပါပံ၊ ပါပ မည်၏။ ဆ အဂါရဝါ၊ ၆-ပါး သော အဂါရဝတို့တည်း။ သတ္တဝိဓေန၊ ၇-ပါးအပြားအားဖြင့်။ ပါပံ၊ ပါပ မည်၏။ သတ္တ- အသဒ္ဓမ္မာ၊ မသူတော်တို့၏ တရား ၇-ပါး။ အဋ္ဌဝိဓေန၊ ၈-ပါးအပြားအားဖြင့်။ ပါပံ၊ ပါပ

မည်၏။ အဋ္ဌမိစ္ဆတ္တာ၊ မိစ္ဆတ္တ ၈-ပါးတို့တည်း။ နဝဝိဓေန၊ ၉-ပါးအပြားအားဖြင့်။ ပါပံ၊ ပါပ မည်၏။ နဝ အာဃာတဝတ္ထူနိ၊ ၉-ပါးသော အာဃာတဝတ္ထုတို့တည်း။ ဒသဝိဓေန၊ ၁၀-ပါးအပြားအားဖြင့်။ ပါပံ၊ ပါပ မည်၏။ ဒသအကုသလကမ္မပထာ၊ ၁၀-ပါးသော အကုသလ-ကမ္မပထတို့တည်း။

တစ်နည်း မနောပဒေါသော၊ နှလုံးပြစ်မှားခြင်းသည်။ ဧကဝိဓေန၊ တစ်ပါးအပြားအားဖြင့်။ ပါပံ၊ ပါပ မည်၏။

(ဤနည်းတူ ဒသအကုသလကမ္မပထ-တိုင်အောင်) ဒသအကုသလကမ္မပထာ၊ ၁၀-ပါးကုန်သော အကုသလကမ္မပထတို့သည်။ ဒသဝိဓေန၊ ၁၀-ပါး အပြားအားဖြင့်။ ပါပံ၊ ပါပမည်၏။

ဤတက္ကိုလဇာတ်ပါဌ်အရကွင် ဧကဝိဓေန-၌ တစ်ပါးသည်လည်း အပြားပင်။ ထို့ကြောင့် ဝိဘင်းအဋ္ဌကထာ၊ ဉာဏဝိဘင်္ဂဝဏ္ဏနာ(အဘိ႒၊၂။၃၇၉)၌-

ဧကဝိဓေနာတိ ဧကေန ပကာရေန ဧကေန ကောဋ္ဌာသေန ဝါ။ ဉာဏဝတ္ထူ။

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဧကဝိဓေနာတိ၊ ဧကဝိဓေန-ဟူသည်ကား။ ဧကေန ပကာရေန၊ တစ်ခုသော အပြားဖြင့်။ ဝါ၊ တစ်နည်းကား။ ဧကေန ကောဋ္ဌာသေန၊ တစ်ခုသော အစုဖြင့်။ ဉာဏဝတ္ထု၊ ဉာဏဝတ္ထု မည်၏။

ယထာ နိစ္စောပိ အာကာသော၊ ယဋ္ဌာဒိဒဗ္ဗသံယုတော။
ယဋ္ဌာ'ကာသာဒိဘေဒေန၊ အဘိန္နော'ကောပိ ဘိဇ္ဇတေ။ ။

ကြိယာဘေဒူပစာရေန၊ ကာလော'ကောပိ ပဘိဇ္ဇတေ။
ကတ္တာဒိဘေဒတော ယေဝ၊ ကြိယာယေ'ကာပိ ဘိဇ္ဇတေ။
ကြိယာ သာမညဘာဝေန၊ အဘိန္နာဝ ပဘိဇ္ဇတေ။ ။

ဟူသော သဒ္ဒတ္ထဘေဒစိန္တာဆရာ အလိုအားဖြင့် သချာရှိ, မရှိ ၂-ပါး၌ပင် ဧကက, ဒွိက, တိက-စသည်ဖြင့် ပြားသည်-ဟူလို။

အာကာသော၊ ကောင်းကင်သည်။ နိစ္စောပိ၊ မြဲသော်လည်း။ ယဋ္ဌာဒိဒဗ္ဗသံယုတော၊ အိုး-အစရှိသော ဒြပ်နှင့် ယှဉ်သည်ရှိသော်။ ဝါ၊ ယှဉ်သည် ဖြစ်၍။ ယဋ္ဌာ'ကာသာဒိဘေဒေန၊ အိုး, ကောင်းကင်-အစရှိသော အပြားအားဖြင့်။ ဘိဇ္ဇတေ ယထာ၊ ပြားသကဲ့သို့။ တထာ၊ ထို့အတူ။ အဘိန္နော၊ အပြားမရှိသော။ ဧကောပိ၊ တစ်ခုသော ကာလသည်လည်း။ ဘိဇ္ဇတေ၊ ပြား၏။

ကြိယာဘေဒူပစာရေန၊ ကြိယာအပြားကို ကာလ၌ တင်စားသောအားဖြင့်။ ဧကော၊ တစ်ခုသော။ ကာလောပိ၊ ကာလသည်လည်း။ ပဘိဇ္ဇတေ၊ ပြား၏။ ကတ္တာဒိဘေဒတော ယေဝ၊ ကတ္တား-အစရှိသည်ဖြင့် ပြားသောကြောင့်သာလျှင်။ ဝါ၊ ကတ္တား-အစရှိသော အပြားအားဖြင့်သာလျှင်။ ဧကော၊ တစ်ခုသော။ ကြိယာပိ၊ အပြား မရှိသေးသော ကြိယာသည်လည်း။ ဘိဇ္ဇတေ၊ ပြား၏။ ကြိယာ၊ တစ်ခုတည်းသော ကြိယာသည်။ သာမညဘာဝေန၊ သာမည၏ အဖြစ်ဖြင့်။ အဘိန္နာဝ၊ အပြားမရှိဘဲလျှင်။ ဒေသာဒိနာ၊ ဒေသ-အစရှိသော အပြားအားဖြင့်။ ပဘိဇ္ဇတေ၊ ပြား၏။

ထိုစကား ၂-ရပ်တို့တွင် ဉာဏဝိဘင်းအဋ္ဌကထာအလို သာမညဖြစ်သော ဉာဏ်သည် အပြားမရှိ၊ အာရုံကို စွဲ၍ အာရမ္မဏိကဝတ္ထုဖြစ်ရကား ဉာဏဝတ္ထုသည် ၁-ပါး, ၂-ပါး စသည် ပြား၏-ဟူလို။

သဒ္ဒတ္ထဘေဒစိန္တာဆရာအလို ကောင်းကင်သည် ၁-ခု, ၂-ခု-စသည် မရှိဘဲလျက်–

- အိုးခေါင်းကို စွဲ၍ ဃဋာကာသ - ဝါးခေါင်းကို စွဲ၍ ဝေဠာကာသ
- ဂူခေါင်းကို စွဲ၍ ဂုဟာကာသ
- အမှတ်မရှိသော အခေါင်းကို စွဲ၍ ဝိဝရာကာသ–

စသည် ပြားသကဲ့သို့ အပြားမရှိသေးသော တစ်ခုတည်းသော ပစ္စုပ္ပန်ကာလသည် ကြိယာအစဉ်ပြတ်ခြင်းကြောင့် လွန်လေပြီးသော ပစ္စုပ္ပန်ကို အတိတ်၊ ကြိယာအစဉ် မရှိသေးသော လာလတ္တံ့သော ပစ္စုပ္ပန်ကို အနာဂတ်၊ ဤသို့ ပစ္စုပ္ပန်, အတိတ်, အနာဂတ် ကာလ ၃-ပါး ပြား၏။

"ကြိယာဘေဒူပစာရေန ကာလေကောပိ ပဘိဇ္ဇတေ"အရ ကြိယာပြားသောကြောင့် ကာလပြား၏။ "ကတ္တာဒိဘေဒတောယေဝ ကြိယာယေကာပိ ဘိဇ္ဇတေ"အရ ကတ္တား, ကံ-စသည် ပြားသောကြောင့် ကြိယာလည်း ပြား၏-ဟူလို။ အိုး, ဝါးခေါင်း-စသည်ကို စွဲ၍ အပြားမရှိသော ကောင်းကင် ပြား၏။ ကတ္တား-စသည်ကို စွဲ၍ ကြိယာ ပြား၏။ ကြိယာကို စွဲ၍ ကာလ ပြား၏။

ထိုစကားရပ်၌ သဘာဝတ္ထုဖြစ်သော အဓိပ္ပါယ်ကား "သုည သုည ခံ နာဂါ၊ ဂုဏာ-ဇလနိဓယော။ ခံခံ သုည ရသ နဝသူရိယာ၊ ခံသဒ္ဒေါ မေတ္ထ သုညေ"-အစရှိသော အဘိဓာနပ္ပဒီပိကာဋီကာ(နှာ-၆၇)၊ ကဝိသာရမည်သော ဆန်းဋီကာများကို ထောက်၍ ကောင်းကင်သည် သင်္ချာ မရှိ၊ သင်္ချာမရှိသော ကောင်းကင်သည် ၁-ခု, ၂-ခု-စသည်ဖြစ်ခဲ့

သော် ၁-ခုလည်း အပြား၊ ၂-ခု, ၃-ခု စသည်လည်း အပြား ဖြစ်၏။ ပကတိ သဘာဝကပင် ၁-ခုသာ ဖြစ်ခဲ့အံ့၊ အပြား မရှိ။ ၂-ခု, ၃-ခု-စသည် ဖြစ်ခဲ့သောအခါ အပြားဖြစ်၏။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ သမာဓိနိဒ္ဒေသ၌–

**ကတိဝိဓော သမာဓီတိ အဝိက္ခေပလက္ခဏေန တာဝ ဧကဝိဓော။**

ဝိဘင်းပါဠိတော်၊ ဉာဏဝိဘင်း၌လည်း–

**ဧကဝိဓေန ဉာဏဝတ္ထု၊ ဒုဝိဓေန ဉာဏဝတ္ထု။**

စသည်ဖြင့် လာသည်။

ဤဆက္ကနိပါတ်၊ တုဏ္ဍိလဇာတ်၌လည်း–

**ဧကဝိဓေန ပါပံ၊ ဒုဝိဓေန ပါပံ။**

စသည်ဖြင့် လာသည်။ ပညာရှိတို့ ဆင်ခြင်ရာ၏။

တစ်နည်းလည်း ဝိဓသဒ္ဒါသည် မာန-ဟူသော အနက်၊ သဏ္ဌာန်-ဟူသော အနက်၊ အစု-ဟူသော အနက်တို့၌ ဖြစ်၏။ ထို ၃-ပါးတို့တွင် "**သေယျော'ဟ'မသ္မီတိ ဝိဓာ၊ သဒိ-သော'ဟ'မသ္မီတိ ဝိဓာ**"အစရှိသည်တို့၌ ဝိဓသဒ္ဒါသည် မာန-ဟူသော အနက်တို့၌ ဖြစ်၏။ "**ကထံဝိဓံ သီလဝန္တံ ဝဒန္တိ၊ ကထံဝိဓံ ပညဝန္တံ ဝဒန္တိ**"အစရှိသည်တို့၌ ဝိဓ-သဒ္ဒါသည် သဏ္ဌာန်-ဟူသော အနက်၌ ဖြစ်၏။ "**ဧကဝိဓေန ဉာဏဝတ္ထု**"အစရှိသည်တို့၌ ဝိဓ-သဒ္ဒါသည် အစု-ဟူသော အနက်၌ ဖြစ်၏။

ထို့ကြောင့် ဓမ္မသင်္ဂဏီအဋ္ဌကထာ၊ ရူပကဏ္ဍ(နှာ-၃၄၃)၌-

> **ဧဝံ ဧကဝိဓေန ရူပသင်္ဂဟောတိ ဧတ္ထ** ဝိဓာသဒ္ဒေါ မာနသဏ္ဌာနကောဋ္ဌာသေသု ဒိဿတိ။ သေယျော'ဟ'မသ္မီတိ ဝိဓာ၊ သဒိသော'ဟ'မသ္မီတိ ဝိဓာ'တိ-အာဒီသု မာနော ဝိဓာ နာမ။ ကထံဝိဓံ သီလဝန္တံ ဝဒန္တိ၊ ကထံဝိဓံ ပညဝန္တံ ဝဒန္တိတိ-အာဒီသု သဏ္ဌာနံ။ ကထံ ဝိဓန္တိ ဟိ ပဒဿ ကထံ သဏ္ဌာနန္တိ အတ္ထော။ ဧကဝိဓေန ဉာဏဝတ္ထု'တိအာဒီသု ကောဋ္ဌာသော ဝိဓာ နာမ။

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

**ဧဝံ ဧကဝိဓေန ရူပသင်္ဂဟောတိ ဧတ္ထ၊** ဧဝံ ဧကဝိဓေန ရူပသင်္ဂဟော-ဟူသော ပါဠ်၌။ ဝိဓာသဒ္ဒေါ၊ ဝိဓာ-သဒ္ဒါသည်။ မာနသဏ္ဌာနကောဋ္ဌာသေသု၊ မာန-ဟူသော**အနက်**, သဏ္ဌာန်-ဟူသောအနက်, အစု-ဟူသောအနက်တို့၌။ ဒိဿတိ၊ ထင်၏။ ဟိ၊ ချဲ့အံ့။ **အဟံ၊**

ငါသည်။ သေယျော၊ မြတ်သည်။ အသ္မိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝိဓာ၊ မာနသည်။ ဟောတိ၊ ဖြစ်၏။ အဟံ၊ ငါသည်။ သဒိသော၊ တူသည်။ အသ္မိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ ဝိဓာ၊ မာနသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ အာဒိသု၊ ဤသို့ အစရှိသည်တို့၌။ မာနော၊ မာနသည်။ ဝိဓာ နာမ၊ ဝိဓာ မည်၏။ ကထံ ဝိဓံ၊ ဂုဏ်ကျေးဇူးဖြင့် အဘယ်သို့ တည်သသူကို။ သီလဝန္တံ၊ သီလဝန္တ-ဟူ၍။ ဝဒန္တိ၊ ဆိုကုန်သနည်း။

(ကထံ ဝိဓန္တိ ဂုဏေဟိ ကထံ သဏ္ဌိတံ။ (ဋီကာ) ကထံ ဝိဓန္တိ၊ ကထံဝိဓံ-ဟူသည်ကား။ ဂုဏေဟိ၊ ဂုဏ်တို့ဖြင့်။ ကထံ သဏ္ဌိတံ၊ အဘယ်သို့ တည်သနည်း။)

ကထံ ဝိဓံ၊ ဂုဏ်ကျေးဇူးတို့ဖြင့် အဘယ်သို့ တည်သသူကို။ ပညဝန္တန္တိ၊ ပညဝန္တ-ဟူ၍။ ဝဒန္တိ၊ ဆိုကုန်သနည်း။ ဣတိ အာဒိသု၊ ဤသို့ အစရှိသည်တို့၌။ သဏ္ဌာနံ၊ သဏ္ဌာန်ကို။ ဝိဓာ၊ ဝိဓ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဟိ သစ္စံ၊ မှန်၏။ ကထံ ဝိဓန္တိ ပဒဿ၊ ကထံဝိဓံ-ဟူသောပုဒ်၏။ ကထံ သဏ္ဌာနန္တိ အတ္ထော၊ ကထံ သဏ္ဌာနံ-ဟူသော အနက်ကို။ ဝေဒိ-တဗ္ဗော၊ သိအပ်၏။ ကထံ သဏ္ဌာနံ၊ ဂုဏ်ကျေးဇူးတို့ဖြင့် အဘယ်သို့ တည်သသူကို။ ဝါ၊ အဘယ်သို့သော သဏ္ဌာန်ရှိသသူကို။ ဧကဝိဓေန၊ ၁-ခုသော အဖို့ဖြင့်။ ဉာဏဝတ္ထု၊ ဉာဏဝတ္ထုသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ အာဒိသု၊ ဤသို့ အစရှိသည်တို့၌။ ကောဋ္ဌာသော၊ အဖို့သည်။ ဝိဓာ နာမ၊ ဝိဓ မည်၏။

"သေယျော'ဟ'မသ္မိတိ ဝိဓာ"အစရှိသော ပါဠိကား သုတ်ပါထေယျ အဆုံးစွန်သော ဒသုတ္တရသုတ်ပါဠိတော်တည်း။

၄၅-ဝါအတွင်းတွင် ဟောတော်မူအပ်သော ပိဋကတ် ၃-ပုံ-ဟူသော ဘုရားစကားတော်သည် အပြားမရှိမီ ဝိမုတ္တိရသအားဖြင့် ၁-ပါးသာ အဖို့ရှိ၏။ ဓမ္မ, ဝိနယ-စသည် ပြားခဲ့သော် ၂-ပါး, ၃-ပါး-စသည် ဖြစ်ကုန်၏။

ထို့ကြောင့် သမန္တပါသာဒိကမည်သော ဝိနည်းအဋ္ဌကထာ(ဝိ၊ဋ္ဌ၊၁။၂၃)၌-

> ဧဝ'မေတံ အဘေဒတော ရသဝသေန ဧကဝိဓံ။ ဘေဒတော ဓမ္မဝိနယာဒိဝသေန
> ဒုဝိဓာဒိဘေဒံ ဗုဒ္ဓဝစနံ။

ဟူသော ပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဧဝံ၊ ဤသို့။ ဧတံ၊ ဤပိဋကတ် ၃-ပုံတည်း-ဟူသော ဘုရားစကားတော်သည်။ အဘေဒတော၊ အပြားမရှိသောအားဖြင့်။ ဧကဝိဓံ၊ ၁-ခုသော အဖို့ရှိ၏။ ဘေဒတော၊ ပြားသောအားဖြင့်။ ဓမ္မဝိနယာဒိဝသေန၊ ဓမ္မ, ဝိနယ-အစရှိသော အစွမ်းအားဖြင့်။ ဒုဝိဓာ-

ဒိဘေဒ၊ ၂-ပါး, ၃-ပါး-စသည် ပြားသော။ ဗုဒ္ဓဝစန်၊ ဘုရားစကားတော်ကို (အထက် "ဣမံ-ပဘေဒ ဝဝတ္ထပေတွာ၀ သံဂီတံ"မှာ စပ်။) ဤသို့ ဝိဓသဒ္ဒါ၏ အထူးကို သိရာ၏။

"ဒုဝိဓေန ပါပံ၊ ပါပဥ္စ သီလံ ပါပကာ စ ဒိဋ္ဌိ"အရ၌ မကောင်းသော သီလဟူသည် မကောင်းသော ဒုစ္စရိတ အကုသိုလ်ဓမ္မသည် ပါပသီလ မည်၏။

ထို့ကြောင့် ပုဂ္ဂလပညတ် ပါဠိတော်၊ "ဒုဿီလော ပါပဓမ္မော"ဟူသော ပါဠိတော်၏ အဖွင့်အဋ္ဌကထာ(အဘိ၊ဋ္ဌ၊၃။၅၇)၌-

**ကုသလသီလဝိရဟိတေန ဒုဿီလော။ အကုသလသီလသမန္နာဂမေန ပါပဓမ္မော။**

ဟူသော ပါဌ်ကို မိန့်သတည်း။

ကုသလသီလဝိရဟိတေန၊ ကုသလသီလနှင့် ကင်းသဖြင့်။ ဒုဿီလော၊ ဒုဿီလ မည်၏။ အကုသလသီလသမန္နာဂမေန၊ အကုသလသီလနှင့် ပြည့်စုံသဖြင့်။ ပါပဓမ္မော၊ ပါပဓမ္မ မည်၏။

အကုသလသီလ-ဟူသည်-

**ကတမေ စ ထပတိ အကုသလာ သီလာ၊ ကာယဒုစ္စရိတံ ဝစီဒုစ္စရိတံ ပါပကော အာဇီဝေါ။**　　(မ၊၂။၂၁၇။ စကားသုံး မတူ)

ဟူ၍ ဟောတော်မူသော ပါဠိတော်၏အရ ဒုစ္စရိတ, မိစ္ဆာဇီဝသည် အကုသလသီလ မည်၏။

ထို့ကြောင့် ရင်းဋီကာ(မူလဋီ၊၃။၄၀)၌-

အကုသလသီလသမန္နာဂမေနာတိ "ကတမေ စ ထပတိ အကုသလာ သီလာ၊ ကာယဒုစ္စရိတံ ဝစီဒုစ္စရိတံ ပါပကော အာဇီဝေါ"တိ ဝုတ္တေဟိ သမန္နာဂမေန။

ဟူသော ပါဌ်ကို မိန့်သတည်း။

အကုသလသီလသမန္နာဂမေနာတိ၊ အကုသလသီလသမန္နာဂမေန-ဟူသည်ကား။ ကတမေ စ ထပတိ အကုသလာ သီလာ၊ ကာယဒုစ္စရိတံ ဝစီဒုစ္စရိတံ ပါပကော အာဇီဝေါ-တိ၊ ကတမေ စ ထပတိ အကုသလာသီလာ၊ ကာယဒုစ္စရိတံ ဝစီဒုစ္စရိတံ ပါပကော အာဇီဝေါ-ဟူ၍။ ဝုတ္တေဟိ၊ ဟောတော်မူအပ်ကုန်သော။ အကုသလသီလေဟိ၊ အကုသလ သီလတို့နှင့်။ သမန္နာဂမေန၊ ပြည့်စုံသဖြင့်။

**ပါဠိတော်၏** အနက်ကား- ထပတိ၊ သူကြွယ်။ အကုသလသီလာ၊ အကုသလသီလ တို့ဟူသည်။ ကတမေ စ၊ အဘယ်သည်တို့နည်းဟူမူကား။ ကာယဒုစ္စရိတံ၊ ကာယဒုစရိုက်

လည်းကောင်း။ ဝစီဒုစ္စရိတ်၊ ဝစီဒုစရိုက်လည်းကောင်း။ ပါပကော အာဇီဝေါ၊ မိစ္ဆာဇီဝ လည်းကောင်း။

ဤပါဠိတော်အရ အကုသလသီလ-ဟူသည်နှင့် တုဏ္ဍိလဇာတ်တွင် ပါသည့် ပါပဠ သီလံ-ဟူသည်အရကို အထူးမှတ်။

- **'တိဝိဓေန ပါပံ'၏အရ၌ ဒုစရိုက် ၃-ပါး**
- **'စတုဗ္ဗိဓေန ပါပံ'၏အရ၌ အဂတိ ၄-ပါး၊** ဤတရားတို့ကား ထင်ရှား၏။

**'ဆဗ္ဗိဓေန ပါပံ'၏အရ၌-**

၁။ ဗုဒ္ဓအဂါရဝ ၂။ ဓမ္မအဂါရဝ ၃။ သံဃအဂါရဝ
၄။ သိက္ခာအဂါရဝ ၅။ သပြဟ္မစာရီအဂါရဝ ၆။ အပ္ပမာဒအဂါရဝ

ဟူ၍ ၆-ပါး။

**'သတ္တဝိဓေန ပါပံ'၏အရ၌-**

၁။ အသဒ္ဓ ၂။ အဟိရိက ၃။ အနောတ္တပ္ပ
၄။ အပ္ပသုတ ၅။ ကုသိတ ၆။ မုဋ္ဌသတိ
၇။ ဒုပ္ပည – ဟူ၍ အသဒ္ဓမ္မ ၇-ပါး။

'အဋ္ဌဝိဓေန ပါပံ'၏အရ၌-

၁။ မိစ္ဆာဒိဋ္ဌိ ၂။ မိစ္ဆာသင်္ကပ္ပ ၃။ မိစ္ဆာဝါစာ
၄။ မိစ္ဆာကမ္မန္တ ၅။ မိစ္ဆာအာဇီဝ ၆။ မိစ္ဆာဝါယာမ
၇။ မိစ္ဆာသတိ ၈။ မိစ္ဆာသမာဓိ –

ဟူ၍ မိစ္ဆတ္တ ၈-ပါး။

'နဝဝိဓေန ပါပံ'၏အရ၌ သုတ္တနိပါတ်ကျမ်း၊ နဝနိပါတ်၊ အင်္ဂုတ္တိုရ်၊ တတိယဝဂ်အစ၊ ၉-ခု မြောက်သော အာဃာတဗန္ဓနသုတ်တို့တွင် လာသော အာဃာတဝတ္ထု ၉-ပါး။

'ဒသဝိဓေန ပါပံ'၏အရ၌ အကုသလကမ္မပထတရား ၁၀-ပါးကား ထင်ရှား၏။

ဤသို့ ဘုရားအလောင်း သူတော်ကောင်း ဖြစ်ကုန်သော တိရစ္ဆာန်တို့သည် ကုသိုလ် ဓမ္မကိုသာ ကျင့်ကြံကုန်သည်။ "အကုသိုလ်ဓမ္မကို မကျင့်ကြံကြကုန်လင့်"ဟု ဆုံးမကြောင်းကို လာသည်။

မဟာနိပါတ်၊ ဘူရိဒတ္တဇာတ်တွင် ဘုရားလောင်း ဘူရိဒတ္တနဂါး ဥပုသ်စောင့်နေရာ ယုတ်သော နေသာဒမုဆိုးကို အကြောင်းပြု၍ အလမ္ပာယ်ပုဏ္ဏား ချဉ်းကပ်ရောက်လာသောအခါ "ဤမုဆိုးယုတ်၊ ခင်ပွန်းဖြုတ်အား၊ စိတ်ပြစ်မှားလျှင်၊ ထွားထွားညက်ညက်၊ ပျက်စီးချေက၊ ငါ့သီလလည်း၊ မုချဆက်ဆက်၊ ကျိုးပျက်လေရာ၏။ ပါဏာတိပါတအမှုကို ငါ-မပြုပြီ။ သီလကိုသာ ကောင်းစွာ စောင့်ရှောက်ပေအံ့"ဟု နှလုံးသွင်း၍ နေကြောင်းကို-

သစာ'ဟံ ကုမယ္ယ မိတ္တဒုဗ္ဘိနော ကုဇ္ဈေယျံ၊ သီလံ မေ ခဏ္ဍံ ဘဝိဿတိ။ သစေ ပနာ'ဟံ ကုမေ ဩလောကေဿာမိ၊ ဘသ္မာ ဘဝေယျုံ။ ပေါထေန္တေပိ မံ န ကုဇ္ဈိဿာမိ န ဩလောကေဿာမီတိ အက္ခီနိ နိမ္မီလိတွာ အဓိဋ္ဌာနပါရမီ ပုရေစာရိကံ ကတွာ ဘောဂန္တရေ သီသံ ပက္ခိပိတွာ နိစ္စလော ဟုတွာ နိပ္ပဇ္ဇိ။

ဟု လာသည်။ (ဇာ၊ဋ္ဌ၊၇။၂၉)

အဟံ၊ ငါသည်။ ကုမယ္ယ မိတ္တဒုဗ္ဘိနော၊ ဤမုဆိုးယုတ်၊ ခင်ပွန်းဖြုတ်အား။ သစေ ကုဇ္ဈေယျံ၊ အကယ်၍ အမျက်ထွက်ခဲ့ချေအံ့။ မေ၊ ငါ၏။ သီလံ၊ သီလသည်။ ခဏ္ဍံ၊ ကျိုးသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ အဟံ၊ ငါသည်။ ကုမေ၊ ဤမုဆိုး, ပုဏ္ဏား ၂-ဦးသားတို့ကို။ သစေ ဩလောကေဿာမိ၊ အကယ်၍ ကြည့်မိအံ့။ ဘသ္မာ ဘဝေယျုံ၊ ပြာဖြစ်ခဲ့ကုန်ရာ၏။ မံ၊ ငါ့ကို။ ပေါထေန္တေပိ၊ ပုတ်ခတ်ရိုက်နှက်သော်လည်း။ န ကုဇ္ဈိဿာမိ၊ အမျက်မထွက်အံ့။ န ဩလောကေဿာမီတိ၊ မကြည့်အံ့-ဟု။ အက္ခီနိ နိမ္မီလိတွာ၊ မျက်စိ ၂-ဖက် မှိတ်၍။ အဓိဋ္ဌာနပါရမီ၊ အဓိဋ္ဌာန်ပါရမီကို။ ပုရေစာရိကံ ကတွာ၊ ဦးစီး,ဦးကိုင်ပြု၍။ ဘောဂန္တရေ၊ အခွေ၏ အတွင်း၌။ သီသံ၊ ဦးခေါင်းကို။ ပက္ခိပိတွာ၊ ထည့်၍။ နိစ္စလော၊ မတုန်မလှုပ်ဘဲ။ နိပ္ပဇ္ဇိ၊ အိပ်၏။

ဒသနိပါတ်၊ စတုပေါသထဇာတ်, မဟာနိပါတ်၊ ဝိဓုရဇာတ်တော်တို့တွင်လည်း ဂဠုန်, နဂါး, ကောရဗ္ဗမင်းတို့ သီတင်းသီလ စောင့်သုံးကြရာ "ငါ၏အစာ မှန်လျက် ငါ၏ သီလ ပျက်မည်ကြောင့် ဆာလောင်မွတ်သိပ်လျက်ပင် ငါ့အသက်ကို အသေခံမည်။ ဤ ပါဏာတိပါတအမှုတို့ကို ငါ-မပြုပြီ"ဟု ဂဠုန်-ဆိုကြောင်းကို-

အယံ နာဂေါ မမ ဘက္ခော၊ ယသ္မာ ပနာ'ဟံ ဧဝရူပံ ဘက္ခံ ဒိသွာပိ ခုဒ္ဒံ အဓိဝါသေတွာ အာဟာရဟေတု ပါပံ န ကရောမိ။

ဟု လာသည်။

အယံ နာဂေါ၊ ဤနဂါးသည်။ မမ ဘက္ခော၊ မြိန်မြတ်ကောင်းမွန် အလွန်စုံမက် နှစ်သက်ဖွယ်ရာ ငါ့အစာတည်း။ ပန၊ ထိုသို့ မြိန်မြတ်ကောင်းမွန် အလွန်စုံမက် နှစ်သက်ဖွယ်ရာဟုတ်လျက်။ ယသ္မာ၊ အကြင်ကြောင့်။ ဧဝရူပံ ဘက္ခံ၊ ဤသို့သော အစာကို၊ ဒိသွာပိ၊ မြင်၍လည်း။ ခုဒ္ဒံ၊ ကို။ အဓိဝါသေတွာ၊ ၍။ အာဟာရဟေတု၊ အာဟာရ-ဟူသော အကြောင်းကြောင့်။ သီလံ၊ သီလကို။ န ဘိန္ဒိဿာမိ၊ မဖျက်အံ့။ ဣတိ၊ ဤသို့ နှလုံးသွင်း၍။ ပါပံ၊ ပါဏာတိပါတကံ-ဟူသော မကောင်းမှုကို။ အဟံ၊ ငါသည်။ န ကရောမိ၊ မပြု။

ဤအရာဝယ် 'ပါပံ ကရောမိ'-၏အရ၌ တိရစ္ဆာန်တို့အား ပါဏာတိပါတကံသည် အလွန်ထင်ရှား၏။ ဤသို့ ရှေးပညာရှိ သပ္ပုရိသဖြစ်ကြသော တိရစ္ဆာန်တို့သည် ကုသိုလ်ဓမ္မ၊ အကုသိုလ်ဓမ္မကို နေရာကျ သိကြ၍ မြွေခွေး၊ ဖျံ၊ မျောက်တို့အား ဘုရားလောင်း ယုန်မင်း ဆုံးမကြောင်းကို စရိယာပိဋကသီလခန်း(စရိယာ။ ၃၉၆)၌–

အဟံ တေ အနုသာသာမိ၊ ကရိယေ ကလျာဏပါပကေ။
ပါပါနိ ပရိဝဇ္ဇေထ၊ ကလျာဏေ အဘိနိဝိဿထ။ ။

ဟူ၍ ဟောတော်မူသည်။

တေ၊ မြွေခွေး၊ ဖျံ၊ မျောက်၊ ထို ၃-ယောက်တို့ကို။ အဟံ အနုသာသာမိ၊ ငါ ဆုံးမ၏။ ကရိယေ၊ ပြုအပ်သော။ ကလျာဏပါပကေ၊ ကောင်း,မကောင်းသော တရား ၂-ပါးတွင်။ ပါပါနိ၊ မကောင်းမှုတို့ကို။ ပရိဝဇ္ဇေထ၊ ကြဉ်ကြကုန်။ ကလျာဏေ၊ ကုသိုလ်ကောင်းမှု၌။ အဘိနိဝိဿထ၊ နှလုံးသွင်းကြကုန်။ ဝါ၊ ယှဉ်ကြစေကုန်။

ဤသို့ ပါဠိ,အဋ္ဌကထာ ကျမ်းလာစကားကို ထောက်ထားနှိုင်းဆ၍ သုတရေ၊ သုတေသန၊ သုတဆည်းဆူ၊ ဗိုလ်လူခပင်းတို့သည် တိရစ္ဆာန်ချင်းချင်း သတ်စားကြရာ ပါဏာတိပါတကံ စေန်ဖြစ်ကြောင်းကို ကောင်းကောင်းသန္နိဋ္ဌာန်ကျ မှတ်ရာ၏။ တိရစ္ဆာန်ချင်း သတ်စားကြရာ ချင်းတို့၏အစာဖြစ်၍ ပါဏာတိပါတကံ မထိုက်-ဟု ဆိုသူတို့သည် စာသိပေမြင် အရှင်မြတ်တို့ထံမှ ရသော နည်းကောင်းဥပဒေသ မရှိ၊ ပါဠိ၊ အဋ္ဌကထာ၊ ဋီကာကျမ်းတို့ကိုလည်း မတွေ့,မသိ၊ ကုသိုလ်၊ အကုသိုလ်တရားကိုမျှ ကွဲပြားအောင် မရိပ်မိသောကြောင့် ဆိုမိဆိုရာ ဆိုရှာလေသည်။ ထိုသူတို့၏ စကားကို မှတ်သားစွဲကပ် လေးမြတ်ယုံကြည်သသူတို့မှာသော်ကား အဘယ်မှာ ဆိုဖွယ်ရှိလေတော့အံ့နည်း။

ဤတွင် တိရစ္ဆာန်တို့မှာ ပါဏာတိပါတကံ ထိုက်သင့်သည်ကို ပြဆိုသော သံခေပနယစကားရပ် အပြီးသတ်တည်း။ အကျယ်ကို သိလိုသသူတို့ အဘိဓမ္မတ္ထသင်္ဂဟ-အမည်ရှိသော

လက်သန်းအဋ္ဌကထာ။ အဘိဓမ္မတ္ထဝိဘာဝနီမည်သော ဋီကာ။ ဝိဘင်းအဋ္ဌကထာ။ ဉာဏဝိဘင်္ဂဝဏ္ဏနာ၊ အင်္ဂုတ္တိုရ်အဋ္ဌကထာ။ စရိယာပိဋကပါဠိတော်၊ ၎င်းအဋ္ဌကထာ။ ဧကနိပါတ်၊ ကုလာဝကဇာတ်၊ ဓမ္မပဒအဋ္ဌကထာ။ မာဃဝတ္ထု၊ ဒုကနိပါတ်၊ ဥရဂဇာတ်၊ တိကနိပါတ်၊ တိတ္တိရဇာတ်၊ စတုက္ကနိပါတ်၊ သသဇာတ်၊ ဝိနည်းမဟာဝါ ခန္ဓကနာဂဝတ္ထု ပါဠိ, အဋ္ဌကထာ။ ဆက္ကနိပါတ်၊ တုဏ္ဍိလဇာတ်၊ ဒသနိပါတ်၊ စတုပေါသထဇာတ်၊ ပကိဏ္ဏက နိပါတ်၊ ပဥ္စုပေါသထဇာတ်၊ ဝီသတိနိပါတ်၊ စမ္မေယျဇာတ်၊ တိံသနိပါတ်၊ သခ်ပါလဇာတ်၊ သုတ္တနိပါတ်အဋ္ဌကထာ။ သဒ္ဒတ္ထဘေဒစိန္တာ၊ အဘိဓာန်ဋီကာ။ ကဝိသာရဋီကာ။ သတ္တနိပါတ်၊ အင်္ဂုတ္တိုရ်ပါဠိတော်။ နဝနိပါတ်၊ အင်္ဂုတ္တိုရ်ပါဠိတော်။ ဝိနည်းပရိဝါပါဠိတော်၊ ၎င်းအဋ္ဌကထာ။ သုပ္ပါဒေယျပါဠိ,အဋ္ဌကထာ။ ပုဂ္ဂလပညတ်ပါဠိ, အဋ္ဌကထာ, ဋီကာ။ သဂါထာဝဂ္ဂသံယုတ် ပါဠိ,အဋ္ဌကထာ။ မဟာနိပါတ်၊ ဘူရိဒတ္တဇာတ်၊ ၎င်းဝိဒူရဇာတ်တော်တို့မှာ ကြည့်လေ။

ထားဝယ်မြို့ ရှင်တေဇဝံသက တိရစ္ဆာန်တို့မှာ မိမိတို့ချင်း အချင်းချင်း သတ်စားကြရာ ပါဏာတိပါတကံ ဖြစ်သင့်, မဖြစ်သင့်မည့်အရာကို နေရာကျကျ သိမှတ်ပါရမည့်အကြောင်းနှင့် လျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ညွှန်ပြထုတ်ဆောင်၍ ၁၂၃၈-ခု၊ သီတင်းကျွတ်လပြည့်ကျော်၊ ၁၂-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာ-သိခ်မြို့၊ ပလိုင်း၌ရှာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## ပုစ္ဆာ ဝိသဇ္ဇနာ ကဏ္ဍ သမူဟ

ပဌမပုစ္ဆာ၌ - အဋ္ဌကထာ ၈-ပါး။

ဒုတိယပုစ္ဆာ၌ - ဗိုလ် ၅-ပါးတို့၏ သကဋ္ဌာန နေရာကျဖြစ်ဟန်။

တတိယပုစ္ဆာ၌ - အာမကမံသကို ရဟန်းတို့ မိမိအကျိုးငှာခံသော် အပ်,မအပ်။

စတုတ္ထပုစ္ဆာ၌ - "ပဥ္စသုဝဏ္ဏေန နိက္ခေန နိက္ခသဟဿ"ဟူသော မဟောသဓာဇာတ်၌ နိက္ခတစ်ထောင်-ဟူသည် မြန်မာချိန်ရွေ အဘယ်မျှ ရှိသနည်း။

ပဥ္စမပုစ္ဆာ၌ - ဝဇိရဗုဒ္ဓိဋီကာ၊ သဗ္ဗဟတ္ထသိက္ခာပုဒ်အဖွင့်တွင် "သဗ္ဗတ္ထိ ဝစနတော ဧကဒေသမ္ပိ ဝဋ္ဋတီတိ ဝဒန္တိ။ တံ န ယုတ္တံ အနာပတ္တိ ဝါရေ အဝိသေသိတတ္တာ" ပါဠ်၌ 'ဝဋ္ဋတိ'-သင့်မည်၊ 'န ဝဋ္ဋတိ'-သင့်မည်။

ဆဋ္ဌပုစ္ဆာ၌ - ဝဇိရဗုဒ္ဓိဋီကာ၊ သတ္တရသကဏ္ဍ တတိယသိက္ခာပုဒ်အဖွင့်တွင် 'ကိဋ္ဌိနဂရေ'-မှ စ၍ 'အဓိဋ္ဌာနတ္ထ'-တိုင်အောင် အဘယ်သို့ အဓိပ္ပါယ်ယူရမည်။

သတ္တမပုစ္ဆာ - သာမဏေတို့မှာ ဥပဇ္ဈာယ်ယူခြင်း, နိဿယည်းယူခြင်း၊ ၂-ပါးတို့တွင် အဘယ်သည် သင့်မြတ်မည်။

အဋ္ဌမပုစ္ဆာ - စတုပါရိသုဒ္ဓိသီလကို လူတို့ ကျင့်အပ်, မကျင့်အပ်။

နဝမပုစ္ဆာ၌ - ၅-ပါးသီလ၏အကျိုး၊ ၅-ပါးသီလ. ၈-ပါးသီလ, ၁၀-ပါးသီလတို့ အထူး။

ဒသမပုစ္ဆာ၌ - နန္ဒိယာဝဋ္ဋ-စသော နည်း ၅-ပါးတို့ ဖြစ်ဟန်။

ဧကာဒသမပုစ္ဆာ၌ ၆၂-ပါးကုန်သော ဒိဋ္ဌိတို့မှတပါး အပါယ်လားသောဒိဋ္ဌိ မည်မျှ, အပါယ်မလားသောဒိဋ္ဌိ မည်မျှ ရှိမည်။ ၆၂-ပါးသော ဒိဋ္ဌိတို့မှတပါး အပါယ်လားသော ဒိဋ္ဌိအခြားပင် ရှိမည်။

ဒွါဒသမပုစ္ဆာ၌- ပုထုဇန်ပုဂ္ဂိုလ်တို့ သမာဓိတရားကို ရသင့်, မရသင့်။

တေရသမပုစ္ဆာ၌ - တိရစ္ဆာန်တို့မှာ မိမိတို့ချင်း အချင်းချင်း သတ်စားကြရာ ပါဏာတိပါတကံ ထိုက်, မထိုက်။

ဤသို့ အရပ်ရပ် လူ, ရှင်ရဟန်းတို့ မေးလျှောက်ကြသည်အတိုင်း ယုံမှားကင်းစိမ့်သောငှာ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ **လုံးတော်ဆရာတော်** ဖြေဆိုအပ်သော ပြိုးပြွမ်းသော ဝိသဇ္ဇနာရှိသည်၏ အဖြစ်ကြောင့် ပကိဏ္ဏကဝိသဇ္ဇနာမည်သောကျမ်း၌ ၁၃-ပါးသောဝိသဇ္ဇနာနှင့် ပြည့်စုံသော ပဋ္ဌမပရိစ္ဆေဒကား ၁၂၃၈-ခု၊ တန်ဆောင်မုန်းလဆန်း၊ ၁၂-ရက်နေ့ အပြီးသို့ ရောက်သည်။

★★★★★★★

## လုံးတော်ဆရာတော်

# ပကိဏ္ဏကဝိသဇ္ဇနာကျမ်း

## ဒုတိယတွဲ၊ ၂။ (ဒုတိယပိုင်း၊ ၂။)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### မန္တလေးမြို့မြောက်ပြင်၊ သူရဲဈေးနေ ဒကာမောင်တေ-က "ဗုဒ္ဓေါ လောကေ သမုပ္ပန္နော"အရကို သိလိုကြောင်းနှင့် လျှောက်ထားချက်

[ ၉၀ ] "ဘုရားတပည့်တော် သူရဲဈေးနေ ဒကာငတေ သုံးထွေသောဒွါရဖြင့် ညွတ်ခရိုကျိုး၊ ရှိခိုးနားတော်လျှောက်ပါသည် ဆရာတော်ဘုရား။

ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ။
ဓမ္မော လောကေ သမုပ္ပန္နော၊ သုခါယ သဗ္ဗပါဏိနံ။
သံဃော လောကေ သမုပ္ပန္နော၊ ပုညက္ခေတ္တံ အနုတ္တရံ။ ။

၃-တန်သော ရတနတ္တယဂုဏ်ကို ၆-ခုသော ပဒတို့ဖြင့် ဟောပြတော်မူရာ ဆရာတော်ဘုရား ဟောကြားတော်မူချက် အမြွက်စကား ကြားသိပါရသော်လည်း တပည့်တော်တို့ သန္တာန်ဝယ် ဉာဏ်နည်းသူဖြစ်ပါ၍ အဇ္ဈာကောင်းကင်၊ ဟင်းလင်းပြင်ဝယ်၊ အကြင်အကွာရာ၊ ဂါထာဗန္ဓ၊ ပုဒ်ပဒအပေါင်းသည် ရေးကြောင်းမထင်၊ ကြည့်မမြင်

သည့်နှယ် ဆင်ခြင်အောက်မေ့၍ မရ၊ ဘီလူးယက္ခ အာဠဝကၔ ကိုသူ့အကွာရှာ၊ ဂါထာအဖြေ၊ ကွယ်ပျောက်လေသကဲ့သို့ ၃-ထွေသော ဂုဏ်တော်မြတ်တို့ အတ္ထုပ္ပတ္တိ ဒေသနာ၏ ဖြစ်ရာကာလ သာဓကကို နေရာကျမမှတ်မိ ရှိသည်ဖြစ်ပါ၍ နေရာကျကျ သန္နိဋ္ဌာန်ချ၍ သိမှတ်ပါရအောင် သာဓကဆောင်ပြီးလျှင် တောင်ယုဂန် ဗွေစွန်းဝယ် ငွေလဝန်းတန်ဆောင်သည် မြူမှောင်ကင်းပ ကောင်းကင်ဝမှ ထွန်းပ ထိန်လင်းသကဲ့သို့ အစိန္တေယျ၊ သမ္ဗုဒ္ဓ၏ နယသာဂရ တည်းဟူသော ဒေသနာ ရွှေဗျာမိန့်ခွန်းကို ဖော်ညွှန်းထုတ်ဆောင်၍ သိသာအောင် ပြတော်မူပါမှ သုတရေ၊ သုတေသန၊ သုတဆည်းဆူ၊ ဗိုလ်,လူအများတို့ မှတ်သားပါရမည့်အကြောင်းကို ဆယ်ချောင်းဟတ္ထ၊ ပဏာမဖြင့် ညွတ်ခရိုကျိုး ရှိခိုးနားတော် လျှောက်ပါသည် ဆရာတော်ဘုရား"။

ရင်းဒကာမောင်တေ လျှောက်ထားချက်အရ အဖြေဝိသဇ္ဇနာ—

> ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ။
> ဓမ္မော လောကေ သမုပ္ပန္နော၊ သုခါယ သဗ္ဗပါဏိနံ။
> သံဃော လောကေ သမုပ္ပန္နော၊ ပုညက္ခေတ္တံ အနုတ္တရံ။ ။

ဟူသော ရတနတ္တယကို ၆-ခုသော ပဒတို့၏ ဖြစ်ရင်းမူလ နေရာကျ သာဓကဝတ္ထုကို မေးလျှောက်သည်မှာ—

[၉၀] ကဿပမြတ်စွာဘုရား ဖြစ်တော်မမူမီ ဗာရာဏသီပြည်တွင် ဇမ္ဗူဒီပါကျွန်း ခွင်ထက် ပြိုင်ဘက်မရ ပါမောက္ခမြောက်သော သစ်လက်သမားဆရာကြီးသည် လက်စောင့် တပည့်ကြီး ၁-ကျိပ်, ၆-ယောက် ရှိ၏။ တပည့်ငယ်ကား ၁-ကျိပ်, ၆-ယောက်တို့တွင် ၁-ယောက်, ၁-ယောက်၌ ၁,၀၀၀-စီရှိ၍ ဤသို့ပေါင်း လက်သမား ၁-သောင်း, ၆-ထောင် ၁-ကျိပ်, ၆-ယောက်တည်း။ ထိုလက်သမားတို့သည် ဗာရာဏသီပြည်ကို အမှီပြု၍ လက်သမားမှုဖြင့် အသက်မွေးကြကုန်၏။ ထိုသို့ အရပ်မှ သစ်, ပျဉ်တို့ကို ဆောင်ယူပြီးလျှင် မင်းနှင့်ထိုက်သော ပစ္စည်းဖြစ်အံ့၊ ဘုံ ၁-ဆင့်, ၂-ဆင့်-စသည်ဖြင့် ပြာသာဒ်ပြုလုပ် ဆက်သပြီးမှ အိမ်တွင် ပြာသာဒ်ပြုလုပ် ရောင်းစားကြကုန်၏။

တစ်နေ့သ၌ ဆရာဖြစ်သော ဝိသုကာ လက်သမားကြီးသည် တပည့်တို့ကို ခေါ်၍ လက်ပံ, ကသစ်, ရေသဖန်း-စသော အနှစ်မရှိသော သစ်တို့ကို များစွာ ရှာစေပြီးမှ ငှက်ရုပ် ယန္တရားပြုလုပ်၍ အလုံးစုံသော ပရိသတ်တို့နှင့်တကွ ကောင်းကင်သို့ ပျံကြလေကုန်၏။

ကောင်းကင်ခရီးတွင်ပင် တပည့်တို့က “ဗာရာဏသီပြည်ကို ယူ၍ မင်းပြုသော် ကောင်း၏”ဟု ဆရာကို လျှောက်ကြားတိုင်ပင်ကြသော်လည်း အခွင့်မရဘဲ ဟိမဝန္တာ၌ ကျ၍ ဟိမဝန္တာတွင် တစ်ခုသောမြို့ကို တည်ထောင်ပြီးမှ ဆရာကြီးဖြစ်သူကို မင်းမြှောက်၊ ကဌဝါဟဏမြို့၊ ကဌဝါဟဏမင်း-ဟု ဇမ္ဗူကျွန်းခွင် ထင်ပေါ်ကျော်စော၏။ မင်းကျင့်တရားနှင့်ညီစွာ မင်းပြုရကား အလွန်လျှင် စည်ပင်သာယာ ချမ်းသာဝပြော၏။ ထိုအခါ ဗာရာဏသီပြည်မှ ကုန်သည်တို့ ကဌဝါဟဏမင်းထံသို့ ရောက်ကြလေလျှင် ထိုကုန်သည်တို့ကို အိပ်ရာ, နေရာ, စားနပ်ရိက္ခာ လုံခြုံစွာ ပေးကမ်းချီးမြှင့်ပြီးမှ ပြန်လာသည့်ကာလ ဗာရာဏသီမင်းထံ အဒိဋ္ဌသဟာယ၏အဖြစ်ဖြင့် မိတ်ပြုလိုသော အကြောင်းကို ကြား၍ လွှတ်လိုက်၏။

ထိုသူတို့ ဗာရာဏသီပြည်သို့ ရောက်၍ မင်းအား အကြောင်းကို ကြားလေလျှင် ကဌဝါဟဏတိုင်းမှ လာရောက်ကြသည့် ကုန်သည်များကို “အခွန်ဘဏ္ဍာ အတောင်းအခံ မရှိစေနှင့်၊ ချမ်းသာစွာ နေထိုင်ရောင်းစားကြစေ”ဟု အမိန့်တော် ထုတ်ပြန်လေ၏။ ကဌ-ဝါဟဏမင်းကလည်း ထိုနည်းတူ အမိန့်တော်ထုတ်ပြန်၍ ရောက်လာသူတို့ကို မင်း ၂-ယောက်တို့ကပင် ချီးမြှောက်မ-စ၍ စားနပ်ရိက္ခာနှင့် ကောင်းစွာ ပြုစုကြည့်ရှု ပေးကမ်းကြသတည်း။ ထိုအခါ ဗာရာဏသီမင်းကြီးက ကဌဝါဟဏမင်းကြီးထံ “အဆန်းအထူး မမြင်, မကြားဖူးသောအရာသည် ကဌဝါဟဏပြည်တွင် ရှိလာ,ဖြစ်လာလျှင် ငါတို့ကို အကြောင်းကြားပါ”ဟု ဆောင်းပါးသဝဏ်စာ ပေးမှာလိုက်၏။ ကဌဝါဟဏမင်းကလည်း ထို့အတူ သဝဏ်စာ ပေးမှာလိုက်၏။

ထိုအခါ ကဌဝါဟဏမင်းကြီးက နေလုလင်ကဲ့သို့ ပြိုးပြိုးပြက် တောက်ပသော အရောင်အဆင်းရှိသော ကမ္ဗလာ ၈-ထည်ကို ဆင်စွယ်ကြုတ် ၈-ခုတွင် ထည့်၍ တံဆိပ်ခတ်ပြီးသော် ဗာရာဏသီမင်းကြီးအား ဆက်သလိုက်သတည်း။ ၁-ထည်သော ကမ္ဗလာသည် အနံ ၈-တောင်၊ အလျား ၁၆-တောင် ရှိ၏။ ထိုကမ္ဗလာကို မင်းရင်ပြင်၌ ဖြန့်၍ ပြကြသော ကာလ နေအရောင် တောက်ပသကဲ့သို့ ရှိ၏။ ထိုအခါ ဗာရာဏသီမင်းကြီးက “အဖိုးအနဂ္ဃ ရတနာကမ္ဗလာကို ငါ့အား ဆက်သလိုက်၏။ ထိုသို့ ဆက်သသော်လည်း ကဌဝါဟဏတိုင်းမှာ ရတနာ ၃-ပါး မရှိ။ ရတနာ ၃-ပါးထက် မြတ်သော လက်ဆောင်ပဏ္ဏာ အဘယ်မှာ ရှိတော့အံ့နည်း”ဟု ရဟန်းတို့ ကျင့်သော သိက္ခာပုဒ်စဉ်နှင့် တကွ-

ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ။
ဓမ္မော လောကေ သမုပ္ပန္နော၊ သုခါယ သဗ္ဗပါဏိနံ။
သံဃော လောကေ သမုပ္ပန္နော၊ ပုညက္ခေတ္တံ အနုတ္တရံ။ (သုတ္တနိ၊ဋ္ဌ၊၂။၂၉၃)

ဟု ရွှေပေလွှာတွင် အက္ခရာတံဆိပ် ခတ်နှိပ်ကွင်းကွင်း သတင်းစကား ဆောင်းပါးသဝဏ်စာ ပေးမှာဆက်သလိုက်၏။

ရင်းဆောင်းပါးအက္ခရာ သဝဏ်စာ၏ အနက်ကား–

သဗ္ဗပါဏိနံ၊ ခပ်သိမ်းကုန်သော သတ္တဝါတို့၏။ ဟိတာယ၊ စီးပွါးခြင်းငှာ။ ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ လောကေ၊ လောက၌။ သမုပ္ပန္နော၊ ဖြစ်တော်မူ၏။ သဗ္ဗပါဏိနံ၊ ခပ်သိမ်းကုန်သော သတ္တဝါတို့၏။ သုခါယ၊ ချမ်းသာခြင်းငှာ။ ဓမ္မော၊ တရားတော်သည်။ လောကေ၊ လောက၌။ သမုပ္ပန္နော၊ ဖြစ်တော်မူ၏။ သဗ္ဗပါဏိနံ၊ တို့၏။ အတ္ထာယ၊ အကျိုးငှာ။ အနုတ္တရံ၊ အတုမရှိသော။ ပုညခေတ္တံ၊ ကောင်းမှုတည်း-ဟူသော မျိုးစေ့၏ စိုက်ပျိုးရာ လယ်ယာမြေကောင်းသဖွယ်ဖြစ်သော။ သံဃော၊ သံဃာတော်သည်။ လောကေ၊ လောက၌။ သမုပ္ပန္နော၊ ဖြစ်တော်မူ၏။

ရင်းဆောင်းပါးအက္ခရာ သဝဏ်စာရွှေပေလွှာကို–

- ရတနာ ၇-ပါးတို့ဖြင့် ပြီးသော ကြုတ်၌ ထည့်၏။
- ထိုကြုတ်ကို ပတ္တမြားဖြင့် ပြီးသော ကြုတ်၌ ထည့်၏။
- ထိုကြုတ်ကို မသာရကလ်ဖြင့် ပြီးသော ကြုတ်၌ ထည့်၏။
- ထိုကြုတ်ကို ပတ္တမြားနီဖြင့် ပြီးသော ကြုတ်၌ ထည့်၏။
- ထိုကြုတ်ကို ရွှေဖြင့် ပြီးသော ကြုတ်၌ ထည့်၏။
- ထိုကြုတ်ကို ငွေဖြင့် ပြီးသော ကြုတ်၌ ထည့်၏။
- ထိုကြုတ်ကို ဆင်စွယ်ကြုတ်၌ ထည့်၏။
- ထိုကြုတ်ကို စန္ဒကူးကြုတ်၌ ထည့်၏။
- ထိုကြုတ်ကို ပခြုပ်၌ ထည့်၍–

တံဆိပ်ခတ်ပြီးမှ တံခွန်, ကုက္ကား, မုလေးပွါး, ကြက်လျှာ, နေရာပြာသာဒ်နှင့်တကွ ရတနာပလ္လင်ပေါ်တွင် တင်ထားပြီးမှ များစွာသော ဗိုလ်ထုပရိသတ်တို့ဖြင့် ဝန်းပတ်ခြံရံ အလံစိုက်ထူ၍ တူရိယာ, ပတ်သာ, နှဲ, ပြွေ အထွေထွေသော တီးမှုတ်ခြင်းတို့ဖြင့် ကျင်းပတီးမှုတ်လျက် လမ်းတဝက်ခရီးကျအောင် ပို့သစေသတည်း။

ကဋ္ဌဝါဟဏမင်းကလည်း ထိုနည်းတူစွာ ဗိုလ်ပါ,မှူးမတ် ဝန်းပတ်ခြံရံပြီးမှ ခရီးလမ်းတဝက်ကျအောင် ဆောင်ယူဆီးကြိုလတ်သတည်း။ ပြည်သို့ ရောက်သဖြင့် အဆင့်ဆင့်

သော ကြုတ်တို့ကို ဖွင့်ကြည့်ရာ ရွှေပေလွှာ အက္ခရာစာကို ဖတ်ကြ၍ "ကမ္ဘာ ၁-သိန်းကြာ၍မျှ မကြား,မသိရဖူးသော အတိဒုလ္လဘစကား ဆောင်းပါးသဝဏ်စာ ရွှေပေလွှာကို ဗာရာဏသီ မင်းကြီးက ပို့သပေသည်"ဟု ဝမ်းမြောက်ဝမ်းသာလျက် "၁၆,၀၀၀-သော အခြံအရံ ပရိသတ်တို့နှင့်တကွ ၁၆-ယောက်သော အမတ်တို့ကို အသေအချာ သိသာခြားနားအောင် သွား၍ စုံစမ်းကြချေ"ဟု စေလွှတ်လိုက်သတည်း။

အမတ်တို့ကား "ဘုရား-ဧကန် ဟုတ်သည်မှန်က တဖန်ပြန်လာတော့မည် မဟုတ်။ ဘုရား-မဟုတ်မှသာ ပြန်လာတော့မည်"ဟု မင်းကို လျှောက်ကြား၍ သွားကြလေလျှင် တူရင်းဖြစ်သော အမတ်ကို ထပ်၍ "တစ်ခါ ပြန်လာမည်"ပဋိညာဉ်ကို ဝန်ခံ၍ သွားစေ၏။ ဗာရာဏသီပြည်သို့ မရောက်မီ ကဿပဘုရား ပရိနိဗ္ဗာန်ပြုတော်မူ၏။ တူရင်းဖြစ်သော အမတ်ကို ခြွင်းချန်၍ ကြွင်းကျန်သမျှ လူအပေါင်းတို့သည် ရဟန်းပြုကြကုန်၏။ တူအမတ်ကား ဘုရားကိုယ်စား ဓာတ်တော်, ဗောဓိပရိက္ခရာနှင့်တကွ ဝိနယဓရရဟန်း ၁-ပါးကို ပင့်ဆောင်၍ ကဠဝါဟဏတိုင်းသို့ ပြန်လေ၏။ ရောက်လျှင် ကဠဝါဟဏမင်းလည်း ကျောင်းဆောက်လုပ် ကိုးကွယ်ပြီးမှ ဓာတ်တော်, ဗောဓိတို့ကို စေတီပြု၍ ပူဇော်၏။

ဒါန, သီလကို နိစ္စမပြတ် အားထုတ်၍ နတ်ပြည်၌ ဖြစ်လေသတည်း။ ၁၆,၀၀၀-သော ရဟန်းတို့လည်း ပုထုဇ္ဇနကာလံကရိယဖြင့် စုတိကျ၍ ကဠဝါဟဏနတ်မင်း၏ ပရိသတ်နတ် ဖြစ်ကြသတည်း။ နတ်ပြည်၌ နတ်စည်းစိမ်ကို ခံစားကြပြီးမှ ငါတို့ဘုရား ဖြစ်တော်မမူမီ ကောသလတိုင်းတွင် ပသေနဒိကောသလမင်း၏ အဘဖြစ်သော မဟာကောသလ၏ ပုရောဟိတ်ပုဏ္ဏား၏ သားဖြစ်၍ ဗာဝရီပုဏ္ဏား-ဟု တွင်သတည်း။

[ **စကားချပ်။**　　။ပသေနဒိကောသလမင်းကို ဝမ်းပြင်၌ မြစ်ကဲ့သို့ လက်ယာရစ် လှည့်၍ တည်သော အရေးအကြောင်းရှိသောကြောင့် ပသေနဒိ တွင်သည်-ဟု လူ့ရှင် အများပင် မှတ်သား ပြောဆိုကြ၏၊ မသင့်။ တပါးသော စစ်သည်ကို အောင်၍ မင်းပြုရသော ကြောင့် ပရသေနဇိ-ဟူလိုလျက် ရ-ကို ချေ။ ဇ-ကို ဒ-ပြု၍ ပသေနဒိ-ဟု တွင်လေသည်။

**ပရသေနံ ဇိနာတီတိ ပရသေနဇိတိ ဝတ္တဗ္ဗေ ရကာရဿ လောပံ, ဇကာရဿ စ ဒကာရံ ကတွာ ပသေနဒီတိ ဝုတ္တံ။**

ဤကား စကားချပ် ပြီး၏။ ]

ထိုဗာဝရီပုဏ္ဏားကား မဟာပုရိသလက္ခဏာတို့နှင့် ပြည့်စုံ၏။ ဗေဒင်ကျမ်းကိုလည်း ကမ်းတဖက်သို့ ရောက်၏။ အဘ-ပုရောဟိတ် သေလွန်လျှင် ပုရောဟိတ်အရာကို ရ၏။ ၁၆,၀၀၀-သော နတ်သားတို့သည်လည်း သာဝတ္ထိပြည်တွင်ပင် ၁၆,၀၀၀-သော ပုဏ္ဏား

ဖြစ်လာ၍ ထိုပုရောဟိတ်၏တပည့် ဖြစ်ကြကုန်၏။ မဟာကောသလ သေလွန်လျှင် ပသေနဒိကောသလမင်း မင်းပြု၏။ ပုရောဟိတ်အရာကို ရ၏။

ပသေနဒိကောသလ ငယ်ရွယ်စဉ်က ဗာဝရီပုဏ္ဏားထံ အတတ်သင်ရသတည်း။ မိမိစည်းစိမ်ကို ပုရောဟိတ်အား အကုန်အပ်နှင်း၏။ ပုရောဟိတ်လည်း "ရဟန်းပြုလိုပါသည်"ဟု ခွင့်တောင်း၍ ၁၆,၀၀၀-သော ပုဏ္ဏားတို့နှင့်တကွ ရဟန်းပြုကြပြီးသော် ၂-သိန်းသော ဥစ္စာရပ်တို့ကို အမတ်တို့အား ပေးအပ်လုပ်ကျွေးစေလျက် ရသေ့တို့ လိုရာဌာနအရပ်သို့ ပို့စေ၏။ ဥတ္တရပထမှသည် ဒက္ခိဏာပထသို့ သွားကြလေလျှင် ကောသမ္ဗီပြည်၏အနီး ဂေါဓာဝရီမြစ်နားတွင် နေလတ်၏။ ခရီးလမ်း မြို့,ရွာတို့မှ ဗာဝရီပုဏ္ဏားနှင့်တကွ လိုက်လာကြသော ပရိသတ်ကား ၆-ယူဇနာ ရှိ၏။ ဂေါဓာဝရီမြစ်သို့ ရောက်၍ ၆-နှစ်တိုင်လျှင် ငါတို့ ဂေါတမဘုရား ဖြစ်တော်မူ၏။

သာဝတ္ထိပြည်တွင် ဘုရား သီတင်းသုံးနေစဉ် ဘုရားဖြစ်တော်မူကြောင်းကို ကြား၍ "၇-ပါးသော ပုစ္ဆာတို့ကို စိတ်ဖြင့် မေးလေ၊ ဘုရားမှန်က ဖြေဆိုလတ္တံ့"ဟု အဇိတ အမှူးရှိသော ရသေ့ကြီး ၁၆-ယောက်တို့နှင့်တကွ ပရိသတ်တို့ကို စေလွှတ်၍ လျှောက်စေ၏။

တပည့်ကြီး ၁၆-ယောက်တို့၏ အမည်ကား- "အ၊ တိ၊ မေ၊ ပု၊ မေ၊ ဓော၊ ဟေ၊ တော၊ ဥ၊ ပေါ၊ မော၊ ပင်၊ ဇ၊ ဥ၊ နန်၊ ကပ်၊ ဘ"ဟူသည်တည်း။

| | | | | | |
|---|---|---|---|---|---|
| ၁။ | အ-အဇိတ | ၂။ | တိ-တိဿ | ၃။ | မေ-မေတ္တေယျ |
| ၄။ | ပု-ပုဏ္ဏက | ၅။ | မေ-မေတ္တဂူ | ၆။ | ဓော-ဓောတက |
| ၇။ | ဟေ-ဟေမက | ၈။ | တော-တောဒေယျ | ၉။ | ဥ-ဥဒယ |
| ၁၀။ | ပေါ-ပေါသာလ | ၁၁။ | မော-မောဃရာဇာ | ၁၂။ | ပင်-ပိင်္ဂိယ |
| ၁၃။ | ဇ-ဇတုကဏ္ဏီ | ၁၄။ | ဥ-ဥပသီဝ | ၁၅။ | နန်-နန္ဒ |
| ၁၆။ | ကပ်-ကပ္ပ | ၁၇။ | ဘ-ဘဒြ တည်း။ | | |

ပုစ္ဆာ ၇-ရပ်ကား-

- ငါတို့ ဆရာပုဏ္ဏားကား အဘယ်အမျိုးနည်း?
- ငါတို့ ဆရာပုဏ္ဏားကား အဘယ်အရွယ် ရှိပြီနည်း?
- ငါတို့ ဆရာပုဏ္ဏားသည်ကား အဘယ်အတတ်ကို တတ်သနည်း?
- ငါတို့ ဆရာပုဏ္ဏားကား အဘယ်လက္ခဏာနှင့် ပြည့်စုံသနည်း?

- ငါတို့ ဆရာပုဏ္ဏားကား တပည့် အဘယ်မျှ ပို့ချသင်ကြားသနည်း?
- သတ္တဝါတို့ ဦးခေါင်းကား အဘယ်နည်း?
- ထိုဦးခေါင်းကို အဘယ်သူ ချသနည်း?

"ဤ ပုစ္ဆာ ၇-ပါးတို့ကို စိတ်ဖြင့် မေးလေ။ ဘုရားမှန်က နှုတ်ဖြင့် ဖြေတော်မူလတ္တံ့"ဟု စေသတည်း။

ထိုရသေ့တို့ သွား၍ သာဝတ္ထိပြည်သို့ မရောက်မီ ဇေတဝန်ကျောင်းတော်၏အတွင်း ဂန္ဓကုဋီတိုက်၏အနီးတွင် ခြေတော်ရာပြပြီးမှ ရဟန်းအပေါင်း ခြံရံလျက် ရာဇဂြိုဟ်ပြည်၏ အနီး သေလစေတီတွင် သိကြားမင်း ဖန်ဆင်းသော မဏ္ဍပ်၌ သီတင်းသုံးနေတော်မူ၏။

ထိုအခါ ရသေ့တို့လည်း အစဉ်အတိုင်း ဥတ္တရပထသို့ လာခဲ့ကြ၍ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း ဂန္ဓကုဋီတိုက်၏အနီး ခြေတော်ရာကို မြင်လျှင်-

- "ရာဂကြီးသောသူ၏ ခြေရာကား ဆောင့်ကြွား ရှိ၏၊ မထင်မရှား,မထိမခိုက်-ဟူလို။
- ဒေါသကြီးသောသူတို့၏ ခြေရာကား ရှည်သည် ရှိ၏၊ ရှည်ရှည်လျားလျား ဆွဲငင်၍ သွားသကဲ့သို့ ဟူလို။
- မောဟကြီးသောသူတို့၏ ခြေရာကား ပျက်စု ရှိ၏၊ ဖဦး,ဖဆွန် နင်းကျွံကျသော အရာရှိသည် ဟူလို။

ဤခြေရာသည် လက္ခဏာ ၃-ပါးတို့ဖြင့် မထင်၊ စင်ကြယ်သော ရာဂ, ဒေါသ, မောဟ မရှိသော ဘုရားခြေရာသည် ဧကန်ဟုတ်ရာ၏"ဟု လမ်းစဉ်မပျက် မေးမြန်းလျက် လိုက်လေ၍ မှီပေရကား ၇-ပါးသော ပုစ္ဆာတို့ကို ကောင်းစွာ မေးလတ်၏။

ထို ၇-ပါးသော ပုစ္ဆာတို့တွင်-

ပထမပုစ္ဆာ၌ "ငါတို့ဆရာ၊ အဘယ်အမျိုးနည်း"ဟု စိတ်ဖြင့် မေးရာ "ဗာဝရီပုဏ္ဏားမျိုး"ဟု နှုတ်ဖြင့် ဖြေတော်မူ၏။

ဒုတိယပုစ္ဆာ၌ "ငါတို့ဆရာပုဏ္ဏား အရွယ် ဘယ်မျှရှိပြီနည်း"ဟု စိတ်ဖြင့် မေးရာ "အသက် ၁၂၀-ရှိပြီ"ဟု နှုတ်ဖြင့် ဖြေတော်မူ၏။

တတိယပုစ္ဆာ၌ "ငါတို့ဆရာပုဏ္ဏား အဘယ်အတတ်ကို တတ်သနည်း"ဟု စိတ်ဖြင့် မေးရာ "ဗေဒင် ၃-ပုံကို တတ်၏"ဟု နှုတ်ဖြင့် ဖြေတော်မူ၏။

စတုတ္ထပုစ္ဆာ၌ "ငါတို့ဆရာပုဏ္ဏား အဘယ်လက္ခဏာနှင့် ပြည့်စုံသနည်း"ဟု စိတ်ဖြင့် မေးရာ "မဟာပုရိသလက္ခဏာကြီး ၃-ပါးနှင့် ပြည့်စုံ၏"ဟု နှုတ်ဖြင့် ဖြေတော်မူသတည်း။

ပဉ္စမပုစ္ဆာ၌ "ငါတို့ဆရာပုဏ္ဏား တပည့်ဘယ်မျှကို ပို့ချသင်ကြားသနည်း"ဟု စိတ်ဖြင့် မေးရာ "တပည့် ၅၀၀-ကို ပို့ချသင်ကြား၏"ဟု နှုတ်ဖြင့် ဖြေတော်မူ၏။

ဆဋ္ဌပုစ္ဆာ၌ "သတ္တဝါတို့၏ ဦးခေါင်းကား အဘယ်နည်း"ဟု စိတ်ဖြင့် မေးရာ "အဝိဇ္ဇာတည်း" ဟု နှုတ်ဖြင့် ဖြေတော်မူ၏။

သတ္တမပုစ္ဆာ၌ "ထိုဦးခေါင်းကို အဘယ်သူ ဖြတ်သနည်း"ဟု စိတ်ဖြင့် မေးရာ "အရဟတ္တမဂ် တည်းဟူသော ဝိဇ္ဇာတည်း"ဟု နှုတ်ဖြင့် ဖြေတော်မူ၏။

ထိုပြဿနာတို့ကို-ဖြေတော်မူ၍ တရားဟောတော်မူသောအဆုံး၌ အဇိတသည် ၁၀,၀၀၀-သော ပရိသတ်နှင့်တကွ အရဟတ္တဖိုလ်၌ တည်၍ ဧဟိဘိက္ခုရဟန်း ဖြစ်ကြကုန်၏။ ကြွင်းသောရဟန်းတို့လည်း အသီးသီး ဧဟိဘိက္ခုရဟန်း ဖြစ်ကြကုန်၏။

ဗာဝရီရသေ့၏ တူဖြစ်သော ပိင်္ဂိယသည် "ဤကဲ့သို့ နက်နဲဆန်းကြယ်သော ဒေသနာကို ငါ၏ဦးရီးတော် ကြားနာရပါမူ ကောင်းလေစွ"ဟု စိတ္တက္ခေပကြောင့် အနာဂါမိဖိုလ်တွင်သာ တည်လေသည်။ အဇိတရသေ့-အစ, ပိင်္ဂိယ-အဆုံးရှိသော ၁၆-ယောက်သော ရသေ့ကြီးတို့ကို စွဲ၍ အဇိတသုတ်, တိဿမေတ္တေယျသုတ်, မေတ္တဂူသုတ်-စသည်ဖြင့် ဒေသနာ ၁၆-သုတ်ဖြစ်၏။ အသီးသီးသော သုတ်ကို ဟောတော်မူသော အဆုံး၌ အသီးအသီးပင် ၁,၀၀၀၊ ၁,၀၀၀-စီသော ပရိသတ်တို့နှင့်တကွ ရဟန္တာဖြစ်ကြသတည်း။

ထိုမှ ကြွင်းသော ပရိသတ်တို့လည်း အသီးအသီး မဂ်,ဖိုလ်ကို ယထာရဟ ရကြ၍ မြတ်စွာဘုရား တန်ခိုးတော်ကြောင့် လက်ဝဲ ၆-ယူဇနာ, လက်ယာ ၆-ယူဇနာ၊ ပေါင်း ၁၂-ယူဇနာ ပရိသတ်တို့သည် သကသက မိမိတို့မြို့,ရွာ နေရာဌာနသို့ ရောက်ကြလျက် ရှိလေသည်။ မြတ်စွာဘုရားလည်း တရားဟောပြီး၍ သာဝတ္ထိပြည်သို့ ပြန်တော်မူ၏။

ဗာဝရီပုဏ္ဏား တူဖြစ်သော ပိင်္ဂိယကား ရဟန်းပရိက္ခရာကို ဆောင်ယူ၍ ဦးရီးတော် ဗာဝရီရသေ့ရှိရာ ဂေါဓာဝရီသို့ ပြန်လေလျှင် ဗာဝရီလည်း ခရီးလမ်းကို မျှော်လင့်၍ နေနှင့်၏။ ပိင်္ဂိယသည် ရဟန်းပရိက္ခရာ စုံလင်စွာနှင့် လာသည်ကို မြင်လျှင် ရယ်ရွှင်ပြုံးပြုံး၊ နှလုံးကြည်စွာ၊ ဝမ်းသာအားရ၊ "လောက ၃-ပါးတွင် ဘုရားဖြစ်သည် မှန်ပြီ"ဟု ဧကန္တ စိတ်ချ၍ ပိင်္ဂိယကို ခရီးကြိုဆိုပြီးမှ လျှုဒါန်းဖွယ်ရာနေရာ အသင့်ပြင်ဆင်ပြီးလျှင် ပိင်္ဂိယကို တရားဟောစေ၍ တရားနာသည်တွင် မြတ်စွာဘုရားလည်း သာဝတ္ထိပြည်မှ ကြည့်၍ ပိင်္ဂိယရဟန်း,

ဇာဝရီပုဏ္ဏား ၂-ဦးသားတို့၏ ဣန္ဒြေရင့်သည်ကို သိတော်မူသဖြင့် တန်ခိုးရောင်ခြည်တော်ကို လွှတ်၍ ရှေ့တွင် မြင်ကြလေလျှင် နေရာမှ ထ၍ ရှိခိုးလျက် တည်လတ်၏။ ထိုအခါ ပိင်္ဂိယရဟန်း, ဇာဝရီပုဏ္ဏား ၂-ဦးသားတို့ကို ရည်၍ တရားဟောတော်မူလျှင် ပိင်္ဂိယကား အရဟတ္တဖိုလ် တည်လေသည်။ ဇာဝရီရသေ့ကား အနာဂါမိဖိုလ်၌ တည်၍ ကြွင်းသော တပည့်ပရိသတ်တို့ကား သောတာပတ္တိဖိုလ်၌ တည်ကုန်၏-ဟု သုတ္တနိပါတ်၊ အဆုံးစွန်သော ပါရာယနဝဂ်တွင် ဟောတော်မူသည်။

ဤတွင်ရွှေ့ ကဿပဘုရားလက်ထက် ဇာရာဏသီမင်းက ကဋ္ဌဝါဟဏမင်းထံ-

ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ။
ဓမ္မော လောကေ သမုပ္ပန္နော၊ သုခါယ သဗ္ဗပါဏိနံ။
သံဃော လောကေ သမုပ္ပန္နော၊ ပုညက္ခေတ္တံ အနုတ္တရံ။ ။

ဟူသော အခွဲနှင့်တကွသော ၁-ဂါထာတို့ဖြင့် ဆောင်းပါးသဝဏ်စာ ပေးမှာလိုက်သည်ကို ပြဆိုသော စကားရပ် အပြီးသတ်တည်း။

ထိုစကားရပ်ကို အကျယ်သိလိုလျှင် သုတ္တနိပါတ်၊ အဆုံးစွန်သော ပါရာယနဝဂ်တွင် အဆုံးစွန်သော ပါရာယနသုတ်ပါဠိ, အဋ္ဌကထာတို့မှာ ကြည့်လေ။

သူ့ရဲဈေးနေ ဒကာငတေက—

"ဗုဒ္ဓေါ လောကေ သမုပ္ပန္နော၊ ဟိတာယ သဗ္ဗပါဏိနံ။
ဓမ္မော လောကေ သမုပ္ပန္နော၊ သုခါယ သဗ္ဗပါဏိနံ။
သံဃော လောကေ သမုပ္ပန္နော၊ ပုညက္ခေတ္တံ အနုတ္တရံ။ ။

ဟူသောဂါထာသည် အဘယ်ကျမ်းလာ အဘယ်အရာတွင် ဟောတော်မူသည်ကို ဝတ္ထုသာဓကနှင့်တကွ နေရာကျကျ သိမှတ်လိုပါသည်"ဟု လျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ထုတ်ဆောင်၍ ၁၂၃၉-ခု၊ ဝါခေါင်လပြည့်ကျော်၊ ၁၀-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်း၍၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## သူရဲဈေးနေ ဒါယကာမောင်တေ-က အကျိုးထူး ၂-ပါးကြောင့် "ကိန္နရာတို့ လူ့စကားမပြော"ဟု ဆိုသောအရာကို မေးလျှောက်ချက်

[၉၁] "ဘုရားတပည့်တော် သူရဲဈေးနေ ဒကာတေ ၃-ထွေသော ဒွါရဖြင့် ညွတ်ခ ရိုကျိုး ရှိခိုးနားတော်လျှောက်ပါသည် ဆရာတော်ဘုရား။

တိရစ္ဆာန် ကိန္နရာတို့ လူတို့ဘာသာဖြစ်သော စကားကို ပြောတတ်လျက်နှင့် အကျိုးထူး ၂-ပါးတို့ကို မြင်၍ စကား မပြောသည်-ဟု ဆရာတော်သခင် အရှင်ဘုရားတို့ ဟောကြားတော်မူချက် အမြွက်စကား ကြားသိပါရသော်လည်း အကျိုး ၂-ပါးကို ကွဲပြား၍ မမှတ်မိ၊ မသိပါသောကြောင့် အသေအချာ ကျမ်းဂန်နှင့်အညီ အမိန့်ရှိတော်မူပါမည့် အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား"။

၎င်းဒါယကာမောင်တေ လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ-

ကိန္နရာတို့ အကျိုးထူး ၂-ပါးတို့ကို မြင်၍ လူတို့ဘာသာဖြစ်သော စကားကို ပြောဆိုတတ်လျက်နှင့် မပြောမဆို နေသည့်အရာကို မေးလျှောက်သည်မှာ-

[၉၁] ကိန္နရာတို့သည် လူတို့ဘာသာဖြစ်သောစကားကို ပြောဆိုတတ်လျက်နှင့် လူတို့ ဘာသာဖြစ်သောစကားကို မပြောမဆိုဘဲ နေခြင်း၌ အကျိုးထူး ၂-ပါးတို့ကို မြင်သောကြောင့် မပြောမဆိုသတည်း။

အကျိုးထူး ၂-ပါးဟူသော်ကား-

- မဟုတ်မမှန်သော စကားကိုလည်း မဆိုမိစေလင့်။
- သူတပါးတို့ကို စွပ်စွဲသောစကားကိုလည်း မဆိုမိစေလင့်။

ဤအကျိုးထူး ၂-ပါးတို့ကို မြင်သောကြောင့် လူတို့ဘာသာဖြစ်သော စကားကို ပြောဆိုတတ်လျက်နှင့် မပြောမဆိုနေသတည်း။

ထို့ကြောင့် မြတ်စွာဘုရားသည် ဒုကနိပါတ်၊ အဂုံတ္တိုရ်၊ ဒုတိယပဏ္ဏာသဝဂ်အစု၊ ၉-ခုမြောက်သော ကိံပုရိသသုတ်၌-

ဒွေ'မေ ဘိက္ခဝေ အတ္ထဝသေ သမ္ပဿမာနာ ကိံပုရိသာ မာနုသိံ ဝါစံ န ဘာသန္တိ။ ကတမေ ဒွေ? မာ စ မုသာ ဘဏိမှာ၊ မာ စ ပရံ အဘူတေန အဗ္ဘာစိက္ခိမှာတိ။ ဣမေ ခေါ ဘိက္ခဝေ ဒွေ အတ္ထဝသေ သမ္ပဿမာနာ ကိံပုရိသာ မာနုသိံ ဝါစံ န ဘာသန္တိ။

ဟူ၍ ဟောတော်မူသည်။ (အံ၊၁။၇၇)

ဘိက္ခဝေ၊ ရဟန်းတို့။ ဒွေ ဣမေ အတ္ထဝသေ၊ ဤ၂-ပါးကုန်သော အကျိုးထူးတို့ကို။ သမ္ပဿမာနာ၊ မြင်သောကြောင့်။ ကိံပုရိသာ၊ ကိန္နရာတို့သည်။ မာနုသိံ ဝါစံ၊ လူတို့ဘာသာ ဖြစ်သော စကားကို။ န ဘာသန္တိ၊ မဆိုကုန်။ ဒွေ၊ ၂-ပါးကုန်သော အကျိုးတို့-ဟူသည်။ ကတမေ၊ အဘယ်သည်တို့နည်း-ဟူမူကား? မုသာ၊ ချွတ်လွဲသော စကားကို။ မာ ဘဏိမှာ၊ မဆိုလိုကုန်။ ပရံ စ၊ သူတပါးကိုလည်း။ အဘူတေန၊ မဟုတ်မှန်သော စကားဖြင့်။ မာ အဗ္ဘာစိက္ခိမှာ၊ မစွပ်စွဲလိုကုန်။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣမေ ဒွေ၊ ဤ ၂-ပါးကုန်သော အကျိုးထူးတို့ကို။ သမ္ပဿမာနာ၊ မြင်သောကြောင့်။ ကိံပုရိသာ၊ ကိန္နရာတို့သည်။ မာနုသိံ ဝါစံ၊ လူတို့ဘာသာဖြစ်သော စကားကို။ န ဘာသန္တိ၊ မဆိုကုန်။

တစ်ရံရောအခါ ကိန္နရာတစ်ခုကို ဆောင်ယူ၍ ဗြဟ္မဒတ်မင်းကြီးအား ဆက်သကြကုန်၏။ ဗြဟ္မဒတ်မင်းကြီးက ထိုကိန္နရာတို့ကို "စကားပြောစေ"ဟု ဆို၏။ ကိန္နရာလည်း စကားပြောခြင်းကို အလိုမရှိသဖြင့် ဆိတ်ဆိတ်နေ၏။ ထိုအခါ တစ်ယောက်သော သူက "ထိုကိန္နရာကို အကျွန်ုပ် စကားပြောဆိုအောင် တတ်နိုင်ပါ၏"ဟု ဆို၍ ပြာသာဒ်အောက်သို့ ခေါ်သွားပြီးလျှင် သစ်ချွန် ၂-ခုတို့ကို စိုက်၍ ထမင်းအိုးကို တင်ထားလေလျှင် မနေဘဲ ထိုမှ,ဤမှ အခါခါ ကျသည်ကို ကိန္နရာမြင်၍ "သစ်ချွန် ၃-ခု စိုက်မှသာ နေမည် မဟုတ်လော" ဤမျှသော စကားကိုသာ ဆို၏။

ထို့နောက် ကိန္နရာ ၂-ခုတို့ကို ဖမ်းယူ၍ ဗြဟ္မဒတ်မင်းကြီးအား ဆက်သပြန်လျှင် မင်းကြီးက ထိုကိန္နရာတို့ကို "စကားပြောကြစေ"ဟု ဆို၏။ ကိန္နရာတို့လည်း စကားပြောခြင်းကို အလိုမရှိကြသဖြင့် ဆိတ်ဆိတ်နေကြကုန်၏။ ထိုအခါ တစ်ယောက်သော ယောကျ်ားက "ထိုကိန္နရာတို့ကို အကျွန်ုပ် စကားပြောဆိုပါစေမည်"ဟု ဆို၍ ဈေးဆိုင်၂-ခု အကြားသို့ ခေါ်သွားလေ၏။ ထိုအခါ တစ်ခုသော ကိန္နရာသည် သရက်သီးမှည့်နှင့် ငါးတို့ကို မြင်လေလျှင် ကိန္နရာ တစ်ခုကား သီးသီး-စသော ချဉ်သောအရသာရှိသော အသီးတို့ကို မြင်လေ၏။ ထိုသို့ မြင်ကြရာ ကိန္နရာကို ခေါ်သွားသသူက "လူတို့သည် ကြီးစွာသော အဆိပ်ကို စားကြကုန်၏။ အဘယ်မှာ ပွေး, ညှင်း, တင်းတိပ်-စသော နူနာမဖြစ်ဘဲ ရှိအံ့နည်း"ဟု ဆိုလျှင် ကိန္နရာတို့က "ဤအစာကို စား၍ အဘယ်မှာ နူနာဖြစ်ချေလိမ့်မည်နည်း" ဤမျှသော စကားကိုသာ ဆိုကြ၏။

ဤအကျိုးထူး ၂-ပါးတို့ကို မြင်သောကြောင့် ကိန္နရာတို့သည် လူတို့ဘာသာဖြစ်သော စကားကို ပြောဆိုတတ်လျက်နှင့် အကျိုးထူး ၂-ပါးတို့ကို မြင်၍ မပြောမဆိုနေသည်ကို ဝတ္ထုသာစကနှင့်တကွ ပြဆိုသော **စကားရပ် အပြီးသတ်တည်း။** ထိုစကားရပ်ကို အကျယ်သိလိုလျှင် ဒုကနိပါတ်၊ အင်္ဂုတ္တိုရ်၊ ဒုတိယပဏ္ဏာသကဝဂ်အစု၊ ၉-ခုမြောက်သော ကိံပုရိသသုတ်မှာ ကြည့်လေ။

သူရဲဈေးနေ ဒကာငတေက "တိရစ္ဆာန်ကိန္နရာတို့ လူတို့ဘာသာဖြစ်သော စကားကို ပြောဆိုတတ်လျက်နှင့် အကျိုးထူး ၂-ပါးတို့ကို မြင်၍ မပြောမဆိုနေသည့်အရာကို အသေအချာ ကျမ်းဂန်နှင့်အညီ သိမှတ်ပါလိုသည်"ဟု လျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ထုတ်ဆောင်၍ ၁၂၃၉-ခု၊ တော်သလင်းလဆန်း၊ ၂-ရက်နေ့တွင် ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိမ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## ရဟန်းတော် ရှင်ကုသလ, ရှင်ဝေါဝိန္ဒ-တို့က ကင်္ခါဝိတရဏ ဝိသုဒ္ဓိ၌ ယုံမှားခြင်း ၁၆-ပါးကို မေးလျှောက်ချက်

[၉၂] "ဘုရားတပည့်တော် ပုခန်းကြီးမြို့၊ ရှင်ကုသလနှင့် ရတနာသိမ်မြို့၊ ရှင်ဝေါဝိန္ဒတို့ လျှောက်ပါသည် ဆရာတော်ဘုရား။

အဘိဓမ္မတ္ထသင်္ဂြိုဟ်စာတွင် သီလဝိသုဒ္ဓိ-စသော ဝိသုဒ္ဓိ ၇-ပါးတို့ကို ပြရာ ကင်္ခါဝိတရဏ ဝိသုဒ္ဓိ၌ ယုံမှားခြင်း ၁၆-ပါး-ဟူသည် ဆရာသခင် အရှင်ဘုရား ဟောကြားတော်မူချက် အမြွက်စကားကို မှတ်သား ကြားရဖူးပါသော်လည်း အဘိဓမ္မတ္ထဝိဘာဝနီဋီကာ ဆရာသခင် အရှင်သုမင်္ဂလသာမိပုဂ္ဂိုလ် မိန့်ဆိုဖွင့်လှစ်ရာ မပါ,မရှိဖြစ်ပါ၍ နေရာကျ မသိနိုင်ရှိပါသောကြောင့် ၁၆-ပါးသော ယုံမှားခြင်းတို့ကို နေရာကျကျ သန္နိဋ္ဌာန်ချ၍ သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား"။

၎င်းရဟန်းတော် ၂-ပါး လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ-

[၉၂] ယုံမှားခြင်း ၁၆-ပါးတို့ကို မေးလျှောက်သည်မှာ-

- အတိတ်ကာလ၌ ယုံမှားခြင်း ၅-ပါး။
- အနာဂတ်ကာလ၌ ယုံမှားခြင်း ၅-ပါး။
- ပစ္စုပ္ပန်ကာလ၌ ယုံမှားခြင်း ၆-ပါး။ ဤသို့ ယုံမှားခြင်း ၁၆-ပါး ဖြစ်၏။

**အတိတ်ကာလ၌ ၅-ပါးဟူသော်ကား-**

၁။ "အတိတ်ကာလ၌ ငါ ဖြစ်ဖူး၏လော"ဟု ယုံမှားခြင်း ၁-ပါး။

၂။ "အတိတ်ကာလ၌ ငါမဖြစ်ဘူးလော"ဟု ယုံမှားခြင်း ၁-ပါး။

၃။ "အတိတ်ကာလ၌ ငါကား မင်း, ပုဏ္ဏား-အစရှိသည်တို့တွင် အဘယ်သို့သော သူဖြစ်ဖူးသနည်း"ဟု ယုံမှားခြင်း ၁-ပါး။

၄။ "အတိတ်ကာလ၌ ငါကား အရှည်, အတို၊ ထူလ, ကိသ-စသည်တို့တွင် အဘယ်သို့သောသူ ဖြစ်ဖူးသနည်း"ဟု ယုံမှားခြင်း ၁-ပါး။

၅။ "အတိတ်ကာလ၌ ငါကား အဘယ်သို့သော အဖြစ်က အဘယ်သို့သော အဖြစ်၌ ဖြစ်ဖူးသနည်း"ဟု ယုံမှားခြင်း ၁-ပါး။

ဤသို့ အတိတ်ကာလ၌ ယုံမှားခြင်း ၅-ပါး။

**အနာဂတ်ကာလ၌ ၅-ပါးဟူသော်ကား-**

၁။ "အနာဂတ်ကာလ၌ ငါ-ဖြစ်လတ္တံ့လော"ဟု ယုံမှားခြင်း ၁-ပါး။

၂။ "အနာဂတ်ကာလ၌ ငါ-မဖြစ်လတ္တံ့လော"ဟု ယုံမှားခြင်း ၁-ပါး။

၃။ "အနာဂတ်ကာလ၌ ငါကား မင်း, ပုဏ္ဏား-အစရှိသည်တို့တွင် အဘယ်သို့သောသူ ဖြစ်လတ္တံ့နည်း"ဟု ယုံမှားခြင်း ၁-ပါး။

၄။ "အနာဂတ်ကာလ၌ ငါကား အရှည်, အတို၊ ထူလ, ကိသ-စသည်တို့တွင် အဘယ်သို့သောသူ ဖြစ်လတ္တံ့နည်း"ဟု ယုံမှားခြင်း ၁-ပါး။

၅။ "အနာဂတ်ကာလ၌ ငါကား အဘယ်သို့သော အဖြစ်က အဘယ်သို့သော အဖြစ်၌ ဖြစ်လတ္တံ့နည်း"ဟု ယုံမှားခြင်း ၁-ပါး။

ဤသို့ အနာဂတ်ကာလ၌ ယုံမှားခြင်း ၅-ပါး။

**ပစ္စုပ္ပန်ကာလ၌ ယုံမှားခြင်း ၆-ပါးဟူသော်ကား-**

၁။ "ဤပစ္စုပ္ပန်ကာလ၌ ငါ-ဟုတ်၏လော"ဟု ယုံမှားခြင်း ၁-ပါး။

၂။ "ဤပစ္စုပ္ပန်ကာလ၌ ငါ-မဟုတ်လော"ဟု ယုံမှားခြင်း ၁-ပါး။

၃။ "ဤပစ္စုပ္ပန်ကာလ၌ မင်း-စသည်ဖြစ်လျက် မင်း-စသည် ဟုတ်၏လော"ဟု ယုံမှားခြင်း ၁-ပါး။

၄။ ပစ္စုပ္ပန်ကာလ၌ ဇီဝိတိန္ဒြေ၏ ဒီဃ, ရဿ-စသော သဏ္ဌာန်၌ ယုံမှားခြင်း ၁-ပါး။

၅။ "ငါကား အဘယ်ဘဝ ဂတိက လာသနည်း"ဟု ယုံမှားခြင်း ၁-ပါး။

၆။ "ငါကား အဘယ်ဂတိသို့ လားရအံ့နည်း"ဟု ယုံမှားခြင်း ၁-ပါး။

ဤသို့ ပစ္စုပ္ပန်ကာလ၌ ယုံမှားခြင်း ၆-ပါး။

ဤသို့ ယုံမှားခြင်း ၁၆-ပါး ဖြစ်၏။

ထို့ကြောင့် မြတ်စွာဘုရားသည် မူလပဏ္ဏာသ၊ ရှေးဦးစွာသော မူလပရိယာယဝဂ်အစု၊ ၂-ခုမြောက်သော သဗ္ဗာသဝသံဝရသုတ်(မ၊၁။၁၀)၌–

သော ဧဝံ အယောနိသောမနသိကရောတိ–

အဟံ နုခေါ အဟောသိံ အတီတမဒ္ဓါနံ။ န နုခေါ အဟောသိံ အတီတမဒ္ဓါနံ။ ကိံ နုခေါ အဟောသိံ အတီတမဒ္ဓါနံ။ ကထံ နုခေါ အဟောသိံ အတီတမဒ္ဓါနံ။ ကိံ ဟုတွာ ကိံ အဟောသိံ နုခေါ အဟံ အတီတမဒ္ဓါနံ။

ဘဝိဿာမိ နုခေါ အဟံ အနာဂတမဒ္ဓါနံ။ န နုခေါ ဘဝိဿာမိ အနာဂတမဒ္ဓါနံ။ ကိံ နုခေါ ဘဝိဿာမိ အနာဂတမဒ္ဓါနံ။ ကထံ နုခေါ ဘဝိဿာမိ အနာဂတမဒ္ဓါနံ။ ကိံ ဟုတွာ ကိံ ဘဝိဿာမိ နုခေါ အဟံ အနာဂတမဒ္ဓါနံ။

ဧတရဟိ ဝါ ပစ္စုပ္ပန္နမဒ္ဓါနံ အဇ္ဈတ္တံ ကထံကထီ ဟောတိ "အဟံ နုခေါ အသ္မိ၊ နော နုခေါ အသ္မိ၊ ကိံ နုခေါ အသ္မိ၊ ကထံ နုခေါ အသ္မိ၊ အယံ နုခေါ သတ္တော ကုတော အာဂတော၊ သော ကုဟိံ ဂါမီ ဘဝိဿတီ"တိ။

ဟူ၍ ဟောတော်မူသည်။

သော ပုဂ္ဂလော၊ ထိုပုဂ္ဂိုလ်သည်။ ဧဝံ မနသိကရောတိ၊ ဤသို့ နှလုံးသွင်း၏။ အတီတမဒ္ဓါနံ၊ အတိတ်ကာလ၌။ အဟံ နုခေါ အဟောသိံ၊ ငါဖြစ်ဖူး၏လော။ အတီတမဒ္ဓါနံ၊ ၌။ န နုခေါ အဟောသိံ၊ ငါ မဖြစ်ဖူးလော။ အတီတမဒ္ဓါနံ၊ အတိတ်ကာလ၌။ ကိံ နုခေါ အဟောသိံ၊ အဘယ်သို့ ဖြစ်ဖူးသနည်း။ အတီတမဒ္ဓါနံ၊ ၌။ ကထံ နုခေါ အဟောသိံ၊ အဘယ်သို့ အခြင်းအရာရှိသောသူ ဖြစ်ဖူးသနည်း။ အဟံ၊ သည်။ အတီတမဒ္ဓါနံ၊ ၌။ ကိံ ဟုတွာ ကိံ အဟောသိ နုခေါ၊ အဘယ်သို့သော အဖြစ်မှ အဘယ်သို့သော အဖြစ်၌ ဖြစ်ဖူးသနည်း။

အဟံ၊ သည်။ အနာဂတမဒ္ဓါနံ၊ အနာဂတ်ကာလ၌။ ဘဝိဿာမိ နုခေါ၊ ဖြစ်လတ္တံ့လော။ အနာဂတမဒ္ဓါနံ၊ အနာဂတ်ကာလ၌။ န နုခေါ ဘဝိဿာမိ၊ မဖြစ်လတ္တံ့လော။ အနာဂတမဒ္ဓါနံ၊ ၌။ ကိံ နုခေါ ဘဝိဿာမိ၊ အဘယ်သို့သောသူ ဖြစ်လတ္တံ့နည်း။ အနာဂတမဒ္ဓါနံ၊ အနာဂတ်ကာလ၌။ ကထံ နုခေါ ဘဝိဿာမိ၊ အဘယ်သို့ အခြင်းအရာရှိသောသူ ဖြစ်လတ္တံ့နည်း။ အဟံ၊ သည်။ အနာဂတမဒ္ဓါနံ၊ ၌။ ကိံ ဟုတွာ ကိံ ဘဝိဿာမိ နုခေါ၊ အဘယ်သို့သောသူ ဖြစ်၍ အဘယ်သို့သောသူ ဖြစ်လတ္တံ့နည်း။

ဧတရဟိ ပစ္စုပ္ပန္နမဒ္ဓါနံ၊ ဤယခု ပစ္စုပ္ပန်ဘဝ၌။ အဇ္ဈတ္တံ၊ အဇ္ဈတ္တသန္တာန်၌။ ကထံ ကထီ ဟောတိ၊ သို့လော သို့လော-ဟု ယုံမှားခြင်းဖြစ်၏။ အဟံ နုခေါ အသ္မိ၊ ငါ-ဟုတ်၏ လော။ နောာ နုခေါ အသ္မိ၊ ငါ-မဟုတ်၏လော။ ကိံ နုခေါ အသ္မိ၊ အဘယ်သို့သောသူ ဖြစ်သနည်း။ ကထံ နုခေါ အသ္မိ၊ အဘယ်သို့သော အခြင်းအရာရှိသောသူ ဖြစ်သနည်း။ အယံ သတ္တော၊ ဤသတ္တဝါသည်။ ကုတော အာဂတော နုခေါ၊ အဘယ်ဘုံဘဝမှ လာသနည်း။ ကုဟိံ ဂါမီ ဘဝိဿတိ၊ အဘယ်ဘုံဘဝသို့ လားရအံ့နည်း။

ထို ၁၆-ပါးကုန်သော ယုံမှားခြင်းတို့တွင် အတိတ်, အနာဂတ်တို့၌ ယုံမှားပုံကို ပြဆိုခဲ့ပြီးသော ပါဠိအနက်အဓိပ္ပါယ်တို့ကို ထောက်၍ သိသာပြီ။ ပစ္စုပ္ပန်ကာလ၌ အဟံ နုခေါ အသ္မိ-၏ အရမှာ မိမိ၌ရှိသောအဖြစ် ဟုတ်, မဟုတ်သော အဖြစ်ကို ကြံသတည်း။

**သာဓကဝတ္ထုကား** မိထွေး, မိကြီးတို့၊ သား ၂-ယောက်ရှိကြသည်တွင် မိထွေး၏ သားကား ဦးပြည်း ရှိ၏၊ မိကြီး၏သားကား ဦးပြည်း မရှိ၊ တစ်နေ့သ၌ မိကြီး၏သားကို ဦးပြည်း ရိတ်ကြလေလျှင် "ငါကား မိထွေး၏သားပင် ဖြစ်လေသလော"ဟု ကြံဘိ၏။

'နောာ နုခေါ အသ္မိ'-ဟူရာ၌ မိမိ၌ မရှိသော အဖြစ်ကို ကြံသတည်း။

**သာဓကဝတ္ထုကား** သူ ၁-ယောက်သည် ရေ၌ ငါးတို့ကို ဖမ်းယူရာ အလွန်ချမ်းအေး လှသောကြောင့် မိမိ၏ပေါင်ကို ငါး-မှတ်၍ ပုတ်ခတ်လေသည်။ တော၌ လယ်ကို စောင့်ရှောက်သောသူ တစ်ယောက်သည် ကြောက်လန့်လျက် ပက်လက်အိပ်၍ နိုးလေလျှင် မိမိ၏ ပဆစ်, ဒူး ၂-ဖက်တို့ကိုပင် ဘီလူး ၂-ယောက်ထင်၍ ဆောလျင်စွာ ပုတ်ခတ်၏။

"ကိံ နုခေါ အသ္မိ"-ဟူရာ၌ မိမိ မင်း-ဖြစ်လျက်ပင် "ငါ၊ မင်း-ဟုတ်၏လော, မဟုတ်လော"ဟု ကြံ၏။ ထိုစကား၌ နတ်တို့မှာကား မိမိတို့၏ နတ်အဖြစ်၌ ထိုသို့ ယုံမှားမရှိသော်လည်း "ငါသည် ရုပ်-ရှိ၏လော, မရှိလော"စသည်ဖြင့် ယုံမှားသေး၏။ မင်း-စသည်တို့သည် မိမိတို့၏ မင်း-စသော အဖြစ်ကို အဘယ့်ကြောင့် မသိရှိလေသနည်းဟူမူ မင်း-စသည်တို့အား ထိုထိုအမျိုးတို့၌ဖြစ်ခြင်းကို ပစ္စက္ခ မဖြစ်နိုင်ကုန်၊ အချို့လူတို့ကလည်း မိမိတို့ ရဟန်း-

ဟု ထင်ကုန်၏။ အချို့ ရဟန်းတို့ ကလည်း "ငါ့အား ပဗ္ဗဇ္ဇိတကံသည် ပျက်လေသလော"ဟု ယုတ်၍ ကြံကုန်၏။ အချို့သော မင်းတို့ကလည်း မိမိတို့ ကိုယ်ကို နတ်-ဟု ထင်မှတ်ကုန်၏။ မိစ္ဆာဒိဋ္ဌိ အယူရှိသောသူတို့ မိမိတို့ ကိုယ်ကို ဘုရား-ထင်မှတ်မှားသော သာဓကဝတ္ထုများကို ထောက်။

"ကထံ နု ခေါ အသ္မိ"-ဟူရာ၌ ကိုယ်တွင် အသက်-ဟူသည် ရှိ၏။ ထိုအသက်သည် ရှည်ရှည်လော, တိုတိုလော, ၄-ထောင့်လော, ၈-ထောင့်လော, ၁၆-ထောင့်လော စသည်ဖြင့် ယုံမှားသည် ဟူလို၊ ထိုသဏ္ဌာန်ကိုမူကား ပစ္စုပ္ပန်ဘဝ၌ ပစ္စက္ခဖြစ်၍ မသိသည် မည်သည် မရှိ။ ဤတွင်ရွေ့ ယုံမှားခြင်း ၁၆-ပါးတို့ကို ပြဆိုသော စကားရပ် အပြီးသတ်တည်း။

ထိုစကားရပ်တို့ကို အကျယ်သိလိုသူတို့ မူလပဏ္ဏာသ ရှေးဦးစွာသော မူလ-ယမကဝဂ်အစု၊ ၂-ခုမြောက်သော သဗ္ဗာသဝသုတ် ပါဠိ,အဋ္ဌကထာ။ မဇ္ဈိမဋ္ဌ ကမ္မဋ္ဌာန နိဒ္ဒေသ၊ ကင်္ခါဝိတရဏီဝိသုဒ္ဓိအဖွင့်ဋီကာ။ ဝိသုဒ္ဓိမဂ်။ ၎င်းအဖွင့် မဟာဋီကာတို့မှာ ကြည့်လေ။ ပုခန်းကြီးမြို့၊ ရှင်ကုသလ, ရတနာသိခ်မြို့၊ ရှင်ဂေါဝိန္ဒတို့က "ယုံမှားခြင်း ၁၆-ပါးတို့ကို နေရာကျ သိမှတ်လိုပါသည်"ဟု လျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ထုတ်ဆောင်၍ ၁၂၃၉-ခု၊ ဝါခေါင်လပြည့်ကျော်၊ ၁၄-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်း၌ာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★ ★ ★ ★ ★ ★ ★

## ရဟန်းတော် ရှင်ဝါယာမ, ရှင်တေဇဝန်တို့က ကြတ္တိနန္ဒြေ, ကြတ္တိလိင်တို့၏ ဝိသေသတို့ကို မေးလျှောက်ချက်

[ ၉၃ ] "ဘုရားတပည့်တော် ညောင်ရမ်းမြို့၊ ရဟန်း ရှင်ဝါယာမ, ရှင်တေဇဝန်တို့ လျှောက်ပါသည် ဆရာတော်ဘုရား။

(၁) ကြတ္တိနန္ဒြေ, ကြတ္တိလိင်တို့၏ ဝိသေသဖြစ်ဟန်၊

(၂) မိန်းမ, ယောက်ျားတို့အား ကြတ္တိလိင် ကွယ်ပျောက်၍ ပုရိသလိင်ဖြစ်ခြင်း, ပုရိသလိင် ကွယ်ပျောက်၍ ကြတ္တိလိင် ဖြစ်ခြင်း၊ ကုသိုလ်, အကုသိုလ် ၂-ပါးတို့ အကျိုးပေးဟန်ကိုလည်း သေချာစွာ သိမှတ်လိုပါသည်။

(၃) ကတ္တိဥဘတောဗျည်း, ပုရိသဥဘတောဗျည်း ၂-ယောက်တို့တွင် ကတ္တိဥဘတောဗျည်း၌ ကတ္တိလိင် ကွယ်ပျောက်၍ ပုရိသလိင် ရောက်သောအခါ ကတ္တိနိမိတ်သည် အလျှင်းပင် ရှိ, မရှိ၊ အချို့လည်း 'ပဋိစ္ဆန္နံ ဟုတ္တံ'-ဆိုသောကြောင့် ကတ္တိလိင်ပျောက်၍ ပုရိသလိင် ရောက်ရာ၌ ပုရိသလိင်ကဲ့သို့ မထင်ရှားဘဲ နိမိတ္တမတ္တဖြစ်၍ သေးသေးငယ်ငယ်သာ ဖြစ်၍ ပုရိသလိင် ပျောက်၍ ကတ္တိလိင် ရောက်ရာ၌လည်း ဤနည်းတူသာတည်း-ဟူ၍ ပြောဆိုကြပါသည်။ သို့ ဝါဒအသီးအသီး ကွဲပြားကြသဖြင့် နေရာကျ မသိနိုင်ကြရှိသည်ဖြစ်၍ ပုဂ္ဂိုလ်တစ်ယောက်တည်း၌ပင် နိမိတ် ၂-ခု ဖြစ်သင့်သောသဘော ရှိ, မရှိကို ဧကန်သိမှတ်ပါရအောင် နေရာကျ အမိန့်ရှိတော်မူပါမည့်အကြောင်း လျှောက်ပါသည် ဆရာတော်ဘုရား"။

ရှင်းရှင်တေဇဝန်နှင့် ရှင်ဝါယာမတို့ လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ—

(၁) ကတ္တိန္ဒြေ၊ ကတ္တိလိဂ်တို့ ဝိသေသဖြစ်ဟန်ကို မေးလျှောက်သည်မှာ—

ကတ္တိန္ဒြေ-ဟူသော (သ)ဘာဝရုပ်သည်ကား—

ပဋိသန္ဓေကာလ ကမ္မဇရုပ် ၃၀-နှင့်တကွ ဖြစ်၏။ ထိုဘာဝရုပ်ကို အဘိဓမ္မတ္ထသင်္ဂြိုဟ်၌ အရှင်အနုရုဒ္ဓါဆရာသည် "ကတ္တတ္တံ ပုရိသတ္တံ ဘာဝရူပံ နာမ"ဟု ပြဆိုသည်။ "ကတ္တိယာ ဘာဝေါ ကတ္တတ္တံ"ဟု ဝစနတ်ပြု။ ကတ္တ အတ္တံ-ဟူလို၏။ ထိုကတ္တိဘာဝရုပ်သည် ကံကြောင့် ဖြစ်၏။ ပဋိသန္ဓေနှင့်တကွ တူသောခဏ၌ ဖြစ်၏။

ထို့ကြောင့် ဓမ္မသင်္ဂဏီအဋ္ဌကထာ၊ ရူပကဏ္ဍ၌ "အယံ ကမ္မဇော ပဋိသန္ဓိသမုဋ္ဌာပိတော(သမုဋ္ဌိတော)"ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

အယံ ကတ္တိဘာဝေါ၊ ဤကတ္တိဘာဝရုပ်သည်။ ကမ္မဇော၊ ကံကြောင့်ဖြစ်၏။ ပဋိသန္ဓိသမုဋ္ဌာပိတော၊ ပဋိသန္ဓေစိတ်နှင့်တကွ တူသော ခဏတ္တယ၌ ဖြစ်၏။

"ကိံ ကတ္တိလိင်္ဂါဒီနိ ကတ္တိန္ဒြိယံ ဝိယ ပဋိသန္ဓိသမုဋ္ဌာပိတံ"ဟူသော စောဒနာကို မြင်၍ အရှင်အဋ္ဌကထာဆရာသည်—

ကတ္တိလိင်္ဂါဒီနိ ပန (န ကတ္တိန္ဒြိယံ ဝိယ) ကတ္တိန္ဒြိယံ ပဋိစ္စ ပဝတ္တေ သမုဋ္ဌိတာနိ။

ဟူသောပါဌ်(အဘိ၊ဋ္ဌ၊၁။၃၅၈)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ပန၊ ထူးသည်ကို ဆိုဦးအံ့။ ကတ္တိလိင်္ဂါဒီနိ၊ ကတ္တိလိင်-အစရှိသည်တို့သည်။ ကတ္တိန္ဒြိယံ ဝိယ၊ ကတ္တိန္ဒြေကဲ့သို့။ ပဋိသန္ဓိသမုဋ္ဌိတံ၊ ပဋိသန္ဓေစိတ်နှင့်တကွ တူသောခဏ၌ ဖြစ်သည်။

န ဟောတိ၊ မဖြစ်။ ဣတ္ထိန္ဒြိယံ၊ ဣတ္ထိန္ဒြေကို။ ပဋိစ္စ၊ စွဲ၍။ ပဝတ္တေ၊ ပဝတ္တိကာလ၌။ သမုဋ္ဌိ-တာနိ၊ ဖြစ်ကုန်၏။

ထိုစကားကို ဥပမာဖြင့် ထင်စွာပြလိုရကား–

> ယထာ ဟိ ဗီဇေ သတိ ဗီဇံ ပဋိစ္စ ဗီဇပစ္စယာ ရုက္ခော ဝဍ္ဎိတွာ သာခါဝိဋပ-သမ္ပန္နော ဟုတွာ အာကာသံ ပူရေတွာ တိဋ္ဌတိ၊ ဧဝမေဝ ဣတ္ထိဘာဝသင်္ခါတေ ဣတ္ထိန္ဒြိယေ သတိ ဣတ္ထိလိင်္ဂါဒီနိ ဟောန္တိ။

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဟိ တံ ပါကဋံ ကရောမိ၊ ထိုစကားကို ထင်စွာပြအံ့။ ဗီဇေ၊ မျိုးစေ့သည်။ သတိ၊ ရှိသော်။ ဗီဇံ၊ မျိုးစေ့ကို။ ပဋိစ္စ၊ စွဲ၍။ ဗီဇပစ္စယာ၊ မျိုးစေ့-ဟူသော အကြောင်းကြောင့်။ ရုက္ခော၊ သစ်ပင်သည်။ ဝဍ္ဎိတွာ၊ ကြီးပွါး၍။ သာခါဝိဋပသမ္ပန္နော၊ အခက်,အခွနှင့် ပြည့်စုံသည်။ ဟုတွာ၊ ဖြစ်၍။ အာကာသံ၊ ကောင်းကင်ကို။ ပူရေတွာ၊ ပြည့်စေ၍။ တိဋ္ဌတိ ယထာ၊ တည်သကဲ့သို့။ ဧဝမေဝ၊ ဤအတူလျှင်။ ဣတ္ထိဘာဝသင်္ခါတေ၊ ဣတ္ထိဘာဝရုပ်-ဟု ဆိုအပ်သော။ ဣတ္ထိန္ဒြိယေ၊ ဣတ္ထိန္ဒြေသည်။ သတိ၊ ရှိသော်။ ဣတ္ထိလိင်္ဂါဒီနိ၊ ဣတ္ထိလိင်-အစရှိသည်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ထိုဥပမာ, ဥပမေယျ ၂-ပါးကို ဟပ်သဖြင့် ထပ်၍ ပြတော်မူပြန်လိုသော အဋ္ဌကထာဆရာသည်–

> ဗီဇံ ဝိယ ဟိ ဣတ္ထိန္ဒြိယံ၊ ဗီဇံ ပဋိစ္စ ဝဍ္ဎိတွာ အာကာသံ ပူရေတွာ ဌိတရုက္ခော ဝိယ ဣတ္ထိန္ဒြိယံ ပဋိစ္စ ဣတ္ထိလိင်္ဂါဒီနိ ပဝတ္တေ သမုဋ္ဌဟန္တိ။

ဟူသောပါဌ်(အဘိ၊ဋ္ဌ၊၁။၃၅၈)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဟိ သစ္စံ မှန်၏။ ဗီဇံ ဝိယ၊ မျိုးစေ့ကဲ့သို့။ ဣတ္ထိန္ဒြိယံ၊ ဣတ္ထိန္ဒြေကို။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။ ဗီဇံ၊ မျိုးစေ့ကို။ ပဋိစ္စ၊ စွဲ၍။ ဝဍ္ဎိတွာ၊ ပွါး၍။ အာကာသံ၊ ကောင်းကင်ကို။ ပူရေတွာ၊ ပြည့်စေ၍။ ဌိတရုက္ခော ဝိယ၊ တည်သော သစ်ပင်ကဲ့သို့။ ဣတ္ထိန္ဒြိယံ၊ ဣတ္ထိန္ဒြေကို။ ပဋိစ္စ၊ စွဲ၍။ ဣတ္ထိလိင်္ဂါဒီနိ၊ ဣတ္ထိလိင်-အစရှိသည်တို့သည်။ ပဝတ္တေ၊ ပဝတ္တိအခါ၌။ သမုဋ္ဌဟန္တိ၊ ဖြစ်ကုန်၏။

အဘယ့်ကြောင့် "ဣတ္ထိန္ဒြိယံ ပဋိစ္စ ဣတ္ထိလိင်္ဂါဒီနိ ပဝတ္တေ သမုဋ္ဌဟန္တိ"ဟု အရှင် အဋ္ဌကထာဆရာ ဆိုဘိသနည်း။

ထိုကြွတ္တိလိင်-စသည်တို့သည်လည်း ကံ-စသော မိမိတို့၏ အကြောင်းကြောင့် ဖြစ်သည် မဟုတ်လော-ဟူငြားအံ့၊ ကံ,စိတ်-အစရှိသော မိမိတို့၏ အကြောင်းတို့ကြောင့် ဖြစ်ကြကုန်သော်လည်း ကြွတ္တိန္ဒြေ-စသည်တို့နှင့် တကွသော ကိုယ်၌သာ ဖြစ်ကုန်၍ ထိုထိုသို့သော ကြွတ္တိလိင်-စသည် ရှိသဖြင့်သာလျှင် ဖြစ်ကုန်၏။ ထို့ကြောင့် မူလဋီကာ၌–

သကေန သကေန ကမ္မစိတ္တာဒိနာ ပစ္စယေန သမုဋ္ဌိတာနိပိ ကြွတ္တိလိင်္ဂါဒီနိ ကြွတ္တိန္ဒြိယသဟိတေ သရီရေ ဥပ္ပဇ္ဇမာနာနိ တံတဒါကာရာနိ ဟုတွာ ဥပ္ပဇ္ဇန္တီ'တိ "ကြွတ္တိန္ဒြိယံ ပဋိစ္စ ကြွတ္တိလိင်္ဂါဒီနိ ပဝတ္တေ သမုဋ္ဌဟန္တိ"တိ ဝုတ္တာနိ။

ဟူသော ပါဌ်(မူလဋီ၊၁။၁၅၀)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

သကေန သကေန၊ မိမိဥစ္စာဖြစ်သော။ ကမ္မစိတ္တာဒိနာ၊ ကံ, စိတ်-အစရှိသော။ ပစ္စယေန၊ အကြောင်းတရားသည်။ သမုဋ္ဌိတာနိပိ၊ ဖြစ်စေအပ်ကုန်သည် ဖြစ်၍လည်း။ ကြွတ္တိလိင်္ဂါဒီနိ၊ ကြွတ္တိလိင်-အစရှိသည်တို့သည်။ ကြွတ္တိန္ဒြိယသဟိတေ၊ ကြွတ္တိန္ဒြေနှင့်တကွဖြစ်သော။ သရီရေ၊ ကိုယ်၌။ ဥပ္ပဇ္ဇမာနာနိ၊ ဖြစ်ကုန်သည်ရှိသော်။ တံတဒါကာရာနိ၊ ထိုထိုသို့သော ကြွတ္တိန္ဒြေ-အစရှိသော အခြင်းအရာ ရှိကုန်သည်။ ဝါ၊ ထိုထိုသို့သော ဝိသဒါကာရ-စသည် ရှိကုန်သည်။ ဟုတွာ၊ ဖြစ်၍။ ဥပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ကြွတ္တိန္ဒြိယံ၊ ကြွတ္တိန္ဒြေကို။ ပဋိစ္စ၊ စွဲ၍။ ကြွတ္တိလိင်္ဂါဒီနိ၊ ကြွတ္တိလိင်-စသည်တို့သည်။ ပဝတ္တေ၊ ပဝတ္တိအခါ၌။ သမုဋ္ဌဟန္တိတိ၊ ဖြစ်ကုန်၏-ဟူ၍။ ဝုတ္တာနိ၊ ဆိုအပ်ကုန်၏။

ထိုကြွတ္တိန္ဒြေ-စသည်တို့သည် ဇီဝိတိန္ဒြေ-စသည်တို့ကဲ့သို့ ဘာဝဒသကဉ် ဖြစ်သော ရုပ်၊ တပါးသော ကလာပ်တို့၌ဖြစ်သော ရုပ်တို့အား ကျေးဇူးပြုနိုင်လေသလော-ဟူငြားအံ့။ ကြွတ္တိလိင်-စသည်တို့၌သာ အစိုးရသည်၏အဖြစ်ကြောင့် ဣန္ဒြေ-ဟု ဆိုအပ်၏။ အဘယ့်ကြောင့်နည်း။ ဣန္ဒြေနှင့် တကွဖြစ်သော သန္တာန်၌ ကြွတ္တိလိင်-စသော အခြင်းအရာရှိကုန်သော ရုပ်တို့၏ အကြောင်းဖြစ်သော ကံ, စိတ်-အစရှိသည်တို့၏ ကြွတ္တိလိင်-စသော အခြင်းအရာမှ တပါးသော အခြင်းအရာအားဖြင့် မဖြစ်ခြင်းကြောင့်လည်းကောင်း မိန်းမ-ဟူ၍ ယူခြင်း, မှတ်ခြင်း, သိခြင်းဟာ ထိုကြွတ္တိလိင်-စသော အခြင်းအရာရှိသော ရုပ်တို့၏အကြောင်းဖြစ်သောကြောင့်လည်းကောင်း ဟူလို၏။ ထို့ကြောင့် မူလဋီကာ၌–

ကြွတ္တိလိင်္ဂါဒီသု ဧဝ စ အဓိပတိဘာဝါ တေသာ ဣန္ဒြိယတာ ဝုတ္တာ။ ဣန္ဒြိယသဟိတေ သန္တာနေ ကြွတ္တိလိင်္ဂါဒိ အာကာရရူပပစ္စယာနံ အညထာ အနုပ္ပါဒနတော, ကြွတ္တိဂ္ဂဟဏဿ စ တေသံ ရူပါနံ ပစ္စယဘာဝတော။

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

စ၊ ဆက်၍ ဆိုဦးအံ့။ ကြွတ္ထိလိင်္ဂဒိသု ဧဝ၊ ကြွတ္ထိလိင်- အစရှိသည်တို့၌သာလျှင်။ အဓိပတိဘာဝါ၊ အစိုးရသည်၏အဖြစ်ကြောင့်။ ဧတေသံ၊ ထိုကြွတ္ထိန္ဒြေ၏။ ကြွန္ဒြိယတာ၊ ကြွန္ဒြေ၏အဖြစ်ကို။ ဝုတ္တာ၊ မိန့်အပ်၏။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ ကြွတ္ထိန္ဒြိယ-သဟိတေ၊ ကြွတ္ထိန္ဒြေနှင့် တကွဖြစ်သော။ သန္တာနေ၊ သန္တာန်၌။ ကြွတ္ထိလိင်္ဂါဒိ အာကာရရူပ-ပစ္စယာနံ၊ ကြွတ္ထိလိင်-စသော အခြင်းအရာရှိကုန်သော ရုပ်တို့၏ အကြောင်းဖြစ်သော ကံ,စိတ်-အစရှိသည်တို့၏။ အညထာ၊ ကြွတ္ထိလိင်-စသော အခြင်းအရာမှ တပါးသော အခြင်းအရာအားဖြင့်။ အနုပ္ပါဒနတော စ၊ မဖြစ်စေခြင်းကြောင့်လည်းကောင်း။ ကြွတ္ထိဂဟဏာသာ၊ မိန်းမ-ဟူ၍ ယူခြင်း၏။ ဝါ၊ သိခြင်း၏။ ဝါ၊ ယူခြင်းအား။ ဝါ၊ သိခြင်းအား။ တေသံ ရူပါနံ၊ ထိုကြွတ္ထိလိင်- စသော အခြင်းအရာရှိသော ရုပ်တို့၏။ ပစ္စယဘာဝတော စ၊ အကြောင်း၏ အဖြစ်ကြောင့်လည်းကောင်း။ (သမ္ဗန်စပ်။) ဝါ၊ ကျေးဇူးပြုတတ်သည်၏ အဖြစ်ကြောင့်လည်းကောင်း။ (သမ္ဗဒါန်စပ်။) ကြွန္ဒြိယတာ ဇုတ္တာ-မှာ စပ်လေ။

"ဧဝံ ကြွန္ဒြိယတာ ဝုတ္တာ ကသ္မာ ကြွန္ဒြိယပစ္စယော န ဟောတိ"ဟူသော စောဒနာကို မြင်၍ အရှင်ဋီကာဆရာသည်–

> **ယသ္မာ ပန ဘာဝဒသကေပိ ရူပါနံ ကြွတ္ထိန္ဒြိယံ န ဇနကံ, နာ'ပိ အနုပါလကံ ဥပတ္ထမ္ဘကံ ဝါ, န စ အညကလာပရူပါနံ၊ တသ္မာ တံ ဇီဝိတိန္ဒြိယံ ဝိယ သကလာပ-ရူပါနံ အာဟာရော ဝိယ ဝါ ကလာပန္တရရူပါနဉ္စ ကြွန္ဒြိယအတ္ထိအဝိဂတပစ္စ-ယောတိ န ဝုတ္တံ။**

ဟူသောပါဌ်(မူလဋီ၊၁။၁၅၀-၁)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ပန၊ ထိုသို့ ကြွန္ဒြေဖြစ်သော်လည်း။ ယသ္မာ၊ အကြင်ကြောင့်။ ဘာဝဒသကေပိ၊ ဘာဝဒသက၌လည်း။ ကြွတ္ထိန္ဒြိယံ၊ ကြွတ္ထိန္ဒြေသည်။ ရူပါနံ၊ ရုပ်-တို့ကို။ ဇနကံ၊ ဖြစ်စေသည်။ န ဟောတိ၊ မဖြစ်။ အနုပါလကမ္ပိ၊ စောင့်ရှောက်ခြင်းသည်လည်း။ ဝါ၊ စောင့်ရှောက်ခြင်းကား။ န၊ မဟုတ်။ ဥပတ္ထမ္ဘကမ္ပိ၊ ထောက်ပံ့သည်လည်း။ ဝါ၊ ထောက်ပံ့သည်ကား။ န၊ မဟုတ်။ တသ္မာ၊ ထို့ကြောင့်။ တံ၊ ထိုကြွတ္ထိန္ဒြေကို။ ဝါ၊ ကြွတ္ထိန္ဒြေသည်။ ဇီဝိတိန္ဒြိယံ၊ ဇီဝိတိန္ဒြေသည်။ သကလာပရူပါနံ၊ ကလာပ်တူ ရုပ်တို့၏။ အာဟာရော၊ အကြောင်းသည်။ ဟောတိ ဝိယ၊ ဖြစ်သကဲ့သို့။ သကလာပရူပါနံ၊ ကလာပ်တူ ရုပ်တို့၏။ ကြွန္ဒြိယ အတ္ထိ အဝိဂတပစ္စ-ယော၊ ကြွန္ဒြိယပစ္စည်း, အတ္ထိပစ္စည်း, အဝိဂတပစ္စည်းသည်။ ဟောတိ၊ ဖြစ်၏။

ဝါ၊ တစ်နည်းကား။ အာဟာရော၊ အာဟာရသည်။ ကလာပန္တရရူပါနံ၊ ကလာပ် တပါး၌ ဖြစ်ကုန်သော ရုပ်တို့၏။ ပစ္စယော၊ အကြောင်းသည်။ ဟောတိ ဝိယ၊ ဖြစ်သကဲ့သို့။

ကလာပန္တရရူပါနဉ္စ၊ ကလာပ်တပါး၌ ဖြစ်ကုန်သော ရုပ်တို့၏။ အတ္ထိ အဝိဂတပစ္စယော၊ အတ္ထိပစ္စည်း, အဝိဂတပစ္စည်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ၊ ဤသို့။ န ဝုတ္တံ၊ မဆိုအပ်။

"ဣန္ဒြိယံ နာမ စက္ခုဝိညေယျော ဥဒါဟု မနောဝိညေယျောတိ"ဟူသော စောဒနာကို မြင်၍ အရှင်အဋ္ဌကထာဆရာသည်-

**တတ္ထ ဣတ္ထိန္ဒြိယံ ပန န စက္ခုဝိညေယျံ၊ မနောဝိညေယျမေဝ။ ဣတ္ထိလိင်္ဂါဒီနိ စက္ခုဝိညေယျာနိပိ မနောဝိညေယျာနိပိ။**

ဟူသော ပါဠိ(အဘိဋ္ဌ၁။၃၅၈)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

တတ္ထ ဣန္ဒြိယာဒီသု၊ ထိုဣတ္ထိန္ဒြေ-စသည်တို့၌။ ဣတ္ထိန္ဒြိယံ ပန၊ ဣတ္ထိန္ဒြေကိုကား။ စက္ခုဝိညေယျံ၊ စက္ခုဝိညာဏ်ဖြင့် သိအပ်သည်။ န၊ မဟုတ်။ မနောဝိညေယျမေဝ၊ မနော-ဝိညာဏ်ဖြင့် သိအပ်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဣတ္ထိလိင်္ဂါဒီနိ၊ ဣတ္ထိလိင်-စသည်တို့သည်။ စက္ခုဝိညေယျာနိပိ၊ စက္ခုဝိညာဏ်ဖြင့် သိအပ်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ မနောဝိညေယျာနိပိ၊ မနောဝိညာဏ်ဖြင့် သိအပ်ကုန်သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။

"စက္ခုန္ဒြိယာဒီနိ ဝိယ ဣဒံ ဣတ္ထိပုရိသသာဓာရဏံ၊ ဥဒါဟု နောတိ"ဟူသော စောဒနာကို မြင်ပြန်၍-

**ဣဒံ တံ ရူပံ ယထာ စက္ခုန္ဒြိယာဒီနိ ပုရိသဿာပိ ဟောန္တိ၊ န ဧဝံ။ နိယမတော ပန ဣတ္ထိယာ ဧဝ ဣန္ဒြိယံ ဣတ္ထိန္ဒြိယံ။ ပုရိသိန္ဒြိယေပိ ဧသေဝ နယော။ ပုရိသလိင်္ဂါဒီနိ ပန ဣတ္ထိလိင်္ဂါဒီနံ ပဋိပက္ခတော ဝေဒိတဗ္ဗာနိ။**

ဟူသောပါဠိ(အဘိဋ္ဌ၁။၃၅၈)ကို အဋ္ဌကထာဆရာ မိန့်မှာဖွင့်ပြတော်မူသတည်း။

တံ တာဒိသံ၊ ထိုသို့သဘောရှိသော။ ဣဒံ တံ ရူပံ၊ ဤရုပ်သည်။ စက္ခုန္ဒြိယာဒီနိ၊ စက္ခုန္ဒြေ-အစရှိသည်တို့သည်။ ပုရိသဿာပိ၊ ယောကျ်ားအားလည်း။ ဟောန္တိ ယထာ၊ ဖြစ်ကုန်သကဲ့သို့။ ဧဝံတထာ၊ ထို့အတူ။ ပုရိသဿ၊ ယောကျ်ားအား။ န ဟောတိ၊ မဖြစ်။ ပန၊ အလျော်ကို ဆိုဦးအံ့။ နိယမတော၊ မြဲသောအားဖြင့်။ ဣတ္ထိယာ ဧဝ၊ မိန်းမ၏သာလျှင်။ ဣန္ဒြိယံ၊ သည်။ ဣတ္ထိန္ဒြိယံ၊ ဣတ္ထိန္ဒြေ မည်၏။ ပုရိသိန္ဒြိယေပိ၊ ပုရိသိန္ဒြေ၌လည်း။ ဧသေဝ နယော၊ ဤနည်းကိုသာလျှင်။ ဝေဒိတဗ္ဗော၊ သိအပ်၏။ ပန၊ ထိုမှတပါး။ ပုရိသလိင်္ဂါဒီနိ၊ ပုရိသလိင်-စသည်တို့ကို။ ဣတ္ထိလိင်္ဂါဒီနံ၊ ဣတ္ထိလိင်- စသည်တို့၏။ ပဋိပက္ခတော၊ ဆန့်ကျင်ဘက်အားဖြင့်။ ဝေဒိတဗ္ဗာနိ၊ သိအပ်ကုန်၏။

ဣတ္ထိန္ဒြေ, ပုရိသိန္ဒြေတို့၏ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်တို့ကို ဤသို့ မှတ်ရာ၏။ ဣတ္ထိန္ဒြေသည် ဤသူကား မိန်းမ-ဟု သိသောဉာဏ်၊ ဣတ္ထိသဒ္ဒါဖြစ်ခြင်း အကြောင်း၏ အဖြစ်တည်း-ဟူသော မှတ်ကြောင်းလက္ခဏာ ရှိ၏။ ဤသူကား မိန်းမ-ဟု ပြခြင်းကိစ္စ ရှိ၏။ ဣတ္ထိလိင်, ဣတ္ထိကုတ္တ, ဣတ္ထိနိမိတ္တ, ဣတ္ထိအာကပ္ပ-တို့၏ အကြောင်း၏အဖြစ်ဖြင့် ဉာဏ်အား ရှေးရှု ထင်တတ်၏။ ပုရိသိန္ဒြေလည်း နည်းတူမှတ်။ ဣတ္ထိန္ဒြေ-ဟူသည်နှင့် ဣတ္ထိဘာဝ-ဟူသည် အတူမှတ်။

"ဣတ္ထီတိ ဘဝတိ ဧတေန အဘိဓာနံ ဗုဒ္ဓိ စာတိ ဣတ္ထိဘာဝေါ"ဟု ဝစနတ်ပြု။

ဧတေန၊ ဤသဒ္ဒပဝတ္တနိမိတ်ဖြစ်သော ဣတ္ထိဘာဝဖြင့်။ ဣတ္ထီတိ အဘိဓာနဉ္စ၊ ဣတ္ထိ-ဟူသော သဒ္ဒါသည်လည်းကောင်း။ ဣတ္ထီတိ ဗုဒ္ဓိ စ၊ ဣတ္ထိ-ဟူသော အသိဉာဏ်သည်လည်းကောင်း။ ဘဝတိ၊ ဖြစ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဣတ္ထိဘာဝေါ၊ ဣတ္ထိဘာဝ-မည်၏။

ထိုပုရိသဘာဝ, ဣတ္ထိဘာဝ-ဟု ဆိုအပ်သော ရုပ် ၂-ခုတို့၏ ပဝတ္တိကာလမှ ဖြစ်သောအရာသည် ကမ္ဘာဦးသူတို့အား ထင်ရှား၏။ နောက်အခါ ပဋိသန္ဓေကာလ၌ ဖြစ်၏။ ပဝတ္တိ၌ကား လှုပ်ရှား၏။ လိင်ပြန်သော အဖြစ်သို့ ရောက်၏။

**တေန ခေါ ပန သမယေန အညတရဿ ဘိက္ခုနော ဣတ္ထိလိင်္ဂံ ပါတုဘူတံ ဟောတိ၊**

**တေန ခေါ ပန သမယေန အညတရိဿာ ဘိက္ခုနိယာ ပုရိသလိင်္ဂံ ပါတုဘူတံ ဟောတိ။**

အစရှိသည်ဖြင့် လာသော ဝိနည်းဒေသနာ(ဝိ၊၁။၄၃)ကို နှလုံးသွင်းရာ၏။

**ဤတွင်ရွေ့. ဣတ္ထိန္ဒြေ, ဣတ္ထိလိင်-စသည်တို့၏ အထူးကို ပြဆိုသော စကားရပ် အပြီးသတ်တည်း။**

(၂) မိန်းမ, ယောက်ျားတို့အား ဣတ္ထိလိင် ကွယ်ပျောက်၍ ပုရိသလိင်ဖြစ်ခြင်း၊ ပုရိသလိင် ကွယ်ပျောက်၍ ဣတ္ထိလိင်ဖြစ်ခြင်း၊ ကုသိုလ်, အကုသိုလ် ၂-ပါးတို့၏ အကျိုးပေးဟန်ကို မေးလျှောက်သည်မှာ–

ဣတ္ထိလိင်, ပုရိသလိင် ၂-ပါးတို့တွင် ပုရိသလိင်သည် မြတ်၏။ ဣတ္ထိလိင်သည် ယုတ်၏။ ထိုစကား မှန်၏။ ဣတ္ထိ, ပုရိသ၊ လိင် ၂-ပါးတို့၏ ကွယ်ပျောက်ခြင်းသည် အကုသိုလ်ကံကြောင့် ဖြစ်၏။ ထိုလိင် ၂-ပါးတို့ကို ရခြင်းသည် ကုသိုလ်ကံကြောင့်သာ ဖြစ်၏-ဟု မှတ်ရာ၏။

ထို့ကြောင့် ဓမ္မသင်္ဂဏီအဋ္ဌကထာ(အဘိ႒၁၊၃၅၉)၌-

ဣတ္ထိမေသု ပန ဒွိသု ပုရိသလိင်္ဂ ဥတ္တမံ၊ ဣတ္ထိလိင်္ဂ ဟီနံ၊ တသ္မာ ပုရိသလိင်္ဂ ဗလဝအကုသလေန အန္တရဓာယတိ၊ ဣတ္ထိလိင်္ဂ ဒုဗ္ဗလကုသလေန ပတိဋ္ဌာတိ။

ဣတ္ထိလိင်္ဂ ပန အန္တရဓာယန္တံ ဒုဗ္ဗလအကုသလေန အန္တရဓာယတိ၊ ပုရိသလိင်္ဂ ဗလဝကုသလေန ပတိဋ္ဌာတိ။

ဧဝံ ဥဘယမ္ပိ အကုသလေန အန္တရဓာယတိ၊ ကုသလေန ပတိဋ္ဌာတီ'တိ၊ ဝေဒိတဗ္ဗံ။

ဟူသောပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ပန၊ အစဉ်မပျက် စကားဆက်ကား။ ဒွိသု၊ ၂-ပါးကုန်သော။ ဣတ္ထိမေသု လိင်္ဂေသု၊ ဤလိင်တို့တွင်။ ပုရိသလိင်္ဂ၊ ပုရိသလိင်သည်။ ဥတ္တမံ၊ မြတ်၏။ ဣတ္ထိလိင်္ဂ၊ ဣတ္ထိလိင်သည်။ ဟီနံ၊ ယုတ်၏။ တသ္မာ၊ ထို့ကြောင့်။ ပုရိသလိင်္ဂ၊ ပုရိသလိင်သည်။ ဗလဝအကုသလေန၊ ကာမေသုမိစ္ဆာစာရ-စသော အားကြီးသော အကုသိုလ်ကံကြောင့်။ အန္တရဓာယတိ၊ ကွယ်၏။ ဣတ္ထိလိင်္ဂ၊ ဣတ္ထိလိင်သည်။ ဒုဗ္ဗလကုသလေန၊ အားနည်းသော ကုသိုလ်ကံကြောင့်။ ပတိဋ္ဌာတိ၊ တည်၏။

အဓိပ္ပါယ်ကား- ယောကျ်ားဖြစ်သော သူသည် ကာမေသု မိစ္ဆာစာရ-စသော အကြောင်းဖြစ်သော အကုသိုလ်ကြောင့် အာဒိသဒ္ဒါဖြင့် ရှင်မဟာကစ္စည်းမထေရ်ကို ပြစ်မှားသော သောရေယျလုလင်-စသည်တို့၏ အကုသိုလ်ကို ယူ။ ပုရိသလိင်ကို ဖြစ်စေတတ်သော ကုသိုလ်သည် အားနည်း၍ ပုရိသလိင်ကို မဖြစ်စေနိုင်၊ ဣတ္ထိလိင်ကိုသာ ဖြစ်စေသည်ကိုသာ ယူ၍ "ဣတ္ထိလိင်္ဂ ဒုဗ္ဗလကုသလေန ပတိဋ္ဌာတိ"ဟူသတည်း။

ပန၊ ထိုမှတပါး။ ဣတ္ထိလိင်္ဂ၊ ဣတ္ထိလိင်သည်။ အန္တရဓာယန္တံ၊ ကွယ်သည်ရှိသော်။ ဒုဗ္ဗလအကုသလေန၊ ဒုဗ္ဗလ အကုသိုလ်ကြောင့်။ အန္တရဓာယတိ၊ ကွယ်၏။ ပုရိသလိင်္ဂ၊ ပုရိသလိင်သည်။ ဗလဝကုသလေန၊ အားကြီးသော ကုသိုလ်ကြောင့်။ ပတိဋ္ဌာတိ၊ တည်၏။

အဓိပ္ပါယ်ကား- သောရေယျလုလင်၏ အကုသိုလ် အားကြီး၍ ပုရိသလိင်ကို မဖြစ်စေနိုင်ဘဲ ဣတ္ထိလိင်ကိုသာ ဖြစ်စေသည်ရှိသော် ထိတ်လန့်ခြင်း သံဝေဂဖြစ်၍ မဟာကစ္စည်းထေရ်ကို ကန်တော့သောကာလ အကုသိုလ် အားနည်းခဲ့ရကား ကုသိုလ်ကို မတားနိုင်၍ ပေးရင်းကုသိုလ် အားကြီးပြန်ရကား ပုရိသလိင်ကို ဖြစ်စေလသော် ဣတ္ထိလိင် ကွယ်သည်ကို ရည်၍ "ဣတ္ထိလိင်္ဂ ပန အန္တရဓာယန္တံ ဒုဗ္ဗလအကုသလေန အန္တရဓာယတိ" ဟု ဆိုသည်။

ဇဝံ၊ ဤသို့။ ဥဘယမ္ပိ၊ ၂-ပါးစုံသော ဣတ္ထိဘာဝ, ပုမ္ဘာဝသည်လည်း။ အကုသ-လေန၊ အကုသိုလ်ကြောင့်။ အန္တရဓာယတိ၊ ကွယ်၏။ ကုသလေန၊ ကုသိုလ်ကြောင့်။ ပဋိ-လဘတိ၊ တဖန်ရ၏။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ဤအရာ၌ အချို့သော အပ္ပဿုတပုဂ္ဂိုလ်တို့က "ရှေးဘဝက ယောကျ်ားဖြစ်ဖူးသော ပုဂ္ဂိုလ်သည် ယခုဘဝ မိန်းမဖြစ်သည်ကား အကုသိုလ်ကြောင့်သာ ဖြစ်သည်"ဟု ပြောဆိုကြ၏။ ထိုသို့ မမှတ်ရာ။ အားနည်းသော ကုသိုလ်ကြောင့် မိန်းမဖြစ်သည်-ဟု မှတ်ရာ၏။

သည်ကို ရည်၍ **ပါရမီခန်း ကဗျာကျမ်း၌**-

> "အကြွင်းရောခါ၊ ကြမ္မာယွင်းယို၊ အကုသိုလ်ကြောင့်၊ ထိုထိုဇာတိ၊ ကြိုက်လတ်
> ဘိသော်၊ ဣတ္ထိဘောဝ်-ဟု၊ ခေါ်ဝေါ်စင်စစ်၊ မိန်းမဖြစ်၍၊ နှစ်ဆစ်တစ်ရာ၊ ကမ္ဘာ
> ရှည်လျား၊ ကျင်လည်ငြားလည်း၊ ယောကျ်ားတရံ မဆန်ဘူးလေ၊ မိရပ်နေသား၊ အသေ
> တတန်၊ ကိုယ်ဝန်လည်းစွဲ၊ ဆင်းရဲတိုင်ထိ၊ သားသည်မိတို့"

ဟု စပ်ဆိုသည်။

ဤကဗျာစကား၌ ရှေးအကုသိုလ်ကံကြောင့် ကုသိုလ်ကံ အားနည်းလေရကား မိန်းမ ဖြစ်ရသတည်း။ ရှေးအကုသိုလ်ကံကြောင့် ကုသိုလ်ကံ အားနည်းသောအရာကို ပြလို၍ ကဗျာဆရာသည် "ကြမ္မာယွင်းယို"ဟု ပြဆိုသည်။ ဤကဗျာစကား၌ "တိုင်ထိ" ဟူသည်ကား ပေါရာဏစကားတည်း။ ဆင်းရဲသည် ဟူလို၏။

ခွေဟသ်ာပျို့ကဗျာလင်္ကာတွင်လည်း "တိုင်ထိနှလုံး၊ ဆုံးခဲ့ပြီးလော့"ဟု စပ်ဆိုသည်။ ဤအဋ္ဌကထာစကားကို ထောက်၍ ဣတ္ထိလိင်, ပုရိသလိင် ၂-ပါးလုံး၌ပင် အကုသိုလ်ကံကြောင့်သာ ကွယ်ပျောက်ခြင်း, ကုသိုလ်ကံကြောင့်သာ ရခြင်းဖြစ်သည်-ဟု မှတ်ရာ၏။

**ဤတွင်ရွေ့ ဣတ္ထိလိင်, ပုရိသလိင် ၂-ပါးတို့၏ ပြည့်စုံကွယ်ပျောက်ရာ၌ ကုသိုလ်, အကုသိုလ် ၂-ပါးကို ကွဲပြားအောင် ပြဆိုသော စကားရပ် အပြီးသတ်တည်း။**

(၃) ဣတ္ထိဥဘတောဗျည်း, ပုရိသဥဘတောဗျည်း ၂-ယောက်တို့တွင် ဣတ္ထိ-ဥဘတောဗျည်း၌ ဣတ္ထိလိင် ကွယ်ပျောက်၍ ပုရိသလိင် ရောက်သောအခါ ဣတ္ထိနိမိတ်သည် အလျှင်းပင် ရှိ,မရှိ။ အချို့လည်း "ပဋိစ္ဆန္နံ ဂုဠှံ"ဆိုသောကြောင့် ဣတ္ထိလိင် ကွယ်ပျောက်၍ ပုရိသလိင် ရောက်ရာ၌ ပုရိသလိင်ကဲ့သို့ မထင်မရှား၊ နိမိတ္တမတ္တဖြစ်၍ သေးသေး ငယ်ငယ်သာ ဖြစ်၏။ ပုရိသလိင် ကွယ်ပျောက်၍ ဣတ္ထိလိင် ရောက်ရာ၌လည်း ဤနည်းတူ သာတည်း-ဟု ပြောဆိုကြပါသည်-ဟူသော စကားကို မေးလျှောက်သည်မှာ-

ကတ္တိဥဘတောဗျည်းအား ကတ္တိန္ဒြေသာ ဖြစ်၏။ ပုရိသဥဘတောဗျည်းအားလည်း ပုရိသိန္ဒြေသာ ဖြစ်၏။

ထို့ကြောင့် ဓမ္မသင်္ဂဏီအဋ္ဌကထာ(နှာ-၃၅၉)၌-

**ဥဘတောဗျဉ္ဇနကဿ ပန ကိံ ဧကံ ဣန္ဒြိယံ၊ ဥဒါဟု ဒွေတိ။**

**ဧကံ။ တဉ္စ ခေါ ဣတ္ထိဥဘတောဗျဉ္ဇနကဿ ဣတ္ထိန္ဒြိယံ၊ ပုရိသဥဘတော-ဗျဉ္ဇနကဿ ပုရိသိန္ဒြိယံ။ ဧဝံ သန္တေ ဒုတိယဗျဉ္ဇနဿ အဘာဝေါ အာပဇ္ဇတိ၊ ဣန္ဒြိယံ ဟိ ဗျဉ္ဇနကာရဏံ ဝုတ္တံ၊ တဉ္စ'ဿ နတ္ထီတိ။ န တဿ ဣန္ဒြိယံ ဗျဉ္ဇနကာရဏံ။ ကသ္မာ? သဒါ အဘာဝတော။**

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ပန၊ ထိုမှတပါး။ ဥဘတောဗျဉ္ဇနကဿ၊ ဥဘတောဗျည်းအား။ ဧကံ၊ ၁-ခုသော။ ဣန္ဒြိယံ၊ ဣန္ဒြေသည်။ ဟောတိ ကိံ၊ ဖြစ်ရာသလော။ ဥဒါဟု၊ ထိုသို့ မဟုတ်မူကား။ ဒွေ ဣန္ဒြိယာနိ၊ ၂-ခုသော ဣန္ဒြေတို့သည်။ ဟောန္တိ ကိံ၊ ဖြစ်ကုန်ရာသလော။ ဣတိ အယံ၊ ဤသည်လျှင်။ ပုစ္ဆာ၊ အမေးတည်း။

ဧကံ ဣန္ဒြိယံ၊ ဣန္ဒြေ တစ်ခုသာ။ ဟောတိ၊ ဖြစ်၏။ စ၊ ဆက်၍ ပြအံ့။ ခေါ၊ စင်စစ်။ တံ၊ ထို ၁-ခုသော ဣန္ဒြေသည်။ ဣတ္ထိဥဘတောဗျဉ္ဇနကဿ၊ ဣတ္ထိဥဘတောဗျည်းအား။ ဣတ္ထိန္ဒြိယံ၊ ဣတ္ထိန္ဒြေသည်။ ဟောတိ၊ ဖြစ်၏။ ပုရိသဥဘတောဗျဉ္ဇနကဿ၊ ပုရိသ-ဥဘတောဗျည်းအား။ ပုရိသိန္ဒြိယံ၊ ပုရိသိန္ဒြေသည်။ ဟောတိ၊ ဖြစ်၏။ ဧဝံ ဧကသ္မိံ ယေဝ ဣန္ဒြိယေ၊ ဤ ၁-ခုသာလျှင်ဖြစ်သော ဣန္ဒြေသည်။ သန္တေ၊ ရှိလတ်သော်။ ဒုတိယဗျဉ္ဇနဿ၊ ၂-ခုမြောက်သော ဗျည်း၏။ အဘာဝေါ၊ မရှိခြင်းသည်။ အာပဇ္ဇတိ၊ ဖြစ်ရာ၏။ ဟိ သစ္စံ၊ မှန်၏။ ဣန္ဒြိယံ၊ ဣန္ဒြေကို။ ဗျဉ္ဇနကာရဏံ၊ လိင်္ဂနိမိတ္တ-စသော ဗျည်း၏အကြောင်း-ဟူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ တဉ္စ၊ ၂-ခုမြောက်သော ဗျည်း၏ အကြောင်းဖြစ်သော ဣန္ဒြေသည်လည်း။ အဿ၊ ထိုဥဘတောဗျည်းအား။ နတ္ထိ၊ မရှိခဲ့။ ဣတိ အယံ၊ ဤသည်ကား။ ပုစ္ဆာ၊ အမေးတည်း။

"ဧဝံ ဝုတ္တေ တဿ ဝစနဿ အနုလောမံ ကိံ သလ္လက္ခေတဗ္ဗန္တိ"ဟူသော စောဒနာကို အရှင်အဋ္ဌကထာဆရာသည်-

န တဿ ဣန္ဒြိယံ ဗျဉ္ဇနကာရဏံ။ ကသ္မာ? သဒါ အဘာဝတော။ ဣတ္ထိ-ဥဘတောဗျဉ္ဇနကဿ ဟိ ယဒါ ဣတ္ထိယာ ရာဂစိတ္တံ ဥပ္ပဇ္ဇတိ၊ တဒါ ပုရိသဗျဉ္ဇနံ ပါကဋံ ဟောတိ၊ ဣတ္ထိဗျဉ္ဇနံ ပဋိစ္ဆန္နံ ဂုဠှံ ဟောတိ။ တထာ ဣတရဿ ဣတရံ။

**ယဒိ စ တေသံ ဣန္ဒြိယံ ဒုတိယဇ္ဈာနကာရဏံ ဘဝေယျ၊ သဒါပိ ဇ္ဈာနဒွယံ တိဋ္ဌေယျ၊ န ပန တိဋ္ဌတိ။ တသ္မာ ဝေဒိတဗ္ဗံမေတံ န တေသ တံ ဇ္ဈာနကာရဏံ။**

ဟူသောပါဌ်(အဘိ၊ဋ္ဌ၊၁။၃၅၉)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

တေသ ဥဘတောဇ္ဈာနကဿ၊ ထိုဥဘတောဈာန်အား။ ဣန္ဒြိယံ၊ ဣန္ဒြေသည်။ ဇ္ဈာနကာရဏံ၊ ဈာန်၏အကြောင်းသည်။ န၊ မဟုတ်။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ သဒါ၊ အခါခပ်သိမ်း။ အဘာဝတော၊ ဒုတိယဇ္ဈာန၏ မရှိသောကြောင့်တည်း။ ဟိ သစ္စံ၊ မှန်၏။ ကုသလဥဘတောဇ္ဈာနကဿ၊ ကုသိုလ်ဥဘတောဈာန်အား။ ယဒါ၊ အကြင်အခါ၌။ ကုသိုလ်ယာ၊ တပါးသောမိန်းမ၌။ ရာဂစိတ္တံ၊ ရာဂစိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တဒါ၊ ထိုအခါ၌။ ပုရိသဇ္ဈာနံ၊ ပုရိသဈာန်သည်။ ပါကဋံ၊ ထင်ရှား၏။ ကုသလဇ္ဈာနံ၊ ကုသိုလ်ဈာန်သည်။ ပဋိစ္ဆန္နံ၊ ဖုံးလွှမ်းသည်။ ဂုဠှံ၊ လျှို့ဝှက်သည်။ ဟောတိ၊ ဖြစ်၏။ ဣတရဿ၊ ပုရိသဥဘတောဈာန်အား။ ဣတရံ၊ ကုသိုလ်ဥဘတောဈာန်ကို။ တထာ၊ ထို့အတူ။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ စ၊ ဆက်၍ ပြအံ့။

တေသံ၊ ထိုကုသိုလ်ဥဘတောဈာန်, ပုရိသဥဘတောဈာန်တို့အား။ ဣန္ဒြိယံ၊ ကုသိုလ်ဣန္ဒြေ, ပုရိသိန္ဒြေသည်။ ဒုတိယဇ္ဈာနကာရဏံ၊ ၂-ခုမြောက်သော ဈာန်၏အကြောင်းသည်။ ယဒိ ဘဝေယျ၊ အကယ်၍ ဖြစ်ငြားအံ့။ သဒါပိ၊ အခါခပ်သိမ်းလည်း။ ဇ္ဈာနဒွယံ၊ ဈာန် ၂-ခုတို့၏ အပေါင်းသည်။ တိဋ္ဌေယျ၊ တည်ရာ၏။ ပန၊ စင်စစ်သော် တမူကား။ န တိဋ္ဌတိ၊ မတည်။ တသ္မာ၊ ထို့ကြောင့်။ ဥဘတောဇ္ဈာနကဿ၊ ဥဘတောဈာန်အား။ ဧတံ ဣန္ဒြိယံ၊ ထိုဣန္ဒြေသည်။ ဇ္ဈာနကာရဏံ၊ ဈာန်၏အကြောင်းသည်။ န၊ မဟုတ်။ ဣတိ၊ ဤသို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

"တေသ ဇ္ဈာနဒွယဿ ကိံ ပန ကာရဏံ"ဟူသော ပုစ္ဆာကို မြင်၍ အရှင်အဋ္ဌကထာ ဆရာသည်-

**ကမ္မသဟာယံ ပန ရာဂစိတ္တံမေဝေတ္ထ ကာရဏံ။**

ဟူသော ပါဌ်(အဘိ၊ဋ္ဌ၊၁။၃၅၉)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ပန၊ အလျော်ကို ဆိုအံ့။ ကမ္မသဟာယံ၊ ရှေးဘဝ၌ဖြစ်သော ကံ၏ အဖော်ဖြစ်သော။ ရာဂစိတ္တမေဝ၊ မေထုနရာဂစိတ်သည်သာလျှင်။ ဧတ္ထ ဇ္ဈာနဒွယေ၊ ဤဈာန် ၂-ခုတို့၏ အပေါင်း၌။ ကာရဏံ၊ အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။

အဋ္ဌကထာစကား၌-

**ယဒိ ဝေသံ ကုသ္ဒြိယံ ဒုတိယဗျဉ္ဇနကာရဏံ ဘဝေယျ၊ သဒါပိ ဗျဉ္ဇနဒွယံ တိဋ္ဌေယျ၊ န ပန တိဋ္ဌတိ။ ကုတ္ထိဥဘတောဗျဉ္ဇနကဿ ဟိ ယဒါ ကုတ္ထိယာ ရာဂစိတ္တံ ဥပ္ပဇ္ဇတိ၊ တဒါဝ ပုရိသဗျဉ္ဇနံ ပါကဋံ ဟောတိ၊ ကုတ္ထိဗျဉ္ဇနံ ပဋိစ္ဆန္နံ ဂုဠှံ ဟောတိ၊ တထာ ဣတရဿ ဣတရံ။**

ဟူသောပါဠိကို မြင်၍ အချို့သော ပုဂ္ဂိုလ်တို့က "ဗျည်း၂-ခု အခါခပ်သိမ်း မရှိ"ဟု ဆိုသဖြင့် တရံတခါ ၂-ခု ဖြစ်သေးသကဲ့သို့ ကုတ္ထိဥဘတောဗျည်းအား ကုတ္ထိလိင် ကွယ်ပျောက်၍ ပုရိသလိင်ရောက်လျှင် ကုတ္ထိနိမိတ်သည် သေးသေးငယ်ငယ် ပုန်းကွယ်လျှို့ဝှက် အသိခက် သကဲ့သို့ ဖြစ်၏။ အလျှင်းပင် မပျောက်။

ပုရိသဥဘတောဗျည်းအား ပုရိသလိင် ကွယ်ပျောက်၍ ကုတ္ထိလိင် ရောက်ရာ၌ လည်း ဤနည်းတူပင်တည်း-ဟု ထင်မှတ်ပြောဆိုကြ၏။ ထိုသို့ မဟုတ်သင့်။ '**သဒါပိ ဗျဉ္ဇန-ဒွယံ တိဋ္ဌေယျ၊ န ပန တိဋ္ဌတိ**'၏ အရ၌လည်း အခါခပ်သိမ်းပင် ဗျည်း ၂-ခု မရှိသည်ကိုသာ မှတ်အပ်၏။ ကုန္ဒြေသာလျှင် ဗျည်း၏အကြောင်းဖြစ်သည်ကိုလည်းကောင်း ကုန္ဒြေ ၂-ခု မရသင့်သော အရာကိုလည်းကောင်း အထက်၌ "**ကုန္ဒြိယံ ဟိ ဗျဉ္ဇနကာရဏံ**"ဟူ၍လည်း ကောင်း "**ကိံ ပန ဧကံ ကုန္ဒြိယံ ဥဒါဟု ဒွေတိ ဧကံ**"ဟူ၍လည်းကောင်း ပြဆိုပြီးမှ ကုန္ဒြေ လည်း ပုဂ္ဂိုလ် ၁-ယောက်တည်း၌ ၂-ပါး မရကောင်း။ ကုန္ဒြေ မရှိကလည်း ဗျည်းမရှိကောင်း။ ကုတ္ထိန္ဒြေ ဖြစ်လာလျှင် ပုရိသိန္ဒြေ ချုပ်၏။ ပုရိသိန္ဒြေ ဖြစ်လာလျှင် ကုတ္ထိန္ဒြေ ချုပ်၏။

ထို့ကြောင့် မြတ်စွာဘုရားသည် ကုန္ဒြိယယမိုက်ကျမ်း၌ "**ယဿ ကုတ္ထိန္ဒြိယံ ဥပ္ပဇ္ဇတိ၊ တဿ ပုရိသိန္ဒြိယံ ဥပ္ပဇ္ဇတီတိ၊ နော**"ဟူ၍ ပဋိသေဓဝိသဇ္ဇနာဝါရကို ဟောတော်မူသည်။

ယဿ၊ အကြင်ပုဂ္ဂိုလ်အား။ ကုတ္ထိန္ဒြိယံ၊ ကုတ္ထိန္ဒြေသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ဆဲ။ တဿ၊ ထိုပုဂ္ဂိုလ်အား။ ပုရိသိန္ဒြိယံ၊ ပုရိသိန္ဒြေသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ဆဲလော။ ဣတိ ပုစ္ဆာယံ၊ ဤသို့ မြတ်စွာဘုရား၌ တစ်စုံတစ်ခုသော သံသယသည် မရှိသော်လည်း ဝေနေယျဇွာသယ အားဖြင့် မေးတော်မူခြင်းသည်။ သတိ၊ ရှိသော်။ နော၊ ကုတ္ထိန္ဒြေ ဖြစ်ဆဲသော ပုဂ္ဂိုလ်အား ပုရိသိန္ဒြေ ဖြစ်ဆဲမဟုတ်။ ဣတိ ဝိသဇ္ဇနာ၊ ဤသို့ ဖြေတော်မူသည်။ ဟောတိ၊ ဖြစ်၏။

ထိုအကြောင်းကို ၎င်းအဋ္ဌကထာ၏ အဖွင့်မူလဋီကာ၌လည်း–

"**ယဿ ကုတ္ထိန္ဒြိယံ ဥပ္ပဇ္ဇတိ၊ တဿ ပုရိသိန္ဒြိယံ ဥပ္ပဇ္ဇတီတိ၊ နော"တိ ဝစနတော၊ တသ္မာ ဥဘတောဗျဉ္ဇနကဿာပိ ဧက မေဝ ကုန္ဒြိယံ ဟောတီတိ ဝုတ္တံ။**

ဟု မိန့်တော်မူသေး၏။

"ပုရိသဗျဉ္ဇနံ ပါကဋံ ဟောတိ၊ ဣတ္ထိဗျဉ္ဇနံ ပဋိစ္ဆန္နံ ဂုဠှံ ဟောတိ"၏ အရ၌လည်း ဣတ္ထိလိင်ပျောက်၍ ပုရိသလိင် ရောက်ရာ၌ ဣတ္ထိလိင်သည် သေးသေးငယ်ငယ် ပုန်းကွယ်လျှို့ဝှက်လျက် ရှိသေး၏-ဟု မမှတ်ရာ။ အလျှင်းပင် ကွယ်ပျောက်၍ ဣတ္ထိနိမိတ်၏ နေရာ၌ပင် ပုရိသလိင် ရောက်လာသည်-ဟု မှတ်ရာ၏။ ပုရိသလိင် ကွယ်ပျောက်၍ ဣတ္ထိလိင် ရောက်ရာ၌လည်း နည်းတူ။

> ဣတ္ထိန္ဒြိယံ ဟိ ဗျဉ္ဇနကာရဏံ၊ ကိံ ပန ဣန္ဒြိယံ ဇော်, ဥဒါဟု ဒွေတိ ဇော်၊ ယဒိ တေသံ ဣန္ဒြိယံ ဒုတိယဗျဉ္ဇနကာရဏံ ဘဝေယျ၊ သဒါပိ ဗျဉ္ဇနဒွယံ တိဋ္ဌေယျ၊ န ပန တိဋ္ဌတိ။

ဟု အထက်၌ ပြဆိုခဲ့သော အရာကိုလည်း ကြပ်ကြပ် နှလုံးသွင်းရာ၏။

"ယဒိ စ တေသံ ဣန္ဒြိယံ ။လ။ န တဿ ဗျဉ္ဇနကာရဏံ"ဟူသော ပါဠိ၏အရကို ဆက်၍ ပြပြန်လိုသော အဋ္ဌကထာဆရာသည်-

> ယသ္မာ စ'ဿ ဧကမေဝ ဣန္ဒြိယံ ဟောတိ၊ တသ္မာ ဣတ္ထိဥဘတောဗျဉ္ဇနကော သယမ္ပိ ဂဗ္ဘံ ဂဏှာတိ၊ ပရမ္ပိ ဂဏှာပေတိ၊ ပုရိသဥဘတောဗျဉ္ဇနကော ပရံ ဂဗ္ဘံ ဂဏှာပေတိ၊ သယမ္ပန န ဂဏှာတိ။

ဟူသော ပါဠ်(အဘိ၌၁။၃၅၉)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

စ၊ ဆက်၍ ဆိုအံ့။ အဿ ဥဘတောဗျဉ္ဇနကဿ၊ ထိုဥဘတောဗျည်းအား။ ဧကမေဝ ဣန္ဒြိယံ၊ ၁-ခုသော ဣန္ဒြေသည်။ ယသ္မာ၊ အကြင်ကြောင့်။ ဟောတိ၊ ဖြစ်၏။ တသ္မာ၊ ထို့ကြောင့်။ ဣတ္ထိဥဘတောဗျဉ္ဇနကော၊ ဣတ္ထိဥဘတောဗျည်းသည်။ သယမ္ပိ၊ မိမိသည်လည်း။ ဂဗ္ဘံ၊ ကိုယ်ဝန်ကို။ ဂဏှာတိ၊ ယူနိုင်၏။ ပရမ္ပိ၊ သူတပါးကိုလည်း။ ဂဗ္ဘံ၊ ကိုယ်ဝန်ကို။ ဂဏှာပေတိ၊ ယူစေ၏။ ပုရိသဥဘတောဗျဉ္ဇနကော၊ ပုရိသဥဘတောဗျည်းသည်။ ပရံ၊ သူတပါးကို။ ဂဗ္ဘံ၊ ကိုယ်ဝန်ကို။ ဂဏှာပေတိ၊ ယူစေ၏။ သယမ္ပန၊ မိမိသည်ကား။ ဂဗ္ဘံ၊ ကိုယ်ဝန်ကို။ န ဂဏှာတိ၊ မယူနိုင်။

"ဥဘတောဗျဉ္ဇနကော"၏ အရ၌ "အယံ ဣတ္ထိ, အယံ ပုရိသောတိ ဗျဉ္ဇေတိ ပကာသေတီတိ ဗျဉ္ဇနံ"ဟု ဝစနတ်ပြု၊ အင်္ဂဇာတ်ရစေ။ "ဥဘတောကမ္မတော သမုဋ္ဌိတံ ဒုဝိဓံ ဗျဉ္ဇနံ နိမိတ္တံ အင်္ဂဇာတံ ယဿာတိ ဥဘတောဗျဉ္ဇနကော"ဟု အလုတ္တဗဟုဗ္ဗီဟိ-သမာသ်ပြု၊ ပုဂ္ဂိုလ်ရစေ။

ဤသို့ ပြဆိုခဲ့သော ပါဠိ, အဋ္ဌကထာ, ဋီကာတို့၏အရ အဓိပ္ပါယ်အကျကား-

သော စ ဒုဗ္ဗိဓော ဟောတိ ကတ္တိဥဘတောဗျဉ္ဇနကော ပုရိသဥဘတောဗျဉ္ဇနကော စာ'တိ၊ တေသု ကတ္တိဥဘတောဗျဉ္ဇနကော ပကတိကာလေ ကတ္တိန္ဒြိယယုတ္တော၊ ကတရော ပန ပုရိသိန္ဒြိယယုတ္တော။ ကေသဉ္စ ဟိ ပုဂ္ဂလဿ ဗျဉ္ဇနဒ္ဝယံ ကေတော န ဥပ္ပဇ္ဇတိ၊ တေနာ'ဟ ယမကေ "ယဿ ကတ္တိန္ဒြိယံ ဥပ္ပဇ္ဇတိ၊ တဿ ပုရိသိန္ဒြိယံ ဥပ္ပဇ္ဇတီတိ၊ နော"တိ။

ယဒါ ပန ကတ္တိဥဘတောဗျဉ္ဇနကဿ ကတ္တိယာ ရာဂစိတ္တံ ဥပ္ပဇ္ဇတိ၊ တဒါ ကမ္မသဟာယေန လောဘမူလစိတ္တေန ကတ္တိဗျဉ္ဇနံ အန္တရဓာယိတွာ ပုရိသဗျဉ္ဇနံ ဥပ္ပဇ္ဇတိ၊ ယဒါ ပုရိသေ ရာဂစိတ္တံ ဥပ္ပဇ္ဇတိ၊ တဒါ ပုရိသဗျဉ္ဇနံ အန္တရဓာယိတွာ ကတ္တိဗျဉ္ဇနံ ဥပ္ပဇ္ဇတိ၊ ပုရိသဥဘတောဗျဉ္ဇနကေပိ ဧသေဝ နယော။ -

ဟု ပညာရှိတို့ သိရာ၏-ဟူလိုသည်။

သော စ၊ ထိုဥဘတောဗျည်းသည်လည်း။ ကတ္တိဥဘတောဗျဉ္ဇနကော စ၊ ကတ္တိဥဘတောဗျည်းလည်းကောင်း။ ပုရိသဥဘတောဗျဉ္ဇနကော စ၊ ပုရိသဥဘတောဗျည်းလည်းကောင်း။ ဣတိ၊ သို့၊ ဒုဗ္ဗိဓော၊ ၂-ပါးပြားသည်။ ဟောတိ၊ ဖြစ်၏။ တေသု၊ ထို ၂-ပါးကုန်သော ဥဘတောဗျည်းတို့တွင်။ ကတ္တိဥဘတောဗျဉ္ဇနကော၊ ကတ္တိဥဘတောဗျည်းသည်။ ပကတိကာလေ၊ ပြကတေသောအခါ၌။ ကတ္တိန္ဒြိယယုတ္တော၊ ကတ္တိန္ဒြေနှင့် ယှဉ်၏။ ကတရော ပန၊ ပုရိသဥဘတောဗျည်းသည်ကား။ ပကတိကာလေ၊ ပြကတေသောအခါ၌။ ပုရိသိန္ဒြိယယုတ္တော၊ ပုရိသိန္ဒြေနှင့် ယှဉ်၏။ ဟိ သစ္စံ၊ မှန်၏။ ကေသဉ္စ၊ ၁-ယောက်သော ပုဂ္ဂိုလ်အား။ ဗျဉ္ဇနဒ္ဝယံ၊ ဗျည်း ၂-ခုတို့၏ အပေါင်းသည်။ ကေတော၊ တပြိုင်နက်။ န ဥပ္ပဇ္ဇတိ၊ မဖြစ်သင့်။ တေန၊ ထို့ကြောင့်။ ယဿ ကတ္တိန္ဒြိယံ ဥပ္ပဇ္ဇတိ၊ တဿ ပုရိသိန္ဒြိယံ ဥပ္ပဇ္ဇတီတိ၊ နောတိ၊ "ယဿ ကတ္တိန္ဒြိယံ ဥပ္ပဇ္ဇတိ တဿ ပုရိသိန္ဒြိယံ ဥပ္ပဇ္ဇတီတိ၊ နော"ဟူ၍။ ယမကေ၊ ဣန္ဒြိယယမိုက်ကျမ်း၌။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ အာဟ၊ ဟောတော်မူ၏။ ယဿ၊ အကြင် ပုဂ္ဂိုလ်အား။ ကတ္တိန္ဒြိယံ၊ ကတ္တိန္ဒြေသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ဆဲ။ တဿ၊ ထိုပုဂ္ဂိုလ်အား။ ပုရိသိန္ဒြိယံ၊ ပုရိသိန္ဒြေသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ဆဲလော။ ဣတိ ပုစ္ဆာယံ၊ ဤသို့ မေးသော်။ နော၊ ဖြစ်ဆဲမဟုတ်။ ဣတိ ဝိသဇ္ဇနာ၊ ဤသို့ ဖြေတော်မူသည်။ ဟောတိ၊ ဖြစ်၏။

ယဒါ ပန၊ အကြင်အခါ၌ကား။ ကတ္တိဥဘတောဗျဉ္ဇနကဿ၊ ကတ္တိဥဘတောဗျည်းအား။ ကတ္တိယာ၊ မိန်းမ၌။ ရာဂစိတ္တံ၊ ရာဂစိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တဒါ၊ ထိုအခါ၌။ ကမ္မသဟာယေန၊ ရှေးဘဝ၌ဖြစ်သော ကာမေသုမိစ္ဆာစာရကံတည်း-ဟူသော အာဟာရ ကြောင့်ဖြစ်သော။ လောဘမူလစိတ္တေန၊ လောဘမူစိတ်ကြောင့်။ ကတ္တိဗျဉ္ဇနံ၊ ကတ္တိနိမိတ်သည်။ အန္တရဓာယိတွာ၊ ကွယ်ပျောက်၍။ ပုရိသဗျဉ္ဇနံ၊ ပုရိသနိမိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ယဒါ၊ အကြင်အခါ၌။ ပုရိသော၊ ယောက်ျားဖ၌။ ရာဂစိတ္တံ၊ ရာဂစိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တဒါ၊ ထိုအခါ၌။ ပုရိသဗျဉ္ဇနံ၊ ပုရိသနိမိတ်သည်။ အန္တရဓာယတိ၊ ကွယ်ပျောက်၍။ ဣတ္ထိဗျဉ္ဇနံ၊ ဣတ္ထိနိမိတ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ပုရိသဥဘတောဗျဉ္ဇနကေပိ၊ ပုရိသဥဘတောဗျည်း၌လည်း။ ဧသေဝ နယော၊ ဤနည်းသာတည်း။

ဤ "သော စ ဒုဝိဓော ဟောတိ"အစ၊ "ဧသေဝ နယော"တိုင်အောင်သော ပါဠ်ကား ဝိနိစ္ဆယ ပုဂ္ဂိုလ်၏ အာဘော်တည်း။ ယခုကာလ "ပြကတေ့"ကို အက္ခရာပြန်၍ "ကြပတေ့"ခေါ်ဝေါ်ကြသည်။

**ဤတွင်ဓွေ့. ဣတ္ထိဥဘတောဗျည်း, ပုရိသဥဘတောဗျည်း ၂-ယောက်တို့၏ အကွဲအပြား အထူးအခြားကို ပြဆိုသော စကားရပ် အပြီးသတ်တည်း။**

ထိုစကားရပ်ကို အကျယ်သိလိုလျှင် ဓမ္မသင်္ဂဏီ၊ ရူပကဏ္ဍအဋ္ဌကထာ, ဋီကာ။ ဣန္ဒြိယယမိုက်ပါဠိ,အဋ္ဌကထာ, ဋီကာ။ ဝိနည်းပါရာဇိကကဏ်ပါဠိ, အဋ္ဌကထာ။ မဟာဝါ-မဟာခန္ဓကပါဠိ, အဋ္ဌကထာ, ဋီကာတို့မှာ ကြည့်လေ။

ဤသို့ ကျမ်းဂန်အရာ ညွှန်ပြခြင်းသည် အဘယ်အကျိုးရှိသနည်း-ဟူမူကား မြတ်စွာဘုရားသည်သာလျှင် ပိဋကတ် ၃-ပုံ၏ ဖွင့်ခြင်းအစဉ်ကို ဟောတော်မူ၏။ ထိုသို့သော အရာတို့၌ မြတ်စွာဘုရားသည်သာလျှင် ဖြစ်စေတော်မူ၏။ ထိုစကား မှန်၏။ ပြိုးပြွမ်းသော ပကိဏ္ဏကဒေသနာသည်သာလျှင် အဋ္ဌကထာ မည်၏။ တပါးကုန်သော အဋ္ဌကထာ, ဋီကာတို့သည်လည်း ရှိကုန်ရကား ပညာရှိတို့သည် မှတ်ယူလွယ်ခြင်း အကျိုးရှိ၏။ ထို့ကြောင့် ကျမ်းဂန်အရာကို ညွှန်ပြထုတ်ဆောင်အပ်သတည်း။

ညောင်ရမ်းမြို့၊ ရှင်ဝါယာမ, ရှင်ဇောတတို့က "ဣတ္ထိန္ဒြေ, ဣတ္ထိလိင်တို့၏ ဝိသေသ ဖြစ်ဟန်၊ မိန်းမ,ယောက်ျားတို့အား ဣတ္ထိလိင် ကွယ်ပျောက်၍ ပုရိသလိင်ဖြစ်ခြင်း၊ ပုရိသလိင် ကွယ်ပျောက်၍ ဣတ္ထိလိင်ဖြစ်ခြင်း၊ ကုသိုလ်, အကုသိုလ် ၂-ပါးတို့၏ အကျိုးပေးဟန်ကိုလည်း သေချာစွာ သိမှတ်လိုပါသည်။ ဣတ္ထိဥဘတောဗျည်း, ပုရိသဥဘတောဗျည်း ၂-ပါးတို့တွင် ဣတ္ထိဥဘတောဗျည်း၌ ဣတ္ထိလိင် ကွယ်ပျောက်၍ ပုရိသလိင် ရောက်သောအခါ ဣတ္ထိနိမိတ်သည် အလျှင်းပင် ရှိ, မရှိ။ အချို့လည်း 'ပဋိစ္ဆန္နံ ဂုယှံ' ဆိုသောကြောင့် ဣတ္ထိလိင် ကွယ်ပျောက်၍ ပုရိသလိင် ရောက်ရာ၌ ပုရိသလိင်ကဲ့သို့ မထင်ရှားဘဲ နိမိတ္တမတ္တဖြစ်၍ သေးသေးငယ်ငယ် ဖြစ်၏။ ပုရိသလိင် ကွယ်ပျောက်၍ ဣတ္ထိလိင် ရောက်ရာ၌လည်း ဤနည်းတူသာတည်း-ဟု ပြောဆိုကြပါသည်။ သို့ ဝါဒအသီးအသီး ကွဲပြားကြသဖြင့် နေရာကျ မသိနိုင်ကြရှိသည်ဖြစ်၍ ပုဂ္ဂိုလ် ၁-ယောက်တည်း၌ပင် နိမိတ် ၂-ခုဖြစ်သင့်သော သဘောရှိ, မရှိကို ဧကန်သိမှတ်ပါရအောင် နေရာကျ အမိန့်ရှိတော်မူပါမည့်အကြောင်း"နှင့် လျှောက်

ထားသောကြောင့် ကျမ်းဂန်ပါဠိ ရှိသည့်အလာ ဒေသနာနယကို ထောက်ထားနိုင်းညှိ ဆင်ခြင်၍ ၁၂၃၉-ခု၊ ဝါခေါင်လပြည့်ကျော်၊ ၁၄-ရက်နေ့ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာ-သိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## စာရေးတော်ကြီး နေမျိုးသီဟသူ-က ပိသုဏာဝါစာ-စသော ပြဿနာ ၉-ပါးကို လျှောက်ထားချက်

[၉၄] "ဘုရားတပည့်တော် စာရေးတော်ကြီး နေမျိုးသီဟသူ-လျှောက်ပါသည် ဆရာတော်ဘုရား။

(၁) ပိသုဏာဝါစာ, ဖရုသဝါစာ-တို့ကို ပြောဆိုလျှင် မုသာဝါဒသိက္ခာပုဒ် ပျက်မည်, မပျက်မည်။

(၂) သူရာကို အဘယ်မျှလောက် သောက်လျှင် ကံ-ထိုက်မည်။

(၃) မာတုရက္ခိတ-စသော မိန်းမ ၈-ယောက်တို့ကို စောင့်ရှောက်သူတို့မှာ ကာမေ-သုမိစ္ဆာစာရကံ ရှိ, မရှိ။

(၄) နွားသင်းကွပ်သူတို့ အဘယ်ကံ ထိုက်မည်။

(၅) အပရာပရိယကံသည် ကံ-တပါး မကူဘဲ မိမိချည်းသက်သက် အကျိုးပေးနိုင်မည်, မပေးနိုင်မည်။

(၆) အဘိဇ္ဈာ မနောကံသည် အဘယ်သို့ဖြစ်မှ မနောကံ ထိုက်မည်။

(၇) သီလကို အဘယ်သို့ ဆောက်တည်မှ သီလဝိသုဒ္ဓိ ဖြစ်မည်။

(၈) ဝိစိကိစ္ဆာသည် ကံ ၃-ပါးတို့တွင် အဘယ်ကံ၌ သွင်း၍ ကမ္မပထ မြောက်သည် ယူရမည်။

(၉) အဘိဓမ္မာသဒ္ဒါ ၂-နက်တွင် အဘယ်အနက် သာ၍ သင့်မည်။

ဤ ၉-ပါးသော ပုစ္ဆာပြဿနာတို့ကို နေရာကျ သိမှတ်ပါရအောင် ကျမ်းဂန်နှင့် အညီ အမိန့်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား"။

ငင်းစာရေးတော်ကြီး လျှောက်ထားချက်အရ အဖြေဝိသဇ္ဇနာ–

(၁) ပိသုဏဝါစာ, ဖရုသဝါစာကို ပြောဆိုလျှင် မုသာဝါဒသိက္ခာပုဒ် ပျက်မည်ကို မေးလျှောက်သည်မှာ–

အင်္ဂါ ၅-ပါးနှင့် ပြည့်စုံသောသူသည် ရွံရှာခြင်းသို့ သက်သည်ဖြစ်၍ နေရ၏။ အင်္ဂါ ၅-ပါးနှင့် ပြည့်စုံသောသူသည် ရဲရင့်ခြင်းသို့ ရောက်၏။ အင်္ဂါ ၅-ပါးနှင့် ပြည့်စုံသောသူသည် ထမ်းပိုးရွက်ဆောင်ခဲ့သော ဝန်ကို ချလိုက်သကဲ့သို့ နတ်ပြည်သို့ ရောက်၏။ ဤသို့ သိက္ခာပဒသုတ်တွင်–

ပဉ္စဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတော ဥပါသကော သာရဇ္ဇံ ဩက္ကမတိ။

ပဉ္စဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတော ဥပါသကော အဝိသာရဒေါ ဟောတိ။

ပဉ္စဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတော ဥပါသကော ဝိသာရဒေါ ဟောတိ။

ပဉ္စဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတော ဥပါသကော ယထာဘတံ နိက္ခိတ္တော၊ ဧဝံ နိရယေ။

ပဉ္စဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတော ဥပါသကော ယထာဘတံ နိက္ခိတ္တော၊ ဧဝံ သဂ္ဂေ။

(အံ၊ ၂။ ၁၇၈-၉)ဟူ၍ ဟောတော်မူသည်။

ဘိက္ခဝေ၊ တို့။ ပဉ္စဟိ၊ ၅-ပါးကုန်သော။ အင်္ဂေဟိ၊ အင်္ဂါတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ဥပါသကော၊ ဒကာသည်။ သာရဇ္ဇံ၊ ရွံရှာခြင်းသို့။ ဩက္ကမတိ၊ သက်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ပဉ္စဟိ၊ ကုန်သော။ အင်္ဂေဟိ၊ တို့နှင့်။ သမန္နာဂတော၊ သော။ ဥပါသကော၊ သည်။ အဝိသာရဒေါ၊ ရွံရှာခြင်း မကင်းသည်။ ဟောတိ၊ ဖြစ်၏။

ဘိက္ခဝေ၊ တို့။ ပဉ္စဟိ၊ ကုန်သော။ အင်္ဂေဟိ၊ တို့နှင့်။ သမန္နာဂတော၊ သော။ ဥပါသကော၊ သည်။ ဝိသာရဒေါ၊ ရဲရင့်သည်။ ဟောတိ၊ ၏။

ဘိက္ခဝေ၊ တို့။ ပဉ္စဟိ၊ ကုန်သော။ အင်္ဂေဟိ၊ တို့နှင့်။ သမန္နာဂတော၊ သော။ ဥပါသကော၊ သည်။ အာဘတံ၊ ထမ်းပိုးရွက်ဆောင်ခဲ့သော ဝန်ကို။ နိက္ခိတ္တော ယထာ၊ ချလိုက်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ နိရယေ၊ ငရဲ၌။ နိက္ခိတ္တော၊ ကျလေ၏။

ဘိက္ခဝေ၊ တို့။ ပဉ္စဟိ၊ ကုန်သော။ အင်္ဂေဟိ၊ တို့နှင့်။ သမန္နာဂတော၊ သော။ ဥပါသကော၊ သည်။ အာဘတံ ။လ။ ဝန်ကို။ နိက္ခိတ္တော ယထာ၊ ကဲ့သို့။ ဧဝံ တထာ၊ တူ။ သဂ္ဂေ၊ နတ်ပြည်၌။ နိက္ခိတ္တော၊ ကျလေ၏။

ဤသိက္ခာပဒသုတ် ၅-သုတ်တို့တွင် အင်္ဂါ ၅-ပါးတို့နှင့် ပြည့်စုံသောသူတို့၏ အပြစ်, အကျိုးကို အသီးအသီး ဟောတော်မူရာသည်။ ပါဏာတိပါတ-အစ, မုသာဝါဒ-အဆုံးရှိသော သိက္ခာပုဒ် ၅-ခုတို့ကိုသာ လာသည်။ ဖရုသဝါစာ, သမ္ဖပ္ပလာပ-တို့ကို မလာ။ အနာထပိဏ်သူဌေးသည် မြတ်စွာဘုရားအထံတော် ချဉ်းကပ်ရာ အနာထပိဏ်သူဌေးကို အကြောင်းပြု၍–

> ပဉ္စ ဂဟပတိ ဘယာနိ ဝေရာနိ အပ္ပဟာယ "ဒုဿီလော" တ္တတိ ဝုစ္စတိ၊ နိရယဉ္စ ဥပပဇ္ဇတိ။ ကတမာနိ ပဉ္စ? ပါဏာတိပါတီ ။လ။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနံ၊ ဣမာနိ ခေါ ဂဟပတိ ပဉ္စ ဘယာနိ ဝေရာနိ အပ္ပဟာယ "ဒုဿီလော" တ္တတိ ပုစ္စတိ၊ နိရယဉ္စ ဥပပဇ္ဇတိ။
>
> ပဉ္စ ဂဟပတိ ဘယာနိ ဝေရာနိ ပဟာယ "သီလဝါ" တ္တတိ ဝုစ္စတိ၊ သုဂတိံ စ ဥပပဇ္ဇတိ။ ကတမာနိ ပဉ္စ? ပါဏာတိပါတံ ။လ။ ဣမာနိ ခေါ ဂဟပတိ ပဉ္စ ဘယာနိ ဝေရာနိ ပဟာယ "သီလဝါ" တ္တတိ ဝုစ္စတိ သုဂတိံ စ ဥပပဇ္ဇတိ။ –

(အံ၊၁။၁၈၀)ဟူ၍ ဟောတော်မူသည်။

ဂဟပတိ၊ အနာထပိဏ်သူဌေး။ ပဉ္စ၊ ၅-ပါးကုန်သော။ ဘယာနိ၊ ဘေးတို့ကို။ ဝေရာနိ၊ ရန်တို့ကို။ အပ္ပဟာယ၊ မပယ်ခြင်းကြောင့်။ ဒုဿီလော တ္တတိ၊ သီလ-မရှိသောသူ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ နိရယံ စ၊ ငရဲသို့လည်း။ ဥပပဇ္ဇတိ၊ ရောက်၏။ ပဉ္စ၊ ၅-ပါးတို့ဟူသည်။ ကတမာနိ၊ အဘယ်သည်တို့နည်းဟူမူကား? ပါဏာတိပါတီ၊ သူတပါး၏ အသက်ကို သတ်သည်။ ဟောတိ၊ ၏ ။လ။ သုရာမေရယမဇ္ဇပါယီ၊ သေအရက်ကို သောက်စားသည်။ ဟောတိ၊ ၏။ ဂဟပတိ၊ သူဌေး။ ဣမာနိ ပဉ္စ ဘယာနိ၊ ဤ ၅-ပါးကုန်သော ဘေးတို့ကို။ ဣမာနိ ပဉ္စ ဝေရာနိ၊ ဤ ၅-ပါးကုန်သော ရန်တို့ကို။ အပ္ပဟာယ၊ မပယ်ခြင်းကြောင့်။ ဒုဿီလော တ္တတိ၊ ဟူ၍။ ဝုစ္စတိ၊ ၏။ နိရယံ စ၊ ငရဲသို့လည်း။ ဥပပဇ္ဇတိ၊ ရောက်၏။

ဂဟပတိ၊ သူဌေး။ ပဉ္စ၊ ၅-ပါးကုန်သော။ ဘယာနိ၊ တို့ကို။ ဝေရာနိ၊ တို့ကို။ ပဟာယ၊ ကြောင့်။ သီလဝါ တ္တတိ၊ သီလရှိသောသူ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ သုဂတိံ စ၊ သုဂတိဘဝသို့လည်း။ ဥပပဇ္ဇတိ၊ ရောက်၏။

ပေယျာလ-ထားသည်မှာ လောကတွင် ထင်ရှားသော ဒေသနာဖြစ်၍ ဗဟုဿုတရှိသူတို့ သိလောက်ပြီ၊ ရိပ်မိလောက်ပြီဖြစ်၍ ထားသည်။ လုံးလုံးမှ မရိပ်မိ၊ မသိသူတို့မှာ အထူးဆိုရန် မရှိပြီ။ လျှာမရှိသသူတို့မှာ အရသာကို မသိသကဲ့သို့တည်း။

ဤဒေသနာတော်မှတပါး အခြားထပ်မံ ဆုံးမပြန်လို၍–

ယံ ဂဟပတိ ပါဏာတိပါတီ ပါဏာတိပါတပစ္စယာ ဒိဋ္ဌဓမ္မိကမ္ပိ ဘယံ ဝေရံ ပသဝတိ၊ သမ္ပရာယိကမ္ပိ ဘယံ ဝေရံ ပသဝတိ၊ စေတသိကမ္ပိ ဒုက္ခံ ဒေါမနဿံ ပဋိသံဝေဒေတိ၊ ပါဏာတိပါတာ ပဋိဝိရတော နေဝ ဒိဋ္ဌဓမ္မိကံ ဘယံ ဝေရံ ပသဝတိ။ န သမ္ပရာယိကံ ဘယံ ဝေရံ ပသဝတိ၊ န စေတသိကံ ဒုက္ခံ ဒေါမနဿံ ပဋိသံဝေဒေတိ ။လ။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနပစ္စယာ ဂဟပတိ ။လ။ နေဝ စေတသိကံ ဒုက္ခံ ဒေါမနဿံ ပဋိသံဝေဒေတိ။

(အံ၊၁။၁၈၀)ဟူ၍ ဟောတော်မူသည်။

ဂဟပတိ၊ သူဌေး။ ပါဏာတိပါတပစ္စယာ၊ သူ၏အသက်ကို သတ်ခြင်း-ဟူသော အကြောင်းကြောင့်။ ဒိဋ္ဌဓမ္မိကံ၊ မျက်မှောက်ဘဝ၌ဖြစ်သော။ ယံ ဘယံ၊ အကြင်ဘေးသည် လည်းကောင်း။ ယံ ဝေရံ၊ အကြင်ရန်သည်လည်းကောင်း။ သမ္ပရာယိကံ၊ တမလွန်ဘဝ၌ ဖြစ်သော။ ယံ ဘယံ၊ သည်လည်းကောင်း။ ယံ ဝေရံ၊ သည်လည်းကောင်း။ ပသဝတိ၊ ပွါး၏။ စေတသိကံ၊ စိတ်၌ဖြစ်သော။ ဒုက္ခဒေါမနဿမ္ပိ၊ ဆင်းရဲခြင်း, နှလုံးမသာယာခြင်းကိုလည်း။ ပဋိသံဝေဒေတိ၊ ခံစားရ၏။ ပါဏာတိပါတာ ပဋိဝိရတော၊ ပါဏာတိပါတ-မှ ကြဉ်သော သူအား။ ဒိဋ္ဌဓမ္မိကံ၊ သော။ ဘယံ၊ သည်လည်းကောင်း။ ဝေရံ၊ သည်လည်းကောင်း။ နေဝ ပသဝတိ၊ မပွါး။ သမ္ပရာယိကံ၊ တမလွန်ဘဝ၌ဖြစ်သော။ ဘယံ၊ သည်လည်းကောင်း။ ဝေရံ၊ ရန်သည်လည်းကောင်း။ န ပသဝတိ၊ မပွါး။ စေတသိကံ၊ သော။ ဒုက္ခဒေါမနဿံ၊ ကို။ နေဝ ပဋိသံဝေဒေတိ၊ မခံစားရ ။လ။ ဂဟပတိ၊ သူဌေး။ သုရာမေရယမဇ္ဇပမာဒဋ္ဌာန-ပစ္စယာ၊ ကုသိုလ်ကောင်းမှုကို မေ့လျော့ခြင်း၏ အကြောင်းဖြစ်သော သေအရက်ကို သောက်စားခြင်းကြောင့် ။လ။ စေတသိကံ၊ သော။ ဒုက္ခဒေါမနဿံ၊ ကို။ နေဝ ပဋိသံဝေဒေတိ၊ မခံစားရ။ (ပေယျာလမှာ နည်းတူ။)

ဤသို့ ဆုံးမတော်မူပြီးမှ-

ယော ပါဏံ အတိပါတေတိ၊ မုသာဝါဒံ စ ဘာသတိ။
လောကေ အဒိန္နံ အာဒိယတိ၊ ပရဒါရဉ္စ ဂစ္ဆတိ။
သုရာမေရယပါနံ စ၊ ယော နရော အနုယုဉ္ဇတိ။ ။
အပ္ပဟာယ ပဉ္စ ဝေရာနိ၊ "ဒုဿီလော" ဣတိ ဝုစ္စတိ။
ကာယဿ ဘေဒါ ဒုပ္ပညော၊ နိရယံ သောပပဇ္ဇတိ။ ။-

(အံ၊၁။၁၈၁)ဟူသော နိဂုံးဂါထာကို ဟောတော်မူသည်။

ယော၊ အကြင်သူသည်။ ပါဏံ၊ သတ္တဝါ၏ ဇီဝိတိန္ဒြေကို။ အတိပါတေတိ၊ လျင်စွာ ချ၏။ မုသာဝါဒံ စ၊ မဟုတ်မမှန်သော စကားကို ဆိုခြင်းကိုလည်း။ ဘာသတိ၊ ဆို၏။ လောကေ၊ လောက၌။ အဒိန္နံ၊ အရှင်မပေးသော သူတပါး၏ဥစ္စာကို။ အာဒိယတိ၊ ခိုးယူ၏။ ပရဒါရဉ္စ၊ သူတပါး၏ မယားကို ပြစ်မှားခြင်းသို့လည်း။ ဂစ္ဆတိ၊ ရောက်၏။ သုရာမေရယပါနံ စ၊ သေအရက် သောက်စားခြင်းကိုလည်း။ ယော နရော၊ အကြင်သူသည်။ အနုယုဉ္ဇတိ၊ လုံ့လပြု၏။

ပဉ္စ ဝေရာနိ၊ ၅-ပါးကုန်သော ရန်တို့ကို။ အပ္ပဟာယ၊ မပယ်ခြင်းကြောင့်။ ဒုဿီ-လော ဣတိ၊ သီလ-မရှိသော ရဟန်း-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဒုပ္ပညော၊ ပညာမရှိသော။ သော၊ ထိုသူသည်။ ကာယဿ ဘေဒါ၊ ခန္ဓာကိုယ် ပျက်သည်မှ*(နောက်၌)*။ နိရယံ၊ ငရဲသို့။ ဥပပဇ္ဇတိ၊ ခံစားရ၏။ ဝါ၊ ရောက်၏။

အဒိန္နာဒါနာ-ဟူသောပုဒ်၌ အဒိန္နဒါနာ-ဟု ဒိ-နောင် နာ-မှာ အရဿနှင့် ရွတ်အံ ကြ၏။ မသင့်။ အဒိန္နာဒါနာ-ဟု အာ-ဒီဃနှင့် ရွတ်မှ သင့်မည်။ အဒိန္နာဒါနာ-ဟူလို။ ဒါ-ဓာတ်သည် ပေးခြင်းအနက်ကို ဟော၏။ အာ-ရှေးရှိမူ ယူခြင်းအနက်ကို ဟော၏။

ဤ၌ ယူခြင်းအနက်ကို ဟောသော ဓာတ်ဖြစ်ရကား အာဒါန-ဟု အာ-ဒီဃနှင့် ရှိသင့်၏၊ န-ကို အာ-သို့ ကပ်၍ အဒိန္နာဒါန-ရှိရမည်။

**ဒါ ဒါနေ၊ အာပုဗ္ဗော အာဒါနေ၊ ဒဒါတိ၊ အာဒဒါတိ။** (သဒ္ဒနီတိ)

ဒါ၊ ဒါ-ဓာတ်သည်။ ဒါနေ၊ ပေးခြင်းအနက်၌ ဖြစ်၏။ အာပုဗ္ဗော၊ အာ-ရှေးရှိမူ။ အာဒါနေ၊ ယူခြင်းအနက်၌ ဖြစ်၏။ ဒဒါတိ၊ ပေး၏။ အာဒဒါတိ၊ ယူ၏။

မုသာဝါဒါ-ဟူသော ပုဒ်၌လည်း မှုသာ-ဟု မ-မှာ ဟ-သံယုဂ်နှင့် ရွတ်ကြ၏။ မသင့်။ မုသာ-ဟူ၍သာ ဟ-သံယုဂ် ကင်း၍ ရွတ်မှ သင့်မည်။ မုသာသဒ္ဒါ အဘူတဝါစက-နိပါတ်ပုဒ်၊ မဟုတ်မမှန်သော အနက်ကို ဟော၏။

သုရာ-ဟူသော ပုဒ်, အသုရာ-ဟူသော ပုဒ်, သုရာမေရယ-ဟူသော ပုဒ်များ၌ သု-မှာ ဥ-ရဿနှင့် သုရာ-ဟု ရှိမှ သင့်သည်။ သူရာ-ဟု ဦ-ဒီဃနှင့်ရှိမူ မသင့်။

**သု ဣဿရိယဒိတ္တီသု၊ သုရတီတိ သုရော။ သုန္ဒရာ ဝါစာ အဿာတိ သုရော။**
(သဒ္ဒနီတိ)

**သုရမန္တိ ကီဠန္တီ'တိ သုရော။ သုခေန ရမန္တီ'တိ ဝါ သုရာ။** (အဘိဓာန်ဋီကာ)

**သုရေန ဝနစရကေန ကတာ ပါနဇာတိ သုရာ။** (သဒ္ဒနီတိ)

သု အဘိသဝေ၊ ရော၊ သု သဝနေ ဝါ၊ ရော။ (အဘိဓာန်ဋီကာ)

အနိဋ္ဌဖလဒါယကတ္တံ သဝတီ'တိ သုရာ၊ မဒိရာ။ (မောဂ္ဂလာန်)

အာဒိကာလမှုပါဒါယ သုရေန ဝနစရကေန စေဝ ဝရုဏေန စ ဒိဋ္ဌတ္တာ သုရာတိ နာမံ ဇာတံ။ (တိသနိပါတ်၊ ကုမ္ဘဇာတ်အဋ္ဌကထာ)

သုရံ ပိဝမှာ သုရံ ပိဝိမှာ'တိ အာဟံသု။ တတော ပဋ္ဌာယ အသုရာ နာမ ဇာတာ။ (သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာ)

(သုရာနှင့် အသုရာ အပဋိသေဓဖြစ်သည်သာ ထူးသည်။)

သု က္ကဿရိယဒိတ္တီသု၊ သုရတီတိ သုရော။ သုန္ဒရာ ဝါစာ အဿာတိ သုရော။(သဒ္ဒနီတိ)

သု၊ သုသဒ္ဒါသည်။ က္ကဿရိယဒိတ္တီသု၊ အစိုးရခြင်း, ထွန်းပခြင်း အနက်တို့၌ ဖြစ်၏။ သုရတိ၊ ရဲရင့်တတ်၏။ က္ကတိ တသ္မာ၊ ထို့ကြောင့်။ သုရော၊ သုရာ မည်၏။ ဝါ၊ တနည်းကား။ *(အဿ၊ ထိုသူအား။)* သုန္ဒရာ၊ ကောင်းသော။ ဝါစာ၊ စကားသည်။ အတ္ထိ၊ ရှိ၏။ က္ကတိ တသ္မာ၊ ထို့ကြောင့်။ သုရာ၊ သုရာ မည်၏။

သုရမန္တိ ကီဠန္တီ'တိ သုရော။ သုခေန ရမန္တီ'တိ ဝါ သုရာ။ (အဘိဓာန်ဋီကာ)

သုရမန္တိ ကီဠန္တိ၊ ကစားမြူးထူးတတ်ကုန်၏။ က္ကတိ တသ္မာ၊ ထို့ကြောင့်။ သုရာ၊ သုရာ မည်၏။ တနည်းကား- သုခေန၊ ချမ်းသာခြင်းဖြင့်။ ရမန္တိ၊ မွေ့လျော်ပျော်ပါးတတ်ကုန်၏။ က္ကတိ တသ္မာ၊ ထို့ကြောင့်။ သုရာ၊ သုရာမည်၏။

သုရေန ဝနစရကေန ကတာ ပါနဇာတိ သုရာ။ (သဒ္ဒနီတိ)

သုရေန ဝနစရကေန၊ သုရာမည်သော မုဆိုးသည်။ ကတာ၊ ပြုအပ်သော။ ပါနဇာတိ၊ အဖျော်သည်။ သုရာ၊ သုရာ မည်၏။

သု အဘိသဝေ၊ ရော၊ သု သဝနေ ဝါ၊ ရော။ (အဘိဓာန်ဋီကာ)

သု၊ သု-ဓာတ်သည်။ အဘိသဝေ၊ ယိုစီးခြင်းအနက်၌ ဖြစ်၏။ ရော၊ ရ-ပစ္စည်းသက်။ ဝါ။ တနည်းကား။ သု၊ သု-ဓာတ်သည်။ သဝနေ၊ ပွါးခြင်းအနက်၌ ဖြစ်၏။ ရော၊ ရ-ပစ္စည်းသက်။ သုရာ၊ သုရာ မည်၏။

အနိဋ္ဌဖလဒါယကတ္တံ သဝတီ'တိ သုရာ။ မဒိရာ။ (မောဂ္ဂလာန်)

အနိဋ္ဌဖလဒါယကတ္တံ၊ အလိုမရှိသော အကျိုးကို ပေးခြင်းငှာ။ သဝတိ၊ ပွါးတတ်၏။ က္ကတိ တသ္မာ၊ ထို့ကြောင့်။ သုရာ၊ သုရာ မည်၏။ မဒိရာ၊ သေ-ဟူသော အဖျော်ရ၏။

**အာဒိကာလမုပါဒါယ သုရေန ဝနစရကေန စေဝ ဝရုဏေန စ ဒိဋ္ဌတ္တာ။ သုရာတိ နာမံ ဇာတံ။** (တိသနိပါတ်၊ ကုမ္ဘဇာတ်၊ အဋ္ဌကထာ)

အာဒိကာလမုပါဒါယ၊ အစရှေးဦး၊ ပကတူးကာလကို စွဲ၍။ သုရေန ဝနစရကေန စေဝ၊ သုရာမည်သော မုဆိုးနှင့်။ ဝရုဏေန စ၊ ဝရုဏ-ဟု၊ နာမမည်ခံ၊ ခြိုးခြံကျင့်မြတ်၊ ပဋိပတ်ကြောင့်၊ တောရပ်ပျော်မွေ့ ရှင်ရသေ့သည်။ ဒိဋ္ဌတ္တာ၊ မြင်အပ်သည်၏ အဖြစ်ကြောင့်။ တဿ ပါနဿ၊ ထိုအဖျော်၏။ သုရာတိ နာမံ၊ သုရာ-ဟူသော အမည်သည်။ ဇာတံ၊ ဖြစ်၏။

**သုရံ ပိဝိမှာ သုရံ ပိဝိမှာ'တိ အာဟံသု။ တတော ပဋ္ဌာယ အသုရာ နာမ ဇာတာ။** (သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာ)

သုရံ၊ သေကို။ ပိဝိမှာ၊ သောက်ကြစို့။ သုရံ၊ သေကို။ ပိဝိမှာ၊ သောက်ကြစို့။ ဣတိ၊ ဤသို့။ အာဟံသု၊ ဆိုကြကုန်၏။ တတော ပဋ္ဌာယ၊ ထိုကာလမှ စ၍။ အသုရာ နာမ၊ အသုရာ မည်သည်။ ဇာတာ၊ ဖြစ်၏။

ဇင်းသိက္ခာပဒသုတ်တွင် ဝေရ ၅-ပါးကို အသီးအသီးထုတ်၍ "ချစ်သားရဟန်းတို့၊ ပါဏာတိပါတစသော ဝေရ ၅-ပါးတို့မှ ကြဉ်သောသူကို မင်းတို့သည် ဖမ်းယူ၍ သတ်သည်ကိုလည်းကောင်း နှောင်ဖွဲ့သည်ကိုလည်းကောင်း တိုင်းနိုင်ငံမှ နှင်ထုတ်သည်ကို လည်းကောင်း အလိုရှိတိုင်း အပြစ်အလျောက် စီရင်သည်ကိုလည်းကောင်း မြင်ဖူး,ကြားဖူးကြကုန်၏လော" ဟု "**ကိံ မညထ ဘိက္ခဝေ ဒိဋ္ဌံ ဝါ သုတံ ဝါ**"စသည်ဖြင့် မေးတော်မူ၍ မမြင်မကြားဖူး ကြောင်းကို "**နော ဟေတံ ဘန္တေ**"ဟု ရဟန်းတို့က လျှောက်ထားကြလျှင် "ငါဘုရားလည်း မမြင်မကြားဖူး"ဟူ၍ မိန့်တော်မူကြောင်းကို "**မယာပိ ခေါ ဘိက္ခဝေ နေဝ ဒိဋ္ဌံ န သုတံ**"ဟု လာသည်။

ဝေရ ၅-ပါးတို့ကို မကြဉ်မရှောင်သူတို့ကိုလည်း ဤနည်းတူ "မင်းတို့ သတ်သည်ကို လည်းကောင်း နှောင်ဖွဲ့သည်ကိုလည်းကောင်း တိုင်းနိုင်ငံမှ နှင်ထုတ်သည်ကိုလည်းကောင်း အလိုအလျောက် အပြစ်နှင့်တကွ စီရင်သည်ကိုလည်းကောင်း မြင်ဖူးကြကုန်၏လော"ဟု မေးတော်မူရာ မြင်ဖူးကြောင်းကို "**ဒိဋ္ဌဉ္စ နော ဘန္တေ သုတဉ္စ**"ဟု ရဟန်းတို့ လျှောက်ကြ သည့်အတိုင်း "ငါဘုရားလည်း ဤဝေရ ၅-ပါးကို မကြဉ်ရှောင်သသူတို့ကို ဆိုအပ်ခဲ့ပြီးသော အပြစ်တို့ဖြင့် မင်းတို့ စီရင်သည်ကို မြင်ဖူး၏၊ ကြားဖူး၏"ဟု မိန့်တော်မူကြောင်းကို "**မယာပိ ခေါ ဘိက္ခဝေ ဒိဋ္ဌဉ္စ သုတဉ္စ**"ဟူ၍ ဟောတော်မူသည်။ (အံ၊၁။၁၈၃။ ရာဇသုတ္တ)

ပါဏာတိပါတ-က စ၍ သုရာမေရယတိုင် ၅-ပါးတို့ကို ဝေရ ၅-ပါး-ဟု ခေါ်သည်။ ဤသိက္ခာပဒသုတ်တွင် မုသာဝါဒကိုသာ ဝစီကံ ၄-ပါးမှ အသီးထုတ်၍ ဟောတော်မူသည်။

ထိုသို့ ဟောတော်မူသည့် အရာမှာလည်း ၄-ပါးသော ဝစီကံတွင် မုသာဝါဒ သာလွန်၍ အပြစ်ကြီးသောကြောင့် ဟောတော်မူသည်-ဟု မှတ်ရာ၏။ သည်သာ မဟုတ်သေး။ ဇေတဝန်ကျောင်းတွင် ကိန်းအောင်းမွေလျော် စံပျော်သောကာလ စိဉ္စာမည်သော မိန်းမ မဟုတ်မမှန်ဘဲ စွပ်စွဲသည်ကို အကြောင်းပြု၍ မုသာဝါဒ အပြစ်ကြီးကြောင်းကို–

**ဧကဓမ္မံ အတီတဿ၊ မုသာဝါဒိဿ ဇန္တုနော။**
**ဝိတိဏ္ဏပရလောကဿ၊ နတ္ထိ ပါပံ အကာရိယံ။ ။**

(ဣတိဝုတ်၊ ၂၀၇။)ဟူ၍ ဟောတော်မူသည်။

ဧကဓမ္မံ၊ တခုသော သစ္စာတရားကို။ အတီတဿ၊ လွန်မြောက်သော။ ဝိတိဏ္ဏပရ-လောကဿ၊ တမလွန်ကို မငဲ့၊ စွန့်လွှတ်အပ်ပြီးသော တမလွန်ဘဝရှိသော။ မုသာဝါဒိဿ၊ မဟုတ်မမှန်သော စကားကို ဆိုသောသူအား။ အကာရိယံ၊ မပြုအပ်သော။ ပါပံ၊ မကောင်းမှု သည်။ နတ္ထိ၊ မရှိ။

မုသာဝါဒ ပြောသောသူသည် တစ်စုံတစ်ခုကိုမျှ မယုံကြည်သာ ဖြစ်လေရကား "မည်သည့်မကောင်းမှုကို ဤသူ မပြုတန်ရာ"ဟု မမှတ်ရာ-ဟူလို။ ကုသိနာရုံပြည်၊ မလ္လာမင်းတို့ အင်ကြင်းဥယျာဉ်ဝယ် ပရိနိဗ္ဗာန်စံယူတော်မူခါနီးတွင် မြေအပြင်၌ စကြဝဠာတံတိုင်းနှင့်အမျှ ဗြဟ္မာ့ဘုံရပ် ထုတ်ချင်းခပ်အောင် လောကဓာတ် ၁-သောင်းမှ ညွတ်ပျောင်းကော်ရော် ပူဇော်အံ့ငှာ ရောက်ကြလာသော နတ်၊ဗြဟ္မာအပေါင်းတို့၏ နတ်စောင်းတူရိယာတို့ဖြင့် သာဓုကီဠနသဘင် စီရင်ကျင်းပလျက် အားထုတ်ကြသောအရာ များစွာသော ပူဇာသက္ကာရကို မြင်တော်မူ၍ "ဤမျှလောက် ပူဇော်ခြင်းဖြင့် ငါဘုရားကို ရိုသေလေးမြတ် ဆည်းကပ်သည် မမည်။ အကြင်ဥပါသကာသည် ဓမ္မာနုဓမ္မပဋိပတ်ကို ကျင့်၏။ ထိုဥပါသကာသည် ငါဘုရားကို ပူဇော်လေးမြတ် ဆည်းကပ်သည် မည်၏"ဟု ဘုရားမိန့်တော်မူရာ–

ဓမ္မာနုဓမ္မပဋိပတ်-ဟူသည်ကား–

- (၅-ပါးသော ဝေရ, ၁၀-ပါးသော) ပါဏာတိပါတ, အဒိန္နာဒါန, မိစ္ဆာစာရ, မုသာဝါဒ, မိစ္ဆာဒိဋ္ဌိ၊ ဤ ၅-ပါးတို့ကို သောတာပန် ပယ်သည်။
- ပိသုဏာဝါစာ, ဖရုသဝါစာ, ဗျာပါဒ၊ ၃-ပါးတို့ကို အနာဂါမ် ပယ်သည်။
- သမ္ဖပ္ပလာပ, အဘိဇ္ဈာ၊ ၂-ပါးတို့ကို ရဟန္တာ ပယ်သည်။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌–

**အကုသလကမ္မပထေသု ပါဏာတိပါတော အဒိန္နာဒါနံ ကာမေသုမိစ္ဆာစာရော မုသာဝါဒေါ မိစ္ဆာဒိဋ္ဌီတိ ဣမေ ပထမဉာဏဝဇ္ဈာ။ ပိသုဏာဝါစာ ဖရုသဝါစာ ဗျာပါဒေါတိ တယော တတိယဉာဏဝဇ္ဈာ။ သမ္ဖပ္ပလာပါဘိဇ္ဈာ စတုတ္ထဉာဏဝဇ္ဈာ။-**

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (ဝိသုဒ္ဓိ၊ ၂။ ၃၂၆)

အကုသလကမ္မပထေသု၊ အကုသလကမ္မပထတရားတို့တွင်။ ပါဏာတိပါတော၊ လည်းကောင်း။ အဒိန္နာဒါနံ၊ လည်းကောင်း။ ကာမေသုမိစ္ဆာစာရော၊ လည်းကောင်း။ မုသာဝါဒေါ၊ လည်းကောင်း။ မိစ္ဆာဒိဋ္ဌိ၊ လည်းကောင်း။ ဣမေ ပဉ္စ၊ ဤ ၅-ပါးတို့ကို။ ပထမဉာဏဝဇ္ဈာ၊ သောတာပတ္တိမဂ်ဉာဏ်သည် ပယ်အပ်ကုန်၏။ ပိသုဏာဝါစာ၊ လည်းကောင်း။ ဖရုသဝါစာ၊ လည်းကောင်း။ ဗျာပါဒေါ၊ လည်းကောင်း။ ဣမေ တယော၊ ဤ ၃-ပါးတို့ကို။ တတိယဉာဏဝဇ္ဈာ၊ အနာဂါမိမဂ်ဉာဏ်သည် ပယ်အပ်ကုန်၏။ သမ္ဖပ္ပလာပါဘိဇ္ဈာ၊ သမ္ဖပ္ပလာပ, အဘိဇ္ဈာတို့ကို။ စတုတ္ထဉာဏဝဇ္ဈာ၊ အရဟတ္တမဂ်ဉာဏ်သည် ပယ်အပ်ကုန်၏။

တိကနိပါတ်၊ အင်္ဂုတ္တိုရ်၊ ဝိသာခု'ပေါသထသုတ်တွင်လည်း မုသာဝါဒကိုသာ ဟောတော်မူသည်။ ဓမ္မသင်္ဂဏီအဋ္ဌကထာတွင်လည်း မုသာဝါဒ-စသော ဝစီကံ ၄-ပါးတို့ကို အသီးအသီးပင် ဆောက်တည်၍ ကျင့်သင့်ကြောင်းကို-

**မုသာဝါဒါ ဝေရမဏီ'တိအာဒီနိ စတ္တာရိ သိက္ခာပဒါနိ ဝုတ္တနယေနေဝ ကာယာဒီဟိ ဂဏှန္တဿ ကုသလံ ဝစီကမ္မံ တီသု ဒွါရေသု သမုဋ္ဌာတိ။ –**

ဟု လာသည်။ (အဘိ႒၁။၁၃၇)

မုသာဝါဒါဝေရမဏီ, ပိသုဏာဝါစာဝေရမဏီ, ဖရုသဝါစာဝေရမဏီ, သမ္ဖပ္ပလာပါဝေရမဏီ၊ ဤသို့ အသီးအသီး တစ်ခုစီ ဒွါရ ၃-ပါးတွင် ၁-ပါးပါးဖြင့် ဆောက်တည်ရမည်ဟူလို။ ဤသို့ ကျမ်းဂန်အရကို ထောက်ဆနိုင်းညှိဆင်ခြင်လျှင် မဂ္ဂဝဇ္ဈ-အရာ၌လည်း ၁-ဌာန, ၁-ကိစ္စစီပင် ဖြစ်ကြ၏။ အင်္ဂါကို ခွေးချယ်စိစစ်ရာ၌လည်း–

- မုသာဝါဒမှာ ဝိသံဝါဒနပုရေက္ခာရ၊
- ဖရုသဝါစာမှာ အက္ကောသာဓိပ္ပါယ၊
- ပိသုဏာဝါစာမှာ ဘေဒနာဓိပ္ပါယ၊

ဤသို့ အဓိပ္ပါယ်လည်း ကွဲပြား၊ အင်္ဂါလည်း အခြားစီ ဖြစ်ကြ၍ "ပိသုဏာဝါစာ, ဖရုသဝါစာတို့ကို ပြောဆိုလျှင် မုသာဝါဒသိက္ခာပုဒ် ပျက်ရာ၏"ဆိုသော သူတို့သည် မိမိတို့ အလိုသဘောသာ။ ပါဠိ, အဋ္ဌကထာတို့နှင့်လည်း မလျော်သင့်၊ မထောက်ချင့် မစဉ်းမစား၊

အထောက်အထားမရှိဘဲ ဆိုသောစကားဖြစ်၍ ဖရုသဝါစာ, သမ္ဖပ္ပလာပဝါစာတို့ကို ပြောဆိုရာ မုသာဝါဒသိက္ခာပုဒ် မပျက် ယူရာ၏။

ဤတွင်ဓွေ့. ပိသုဏဝါစာ, ဖရုသဝါစာတို့ကို ပြောဆိုရာ မုသာဝါဒသိက္ခာပုဒ် ပျက်သင့်, မပျက်သင့်ကို ပြဆိုသော စကားရပ် အပြီးသတ်တည်း။

(၂) သုရာကို အဘယ်မျှလောက် သောက်လျှင် ကံထိုက်မည်ကို မေးလျှောက်သည်မှာ-

*[ဤကျမ်း၊ ဒုတိယတွဲ၊ ဒုတိယပိုင်း၊ ပုဒ်မ-၉၄၊ အပိုဒ် ၂-အတွက် အဖြေကို ပထမတွဲ(လုံးတော်)၊ စတုတ္ထပိုင်း၊ ပုဒ်မ-၆၀၊ အပိုဒ်-၅၊ စာမျက်နှာ ၄၅၂-တွင် ပါပြီးဖြစ်သည်။ ပြန်ရှုရန်။ ]*

(၃) မာတုရက္ခိတ-စသော မိန်းမ ၈-ယောက်တို့ကို စောင့်ရှောက်သူတို့မှာ ကာမေသုမိစ္ဆာစာရကံ ထိုက်, မထိုက်ကို မေးလျှောက်သည်မှာ- မာတုရက္ခိတ-အစ၊ ဉာတိရက္ခိတ-အဆုံးရှိသော ၆-ယောက်တို့မှာ လင်းပါးဖွယ် မရှိ။ ရက္ခိတပင် မဟုတ်သော်လည်း အဓမ္မ-ရာဂ, ဝိသမရာဂသာ ဖြစ်၏။

ဂေါတ္တရက္ခိတ, ဓမ္မရက္ခိတ ၂-ပါးတို့တွင်–

- ဂေါတ္တရက္ခိတ၌ တူသောအမျိုးအနွယ်ရှိသော မာယာကာရ, ကောဂဏပရိယာပန္န ဖြစ်သော ပုဂ္ဂိုလ်တို့ စောင့်ရှောက်၏။
- ဓမ္မရက္ခိတ၌ တစ်ယောက်သောဆရာထံ ပဏ္ဍရင်္ဂပရိဗ္ဗာဇကအဖြစ်ကို ယူသောသူတို့ စောင့်ရှောက်၏။

အမိ-အစရှိသော ၈-ယောက်ကုန်သော ဂေါပကပုဂ္ဂိုလ်တို့သည် ထိုသူတို့၏ ဖဿကို အစိုးရကုန်၏။ အမိ, အဘ အစရှိသည်တို့သျှည် မိမိတို့မှတပါး ဖဿကို ပိုင်သောသူ မရှိဘဲ ထို ၈-ယောက်တို့အား အလိုရှိတိုင်း ဖဿကို စံစားခြင်းငှာ စောင့်ရှောက်ကုန်၏။ စင်စစ်ကား သူတပါးတို့ မိစ္ဆာစာရအမှုကို မြစ်၍ ယောက်ျားတပါးသို့ သွားလာခြင်းကို စောင့်ရှောက်သတည်း။ ထို့ကြောင့် ဓမ္မသင်္ဂဏီအဋ္ဌကထာ၌–

မာတာဒယော တာသံ ဖဿေန ဣဿရာ။ မာတာဒယော ဟိ အတ္တနော ဖဿာနုဘဝနတ္ထံ အာရက္ခန္တိ၊ ကေဝလံ အနာစာရံ နိသေဓေန္တော တာသံ ပုရိသန္တရ-ဂမနံ ဝါရေတိ။

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

မာတာဒယော၊ အမိ-စသည်တို့သည်။ အတ္တနော၊ မိမိ၏။ ဖဿာနုဘဝနတ္ထံ၊ ဖဿကို အလိုရှိတိုင်း ခံစားစေခြင်းငှာ။ အာရက္ခန္တိ၊ စောင့်ရှောက်ကြကုန်၏။ ကေဝလံ၊ စင်စစ်။ အနာစာရံ၊ သူတပါးတို့ ယုတ်မာသော အမှုကို ပြုမည်ကို။ နိသေဓေန္တော၊ ဟန့်တားလျက်။ တာသံ၊ ထို ၈-ယောက်သောသူတို့အား။ ပုရိသန္တရဂမနံ၊ ယောကျ်ားတပါး၏ သွားလာခြင်းကို။ ဝါရေတိ၊ မြစ်၏။

ဤသို့ မြစ်၍ မာတုရက္ခိတ-စသောသူ ၈-ယောက်တို့ကို စောင့်ရှောက်သောသူတို့မှာ မိမိတို့ပင် ထိုသူတို့၏ ဖဿကို အစိုးရသည်ဖြစ်၍ ကာမေသုမိစ္ဆာစာရအင်္ဂါ ပျက်ကင်းလေရကား ဂေါပကပုဂ္ဂိုလ်တို့မှာ ကာမေသုမိစ္ဆာစာရကံ မထိုက်။

ကာမေသုမိစ္ဆာစာရကံ ထိုက်သည် ဆိုသည်မှာ အရှင်ရှိသော သာမိကသန္တကဖဿကို ခိုးယူသင့်နေမှသာ ကာမေသုမိစ္ဆာစာရကံ ထိုက်သည်။ လင်ရှိမယားကို သွားလာလျှင် သူတပါး အစိုးရသော ဖဿကို ခိုးသည်။ လင်ရှိမယား သူတပါးတို့နှင့် သွားလာလျှင် မိမိအစိုးရလင်၏ ဖဿကို ခိုး၏။ လင်ရှိမယား၏ ဖဿကို မိမိလင်ဖြစ်သော ယောကျ်ားပင် အစိုးရ၏။ လင်ရှိမယားတို့မှာလည်း မိမိတို့၏ ဖဿကို မိမိတို့ လင်ယောကျ်ားပင် အစိုးရ၏။ ဤသို့ မှတ်။

*(ဤအဆုံးအဖြတ်သည် သာရတ္ထဆုံးဖြတ်ချက်နှင့် လုံးဝဆန့်ကျင်၏။ ဆုံးဖြတ်ချက်နှင့် ပါဠိမှန်ကို (သာရတ္ထ၊၂။၂၃၈။) သဒ္ဓရိတ္တသိက္ခာပုဒ်အဖွင့်၌ ရှု။)*

**ဤတွင်ဧွ မာတုရက္ခိတ-စသောသူ ၈-ယောက်တို့၌ ဂေါပကပုဂ္ဂိုလ်တို့က သွားလာရာ ကာမေသုမိစ္ဆာစာရ ဖြစ်သင့်, မဖြစ်သင့်ကို ပြဆိုသော စကားရပ် အပြီးသတ်တည်း။**

(၄) နွားသင်းကွပ်သောသူတို့မှာ အဘယ်ကံ ထိုက်မည်ကို မေးလျှောက်သည်မှာ-

နွားတို့၏ ဗီဇကို ထုတ်၍ နှိပ်စက်ညှဉ်းဆဲခြင်းကို ပြုသောသူသည် ဝိဟိံသလက္ခဏာ ဝိဟိံသာသဘော ရှိ၏။ ဝိဟိံသာ-ဟူသည် သူတပါးတို့ကို သတ်အံ့, ညှဉ်းဆဲအံ့-ဟူသော ဒေါသစေတနာနှင့်ယှဉ်သော ဝိတက်တည်း။ ထိုစကား မှန်၏။

ခပ်သိမ်းသော မကောင်းမှု-ဟူသမျှသည် အပါယဂမနီယ, အဓောဘာဂဂမနီယ သဘောရှိသည်သာတည်း။ ထို့ကြောင့် ဝိဟိံသကသည် အပါယဂမနီယ, အဓောဘာဂဂမနီယ ဖြစ်သကဲ့သို့ ဝိဟိံသကမှ ကြဉ်သော အဝိဟိံသကသည် ဥပရိဘာဂဂမနီယ ဖြစ်၏။

ထို့ကြောင့် မြတ်စွာဘုရားသည် မူလပဏ္ဏာသ၊ မူလပရိယာယဝဂ်အစု၊ ၈-ခုမြောက်သော သလ္လေခသုတ်ပါဠိတော်၌-

**သေယျထာပိ စုန္ဒ ယေ ကေစိ အကုသလာ ဓမ္မာ၊ သဗ္ဗေ တေ အဓောဘာဂင်္ဂမနီ-ယာ။ ယေ ကေစိ ကုသလာ ဓမ္မာ၊ သဗ္ဗေ တေ ဥပရိဘာဂင်္ဂမနီယာ။ ဧဝ မေဝ ခေါ စုန္ဒ ဝိဟိံသကဿ ပုရိသပုဂ္ဂလဿ အဝိဟိံသာ ဟောတိ ဥပရိဘာဂါယ။**

ဟူ၍ ဟောတော်မူသည်။ (မ၁။၅၄)

စုန္ဒ၊ စုန္ဒရဟာန်း။ ယေ ကေစိ၊ ခပ်သိမ်းကုန်သော။ အကုသလာ၊ အကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာ၊ သဘောတရားတို့သည်။ သန္တိ၊ ရှိကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေ ဓမ္မာ၊ ထိုတရားတို့သည်။ အဓောဘာဂင်္ဂမနီယာ သေယျထာပိ၊ အောက်အဖို့သို့သာ လားတတ်ကုန်သကဲ့သို့။ စုန္ဒ၊ စုန္ဒရဟာန်း။ ယေ ကေစိ၊ ခပ်သိမ်းကုန်သော။ ကုသလာ၊ ကုသိုလ်ဖြစ်ကုန်သော။ ဓမ္မာ၊ သဘောတရားတို့သည်။ သန္တိ၊ ရှိကုန်၏။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ တေ ဓမ္မာ၊ ထိုတရားတို့သည်။ ဥပရိဘာဂင်္ဂမနီယာ၊ အထက်အဖို့သို့သာ လားတတ်ကုန်၏။ စုန္ဒ၊ စုန္ဒရဟာန်း။ ဧဝ မေဝ ခေါ၊ ဤအတူသာလျှင်။ ဝိဟိံသကဿ၊ ညှဉ်းဆဲတတ်သော။ ပုရိသပုဂ္ဂလဿ၊ ယောကျ်ားဖြစ်သော ပုဂ္ဂိုလ်အား။ အဝိဟိံသာ၊ မညှဉ်းဆဲခြင်းသည်။ ဥပရိ-ဘာဂါယ၊ အထက်အဖို့၌ ဖြစ်ခြင်းငှာ။ ဟောတိ၊ ဖြစ်၏။

ထိုပါဠိတော်၌ သူတပါးတို့ကို ညှဉ်းဆဲခြင်း ဝိဟိံသကသည် အဓောဘာဂင်္ဂမနီယ သဘောရှိ၏။ သူတပါးတို့ကို မညှဉ်းဆဲခြင်း အဝိဟိံသကသည် ဥပရိဘာဂင်္ဂမနီယသဘော ရှိ၏-ဟူလို။ ဝိဟိံသက-ဟူသည် လက်ဝါးဖြင့်လည်းကောင်း ဒုတ်, လှင်ကန်, ကျောက်, အုတ်ခဲ-စသည်တို့ဖြင့်လည်းကောင်း ညှဉ်းဆဲခြင်း-ဟူသမျှသည် ဝိဟိံသက-မည်၏။

ထို့ကြောင့် မူလပဏ္ဏာသ၊ သလ္လေခသုတ် အဖွင့်အဋ္ဌကထာ(မဋ္ဌ၁။၁၉၁)၌–

ဝိဟိံသကာ ဘဝိဿန္တီတိ ပါဏိနာ ဝါ လေဍ္ဍုဒဏ္ဍာဒီဟိ ဝါ သတ္တာနံ ဝိဟေသကာ ဘဝိဿန္တိ။ –

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဝိဟိံသကာ ဘဝိဿန္တီတိ၊ ဝိဟိံသကာ ဘဝိဿန္တိ-ဟူသည်ကား။ ပါဏိနာ ဝါ၊ လက်ဝါးဖြင့်လည်းကောင်း။ လေဍ္ဍုဒဏ္ဍာဒီဟိ ဝါ၊ ကျောက်, အုတ်ခဲ, ဒုတ်, လှင်ကန်-စသည်တို့ဖြင့်လည်းကောင်း။ သတ္တာနံ၊ သတ္တဝါတို့ကို။ ဝိဟိံသကာ၊ ညှဉ်းဆဲတတ်ကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။

ထိုဝိဟိံသသည် ညှဉ်းဆဲခြင်းလက္ခဏာ ရှိ၏။ တနည်းလည်း ကရုဏာ၏ ဆန့်ကျင်ဘက် လက္ခဏာ ရှိ၏။ သူတပါးတို့၏ သန္တာန်၌ ထိတ်လန့်ခြင်းကို ပြုခြင်းကိစ္စ ရှိ၏။

တစ်နည်းလည်း မိမိသန္တာန်၌ ကရုဏာကို ဖျက်ဆီးခြင်းကိစ္စ ရှိ၏။ ဒုက္ခ၏အကြောင်း၏ အဖြစ်လျှင် ဉာဏ်အား ရှေ့ရှုထင်၏။ ဒေါသလျှင် နီးစွာသောအကြောင်း ရှိ၏။

ထို့ကြောင့် သမ္မောဟဝိနောဒနီမည်သော ဝိဘင်းအဋ္ဌကထာ(နှာ-၇၀)၌–

**ဝိဟိံသန္တိ ဧတာယ သတ္တေ, ဝိဟိံသနံ ဝါ ဧတံ သတ္တာနန္တိ ဝိဟိံသာ။ သာ ဝိဟေဌနလက္ခဏာ။ ကရုဏာပဋိပက္ခလက္ခဏာ ဝါ။ ပရသန္တာနေ ဥဗ္ဗေဂဇနနရသာ၊ သကသန္တာနေ ကရုဏာဝိဒ္ဓံသနရသာ ဝါ။ ဒုက္ခာယတနပစ္စုပဋ္ဌာနာ။ ပဋိဃပဒဋ္ဌာနာ။**

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဧတာယ၊ ထိုသဘောတရားဖြင့်။ သတ္တေ၊ သတ္တဝါတို့ကို။ ဝိဟိံသန္တိ၊ ညှဉ်းဆဲတတ်ကုန်၏။ ဝါ၊ တနည်းကား။ ဧတံ၊ ထိုသဘောတရားသည်။ သတ္တာနံ၊ သတ္တဝါတို့ကို။ ဝိဟိံသနံ၊ ညှဉ်းဆဲခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဝိဟိံသာ၊ ဝိဟိံသာမည်၏။ သာ၊ ထိုဝိဟိံသာသည်။ ဝိဟေဌနလက္ခဏာ၊ ညှဉ်းဆဲခြင်းလက္ခဏာ ရှိ၏။ ဝါ၊ တစ်နည်းကား။ ကရုဏာပဋိပက္ခလက္ခဏာ၊ ကရုဏာ၏ ဆန့်ကျင်ခြင်းလက္ခဏာ ရှိ၏။ ပရသန္တာနေ၊ သူတပါးတို့၏ သန္တာန်၌။ ဥဗ္ဗေဂဇနနရသာ၊ ထိတ်လန့်ခြင်းကို ဖြစ်စေခြင်းကိစ္စ ရှိ၏။ ဝါ၊ တစ်နည်းကား။ သကသန္တာနေ၊ မိမိ၏သန္တာန်၌။ ကရုဏာဝိဒ္ဓံသနရသာ၊ ကရုဏာကို ဖျက်ဆီးခြင်းကိစ္စ ရှိ၏။ ဒုက္ခာယတနပစ္စုပဋ္ဌာနာ၊ ဒုက္ခ၏ အကြောင်း၏အဖြစ်လျှင် ဉာဏ်အား ရှေ့ရှုထင်သော အခြင်းအရာ ရှိ၏။ ပဋိဃပဒဋ္ဌာနာ၊ ဒေါသလျှင် နီးစွာသောအကြောင်း ရှိ၏။

ဝိဟိံသ-ဟူသည် ကရုဏာ၏ ဆန့်ကျင်ဘက်ဖြစ်သော အကုသိုလ်စေတနာကို ယူ။ ထို့ကြောင့် တိကနိပါတ်၊ အင်္ဂုတ္တိုရ်အဋ္ဌကထာ၊ ဝိဟိံသဝိတက္ကအဖွင့်ဋီကာ၌–

ပရေသံ ဝိဟေဌနာကာရေန ပဝတ္တသ ကရုဏာပဋိပက္ခသ ပါပဓမ္မဿေ'တံ အဓိဝစနံ။

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (အံ၊ဋီ၊၂။၁၉၉)

ဧတံ၊ ဤဝိဟိံသ-ဟူသော အမည်သည်။ ပရေသံ၊ သူတပါးတို့ကို။ ဝိဟေဌနာကာရေန၊ ညှဉ်းဆဲသော အခြင်းအရာဖြင့်။ ကရုဏာပဋိပက္ခဿ၊ ကရုဏာတရားကို ပယ်တတ်သော။ ပါပဓမ္မဿ၊ အကုသိုလ်တရား၏။ အဓိဝစနံ၊ အမည်တည်း။

ဝိဟိံသမှ ပြန်သောအားဖြင့် ကရုဏာသည် ဒုက္ခကို ပယ်သောအားဖြင့် ဖြစ်ခြင်း လက္ခဏာရှိ၏။ သူတပါးတို့၏ ဒုက္ခကို မြင်လျှင် သည်းမခံနိုင်ခြင်းကိစ္စ ရှိ၏။ မညှဉ်းဆဲခြင်း လျှင် ထင်သောအကျိုး ရှိ၏။ ဒုက္ခဖြင့် နှိပ်စက်သောသူတို့၏ ကိုးကွယ်ရာမရှိသော အဖြစ် လျှင် နီးစွာသောအကြောင်း ရှိ၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်၊ ဗြဟ္မဝိဟာရနိဒ္ဒေသအဋ္ဌကထာ(ဝိသုဒ္ဓိ၊၁။၃၁၁)၌—

**ဒုက္ခာပနယနာကာရလက္ခဏာ ကရုဏာ၊ ပရဒုက္ခာသဟနရသာ။ အဝိဟိံသာ- ပစ္စုပဋ္ဌာနာ၊ ဒုက္ခာဘိဘူတာနံ အနာထဘာဝဒဿနပဒဋ္ဌာနာ။**

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ကရုဏာ၊ ကရုဏာသည်။ ဒုက္ခာပနယနာကာရလက္ခဏာ၊ ဒုက္ခကို ပယ်ခြင်း လက္ခဏာ ရှိ၏။ ပရဒုက္ခာသဟနရသာ၊ သူတပါးတို့၏ ဒုက္ခကို သည်းမခံနိုင်ခြင်း ကိစ္စရှိ၏။ အဝိဟိံသာပစ္စုပဋ္ဌာနာ၊ မညှဉ်းဆဲခြင်းလျှင် ထင်သောအခြင်းအရာ ရှိ၏။ ဝါ၊ ထင်သော အကျိုးရှိ၏။ ဒုက္ခာဘိဘူတာနံ၊ ဒုက္ခဖြင့် နှိပ်စက်ကုန်သောသူတို့၏။ အနာထဘာဝဒဿန- ပဒဋ္ဌာနာ၊ ကိုးကွယ်ရာမရှိသောအဖြစ်ကို ရှုခြင်းလျှင် နီးစွာသောအကြောင်း ရှိ၏။

ဝိဟိံသ၏ ငြိမ်းခြင်းသည် ကရုဏာ၏ ပြည့်စုံခြင်းတည်း။

သောက၏ ဖြစ်ခြင်းသည် ကရုဏာ၏ ပျက်စီးခြင်းတည်း။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်၊ ဗြဟ္မဝိဟာရနိဒ္ဒေသအဋ္ဌကထာ(ဝိသုဒ္ဓိ၊၁။၃၁၁)၌—

**"ဝိဟိံသူ'ပသမော တဿာ သမ္ပတ္တိ၊ သောကသမ္ဘဝေါ ဝိပတ္တိ"**

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဝိဟိံသူပသမော၊ ဝိဟိံသစိတက်၏ ငြိမ်းခြင်းသည်။ တဿာ၊ ထိုကရုဏာ၏။ သမ္ပတ္တိ၊ ပြည့်စုံခြင်းတည်း။ သောကသမ္ဘဝေါ၊ သောက၏ ဖြစ်ခြင်းသည်။ တဿာ၊ ထိုကရုဏာ၏။ ဝိပတ္တိ၊ ပျက်စီးခြင်းတည်း။

ထိုဝိဟိံသာဝိတက်သည် သဒ္ဒါရတို့၌ မဖြစ်။ အဘယ်ကြောင့်နည်းဟူမူ ဆင်းရဲစေ အပ်သောဝတ္ထု မရှိသောကြောင့်တည်း။ ထိုစကား မှန်၏။ "ဤသတ္တဝါသည် သေစေသ တည်း၊ ပြတ်စေသတည်း၊ ပျက်စီးစေသတည်း၊ မဖြစ်ဘဲသော်လည်း ရှိစေသတည်း" ဤသို့- စသည် ကြံသောကာလ၌ သတ္တဝါတို့၌သာ ဝိဟိံသာဝိတက် ဖြစ်၏။

ထို့ကြောင့် သုပ္ပါဝေယျအဋ္ဌကထာ(ဒီ၊ဌ၊၃။၁၆၈)၌–

**ဝိဟိံသာဝိတက္ကော သခိ်ရေသု နု'ပ္ပဇ္ဇတိ။ သခိ်ရေသု ဟိ ဒုက္ခာပေတဗ္ဗော နာမ နတ္ထိ။ ဣမေ သတ္တာ ဟညန္တု ဝါ ဥစ္ဆိဇ္ဇန္တု ဝါ ဝိနဿန္တု ဝါ မာ ဝါ အဟေသုန္တိ စိန္တနကာလေ ပန သတ္တေသု ဥပ္ပဇ္ဇတိ။–**

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဝိဟိံသာဝိတက္ကော၊ သူတပါးတို့ကို ညှဉ်းဆဲလိုသော ဝိဟိံသာဝိတက်သည်။ သခိ်ရေသု၊ သခိ်ရတို့၌။ န ဥပ္ပဇ္ဇတိ၊ မဖြစ်။ ဟိ သစ္စံ၊ ထိုစကား မှန်၏။ သခိ်ရေသု၊ သခိ်ရတို့၌။ ဒုက္ခာပေတဗ္ဗော နာမ၊ ဆင်းရဲစေအပ်သည်မည်သည်။ နတ္ထိ၊ မရှိ။ ဣမေ သတ္တာ၊ ဤသတ္တဝါတို့သည်။ ဟညန္တု ဝါ၊ သတ်၍မူလည်း သေစေကုန်သတည်း။ ဥစ္ဆိဇ္ဇန္တု ဝါ၊ ဖြတ်၍မူလည်း ဖြတ်စေကုန်သတည်း။ ဝိနဿန္တု ဝါ၊ ပျက်စီးမူ၍လည်း ပျက်စီးစေကုန်သတည်း။ မာ ဝါ အဟေသုံ၊ မဖြစ်မူလည်း မဖြစ်စေကုန်သတည်း။ ဣတိ၊ ဤသို့။ စိန္တနကာလေ ပန၊ ကြံသော အခါ၌ကား။ သတ္တေသု၊ သတ္တဝါတို့၌။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဤအဋ္ဌကထာဖြင့် ဝိဟိံသာဝိတက်၏ အာရုံကို ပြသည်။ ထိုဝိဟိံသာဝိတက်သည် ကမ္မပထမြောက်ခြင်းကို ဖြစ်စေတတ်၏။ ထို့ကြောင့် ဓာတုဝိဘင်းပါဠိတော်၌–

**ကတမာ ဝိဟိံသာဓာတု၊ ဝိဟိံသာပဋိသံယုတ္တော တက္ကော ဝိတက္ကော ။လ။ မိစ္ဆာသင်္ကပ္ပော။ အယံ ဝုစ္စတိ ဝိဟိံသာဓာတု။**

**ဣဓေ'ကစ္စော ပါဏိနာ ဝါ လေဍ္ဍုနာ ဝါ ဒဏ္ဍေန ဝါ၊ သတ္ထေန ဝါ ရဇ္ဇုယာ ဝါ အညတရညတရေန သတ္တေ ဝိဟေဌေတိ။ ယာ ဧဝရူပါ ဟေဌနာ ဝိဟေဌနာ ။လ။ ပရူပဃာတော။ အယံ ဝုစ္စတိ ဝိဟိံသာဓာတု။**

ဟူ၍ ဟောတော်မူသည်။ (အဘိ၊ဝိ။၈၈)

ဝိဟိံသာဓာတု၊ ဝိဟိံသာဓာတ်သည်။ ကတမာ၊ အဘယ်နည်း။ ဝိဟိံသာပဋိသံယုတ္တော၊ ဝိဟိံသာနှင့် ယှဉ်သော။ တက္ကော၊ ကြံခြင်းသည်။ ဝိတက္ကော၊ အထူးသဖြင့် ကြံခြင်းသည် ။လ။ မိစ္ဆာသင်္ကပ္ပော၊ ဖောက်ပြန်သော အကြံသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤဖောက်ပြန်သော အကြံကို။ ဝိဟိံသာဓာတု၊ ဝိဟိံသာဓာတ်မည်၏-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

*(ဤဝါကျဖြင့်ကား မနောဒွါရ၌ သက်သက်ဖြစ်သော ဝိဟိံသာကို ပြသည်။)*

ဣဓ၊ ဤလောက၌။ ဧကစ္စော၊ အချို့သောသူသည်။ ပါဏိနာ ဝါ၊ လက်ဝါးဖြင့်လည်း ကောင်း။ လေဍ္ဍုနာ ဝါ၊ ခဲဖြင့်လည်းကောင်း။ ဒဏ္ဍေန ဝါ၊ လှင်ကန်ဖြင့်လည်းကောင်း။

သတ္တေန ဝါ၊ ခားဖြင့်လည်းကောင်း။ ရဇ္ဇုယာ ဝါ၊ ကြိုးဖြင့်လည်းကောင်း။ အညတရညတ-ရေန၊ တပါးပါးဖြင့်။ သတ္တေ၊ သတ္တဝါတို့ကို။ ဝိဟေဌေတိ၊ ညှဉ်းဆဲ၏။ ဝေရူပံ၊ ဤသို့သဘောရှိသော။ ယာ ဟေဌနာ၊ အကြင်ညှဉ်းဆဲခြင်းသည်။ ယာ ဝိဟေဌနာ၊ အကြင်အထူးသဖြင့် ညှဉ်းဆဲခြင်းသည် ။လ။ ယော ပရူပဃာတော၊ အကြင်သူတပါးတို့အားသတ်ဖြတ်ခြင်းသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤသို့ ညှဉ်းဆဲသတ်ဖြတ်ခြင်းကို။ ဝိဟိံသာဓာတု၊ ဝိဟိံသာဓာတ်-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤဝါကျဖြင့် ဝိညတ်နှင့်တကွ ဝိဟိံသာဖြစ်သည်ကို ပြသည်။ ထိုဝိဟိံသာဝိတက်ဖြင့် ကမ္မပထဘေဒကို ယထာရဟမြောက်ထိုက်သည်အားလျော်စွာ ယူအပ်၏။

ထို့ကြောင့် ဂုဏ်းအဖွင့်မူလဋီကာ၌–

**ဝိဟိံသာယ ဝိဟိံသာဓာတုယာ စ ဗျာပါဒဝသေန ယထာသမ္ဘဝံ ပါဏာတိပါတာ-ဒိဝသေန ကမ္မပထဘေဒေါ ယောဇေတဗ္ဗော။ –**

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (မူလဋီ၊၂။၄၅)

ဝိဟိံသာဓာတုယာ စ၊ ဝိဟိံသာဓာတ်၏လည်း။ ဗျာပါဒဝသေန၊ ဗျာပါဒ၏ အစွမ်းဖြင့်။ ယထာသမ္ဘဝံ၊ ဖြစ်သင့်သည်အားလျော်စွာ။ ပါဏာတိပါတာဒိဝသေန၊ ပါဏာတိပါတအစရှိသည်တို့၏ အစွမ်းဖြင့်။ ကမ္မပထဘေဒေါ၊ ခမ္မပထအထူးကို။ ယောဇေတဗ္ဗော၊ ယှဉ်အပ်၏။

ဤဋီကာပါဌ်တွင် "ယထာသမ္ဘဝံ ပါဏာတိပါတာဒိဝသေန"၌ အာဒိ-သဒ္ဒါဖြင့် အဒိန္နာဒါန, မုသာဝါဒ, ပိသုဏဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပတို့ကို ပေါင်း၏။

ထို့ကြောင့် အနုဋီကာ(အနုဋီ၊၂။၅၄)၌–

ယထာသမ္ဘဝံ ပါဏာတိပါတာဒိဝသေနာတိ အာဒိသဒ္ဒေန အဒိန္နာဒါန မုသာဝါဒ ပိသုဏဝါစာ ဖရုသဝါစာ သမ္ဖပ္ပလာပေ သင်္ဂဏှာတိ။ –

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ယထာသမ္ဘဝံ ပါဏာတိပါတာဒိဝသေနာတိ ဧတ္ထ၊ ယထာသမ္ဘဝံ ပါဏာတိပါတာဒိဝသေန-ဟူသော ဤမူလဋီကာပါဌ်၌။ အာဒိသဒ္ဒေန၊ အာဒိသဒ္ဒါဖြင့်။ အဒိန္နာဒါနမုသာဝါဒ ပိသုဏဝါစာ ဖရုသဝါစာ သမ္ဖပ္ပလာပေ၊ အဒိန္နာဒါန, မုသာဝါဒ, ပိသုဏဝါစာ, ဖရုသဝါစာ, သမ္ဖပ္ပလာပတို့ကို။ သင်္ဂဏှာတိ၊ ပေါင်း၏။

ဤဋီကာပါဌ်ဖြင့် ဝိဟိံသ၏ သဘောကို ပြသည်။ ဤသို့ ဖြစ်၍ ဝိဟိံသာသည် ဒုစရိုက် ၇-ပါးတို့ကို ဖြစ်စေ၏။ ဗီဇုဒ္ဓရဏ၏ ကမ္မပထ မြောက်, မမြောက်ဆိုသည်မှာ–

**အင်္ဂါနှင့် ပြည့်စုံလျှင် ကမ္မပထလည်း မည်၏၊ ဒုစရိုက်လည်း မည်၏။ အင်္ဂါနှင့် မပြည့်စုံလျှင် ဒုစရိုက်သာ မည်သည်၊ ကမ္မပထ မမည်။ တနည်းလည်း အင်္ဂါနှင့် ပြည့်စုံလျှင် ကမ္မပထလည်း မည်၏၊ ကံလည်း မည်၏။ အင်္ဂါနှင့် မပြည့်စုံလျှင် ကံသာ မည်သည်၊ ကမ္မပထ မမည်။**

ကမ္မပထမည်သော အကုသိုလ်သည် ဧကန် အပါယ်ပဋိသန္ဓေကို ပေးနိုင်၏။ **ကမ္မပထ မမြောက်သော ကံသည် သုတ္တန်နည်းအားဖြင့် ဥပတ္ထမ္ဘက ဖြစ်၏။ အဘိဓမ္မာနည်းအားဖြင့် ပကတူပ-ဖြစ်၏။**

ထို့ကြောင့် ပဋ္ဌိသမ္ဘိဒါမဂ်အဋ္ဌကထာ(ပဋိသံ၊ဋ္ဌ၁။၂၇၇။ ထောက် ဝိသဒိသံ)၌–

**ယေ ပန အကုသလာ ပဋိသန္ဓိဇနကဘာဝေန ကမ္မပထာတိ ဝုတ္တာ။ ဝုတ္တာဝသေသာ ပဋိသန္ဓိဇာနနေ အနေကန္တိကတ္တာ ကမ္မပထာတိ န ဝုတ္တာ။**

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ယေ ပန အကုသလာ၊ အကြင်အကုသိုလ်တို့ကို။ ပဋိသန္ဓိဇနကဘာဝေန၊ ပဋိသန္ဓေကို ဧကန်မုချ ပေးသည်၏အဖြစ်ဖြင့်။ ကမ္မပထာတိ၊ ကမ္မပထ-ဟူ၍။ ဝုတ္တာ၊ ဆိုအပ်ကုန်၏။ ဝုတ္တာဝသေသာ၊ ကမ္မပထ-ဆိုရသည်မှ ကြွင်းသော အကုသိုလ်တို့ကို။ ပဋိသန္ဓိဇာနနေ၊ ပဋိသန္ဓေကို ဖြစ်စေခြင်း၌။ အနေကန္တိကတ္တာ၊ ဧကန်မုချ မဆိုရသည်၏ အဖြစ်ကြောင့်။ ကမ္မပထာတိ၊ ကမ္မပထ-ဟူ၍။ န ဝုတ္တာ၊ မဆိုအပ်ကုန်။

ဤသို့ ကျမ်းဂန်လာသောကြောင့် ကျွဲ, နွား, ဆိတ်, ဝက်-စသည်တို့ကို ဒုတ်, လက်နက်-စသည်ဖြင့် နာကျင်ပြင်းပြစွာ ဒုက္ခဝေဒနာကို ဖြစ်စေလျက် ရိုက်နှက်ပုတ်ခတ် နှိပ်စက်၍ ဗီဇကို ထုတ်သော အကုသိုလ်သည် ကမ္မပထပင် မမြောက်သော်လည်း ဥပတ္ထမ္ဘက, **ပကတူပ-ဖြစ်၍ အပါယ်ပဋိသန္ဓေကို ပေးနိုင်၏-ဟု မှတ်ရာ၏။**

မနောကံ ၃-ပါးတို့တွင် အဘိဇ္ဈာသည် ကမ္မပထမြောက်သော်လည်း နာနက္ခဏိက ပစ္စည်း မတပ်၊ စေတနာသာ နာနက္ခဏိကပစ္စည်း တပ်၏။ အဘိဇ္ဈာသည် ပကတူပဖြစ်၏။ ဗျာပါဒ, မိစ္ဆာဒိဋ္ဌိတို့၌လည်း နည်းတူ။ အချို့သောသူတို့က ကျွဲ, နွား, ဆိတ်, ဝက်တို့ကို နှိပ်စက်၍ ပြုသော ဗီဇုဒ္ဓရဏကံကို အပြစ်မရှိ။ အကျိုးပင် ရဦးမည်ကဲ့သို့ ပြောဆိုကြ၏၊ မသင့်။ ပရမတ္ထသဘာဝကို နေရာကျ မရိပ်မိ,မသိ၍သာ ဆိုရှာပလေသည် မှတ်ရမည်။

**ဤတွင်ရွေ့ ဗီဇုဒ္ဓရဏ၏ သာဝဇ္ဇ,အနဝဇ္ဇကို ပြဆိုသောစကားရပ် အပြီးသတ်တည်း။**

(၅) အပရာပရိယကံသည် ကံတပါးမကူဘဲ မိမိချည်း အကျိုးပေးနိုင်မည်, မပေးနိုင်မည်ကို မေးလျှောက်သည်မှာ–

ဂရုက'မာသန္န'မာစိဏ္ဏကဋတ္တာကမ္မဉ္စေတိ ပါကဒါနပရိယာယေန၊ အရှင်အနုရုဒ္ဓါ မှာတော်မူသည့်အတိုင်း ပါကဒါနကံ ၄-ပါးတို့တွင်–

- ဂရုကံ ရှေးဦးစွာ အကျိုးပေး၏။
- ဂရုကံ မရှိသော် အာသန္နကံ အကျိုး ပေး၏။
- အာသန္နကံ မရှိသော် အာစိဏ္ဏကံ အကျိုးပေး၏။
- အာစိဏ္ဏကံ မရှိသော် ကဋတ္တာကံ အကျိုးပေး၏။

ထို့ကြောင့် ပါကဒါန-ဆိုသည်။ သုတ်အဋ္ဌကထာ, အဘိဓမ္မာဝတာရတို့ အလိုကား–

- ဂရုကံ မရှိသော် အာစိဏ္ဏကံ အကျိုးပေး၏။
- အာစိဏ္ဏကံ မရှိသော် အာသန္နကံ အကျိုးပေး၏။

ဤသို့ ဝါဒကွဲပြားကြသည်။

*[ဤကျမ်း၊ ဒုတိယတွဲ၊ ဒုတိယပိုင်း၊ ပုဒ်မ-၉၄၊ အပိုဒ် ၅-အတွက် အဖြေကို ပထမတွဲ(လုံးတော်) တတိယပိုင်း၊ ပုဒ်မ-၅၁၊ စာမျက်နှာ ၃၄၈-တွင် ပါပြီးဖြစ်သည်။ ပြန်ရှုရန်။ ]*

ဤသို့ ခပ်သိမ်းသော အဋ္ဌကထာ, ဋီကာတို့၌ပင် ပါကကာလ၏ အစွမ်းဖြင့် အလယ်ဇော ၅-ချက် စေတနာသည် အပရာပရိယကံ၊ ပါကဒါနအစွမ်းဖြင့် ကဋတ္တာကံ-ဟု အမည်ထူးတစ်ခုကို ရ၍ အခွင့်ရသဖြင့် အကျိုးပေးနိုင်သောကံ၏ အဖြစ်ကို ပြလျက် ကံတပါး ကူမှသာ အကျိုးပေးနိုင်မည်-ဟု ကြံစည်ယူဆ၍ ဆိုသောသူတို့သည် မိမိတို့ သဘောသာ တည်း-ဟု မှတ်ရာ၏

ဤတွင်ခွေ့ အပရာပရိယဝေဒနီယကံသည် ကံတပါး မထောက်မကူဘဲ မိမိအလို အလျောက်ပင် အကျိုးပေးနိုင်မည်, မပေးနိုင်မည်ကို ပြဆိုသော စကားရပ် အပြီးသတ်တည်း။

(၆) အဘိဇ္ဈာမနောကံသည် အဘယ်သို့ဖြစ်မှ မနောကံ ဆိုထိုက်မည်ကို မေးလျှောက် သည်မှာ–

သူတပါးတို့၏ စည်းစိမ်၌ တပ်တတ်သော လောဘအထူးသည် အဘိဇ္ဈာ မည်၏။ ထိုအဘိဇ္ဈာ-ဟူသောအမည်ကို ရသော လောဘစေတသိက်သည် သူတပါးတို့၏ ဥစ္စာကို မိမိတို့စိတ်ဖြင့် ညွတ်ခြင်းလက္ခဏာ ရှိ၏။ ရှာမှီးသည်၏ အဖြစ်တည်းဟူသော ကိစ္စ ရှိ၏။

သူတပါးတို့၏ စည်းစိမ်ဥစ္စာတို့ကို ရှေးရှုသည်၏အဖြစ်လျှင် ထင်သော အခြင်းအရာ ရှိ၏။ သူတပါးတို့၏ စည်းစိမ်ဥစ္စာတို့၌ အလွန်မွေ့လျော်ခြင်းလျှင် နီးစွာသော အကြောင်းရှိ၏။ ထို့ကြောင့် ဓမ္မသင်္ဂဏီအဋ္ဌကထာ(နှာ-၂၉၁)၌—

**သာ ပရသမ္ပတ္တီနံ သကကရဏဣစ္ဆာလက္ခဏာ၊ တေနာကာရေန ဧသနဘာဝရသာ။ ပရသမ္ပတ္တိအဘိမုခဘာဝပစ္စုပဋ္ဌာနာ။ ပရသမ္ပတ္တီသု အဘိရတိပဒဋ္ဌာနာ။**

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

သာ၊ ထိုအဘိဇ္ဈာသည်။ ပရသမ္ပတ္တီနံ၊ သူတပါးစည်းစိမ်တို့ကို။ သကကရဏဣစ္ဆာလက္ခဏာ၊ မိမိစည်းစိမ်ပြုခြင်းငှာ အလိုရှိခြင်းလက္ခဏာ ရှိ၏။ တေနာကာရေန၊ ထိုသို့သော အခြင်းအရာဖြင့်။ ဧသနဘာဝရသာ၊ ရှာမှီးသည်၏ အဖြစ်တည်း-ဟူသော ကိစ္စရှိ၏။ ပရသမ္ပတ္တိအဘိမုခဘာဝပစ္စုပဋ္ဌာနာ၊ သူတပါးတို့၏ စည်းစိမ်ကို ရှေးရှုသောအဖြစ်လျှင် ထင်သော အခြင်းအရာရှိ၏။ ပရသမ္ပတ္တီသု၊ သူတပါးတို့၏ စည်းစိမ်ဥစ္စာတို့၌။ အဘိရတိပဒဋ္ဌာနာ၊ မွေ့လျော်ခြင်းလျှင် နီးစွာသောအကြောင်းရှိ၏။

ထိုအဘိဇ္ဈာသည် သူတပါးတို့၏ စည်းစိမ်ကို ရှေးရှုဖြစ်၍သာ တည်၏။ သူတပါးတို့၏ စည်းစိမ်၌ မွေ့လျော်ခြင်းရှိသော် အဘိဇ္ဈာဖြစ်၏။ သူတပါးတို့၏ စည်းစိမ်ကို ယူအံ့-ဟု လက်ကို ဆန့်သကဲ့သို့ စိတ်ဖြစ်သည်-ဟူလို။ ထို့ကြောင့် ဓမ္မသင်္ဂဏီအဋ္ဌကထာ၌—

**ပရသမ္ပတ္တိအဘိမုခါ ဧဝ ဟိ သာ ဥပဋ္ဌာတိ၊ တာသု စ အဘိရတိယာ သတိ ပဝတ္တတိ ပရသမ္ပတ္တီသု စေတသော ဟတ္ထပ္ပသာရော ဝိယာ'တိ ဒဋ္ဌဗ္ဗာ။ —**

ဟူသော ပါဠ်(နှာ-၂၉၁)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဟိ သစ္စံ၊ မှန်၏။ သာ၊ ထိုအဘိဇ္ဈာသည်။ ပရသမ္ပတ္တိအဘိမုခါ ဧဝ၊ သူတပါးတို့၏ စည်းစိမ်သို့ ရှေးရှုသည်သာလျှင်။ ဟုတွာ၊ ဖြစ်၍။ ဥပဋ္ဌာတိ၊ ထင်၏။ တာသု စ၊ ထိုသူတပါးတို့၏ စည်းစိမ်ဥစ္စာတို့၌သာလျှင်။ အဘိရတိယာ၊ အလွန်မွေ့လျော်ခြင်းသည်။ သတိ၊ ရှိသော်။ သာ၊ ထိုအဘိဇ္ဈာသည်။ ပဝတ္တတိ၊ ဖြစ်၏။ ပရသမ္ပတ္တီသု၊ သူတပါး၏ စည်းစိမ်ဥစ္စာတို့၌။ ဟတ္ထပ္ပသာရော ဝိယ၊ ယူအံ့သောငှာ လက်ကို ဆန့်သကဲ့သို့။ စေတသော၊ စိတ်၏။ ဥပ္ပါဒေါ၊ ဖြစ်ခြင်းတည်း။ ဣတိ၊ ဤသို့။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်၏။

ဤသို့ ပြဆိုအပ်ခဲ့ပြီးသော လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်, ဝဝတ္ထာကာရ ဥပမာတို့ကို ထောက်ရှုဆင်ခြင်၍ သူတပါး၏ စည်းစိမ်ဥစ္စာကို မိမိဥစ္စာဖြစ်စေခြင်းငှာ အလိုရှိခြင်းလက္ခဏာရှိသော ဒွါရ ၃-ပါးတို့၌ဖြစ်သော လောဘသည် ကမ္မပထ မြောက်၏။

**တေဟိ ပန စိတ္တေဟိ သဟဇာတာ အဘိဇ္ဈာဗျာပါဒမိစ္ဆာဒိဋ္ဌိယော စေတနာ-ပက္ခိကာ ဝါ ဘဝန္တိ အဗ္ဗောဟာရိကာ ဝါ။ —**

ဟု ဋီကာမင်းဂဏ္ဌိအဋ္ဌကထာ(နှာ-၁၃၅) မိန့်မှာဖွင့်လှစ်တော်မူရကား-

အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရစေတနာ-စသည်တို့နှင့် တကွဖြစ်ခြင်း, တကွ ချုပ်ခြင်း, တူသော မှီရာရှိသော အဘိဇ္ဈာကို စေတနာပက္ခိတ အဗ္ဗောဟာရိကဖြစ်၍ မနောကံ မခေါ်ဝေါ်အပ်, မခေါ်ဝေါ်လောက်။ ကာယကံ, ဝစီကံစိတ်တို့နှင့် မယှဉ်သော အဘိဇ္ဈာ-အစရှိသည်တို့သည် အဘိဇ္ဈာ မည်၏။

ထို့ကြောင့် မဏိသာရမဉ္ဇူသာ(၂။၄၅)မည်သော ဋီကာ၌-

**ကာယကမ္မဝစီကမ္မစိတ္တေဟိ အသမ္ပယုတ္တာ အဘိဇ္ဈာဒယော ကမ္မပထာ** *(မနောကမ္မံ)* **နာမ။**

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ကာယကမ္မဝစီကမ္မစိတ္တေဟိ၊ ကာယကံ, ဝစီကံ စိတ်တို့နှင့်။ အသမ္ပယုတ္တာ၊ မယှဉ် အပ်ကုန်သော။ အဘိဇ္ဈာဒယော၊ အဘိဇ္ဈာ-အစရှိသည်တို့သည်။ ကမ္မပထာ နာမ၊ ကမ္မပထ မည်ကုန်၏။

အဘိဇ္ဈာ မမည်သော လောဘ၏ လက္ခဏာ,ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်*(နှင့်)* အဘိဇ္ဈာ မည်သော လောဘ၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် အခြားစီဖြစ်၍ ကောင်းလေစွ-ဟု မိမိသို့ ညွတ်မှုသာ အဘိဇ္ဈာဖြစ်၏။ အဘိဇ္ဈာ မမည်သော သာမညလောဘ၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန် အခြားစီ ဖြစ်ကြ၏။ အဘိဇ္ဈာမမြောက်သော သာမညလောဘ သည် မျောက်နဲ့စေးကဲ့သို့ အာရုံကို ယူခြင်းလက္ခဏာ ရှိ၏။ ပူသောအိုးခင်း၌ ထည့်အပ်သော သားတစ်ကဲ့သို့ အာရုံ၌ ကပ်ငြိခြင်းကိစ္စ ရှိ၏။ နယ်ဆီ၏ တည်ခြင်းကဲ့သို့ အာရုံကို မစွန့်နိုင် ခြင်းလျှင် ထင်သောအကျိုး ရှိ၏။ သံယောဇဉ်၏ အာရုံဖြစ်သော တရားတို့၌ သာယာခြင်း လျှင် နီးစွာသောအကြောင်း ရှိ၏။ ဤသို့ အထူးမှတ်။ (အပ္ပဿုတပုဂ္ဂိုလ်တို့ မှတ်ယူရန်။)

- အဘိဇ္ဈာ မမြောက်သော လောဘသည် အာရုံကို ယူခြင်း လက္ခဏာရှိ၏။
- အဘိဇ္ဈာမြောက်သော လောဘသည် သူတပါးစည်းစိမ်ကို မိမိစည်းစိမ်ပြုခြင်းငှာ အလိုရှိခြင်း လက္ခဏာ ရှိ၏။
- အာရုံ၌ ကပ်ငြိခြင်း ကိစ္စရှိ၏။
- သူတပါးစည်းစိမ်ကို မိမိစည်းစိမ်ပြုခြင်းငှာ အလိုရှိသဖြင့် ရှာမှီးခြင်းကိစ္စ ရှိ၏။

- အာရုံကို မစွန့်နိုင်ခြင်းလျှင် ထင်သောအကျိုး ရှိ၏။
- သူတပါးစည်းစိမ်ကို ရှေးရှုသောအဖြစ်လျှင် ထင်သောအကျိုး ရှိ၏။
- သံယောဇဉ်၏ အာရုံဖြစ်သော တရားတို့၌ သာယာခြင်းလျှင် နီးစွာသောအကြောင်း ရှိ၏။
- သူတပါးတို့၏ စည်းစိမ်၌ မွေ့လျော်ခြင်းလျှင် နီးစွာသောအကြောင်း ရှိ၏။

ဤသို့ရည်၍ မှတ်။ ပါဠိ, အဋ္ဌကထာ လာတိုင်းကို ပြဆိုလျှင် ကျယ်လွန်းအံ့။

**ဤတွင်ရွေ့ အဘိဇ္ဈာမနောကံ ဖြစ်ဟန်ကို ပြဆိုသော စကားရပ် အပြီးသတ်တည်း။**

(၇) သီလကို အဘယ်သို့ ဆောက်တည်မှ သီလဝိသုဒ္ဓိဖြစ်မည်ကို မေးလျှောက်သည်မှာ သီလ၏ ညစ်နွမ်းခြင်း သံကိလေသ၊ သီလ၏ ဖြူစင်ခြင်း ဝေါဒါနတို့ကို သိရာ၏။ သီလ၏ ညစ်နွမ်းခြင်း သံကိလေသ-ဟူသော်ကား ကျိုးခြင်း, ပေါက်ခြင်း-အစရှိသော အပြစ်ရှိခြင်း၊ လာဘ်, အခြွေအရံ, အကျော်အစောကို တောင့်တ၍ ဆောက်တည်ခြင်း၊ မေထုန ၇-ပါးတို့နှင့် မကင်းခြင်းသည် သီလ၏ ညစ်နွမ်းခြင်း သံကိလေသ မည်၏။ ထိုသို့ ဆိုအပ်ခဲ့ပြီးသော အပြစ်တို့မှ ကြဉ်ခြင်းသည် သီလ၏ ဖြူစင်ခြင်း ဝေါဒါန မည်၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ သီလနိဒ္ဒေသ၌—

ခဏ္ဍာဒိဘာဝေါ သီလဿ သံကိလေသော၊ အခဏ္ဍာဒိဘာဝေါ ဝေါဒါနံ။

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (ဝိသုဒ္ဓိ၊၁။၄၈)

သီလဿ၊ သီလ၏။ ခဏ္ဍာဒိဘာဝေါ၊ ကျိုးခြင်း-အစရှိသော အဖြစ်သည်။ သံကိလေသော၊ ညစ်နွမ်းခြင်း မည်၏။ အခဏ္ဍာဒိဘာဝေါ၊ မကျိုးခြင်း-အစရှိသော အဖြစ်သည်။ ဝေါဒါနံ၊ ဖြူစင်ခြင်း မည်၏။

ထိုပြဆိုခဲ့ပြီးသော သံကိလေသ, ဝေါဒါန ၇(၂)-ပါးတို့တွင် ခဏ္ဍ-စသည်ဟူရာ၌ သီလ၏ အစ-သိက္ခာပုဒ်, အဆုံး-သိက္ခာပုဒ် ပျက်သည်ကား ကျိုးသည် မည်၏။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်၊ သီလနိဒ္ဒေသအဋ္ဌကထာ၌—

တထာဟိ ယဿ သတ္တသု အာပတ္တိက္ခန္ဓေသု အာဒိမှိ ဝါ အန္တေ ဝါ သိက္ခာပဒံ ဘိန္နံ ဟောတိ။ တဿ သီလံ ပရိယန္တေ ဆိန္နသာဋကော ဝိယ ခဏ္ဍံ နာမ ဟောတိ။

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဟိ၊ ထင်စွာပြအံ့။ ယဿ၊ အကြင်ပုဂ္ဂိုလ်၏။ သတ္တသု အာပတ္တိက္ခန္ဓေသု၊ ၇-ပါးသော အာပတ်အစုတို့တွင်။ အာဒိမှိ ဝါ၊ အစ၌လည်းကောင်း။ အန္တေ ဝါ၊ အဆုံး၌ လည်းကောင်း။ သိက္ခာပဒံ၊ သိက္ခာပုဒ်သည်။ ဘိန္နံ၊ ပျက်သည်။ ဟောတိ၊ ဖြစ်၏။ တဿ၊ ထိုပုဂ္ဂိုလ်၏။ သီလံ၊ သီလသည်။ ပရိယန္တေ အစွန်း၌။ ဆိန္နသာဋကော ဝိယ၊ ပြတ်သောပုဆိုးကဲ့သို့။ ခဏ္ဍံ နာမ၊ ကျိုးသည် မည်၏။

အကြင်သူ၏ သိက္ခာပုဒ်သည် အလယ်၌ ပျက်၏။ ထိုသို့ ပျက်ခြင်းသည် ပေါက်သည် မည်၏။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်၊ သီလနိဒ္ဒေသအဋ္ဌကထာ၌—

**ယဿ ပန ဝေမဇ္ဈေ ဘိန္နံ၊ တဿ မဇ္ဈေ ဆိဒ္ဒသာဋကော ဝိယ ဆိဒ္ဒံ နာမ ဟောတိ။**

ဟူသောပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ယဿ ပန၊ အကြင်သူ၏ကား။ သီလံ၊ သီလသည်။ ဝေမဇ္ဈေ၊ အလယ်၌။ ဘိန္နံ၊ ပျက်၏။ တဿ၊ ထိုသူ၏။ သီလံ၊ သီလသည်။ မဇ္ဈေ၊ အလယ်၌။ ဆိဒ္ဒသာဋကော ဝိယ၊ ပေါက်သောပုဆိုးကဲ့သို့။ ဆိဒ္ဒံ နာမ၊ ပေါက်သည် မည်၏။

သီလ၏ အစဉ်အားဖြင့် ၁-ခု, ၂-ခု၊ ၂-ခု, ၃-ခု၊ ၃-ခု, ၄-ခု-စသည် ပျက်သော သီလသည် ပြောက်သည် မည်၏။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်၊ သီလနိဒ္ဒေသအဋ္ဌကထာ၌—

**ယဿ ပဋိပါဋိယာ ဒွေ တီဏိ ဘိန္နာနိ၊ တဿ ပိဋ္ဌိယာ ဝါ ကုစ္ဆိယာ ဝါ ဥဋ္ဌိတေန ဝိသဘာဂဝဏ္ဏေန ကာဠရတ္တာဒီနံ အညတရသရီရဝဏ္ဏာ ဂါဝီ ဝိယ သဗလံ နာမ ဟောတိ။**

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ယဿ၊ အကြင်ပုဂ္ဂိုလ်၏။ သီလံ၊ သီလသည်။ ပဋိပါဋိယာ၊ အစဉ်အားဖြင့်။ ဒွေ တီဏိ၊ ၂-ခု, ၃-ခုသော သိက္ခာပုဒ်တို့သည်။ ဘိန္နာနိ၊ ပျက်ကုန်၏။ တဿ၊ ထိုသူ၏။ သီလံ၊ သီလသည်။ ပိဋ္ဌိယာ ဝါ၊ ကျောက်ကုန်း၌လည်းကောင်း။ ကုစ္ဆိယာ ဝါ၊ ဝမ်း၌လည်းကောင်း။ ဥဋ္ဌိတေန၊ ထသော။ ဝိသဘာဂဝဏ္ဏေန၊ သဘောမတူသော အဆင်းဖြင့်။ ကာဠရတ္တာဒီနံ အညတရသရီရဝဏ္ဏာ၊ အမည်း,အနီ-စသော အမှတ်မရှိသော ကိုယ်အဆင်းရှိသော။ ဂါဝီ ဝိယ၊ နွားမကဲ့သို့။ သဗလံ နာမ၊ ပြောက်သည် မည်၏။

သီလ၏ တစ်ခုခြား ပျက်သည်ကား ကျားသည် မည်၏။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်၊ သီလနိဒ္ဒေသအဋ္ဌကထာ(ဝိသုဒ္ဓိ၊၁။၄၉)၌ –

**ယဿ အန္တရန္တရာ ဘိန္နာနိ၊ တဿ အန္တရန္တရာ ဝိသဘာဂဝဏ္ဏဗိန္ဒုဝိစိတြာ ဂါဝီ ဝိယ ကမ္မာသံ နာမ ဟောတိ။ -**

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ယဿ၊ အကြင်သူ၏။ သီလံ၊ သီလသည်။ အန္တရန္တရာ၊ အကြားအကြား၌။ ဘိန္နာနိ၊ ပျက်ကုန်၏။ တဿ၊ ထိုသူ၏။ သီလံ၊ သီလသည်။ အန္တရန္တရာ၊ အကြားအကြား၌။ ဝိသ-ဘာဂဝဏ္ဏဗိန္ဒုဝိစိတြာ ဂါဝီ ဝိယ၊ သဘောမတူသော အဆင်းပေါက်တို့ဖြင့် ဆန်းကြယ်သော နွားမကဲ့သို့။ ကမ္မာသံ နာမ၊ ကျားသည် မည်၏။

မေထုန် ၇-ပါးဟူသော်ကား-

၁။ မာတုဂါမတို့နှင့် မေထုန်မှီဝဲခြင်း ဒွယံဒွယသမာပတ္တိအမှု မေထုနကိစ္စကို မပြုသော်လည်း မာတုဂါမတို့နှင့် ကိုယ်, လက်, ဆံထုံး, လက်ရုံး သုံးသပ်သာယာခြင်း၊

၂။ မာတုဂါမတို့နှင့် ပြုံးရယ်ပျော်ပါး ကစားမြူးထူးခြင်း၊

၃။ မာတုဂါမတို့ ပြောဆိုရွတ်အံသော အသံကို နာခံနှစ်သက် စုံမက်သာယာခြင်း၊

၄။ မာတုဂါမတို့ကို မျက်ဝါးတည့်တည့် တစိမ့်စိမ့်ကြည့်ခြင်း၊

၅။ မိမိပြုဖူးသော မေထုန်ကာမဂုဏ်ကို အာရုံပြု၍ သာယာခြင်း၊

၆။ သူတပါးတို့ပြုသော မေထုန်ကာမဂုဏ်ကို အာရုံပြု၍ သာယာခြင်း၊

၇။ ခြောက်ထပ်နတ်ရွာ နတ်ချမ်းသာကို သာယာတောင့်တ၍ သီလကို ကျင့်ဆောက်တည်ခြင်း၊

ဤကား မေထုန် ၇-ပါးတည်း။ ပါဠိ, အဋ္ဌကထာ လာတိုင်း ပြဆိုလျှင် ကျယ်လွန်းအံ့။

မသန် ဟသိတဥ္စာပိ၊ သဒ္ဒံမဿာဒမိက္ခနံ။
အဿာဒံ ကတံည သဂ္ဂံ၊ သတ္တ မေထုနသေဝနာ။ ။

မသနံ၊ လွှင်မှုန့်ကသယ်ဖြင့် ဆုပ်နယ်သာယာခြင်း။ ဟသိတံ၊ ပြုံးရယ်ကစား၊ ပျော်ပါးမြူးထူးခြင်း။ သဒ္ဒံမဿာဒံ၊ ပြောဆိုရွတ်အံ၊ ငိုကြွေးသံကို၊ နာခံနှစ်သက်၊ စုံမက်သာယာခြင်း။ ဣက္ခနံ၊ မျက်ဝါးတည့်တည့် တစိမ့်စိမ့်ကြည့်ခြင်း။ ကတအဿာဒံ၊ မိမိပြုခဲ့ဖူးသော မေထုန်, ကာမဂုဏ်ကို အာရုံပြုလျက် နှစ်သက်သာယာခြင်း။ အညအဿာဒံ၊ သူတပါး၏ ခံစားပြည့်စုံ ကာမဂုဏ်ကို အာရုံပြုလျက် နှစ်သက်သာယာခြင်း။ သဂ္ဂအဿာဒံ၊ ဤအာစာရ၊ သီလကျင့်မြတ်၊ ပဋိပတ်ကြောင့်၊ ခြောက်ထပ်နတ်ရွာ၊ နတ်ချမ်းသာကို၊ လွန်စွာနှစ်သက်၊ စုံမက်သာယာ

ခြင်း။ ဣတိ၊ ဤသို့။ မေထုနသေဝနာ၊ မေထုန်မှီဝဲခြင်းတို့သည်။ သတ္တ၊ ၇-ပါးတို့တည်း။ (ဤကား အကျဉ်းမှတ်ရန်ဂါထာ။)

ဇာဏုသောဏိမည်သော ပုဏ္ဏားသည် မြတ်စွာဘုရားအထံတော်သို့ ချဉ်းကပ်၍ ဤသို့ နားတော်လျှောက်၏။ "အရှင်ဂေါတမသည် မြတ်သော ဝိသုဒ္ဓိဗြဟ္မစရိယကို ကျင့်၏ဟု ဝန်ခံ၏။ အဘယ်သို့ ဝိသုဒ္ဓိဗြဟ္မစရိယကို ကျင့်သနည်း"ဟု နားတော်လျှောက်၏။ ဇာဏုသောဏိပုဏ္ဏားအား ဤသို့သော အကြံသည် ဖြစ်၏။ "ပုဏ္ဏားတို့သည် ဗေဒင်ကျမ်းကို သိကျွမ်းလိမ္မာအောင် သင်ကြားပြီးမှ ၄၈-နှစ်တို့ပတ်လုံး ဗြဟ္မစရိယကို ကျင့်ကုန်၏။ အရှင်ဂေါတမရဟန်းမှာမူကား လူ၏ဘောင်တွင် ပြာသာဒ် ၃-ဆောင်တို့၌ ပျော်ပိုက်မွေ့လျော်စွာ ချမ်းသာခံပြီးမှ ဝိသုဒ္ဓိဗြဟ္မစရိယကို ကျင့်၏-ဟု ဝန်ခံ၏။ ယခုအခါ အဘယ်သို့သော စကားဖြင့် ပြောကြားဖြေဆိုလတ္တံ့နည်း"။

ဤသို့သော အကြံဖြစ်လတ်၍ "ဘဝံ ဂေါတမော ဗြဟ္မစရိယံ ပဋိဇာနာတိ"ဟု လျှောက်လေလျှင် အဆိပ်ရှိသော မြွေဟောက်ကို ကြောက်ရွံ့ဘနန်း မန္တန်ဖြင့် မန်း၍ ဖမ်းယူသကဲ့သို့လည်းကောင်း ရန်သူ၏လည်ကို ခြေဖြင့် နင်းနှိပ်သကဲ့သို့လည်းကောင်း ၆-နှစ်တို့ပတ်လုံး လွန်စွာ အားထုတ်တော်မူအပ်သော ဒုက္ကရစရိယပဋိပတ်ကို ကျင့်သမျှ ကာလ ရဇ္ဇသုခပါသာဒ၌ နာဋကိတ္ထိ၊ သီရိဝိဘဝ၊ သောဘဂ္ဂပတ္တာ၊ မင်းချမ်းသာကို၊ ကြံကာမတ္တာ၊ ဝိတက္ကဖြင့်၊ စိတ်မျှမရွက်၊ ရက်စက်စိမ်းကား၊ တရားကိုသာ၊ လွန်စွာ အားထုတ်တော်မူဟန်ကို ခြသေ့်မင်း အသံကဲ့သို့ တဖန် ကျူးရင့်တော်မူလို၍ "ယဒိ တံ ဗြာဟ္မဏ"စသော စကားကို ဟောကြားဖြေဆိုတော်မူလျှင် "အရှင်ဂေါတမ၊ အဘယ်သို့ကျင့်မှ ဝိသုဒ္ဓိဗြဟ္မစရိယ ဖြစ်သနည်း"ဟု တဖန် မေးလျှောက်ပြန်သောကြောင့် "ဣဓ ဗြာဟ္မဏ ဧကစ္စော သမဏော ဝါ ဗြာဟ္မဏော ဝါ"-အစ "န ပရိမုစ္စတိ ဒုက္ခသ္မာတိ ဝဒါမိ"တိုင်အောင် မေထုန် ၇-ပါး တရားတို့ကို အကျယ်ဟောတော်မူသတည်း။

"ဇာဏုသောဏိပုဏ္ဏား၊ ငါဘုရားသည် သစ္စာ ၄-ပါးတရားတို့ကို ပိုင်းခြား၍သိစဉ် ရတနာပလ္လင် ဗောဓိပင်၌ အကြင်မျှလောက် မေထုန်တရား ၇-ပါးတို့တွင် တစ်ပါးပါးကိုမျှ မပယ်ရသေး။ ထိုမျှလောက်ကာလ နတ်နှင့်တကွသော သဒေဝကလောက၌ 'သမ္မာသမ္ဗုဒ္ဓ-အစစ် ငါဖြစ်ပြီ'-ဟု ဝန်မခံသေး။ အကြင်အခါ မေထုန် ၇-ပါးတရားတို့တွင် တစ်ပါးပါးနှင့်မျှ မယှဉ်၊ စင်ကြယ်သန့်ရှင်း၏။ ထိုအခါ 'သမ္မာသမ္ဗုဒ္ဓ-အစစ် ငါဖြစ်ပြီ'-ဟု ဝန်ခံတော်မူသတည်း"ဟု မိန့်တော်မူလေလျှင် ဇာဏုသောဏိပုဏ္ဏားသည် အလွန်ဝမ်းမြောက်သည်ဖြစ်၍ "အဘိက္ကန္တံ ဘော ဂေါတမ၊ အဘိက္ကန္တံ ဘော ဂေါတမ"စသော ဥဒါန်းဖြင့် ချီးမွမ်းအံ့ဩလေသည်။

ဤပြဆိုအပ်ခဲ့ပြီးသော နည်းဖြင့် လာဘသက္ကာရတို့ကို တောင့်တလျက် ခဏ္ဍ, ဆိဒ္ဒ-စသည်ဖြစ်၍ မေထုန် ၇-ပါး တရားတို့နှင့် မကင်းသော သီလတို့သည် အဝိသုဒ္ဓဖြစ်၍ မစင်ကြယ်။ ဆိုအပ်ခဲ့ပြီးသော တရားတို့နှင့် ကင်းလွတ်သန့်ရှင်းမှ စင်ကြယ်သော ဝိသုဒ္ဓိ ဗြဟ္မစရိယ ဖြစ်၏။

အထူးကား ဣန္ဒြိယသံဝရသီလ၌ ရဟန်းတို့မှာ တစ်စုံတစ်ခုသော အန္တရာယ်-စသော အကြောင်းမရှိဘဲ ရထားထမ်းပိုးတပြန်ဖြင့် ပိုင်းခြားအပ်သော ယုဂမတ္တ ပမာဏ ထက် လွန်၍ မိန်းမ, ယောက်ျား, ရထား, ဆင်, မြင်း-စသော ရူပါရုံအစု ဝတ္ထုတို့ကို ကြည့်ရာ၌ ဩက္ခိတ္တစက္ခုသိက္ခာပုဒ်တော်ကို လွန်ကျူးသောကြောင့် စက္ခုန္ဒြိယသံဝရသီလ ပျက်၏။ စက္ခုန္ဒြိယသံဝရသီလ ပျက်ခြင်းသည် အာစာရဝိပတ္တိဖြစ်၍ ဒေသနာဂါမ်အာပတ်သို့ ရောက်လေရကား ပါတိမောက္ခသံဝရသီလ ပျက်၏။

ထို့ကြောင့် ဣန္ဒြိယသံဝရသီလကို ကောင်းစွာစောင့်ရှောက်ခြင်းသည် ပါတိမောက္ခ-သံဝရသီလပြည့်စုံခြင်း၏ အကြောင်း မည်၏။ လူတို့မှာသော်ကား စက္ခု-အစရှိသော ဒွါရ ၆-ပါးတို့၌ ရူပါရုံ-အစရှိသော အာရုံ ၆-ပါးတို့ကို စွဲ၍ အဘိဇ္ဈာ-အစရှိသော အကုသိုလ် တရား မဖြစ်မူ ဣန္ဒြိယသံဝရသီလ မပျက်။

ထို့ကြောင့် ခုဒ္ဒကနိကာယ်အဝင်ဖြစ်သော ခုဒ္ဒကပါဌ၊ သိက္ခာပဒသုတ်၊ သီလဝိသုဒ္ဓိ အဖွင့်အဋ္ဌကထာ၌-

**ဆဒ္ဝါရေ ယဋ္ဌိတာရမ္မဏေသု အဘိဇ္ဈာဒီနံ အနုပ္ပတ္တိဝသေန ဣန္ဒြိယသံဝရသီလံ ဟောတိ။**

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဆဒ္ဝါရေ၊ ၆-ပါးသော ဒွါရ၌။ ယဋ္ဌိတာရမ္မဏေသု၊ ထိခိုက်သော အာရုံတို့၌။ အဘိဇ္ဈာဒီနံ၊ အဘိဇ္ဈာ-အစရှိသော အကုသိုလ်တရားတို့၏။ အနုပ္ပတ္တိဝသေန၊ မဖြစ်သည်၏အစွမ်းအားဖြင့်။ ဣန္ဒြိယသံဝရသီလံ၊ ဣန္ဒြိယသံဝရသီလသည်။ ဟောတိ၊ ဖြစ်၏။

ဤတွင်ရွေ့ သီလဝိသုဒ္ဓိ ဖြစ်ရာ, မဖြစ်ရာသည်ကို ပြဆိုသောစကားရပ် အပြီး သတ်သတည်း။

(၈) ဝိစိကိစ္ဆာသည် အဘယ်ကံ၌ သွင်း၍ ကမ္မပထမြောက်သည် ယူရမည်ကို မေး လျှောက်သည်မှာ-

ထိုဝိစိကိစ္ဆာသည် စိတ်,စေတသိက်တို့၌ ဝိစိကိစ္ဆာစိတ်၊ စေတသိက် ဒွေ ပညာသ-တွင် ဝိစိကိစ္ဆာစေတသိက်။ ထိုဝိစိကိစ္ဆာစေတသိက်သည် ဝိစိကိစ္ဆာ၌သာ ယှဉ်၏။ တပါး၌ မယှဉ်။

- သံယောဇဉ် ၁၀-ပါးတွင် ဝိစိကိစ္ဆာသံယောဇဉ်၊

- အနုသယ ၇-ပါးတွင် ဝိစိကိစ္ဆာနုသယ၊

- နီဝရဏ ၆-ပါးတွင် ဝိစိကိစ္ဆာနီဝရဏ၊

ဤသို့ အရာကျယ်စွ။ ထိုဝိစိကိစ္ဆာသည် ၁၆-ပါးသော ယုံမှားခြင်းတို့ဖြင့် ယုံမှားတတ်၏။

*[ဤကျမ်း၊ ဒုတိယတွဲ၊ ဒုတိယပိုင်း၊ ပုဒ်မ-၉၄၊ အပိုဒ် ၈-အတွက် အဖြေကို ဤကျမ်း၊ ဒုတိယတွဲ၊ ဒုတိယပိုင်း၊ ပုဒ်မ-၉၂၊ စာမျက်နှာ ၇၃၆-တွင် ပါပြီးဖြစ်သည်။ ပြန်ရှုရန်။]*

ထို့ကြောင့် မူလပဏ္ဏာသ၊ ရှေ့ဦးစွာသော မူလပရိယာယဝဂ်အစု၊ ၂-ခုမြောက်သော သဗ္ဗာသဝသံဝရသုတ်အဋ္ဌကထာ၌-

**ဧဝံ သောဠသပ္ပဘေဒံ ဝိစိကိစ္ဆံ ဒဿေတွာ ဣဒါနိ ယံ ဣမိနာ ဝိစိကိစ္ဆာသီသေန ဒိဋ္ဌာသဝံ ဒဿေတိ အယံ ဒေသနာ အာရဒ္ဓါ။** –

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (မဋ္ဌ၁။၇၃)

ဧဝံ၊ ဤသို့ ပြဆိုခဲ့ပြီးသောနည်းဖြင့်။ သောဠသပ္ပဘေဒံ၊ ၁၆-ပါးအပြားရှိသော။ ဝိစိကိစ္ဆံ၊ ဝိစိကိစ္ဆာကို။ ဒဿေတွာ၊ ပြပြီး၍။ ဣဒါနိ ဝိစိကိစ္ဆာသီသေန၊ ဤဝိစိကိစ္ဆာကို အရင်းမူသဖြင့်။ ဒိဋ္ဌာသဝံ၊ ဒိဋ္ဌာသဝကို။ ဒဿေတုံ၊ ပြအံ့သောငှာ။ အယံ ဒေသနာ၊ "**တဿ ဧဝံ အယောနိသော မနသိကရောတော ဆန္နံ ဒိဋ္ဌီနံ အညတရာ ဒိဋ္ဌိ ဥပ္ပဇ္ဇတိ**"ဟူသော ဒေသနာတော်ကို။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ အာရဒ္ဓါ၊ အားထုတ်တော်မူအပ်၏။

**သာဓကပါဠိတော်၏ အနက်ကား**- အယောနိသော၊ မသင့်သောအားဖြင့်။ ဧဝံ မနသိကရောတော၊ ဤသို့ ပြဆိုခဲ့ပြီးသော ၁၆-ပါးသော အခြင်းအရာဖြင့် နှလုံးသွင်းသော။ တဿ၊ ထိုပုဂ္ဂိုလ်အား။ ဆန္နံ ဒိဋ္ဌီနံ၊ ၆-ပါးကုန်သော ဒိဋ္ဌိတို့တွင်။ အညတရာ ဒိဋ္ဌိ၊ တပါးပါးသော ဒိဋ္ဌိသည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်ရာ၏။

ပါဠိ, အဋ္ဌကထာ လာတိုင်းကို ပြဆိုလျှင် ကျယ်လွန်းအံ့။ ၆-ပါးသော ဒိဋ္ဌိ၏သရုပ်ကား-

၁။ 'ငါ၏ကိုယ် ရှိ၏'-ဟု ယူသော **သဿတဒိဋ္ဌိ** ၁-ပါး၊

၂။ 'ငါ၏ကိုယ် မရှိ'-ဟု ယူသော ဥစ္ဆေဒဒိဋ္ဌိ ၁-ပါး၊

၃။ 'သညာက္ခန္ဓာကို အရင်းမူသဖြင့် ကြွင်းသော ခန္ဓာတို့ကို ကိုယ်'-ဟူ၍ ယူသော ဒိဋ္ဌိ ၁-ပါး၊

၄။ 'သညာက္ခန္ဓာကိုသာ ကိုယ်-ဟု ယူ၍ ကြွင်းသော ခန္ဓာတို့ကို ကိုယ်မဟုတ်'-ဟု ယူသော ဒိဋ္ဌိ ၁-ပါး၊

၅။ 'သညာက္ခန္ဓာကို ကိုယ်မဟုတ်-ဟု ယူ၍ ကြွင်းသောခန္ဓာတို့ကို ကိုယ်'-ဟူ၍ ယူသော ဒိဋ္ဌိ ၁-ပါး၊

၆။ 'သဿတဒိဋ္ဌိအားဖြင့် ယူ၍ ဤအယူ ဟုတ်၏'-ဟု ယူသော ဒိဋ္ဌိ ၁-ပါး၊

ထို ၆-ပါးကုန်သော ဒိဋ္ဌိတို့ကို သဿတ, ဥစ္ဆေဒဒိဋ္ဌိအဖြစ်ဖြင့် ပြအပ်၏။ ထိုဒိဋ္ဌိသည်-

- အာသဝေါတရား ၄-ပါးတွင် ဒိဋ္ဌာသဝ၊
- ယောဂ ၄-ပါးတွင် ဒိဋ္ဌိယောဂ၊
- ဂန္ထ ၄-ပါးတွင် ဒိဋ္ဌိဂန္ထ၊
- ဥပါဒါန် ၄-ပါးတွင် ဒိဋ္ဌုပါဒါန် မည်၏။

ဤပါဠိ, အဋ္ဌကထာတို့၏အရ၌ ဝိစိကိစ္ဆာသည် ဒိဋ္ဌိ ၆-ပါးတို့၏ အကြောင်းမည်၏။ ဝိစိကိစ္ဆာသည် ယုံမှားခြင်းလက္ခဏာ ရှိ၏။ တုန်လှုပ်ခြင်း ကိစ္စရှိ၏။ မဆုံးဖြတ်နိုင်ခြင်းလျှင် ထင်သောအကျိုး ရှိ၏။ တစ်နည်း- ကေန်မဟုတ်သည်၏ အဖြစ်ကို ယူခြင်းအကျိုး ရှိ၏။ မသင့်သော နှလုံးသွင်းခြင်း အယောနိသော မနသိကာရလျှင် နီးစွာသောအကြောင်း ရှိ၏။

**ဝိဂတာ စိကိစ္ဆာ ဝိစိကိစ္ဆာ။ သဘာဝံ ဝါ ဝိစိနန္တော ကိစ္ဆတိ ကိလမတီ'တိ ဝိစိကိစ္ဆာ။**

ဟု ဝစနတ်ပြု။

ဝိဂတာ၊ ကင်းသော။ စိကိစ္ဆာ၊ ဆေးကုခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာ မည်၏။ (ဆေးမကုစားကောင်း, ဆေးကု၍ မရနိုင်-ဟူလို။) ဝါ၊ **တစ်နည်းကား**- သဘာဝံ၊ သဘောကို။ ဝိစိနန္တော၊ စုံစမ်းလျက်။ ကိစ္ဆတိ ကိလမတိ၊ ပင်ပန်းတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဝိစိကိစ္ဆာ၊ ဝိစိကိစ္ဆာ မည်၏။

ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ဝိနည်းအဋ္ဌကထာ၊ ခုဒ္ဒကပါဌအဋ္ဌကထာ၊ သုတ္တနိပါတ် အဋ္ဌကထာတို့၌ကား (ဓမ္မသင်္ဂဏီနှင့် ဝိဘင်းပါဠိတော်ကိုး)-

၁။ ဘုရား၌ ယုံမှားခြင်း (ဗုဒ္ဓေ ကင်္ခတိ) ၁-ပါး၊

၂။ တရားတော်၌ ယုံမှားခြင်း (ဓမ္မေ ကင်္ခတိ) ၁-ပါး၊

၃။ သံဃာတော်၌ ယုံမှားခြင်း (သံဃေ ကင်္ခတိ) ၁-ပါး၊

၄။ သိက္ခာပုဒ်၌ ယုံမှားခြင်း (သိက္ခာယ ကင်္ခတိ) ၁-ပါး၊

၅။ သီတင်းသုံးဖော်တို့၌ ယုံမှားခြင်း (သဗြဟ္မစာရီသု ကင်္ခတိ) ၁-ပါး၊ (ပါဠိမရှိ)၊ ပဋိစ္စသမုပ္ပန္နေသု ဓမ္မေသု ကင်္ခတိ (အဘိ၊ဓ။၂၀၈။အဘိ၊ဝိ။၃၇၉)

၆။ သံသရာ၏ ရှေ့အစွန်း၌ ယုံမှားခြင်း (ပုဗ္ဗန္တေ ကင်္ခတိ) ၁-ပါး၊

၇။ သံသရာ၏ နောက်အစွန်း၌ ယုံမှားခြင်း (အပရန္တေ ကင်္ခတိ) ၁-ပါး၊

၈။ သံသရာ၏ ရှေ့အစွန်း, နောက်အစွန်းတို့၌ ယုံမှားခြင်း(ပုဗ္ဗန္တာပရန္တေ ကင်္ခတိ) ၁-ပါး။

ဤသို့ ဝိစိကိစ္ဆာ ၈(၆)-ပါးကို ပြ၏။ ဝိစိကိစ္ဆာကို ပယ်စွမ်းနိုင်ခြင်းအကြောင်း တရားလည်း ၈-ပါးပင်တည်း။ ၈(၆)-ပါး-ဟူသော်ကား-

၁။ အကြားအမြင်များခြင်း ဗဟုဿုတတာ ၁-ပါး၊

၂။ ဆွေးနွေးမေးမြန်းခြင်း ပရိပုစ္ဆကတာ ၁-ပါး၊

၃။ ဝိနည်း၌ လိမ္မာခြင်း ဝိနယေပကတညုတာ ၁-ပါး၊

၄။ ဩကပ္ပနသဒ္ဓါ-ဟု ဆိုအပ်သော အဓိမောက္ခ၏ အားကြီးခြင်း အဓိမောက္ခဗဟုလတာ ၁-ပါး၊

၅။ သဒ္ဓါအားကြီးသော ဝက္ကလိထေရ်-စသော ပုဂ္ဂိုလ်တို့ကို မှီဝဲခြင်း ကလျာဏမိတ္တတာ ၁-ပါး၊

၆။ ဣရိယာပုထ် ၄-ပါးတို့တွင် ရတနာ ၃-ပါးတို့နှင့် စပ်သော စကားကိုသာ ပြောဆိုခြင်း သပ္ပါယကထာ ၁-ပါး။

ဤ ၆-ပါးတည်း။ ထို့ကြောင့် မြတ်စွာဘုရားသည် "ဆ ဓမ္မာ ဝိစိကိစ္ဆာယပဟာနာယ သံဝတ္တန္တိ" (ဒီ၊၄၊၂။၇၇၂)ဟူ၍ ဟောတော်မူသည်။

ဆ ဓမ္မာ၊ ၆-ပါးကုန်သော တရားတို့သည်။ ဝိစိကိစ္ဆာယပဟာနာယ၊ ဝိစိကိစ္ဆာကို ပယ်ခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်ကုန်၏။

ဝိစိကိစ္ဆာကို ပယ်သော ဝိစိကိစ္ဆာပဟာနတရား ၆-ပါးမှ ပြန်သောအားဖြင့် ဝိစိကိစ္ဆာကို ဖြစ်စေတတ်သော ဝိစိကိစ္ဆာသံဝတ္တနိကတရား ၆-ပါးတို့ကို သိရာ၏။ မသင့်သော နှလုံးသွင်းခြင်း အယောနိသော မနသိကာရ-သည် ဝိစိကိစ္ဆာ၏အကြောင်း မည်၏။ အယောနိသော မနသိကာရကြောင့် မဖြစ်သေးသော ဝိစိကိစ္ဆာလည်း ဖြစ်လာ၏။ ဖြစ်ပြီးသော ဝိစိကိစ္ဆာသည် လွန်စွာပွါး၏။(သံ၊၃။၅၉)

- အပြစ်ရှိသည်ကို နှလုံးသွင်းခြင်း **သာဝဇ္ဇ**၊
- အပြစ်မရှိသည်ကို နှလုံးသွင်းခြင်း **အနဝဇ္ဇ**၊
- မှိုဝဲအပ်သည်ကို နှလုံးသွင်းခြင်း **သေဝိတဗ္ဗ**၊
- မမှိုဝဲအပ်သည်ကို နှလုံးသွင်းခြင်း **အသေဝိတဗ္ဗ**၊
- အယုတ်တရားကို နှလုံးသွင်းခြင်း **ဟီန**၊
- အမြတ်တရားကို နှလုံးသွင်းခြင်း **ပဏီတ**၊
- မည်းညစ်သောတရားကို နှလုံးသွင်းခြင်း **ကဏှ**၊
- ဖြူစင်သောတရားကို နှလုံးသွင်းခြင်း **သုက္က**၊ (သံ၊၃။၉၃)

ဤ ၈-ပါးတို့၌ အသင့်နှလုံးသွင်းခြင်း ယောနိသော မနသိကာရ-ကြောင့် မဖြစ်သေးသော ဝိစိကိစ္ဆာသည် မဖြစ်လာကုန်။ ဖြစ်ပြီးသော ဝိစိကိစ္ဆာတို့ကိုလည်း ပယ်ဖျောက်ကုန်၏။

ကမ္မပထမြောက်, မမြောက်ကို မေးလျှောက်သည်မှာ ကမ္မပထဆုံးဖြတ်သောအရာ မရှိ။ ယင်းသို့ မရှိသော်လည်း ကမ္မပထ, ဒုစ္စရိတ, ဥပထမ္ဘက, ပကတူပ-တို့၏အရာကို အထက် ဗီဇဒ္ဓရဏဝိနိစ္ဆယတွင် ပြဆိုခဲ့ပြီ။

**ဤတွင်ရွေ့ ဝိစိကိစ္ဆာ၏ ကံဖြစ်သင့်, မဖြစ်သင့်ကို ပြဆိုသော စကားရပ် အပြီး သတ်တည်း။**

(၉) အဘိဓမ္မသဒ္ဒါ အနက် ၂-ပါးတို့တွင် အဘယ်အနက် သာ၍ သင့်မည်ကို မေး လျှောက်သည်မှာ–

ဘုရားဟောတော်မူသော ဒေသနာသည် ဓမ္မ, ဝိနယ-ဟူ၍ ၂-ပါး ရှိသည်။ ထို ၂-ပါးတို့တွင် သုတ်, အဘိဓမ္မာသည် ဓမ္မ-မည်၏။ ဝိနည်းသည် ဝိနယ-မည်၏။ ထို့ကြောင့် သုတ်မဟာဝါ၊ မဟာပရိနိဗ္ဗာနသုတ် ပါဠိတော်၌–

ယော ခေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော။-

ဟူ၍ ဟောတော်မူသည်။

အာနန္ဒ၊ အာနန္ဒာ။ ယော ဓမ္မော စ၊ အကြင် သုတ်, အဘိဓမ္မာကိုလည်းကောင်း။ ယော ဝိနယော စ၊ အကြင် ဝိနည်းကိုလည်းကောင်း။ မယာ၊ ငါဘုရားသည်။ ဒေသိတော၊ ဟောတော်မူအပ်ပြီ။ ပညတ္တော၊ ပညတ်တော်မူအပ်ပြီ။

ဓမ္မော-ကို ဒေသိတောနှင့် စပ်၊ ဝိနယောကို ပညတ္တောနှင့် စပ်။ ဤပါဠိတော်အရ အဘိဓမ္မာ၌ အဘိသဒ္ဒါ, သုတ္တန်ပိဋကတ်ထက် သာလွန်သည်။ ဝိနည်းပိဋကတ်ထက် မလွန်။

ဥပမာကား ရတနာ ၇-ပါး အတိပြီးသော၊ ရတနာ ၇-ပါးတို့ဖြင့် တန်ဆာဆင်အပ်သော၊ အလျား,အနံ တူမျှသော ၂-ခုသော လှေကြီးကို ကမ်း၌ ဆိုက်ထားသည်ရှိသော် တစ်ခုခုကိုမျှ အဖိုးသာလွန်၍ မပြတ် ဆိုနိုင်သကဲ့သို့ ထို့အတူ အဘိဓမ္မာပိဋကတ်၊ ဝိနည်းပိဋကတ်တို့သည် တစ်ဦးနှင့် တစ်ဦး မထူးမလွန်ကြဘဲ တူမျှသည်သာ။ အဘိဓမ္မာသဒ္ဒါ၌ အဘိသဒ္ဒါသည် ဓမ္မချင်းတူသော သုတ္တန်ပိဋကတ်ထက် သာလွန်၏။ ဝိနည်းပိဋကတ်ထက် မလွန်။ ထို့ကြောင့် ဓမ္မသင်္ဂဏီအဋ္ဌကထာ (နှာ-၃)၌-

ကေနဋ္ဌေန အဘိဓမ္မော၊ ဓမ္မာ'တိရေကဓမ္မဝိသေသဋ္ဌေန အဘိဓမ္မော။

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ကေနဋ္ဌေန၊ အဘယ်အနက်ကြောင့်။ အဘိဓမ္မော၊ အဘိဓမ္မာ မည်သနည်း။ ဓမ္မာ-တိရေကဓမ္မဝိသေသဋ္ဌေန၊ ဓမ္မဖြစ်သော သုတ္တန်ပိဋကတ်ထက် လွန်သောအနက်, ထူးသောအနက်ကြောင့်။ အဘိဓမ္မော၊ အဘိဓမ္မာ မည်၏။

ဤသို့ အဋ္ဌကထာလာသောကြောင့် အဘိဓမ္မာ၌ အဘိသဒ္ဒါသည် အတိရေက-အနက်၊ ဝိသိဋ္ဌ အနက် ၂-ပါးတို့၌ ဖြစ်၏။ သုတ္တန်ပိဋကတ်ထက် သာလွန်၏။

ထို့ကြောင့် ရင်းအဖွင့် မူလဋီကာ(၁။၁၂)၌-

အဘိ အတိရေကော ဓမ္မော အဘိဓမ္မော၊ သုတ္တန္တာ'ဓိကာ ပါဠိ'တိ အတ္ထော။

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

အဘိ အတိရေကော၊ လွန်သော။ ဓမ္မော၊ တရားတည်း။ အဘိဓမ္မော၊ လွန်သော တရား။ သုတ္တန္တာ'ဓိကာ၊ သုတ္တန်ပိဋကတ်ထက် လွန်သော။ ပါဠိ၊ ပါဠိတည်း။ ဣတိ အယံ၊ ဤသည်လျှင်။ အတ္ထော၊ အနက်တည်း။

ဤသို့ ပါဠိ, အဋ္ဌကထာ, ဋီကာ မကွဲမပြား စကားတစ်ချက်တည်းသာ။ ဂင်္ဂါရေနှင့် ယမုနာရေ မခြားကြ။ အနောတတ္တအိုင်မင်းမှ စီးလာရင်း မှန်သကဲ့သို့ ညီညွတ်ကြသော အရာများကို မထောက်ထား, မဆင်ခြင်။ သခေ်ပဝဏ္ဏနာဋီကာဆရာသည် အဘိဓမ္မာ၌ အဘိသဒ္ဒါကို သုတ္တန်, ဝိနည်းထက် လွန်သည်-ထင်၍ သခေ်ပဝဏ္ဏနာ၊ ပဌာမ အဘိဓမ္မာ သဒ္ဒါ၏အဖွင့်တွင်–

**အဘိ အတိရေကော ဓမ္မော အဘိဓမ္မော၊ သုတ္တန္တဝိနယာ'ဓိကာ ပါဠိ'တိ အတ္ထော။**

ဟု မိန့်ဆိုဖွင့်ပြခဲ့သည်ကား အမှားကို ဆိုမိလေက ဂန္ထန္တရတို့တွင် ပွဲမရဘဲ ပိုးကျသော **သလေးကောက်ပင်ကဲ့သို့ ရှိ၏။**

ယင်းသည့် သခေ်ပဝဏ္ဏနာဋီကာပါဌ်၏ အနက်ကား– အဘိ အတိရေကော၊ လွန်သော။ ဓမ္မော၊ တရားတည်း။ အဘိဓမ္မော၊ လွန်သော တရား။ သုတ္တန္တဝိနယာ'ဓိကာ၊ သုတ္တန်, ဝိနည်းတို့ထက် လွန်သော။ ပါဠိ၊ ပါဠိတည်း။ ဣတိ အယံ၊ ဤသည်လျှင်။ အတ္ထော၊ အနက်တည်း။

ဤသို့လာသော ပါဠိ, အဋ္ဌကထာတို့တွင် ဓမ္မသင်္ဂဏီအဋ္ဌကထာ၌ လာသော 'ကေနဋ္ဌေန အဘိဓမ္မော၊ ဓမ္မာ,တိရေက ဓမ္မဝိသေသဋ္ဌေန အဘိဓမ္မော'-ဟူသော ပါဌ်၏ အရနှင့်အညီ ဋီကာဆရာတို့ အဘိသဒ္ဒါ၏ အတိရေက အနက်ကို ယူ၍ 'အဘိ အတိရေ- ကော ဓမ္မော အဘိဓမ္မော'-ဟူ၍လည်းကောင်း အဘိသဒ္ဒါ၏ ဝိသိဋ္ဌအနက်ကို ယူ၍ 'အဘိ ဝိသိဋ္ဌော ဓမ္မော ဧတ္ထာတိ အဘိဓမ္မော'-ဟူ၍လည်းကောင်း ဝစနတ္ထ ပြုကြသည်ကား သင့်သည် ချည်းပင်-ဟု မှတ်ရာ၏။

အနောတတ္တ-ပုဒ်၌ အနောဒတ္တ-ဟု ဒန္တဇ တတိယက္ခရာ ဒ-နောင် ဒန္တဇ ပဉ္စမ, ဒုတိယ အသဒိသဒွေးဘော်နှင့် ရေးသားပြောဆိုကြသည်ကား မသင့်။ အနောတတ္တ-ဟု ဒန္တဇ-ပဉ္စမက္ခရာ တ-နောင် ဒန္တဇ ပဉ္စမက္ခရာ တ-သဒိသဒွေးဘော်နှင့် ပြောဆိုရေးသားမှ သင့်သည်။ အနဝတတ္တဟူလို။ နသဒ္ဒါ-ပဋိသေဓ အနက်ဟော။ တတ္တ-သဒ္ဒါ-အပူဟော။ တပသဒ္ဒါနောင် တ-ပစ္စည်းသက်၍ ပ-ကို ချေ။ တ-ကို ဒွေးဘော်ပြု၍ တတ္တ ပြီးသည်။ အနဝတတ္တ, အနောတတ္တ ၂-ချက်သင့်။

**ဤတွင်ရွေ့ အဘိသဒ္ဒါ၏ အတိရေက, ဝိသိဋ္ဌအနက် ၂-ပါးပင် သင့်သည်ကို ပြသောစကားရပ် အပြီးသတ်တည်း။**

ထိုစကားရပ်တို့ကို အကျယ်သိလိုလျှင် ပဥ္စကနိပါတ်၊ အင်္ဂုတ္တိုရ် ပါဠိ,အဋ္ဌကထာ။ ဓမ္မပဒပါဠိ, အဋ္ဌကထာ။ တိကနိပါတ်၊ အင်္ဂုတ္တိုရ် ပါဠိ၊ အဋ္ဌကထာ။ သုတ်မဟာဝါ ပါဠိ, အဋ္ဌကထာ။ သုတ္တနိပါတ်အဋ္ဌကထာ။ အဘိဓာန်ဋီကာ။ သဒ္ဒနီတိ။ မောဂ္ဂလာန်။ ဓေရသက

နိပါတ်၊ ကစ္စာယနဇာတ်အဋ္ဌကထာ။ သင်္ဂါထာဝဂ္ဂသံယုတ် ပါဠိ,အဋ္ဌကထာ။ ဓမ္မသင်္ဂဏီအဋ္ဌကထာ။ မူလပဏ္ဏာသ၊ သလ္လေခသုတ်ပါဠိ၊ အဋ္ဌကထာ။ သတိပဋ္ဌာနသုတ်၊ ၎င်းအဋ္ဌကထာ။ ခုဒ္ဒပါဌအဋ္ဌကထာ။ ပါစိတ်အဋ္ဌကထာ။ ဓာတုဝိဘင်းပါဠိ၊ အဋ္ဌကထာ၊ ၎င်းအဖွင့် မူလဋီကာ။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ။ ပဋိသမ္ဘိဒါမဂ်အဋ္ဌကထာ။ သဂြိုဟ်။ ၎င်းအဖွင့် အဘိဓမ္မတ္ထဝိဘာဝနီဋီကာ။ ၎င်းအဖွင့် မဏိမဉ္ဇူသာဋီကာ။ အဘိဓမ္မာဝတာရ စာကိုယ်ဋီကာ။ သုတ္တနိပါတ်။ အင်္ဂုတ္တိုရ်ပါဠိ၊ အဋ္ဌကထာ။ မူလပဏ္ဏာသ၊ သဗ္ဗာသဝသုတ်ပါဠိ၊ အဋ္ဌကထာ။ မိလိန္ဒပဉှာ၊ သခေ်ပဝဏ္ဏနာဋီကာတို့မှာ ကြည့်လေ။

စာရေးတော်ကြီး နေမျိုးသီဟသူက "*ပိသုဏဝါစာ, ဖရုသဝါစာတို့ကို ပြောဆိုလျှင် မုသာဝါဒသိက္ခာပုဒ် ပျက်မည်, မပျက်မည်။ *သုရာကို အဘယ်မျှလောက် သောက်လျှင် ကံထိုက်မည်။ မာတုရက္ခိတ-စသော မိန်းမ ၈-ယောက်တို့မှာ စောင့်ရှောက်သူတို့၌ ကာမေသုမိစ္ဆာစာရကံ ထိုက်,မထိုက်။ *နွားသင်းကွပ်သူတို့ အဘယ်ကံ ထိုက်မည်။ *အပရာပရိယကံသည် ကံတပါးမကူဘဲ မိမိချည်းသက်သက် အကျိုးပေးနိုင်မည်, မပေးနိုင်မည်။ *အဘိဇ္ဈာ မနောကံသည် အဘယ်သို့ဖြစ်မှ မနောကံ ထိုက်မည်။ *သီလကို အဘယ်သို့ ဆောက်တည်မှ သီလဝိသုဒ္ဓိဖြစ်မည်။ *ဝိစိကိစ္ဆာသည် အဘယ်ကံ၌ သွင်း၍ ကမ္မပထ မြောက်သည် ယူရမည်။ *အဘိဓမ္မာသဒ္ဒါအနက်၂-ပါးတွင် အဘယ်အနက် သာ၍ သင့်မြတ်မည်ကို နေရာကျ သိမှတ်လိုပါသည်" လျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ထုတ်ဆောင်၍ ၁၂၇၉-ခု၊ တော်သလင်းလဆန်း၊ ၅-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★ ★ ★ ★ ★ ★ ★

## ရဟန်းတော် အရှင်တေဇဝန္တ-က တိရစ္ဆာန်တို့ တစ်ဦးနှင့်တစ်ဦး ဖမ်းစားကြရာ ကံထိုက်,မထိုက် လျှောက်ထားချက်

[၉၅] "ဘုရားတပည့်တော် ထားဝယ်မြို့၊ ရှင်တေဇဝန္တ လျှောက်ပါသည် ဆရာတော်ဘုရား။

အချို့သောသူတို့က တိရစ္ဆာန်တို့မှာ မိမိတို့ချင်း အချင်းချင်း ဖမ်းယူသတ်စားကြသည့်အရာသည် မိမိတို့အစာဖြစ်ရကား ပါဏာတိပါတကံ မထိုက်-ဟူ၍ ပြောဆိုကြပါသည်။ ထိုသို့ ပြောဆိုကြသည့်အတိုင်းပင် တိရစ္ဆာန်ချင်း အချင်းချင်း

သတ်စားကြသည့်အရာမှာ ပါဏာတိပါတကံ ထိုက်မည်, မထိုက်မည်ကို ဧကန်မုချ သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား။"

၎င်းရှင်တေဇဝန္တ လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ–

*[ဤကျမ်း၊ ဒုတိယတွဲ၊ ဒုတိယပိုင်း၊ အပိုဒ် ၉၅-အတွက် အဖြေကို ဤကျမ်း၊ ဒုတိယတွဲ၊ ပထမပိုင်း၊ အပိုဒ်-၈၉၊ စာမျက်နှာ ၆၉၉-တွင် ပါပြီးဖြစ်သည်။ ပြန်ရှုရန်။ ]*

★ ★ ★ ★ ★ ★ ★

## ထီးလင်းဆရာတော်ဘုရားက အရပ်ပြစ် ၈-ပါးအကြောင်းကို တောင်းပန်ထားချက်

[၉၆]    "ထီးလင်းဆရာတော် လျှောက်ပါသည် အရှင်သူမြတ်၊ ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရာသတ်, အရူပ, ဝိကလိန္ဒြိယ, ပစ္စန္တရစ်, မိစ္ဆာဒိဋ္ဌိ၊ ဤ ၈-ဌာနတို့ကို အရပ်ပြစ် ၈-ပါး-ဟု အများပင် ပြောဆိုကြပါသည်။ ထိုသို့ ပြောဆိုကြသော အရာသည် ဘုရားဟောကျမ်းလာ ဒေသနာနှင့် လျော်ပါမည်လား, မလျော်လားကို ကွဲပြားသေချာ မသိပါသောကြောင့် မိန့်မှာဟောကြား အရပ်ပြစ် ၈-ပါး၏ ကွဲပြားဖြစ်ပုံကို အာရုံစိတ်ထဲ စွဲမှတ်ပါရအောင် နေရာကျ အမိန့်ရှိတော်မူပါမည်အကြောင်းကို လျှောက်ပါသည် အရှင်သူမြတ်။"

၎င်းတောင်းပန်ထားချက်အရ အဖြေဝိသဇ္ဇနာ–

*[ဤကျမ်း၊ ဒုတိယတွဲ၊ ဒုတိယပိုင်း၊ ပုဒ်မ ၉၄-အတွက် အဖြေကို ပထမတွဲ(လုံးတော်)၊ ပဥ္စမပိုင်း၊ ပုဒ်မ-၇၂၊ အပိုဒ်-၄၊ စာမျက်နှာ ၅၇၄-တွင် ပါပြီးဖြစ်သည်။ ပြန်ရှုရန်။ ]*

အကျယ်သိလိုလျှင် အဋ္ဌကနိပါတ်၊ အင်္ဂုတ္တိုရ်ပါဠိ, အဋ္ဌကထာ။ စတုက္ကနိပါတ်၊ အင်္ဂုတ္တိုရ်ပါဠိ,အဋ္ဌကထာ။ ဓမ္မပဒအဋ္ဌကထာ။ သုခဝဂ်၊ ဧရကပတ္တနာဂရာဇဝတ္ထု၊ ၎င်းအဋ္ဌကထာ၊ ဒဏ္ဍဝဂ်၊ ဆဗ္ဗဂ္ဂိယဝတ္ထု၊ ဝိနည်းမဟာဝါ။ မဟာခန္ဓက ပါဠိ, အဋ္ဌကထာ။ ဓမ္မသင်္ဂဏီအဋ္ဌကထာတို့မှာ ကြည့်လေ။

ထီးလင်းဆရာတော်က ငရဲ, တိရစ္ဆာန်, ပြိတ္တာ, အသုရာသတ်, အရူပ, ဝိကလိန္ဒြိယ, ပစ္စန္တရစ်, မိစ္ဆာဒိဋ္ဌိ၊ ဤ ၈-ဌာနတို့ကို အရပ်ပြစ် ၈-ပါးဟု အများပင်ပြောဆိုကြသော အရာသည် ကျမ်းဂန်ပါဠိလာသည်နှင့် လျော်မည်, မလျော်မည်ကို သိလိုပါသည် မေးလျှောက်သောကြောင့် ကျမ်းဂန်ပါဠိ လာရှိသည့်အရာ ဒေသနာနယကို ထုတ်ဆောင်၍ ၁၂၇၉-ခု၊ တော်သလင်းလဆန်း၊ ၁၂-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိမ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## ရဟန်းတော် ဦးပညာ-က စကြဝဠာ-စသော အဝေးအကွာကို သိလိုကြောင်း လျှောက်ထားချက်

[၉၇] "ဘုရားတပည့်တော် ကျောက်ဆောက်မြို့၊ ရှင်ပညာ လျှောက်ပါသည် ဆရာတော်ဘုရား။

(၁) မြင်းမိုရ်, စကြဝဠာ, သီဒါ, သတ္တရဘန်, အရံကျွန်းကြီးတို့၏ အဝေးအကွာ၊

(၂) ၃-ဖြာသော ဝီထိတို့၏ အချင်းယူဇနာ အကွာအဝေးများကို နေရာကျ မသိသည်ဖြစ်ပါ၍ နေရာကျ သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။"

ရဟန်းတော် ဦးပညာ လျှောက်ထားချက် အဖြေဝိသဇ္ဇနာ–

*[ဤကျမ်း၊ ဒုတိယတွဲ၊ ဒုတိယပိုင်း၊ ပုဒ်မ ၉၇-အတွက် အဖြေကို ပထမတွဲ(လုံးတော်)၊ တတိယပိုင်း၊ ပုဒ်မ-၄၈၊ အပိုဒ်-၂၊ စာမျက်နှာ ၃၃၅-တွင် ပါပြီးဖြစ်သည်။ ပြန်ရှုရန်။]*

ကျွန်းကြီး ၄-ကျွန်းတို့အလယ် မြင်းမိုရ်တောင် တည်သည်။ မြင်းမိုရ်တောင်ကို ရံ၍ မြင်းမိုရ်နှင့် ယူဇနာ ၈၄,၀၀၀-အကွာတွင် ယုဂန္ဓရတောင် ဝိုက်လျက် တည်သည်။ ယုဂန္ဓရတောင်ကို ရံ၍ ယုဂန္ဓရတောင်နှင့် ယူဇနာ ၄၂,၀၀၀-အကွာတွင် **ဤသိန္ဓရတောင်** ဝိုက်လျက် တည်သည်။ ဤသိန္ဓရတောင်ကို ရံ၍ ဤသိန္ဓရတောင်နှင့် ယူဇနာ ၂၁,၀၀၀-အကွာတွင် ကရဝီကတောင် ဝိုက်လျက် တည်သည်။ ကရဝီကတောင်ကို ရံ၍ ကရဝီကတောင်နှင့် ယူဇနာ ၁,၅၀၀-အကွာတွင် သုဒဿနတောင် ဝိုက်လျက် တည်သည်။ သုဒဿန

တောင်ကို ရံ၍ သုဒဿနတောင်နှင့် ယူဇနာ ၅,၂၅၀-အကွာတွင် နေမိန္ဓရတောင် ဝိုက်လျက် တည်သည်။ နေမိန္ဓရတောင်ကို ရံ၍ နေမိန္ဓရတောင်နှင့် ယူဇနာ ၂,၆၂၅-အကွာတွင် ဝိနတကတောင် ဝိုက်လျက် တည်သည်။ ဝိနတကတောင်ကို ရံ၍ ဝိနတကတောင်နှင့် ယူဇနာ ၁,၃၁၂-အကွာတွင် အဿကဏ်တောင် ဝိုက်လျက် တည်သည်။ အဿကဏ် တောင်နှင့် ယူဇနာ ၆၆,၅၀၃-အကွာတွင် ကျွန်းကြီး ၄-ကျွန်းတို့ တည်သည်။ မြင်းမိုရ်တောင်မှ ၅၅၉,၇၂၅-ယူဇနာတွင် စကြဝဠာ ဝိုက်လျက် တည်သည်။ စကြဝဠာတောင်ကား ယူဇနာ ၈၂,၀၀၀-တည်း။

*ပထမတွဲ၊ တတိယပိုင်း၊ ပုဒ်မ [၄၈]၊ အပိုဒ်-၂၊ စာမျက်နှာ ၃၃၅ – ၃၄၁-မှ*



ပထမတွဲ၊ တတိယပိုင်း၊ ပုဒ်မ [၄၈]၊

| | |
|---|---|
| မြင်းမိုရ်တောင်နံ | ၈၄,၀၀၀ |
| မြင်းမိုရ်တောင်ဝန်း | ၂,၅၂,၀၀၀ |
| မြင်းမိုရ် - ယုဂန်အကွာ | ၈၄,၀၀၀ |
| ယုဂန်တောင်ထု (၂-ဖက်) | ၄၂,၀၀၀ |
| ယုဂန်တောင်တွင်းနံ | ၂,၅၂,၀၀၀ |
| ယုဂန်တောင်တွင်းဝန်း | ၇,၅၆,၀၀၀ |
| ယုဂန်တောင်ပြင်နံ | ၂၉,၄,၀၀၀ |
| ယုဂန်တောင်ပြင်ဝန်း | ၈,၈၂,၀၀၀ |
| ယုဂန် - ဣသဓရအကွာ(၂-ဖက်) | ၈၄,၀၀၀ |
| မြင်းမိုရ် - ဣသဓရအကွာ | ၁,၄၇,၀၀၀ |
| ဣသဓရတောင်ထု (၂-ဖက်) | ၂၁,၀၀၀ |
| ဣသဓရတောင်တွင်းနံ | ၃၇,၈,၀၀၀ |
| ဣသဓရတောင်တွင်းဝန်း | ၁၁,၃၄,၀၀၀ |
| ဣသဓရတောင်ပြင်နံ | ၃,၉၉,၀၀၀ |
| ဣသဓရတောင်ပြင်ဝန်း | ၁၁,၉၇,၀၀၀ |
| ဣသဓရ - ကရဝီကအကွာ(၂-ဖက်) | ၄၂,၀၀၀ |
| မြင်းမိုရ် - ကရဝီကအကွာ | ၁၇၈,၅၀၀ |
| ကရဝီကတောင်ထု (၂-ဖက်) | ၁၀,၅၀၀ |
| ကရဝီကတောင်တွင်းနံ | ၄,၄၁,၀၀၀ |
| ကရဝီကတောင်တွင်းဝန်း | ၁၃,၂၃,၀၀၀ |
| ကရဝီကတောင်ပြင်နံ | ၄,၅၁,၅၀၀ |
| ကရဝီကတောင်ပြင်ဝန်း | ၁၃,၅၄,၅၀၀ |
| ကရဝီက - သုဒဿနအကွာ(၂-ဖက်) | ၂၁,၀၀၀ |
| မြင်းမိုရ် - သုဒဿနအကွာ | ၁,၉၄,၂၅၀ |
| သုဒဿနတောင်ထု(၂-ဖက်) | ၅,၂၅၀ |

*အပိုဒ်-၂။ စာမျက်နှာ ၃၃၅ — ၃၄၁-မှ တွက်စာ*

*(ပေးထားချက်)*
*(မြင်းမိုရ်တောင်နံ × ၃) (၈၄,၀၀၀ × ၃)*

*(ပေးထားချက်)*
*(ပေးထားချက်)*
*(မြင်းမိုရ်တောင်ဝန်းသည်ပင် ယုဂန်တောင်အတွင်းနံဖြစ်သည်။ ပေးထားချက်။)*
*(ယုဂန်တောင်တွင်းနံ × ၃) (၂,၅၂,၀၀၀ × ၃)*
*(ယုဂန်တောင်တွင်းနံ + ယုဂန်တောင်ထု ၂-ဖက်) (၂,၅၂,၀၀၀ + ၄၂,၀၀၀)*
*(ယုဂန်တောင်ပြင်နံ × ၃) (၂၉,၄,၀၀၀ × ၃)*
*(ပေးထားချက်။)*

*(ပေးထားချက်။)*
*(ပေးထားချက်။)*
*(ယုဂန်တောင်ပြင်နံ + ယုဂန်-ဣသဓရအကွာ) (၂၉,၄,၀၀၀ + ၈၄,၀၀၀)*
*(ဣသဓရတောင်တွင်းနံ × ၃) (၃၇,၈,၀၀၀ × ၃)*
*(ဣသဓရတောင်တွင်းနံ + ဣသဓရတောင်ထု ၂-ဖက်) (၃၇,၈,၀၀၀ + ၂၁,၀၀၀)*
*(ဣသဓရတောင်ပြင်နံ × ၃) (၃,၉၉,၀၀၀ × ၃)*
*(ပေးထားချက်။)*

*(ပေးထားချက်။)*
*(ပေးထားချက်။)*
*(ဣသဓရတောင်ပြင်နံ + ဣသဓရ-ကရဝီကအကွာ) (၃,၉၉,၀၀၀ + ၄၂,၀၀၀)*
*(ကရဝီကတောင်တွင်းနံ × ၃) (၄,၄၁,၀၀၀ × ၃)*
*(ကရဝီကတောင်တွင်းနံ + ကရဝီကတောင်ထု ၂-ဖက်) (၄,၄၁,၀၀၀ + ၁၀,၅၀၀)*
*(ကရဝီကတောင်ပြင်နံ × ၃) (၄,၅၁,၅၀၀ × ၃)*
*(ပေးထားချက်။)*

*(ပေးထားချက်။)*
*(ပေးထားချက်။)*

| | | |
|---|---|---|
| သုဒဿနတောင်တွင်းနံ | ၄,၇၂,၅၀၀ | |
| သုဒဿနတောင်တွင်းဝန်း | ၁၄,၁၇,၅၀၀ | |
| သုဒဿနတောင်ပြင်နံ | ၄,၇၇,၇၅၀ | |
| သုဒဿနတောင်ပြင်ဝန်း | ၁၄,၃၃,၂၅၀ | |
| သုဒဿန -နေမိန္ဓရအကွာ(၂-ဖက်) | ၁၀,၅၀၀ | |
| မြင်းမိုရ် - နေမိန္ဓရအကွာ | ၂၂၀,၁၂၅ | |
| နေမိန္ဓရတောင်ထု(၂-ဖက်) | ၂,၆၂၅ | |
| နေမိန္ဓရတောင်တွင်းနံ | ၄,၈၈,၂၅၀ | |
| နေမိန္ဓရတောင်တွင်းဝန်း | ၁၄,၆၄,၇၅၀ | |
| နေမိန္ဓရတောင်ပြင်နံ | ၄,၉၀,၈၇၅ | |
| နေမိန္ဓရတောင်ပြင်ဝန်း | ၁၄,၇၂,၆၂၅ | |
| နေမိန္ဓရ- ဝိနတကအကွာ(၂-ဖက်) | ၅,၂၅၀ | |
| မြင်းမိုရ် - ဝိနတကအကွာ | ၂,၀၆,၀၆၂ | |
| ဝိနတကတောင်ထု(၂-ဖက်) | ၁,၃၁၂ | |
| ဝိနတကတောင်တွင်းနံ | ၄,၉၆,၁၂၅ | |
| ဝိနတကတောင်တွင်းဝန်း | ၁၄,၈၈,၃၇၅ | |
| ဝိနတကတောင်ပြင်နံ | ၄၉၇,၄၃၇ | ၂-ဂါဝုတ် |
| ဝိနတကတောင်ပြင်ဝန်း | ၁၄,၉၂,၃၁၁ | ၂-ဂါဝုတ် |
| ဝိနတက-အဿကဏ်အကွာ(၂-ဖက်) | ၂,၆၂၅ | |
| မြင်းမိုရ် - အဿကဏ်အကွာ | ၂၀၈,၀၃၁ | |
| အဿကဏ်တောင်ထု(၂-ဖက်) | ၆၅၆ | ၁-ဂါဝုတ် |
| အဿကဏ်တောင်တွင်းနံ | ၅,၀၀,၀၆၂ | ၂-ဂါဝုတ် |
| အဿကဏ်တောင်တွင်းဝန်း | ၁၅,၀၀,၁၈၇ | ၂-ဂါဝုတ် |
| အဿကဏ်တောင်ပြင်နံ | ၅,၀၀,၇၁၈ | ၃-ဂါဝုတ် |
| အဿကဏ်တောင်ပြင်ဝန်း | ၁၅,၀၂,၁၅၆ | ၁-ဂါဝုတ် |

*(ကရဝီကတောင်ပြင်နံ့ + ကရဝီက - သုဒဿနအကွာ) (၄,၅၁,၅၀၀ + ၂၁,၀၀၀)*

*(သုဒဿနတောင်တွင်းနံ့ × ၃) (၄,၇၂,၅၀၀ × ၃)*

*(သုဒဿနတောင်တွင်းနံ့ + သုဒဿနတောင်ထု ၂-ဖက်) (၄,၇၂,၅၀၀ + ၅,၂၅၀)*

*(သုဒဿနတောင်ပြင်နံ့ × ၃) (၄,၇၇,၇၅၀ × ၃)*

*(ပေးထားချက်။)*

*(ပေးထားချက်။)*

*(ပေးထားချက်။)*

*(သုဒဿနတောင်ပြင်နံ့ + သုဒဿန -နေမိန္ဓရအကွာ) ( ၄,၇၇,၇၅၀+ ၁၀,၅၀၀)*

*(နေမိန္ဓရတောင်တွင်းနံ့ × ၃) (၄,၈၈,၂၅၀ × ၃)*

*(နေမိန္ဓရတောင်တွင်းနံ့ + နေမိန္ဓရတောင်ထု ၂-ဖက်) (၄,၈၈,၂၅၀ + ၂,၆၂၅)*

*(နေမိန္ဓရတောင်ပြင်နံ့ × ၃) (၄,၉၀,၈၇၅ × ၃)*

*(ပေးထားချက်။)*

*(ပေးထားချက်။)*

*(ပေးထားချက်။)*

*(နေမိန္ဓရတောင်ပြင်နံ့ + နေမိန္ဓရ- ဝိနတကအကွာ) (၄,၉၀,၈၇၅ + ၅,၂၅၀)*

*(ဝိနတကတောင်တွင်းနံ့ × ၃) (၄,၉၆,၁၂၅ × ၃)*

*(ဝိနတကတောင်တွင်းနံ့ + ဝိနတကတောင်ထု ၂-ဖက်) (၄,၉၆,၁၂၅ + ၁,၃၁၂)*

*(ဝိနတကတောင်ပြင်နံ့ × ၃) (၄၉၇,၄၃၇ - ၂-ဂါဝုတ် × ၃)*

*(ပေးထားချက်။)*

*(ပေးထားချက်။)*

*(ပေးထားချက်။)*

*(ဝိနတကတောင်ပြင်နံ့ + ဝိနတက-အဿကဏ်အကွာ) (၄၉၇,၄၃၇ ၂-ဂါဝုတ် + ၂,၆၂၅)*

*(အဿကဏ်တောင်တွင်းနံ့ × ၃) (၅,၀၀,၀၆၂ - ၂-ဂါဝုတ် × ၃)*

*(အဿကဏ်တောင်တွင်းနံ့+အဿကဏ်တောင်ထု ၂-ဖက်) (၅,၀၀,၀၆၂။ ၂-ဂါဝုတ် + ၆၅၆၊ ၁-ဂါဝုတ်)*

*(အဿကဏ်တောင်ပြင်နံ့ × ၃) (၅,၀၀,၇၁၈ - ၃-ဂါဝုတ် × ၃)*

ဤတွင်ရွှေ့ မြင်းမိုရ်, စကြဝဠာ, သီတာ, သတရဇ္ဇန်, အရံကျွန်းကြီးတို့၏ အချင်းယူဇနာ အဝေးအကွာ၊ ဝီထိ ၃-ပါးတို့၏ အချင်းယူဇနာ အဝေးအကွာကို ပြဆိုသော စကားရပ် အပြီးသတ်တည်း။

## မန္တလေးမြို့၊ နန္ဒမူတံခါးတော်တွင်းနေ ဒါယကာတစ်စုတို့နှင့် အာဠဝီ တံခါးတော်တွင်းနေ ဒါယကာတစ်စုတို့က ပါဏာတိပါတကံနှင့် စပ်လျဉ်း၍ လျှောက်ထားချက်

[၉၈] "ဘုရားတပည့်တော် နန္ဒမူ, အာဠဝီတံခါးတော်တွင်းနေ ဒကာကြီး,ငယ် တစ်စုတို့ လျှောက်ပါသည် ဆရာတော်ဘုရား။

ပါဏော, ပါဏသညိတာ, ဝဓကစိတ္တံ, ဥပက္ကမော, တေန မရဏံ-ဟူ၍ ပါဏာတိပါတကံ အင်္ဂါ ၅-ပါး ရှိသည်တွင်-

- အင်္ဂါ ၅-ပါးလုံးကိုပင် ပါဏာတိပါတကံ ယူရမည်။
- အင်္ဂါ ၅-ပါးတို့တွင် ၁-ပါးပါးကိုပင် ပါဏာတိပါတကံ ယူရမည်။
- ပါဏာတိပါတစေတနာသည် အင်္ဂါ ၅-ပါးမှ အလွတ် ဖြစ်မည်ကို-

နေရာကျကျ သန္နိဋ္ဌာန်ချ၍ သိမှတ်ပါရအောင် ကယ်မသနားတော်မူပါမည့် အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား"။

အထက်စာပါ ဒါယကာတို့ လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ-

ပါဏာတိပါတကံ အင်္ဂါ ၅-ပါးတို့တွင် အင်္ဂါ ၅-ပါးလုံးပင် ပါဏာတိပါတကံ ယူရမည်။ အင်္ဂါ ၅-ပါးတို့တွင် ၁-ပါးပါးကိုပင် ယူရမည်။ ပါဏာတိပါတ စေတနာသည် အင်္ဂါ ၅-ပါးမှ အလွတ်ဖြစ်မည်ကို မေးလျှောက်သည်မှာ-

- ပါဏော, ပါဏသညိတာ, ဝဓကစိတ္တံ၊ ဤအင်္ဂါ ၃-ပါးတို့သည် ဝဓကစေတနာ၏ ရှေးအဖို့၌ ဖြစ်သောကြောင့် ပုဗ္ဗဘာဂိယအင်္ဂါ မည်၏။
- ဥပက္ကမ, မရဏ၊ ဤအင်္ဂါ ၂-ပါးတို့သည် ဝဓကစေတနာနှင့် တကွဖြစ်သောကြောင့် သဟဘာဂိယအင်္ဂါ မည်၏။

အင်္ဂါ ၅-ပါးတို့တွင် ၁-ပါးပါးကိုလည်း ပါဏာတိပါတကံ မယူအပ်။ အင်္ဂါ ၅-ပါးတို့တွင် လုံ့လနှင့်တကွဖြစ်သော ဝဓကစေတနာကိုသာ **ပါဏာတိပါတကံ-ဟု ယူအပ်၏**။ အဒိန္နာဒါန်-စသည်တို့၌ ဤနည်းတူ မှတ်ရာ၏။

ထို့ကြောင့် သုတ်သီလက္ခန်ဋီကာ၊ မူလပဏ္ဏာသ၊ ရှေးဦးစွာသော မူလပရိယာယဝဂ် အစု၊ ၉-ခုမြောက်သော သမ္မာဒိဋ္ဌိသုတ် အဖွင့်ဋီကာ(မဋီ၊၁၊၃၀၁)တို့၌-

**ပါဏော ပါဏသညိတာ ဝဓကစိတ္တဥ္စာတိ ပုဗ္ဗဘာဂိယာပိ ဟောန္တိ၊ ဥပက္ကမော ဝဓကစေတနာသမုဋ္ဌာပိတော။ <u>ပဉ္စ သမ္ဘာရာ ဟိ ပါဏာတိပါတစေတနာ</u>တိ သာ ပဉ္စသမ္ဘာရဝိနိမုတ္တာ ဒဋ္ဌဗ္ဗာ။ အယဉ္စ ဝိစာရော အဒိန္နာဒါနာဒီသုပိ ယထာရဟံ ဝတ္တဗ္ဗော။**

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ပါဏော၊ သတ္တဝါလည်း မှန်စေ။ ပါဏသညိတာ၊ သတ္တဝါ-ဟူသော အမှတ်ရှိသည် လည်း ဖြစ်စေ။ ဝဓကစိတ္တံ၊ သတ်လိုသော စိတ်လည်း ရှိစေ။ ဣတိ ဣမာနိ တီဏိ အင်္ဂါနိ၊ ဤ ၃-ပါးကုန်သော အင်္ဂါတို့သည်။ ပုဗ္ဗဘာဂိယာပိ၊ ဝဓကစေတနာ၏ ရှေးအဖို့၌ ဖြစ်ကုန် သည်လည်း။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဥပက္ကမော၊ လုံ့လသည်။ ဝဓကစေတနာသမုဋ္ဌာပိတော၊ ဝဓကစေတနာကို ဖြစ်စေတတ်၏။ ဝါ၊ ဝဓကစေတနာနှင့်တကွ ဖြစ်၏။ ဟိ သစ္စံ၊ ထိုစကား မှန်၏။ ပါဏာတိပါတစေတနာ၊ ပါဏာတိပါတ ဝဓကစေတနာသည်။ ပဉ္စ သမ္ဘာရာ၊ အင်္ဂါ ၅-ပါးရှိ၏။ သာ၊ ထိုပါဏာတိပါတ ဝဓကစေတနာသည်။ ဝါ၊ ကို။ ပဉ္စသမ္ဘာရဝိနိမုတ္တာတိ၊ အင်္ဂါ ၅-ပါးမှ အလွတ်-ဟူ၍။ ဒဋ္ဌဗ္ဗာ၊ မှတ်အပ်၏။ အယဉ္စ ဝိစာရော၊ ဤဆင်ခြင်ခြင်းကို လည်း။ အဒိန္နာဒါနာဒီသု၊ အဒိန္နာဒါန်-စသည်တို့၌။ ယထာရဟံ၊ ထိုက်သည်အားလျော်စွာ။ ဝတ္တဗ္ဗော၊ ဆိုအပ်၏။

"ယထာရဟံ ဝတ္တဗ္ဗော"အရဖြင့်-

**ပရပရိဂ္ဂဟိတံ ပရိပရိဂ္ဂတသညိ ထေယျစိတ္တဥ္စာတိ ပုဗ္ဗဘာဂိယာပိ ဟောန္တိ၊ ဥပက္ကမော ဟရဏစေတနာသမုဋ္ဌာပိတော။ ပဉ္စ သမ္ဘာရာ ဟိ အဒိန္နာဒါနာတိ သာ ပဉ္စသမ္ဘာရဝိနိမုတ္တာတိ ဒဋ္ဌဗ္ဗာ။**

စသည်ဖြင့် ယူလေ-ဟူလို၏။

ထိုစကားရပ်ကို အကျယ်သိလိုမူ သုတ်သီလက္ခန်ဋီကာ၊ မူလပဏ္ဏာသဋီကာတို့မှာ ကြည့်လေ။ နန္ဒမူ, အာဋ္ဌဝီတံခါးတွင်းနေ ဒကာကြီး,ငယ်တစ်စုတို့က "ပါဏာတိပါတကံ အင်္ဂါ ၅-ပါးတို့တွင် အင်္ဂါ ၅-ပါးလုံးကို ပါဏာတိပါတကံ ယူရမည်။ အင်္ဂါ ၅-ပါးတွင် ၁-ပါးပါးကိုပင် ပါဏာတိပါတကံ ယူရမည်။ ပါဏာတိပါတကံသည် အင်္ဂါ ၅-ပါးမှ အလွတ် ဖြစ်မည်ကို အသေအချာ သိလိုပါသည်"ဟု လျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာ

နယကို ညွှန်ပြထုတ်ဆောင်၍ ၁၂၄၀-ပြည့်၊ ဝါခေါင်လဆန်း ၄-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိမ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## မြေဒူးမြို့၊ ရဟန်းတော်ရှင်သုဇာတ-က ဝိသာခါ၏ နို့ကို ယောက္ခမ မိဂါရသူဌေး စို့သည်-ဟူသောအကြောင်း မေးလျှောက်ချက်

[၉၉] "ဘုရားတပည့်တော် မြေဒူးမြို့၊ ရဟန်းရှင်သုဇာတ လျှောက်ပါသည် ဆရာတော်ဘုရား။

ဝိသာခါ ဒါယိကာမကို မိဂါရမာတာ-ဟု တွင်ပါသည်။ ကျမ်းဂန်တို့၌လည်း 'မိဂါရမာတုပါသာဒေ၊ မိဂါရမာတုယာ'စသည်ဖြင့် လာရှိပါသည်။ ထိုသို့ ရှိသည့်အရာကို အချို့သောသူတို့ကလည်း ဝိသာခါ၏ နို့ကို မိဂါရသူဌေး စို့သည် ဆိုသောကြောင့် မိဂါရမာတာ-ဟု တွင်သည်-ဟု ဆိုကြပါသည်။ အချို့လည်း ဝိသာခါ၏ နို့ကို မိဂါရသူဌေး မစို့။ 'အမိ၏အရာ၌ တည်၍ ငါတို့ကို ဆုံးမပါ'ဟု မိဂါရသူဌေး ဆိုသောအရာကို စွဲ၍ ပရိယာယ်စကားမျှသာ ဖြစ်သည်-ဟု ပြောဆိုကြပါသည်။

သို့ ဝါဒအသီးအသီး နည်းအထွေထွေ ဆိုကြလေသဖြင့် နေရာကျ မသိနိုင်ကြရကား ရမ်းဆဝိုးဝါး မကွဲပြားပါသောကြောင့် ကွဲပြားမုချ နေရာကျကို သိမှတ်ပါရအောင် သာဓကဆောင်ပြီးလျှင် တောင်ယုဂန်ဗွေစွန်းဝယ် ငွေလဝန်းတန်ဆောင်သည် မြင်းမိုရ်တောင် ကောင်းကင်ဝမှ လွန်စွာ ထွန်းပလင်းထိန်သကဲ့သို့ အစိန္တေယျသမ္ဗုဒ္ဓ၏ နယသာဂရတည်း-ဟူသော ဒေသနာ ရွှေဗျာမိန့်ခွန်းကို ဖော်ညွှန်းထုတ်ဆောင်၍ သိသာအောင် ပြတော်မူပါမှ သုတဓရ၊ သုတေသန၊ သုတဆည်းဆူ၊ ဗိုလ်လူအများတို့ မှတ်သားပါရမည့်အကြောင်းကို ဆယ်ချောင်းဟတ္ထာ၊ ပဏာမဖြင့်၊ တုပ်ကွရှိကျိုး၊ ရှိခိုးနားတော်လျှောက်ပါသည် ဆရာတော်ဘုရား"။

ရဟန်းတော် ရှင်သုဇာတ မေးလျှောက်ချက်အရ အဖြေဝိသဇ္ဇနာ-

ဝိသာခါဒါယိကာမ၏ နို့ကို ယောက္ခမ မိဂါရသူဌေး စို့သည်, မစို့သည်ကို မေးလျှောက်သည်မှာ-

အချို့သောသူတို့က 'ဝိသာခါ၏ အဆုံးအမကို ယောက္ခမ မိဂါရသူဌေးက နာခံရသဖြင့် ပရိယာယ်စကားမျှသာ ဖြစ်သည်'-ဟု ဆိုကြကုန်၏။ ထိုစကားကို ဤသို့ မမှတ်ရာ။ ဝိသာခါမည်သော ချွေးမ၏ နို့ကို သူဌေးကြီးယောက္ခမ မိဂါရသည် 'ဒဟရပုတ္တကုမာရ' ဟု ငယ်လှစွာသော သားလုလင်က မိခင်၏နို့ကို စို့သည်နှင့်တူစွာ အသေအချာပင် စို့သည်-ဟု မှတ်ရာ၏။

ထို့ကြောင့် ဓမ္မပဒ၊ ၄-ခုမြောက်သော ပုပ္ဖဝဂ်အစု၊ ၈-ခုမြောက်သော ဝိသာခါဝတ္ထု အဋ္ဌကထာ(ဓမ္မ၊ဋ္ဌ၁။၂၅၆)၌-

**မိဂါရသေဋ္ဌိပိ တထာဂတေ ဓမ္မံ ဒေသေန္တေ ဝိနိဝတ္တေန္တေ ဗဟိသာဏိယံ နိသိန္နောဝ သဟဿနယပဋိမဏ္ဍိတေ သောတာပတ္တိဖလေ ပတိဋ္ဌာယ အစလာယ သဒ္ဓါယ သမန္နာဂတော တီသု သရဏေသု နိက္ကင်္ခေါ ဟုတွာ သာဏိကဏ္ဍံ ဥက္ခိပိတွာ အာဂန္တွာ သုဏှာယ ထနံ မုခေန ဂဟေတွာ "တုမှေဝ အဇ္ဇတော ပဋ္ဌာယ မေ မာတာ"တိ မာတုဋ္ဌာနေ ဌပေသိ။ သာပိ တတော ပဋ္ဌာယ မိဂါရမာတာ နာမ ဇာတာ။**

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

မိဂါရသေဋ္ဌိပိ၊ မိဂါရသူဌေးသည်လည်း။ တထာဂတေ၊ မြတ်စွာဘုရားသည်။ ဓမ္မံ ဒေသေန္တေ၊ တရားဟောခြင်းကို။ ဝိနိဝတ္တေန္တေ၊ ဆုံးစေတော်မူသည်ရှိသော်။ ဗဟိသာဏိယံ၊ တင်းတိမ်၏ အပ၌။ နိသိန္နောဝ၊ နေလျက်ပင်လျှင်။ သဟဿနယပဋိမဏ္ဍိတေ၊ တစ်ထောင်သောနည်းတို့ဖြင့် တန်ဆာဆင်အပ်သော။ သောတာပတ္တိဖလေ၊ သောတာပတ္တိဖိုလ်၌။ ပတိဋ္ဌာယ၊ တည်၍။ အစလာယ၊ မတုန်မလှုပ်သော။ သဒ္ဓါယ၊ သဒ္ဓါတရားနှင့်။ သမန္နာ-ဂတော၊ ပြည့်စုံသည်ဖြစ်၍။ တီသု သရဏေသု၊ သရဏဂုံ ၃-ပါးတို့၌။ နိက္ကင်္ခေါ၊ ယုံမှားမရှိသည်။ ဟုတွာ၊ ဖြစ်၍။ သာဏိကဏ္ဍံ၊ တင်းတိမ်စွန်းကို။ ဥက္ခိပိတွာ၊ မ-၍။ သုဏှာယ၊ ချွေးမ ဝိသာခါ၏။ ထနံ၊ သားမြတ်ကို။ မုခေန၊ ခံတွင်းဖြင့်။ ဂဟေတွာ၊ ငုံ၍။ "တုမှေဝ၊ ရှင်မသည်ပင်လျှင်။ အဇ္ဇတော၊ ယနေ့မှ။ ပဋ္ဌာယ၊ စ၍။ မေ၊ ငါ၏။ မာတာ၊ အမိပေတည်း"။ ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ မာတုဋ္ဌာနေ၊ အမိအရာ၌။ ဌပေသိ၊ ထားပေ၏။ သာပိ၊ ထိုဝိသာခါ ဒါယိကာမသည်လည်း။ တတော ပဋ္ဌာယ၊ ထိုနေ့မှ စ၍။ ဝါ၊ "တုမှေဝ အဇ္ဇတော ပဋ္ဌာယ မေ မာတာ"ဟု မိဂါရသူဌေး ဆိုသောအခါမှ စ၍။ မိဂါရမာတာ နာမ၊ မိဂါရမာတာ မည်သည်။ ဇာတာ၊ ဖြစ်၏။

မိဂါရသူဌေးသည် ဝိသာခါ၏ နို့ကို သေချာစွာ စို့ပြီးမှ ဝမ်းမြောက်ဝမ်းသာ ရွှင်လန်းလျက် ဥဒါန်းကျူးရင့်ကြောင်းကို-

***အဇ္ဇတော'ဟံ ပဇာနာမိ၊ ယတ္ထ ဒိန္နံ မဟပ္ဖလံ။** ***(*သော'ဟံ အဇ္ဇ ပဇာနာမိ)***
**အတ္ထာယ ဝတ မေ ဘဒ္ဒါ၊ သုဏိသာ ယရ'မာဂတာ။ ။**

ဟု ၎င်းအဋ္ဌကထာတွင် လာသည်။ (ဓမ္မ၊ ၄၊ ၁။ ၂၅၇)

ယတ္ထ၊ အကြင်ပုဂ္ဂိုလ်၌။ ဒိန္နံ၊ လှူအပ်သော အလှူသည်။ မဟပ္ဖလံ၊ အကျိုးကြီးမြတ်၏။ တ္ထတိ၊ ဤသို့။ အဇ္ဇတော၊ ယနေ့မှ။ ပဋ္ဌာယ၊ စ၍။ အဟံ၊ ငါသည်။ ပဇာနာမိ၊ သိရပေ၏။ ဝတ၊ စင်စစ်။ မေ၊ ငါ၏။ အတ္ထာယ၊ အကျိုးငှာ။ ဘဒ္ဒါ၊ ကောင်းသော။ ဝါ၊ လိမ္မာသော။ သုဏိသာ၊ ချွေးမသည်။ ယရံ၊ အိမ်သို့။ အာဂတာ၊ ရောက်လာပေ၏။

သာဝတ္ထိပြည်ကြီး၏ အရှေ့မျက်နှာအရပ်တွင် ဝိသာခါ ဆောက်လုပ်လှူဒါန်းသော ကျောင်းကို မိဂါရမာတုပါသာဒ-ဟု တွင်ကြောင်းကို သင်္ဂါယနာ ၃-တန်တင်သော ကျမ်းဂန်အစောင်စောင်တို့၌ပင် လာသည်။ ထိုစကား မှန်၏။ မိဂါရမာတာ-ဟူရာ၌ ဝိသာခါဒါယိကာမကို မိဂါရမာတာ-ဟု တွင်သည်။ မိဂါရမည်သော ယောက္ခမသူဌေးသည် မိမိ၏ အမိနို့၌ ခံတွင်းကို ထား၍ စို့သကဲ့သို့ ဝိသာခါ၏နို့၌ မိမိခံတွင်းကို ထား၍ စို့၏။ ထို့ကြောင့် ဝိသာခါကို မိဂါရမာတာ-ဟု တွင်သည်။

ထို့ကြောင့် ပရမတ္ထဇောတိကာမည်သော သုတ္တနိပါတ်၊ ဒွယတာနုပဿနာသုတ်အဖွင့်အဋ္ဌကထာ(သုတ္တနိ၊ ၄၊ ၂။ ၂၁၉)၌–

> **မိဂါရမာတု ပါသာဒေတိ ဧတ္ထ ဝိသာခါ ဥပါသိကာ အတ္တနော သသုရေန မိဂါရသေဋ္ဌိနာ မာတုဋ္ဌာနေ** (မာတုထနေ ဌပိတာ ဝိယ ထနေ မုခံ) **ဌပိတတ္တာ မိဂါရမာတာတိ ဝုစ္စတိ။**

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

မိဂါရမာတု ပါသာဒေတိ ဧတ္ထ၊ **မိဂါရမာတု ပါသာဒေ**-ဟူသော ဤပါဠိတော်၌။ အတ္တနော၊ မိမိ၏။ သသုရေန၊ ယောက္ခမဖြစ်သော။ မိဂါရသေဋ္ဌိနာ၊ မိဂါရသူဌေးသည်။ မာတုထနေ၊ အမိသားမြတ်၌။ မုခံ၊ ခံတွင်းကို။ ဌပိတာ ဝိယ၊ ထားသကဲ့သို့။ ဝိသာခါယ၊ ဝိသာခါ၏။ ထနေ၊ သားမြတ်၌။ မုခံ၊ ခံတွင်းကို။ ဌပိတတ္တာ၊ ထားသည်၏အဖြစ်ကြောင့်။ ဝိသာခါ ဥပါသိကာ၊ ဝိသာခါမည်သော ဥပါသိကာမကို။ မိဂါရမာတာတိ၊ မိဂါရမာတာ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

ဤသို့ ကျမ်းဂန်လာသောကြောင့် ဝိသာခါ၏ နို့ကို ယောက္ခမ မိဂါရသူဌေးသည် အသေအချာပင် စို့ကြောင်းကို ကောင်းကောင်းသန္နိဋ္ဌာန်ချ၍ မှတ်ရာ၏။ ထိုစကားကို အကျယ်သိလိုလျှင် ဓမ္မပဒအဋ္ဌကထာ၊ သုတ္တနိပါတ်အဋ္ဌကထာတို့မှာ ကြည့်လေ။

မြေဒူးမြို့ ရဟန်းရှင်သုဇာတ-က 'ဝိသာခါ၏ နို့ကို ယောကျ်ားမ မိဂါရသူဌေး အသေ အချာပင် စို့သည်, မစို့သည်ကို နေရာကျ သိမှတ်ပါရအောင် သိလိုပါသည်'-ဟု လျှောက် သောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ညွှန်ပြထုတ်ဆောင်၍ ၁၂၄၀-ပြည့်၊ ဝါခေါင် လဆန်း၊ ၅-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ဂဝတ္တိရတနာသိမ်မြို့ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## ပန်းတဉ်းဆရာကြီး မောင်ရောက်-က ဗောဇ္ဈင်သုတ်ပါဠိအနက်ကို မှန်ကန်စွာ ရေးပေးတော်မူပါမည့်အကြောင်းနှင့် လျှောက်ထားချက်

[၁၀၀] "ဘုရားတပည့်တော် ရတနာပုံရွှေမြို့တော်ကြီး၏ မြောက်မျက်နှာ၊ ကြေးသွန်း ရပ်နေ ပန်းတဉ်းဆရာကြီး မောင်ရောက် ခြေတော်ဦးခိုက် ရှိခိုးနားတော် လျှောက်ပါသည် ဆရာတော် အရှင်သူမြတ်ဘုရား။ ဗောဇ္ဈင်သုတ်ပါဠိအနက်ကို ကျက်မှတ်လိုပါ၍ အက္ခရာပဒ ကျနမှန်ကန်စွာ ရေးပေးတော်မူပါမည့်အကြောင်း ခြေတော်ဦးခိုက် ရှိခိုးနားတော် လျှောက်ဝံ့ပါသည် ဆရာတော်အရှင်သူမြတ် ဘုရား"။

၎င်းပန်းတဉ်းဆရာကြီး မောင်ရောက် လျှောက်ထားချက်အရ ကျက်မှတ်ရန် ရေးပေးတော်မူသော–

## ဗောဇ္ဈင်္ဂသုတ်ပါဠိ, အနက်

[၁၀၀] သတ္တိ'မေ ကဿပ ဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တိ။ ကတမေ သတ္တ?

သတိသမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီ-ကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဝီရိယသမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ပီတိသမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

သမာဓိသမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ ခေါ ကဿပ မယာ သမ္မဒက္ခာတော ဘာဝိတော ဗဟုလီကတော အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တတိ။

ဣမေ ခေါ ကဿပ သတ္တ ဗောဇ္ဈင်္ဂါ မယာ သမ္မဒက္ခာတာ ဘာဝိတာ ဗဟုလီကတာ အဘိညာယ သမ္ဗောဓာယ နိဗ္ဗာနာယ သံဝတ္တန္တီတိ။

(ဗောဇ္ဈင်သုတ်ပါဠိတော်)

သံယုတ္တနိကာယ်၊ မဟာဝဂ္ဂသံယုတ်(နှာ၊ ၇၁-၂)၌ ဟောတော်မူသည်။

ကဿပ၊ ချစ်သား မဟာကဿပ။ သတ္တ၊ ၇-ပါးကုန်သော။ ဣမေ ဗောဇ္ဈင်္ဂါ၊ ဤဗောဇ္ဈင်တရားတို့ကို။ မယာ၊ ငါသည်။ သမ္မဒက္ခာတာ၊ ကောင်းစွာ ဟောအပ်ကုန်၏။ ဘာဝိတာ၊ ပွါးစေအပ်ကုန်သည်ရှိသော်။ ဗဟုလီကတာ၊ အကြိမ်များစွာ လေ့လာအပ်ကုန်သည်ရှိသော်။ တေ၊ ထိုဗောဇ္ဈင်တရား ၇-ပါးတို့သည်။ အဘိညာယ၊ ထူးသောဉာဏ်ဖြင့် သိခြင်းငှာ။ သမ္ဗောဓာယ၊ သစ္စာ ၄-ပါး တရားတို့ကို သိခြင်းငှာ။ နိဗ္ဗာနာယ၊ သံသရာဆင်းရဲမှ ငြိမ်းခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်စေတတ်ကုန်၏။

ကတမေ သတ္တ၊ အဘယ် ၇-ပါးတို့နည်းဟူမူကား? ကဿပ၊ ချစ်သား မဟာကဿပ။ မယာ၊ သည်။ သတိသမ္ဗောဇ္ဈင်္ဂေါ၊ သတိသမ္ဗောဇ္ဈင်ကို။ ခေါ၊ စင်စစ်။ သမ္မဒက္ခာတော၊ ကောင်းစွာ ဟောအပ်၏။ သော၊ ထိုသတိသမ္ဗောဇ္ဈင်သည်။ ဘာဝိတော၊ ပွါးစေအပ်သည်ရှိသော်။ ဗဟုလီကတော၊ အကြိမ်များစွာ လေ့လာအပ်သည်ရှိသော်။ အဘိညာယ၊ ထူးသောဉာဏ်ဖြင့် သိခြင်းငှာ။ သမ္ဗောဓာယ၊ သစ္စာ ၄-ပါး တရားတို့ကို သိခြင်းငှာ။ နိဗ္ဗာနာယ၊ သံသရာဆင်းရဲမှ ငြိမ်းခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်စေတတ်၏။

ကဿပ၊ ချစ်သား မဟာကဿပ။ မယာ၊ သည်။ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်ကို။ ခေါ၊ စင်စစ်။ သမ္မဒက္ခာတော၊ ကောင်းစွာ ဟောအပ်၏။ သော၊ ထိုဓမ္မဝိစယ

သမ္ဗောဇ္ဈင်သည်။ ဘာဝိတော၊ ပွါးစေအပ်သည်ရှိသော်။ ဗဟုလီကတော၊ အကြိမ်များစွာ လေ့လာအပ်သည်ရှိသော်။ အဘိညာယ၊ ထူးသောဉာဏ်ဖြင့် သိခြင်းငှာ။ သမ္ဗောဓာယ၊ သစ္စာ ၄-ပါး တရားတို့ကို သိခြင်းငှာ။ နိဗ္ဗာနာယ၊ သံသရာဆင်းရဲမှ ငြိမ်းခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်စေတတ်၏။

ကဿပ၊ ချစ်သား မဟာကဿပ။ မယာ၊ သည်။ ဝီရိယသမ္ဗောဇ္ဈင်္ဂေါ၊ ဝီရိယ-**သမ္ဗောဇ္ဈင်ကို**။ ခေါ၊ စင်စစ်။ သမ္မဒက္ခာတော၊ ကောင်းစွာ ဟောအပ်၏။ သော၊ ထိုဝီရိယ-သမ္ဗောဇ္ဈင်သည်။ ဘာဝိတော၊ ပွါးစေအပ်သည်ရှိသော်။ ဗဟုလီကတော၊ အကြိမ်များစွာ လေ့လာအပ်သည်ရှိသော်။ အဘိညာယ၊ ထူးသောဉာဏ်ဖြင့် သိခြင်းငှာ။ သမ္ဗောဓာယ၊ သစ္စာ ၄-ပါး တရားတို့ကို သိခြင်းငှာ။ နိဗ္ဗာနာယ၊ သံသရာဆင်းရဲမှ ငြိမ်းခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်စေတတ်၏။

ကဿပ၊ ချစ်သား မဟာကဿပ။ မယာ၊ ငါသည်။ ပီတိသမ္ဗောဇ္ဈင်္ဂေါ၊ ပီတိ-**သမ္ဗောဇ္ဈင်ကို**။ ခေါ၊ စင်စစ်။ သမ္မဒက္ခာတော၊ ကောင်းစွာ ဟောအပ်၏။ သော၊ ထိုပီတိ-သမ္ဗောဇ္ဈင်သည်။ ဘာဝိတော၊ ပွါးစေအပ်သည်ရှိသော်။ ဗဟုလီကတော၊ အကြိမ်များစွာ လေ့လာအပ်သည်ရှိသော်။ အဘိညာယ၊ ထူးသောဉာဏ်ဖြင့် သိခြင်းငှာ။ သမ္ဗောဓာယ၊ သစ္စာ ၄-ပါး တရားတို့ကို သိခြင်းငှာ။ နိဗ္ဗာနာယ၊ သံသရာဆင်းရဲမှ ငြိမ်းခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်စေတတ်၏။

ကဿပ၊ ချစ်သား မဟာကဿပ။ မယာ၊ ငါသည်။ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ၊ ပဿဒ္ဓိ-**သမ္ဗောဇ္ဈင်ကို**။ ခေါ၊ စင်စစ်။ သမ္မဒက္ခာတော၊ ကောင်းစွာ ဟောအပ်၏။ သော၊ ထိုပဿဒ္ဓိ-သမ္ဗောဇ္ဈင်သည်။ ဘာဝိတော၊ ပွါးစေအပ်သည်ရှိသော်။ ဗဟုလီကတော၊ အကြိမ်များစွာ လေ့လာအပ်သည်ရှိသော်။ အဘိညာယ၊ ထူးသောဉာဏ်ဖြင့် သိခြင်းငှာ။ သမ္ဗောဓာယ၊ သစ္စာ ၄-ပါး တရားတို့ကို သိခြင်းငှာ။ နိဗ္ဗာနာယ၊ သံသရာဆင်းရဲမှ ငြိမ်းခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်စေတတ်၏။

ကဿပ၊ ချစ်သား မဟာကဿပ။ မယာ၊ ငါသည်။ သမာဓိသမ္ဗောဇ္ဈင်္ဂေါ၊ သမာဓိ-**သမ္ဗောဇ္ဈင်ကို**။ ခေါ၊ စင်စစ်။ သမ္မဒက္ခာတော၊ ကောင်းစွာ ဟောအပ်၏။ သော၊ ထိုသမာဓိ-သမ္ဗောဇ္ဈင်သည်။ ဘာဝိတော၊ ပွါးစေအပ်သည်ရှိသော်။ ဗဟုလီကတော၊ အကြိမ်များစွာ လေ့လာအပ်သည်ရှိသော်။ အဘိညာယ၊ ထူးသောဉာဏ်ဖြင့် သိခြင်းငှာ။ သမ္ဗောဓာယ၊ သစ္စာ ၄-ပါး တရားတို့ကို သိခြင်းငှာ။ နိဗ္ဗာနာယ၊ သံသရာဆင်းရဲမှ ငြိမ်းခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်စေတတ်၏။

ကဿပ၊ ချစ်သား မဟာကဿပ။ မယာ၊ ငါသည်။ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ၊ ဥပေက္ခာသမ္ဗောဇ္ဈင်ကို။ ခေါ၊ စင်စစ်။ သမ္မဒက္ခာတော၊ ကောင်းစွာ ဟောအပ်၏။ သော၊ ထိုဥပေက္ခာသမ္ဗောဇ္ဈင်သည်။ ဘာဝိတော၊ ပွါးစေအပ်သည်ရှိသော်။ ဗဟုလီကတော၊ အကြိမ်များစွာ လေ့လာအပ်သည်ရှိသော်။ အဘိညာယ၊ ထူးသောဉာဏ်ဖြင့် သိခြင်းငှာ။ သမ္ဗောဓာယ၊ သစ္စာ ၄-ပါး တရားတို့ကို သိခြင်းငှာ။ နိဗ္ဗာနာယ၊ သံသရာဆင်းရဲမှ ငြိမ်းခြင်းငှာ။ သံဝတ္တတိ၊ ဖြစ်စေတတ်၏။

ကဿပ၊ ချစ်သား မဟာကဿပ။ မယာ၊ သည်။ သတ္တ၊ ၇-ပါးကုန်သော။ ဣမေ ဗောဇ္ဈင်္ဂါ၊ ဤဗောဇ္ဈင်တရားတို့ကို။ ခေါ၊ စင်စစ်လျှင်။ သမ္မဒက္ခာတာ၊ ကောင်းစွာ ဟောအပ်ကုန်၏။ ဘာဝိတာ၊ ပွါးစေအပ်ကုန်သည်ရှိသော်။ ဗဟုလီကတာ၊ အကြိမ်များစွာ လေ့လာအပ်ကုန်သည်ရှိသော်။ တေ၊ ထိုဗောဇ္ဈင်တရား ၇-ပါးတို့သည်။ အဘိညာယ၊ ထူးသောဉာဏ်ဖြင့် သိခြင်းငှာ။ သမ္ဗောဓာယ၊ သစ္စာ ၄-ပါး တရားတို့ကို သိခြင်းငှာ။ နိဗ္ဗာနာယ၊ သံသရာဆင်းရဲမှ ငြိမ်းခြင်းငှာ။ သံဝတ္တန္တိ၊ ဖြစ်စေတတ်ကုန်၏။

ဤဗောဇ္ဈင်သုတ်ကို ကြားနာရ၍ စွဲကပ်သောဝေဒနာမှ ထမြောက်ကြောင်းကား ရာဇဂြိုဟ်ပြည်၏အနီး ညောင်ကြွတ်ပင်ရောက်ရာ လိုဏ်၌ အရှင်မဟာကဿပမထေရ်ကြီး မကျန်းမာတော်မူသည်။ ဤဗောဇ္ဈင်သုတ်ကို ဟောကြားတော်မူရာ နာခံရမှ ကျန်းမာတော်မူ (၏။) ဂိဇ္ဈကုဋ်တောင်၌ အရှင်မဟာမောဂ္ဂလာန်မထေရ် မကျန်းမာတော်မူရာတွင် ထို့အတူ ဟောကြားတော်မူသည်ကို ကြားနာရမှ ကျန်းမာတော်မူသည်။

ရာဇဂြိုဟ်ပြည်၊ ဝေဠုဝန်ကျောင်း၌ သီတင်းသုံးနေတော်မူစဉ် မြတ်စွာဘုရားသခင် မကျန်းမာတော်မူရာ **အရှင်မဟာစုန္ဒထေရ်ကို** ရွတ်စေ၍ နာခံတော်မူမှ ကျန်းမာတော် မ သည်များကို ထောက်၍ ယုံမှတ်ကြည်ညိုစွာသော စိတ်ဖြင့် ရွတ်ဖတ်သရဇ္ဈာယ်ရသည် ရှိသော် ဧကန်မချွတ် ရောဂါအန္တရာယ်အပေါင်း မကောင်းသော အနိဋ္ဌဖလရုပ် ဒုက္ခ-ဝေဒနာတို့သည် ကိုယ်မှာ မညိ၊ မထိမပါး၊ ပယ်ရှားလွင့်ပျောက်ရမည် ဖြစ်သောကြောင့် ကျက်မှတ်ဆောင်ရွက်ရန် သက္ကရာဇ် ၁၂၃၉-ခု၊ တော်သလင်းလပြည့်ကျော်၊ ၂-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ စီရင်စု၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော်က ဗောဇ္ဈင်သုတ် ပါဠိ,အနက် ရွတ်ဖတ်သရဇ္ဈာယ်ရခြင်း၏ အကျိုးအာနိသင်များနှင့်တကွ ရေးပေး လိုက်သည်။

★★★★★★★

## ပုစ္ဆာ ဝိသဇ္ဇနာ ကဏ္ဍ သမ္ပုဟ

ပဌမပုစ္ဆာ၌ - 'ဗုဒ္ဓေါ လောကေ သမုပ္ပန္နော'အစရှိသော ဂါထာသည် အဘယ်ကျမ်းဂန်တွင် အဘယ်အရာဌာန၌ ဟောတော်မူခြင်း ဖြစ်မည်။

ဒုတိယပုစ္ဆာ၌ - ကိန္နရာတို့သည် အကျိုးထူး ၂-ပါးကို မြင်၍ လူတို့ဘာသာစကား ပြောဆိုတတ်လျက်နှင့် မပြောဆိုဘဲနေသည့်အကြောင်း။

တတိယပုစ္ဆာ၌ - ယုံမှားခြင်း ၁၆-ပါးအကြောင်း။

စတုတ္ထပုစ္ဆာ၌ - ဣတ္ထိန္ဒြေ, ဣတ္ထိလိင်္ဂတို့၏ ဝိသေသဖြစ်ဟန်။

ပဉ္စမပုစ္ဆာ၌ - ပိသုဏဝါစာ-စသော ပြဿနာ ၉-ပါးအကြောင်း။

ဆဋ္ဌပုစ္ဆာ၌ - တိရစ္ဆာန်အချင်းချင်း သတ်စားကြရာ ပါဏာတိပါတကံ ထိုက်, မထိုက်။

သတ္တမပုစ္ဆာ၌ - အရပ်ပြစ် ၈-ပါး အဆုံးအဖြတ်။

အဋ္ဌမပုစ္ဆာ၌ - မြင်းမိုရ်, စကြဝဠာ အဝေးအကွာအကြောင်း။

နဝမပုစ္ဆာ၌ - ပါဏာတိပါတကံ အင်္ဂါ ၅-ပါး အဆုံးဖြတ်။

ဒသမပုစ္ဆာ၌ - ချွေးမ ဝိသာခါ၏ နို့ကို ယောက္ခမ မိဂါရသူဌေး စို့,မစို့အကြောင်း။

ဒွါဒသမပုစ္ဆာ၌ - ဗောဓိဖျင်သုတ်ပါဠိ, အနက်။

ဤကဲ့သို့ အရပ်ရပ် လူ,ရှင်,ရဟန်းတို့ မေးလျှောက်ကြသည့် ပကိဏ္ဏကဝိသဇ္ဇနာ အမည်ရှိသော ကျမ်း၌ ၁၂-ပါးသော ပုစ္ဆာ, ဝိသဇ္ဇနာတို့နှင့် ပြည့်စုံသော ဒုတိယပရိစ္ဆေဒကား ဤတွင်ရွေ့ ပြီး၏။ (မူရင်းမှာပင် ဧကာဒသမပုစ္ဆာ ဝိသဇ္ဇနာ မပါပါ။)

★★★★★★★

## လုံးတော်ဆရာတော်

# ပဋိက္ကကဝိသဇ္ဇနာကျမ်း

## ဒုတိယတွဲ၊ ၂။ (တတိယပိုင်း၊ ၃။)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ဒကာမောင်ချိန်က နဝင်္ဂဥပုသ် စောင့်ထိန်းခြင်းကို နေရာကျ သိမှတ်လိုကြောင်းနှင့် လျှောက်ထားချက်

[၁၀၁] "ဘုရားတပည့်တော် ရတနာပုံရွှေမြို့တော်၊ အာဠဝီတံခါးတွင်းနေ ဒကာကြီး ဦးချိန် လျှောက်ပါသည် ဆရာတော်ဘုရား။

နဝင်္ဂဥပုသ်ကို စောင့်ထိန်းရမည်။ အချို့သော ဆရာသခင် အရှင်မြတ်တို့က ဆုံးမသည်ကိုသာ နာခံရ၍ နဝင်္ဂဥပုသ်ဆိုသည်ကိုလည်း ကွဲပြား၍ မသိရရှိပါသောကြောင့် နဝင်္ဂဥပုသ်ကို ဒေသနာတော်နှင့်အညီ ကယ်မသနားတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။"

၎င်းဒါယကာ လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ–

[၁၀၁] နဝဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတော ဥပေါသထော ဥပဝုတ္ထော မဟပ္ဖလော ဟောတိ မဟာနိသံသော မဟာဇုတိကော မဟာဝိပ္ဖါရော။

ကထံ ဥပဝုတ္ထော စ ဘိက္ခဝေ နဝင်္ဂေဟိ သမန္နာဂတော ဥပေါသထော မဟပ္ဖ-လော ဟောတိ မဟာနိသံသော မဟာဇုတိကော မဟာဝိပ္ဖါရော။

ဣဓ ဘိက္ခဝေ အရိယသာဝကော ဣတိ ပဋိသဉ္စိက္ခတိ “ယာဝဇီဝံ အရဟန္တော ပါဏာတိပါတံ ပဟာယ ပါဏာတိပါတာ ပဋိဝိရတာ နိဟိတဒဏ္ဍာ နိဟိတသတ္ထာ လဇ္ဇီ ဒယာပန္နာ သဗ္ဗပါဏဘူတဟိတာနုကမ္ပိနော ဝိဟရန္တိ၊ အဟမ္ပဇ္ဇ ဣမဉ္စ ရတ္တိံ ဣမဉ္စ ဒိဝသံ ပါဏာတိပါတံ ပဟာယ ပါဏာတိပါတာ ပဋိဝိရတော နိဟိတဒဏ္ဍော နိဟိတသတ္ထော လဇ္ဇီ ဒယာပန္နော သဗ္ဗပါဏဘူတဟိတာနုကမ္ပီ ဝိဟရာမိ။ ဣမိနာ ပ'င်္ဂေန အရဟတံ အနုကရောမိ၊ ဥပေါသထော စ မေ ဥပဝုတ္ထော ဘဝိဿတီ”တိ။ ဣမိနာ ပဌမေန အင်္ဂေန သမန္နာဂတော ဟောတိ ။လ။

“ယာဝဇီဝံ အရဟန္တော ဥစ္စာသယနမဟာသယနံ ပဟာယ ဥစ္စာသယနမဟာ-သယနာ ပဋိဝိရတာ နီစသေယျံ ကပ္ပေန္တိ။ မဉ္စကေ ဝါ တိဏသန္ထာရကေ ဝါ။ အဟံပဇ္ဇ ဣမဉ္စ ရတ္တိံ ဣမဉ္စ ဒိဝသံ ဥစ္စာသယနမဟာသယနံ ပဟာယ ဥစ္စာသယနမဟာသယနာ ပဋိဝိရတော နီစသေယျံ ကပ္ပေမိ မဉ္စကေ ဝါ တိဏသန္ထာရကေ ဝါ။ ဣမိနာ ပ'င်္ဂေန အရဟတံ အနုကရောမိ၊ ဥပေါသထော စ မေ ဥပဝုတ္ထော ဘဝိဿတီ”တိ။ ဣမိနာ အဋ္ဌမေန အင်္ဂေန သမန္နာဂတော ဟောတိ။

မေတ္တာသဟဂတေန စေတသာ ဧကံ ဒိသံ ဖရိတွာ ဝိဟရတိ။ တထာ ဒုတိယံ၊ တထာ တတိယံ၊ တထာ စတုတ္ထံ။ ဣတိ ဥဒ္ဓ'မဓော တိရိယံ သဗ္ဗဓိ သဗ္ဗတ္တတာယ သဗ္ဗာဝန္တံ လောကံ မေတ္တာသဟဂတေန စေတသာ ဝိပုလေန မဟဂ္ဂတေန အပ္ပမာဏေန အဝေရေန အဗျာပဇ္ဇေန ဖရိတွာ ဝိဟရတိ။ ဣမိနာ နဝမေန အင်္ဂေန သမန္နာဂတော ဟောတိ။ ဧဝံ ဥပဝုတ္ထော ခေါ ဘိက္ခဝေ နဝဟ'င်္ဂေဟိ သမန္နာဂတော ဥပေါသထော မဟပ္ဖလော ဟောတိ မဟာနိသံသော မဟာဇုတိကော မဟာဝိပ္ဖါရော။ (နဝကနိပါတ်၊ အင်္ဂုတ္တိုရ်ပါဠိတော်)

ဘိက္ခဝေ၊ ရဟန်းတို့။ ဥပဝုတ္ထော၊ သုံးအပ်သော။ နဝဟိ၊ ၉-ပါးကုန်သော။ အင်္ဂေဟိ၊ အင်္ဂါတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ဥပေါသထော၊ ဥပုသ်သည်။ မဟပ္ဖလော၊ များသော အကျိုးရှိသည်။ ဟောတိ၊ ဖြစ်၏။ မဟာနိသံသော၊ များသော အာနိသံ ရှိသည်။ ဟောတိ၊ ဖြစ်၏။ မဟာဇုတိကော၊ များသော အရောင်အဝါ ရှိသည်။ ဟောတိ၊ ဖြစ်၏။ မဟာဝိပ္ဖါရော၊ များသော ပြန့်ပြောခြင်း ရှိသည်။ ဟောတိ၊ ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ နဝဟိ၊ ၉-ပါးကုန်သော။ အင်္ဂေဟိ၊ အင်္ဂါတို့နှင့်။ သမန္နာ-ဂတော၊ ပြည့်စုံသော။ ဥပေါသထော၊ ဥပုသ်ကို။ ဥပဝုတ္ထော၊ သုံးအပ်သည်ရှိသော်။ မဟပ္ဖလော၊

သည်။ ဟောတိ၊ ၏။ မဟာနိသံသော၊ များသော အာနိသံ ရှိသည်။ ဟောတိ၊ ဖြစ်၏။ မဟာဇုတိကော၊ များသော အရောင်အဝါ ရှိသည်။ ဟောတိ၊ ဖြစ်၏။ မဟာဝိပ္ဖါရော၊ များသော ပြန့်ပြောခြင်း ရှိသည်။ ဟောတိ၊ ဖြစ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ကထံ၊ ဤငါဘုရားသာသနာတော်၌။ အရိယသာဝကော၊ ငါဘုရား၏ တပည့်သာဝကဖြစ်သောသူသည်။ ကထံ၊ ဤသို့။ ပဋိသင်္ခါတိ၊ သိ၏။ ယာဝဇီဝံ၊ အသက်ထက်ဆုံး။ အရဟန္တော၊ ရဟန္တာပုဂ္ဂိုလ်တို့သည်။ ပါဏာတိပါတံ၊ သူတပါး၏အသက်ကို သတ်ခြင်းကို။ ပဟာယ၊ ပယ်၍။ ပါဏာတိပါတာ ပဋိဝိရတာ၊ သူ၏ အသက်ကို သတ်ခြင်းမှ ကြဉ်ကုန်သည်ဖြစ်၍။ နိဟိတဒဏ္ဍာ၊ ချအပ်သော ဒဏ်ရှိကုန်သည်ဖြစ်၍။ နိဟိတသတ္ထာ၊ ချအပ်သော လက်နက်ရှိကုန်သည်ဖြစ်၍။ လဇ္ဇီ မကောင်းမှုမှ ရှက်ကုန်သည် ဖြစ်၍။ ဒယာပန္နာ၊ သနားခြင်းသို့ ရောက်ကုန်သည်ဖြစ်၍။ သဗ္ဗပါဏဘူတဟိတာနုကမ္ပီ၊ ခပ်သိမ်းသော သတ္တဝါတို့ကို သနားကုန်သည်ဖြစ်၍။ ဝိဟရန္တိ၊ နေကုန်၏။ အဟံ ပိ၊ ငါသည် လည်း။ အဇ္ဇ ယခု။ ဣမဉ္စ ရတ္တိံ၊ ဤညဉ့်ပတ်လုံး။ ဣမဉ္စ ဒိဝသံ၊ ဤနေ့ပတ်လုံး။ ပါဏာတိပါတံ၊ ကို။ ပဟာယ၊ ၍။ ပါဏာတိပါတာ ပဋိဝိရတော၊ ဖြစ်၍။ နိဟိတဒဏ္ဍော၊ ဖြစ်၍။ နိဟိတသတ္ထော၊ ဖြစ်၍။ လဇ္ဇီ ဖြစ်၍။ ဒယာပန္နော၊ ဖြစ်၍။ ဝိဟရာမိ၊ နေအံ့။

ဣမိနာပိ အင်္ဂေန၊ ဤပါဏာတိပါတမှ ကြဉ်သောအင်္ဂါဖြင့်။ အရဟတံ- အရဟန္တာနံ၊ ရဟန္တာပုဂ္ဂိုလ်တို့၏။ ဝါ၊ ကို။ အနုကရောမိ၊ အတုသို့ လိုက်၍ ကျင့်အံ့။ ဥပေါသထော စ၊ ဥပုသ်ကိုလည်း။ မေ၊ ငါသည်။ ဥပဝုတ္ထော၊ သုံးအပ်သည်။ ဘဝိဿတိ၊ ဖြစ်အံ့။ ဣမိနာပိ ပဌမေန အင်္ဂေန၊ ဤပဌမအင်္ဂါနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။လ။

(ပေယျာလ ထားသည်မှာ အဒိန္နာဒါန-အစ, နစ္စဂီတ-အဆုံးရှိသော သိက္ခာပုဒ် ၇-ပါးတို့ကိုလည်း ပါဏာတိပါတကဲ့သို့ ယထာရဟ-သိလေ-ဟူလို။)

ယာဝဇီဝံ၊ အသက်ထက်ဆုံး။ အရဟန္တော၊ ရဟန္တာတို့သည်။ ဥစ္စာသယန မဟာ-သယနံ၊ မြင့်သောနေရာ, မြတ်သောနေရာ၌ နေခြင်းကို။ ပဟာယ၊ ပယ်ကုန်၍။ ဥစ္စာသယန-မဟာသယနာပဋိဝိရတာ၊ မြင့်သောနေရာ, မြတ်သောနေရာ၌ အိပ်ခြင်းမှ ကြဉ်ကုန်သည် ဖြစ်၍။ မဉ္စကေ ဝါ၊ ညောင်စောင်းငယ်၌လည်းကောင်း။ တိဏသန္ထာရကေ ဝါ၊ မြက်အခင်း၌ လည်းကောင်း။ နီစသေယျံ၊ နိမ့်သောနေရာ၌ အိပ်ခြင်းကို။ ကပ္ပေန္တိ၊ ပြုကုန်၏။ အဟံ ပိ၊ ငါသည်လည်း။ အဇ္ဇ ယခု။ ဣမဉ္စ ရတ္တိံ၊ ဤညဉ့်(တို့)ပတ်လုံး။ ဣမဉ္စ ဒိဝသံ၊ ဤနေ့(တို့)ပတ် လုံး။ ဥစ္စာသယနမဟာသယနံ၊ မြင့်သောနေရာ, မြတ်သောနေရာ၌ နေခြင်းကို။ ပဟာယ၊ ပယ်၍။ ဥစ္စာသယနမဟာသယနာပဋိဝိရတော၊ မြင့်သောနေရာ, မြတ်သောနေရာ၌ အိပ် ခြင်းမှ ကြဉ်သည်ဖြစ်၍။ မဉ္စကေ ဝါ၊ ညောင်စောင်းငယ်၌လည်းကောင်း။ တိဏသန္ထာရကေ

ဝါ၊ မြက်အခင်း၌လည်းကောင်း။ နိစသေယျံ၊ နိမ့်သောနေရာ၌ အိပ်ခြင်းကို။ ကပ္ပေမိ၊ ပြုအံ့။ ဣမိနာ အင်္ဂေနပိ၊ ဤဥစ္စာသယန မဟာသယနမှ ကြဉ်သော အင်္ဂါဖြင့်လည်း။ အရဟတံ-အရဟန္တာနံ၊ ရဟန္တာပုဂ္ဂိုလ်တို့၏။ ဝါ၊ ကို။ အနုကရောမိ၊ အတုသို့ လိုက်၍ ကျင့်အံ့။ ဥပေါသထော စ၊ ဥပုသ်ကိုလည်း။ မေ၊ ငါသည်။ ဥပဝုတ္ထော၊ သုံးအပ်သည်။ ဘဝိဿတိ၊ ဖြစ်အံ့။ ဣမိနာ အဋ္ဌမေန အင်္ဂေန၊ ဤ ၈-ခုမြောက်သော အင်္ဂါနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။

မေတ္တာသဟဂတေန၊ မေတ္တာနှင့် ယှဉ်သော။ စေတသာ၊ စိတ်ဖြင့်။ ဧကံ ဒိသံ၊ တစ်ခုသော အရပ်မျက်နှာကို။ ဖရိတွာ၊ ၍။ ဝိဟရတိ၊ ၏။ တထာ၊ ထို့အတူ။ ဒုတိယံ၊ ၂-ခုမြောက်သော အရပ်မျက်နှာကို။ ဖရိတွာ၊ နှံ့၍။ ဝိဟရတိ၊ နေ၏။ တထာ၊ ထို့အတူ။ တတိယံ၊ ၃-ခုမြောက်သော အရပ်မျက်နှာကို။ ဖရိတွာ၊ နှံ့၍။ ဝိဟရတိ၊ ၏။ တထာ၊ ထို့အတူ။ စတုတ္ထံ၊ ၄-ခုမြောက်သော အရပ်မျက်နှာကို။ ဖရိတွာ၊ နှံ့၍။ ဝိဟရတိ၊ နေ၏။ ဣတိ၊ ဤသို့။ ဥဒ္ဓံ စ၊ အထက်ဖြစ်သော အရပ်မျက်နှာကိုလည်း။ ဖရိတွာ၊ နှံ့၍။ ဝိဟရတိ၊ နေ၏။ အဓော စ၊ အောက်ဖြစ်သော အရပ်မျက်နှာကိုလည်း။ ဖရိတွာ၊ နှံ့၍။ ဝိဟရတိ၊ နေ၏။ တိရိယံ၊ ဖီလာအထောင့်ဖြစ်သော အရပ်မျက်နှာကို။ ဖရိတွာ၊ နှံ့၍။ ဝိဟရတိ၊ နေ၏။ သဗ္ဗဓိ၊ ခပ်သိမ်းသော အရပ်မျက်နှာ၌။ သဗ္ဗတ္တာယ၊ ရောက်သဖြင့်။ သဗ္ဗာဝန္တံ၊ ဖြစ်သော။ လောကံ၊ သတ္တဝါအပေါင်းကို။ မေတ္တာသဟဂတေန၊ မေတ္တာနှင့်ယှဉ်သော။ ဝိပုလေန၊ ပြန့်ပြောသော။ မဟဂ္ဂတေန၊ မြတ်သောအဖြစ်သို့ ရောက်သော။ အပ္ပမာဏေန၊ အတိုင်းအရှည် မရှိသော။ အဝေရေန၊ ရန် မရှိသော။ အဗျာပဇ္ဇေန၊ စိုးရိမ်ကြောင့်ကြခြင်း မရှိသော။ စေတသာ၊ စိတ်ဖြင့်။ ဖရိတွာ၊ နှံ့၍။ ဝိဟရတိ၊ နေ၏။ ဣမိနာ နဝမေန အင်္ဂေန၊ ဤ ၉-ခုမြောက်သော အင်္ဂါနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်။ ဟောတိ၊ ဖြစ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝံ၊ ဤသို့လျှင်။ နဝဟိ၊ ၉-ပါးကုန်သော။ အင်္ဂေဟိ၊ အင်္ဂါတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ ဥပေါသထော၊ ကို။ ဥပဝုတ္ထော၊ သုံးအပ်သည် ရှိသော်။ မဟပ္ဖလော၊ များသောအကျိုးရှိသည်။ ဟောတိ၊ ဖြစ်၏။ မဟာနိသံသော၊ များသော အကျိုးအာနိသင်ရှိသည်။ ဟောတိ၊ ဖြစ်၏။ မဟာဇုတိကော၊ များသော အရောင်အဝါရှိသည်။ ဟောတိ၊ ဖြစ်၏။ မဟာဝိပ္ဖါရော၊ များသော ပြန့်ပြောခြင်းရှိသည်။ ဟောတိ၊ ဖြစ်၏။ (နဝင်္ဂဥပေါသထ ဝိနိစ္ဆယ။ အံ၊၃။၁၉၂-၃)

ရတနာပုံရွှေမြို့တော်၊ အာဋ္ဌဝီတံခါးတွင်းနေ ဒကာကြီးဦးချိန်က "နဝင်္ဂဥပုသ်ကို သင်အံလေ့ကျက် ဆောင်ရွက်မှတ်သားလိုသည်"ဟု လျှောက်သောကြောင့် နဝကနိပါတ်၊ အင်္ဂုတ္တိုရ်ပါဠိတော်မှ ထုတ်ဆောင်၍ ၁၂၄၀-ပြည့်၊ တော်သလင်းလဆန်း၊ ၄-ရက်နေ့၊

ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## ခုံတော် နေမျိုးရာဇသီရိ-က ပါရမီတော်ခဏ်းလာ 'စကြဝဠာနဂိုရ်' စသော စကားတို့ကို သိမှတ်လိုကြောင်းနှင့် လျှောက်ထားချက်

[၁၀၂] "ဘုရားတပည့်တော် မကွေး, ဝက်မစွတ်, ရေနံချောင်း, ကျောက်ရဲ၊ ၄-မြို့ ခုံတော် နေမျိုးရာဇသီရိ လျှောက်ပါသည် ဆရာတော်ဘုရား။

'စကြဝဠာနဂိုရ်၊ မြင်းမိုရ်တတောင်၊ တတိုက်ဘောင်၌၊ နှစ်ထောင်ရံဝန်း၊ လေးရပ်ကျွန်းတွင်၊ အကြင်ဩဇာ၊ ရသာထဲပ၊ ဟူသမျှကို၊ အုံမှ ပျားဖြစ်၊ လပို့ညစ်သို့၊ နတ်စစ် ယူဆောင်၊ ကုန်အောင်ရေတွက်၊ ဩဇာနက်၍၊ ချက်ပြီးစွာတွန်၊ ဆယ့်နှစ်တန်သား၊ ကျိုးမွှန်ပေးထိုက်၊ အမြိုက်သုဒ္ဓါ၊ နတ်စားငှာနှင့်၊ များစွာလျော့လျား၊ မထူးခြားတည့်'-ဟူ၍ စပ်ဆိုတော်မူသော ပါရမီခဏ်းလင်္ကာတွင်-

(၁) တ-အက္ခရာနှင့် စကြဝဠာတတောင် ဖြစ်မည်။ ထ-အက္ခရာနှင့် စကြဝဠာ တထောင် ဖြစ်မည်ကိုလည်း သိလိုပါသည်၊

(၂) ဩဇာနက်၍-ဟူရာ၌လည်း နက်-ဟူသော ဝေါဟာရကို သိလိုပါသည်၊

(၃) ဆယ့်နှစ်တန်သား၊ ကျိုးမွှန်ပေးထိုက်-ဟူရာ၌ ၁၂-တန်သော အကျိုးကိုလည်း သိလိုပါသည် ဖြစ်၍-

ကျမ်းဂန်နှင့်အညီ အမိန့်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။"

ဤင်းခုံတော် လျှောက်ထားချက်အရ အဖြေဝိသဇ္ဇနာ-

"စကြဝဠာနဂိုရ်၊ မြင့်မိုရ်တတောင်၊ တတိုက်ဘောင်၌"အစရှိသော ပါရမီခဏ်း၊ ပါယာသဘတ္တပဋိဂ္ဂဟဏခဏ္ဍတွင် "စကြဝဠာနဂိုရ်၊ မြင့်မိုရ်တတောင်"ဟူသော ကဗျာစကား၏ အရကို မေးလျှောက်သည်မှာ-

(၁) မြင်းမိုရ်တောင်တစ်ခုဖြင့် မှတ်အပ်သော စကြာဝဠာတိုက်တစ်ခုကို ပြလို၍ မြင်းမိုရ် တတောင်-ဟူသော ပဌမပိုဒ်ကို ပြသည်။ ၎င်းစကားနှင့် ဆန့်ကျင်သော ဝိရောဓိ-ဒေါသ မဖြစ်စေခြင်းငှာ 'တတိုက်ဘောင်၌'-ဟူသော ဒုတိယပိုဒ်ကို မိန့်သည်။ မြင်းမိုရ်တောင် တစ်ခုဖြင့် မှတ်အပ်သော စကြာဝဠာ ၁-ခု-ဟု မှတ်ရာ၏။

ထို ၂-ပိုဒ်တို့နှင့် ဆန့်ကျင်သော ဝိရောဓိဒေါသ မဖြစ်စေခြင်းငှာ 'နှစ်ထောင်ရံဝန်း' ဟူသော တတိယပိုဒ်ကို မိန့်သတည်း။ မြင်းမိုရ် ၁-ခုဖြင့် မှတ်အပ်သော စကြာဝဠာတိုက် တစ်ခု အတွင်း၌ရှိသော ကျွန်းငယ် နှစ်ထောင်-ဟူလို၏။ ထို ၃-ပိုဒ်နှင့် ဆန့်ကျင်သော ဝိရောဓိဒေါသ မဖြစ်စေခြင်းငှာ 'လေးရပ် ကျွန်းတွင်'ဟူသော စတုတ္ထပိုဒ်ကို မိန့်သတည်း။

မြင်းမိုရ်တောင်တစ်ခုဖြင့် မှတ်အပ်သော စကြာဝဠာတိုက် ၁-ခုအတွင်း ကျွန်းငယ် ၂,၀၀၀-အရံရှိသော ကျွန်းကြီး ၄-ကျွန်း ဆိုလိုသည်။ 'ဤဘောဇဉ်သည် မြတ်စွာဘုရား သုံးဆောင်တော်မူလတ္တံ့'-ဟု သိလျှင် မြင်းမိုရ် ၁-ခုဖြင့် မှတ်အပ်သော စကြာဝဠာတစ်တိုက် အတွင်း ကျွန်းကြီး, ကျွန်းငယ်တို့၌ ရှိသော အသီး, အပွင့်, အမြစ်, အခေါက်တို့၌ တည်သော အရသာကို နတ်တန်ခိုးဖြင့် ယူဆောင်၍ နို့ယနာဆွမ်း ချက်ရာ၌ နတ်တို့ ထည့်ကြသတည်း။ ဤနို့ယနာဆွမ်း၌သာ မဟုတ်၊ ဘုရားသုံးဆောင်တော်မူမည်-ဟု ထင်မှတ်လျှင် အခါခပ်သိမ်း ပင် ထည့်ကြသတည်း။

ထို့ကြောင့် သဂါထာဝဂ္ဂ၊ ၇-ခုမြောက်သော ဗြာဟ္မဏသံယုတ်၊ သုန္ဒရိကဘာရ-ဒွါဇသုတ်အဋ္ဌကထာ(သံ၊ဌ၊၁။၂၁၆)၌-

**တသ္မိံ ကိရ ဘောဇနေ ဥပဟဋ္ဌမတ္တေဝ "သတ္ထာ ဘုဉ္ဇိဿတီ"တိ သညာယ စတူသု မဟာဒီပေသု ဒွိသု ပရိတ္တဒီပသဟဿေသု ဒေဝတာ ပုပ္ဖဖလာဒီနိ စေဝ သပ္ပိနဝနီတတေလမဓုဖာဏိတာဒီနိ စ အာဒါယ မဓုပဋလံ ပီဠေတွာ မဓုံ ဂဏှန္တိယော ဝိယ ဒိဗ္ဗာနုဘာဝေန နိဗ္ဗတ္တိတော'ဇမေဝ ဂဟေတွာ ပက္ခိပိံသု။**

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

တသ္မိံ ဘောဇနေ၊ ထိုဘောဇဉ်ကို။ ဥပဟဋ္ဌမတ္တေဝ၊ ရှေးရှုဆောင်ကာမျှ၌ပင်လျှင်။ "သတ္ထာ၊ မြတ်စွာဘုရားသည်။ ဘုဉ္ဇိဿတိ၊ သုံးဆောင်တော်မူလတ္တံ့။" ဣတိ သညာယ၊ ဤသို့သော အမှတ်ဖြင့်။ ဒွိသု ပရိတ္တဒီပသဟဿေသု၊ ကျွန်းငယ် ၂,၀၀၀-အရံရှိကုန်သော။ စတူသု မဟာဒီပေသု၊ ကျွန်းကြီး ၄-ကျွန်းတို့၌။ ဒေဝတာ၊ နတ်တို့သည်။ ပုပ္ဖဖလာဒီနိ စေဝ၊ အသီး,အပွင့် *(စသည်)*တို့ကိုလည်းကောင်း။ သပ္ပိနဝနီတတေလမဓုဖာဏိတာဒီနိ စ၊ ထောပတ်, ဆီဦး, ပျား, တင်လဲ- အစရှိသည်တို့ကိုလည်းကောင်း။ ဒိဗ္ဗာနုဘာဝေန၊ နတ်၏

အာနုဘော်ဖြင့်။ နိဗ္ဗတ္တော၊ ဖြစ်စေအပ်သည်ဖြစ်၍။ မဓုပဋလံ၊ ပျားလပို့ကို။ ပီလေတွာ၊ ညှစ်၍။ မခုံ၊ ပျားကို။ ဂဏှန္တိယော ဝိယ၊ ယူကုန်သကဲ့သို့။ ဧဝမေဝ၊ ဤအတူလည်းကောင်း လျှင်။ ဂဟေတွာ၊ ယူ၍။ ပက္ခိပိံသု ကိရ၊ ထည့်ကြကုန်သတဲ့။

သည်ကို ရည်၍ ကဗျာဆရာသည် "စကြဝဠာနဂိုရ်၊ မြင့်မိုရ်တတောင်၊ တတိုက် ဘောင်၌၊ နှစ်ထောင်ရံဝန်း၊ လေးရပ်ကျွန်းတွင်၊ အကြင်ဩဇာ၊ ရသာထပ၊ ဟူသမျှကို၊ အုံမှ ပျားဖြစ်၊ လပို့ညှစ်သို့၊ နတ်စစ်ယူဆောင်၊ ကုန်အောင်ရေတွက်၊ ဩဇာနက်၍"-ဟု စပ်တော်မူသည်။

(၂) ဤကဗျာ၌ နက်-ဟူသည်ကား ထည့်သည်-ဆိုလိုသည်။ ဇနက္ကပျို့လင်္ကာ၌ "ယနာထောပတ်၊ မြိန်မြတ်ရသာ၊ ကောင်းစွာ နက်ထည့်၊ အင်အားဖြည့်၍"ဟု စပ်ဆိုလေသည်။

(၃) ဤပါယာသဘတ်ကို သုံးဆောင်ရခြင်း၌ ၁၂-ပါးသော အကျိုးကို ပြီးစေနိုင် ၏။ ၁၂-ပါး-ဟူသော်ကား-

| | |
|---|---|
| - ငိုက်မျဉ်းခြင်း မရှိသည် | ၁-ပါး |
| - တွေဝေခြင်း မရှိသည် | ၁-ပါး |
| - ချင်ခြင်း ပျောက်သည် | ၁-ပါး |
| - အင်အားပြည့်သည် | ၁-ပါး |
| - ကုတ်ဟီးနာ မရှိသည် | ၁-ပါး |
| - ချောင်းဆိုးနာ မရှိသည် | ၁-ပါး |
| - ကြံသော အကြံကို ပြီးစေနိုင်သည် | ၁-ပါး |
| - ကြံ့ခိုင်သည် | ၁-ပါး |
| - ရဲရင့်သည် | ၁-ပါး |
| - ခွန်အား ကြီးသည် | ၁-ပါး |
| - မွတ်သိပ်ခြင်း ပျောက်သည် | ၁-ပါး |
| - အကြော ၁,၀၀၀-ကို ညီညွတ်စေသည် | ၁-ပါး |
| | ပေါင်း ၁၂-ပါး |

သည်ကို ရည်၍ ကဗျာဆရာသည် "ချက်ပြီးစွာတွန်၊ ဆယ့်နှစ်တန်သား၊ ကျိုးမွန် ပေးထိုက်၊ အမြိုက်သုဓ္ဓါ၊ နတ်စားငှာနှင့်၊ များစွာလျော့လျား၊ မထူးခြားတည့်"ဟု စပ်ဆို တော်မူသတည်း။

"ငိုက်မျဉ်းလွတ်ကင်း၊ တွေဝေခြင်း၊ ချင်ခြင်း ပျောက်သည်သာ။
အင်ပြည့်တသီး၊ ကင်းလွတ်ပြီး၊ ကုတ်ဟီး, ချောင်းဆိုးနာ။
ကြွဲတိုင်းလည်း ပိုင်၊ အပြီးတိုင်၊ ကြွဲခိုင်, ရဲရင့်စွာ။
ခွန်အားကြီးပေ၊ မွတ်သိပ်ပြေ၊ ညီစေ အကြောမှာ။
ပါယာသဘတ်၊ ဆယ့်နှစ်ရပ်၊ မှတ်လော့ အကျိုးသာ။" (ဤကား အကျဉ်းမှတ်ရန်)

ထိုစကားရပ်ကို အကျယ်သိလိုလျှင် သဂါထာဝဂ္ဂ၊ ၇-ခုမြောက်သော ဗြာဟ္မဏဝဂ်အစု၊ ၉-ခုမြောက်သော သုန္ဒရိကဘာရဒွါဇဗြာဟ္မဏဝတ္ထု အဋ္ဌကထာ။ ပါဠေယျဇာတ်ပါဠိ, အဋ္ဌကထာတို့မှာ ကြည့်လေ။

မကွေး, ဝက်မစွတ်, ရေနံချောင်း, ကျောက်ရဲ၊ လေးမြို့ခုံတော်၊ နေမျိုးရာဇသီရိကစကြဝဋ္ဋာနုဂိုရ်-အစရှိသော ပါရမီခဏ်းကဗျာ၏ အဓိပ္ပါယ်တ္ထကို နေရာကျ သိမှတ်လိုပါသည်ဟု လျှောက်သောကြောင့် ကျမ်းဂန်အလာ၊ ဒေသနာနယကို ထုတ်ဆောင်၍ ၁၂၄၀-ပြည့်၊ တော်သလင်းလဆန်း ၅-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆို အမိန့်ရှိလိုက်သည်။

★★★★★★★

## နေမျိုးမင်းလှသူရိန်က လျှောက်လွှာပါ စကားရပ်များကို လက်ခံဖွဲ့၍ ကယ်မပါမည့်အကြောင်း လျှောက်ထားချက်

[၁၀၃] "ဘုရားတပည့်တော် ဘိကျပ်အဆောင်တော်မြဲ ပလိုင်းလက်စွဲ၊ ဒုတ်ရဲ တပ်မှူးနေမျိုးမင်းလှသူရိန် ခြေတော်ဦးခိုက် လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား။

(၁) ခန္ဓာ ၅-ပါး၊ အာယတန ၁၂-ပါး၊ ဓာတ် ၁၈-ပါး၊ သစ္စာ ၄-ပါး၊ ပဋိစ္စသမုပ္ပါဒ် ၁၂-ပါး၊ ဗောဓိပက္ခိယတရား ၃၇-ပါး၊

(၂) ပုဂ္ဂိုလ်ဘုံရ၊ စိတ်ရ ပါဠိအနက်နှင့်တကွ အကျဉ်းမှတ်ရန် ကဗျာစီကုံးရေးသား ကယ်မသနားတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော် အရှင်သူမြတ်ဘုရား။"

၎င်းဒါယကာလျှောက်ထားချက်အရ အဖြေဝိသဇ္ဇနာ–

[၁၀၃] (၁) ပဉ္စက္ခန္ဓာ ရူပက္ခန္ဓော၊ ဝေဒနာက္ခန္ဓော၊ သညာက္ခန္ဓော၊ သင်္ခါရက္ခန္ဓော၊ ဝိညာဏက္ခန္ဓော။ (ခန္ဓာ ၅-ပါး ပါဠိ။ အဘိ၊ဝိ။၁)

ဒွါဒသာယတနာနိ စက္ခာယတနံ၊ သောတာယတနံ၊ ဃာနာယတနံ၊ ဇိဝှါယတနံ၊ ကာယာယတနံ၊ မနာယတနံ၊ ရူပါယတနံ၊ သဒ္ဒါယတနံ၊ ဂန္ဓာယတနံ၊ ရသာယတနံ၊ ဖောဋ္ဌဗ္ဗာယတနံ၊ ဓမ္မာယတနံ။ (အာယတန ၁၂-ပါး ပါဠိ။ အဘိ၊ဝိ။၆၉)

အဋ္ဌာရသ ဓာတုယော စက္ခုဓာတု၊ သောတဓာတု၊ ဃာနဓာတု၊ ဇိဝှါဓာတု၊ ကာယဓာတု၊ ရူပဓာတု၊ သဒ္ဒဓာတု၊ ဂန္ဓဓာတု၊ ရသဓာတု၊ ဖောဋ္ဌဗ္ဗဓာတု၊ စက္ခုဝိညာဏဓာတု၊ သောတဝိညာဏဓာတု၊ ဃာနဝိညာဏဓာတု၊ ဇိဝှါဝိညာဏဓာတု၊ ကာယဝိညာဏဓာတု၊ မနောဓာတု၊ မနောဝိညာဏဓာတု၊ ဓမ္မဓာတု။ (ဓာတ် ၁၈-ပါးပါဠိ။ ယမက)

စတ္တာရိ အရိယသစ္စာနိ ဒုက္ခံ အရိယသစ္စံ၊ ဒုက္ခသမုဒယော အရိယသစ္စံ။ ဒုက္ခနိရောဓော အရိယသစ္စံ။ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ။ (သစ္စာ ၄-ပါး ပါဠိ)

အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊ သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏံ၊ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝ'မေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။ (ပဋိစ္စသမုပ္ပါဒ် ၁၂-ပါးပါဠိ။ အဘိ၊ဝိ။၁၄၂)

ဗောဓိပက္ခိယသင်္ဂဟေ စတ္တာရော သတိပဋ္ဌာနာ ကာယာနုပဿနာသတိပဋ္ဌာနံ၊ ဝေဒနာနုပဿနာသတိပဋ္ဌာနံ၊ စိတ္တာနုပဿနာသတိပဋ္ဌာနံ၊ ဓမ္မာနုပဿနာသတိပဋ္ဌာနံ၊

စတ္တာရော သမ္မပ္ပဓာနာ ဥပ္ပန္နာနံ ပါပကာနံ ပဟာနာယ ဝါယာမော၊ အနုပ္ပန္နာနံ ပါပကာနံ အနုပ္ပါဒါယ ဝါယာမော၊ အနုပ္ပန္နာနံ ကုသလာနံ ဥပ္ပါဒါယ ဝါယာမော၊ ဥပ္ပန္နာနံ ကုသလာနံ ဘိယျောဘာဝါယ ဝါယာမော။

စတ္တာရော ဣဒ္ဓိပါဒါ ဆန္ဒိဒ္ဓိပါဒေါ၊ ဝီရိယိဒ္ဓိပါဒေါ၊ စိတ္တိဒ္ဓိပါဒေါ၊ ဝီမံသိဒ္ဓိပါဒေါ။

ပဉ္စိန္ဒြိယာနိ သဒ္ဓိန္ဒြိယံ၊ ဝီရိယိန္ဒြိယံ၊ သတိန္ဒြိယံ၊ သမာဓိန္ဒြိယံ၊ ပညိန္ဒြိယံ။

ပဉ္စ ဗလာနိ သဒ္ဓါဗလံ၊ ဝီရိယဗလံ၊ သတိဗလံ၊ သမာဓိဗလံ၊ ပညာဗလံ။

သတ္တ ဗောဇ္ဈင်္ဂါ သတိသမ္ဗောဇ္ဈင်္ဂေါ၊ ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ၊ ဝီရိယသမ္ဗောဇ္ဈင်္ဂေါ၊ ပီတိသမ္ဗောဇ္ဈင်္ဂေါ၊ ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ၊ သမာဓိသမ္ဗောဇ္ဈင်္ဂေါ၊ ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ။

အဋ္ဌ မဂ္ဂင်္ဂါနိ သမ္မာဒိဋ္ဌိ၊ သမ္မာသင်္ကပ္ပေါ၊ သမ္မာဝါစာ၊ သမ္မာကမ္မန္တော၊ သမ္မာ-အာဇီဝေါ၊ သမ္မာဝါယာမော၊ သမ္မာသတိ၊ သမ္မာသမာဓိ။ (ဇာတိပက္ခိယတရား ၃၇-ပါး ပါဠိ။ သင်္ဂဟ။၄၉၊၅၀)

ပုထုဇ္ဇနာ န လဗ္ဘန္တိ၊ သုဒ္ဓါဝါသေသု သဗ္ဗထာ။
သောတာပန္နာ စ သကဒါ-ဂါမိနော စာပိ ပုဂ္ဂလာ။ ။

အရိယာ နော'ပလဗ္ဘန္တိ၊ အသညာပါယဘူမိသု။
သေသဋ္ဌာနေသု လဗ္ဘန္တိ၊ အရိယာ'နရိယာပိ စ။ ။ (ပုဂ္ဂိုလ်ဘုံရပါဠိ။ သင်္ဂဟ)

ပေါ ပါယေ မာနဝေ ဒေဝေ၊ ကျာဒေါ်ချည်သည့် လာရိယေ။
ကာသညေစျည်ရုပ္ပေ ဇာ-ရုပ္ပေ ဘူမျာသု ဝါကရာ။ ။ (ပရမတ္ထဗိန္ဒု)

ဒုဟေတုကာန'မဟေတုကာနဉ္စ ပနေ'တ္ထ ကြိယာဇဝနာနိ စေဝ အပ္ပနာဇဝနာနိ စ န လဗ္ဘန္တိ။ တထာ ဉာဏသမ္ပယုတ္တဝိပါကာနိ စ သုဂတိယံ။ ဒုဂ္ဂတိယံ ပန ဉာဏဝိပ္ပယုတ္တာနိ စ မဟာဝိပါကာနိ န လဗ္ဘန္တိ။ တိဟေတုကေသု စ ခီဏာသဝါနံ ကုသလာကုသလဇဝနာနိ န လဗ္ဘန္တိ။ တထာ သေက္ခပုထုဇ္ဇနာနံ ကြိယာဇဝနာနိ ဒိဋ္ဌိဂတသမ္ပယုတ္တဝိစိကိစ္ဆာဇဝနာနိ စ သေက္ခာနံ။ အနာဂါမိပုဂ္ဂလာနံ ပန ပဋိဃဇဝနာနိ စ န လဗ္ဘန္တိ။ လောကုတ္တရဇဝနာနိ စ ယထာရဟံ အရိယာနမေဝ သမုပ္ပဇ္ဇန္တိ။

အသေက္ခာနံ စတုစတ္တာ-လီသ သေက္ခာန'မုဒ္ဒိသေ။
ဆပညာသာဝသေသာနံ၊ စတုပညာသ သမ္ဘဝါ။ ။ (ပုဂ္ဂိုလ်စိတ်ရ ပါဠိ။ သင်္ဂဟ)

ခန္ဓာဒိဥဒ္ဒေသနယ ပြီး၏။

ပဉ္စက္ခန္ဓာ ရူပက္ခန္ဓော၊ ဝေဒနာက္ခန္ဓော၊ သညာက္ခန္ဓော၊ သင်္ခါရက္ခန္ဓော၊ ဝိညာ-ဏက္ခန္ဓော။ (ခန္ဓာ ၅-ပါး ပါဠိ)

ခန္ဓာ၊ ခန္ဓာတို့သည်။ ပဉ္စ၊ ၅-ပါးတို့*(တည်း)*။ ရူပက္ခန္ဓော စ၊ ရုပ် ၂၈-ခု-ဟု ဆိုအပ်သော ရူပက္ခန္ဓာလည်းကောင်း။ ဝေဒနာက္ခန္ဓော စ၊ ဝေဒနာစေတသိက်-ဟု ဆိုအပ်သော ဝေဒနာက္ခန္ဓာလည်းကောင်း။ သညာက္ခန္ဓော စ၊ သညာစေတသိက်-ဟု ဆိုအပ်သော သညာက္ခန္ဓာလည်းကောင်း။ သင်္ခါရက္ခန္ဓော စ၊ ဝေဒနာ, သညာမှ ကြွင်းသော စေတသိက် ၅၀-ဟု ဆိုအပ်သော သင်္ခါရက္ခန္ဓာလည်းကောင်း။ ဝိညာဏက္ခန္ဓော စ၊ စိတ် တစ်ခုယုတ် ကိုးဆယ်-ဟု ဆိုအပ်သော ဝိညာဏက္ခန္ဓာလည်းကောင်း။ ဣတိ ဣမေ ပဉ္စ၊ ဤ ၅-ပါးတို့တည်း။ ။ ခန္ဓာ ၅-ပါးအနက် ပြီး၏။

ဒွါဒသာယတနာနိ စက္ခာယတနံ၊ သောတာယတနံ၊ ဃာနာယတနံ၊ ဇိဝှါယတနံ၊ ကာယာယတနံ၊ မနာယတနံ၊ ရူပါယတနံ၊ သဒ္ဒါယတနံ၊ ဂန္ဓာယတနံ၊ ရသာယတနံ၊ ဖောဋ္ဌဗ္ဗာယတနံ၊ ဓမ္မာယတနံ။ (အာယတန ၁၂-ပါး ပါဠိ)

အာယတနာနိ၊ အာယတနတို့သည်။ ဒွါဒသ၊ ၁၂-ပါးတို့*(တည်း)*။ စက္ခာယတနဥ္စ၊ စက္ခုပသာဒရုပ်-ဟု ဆိုအပ်သော စက္ခာယတနလည်းကောင်း။ သောတာယတနဥ္စ၊ သောတပသာဒ-ဟု ဆိုအပ်သော သောတာယတနလည်းကောင်း။ ဃာနာယတနဥ္စ၊ ဃာနပသာဒရုပ်-ဟု ဆိုအပ်သော ဃာနာယတနလည်းကောင်း။ ဇိဝှါယတနဥ္စ၊ ဇိဝှါပသာဒရုပ်-ဟု ဆိုအပ် သော ဇိဝှါယတနလည်းကောင်း။ ကာယာယတနဥ္စ၊ ကာယပသာဒရုပ်-ဟု ဆိုအပ်သော ကာယာယတနလည်းကောင်း။ ရူပါယတနဥ္စ၊ ရူပါရုံ-ဟု ဆိုအပ်သော ရူပါယတနလည်းကောင်း။ သဒ္ဒါယတနဥ္စ၊ သဒ္ဒါရုံ-ဟု ဆိုအပ်သော သဒ္ဒါယတနလည်းကောင်း။ ဂန္ဓာယတနဥ္စ၊ ဂန္ဓာရုံ-ဟု ဆိုအပ်သော ဂန္ဓာယတနလည်းကောင်း။ ရသာယတနဥ္စ၊ ရသာရုံ-ဟု ဆိုအပ်သော ရသာယတနလည်းကောင်း။ ဖောဋ္ဌဗ္ဗာယတနဥ္စ၊ ဖောဋ္ဌဗ္ဗာရုံ-ဟု ဆိုအပ် သော ဖောဋ္ဌဗ္ဗာယတနလည်းကောင်း။ မနာယတနဥ္စ၊ စိတ်တစ်ခုယုတ် ကိုးဆယ်-ဟု ဆိုအပ်သော မနာယတနလည်းကောင်း။ ဓမ္မာယတနဥ္စ၊ သုခုမရုပ် ၁၆-ခု, စေတသိက် ၅၂-ခု, နိဗ္ဗာန်, ပညတ်-ဟု ဆိုအပ်သော ဓမ္မာယတနလည်းကောင်း။ ဣတိ၊ ဤသို့။ အာယတနာနိ၊ အာယတနတို့သည်။ ဒွါဒသ၊ ၁၂-ပါးတို့တည်း။ **။ အာယတန ၁၂-ပါး အနက် ပြီး၏။**

အဋ္ဌာရသ ဓာတုယော စက္ခုဓာတု၊ သောတဓာတု၊ ဃာနဓာတု၊ ဇိဝှါဓာတု၊ ကာယဓာတု၊ ရူပဓာတု၊ သဒ္ဒဓာတု၊ ဂန္ဓဓာတု၊ ရသဓာတု၊ ဖောဋ္ဌဗ္ဗဓာတု၊ စက္ခုဝိညာဏဓာတု၊ သောတဝိညာဏဓာတု၊ ဃာနဝိညာဏဓာတု၊ ဇိဝှါဝိညာဏဓာတု၊ ကာယဝိညာဏဓာတု၊ မနောဓာတု၊ မနောဝိညာဏဓာတု၊ ဓမ္မဓာတု။ (ဓာတ် ၁၈-ပါး ပါဠိ)

ဓာတုယော၊ ဓာတ်တို့သည်။ အဋ္ဌာရသ၊ ၁၈-ပါးတို့*(တည်း)*။ စက္ခုဓာတု စ၊ စက္ခာယတန-ဟု ဆိုအပ်သော စက္ခုဓာတ်လည်းကောင်း။ သောတဓာတု စ၊ သောတာယတန-ဟု ဆိုအပ်သော သောတဓာတ်လည်းကောင်း။ ဃာနဓာတု စ၊ ဃာနာယတန-ဟု ဆိုအပ် သော ဃာနဓာတ်လည်းကောင်း။ ဇိဝှါဓာတု စ၊ ဇိဝှါယတန-ဟု ဆိုအပ်သော ဇိဝှါဓာတ်လည်း ကောင်း။ ကာယဓာတု စ၊ ကာယာယတန-ဟု ဆိုအပ်သော ကာယဓာတ်လည်းကောင်း။ ရူပဓာတု စ၊ ရူပါယတန-ဟု ဆိုအပ်သော ရူပဓာတ်လည်းကောင်း။ သဒ္ဒဓာတု စ၊ သဒ္ဒါယတန-ဟု ဆိုအပ်သော သဒ္ဒဓာတ်လည်းကောင်း။ ဂန္ဓဓာတု စ၊ ဂန္ဓာယတန-ဟု ဆိုအပ် သော ဂန္ဓဓာတ်လည်းကောင်း။ ရသဓာတု စ၊ ရသာယတန-ဟု ဆိုအပ်သော ရသဓာတ်

လည်းကောင်း။ ဖောဋ္ဌဗ္ဗဓာတု စ၊ ဖောဋ္ဌဗ္ဗာယတန-ဟု ဆိုအပ်သော ဖောဋ္ဌဗ္ဗဓာတ်လည်းကောင်း။ စက္ခုဝိညာဏဓာတု စ၊ စက္ခုဝိညာဏ်ဒွေ-ဟု ဆိုအပ်သော စက္ခုဝိညာဏဓာတ်လည်းကောင်း။ သောတဝိညာဏဓာတု စ၊ သောတဝိညာဏ်ဒွေ-ဟု ဆိုအပ်သော သောတ-ဝိညာဏဓာတ်လည်းကောင်း။ ဃာနဝိညာဏဓာတု စ၊ ဃာနဝိညာဏ်ဒွေ-ဟု ဆိုအပ်သော ဃာနဝိညာဏဓာတ်လည်းကောင်း။ ဇိဝှါဝိညာဏဓာတု စ၊ ဇိဝှါဝိညာဏ်ဒွေ-ဟု ဆိုအပ်သော ဇိဝှါဝိညာဏဓာတ်လည်းကောင်း။ ကာယဝိညာဏဓာတု စ၊ ကာယဝိညာဏ်ဒွေ-ဟု ဆိုအပ်သော ကာယဝိညာဏဓာတ်လည်းကောင်း။ မနောဓာတု စ၊ ပဥ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုန်းဒွေ-ဟု ဆိုအပ်သော မနောဓာတ်လည်းကောင်း။ မနောဝိညာဏဓာတု စ၊ ဒွေပဉ္စဝိညာဏ်-၁၀, ပဥ္စဒွါရာဝဇ္ဇန်း, သမ္ပဋိစ္ဆိုန်းဒွေတို့မှ ကြွင်းသော စိတ် ၇၆-ဟု ဆိုအပ်သော မနော-ဝိညာဏဓာတ်လည်းကောင်း။ ဓမ္မဓာတု စ၊ သုခုမရုပ် ၁၆-ခု, စေတသိက် ၅၂-ခု နိဗ္ဗာန်, *(ပညတ်)*ဟု ဆိုအပ်သော ဓမ္မဓာတ်လည်းကောင်း။ ဣတိ၊ ဤသို့ ဓာတုယော၊ ဓာတ်တို့သည်။ အဋ္ဌာရသ၊ ၁၈-ပါးတို့တည်း။ ॥ ဓာတ် ၁၈-ပါးအနက် ပြီး၏။

**စတ္တာရိ အရိယသစ္စာနိ** ဒုက္ခံ အရိယသစ္စံ၊ ဒုက္ခသမုဒယော အရိယသစ္စံ၊ ဒုက္ခ-နိရောဓော အရိယသစ္စံ၊ ဒုက္ခနိရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ။ (သစ္စာ ၄-ပါး ပါဠိ)

အရိယသစ္စာနိ၊ **အရိယသစ္စာတို့သည်။** စတ္တာရိ၊ ၄-ပါးတို့*(တည်း)*။ ဒုက္ခံ အရိယသစ္စံ၊ စိတ်တစ်ခုယုတ် ကိုးဆယ်, လောဘကြဉ်သော စေတသိက် ၅၁-ခု, ရုပ် ၂၈-ခုဆိုအပ်သော ဒုက္ခဖြစ်သော အရိယသစ္စာလည်းကောင်း။ ဒုက္ခသမုဒယော အရိယသစ္စံ၊ လောဘစေတ-သိက်-ဟု ဆိုအပ်သော သမုဒယဖြစ်သော အရိယသစ္စာလည်းကောင်း။ ဒုက္ခနိရောဓော အရိယသစ္စံ၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်-ဟု ဆိုအပ်သော အရိယသစ္စာလည်းကောင်း။ ဒုက္ခနိ-ရောဓဂါမိနီ ပဋိပဒါ အရိယသစ္စံ၊ ဒုက္ခ၏ချုပ်ရာ နိဗ္ဗာန်သို့ ရောက်ကြောင်း *(အကျင့်)*ဖြစ်သော မဂ္ဂင် ၈-ပါးဟု ဆိုအပ်သော အရိယသစ္စာလည်းကောင်း။ ဣတိ၊ ဤသို့။ အရိယသစ္စာနိ၊ အရိယသစ္စာတို့သည်။ စတ္တာရိ၊ ၄-ပါးတို့တည်း။ ॥ သစ္စာ ၄-ပါးအနက် ပြီး၏။

**အဝိဇ္ဇာပစ္စယာ သင်္ခါရာ၊** သင်္ခါရပစ္စယာ ဝိညာဏံ၊ ဝိညာဏပစ္စယာ နာမရူပံ၊ နာမရူပပစ္စယာ သဠာယတနံ၊ သဠာယတနပစ္စယာ ဖဿော၊ ဖဿပစ္စယာ ဝေဒနာ၊ ဝေဒနာပစ္စယာ တဏှာ၊ တဏှာပစ္စယာ ဥပါဒါနံ၊ ဥပါဒါနပစ္စယာ ဘဝေါ၊ ဘဝပစ္စယာ ဇာတိ၊ ဇာတိပစ္စယာ ဇရာမရဏံ၊ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ သမ္ဘဝန္တိ၊ ဧဝမေတဿ ကေဝလဿ ဒုက္ခက္ခန္ဓဿ သမုဒယော ဟောတိ။ (ပဋိစ္စသမုပ္ပါဒ်-၁၂-ပါး ပါဠိ)

အဝိဇ္ဇာပစ္စယာ၊ သစ္စာ ၄-ပါးကို မသိခြင်း လက္ခဏာရှိသော မောဟ-ဟူသော အကြောင်းကြောင့်။ သင်္ခါရာ၊ ပြုပြင်ခြင်းလက္ခဏာရှိသော ကာမရူပကုသိုလ်စေတနာ ၁၃-

ခု-ဟု ဆိုအပ်သော ပုညာဘိသင်္ခါရ, အကုသိုလ်စေတနာ ၁၂-ခု-ဟု ဆိုအပ်သော အပုညာ-ဘိသင်္ခါရ, အရူပကုသိုလ်စေတနာ ၄-ခု-ဟု ဆိုအပ်သော အာနေဉ္ဇာဘိသင်္ခါရတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။

သင်္ခါရပစ္စယာ၊ သင်္ခါရ-ဟူသော အကြောင်းကြောင့်။ ဝိညာဏံ၊ အာရုံ၏သဘောကို သိခြင်းလက္ခဏာရှိသော ပဋိသန္ဓေစိတ် ၁၉-ခုဟု ဆိုအပ်သော ပဋိသန္ဓေဝိညာဏ်, လောကီဝိပါက် ၃၂-ခုဟု ဆိုအပ်သော ပဝတ္တိဝိညာဏ်သည်။ သမ္ဘဝတိ၊ ဖြစ်၏။

ဝိညာဏပစ္စယာ၊ ဝိညာဏ်-ဟူသော အကြောင်းကြောင့်။ နာမရူပံ၊ အာရုံသို့ ညွတ်ခြင်းလက္ခဏာရှိသော ဝေဒနာ, သညာ, သင်္ခါရ-ဟု ဆိုအပ်သော-နာမ်၊ အချမ်း,အပူ-ဟူသော ဝိရောဓိပစ္စည်းတို့ကြောင့် ဖောက်ပြန်ခြင်း လက္ခဏာရှိသော ရုပ်အဌဝီသ-ဟု ဆိုအပ်သော ရုပ်သည်။ သမ္ဘဝတိ၊ ဖြစ်၏။

နာမရူပပစ္စယာ၊ နာမ်,ရုပ်-ဟူသော အကြောင်းကြောင့်။ သဠာယတနံ၊ ဝိညာဏ် စသည်တို့၏ တည်ရာ, မှီရာ-ဟူသော လက္ခဏာရှိသော စက္ခာယတန, သောတာယတန, ဃာနာယတန, ဇိဝှါယတန, ကာယာယတန, မနာယတန-ဟု ဆိုအပ်သော သဠာယတန ၆-ပါးသည်။ သမ္ဘဝတိ၊ ဖြစ်၏။

သဠာယတနပစ္စယာ၊ သဠာယတန-ဟူသော အကြောင်းကြောင့်။ ဖဿော၊ အာရုံ၏သဘောကို တွေ့ခြင်းလက္ခဏာရှိသော စက္ခုသမ္ဖဿ, သောတသမ္ဖဿ, ဃာနသမ္ဖဿ, ဇိဝှါသမ္ဖဿ, ကာယသမ္ဖဿ, မနောသမ္ဖဿ-ဟု ဆိုအပ်သော ဖဿ ၆-ပါးသည်။ သမ္ဘဝတိ၊ ဖြစ်၏။

ဖဿပစ္စယာ၊ ဖဿ-ဟူသော အကြောင်းကြောင့်။ ဝေဒနာ၊ အာရုံ၏ အရသာကို ခံစားခြင်း လက္ခဏာရှိသော စက္ခုသမ္ဖဿဇာ ဝေဒနာ, သောတသမ္ဖဿဇာ ဝေဒနာ, ဃာန-သမ္ဖဿဇာ ဝေဒနာ, ဇိဝှါသမ္ဖဿဇာ ဝေဒနာ, ကာယသမ္ဖဿဇာ ဝေဒနာ, မနောသမ္ဖဿဇာ ဝေဒနာ-ဟူသော ဝေဒနာ ၆-ပါးသည်။ သမ္ဘဝတိ၊ ဖြစ်၏။

ဝေဒနာပစ္စယာ၊ ဝေဒနာ-ဟူသော အကြောင်းကြောင့်။ တဏှာ၊ ဝဋ်ဆင်းရဲ၏ အကြောင်းရင်း-ဟူသော လက္ခဏာရှိသော ရူပတဏှာ, သဒ္ဒတဏှာ, ဂန္ဓတဏှာ, ရသတဏှာ, ဖောဋ္ဌဗ္ဗတဏှာ, ဓမ္မတဏှာ-ဟူသော တဏှာ ၆-ပါးသည်။ ဝါ၊ ကာမတဏှာ, ဘဝတဏှာ, ဝိဘဝတဏှာ-ဟူသော တဏှာ ၃-ပါးသည်။ သမ္ဘဝတိ၊ ဖြစ်၏။

တဏှာပစ္စယာ၊ တဏှာ-ဟူသော အကြောင်းကြောင့်။ ဥပါဒါနံ၊ အာရုံကို ပြင်းစွာ ယူခြင်း လက္ခဏာရှိသော ကာမုပါဒါန်, ဒိဋ္ဌုပါဒါန်, သီလဗ္ဗတုပါဒါန်, အတ္တဝါဒုပါဒါန်-ဟု ဆိုအပ်သော ဥပါဒါန်တရား ၄-ပါးသည်။ သမ္ဘဝတိ၊ ဖြစ်၏။

ဥပါဒါနပစ္စယာ၊ ဥပါဒါန်-ဟူသော အကြောင်းကြောင့်။ ဘဝေါ၊ အမြဲမတည် ကျင်လည်ခြင်း လက္ခဏာရှိသော ပုညာဘိသင်္ခါရ, အပုညာဘိသင်္ခါရ, အာနေဉ္ဇာဘိသင်္ခါရ-ဟု ဆိုအပ်သော ကမ္မဘဝ။ ဝါ၊ လောကီကုသိုလ်, အကုသိုလ် ၂၉-ခု-ဟု ဆိုအပ်သော ကမ္မဘဝ, ကာမဘဝ, ရူပဘဝ, အရူပဘဝ, သညီဘဝ, အသညီဘဝ, နေဝသညီနာသညီဘဝ, ဧကဝေါကာရဘဝ, စတုဝေါကာရဘဝ, ပဉ္စဝေါကာရဘဝ-ဟု ဆိုအပ်သော ဥပပတ္တိဘဝသည်။ သမ္ဘဝတိ၊ ဖြစ်၏။

ဘဝပစ္စယာ၊ ဘဝ-ဟူသော အကြောင်းကြောင့်။ ဇာတိ၊ ပဋိသန္ဓေ ဘဝ၌ ရှေးဦးစွာ ဖြစ်ခြင်း လက္ခဏာရှိသော ရုပ်ဇာတိ, နာမ်ဇာတိသည်။ သမ္ဘဝတိ၊ ဖြစ်၏။

ဇာတိပစ္စယာ၊ ဇာတိ-ဟူသော အကြောင်းကြောင့်။ ဇရာမရဏံ၊ ခန္ဓာတို့၏ ရင့်ခြင်း လက္ခဏာရှိသော ဇရာ, ပဋိသန္ဓေဘဝမှ ရွေ့ခြင်း လက္ခဏာရှိသော မရဏသည်။ သမ္ဘဝတိ၊ ဖြစ်၏။

ဇရာမရဏပစ္စယာ၊ ဇရာ,မရဏ-ဟူသော အကြောင်းကြောင့်။ သောကပရိဒေဝဒုက္ခဒေါမနဿုပါယာသာ၊ အတွင်း၌ ပူလောင်ခြင်း လက္ခဏာရှိသော သောက, မြည်တမ်းခြင်း လက္ခဏာရှိသော ပရိဒေဝ, ကိုယ်၏ ပင်ပန်းခြင်း ကာယိကဒုက္ခ, စိတ်၏ ပင်ပန်းခြင်း လက္ခဏာရှိသော စေတသိကဒုက္ခ, စိတ်နှိပ်စက်ခြင်း လက္ခဏာရှိသော ဒေါမနဿ, ထက်ဝန်းကျင်မှ ပူလောင်ခြင်း လက္ခဏာရှိသော ဥပါယာသတို့သည်။ သမ္ဘဝန္တိ၊ ဖြစ်ကုန်၏။

ဧဝံ၊ ဤသို့။ ကေဝလဿ၊ ချမ်းသာခြင်းနှင့်မရော သက်သက်သော။ ဧတဿ ဒုက္ခက္ခန္ဓဿ၊ ထိုဆင်းရဲအစု၏။ သမုဒယော၊ ဖြစ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။ ။

**ပဋိစ္စသမုပ္ပါဒ် ၁၂-ပါးအနက် ပြီး၏။**

ဗောဓိပက္ခိယသင်္ဂဟော၊ ဗောဓိပက္ခိယသင်္ဂဟ၌။ ကာယာနုပဿနာသတိပဋ္ဌာနဉ္စ၊ ကေသာ, လောမာ-အစရှိသော ကာယအစုပညတ်၌ အဖန်တလဲလဲ ဆင်ခြင်အောက်မေ့ခြင်း သတိစေတသိက်-ဟု ဆိုအပ်သော ကာယာနုပဿနာသတိပဋ္ဌာန်လည်းကောင်း။ ဝေဒနာနုပဿနာသတိပဋ္ဌာနဉ္စ၊ ဒုက္ခ ဒုက္ခ, ဝိပရိဏာမဒုက္ခ, သင်္ခါရဖြစ်သော ဝေဒနာတို့၏ အစွမ်းဖြင့် ဆင်ခြင်အောက်မေ့ခြင်း သတိစေတသိက်-ဟု ဆိုအပ်သော ဝေဒနာနုပဿနာသတိပဋ္ဌာန်လည်းကောင်း။ စိတ္တာနုပဿနာသတိပဋ္ဌာနဉ္စ၊ သရာဂ, ဝီရာဂ-စသော စိတ်ကိုပင် ဆင်ခြင်အောက်မေ့ခြင်း သတိစေတသိက်-ဟု ဆိုအပ်သော စိတ္တာနုပဿနာသတိပဋ္ဌာန်လည်းကောင်း။ ဓမ္မာနုပဿနာသတိပဋ္ဌာနဉ္စ၊ သညာ,သင်္ခါရတို့ဖြင့် ပြားသော လက္ခဏာကို ဆင်ခြင်အောက်မေ့ခြင်း သတိစေတသိက်-ဟု ဆိုအပ်သော ဓမ္မာနုပဿနာသတိပဋ္ဌာန်

လည်းကောင်း။ ဣတိ၊ ဤသို့။ သတိပဋ္ဌာနာ၊ သတိပဋ္ဌာန်တို့သည်။ စတ္တာရော၊ ၄-ပါးတို့တည်း။ ။ **သတိပဋ္ဌာန်အနက် ပြီး၏။**

[၁]ဥပ္ပန္နာနံ၊ ဖြစ်ကုန်ပြီးသော။ ပါပကာနံ၊ ယုတ်မာကုန်သော အကုသိုလ်တရားတို့ကို။ ပဟာနာယ၊ ပယ်ခြင်းငှာ။ ဝါယာမော၊ လုံ့လပြုခြင်း ဝီရိယစေတသိက်-ဟု ဆိုအပ်သော သမ္မပ္ပဓာန်လည်းကောင်း။ [၂]အနုပ္ပန္နာနံ၊ မဖြစ်ကုန်သေးသော။ ပါပကာနံ၊ ယုတ်မာကုန်သော အကုသိုလ်တရားတို့ကို။ အနုပ္ပါဒါယ၊ မဖြစ်စိမ့်သောငှာ။ ဝါယာမော၊ လုံ့လပြုခြင်း ဝီရိယစေတသိက်-ဟု ဆိုအပ်သော သမ္မပ္ပဓာန်လည်းကောင်း။ [၃]အနုပ္ပန္နာနံ၊ မဖြစ်ကုန်သေးသော။ ကုသလာနံ၊ ကုသိုလ်တရားတို့ကို။ ဥပ္ပါဒါယ၊ ဖြစ်စိမ့်သောငှာ။ ဝါယာမော၊ လုံ့လပြုခြင်း ဝီရိယစေတသိက်-ဟု ဆိုအပ်သော သမ္မပ္ပဓာန်လည်းကောင်း။ [၄]ဥပ္ပန္နာနံ၊ ဖြစ်ကုန်ပြီးသော။ ကုသလာနံ၊ ကုသိုလ်တရားတို့ကို။ ဘိယျောဘာဝါယ၊ ပွါးများစေခြင်းငှာ။ ဝါယာမော၊ လုံ့လပြုခြင်း ဝီရိယစေတသိက်-ဟု ဆိုအပ်သော သမ္မပ္ပဓာန်လည်းကောင်း။ ဣတိ၊ ဤသို့။ သမ္မပ္ပဓာနာ၊ သမ္မပ္ပဓာန်တို့သည်။ စတ္တာရော၊ ၄-ပါးတို့တည်း။ ။**သမ္မပ္ပဓာန် ၄-ပါးအနက် ပြီး၏။**

[၁]ဆန္ဒိဒ္ဓိပါဒေါ စ၊ ဆန္ဒစေတသိက်-ဟု ဆိုအပ်သော ဆန္ဒိဒ္ဓိပါဒ်လည်းကောင်း။ [၂]စိတ္တိဒ္ဓိပါဒေါ စ၊ လောကုတ္တရာစိတ်-ဟု ဆိုအပ်သော စိတ္တိဒ္ဓိပါဒ်လည်းကောင်း။ [၃]ဝီရိယိဒ္ဓိပါဒေါ စ၊ ဝီရိယစေတသိက်-ဟု ဆိုအပ်သော ဝီရိယိဒ္ဓိပါဒ်လည်းကောင်း။ [၄]ဝီမံသိဒ္ဓိပါဒေါ စ၊ ပညာစေတသိက်-ဟု ဆိုအပ်သော ဝီမံသိဒ္ဓိပါဒ်လည်းကောင်း။ ဣတိ၊ ဤသို့။ ဣဒ္ဓိပါဒါ၊ ဣဒ္ဓိပါဒ်တို့သည်။ စတ္တာရော၊ ၄-ပါးတို့တည်း။ ။ **ဣဒ္ဓိပါဒ် ၄-ပါးအနက် ပြီး၏။**

[၁]သဒ္ဓိန္ဒြိယဉ္စ၊ သဒ္ဓါစေတသိက်-ဟု ဆိုအပ်သော သဒ္ဓိန္ဒြေလည်းကောင်း။ [၂]ဝီရိယိန္ဒြိယဉ္စ၊ ဝီရိယစေတသိက်-ဟု ဆိုအပ်သော ဝီရိယိန္ဒြေလည်းကောင်း။ [၃]သတိန္ဒြိယဉ္စ၊ သတိစေတသိက်-ဟု ဆိုအပ်သော သတိန္ဒြေလည်းကောင်း။ [၄]သမာဓိန္ဒြိယဉ္စ၊ ဧကဂ္ဂတာစေတသိက်-ဟု ဆိုအပ်သော သမာဓိန္ဒြေလည်းကောင်း။ [၅]ပညိန္ဒြိယဉ္စ၊ ပညာစေတသိက်-ဟု ဆိုအပ်သော ပညိန္ဒြေလည်းကောင်း။ ဣတိ၊ ဤသို့။ ဣန္ဒြိယာနိ၊ ဣန္ဒြေတို့သည်။ ပဉ္စ၊ ၅-ပါးတို့တည်း။ ။ **ဣန္ဒြေ ၅-ပါးအနက် ပြီး၏။**

[၁]သဒ္ဓါဗလဉ္စ၊ သဒ္ဓါစေတသိက်-ဟု ဆိုအပ်သော သဒ္ဓါဗိုလ်လည်းကောင်း။ [၂]ဝီရိယဗလဉ္စ၊ ဝီရိယစေတသိက်-ဟု ဆိုအပ်သော ဝီရိယဗိုလ်လည်းကောင်း။ [၃]သတိဗလဉ္စ၊ သတိစေတသိက်-ဟု ဆိုအပ်သော သတိဗိုလ်လည်းကောင်း။ [၄]သမာဓိဗလဉ္စ၊ ဧကဂ္ဂတာစေတသိက်-ဟု ဆိုအပ်သော သမာဓိဗိုလ်လည်းကောင်း။ [၅]ပညာဗလဉ္စ၊ ပညာစေတသိက်-ဟု ဆိုအပ်သော ပညာဗိုလ်လည်းကောင်း။ ဣတိ၊ ဤသို့။ ဗလာနိ၊ ဗိုလ်တို့သည်။ ပဉ္စ၊ ၅-ပါးတို့တည်း။ **ဗိုလ် ၅-ပါးအနက် ပြီး၏။**

[၁]သတိသမ္ဗောဇ္ဈင်္ဂေါ စ၊ သတိစေတသိက်-ဟု ဆိုအပ်သော သတိသမ္ဗောဇ္ဈင်လည်းကောင်း။ [၂]ဓမ္မဝိစယသမ္ဗောဇ္ဈင်္ဂေါ စ၊ ပညာစေတသိက်-ဟု ဆိုအပ်သော ဓမ္မဝိစယသမ္ဗောဇ္ဈင်လည်းကောင်း။ [၃]ဝီရိယသမ္ဗောဇ္ဈင်္ဂေါ စ၊ ဝီရိယစေတသိက်-ဟု ဆိုအပ်သော ဝီရိယသမ္ဗောဇ္ဈင်လည်းကောင်း။ [၄]ပီတိသမ္ဗောဇ္ဈင်္ဂေါ စ၊ ပီတိစေတသိက်-ဟု ဆိုအပ်သော ပီတိသမ္ဗောဇ္ဈင်လည်းကောင်း။ [၅]ပဿဒ္ဓိသမ္ဗောဇ္ဈင်္ဂေါ စ၊ ကာယပ္ပဿဒ္ဓိ, စိတ္တပ္ပဿဒ္ဓိစေတသိက်-ဟု ဆိုအပ်သော ပဿဒ္ဓိသမ္ဗောဇ္ဈင်လည်းကောင်း။ [၆]သမာဓိသမ္ဗောဇ္ဈင်္ဂေါ စ၊ ဧကဂ္ဂတာစေတသိက်-ဟု ဆိုအပ်သော သမာဓိသမ္ဗောဇ္ဈင်လည်းကောင်း။ [၇]ဥပေက္ခာသမ္ဗောဇ္ဈင်္ဂေါ စ၊ တတြမဇ္ဈတ္တ-တာစေတသိက်-ဟု ဆိုအပ်သော ဥပေက္ခာသမ္ဗောဇ္ဈင်လည်းကောင်း။ ဣတိ၊ ဤသို့၊ ဗောဇ္ဈင်္ဂါ၊ ဗောဇ္ဈင်တို့သည်။ သတ္တ၊ ၇-ပါးတို့တည်း။ ॥ **ဗောဇ္ဈင် ၇-ပါးအနက် ပြီး၏။**

[၁]သမ္မာဒိဋ္ဌိ စ၊ ပညာစေတသိက်-ဟု ဆိုအပ်သော သမ္မာဒိဋ္ဌိမဂ္ဂင်လည်းကောင်း။ [၂]သမ္မာသင်္ကပ္ပေါ စ၊ ဝိတက်စေတသိက်-ဟု ဆိုအပ်သော သမ္မာသင်္ကပ္ပမဂ္ဂင်လည်းကောင်း။ [၃]သမ္မာဝါစာ စ၊ သမ္မာဝါစာစေတသိက်-ဟု ဆိုအပ်သော သမ္မာဝါစာမဂ္ဂင်လည်းကောင်း။ [၄]သမ္မာကမ္မန္တော စ၊ သမ္မာကမ္မန္တစေတသိက်-ဟု ဆိုအပ်သော သမ္မာကမ္မန္တမဂ္ဂင်လည်းကောင်း။ [၅]သမ္မာအာဇီဝေါ စ၊ သမ္မာအာဇီဝစေတသိက်-ဟု ဆိုအပ်သော သမ္မာအာဇီဝမဂ္ဂင်လည်းကောင်း။ [၆]သမ္မာဝါယာမော စ၊ ဝီရိယစေတသိက်-ဟု ဆိုအပ်သော သမ္မာဝါယာမမဂ္ဂင်လည်းကောင်း။ [၇]သမ္မာသတိ စ၊ သတိစေတသိက်-ဟု ဆိုအပ်သော သမ္မာသတိမဂ္ဂင်လည်းကောင်း။ [၈]သမ္မာသမာဓိ စ၊ ဧကဂ္ဂတာစေတသိက်-ဟု ဆိုအပ်သော သမ္မာသမာဓိမဂ္ဂင်လည်းကောင်း။ ဣတိ၊ ဤသို့၊ မဂ္ဂင်္ဂါနိ၊ မဂ္ဂင်တို့သည်။ အဋ္ဌ၊ ၈-ပါးတို့တည်း။ ॥ **မဂ္ဂင် ၈-ပါးအနက် ပြီး၏။**

**ဗောဓိပက္ခိယတရား ၃၇-ပါးအနက် ဤတွင် အပြီးသတ်တည်း။**

(ဤဗောဓိပက္ခိယတရားတို့သည် လောကုတ္တရာစိတ်၌သာ ဖြစ်ကုန်၏။)

(၂) သုဒ္ဓါဝါသေသု၊ သုဒ္ဓါဝါသ ၅-ဘုံတို့၌။ သဗ္ဗဒါ၊ အခါခပ်သိမ်း။ ပုထုဇ္ဇနာ၊ ပုထုဇ္ဇန်ပုဂ္ဂိုလ်တို့ကို။ န လဗ္ဘန္တိ၊ မရအပ်ကုန်။ သောတာပန္နာ စ၊ သောတာပန်ပုဂ္ဂိုလ်တို့ကိုလည်းကောင်း။ သကဒါဂါမိနောစာပိ ပုဂ္ဂလာ၊ သကဒါဂါမ်ပုဂ္ဂိုလ်တို့ကိုလည်းကောင်း။ န လဗ္ဘန္တိ၊ မရအပ်ကုန်။ အသညာပါယဘူမိသု၊ အသညသတ်ဘုံ, အပါယ်ဘုံတို့၌။ အရိယာ၊ အရိယာပုဂ္ဂိုလ်တို့ကို။ နောပလဗ္ဘန္တိ၊ မရအပ်ကုန်။ သေသဋ္ဌာနေသု၊ သုဒ္ဓါဝါသ, အသည-သတ်, အပါယ်ဘုံတို့မှ ကြွင်းကုန်သော ဘုံတို့၌။ အရိယာပိ စ၊ အရိယာပုဂ္ဂိုလ်တို့ကိုလည်းကောင်း။ အနရိယာပိ စ၊ အရိယာမဟုတ်သော ပုထုဇန်ပုဂ္ဂိုလ်တို့ကိုလည်းကောင်း။ လဗ္ဘန္တိ၊ ရအပ်ကုန်၏။

အပါယေ၊ အပါယ် ၄-ဘုံ၌။ ပုဂ္ဂလာ၊ ပုဂ္ဂိုလ်တို့သည်။ ပေါ၊ ၁-ယောက်စီ။ မာနဝေ၊ လူ့ပြည်၌လည်းကောင်း။ အာဒေါဒေဝေ စ၊ စာတုမဟာရာဇ်နတ်ပြည်၌လည်းကောင်း။ ကျာ၊ ၁-ကျိပ်, ၁-ယောက်စီ။ အညေသု၊ စာတုမဟာရာဇ်မှ တပါးသော နတ်ပြည် ၅-ထပ်တို့၌။ ချာ၊ ၁-ကျိပ်စီ။ အရိယေ၊ သုဒ္ဓါဝါသဘုံ၌။ လာ၊ ၃-ယောက်စီ။ အသညေ၊ အသညသတ်ဘုံ၌။ ကာ၊ ၁-ယောက်စီ။ အညရူပေ၊ အသညသတ်, သုဒ္ဓါဝါသမှ ကြွင်းသော ရူပါဝစရ ၁၀-ဘုံ၌။ ဈာ၊ ၉-ယောက်စီ။ အရူပေ၊ အရူပ ၄-ဘုံ၌။ ဇာ၊ ၈-ယောက်စီ။ ဣတိ၊ ဤသို့။ ဘူမျာသု၊ ၃၁-ဘုံတို့၌။ ပုဂ္ဂလာ၊ ပုဂ္ဂိုလ်တို့သည်။ ဝါကရာ၊ ၂၁၄-ယောက်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဧတ္ထ၊ ဤပုဂ္ဂလဝါရ၌။ ဝါ၊ ၁-ကျိပ်, ၂-ယောက်ကုန်သော ပုဂ္ဂိုလ်တို့တွင်။ ဒုဟေတုကာနဉ္စ၊ ဒုဂ္ဂတိအဟိတ်ပုဂ္ဂိုလ်တို့သည်(*တို့အား*)လည်းကောင်း။ အဟေတုကာနဉ္စ၊ သုဂတိအဟိတ်ပုဂ္ဂိုလ်တို့သည်လည်းကောင်း။ ကြိယာဇဝနာနိစေဝ၊ ကြိယာဇောတို့ကိုလည်းကောင်း။ အပ္ပနာဇဝနာနိ စ၊ အပ္ပနာဇောတို့ကိုလည်းကောင်း။ န လဗ္ဘန္တိ၊ မရအပ်ကုန်။ ဒုဂ္ဂတိယံ ပန၊ ဒုဂ္ဂတိဘုံ၌ကား။ ဉာဏဝိပ္ပယုတ္တာနိ၊ ဉာဏဝိပ္ပယုတ်ဖြစ်ကုန်သော။ မဟာဝိပါကာနိ၊ မဟာဝိပါက်တို့ကို။ န လဗ္ဘန္တိ၊ မရအပ်ကုန်။ တိဟေတုကေသု စ၊ တိဟိတ်ပုဂ္ဂိုလ်တို့တွင်လည်း။ ခီဏာသဝါနံ၊ ရဟန္တာပုဂ္ဂိုလ်တို့သည်။ ကုသလာကုသလဇဝနာနိ၊ ကုသိုလ်, အကုသိုလ်ဇောတို့ကို။ န လဗ္ဘန္တိ၊ မရအပ်ကုန်။ တထာ၊ ထိုမှတပါး။ သေက္ခပုထုဇ္ဇနာနံ၊ သေက္ခပုထုဇဉ်ပုဂ္ဂိုလ်တို့သည်။ ကြိယာဇဝနာနိ၊ ကြိယာဇောတို့ကို။ န လဗ္ဘန္တိ၊ မရအပ်ကုန်။ သေက္ခာနံ၊ သောတာပန်, သကဒါဂါမ်, အနာဂါမ်-ဟု ဆိုအပ်သော သေက္ခပုဂ္ဂိုလ်တို့သည်။ ဒိဋ္ဌိဂတသမ္ပယုတ္တဝိစိကိစ္ဆာဇဝနာနိ၊ ဒိဋ္ဌိဂတသမ္ပယုတ်စိတ် ၄-ခု, ဝိစိကိစ္ဆာဇောတို့ကို။ န လဗ္ဘန္တိ၊ မရအပ်ကုန်။ အနာဂါမိပုဂ္ဂလာနံ ပန၊ အနာဂါမ်ပုဂ္ဂိုလ်တို့သည်ကား။ ပဋိဃဇဝနာနိ၊ ဒေါသမူဇော-ဟု ဆိုအပ်သော ပဋိဃဇောတို့ကို။ န လဗ္ဘန္တိ၊ မရအပ်ကုန်။ လောကုတ္တရဇဝနာနိ စ၊ လောကုတ္တရာဇောတို့(*သည်*)ကား။ ယထာရဟံ၊ ထိုက်သည်အားလျော်စွာ။ အရိယာနမေဝ၊ အရိယာပုဂ္ဂိုလ်တို့အားသာလျှင်။ သမုပ္ပဇ္ဇန္တိ၊ ဖြစ်ကုန်၏။

အသေက္ခာနံ၊ ရဟန္တာပုဂ္ဂိုလ်တို့အား။ စတုစတ္တာလီသ၊ ၄၄-ပါးကုန်သော စိတ်တို့ကို။ ဥဒ္ဒိသေ၊ ပြရာ၏။ သေက္ခာနံ၊ သေက္ခပုဂ္ဂိုလ်တို့အား။ ဆပညာသာဝ၊ ၅၆-ပါးကုန်သော စိတ်တို့ကိုသာလျှင်။ ဥဒ္ဒိသေ၊ ပြရာ၏။ သေသာနံ၊ သေက္ခ, အသေက္ခမှ ကြွင်းသော ပုထုဇ္ဇန် ပုဂ္ဂိုလ်တို့အား။ စတုပညာသ၊ ၅၄-ပါးကုန်သော စိတ်တို့ကို။ သမ္ဘဝါ၊ ဖြစ်သင့်သည်အား လျော်စွာ။ ဥဒ္ဒိသေ၊ ပြရာ၏။

**ပေါ ပါယေ၊ မာနဝေ ဂါထာ။** ကျမ်းလာထွက်ဆို၊ ဉာဏ်ကွန့်မို၍၊ ပုဂ္ဂိုလ်အပြား၊ ဝါကရားကို၊ မှတ်သားသိလွယ်။ ကပ္ပဋ္ဌိတိ၊ မည်ရှိထွေပြား၊ ငွေရထားမှာ၊ ရုပ်ပွါးတင့်ဆန်း၊ တောင်ငွေဆီ တန်းသည့်နှယ်၊ နိဒါန်းလင်္ကာသွယ်ပိမ့်။ ပါယ် ၄-ဘုံဝယ် ဒုဂ္ဂတိ၊ မနုဿ,စတု၊ ဘုံ ၂-ခုမှာ၊ သုဒ္ဓိတိသာ၊ အရိယာလဲ၊ မှန်စွာ ၈-ယောက် ရှိ၏။ ကြွင်းသည် ဘုမ္မိ၊ နတ်ငါးပြိုင်။ ယခင်အရ၊ သုကို ချလျှင်၊ ဒသတကျိပ်ဆိုင်ရှင့်။ ဝေဟပ္ပိုလ်တိုင်၊ ဆယ်ပြဟ္မာ၊ တိဟေတုက၊ အရိယနှင့်၊ နဝ မည်သညာတည်း။

**သုဂတိသာ၊ သညသတ်။ သုဒ္ဓါဝါသာ၊ ဘုံငါးဖြာမှာ၊ အနာဂါမ်ဖိုလ်၊ ရန်လုံးငယ်** ဖြိုသည်၊ ထက်-ကို နှစ်ယောက် မှတ်တော့။ နတ်အရူပ ၄-ဘုံတွင်၊ အောက်မဂ်ကို မဖြည့်၊ တိဟိတ်ကို ထည့်ရလျှင်၊ ပြည့်အံ့ ရှစ်ယောက်ထင်ခဲ့၊ ပုဂ္ဂိုလ်တွင် ဘုံနှင့် မြှောက်၊ နှစ်ရာ ကျော်သေး၊ တကျိပ်,လေးသည်၊ အပြေးသချာပေါက်၏။ ဇမ္ဗူတလျှောက် တိုင်းနိုင်ငံ၊ စာဆို ပြုကြလေသမျှတွင်၊ စာရင်းကျ သိမ်းရုံး၍၊ တလုံးတည်း ဉာဏ်ဂုဏ်ခံသည်၊ ရောင်လျှံ ကွန့်မြူး၊ ပြဗ္ဗာဦးက၊ မလူးရန်လွင့်၊ မိုးလယ်တင့်သည်၊ ကြယ်မင်းပမာ၊ ကြားတည့်သူ နားမလည်၊ ကြဉ်မည်ကို ရှုံ့သောကြောင့်၊ မလွန့်သော ပါဠိဖွင့် ဋ္ဌကထာမှာ၊ တကာကျော် ဉာဏ်ဆော့လို့ တကျော့သန်သုံး။ စကားနေမြိုင်မြိုင်နှင့်၊ နောက်ထိုင်ရန် တခို၊ တပေါင်သံ ချိုလှအောင်၊ ဘုံပုဂ္ဂိုလ် အခွဲကို၊ ရင်နွဲလှ ချချီတိုင်၊ သိခါနယ်က ဉာဏ်အပလီ၊ လွမ်းစရာ စာစီမှာ၊ သူရတီမယ်ဆင်တဲ့၊ ဂေါ်သဇင်ကုံး။ ။

ဘုံသုံးဝတွင်၊ ဒွါဒသံ၊ ပုဂ္ဂိုလ်ရစိတ်ကို ဆိုလိုက်မည်။ သိလိုသူ မှတ်စိမ့်ငှာ၊ အသော-ဘဏာစိတ်တီသတွင်၊ ဟသိမပါ၊ မဟာကုသိုလ်၊ ဒုပုဂ္ဂိုလ်ဝယ်၊ မှတ်လွယ်အောင်၊ သုံးဆယ့် ခုနစ်သာတည့်။ သည်စိတ်တွင် လောင်းရန်မှာ၊ မဟာဝိပါက်၊ ဝိပ္ပယုတ်ပေါင်း လေးဆယ်တစ်၊ သုဒ္ဓိနှစ်မှာ၊ စင်စစ် အမှန်ဟုတ်၏။ သမ္ပယုတ်လောင်းပြန်လျှင်၊ တိပုဂ္ဂိုလ်အား၊ လေးဆယ့်ငါး တည်း။ မှတ်သားနားဝယ်တင်ပ။ ကာမဘုံတွင် သောတာပန်၊ ကာမတိဟိတ်၊ ရသည့်စိတ် တွင်၊ ဒိဋ္ဌိသမ္ပယုတ်၊ ဝိစိနုတ်၍၊ မယုတ်ကျန်ရစ်၊ လေးဆယ် ဖြစ်သည်။ ဖိုလ်တစ် သွင်းပြန် ရ၏။ သကဒါဂါမ်တွက်ရန်၊ ထိုအတူ သည်စိတ်တွင် ဖိုလ်လဲ၍ ဖြစ်သည် ယူပါ။ အနာဂါမ်မူ၊ ဤသူတို့ ရစိတ်တွင်၊ ဒွေးပဋိဃ ကြဉ်ပြန်ရသည်၊ အဋ္ဌတိံသပင်တည်း။ သုတွင် ဖိုလ်ကို၊ တဖန်လောင်း၊ နဝတိံသ ဖြစ်ပြန်ရသည်၊ တွက်က မတိမ်းစောင်းဘူး။ ။

ရင်းဆိုခဲ့သည့် သူတို့မှာ၊ ကုသိုလ်နဝ၊ မဟဂ္ဂကို၊ ဈာန်ရလောင်း ပြန်ရာ၏။ ရဟန္တာ တို့ ရစိတ်မှာ၊ ဝိပါက်ကိရိယာ၊ မဟာတဆယ့်ခြောက်၊ အဟိတ်လှော့က်လျှင်၊ နောက်ဖိုလ် တစ်နှစ်၊ တွက်စစ် သုံးဆယ့်ငါးတည်း။ ဈာန်ရသော ရဟန္တာ၊ မဟဂ္ဂုတ်က၊ ကိရိယ၊ ကိုးနဝ လောင်းပြန်ရာ၏။ ရူပဘုံမှာ၊ ပုထုဇ္ဇန်၊ လောကီကုသလ၊ သတ္တရနှင့်၊ ပဋိဃပယ်၊ တဆယ်

အကုသိုလ်၊ ထိုပြင်တွက်မူ၊ စက္ခု,သောတ၊ အာဝဇ္ဇန်း,သမ္ပဋိစ်၊ ဤစိတ်ပေါင်းစု၊ နှစ်ခု,လေးလီ၊ သန္တီအလုံး၊ အကျဉ်းရုံးမူ၊ သုံးဆယ့်ရှစ်ခု မှန်၏။ တဖန် ထိုစိတ်တွင်၊ သမ္ပယုတ်ဒိဋ္ဌိ၊ ဝိစိကိစ္ဆာ ကြဉ်ပြန်ပါသောကြောင့်၊ သောတာပန်, သကဒါဂါမ်မှစ၍၊ အနာဂါမ်ကျအောင် ရလေသမူ၊ ဖိုလ်ပါစုလည်း၊ စတုတိံသပင်တည်း။ ဤဘုံတွင် ရဟန္တာ၊ ကိရိယာ ဝီသ၊ စက္ခု-စသည်၊ သောတနှစ်စိတ်၊ သမ္ပဋိစ်နှစ်လီ၊ သန္တီကသုံး၊ ပေါင်းရုံး နှစ်ဆယ်၊ စွန်းကယ် နဝ၊ ဖိုလ်ပါကမူ၊ တွက်ရသုံးဆယ်သာတည်း။ ။

အရူပါ-ဟု၊ အာကာသာနဉ္စ၊ ယတနပုထုဇ္ဇန်၊ ပဋိယပယ်၊ တဆယ် အကုသိုလ် တို့ပြင်၊ မဟာအရူပါက၊ ဒွါဒသကုသိုလ်၊ ဆိုရန်တတော၊ မနောဒွါရ-တေဝီသ-ဟု၊ မှတ်ရ အမြဲမှန်၏။

တဖန် ထိုစိတ်တွင်၊ သမ္ပယုတ် ဝိစိကိစ္ဆာ၊ ကြဉ်ပြန်ပါသောကြောင့်၊ သောတာပန်, သကဒါဂါမ်စ၍၊ အနာဂါမ်ကျအောင်၊ နဝဒသဖိုလ်ပါ ဖြစ်သည်သာတည်း။ ဤဘုံတွင် ရဟန္တာ၊ မနောဒွါရ၊ ကိရိယာမူ၊ မဟာက အဋ္ဌ၊ အရူပ ၄-ခု၊ ဖိုလ်ပါစုလည်း၊ စတုဒသပါ ရှင့်။ အရူပါတွင်၊ ဖြစ်လာသမျှ ပုဂ္ဂိုလ်ဝယ်၊ ဟေဋ္ဌာဝဍ္ဍိ စာပြသည့်မိပ္ပါယ်၊ တဘုံကျလျှင်၊ စိတ်က တခုပယ်မှ၊ မဂ်,ဖိုလ်ဝယ် မှတ်ဖွယ် တတန်၊ မဂ်တခဏ၊ ဖြစ်ကာလဟု၊ တစုတည်း သာမှန်၏။ သောတာပန်, သကဒါဂါမ် စ၍၊ အနာဂါမ်ကျအောင်၊ ဈာန်ရတို့မှာ၊ ဖိုလ်မဂ်ပါ သည်၊ တခါထပ်လောင်းရန်၊ ဖိုလ်အရဟတ္တ၊ ကြဉ်ပြန်ရမည်၊ အောက်က မဂ်,ဖိုလ်၊ နောက် ကို ထပ်လျောက်၊ ငါးဆယ့်ခြောက်သည်၊ သုံးယောက် သေက္ခ၊ ရစိတ်အမြဲ မှန်၏။ သည်စိတ် တွင် တဖန်၊ ကြဉ်ပြန်သည် ပဋိယ၊ အနာဂါမ်မဂ်၊ အနာဂါမ်ဖိုလ်၊ အရဟတ္တမဂ္ဂ၊ ပုဂ္ဂိုလ်ကျ အောင်၊ သေက္ခတို့ စိတ်ကိုစုလည်း၊ စတုပညာသတည့်။ ပုဂ္ဂလကို ဖော်ပြလိုက်သည်ရှင့်။ စာခြေသေ့ဆီ၊ ပုံတူညီ၏၊ သိင်္ဂီမခြား၊ သောတ နားမှာ၊ ကြားတိုင်း နှလုံး၍ွင်သည်။ ။

စာသင်ပျိုလှ၊ ငယ်သိဿတို့၊ ကြယ်များတန်ဆောင်၊ အာကာဘောင်မှာ၊ လရောင် ပမာ၊ ကြည့်သူ မကြဲနိုင်၊ မှိုင်မည်ကို ရှုံ့သောကြောင့်၊ မလွန့်စသာ၊ ဘိဓမ္မတ္ထသင်္ဂြိုဟ်စာမှာ၊ ဋီကာကျော် ဉာဏ်ကွန့်လို့၊ ခေါင်ညွှန့်ကို ခူး။ ။

မှတ်သားလိုသသူတို့၊ နည်းယူရန် တပုံ၊ အဓိပ္ပါယ်စုံလှအောင်၊ ဘုံစိတ်ရ သဘော ကို၊ ဉာဏ်နှောလို့ ဆင်ခြင်၊ မြို့သိခ်ါ နယ်ပြန့်က၊ ဉာဏ့်ဘုရင်၊ ဇမ္ဗူသောင်း လက်ယာခွင်မှာ၊ ဘယ်သူပင် ပြိုင်ကြမလဲ၊ မတူနိုင်ဘူး။ ။ ပုဂ္ဂိုလ်စိတ်ရလင်္ကာ ပြီး၏။

ဘိကြပ်အဆောင်တော်မြဲ၊ ပလိုင်းလက်စွဲ၊ ဒုတ်ရဲတပ်မှူး၊ နေမျိုးမင်းလှသူရိန်က ခန္ဓာ, အာယတန, ဓာတ်, သစ္စာ, ပဋိစ္စသမုပ္ပါဒ်, ဗောဓိပက္ခိယတရားတို့၏ ပါဠိတော်အနက်၊

ပုဂ္ဂိုလ်ဘုံရလက်ာ၊ ပုဂ္ဂိုလ်စိတ်ရလက်ာ အကျဉ်းမှတ်သားရန်များကို နေရာကျ သိမှတ်ပါ ရအောင် အမိန့်ရှိတော်မူပါမည့်အကြောင်းနှင့် လျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ညွှန်ပြထုတ်ဆောင်၍ ၁၂၄၀-ပြည့်၊ တော်သလင်းလပြည့်ကျော်၊ ၆-ရက် နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိမ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆို အမိန့်ရှိလိုက်သည်။

★★★★★★★

## ရှင်ဇယန္တ-က သိက္ခာကျ, မကျ၊ ထေနကဖြစ်, မဖြစ် မိမိကိုယ်ကို စိစစ်၍ မိန့်တော်မူပါမည့်အကြောင်း လျှောက်ထားချက်

[၁၀၄] "ဘုရားတပည့်တော် ဒီပဲယင်းမြို့စီရင်စု၊ ပေါင်းတောင်ကူရွာ၊ ရှင်ဇယန္တ လျှောက်ပါသည် ဆရာတော်ဘုရား။

(၁) တပည့်တော်မှာ ကာလရှည်ကြာ စိတ်မငြိမ်မဝပ်ရှိ၍ စိတ္တဝိက္ခိတ္တ ဖြစ်သည်အတွင်း ဆပ်ပြာကျင်းပုဂ္ဂိုလ်ထံ ရောက်လျှင် 'သိက္ခာချလိုပါသည်'ဟု လျှောက်ရာ 'သိက္ခာ ချသည်ကို တပည့်တော် နားမလည်ပါ' ပြောဆိုလျက်ပင် စိတ္တဝိက္ခိတ္တဖြစ်သည် အလျောက် သိက္ခာချသောပုဒ်ကို ရွတ်ဆိုလိုက်ပါသည်။ ရွတ်ဆိုသော်လည်း သိက္ခာ ကို စွန့်လိုသောစိတ် မရှိ၊ သမဏသညာမကင်းဘဲ နေရာကျောင်းတိုက်သို့ ရောက်၍ ကာလရှည်ကြာမှ ဆပ်ပြာကျင်းပုဂ္ဂိုလ် နားလည်ပြန်သည်ဆိုလျှင် ထိုပုဂ္ဂိုလ်စကားကို စွဲ၍ ဂိုဏ်းသားအချို့သံဃာတို့က 'သိက္ခာကျသည်'ဟု သို့အထင် အမှတ်ရှိကြပါ သည်။ သည်သာ မဟုတ်ပါသေး။

(၂) သိက္ခာကျ၍ သမဏ မဟုတ်ဘဲလျက် ရဟန်းတို့နှင့်အတူ စားသောက် နေထိုင် ခြင်းကြောင့် 'ထေယျသံဝါသကပင် ဖြစ်လိမ့်မည်လော'-ဟု တွေးတောဆဝါး ယုံမှား မကင်းရှိကြ၍ အထွေထွေ ပြောဆိုကွဲပြားကြပါသောကြောင့် သိက္ခာပင် ကျမည်, မကျမည်၊ ထေနကဖြစ်မည်, မဖြစ်မည်ကို နေရာကျကျ သန္နိဋ္ဌာန်ချ၍ သိမှတ်ပါ ရအောင် အမိန့်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား"

၎င်းရဟန်း ရှင်ဇယန္တ လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ-

[၁၀၄] (၁) သိက္ခာကျမည်, မကျမည်ကို မေးလျှောက်သည်မှာ–

- ရဟန်းအဖြစ်မှ ရွေ့လျောလိုသောစိတ် ရှိခြင်း စိတ္တအင်္ဂါ ၁-ပါး။
- "ဗုဒ္ဓံ ပစ္စက္ခာမိ"အစရှိသော ၂၂-ပါးကုန်သော ခေတ်ပုဒ်တို့တွင် တစ်ခုခုကို ရွတ်ဆိုမိခြင်း ခေတ္တအင်္ဂါလည်း ၁-ပါး။
- "မံ ဓာရေဟိ"ဟု ပစ္စုပ္ပန်ကာလဖြင့်သာ ရွတ်ဆိုခြင်း ကာလအင်္ဂါ ၁-ပါး။
- နှုတ်ဖြင့်သာ ရွတ်၍ အက္ခရာပီပြင်စွာ ဆိုခြင်း ဝါစာသိကပယောဂအင်္ဂါ ၁-ပါး။
- သိက္ခာကို စွန့်လိုသော ဝဒန္တပုဂ္ဂိုလ်၏ ဥမ္မတ္တက, ခိတ္တစိတ္တ, ဝေဒနဋ္ဋ-စသောသူ မဟုတ်ခြင်း၊ ဥမ္မတ္တက, ခိတ္တစိတ္တ, ဝေဒနဋ္ဋ-စသည် မဟုတ်သော, မနုဿဘူတဖြစ်သော ပုဂ္ဂိုလ်၏ ကြားသိသော မျက်မှောက်၌ ရွတ်ဆိုခြင်း ပုဂ္ဂလအင်္ဂါ ၁-ပါး။
- ဝဒန္တပုဂ္ဂိုလ်သည် "ဂိဟီတိ မံ ဓာရေထ"စသော ၂၂-ပါးကုန်သော ခေတ်ပုဒ်တို့တွင် တစ်ခုခုကို ရွတ်ဆိုရာ ရွတ်ဆိုသော စကားလုံး ဆုံးသောခဏ၌ "ဤရဟန်းကား လူဖြစ်ပြီ၊" ဤသို့ စသည်ဖြင့် ကာလမခြားဘဲ သိခြင်း ဝိဇာနနအင်္ဂါ ၁-ပါး။

ဤအင်္ဂါ ၆-ပါးပြည့်စုံမှ သိက္ခာကျသည်။ ဤအင်္ဂါ ၆-ပါးတို့တွင် တစ်ပါးပါး ချွတ်ယွင်းသော် သိက္ခာမကျ။

သိက္ခာတင်ရာ၌ သီမာသမ္ပတ္တိ, ဥတ္တိသမ္ပတ္တိ, ကမ္မဝါစာသမ္ပတ္တိ, ဝတ္ထုသမ္ပတ္တိ, ပရိသသမ္ပတ္တိ၊ အင်္ဂါ ၅-ပါး။

သိက္ခာချရာ၌ စိတ္တ, ခေတ္တ, ကာလ, ပယောဂ, ပုဂ္ဂလ, ဝိဇာနန။ ဤသို့ မှတ်ရာ၏။

သိက္ခာတင်-ပဉ္စင်္ဂ၊ သိက္ခာကျ-ဆဠင်္ဂ။ (အကျဉ်းမှတ်ရန်။)

လျှောက်ဆိုသော စကားရပ်တို့တွင်–

- သုဏန္တပုဂ္ဂိုလ်က"သိက္ခာချသည်ကို ငါနားမလည်ပါ"ဆိုသည့်စကား၊
- ဝဒန္တပုဂ္ဂိုလ်က သိက္ခာကို ကျစေလိုသော စိတ်မရှိ၊ သမဏသညာ မကင်း၊
- သုဏန္တပုဂ္ဂိုလ်က"ကာလရှည်ကြာမှ ငါ-နားလည်ပြန်သည်"ဆိုသောစကား မှန်ခဲ့လျှင် ရှင်ဇယန္တမှာ သိက္ခာ မကျ။

အထက်ပြဆိုခဲ့သော အင်္ဂါ ၆-ပါးတွင် ဝဒန္တပုဂ္ဂိုလ်မှာ အင်္ဂါ ၄-ပါး၊ သုဏန္တပုဂ္ဂိုလ်မှာ အင်္ဂါ ၂-ပါး၊ ဤသို့ဖြစ်၍ ဝဒန္တပုဂ္ဂိုလ် ရှင်ဇယန္တမှာ သိက္ခာပင် အကယ်၍ ကျသည်ဖြစ်လင့်

ကစား သာသနာတော်၌ ညွတ်သောစိတ်ရှိလျှင် အကြိမ် ၁၀၀-ပင် ရဟန်းအသစ်ပြု၍ သူတော်ကောင်းတရားကို အားထုတ်လိုက ပါရာဇိကအန္တိမ ရောက်သောသူကဲ့သို့ နှလုံးမသာမယာ ပူပန်ကြောင့်ကြစရာ မရှိသောကြောင့် မဟုတ်မမှန်ဘဲ ချွတ်လွဲဖောက်ပြန် ကြံစည်စဉ်းလဲစရာသောအကြောင်း မရှိ။ ဝိနယဓရ ဝိနိစ္ဆယပုဂ္ဂိုလ်တို့ကလည်း မဟုတ်မမှန်ဘဲ ချွတ်လွဲဖောက်ပြန်၍ ကြံစည်စဉ်းလဲလိမ့်မည်-ဟု အသိဉာဏ် ဖြစ်ရန် မရှိ။ သုဏန္တပုဂ္ဂိုလ်ကလည်း ပြဆိုခဲ့သော အင်္ဂါ ၂-ပါးတို့၏လက္ခဏာကို နေရာကျ တွေးဆရှုကြံ၍ မဖောက်မပြန် ဟုတ်မှန်တိုင်းကိုသာ အသင့်အတင့် ဆိုသင့်သောအခါ ရောက်၏။ ထို့ကြောင့် ရှင်ဇယန္တမှာ လျှောက်ဆိုစာ ပါသည့်အတိုင်း မှန်ချေက သိက္ခာမကျ။

**သံဝါသထေနက အရာကို ထပ်မံ၍ မေးလျှောက်ပြန်သည်မှာ-**

(၂) အကြင်ရဟန်းသည် သိက္ခာကျ၍ သာမဏေရအဖြစ်၌ပင် တည်သည်ဖြစ်စေ သမဏသညာ မကင်းချေက ဉီနဝီသတိဝဿဉပသမ္ပဒပုဂ္ဂိုလ်သည် စင်စစ်ရဟန်း မဟုတ်။ ထိုသို့ မဟုတ်ဘဲလျက် သမဏသညာကို ရ၍ 'ဝဿဂဏန ဉပေါသထ ပဝါရဏာ'-စသော 'ကမ္မာကမ္မကရဏသာဒိယန အာသနပဋိဗာဟန'-စသည်တို့ကိုပင် ပြုသော်လည်း အကြင်မျှလောက် ငါရဟန်း မဟုတ်-ဟူ၍ မိမိကိုယ်ကို မသိ၊ ထိုမျှလောက် သံဝါသထေနက မဖြစ်သကဲ့သို့ မှတ်ရာ၏။

အကြင် သာမဏေသည် လာဘ်-စသည်တို့ကို သာယာ၍ ဝါ-ရေတွက်ခြင်း, ထေရ်စဉ်ရောက်ခြင်း-စသည်တို့ကို ပြုငြားသော်လည်း သံဝါသကို မသာယာသည် ဖြစ်အံ့။ သံဝါသထေနက မဖြစ်။ ဝါရေတွက်ခြင်း, ထေရ်စဉ်ရောက်ခြင်း-စသည်ကို ပြု၍ သံဝါသ၌ပင် သာယာမိသော်လည်း ဤကဲ့သို့သော အမှုကို ပြုခြင်းသည် ထေနကဖြစ်သည်-ဟု မသိသောသူအား စောင့်ရှောက်ပါသေး၏။

ပစ္စည်းလာဘ်လာဘကို တောင့်တ၍ ရဟန်း-ဟု ပြောကာမျှဖြင့် ထေနက မဖြစ်။ မုသာဝါဒ ဖြစ်၏။ ရဟန်းမဟုတ်ဘဲ ရဟန်း-ဟု ပြောဆို၍ ရဟန်းတို့နှင့် ဆက်ဆံသော, ဝါရေတွက်ခြင်း အစရှိသော ကိရိယာအထူးကို ပြုမှသာ ထေယျသံဝါသ ဖြစ်၏။

ထို့ကြောင့် ဝိနည်းမဟာဝါ၊ မဟာခန္ဓကအဋ္ဌကထာ(ဝိ၊ဋ္ဌ၊၃။ ၂၉၈)၌-

> ယော ပန ဘိက္ခုပိ ပဗ္ဗာဇိတော သာမဏေရော သမာနောပိ ဝိဒေသံ ဂန္တွာ "အဟံ ဒသဝဿော ဝါ ဝီသတိဝဿော ဝါ"တိ မုသာ ဝတွာ ဘိက္ခုဝဿာနိ ဂဏောပိ ။ပ။ အယံ သံဝါသမတ္တဿေဝ ထေနိတတ္တာ သံဝါသတ္ထေနကော နာမ။

> ဘိက္ခုဝဿဂဏနာဒိကော ဟိ သဗ္ဗောပိ ကိရိယဘေဒေါ ဣမသ္မိံ အတ္ထေ “သံဝါသော”တိ ဝေဒိတဗ္ဗော။

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ယော ပန၊ အကြင်သာမဏေသည်ကား။ ဘိက္ခူဟိ၊ ရဟန်းတို့သည်။ ပဗ္ဗာဇိတော၊ ရှင်ပြုအပ်သော။ သာမဏေရော၊ သာမဏေသည်။ သမာနောပိ၊ ဖြစ်လျက်လည်း။ ဝိဒေသံ၊ အရပ်တပါးသို့။ ဂန္တွာ၊ သွား၍။ အဟံ၊ ငါသည်။ ဒသဝဿော၊ ၁၀-ဝါ ရပြီ။ ဝီသတိဝဿော၊ ဝါ ၂၀-ရပြီ။ ဣတိ၊ ဤသို့။ မုသာ ဝတွာ၊ ချွတ်လွဲသောစကားကို ဆို၍။ အယံ၊ ဤသာမဏေသည်။ သံဝါသမတ္တသော၀၊ သံဝါသမျှကိုသာလျှင်။ ထေနိတတ္တာ၊ ခိုးသည်၏အဖြစ်ကြောင့်။ သံဝါသထေနကော နာမ၊ သံဝါသထေနက မည်၏။ ဟိ သစ္စံ၊ မှန်၏။ ဘိက္ခုဝဿဂဏနာ-ဒိကော၊ ရဟန်းဝါကို ရေတွက်ခြင်း-အစရှိသော။ သဗ္ဗောပိ၊ အလုံးစုံလည်းဖြစ်သော။ ကိရိ-ယာဘေဒေါ၊ ကိရိယာအထူးကို။ ဣမသ္မိံ အတ္ထေ၊ ထေယျသံဝါသက-ဟူသော ဤအနက်၌။ သံဝါသောတိ၊ သံဝါသ-ဟူ၍။ ဝေဒိတဗ္ဗော၊ သိအပ်၏။

“လူကို ပြောရာ၌ သံဝါသထေနက မဖြစ်။ ရဟန်း, သာမဏေတို့ကို ပြောမှသာ သံဝါသထေနက ဖြစ်သည်”ဟု အချို့ပြောဆိုကြ၏။ ထိုသို့ မဟုတ်၊ ပြောဆိုခဲ့သည့်အတိုင်း လူကိုပင် ပြောဆိုရာ၌လည်း သံဝါသထေနက ဖြစ်သည်-ဟု မှတ်ရာ၏။

ထို့ကြောင့် ဝဇိရဗုဒ္ဓိဋီကာ(ဝဇိရ။၄၃၀)၌-

> ဂိဟီနံ ဝုတ္တေ ဒေါသော နတ္ထီ’တိ ကေစိ ဝဒန္တိ။

ဟူသောပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဂိဟီနံ၊ လူတို့အား။ ဝုတ္တေ၊ ဆိုရာ၌။ ဒေါသော၊ အပြစ်သည်။ နတ္ထိ၊ မရှိ။ ဣတိ၊ ဤသို့။ ကေစိ၊ အချို့သောဆရာတို့သည်။ ဝဒန္တိ၊ ဆိုကြကုန်၏။

မလိမ္မာသော သာမဏေသည် လူထွက်၍ အိမ်သို့ ရောက်ပြီးမှ မိဘတို့က သင်္ကန်း, သပိတ်တို့ကို ပေး၍ လွှတ်လိုက်၏။ ရဟန်းတို့လည်း “ဤသူသည် မိမိအလိုအလျောက် သာမဏေပြု၍ လာသောသူ”ဟု မသိကြကုန်။ ထိုသာမဏေသည်လည်း “ငါ ဤကဲ့သို့ ပြုခြင်းသည် ထေယျသံဝါသက ဖြစ်သည်”ဟု မသိ။ ထိုသာမဏေကို အသက် ၂၀-ပြည့်သောကာလ ရဟန်းပြုကုန်အံ့။ ထိုသို့ပြုခြင်းသည် ကောင်းသောရဟန်းပြုခြင်း မည်၏။ အပြစ်မရှိ။

ထို့ကြောင့် ဝိနည်းမဟာဝါ၊ မဟာခန္ဓကအဋ္ဌကထာ(ဝိ၊ဋ္ဌ၊၃။၃၀၁)၌-

အပရော ဒဟရော သာမဏေရော မဟန္တော ဝါ ပန အဗျတ္တော။ သော ပုရိမနယေနေဝ ဥပ္ပဗ္ဗဇိတွာ ယရေ ကသိဝေါရက္ခာဒီနိ ကမ္မာနိ ကာတုံ န က္ကစ္ဆတိ။ တ'မေနံ ဉာတကာ တာနိယေဝ ကာသာယာနိ အစ္ဆာဒေတွာ ထာလကံ ဝါ ပတ္တံ ဝါ ဟတ္ထေ ဒတွာ "ဂစ္ဆ သမဏော ဝ ဟောဟိ"တိ ယရာ နီဟရန္တိ။ သော ဝိဟာရံ ဂစ္ဆတိ နေဝ နံ ဘိက္ခူ ဇာနန္တိ "အယံ ဥပ္ပဗ္ဗဇိတွာ ပုန သယမေဝ ပဗ္ဗ-ဇိတော"တိ၊ နာပိ သယံ ဇာနာတိ "ယော ဧဝံ ပဗ္ဗဇတိ၊ သော ထေယျသံဝါသကော နာမ ဟောတီ"တိ။ သစေ တံ ပရိပုဏ္ဏဝဿံ ဥပသမ္ပာဒေန္တိ၊ သူပသမ္ပန္နော။ –

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

အပရော၊ သော။ ဒဟရော၊ သော။ သာမဏေရော ဝါ၊ သည်လည်းကောင်း။ ပန၊ ထိုမှတပါး။ မဟန္တော၊ ကြီးသော။ အဗျတ္တော၊ မလိမ္မာသော။ သာမဏေရော ဝါ၊ သာမဏေ သည်လည်းကောင်း။ ပုရိမနယေနေဝ၊ ရှေးနည်းဖြင့်သာလျှင်။ ဥပ္ပဗ္ဗဇိတွာ၊ လူထွက်၍။ ယရေ၊ အိမ်၌။ ကသိဝေါရက္ခာဒီနိ၊ လယ်လုပ်ခြင်း, နွားကျောင်းခြင်း အစရှိကုန်သော။ ကမ္မာနိ၊ အမှုတို့ကို။ ကာတုံ၊ ပြုခြင်းငှာ။ န က္ကစ္ဆတိ၊ အလိုမရှိ။ တ'မေနံ၊ ထိုသူကို။ ဉာတကာ၊ ဆွေမျိုးတို့သည်။ တာနိယေဝ ကာသာယာနိ၊ ထိုသင်္ကန်းတို့ကို။ အစ္ဆာဒေတွာ၊ ဝတ်၍။ ထာလကံ ဝါ၊ ခွက်ကိုလည်းကောင်း။ ပတ္တံ ဝါ၊ သပိတ်ကိုလည်းကောင်း။ ဟတ္ထေ၊ ၌။ ဒတွာ၊ ပေး၍။ "ဂစ္ဆ၊ သွားလေ။ သမဏော ဝ၊ ရဟန်းသည်သာလျှင်။ ဟောဟိ၊ ဖြစ်လေလော့"။ က္ကတိ၊ ဤသို့။ ယရာ၊ အိမ်မှ။ နီဟရန္တိ၊ ထုတ်ကုန်၏။ သော၊ ထိုသူသည်။ ဝိဟာရံ၊ ကျောင်းသို့။ ဂစ္ဆတိ၊ သွားလေ၏။ နံ၊ ထိုသူကို။ ဘိက္ခူ၊ ရဟန်းတို့သည်။ "အယံ၊ ဤသူသည်။ ဥပ္ပဗ္ဗဇိတွာ၊ လူထွက်၍။ ပုန၊ တဖန်။ သယမေဝ၊ မိမိအလိုလိုသာလျှင်။ ပဗ္ဗဇိတောတိ၊ ရဟန်းပြုသောသူ"ဟူ၍။ နေဝ ဇာနန္တိ၊ မသိကုန်။ သယံ၊ မိမိသည်။ ယော၊ အကြင်သူသည်။ ဧဝံ၊ ဤသို့။ ပဗ္ဗဇိတော၊ ရဟန်းပြု၏။ "သော၊ ထိုသူသည်။ ထေယျသံဝါသကော၊ ထေယျ-သံဝါသကသည်။ ဟောတိ၊ ဖြစ်၏။ က္ကတိ၊ ဤသို့။ နေဝ ဇာနာတိ၊ မသိ"။ ပရိပုဏ္ဏဝဿံ၊ အသက် ၂၀-ပြည့်သော။ တံ၊ ထိုသူကို။ သစေ ဥပသမ္ပာဒေန္တိ၊ အကယ်၍ ရဟန်းပြုကုန်အံ့။ သူပသမ္ပန္နော၊ ကောင်းသော ရဟန်းပြုခြင်း မည်၏။

ထို့ကြောင့် ရဟန်းရှင်ဇယန္တမှာ မေးလျှောက်ရာ စာပါသည့်အတိုင်း မှန်လျှင် သိက္ခာ-ပစ္စက္ခာတ ဝိနိစ္ဆယ-ကပင် အပြစ်မရှိ။ အနဝဇ္ဇဖြစ်ခဲ့ရကား "အရင်းလဲလျှင် အဖျားထင်း ဖြစ်သည်"ဆိုသကဲ့သို့ သံဝါသထေနက အရာဝယ်၊ ကာ ကထာ-ဟု ဝိနိစ္ဆယပုဂ္ဂိုလ်တို့ သန္တာန်၌ ဉာဏ်သက်ဝင်ရာ၏။

ဤသိက္ခာပစ္စက္ခာတ, သံဝါသထေနကအရာ၌ ပါဠိ, အဋ္ဌကထာစကားသည် အလွန်ထင်ရှား၏။ ထိုစကားရပ်တို့ကို အကျယ်သိလိုလျှင် သမန္တပါသာဒိကာမည်သော ပါရာဇိကကဏ်အဋ္ဌကထာ။ ၎င်းဝိနည်းမဟာဝါ၊ မဟာခန္ဓကအဋ္ဌကထာ။ မာတိကာ အဋ္ဌကထာ။ ဝဇိရဗုဒ္ဓိ၊ သာရတ္ထဒီပနီဋီကာတို့မှာ ကြည့်လေ။

ဒီပဲယင်းမြို့ ပေါင်းတောင်ကျောင်း၊ ရဟန်း ရှင်ဇယန္တက သိက္ခာကျသင့်, မကျသင့်သောအရာ၊ သံဝါသထေနက ဖြစ်သင့်, မဖြစ်သင့်သောအရာကို နေရာကျ သိမှတ်လိုပါသည့်အကြောင်းနှင့် လျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ထုတ်ဆောင်၍ ၁၂၄၀-ခု၊ တပို့တွဲလဆန်း၊ ၁၅-ရက်နေ့ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိမ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## ရှင်စန္ဒိမာ-စသော ဓမ္မန္တေဝါသိကတို့က
## စေတိယပဗ္ဗတဒွေဘာတိကထေရဝတ္ထုကို သိမှတ်လိုကြောင်းနှင့်
## လျှောက်ထားချက်

[၁၀၅] "ဘုရားတပည့်တော်-

- သရေခေတ္တရာမြို့၊ ရှင်စန္ဒိမာ, ရှင်ကိတ္တိမာ။
- ကေတုမတီမြို့၊ ရှင်အာဒိစ္စ, ရှင်နရိန္ဒ, ရှင်အာလောက။
- လယ်ကိုင်းမြို့၊ ရှင်အဂ္ဂ။
- ထားဝယ်မြို့၊ ရှင်ဝဏ္ဏ။
- စကုမြို့၊ ရှင်ဝီရိယ။
- မိတ္ထိလာမြို့၊ ရှင်ဣဿရိယ။
- တောင်တွင်းကြီးမြို့၊ ရှင်စန္ဒ, ရှင်ကေသရ, ရှင်သာဂရ, ရှင်ဝဏ္ဏ, ရှင်ဝါယာမ, ရှင်တေဇ။
- ရမည်းသင်းမြို့၊ ရှင်သုန္ဒ, ရှင်ဇနိန္ဒ။
- ကျောက်ရဲမြို့၊ ရှင်ဝိသုဒ္ဓ။
- ပြင်စည်မြို့၊ ရှင်သုစာရီ။
- တောင်ဘိုမြို့၊ ရှင်ဩဘာသ။
- ပုဂံမြို့၊ ရှင်သောဘိတ, ရှင်ကိတ္တိ, ရှင်သုဒဿန။
- အလုံမြို့၊ ရှင်ပညာသီဟ, ရှင်တေဇဝန္တ, ရှင်သဒ္ဓမ္မ, ရှင်ဣန္ဒ, ရှင်လာဘ။

ဒိပဲယင်းမြို့၊ ရှင်မုနိန္ဒ, ရှင်ဝါယာမ, ရှင်ဒီပ။

စလေမြို့၊ ရှင်သံဝရတို့ လျှောက်ပါသည် ဆရာတော်ဘုရား။

အလင်္ကာကျမ်း ချပို့တော်မူသည်အတွင်း စကားစပ်လျဉ်းရာ တပည့်သံဃာတို့အား နှလုံးသွင်းထား မှတ်သားကြစေခြင်းငှာ တရားဓမ္မ ပြသတော်မူသည်မှာ စေတိယပဗ္ဗတတွင် ဒွေဘာတိက ညီနောင်ရဟန်း ၂-ဦးတို့ အတူတကွနေကြရာ အစ်ကိုရဟန်း အနှစ် ၅၀-တိုင် ဧကောသနိက်ဓူတင် ကျင့်ဆောက်တည်သည်ကို ညီရဟန်း မရိပ်မိ,မသိရ။ ညီက အလုပ်အကျွေးဒကာတို့ လှူအပ်သောကြံကို ယူ၍ အစ်ကိုရဟန်းအား 'သုံးဆောင်တော်မူမည်လော'ဟု လျှောက်ရာ ဆွမ်းစားပြီး ခံတွင်းဆေးလျှော်ပြီး ဖြစ်၍ 'ငါ့ရှင် တန်ပြီ'ဟု ဆိုသည်ကို 'အရှင်ဘုရား၊ ဧကောသနိက်ဓူတင် ဆောက်တည်တော်မူသလော'-ဟု လျှောက်လေလျှင် 'အနှစ် ၅၀-ကျင့်ဆောက်တည်သော ဓူတင်ကို လျှို့ဝှက်သဖြင့် ကြံကို သုံးဆောင်ပြီးမှ ခံတွင်းကို ဆေးလျှော်၍ အသစ်ဆောက်တည်ပြန်လေသည်'-ဟု ဆရာတော်ဘုရား ဟောကြားတော်မူသောအရ-

ဝိသေသနာပေက္ခဒေါသမှာလည်း 'ဘိယျော ပဿတိ စက္ခုနာ'၌ ဘိယျောပဿတိ-ဆိုက မြင်ခြင်းကိစ္စ ပြီးကောင်းပြီးလျက် 'စက္ခုနာ'ကို ထည့်ရခြင်းသည် 'ဝိသေသန'တပါးကို ငဲ့ရကား 'ဝိသေသနာပက္ခဒေါသ-ရောက်သည်'ဟု ပြဆိုသော စကား ဟောကြားတော်မူသမျှ မှတ်သားမိကြသဖြင့် အဆင့်ဆင့် ပြောကြားကြ၍ အချို့သော အပ္ပဿုတပုဂ္ဂိုလ်တို့က ဤသို့သော ဝတ္ထုဒေသနာကို ကျမ်းဂန်မှာ မပါ မလာ။

အကယ်၍ ကျမ်းဂန်လာလျှင် 'ငါတို့ မတွေ့, မသိ, မရှိတန်ရာ၊ ဝိသေသနာ-ပေက္ခဒေါသမှာလည်း စက္ခုနာ ဝိသေသန-မဟုတ်။ ဘိယျောသာ ဝိသေသန ဟုတ်သည်'ဟု 'အတ္တုက္ကံသန၊ ပရဝမ္ဘန'ဖြင့် တိပိဋကဓရကဲ့သို့ ပပလွှားလွှား ဆရာတော်ဘုရားကိုပင် သားလုဘက်, မယားလုဘက်၊ ဈေးအထက်က ရန်လက်စ ရှိသသူကဲ့သို့ မပျူမငှာ၊ မချိုမသာ၊ မနာမသီး၊ လက်သီးဆန့်ထောင်၊ မာန်စောင်ဟုန်စုံး၊ အားသွန်ကျုံးလျက်၊ မျက်လုံးမျက်တောင်၊ မျက်မှောင်ကွင်းကွင်း၊ စိတ်မာန်သွင်း၍၊ တျင်းတျင်း တျက်တျက်၊ ဗလက္ကာရ မျက်ဒေါသဖြင့်၊ ငါက ပယ်မည်၊ ငါပယ်မည်-ဟု၊ ဆိုသည် ကြမ်းကြုတ်၊ နှုတ်ထွက်ရမ်းကား၊ ပြောကြသည်များကို ကြားသိပါရ၍ ဓမ္မဋ္ဌေဝါသိက၊ သိဿအပေါင်းတို့အား ၎င်းပြဆိုခဲ့သည့်အရာကို ဝေသာလီတိုင်းသား၊ ရဟန်းများ၏ ကွဲပြားဝါဒ၊ ဒသကဝတ္ထုကို သဗ္ဗဂါမိထေရ်သခင်သည် သုတ်သင်ရှင်းလင်း၍

ဝိဝါဒကင်းကြသကဲ့သို့ ချင်းတို့ဝါဒ၊ ဝိတဏ္ဍစကားကို ပယ်ရှားတွန်းလှန်၊ ဝေဖန်ခွဲခြမ်းလျက် ကျမ်းဂန်ကို ဖော်ထုတ်၍ ဟုတ်,မဟုတ်၊ မှန်,မမှန်ကို ကေန္တိက၊ သန္နိဋ္ဌာန်ချ၍ သိမှတ်ပါရအောင် မိန့်ဟဖြေဆိုတော်မူပါမည့်အကြောင်းကို ဆယ်ချောင်းဟတ္ထပဏာမဖြင့် တုပ်ကွရှိကျိုး၊ ရှိခိုးနားတော်လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား။”

ရဟန်းတော် ရှင်စန္ဒိမာ-စသော ဓမ္မန္တေဝါသိကတို့ လျှောက်ထားချက်အရ အဖြေဝိသဇ္ဇနာ–

**[၁၀၅]** **စေတိယပဗ္ဗတဒွေဘာတိကထေရဝတ္ထုကို ကျမ်းဂန်ဒေသနာ အဋ္ဌကထာ,** ပါဠိ ရှိ,မရှိကို သိလိုပါသည်-ဟု ဓမ္မန္တေဝါသိက၊ သိဿအပေါင်းတို့က ထပ်လောင်းတဖန် လျှောက်ပြန်သည်မှာ–

အထက်လျှောက်စာတွင် ပါသည့်အတိုင်း စေတိယတောင်တွင် ညီနောင်ရဟန်း ၂-ပါးတို့နေကြရာ အစ်ကိုရဟန်း အနှစ် ၅၀-ကာလပတ်လုံး ကောသနိက်စူတင် ဆောက်တည်သည်ကို ညီရဟန်း မသိရ။ အနှစ် ၅၀-ကြာမှ စူတင်အပ္ပိစ္ဆတရားကို နှလုံးသွင်းထားလျက် စူတင်ကို ဖျက်ပြီးလျှင် အသစ်ပင် တဖန် ထပ်မံ၍ ဆောက်တည်ပြန်လေသည်။

ထို့ကြောင့် မူလပဏ္ဏာသအဋ္ဌကထာ၊ ၃-ခုမြောက်သော ဩပမ္မဝဂ်အစု၊ ၄-ခုမြောက်သော ရထဝိနီတသုတ်အဋ္ဌကထာ၊ ၁၁-ကြောင်းစာ၊ ၀-ရေမှတ် ပူ-အင်္ဂါတွင်–

> စေတိယပဗ္ဗတေ ဒွေ ဘာတိကတ္ထေရာ ဝသိံသု၊ တေသု ကနိဋ္ဌော ဥပဋ္ဌာကေန ပေသိတာ ဥစ္ဆုခဏ္ဍိကာ ဂဟေတွာ ဇေဋ္ဌဿ သန္တိကံ အဂမာသိ၊ “ပရိဘောဂံ ဘန္တေ ကရောထာ”တိ။
>
> ထေရဿ စ ဘတ္တကိစ္စံ ကတွာ မုခံ ဝိက္ခာလနကာလော အဟောသိ၊ သော “အလံ အာဝုသော”တိ အာဟ။ “ကစ္စိ ဘန္တေ ကောသနိက'တ္ထာ”တိ။ “အာဟရာ'ဝုသော ဥစ္ဆုခဏ္ဍိကာ”တိ ပညာသ ဝဿာနိ ကောသနိကော သမာနောပိ စုတင်္ဂ နိဂူဟမာနော ပရိဘောဂံ ကတွာ မုခံ ဝိက္ခာလေတွာ ပုန စုတင်္ဂ အဓိဋ္ဌာယ ဂတော။

ဟူသောပါဌ်(မ၊ဋ္ဌ၊၂။၄၆)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

စေတိယပဗ္ဗတေ၊ စေတိယတောင်၌။ ဒွေ ဘာတိကတ္ထေရာ၊ ညီနောင်ရဟန်း ၂-ပါးတို့သည်။ ဝသိံသု၊ သီတင်းသုံးနေကြကုန်၏။ တေသု၊ ထိုညီနောင်ရဟန်း ၂-ပါးတို့တွင်။ ကနိဋ္ဌော၊ ညီရဟန်းသည်။ ဥပဋ္ဌာကေန၊ အလုပ်အကျွေး ဒကာသည်။ ပေသိတာ၊ စေအပ်

ကုန်သော။ ဥစ္ဆုခဏ္ဍိကာ၊ ကြံပိုင်းတို့ကို။ ဂဟေတွာ၊ ယူ၍။ ဇေဋ္ဌဿ၊ နောင်တော်ရဟန်း၏။ သန္တိကံ၊ အထံသို့။ အဂမာသိ၊ သွားလေ၏။ "ဘန္တေ၊ နောင်တော်သခင် အရှင်ဘုရား။ ပရိဘောဂံ၊ သုံးဆောင်ခြင်းကို။ ကရောထ၊ ပြုတော်မူကုန်လော့"။ ဣတိ၊ ဤသို့။ အာဟ၊ လျှောက်၏။

ထေရဿ စ၊ နောင်တော်မထေရ်အားလည်း။ ဘတ္တကိစ္စံ၊ ဆွမ်းစားခြင်း ကိစ္စကို။ ကတွာ၊ ပြုပြီး၍။ မုခံ ဝိက္ခာလနကာလော၊ ခံတွင်းဆေးလျှော်သောအခါသည်။ အဟောသိ၊ ဖြစ်၏။ သော၊ ထိုနောင်တော်ရဟန်းသည်။ "အာဝုသော၊ ငါ့ရှင်။ အလံ၊ တန်ပြီ။" ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။ "ဘန္တေ၊ အရှင်ဘုရား။ ကစ္စိ၊ အသို့နည်း။ ဧကာသနိကတ္တာ၊ ဧကာသ-နိက်ဓုတင် ဆောက်တည်သောကြောင့်။ န ပရိဘုဉ္ဇထ၊ သုံးဆောင်တော် မမူသလော။" *(ဧကာသနိကာ၊ ဧကာသနိက်ဆောင်ကုန်သည်။ အတ္ထ၊ ဖြစ်ကုန်သလော။)* ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။ "အာဝုသော၊ ငါ့ရှင်။ ဥစ္ဆုခဏ္ဍိကာ၊ ကြံပိုင်းတို့ကို။ အာဟရ၊ ဆောင်ခဲ့။" ဣတိ၊ ဤသို့။ ဝတွာ၊ ဆို၍။ ပညာသဝဿာနိ၊ အနှစ် ၅၀-တို့ပတ်လုံး။ ဧကာသနိကော၊ ဧကာသနိက်ဓုတင် ဆောက်တည်သည်။ သမာနောပိ၊ ဖြစ်လျက်လည်း။ ဓုတင်္ဂံ၊ ဓုတင်ကို။ နိဂုဟနမာနော၊ လျှို့ဝှက်သည်ဖြစ်၍။ ပရိဘောဂံ၊ သုံးဆောင်ခြင်းကို။ ကတွာ၊ ပြု၍။ မုခံ၊ ခံတွင်းကို။ ဝိက္ခာလေတွာ၊ ဆေးလျှော်၍။ ပုန၊ တဖန်။ ဓုတင်္ဂံ၊ ဓုတင်ကို။ အဓိဋ္ဌာယ၊ ဆောက်တည်၍။ ဂတော၊ ကြွတော်မူလေ၏။

ဤသို့ ကျမ်းဂန်အရာ အဋ္ဌကထာ, ပါဠိလာရှိရကား စေတိယပဗ္ဗတဝတ္ထု သာဓကေကို နေရာကျကျ သန္နိဋ္ဌာန်ချ၍ မှတ်ကြကုန်ရာ၏။ သည်သာ မဟုတ်သေး။ ဝိသုဒ္ဓိမဂ်ဋီကာ, ဂဏ္ဌိတို့မှာလည်း လာသေး၏။

'စက္ခုနာ ဝိသေသန'-မဟုတ်။ 'ဘိယျောသာ ဝိသေသန'-ဟုတ်သည်-ဟု ပြောဆိုကြပြန်သည်ကို မေးလျှောက်သည်မှာ–

အကြင်ပုဒ်သည် ဝိသေသနပုဒ်သို့ ရောက်၍ အကျိုးရှိ၏။ ဝါ၊ ဝိသေသနပုဒ်ကို ရသော် အကျိုးရှိ၏။ ဝိသေသနပုဒ်ကို မရသော် အကျိုးမရှိ။ ထိုပုဒ်သည် ဝိသေသနပုဒ် တစ်ခုကို ငဲ့သော် ဝိသေသနာပေက္ခဒေါသရှိသော ပုဒ်မည်၏။ ထို့ကြောင့် အလင်္ကာကျမ်း၌-

သိယာ ဝိသေသနာပေက္ခံ၊ ယံ တံ ပတွာ ဝိသေသနံ။
သာတ္ထကံ တံ ယထာ တံ သော၊ ဘိယျော ပဿတိ စက္ခုနာ။　။

ဟူသောပါဠိ(၃၇-ဂါထာ)ကို အရှင်သံဃရက္ခိတဆရာ မိန့်မှာတော်မူသတည်း။

ယံ ပဒံ၊ အကြင် ဝိသေသျပုဒ်သည်။ ဝိသေသနံ၊ ဝိသေသနပုဒ်တပါးသို့။ ပတွာ၊ ရောက်၍။ ဝိသေသနံ၊ ဝိသေသနပုဒ် ၁-ခုကို။ ပတွာ၊ ရ၍။ သာတ္ထကံ၊ အကျိုးရှိ၏။ တံ

ပဒံ၊ ထိုပုဒ်သည်။ ဝိသေသနာပေက္ခံ၊ ဝိသေသနာပေက္ခဒေါသရှိသောပုဒ် မည်သည်။ သိယာ၊ ဖြစ်ရာ၏။ တံ၊ ထိုဥဒါဟရဏ်သည်။ ယထာ၊ အဘယ်နည်း။ တံ သော ဘိယျော ပဿတိ စက္ခုနာ၊ တံ သော ဘိယျော ပဿတိ စက္ခုနာ-ဟူသည်တည်း။ သော ပုရိသော၊ ထိုယောက်ျားသည်။ တံ ပုရိသံ၊ ထိုယောက်ျားကို။ ဘိယျော၊ လွန်စွာ။ စက္ခုနာ၊ မျက်စိဖြင့်။ ပဿတိ၊ မြင်၏။

**အဓိပ္ပါယ်ကား**- "မြင်၏"ဟု ဆိုလျှင်ပင် မျက်စိဖြင့် မြင်သည်-ဟု သိရကောင်းပြီဖြစ်လျက် စက္ခုနာ-ဟူသော ဝိသေသျပုဒ်သည် 'ကောဓပဋ္ဌလဘူတေန'-ဟူသော ဝိသေသနပုဒ်တပါးကို ငဲ့သောကြောင့်။ ဝါ၊ 'ကောဓပါဋ္ဌလဘူတေန'-အစရှိသော ဝိသေသနပုဒ်တစ်ခုကို ရမှသာလျှင် စက္ခုနာ-ဟူသော ဝိသေသျပုဒ် ထည့်ရခြင်း အကျိုးရှိသောကြောင့် ဝိသေ-သနာပေက္ခဒေါသ-ရှိသောပုဒ် မည်၏။

ကောဓပါဋ္ဌလဘူတေန၊ ဒေါသအမျက် ချွန်းချွန်းထွက်သောအားဖြင့် ခြင်းခြင်းနီသော။ စက္ခုနာ၊ မျက်စိဖြင့်။ ပဿတိ၊ သိသိသာသာ၊ သေသေချာချာ၊ နေရာကျကျ မြင်ရပေ၏။

ဤသို့ စက္ခုနာ-ဟူသော ဝိသေသျသည် ဝိသေသနပုဒ်တပါးကို ငဲ့၏။ ဝါ၊ ဝိသေ-သနပုဒ် တစ်ခုကို ငဲ့သည်-ဟူလို။ ထို့ကြောင့် အလင်္ကာဋီကာဆရာရှင်လည်း **"ပဿတီတိ ဝုတ္တေ စက္ခုနာတိ လဗ္ဘတေဝ"**ဟူသောပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ပဿတီတိ၊ ပဿတိ-ဟူ၍။ ဝုတ္တေ၊ ဆိုသည်ရှိသော်။ စက္ခုနာတိ၊ စက္ခုနာ-ဟူသော ဝိသေသျကို။ ဝါ၊ မျက်စိဖြင့် မြင်၏-ဟူသော အနက်ကို။ လဗ္ဘတေဝ၊ ရအပ်သည်သာလျှင်တည်း။

သည်သာ မဟုတ်သေး။ အလင်္ကာဒေါသဆရာလည်း ဤဝိသေသနာပေက္ခဒေါသ အရာ၌ **"ကျောင်းခွင်လမ်းပါး၊ ပန်းမာလ်များကို၊ ထွေပြားမျက်စိ၊ မြင်သည်ရှိက၊ မွေးမိပြာဖြု၊ ပါဘိမူကား၊ အတူသွားစဉ်၊ ဆင်နှင့်ယှဉ်၍"**ဟု ကဗျာသာဓကကို ပြပြီးမှ အထွေထွေ အပြားပြား ပန်းမာလ်များကို မြင်သည်ရှိသော်-ဟု ဆိုလျှင်ပင် မျက်စိဖြင့် မြင်ခြင်းကိုစွပြီးကောင်းလျက်ကို မျက်စိဖြင့် မြင်သည်-ဟူ၍ မျက်စိထည့်၍ ဆိုချေသည်။ မျက်စိ-ဟု ဖော်ထုတ်၍ ဆိုလိုသော် မျက်စိ၏ထူးကြောင်း ညှိုးငယ်ရွှမ်းစက်သော မျက်စိဖြင့် မြင်သည် ဟူ၍ ဆိုရမည်ကို မျက်စိ၏ထူးကြောင်းကို မဆိုသောကြောင့် 'ဘိယျော ပဿတိ စက္ခုနာ'-ဟူသော ပြယုဂ်နှင့်အညီ ညှိုးငယ်ခြင်းကို ငဲ့သော ဝိသေသနာပေက္ခဒေါသ ရောက်၏-ဟု ဝိသေသနာပေက္ခဒေါသ၏ အဓိပ္ပါယတ္ထကို ပြတော်မူခဲ့သည်။

ထို့ကြောင့် စက္ခုနာကိုသာ ဝိသေသနာပေက္ခဒေါသ-ဟု ယူရာ၏။ ဘိယျော-ကို ဝိသေသနာပေက္ခ-ဟု မယူရာ။ ဝိသေသနာပေက္ခ-ဟု ဆိုကတည်းကပင် ဝိသေသျကို ဆိုသည်-ဟု မှတ်ရာ၏။ ဝိသေသျမှာသာ ဝိသေသန လိုသည်။ ဝိသေသနမှာ ဝိသေသျ မလို။ ဘိယျော-သာ ဝိသေသနာပေက္ခဒေါသရောက်သည်-ဟု ဆိုသူမှာ လျောက်လျက်စွာ မူ "ကိရိယာဝိသေသနံ နေတိ"ဟူသော ကဗျာစကားများကို ထောက်၍ ဘိယျော-သာ ဝိသေသနာပေက္ခဒေါသ-ဟု ဆိုရန်ရှိ၏။

တနည်း ထိုစကားကို ပြောသသူကပင် အထင်အမှတ်မှား၍ စက္ခုနာကို ဝိသေသန ဖြစ်သည်-ဟု ပြောရာ စက္ခုနာ ဝိသေသန မဟုတ်၊ ဘိယျော-သာ ဝိသေသန ဖြစ်သည်-ဟု ဆိုဘိသည်- ယူရန်လည်း ရှိ၏။ ယင်းသို့မဟုတ်၊ ဘိယျော-သာ ဝိသေသနာပေက္ခဒေါသ ဖြစ်သည်-ဟု ဆိုသည် မှန်ခဲ့မူကား မှားလေစွ။ ဝိသေသနာပေက္ခဒေါသကို နေရာကျ မသိ,မရိပ်မိ၍သာ ဆိုမိဆိုရာ ဆိုရှာပလေသည် မှတ်ရမည်။

အထက် စေတိယပဗ္ဗတဝတ္ထုသာဓကနှင့်တကွ ဝိသေသနာပေက္ခဒေါသကို နေရာကျစကားကို မှားသည်-ဟု ဆိုသည် မှန်ခဲ့အံ့။ ဤကဲ့သို့ ဂန္ထန္တရ ဗဟုဿုတ ပုဂ္ဂိုလ်မွန်တို့က ထုတ်ဖော်ဟောပြ၍ 'တသက်လျာမျှ ဘဝတွင် မကြားမသိရဘူးသေးသောအရာကို ငါတို့ ကြားရသိရပေသည်'ဟု ကြည်ကြည်သာသာ သဒ္ဓါရွှင်လန်း ဝမ်းမြောက်ဝမ်းသာ ရှိရပါမည် ကိုပင် မရှိပါဘဲလျက် အမျက်ထွက်၍ ရှေးအထက်ကပင် ပရိယတ္တိဓမ္မ ကိတ္တိသဒ္ဒကို ကြားရ ၍ 'သည်းမခံနိုင်၊ အချက်ရမှ ကိုင်ရမည်'ဟု ကြံစည်အောက်မေ့လျက် အကွက်က မပေါ် လာ။ 'သည်တခါမှ ငါချက်ကောင်းရ အခွင့်တော်လှပြီ'-ဟု အားရဝမ်းသာ ဆိုရှာကြသည်မှာ ရှေးရှေးသော သံသရာဘဝက အားကြီးစွာပြုခဲ့ကြသော အကုသိုလ်ဓမ္မသည် နှိပ်စက်လှ သောကြောင့်လည်းကောင်း စာပေသိမြင် အရှင်မြတ်ထံမှ နည်းကောင်းဥပဒေသကို လှလှ ပပ မရဖူးသောကြောင့်လည်းကောင်း သူတပါးတို့ ကျေးဇူးဂုဏ်ကို ချေဖျက်တတ်သော မက္ခီ, ပဠာသီ တရားတို့သည် အားကြီးစွာ နှိပ်စက်သောကြောင့်လည်းကောင်း ရှက်ကြောက် မရှိ၊ ဆိုမိဆိုရာ ဆိုရှာပလေသည်။ ထိုသို့ ဆိုသည်ကိုလည်း 'အဘယ့်ကြောင့် ဆိုသနည်း'ဟု တဖန် အတုံ့ပြန်လျက် အမျက်မထွက်ရာ။ 'ငါတို့သန္တာန်မှာ ဤကဲ့သို့ ယုတ်မာသော အကုသိုလ်တရားသည် မဖြစ်ပွါးပါစေလင့်' ဟူ၍သာ အသင့် နှလုံးသွင်းခြင်းကို ဖြစ်ကြစေ ရာသည်။

သရေခေတ္တရာမြို့၊ ရှင်စန္ဒိမာ, ရှင်ကိတ္တိမာ။ ကေတုမတီမြို့၊ ရှင်အာဒိစ္စ, ရှင်နရိန္ဒ စသော ဓမ္မန္တေဝါသိက သိဿအပေါင်းတို့က "စေတိယပဗ္ဗတ ဒွေဘာတိကထေရဝတ္ထု စကားရပ်သည် ပိဋကတ်တော်တွင် လာ, မလာ။ ဝိသေသနာပေက္ခဒေါသမှာလည်း စက္ခုနာ

ပင် ဝိသေသနာပေက္ခဒေါသဖြစ်မည်။ ဘိယျောပင် ဝိသေသနာပေက္ခဒေါသ ဖြစ်မည်ကို အသေအချာ နေရာကျကျ သန္နိဋ္ဌာန်ချ၍ သိမှတ်ကြပါရအောင် အမိန့်ရှိတော်မူပါမည့် အကြောင်းနှင့် ထပ်မံလျှောက်ထားပြန်သောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ညွှန်ပြထုတ်ဆောင်၍ ၁၂၄၁-ခု၊ တပို့တွဲလပြည့်ကျော်၊ ၃-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိမ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## ဒါယကာမောင်တေ-က သတိရှိသော ပုဂ္ဂိုလ် ၃-ဦးတို့အကြောင်းကို သိလိုကြောင်းနှင့် လျှောက်ထားချက်

[၁၀၆] "ဘုရားတပည့်တော် သူရဲဈေးနေ ဒကာငတေ သုံးထွေသောဒွါရဖြင့် တုပ်ကွရိုကျိုး၊ ရှိခိုးနားတော်လျှောက်ပါသည် ဆရာတော်ဘုရား။

ဥပဋ္ဌိတဖြစ်၍ ထင်သော သတိရှိသော ပုဂ္ဂိုလ်သခင် အရှင်ဘုရား ၃-ပါးတို့ကို ကျမ်းဂန်ပါဠိ လာရှိသည့်အတိုင်း အသေအချာ သိမှတ်ပါရအောင် ကယ်မသနားတော်မူပါမည့်အကြောင်းကို ခြေတော်ဦးခိုက် ရှိခိုးနားတော်လျှောက်ပါသည် ဆရာတော်ဘုရား။"

၎င်းဒါယကာ မောင်တေ လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ-

ဥပဋ္ဌိတသတိနှင့် ပြည့်စုံသော ပုဂ္ဂိုလ် ၃-ယောက်တို့၏ အကြောင်းကို မေးလျှောက်သည်မှာ-

မဟာဂုတ္တိမွယအဘယထေရ်သည် ဖွား၍ ၅-ရက်မြောက်သော မင်္ဂလာနေ့၌ ပါယာသဘတ် သုံးဆောင်ကြသောသူတို့ကို မြင်၍ ဟုန်းဟုန်း-ဟူသော အသံကို ပြုလိုက်၏။ ထိုကာလမှ စ၍ အလုံးစုံသောအမှုကိုပင် မချွတ်မယွင်း အောက်မေ့နိုင်၏။

ဒီဃဘာဏကအဘယထေရ်သည် ဖွား၍ ၉-ရက်မြောက်သောနေ့၌ မိခင် နမ်းရှုပ် လေလျှင် ဆံထုံးမှ တစ်ပြည်မျှလောက်သော ပန်းကုံးသည် လျှောကျ၍ အလွန်ကျင်နာခြင်း ဖြစ်၏။ ထိုကာလမှ စ၍ အလုံးစုံသောအမှုကိုပင် မချွတ်မယွင်း အောက်မေ့နိုင်၏။

တိပိဋကစူဠာဘယထေရ်သည် အနုရာဓပြည်၌ ၃-ခုသော တံခါးပေါက်တို့ကို ပိတ်၍ တစ်ခုသော တံခါးပေါက်ဖြင့် ထွက်သောသူတို့ကို 'သင်ကား အသူနည်း။ သင်ကား အသူနည်း'-စသည်ဖြင့် တစ်ကြိမ်စီ မေးပြီးလျှင် ညချမ်းသို့ ရောက်သောအခါ ဝင်လာသော သူတို့၏ အမည်ကို ထပ်၍ မမေးဘဲ အကုန်အစင် သိနိုင်၏။ ထို့ကြောင့် သုမင်္ဂလဝိလာသိနီ အမည်ရှိသော သုတ်မဟာဝါ၊ မဟာပရိနိဗ္ဗာနသုတ်အဋ္ဌကထာ၌–

ဥပဋ္ဌိတဿတီတိ နာမ စိရကတာဒီနံ သရိတာ အနုဿရိတာ မဟာဂတိမ္ဗယ အဘယတ္ထေရ ဒီဃဘာဏကအဘယတ္ထေရ တိပိဋကစူဠာဘယတ္ထေရာ ဝိယ။

မဟာဂတိမ္ဗယအဘယတ္ထေရော ကိရ ဇာတပဥ္စမေ ဒိဝသေ မင်္ဂလပါယာသေ တုဏ္ဍံ ပသာရေန္တဲ့ ဝါယသံ ဒိသွာ ဟုံဟုန္တိ သဒ္ဒ'မကာသိ။ အထ သော ထေရ-ကာလေ "ကဒါ ပဋ္ဌာယ ဘန္တေ သရထာ"တိ ဘိက္ခူဟိ ပုဋ္ဌော "ဇာတပဥ္စမဒိဝသေ ကတသဒ္ဒတော ပဋ္ဌာယ အာဝုသော"တိ အာဟ။

ဒီဃဘာဏကအဘယတ္ထေရဿ ဇာတနဝမဒိဝသေ မာတာ စုမ္ဗိဿာမီတိ ဩနတာ တဿာ မောဠိ မုစ္စိတ္ထ။ တတော ကုသုမတ္တာနိ သုမနပုပ္ဖါနိ ဒါရကဿ ဥရေ ပတိတွာ ဒုက္ခံ ဇနယိံသု။ သော ထေရကာလေ "ကဒါ ပဋ္ဌာယ ဘန္တေ သရထာ"တိ။ ပုဋ္ဌော "ဇာတနဝမဒိဝသတော ပဋ္ဌာယာ"တိ အာဟ။

တိပိဋကစူဠာဘယတ္ထေရော "အနုရာဓပုရေ တီဏိ ဒွါရာနိ ပိဒဟာပေတွာ မနုဿာနံ ဧကေန ဒွါရေန နိက္ခမနံ ကာရေတွာ 'တွံ ကိန္နာမော, တွံ ကိန္နာမော'တိ ပုစ္ဆိတွာ သာယံ ပုန အပုစ္ဆိတွာဝ တေသံ နာမာနိ သမ္ပဋိစ္ဆာပေတုံ သက္ကာ အာဝုသော"တိ အာဟ။

ဟူသောပါဠိ(ဒီ၊ဋ္ဌ၊၂။၁၂၀)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဥပဋ္ဌိတဿတီတိ နာမ၊ ထင်သော သတိမည်သည်ကား။ မဟာဂတိမ္ဗယအဘယ-ထေရ ဒီဃဘာဏကအဘယထေရ တိပိဋကစူဠာဃဘထေရာ ဝိယ၊ မဟာဂတိမ္ဗယအဘယ ထေရ်၊ ဒီဃဘာဏကအဘယထေရ်၊ တိပိဋကစူဠာဘယထေရ်တို့ကဲ့သို့။ စိရကတာဒီနံ၊ ရှည်မြင့်စွာသောကာလ၌ ပြုအပ်သောအမှု-စသည်တို့ကို။ အနုဿရိတာကာရော၊ အောက်မေ့ နိုင်သော အခြင်းအရာတည်း။

မဟာဂတိမ္ဗယအဘယထေရော၊ မဟာဂတိမ္ဗယအဘယထေရ်လည်း။ ဇာတပဥ္စမေ ဒိဝသေ၊ ဖွား၍ ၅-ရက်မြောက်သောနေ့၌။ မင်္ဂလပါယာသေ၊ မင်္ဂလာရှိသော ပါယာသဘတ်

၌။ ဝါ၊ မင်္ဂလာရှိသော နွားနို့ခွက်၌။ တုဏ္ဍံ၊ နှုတ်သီးကို။ ပသာရေန္တံ၊ ထားသော။ ဝါယသံ၊ ကျီးကို။ ဒိသွာ၊ မြင်၍။ ဟံဟန္တိ သဒ္ဒံ၊ ဟုန်းဟုန်း-ဟူသော အသံကို။ အကာသိ ကိရ၊ ပြုသတဲ့။ အထ ပစ္ဆာ၊ ထို့နောက်မှ။ ထေရကာလေ၊ မထေရ်ဖြစ်သောအခါ၌။ "ကတရာ၊ အဘယ်ကာလမှ။ ပဋ္ဌာယ၊ စ၍။ သရထ၊ အောက်မေ့တော်မူနိုင်သနည်း"။ ဣတိ၊ ဤသို့။ ဘိက္ခူဟိ၊ တို့သည်။ ပုစ္ဆိတော၊ မေးအပ်သည်ရှိသော်။ "အာဝုသော၊ ငါ့ရှင်တို့။ ဇာတပဉ္စမ ဒိဝသေ၊ ဖွား၍ ၅-ရက်မြောက်သော နေ့၌။ ကတသဒ္ဒတော၊ ပြုသောအသံမှ။ ပဋ္ဌာယ၊ စ၍။ သရာမိ၊ အောက်မေ့နိုင်၏"။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။

ဒီဃဘာဏကထေရ်၊ ဒီဃဘာဏကထေရ်ကို။ ဇာတနဝမေ ဒိဝသေ၊ ဖွား၍ ၉-ရက်မြောက်သောနေ့၌။ မာတာ၊ အမိသည်။ စုမ္ဗိသာမိ၊ နမ်းအံ့။ ဣတိ၊ ဤသို့။ ဩနတာ၊ ညွတ်သော။ တဿာ၊ ထိုအမိ၏။ မောဠိ၊ ဥဿျှောင်ဆံထုံးသည်။ မုစ္စိတွာ၊ ဖြည်ခဲ့ကုန်၏။ တတော၊ ထိုဥဿျှောင်ဆံထုံးမှ။ တုမ္ဗမတ္တာနိ၊ ၁-ပြည်မျှ ပမာဏရှိကုန်သော။ သုမနပုပ္ဖါနိ၊ မုလေးပန်းတို့သည်။ ဒါရကဿ၊ သူငယ်၏။ ဥရေ၊ ရင်၌။ ပတိတွာ၊ ကျ၍။ ဒုက္ခံ၊ ဆင်းရဲခြင်းကို။ ဇနယိံသု၊ ဖြစ်စေကုန်၏။ သော၊ ထိုဒီဃဘာဏကထေရ်သည်။ ထေရကာလေ၊ မထေရ်ဖြစ်သောအခါ၌။ "ဘန္တေ၊ အရှင်ဘုရား။ ကတရာ၊ အဘယ်အခါမှ။ ပဋ္ဌာယ၊ စ၍။ သရထ၊ အောက်မေ့တော်မူနိုင်သနည်း"။ ဣတိ၊ ဤသို့။ ပုစ္ဆိတော၊ မေးအပ်သည်ရှိသော်။ "အာဝုသော၊ ငါ့ရှင်တို့။ ဇာတနဝမဒိဝသတော၊ ဖွား၍ ၉-ရက်မြောက်သောနေ့မှ။ ပဋ္ဌာယ၊ စ၍။ သရာမိ၊ အောက်မေ့နိုင်၏"။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။

တိပိဋကစူဠာဘယထေရော၊ တိပိဋကစူဠာဘယထေရ်သည်။ "အာဝုသော၊ ငါ့ရှင်တို့။ အနုရာဓပုရေ၊ အနုရာဓပြည်၌။ တီဏိ ဒွါရာနိ၊ ၃-ခုသော တံခါးတို့ကို။ ပိဒဟာပေတွာ၊ ပိတ်စေ၍။ မနုဿာနံ၊ လူတို့ကို။ ဧကဒွါရေနေဝ၊ ၁-ပေါက်သော တံခါးဖြင့်သာလျှင်။ နိက္ခမနံ၊ ထွက်သည်ကို။ ကာရေတွာ၊ ပြုစေ၍။ တွံ၊ သင်သည်။ ကိံ နာမော၊ အဘယ်အမည်ရှိသနည်း။ ဣတိ၊ ဤသို့။ ပုစ္ဆိတွာ၊ မေး၍။ သာယံ၊ ညချမ်းအခါ၌။ ပုန၊ တဖန်။ အပုစ္ဆိတွာဝ၊ မမေးမူ၍သာလျှင်။ တေသံ၊ ထိုလူအပေါင်းတို့၏။ နာမာနိ၊ အမည်တို့ကို။ ပဋိစ္စာပေတုံ၊ ဆုံးဖြတ်ခြင်းငှာ။ သက္ကာ၊ စွမ်းနိုင်၏"။ ဣတိ၊ ဤသို့။ အာဟ၊ ဆို၏။

ဂုင်းစကားရပ်ကို အကျယ်သိလိုလျှင် သုမင်္ဂလဝိလာသိနီ အမည်ရှိသော သုတ်-မဟာဝါ၊ မဟာပရိနိဗ္ဗာနသုတ် အဋ္ဌကထာမှာ ကြည့်လေ။

သူရဲဈေးနေ ဒကာမောင်တေက ဥပဋ္ဌိတဖြစ်၍ ထင်သောသတိရှိသော ပုဂ္ဂိုလ်သခင် အရှင်ဘုရား ၃-ပါးတို့ကို ကျမ်းဂန်ပါဠိ လာရှိသည်အတိုင်း အသေအချာ သိမှတ်ပါရအောင် ကယ်မသနားတော်မူပါမည့်အကြောင်းနှင့် လျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာ

နယကို ညွန်ပြထုတ်ဆောင်၍ ၁၂၄၀-ပြည့်၊ တော်သလင်းလပြည့်ကျော်၊ ၅-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိမ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## ရတနာသိမ်မြို့၊ ဆပ်ပန်းကုံးရွာ၊ ရှင်သုန္ဒနိယ-က သိကြားနတ်မင်း၏ အကြောင်းနှင့် စပ်လျဉ်းလျှောက်ထားချက်

[၁၀၇] "ဘုရားတပည့်တော် ရတနာသိမ်မြို့စီရင်စု၊ ဆပ်ပန်းကုံးရွာ၊ ရှင်သုန္ဒနိယ ရှိခိုးနားတော်လျှောက်ပါသည် ဆရာတော်ဘုရား။

အချို့သောသူတို့က စာတုမဟာရာဇ်, တာဝတိံသာ၊ ၂-ဘုံကိုသာ သိကြားအစိုးရသည်-ဟု ပြောဆိုကြပါသည်။ အချို့သောသူတို့ကလည်း ယာမာ-စသောအထက် ၄-ဘုံကို သိကြား အစိုးမရ-ဟူ၍ ပြောဆိုကြပါသည်။ ထိုစကားကို ကွဲကွဲပြားပြား သိမှတ်ပါရအောင် ရှိခိုးနားတော်လျှောက်ပါသည် ဆရာတော်ဘုရား။"

ဂိုဏ်းရဟန်းတော် ရှင်သုန္ဒနိယ လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ–

**သိကြား၏အကြောင်းကို မေးလျှောက်သည်မှာ–**

လျှောက်စာတွင် အချို့သောသူတို့က စာတုမဟာရာဇ်, တာဝတိံသာ ၂-ဘုံကိုသာ သိကြားအစိုးရသည်-ဟု ပြောဆိုပါသည်။ အချို့သောသူတို့ကလည်း ယာမာ-စသော အထက် ၄-ဘုံကို သိကြားအစိုးမရ-ဟူ၍ ပြောဆိုကြပါသည-ဟု လျှောက်စာပါသည်။ ထိုစကား ၂-ရပ်သည် ၁-ခွန်းတည်းသာ ဖြစ်သည်။ မင်္ဂလာတရားကို ဟောတော်မမူမီ ၁၂-နှစ်ကပင် ကျော်စော၍ "အဘယ်မည်သည် မင်္ဂလာမည်သနည်း"ဟု စကြဝဠာတစ်သောင်းအတွင်းရှိသော နတ်ဗြဟ္မာတို့ မင်္ဂလာတရားကို ကြံကြကြောင်းကို ပရမတ္ထဇောတိကာမည်သော ခုဒ္ဒကပါဌ၊ မင်္ဂလသုတ်အဋ္ဌကထာ, သုတ္တနိပါတ်၊ မင်္ဂလသုတ်အဋ္ဌကထာတို့၌–

ဓဝ ယာဝ ဒသသဟဿစက္ကဝါဠေသု သဗ္ဗတ္ထ မင်္ဂလစိန္တာ ဥဒပါဒိ။

ဟူ၍လာသည်။ (ခုဒ္ဒက၊ဋ္ဌ၊၁၀၁)

ဧဝံ ဣမိနာ ဝုတ္တနယေန၊ ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ ယာဝ၊ အကြင်မျှ လောက်။ ဒသသဟဿ စက္ကဝါဠေသု၊ တစ်သောင်းသော စကြဝဠာတို့၌။ မင်္ဂလစိန္တာ၊ မင်္ဂလာကို ကြံခြင်းသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

၁၂-နှစ်တိုင် ရောက်သောအခါ ငါတို့ စကြဝဠာအတွင်း တာဝတိံသာနတ်တို့ စုဝေးကြ၍ အိမ်ရှင်သည် အိမ်တွင်းရှိ လူတို့ကို အစိုးရသကဲ့သို့၊ ရွာရှင်, မြို့ရှင်တို့သည် ရွာတွင်း, မြို့တွင်းရှိ လူတို့ကို အစိုးရသကဲ့သို့ ထို့အတူ သိကြားမင်းသည် စာတုမဟာရာဇ်, တာဝတိံသာနတ် ၂-ထပ်သော နတ်ပြည်တို့၏ အရှင်ဖြစ်ပေသည်။ ထို့ကြောင့် "သိကြားမင်း ကို ငါတို့ မေးကြစို့"ဟု နတ်တို့ ကြံကြကြောင်းကို ၎င်းအဋ္ဌကထာ(ခုဒ္ဒက၊ဌ။၁၀၂)တို့၌-

**ဧဝမေဝ အယံ သက္ကော ဒေဝါနမိန္ဒော အမှာကံ အဂ္ဂေါ စ သေဋ္ဌော စ ယဒိဒံ ပုညေန တေဇေန ဣဿရိယေန ပညာယ ဒွိန္နံ ဒေဝလောကာနံ အဓိပတိ။ ယံ နူန မယံ သက္ကံ ဒေဝါန'မိန္ဒံ ဧတမတ္ထံ ပုစ္ဆေယျာမ။**

ဟူ၍ လာသည်။

ဧဝမေဝ၊ ဤအတူသာလျှင်။ အယံ သက္ကော၊ ဤသိကြားမင်းသည်။ ဒေဝါနမိန္ဒော၊ နတ်တို့ကို အစိုးရ၏။ တနည်း- ဒေဝါနမိန္ဒော၊ နတ်တို့ကို အစိုးရသော။ အယံ သက္ကော၊ ဤသိကြားသည်။ အမှာကံ၊ ငါတို့ထက်။ အဂ္ဂေါ စ၊ မြတ်လည်း မြတ်၏။ သေဋ္ဌော စ၊ ထူး လည်း ထူး၏။ ယဒိဒံ ယေန ပုညေန၊ အကြင်ဘုန်းဖြင့်လည်းကောင်း။ ယဒိဒံ ယေန တေဇေန၊ အကြင်တန်ခိုးဖြင့်လည်းကောင်း။ ယဒိဒံ ယေန ဣဿရိယေန၊ အကြင်အစိုးရ ခြင်းဖြင့်လည်းကောင်း။ ယဒိဒံ ယာယ ပညာယ၊ အကြင်ပညာဖြင့်လည်းကောင်း။ ဒွိန္နံ ဒေဝလောကာနံ၊ ၂-ထပ်သော နတ်ပြည်တို့၏။ အဓိပတိ၊ အရှင်ဖြစ်တော်မူပေ၏။ ယံ နူန ယဒိ ပန၊ အကယ် မလွဲသဖြင့်။ မယံ၊ ငါတို့သည်။ သက္ကံ ဒေဝါန'မိန္ဒံ၊ တာဝတိံသာ နတ်ရွာသနင်း သိကြားမင်းကို။ ဧတမတ္ထံ၊ ဤအကြောင်းကို။ ပုစ္ဆေယျာမ၊ မေးကြစို့။

ဤသို့ အဋ္ဌကထာတို့၌ "ဒွိန္နံ ဒေဝလောကာနံ အဓိပတိ"ဟု လာသောကြောင့် စာတုမဟာရာဇ်, တာဝတိံသာနတ် ၂-ထပ်သော နတ်ပြည်ကိုသာ သိကြား အစိုးရကြောင်းကို ကောင်းကောင်း သန္နိဋ္ဌာန်ချ၍ မှတ်ရာ၏။ ထိုစကားကို အကျယ်သိလိုလျှင် ပရမတ္ထ- ဇောတိကာမည်သော ခုဒ္ဒကပါဠအဋ္ဌကထာ၊ သုတ္တနိပါတ်အဋ္ဌကထာတို့မှာ ကြည့်လေ။

ရတနာသိခ်မြို့ စီရင်စု၊ ဆပ်ပန်းကုံးရွာ၊ ရှင်သုန္ဒနိယက 'သိကြားသည် စာတု- မဟာရာဇ်, တာဝတိံသာ နတ်ပြည်ကိုသာ အစိုးရသည်ဖြစ်မည်၊ အထက် ယာမာ-စသော နတ်ပြည်ကိုလည်း အစိုးရသ ည်ဖြစ်မည်ကို အသေအချာ နေရာကျကျ သိမှတ်လိုပါသည်'-

ဟု လျှောက်ထားသောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ညွှန်ပြထုတ်ဆောင်၍ ၁၂၄၀-ပြည့်၊ တော်သလင်းလပြည့်ကျော်၊ ၅-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာ-သိမ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## မန္တလေးမြို့၊ နန်းမြို့တော်မြောက်နေ ပလိုင်းလက်စွဲတော် တစ်စုတို့က ကံ,လုံ့လ ၂-ရပ်နှင့် စပ်လျဉ်း လျှောက်ထားချက်

[၁၀၈] "ဘုရားတပည့်တော် ပလိုင်းလက်စွဲတော်တစ်စုတို့ ရှိခိုးနားတော်လျှောက်ပါသည် ဆရာတော်ဘုရား။

အချို့သောသူတို့က ယခုလောကတွင် စည်းစိမ်ချမ်းသာကို ရှာဖွေတောင့်တ၍ ရကြ, ရှိကြ, ပြည့်စုံကြသော သူတို့သည် ကအကျိုးသာ ဖြစ်သည်၊ လုံ့လအကျိုး မဟုတ်-ပြောဆိုကြပါသည်။ အချို့သောသူတို့ကလည်း ကံ, လုံ့လ ၂-ပါးအကျိုးပင် ဖြစ်သည်-ဟု ပြောဆိုကြပါသည်။

သို့ ဝါဒအသီးသီး နည်းအထွေထွေ ဆိုကြလေသဖြင့် နေရာကျကျ မသိနိုင်ကြရှိသည်ဖြစ်ပါ၍ နေရာကျကျ သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့် အကြောင်းကို ရှိခိုးနားတော်လျှောက်ပါသည် ဆရာတော်ဘုရား။"

၎င်းလက်စွဲတော်တို့ လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ−

[၁၀၈] စီးပွါးချမ်းသာကို ရှာဖွေတောင့်တ၍ ရကြ, ရှိကြ, ပြည့်စုံကြသောသူတို့မှာ ကံ-အကျိုးသာ ဖြစ်မည်၊ ကံ, လုံ့လ ၂-ပါး အကျိုးပင် ဖြစ်မည်ကို မေးလျှောက်သည်မှာ ပုဂ္ဂိုလ် ၄-ယောက် ရှိသည်။ ၄-ယောက်ဟူသော်ကား−

- လုံ့လအကျိုးဖြင့်သာ အသက်မွေးသော ပုဂ္ဂိုလ်လည်း ၁-ယောက်,
- ကံအကျိုးဖြင့်သာ အသက်မွေးသော ပုဂ္ဂိုလ်လည်း ၁-ယောက်,
- ကံ, လုံ့လ ၂-ပါးဖြင့်သာ အသက်မွေးသော ပုဂ္ဂိုလ်လည်း ၁-ယောက်,
- ကံ, လုံ့လ ၂-ပါးကင်း၍ အသက်မွေးသော ပုဂ္ဂိုလ်လည်း ၁-ယောက်,

ဤသို့ ၄-ယောက်ဖြစ်၏။ ထို့ကြောင့် မြတ်စွာဘုရားသည် အင်္ဂုတ္တရ၊ စတုက္ကနိပါတ်၊ တတိယပဏ္ဏာသက၊ ၄-ခုမြောက်သော ပုဂ္ဂလဝဂ်အစု၊ ၄-ခုမြောက်သော ဖလူပဇီဝီ *(ဥဋ္ဌာနဖလ)* သုတ်၌-

စတ္တာရောမေ ဘိက္ခဝေ ပုဂ္ဂလာ သန္တော သံဝိဇ္ဇမာနာ လောကသ္မိံ၊ ကတမေ စတ္တာရော? ဥဋ္ဌာနဖလူပဇီဝီ န ကမ္မဖလူပဇီဝီ၊ ကမ္မဖလူပဇီဝီ န ဥဋ္ဌာနဖလူပဇီဝီ။ ဥဋ္ဌာနဖလူပဇီဝီ စေဝ ကမ္မဖလူပဇီဝီ စ။ နေဝ ဥဋ္ဌာနဖလူပဇီဝီ န ကမ္မဖလူပဇီဝီ စ။ ဣမေ ခေါ ဘိက္ခဝေ စတ္တာရော ပုဂ္ဂလာ သန္တော သံဝိဇ္ဇမာနာ လောကသ္မိံ။

ဟူ၍ ဟောတော်မူသည်။ (အံ၊၁။၄၅)

ဘိက္ခဝေ၊ ရဟန်းတို့။ လောကသ္မိံ၊ လောက၌။ စတ္တာရော၊ ၄-ပါးကုန်သော။ ပုဂ္ဂလာ၊ ပုဂ္ဂိုလ်တို့သည်။ သန္တော သံဝိဇ္ဇမာနာ၊ ထင်ရှားရှိကုန်၏။ စတ္တာရော၊ ပုဂ္ဂိုလ် ၄-ယောက်တို့ဟူသည်။ ကတမေ၊ အဘယ်သည်တို့နည်းဟူမူကား? [၁]ဥဋ္ဌာနဖလူပဇီဝီ န ကမ္မဖလူပဇီဝီ၊ လုံ့လဖြင့်သာ အသက်မွေးသည်ဖြစ်၍ ကံဖြင့် အသက်မမွေးသော ပုဂ္ဂိုလ်လည်းကောင်း။ [၂]ကမ္မဖလူပဇီဝီ န ဥဋ္ဌာနဖလူပဇီဝီ၊ ကံဖြင့်သာ အသက်မွေးသည်ဖြစ်၍ လုံ့လဖြင့် အသက်မမွေးသော ပုဂ္ဂိုလ်လည်းကောင်း။ [၃]ဥဋ္ဌာနဖလူပဇီဝီ စေဝ ကမ္မဖလူပဇီဝီ စ၊ ကံ, လုံ့လ ၂-ပါးတို့ဖြင့် အသက်မွေးသောပုဂ္ဂိုလ်လည်းကောင်း။ [၄]နေဝ ဥဋ္ဌာနဖလူပဇီဝီ န ကမ္မဖလူပဇီဝီ စ၊ ကံ, လုံ့လ ၂-ပါးကင်း၍ အသက်မွေးသော ပုဂ္ဂိုလ်လည်းကောင်း*(တည်း)*။ ဘိက္ခဝေ၊ ရဟန်းတို့။ လောကသ္မိံ၊ လောက၌။ စတ္တာရော၊ ၄-ယောက်ကုန်သော။ ဣမေ ပုဂ္ဂလာ၊ ဤပုဂ္ဂိုလ်တို့သည်။ သန္တော သံဝိဇ္ဇမာနာ၊ ထင်ရှားရှိကုန်၏။

ထို ၄-ယောက်ကုန်သော ပုဂ္ဂိုလ်တို့တွင် အကြင်ပုဂ္ဂိုလ်သည် ထကြွလုံ့လ ဝီရိယပြုမှသာလျှင် တစ်စုံတစ်ခုသော ဝတ္ထုကို ရ၍ နေ့အဖို့ လွန်စေသဖြင့် အသက်မွေးရ၏။ ကံ၏အကျိုးဖြင့် တစ်စုံတစ်ခုကိုမျှ မရ။ ထိုပုဂ္ဂိုလ်သည် လုံ့လဖြင့်သာ အသက်မွေးရသည်ဖြစ်၍ ကံဖြင့် အသက်မမွေးသော ပုဂ္ဂိုလ် မည်၏။ ထို့ကြောင့် မနောရထပူရဏီမည်သော အင်္ဂုတ္တရ၊ စတုက္က၊ တတိယပဏ္ဏာသက၊ ၄-ခုမြောက်သော ပုဂ္ဂလဝဂ်အစု၊ ၄-ခုမြောက်သော ဖလူပဇီဝီသုတ်အဋ္ဌကထာ(အံ၊ဋ္ဌ၊၂။၃၃၇)၌-

ဥဋ္ဌာနဝီရိယေနေဝ ဒိဝသံ ဝီတိနာမေတွာ တဿ နိဿန္ဒဖလမတ္တံ ကိဉ္စိဒေဝ လဘိတွာ ဇီဝိကံ ကပ္ပေတိ၊ တံ ပန ဥဋ္ဌာနံ အာဂမ္မ န ကိဉ္စိ ပုညဖလံ ပဋိလဘတိ၊ အယံ ဥဋ္ဌာနဖလူပဇီဝီ န ကမ္မဖလူပဇီဝီ နာမ။

ဟူသောပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဥဋ္ဌာနဝီရိယေန၊ ထကြွလုံ့လ ဝီရိယပြုသဖြင့်။ ဒိဝသံ၊ နေ့ကို။ ဝီတိနာမေတွာ၊ ကုန်စေ၍။ တဿ၊ ထိုလုံ့လ၏။ နိဿန္ဒဖလမတ္တေန၊ အကျိုးအာနိသင်မျှဖြင့်။ ကိဋ္ဌိဒေဝ၊ တစ်စုံတစ်ခုမျှကို။ လဘိတွာ၊ ရ၍။ ဇီဝိကံ၊ အသက်ကို။ ကပ္ပေတိ၊ မွေးရ၏။ တံ ပန၊ ထိုပုဂ္ဂိုလ်သည်ကား။ ဥဋ္ဌာနံ၊ ထကြွလုံ့လ ဝီရိယကို။ အာဂမ္မ၊ စွဲ၍။ ကိဉ္စိ၊ တစ်စုံတစ်ခုကိုမျှ။ လဘတိ၊ ရ၏။ ပုညဖလံ၊ ကုသိုလ်ကံအကျိုးကို။ ကိဉ္စိ၊ တစ်စုံတစ်ခုမျှကို။ န ပဋိလဘတိ၊ မရ။ အယံ၊ ဤပုဂ္ဂိုလ်သည်။ ဥဋ္ဌာနဖလူပဇီဝီ နာမ၊ ဥဋ္ဌာနဖလူပဇီဝီပုဂ္ဂိုလ် မည်၏။ ဝါ၊ လုံ့လဖြင့်သာ အသက်မွေးရသောပုဂ္ဂိုလ် မည်၏။

**လောကတိဿ**အမည်ရှိသော ပုဂ္ဂိုလ်သည် ကောသလတိုင်းအတွင်း အိမ်ခြေ ၁,၀၀၀-ရှိသော တံငါသည်တို့ရွာတွင် ပဋိသန္ဓေယူသည့်နေ့မှစ၍ အကျိုးမဲ့ ပျက်စီးခြင်းသို့ ရောက်ကြလေလျှင် ၅၀၀-မှ ၂၅၀-စသည်ဖြင့် အစုစု ခွဲကြ၍ လောကတိဿ၏ မိဘတို့ မပါသောအစုမှာ ချမ်းသာသုခရှိကြ၍ လောကတိဿ၏မိဘတို့ ပါသောအစုမှာ ချမ်းသာ မရသဖြင့် အစဉ်အတိုင်း ခွဲကြ၍ လောကတိဿမိဘတို့ချည်းသာ ကျန်လေ၏။ ထိုအခါ လောကတိဿ၏ မိဘတို့ကို သူယုတ်-ဟု နှင်ထုတ်ကြလေ၏။ လောကတိဿ၏ မိဘ လည်း ဆင်းရဲငြိုငြင်စွာ ကိုယ်ဝန်ကို ရွက်ဆောင်ရသတည်း။

မဂ်,ဖိုလ်ရထိုက်သသူတို့ကို တစ်စုံတစ်ခုသော အန္တရာယ်ကိုမျှ ဖြစ်စေခြင်းငှာ မတတ်နိုင်ရာ။ အိုး၏အတွင်း၌ ထွန်းလင်းတောက်ပသော ဆီမီးရောင်ကဲ့သို့ ထိုသူငယ်၏ အဇ္ဈတ္တ၌ အရဟတ္တဖိုလ်၏ ဥပနိဿယသည် ထောက်ပံ့၏။ ထိုမိဘသည် သူငယ်ကို ဖွားမြင်၍ ထိုမှ,ဤမှ ပြေးသွားတတ်သောကာလ လက်၌ ခွက်ငယ် ၁-ခုကို ပေးအပ်၍ စွန့်လိုက်၏။ ထိုသူငယ်လည်း ရောက်ရာ,ရောက်ရာ တောင်းစားသွားလာ အိပ်နေ၍ ရေချိုးခြင်း, ကိုယ် လက်သုတ်သင်ခြင်း မရှိ။ မြေဘုတ်ဘီလူးကဲ့သို့ ငြိုငြင်စွာ အသက်မွေးရ၏။ ၇-နှစ်တိုင်လျှင် တစ်ခုသောအိမ်တွင် ထမင်းအိုးဆေးရေ စွန့်သောအရပ်၌ ကျီးကဲ့သို့ ၁-လုံး, ၁-လုံးသော ထမင်းကို ကောက်စား၍ နေသည်ကို **အရှင်သာရိပုတ္တရာမထေရ်မြတ်** မြင်တော်မူလျှင် သနားခြင်းကရုဏာ ပြင်းစွာ ဖြစ်လေရကား ထိုသူငယ်ကို ခေါ်သွား၍ မေးရာ "မိခင်သည် အရပ်တပါး စွန့်သွားထွက်ပြေးသဖြင့် တစ်ယောက်တည်းသာ ဖြစ်ပါသည်"ဟု လျှောက်၏။

ထိုအခါ ထိုသူငယ်ကို ခဲဖွယ်ဘောဇဉ် ကျွေးမွေးပြီးမှ ကိုယ်ကို ရေဖြင့် ဆေးလျှော် သုတ်သင်တော်မူ၍ ရှင်ပြုပြီးသော် အသက် ၂၀-ပြည့်လျှင် ရဟန်းပြုလေ၏။ မထေရ်ကြီး ဖြစ်သည့်တိုင်အောင်ပင် ဘုန်းကံ မရှိ၍ အသဒိသဒါန အလှူကြီးပေးသောအခါကိုမျှ ဝမ်းပြည့်အောင် မစားရ။ အသက် မသေရုံမျှသာ ရှိ၏။ ထိုစကား မှန်၏။ လူတို့ ယာဂု, ခဲဖွယ် လှူသောအခါ ထိုလောကတိဿ၏ သပိတ်သည် ပြည့်၍ နေသကဲ့သို့သာ ထင်ကြ၏။

စိုးစဉ်းမျှ ယာဂု, ခဲဖွယ်ကို လှူပြန်လျှင် ဒါယကာတို့ အိုးခွက်၌ရှိသော ယာဂု, ခဲဖွယ်သည် ကွယ်ခဲ့၏။

ထိုလောကတိဿသည် ဝိပဿနာကို ပွါးများအားထုတ်လေရကား အရဟတ္တ-ဖိုလ်သို့ ရောက်၏။ ပရိနိဗ္ဗာန်ပြုအံ့သော နေ့၌ အရှင်သာရိပုတ္တရာမထေရ် ဆင်ခြင်အောက်မေ့တော်မူ၍ "ယနေ့ပင် လောကတိဿရဟန်းသည် ပရိနိဗ္ဗာန်ပြုတော့အံ့။ အလိုရှိတိုင်းသော ဘောဇဉ်ကို ကျွေးခြင်းငှာ ထိုက်၏"ဟု လောကတိဿရဟန်းနှင့်တကွ ဆွမ်းခံဝင်တော်မူရာ ဒါယကာ,ဒါယိကာမတို့သည် လှူမည်ကို မဆိုထားဘိ။ ရှိခိုးပူဇော်ရုံမျှကို မပြုကြဘဲ ရှိလေရကား လောကတိဿကို "ပြန်သွား၍ ဆွမ်းစားဇရပ်မှာ နေလေ"ဟု စေလွှတ်သော အခါမှ အရှင်သာရိပုတ္တရာကို ဒါယကာတို့က ကောင်းစွာ လုပ်ကျွေးပေးကမ်း လှူဒါန်းကြသတည်း။

ထိုအခါ အရှင်သာရိပုတ္တရာ-က ရသော ဆွမ်းအာဟာရကို "လောကတိဿရဟန်းထံ ပို့ပါချေ"ဟု စေလိုက်သော ရဟန်းတို့သည် လောကတိဿကို ရှာမရ၍ မိမိတို့ပင် ဘုဉ်းပေးသုံးဆောင်ကြလေ၏။ အရှင်သာရိပုတ္တရာ ဆွမ်းခံရာမှ ဖဲခဲ့၍ ကျောင်းသို့ ရောက်သောအခါ လောကတိဿ လာ၍ "ငါ့ရှင်မှာ ဆွမ်းဘောဇဉ် ဘုဉ်းပေးရပါ၏လော"ဟု မေးသောကာလ "မဘုဉ်းပေးရကြောင်း"ကို လျှောက်သဖြင့် ထိတ်လန့်ခြင်း ပြင်းစွာ ဖြစ်တော်မူရကား "ဤနေရာတွင်ပင် နေရစ်ဦးလော့"ဟု မှာထားပြီးမှ ကောသလမင်းကြီး ရွှေနန်းတော်သို့ ကြွသွား၍ စတုမဓုအရသာကို အလှူခံတော်မူခဲ့၏။

**စတုမဓု**-ဟူသည် ထောပတ်, ဆီဦး, ပျား, သကာ၊ ဤ ၄-ပါးတည်း။ ထိုစတုမဓုကို အလှူခံယူခဲ့ပြီးမှ လောကတိဿကို ခေါ်၍ "ငါ့ရှင်၊ ငါ့လက်မှ သပိတ်လွှတ်ခဲ့လျှင် ဤစတုမဓုပင် ကွယ်ပျောက်ရာ၏။ ထို့ကြောင့် ငါ-သပိတ်ကို ကိုင်ထားအံ့။ ငါ့ရှင် အလိုရှိတိုင်း သုံးဆောင်တော့"ဟု အခွင့်ပြုမှ အလိုရှိသမျှ ဝမ်းပြည့်အောင် သုံးဆောင်ရ၍ ထိုနေ့ပင် ပရိနိဗ္ဗာန်ပြုလေ၏။ မြတ်စွာဘုရားကိုယ်တော်တိုင် ဖုတ်ကြည်းသင်္ဂြိုဟ်ခြင်းကိစ္စကို ပြုတော်မူ၍ ဓာတ်တော်တို့ကို စေတီတည်ထားစေသတည်း။

ထိုလောကတိဿရဟန်းသည် လုံ့လနှင့် ကင်း၍ အသက်မွေးခြင်းငှာ မအပ်။ လုံ့လဖြင့်သာ အသက်မွေးရသောကြောင့် ဥဋ္ဌာနဖလူပဇီဝိ နောကမ္မဖလူပဇီဝီပုဂ္ဂိုလ် မည်၏။ ဓာတုမဟာရာဇ်နတ်ပြည်မှ စ၍ အထက်နတ်ဗြဟ္မာတို့သည် လုံ့လနှင့် ကင်း၍ ကံဖြင့်သာ အသက်မွေးသောကြောင့် ကမ္မဖလူပဇီဝိ နောဥဋ္ဌာနဖလူပဇီဝီပုဂ္ဂိုလ် မည်၏။

ထို့ကြောင့် မနောရထပူရဏီမည်သော အင်္ဂုတ္တရ၊ စတုက္ကနိပါတ်၊ တတိယပဏ္ဏာသ၊ ၄-ခုမြောက်သော ပုဂ္ဂလဝဂ်အစု၊ ၄-ခုမြောက်သော ဖလူပဇီဝိသုတ်အဋ္ဌကထာ၌-

**စာတုမဟာရာဇိကေ ပန ဒေဝေ အာဒိံ ကတွာ သဗ္ဗေပိ ဒေဝါ ဥဋ္ဌာနဝီရိယေန ဝိနာ ပုညဖလသေဝ ဥပဇီဝနတော ကမ္မဖလူပဇီဝိနော နဥဋ္ဌာနဖလူပဇီဝိနော နာမ။**

ဟူသောပါဌ်(အံ၊ဋ္ဌ၊၂။၃၃၇)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ပန၊ ထိုမှတပါး။ စာတုမဟာရာဇိကေ၊ စာတုမဟာရာဇ်နတ်ပြည်၌ ဖြစ်ကုန်သော။ ဒေဝေ၊ နတ်တို့ကို။ အာဒိံ ကတွာ၊ အစပြု၍။ သဗ္ဗေပိ ဒေဝါ၊ အလုံးစုံသော နတ်တို့သည်။ ဥဋ္ဌာနဝီရိယေန၊ ထကြွလုံ့လ ဝီရိယနှင့်။ ဝိနာ၊ ကင်း၍။ ပုညဖလသေဝ၊ ကောင်းမှု၏ အကျိုးဖြင့်သာလျှင်။ ဥပဇီဝနတော၊ အသက်မွေးသောကြောင့်။ ကမ္မဖလူပဇီဝီ၊ ကမ္မဖလူပ-ဇီဝိပုဂ္ဂိုလ် မည်၏။ နော ဥဋ္ဌာနဖလူပဇီဝီ၊ ဥဋ္ဌာနဖလူပဇီဝိပုဂ္ဂိုလ် မမည်။

မင်း,မှူးမတ်-စ၍ ငရဲမှတပါး ကြွင်းသော သတ္တဝါတို့သည် လုံ့လ, ကံ ၂-ပါးဖြင့် အသက်မွေးရသောကြောင့် ဥဋ္ဌာနဖလူပဇီဝီ ကမ္မဖလူပဇီဝိပုဂ္ဂိုလ် မည်၏။

ထို့ကြောင့် မနောရထပူရဏီမည်သော အင်္ဂုတ္တရ၊ စတုက္ကနိပါတ်၊ တတိယပဏ္ဏာ-သက၊ ၄-ခုမြောက်သော ပုဂ္ဂလဝဂ်အစု၊ ၄-ခုမြောက်သော ဖလူပဇီဝိသုတ်အဋ္ဌကထာ၌-

**ရာဇရာဇမဟာမတ္တာဒယော ဥဋ္ဌာနဖလူပဇီဝိနော စ ကမ္မဖလူပဇီဝိနော စ။**

ဟူသောပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ရာဇရာဇမဟာမတ္တာဒယော၊ မင်း, မှူးမတ်-အစရှိသည်တို့သည်။ ဥဋ္ဌာနဖလူပဇီဝိ-နော စ၊ လုံ့လဖြင့် အသက်မွေးသော ပုဂ္ဂိုလ်လည်း မည်ကုန်၏။ ကမ္မဖလူပဇီဝိနော စ၊ ကံဖြင့် အသက်မွေးသော ပုဂ္ဂိုလ်လည်း မည်ကုန်၏။

ငရဲ၌ ဖြစ်ကြကုန်သော သတ္တဝါ-ဟူသမျှသည် လုံ့လ, ကံ ၂-ပါးတို့နှင့် ကင်း၍ အသက်မွေးရသောပုဂ္ဂိုလ်တို့ မည်ကုန်၏။

ထို့ကြောင့် မနောရထပူရဏီမည်သော အင်္ဂုတ္တရ၊ စတုက္ကနိပါတ်၊ တတိယပဏ္ဏာ-သက၊ ၄-ခုမြောက်သော ပုဂ္ဂလဝဂ်အစု၊ ၄-ခုမြောက်သော ဖလူပဇီဝိသုတ်အဋ္ဌကထာ၌-

**နေရယိကသတ္တာ နေဝ ဥဋ္ဌာနဖလူပဇီဝိနော န ကမ္မဖလူပဇီဝိနော။**

ဟူသောပါဌ်(အံ၊ဋ္ဌ၊၂။၃၃၇)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

နေရယိကသတ္တာ၊ ငရဲသူသတ္တဝါတို့သည်။ ဥဏှနဖလုပဇီဝိနော၊ လှံ့လဖြင့် အသက်မွေးသည်လည်း။ နေဝ ဟောန္တိ၊ မဖြစ်ကုန်။ ကမ္မဖလုပဇီဝိနော၊ ကံဖြင့်သာ အသက်မွေးကုန်သည်။ န ဟောန္တိ၊ မဖြစ်ကုန်။

ဤသို့ ကျမ်းဂန်လာသောကြောင့် ယခုလောကတွင် စည်းစိမ်ချမ်းသာကို ရှာဖွေတောင့်တ၍ ရကြ, ရှိကြ, ပြည့်စုံကြသောသူတို့သည် ကံ, လုံ့လ ၂-ပါးကြောင့်သာ ဖြစ်သည်ဟု မှတ်ရာ၏။ ထိုစကားရပ်ကို အကျယ်သိလိုလျှင် အင်္ဂုတ္တရ၊ စတုက္ကနိပါတ်ပါဠိတော်၊ ၎င်းအဖွင့် မနောရထပူရဏီမည်သော အဋ္ဌကထာ။ ဧကနိပါတ်၊ မိတ္တဝိန္ဒကဇာတ် အဋ္ဌကထာတို့မှာ ကြည့်လေ။

**ပလိုင်းလက်စွဲတော်တစ်စုတို့က** "ယခုလောကတွင် စည်းစိမ်ချမ်းသာ ရှာဖွေတောင့်တ၍ ရကြ, ရှိကြ, ပြည့်စုံကြသောသူတို့သည် ကံအကျိုးသာ ဖြစ်မည်၊ လုံ့လအကျိုးသာ ဖြစ်မည်၊ ကံ, လုံ့လ ၂-ပါး၏ အကျိုးပင် ဖြစ်မည်ကို နေရာကျ သိမှတ်လိုပါသည်"ဟု လျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ညွှန်ပြထုတ်ဆောင်၍ ၁၂၄၀-ပြည့်၊ တော်သလင်းလပြည့်ကျော်၊ ၆-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## ရဟန်းတော် ရှင်ဂန္ဓမာ-က လျှောက်စာပါ စကားရပ်များ၌ သက်ဝင်စပ်လျဉ်းသောအရာမှာ ပယောဂဖြစ်, မဖြစ်အကြောင်းကို လျှောက်ထားချက်

[ ၁၀၉ ] "ဘုရားတပည့်တော် ညောင်ရမ်းမြို့စီရင်စု၊ တောင်လက်၊ ကြက်တည်ကျောင်းပုဂ္ဂိုလ်၊ ရှင်ဂန္ဓမာ လျှောက်ပါသည် ဆရာတော်ဘုရား။

(၁) သူကြီး, မြို့ဝန်, စစ်ကဲ, နာခံ, အရာရှိတို့ကို ရဟန်းများက စာသွင်း၍ အရာကျသည့်အမှု၊

(၂) တစ်ဦးကို အမိန့်တော်ခံပေး၍ တစ်ဦးအရာကျသည့်အမှု၊

(၃) ထောက်လှမ်းချက်ပေး၍ အရာမကျ, ကြေးငွေကုန်သည့်အမှု၊

(၄) လယ်ယာပယ်များကို ရဟန်းတို့ အကျိုးတော်ဆောင်ပြုလုပ်၍ စာဆက်သွင်းသော ကြောင့် ဆင်းရဲသားတို့ ပစ္စည်းဆုံးပါး အရာတော်ဖြစ်သည့်အမှု၊

(၅) မင်းဧကရာဇ်က ဂိုဏ်းအုပ်, ဂိုဏ်းထောက်ကို ရည်သန်၍ လှူသော အလှူ တော်များကို အမိန့်တော်မရသူတို့ ခံယူသည့်အမှု။

ဝင်းအမှုအရပ်ရပ်များကို အချို့သောပုဂ္ဂိုလ်တို့က မင်းဧကရာဇ်က ကြည့်ရှု ထောက်လှမ်း၍ စာသွင်းပါဆိုသောကြောင့် သွင်းလျှင် အပြစ်မရှိ ဆိုကြပါသည်။

အချို့သော ပုဂ္ဂိုလ်တို့ကလည်း မင်းဧကရာဇ်က လျှောက်သည်ဖြစ်စေ, မလျှောက်သည်ဖြစ်စေ၊ လျှောက်,မလျှောက် ပမာဏ မဟုတ်။ ထိန်းသိမ်းသူ နယ်ရှင် ရှိလျက်နှင့် ရဟန်းတို့ ပယောဂကြောင့် ကျေးရွာနယ် ဆုံးပါးရှိသော်လည်းကောင်း ကြေးငွေကုန်ကျရှိသော်လည်းကောင်း ဘဏ္ဍာဖိုးကို လိုက်၍ ဆုံးဖြတ်သင့်သည် ဆိုကြပါသည်။ ဝင်းစကားအရပ်ရပ်များသည် မလင်းမရှင်း ဒွိဝစနရှိပါ၍ ရှေးရှေး သောကာလ ဘဝထိုထိုက ဖြည့်တော်မူခဲ့သော ပါရမီတော်အဟုန်ကြောင့် ပါဠိ, အဋ္ဌကထာ, ဋီကာ နှုတ်တက်လေ့ကျက် ဆောင်ရွက်တော်မူနိုင်သော အရှင်ကောင်း, အရှင်မြတ် ဖြစ်တော်မူသည်နှင့်အညီ သိဿာနုသိဿ အစဉ်မှတ်သား၍ သာသနာ တော်အမွန် အစွန့်ရှည်စွာ စောင့်ရှောက်အားထုတ်နိုင်ပါအောင် ဆုံးဖြတ်ကယ်မ သနားတော်မူပါမည့်အကြောင်းကို လျှောက်ဝံ့ပါသည် ဆရာတော် အရှင်သူမြတ် ဘုရား။"

ဝင်းရဟန်းတော် ရှင်ဂန္ဓမာ လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ–

[၁၀၉] (၁) မေးလျှောက်သော စကားရပ်တို့တွင် သူကြီး၊ မြို့ဝန်၊ စစ်ကဲ၊ နာခံ၊ အရာရှိ တို့ကို ရဟန်းများက စာသွင်း၍ အရာကျသည့်အမှု၊

(၂) တစ်ဦးကို အမိန့်တော်ခံပေး၍ တစ်ဦး အရာကျသည့်အမှုများမှာ ဝိနည်း သိက္ခာပုဒ်တော်နှင့် အပြစ်မရှိ။ ထိုသို့ပင် အပြစ်မရှိသော်လည်း သမဏသာရုပ္ပ မဖြစ်။ သုတ်အဘိဓမ္မာအလို သူ၏ စည်းစိမ်ကို ပျက်စီးစေလိုသော ဗျာပါဒလက္ခဏာရှိ၏။ အင်္ဂါ ပယောဂ မပြည့်စုံ၍ ကမ္မပထ မမြောက်လေရကား ဥပပီဠိတသဘောသို့ ရောက်၏။

(၃) ထောက်လှမ်းချက်ပေး၍ အရာမကျ၊ ကြေးငွေကုန်ကြသည့်အမှုမှာ ရှေး အဖို့က "ထောက်လှမ်းချက်ပေးရမည်ဖြစ်လျှင် ရဟန်းတို့ ပယောဂကြောင့် ကြေးငွေအကုန် အကျ မရှိပါစေလင့်"ဟု မြစ်၍ ဝန်ခံစေပြီးမှ မိမိတို့အလိုအလျောက်ပြု၍ ကုန်ကျရာ၌

အပြစ်မရှိ။ ယင်းသို့မဟုတ်၊ ရဟန်းတို့ ပယောဂကြောင့် ကြေးငွေကုန်ကျရှိခဲ့လျှင် ဘဏ္ဍာစား ထိုက်၏။

အကြင်ရဟန်းသည် ဥစ္စာဒဏ်ထားလတ္တံ့သည်ကို သိသည်ဖြစ်စေ, မသိသည် ဖြစ်စေ၊ "ဤသူသည် ဤအမှုကို ပြုပြီး၊ ပြုလတ္တံ့-ဟု ညွှန်ပြ၍ အစောင့်အရှောက်ကို ပေးပါ"ဟု အစိုးရတို့ထံ တောင်း၍ အစောင့်အရှောက်ကို ပေးရာ၌ ဥစ္စာဒဏ်ထားခဲ့သော် ထားသော ဥစ္စာဒဏ်သည် "ဤသူသည် ဤအမှုကို ပြုပြီး၊ ပြုလတ္တံ့"ဟု ညွှန်ပြ၍ အစောင့်အ ရှောက်ကို တောင်းသောရဟန်းအား ဘဏ္ဍာစား ထိုက်၏။ မိမိကိုယ်တိုင် ဥစ္စာဒဏ်ကို ထားစေသည်ရှိသော်ကား ထားအပ်သော ဥစ္စာဒဏ်အဖို့ အားလျော်စွာ ပါရာဇိက, ထုလ္လ- စ္စည်း, ဒုက္ကဋ်အာပတ်တို့ကို ဆုံးဖြတ်အပ်၏။

ထို့ကြောင့် ခုဒ္ဒသိက္ခာမည်သော လက်သန်းအဋ္ဌကထာ၊ ပကိဏ္ဏကကထာ(ဂါထာ- ၃၅၈)၌—

ဥဒ္ဒိဿ ယာစနေ ရက္ခံ၊ ဉတွာ'ဉတွာ ဝ ဒဏ္ဍိနံ။
ဂီဝါဿ ဒဏ္ဍိတေ ဒဏ္ဍော၊ သယံ ဒဏ္ဍာပနေ ပန။
ဒဏ္ဍဿ အဂ္ဃဘေဒေန၊ ဉေယျာ ပါရာဇိကာဒိကာ။ ။

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဒဏ္ဍိနံ၊ ကိုယ်, နှုတ်, ဥစ္စာ၊ ဒဏ် ၃-ဖြာတွင်၊ ဥစ္စာဒဏ် ထားအပ်သည်ကို။ ဉတွာ၊ သိသည်ဖြစ်၍လည်းကောင်း။ အဉတွာဝ၊ မသိဘဲလည်းကောင်း။ ဥဒ္ဒိဿ၊ ဤသူသည် ဤအမှုကို ပြုပြီး, ပြုလတ္တံ့-ဟု ညွှန်ပြ၍။ ရက္ခံ၊ အစောင့်အရှောက်ကို။ ယာစနေ၊ တောင်းရာ ၌ ဒဏ္ဍိတေ၊ ဥစ္စာဒဏ် ထားခဲ့သည်ရှိသော်။ ဒဏ္ဍော၊ ထားအပ်သော ဥစ္စာဒဏ်သည်။ ဿ၊ ထိုသူသည် ဤအမှုကို ပြုဆဲ, ပြုလတ္တံ့-ဟု ညွှန်ပြ၍ အစောင့်အရှောက်ကို တောင်း သော ရဟန်းအား။ ဂီဝါ၊ အစားထိုက်၏။ သယံ ဒဏ္ဍာပနေ ပန၊ မိမိကိုယ်တိုင် ဥစ္စာဒဏ်ကို ထားစေရာ၌။ ဒဏ္ဍဿ၊ ထားအပ်သော ဥစ္စာဒဏ်၏။ အဂ္ဃဘေဒေန၊ အဖိုးအထူးအားဖြင့်။ ပါရာဇိကာဒိကာ၊ ပါရာဇိက, ထုလ္လစ္စည်း, ဒုက္ကဋ်အာပတ်တို့ကို။ ဉေယျာ၊ သိအပ်ကုန်၏။

ထိုအဋ္ဌကထာပါဌ်တို့တွင် 'ဥဒ္ဒိဿ ယာစနေ'-ဟူရာ၌ "ငါတို့၏ ကျောင်းမှာ ဤသူ သည် ဤအမှုကို ပြုပြီး, ပြုလတ္တံ့"ဟု ရည်၍ အစောင့်အရှောက်ကို တောင်းခြင်းတည်း။

ထို့ကြောင့် ၎င်းအဋ္ဌကထာ အဖွင့်ဋီကာ(ဋီကာ။၁၈၉)၌—

ဥဒ္ဒိဿ ယာစနေတိ ဧတ္ထ "အမှာကံ ဝိဟာရေ ကုတ္တန္နာမေန ကုဒ္ဒိဒ္ဒ ကတ"န္တိ ဝါ "ကရိဿန္တိ"တိ ဝါ ဧဝံ ဥဒ္ဒိဿ ရက္ခံ ယာစနေတိ အတ္ထော။

ဟူသောပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဥဒ္ဒိဿ ယာစနေတိ ဧတ္ထ၊ ဥဒ္ဒိဿ ယာစနေ-ဟူသော ဤအဋ္ဌကထာပါဠ်၌။ အမှာကံ၊ ငါတို့၏။ ဝိဟာရေ၊ ကျောင်း၌။ ကုတ္တန္နာမေန၊ ဤအမည်ရှိသောသူသည်။ ကုဒ္ဒိ-ဒ္ဒ၊ ဤမည်,ဤမည်သောအမှုကို။ ကတံ၊ ပြုပြီးပြီ။ ဣတိ ဝါ၊ ဤသို့လည်းကောင်း။ ကရိ-ဿန္တိ၊ ပြုကုန်လတ္တံ့။ ဣတိ ဝါ၊ ဤသို့လည်းကောင်း။ ဥဒ္ဒိဿ၊ ရည်၍။ ယာစနေ၊ တောင်းရာ၌။ ဣတိ အယံ အတ္ထော၊ ဤကား အနက်။

ပါဠိ, အဋ္ဌကထာ, ဋီကာ လာတိုင်း ပြဆိုလျှင် ကျယ်လွန်းအံ့။ ထိုသို့ ကြားခြင်းသည် မအပ်။ ထိုရဟန်း၏ စကားကို ကြား၍ မင်း, မှူးမတ်, တရားဆုံးဖြတ်သောသူတို့သည် ဥစ္စာဒဏ်ကို ပြုကုန်အံ့။ အလုံးစုံသော ဥစ္စာဒဏ်သည် ထိုကြားသော ဘိက္ခုနီမအား ဘဏ္ဍာ စား ထိုက်၏။ ဥစ္စာဒဏ်ကို ယူလတ္တံ့-ဟူသော အလိုဖြင့်ပင် ကြားသော်လည်း ဘဏ္ဍာစားသာ ထိုက်၏။ ဘဏ္ဍာကို အဖိုးပြတ်၍ အာပတ်ဖြင့် မဆုံးဖြတ်အပ်။

ထို့ကြောင့် သမန္တပါသာဒိကာမည်သော ဘိက္ခုနီဥဒ္ဒေါသိတသိက္ခာပုဒ် အဖွင့် အဋ္ဌကထာ(ဝိ၊ဋ္ဌ၊၃။၁၈၂)၌-

သာ န ဝဋ္ဋတိ၊ တဉ္စေ သုတွာ တေ ဝေါဟာရိကာ တေသံ ဒဏ္ဍံ ကရောန္တိ။ သဗ္ဗံ ဘိက္ခုနိယာ ဂီဝါ ဟောတိ။ ဒဏ္ဍံ ဂဏှိဿန္တိတိ အဓိပ္ပါယေပိ သတိ ဂီဝါယေဝ ဟောတိ။

ဟူသောပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

သာ၊ ထိုရည်၍ ကြားခြင်းသည်။ န ဝဋ္ဋတိ၊ မအပ်။ တံ၊ ထိုရဟန်းစကားကို။ သုတွာ၊ ကြား၍။ တေ၊ ထိုသူတို့ကို။ ဝေါဟာရိကာ၊ မင်း, မှူးမတ်, တရားသူကြီးတို့သည်။ ဒဏ္ဍံ၊ ဥစ္စာဒဏ်ကို။ ကရောန္တိ၊ ပြုကုန်အံ့။ ဘိက္ခုနိယာ၊ ရဟန်းမိန်းမအား။ ဂီဝါ၊ ဘဏ္ဍာ စားသည်။ ဟောတိ၊ ဖြစ်၏။ ဒဏ္ဍံ ဂဏှိဿန္တိတိ အဓိပ္ပါယေ၊ ဥစ္စာဒဏ်ကို ထားကုန်လတ္တံ့-ဟူသော အလိုသည်။ သတိပိ၊ ရှိသော်လည်း။ ဂီဝါယေဝ၊ ဘဏ္ဍာစားသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

ထို့ကြောင့် ဂီဝါ၏အရ၌ ဘဏ္ဍာစားကိုသာ ဆုံးဖြတ်အပ်၏။ အဘယ့်ကြောင့် နည်းဟူမူ ရဟန်းက ဒဏ်ဖြစ်စေခြင်းငှာ စေခိုင်းခြင်း မရှိသောကြောင့်တည်း။ ထို့ကြောင့်

ဂှင်းအဌကထာ၏အဖွင့်၊ သာရတ္ထဒီပနီဋီကာ၊ ဝိမတိဝိနောဒနီဋီကာ၊ ဝဇိရဗုဒ္ဓိဋီကာတို့၌-

**ဂီဝါယေဝ ဟောတိ၊ န ပါရာဇိကံ အနာဏတ္တိယာ ဂဟိတတ္တာ။ ဂီဝါယေဝါတိ အာဏတ္တိယာ အဘာဝတော။ ဂီဝါတိ ကေဝလံ ဂီဝါ ဧဝ ဟောတိ၊ န ပါရာဇိကံ။**

ဟူသောပါဌ်(သာ၊၁၁၈။ ဝိ၊၇၁။ ဝဇိရ၊၃၅၇)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဂီဝါယေဝ၊ ဘဏ္ဍာစားသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ န ပါရာဇိကံ၊ ပါရာဇိက မရောက်။ အနာဏတ္တိယာ၊ စေခိုင်းခြင်းမရှိဘဲ။ ဂဟိတတ္တာ၊ ယူအပ်သည်၏ အဖြစ်ကြောင့် တည်း။ ဂီဝါယေဝ၊ ဘဏ္ဍာစားသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ အာဏတ္တိယာ၊ စေခိုင်း ခြင်း၏။ အဘာဝတော၊ မရှိသောကြောင့်တည်း။ ဂီဝါတိ၊ ဂီဝါ-ဟူသည်ကား။ ကေဝလံ ဂီဝါ ဧဝ၊ သက်သက် ဘဏ္ဍာစားထိုက်သည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ န ပါရာဇိကံ၊ ပါရာဇိကသို့ မရောက်။ (ပါဌ် ၃-ရပ်တို့၏ အစဉ်ကို ဋီကာ ၃-စောင်နှင့် အစဉ်ဟပ်။)

ဤဋီကာပါဌ်တို့၏ အရ၌-

**ဂီဝါယေဝ အာဏတ္တိယာ အဘာဝတော၊ အနာဏတ္တိယာ ဂဟိတတ္တာ။**

ဟု ဆိုအပ်သောကြောင့်-

**အာဏတ္တိယာ ဂဟိတေ ပန ဘဏ္ဍဒေယျန ကာရေတဗ္ဗော—**

ဟူသော ဗျတိရိက်ကို သိရာ၏။

ခိုးသူတို့သည် ရဟန်းတို့၏ ပရိက္ခရာကို ဆောင်ကုန်သည်ရှိသော် ထိုခိုးသူတို့အား အကျိုးမဲ့ကို ဖြစ်စေခြင်းငှာ "ခိုးသူ, ခိုးသူ"ဟု ဟစ်ကြော်အံ့။ ထိုခိုးသူတို့အား မင်း, မှူးမတ်-စသည်တို့က ဥစ္စာကို ယူခဲ့သော် ထိုယူသမျှ ဥစ္စာဒဏ်သည် "ခိုးသူ, ခိုးသူ"ဟု ဟစ်ကြော်သော ရဟန်းအား ဘဏ္ဍာစား ထိုက်၏။

ထို့ကြောင့် ခုဒ္ဒသိက္ခာမည်သော လက်သန်းအဌကထာ(ဂါထာ-၃၅၉)၌-

**ဟရန္တေသု ပရိက္ခာရံ၊ "စောရော စောရော"တိ ဘာသိတေ။**
**အနတ္ထာယေသံ ဂဏှန္တေ၊ ဒဏ္ဍံ ဂီဝါ'ဿ တတ္တကံ။ ။**

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ပရိက္ခာရံ၊ ပရိက္ခရာကို။ ဟရန္တေသု၊ ဆောင်ကုန်သည်ရှိသော်။ ဝါ၊ ဆောင်ကုန်စဉ်။ ဧသံ၊ ထိုခိုးသူတို့အား။ အနတ္ထာ-အနတ္ထာယ၊ အကျိုးမဲ့ ဖြစ်စေခြင်းငှာ။ စောရော စောရောတိ၊ ခိုးသူ, ခိုးသူ-ဟူ၍။ ဘာသိတေ၊ ဟစ်ကြော်ရာ၌။ ဒဏ္ဍံ၊ ဥစ္စာဒဏ်ကို။ ဂဏှန္တေသု၊ မင်း,

မှူးမတ်-စသည်တို့က ယူခဲ့သော်။ တတ္တကံ၊ ထိုမျှလောက်သော ဥစ္စာဒဏ်သည်။ အဿ၊ ထိုခိုးသူ-ဟု ဟစ်ကြော်သော ရဟန်းအား။ ဂီဝါ၊ ဘဏ္ဍာစား ထိုက်၏။

ဤအဋ္ဌကထာပါဠိ၌ 'ခိုးသူ၊ ခိုးသူ'ဟု ဟစ်ကြော်သောအသံကို ကြား၍ 'ဥစ္စာဒဏ်ကို ယူကုန်လတ္တံ့'-ဟူသော ပညာဖြင့် ဆိုခြင်းသည်သာ မအပ်။ သက်သက်ကြောက်လန့်သဖြင့်လည်းကောင်း မိမိ၏ပရိက္ခရာကို ယူလိုသောကြောင့်လည်းကောင်း ဟစ်ကြော်ရာ၌ ဥစ္စာဒဏ်ကို ယူသော်လည်း အပြစ်မရှိ။ အဘယ့်ကြောင့်နည်းဟူမူကား မင်းချင်းတို့အား 'ဤသူသည် ခိုးသူတည်း'ဟု ရည်၍ ဆိုရာ၌သာ ဘဏ္ဍာစား ထိုက်သောကြောင့်တည်း။

ရဟန်းတို့အားလည်းကောင်း အာရာမ်စောင့်-စသည်တို့အားလည်းကောင်း 'ဤမည်သော ခိုးသူသည် ဤမည်သော အမှုကို ပြု၏'ဟု ဆိုသောစကားကို အကြောင်းပြု၍ အာရာမ်စောင့်တို့သည် မင်းချင်းတို့အား ကြား၍ ဥစ္စာဒဏ်ကို ပေးရာ၌ ရဟန်းအား ဘဏ္ဍာစား မထိုက်။ အဘယ့်ကြောင့်နည်းဟူမူကား မင်းချင်းတို့အား ရဟန်းက မကြားသောကြောင့်တည်း။

မိမိ၏စကားကို လိုက်နာသော သူတို့အား "ဤသူသည် ငါ၏ ပရိက္ခရာကို ယူ၏။ သင်တို့တောင်း၍ ပေးပါလော့။ ဥစ္စာဒဏ်ကို မယူပါလင့်"ဟု ဆိုအပ်၏။ ထို့ကြောင့် သမန္တပါသာဒိကာမည်သော ဘိက္ခုနီသံဃာဒိသိသ်၊ ဥဒ္ဒေါသိတသိက္ခာပုဒ် အဖွင့်အဋ္ဌကထာ (ဝိ၊ဋ္ဌ၊၃။၁၈၂)၌-

**အတ္တနော ဝစနကရံ "ဣမိနာ မေ ပရိက္ခာရော ဂဟိတော၊ တံ အာဟရာပေဟိ၊ မာ စဿ ဒဏ္ဍံ ကရောဟီ"တိ ဝတ္တုံ ဝဋ္ဋတိ။**

ဟူသောပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

အတ္တနော ဝစနကရံ၊ မိမိ၏စကားကို လိုက်နာသောသူကို။ ဣမိနာ၊ ဤသူသည်။ မေ၊ ငါ၏။ ပရိက္ခာရော၊ ပရိက္ခရာကို။ ဂဟိတော၊ ယူအပ်၏။ တံ၊ ထိုပရိက္ခရာကို။ အာဟရာပေဟိ၊ ယူဆောင်၍ ပေးပါလော့။ အဿ၊ ထိုသူအား။ ဒဏ္ဍံ၊ ဥစ္စာဒဏ်ကို။ မာ ကရောဟိ၊ မပြုပါလင့်။ ဣတိ၊ ဤသို့။ ဝတ္တုံ၊ ဆိုခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။

ထိုစကားကိုကား သာမိစိ၏ အစွမ်းအားဖြင့်သာ ပြသည်။ စကားကို မလိုက်နာသော မင်းချင်းတို့အားလည်း "ဤသူသည် ငါ၏ ပရိက္ခရာကို ယူ၏။ ထိုပရိက္ခရာကို တောင်း၍ ပေးပါလော့။ ဤသူအား ဥစ္စာဒဏ်ကို မဖြစ်ပါစေလင့်"ဟု ဆိုအံ့။ ဥစ္စာဒဏ်ကိုပင် ယူသော်လည်း အပြစ်မရှိ။ အဘယ့်ကြောင့်နည်းဟူမူကား ရဟန်းက ဥစ္စာဒဏ်ကို မြစ်ပြီး ဖြစ်သောကြောင့်တည်း။ 'သင်သည် ဤဥစ္စာကို လုယက်၍ ယူလော့'ဟု တစ်စုံတစ်ယောက်

သောသူကို စေခိုင်းရာ၌ ထိုစေအပ်သောသူသည် တပါးသောသူကို လုယက်၍ ယူစေအံ့။ ဝတ္ထုဝိသင်္ကေတဖြစ်၍ ချွတ်ယွင်းသောကြောင့် စေအပ်သော ရဟန်းအား အပြစ်မရှိ။ အာပတ်မသင့်။ စေအပ်သောသူသည် ယူခဲ့အံ့၊ ဘဏ္ဍဂ္ဃဖြင့် ဆုံးဖြတ်အပ်၏။

'အနတ္ထာယေသံ ဂဏှေ' ပါဌ်၌ 'အနတ္ထာ ယဿ ဂဏှေ'-ဟူ၍လည်း စာအချို့ ရှိ၏။ 'ယဿ၊ အကြင်ခိုးသူအား'-ဟု အနက်ပေး။ 'ယဿ စောရဿ'-ဟု ယောဇနာပြ၏။ 'ယဿာတိ စောရဿ'-ဟု ဋီကာဟောင်း ဖွင့်၏။ 'ဧသန္တိ စောရာနံ'-ဟု ဋီကာသစ် ဖွင့်၏။ ကေဝုစ်, ဗဟုဝုစ်-မျှသာ ကွဲသည်။

အကြင်အဆုံးအဖြတ်ကို ရဟန်းမိန်းမတို့အား ပြဆိုအပ်၏။ ထိုအဆုံးအဖြတ်သည် ရဟန်းယောကျ်ားတို့အားလည်း နည်းတူသာ မှတ်အပ်၏။ ရဟန်းယောကျ်ားအားလည်း ရည်၍ ကြားခြင်းသည် မအပ်၊ ရည်၍ ကြားခြင်းကြောင့် ဥစ္စာဒဏ်ကို ပြုခဲ့အံ့။ ဘဏ္ဍာစား ထိုက်၏။ 'သယံ ဒဏ္ဍာပနေ ပန'-ဟု အထက်၌ ပြဆိုခဲ့သည့်အတိုင်း ဥစ္စာဒဏ်ကို ယူစေသော ရဟန်းအား ပါရာဇိကအာပတ်သို့ ရောက်၏။ ထို့ကြောင့် သမန္တပါသာဒိကာမည်သော ဘိက္ခုနီသံယာဒိသိသ်၊ ဥဒ္ဒေါသိတသိက္ခာပုဒ် အဖွင့်အဋ္ဌကထာ(ဝိ၊၄၊၃။၁၈၃)၌–

> ယော စာယံ ဘိက္ခုနီနံ ဝုတ္တော၊ ဘိက္ခုနံပိ ဧသေဝ နယော။ ဘိက္ခုနောပိ ဟိ ဩဒိဿာ'စိက္ခဏာ န ဝဋ္ဋတိ။ ယံ တထာ အာစိက္ခိတေ ဒဏ္ဍံ ကရောန္တိ၊ သဗ္ဗံ ဂီဝါ ဟောတိ။ ဝုတ္တနယေနေဝ ဒဏ္ဍံ ဂဏှာပေန္တဿ ပါရာဇိကံ။ –

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ယော စာယံ- ယော စ အယံ ဝိနိစ္ဆယော၊ အကြင်အဆုံးအဖြတ်ကို။ ဘိက္ခုနီနံ၊ ရဟန်းမိန်းမတို့အား။ ဝုတ္တော၊ ပြဆိုအပ်၏။ ဘိက္ခုနံပိ၊ ရဟန်းယောကျ်ားတို့အားလည်း။ ဧသေဝ နယော၊ ဤနည်းလျှင် နည်းရှိ၏။ ဟိ သစ္စံ၊ မှန်၏။ ဘိက္ခုနောပိ၊ ရဟန်းယောကျ်ားအားလည်း။ ဩဒိဿ၊ ရည်၍။ အာစိက္ခဏာ၊ ကြားခြင်းသည်။ န ဝဋ္ဋတိ၊ မအပ်။ တထာ၊ ထိုအခြင်းအရာအားဖြင့်။ ယံ၊ အကြင်သူကို။ ဉဒ္ဒိဿ၊ ရည်၍။ အာစိက္ခိတေ၊ ကြားရာ၌။ ဒဏ္ဍံ၊ ဥစ္စာဒဏ်ကို။ ကရောန္တိ၊ ပြုကုန်၏။ သဗ္ဗံ၊ အလုံးစုံသည်။ ဂီဝါ၊ အစားသည်။ ဟောတိ၊ ဖြစ်၏။ ဝုတ္တနယေနေဝ၊ ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်။ ဒဏ္ဍံ၊ ဥစ္စာဒဏ်ကို။ ဂဏှာပေန္တဿ၊ ယူစေသော ရဟန်းယောကျ်ားအား။ ပါရာဇိကံ၊ ပါရာဇိကအာပတ်သို့ ရောက်၏။

"အကြင်ရဟန်းသည် ဥစ္စာဒဏ်ကို ပြုလတ္တံ့"ဟု သိလျက်လည်း တစ်စုံတစ်ယောက်သောသူကို မရည်မူ၍ ကြားခဲ့အံ့။ ထိုသူတို့ကို ရှာဖွေထောက်လှမ်း၍ မင်း, မှူးမတ်တို့က ဥစ္စာဒဏ်ကို ထားခဲ့အံ့၊ ရဟန်းအား အပြစ်မရှိ။

ထို့ကြောင့် သမန္တပါသာဒိကမည်သော ဘိက္ခုနီသံဃာဒိသိသ်၊ ဥဒ္ဒေါသိတသိက္ခာပုဒ်အဖွင့်အဋ္ဌကထာ၌-

**ယော ပန "ဒဏ္ဍံ ကရိဿန္တီ"တိ ဇာနန္တောပိ အနောဒိဿ ကထေတိ၊ တေ စ ပရိယေသိတွာ ဒဏ္ဍံ ကရောန္တိယေဝ၊ န ဒေါသော။**

(ဝိ႒၃။၁၈၃)ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ယော ပန၊ အကြင်ရဟန်းသည်ကား။ ဒဏ္ဍံ၊ ဥစ္စာဒဏ်ကို။ ကရိဿတိ၊ ပြုလတ္တံ့။ ဣတိ၊ ဤသို့။ ဇာနန္တောပိ၊ သိလျက်လည်း။ အနောဒိဿ၊ မရည်မှူ၍။ ကထေတိ၊ ဆို၏။ တေ စ၊ ထိုသူတို့ကိုလည်း။ ပရိယေသိတွာ၊ ရှာဖွေထောက်လှမ်း၍။ ဒဏ္ဍံ၊ ဥစ္စာဒဏ်ကို၊ ကရောန္တိယေဝ၊ ပြုကုန်သလျှင်ကတည်း။ န ဒေါသော၊ အပြစ်မရှိ။

ယင်းသို့ ပြဆိုခဲ့ပြီးသော အဋ္ဌကထာ, ဋီကာပါဌ်တို့၌ ဂီဝါ၊ ဘဏ္ဍာဒေယျ-ဟူသည်ကား ထိုပျက်စီးသော ဥစ္စာ၏ အဖိုးသော်လည်းကောင်း ထိုပျက်စီးသောဥစ္စာ၏ ဘဏ္ဍာအစားကိုသော်လည်းကောင်း ပေးခြင်းတည်း။ အကယ်၍ ဘဏ္ဍာစားထိုက်သော ဥစ္စာကို ဥစ္စာရှင်တို့အား မပေးဘဲ နေခဲ့အံ့၊ ဥစ္စာရှင်တို့ ဝန်ချသောခဏ၌ ပါရာဇိကသို့ ရောက်၏။

ထို့ကြောင့် သမန္တပါသာဒိကမည်သော ပါရာဇိက၊ ဒုတိယသိက္ခာပုဒ် အဖွင့်အဋ္ဌ-ကထာတွင် မိမိ၏ဥစ္စာကို လုံခြုံစေခြင်းငှာ သူတပါးတို့ ဆီအိုးတွင် ထည့်ထား၍ ဆီအိုးရှင်တို့ ဆီကို လောင်းလာရာ သိမည်ကို စိုး၍၁-မတ်တန်လောက်အောင် ဆီအိုးကို သောက်သော ဘဏ္ဍာကို ထေယျစိတ်ဖြင့် ယူအံ့၊ ပါရာဇိက။ သုဒ္ဓစိတ်ဖြင့် ယူသော်လည်းကောင်း သူတပါးတို့ ယူဆောင်ခဲ့သော်လည်းကောင်း ဘဏ္ဍာစား ထိုက်၏-ဟု ဘဏ္ဍာဒေယျကို ပြရာဖြစ်သော ဝိနိစ္ဆယ(ဝိ႒၁။၂၇၈)တွင်-

**ဘဏ္ဍာဒေယျံ နာမ ယံ ပရဿ နဋ္ဌံ၊ တဿ မူလံ ဝါ တဒေဝ ဝါ ဘဏ္ဍံ ဒါတဗ္ဗန္တိ အတ္ထော။ နော စေ ဒေတိ၊ သာမိကဿ ဓုရနိက္ခေပေ ပါရာဇိကံ။**

ဟူသောပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဘဏ္ဍာဒေယျံ နာမ၊ ဘဏ္ဍာဒေယျ-ဟူသည်ကား။ ဝါ၊ ဘဏ္ဍာစား ထိုက်၏-ဟူသည်ကား။ ပရဿ၊ သူတပါး၏။ ယံ၊ အကြင်ဘဏ္ဍာသည်။ နဋ္ဌံ၊ ပျက်ခဲ့အံ့။ တဿ၊ ထိုပျက်သော ဥစ္စာ၏။ မူလံ ဝါ၊ အဖိုးကိုသော်လည်းကောင်း၊ တဒေဝ ဝါ ဘဏ္ဍံ၊ ထိုဘဏ္ဍာကိုသော်လည်းကောင်း။ ဒါတဗ္ဗံ၊ ပေးအပ်၏။ ဣတိ အယံ အတ္ထော၊ ဤကား အနက်။ နော စေ ဒေတိ၊ အကယ်၍ မပေးနေခဲ့အံ့။ သာမိကဿ၊ ဥစ္စာရှင်၏။ ဓုရနိက္ခေပေ၊ ဝန်ချသော ခဏ၌။ ပါရာဇိကံ၊ ပါရာဇိကအာပတ်သို့ ရောက်၏။ (ရိုပ်မိကြ၊ သိကြလောက်ပြီ။)

ဤသို့ ကျမ်းဂန်လာသည်ကို ထောက်လျှင် ထောက်လှမ်းချက် ပေးပါဆိုသော်လည်း ကောင်း မဆိုဘဲလည်းကောင်း ရှေးမဆွက "ရဟန်းတို့ ပယောဂကြောင့် ကြေးငွေကုန်ကျ မရှိစေလင့်"ဟု မြစ်၍ ဝန်ခံစေပြီးမှ သွင်းရာ၌ အပြစ်မရှိ။ ယင်းသို့မဟုတ်၊ "ဤသူသည် ဤအမှုကို ပြုခဲ့သည်"ဟု အပြစ်နှင့်တကွ သွင်း၍ ကြေးငွေကုန်ကျရှိမူ ဘဏ္ဍာစား ထိုက်၏။ "ဆင်းရဲသားတို့ကို စိုးမင်းတို့က နှိပ်စက်၍ မငြိမ်မဝပ်၊ မချမ်းမသာ ရှိကြပါသည်။ ငြိမ်ဝပ်ချမ်း သာအောင် ပြုပါ"ဟု ပုဂ္ဂိုလ်ကို မရည်မညွှန်းဘဲ သာမည စာသွင်း၍ ကြေးငွေကုန်ကျရာ၌ အပြစ်မရှိ။

(၄) လယ်,ယာ,ဥယျာဉ်ကို ရဟန်းတို့က အကျိုးတော်ဆောင် ပြုလုပ်၍ ဆင်းရဲသားတို့ ပစ္စည်းဆုံးပါး၍ အရာတော်ဖြစ်သည့်အမှု၊

(၅) မင်းဇကရာဇ်က ဂိုဏ်းအုပ်,ဂိုဏ်းထောက်တို့ကို ရည်၍ လှူသော အလှူတော်များ ကို အမိန့်တော် မရသူတို့ ခံယူသည့်အမှု-ဟူသော စတုတ္ထပုစ္ဆာ, ပဉ္စမပုစ္ဆာတို့၌ အထူးဆုံး ဖြတ်ရန် မရှိ။

တတိယပုစ္ဆာ၏ ဝိသဇ္ဇနာတွင် ပြဆိုသော-

ဂိဝါ'ဿ ဒဏ္ဍိတေ ဒဏ္ဍော၊ သယံ ဒဏ္ဍာပနေ ပန။
ဒဏ္ဍဿ အဂ္ဃဘေဒေန၊ ဌေ ယျာ ပါရာဇိကာဒိကာ။ ။

ဟူသော အဋ္ဌကထာစကား၏ အရတွင် အတွင်းဝင်ပြီးဖြစ်၍ ဘဏ္ဍဒေယျ, ဘဏ္ဍဂ္ဃတို့ကို ယထာရဟ သိရာ၏။

ထိုစကားရပ်တို့ကို အကျယ်သိလိုမူ ခုဒ္ဒကသိက္ခာမည်သော လက်သန်းအဋ္ဌကထာ။ ၎င်းအဖွင့်ဋီကာ။ သမန္တပါသာဒိကာမည်သော ဘိက္ခုနီဥဒ္ဒေါသိတသိက္ခာပုဒ် အဖွင့်အဋ္ဌ-ကထာ၊ ၎င်းအဖွင့်သာရတ္ထဒီပနီ၊ ဝဇိရဗုဒ္ဓိ၊ ဝိမတိဝိနောဒနီဋီကာတို့မှာ ကြည့်လေ။

ညောင်ရမ်းမြို့ စီရင်စု၊ တောင်လက်၊ ကြက်တည်ကျောင်းပုဂ္ဂိုလ် ရှင်ဂန္ဓမာ-က "သူကြီး, မြို့ဝန်, စစ်ကဲ, နာခံ, အရာရှိတို့ကို ရဟန်းများက စာသွင်း၍ အရာကျသည့်အမှု, တစ်ဦးကို အမိန့်တော်ခံပေး၍ တစ်ဦးအရာကျသည့်အမှု, ထောက်လှမ်းချက်ပေး၍ အရာ မကျ၊ ကြေးငွေကုန်သည့်အမှု, လယ်ယာများကို ရဟန်းတို့ အကျိုးတော်ဆောင် ပြုလုပ်၍ စာဆက်သွင်းသောကြောင့် ဆင်းရဲသားတို့ ပစ္စည်းဆုံးပါး အရာတော်ဖြစ်သည့်အမှု, မင်းဇကရာဇ်က ဂိုဏ်းအုပ်, ဂိုဏ်းထောက်တို့ကို ရည်၍ လှူသောအလှူတော်များကို အမိန့်တော် မရသူတို့ ခံယူသည့်အမှု အရပ်ရပ်များကို နေရာကျ သိမှတ်ပါရအောင် အမိန့်ရှိ

တော်မူပါမည့်အကြောင်း"နှင့် လျှောက်ထားသောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ညွှန်ပြထုတ်ဆောင်၍ ၁၂၄၀-ပြည့်၊ သီတင်းကျွတ်လဆန်း၊ ၃-ရက်နေ့၊ ဒိပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိန်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## မော်လမြိုင်မြို့၊ မောင်တေ-စသော ဒကာတို့က ၁၀-ပါးသီလ၌ သာဝဇ္ဇ, အနဝဇ္ဇ-စသော အမေးပုစ္ဆာ ၄-ချက်ကို လျှောက်ထားခြင်းအကြောင်း

[ ၁၁၀ ] "ဘုရားတပည့်တော် မော်လမြိုင်မြို့နေ၊ ဒကာငတေ, ငမှူ, ငပုံ, ငညှင်း, ငရွှေသင်း, ငလူ, ငတူ, ငကျေး, ငကြီး, ငထွေးနှင့် သောထွေးငယ်, ငကျယ်, ငဝ, ငရွှေမြ, ငလှ, ငရိုး, ငမိုး, စံမြ, ငခ, ငအပ်, ငမှတ်, ငလူကလေး, ငထွေး, ငသစ်, ငကြည်နှစ်နှင့် ချစ်စု, ငဆင်, ငရွှေပင်, ငမှီ, ငရွှေဘီတို့ သုံးလီသော ဒွါရဖြင့် တုပ်ကွရိုကျိုး ရှိခိုးနားတော်လျှောက်ပါသည် ဆရာတော်ဘုရား။

(၁) ၁၀-ပါးသောသီလတွင် သုရာမေရယမှ အထက်ကို ယွင်းပျက်ရာ၌ သာဝဇ္ဇ, အနဝဇ္ဇ ၂-ပါးကိုလည်း ကွဲပြားသိလိုပါသည် တဝ။

(၂) ပရပုတ္တာဓမ္မာနုဂ္ဂဟာသည် ဒါယာဒ ဖြစ်,မဖြစ်။

(၃) ယခုခေတ်ကာလ အလှူခံသာမညတို့အား လှူကြသောဒါနသည် ဒိဋ္ဌဓမ္မ အကျိုးရှိ, မရှိ။

(၄) ဒိဋ္ဌိနိဂဏ္ဌိ, အလဇ္ဇီ, ဒုဿီလတို့အား လှူဒါန်းသော ဒါနသည် အာနိသံသ ရှိ, မရှိကို သိမှတ်ပါရအောင် ပြသဟောကြားတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။"

၎င်းဒါယကာတို့ လျှောက်ထားချက်အရ အဖြေဝိသဇ္ဇနာ—

[၁၁၀] (၁) သုရာမေရယ-က အထက် သီလ ၅-ပါးပျက်ရာ အပြစ်ရှိ, မရှိကို မေးလျှောက်သည်မှာ ဝါရိတ္တသီလ, စာရိတ္တသီလ-ဟူ၍ သီလ ၂-ပါးပြားသည်။ ထို ၂-ပါးတို့တွင်—

- ၅-ပါးသီလသည် ဒုစ္စရိတ, ဝေရ ၅-ပါးတို့ကို မပြုမကျင့်အပ်-ဟု မြစ်၍ ခွင့်ပြုတော်မူသော သီလဖြစ်သောကြောင့် **ဝါရိတ္တသီလ**-မည်၏။

- ဝိကာလ-စသော သိက္ခာပုဒ် ၅-ပါးသည် ကောင်းစွာ ကျင့်အပ်၏။ ကျင့်သော် အကျိုးရှိ၏-ဟု ခွင့်ပြုတော်မူသောကြောင့် **စာရိတ္တသီလ**-မည်၏။

ထို ၂-ပါးတို့တွင် ဝါရိတ္တသီလကို ၁-နေ့, ၁-နာရီမျှ မစောင့်မနေအပ်။ ဝါရိတ္တသီလ ပျက်သော် ဒုသီလဖြစ်၏။ စာရိတ္တသီလမှာမူကား မကျင့်လျှင် အပြစ်မရှိ။ ကျင့်သော် အကျိုးရှိ၏။ စာရိတ္တသီလပျက်ရာ၌ အပါယဂမနီယ၊ ဒုစ္စရိတဓမ္မတို့ကို အသီးအခြား ဘုရား ဟောတော်မူပြီးဖြစ်သောကြောင့် အပါယဂမနီယ မဖြစ်။ အပါယဂမနီယပင် မဖြစ်သော် လည်း အကုသိုလ်-ဟူက အချည်းနှီး မဖြစ်သင့်ရကား ပကတူပ ဖြစ်၏။

ပကတူပ-ဟူသည် အကြင်အမှတ်မရှိသော အကုသိုလ်တရားသည် တပါးသော အကုသိုလ်ဓမ္မတို့အား အားကြီးစွာဖြစ်၍ ကျေးဇူးပြုနိုင်၏။

အကုသိုလ်တရားကို အလေ့အကျက် အားကြီးစွာ ပြုလေ့ရှိသောသူသည် တပါးသော အကုသိုလ်ကို ပြုခြင်း၌ မခဲယဉ်း၊ လွယ်သည်သာ ဖြစ်၏။ မိမိသန္တာန်၌ဖြစ်သော ရာဂကို အမှီပြု၍ သူ၏အသက်ကို သတ်ခြင်း-စသော အဆက်ဆက်သော အကုသိုလ် တရားတို့ကို ဖြစ်စေ၏။

ထိုအကုသိုလ်တရားတို့သည်လည်း တစ်ခုသောအကျင့် အကုသိုလ်တရားသည် ထိုထိုအကုသိုလ်တရားတို့အား အချင်းချင်း တစ်ခုသည် တစ်ခုအား ပကတူပဖြစ်၍ ကျေးဇူး ပြုနိုင်၏။

ထို့ကြောင့် မြတ်စွာဘုရားသည်-

**အကုသလော ဓမ္မော အကုသလဿ ဓမ္မဿ ဥပနိဿယပစ္စယေန ပစ္စယော ။လ။ ပကတူပနိဿယော- ရာဂံ ဥပနိဿာယ ပါဏံ ဟနတိ။ အဒိန္နံ အာဒိယတိ။**

စသည်ဖြင့် ဟောတော်မူသည်။ (ပဋ္ဌာန၊၁။၁၄၈)

အကုသလော ဓမ္မော၊ အကုသိုလ်ဖြစ်သော တရားသည်။ အကုသလဿ ဓမ္မဿ၊ အကုသိုလ်ဖြစ်သော တရားအား။ ဥပနိဿယပစ္စယေန၊ ဥပနိဿယသတ္တိဖြင့်။ ပစ္စယော၊ ကျေးဇူးပြုတတ်သည်။ ဟောတိ၊ ဖြစ်၏။ ပကတူပနိဿယော၊ ပကတူပနိဿယသည်။ ရာဂံ၊ တပ်ခြင်း ရာဂကို။ ဥပနိဿာယ၊ မှီ၍။ ပါဏံ၊ သူ၏အသက်ကို။ ဟနတိ၊ သတ်၏။ အဒိန္နံ၊ အရှင်မပေးသော ဥစ္စာကို။ အာဒိယတိ၊ ယူ၏။

ပကတူပအရာကို ဒေသနာလာတိုင်း ပြဆိုလျှင် ကျယ်လွန်းအံ့။

*[ဤကျမ်း၊ ဒုတိယတွဲ၊ တတိယပိုင်း၊ ပုဒ်မ-၁၁၀၊ အပိုဒ် ၂-အတွက် အဖြေကို ဤကျမ်း၊ ဒုတိယတွဲ၊ ဒုတိယပိုင်း၊ ပုဒ်မ-၉၄၊ အပိုဒ်-၁၊ စာမျက်နှာ ၇၅၆-တွင် ပါပြီးဖြစ်သည်။ ပြန်ရှုရန်။]*

**ဤတွင်ရွေ့ ၁၀-ပါးသီလတွင် သုရာမေရယ-မှ အထက်ကို ယွင်းပျက်ရာ၌ သာဝဇ္ဇ, အနဝဇ္ဇ ၂-ပါးကို ကွဲပြားသိသာအောင် ပြဆိုသော စကားတစ်ရပ် အပြီးသတ်တည်း။**

(၂) ပရပုတ္တဓမ္မာနုဂ္ဂဟသည် သာသနဒါယာဒ-ဖြစ်မည်, မဖြစ်မည်ကို မေးလျှောက်သည်မှာ သကပုတ္တကိုပင်ဖြစ်စေ, ပရပုတ္တကိုပင်ဖြစ်စေ သာသနာတွင်း၌ သွတ်သွင်းချီးမြှင့်၍ ရဟန်းတရားကို အားထုတ်ကျင့်ဆောင်စေလျှင် သာသနဒါယာဒ-ဖြစ်၏။ မြတ်စွာဘုရား၏ အမွေတော်ကို ခံရသည် မည်၏။ သာသနာတော်ကို မဆုတ်မယုတ်စေဘဲ တိုးပွါးကြီးမားစေသည် မည်၏။

ထိုသို့ဖြစ်လျက် အရှင်မောဂ္ဂလိပုတ္တတိဿသခင် အရှင်ရဟန္တာပုဂ္ဂိုလ်မြတ်သည် အဘယ်ကြောင့်–

**ယော ဟိ ကောစိ မဟာရာဇ အဗ္ဘော ဝါ ဒလိဒ္ဒေါ ဝါ အတ္တနော ဩရသံ ပုတ္တံ ပဗ္ဗာဇေတိ၊ အယံ ဝုစ္စတိ မဟာရာဇ ဒါယာဒေါ သာသနဿ။** (ဝိ၄၊၁။၃၈)

ဟု ဟောတော်မူလေသနည်းဟူမူ–

ဓမ္မာသောကမင်းကြီး၏ သားတော်ဖြစ်သော မဟိန္ဒမင်းသား၏ မင်္ဂဖိုလ်ရလတ္တံ့သော ဥပနိဿယကို မြင်တော်မူသောကြောင့်လည်းကောင်း ထိုမဟိန္ဒမင်းသားသည် ရဟန်းအဖြစ်ကို ရပြီးသော် သာသနာတော်၌ အလွန်အကျိုးကြီးမား တိုးပွါးမြင့်မြတ်ခြင်းဖြစ်မည်ကို မြင်တော်မူသောကြောင့်လည်းကောင်း "သူတပါးတို့၏ သား, မြေးတို့ကို သာသနာတော်၌ သွတ်သွင်းချီးမြှင့်ရလျှင်ပင် သာသနဒါယာဒဖြစ်၏"ဟု ဟောတော်မူချေက ဓမ္မာသောကမင်းကြီးသည် ဇမ္ဗူဒီပါတစ်ကျွန်းလုံး၌ ရှိသောသူတို့၏ သား, မြေးကို ပင်သော်လည်း ရှင်ရဟန်းပြုနိုင်ရာ၏။ ထိုသို့သော်လည်း သားတော်မဟိန္ဒကဲ့သို့ သာသနာဝုဍ္ဍိ ဝိရုဠှိတရား အားကြီးစွာဖြစ်နိုင်မည့်သူ မရှိ၊ သားတော်မဟိန္ဒမင်းသားကို သာသနာတော်၌ ထားရလျှင် မင်းကြီးအား အားကြီးစွာ သာသနာတော်နှင့် စပ်သောစိတ်ဖြစ်၍ ချီးမြှင့်ထောက်ပံ့ခြင်းကို ဖြစ်စေလိုရကား ဤသို့ မိန့်တော်မူသတည်း။

ထို့ကြောင့် သမန္တပါသာဒိကမည်သော အဋ္ဌကထာ၌–

> ရာဇပုတ္တဿ မဟိန္ဒဿ ဥပနိဿယသမ္ပတ္တိံ သမ္ပဿမာနော "သစေ အယံ ကုမာ-
> ရော ပဗ္ဗဇိဿတိ၊ သာသနဿ အတိဝိယ ဝုဍ္ဍိ ဘဝိဿတီ"တိ စိန္တေတွာ ရာဇာနံ
> တေ'ဒဝေါစ။

ဟူသောပါဠိ(ဝိ၊ဌ၊၁။၃၈)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဟိ သစ္စံ၊ ထိုစကားမှန်၏။ မဟာရာဇ၊ ဓမ္မာသောကမင်းကြီး။ အဗ္ဘော ဝါ၊ လောကင
ကုံလုံ၊ ပြည့်စုံကြွယ်ဝသည်လည်း ဖြစ်သော။ ဒလိဒ္ဒေါ ဝါ၊ ဆင်းရဲခေါင်းပါးသည်လည်းဖြစ်
သော။ ယော ကောစိ ပုဂ္ဂလော၊ အကြင်အမှတ်မရှိသော ပုဂ္ဂိုလ်သည်။ အတ္တနော၊ မိမိ၏။
ဩရသံ၊ ရင်၌ဖြစ်သော။ ပုတ္တံ၊ သားကို။ ပဗ္ဗာဇေတိ၊ ရှင်ရဟန်းပြု၏။ အယံ ပုဂ္ဂလော၊
ဤပုဂ္ဂိုလ်ကို။ သာသနဿ၊ သာသနာတော်၏။ ဒါယာဒေါတိ၊ အမွေခံ-ဟူ၍။ ဝုစ္စတိ၊
ဆိုအပ်၏။

ရာဇပုတ္တဿ မဟိန္ဒဿ၊ မဟိန္ဒမင်းသား၏။ ဥပနိဿယသမ္ပတ္တိံ၊ မဂ်ဖိုလ်
အဆောက်အဦ၏ ပြည့်စုံခြင်းကို။ သမ္ပဿမာနော၊ မြင်တော်မူသည်ဖြစ်၍။ "အယံ ကုမာ-
ရော၊ ဤမင်းသားသည်။ သစေ ပဗ္ဗဇိဿတိ၊ အကယ်၍ ရဟန်းပြုသည်ဖြစ်အံ့။ အတိဝိယ၊
အလွန်လျှင်။ သာသနဿ၊ သာသနာတော်၏။ ဝုဍ္ဍိ ကြီးပွါးခြင်းသည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။
" ဣတိ၊ ဤသို့။ စိန္တေတွာ၊ ကြံအောက်မေ့တော်မူ၍။ ရာဇာနံ၊ ဓမ္မာသောက မင်းကြီးကို။
တေ ဝစနံ၊ (ယော ဟိ ကောစိ မဟာရာဇ) အစရှိသော စကားကို။ အဝေါ စ၊ မိန့်တော်မူ၏။

ထို့ကြောင့် သကပုတ္တပင်ဖြစ်စေ, ပရပုတ္တပင်ဖြစ်စေ သာသနာတော်နှင့် စပ်သော
စိတ် ဖြစ်သည်သာ ပဓာနဖြစ်၍ သာသနဒါယာဒ-ဟု ဧကန်မုချ မှတ်ရာ၏။

ထို့ကြောင့် အရှင်မဟိန္ဒ ဟောတော်မူအပ်သော ပါဠိတော်အရမှာလည်း–

> ယော ကောစိ ပုဂ္ဂလော အဗ္ဘော ဝါ ဒလိဒ္ဒေါ ဝါ အတ္တနော ပုတ္တနေတ္တေ ဝါ
> ပရေသံ ပဗ္ဗာဇေတိ၊ အယံ ဝုစ္စတိ ဒါယာဒေါ သာသနဿ။

ဟူသော အနက်သဘောကို သိရာ၏။

ပဗ္ဗဇ-ဟူသော ပုဒ်များ၌ ပဗ္ဗဇ္ဇ-ဟု ဇ-ဒွေးဘော်နှင့် ရှိတတ်ကြ၏။ ပဗ္ဗဇ-ဟု ဇ-
ဒွေးဘော် ကင်း၍ ရှိမှ သင့်သည်။

ဤတွင်ရွေ့ ပရပုတ္တဓမ္မာနုဂ္ဂဟသည် သာသနဒါယာဒ ဖြစ်သည်, မဖြစ်သည်ကို
ပြဆိုသော စကားတစ်ရပ် အပြီးသတ်တည်း။

(၃) ယခုခေတ်ကာလ အလှူခံသာမညတို့အား လှူကြသောဒါနသည် ဒိဋ္ဌဓမ္မ အကျိုးရှိ, မရှိကို မေးလျှောက်သည်မှာ–

*[ဤကျမ်း၊ ဒုတိယတွဲ၊ တတိယပိုင်း၊ ပုဒ်မ-၁၁၀၊ အပိုဒ် ၃-အတွက် အဖြေကို ပထမတွဲ (လုံးတော်)၊ စတုတ္ထပိုင်း၊ ပုဒ်မ-၆၀၊ အပိုဒ် ၂ စာမျက်နှာ ၄၄၁-တွင် ပါပြီးဖြစ်သည်။ ပြန်ရှုရန်။ ]*

ထိုစကားရပ်တို့ကို အကျယ်သိလိုလျှင် ပဋ္ဌာန်းပါဠိ, အဋ္ဌကထာ။ ၎င်းအဖွင့်ဋီကာ၊ သဒ္ဒနီတိ၊ အဘိဓာန်ဋီကာ။ မောဂ္ဂလာန်၊ တိသနိပါတ်၊ ၂-ခုမြောက်သော ကုမ္ဘဇာတ်-အဋ္ဌကထာ။ သမန္တပါသာဒိကမည်သော ဝိနည်းအဋ္ဌကထာ။ ၎င်းအဖွင့်သာရတ္ထဒီပနီဋီကာ။ သဂါထာဝဂ္ဂ ဒေဝပုတ္တသံယုတ်အဋ္ဌကထာ, ဋီကာ။ ၎င်းကောသလသံယုတ်အဋ္ဌကထာ, ဋီကာ။ ဥပရိပဏ္ဏာသ၊ ဒက္ခိဏာဝိဘင်္ဂသုတ်၊ သံယုတ်ပါဠိ,အဋ္ဌကထာ။ ဓမ္မပဒအဋ္ဌကထာ။ ၂၄-ခုမြောက်သော တဏှာဝဂ်အစု။ ကပိလမစ္ဆဝတ္ထု။ ပရမတ္ထဇောတိကမည်သော သုတ္တနိပါတ်အဋ္ဌကထာ။ ဝိသတိနိပါတ်၊ မာတင်္ဂဇာတ်အဋ္ဌကထာ။ မနောရထပူရဏီမည်သော ဧကနိပါတ်၊ တိကနိပါတ်၊ စတုက္ကနိပါတ်၊ ပဉ္စကနိပါတ်၊ အင်္ဂုတ္တိုရ် ပါဠိ,အဋ္ဌကထာ။ အပဒါန်ပါဠိ,အဋ္ဌကထာ။ ပုဂ္ဂလပညတ်ပါဠိတော်, အဋ္ဌကထာ။ ဝိနည်းပရိဝါပါဠိတော်, အဋ္ဌကထာ။ မူလပဏ္ဏာသသမ္မာဒိဋ္ဌိသုတ်၊ ပါဠိ, အဋ္ဌကထာ။ ၎င်းစူဠဝေဒလ္လသုတ်ပါဠိ, အဋ္ဌကထာ။ ဥပရိပဏ္ဏာသ၊ သာမညသုတ်ပါဠိ, အဋ္ဌကထာတို့မှာ ကြည့်လေ။

ဤသို့ ကျမ်းဂန်အရာကို ညွှန်ပြရခြင်းသည် အဘယ်အကျိုးရှိသနည်းဟူမူကား မြတ်စွာဘုရားသည်သာလျှင် ပိဋကတ် ၃-ပုံတို့၌ အနက်၏ ဖွင့်ခြင်းအစဉ်ကို ဟောတော်မူ၏။ များသောအားဖြင့် တပါးကုန်သော အဋ္ဌကထာ, ဋီကာတို့သည် ရှိကုန်ရကား ပညာရှိတို့သည် ကောင်းစွာ မှတ်ယူလွယ်ခြင်း အကျိုးရှိ၏။ ထို့ကြောင့် ကျမ်းဂန်အရာကို အသေအချာ ညွှန်ပြထုတ်ဆောင်အပ်သတည်း။

မော်လမြိုင်မြို့နေ ဒကာ ငတော၊ ငမှူ၊ ညွှင်း၊ ငရွှေသင်း၊ ငလူ၊ ငတူ၊ ငကြေး၊ ငကြီးထွေးနှင့်, သောထွေးငယ်၊ ကြွယ်၊ ငဝ၊ ငရွှေမြ၊ ငလှ၊ ငရိုး၊ ငမိုး၊ စံမြ၊ ငခါ၊ ငအပ်၊ ငမှတ်၊ ငလူကလေး၊ ငထွေး၊ သေစ်၊ ကြည်နှစ်နှင့်, ငချစ်စု၊ ဆောင်၊ ငရွှေအင်၊ ငမှိ၊ ငရွှေဘီတို့က “၁၀-လီသီလတွင် သုရာမေရယမှ အထက်ကို ယွင်းပျက်ရာ၌ သာဝဇ္ဇ,အနဝဇ္ဇ ၂-ပါးကိုလည်း ကွဲပြားစွာ သိလိုပါသည် တဝ၊ ပရပုတ္တဓမ္မာနုဂ္ဂဟသည် ဒါယာဒ ဖြစ်,မဖြစ်၊ ယခုခေတ်ကာလ အလှူခံသာမညတို့အား လှူကြသောဒါနသည် ဒိဋ္ဌဓမ္မ အကျိုးရှိ, မရှိ၊ ဒိဋ္ဌိနိကဏ္ဍ အလဇ္ဇီ ဒုသီလတို့အား လှူကြသောဒါနသည် အာနိသံသ ရှိ,မရှိကို သိမှတ်ပါရမည့်အကြောင်း”နှင့် လျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ညွှန်ပြထုတ်ဆောင်၍ ၁၂၄၁-ခု၊ တပို့တွဲလဆန်း၊ ၁၅-ရက်နေ့ ရတနာပုံရွှေမြို့တော်ကြီး၏ မြောက်ပြင်၊

မန္တလေးတောင် အနောက်စောင်းတန်းအတက်၊ လက်ယာဘက်တွင် သီတင်းသုံးနေတော်မူသော ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိဒ်မြို့ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## ဒါယကာမောင်ရွှေပင်-က ဥက္ကာကျခြင်း, တော်လည်းခြင်းကို သိလိုကြောင်းနှင့် လျှောက်ထားချက်

[ ၁၁၁ ] "ဘုရားတပည့်တော် ရတနာပုံရွှေမြို့တော်အတွင်း၊ ပန်းဘဲတန်းရပ်နေ ဒကာရွှေပင် ခြေတော်ဦးခိုက် လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား။

ဥက္ကာကျသည်, တော်လည်းသည်-ဟု ပြောဆိုကြသော စကားသည် လောကၠ ထင်ရှားပါသည်။ ထိုသို့ ထင်ရှားသော်လည်း ဥက္ကာကျခြင်း၏အကြောင်း, ဥက္ကာ၏ အခြင်းအရာ၊ တော်လည်းခြင်း၏အကြောင်း, တော်လည်းသော အခြင်းအရာများကို နေရာကျ မသိဖြစ်ပါ၍ နေရာကျ သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့် အကြောင်းကို ခြေတော်ဦးခိုက် လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား။"

ရင်းဒါယကာ လျှောက်ထားချက်အရ အဖြေဝိသဇ္ဇနာ-

**ဥက္ကာကျခြင်း၏အကြောင်း, ဥက္ကာ၏အခြင်းအရာကို မေးလျှောက်သည်မှာ-**

[၁၁၁] သုမင်္ဂလဝိလာသိနီမည်သော သုတ်မဟာဝါ၊ ရှေးဦးစွာသော မဟာပဒါနသုတ်၊ အဋ္ဌကထာတွင်-

**ယထာ လောကေ မဟာပုညာနံ ရာဇရာဇမဟာမတ္တာဒီနံ ယေဝ ဥက္ကာပါတဘူမိ-စာလစန္ဒဂ္ဂါဟာဒီနိ နိမိတ္တာနိ ပညာယန္တိ။**

ဟု လာသည်။ (ဒီ၊၄၊၂။၂၁)

လောကေ၊ လောကၠ။ မဟာပုညာနံ၊ ဘုန်းကြီးကုန်သော။ ရာဇရာဇမဟာမတ္တာဒီနံ ယေဝ၊ မင်း, မင်း၏အမတ်-အစရှိသော သူတို့အားသာလျှင်။ ဥက္ကာပါတဘူမိစာလ-စန္ဒဂ္ဂါဟာဒီနိ နိမိတ္တာနိ၊ ဥက္ကာကျခြင်း, မြေလှုပ်ခြင်း, နေ-လကြတ်ခြင်း- အစရှိကုန်သော နိမိတ်တို့သည်။ ပညာယန္တိ၊ ထင်ကုန်၏။

'ရာဇရာဇမဟာမတ္တာဒိန်'-၌ အာဒိဝန်ကား ဘုန်းရှိသော သီလဝန္တ, ဂုဏဝန္တ-တာပသ, သမဏ, ဗြာဟ္မဏတို့ကို ယူ။

ဥက္ကာ-ဟူရာ၌ ကောင်းကင်မှ မီးရှူးအရောင်ကဲ့သို့ဖြစ်၍ ကျသည်ကို ဥက္ကာ-ဟု ခေါ်ဝေါ်ကြကုန်၏။ ထို့ကြောင့် သုတ်သီလက္ခန်အဋ္ဌကထာ၌-

ဥက္ကာပါတောတိ အာကာသတော ဥက္ကာနံ ပတနံ။

ဟူသောပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (ဒီ၊ဋ္ဌ၊၁၊၉၀)

ဥက္ကာပါတောတိ၊ ဥက္ကာပါတော-ဟူသည်ကား။ ဝါ၊ ဥက္ကာကျသည်-ဟူသည်ကား။ အာကာသတော၊ ကောင်းကင်မှ။ ဥက္ကာနံ၊ မီးရှူးရောင်တို့၏။ ပတနံ၊ ကျခြင်းတည်း။

မီးရှူးရောင်ကဲ့သို့ဖြစ်၍ ကျသည်ဆိုသောအရာမှာလည်း လေအစုတို့၏ အဟုန်သည် အချင်းချင်း ထိခိုက်ကြသဖြင့် ပြင်းသောအဟုန်ကြောင့် မီးရှူးရောင်ကဲ့သို့ ဖြစ်၍ ကောင်းကင်မှ ကျလတ်၏။ ထိုသို့ ကျသည်ကို ဥက္ကာကျသည်-ဟု ခေါ်ဝေါ်ကြကုန်၏။ ထို့ကြောင့် သုတ်သီလက္ခန်ဋီကာ(သီဋီ။၁၃၀)၌-

ဝါတသံဃာတေသု ဟိ ဝေဂေန အညမညံ သံယုဋ္ဌေသု ဒီပိကောဘာသော ဝိယ ဩဘာသော ဥပ္ပဇ္ဇိတွာ အာကာသတော ပတတိ။ တတြာ'ယံ ဥက္ကာပါတ-ဝေါဟာရော။

ဟူသောပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဟိ၊ ထင်စွာပြအံ့။ ဝါတသံဃာတေသု၊ လေအစုတို့သည်။ ဝေဂေန၊ အဟုန်ဖြင့်။ အညမညံ၊ အချင်းချင်း။ သံယုဋ္ဌေသု၊ တိုက်ခိုက်ကြကုန်သည်ရှိသော်။ ဒီပိကောဘာသော ဝိယ၊ မီးရှူးရောင်ကဲ့သို့။ ဩဘာသော၊ အရောင်သည်။ အာကာသတော၊ ကောင်းကင်မှ။ ဥပ္ပဇ္ဇိတွာ၊ ဖြစ်၍။ ပတတိ၊ ကျ၏။ တတြ၊ ထိုမီးရှူးရောင်ကဲ့သို့ဖြစ်၍ ကျရာ၌။ အယံ ဥက္ကာပါတဝေါဟာရော၊ ဤဥက္ကာကျသည်-ဟု ခေါ်ဝေါ်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

လောကီအလိုကား ကြီးသော အလျှံရှင်း, သေးငယ်သော အလျှံဖျားရှိသော နီနီ, ညိုညိုသော အလျှံဖြင့် တောက်ထွန်းလျက် ၁-သူမျှလောက်သော အလျှံကို ဥက္ကာ-ဟူ၍ ဆိုအပ်ကုန်၏။ ထို့ကြောင့် ဇောတိတတ္တမည်သော ကျမ်း၌-

ဗြိဟာစ္စိကာ စ သုကာဂြာ၊ ရတ္တနိလဂီခေါဇ္ဇလာ။
ပေါရုသ ပြမာဏေန စ၊ ဥက္ကာ နာနာဝိဓာ သွတာ။ ။

ဟူသော ပါဌ်ကို ပြဆိုသတည်း။

ပြဟ’စ္စိကာ၊ ကြီးသော အလျှံရှင်းရှိသော။ သုကာဂြာ၊ သေးငယ်သော အလျှံဖျား ရှိသော။ ရတ္တနိလဂီခေါဇ္ဇလာ၊ နီနီ, ညိုညိုသော အလျှံဖြင့် တောက်ထွန်းသော။ ပြမာဏေန စ၊ ပြမာဏ-အားဖြင့်လည်း။ ပေါရူသ၊ ၁-သူခန့်လောက်သော။ ဥက္ကာ၊ ဥက္ကာကို။ နာနာဝိဓာ၊ အထူးထူးအပြားပြား ရှိကုန်၏-ဟူ၍။ သွတာ၊ သမုတ်အပ်ကုန်၏။ ဝါ၊ သိအပ်ကုန်၏။

[သုကာဂြာ-ကို ဆုကာဂြာ-ဟု ဖတ်၊ ဂီခေါဇလာ-ကို ဆီခေါဇ္ဇလာ-ဟူ၍ ဖတ်။ ပေါရူသ-ကို ပေါရူဆ-ဟူ၍ ဖတ်၊ သွတာ-ကို ဆမ္ဗိတာ(ဆမ္မိတာ)-ဟူ၍ ဖတ်။ သင်္သကရိုင်အလို ဆွရ-တည်း။ အဲ့သရ-ဟူလို၏။]

ဤသို့လာသော ပိဋကတ်ကျမ်း, လောကီကျမ်းတို့တွင် ပိဋကတ်တော်ကျမ်း၌ လေဖြင့် အလျှံဖြစ်၍ ကောင်းကင်မှ ကျသည်-ဟူရကား နိမိတ်ဖြစ်လိုသဖြင့် ဂြိုဟ်,ကြယ်တို့မှ လည်းကောင်း အလွတ်ကောင်းကင်မှလည်းကောင်း ကျသည် ယူရန်ရှိ၏။

သတြပါရာမည်သော **အဟောစာ၌ကား** “ကောင်းကင်ထက်မှ၊ ဥက္ကာကျ၍၊ တောက်ပညီးညီး၊ မီးခိုးလျှံသို့”ဟု စပ်ဆိုသည်။ သတြပါရာ-၌ ဆတြပါရာ-ဟူ၍ ဖတ်။

ဇာကနိပါတ်၊ မဂ်လဇာတ် အဖွင့်ဋီကာ၌ကား-

ဥက္ကာပါတောတိ မဟန္တတာရကာနံ ပတနံ။ — ဟူ၍ လာသည်။

ဥက္ကာပါတောတိ၊ ဥက္ကာပါတော-ဟူသည်ကား။ ဝါ၊ ဥက္ကာကျသည်-ဟူသည်ကား။ မဟန္တတာရကာနံ၊ ကြီးသော ကြယ်တို့၏။ ပတနံ၊ ကျခြင်းတည်း။

ဤသို့လာသော ဇာကနိပါတ်၊ မဂ်လဇာတ် ဋီကာအလိုသော်ကား နိမိတ်အထူး ဖြစ်လိုလတ်သော် ကောင်းကင်မှ ကြယ်တို့ကျသည်ကိုပင် ဥက္ကာကျသည်-ဟု ဆိုသည်-ဟု ယူရန်ရှိ၏။

ဤတွင် ဤဥက္ကာကျခြင်း၏ အကြောင်း, ဥက္ကာ၏ အခြင်းအရာကို ပြဆိုသော စကားတစ်ရပ် အပြီးသတ်တည်း။

တော်လည်းခြင်း၏အကြောင်း, တော်လည်းသော အခြင်းအရာတို့ကို မေးလျှောက် သည်မှာ-

သုတ်သီလက္ခန်ပါဠိတော်၌ ဒေဝဒုန္ဒုဘိ-ဟူ၍ ဟောတော်မူသည်။ ဒေဝဒုန္ဒုဘိ၊ မိုးစည်တီးသည်။ မိုးစည်တီးသည်ဟူသည်ကား မိုးမရွာဘဲ လေဟုန်ဖြင့် ခြောက်သော တိမ်တိုက်ချင်း ခတ်မိ၍ ပြင်းစွာ မိုးကြိုးသည်ကိုပင် မိုးစည်တီးသည်-ဟု ဆိုကုန်၏။

ထို့ကြောင့် သုတ်သီလက္ခန်အဋ္ဌကထာ(ဒီ႒၁။၉၀)၌-

ဒေဝဒုန္ဒုဘိ(ဒီ၊၁။၁၀)တိ သုက္ခဝလာဟကဂဇ္ဇနံ။

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဒေဝဒုန္ဒုဘိတိ၊ ဒေဝဒုန္ဒုဘိ-ဟူသည်ကား။ ဝါ၊ မိုးစည်တီးသည်-ဟူသည်ကား။ သုက္ခဝလာဟကဂဇ္ဇနံ၊ မိုးမရွာဘဲ လေဟုန်ဖြင့် ခြောက်သော တိမ်တိုက်တို့၏ ခတ်မိခြင်းကြောင့် မိုးကြိုးခြင်းတည်း။

ခြောက်သော တိမ်တိုက်ချင်း ခတ်မိ၍ မိုးကြိုးကျသည်-ဟူသည်ကား မိုးရွာခြင်းကို ကြည့်၍ လှုပ်ရှားသော တိမ်တိုက်၏ မြည်ခြင်းတည်း။ အကြင်သို့ မြည်ခြင်းကို တော်လည်းသည်-ဟူ၍ လောကီဆရာတို့ ဆိုကုန်၏။ ထို့ကြောင့် သုတ်သီလက္ခန်ဋီကာသစ်၌-

သုက္ခဝလာဟကဂဇ္ဇနန္တိ ဝုဋ္ဌိမန္တရေန ဝါယုဝေဂစလိတဿ ဝလာဟကဿ နဒနံ။
ယံ လောကိယာ "နိဃာတော"တိ ဝဒန္တိ။

ဟူသောပါဠ်(သီဋီ၊သစ်၊၁။၃၇၃)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

သုက္ခဝလာဟကဂဇ္ဇနန္တိ၊ သုက္ခဝလာဟကဂဇ္ဇနံ-ဟူသည်ကား။ ဝါ၊ ခြောက်သော တိမ်တိုက်ချင်း ခတ်မိ၍ မိုးကြိုးသည်-ဟူသည်ကား။ ဝုဋ္ဌိမန္တရေန၊ မိုးရွာခြင်းကို ကြည့်၍။ ဝါယုဝေဂစလိတဿ ဝလာဟကဿ၊ လေအဟုန်ဖြင့် လှုပ်ရှားသော တိမ်တိုက်၏။ နဒနံ၊ မြည်ခြင်းတည်း။ ယံ၊ အကြင်သို့ မြည်ခြင်းကို။ နိဃာတောတိ၊ တော်လည်းသည်-ဟူ၍။ လောကိယာ၊ ဗေဒင်ဆရာတို့သည်။ ဝဒန္တိ၊ ဆိုကြကုန်၏။

လောကီအလိုဖြင့်သော်ကား ကောင်းကင်၌ အားကြီးပြင်းထန်သော လေကို လေချင်း ခတ်မိ၍ ဖြစ်သော, ပြင်းစွာ အောက်သို့ကျသော အသံသည် တော်လည်းသည် မည်၏။ ထိုအသံသည် လေကြောင့် ဖြစ်၏။

ထို့ကြောင့် ဇောတိတတ္တ-စသော လောကီသသ်ကရိုင်ကျမ်းတို့၌-

ယဒါ'န္တလိက္ခေ ဗလဝါ၊ မာလုတော မာလုတာ'ဟတော။
ပတတျ'ဓော သ နိဃာတော၊ ဇာယတေ ဝါယုသမ္ဘဝေါ။ ။

ဟူ၍ လာသည်။

ယဒါ၊ အကြင်အခါ၌။ အန္တလိက္ခေ၊ ကောင်းကင်ပြင်၌။ ဗလဝါ၊ အားကြီးပြင်းထန်သော။ မာလုတော၊ လေကို။ မာလုတာ'ဟတော၊ လေချင်း ခတ်မိသည်ဖြစ်၍။ အဓော၊

အောက်သို့။ ပတတိ၊ ကျ၏။ တဒါ၊ ထိုအခါ၌။ သ နိယာတော၊ ထိုသို့ကျသော တော်လည်းခြင်းသည်။ ဝါယုသမ္ဘဝေါ၊ လေလျှင် အကြောင်းရှိသည်ဖြစ်၍။ ဇာယတေ၊ ဖြစ်၏။

ဤသို့ ကျမ်းဂန်လာသောကြောင့် ကောင်းကင်၌ တိမ်တိုက်ချင်းချင်း ခတ်မိကြ၍ ပြင်းထန်စွာမြည်သော အသံကို တော်လည်းသည်-ဟူ၍ မှတ်ရာ၏။

ထိုစကားရပ်တို့ကို အကျယ်သိလိုလျှင် သုတ်သီလက္ခန်ပါဠိ,အဋ္ဌကထာ,ဋီကာ။ သုတ်မဟာဝါ။ မဟာပဒါနသုတ် အဋ္ဌကထာ။ ဧကနိပါတ်၊ မင်္ဂလဇာတ်ဋီကာ။ ဇောတိတတ္တ-စသော လောကီသင်္ကရိုဠ်ကျမ်းတို့မှာ ကြည့်လေ။

ရတနာပုံရွှေမြို့တော်အတွင်း၊ ပန်းဘဲတန်းရပ်နေ၊ ဒကာငရွှေပင်က "ဥက္ကာကျခြင်း၏အကြောင်း, ဥက္ကာကျသော အခြင်းအရာ၊ တော်လည်းခြင်း၏အကြောင်း, တော်လည်းသော အခြင်းအရာများကို အသေအချာ သိမှတ်လိုပါသည်"ဟု လျှောက်သောကြောင့် လောကဓမ္မကျမ်းလာကို ပြ၍ ၁၂၄၁-ခု၊ တပို့တွဲလပြည့်ကျော်၊ ၁-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိ-ရတနာသိမ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## ရဟန်းတော် ရှင်ကိတ္တိ-က ပေယျာလ-ထားသည်ကို သိလိုကြောင်းနှင့် လျှောက်ထားချက်

[ ၁၁၂ ] "ဘုရားတပည့်တော် သဘော်တော်ဆိပ်ကမ်း၊ စိန်ပန်းကြီးရွာ၊ ရဟန်းရှင်ကိတ္တိ လျှောက်ပါသည် ဆရာတော်ဘုရား။

ပကိဏ္ဏကဝိသဇ္ဇနာ၊ တတိယထုပ်၊ ပဉ္စမတွဲ၊ သတ္တမ၊ ဗိဇ္ဇုဒ္ဓရဏပုစ္ဆာတွင်–

တတ္ထ ကတမာ ဝိဟိံသာဓာတု ဝိဟိံသာပတိသံယုတ္တော တက္ကော ဝိတက္ကော ။လ။ မိစ္ဆာသင်္ကပ္ပေါ။ အယံ ဝုစ္စတိ ဝိဟိံသာဓာတု။

ဟူသော ဓာတုဝိဘင်းပါဠိတော်ကို ထုတ်ဖော်ဟောပြောတော်မူရာ 'တက္ကော ဝိတက္ကော ။လ။'-ဟူ၍ ရှိရာ၌ အဘယ်ကို ရည်၍ ပေယျာလ-ကို ထားသည်-ဟု နေရာကျကျ ကြံဆ၍ မသိနိုင်ကြရှိပါ၍ နေရာကျကို သိမှတ်ပါရအောင် ထပ်မံ ဖြေဆိုတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား"။

ရှင်းရဟန်းတော် ရှင်ကိတ္တိ လျှောက်ထားချက်အရ အဖြေဝိသဇ္ဇနာ–

**[၁၁၂] တက္ကော ဝိတက္ကော ။ပေ။ အယံ ဝုစ္စတိ ဝိဟိံသာဓာတု။**

ဟူသော ဝိဘင်းပါဠိတော်၏အရ ပေယျာလ-ကို မေးလျှောက်သည်မှာ အထက် ကာမဓာတု အရတွင် ပြဆိုခဲ့သော–

**သင်္ကပ္ပေါ အပ္ပနာ ဗျပ္ပနာ စေတသော အဘိနိရောပနာ။**

ဤ ၄-ခုသော ပုဒ်တို့ကို ပေယျာလနှင့် ပြသည်။ ထို့ကြောင့် ထိုပါဠိတော်(အဘိ၊ဝိ၊၈၈)ကို-

> **တတ္ထ ကတမာ ဝိဟိံသာဓာတု? ဝိဟိံသာပဋိသံယုတ္တော တက္ကော ဝိတက္ကော သင်္ကပ္ပေါ အပ္ပနာ ဗျပ္ပနာ စေတသော အဘိနိရောပနာ မိစ္ဆာသင်္ကပ္ပေါ။ အယံ ဝုစ္စတိ ဝိဟိံသာဓာတု။**

ဟူ၍ မှတ်ရာ၏။

တတ္ထ၊ ထို ၆-ပါးကုန်သော ဓာတ်တို့တွင်။ ဝိဟိံသာဓာတု၊ ဝိဟိံသာဓာတ်သည်။ ကတမာ၊ အဘယ်နည်း? တနည်း ကတမာ၊ အဘယ်သည်။ ဝိဟိံသာဓာတု၊ ဝိဟိံသာဓာတ် မည်သနည်း? ဝိဟိံသာပဋိသံယုတ္တော၊ ဝိဟိံသာနှင့် ယှဉ်သော, ညှဉ်းဆဲခြင်းနှင့် ယှဉ်သော။ တက္ကော၊ ကြံခြင်းသည်။ ဝိတက္ကော၊ အထူးသဖြင့် ကြံခြင်းသည်။ သင်္ကပ္ပေါ၊ ထက်ဝန်းကျင်မှ ကြံခြင်းသည်။ အပ္ပနာ၊ အာရုံ၌ ကြံခြင်းသည်။ ဗျပ္ပနာ၊ အထူးသဖြင့် အာရုံ၌ ကြံခြင်းသည်။ စေတသော၊ စိတ်ကို။ အဘိနိရောပနာ၊ အာရုံသို့ တင်ခြင်းသည်။ ယော မိစ္ဆာသင်္ကပ္ပေါ၊ အကြင်မှားသောအားဖြင့် ကြံခြင်းသည်။ အတ္ထိ၊ ရှိ၏။ အယံ၊ ဤသို့ ကြံခြင်းကို။ ဝိဟိံသာ-ဓာတု၊ ဝိဟိံသာဓာတု-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ ဤသို့ အနက်ပေး။

ဓာတ် ၆-ပါး၏အရမှာ ကာမဓာတ်, ဗျာပါဒဓာတ်, ဝိဟိံသာဓာတ်, နေက္ခမ္မဓာတ်, အဗျာပါဒဓာတ်, အဝိဟိံသာဓာတ်၊ ဤ ၆-ပါးကို ယူ။

သဘော်တော်ဆိပ်ကမ်း၊ စိန်ပန်းကြီးရွာ၊ ရဟန်း ရှင်ကိတ္တိ-က "တက္ကော ဝိတက္ကော ။ပေ။ မိစ္ဆာသင်္ကပ္ပေါ။ အယံ ဝုစ္စတိ ဝိဟိံသာဓာတု-ဟူသော ဝိဘင်းပါဠိတော်အရ ပေယျာလကို နေရာကျ သိလိုပါသည်"ဟု လျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ညွှန်ပြထုတ်ဆောင်၍ ၁၂၄၁-ခု၊ တပေါင်းလဆန်း၊ ၆- ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိ-ရတနာသိမ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## ရတနာသိမ်မြို့၊ ရဟန်းတော်ရှင် ဣန္ဒာသဘ-က သမ္မသနဉာဏ်ကို သိလိုပါကြောင်းနှင့် လျှောက်ထားချက်

[ ၁၁၃ ] "ဘုရားတပည့်တော် ရတနာသိမ်မြို့၊ ရှင်ဣန္ဒာသဘ လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား။

သမ္မသနဉာဏ်ဖြစ်ဟန်ကို နေရာကျ မသိရှိသည်ဖြစ်ပါ၍ နေရာကျ သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား။"

ၡင်းရဟန်းတော် လျှောက်ထားချက်အရ အဖြေဝိသဇ္ဇနာ–

သမ္မသနဉာဏ်ဖြစ်ဟန်ကို မေးလျှောက်သည်မှာ–

[၁၁၃] ရှေးဦးစွာ ခန္ဓာ ၅-ပါးတွင် ရူပက္ခန္ဓာ၌ အတိတ်-စသော ကာလ ၃ပါး။

အဇ္ဈတ္တိက, ဗာဟိရ, ဩဠာရိက, သုခုမ, ဟီန, ပဏီတ, ဒူရ, သန္တိက, ပစ္စုပ္ပန်, အတိတ်, အနာဂတ်၊ ဤ ၁၁-ပါးတို့တွင် တစ်ပါးပါး၌ လက္ခဏာရေး ၃-ပါးတို့ဖြင့် မှတ်၍ အသီးအသီး သုံးသပ်အပ်၏။ ဒွါရ,အာရုံ-စသည်၌ကား အဇ္ဈတ္တိက-စသော အပြားမရှိ။ ထို့ကြောင့်–

အတီတံ ရူပံ အနိစ္စံ ခယဋ္ဌေန။ ဒုက္ခံ ဘယဋ္ဌေန။ အနတ္တာ အသာရကဋ္ဌေန။

အနာဂတံ ရူပံ အနိစ္စံ ခယဋ္ဌေန။ ဒုက္ခံ ဘယဋ္ဌေန။ အနတ္တာ အသာရကဋ္ဌေန။

ပစ္စုပ္ပန္နံ ရူပံ အနိစ္စံ ခယဋ္ဌေန။ ဒုက္ခံ ဘယဋ္ဌေန။ အနတ္တာ အသာရကဋ္ဌေန။

အဇ္ဈတ္တံ ရူပံ အနိစ္စံ ခယဋ္ဌေန ။လ။ ကဋ္ဌေန။

ဗာဟိရံ ရူပံ အနိစ္စံ ခယဋ္ဌေန ။လ။ ဋ္ဌေန။

ဩဠာရိကံ ရူပံ အနိစ္စံ ခယဋ္ဌေန ။လ။ ဋ္ဌေန။

သုခုမံ ရူပံ အနိစ္စံ ခယဋ္ဌေန ။လ။ ဋ္ဌေန။

ဟီနံ ရူပံ အနိစ္စံ ခယဋ္ဌေန ။လ။ ဋ္ဌေန။

ပဏီတံ ရူပံ အနိစ္စံ ခယဋ္ဌေန ။လ။ ဋ္ဌေန။

ဒူရေ ရူပံ အနိစ္စံ ခယဋ္ဌေန ။လ။ ဌေန။

သန္တိကေ ရူပံ အနိစ္စံ ခယဋ္ဌေန ။လ။ ဌေန။

**ခန္ဓနိဒ္ဒေသော။ ပဉ္စသဋ္ဌိသတသမ္မသနဉာဏံ။ ။**

အတီတံ စက္ခုံ အနိစ္စံ ခယဋ္ဌေန။ ဒုက္ခံ ဘယဋ္ဌေန။ အနတ္တာ အသာရကဋ္ဌေန။

အနာဂတံ စက္ခုံ ။လ။ ဌေန။

ပစ္စုပ္ပန္နံ စက္ခုံ ။လ။ ဌေန။

အတီတံ သောတံ။ ဃာနံ။ ဇိဝှံ။ ကာယံ။ မနံ ။လ။ ဌေန။

**ဒွါရနိဒ္ဒေသော။ စတုပညာသသမ္မသနဉာဏံ။ ။**

ဧဝံ အာရမ္မဏတော ပဋ္ဌာယ ယာဝ ပစ္စယာကာရာ ဒွါရပဝတ္တာ ဓမ္မာ ဝိတ္ထာရေ-တဗ္ဗာ။ ။ နိဒ္ဒေသကို ထုတ်ရာ၏။

အတီတံ၊ အတိတ်ကာလ၌ဖြစ်သော။ ရူပံ၊ ရုပ်သည်။ ခယဋ္ဌေန၊ ကုန်တတ်,ပျက်တတ်သော အနက်သဘောကြောင့်။ အနိစ္စံ၊ အနိစ္စ မည်၏။ ဘယဋ္ဌေန၊ ဘေး-ဟူသော အနက်သဘောကြောင့်။ ဒုက္ခံ၊ ဒုက္ခ မည်၏။ အသာရကဋ္ဌေန၊ အနှစ်သာရ မရှိသော အနက်သဘောကြောင့်။ အနတ္တာ၊ အနတ္တ မည်၏။

အနာဂတံ၊ အနာဂတ်ကာလ၌ ဖြစ်သော။ ရူပံ၊ ရုပ်သည်။ ခယဋ္ဌေန၊ ကုန်တတ်, ပျက်တတ်သော အနက်သဘောကြောင့်။ အနိစ္စံ၊ အနိစ္စ မည်၏။ ဘယဋ္ဌေန၊ ဘေး-ဟူသော အနက်သဘောကြောင့်။ ဒုက္ခံ၊ ဒုက္ခ မည်၏။ အသာရကဋ္ဌေန၊ အနှစ်သာရ မရှိသော အနက်သဘောကြောင့်။ အနတ္တာ၊ အနတ္တ မည်၏။

ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန်ကာလ၌ ဖြစ်သော။ ရူပံ၊ သည်။ ခယဋ္ဌေန၊ ကြောင့်။ အနိစ္စံ၊ အနိစ္စ မည်၏။ ဘယဋ္ဌေန၊ ကြောင့်။ ဒုက္ခံ၊ ဒုက္ခ မည်၏။ အသာရကဋ္ဌေန၊ ကြောင့်။ အနတ္တာ၊ ၏။

အဇ္ဈတ္တံ၊ အဇ္ဈတ္တသန္တာန်၌ဖြစ်သော။ ရူပံ၊ ရုပ်သည်။ ခယဋ္ဌေန၊ ကုန်တတ်, ပျက်တတ်သော အနက်သဘောကြောင့်။ အနိစ္စံ၊ မည်၏။ ဘယဋ္ဌေန၊ ဘေး-ဟူသော အနက်သဘောကြောင့်။ ဒုက္ခံ၊ ဒုက္ခ မည်၏။ အသာရကဋ္ဌေန၊ အနှစ်သာရ မရှိသော အနက်သဘောကြောင့်။ အနတ္တာ၊ အနတ္တ မည်၏။ (ပေယျာလ-ထားသည်မှာ နည်းတူ မှတ်လေ။)

ဗာဟိရံ၊ အပသဏ္ဍာန်၌ဖြစ်သော။ ရူပံ၊ ရုပ်သည်။ ခယဋ္ဌေန၊ ကုန်တတ်, ပျက်တတ်သော အနက်သဘောကြောင့်။ အနိစ္စံ၊ အနိစ္စ မည်၏ ။လ။ အနတ္တာ၊ အနတ္တ မည်၏။

သြဠာရိကံ၊ ရုန့်ရင်းသော။ ရူပံ၊ ရုပ်သည်။ ခယဋ္ဌေန၊ ကုန်တတ်,ပျက်တတ်သော အနက်သဘောကြောင့်။ အနိစ္စံ၊ အနိစ္စ မည်၏ ။လ။ အနတ္တာ၊ အနတ္တ မည်၏။

သုခုမံ၊ သိမ်မွေ့သော။ ရူပံ၊ ရုပ်သည်။ ခယဋ္ဌေန၊ ကြောင့်။ အနိစ္စံ၊ အနိစ္စ မည်၏ ။လ။ အနတ္တာ၊ အနတ္တ မည်၏။

ဟီနံ၊ ယုတ်သော။ ရူပံ၊ ရုပ်သည်။ ခယဋ္ဌေန၊ ကုန်တတ်,ပျက်တတ်သော အနက်သဘောကြောင့်။ အနိစ္စံ၊ အနိစ္စ မည်၏ ။လ။ အနတ္တာ၊ အနတ္တ မည်၏။

ပဏီတံ၊ မြတ်သော။ ရူပံ၊ ရုပ်သည်။ ခယဋ္ဌေန၊ ကုန်တတ်,ပျက်တတ်သော အနက်သဘောကြောင့်။ အနိစ္စံ၊ မည်၏ ။လ။ အနတ္တာ၊ မည်၏။

ဒူရေ၊ ဝေးသောအရပ်၌။ ပဝတ္တံ၊ ဖြစ်သော။ ရူပံ၊ ရုပ်သည်။ ခယဋ္ဌေန၊ ကုန်တတ်, ပျက်တတ်သော အနက်သဘောကြောင့်။ အနိစ္စံ၊ မည်၏ ။လ။ အနတ္တာ၊ မည်၏။

သန္တိကေ၊ နီးသောအရပ်၌။ ပဝတ္တံ၊ ဖြစ်သော။ ရူပံ၊ ရုပ်သည်။ ခယဋ္ဌေန၊ ကုန်တတ်, ပျက်တတ်သော အနက်သဘောကြောင့်။ အနိစ္စံ၊ အနိစ္စ မည်၏ ။လ။ အနတ္တာ၊ အနတ္တ မည်၏။

ဝေဒနာ,သညာ,သင်္ခါရ, ဝိညာဏ်တို့၌လည်း နည်းတူသိလေ။ လိင်သို့ လိုက်၍ အတီတာ ဝေဒနာ၊ အတီတာ သညာ၊ အတီတာ သင်္ခါရာ။ အတီတံ ဝိညာဏံ-စသည်ကို နှလုံးသွင်းရာ၏။

**ခန္ဓနိဒ္ဒေသော၊ ခန္ဓာကို အကျဉ်းပြသော နည်းသည်။ နိဋ္ဌိတော၊ ပြီးပြီ။ ပဉ္စသဋ္ဌိသတ-သမ္မသနညာဏံ၊ ၁၆၅-ပါးသော သမ္မသနညာဏ်သည်။ နိဋ္ဌိတံ၊ ပြီးပြီ။**

အတီတံ၊ အတိတ်ကာလ၌ဖြစ်သော။ စက္ခုံ၊ စက္ခုသည်။ ခယဋ္ဌေန၊ ကုန်တတ်,ပျက်တတ်သော အနက်သဘောကြောင့်။ အနိစ္စံ၊ အနိစ္စ မည်၏ ။လ။ အနတ္တာ၊ အနတ္တ မည်၏။

အနာဂတံ၊ အနာဂတ်ဖြစ်သော။ စက္ခုံ၊ သည်။ ခယဋ္ဌေန၊ ကြောင့်။ အနိစ္စံ၊ ၏။လ။ အနတ္တာ၊ မည်၏။

ပစ္စုပ္ပန္နံ၊ ပစ္စုပ္ပန်ဖြစ်သော။ စက္ခုံ၊ စက္ခုသည်။ ခယဋ္ဌေန၊ ကုန်တတ်,ပျက်တတ်သော အနက်သဘောကြောင့်။ အနိစ္စံ၊ အနိစ္စ မည်၏ ။လ။ အနတ္တာ၊ အနတ္တ မည်၏။

ဒွါရနိဒ္ဒေသော၊ ဒွါရနိဒ္ဒေသသည်။ နိဋ္ဌိတော၊ ပြီးပြီ။

စတုပညာသသမ္မသနညာဏံ၊ ၅၄-ပါးသော သမ္မသနညာဏ်သည်။ နိဋ္ဌိတံ၊ ပြီးပြီ။

ဧဝံ ဣမိနာ ဝုတ္တနယေန၊ ဤသို့ ပြဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။ အာရမ္မဏတော၊ အာရုံမှ။ ပဋ္ဌာယ၊ စ၍။ ယာဝ ပစ္စယာကာရာ၊ ပဋိစ္စသမုပ္ပါဒ်တိုင်အောင်။ ဒွါရပဝတ္တာ၊ ဒွါရ၌ ဖြစ်ကုန်သော။ ဓမ္မာ၊ တရားတို့ကို။ ဝိတ္ထာရေတဗ္ဗာ၊ ချဲ့အပ်ကုန်၏။

သမ္မသနညာဏဝတ္ထုအစဉ်ကား–

- ခန္ဓာ ၅-ပါး
- အာရုံ ၆-ပါး
- ဖဿ ၆-ပါး
- သညာ ၆-ပါး
- တဏှာ ၆-ပါး
- ဝိစာရ ၆-ပါး
- ကသိုဏ်း ၁၀-ပါး
- ကောဋ္ဌာသ ၃၂-ပါး
- ဣန္ဒြေ ၁၉-ပါး
- ဘဝ ၃-ပါး
- အပ္ပမညာ ၄-ပါး
- ပဋိစ္စသမုပ္ပါဒ် ၁၂-ပါး
- ဒွါရ ၆-ပါး
- ဝိညာဏ် ၆-ပါး
- ဝေဒနာ ၆-ပါး
- စေတနာ ၆-ပါး
- ဝိတက် ၆-ပါး
- ဓာတ် ၆-ပါး
- အာယတန ၁၂-ပါး
- ဓာတ် ၁၈-ပါး
- ဓာတ် ၃-ပါး
- ဈာန် ၄-ပါး
- သမာပတ် ၄-ပါး

ဤသို့ သမ္မသနညာဏဝတ္ထု ၂၅-ပါးတည်း။ ထို၂၅-ပါးတို့တွင် ခန္ဓာ ၅-ပါး၌ အတိတ်, အနာဂတ်စသော ၁၁-ပါးတို့ဖြင့် လက္ခဏာရေးသို့ တင်၍ သုံးသပ်အပ်၏။

*(မှတ်ချက်။ ။ဘဝ ၉-ပါးကို တပေါင်းတည်းယူသော် ၂၃-ပါး၊ အသီးအသီးယူသော် ၂၅-ပါးဖြစ်သည်။)*

ထို့ကြောင့် ပဋိသမ္ဘိဒါမဂ္ဂ၊ သမ္မသနညာဏနိဒ္ဒေသအဋ္ဌကထာ၌–

> ဧကေကသ္မိံ ခန္ဓေ ဧကာဒသ ဧကာဒသ ကတွာ ပဉ္စသု ခန္ဓေသု ပဉ္စပညာသ-သမ္မသနာနိ ဟောန္တိ၊ အနိစ္စတော ပဉ္စပညာသ, ဒုက္ခတော ပဉ္စပညာသ, အနတ္တ-တော ပဉ္စပညာသာတိ တိဝိဓာနုပဿနာဝသေန သဗ္ဗာနိ ပဉ္စသဋ္ဌိသတသမ္မ-သနာနိ ဟောန္တိ။

ဟူသောပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (ပဋိသံ၊ဋ္ဌ၊၁။၂၂၉၊၂၃၀)

ဧကေကသ္မိံ ပန ခန္ဓေ၊ တပါးတပါးသော ခန္ဓာ၌။ ဧကာဒသ ဧကာဒသ ကတွာ၊ ၁၁-ပါး, ၁၁-ပါးစီပြု၍။ ပဉ္စသု ခန္ဓေသု၊ ၅-ပါးကုန်သော ခန္ဓာတို့၌။ ပဉ္စပဉ္ဉာသသမ္မသနာနိ၊ ၅၅-ပါးကုန်သော သမ္မသနဉာဏ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အနိစ္စတော၊ အနိစ္စအားဖြင့်။ ပဉ္စပဉ္ဉာသ၊ ၅၅-ပါးသော သမ္မသနဉာဏ်တို့သည်လည်းကောင်း။ ဒုက္ခတော၊ ဒုက္ခအားဖြင့်။ ပဉ္စပဉ္ဉာသ၊ ၅၅-ပါးကုန်သော သမ္မသနဉာဏ်တို့သည်လည်းကောင်း။ အနတ္တတော၊ အနတ္တအားဖြင့်။ ပဉ္စပဉ္ဉာသ၊ ၅၅-ပါးကုန်သော သမ္မသနဉာဏ်တို့သည်လည်းကောင်း။ ဣတိ၊ ဤသို့။ တိဝိဓာနုပဿနာဝသေန၊ ၃-ပါးသော အနုပဿနာတို့၏ အစွမ်းအားဖြင့်။ သဗ္ဗာနိ၊ အလုံးစုံကုန်သော။ ပဉ္စသဋ္ဌိသတသမ္မသနာနိ၊ ၁၆၅-ပါးကုန်သော သမ္မသနဉာဏ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဒွါရ, အာရုံတို့၌ကား အဇ္ဈတ္တိက-စသော အပြားကို မရ။ အတိတ်, အနာဂတ်, ပစ္စုပ္ပန်-ဟု ဆိုအပ်သော ကာလ ၃-ပါးတို့ဖြင့်သာ သုံးသပ်အပ်၏။

ထို့ကြောင့် ပဋိသမ္ဘိဒါမဂ္ဂ၊ သမ္မသနဉာဏနိဒ္ဒေသအဋ္ဌကထာ၌-

**အတီတတ္တိကဝသေန သမ္မသနဉာဏဿ ဝုတ္တတ္တာ အဇ္ဈတ္တိကာဒိဘေဒံ အနာမသိတ္ဝာ အတီတတ္တိကဿ ဝသေန ပရိဆိန္ဒိတ္ဝာ အနိစ္စာဒိတော သမ္မသနံ ကာတဗ္ဗံ။**

ဟူသောပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (ပဋိသံ၊ဋ္ဌ။၁။၂၃၃။ ထောက် ဝိသဒိသံ)

အတီတတ္တိကဝသေန၊ အတိတ်,အနာဂတ်,ပစ္စုပ္ပန်-ဟူသော တိက၏ အစွမ်းအား ဖြင့်သာလျှင်။ သမ္မသနဉာဏဿ၊ သမ္မသနဉာဏ်ကို။ ဝုတ္တတ္တာ၊ ဘုရားဟောတော်မူသော ကြောင့်။ အဇ္ဈတ္တိကာဒိဘေဒံ၊ အဇ္ဈတ္တိက အစရှိသော အပြားကို။ အနာမသိတ္ဝာ၊ မသုံးသပ်မူ၍။ အတီတတ္တိကဿ ဝသေန၊ အတိတ်, အနာဂတ်, ပစ္စုပ္ပန်-ဟူသော တိက၏အစွမ်းအားဖြင့် သာလျှင်။ ပရိဆိန္ဒိတ္ဝာ၊ ပိုင်းခြား၍။ အနိစ္စာဒိတော၊ အနိစ္စ- အစရှိသောအားဖြင့်။ သမ္မသနံ၊ သုံးသပ်ခြင်းကို။ ကာတဗ္ဗံ၊ ပြုအပ်၏။

ထိုသို့ ပြဆိုခဲ့ပြီးသော သမ္မသနဉာဏဝတ္ထုတို့တွင် ခန္ဓာ, ဒွါရတို့၌ သိသာပြီ။

အာရုံ၌ 'အတီတံ ရူပါရမ္မဏံ အနိစ္စံ ခယဋ္ဌေန'-စသည်ဖြင့် ဆိုလေ။

ဝိညာဏ်၌ 'အတီတံ စက္ခုဝိညာဏံ အနိစ္စံ ခယဋ္ဌေန'-စသည်ဖြင့် ဆိုလေ။

ဖဿ၌ 'အတီတော စက္ခုသမ္ဖဿော အနိစ္စော ခယဋ္ဌေန'-စသည်ဖြင့် ဆိုလေ။

ဝေဒနာ၌ 'အတီတာ စက္ခုသမ္ဖဿဇာ ဝေဒနာ အနိစ္စာ ခယဋ္ဌေန'-စသည်ဖြင့် ဆိုလေ။

သညာ၌ 'အတီတာ စက္ခုသမ္ဖဿဇာ သညာ အနိစ္စာ ခယဋ္ဌေန'-စသည်ဖြင့် ဆိုလေ။

**စေတနာ၌** 'အတီတာ ရူပသဉ္စေတနာ အနိစ္စာ ခယဋ္ဌေန'-စသည်ဖြင့် ဆိုလေ။

**တဏှာ၌** 'အတီတာ ရူပတဏှာ အနိစ္စာ ခယဋ္ဌေန'-စသည်ဖြင့် ဆိုလေ။

**ဝိတက်၌** 'အတီတော ရူပဝိတက္ကော အနိစ္စော ခယဋ္ဌေန'-စသည်ဖြင့် ဆိုလေ။

**ဝိစာရ၌** 'အတီတော ရူပဝိစာရော အနိစ္စော ခယဋ္ဌေန'-စသည်ဖြင့် ဆိုလေ။

[ စေတနာ, တဏှာ, ဝိတက်, ဝိစာရတို့၌ ရူပ, သဒ္ဒ, ဂန္ဓ, ရသ, ဖောဋ္ဌဗ္ဗ, ဓမ္မ-ဟူလို၏။]

**ဓာတ်၌** 'အတီတာ ပထဝီဓာတု အနိစ္စာ ခယဋ္ဌေန'-စသည်ဖြင့် ဆိုလေ။

ပထဝီဓာတ်, တေဇောဓာတ်, အာပေါဓာတ်, ဝါယောဓာတ်, အာကာသဓာတ်, ဝိညာဏဓာတ် ၆-ပါး။

**ကသိုဏ်း၌** 'အတီတံ ပထဝီကသိဏံ အနိစ္စံ ခယဋ္ဌေန'-စသည်ဖြင့် ဆိုလေ။

အာကာသကသိဏ်အရာ၌ 'ဝိညာဏကသိဏံ'-ဟု ဆိုလေ။

**ကောဋ္ဌာသ၌** 'အတီတာ ကေသာ အနိစ္စာ ခယဋ္ဌေန'-စသည်ဖြင့် ဆိုလေ။

"အတီတော တစော။

အတီတံ မံသံ။ အတီတံ နှာရု။ အတီတံ အဋ္ဌိ။ အတီတံ အဋ္ဌိမိဉ္ဇံ။ အတီတံ ဝက္ကံ။ ဟဒယံ။ ယကနံ။ ကိလောမကံ။ ပိဟကံ။ ပပ္ဖါသံ။

အန္တံ၊ အန္တဂုဏံ၊ ဥဒရိယံ။ ကရီသံ။

ပိတ္တံ၊ သေမှံ အနိစ္စံ ခယဋ္ဌေန"-စသည်ဖြင့် ဆိုလေ။

"အတီတော ပုဗ္ဗော အနိစ္စော ခယဋ္ဌေန"-စသည်ဖြင့် ဆိုလေ။

"အတီတံ လောဟိတံ။ အတီတော သေဒေါ။ မေဒေါ။

အတီတာ အဿု။ ဝသာ။ အတီတော ခေဠော။ အတီတံ သိင်္ဃာဏိကံ၊ လသိကံ၊ မုတ္တံ၊ မတ္ထလုင်္ဂံ အနိစ္စံ ခယဋ္ဌေန"-စသည်ဖြင့် ဆိုလေ။

ကေသာ၊ ဆံ။ လောမာ၊ မွေးညင်း။ နခါ၊ ခြေသည်း,လက်သည်း။ ဒန္တာ၊ သွား။ တစော၊ အရေ။

မံသံ၊ အသား။ နှာရု၊ အကြော။ အဋ္ဌိ၊ အရိုး။ အဋ္ဌိမိဉ္ဇံ၊ ရိုးတွင်းခြင်ဆီ။ ဝက္ကံ၊ အညို့။

ဟဒယံ၊ နှလုံး။ ယကနံ၊ အသည်း။ ကိလောမကံ၊ အမြှေး။ ပိဟကံ၊ အဖျဉ်း။ (သရက်ရွက်ခေါ်သည်။) ပပ္ဖါသံ၊ အဆုတ်။

အန္တံ၊ အူမ။ အန္တဂုဏံ၊ အူသိမ်။ ဥဒရိယံ၊ အစာသစ်။ ကရီသံ၊ အစာဟောင်း။

ပိတ္တံ၊ သည်းခြေ။ သေမှံ၊ သလိပ်။ ပုဗ္ဗော၊ ပြည်။ လောဟိတံ၊ သွေး။ သေဒေါ၊ ချွေး။ မေဒေါ၊ အဆီခဲ။

အဿု၊ မျက်ရည်။ ဝသာ၊ ဆီကြည်။ ခေဠော၊ တံတွေး။ သိင်္ဃာဏိကာ၊ နှပ်။ လသိကာ၊ အစေး။ မုတ္တံ၊ ကျင်ငယ်။ မတ္ထလုင်္ဂံ၊ ဦးနှောက်။

အာယတန၌ 'အတီတံ စက္ခုဝိညာဏံ အနိစ္စံ ခယဋ္ဌေန'-စသည်ဖြင့် ဆိုလေ။

ဓာတ်၌ 'အတီတာ စက္ခုဓာတု အနိစ္စာ ခယဋ္ဌေန'-စသည်ဖြင့် ဆိုလေ။

ဣန္ဒြေ၌ 'အတီတံ စက္ခုန္ဒြိယံ အနိစ္စံ ခယဋ္ဌေန'-စသည်ဖြင့် ဆိုလေ။

ဣန္ဒြေ ၂၂-ပါးတို့တွင် "အညိန္ဒြေ, အညာတာဝိန္ဒြေ, အနညာတညဿာမီတိန္ဒြေ ၃-ပါးကို နုတ်၍ *(လောကီ)*ဣန္ဒြေ ၁၉-ပါး။ လောကုတ္တရာ ဣန္ဒြေ ၃-ပါးကို နုတ်သည်။

ဓာတ်၌ 'အတီတာ ကာမဓာတု အနိစ္စာ ခယဋ္ဌေန'စသည်ဖြင့် ဆိုလေ။

ကာမဓာတ်, ရူပဓာတ်, အရူပဓာတ်၊ ဓာတ် ၃-ပါး။

ဘဝ၌ 'အတီတော ကာမဘဝေါ အနိစ္စော ခယဋ္ဌေန'-စသည်ဖြင့် ဆိုလေ။

ကာမဘဝ, ရူပဘဝ, အရူပဘဝ၊ ဘဝ ၃-ပါး။

သညီဘဝ, အသညီဘဝ, နေဝသညီနာသညီဘဝ၊ ဘဝ ၃-ပါး။

ဧကဝေါကာရဘဝ, စတုဝေါကာရဘဝ, ပဉ္စဝေါကာရဘဝ၊ ဘဝ ၃-ပါး။

ဈာန်၌ 'အတီတံ ပဌမဇ္ဈာနံ အနိစ္စံ ခယဋ္ဌေန'စသည်ဖြင့် ဆိုလေ။

အပ္ပမညာ၌ 'အတီတာ မေတ္တာ အနိစ္စာ ခယဋ္ဌေန'-စသည်ဖြင့် ဆိုလေ။

သမာပတ်၌ 'အတီတာ အာကာသာနဉ္စာယတနသမာပတ္တိ အနိစ္စာ ခယဋ္ဌေန'-စသည်ဖြင့် ဆိုလေ။

ပဋိစ္စသမုပ္ပါဒ်၌ 'အတီတာ အဝိဇ္ဇာ အနိစ္စာ ခယဋ္ဌေန'-စသည်ဖြင့် ဆိုလေ။

"အတီတာ သင်္ခါရာ။ အတီတံ ဝိညာဏံ။ အတီတံ နာမရူပံ။ အတီတံ သဠာယတနံ။ အတီတော ဖဿော။ အတီတာ ဝေဒနာ။ အတီတာ တဏှာ။ အတီတံ ဥပါဒါနံ။ အတီတော ဘဝေါ။ အတီတာ ဇာတိ။ အတီတာ ဇရာ။ အတီတံ မရဏံ။

အတီတော သောကော။ *(အတီတော ပရိဒေဝေါ)*။ အတီတော ဒုက္ခော။ အတီတော ဒေါမနဿော။ အတီတော ဥပါယာသော အနိစ္စော ခယဋ္ဌေန"စသည်ဖြင့် လိင်ကို မှတ်၍ ဆိုလေ။

ဤသို့ ပြဆိုအပ်ခဲ့ပြီးသော နည်းဖြင့် သမ္မသနဉာဏဝတ္ထုသည်-

- **ဥဒ္ဒေသအားဖြင့်** ဘ၀ ၉-ပါးကို တပေါင်းတည်းယူသော် ၂၃-ပါး၊ အသီးအသီးယူသော် ၂၅-ပါး။
- **နိဒ္ဒေသအားဖြင့်** တရားကိုယ် ၁၉၀*(၁၉၈)*-ဖြစ်၏။
- **လက္ခဏာအားဖြင့်** ၁,၀၉၂*(၁၉၀၂)*-ဖြစ်၏။

**သမ္မသနဉာဏ်ပေါင်း-၁,၀၉၂***(၁၉၀၂)* ဟူလို။ ၁,၀၉၂*(၁၉၀၂)*- ဖြစ်ဟန်ကား-

| | | |
|---|---|---|
| ခန္ဓာ ၅-ပါး၌ | ၁၆၅၊ | |
| ဒွါရ ၆-ပါး၌ | ၅၄-ပါး၊ | ပေါင်း-၂၁၉။ |
| အာရုံ ၆-ပါး၌ | ၅၄၊ | ပေါင်း-၂၇၃။ |
| ဝိညာဏ် ၆-ပါး၌ | ၅၄၊ | ပေါင်း-၃၂၇။ |
| ဖဿ ၆-ပါး၌ | ၅၄၊ | ပေါင်း-၃၈၁။ |
| ဝေဒနာ ၆-ပါး၌ | ၅၄၊ | ပေါင်း-၄၃၅။ |
| သညာ ၆-ပါး၌ | ၅၄၊ | ပေါင်း-၄၈၉။ |
| ဝေဒနာ ၆-ပါး၌ | ၅၄၊ | ပေါင်း-၅၄၃။ |
| တဏှာ ၆-ပါး၌ | ၅၄၊ | ပေါင်း-၅၉၇။ |
| ဝိတက် ၆-ပါး၌ | ၅၄၊ | ပေါင်း-၆၅၁။ |
| ဝိစာရ ၆-ပါး၌ | ၅၄၊ | ပေါင်း-၇၀၅။ |
| ဓာတ် ၆-ပါး၌ | ၅၄၊ | ပေါင်း-၇၅၉။ |
| ကသိုဏ်း *(၁၀-ပါး)*၌ | ၉၀၊ | ပေါင်း-၈၄၉။ |
| ကောဋ္ဌာသ*(၃၂-ပါး)*၌ | ၂၈၈၊ | ပေါင်း-၁,၁၃၇။ |
| အာယတန*(၁၂-ပါး)*၌ | ၁၀၈၊ | ပေါင်း-၁,၂၄၅။ |
| ဓာတ် ၁၈-ပါး၌ | ၁၆၂၊ | ပေါင်း-၁,၄၀၇။ |
| *(လောကီ)*ဣန္ဒြေ*(၁၉-ပါး)*၌ | ၁၇၁၊ | ပေါင်း-၁,၅၇၈။ |

| | | |
|---|---|---|
| ဓာတ် ၃-ပါး၌ | ၂၇၊ | ပေါင်း-၁,၆၀၅။ |
| ပဌမဘာဝ ၃-ပါး၌ | ၂၇၊ | ပေါင်း-၁,၆၃၂။ |
| ဒုတိယဘာဝ ၃-ပါး၌ | ၂၇၊ | ပေါင်း-၁,၆၅၉။ |
| တတိယဘာဝ ၃-ပါး၌ | ၂၇၊ | ပေါင်း-၁,၆၈၆။ |
| ဈာန် ၄-ပါး၌ | ၃၆၊ | ပေါင်း-၁,၇၂၂။ |
| အပ္ပမညာ ၄-ပါး၌ | ၃၆၊ | ပေါင်း-၁,၇၅၈။ |
| သမာပတ် ၄-ပါး၌ | ၃၆၊ | ပေါင်း-၁,၇၉၄။ |
| ပဋိစ္စသမုပ္ပါဒ် ၁၂-ပါး၌ | ၁၀၈၊ | ပေါင်း-၁,၉၀၂။ |

ဤသို့ ပြဆိုအပ်ခဲ့ပြီးသော ခန္ဓာ၊ ဒွါရ၊ အာရုံ၊ ဝိညာဏ် စသော သမ္မသနညာဏဝတ္ထုတို့တွင် ခန္ဓာကိုဖြစ်စေ, ဒွါရကိုဖြစ်စေ, အာရုံကိုဖြစ်စေ ဉာဏ်သက်ဝင်ရာ အမှတ်မရှိ တစ်ပါးပါးကို အာရုံပြု၍ လက္ခဏာရေးသို့ တင်သဖြင့် တီရဏပရိညာဖြစ်သည်တိုင်အောင် သုံးသပ်ရာ၏။ သမ္မသနညာဏဝတ္ထု-ဟူသမျှကိုပင် ဆင်ခြင်သုံးသပ်ရမည်ဟု-ဟောတော်မူသည် မဟုတ်။ သမ္မသနညာဏ်ဖြစ်ရာ တရားတို့ကိုသာ ပြတော်မူသည်။

ထို့ကြောင့် ခန္ဓာ, ဒွါရ-စသည်တို့တွင် အမှတ်မရှိ တစ်ပါးပါးကို နှလုံးသွင်းရာ၏။ ဥပမာကား ဇရပ်, တန်ဆောင်း, ကျောင်း, အိမ်-အစရှိသည်တို့၏ လုံခြုံစေခြင်းကို အလိုရှိသောသူသည် ကြေး, သံ, အုတ်, အုတ်ကြွပ်, ဝါး, သစ်ရွက်, သက်ငယ်-စသည်တို့တွင် အမှတ်မရှိ၊ တစ်ခုခုဖြင့်ပင် လုံခြုံစေခြင်းကိစ္စကို ပြီးစေသကဲ့သို့ မှတ်ရာ၏။

**ဤတွင်ရွေ့ သမ္မသနညာဏနိဒ္ဒေသအကျဉ်းကို ပြဆိုသော စကားရပ် အပြီးသတ်တည်း။**

ထိုစကားရပ်တို့ကို အကျယ်သိလိုသသူတို့ ဝိသုဒ္ဓိမဂ်၊ သမ္မသနညာဏနိဒ္ဒေသ အဋ္ဌကထာ။ ၎င်းဋီကာ။ ပဋိသမ္ဘိဒါမဂ်၊ သမ္မသနညာဏနိဒ္ဒေသ ပါဠိ, အဋ္ဌကထာ။ မဏိသာရမဉ္ဇူသာ။ ကမ္မဋ္ဌာနပရိစ္ဆေဒ၊ သမ္မသနညာဏနိဒ္ဒေသဋီကာတို့မှာ ကြည့်လေ။

ရတနာသိခ်မြို့၊ ရှင်ဣန္ဒာသဘက သမ္မသနညာဏ်ဖြစ်ဟန်ကို နေရာကျ မသိနိုင်ကြရှိသည်ဖြစ်ပါ၍ နေရာကျကျ သန္နိဋ္ဌာန်ချ၍ သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့်အကြောင်းနှင့် လျှောက်ထားရှိသောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ညွှန်ပြထုတ်ဆောင်၍ ၁၂၄၂-ခု၊ တန်ခူးလဆန်း၊ ၈-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## ခင်ဦးရွာ၊ ရဟန်းတော် ရှင်ဝိစာရ-က အတွင်းအောင်ခြင်း, ပြင်အောင်ခြင်း-စသော ဂါထာများကို မှန်ကန်စွာ ရရှိလိုကြောင်းနှင့် လျှောက်ထားချက်

[ ၁၁၄ ] "ဘုရားတပည့်တော် ရတနာသိမ်မြို့ ခင်ဦးရွာ၊ ရဟန်း ရှင်ဝိစာရ လျှောက်ပါသည် ဆရာတော်ဘုရား။

အပြင်အောင်ခြင်း ၈-ဂါထာ၊ အတွင်းအောင်ခြင်း ၈-ဂါထာ၊ ရတနာရွှေချိုင့် ၁၄-ဂါထာ၊ မင်္ဂလသုတ်ဂါထာတို့ကို အက္ခရာပုဒ်ပါဌ် မှန်ကန်စွာ ရွတ်အံပါရအောင် ဆုံးဖြတ်ရေးသား ကယ်မသနားတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။"

၎င်းရဟန်းတော် ဦးဝိစာရ လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ–

[၁၁၄] 'ဗာဟုံ သဟဿမဘိနိမ္မိတ သာဝုဓန္တံ'အစရှိသော ပြင်အောင်ခြင်း ရှိခိုးဂါထာတို့၌ ဂါထာပေါင်း-၈၊ ပါဒပေါင်း-၃၂၊ အက္ခရာပေါင်း-၄၄၈ ရှိ၏။ ထို ၈-ဂါထာ တို့၏ ၄-ပါဒလုံး၌ပင် ၁၄-လုံးဘွဲ့ **ဝသန္တတိလကဂါထာချည်းတည်း။**

ထိုသို့ဖြစ်၍ ၁-ပါဒ, ၁-ပါဒ၌ အစဉ်အတိုင်း တ-ဂိုဏ်း, ဘ-ဂိုဏ်း, ဇ-ဂိုဏ်း, ဂရု ၂-ခု နေရာ၏။ ထိုသို့ဖြစ်၍ တတိယဂါထာ၏ ပဌမပါဒ၌ 'နာဠာဂိရိံ'ဟု ဂိ-မှာ ဣ-ရဿ နှင့် ရိံ-မှာ နိဂ္ဂဟိတန္တနှင့် ရှိရာ၏။

ပဉ္စမဂါထာ ပဌမပါဒ၌လည်း "ကတွာန ကဋ္ဌမုဒရံ"၌ ကဋ္ဌ-ဟု ဋ္ဌ-မှာ ဋ္ဌ-သံယုတ် နှင့် မုဒရံ-ဟု မု-မှာ ဥ-ရဿနှင့် ရှိရာ၏။ 'ဂဗ္ဘိနိယံ'၌လည်း နီ-မှာ ဤ-ဒီဃနှင့် ရှိရာ၏။

သတ္တမဂါထာ၏ ပဌမပါဒတွင် "ဘုဇဂံ"၌ ဘု-ဟု ဥ-ရဿနှင့် ရှိရာ၏။ ဒုတိယပါဒ တွင် 'ဘုဇဂေန'၌လည်း ဘု-ဟု ဥ-ရဿနှင့် ရှိရာ၏။ တတိယပါဒတွင် "ဣဒ္ဓူပဒေသဝိဓိနာ" ၌လည်း ဣဒ္ဓူ-ဟု ဒ္ဓူ-မှာ ဦ-ဒီဃနှင့် ရှိရာ၏။

အဋ္ဌမဂါထာ၏ ပဌမပါဒ၌လည်း ဘုဇဂေန-ဟု ဘု-မှာ ဥ-ရဿနှင့် ရှိရာ၏။

အပြင်အောင်ခြင်း ပြီး၏။

'အဝိဇ္ဇာအဏ္ဏကောသမှိ' အစရှိသော အတွင်းအောင်ခြင်း ၈-ဂါထာတို့တွင် 'ပဋ္ဌတာလီသဝဿာနိ'အစရှိသော အဋ္ဌမဂါထာသည် တတိယပါဒ၌ ဘ-ဂိုဏ်းရှိသော တတိယ ဘ-ကာရဝိပုလာဂါထာတည်း။ ' နိဗ္ဗုတော သော သသာဝကော'ဟူသော စတုတ္ထပါဒ၌ နိဗ္ဗု-ဟု ဗ္ဗု-မှာ ဥ-ရဿနှင့် ရှိရာ၏။ ပရိနိဗ္ဗုတော၌လည်း 'အဘဗ္ဗကာတုံ'-တို့ကဲ့သို့ 'အဝိဘတ္တိကနိဒ္ဒေသ'ဖြင့် ပရိနိဗ္ဗုတသာဝက-ဟူ၍ သာ-တ-မှာ အာ-သရနှင့် ရှိရာ၏။

အနက်ယောဇနာသည့် ကာလမှ 'ပရိနိဗ္ဗုတော၊ ပရိနိဗ္ဗာန်ပြုတော်မူပြီ'ဟု ဩ-သရနှင့် သမ္ဗန်ရာ၏။ ကြွင်းသော ၇-ဂါထာတို့၌ကား တတိယပါဒ၌ မ-ဂိုဏ်းရှိသော တတိယ မ-ကာရဝိပုလဂါထာချည်းတည်း။

စတုတ္ထဂါထာတွင် တတိယပါဒ၌ 'မဟာဝီရော'ဟု ဝီ-မှာ ဤ-ဒီဃနှင့် ရှိရာ၏။ စတုတ္ထဂါထာတွင် ဒုတိယပါဒ၌ 'သံသရဏ္ဏဝေ'ဟု သ-မှာ အ-ရဿနှင့် ရှိရာ၏။ တတိယပါဒ၌ 'မဟာဝီရော'ကား ရှေးနည်းတူ၏။

ပဉ္စမဂါထာတွင် 'ဒုက္ခေန ပီဠိတံ'၌ ပီဠိတံ-ဟု ပီ-မှာ ဤ-ဒီဃနှင့် ရှိရာ၏။ တတိယပါဒ၌ 'ပုရံ'ဟု ပု-မှာ ဥ-ရဿနှင့် ရှိရာ၏။

ဆဋ္ဌဂါထာတွင် ဒုတိယပါဒ, တတိယပါဒတို့၌ 'ပီဠိတံ မဟာဝီရော'တို့ကား ရှေ့နှင့်တူ၏။ *('မဟာဝီရော'-သာ တွေ့သည်။)*

သတ္တမဂါထာတွင် ဒုတိယပါဒ၌ 'ပီဠိတံ'ကား ရှေ့နှင့် တူ၏။ တတိယပါဒ၌ 'ခေမန္တဘူမိံ'ဟု မိံ-မှာ နိဂ္ဂဟိတန္တနှင့် ရှိရာ၏။

၈-ဂါထာတို့နောင် ၂-ပါဒရှိသော ဂါထာဝက်ကား ပထျာဝတ္တဂါထာချည်းတည်း။ တတိယ ဘ-ကာရဝိပုလာဂါထာ-ဟူရာ၌ ပဌမပါဒ ယ-ဂိုဏ်း၊ ဒုတိယပါဒ, စတုတ္ထပါဒတို့ကား ဇ-ဂိုဏ်း၊ တတိယပါဒကား ဘ-ဂိုဏ်းတည်း။

တတိယ မ-ကာရဝိပုလာဂါထာ-ဟူရာ၌ ပဌမပါဒ ယ-ဂိုဏ်း ရှိရာ၏။ ဒုတိယပါဒ, စတုတ္ထပါဒတို့၌ ဇ-ဂိုဏ်း၊ တတိယပါဒကား မ-ဂိုဏ်း ရှိရာ၏။

ဤသို့ ဝိပုလာပထျာဝတ္တဂါထာတို့၌ကား ပဌမပါဒ, တတိယပါဒတို့၌ ယ-ဂိုဏ်း၊ ဒုတိယပါဒ, စတုတ္ထပါဒတို့၌ ဇ-ဂိုဏ်း, မ-ဂိုဏ်း ရှိရာ၏။ ဤကား အစ ၄-လုံးနောင် ဂိုဏ်းကို မှတ်သည်။

အစတစ်လုံး နောင်ကား သ-ဂိုဏ်း, န-ဂိုဏ်းမှတပါး အမှတ်မရှိသောဂိုဏ်း ရှိရာ၏။

အတွင်းအောင်ခြင်း ပြီး၏။

ရတနာရွှေချိုင့် ၁၄-ဂါထာတို့ကား ပထျာဝတ္တဂါထာချည်းတည်း။ ပထျာဝတ္တဂါထာ ဟူသည် ပဌမပါဒ, တတိယပါဒတို့၌ ယ-ဂိုဏ်း၊ ဒုတိယ, စတုတ္ထပါဒတို့၌ ဇ-ဂိုဏ်း နေရာ၏။ ဂိုဏ်းနေရာမှာ အထက်ပြဆိုခဲ့သည့်အတိုင်း မှတ်လေ။ *(ယခု ၁၅-ဂါထာရှိ၏။)*

**ရတနာရွှေချိုင့် ပြီး၏။**

'ဧဝံ မေ သုတံ'-အစရှိသော မင်္ဂလသုတ်၌-

- 'ဧဝံ မေ သုတံ'အစ၊ 'အဇ္ဈဘာသိ' တိုင်အောင်ကား စုဏ္ဏိယပါဌ်တည်း။
- 'ဗဟူ ဒေဝါ'ဂါထာ-အစ၊ 'တောဒိသာနိ ကတွာန' ဂါထာတိုင်အောင်ကား ပထျာဝတ္တ-ဂါထာချည်းတည်း။

ဂါထာ၏သဘောကို အထက်ပြဆိုခဲ့သည့်အတိုင်း သိလေ။

ရတနာသိခ်မြို့၊ ခင်ဦးရွာ၊ ရဟန်းရှင်ဝိစာရ-က "အပြင်အောင်ခြင်း, အတွင်းအောင် ခြင်း, ရတနာရွှေချိုင့်ဂါထာ, မင်္ဂလသုတ်ဂါထာများကို အက္ခရာပုဒ်ပါဌ် မှန်ကန်စွာ ရွတ်အံပါရ အောင် ဆုံးဖြတ်ရေးသားတော်မူပါ"ဟု လျှောက်သောကြောင့် ရွတ်သင့်, အံသင့်သော အက္ခရာကို ဆန်း, အလင်္ကာ, သဒ္ဒါကျမ်းတို့နှင့် အညီ ၁၂၄၂-ခု၊ နယုန်လဆန်း၊ ၂-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိ လိုက်သည်။

★★★★★★★

## ဒါယကာမောင်ကြဲ-က ကံ,ဒွါရတို့ ကွဲပြားပုံကို သိလိုကြောင်းနှင့် လျှောက်ထားချက်

[ ၁၁၅ ] "ဘုရားတပည့်တော် အလုံမြို့ဇာတိ၊ ပဝတ္တိရတနာပုံရွှေမြို့တော်၊ မာရဘင် အစု၊ အမှုထမ်း ဒကာကြဲ ခြေတော်ဦးခိုက်လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား။

ဆုံးဖြတ်ဖြေဆိုတော်မူလိုက်သော ကံ,ဒွါရ အဆုံးအဖြတ် အကျဉ်းသိမ်းရုံး အပြီးအဆုံးတွင်ပါသော ကာယကံသည်သာလျှင် ကာယဒွါရ၌ ဖြစ်သည်ကား ယေဘုယျ၊ ကာယကံသည် ကာယဒွါရ၌သာလျှင် ဖြစ်သည်ကား တဗ္ဗဟုလ္လ။ ဤသို့ အထူးမှတ်-ဟူ၍ ဆုံးဖြတ်ရေးသားတော်မူလိုက်သည်မှာ သိမ်မွေ့နက်နဲ ခက်ခဲ

လျှို့ဝှက်သောအရာ ဖြစ်သဖြင့် နေရာကျကို မသိ, မမြင်နိုင်ကြ ရှိသည်ဖြစ်ပါ၍ နေရာကျ သိမှတ်ပါရအောင် ထပ်မံဖြေဆို အမိန့်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။"

ဧင်းမောင်ကြံ လျှောက်ထားချက်အရ အဖြေဝိသဇ္ဇနာ–

[၁၁၅] ကာယကံသည်သာလျှင် ကာယဒွါရ၌ ဖြစ်သည်ကား ယေဘုယျ၊ ကာယကံသည် ကာယဒွါရ၌သာ ဖြစ်သည်ကား တဗ္ဗဟုလ္လ- ဟူသော ဝိနိစ္ဆယစကားအရကို မေးလျှောက်သည်မှာ–

ကာယကံသည်သာလျှင် ကာယဒွါရ၌ များသောအားဖြင့် ဖြစ်၏။ ဝစီကံ, မနောကံ တို့သည်ကား အနည်းငယ်သာ ဖြစ်၏။ ထိုသို့ ဖြစ်သော်လည်း ကာယကံသာ ကာယဒွါရ၌ များသောအားဖြင့် ဖြစ်သောကြောင့် ကာယဒွါရ၌ ဖြစ်၏။

ဥပမာကား ပုဏ္ဏားရွာ, သရက်တော, ကံ့ကော်ပင်တော-ဟူ၍ ခေါ်ဝေါ်ကြရာ၌ ပုဏ္ဏားသာ ရှိသည် မဟုတ်၊ ပုဏ္ဏားများသည်ကို စွဲ၍ ပုဏ္ဏားရွာ-ဟု တွင်သကဲ့သို့လည်းကောင်း သရက်ပင်သာ ပေါက်သည် မဟုတ်၊ သရက်ပင်မှ တပါးကုန်သော သစ်ပင်တို့သည်လည်း ပေါက်သေး၏။ ထိုသို့ပေါက်သော်လည်း သရက်ပင်များသည်ကို စွဲ၍ သရက်တောဟု ခေါ်ဝေါ်သကဲ့သို့လည်းကောင်း ကံ့ကော်ပင်သာ ပေါက်သည် မဟုတ်၊ ကံ့ကော်ပင်မှ တပါးကုန်သော သစ်ပင်တို့သည်လည်း ပေါက်သေး၏။ ထိုသို့ ပေါက်သော်လည်း ကံ့ကော်ပင် များသည်ကို အစွဲပြု၍ ကံ့ကော်ပင်တော-ဟု ခေါ်ဝေါ်သကဲ့သို့လည်းကောင်း–

ကာယဒွါရ၌ ကာယကံသာ ဖြစ်သည် မဟုတ်၊ ဝစီကံ, မနောကံတို့သည်လည်း ဖြစ်ကုန်သေး၏။ ထိုသို့ ဖြစ်သော်လည်း ကာယကံသည်သာ ကာယဒွါရ၌ ဖြစ်သောအရာ များသောကြောင့် ကာယဒွါရ ခေါ်သည်-ဟု မှတ်ရာ၏။ ဤသို့ ကာယကံသည် ကာယဒွါရ၌ များသောအားဖြင့် ဖြစ်၍ ဝစီကံ, မနောကံတို့သည် အနည်းငယ် ဖြစ်သည်ကို ယေဘုယျ နည်း ဟူလို၏။ ထို့ကြောင့် အဋ္ဌသာလိနီမည်သော ဓမ္မသင်္ဂဏီအဋ္ဌကထာ၌–

> ကာယကမ္မမေဝ ဟိ ယေဘုယျေန ကာယဝိညတ္တိယံ ပဝတ္တတိ၊ န ဣတရာနိ။ တသ္မာ ကာယကမ္မဿ ယေဘုယျေန ပဝတ္တိတော တဿာ ကာယကမ္မဒွါရဘာဝေါ သိဒ္ဓေါ၊ ဗြာဟ္မဏဂါမအမ္ဗဝနနာဂဝနာဒီနံ ဗြာဟ္မဏဂါမာဒိဘာဝေါ ဝိယာတိ ဒွါရ-ဝဝတ္ထာနံ ယုဇ္ဇတိ။

ဟူသော ပါဠ်(အဘိ။၁။၁၂၇)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဟိ၊ အကျယ်မှတ်ရန် နည်းတတန်ကား။ ကာယကမ္မမေဝ၊ ကာယကံသည်သာလျှင်။ ကာယဝိညတ္တိယံ၊ ကာယဝိညတ်၌။ ယေဘုယျေန၊ များသောအားဖြင့်။ ပဝတ္တတိ၊ ဖြစ်၏။ ဣတရာနိ၊ ကာယကံမှ တပါးသော ဝစီကံ,မနောကံတို့သည်။ ကာယဝိညတ္တိယံ၊ ကာယဝိညတ်၌။ ယေဘုယျေန၊ များသောအားဖြင့်။ န ပဝတ္တတိ၊ မဖြစ်။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ကာယကမ္မဿ၊ ကာယကံ၏။ ယေဘုယျေန၊ များသောအားဖြင့်။ ပဝတ္တိတော၊ ဖြစ်ခြင်းကြောင့်။ တဿာ၊ ထိုကာယဝိညတ်၏။ ကာယကမ္မဘာဝေါ၊ ကာယကံ၏အဖြစ်သည်။ သိဒ္ဓေါ၊ ပြီး၏။ ဗြာဟ္မဏဂါမအမ္ဗဝနနာဂဝနာဒီနံ၊ ပုဏ္ဏားရွာ, သရက်တော, ကံ့ကော်ပင်တော-အစရှိသည်တို့၏။ ဗြာဟ္မဏဂါမာဒိဘာဝေါ ဝိယ၊ ပုဏ္ဏားရွာ-အစရှိသော ဝေါဟာရဖြစ်သကဲ့သို့တည်း။ ဣတိ၊ ဤသို့။ ဒွါရဝဝတ္ထာနံ၊ ဒွါရကို မှတ်ခြင်းသည်။ ယုဇ္ဇတိ၊ သင့်၏။

ဤသို့ ပြဆိုခဲ့ပြီးသော ဥပမာစကား၌ ဗြာဟ္မဏသဒ္ဒါနှင့်ကား ကာယကံနှင့် တူ၏။ ဂါမသဒ္ဒါနှင့်ကား ကာယဒွါရနှင့် တူ၏။ ပုဏ္ဏားတို့သည်သာ ဤရွာ၌ များစွာနေသည်နှင့်ကား ကာယကံ၏ ကာယဒွါရ၌သာ များစွာဖြစ်သည်နှင့် တူ၏။ ထိုရွာ၌ ပုဏ္ဏားတို့သာ များစွာနေရာ ဖြစ်သည်နှင့်ကား ကာယဒွါရ၌ ကာယကံ၏ များစွာဖြစ်သည်နှင့် တူ၏။ ထိုရွာ၏ ပုဏ္ဏားတို့၏ များစွာဖြစ်ရာ ဖြစ်သည်၏ အဖြစ်ကြောင့် ဗြာဟ္မဏဂါမ-ဟူသော ယေဘုယျနည်းသည်ကား ဌာနီဖြင့် ဌာနကို မှတ်သည်။

ကာယကံသည် ကာယဒွါရ၌သာ များစွာဖြစ်၏။ ဝစီဒွါရ၌ကား အနည်းငယ်သာ ဖြစ်၏။ ထိုသို့ ကာယဒွါရ၌သာ များစွာဖြစ်သည်၏အဖြစ်ကြောင့် ထိုကာယကံ၏ ကာယကံဟူသောအဖြစ်သည် ထင်ရှား၏။

**ဥပမာကား** တော၌ ကျင်လည်သော မုဆိုး, ကိလေသာဆူသော မိန်းမအိမ်-စသည်တို့၌ ကျင်လည်သော ရဟန်း-အစရှိသည်တို့၏ တော၌ ကျင်လည်ခြင်း များသောကြောင့် ရွာ၌ပင် ကျင်လည်သော်လည်း တောမုဆိုး-ဟူ၍သာ ခေါ်ဝေါ်ခြင်းဖြစ်သကဲ့သို့လည်းကောင်း၊ ကိလေသာဆူသော မိန်းမအိမ်-စသည်တို့၌ ကျင်လည်ခြင်း များသောကြောင့် တပါးသောအိမ်၌ပင် ကျင်လည်သော်လည်း ထိုရဟန်းကို ထုလ္လကုမာရိက ဂေါစရရဟန်းဟူ၍သာ ခေါ်ဝေါ်သကဲ့သို့လည်းကောင်း ထိုကာယကံ၏ ကာယဒွါရ၌သာ များစွာဖြစ်သောကြောင့် ရံခါ ဝစီဒွါရ၌ပင် ဖြစ်သော်လည်း ကာယကံ-ဟူသော အမည်ကိုသာ ရ၏-ဟူလို။ ထို့ကြောင့် အဋ္ဌသာလိနီမည်သော ဓမ္မသင်္ဂဏီအဋ္ဌကထာ၌—

> ကာယကမ္မံ ပန ကာယဒွါရမှိယေဝ ဗဟုလံ ပဝတ္တတိ၊ အပ္ပံ ဝစီဒွါရေ။ တသ္မာ ကာယဒွါရေ ဗဟုလံ ပဝတ္တိတော တေဿ ကာယကမ္မဘာဝေါ သိဒ္ဓေါ ဝနစရက

ထုလ္လကုမာရိကာဒိဂေါစရာနံ ဝနစရကာဒိဘာဝေါ ဝိယာတိ ဧဝံ ကမ္မဝစတ္ထာနံပိ ယုဇ္ဇတိ။

ဟူသော ပါဌ်(အဘိ႘၁။၁၂၇-၈)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ပန၊ ယေဘုယျနည်းမှတပါး တဗ္ဗဟုလ္လနည်းကို ပြအံ့။ ကာယကမ္မံ၊ ကာယကံသည်။ ကာယဒွါရမှိယေဝ၊ ကာယဒွါရ၌သာလျှင်။ ဗဟုလံ၊ များစွာ။ ပဝတ္တတိ၊ ဖြစ်၏။ ဝစီဒွါရေ၊ ဝစီဒွါရ၌။ အပ္ပံ၊ အနည်းငယ်မျှ။ ပဝတ္တတိ၊ ၏။ ကာယဒွါရေ၊ ကာယဒွါရ၌။ ဗဟုလံ၊ များစွာ။ တသ္မာ ပဝတ္တိတော၊ ထိုသို့ဖြစ်ခြင်းကြောင့်။ ဧတဿ၊ ထိုကာယကံ၏။ ကာယကမ္မဘာဝေါ၊ ကာယကံ၏ အဖြစ်သည်။ သိဒ္ဓေါ၊ ထင်ရှား၏။ ဝနစရကထုလ္လကုမာရိကာဒိဂေါစရာနံ၊ တော၌ ကျင်လည်သော မုဆိုး, ကိလေသာဆူသော မိန်းမအိမ်၌ ကျင်လည်သော ရဟန်းတို့၏။ ဝနစရကာဒိဘာဝေါ ဝိယ၊ တော၌ ကျင်လည်သော မုဆိုး, ကိလေသာဆူသော မိန်းမအိမ်-စသည်၌ ကျင်လည်သော ရဟန်း-အစရှိသော ဝေါဟာရ ဖြစ်သကဲ့သို့တည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဧဝံ၊ ဤသို့။ ကမ္မဝစတ္ထာနံ၊ ကံကို မှတ်ခြင်းသည်။ ယုဇ္ဇတိ၊ သင့်၏။

ပြဆိုခဲ့သော ဥပမာစကား၌ ဝနသဒ္ဒါနှင့်ကား ကာယဒွါရနှင့် တူ၏။ စရကသဒ္ဒါနှင့်ကား ကာယကံနှင့် တူ၏။ မုဆိုးတို့သည် တော၌သာ များစွာ ကျင်လည်သည်နှင့်ကား ကာယကံသည် ကာယဒွါရ၌သာ များစွာဖြစ်သည်နှင့် တူ၏။ ထိုတော၌သာ မုဆိုးတို့၏ များစွာ ကျင်လည်ခြင်းဖြစ်သည်နှင့်ကား ကာယဒွါရ၌ ကာယကံသည် များစွာဖြစ်သည်နှင့် တူ၏။ ထိုတော၌သာ မုဆိုးတို့၏ များစွာကျင်လည်ခြင်း အကြောင်းဖြစ်သောကြောင့် ဝနစရက-ဟူသော တဗ္ဗဟုလ္လနည်းသည်ကား ဌာနဖြင့် ဌာနီကို မှတ်သည်။

ယေဘုယျနည်း၌ ရွာသည် ဌာန၊ ပုဏ္ဏားသည် ဌာနီ၊ တောသည် ဌာန၊ သရက်ပင်, ကံ့ကော်ပင်တို့သည် ဌာနီ၊ ပုဏ္ဏားရွာ, သရက်တော, ကံ့ကော်တော-ဟု ဌာနီဖြင့် ဌာနကို မှတ်သည်-ဟူလို။

တဗ္ဗဟုလ္လနည်း၌ မုဆိုးသည် ဌာနီ၊ တောသည် ဌာန၊ ရဟန်းသည် ဌာနီ၊ ထုလ္လ-ကုမာ ရိကသည် ဌာန၊ တော၌ကျင်လည်သော မုဆိုး, ကိလေသာဆူသော မိန်းမ-စသည်၌ ကျင်လည်သောရဟန်းဟု ဌာနဖြင့် ဌာနီကို မှတ်သည် ဟူလို။

ထို့ကြောင့် ကာယကံသည်သာလျှင် ကာယဒွါရ၌ ဖြစ်သည်ကား ယေဘုယျ။ ကာယကံသည် ကာယဒွါရ၌သာ ဖြစ်သည်ကား တဗ္ဗဟုလ္လဟု ပြသည်။

ထုလ္လကုမာရိကာဒိ၌ အာဒိသဒ္ဒါဖြင့် ကြွင်းသော အဂေါစရ ၅-ပါးကိုလည်း သငြိုဟ်ရေတွက်အပ်၏။

ရဟန်းတို့ အကျွမ်းဝင်ခြင်းကို ပြု၍ ဆွမ်းရပ်ခံခြင်း၊ စားသောက်နေထိုင်ခြင်းကို မပြုအပ်သော အဂေါစရ ၆-ပါးကား–

- သေတင်းကုပ်၌ အကျွမ်းဝင်သဖြင့် ဆွမ်းရပ်ခံ စားသောက်နေထိုင်ခြင်း **ပါနာဂါရဂေါစရ,**
- ပဏ္ဍုက်အိမ်၌ အကျွမ်းဝင်သဖြင့် ဆွမ်းရပ်ခံ စားသောက်နေထိုင်ခြင်း **ပဏ္ဍကဂေါစရ,**
- ဘိက္ခုနီမတို့၌ အကျွမ်းဝင်သဖြင့် ဆွမ်းရပ်ခံ စားသောက်နေထိုင်ခြင်း **ဘိက္ခုနီဂေါစရ,** ဘိက္ခုနီမ-ဟူသည် ရဟန်းမိန်းမကို ဆိုသည်။ ယခုကာလ မရှိ။
- ကိလေသာဆူသော, လင်မရသဖြင့် လင်လွန်သောမိန်းမ-ဟု ဆိုအပ်သော အပျိုဟိုင်း အိမ်၌ ဆွမ်းရပ်ခံ စားသောက်နေထိုင်ခြင်း **ထုလ္လကုမာရီဂေါစရ,**
- ပြည့်တန်ဆာမ၌ အကျွမ်းဝင်သဖြင့် ဆွမ်းရပ်ခံ စားသောက်နေထိုင်ခြင်း **ဝေသိယာ-ဂေါစရ,**
- လင်ကွာ, လင်သေသော မိန်းမအိမ်၌ အကျွမ်းဝင်သဖြင့် ဆွမ်းရပ်ခံ စားသောက် နေထိုင်ခြင်း **ဝိဓဝါဂေါစရ၊**

ဤသို့ ၆-ပါးတည်း။ (အဘိ၊ဋ္ဌ။၂၅၅)

တစ်ယောက်ချင်းချင်း ဆိတ်ကွယ်ရာ၌ အကျွမ်းတဝင် နေသည်ကိုသာ ဆိုသည်။ သားသမီး, ဆွေမျိုး, ပရိသတ်တို့နှင့်တကွ နေရာ၌ အပြစ် မရှိ။

**"သုရာသောက်ထုပ်၊ သေတင်းကုပ်၊ ပဏ္ဍုက်, ဘိက္ခုမ၊**
**အပျိုဟိုင်းနှင့်၊ လူတိုင်းသွားလာ၊ ပြည့်တန်ဆာ၊ လင်ကွာ မုဆိုးမ၊**
**ဆွမ်းခြောက်ပါးမှာ၊ မစားရာ၊ ကျမ်းလာ မှန်မုချ။"** (ဤကား အကျဉ်းမှတ်ရန်)

**ပဏ်၊ ပါ၊ ဘိ၊ ဝိ၊ ဝေ၊ ထုံ၊ တနည်း** အကျဉ်းမှတ်ရန်။

| | |
|---|---|
| **ပဏ်၊** ပဏ္ဍကဂေါစရ။ | **ပါ၊** ပါနဂေါစရ။ |
| **ဘိ၊** ဘိက္ခုနီဂေါစရ။ | **ဝိ၊** ဝိဓဝါဂေါစရ။ |
| **ဝေ၊** ဝေသိယာဂေါစရ။ | **ထုံ၊** ထုလ္လကုမာရီဂေါစရ။ |

ဤတွင်ဓွေ ကာယကံသည်သာ ကာယဒွါရ၌ ဖြစ်သည်ကား ယေဘုယျ၊ ကာယကံ သည် ကာယဒွါရ၌သာ ဖြစ်သည်ကား တဗ္ဗဟုလ္လ-ဟူသော ဝိနိစ္ဆယကို ပြဆိုသော စကား တစ်ရပ် အပြီးသတ်တည်း။

ၡင်းစကားရပ်ကို အကျယ်သိလိုလျှင် ဓမ္မသင်္ဂဏီ၊ ကာယဒွါရကထာမှာ ကြည့်လေ။ ဒကာကြီး၏ လျှောက်စာတွင် ဆုံးဖြတ်ရေးသား ဖြေဆိုတော်မူလိုက်သော ကံ,ဒွါရ အဆုံးအဖြတ် အကျဉ်းသိမ်းရုံး အပြီးဆုံးတွင်ပါသော ကာယကံသည်သာလျှင် ကာယဒွါရ၌ဖြစ်သည်ကား ယေဘုယျ၊ ကာယကံသည် ကာယဒွါရ၌သာ ဖြစ်သည်ကား တဗ္ဗဟုလ္လ၊ ဤသို့ ဆုံးဖြတ်ရေးသားတော်မူလိုက်သည်မှာ သိမ်မွေ့နက်နဲ ခဲခက်လျှို့ဝှက်သောအရာ ဖြစ်သဖြင့် နေရာကျ မသိနိုင်ကြရှိသည်ဖြစ်ပါ၍ နေရာကျသိမှတ်ပါရအောင် ထပ်မံဖြေဆို အမိန့်ရှိတော်မူပါမည့်အကြောင်းနှင့် လျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ညွှန်ပြထုတ်ဆောင်၍ ၁၂၄၂-ခု၊ ဝါဆိုလဆန်း၊ ၁၄-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာ-သိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## ပုစ္ဆာ ဝိသဇ္ဇနာ ကဏ္ဍ သမူဟ

| | |
|---|---|
| ပဌမပုစ္ဆာ၌ | - နဝင်္ဂဥပုသ်အကြောင်း။ |
| ဒုတိယပုစ္ဆာ၌ | - စကြဝဠာနဂိုရ်-စသော ပါရမီခန်းပျို့လင်္ကာအကြောင်း။ |
| တတိယပုစ္ဆာ၌ | - ခန္ဓာ ၅-ပါးတို့၏ ပါဠိအနက်ကို အကျဉ်းမှတ်ရန် ကဗျာ၊ ပုဂ္ဂိုလ်, ဘုံရ, စိတ်ရအကျဉ်းကဗျာ။ |
| စတုတ္ထပုစ္ဆာ၌ | - စိတ္တဝိက္ခိတ္တရဟန်း သိက္ခာချ၍ ကျ,မကျအကြောင်း။ |
| ပဥ္စမပုစ္ဆာ၌ | - ဓုတင်္ဂအပ္ပိစ္ဆအကြောင်း၊ စေတိယပဗ္ဗတ ဒွေဘာတိကထေရဝတ္ထု။ |
| ဆဋ္ဌပုစ္ဆာ၌ | - ထင်သောသတိရှိသော ပုဂ္ဂိုလ် ၃-ဦးအကြောင်း။ |
| သတ္တမပုစ္ဆာ၌ | - သိကြားမင်း အောက် ၂-ဘုံတွင်သာ အစိုးရမည်၊ အထက် ၅-ဘုံပါ အစိုးရမည်, မရမည်အကြောင်း။ |
| အဋ္ဌမပုစ္ဆာ၌ | - ယခုလောကတွင် ဥစ္စာပစ္စည်း ပြည့်စုံခြင်းသည် ကံကြောင့် ဖြစ်မည်၊ လုံ့လကြောင့် ဖြစ်မည်အကြောင်း။ |

**နဝမပုစ္ဆာ၌** - သူကြီး, နာခံ, စစ်ကဲ, မြို့ဝန်-စသော အရာရှိဒါယကာတို့ကို ရဟန်းတော်များ၏ ပယောဂကြောင့် အရာကျခြင်း ဥစ္စာကြေးငွေ ကုန်ခြင်းစသောအမှု၊ လူချင်းချင်းတိုက်ခိုက် ဥစ္စာအရာဌာန ဆုံးပါးပျက်ပြားသော အမှု၊ ၎င်းအမှုများကို ပြုလုပ်သော ရဟန်း,ရှင်,လူတို့ကို အဘယ်သို့ ဆုံးဖြတ်သင့်သည့်အကြောင်း။

**ဒသမပုစ္ဆာ၌** - သုရာမေရယမှ အထက် သိက္ခာပုဒ်ပျက်က သာဝဇ္ဇဖြစ်မည်, အနဝဇ္ဇဖြစ်မည်။ သူတပါးသားကို ရဟန်း, သာမဏေပြုရာ သာသနဒါယာဒဖြစ်, မဖြစ်။ ယခုကာလ လှူကြသောဒါနသည် ဒိဋ္ဌဓမ္မအကျိုးပေး,မပေးအကြောင်း။

**ဧကာဒသမပုစ္ဆာ၌** - ဥက္ကာကျခြင်း, တော်လည်းခြင်းအကြောင်း။

**ဒွါဒသမပုစ္ဆာ၌** - ပကိဏ္ဏကဝိသဇ္ဇနာတတိယထုပ်၊ ပဉ္စမတွဲ၊ ဗိဇ္ဇုဒ္ဓိရပုစ္ဆာတွင် ပါသောဂါထာ၌ ပေယျာလထားခြင်းအကြောင်း။

**တေရသမပုစ္ဆာ၌** - သမ္ပသနဉာဏ်အကြောင်း။

**စုဒ္ဒသမပုစ္ဆာ၌** - မင်္ဂလသုတ်, ပြင်အောင်ခြင်း-စသော စာစောင်ငယ်တို့ကို အက္ခရာ, ပုဒ်,ပါဠ် မှန်ကန်အောင် ပြင်ဆင်ခြင်းအကြောင်း။

**ပဉ္စဒသမပုစ္ဆာ၌** - ယေဘုယျ၊ တဗ္ဗဟုလ္လ-ဟူသော ဝိနိစ္ဆယစကား။

ဤသို့ လူ,ရှင်,ရဟန်းတို့ မေးလျှောက်သည့်အတိုင်း ယုံမှားသံသယ ကင်းရှင်းစိမ့်သောငှာ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအပ်သော ပြုံးပြွမ်းသော ဝိသဇ္ဇနာရှိသည်၏အဖြစ်ကြောင့် ပကိဏ္ဏကဝိသဇ္ဇနာ အမည်ရှိသော ကျမ်း၌ ၁၅-ပါးသော ပုစ္ဆာတို့ဖြင့် တန်ဆာဆင်အပ်သော တတိယပရိစ္ဆေဒကား သက္ကရာဇ် ၁၂၄၂-ခု၊ ဝါဆိုလဆန်း၊ ၁၄-ရက်နေ့ ပြီးဆုံးခြင်းသို့ ရောက်သတည်း။

★★★★★★★

## လုံးတော်ဆရာတော်

# ပဋိက္ကကဝိသဇ္ဇနာကျမ်း

## ဒုတိယတွဲ၊ ၂။ (စတုတ္ထပိုင်း၊ ၄။)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### ရဟန်းတော် ဦးဇိန-က ပရိတ်ပါဠိတော်တွင် ပုဒ်,အက္ခရာ,ဂါထာဗန္ဓ ပျက်ယွင်းသည်များကို ပြင်ဆင်ပါမည့်အကြောင်းနှင့် လျှောက်ထားချက်

[ ၁၁၆ ] "ဘုရားတပည့်တော် စလေမြို့၊ ရှင်ဇိန လျှောက်ပါသည် ဆရာတော်ဘုရား။

မင်္ဂလသုတ်, ရတနသုတ်-အစရှိသော ပရိတ်ပါဠိတော်တွင် ပုဒ်, အက္ခရာ, ဂါထာဗန္ဓ ချွတ်ယွင်းဖောက်ပြန် မမှန်တိမ်းယိမ်းသောအရာ များသောကြောင့် နေရာကျ မရွတ်,မအံနိုင်ကြသဖြင့် တောင့်တတိုင်း အကျိုးမပြီးရာသည်ဖြစ်၍ နေရာကျကျ သင့်အံလေ့ကျက် ဆောင်ရွက်မှတ်သား သင်ကြားပို့ချပါရအောင် ပုဒ်, အက္ခရာ သုတ်သင်ပြင်ဆင်ရေးသား ကယ်မသနားတော်မူပါမည့်အကြောင်းကို လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား။"

ရှင်းလျှောက်ချက်အရ အဖြေဝိသဇ္ဇနာ-

## မင်္ဂလသုတ် (မင်္ဂလာဒီပနီသောဓနီကျမ်းငယ်)

[၁၁၆] မင်္ဂလံ သဗ္ဗသတ္တာနံ၊ မင်္ဂလတ္ထာယ ဒေသိတံ။
မင်္ဂလံ နရဒေဝါနံ၊ သမ္ဗုဒ္ဓါ'ဟံ'ဘိဝန္ဒိယ။ ။

ဒုန္နိက္ခိတ္တာနိ ပဒါနိ၊ သာဓုကာ'ဟံ ဝိသောဓိယ။
သုသိက္ခိတံ လိခိဿာမိ၊ မင်္ဂလာဒီပဝိသောဓနိံ။ ။

အဟံ၊ ငါသည်။ သဗ္ဗသတ္တာနံ၊ ခပ်သိမ်းကုန်သော သတ္တဝါတို့၏။ မင်္ဂလတ္ထာယ၊ နိဗ္ဗာနသုဂတိဂါမိ-စသော မင်္ဂလာ၏အကျိုးငှာ။ မင်္ဂလံ၊ ၃၈-ဖြာ မင်္ဂလာတရားတော်ကို။ ဒေသိတံ၊ ဟောတော်မူတတ်သော။ နရဒေဝါနံ၊ လူ,နတ်တို့၏။ မင်္ဂလံ၊ မင်္ဂလာဖြစ်တော်မူသော။ သမ္ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ အဘိဝန္ဒိယ- အဘိဝန္ဒာမိ၊ ရှိခိုးပါ၏။

အဘိဝန္ဒိယ- အဘိဝန္ဒိတွာ၊ ရှိခိုးပြီး၍။ ဒုန္နိက္ခိတ္တာနိ၊ မကောင်းသဖြင့် ထားအပ်ကုန်သော။ ပဒါနိ၊ ပုဒ်တို့ကို။ သာဓုကံ၊ ကောင်းစွာ။ ဝိသောဓိယ၊ သုတ်သင်၍။ သုတကာမေဟိ၊ အကြားအမြင်ကို အလိုရှိကုန်သောသူတို့သည်။ သုသိက္ခိတံ၊ ကောင်းစွာ သင်အံလေ့ကျက်ဆောင်ရွက်မှတ်သားအပ်သော။ မင်္ဂလာဒီပဝိသောဓနိံ၊ မင်္ဂလသုတ်-စသော ပရိတ်ပါဠိတော်ကို သုတ်သင်ရာဖြစ်သောကြောင့် **မင်္ဂလာဒီပဝိသောဓနီမည်သော စာစောင်ကျမ်းငယ်ကို။** အဟံ၊ ငါသည်။ လိခိဿာမိ၊ ရေးပေအံ့။

'သမန္တာ စက္ကဝါဠေသု'အစရှိသော စုဏ္ဏိယဂါထာပါဠ်တို့တွင် သမန္တာစက္ကဝါဠေသု-ဟူသော ဥယျောဇဉ်ဂါထာ၌ သ-မှာ အ-ရဿနှင့် သမန္တာ, သ-မှာ အာ-ဒီဃနှင့် သာမန္တာ၊ သဒ္ဒါ ၂-ချက်သင့်။ 'စက္ကဝါဠေသု'-၌လည်း 'စက္ကဝါဠေသု'-ဟု ဝါ-ကို ဠေသုနှင့် စပ်၍ ရွတ်။ "စက္ကဝါ ဠေသု"ဟု ဝါ-ကို စက္ကနှင့် စပ်၍ မရွတ်နှင့်။

'မုနိရာဇဿ သုဏန္တု'၌လည်း 'မုနိရာဇဿ'-ဟု ရာ-ကို ဇဿ-နှင့် စပ်၍ ရွတ်။ 'မုနိရာ ဇဿ သုဏန္တု'-ဟု ရာ-ကို မုနိ-နှင့် စပ်၍ မရွတ်နှင့်။

'သဂ္ဂမောက္ခဒံ'၌လည်း 'မောက္ခဒံ'-ဟု ဒံ-မှာ ဒန္တဇတတိယက္ခရာ ဒ-နှင့် ရွတ်။ 'မောက္ခတံ'-ဟု ဒန္တဇပဌမက္ခရာ တ-နှင့် မရွတ်နှင့်။

'ဓမ္မဿဝနကာလော အယံ ဘဒ္ဒန္တာ'ဟူသော အာလုပ်၌ ဒ-မှာ သ-သံယောဂနှင့် ဘဒ္ဒန္တာ, ဒ-မှာ ဝိ-သံယောဂနှင့် ဘဒန္တာ၊ သဒ္ဒါ ၂-ချက်သင့်။

'နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ'ဟူသော ပမာဏ၌ နမော တဿဘဂဝတော-ဟု တဿ-ကို ဘဂဝတော-နှင့် စပ်၍ ရွတ်။ 'နမောတဿ'ဟု

တဿ-ကို နမော-နှင့် စပ်၍ မရွတ်နှင့်။ တနည်း နမော ၁-ပုဒ်၊ တဿ ၁-ပုဒ်၊ ဘဂဝတော ၁-ပုဒ်၊ ၃-ပုဒ်သော်လည်း ခြား၍ ရွတ်။

'ယေ သန္တာ သန္တစိတ္တာ'ဟူသော ဓမ္မပဒိပ္ပဋ္ဌကဥယျောဇဉ်ဂါထာ၌ ဘူ-မှာ ဦ-ဒီဃနှင့်ချည်း ရွတ်။ 'ဘုမ္မာ ဘုမ္မာ'ဟု မ-သံယုဂ်နှင့် မရွတ်နှင့်။

'ဂုဏာဂဏဂဟဏဗျာဝဋာ'၌လည်း ဂဟဏပ်ဗျာဝဋာ-ဟု ဂရုထင်အောင် ရွတ်မှ ဆန်းဂိုဏ်း သင့်မည်။ အစ၌ လဟု-ရှိသော ယ-ဂိုဏ်းလည်း ကျသည်။ ဤအရာ၌ ဆရာတို့ ပြင်သည် မရှိကြ။

'မေရုရာဇေ ဝသန္တော သန္တော သန္တောသဟေတုံ'၌လည်း "မေရုရာဇေ ဝသန္တော သန္တော"ဟု သန္တော ၂-ပုဒ်ကို ခြား၍ နောက်သန္တော ၁-ပုဒ်ကို 'သန္တောသဟေတုံ'-ဟု ဟေတုံ-နှင့် စပ်၍ ရွတ်။ 'သန္တောသန္တော သဟေတုံ'-ဟု သန္တော ၂-ပုဒ်ကို စပ်၍ မရွတ်နှင့်။ တနည်း နောက်-'သန္တောသဟေတုံ'၌ 'သန္တောသ ဟေတုံ'-ဟု သ-ကို သန္တောနှင့် စပ်၍ ရွတ်။ 'သန္တော သဟေတုံ'ဟု သ-ကို ဟေတုံနှင့် စပ်၍ မရွတ်နှင့်။

'သဗ္ဗေသု စက္ကဝါဠေသု'ဟူသော အာသီသဂါထာ၌ 'စက္ကဝါဠေသု'-၌ ရှေးနည်းတူ။ ဗြဟ္မနော-ဟု ဗြာ-မှာ အာ-ဒီဃနှင့် ဟ္မ-မှာ အ-ရဿနှင့် ရွတ်။ ဗြဟ္မာနောကို ဗြ-မှာ အ-ရဿနှင့် ဟ္မာ-မှာ အာဒီဃနှင့် မရွတ်နှင့်။ ဗြဟ္မနော-ဟု နောက်မှာ ဒန္တဇ န-နှင့် လိုသည်။

'သဗ္ဗေ တံ အနုမောဒိတွာ'ဟူသော ဂါထာ၌ 'သာသနေ ရတာ'-ဟု ရ-ကို တာ-နှင့် စပ်၍ ရွတ်။ 'သာသနေရ တာ'-ဟု ရ-ကို သာသနေ-နှင့် စပ်၍ မရွတ်နှင့်။ "ပမာဒ-ရဟိတာ"၌လည်း 'ပမာဒ ရဟိတာ'-ဟု ရ-ကို ဟိတာ-နှင့် စပ်၍ ရွတ်။ ပမာဒရ ဟိတာ-ဟု ရ-ကို ပမာဒ-နှင့် စပ်၍ မရွတ်နှင့်။

'သာသနဿ စ'ဟူသော ဂါထာ၌ သာသနဿ စ-ဟု န-နောင် သ-မှာ သံယောဂ နှင့် ရွတ်။ 'သာသနသာ စ'-ဟု ဝိသံယောဂ အာဒီဃနှင့် မရွတ်နှင့်။ ဝုဍ္ဎိ-၌လည်း ဝုဍ္ဎိ-ဟု ဍ္ဎိ-မှာ ဤဒီဃနှင့် ရွတ်။ ဝုဍ္ဎိ-ဟု ဣရဿနှင့် မရွတ်နှင့်။ ဤ'ဝုဍ္ဎိ'-၌ မုဒ္ဓဇ တတိယ,စတုတ္ထ အသဒိသဒွေးဘော်နှင့် ဝုဍ္ဎိ၊ ဒန္တဇတတိယ, စတုတ္ထအသဒိသ ဒွေးဘော်နှင့် ဝုဒ္ဓိ ၂-ချက်သင့်။ 'သာသနမ္ဘိ စ'၌လည်း သာသနမ္ဘိ-ဟု ဘိ-မှာ ဣရဿနှင့် ရွတ်။ ဘီ-ဟု ဤဒီဃနှင့် မရွတ်နှင့်။

'သဒ္ဓိံ ဟောန္တု သုခီ သဗ္ဗေ'ဟူသော ဂါထာ၌လည်း သုခီ-ဟု ခီ-မှာ ဤဒီဃနှင့် ရွတ်။ သုခိ-ဟု ဣရဿနှင့် မရွတ်နှင့်။ 'ပရိဝါရေဟိ အတ္တနော'-၌လည်း အတ္တနော-ဟု တ္တ-မှာ ဒန္တဇ ပဉ္စမဝဂ္ဂရာ တသဒိသဒွေးဘော်နှင့် ရွတ်။ အတ္ထနော-ဟု ဒန္တဇပဉ္စမ, ဒုတိယ အသဒိသဒွေးဘော်နှင့် မရွတ်နှင့်။

‘ရာဇတော ဝါ’-ဟူသော စုဏ္ဏိယပါဌ်၌ ‘ပိသာစတော ဝါ’-၌ ပိသာစ-ဟု ပိ-မှာ ဣရဿနှင့် ရွတ်။ ပိံသာစ-ဟု နိဂ္ဂဟိတန္တနှင့် မရွတ်သင့်။ ‘ခါဏုကတော ဝါ’၌လည်း ဏု-မှာ ဒန္တဇ-နနှင့် လိုသည်။

‘အသပ္ပုရိသတော ဝါ’၌လည်း ပ္ပုရိသ-ဟု ပ္ပု-မှာ ဥရဿနှင့် ရွတ်။ ပ္ပူ-ဟု ဒီဃနှင့် မရွတ်နှင့်။ ကုက္ကုရ-၌လည်း ကုက္ကုရ-ဟု က္ကု-မှာ ဥရဿနှင့် ရွတ်။ က္ကူ-ဟု ဒီဃနှင့် မရွတ်နှင့်။ ဝိစ္ဆိက-၌ ဝိစ္ဆိက-ဟု ဝိ-မှာ ဣရဿနှင့် ရွတ်။ ဝစ္ဆိက-ဟု အ-သရနှင့် မရွတ်နှင့်။ သုကရ-၌လည်း သု-မှာ ဥသရနှင့် ရွတ်။ သူ-ဟု ဦဒီဃနှင့် မရွတ်နှင့်။

‘ယက္ခရက္ခသာဒီဟိ’၌လည်း ယက္ခ-မှာ စဉ်းငယ်ရပ်၍ ရက္ခသာဒီဟိ-ဟု ရက္ခနှင့် သာဒီဟိ-ကို ပေါင်း၍ ရွတ်။ ယက္ခရက္ခ-ဟု ယက္ခရက္ခ ၂-ပုဒ်ကို ခြား၍ သာဒီဟိ-ဟု မရွတ်နှင့်။ ယက္ခ-၌ ယ-မှာ တာလုဇ-ယ၊ ရက္ခ-၌ ရ-မှာ မုဒ္ဓဇ ရ-ကို လိုသည်။

‘နာနာရောဂတော ဝါ’၌လည်း ရော-မှာ မုဒ္ဓဇ-ရနှင့် လိုသည်။ ‘နာနာဥပ္ပဒ္ဒဝတော ဝါ’၌လည်း ဥပ္ပဒ္ဒဝတော ဝါ-ဟု ပ-မှာ ဩဋ္ဌဇပဉ္စမက္ခရာ ပ-သဒိသဒွေးဘော်နှင့် ရွတ်။ ဥဗ္ဗဒ္ဒဝ-ဟု ဩဋ္ဌဇတတိယက္ခရာ ဗ-သဒိသဒွေးဘော်နှင့် မရွတ်နှင့်။ ‘အာရက္ခံ’-ဟု က္ခံ-မှာ နိဂ္ဂဟိတန္တနှင့် ရွတ်။ အာရက္ခာ-ဟု အာဒီဃနှင့် မရွတ်နှင့်။

‘ယံ မင်္ဂလံ’ဟူသော မင်္ဂလသုတ် ပဋိညာဏ်ဂါထာတို့၌ စိန္တယိံသု-ဟု န္တ-မှာ ဒန္တဇ ပဉ္စမက္ခရာ တ-နှင့် ရွတ်။ စိန္ဒယိံ သု-ဟု ဒန္တဇတတိယက္ခရာ ဒနှင့် မရွတ်နှင့်။ နာဓိဂစ္ဆန္တိ-၌လည်း နာဓိ-ဟု ဓိ-မှာ ဒန္တဇစတုတ္ထက္ခရာ ဓ-နှင့် ရွတ်။ နာတိ-ဟု ဒန္တဇပဉ္စမက္ခရာ တ-နှင့် မရွတ်နှင့်။

‘ဒေသိတံ ဒေဝဒေဝေန’ဟူသော ဂါထာ၌ ပုဒ်ပဒ သန့်ရှင်း၏။ ‘ဧဝံ မေ သုတံ’ ဟူသော မင်္ဂလသုတ်၊ စုဏ္ဏိယပါဌ်၌ ဧကံ သမယံ-ဟု ကံ-မှာ နိဂ္ဂဟိတန္တနှင့် ရွတ်။ ဧကေ-ဟု အသရနှင့် မရွတ်နှင့်။ ဝိဟရတိ-၌လည်း ဝိဟရတိ-ဟု ဟ-ကို ရတိ-နှင့် စပ်၍ ဝိ-ဥပသာရထင်အောင် ရွတ်။ ဝိဟ ရတိ-ဟု ဟ-ကို ဝိ-နှင့် စပ်၍ မရွတ်နှင့်။ ဝိဟာရတ္တိ-ဟူ၍လည်း ဟ-မှာ အာဒီဃနှင့် တိ-မှာ သသံယောဂ သဒိသဒွေးဘော်နှင့် မရွတ်နှင့်။ ဝိဟရတိ-ဟု ဟ-မှာ အရဿနှင့် တိ-မှာ ဝိသံယောဂနှင့် ရွတ်။

‘ဇေတဝနေ’၌လည်း ဇေတ ဝနေ-ဟု ဝ-ကို နေ-နှင့် စပ်၍ ရွတ်။ ဇေတဝ နေ-ဟု ဝ-ကို ဇေတ-နှင့်စပ်၍ မရွတ်နှင့်။ ‘အာရာမေ’-၌လည်း အာရာမေ-ဟု ရာ-မှာ အာဒီဃနှင့် ရွတ်။ အာရမေ-ဟု အရဿနှင့် မရွတ်နှင့်။ ‘အညတရာ ဒေဝတာ’၌လည်း အညတရာ-ဟု တ-အက္ခရာ, ရာ-အက္ခရာနှင့် ရွတ်။ အညတြာ-ဟု တ-မှာ ရ-သံယုဂ်နှင့် ထင်အောင် မရွတ်နှင့်။

'အဘိက္ကန္တာယ ရတ္တိယာ၊ အဘိက္ကန္တဝဏ္ဏာ'၌လည်း အဘိက္ကန္တာယ၊ အဘိက္ကန္တ-ဟု က-မှာ ကဏ္ဍဇ ပဉ္စမက္ခရာ က-သဒ္ဒိသဒွေးဘော်နှင့်ချည်း ရွတ်။ အဘိက္ခန္ဒာယ အဘိက္ခန္ဒာ-ဟု ကဏ္ဍဇပဉ္စမ, ဒုတိယ အသဒိသဒွေးဘော်နှင့် မရွတ်နှင့်။ ဝဏ္ဏာ-ဟု ဏ္ဏာ-မှာ အာဒီယနှင့် ရွတ်။ ဝဏ္ဏံ-ဟု နိဂ္ဂဟိတန္တနှင့် မရွတ်နှင့်။ ဇေတ ဝနံ-၌လည်း ဇေတဝနံ-ဟု ဝ-ကို နံ-နှင့် စပ်၍ ရွတ်။ ဇေတဝ နံ-ဟု ဝ-ကို ဇေတနှင့် စပ်၍ မရွတ်နှင့်။

"တေန'ပသင်္ကမိ ဥပသင်္ကမိတွာ"၌လည်း ဥပသင်္ကမိ ဥပသင်္ကမိတွာ-ဟု က-မှာ ကဏ္ဍဇပဉ္စမက္ခရာ က-ကို အ-ရဿနှင့် ရွတ်။ သင်္ခမိ, သင်္ခမိတွာ-ဟု ကဏ္ဍဇဒုတိယ အက္ခရာ ခ-ကို အာဒီယ, အ-ရဿနှင့် မရွတ်နှင့်။ 'ဗဟူဒေဝါ'-ဟူသော အာယာစနဂါထာ၌ ဗဟူ ဒေဝါ-ဟု ဗ-မှာ အရဿနှင့် ဟူ-မှာ ဦဒီယနှင့် ရွတ်။ 'ဗာဟုဒေဝါ'ဟု ဗ-မှာ အာဒီယနှင့် ဟူ-မှာ ဥရဿနှင့် မရွတ်နှင့်။ 'အစိန္တယုံ'-၌လည်း အစိန္တယုံ-ဟု န္တ-မှာ ဒန္တဇပဉ္စမက္ခရာ တ-ကို န-သံယုဂ်နှင့် ရွတ်။ အစိန္ဒယုံ-ဟု ဒန္တဇတတိယက္ခရာ ဒ-ကို န-သံယုဂ်နှင့် မရွတ်နှင့်။ 'အာကင်္ခမာနာ'၌လည်း အာကင်္ခမာနာ-ဟု ရွတ်။ အာကင်္ခမာနာစ-ဟု စ-အက္ခရာနှင့် မရွတ်နှင့်။

'အသေဝနာစ ဗာလာနံ'ဟူသော မင်္ဂလသုတ် ပဉ္စမဂါထာ၌ 'ပူဇာစ ပူဇနေယျာနံ'၌ ပူဇနေယျာနံ-ဟု ဇ-မှာ တာလုဇတတိယက္ခရာ ဇ-နှင့် ရွတ်။ ပူစနေယျာနံ-ဟု တာလုဇ-ပဉ္စမက္ခရာ စ-နှင့် မရွတ်နှင့်။ ပူဇနိယျာနံ-ဟူ၍လည်း န-မှာ ဣသရနှင့် မရွတ်နှင့်။

'ပတိရူပဒေသဝါသော စ'ဟူသော ဒုတိယဂါထာ၌ ပတိ-ဟု တိ-မှာ ဒန္တဇ ပဉ္စမက္ခရာ တ-နှင့် လိုသည်။ ဒေသဝါသော စ-၌လည်း ဒေသ-ဟု သ-မှာ အရဿနှင့် ရွတ်။ ဒေသာ-ဟု အာဒီယနှင့် မရွတ်နှင့်။ ပုဗ္ဗေ စ-၌လည်း ပုဗ္ဗေ-ဟု ဗ္ဗေ-မှာ ဩဋ္ဌဇတတိယ-က္ခရာ၊ ဗ-သဒိသဒွေးဘော်နှင့် ရွတ်။ ပုပ္ပေ-ဟု ဩဋ္ဌဇပဉ္စမက္ခရာ ပသဒိသဒွေးဘော်နှင့် မရွတ်နှင့်။ 'ကတပုညတာ'၌လည်း ပုညတာ-ဟု တာ-မှာ ဝိသံယောဂနှင့် ရွတ်။ ပုညတ္တာ-ဟု သသံယောဂနှင့် မရွတ်နှင့်။

'အတ္တသမ္မာပဏိဓိ'၌လည်း အတ္တ သမ္မာပဏိဓိ-ဟု သမ္မာ-ကို ပဏိဓိနှင့် စပ်၍ ရွတ်။ အတ္တသမ္မာ ပဏိဓိ-ဟု သမ္မာ-ကို အတ္တ-နှင့် စပ်၍ မရွတ်နှင့်။ အတ္တ-ဟု တ-မှာ ဒန္တဇပဉ္စမက္ခရာ တ-သဒိသဒွေးဘော်နှင့် ရွတ်။ အတ္ထ-ဟု ဒန္တဇပဉ္စမ, ဒုတိယ အ-သဒိသ ဒွေးဘော်နှင့် မရွတ်နှင့်။ သမ္မာ-ဟု သ-အက္ခရာ၊ မ္မာ-အက္ခရာတို့ကို အခြားစီ သမ္မာသဒ္ဒါနှင့် လိုသည်။ သမ္မာဝိဘတ်ကဲ့သို့ ဆင့်လျက် မလို။ မ္မာ-ဟု မ္မာ-မှာလည်း ဒွေးဘော်နှင့် လိုသည်။ ပဏိဓိစ-၌လည်း ပဏိဓိ-ဟု ဏိဓိ-တို့မှာ ဤဒီယနှင့်ချည်း ရွတ်။ ပဏိဓိ-ဟု ဣရဿနှင့် မရွတ်နှင့်။

'ဇာဟုသစ္စဥ္စ'ဟူသော ဂါထာ၌ ဇာဟု-ဟု ဇာ-မှာ အာဒီဃနှင့် ရွတ်။ အရဿနှင့် မရွတ်နှင့်။ သိပ္ပဥ္စ-၌လည်း သိပ္ပဥ္စ-ဟု ပ-မှာ ယ-သံယုဂ်နှင့် မရွတ်နှင့်။ 'သုဘာသိတာ'၌ လည်း သု-ဘာသိတာ-ဟု ဘာ-ကို သိတာ-နှင့် စပ်၍ ရွတ်။ သုဘာ-သိတာ-ဟု ဘာ-ကို သုနှင့် စပ်၍ မရွတ်နှင့်။ သုဘာသိဒါ-ဟူ၍လည်း သိ-မှာ ဤဒီဃနှင့် တာ-မှာ ဒန္တဇ တတိယက္ခရာ ဒ-နှင့် မရွတ်နှင့်။

'မာတာပိတု'ဟူသော စတုတ္ထဂါထာ၌ ပိတု-ဟု ပိ-မှာ ဣရဿနှင့် ရွတ်။ ပီတု-ဟု ဤဒီဃနှင့် မရွတ်နှင့်။ 'ဥပဋ္ဌာန'-၌လည်း ဥပဋ္ဌာန-ဟု ဋ-သံယုတ်နှင့် ဂရုထင်အောင် ရွတ်။ 'အနာကုလာ'၌လည်း ကုလာ-ဟု ကု-မှာ ဥရဿနှင့် ရွတ်။ ကူ-ဟု ဦဒီဃနှင့် မရွတ်နှင့်။ 'ကမ္မန္တာ'၌လည်း ကမ္မန္တာ-ဟု မ-မှာ သသံယောဂနှင့် ဂရုထင်အောင် ရွတ်။ ကမန္တာ-ဟု ဝိသံယောဂနှင့် မရွတ်နှင့်။

'ဒါနဉ္စ'ဟူသော ပဥ္စမဂါထာ၌လည်း ဓမ္မစရိယာ စ-ဟု စ-နှင့် ရွတ်။ ကမ္မာနိ-ဟု မ-မှာ သသံယောဂနှင့် ဂရုထင်အောင် ရွတ်။ ကမာနိ-ဟု ဝိသံယောဂနှင့် မရွတ်နှင့်။ ကမ္မာနီ-ဟူ၍လည်း နီ-မှာ ဤဒီဃနှင့် မရွတ်နှင့်။ ဤကဲ့သို့သောအရာတို့၌ နောက်ကို ဤနည်းချည်းမှတ်။

'အာရတီဝိရတီ'ဟူသော ဆဋ္ဌဂါထာ၌ အာရတီ ဝိရတီ ပါပါ-ဟု ပါပါ-တွင် ရပ်၍ 'မဇ္ဇပါနာစ သံယမော'ဟု ရွတ်။ ပါပါမဇ္ဇ-ဟု ပါပါ-နှင့် မဇ္ဇ-ကို ပေါင်း၍ မရွတ်နှင့်။ ပ-မှာ သသံယောဂနှင့် အပ္ပမာဒေါ, ပ-မှာ ဝိသံယောဂနှင့် အပမာဒေါ၊ ၂-ချက်သင့်။ သံယုဂ် ရှိ, မရှိရာ၌ အ ပ္ပမာဒေါ-ဟု ပ္ပ-ကို မာဒေါ-နှင့် စပ်၍ ရွတ်။ အပ္ပ မာဒေါ-ဟု ပ္ပ-ကို အ-နှင့် စပ်၍ မရွတ်နှင့်။

'ဂါရဝေါ စ'ဟူသော သတ္တမဂါထာ၌ ကတညုတာ-ဟု က-နောင် တ-မှာ အသရနှင့် ရွတ်။ ကတီညုတာ-ဟု ဤသရနှင့် မရွတ်နှင့်။

'ခန္တီ စ'ဟူသော အဋ္ဌမဂါထာ၌လည်း သောဝစဿတာ-ဟု စ-မှာ ဝိသံယောဂနှင့် ရွတ်။ သောဝစ္စဿတာ-ဟု စ-မှာ သသံယောဂနှင့် မရွတ်နှင့်။ သာကစ္ဆာ-၌လည်း သာကစ္ဆာ-ဟု က-မှာ ကဏ္ဍဇပဌမက္ခရာ က-နှင့် ရွတ်။ သာဂစ္ဆာ-ဟု ကဏ္ဍဇတတိယက္ခရာ ဂ-နှင့် မရွတ်နှင့်။

'တပေါ စ'ဟူသော နဝမဂါထာ၌ တပေါ စ-ဟု ပေါ-မှာ ဝိသံယောဂနှင့် ရွတ်။ တပ္ပေါစ-ဟု ပေါ-မှာ သသံယောဂနှင့် မရွတ်နှင့်။ 'ဗြဟ္မစရိယဉ္စ'ဟု စ-နှင့်ရွတ်။ ဗြာဟ္မ-ဟု ဗြာ-မှာ အာဒီဃနှင့် ရှိသင့်၏။ 'အရိယသစ္စာနဒဿနံ'၌လည်း အရိယ-ဟု ရိမှာ ဤဒီဃ

နှင့် ရွတ်။ အရိယ-ဟု ဣရဿနှင့် မရွတ်နှင့်။ ဤ၌ အရိယ, အယိရအက္ခရာ ရှေ့နောက် ပြန် ၂-ချက်သင့်။ 'နိဗ္ဗာန'-ဟု ဗ္ဗာ-မှာ အာဒိယ၊ န-မှာ ဝိသံယောဂနှင့် ရွတ်။ နိဗ္ဗန္န-ဟု ဗ္ဗ-မှာ အရဿ၊ န-မှာ သသံယောဂနှင့် မရွတ်နှင့်။ 'သစ္စိကိရိယာ စ'၌လည်း သစ္စိကိရိယာ စ-ဟု စ-နှင့် ရွတ်။ သစ္စိကိရိယာ-ဟု ကိ-မှာ ဣရဿနှင့် ရွတ်။ သစ္စိကရိယာ-ဟု အသရနှင့် မရွတ်နှင့်။ ဤ၌လည်း သစ္စိကိရိယာ၊ သစ္စိကိယိရာ အက္ခရာ ရှေ့နောက်ပြန် ၂-ချက်သင့်။

'ဖုဋ္ဌဿ'ဟူသော ဒသမဂါထာ၌ ဖုဋ္ဌဿ-ဟု ဋ္ဌ-သံယုဂ်နှင့် ဂရုထင်အောင် ရွတ်။

'တောဒိသာနိ'ဟူသော ဧကာဒသမဂါထာ၌ 'သဗ္ဗတ္ထမပရာဇိတာ၊ သဗ္ဗတ္ထသောတ္ထိ' ၌ သဗ္ဗတ္ထ-ဟု သဗ္ဗတ္ထ-တို့မှာ သြဋ္ဌဇတတိယက္ခရာ ဗသဒိသဒွေးဘော်၊ ဒန္တဇပဌမ, ဒုတိယ အသဒိသဒွေးဘော်နှင့်ချည်း ရွတ်။ သပ္ပထ-ဟု ပ္ပ-မှာ သြဋ္ဌဇပဌမက္ခရာ ပ-သဒိသ ဒွေးဘော်နှင့်၊ ထ-မှာ ဝိသံယောဂနှင့် မရွတ်နှင့်။ 'မပ္ပရာဇိတာ'၌လည်း မပ်ပရာဇိတာ-ဟု မ-ကို ပဋိသေဓထင်အောင် ပ္ပ-ကို ရာဇိတာနှင့် စပ်၍ ရွတ်။ မပ္ပ ရာဇိတာ-ဟု ပ-ကို မ-နှင့် စပ်၍ မရွတ်နှင့်။

## ရတနသုတ်

'ပဏီတာနတော'အစရှိသော ရတနသုတ် စုဏ္ဏိယပါဠိ၌ 'ပဏီတာန'-ဟု ဏီ-မှာ ဤဒီယနှင့်၊ တာ-မှာ ဒန္တဇစတုတ္ထက္ခရာ ဓနှင့် ရွတ်။ ပဏိဌာန-ဟု ဏိ-မှာ ဣရဿနှင့်၊ တာ-မှာ မုဒ္ဓဇဒုတိယက္ခရာ ဌ-နှင့် မရွတ်နှင့်။ "ဒသပရမတ္ထပါရမိယောတိ သမတိံသပါရမိယော" ၌လည်း ဒသပရမတ္ထပါရမိယောတိ-ဟု တိ-၌ စဉ်းငယ်ရပ်၍ သမတိံသပါရမိယော-ဟု ရွတ်။ တိသမတိံသ ပါရမိယော-ဟု တပေါင်းတည်း မရွတ်နှင့်။

'ပဉ္စ မဟာပရိစ္စာဂေ'၌လည်း ပရိစ္စာဂေ-ဟု တာလုဇပဌမက္ခရာ စ-သဒိသ ဒွေးဘော်နှင့် ရွတ်။ ပရိဇ္ဇာဂေ-ဟု တာလုဇ တတိယက္ခရာ ဇ-သဒိသဒွေးဘော်နှင့် မရွတ်နှင့်။ 'ဉာတတ္ထစရိယံ'၌လည်း ဉာ တတ္ထ-ဟု တ-မှာ ဒန္တဇပဌမက္ခရာ တ-နှင့် ရွတ်။ ဉာဒတ္ထ-ဟု ဒန္တဇတတိယက္ခရာ ဒ-နှင့် မရွတ်နှင့်။

'ဂဗ္ဘာဝေါက္ကန္တိ'၌လည်း ဂဗ္ဘာ-ဟု ဗ္ဘ-မှာ သြဋ္ဌဇတတိယဗ္ဘ စတုတ္ထ အသဒိသဒွေးဘော် နှင့် လိုသည်။ ဤပါဠိ၌ ဗ္ဘ-မှာ အရဿနှင့်, ဝ-မှာ သြသရနှင့် ဂဗ္ဘဝေါက္ကန္တိ၊ ဗ္ဘ-မှာ အရဿနှင့်, ဝ-မှာ အရဿနှင့် ဂဗ္ဘဝက္ကန္တိ၊ ဂဗ္ဘ-မှာ အာဒိယနှင့်, ဝ-မှာ အရဿနှင့် ဂဗ္ဘာဝက္ကန္တိ၊ ဗ္ဘ-မှာ သြသရနှင့်, ဝ-အက္ခရာ ကင်း၍ ဂဗ္ဘောက္ကန္တိ- သင့်သည်ချည်း။

'ပဓာနံ'ဟု ဓာ-မှာ ဒန္တဇစတုတ္ထက္ခရာ ဓ-နှင့် ရွတ်။ ပဍာနံ-ဟု မုဒ္ဓဇဒုတိယက္ခရာ ဍ-နှင့် မရွတ်နှင့်။ 'ဗောဓိပလ္လင်္ကေ'၌လည်း ပလင်္ကေ-ဟု လ-မှာ ဒန္တဇလ-ကို ဝိသံယောဂနှင့်၊ ကေ-မှာ ကဏ္ဌဇပဌမက္ခရာ က-နှင့် ရွတ်။ ဂေ-ဟု ကဏ္ဌဇတတိယက္ခရာဂ-နှင့် မရွတ်နှင့်။ 'ဗောဓိပလင်္ကေ'တွင်လည်း ရပ်၍ မရွတ်နှင့်။ 'ဗောဓိပလင်္ကေမာရဝိဇယံ'ဟု ပလင်္ကေ-နှင့် မာရဝိဇယံ-ကို ပေါင်း၍ ရွတ်။ ပလ္လင်္ကေ-ဟူ၍လည်း လ-မှာ သံယောဂနှင့် အချို့ကျမ်းဆရာတို့ အလိုရှိကြကုန်၏။ 'မာရဝိဇယံ'၌ မာရဝိဇ္ဇယံ-ဟု ဇ-မှာ သဒိသဒွေးဘော်နှင့်လည်း ရှိသင့်၏။

'သဗ္ဗညုတညာဏပဋိဝေဓံ'၌လည်း 'သဗ္ဗညု'ဟု ဗ-မှာ ဩဋ္ဌဇ တတိယက္ခရာ ဗ-သဒိသဒွေးဘော်နှင့် ရွတ်။ သပ္ပညု-ဟု ဩဋ္ဌဇပဌမက္ခရာ ပ-သဒိသ ဒွေးဘော်နှင့် မရွတ်နှင့်။ ပ-မှာ ဝိသံယောဂနှင့် ညာဏပတိဝေဓံ၊ ပ-မှာ သံယောဂနှင့် ညာဏပ္ပဋိဝေဓံ ၂-ချက်သင့်သည်။ 'နဝလောကုတ္တရဓမ္မေတိ'၌လည်း ဓမ္မေတိ၊ ဓမ္မေဟိပါဌ် ၂-ထွေရှိ၏။ ဓမ္မေဟိ-ရှိမူ နဝလောကုတ္တရဓမ္မေဟိ၊ ၉-ပါးသော လောကုတ္တရာ တရားတော်တို့နှင့်။ သဒ္ဓိံ၊ တကွ။ သမ္ပေ၊ ခပ်သိမ်းကုန်သော။ ဣမေ ဗုဒ္ဓဂုဏေ၊ ဤဘုရားကျေးဇူးတော်တို့ကို-ဟု ယောဇနာသင့်၏။ ဤပါဌ်၌ တေ ဗုဒ္ဓဂုဏေ-ဟူ၍လည်း ရှိ၏။ ဣတိ၊ ဤသို့။ ဧတေ ဗုဒ္ဓဂုဏေ၊ ဤဘုရားကျေးဇူးတော်တို့ကို-ဟု အနက်ယောဇနာ သင့်၏။

'ပါကာရန္တရေသု'၌လည်း ပါကာရန္တရေသု-ဟု န္တ-မှာ ဒန္တဇပဌမက္ခရာ တ-နှင့် ရွတ်။ ပါကာရန္ဒရေ-ဟု ဒန္တဇတတိယက္ခရာ ဒ-နှင့် မရွတ်နှင့်။ ပကာရန္တရေ-ဟူ၍လည်း ပ-မှာ အရဿနှင့် မရွတ်နှင့်။ တိယာမရတ္တိံ-၌လည်း တိယာမရတ္တိံ-ဟု မ-ကို တိယာ-နှင့် စပ်၍ ရွတ်။ တိယာ မရတ္တိံ-ဟု မ-ကို ရတ္တိံ-နှင့် စပ်၍ မရွတ်နှင့်။ 'အာယသ္မာ'၌လည်း သ္မာ-မှာ အာဒီဃနှင့်ရွတ်။ အာယသ္မ-ဟု အရဿနှင့် မရွတ်နှင့်။ ထေ-မှာ သ-သံယောဂနှင့် အာနန္ဒတ္ထေရော၊ ထေ-မှာ ဝိသံယောဂနှင့် အာနန္ဒထေရော ၂-ချက်သင့်။

'ဥပဋ္ဌပေတွာ'၌လည်း ဋ္ဌပေတွာ-ဟု ဋ္ဌ-မှာ အရဿနှင့် ရွတ်။ ဥပဋ္ဌာပေတွာ-ဟု ဋ္ဌ-မှာ အာဒီဃနှင့် မရွတ်နှင့်။ ဥပဋ္ဌ ပေတွာ-ဟူ၍လည်း ဋ္ဌ-ကို ဥပ-နှင့် စပ်၍ မရွတ်နှင့်။ ဋ္ဌပေတွာ-ဟု ဋ္ဌ-ကို ပေတွာ-နှင့် စပ်၍ ရွတ်။

'ကောဋိသတ သဟဿေသု'ဟူသော ရတနသုတ်ပဋိညာဏ် ၂-ဂါထာတို့တွင် 'ကောဋိသတသဟဿေသု'-၌ ကောဋီ-ဟု ဋီ-မှာ ဤဒီဃနှင့် ရွတ်။ ကောဋိ-ဟု ဣရဿနှင့် မရွတ်နှင့်။ 'ဝေသာလိယာ ပုရေ'၌လည်း ဝေသာလိယာ-ဟု လိ-မှာ ဣရဿနှင့် ရွတ်။ လီ-ဟူ၍ ဒီဃနှင့် မရွတ်နှင့်။ ပုရေ-ဟု ပု-မှာ ဥရဿနှင့် ရွတ်။ ပူရေ-ဟု ဦဒီဃနှင့်

မရွတ်နှင့်။ ဝေသာလိယာ ပုရေ-ဟု ပုရေ-ကို ဝေသာလိယာ-နှင့် စပ်၍ ရွတ်။ ပုရေရောဂါ-ဟု ပုရေ-ကို ရောဂါနှင့် စပ်၍ မရွတ်နှင့်။ 'မန္တရဓာပေယိ'၌လည်း ဓာ ပေယိ-ဟု ဓ-မှာ ဒန္တဇစတုတ္ထက္ခရာ ဓ-နှင့် ရွတ်။ ဌာပေယိ-ဟု မုဒ္ဓဇဒုတိယက္ခရာ ဌာ-နှင့် မရွတ်နှင့်။

'ယာနိဓဘူတာနိ'ဟူသော ရတနသုတ်၊ ပဥ္စမဂါထာ၌ ယာနိဓ-ဟု နီ-မှာ ဤဒီဃနှင့်၊ ဓ-မှာ ဒန္တဇစတုတ္ထက္ခရာ ဓနှင့် ရွတ်။ ယာနိတ-ဟု နိ-မှာ ဣရဿနှင့်၊ ဓ-မှာ ဒန္တဇ ပဥ္စမက္ခရာ တ-နှင့် မရွတ်နှင့်။ 'သက္ကစ္စ'၌လည်း သက္ကစ္စ-ဟု အသရနှင့်ရွတ်။ သက္ကစ္စံ-ဟု နိဂ္ဂဟိတန္တနှင့် မရွတ်နှင့်။

'တဿာဟိဘူတာ'ဟူသော ဒုတိယဂါထာ၌ နိသမေထ-ဟု နိ-ကို သမေထ-နှင့် စပ်၍ ရွတ်။ ဘူတာနိ သမေထ-ဟု နိ-ကို ဘူတာ-နှင့် စပ်၍ မရွတ်နှင့်။ နိသမေထ-၌ လည်း နိသမေထ-ဟု သ-မှာ အရဿနှင့် ရွတ်။ နိသာမေထ-ဟု သ-မှာ အာ-ဒီဃနှင့် မရွတ်နှင့်။ နိဿာမေထ-ဟူ၍လည်း သ-မှာ သသံယောဂ အာဒီဃနှင့် မရွတ်နှင့်။ 'မေတ္တံ ကရောထ'၌လည်း မေတ္တံကရော-ဟု ရွတ်မူ ဆန်းသင့်၏။ သင့်သော်လည်း ပါဠိတော်ဖြစ်၍ ဆန်းကို မငဲ့ဘဲ မေတ္တံ ကရောထ-ကိုပင် ရွတ်သင့်၏။ မေတ္တံ၌လည်း မျေတ္တံ-ဟု မ-မှာ ယ-သံယုဂ်နှင့် မရွတ်နှင့်။

ဤနည်းအတူ ပိဋကတ်တော်တွင် လာသမျှ အဝိဇ္ဇာပစ္စယာ၊ ဟေတုပစ္စယော၊ ပဋ္ဌာဇာတပစ္စယော၊ ပဌမဇ္ဈာနိဒါသာယ၊ ပဋ္ဌိမာဘဝေ၊ ပဥ္စ၊ မစ္ဆေယျ၊ တတြမေဇ္ဈတ္တတာ၊ မေတ္တာ၊ ဥပေက္ခာ၊ သဗ္ဗညု၊ သိပ္ပဉ္စ၊ မဇ္ဇပါနာ၊ မဇ္ဈိမာရဿကာ၊ မဇ္ဈိမာဒေသ-စသော ပုဒ်တို့၌ အဝိဇ္ဇာပျစ္စယာ၊ ဟေတုပျစ္စယော-စသည်ဖြင့် ယ-သံယုဂ်နှင့် မရွတ်နှင့်။ ဤမှတပါး ဤသို့သော အရာတို့မှာ ဤနည်း-ဟု မှတ်။

'မာနုသိယာ'၌ မာနုသိယာ-ဟု မ-မှာ အာ-ဒီဃနှင့်၊ သိ-မှာ ဝိ-သံယောဂနှင့် ရွတ်။ မနုဿိယာ-ဟု မ-မှာ အရဿနှင့်၊ သိ-မှာ သ-သံယောဂနှင့် မရွတ်နှင့်။ 'ဒိဝါစ'၌လည်း ဒိဝါ-ဟု ဒိ-မှာ ဣရဿနှင့် ရွတ်။ ဒီဝါ-ဟု ဒီ-မှာ ဤဒီဃနှင့် မရွတ်နှင့်။ 'ဟရန္တိ'၌လည်း ဟရန္တိ-ဟု ဟ-မှာ အရဿနှင့် ရွတ်။ ဟာရန္တိ-ဟု ဟ-မှာ အာဒီဃနှင့် မရွတ်နှင့်။ 'နေရက္ခထ' ၌လည်း ရက္ခထ-ဟု ရ-မှာ မုဒ္ဓဇ ရ-နှင့် လိုသည်။ 'အပ္ပမတ္တာ'၌လည်း အ ပ္ပမတ္တာ-ဟု ပ္ပ-ကို မနှင့် စပ်၍ ရွတ်။ အပ္ပ မတ္တာ-ဟု ပ္ပ-ကို အ-နှင့် စပ်၍ မရွတ်နှင့်။

'ယံ ကိဉ္စိ ဝိတ္တံ'ဟူသော တတိယဂါထာ၌ ဝိတ္တံ-ဟု တံ-မှာ ဒန္တဇပဥ္စမက္ခရာ သဒိသ ဒွေးဘော်နှင့် ရွတ်။ ဝိဒ္ဓံ-ဟု ဒန္တဇတတိယ, စတုတ္ထ အသဒိသဒွေးဘော်နှင့် မရွတ်နှင့်။ 'ဟုရံဝါ'၌လည်း ဟုရံဝါ-ဟု ဟု-မှာ ဥရဿနှင့် ရွတ်။ ဟူ-ဟု ဦဒီဃနှင့် မရွတ်နှင့်။ 'ပဏီတံ'

ဦလည်း ပဏီတံ-ဟု ဏီ-မှာ ဤဒီယနှင့် ရွတ်။ ဏိ-ဟု ဥရဿနှင့် မရွတ်နှင့်။ နောက်ပုဒ် ဦလည်း ပဏီတံ-ဟူသော နောက်ပဒ၌ ဤနည်းချည်းမှတ်။ 'သုဝတ္ထိဟောတု'၌လည်း သုဝတ္ထိ-ဟု တ္ထိ-မှာ ဒန္တဇပဋ္ဌမ, ဒုတိယ အသဒိသဒွေးဘော်နှင့် မရွတ်နှင့်။ သုဝတ္ထိ-ဟု ဒန္တဇပဋ္ဌမက္ခရာ တသဒိသဒွေးဘော်နှင့် ရွတ်။

'ခယံဝိရာဂံ'ဟူသော စတုတ္ထဂါထာ၌ အမတံပဏီတံ-ဟု ဏီ-မှာ ဤဒီယနှင့် ရွတ်။ ဏိ-ဟု ဣရဿနှင့် မရွတ်နှင့်။ 'သကျမုနီ'ဟု နီ-မှာ ဤဒီယနှင့် ရွတ်။ နိ-ဟု ဣရဿနှင့် မရွတ်နှင့်။ 'သမတ္ထိကိဉ္စိ'၌လည်း သမတ္ထိ-ဟု တ္ထိ-မှာ ဣရဿနှင့် ရွတ်။ သမတ္ထိ-ဟု နိဂ္ဂဟိတန္တနှင့် မရွတ်နှင့်။ သမတိ-ဟု တ-မှာ နိဂ္ဂဟိတန္တ ဝိသံယောဂနှင့်လည်း မရွတ်နှင့်။

'ယံ ဗုဒ္ဓသေဋ္ဌော'ဟူသော ပဥ္စမဂါထာ၌ ပရိဝဏ္ဏယီ-ဟု ဤဒီယနှင့် ရွတ်။ ပရိဝဏ္ဏယိ-ဟု ဣရဿနှင့် မရွတ်နှင့်။ ပရိဝဏ္ဏယီ သုစိံ-ဟု ယီ-ကို ပရိဝဏ္ဏနှင့် စပ်၍ ရွတ်။ ပရိဝဏ္ဏ ယီသုစိံ-ဟု ယီ-ကို သုစိံနှင့် စပ်၍ မရွတ်နှင့်။ 'သမာဓိနာ တေန'၌လည်း သမာဓိနာ တေန-ဟု နာ-ကို သမာဓိနှင့် စပ်၍ ရွတ်။ သမာဓိ နာတေန-ဟု နာ-ကို တေန နှင့် စပ်၍ မရွတ်နှင့်။ သမာဓိနာ ၁-ပုဒ်, တေန ၁-ပုဒ်, သမော ၁-ပုဒ်၊ ၃-ပုဒ်ခြား၍ ရွတ်။

'ယေ ပုဂ္ဂလာ'ဟူသော ဆဋ္ဌမဂါထာ၌ ပသတ္ထာ-ဟု တ္ထာ-မှာ ဒန္တဇပဋ္ဌမ,ဒုတိယ အသဒိသဒွေးဘော်နှင့် လိုသည်။ 'ဧတာနိ ယုဂါနိ'၌လည်း ယုဂါ-ဟု ဂါ-မှာ ဝိ-သံယောဂနှင့် ရွတ်။ ယုဂ္ဂါ-ဟု သ-သံယောဂနှင့် မရွတ်နှင့်။ 'သာဝကာ'၌လည်း သာဝကာ-ဟု ကာ-မှာ ကဏ္ဌဇပဋ္ဌမက္ခရာ က-နှင့်ရွတ်။ သာဝဂါ-ဟု ကဏ္ဌဇတတိယက္ခရာ ဂ-နှင့် မရွတ်နှင့်။

'ယေ သုပ္ပယုတ္တာ'ဟူသော သတ္တမဂါထာ၌ သုပ္ပယုတ္တာ-ဟု ပ္ပ-ကို ယုတ္တာနှင့် စပ်၍ ရွတ်။ သုပ္ပ ယုတ္တာ-ဟု ပ-ကို သုတ်နှင့် စပ်၍ မရွတ်နှင့်။ 'မနသာ ဒဠှေန'၌လည်း ဒဠှေန-ဟု ဠှ-မှာ ဟ-သံယုဂ်နှင့် ကင်း၍ ရွတ်မူ ဆန်းဂိုဏ်း သင့်၏။ သင့်သော်လည်း ပါဠိတော်ဖြစ်၍ ဆန်းဂိုဏ်းကို မငဲ့ဘဲ ဒဠှေန-ဟု ဟ-သံယုဂ်နှင့်ပင် ရွတ်သင့်၏။ မနသာ-ဒဠှေန-ဟု သာ-ကို မန-နှင့်စပ်၍ ရွတ်။ မန သာဒဠှေန-ဟု သာ-ကို ဒဠှေန-နှင့် စပ်၍ မရွတ်နှင့်။

'နိက္ခာမိနော'၌လည်း နိက္ခာမိ-ဟု က္ခာ-မှာ ကဏ္ဌဇပဋ္ဌမက္ခရာ က-သဒိသဒွေးဘော်နှင့်ရွတ်။ နိက္ခာမိ-ဟု ကဏ္ဌဇပဋ္ဌမ, ဒုတိယအသဒိသဒွေးဘော်နှင့် မရွတ်နှင့်။ 'ဂေါတမ သာသနမှိ'၌လည်း ဂေါတမ-ဟု တ-မှာ ဒန္တဇပဋ္ဌမက္ခရာ တ-နှင့်ရွတ်။ ဂေါဓမ-ဟု ဒန္တဇ-စတုတ္ထက္ခရာ ဓ-နှင့် မရွတ်နှင့်။ 'သာသနမှိ'၌လည်း သာသနမှိ-ဟု မှိ-မှာ ဟ-သံယုဂ်နှင့် ဂရုထင်အောင် ရွတ်။ 'ဝိဂယှ'၌လည်း ဝိဂယှ-ဟု ဂ-မှာ ဝိ-သံယောဂနှင့် ယှ-မှာ ဟ-

သံယုဂ်နှင့် ဂရုထင်အောင် ရွတ်။ ဝိဂ္ဂယှ-ဟု ဂ-မှာ သ-သံယောဂနှင့် မရွတ်နှင့်။ 'နိဗ္ဗုတိ-ဘုဥ္စမာနာ'၌လည်း နိဗ္ဗုတိ-ဟု ဗ္ဗု-မှာ ဥရဿနှင့် ရွတ်။ နိဗ္ဗူတိ-ဟု ဦဒီဃနှင့် မရွတ်နှင့်။ ဗ္ဗု-၌လည်း ဩဋ္ဌဇတတိယက္ခရာ ဗ-သဒိသဒွေးဘော်နှင့် လိုသည်။

'ယထိန္ဒခီလော' ဟူသော အဋ္ဌမဂါထာ၌ ယထိန္ဒခီလော-ဟု ခီ-မှာ ဤ-ဒီဃနှင့် ရွတ်။ ခိ-ဟု က္က-ရဿနှင့် မရွတ်နှင့်။ ယထိန္ဒက္ခီလော-ဟူ၍လည်း ခီ-မှာ က-သံယုဂ်နှင့် ရွတ်တတ်၏။ က-သံယုဂ် မလို။ 'ပထဝိသိတော'၌လည်း ဝီ-မှာ ဤဒီဃနှင့် သိ-မှာ ဝိသံယောဂနှင့် ပထဝီသိတော၊ ဝိ-မှာ က္က-ရဿနှင့် သိ-မှာ သ-သံယောဂနှင့် ပထဝိဿိတော၊ ၂-ချက်သင့်။

ဤမြေဟော ပထဝိသဒ္ဒါ၌ ဩဋ္ဌဇပဥ္စမက္ခရာ ပ၊ ဒန္တဇဒုတိယက္ခရာ ထ-တို့မှာ ဥသရနှင့် ပုထုဝီ၊ ဩဋ္ဌဇပဥ္စမက္ခရာ ပ-မှာ ဥသရနှင့် ဒန္တဇဒုတိယက္ခရာ ထ-မှာ အ-သရနှင့် ပုထဝီ၊ ဩဋ္ဌဇပဥ္စမက္ခရာ ပ၊ ဒန္တဇဒုတိယက္ခရာ ထ-တို့မှာ အ-သရနှင့် ပထဝီ။ ဩဋ္ဌဇပဥ္စမက္ခရာ ပ၊ ဒန္တဇစတုတ္ထက္ခရာ ဓ-တို့မှာ အ-သရနှင့် ပဓဝီ။ သဒ္ဒါ ၄-ချက်သင့်။ 'စတုဗ္ဘိဝါ-တေဟိ'-၌လည်း စတုဗ္ဘိ-ဟု ဗ္ဘိ-မှာ ဩဋ္ဌဇတတိယ, စတုတ္ထ အသဒိသဒွေးဘော်နှင့် လိုသည်။ စတုဗ္ဘိ ဝါတေဟိ-ဟု ဝါ-ကို တေဟိနှင့်စပ်၍ ရွတ်။ စတုဗ္ဘိဝါ တေဟိ-ဟု ဝါ-ကို စတုဗ္ဘိ-နှင့်စပ်၍ မရွတ်နှင့်။ 'အသမ္ပကမ္ပိယော'၌လည်း အ သမ္ပကမ္ပိယော-ဟု အ-ပဋိသေဓ သံ-ဥပသာရထင်အောင် မ္ပ-ကို ကမ္ပိနှင့်စပ်၍ ပ္ပကမ္ပိယော-ဟု ရွတ်။ အသမ္ပကမ္ပိယော-ဟု သံ-ဥပသာရ, ပ-အက္ခရာတို့ကို အ-နှင့် စပ်၍ မရွတ်နှင့်။ 'သပ္ပုရိသံ'၌လည်း သပ္ပုရိ-ဟု ပ္ပု-မှာ ဥ-ရဿနှင့် ရွတ်။ ပ္ပူ-ဟု ဦ-ဒီဃနှင့် မရွတ်နှင့်။

'ဝဒါမိ ယော'၌လည်း ဝဒါမိ-ဟု မိ-တွင် ရပ်၍ ယော-ဟု ရွတ်။ ဝဒါမိယော-ဟု ယော-ကို ဝဒါမိနှင့် ပေါင်း၍ မရွတ်နှင့်။ 'အရိယသစ္စာ'၌လည်း အရီယ-ဟု ရီ-မှာ ဤဒီဃနှင့် ရွတ်။ ရိ-ဟု က္က-ရဿနှင့် မရွတ်နှင့်။ ဤ၌လည်း အရီယ၊ အယိရ အက္ခရာရှေ့နောက်ပြန် ၂-ချက်သင့်။ 'အဝေစ္စပဿတိ'၌လည်း အဝေစ္စ-ဟု အ-ရဿနှင့် စ-မှာ တာလုဇ ပဥ္စမက္ခရာ စ္စ-သဒိသဒွေးဘော်နှင့် ရွတ်။ အာဝဇ္ဇ-ဟု အာ-ဒီဃနှင့် စ-မှာ တာလုဇတတိယက္ခရာ ဇ္ဇ-သဒိသဒွေးဘော်နှင့် မရွတ်နှင့်။

'ယေ အရိယသစ္စာနိ'ဟူသော နဝမဂါထာ၌ ယေအရီယ-ဟု ရွတ်မူ ဆန်းလည်း သင့်၏။ သဒ္ဒနယလည်း သင့်၏။ သင့်သော်လည်း ပါဠိတော်ဖြစ်၍ ဆန်းကို မငဲ့ဘဲ အရိယ-သစ္စာနိ-ပင် ရွတ်သင့်၏။

'ဝိဘာဝယန္တိ'၌လည်း ဝယန္တိ-ဟု ဝ-မှာ အသရနှင့် ရွတ်။ ဝိဘာဝေယန္တိ-ဟု ဝ-မှာ ဧ-သရနှင့် မရွတ်နှင့်။ 'ဂမ္ဘီရပညေန'၌လည်း ဂမ္ဘီရ-ဟု မုဒ္ဒဇ ရ-နှင့် လိုသည်။ 'ဘုသမ္ပ-

မတ္တာ' ၌လည်း ဘု-မှာ ဥသရနှင့် ရွတ်။ ဘူ-ဟု ဦဒီဃနှင့် မရွတ်နှင့်။ ဘုသ မ္ပမတ္တာ-ဟု မ္ပ-ကို မတ္တာနှင့် စပ်၍ ရွတ်။ ဘုသမ္ပ မတ္တာ-ဟု မ္ပ-ကို ဘုသနှင့် စပ်၍ မရွတ်နှင့်။

'သဟာဝသ္သ'ဟူသော ဒသမဂါထာ၌ သဟာဝသဒ္ဒသာန်-ဟု သ-မှာ ဝိသံယောဂ နှင့် ဒ-မှာ သသံယောဂနှင့် စာအချို့ရှိသည်။ ဆန်းကား သင့်၏။ သင့်သော်လည်း ပါဠိတော် ဖြစ်၍ သဟာဝသ-ပင် ရွတ်သင့်၏။ 'သက္ကာယဒိဋ္ဌိ'၌လည်း ဒိဋ္ဌိ-ဟု ဋ္ဌိ-မှာ ဤဒီဃနှင့် ရွတ်။ ဒိဋ္ဌိ-ဟု ဣ-ရဿနှင့် မရွတ်နှင့်။ 'ဝိစိကိစ္ဆိ တဉ္စ'၌လည်း ဝိစိ-ဟု ဝိ-မှာ ဣ-ရဿနှင့် ရွတ်။ ဝီ-ဟု ဤ-ဒီဃနှင့် မရွတ်နှင့်။ ဝိစိ-ဟု စိ-မှာ တာလုဇပဌမက္ခရာ စ-နှင့် ရွတ်။ ဝိဇိ-ဟု တာလုဇတတိယက္ခရာ ဇ-နှင့် မရွတ်နှင့်။

'သီလဗ္ဗတံဝါပိ'၌လည်း သီလဗ္ဗတံ-ဟု ဗ္ဗ-မှာ ဩဋ္ဌဇတတိယက္ခရာ ဗ္ဗ-သဒိသ ဒွေးဘော်နှင့်၊ တံ-မှာ ဒန္တဇပဌမက္ခရာ တ-နှင့် ရွတ်။ သီလပ္ပဒံ-ဟု ပ္ပ-မှာ ဩဋ္ဌဇပဌမက္ခရာ ပ-သဒိသဒွေးဘော်နှင့် တံ-မှာ ဒန္တဇတတိယက္ခရာ ဒ-နှင့် မရွတ်နှင့်။

'စတူဟပါယေဟိ စ'ဟူသော ဧကာဒသမဂါထာ၌ စတူဟ-ဟု တူ-မှာ ဦဒီဃနှင့် ဟ-မှာ အ-ရဿနှင့် ရွတ်။ စတုဟာ-ဟု တု-မှာ ဥရဿနှင့် ဟ-မှာ အာ-ဒီဃနှင့် မရွတ်နှင့်။ 'စတူဟပါယေဟိစ ဝိပ္ပမုတ္တော'ဟု စ-ကို ပါယေဟိ-နှင့် စပ်၍ ရွတ်။ စတူဟပါယေဟိ စ- ဝိပ္ပမုတ္တော-ဟု စ-ကို ဝိပ္ပမုတ္တော-နှင့် စပ်၍ မရွတ်နှင့်။ ဝိပ္ပမုတ္တော-ဟု ပ္ပ-ကို မုတ္တော-နှင့် စပ်၍ ရွတ်။ ဝိပ္ပ မုတ္တော-ဟု ပ-ကို ဝိ-နှင့်စပ်၍ မရွတ်နှင့်။ 'အဘဗ္ဗကာတုံ'၌လည်း အဘဗ္ဗ-ဟု ဗ္ဗ-မှာ ဩဋ္ဌဇတတိယက္ခရာ ဗ္ဗ-သဒိသဒွေးဘော်ကို အ-သရနှင့် ရွတ်။ အဘဗ္ဗော-ဟု ဩဋ္ဌဇတတိယ, စတုတ္ထ အသဒိသဒွေးဘော်ကို ဩ-သရနှင့် မရွတ်နှင့်။

'ကိဉ္စာပိ သော'ဟူသော ဒွါဒသမဂါထာ၌ ကမ္မကရောတိ-ဟု မ္မ-မှာ အ-သရနှင့် ရွတ်။ ကမ္မံ ကရောတိ-ဟု နိဂ္ဂဟိတန္တနှင့် မရွတ်နှင့်။ ဥဒစေတသာ ဝါ-၌ ဥဒ စေတသာဝါ-ဟု စေ-ကို တသာဝါ-နှင့် စပ်၍ ရွတ်။ ဥဒစေ တသာဝါ-ဟု စေ-ကို ဥဒ-နှင့် စပ်၍ မရွတ်နှင့်။ 'အဘဗ္ဗသော တဿ ပဋိစ္ဆဒါယ'၌လည်း အဘဗ္ဗ-ဟု ဗ္ဗ-မှာ အ-သရနှင့် ရွတ်၊ အဘဗ္ဗော-ဟု ဩ-သရနှင့် မရွတ်နှင့်။ အဘဗ္ဗ-ဟု ဗ္ဗ-မှာ ဩဋ္ဌဇတတိယက္ခရာ၊ ဗ္ဗသဒိသ ဒွေးဘော်နှင့် လိုသည်။ နောက် အဘဗ္ဗ-သဒ္ဒါ၌လည်း နည်းတူ။ ပဋိစ္ဆဒါယ-ဟု စ္ဆ-မှာ အ-ရဿနှင့် ဒါ-မှာ ဒန္တဇတတိယက္ခရာ ဒ-နှင့် ရွတ်။ ပဋိစ္ဆာတာယ-ဟု စ္ဆ-မှာ အာဒီဃနှင့် ဒါ-မှာ ဒန္တဇ-ပဌမက္ခရာ တ-နှင့် မရွတ်နှင့်။

'ဝနပ္ပဂုမ္ဗေ'ဟူသော တေရသမဂါထာ၌ ဝန ပ္ပဂုမ္ဗေ-ဟု ပ္ပ-ကို ဂုမ္ဗေနှင့် စပ်၍ ရွတ်။ ဝနပ္ပ ဂုမ္ဗေ-ဟု ပ္ပ-ကို ဝန-နှင့် စပ်၍ မရွတ်နှင့်။ ဂုမ္ဗေ-ဟု ဂု-မှာ ကဏ္ဌဇတတိယက္ခရာ-

ဂ၊ မ္ဗ-မှာ ဩဋ္ဌဇတတိယက္ခရာ ဗ-နှင့် လိုသည်။ 'ယထဖုဿိတဂ္ဂေ'၌လည်း ထ-မှာ အ-ရဿနှင့် ရွတ်။ ယထာ-ဟု အာဒီဃနှင့် မရွတ်နှင့်။ 'ဖုဿိတဂ္ဂေ'၌လည်း ဖုဿိ-ဟု ဿိ-မှာ သသံယောဂနှင့် ရွတ်။ ဖုသိ-ဟု သိ-မှာ ဝိသံယောဂနှင့် မရွတ်နှင့်။ ဂိမှာနမာသေ, ဂိမှေ- တို့၌လည်း ဂိမ်မှေ-ဟု မ-မှာ ဟ-သံယုဂ်နှင့် ဂရုထင်အောင် ရွတ်။ ဂိမ္ဗာ, ဂိမ္ဗေ-ဟု မ-သံယုဂ်နှင့် မရွတ်နှင့်။ 'ပဌမသ္မိံ'-၌လည်း မုဒ္ဓဇဒုတိယက္ခရာ ဌ-နှင့် ပဌမ, ဒန္တဇဒုတိယက္ခရာ-ထ-နှင့် ပထမ ၂-ချက်သင့်။

'ဝရော ဝရညူ'-ဟူသော စုဒ္ဒသမဂါထာ၌လည်း ဝရညူ-ဟု ညူ-မှာ ဦ-ဒီဃနှင့် ရွတ်။ ညု-ဟု ဥ-ရဿနှင့် မရွတ်နှင့်။ ဝရဒေါ-၌လည်း ဝရဒေါ-ဟု ဒေါ-မှာ ဒန္တဇတတိယက္ခရာ-ဒ-နှင့် ရွတ်။ ဝရတော-ဟု ဒန္တဇပဌမက္ခရာ တ-နှင့် မရွတ်နှင့်။ ဝရာဟရော-ဟု ရာ-မှာ အာ-ဒီဃနှင့်၊ ဟ-မှာ အ-ရဿနှင့် ရွတ်။ ဝရဟာရော-ဟု ရာ-မှာ အရဿနှင့် ဟ-မှာ အာ-ဒီဃနှင့် မရွတ်နှင့်။

'ခီဏံ ပုရာဏံ'ဟူသော ပဉ္စဒသမဂါထာ၌ ခီဏံ-ဟု ခိ-မှာ ဣ-ရဿနှင့် ရွတ်။ ခီ-ဟု ဤ-ဒီဃနှင့် မရွတ်နှင့်။ ဤခီဏံသဒ္ဒါ၌လည်း ဏ-မှာ မုဒ္ဓဇ-ဏနှင့် လိုသည်။ ပုရာဏံ၌လည်း ပု-မှာ ဥ-ရဿနှင့် ရွတ်။ ပူ-ဟု ဦ-ဒီဃနှင့် မရွတ်နှင့်။ ဤ ပုရာဏံ-၌လည်း ဏံ-မှာ မုဒ္ဓဇ ဏ-နှင့် လိုသည်။ 'နဝနတ္ထိ'၌လည်း နဝ-ဟု ဝ-မှာ အ-ရဿနှင့် ရွတ်။ နဝံ-ဟု နိဂ္ဂဟိတန္တနှင့် မရွတ်နှင့်။

'ဝိရတ္တစိတ္တာ ယတိကေ'၌လည်း တိ-မှာ ဒန္တဇပဌမက္ခရာ တ-နှင့် ရွတ်။ ယထိကေ-ဟု ဒန္တဇဒုတိယက္ခရာ ထ-နှင့် မရွတ်နှင့်။ 'တေ ခီဏဗီဇာ'၌လည်း ခီဏ-ဟု ခီ-မှာ ဤဒီဃနှင့်ရွတ်။ ခိ-ဟု ဣ-ရဿနှင့် မရွတ်နှင့်။ ဤခီဏာသဒ္ဒါ၌လည်း ဏ-မှာ မုဒ္ဓဇ ဏ-နှင့် လိုသည်။ ဗီဇာ-၌လည်း ဗီဇာ-မှာ ဩဋ္ဌဇတတိယက္ခရာ ဗ-နှင့် လိုသည်။ 'အဝိရူဠ္ဟိဆန္ဒာ'၌လည်း ရူဠ္ဟိ-ဟု ဠ္ဟိ-မှာ ဟ-သံယုဂ်နှင့် ဂရုထင်အောင် ရွတ်။ ဓီရာ-၌လည်း ဓီရာ-ဟု ဓီ-မှာ ဤ-ဒီဃနှင့် ရွတ်။ ဓိ-ဟု ဣ-ရဿနှင့် မရွတ်နှင့်။ 'ယထယံ ပဒီပေါ'၌လည်း ယထယံ ပဒီပေါ-ဟု ထ-မှာ အ-ရဿနှင့်၊ ဒီ-မှာ ဤ-ဒီဃနှင့် ရွတ်။ ယထာယံ ပဒိပေါ-ဟု ထ-မှာ အာ-ဒီဃနှင့်၊ ဒိ-မှာ ဣ-ရဿနှင့် မရွတ်နှင့်။

'ယာနီဓ-စသော သတ္တဘာသိတ' ၃-ဂါထာတို့၌ ယာနီဓ-ဟူသော ပုဒ်၌ ရှေးယာ-နီဓနှင့် တူ၏။ 'နမဿာမ'၌လည်း နမဿာမ-ဟု န-ကို မဿာမနှင့် တစပ်တည်း ရွတ်။ န မဿာမ-ဟု န-ကို ပဋိသေဓကဲ့သို့ ခြား၍ မရွတ်နှင့်။

ဤရတနသုတ်၌ ဆန်းမသင့်သည့်အရာလည်း ရှိသည်။ ဆန်းသာသင့်၍ သဒ္ဒါနေ မသင့်၊ အဋ္ဌကထာ, ဋီကာနှင့် မညီသည့်အရာလည်း ရှိသည်။ ဆန်းပင် မသင့်သော်လည်း

သဒ္ဒါနေသင့်၍ အဋ္ဌကထာ, ဋီကာနှင့် ညီသည့်အရာလည်း ရှိသည်။ ထိုသို့ ရှိရာ၌ ဆန်းပင် မသင့်သော်လည်း သဒ္ဒါနေသင့်၍ အဋ္ဌကထာ, ဋီကာတို့နှင့် လျော်သည်သာ ပမာဏ။

## မေတ္တသုတ်

'ယဿာ'နုဘာဝတော'ဟူသော မေတ္တသုတ်နိဒါန်း၊ ပဋိညာဏ် ၂-ဂါထာတို့၌ နေဝ ဒဿေန္တိ-ဟု ဿ-မှာ သသံယောဂနှင့် ရှုတ်။ ဒသေန္တိ-ဟု ဝိသံယောဂနှင့် မရှုတ်နှင့်။ ဘိံသနံ-ဟု ဘိံ-မှာ နိဂ္ဂဟိတန္တနှင့်ရှုတ်။ ဘီသနံ-ဟု ဤ-ဒီဃနှင့် မရှုတ်နှင့်။ 'ယမှိ စေဝ'-၌လည်း စေဝ-ဟု ဝ-မှာ အရဿနှင့်, ယမှိစေဝါ-ဟု ဝ-မှာ အာ-ဒီဃနှင့် ၂-ချက်သင့်။

'နုယုဉ္ဇန္တော'၌ ယုဉ္ဇန္တော-ဟု ဉ္ဇ-မှာ ဉ -သံယုဂ်နှင့် ရှုတ်။ ယုဇ္ဇန္တော-ဟု တာလုဇ-တတိယက္ခရာ-ဇ-သဒိသဒွေးဘော်နှင့် မရှုတ်နှင့်။ 'ရတ္တိံဒိဝ'၌လည်း ရတ္တိံ-ဟု တ္တိံ-မှာ ဒန္တဇပဉ္စမက္ခရာ တ-သဒိသဒွေးဘော်ကို နိဂ္ဂဟိတန္တနှင့် ရှုတ်။ ရထိံ-ဟု ဒန္တဇဒုတိယက္ခရာ ထိ-ကို နိဂ္ဂဟိတန္တနှင့် မရှုတ်နှင့်။ ရတိံ-ဟူ၍လည်း တိံ-မှာ ဝိသံယောဂနှင့် မရှုတ်နှင့်။ 'မတန္ဒိတော'၌လည်း မတန္ဒိ-ဟု ဒိ-မှာ ဒန္တဇတတိယက္ခရာ ဒ-ကို န-သံယုဂ်နှင့် ရှုတ်။ မတန္တိ-ဟု ဒန္တဇပဉ္စမက္ခရာ တ-ကို န-သံယုဂ်နှင့် မရှုတ်နှင့်။ 'ဂုဏူပေတာ'၌လည်း ဂုဏူ-ဟု ဏူ-မှာ ဦ-ဒီဃနှင့် ရှုတ်။ ဏု-ဟု ဥ-ရဿနှင့် မရှုတ်နှင့်။

'ကရဏီယ'-ဟူသော မေတ္တသုတ်၊ ပဉ္စမဂါထာ၌ ကရဏီယ-ဟု ဏီ-မှာ ဤ-ဒီဃနှင့် ရှုတ်။ ဏိ-ဟု ဣ-ရဿနှင့် မရှုတ်နှင့်။

'မတ္ထကုသလေန'၌လည်း မတ္ထ-ဟု ဒန္တဇပဉ္စမ, ဒုတိယ အသဒိသဒွေးဘော်နှင့် ရှုတ်။ မတ္တ-ဟု ဒန္တဇပဉ္စမက္ခရာ တ-သဒိသဒွေးဘော်နှင့် မရှုတ်နှင့်။ 'ယန္တသန္တံ'၌လည်း ယန္တ-ဟု န္တ-မှာ အ-ရဿနှင့် ရှုတ်။ ယန္တံ-ဟု နိဂ္ဂဟိတန္တနှင့် မရှုတ်နှင့်။ 'အဘိသမေစ္စ'၌လည်း သမေစ္စ-ဟု မ-မှာ ဧ-သရနှင့် စ္စ-မှာ တာလုဇပဉ္စမက္ခရာ စ္စ-သဒိသဒွေးဘော်နှင့် ရှုတ်။ သမဇ္ဇ-ဟု မ-မှာ အ-သရနှင့်၊ ဇ္ဇ-မှာ တာလုဇတတိယအက္ခရာ ဇ္ဇ-သဒိသဒွေးဘော်နှင့် မရှုတ်နှင့်။

'သူဝစောစဿ'၌လည်း သူဝစော-ဟု သူ-မှာ ဦဒီဃနှင့် ရှုတ်။ သု-ဟု ဥ-ရဿနှင့် မရှုတ် နှင့်။ သူဝစော-ဟု စော-မှာ ဝိသံယောဂနှင့် ရှုတ်။ သူဝစ္စော-ဟု သသံယောဂ သဒိသဒွေးဘော်နှင့် မရှုတ်နှင့်။

'သန္တုဿကော စ'ဟူသော ဒုတိယဂါထာ၌ သန္တုဿက္ကော-ဟု န္တု-မှာ ဥ-ရဿနှင့် ဿ-မှာ သ-သံယောဂနှင့် ရှုတ်။ သန္တုံသကော-ဟု တုံ-မှာ နိဂ္ဂဟိတန္တနှင့်၊ ဿ-မှာ ဝိသံယောဂ

နှင့် မရွတ်နှင့်။ သန္တသကော-ဟူ၍လည်း ကော-မှာ အသံယောဂနှင့် မရွတ်နှင့်။ 'သုဘရော' ၌လည်း ရော-မှာ မုဒ္ဓဇ ရ-နှင့် လိုသည်။

'သလ္လဟုကဝုတ္တိ'၌လည်း ဝုတ္တိ-ဟု တိ-မှာ ဒန္တဇပဉ္စမကၡရာ တ-သဒိသဒွေးဘော် နှင့် ရွတ်။ ဝုဒ္ဓိ-ဟု ဒန္တဇတတိယ, စတုတ္ထ အသဒိသဒွေးဘော်နှင့် မရွတ်နှင့်။ 'နိပကော စ'၌လည်း နိပကော-ဟု ပ-မှာ ဝိသံယောဂနှင့် ရွတ်။ နိပ္ပကော-ဟု သသံယောဂနှင့် မရွတ်နှင့်။ နိပက္ကော-ဟူ၍လည်း ကော-မှာ သသံယောဂနှင့် မရွတ်နှင့်။ 'အပ္ပဂဗ္ဘော'၌လည်း အ-ပ္ပဂဗ္ဘော-ဟု ပ္ပ-ကို ဂဗ္ဘောနှင့် စပ်၍ ရွတ်။ အပ္ပ ဂဗ္ဘော-ဟု ပ္ပ-ကို အ-နှင့် စပ်၍ မရွတ်နှင့်။ ဂဗ္ဘော-၌လည်း ဂဗ္ဘော-မှာ သြဋ္ဌဇတတိယကၡရာ ဗ္ဘ-သဒိသ ဒွေးဘော်နှင့် လိုသည်။

'ကုလေသု'၌လည်း ကုလေသု-ဟု သ-မှာ ဥ-ရဿနှင့်၊ ကုလေသွ-ဟု သ-မှာ ဝ-ဗျည်းနှင့် ၂-ချက်သင့်။ ကုလေသုနနုဂိဒ္ဓေါ-ဟု ရွတ်၍လည်းကောင်း ကုလေသွအနနု-ဂိဒ္ဓေါ-ဟူ၍လည်းကောင်း သု-နောင်, သွ-နောင် အ-အကၡရာ ၁-လုံးနှင့် မရွတ်နှင့်။

'န စ ခုဒ္ဒ'မာစရေ ကိဉ္စိ'-ဟူသော တတိယဂါထာ၌ ခုဒ္ဒ-ဟု ဒ္ဒ-မှာ ဒန္တဇတတိယ-ကၡရာ ဒ-သဒိသဒွေးဘော်နှင့် လိုသည်။ 'သုခိနော'၌လည်း သုခိနောဝ-ဟု ဝ-မှာ အ-ရဿနှင့် ရွတ်။ ဝါ-ဟု အာ-ဒီဃနှင့် မရွတ်နှင့်။ 'ခေမိနော ဟောန္တု'၌လည်း ခေမိနော-ဟူ၍သာ ရွတ်။ ခေမိနောဝါ-ဟု ဝါ-သဒ္ဒါနှင့် မရွတ်နှင့်။ 'သုခိတတ္တာ'၌လည်း တတ္တာ-ဟု တာ-မှာ ဒန္တဇပဉ္စမကၡရာ၊ တ-သဒိသဒွေးဘော်နှင့်ရွတ်။ တတ္ထာ-ဟု ဒန္တဇပဉ္စမ, ဒုတိယ အသဒိသ ဒွေးဘော်နှင့် မရွတ်နှင့်။

'ယေ ကေစိ'-ဟူသော စတုတ္ထဂါထာ၌ ပါဏ-ဟု ဏ-မှာ အ-ရဿနှင့် ရွတ်။ ပါဏာ-ဟု အာ-ဒီဃနှင့် မရွတ်နှင့်။ 'ဘူတတ္ထိတသာဝါ'၌လည်း ဘူတာတ္ထိ-ဟု တာ-မှာ အာ-ဒီဃ လိုသည်။ တသာဝါ-ဟု သာ-မှာ အာဒီဃနှင့် ဝိသံယောဂနှင့် ရွတ်။ တဿာဝါ-ဟု သသံယောဂနှင့် မရွတ်နှင့်။ 'ထာဝရာဝ'၌လည်း ထာဝရာ-ဟု ရာ-ကို ထာဝ-နှင့်စပ်၍ ရွတ်။ ထာဝ ရာဝ-ဟု ထာဝ ၁-ပုဒ်၊ ရာဝ ၁-ပုဒ်နေအောင် မရွတ်နှင့်။ ဤ-၌လည်း မုဒ္ဓဇဒုတိယကၡရာ ဌ-နှင့် ဌာဝရာ-သဒ္ဒါ ၂-ချက်သင့်။

'မဇ္ဈိမရဿကာ'၌လည်း မဇ္ဈိမ-ဟု မ-မှာ အ-ရဿနှင့် ရွတ်။ မဇ္ဈိမာ-ဟု အာ-ဒီဃနှင့် မရွတ်နှင့်။ မဇ္ဈိမ-ဟု ဈိ-မှာ တာလုဇတတိယ, စတုတ္ထအသဒိသဒွေးဘော်နှင့် လို သည်။ 'အဏုကထူလာ'၌လည်း အဏူက-ဟု ဏူ-မှာ ဦ-ဒီဃနှင့် ရွတ်။ ဏု-ဟု ဥ-ရဿ နှင့် မရွတ်နှင့်။ ထူလာ-ဟု ထူ-မှာ ဦ-ဒီဃနှင့် ရွတ်။ ထု-ဟု ဥ-ရဿနှင့် မရွတ်နှင့်။

'ဒိဋ္ဌာဝါ ယေဝ'ဟူသော ပဥ္စမဂါထာ၌ ယေဝ-ဟု ဝ-မှာ အ-ရဿနှင့် ရွတ်။ ယေဝါ-ဟု အာ-ဒီဃနှင့် မရွတ်နှင့်။ 'ယေ ဝါ ဒူရေ ဝသန္တိ'၌လည်း ယေဝါ-ဟု ဝါ-မှာ အာ-ဒီဃနှင့်ရွတ်။ ဝ-ဟု အ-ရဿနှင့် မရွတ်နှင့်။ ဒူရေ-ဟု ဒူ-မှာ ဦ-ဒီဃနှင့်ရွတ်။ ဒု-ဟု ဥ-ရဿနှင့် မရွတ်နှင့်။ နောက် ဒူရေ-၌လည်း ၎င်းနည်း။ 'သမ္ဘဝေသီဝ'၌လည်း သီဝ-ဟု သီ-မှာ ဤ-ဒီဃနှင့် ဝ-မှာ အ-ရဿနှင့် ရွတ်။ သိဝါ-ဟု သိ-မှာ ဣ-ရဿနှင့်၊ ဝ-မှာ အာ-ဒီဃနှင့် မရွတ်နှင့်။ 'သုခိတတ္တာ'၌လည်း တ္တာ-ဟု တ္တာ-မှာ ဒန္တဇပဌမက္ခရာ တ-သဒိသဒွေးဘော်နှင့်ရွတ်။ ထ္ထာ-ဟု ဒန္တဇပဌမ, ဒုတိယ အသဒိသဒွေးဘော်နှင့် မရွတ်နှင့်။

'န ပရောပရံ'ဟူသော ဆဋ္ဌဂါထာ၌ နိကုဗ္ဗေထ-ဟု ဗ္ဗေ-မှာ ဩဋ္ဌဇတတိယက္ခရာ ဗ-သဒိသဒွေးဘော်နှင့် ရွတ်။ နိကုပ္ပေထ-ဟု ပ္ပေ-မှာ ဩဋ္ဌဇပဌမက္ခရာ ပ-သဒိသဒွေးဘော်နှင့်မရွတ်နှင့်။ က-မှာ ရ-သံယုဂ်နှင့် နိကြုဗ္ဗေထ-ဟူ၍လည်း ရှိ၏။ "နာတိမညေထ"၌လည်း နာတိ-ဟု တိ-မှာ ဒန္တဇပဌမက္ခရာ တ-နှင့် ရွတ်။ နာဓိ-ဟု ဒန္တဇစတုတ္ထက္ခရာ ဓ-နှင့် မရွတ်နှင့်။

'ကတ္တစိ န ကိဉ္စိ'၌လည်း ကတ္တစိ-ဟု တ-မှာ ဒန္တဇပဌမက္ခရာ တ-သဒိသဒွေးဘော်နှင့်လိုသည်။ ကတ္ထစိ-ဟူ၍လည်း ဒန္တဇပဌမ, ဒုတိယ အသဒိသဒွေးဘော်နှင့် အချို့ဆရာတို့ အလိုရှိကြ၏။ န ကိဉ္စိ-ဟု န-မှာ အ-သရနှင့် ရွတ်။ နံ ကိဉ္စိ-ဟု နိဂ္ဂဟိတန္တနှင့် မရွတ်နှင့်။ ဗျာရောသနာ-ဟု နာ-မှာ အာဒီဃနှင့် ရွတ်။ ဗျာရောသနံ-ဟု နိဂ္ဂဟိတန္တနှင့် မရွတ်နှင့်။ 'ပဋိဃသညာ'၌လည်း သညာ-ဟု ညာ-မှာ အ-ရဿနှင့် ရွတ်။ သညာ-ဟု အာ-ဒီဃနှင့် မရွတ်နှင့်။ 'နာည'၌လည်း န-မှာ အာဒီဃနှင့် လိုသည်။

'မာတာ ယထာ'ဟူသော သတ္တမဂါထာ၌ မာတာ-ကို ယထာ-နှင့် စပ်၍ ရွတ်။ မာတာယ ထာနိယံ-ဟု ယ-ကို မာတာ-နှင့်စပ်၍ ထာ-ကို နိယံ-နှင့် စပ်၍ မရွတ်နှင့်။ နိယံပုတ္တ-ဟု နိယံ-ကို ပုတ္တနှင့် စပ်၍ ရွတ်။ 'မာနသံ ဘာဝယေ'၌လည်း မာနသံ ဘာဝယေ-ဟု သံ ကို မာန-နှင့်စပ်၍ ရွတ်။ ဘာ-ကို ဝယေ-နှင့် စပ်၍ ရွတ်။ မာန သံဘာဝယေ-ဟု သံ-ကို ဘာဝယေ-နှင့် စပ်၍ မရွတ်နှင့်။

'မေတ္တဉ္စ'ဟူသော အဋ္ဌမဂါထာ၌ 'သဗ္ဗလောကသ္မိ'-ဟု သ္မိ-မှာ နိဂ္ဂဟိတလောပနှင့်ရွတ်။ သဗ္ဗလောကသ္မိံ-ဟု နိဂ္ဂဟိတ်နှင့် မရွတ်နှင့်။ 'မာနသံ ဘာဝယေ'၌ ရှေးနည်းတူ။ 'အသမ္ဗာဓံ'၌လည်း အသမ္ဗာဓံ-ဟု မ္ဗာ-မှာ ဩဋ္ဌဇတတိယက္ခရာ ဗ-မှာ မ-သံယုဂ်နှင့် လိုသည်။ အသမ္ပာဓံ-ဟူ၍လည်း ဩဋ္ဌဇပဌမက္ခရာ ပ-မှာ မ-သံယုဂ်နှင့် အချို့ဆုံးဖြတ်ကြ၏။

'အဝေရံမသပတ္တံ'၌လည်း အဝေရံ-ဟု ရ-မှာ အ-ရဿနှင့် ရွတ်။ အဝေရာ-ဟု အာ-ဒီဃနှင့် မရွတ်နှင့်။ အဝေရာမ-ဟူ၍လည်း မ-ကို အဝေရာ-နှင့် စပ်၍ မရွတ်နှင့်။ အဝေရ မသပတ္တံ-ဟု မ-ကို ပဋိသေဓထင်အောင် သပတ္တံ-ဟု ရွတ်။ မသ ပတ္တံ-ဟူ၍လည်း သ-ကို မ-နှင့် စပ်၍ မရွတ်နှင့်။ သမ္ပဒံ-ဟူ၍လည်း သ-နောင် သြဋ္ဌဇပဉ္စမက္ခရာ ပ-ကို မ-သံယုဂ်နှင့် ဒန္တဇတတိယက္ခရာ ဒ-ကို နိဂ္ဂဟိတန္တနှင့် မရွတ်နှင့်။ တ္တံ-ဟု ဒန္တဇပဉ္စမက္ခရာ-တ္တ-ကို နိဂ္ဂဟိတန္တနှင့် ရွတ်။ တနည်း မ သပတ္တံ-ဟု သ-ကို ပတ္တံ-နှင့် စပ်၍ ရွတ်။ မသ ပတ္တံ-ဟု သ-ကို မ-နှင့် စပ်၍ မရွတ်နှင့်။

'တိဋ္ဌံ စရံ နိသိန္နော ဝ'ဟူသော နဝမဂါထာ၌ တိဋ္ဌံ-ဟု တိ-မှာ ဒန္တဇပဉ္စမက္ခရာ တ-နှင့် ရွတ်။ ဒိဋ္ဌံ-ဟု ဒန္တဇတတိယက္ခရာ ဒိ-နှင့် မရွတ်နှင့်။ 'သယာနော'၌လည်း သယာ-နော-ဟူ၍သာ ရွတ်။ သယာနောဝ-ဟု သယာနောနောင် ဝ-အက္ခရာ ၁-လုံးနှင့် မရွတ်နှင့်။ 'ဝိဂတမိဒ္ဓေါ'၌လည်း ဝိဂတမိဒ္ဓေါ-ဟု ဝိ-နောင် ဂ-အက္ခရာ ၁-လုံးနှင့် ရွတ်။ ဝိတ-ဟု ဝိ-နောင် ဂ-အက္ခရာနှင့် ကင်း၍ မရွတ်နှင့်။ 'ဗြဟ္မမေတံ'၌လည်း ဗြာဟမ-ဟု ဗြာ-မှာ အာဒီဃနှင့် ဂရုထင်အောင် ရွတ်။

'ဒိဋ္ဌိဉ္စ'ဟူသော ဒသမဂါထာ၌ ဒိဋ္ဌိဉ္စ-ဟု ဋ္ဌိ-မှာ ဣ-ရဿနှင့် ရွတ်။ ဒိဋ္ဌဉ္စ-ဟု အ-ရဿနှင့် မရွတ်နှင့်။ 'အနုပဂ္ဂမ္မ'၌လည်း အနုပ်ပဂ်ဂမ်-ဟု ပဂ္ဂမ္မ-တို့မှာ သံယုဂ်ထင်အောင် ဒွေးဘော်နှင့်ချည်း ရွတ်။ 'ဝိနယျဂေဓံ'၌လည်း ဝိနယျ-ဟု န-မှာ အ-သရနှင့် ရွတ်။ ဝိနေယျ ဟု ဧ-သရနှင့် မရွတ်နှင့်။ 'ဂေဓံ'၌လည်း ဓံ-မှာ ဒန္တဇစတုတ္ထက္ခရာ ဓ-နှင့် ရွတ်။ ဂေတံ-ဟု ဒန္တဇပဉ္စမက္ခရာ တ-နှင့် မရွတ်နှင့်။ 'ဇာတုဂ္ဂဗ္ဘသေယျ'၌လည်း ဇာတုဂ်ဂဗ္ဘ-ဟု ဂရုထင်အောင် ဂ-မှာ သဒိသဒွေးဘော်နှင့် ရွတ်။ ဂဗ္ဘ-၌လည်း ဗ္ဘ-မှာ သြဋ္ဌဇတတိယစတုတ္ထ၊ အ-သဒိသဒွေးဘော်နှင့် လိုသည်။ 'သေယျ'၌လည်း သေယျ-ဟု ယျ-မှာ အ-သရနှင့် ရွတ်။ သေယျံ-ဟု နိဂ္ဂဟိတန္တနှင့် မရွတ်နှင့်။ 'ပုနရေတိ'၌လည်း ပု-မှာ ဥ-ရဿနှင့် ရွတ်။ ပူ-ဟု ဦ-ဒီဃနှင့် မရွတ်နှင့်။

## ခန္ဓသုတ်

'သဗ္ဗာ'သီဝိသဇာတီနံ'ဟူသော ခန္ဓသုတ် ပဋိညာဏ် ၂-ဂါထာတို့၌ သဗ္ဗာသီ-ဟု သီ-တွင် ရပ်၍ ဝိသဇာတီနံ-ဟု မရွတ်နှင့်။ သဗ္ဗာသီဝိ-ဟူ၍လည်း ဝိ-တွင် ရပ်၍ မရွတ်နှင့်။ သဇာတီနံ-ဟု မရွတ်နှင့်။ သဗ္ဗာသီဝိသဇာတီနံ-ဟု တပေါင်းတည်းရွတ်။ ဝိ-မှာ ဣ-ရဿနှင့် ရွတ်။ ဝီ-ဟု ဤဒီဃနှင့် မရွတ်နှင့်။ 'ဒိဗ္ဗမန္တာဂဒံ ဝိယ'၌လည်း ဒိဗ္ဗ-ဟု ဗ္ဗ-မှာ သြဋ္ဌဇတတိယက္ခရာ ဗ-သဒိသဒွေးဘော်နှင့် ရွတ်။ ဒိပ္ပ-ဟု သြဋ္ဌဇပဉ္စမက္ခရာ ပ-သဒိသ

ဒွေးဘော်နှင့် မရွတ်နှင့်။ ဂဒံ-မှာ ဒံ-ဟု ဒန္တဇတတိယက္ခရာ ဒ-ကို နိဂ္ဂဟိတန္တနှင့် ရွတ်။ ဂတံ-ဟု ဒန္တဇပဉ္စမက္ခရာ တ-ကို နိဂ္ဂဟိတန္တနှင့် မရွတ်နှင့်။ န္တ-မှာ အာ-ဒီဃနှင့် ဒိဗ္ဗမန္တာဂဒံ၊ န္တ-မှာ နိဂ္ဂဟိတန္တနှင့် ဒိဗ္ဗမန္တံဂဒံ-ဟု ၂-ချက်သင့်။ 'ပရိဿယံ'၌လည်း ရိ-မှာ တာလုဇ-ရနှင့် လိုသည်။

'အာဏာခေတ္တမှိ'၌လည်း ခေတ္တမ်မှိ-ဟု ဂရုထင်အောင် ရွတ်။ သဗ္ဗတ္ထသဗ္ဗဒါ-ဟု သဗ္ဗတ္ထ-တို့မှာ ဩဋ္ဌဇတတိယက္ခရာ ဗ-သဒိသဒွေးဘော်။ ဒန္တဇပဉ္စမ, ဒုတိယ အ-သဒိသ ဒွေးဘော်နှင့်ချည်းရွတ်။ သဗ္ဗဒါ-ဟု ဒါ-မှာ ဒန္တဇတတိယက္ခရာ ဒ-နှင့် ရွတ်။ သဗ္ဗထာ-ဟု ဒန္တဇဒုတိယက္ခရာ-ထ-နှင့် မရွတ်နှင့်။

'ဝိရူပက္ခေဟိ'ဟူသော ခန္ဓသုတ် ပဉ္စမဂါထာ၌ ဝိရူပက္ခေဟိ-ဟု ဟိ-မှာ ရပ်၍ မေ မေတ္တံ-ဟု ရွတ်။ ဟိမေ-ဟု ဟိ-နှင့် မေ-ကို စပ်၍ မရွတ်နှင့်။ မေတ္တံ မေတ္တံ-ဟု မေတ္တံ ၂-ပုဒ်ကိုလည်း တပေါင်းတည်း စပ်၍ မရွတ်နှင့်။ မေ မေတ္တံ-ဟု မေတ္တံ-တွင် ရပ်၍ မေတ္တံ ဧရာပထေဟိ မေ-ဟု မေတ္တံ ၂-ပုဒ်ကို ခြား၍ ရွတ်။ 'ဆဗျာပုတ္တေဟိ မေ မေတ္တံ' စသည်တို့၌ နည်းတူရွတ်။

'အပါဒကေဟိ'ဟူသော ဒုတိယဂါထာ၌ ဒ-မှာ ဝ-ဗျည်း က္လသရနှင့် ဒွိပါဒကေ၊ ဒ-မှာ ဝ-ဗျည်း မရှိ၊ က္လသရ-နှင့် ဒိပါဒကေ သဒ္ဒါ ၂-ချက်သင့်။

'မာ မံ အပါဒကော'ဟူသော တတိယဂါထာ၌ ဒွိပါဒကော၊ ဒိပါဒကော- ရှေးနည်းတူ သဒ္ဒါ ၂-ချက်သင့်။

'သဗ္ဗေ သတ္တာ'ဟူသော စတုတ္ထဂါထာ၌ ဘဒြာနိ၊ ဘဒ်ဒြာနိ-ဟု ဂရုထင်အောင် ရွတ်။ ဘဒြာနိ ပဿန္တု-ဟု နိ-ကို ဘဒြာနှင့် စပ်၍ ရွတ်။ ဘဒြာ နိပဿန္တု-ဟု နိ-ကို ပဿန္တု-နှင့် စပ်၍ မရွတ်နှင့်။ ပဿန္တု-ဟု သ-မှာ သ-သံယောဂနှင့် ရွတ်။ ပသန္တု-ဟု ဝိသံယောဂနှင့် မရွတ်နှင့်။ 'မာ ကိဉ္စိ ပါပမာဂမာ'၌လည်း ပါပ မာဂမာ-ဟု ပါပ-နောင် မာ-ကို ဂမာ-နှင့် စပ်၍ ရွတ်။ ပါပမာ ဂမာ-ဟု မာ-ကို ပါပ-နှင့် စပ်၍ မရွတ်နှင့်။

'အပ္ပမာဏော'ဟူသော ပဉ္စမဂါထာ၌ အပ္ပမာဏော ၃-ပုဒ်တို့၌ပင် အပ်ပမာဏော-ဟု အ-ကို ပဋိသေဓထင်အောင် ပ-ကို မာဏော-နှင့် စပ်၍ရွတ်။ အပ္ပ မာဏော-ဟု ပ-ကို အ-နှင့် စပ်၍ မရွတ်နှင့်။ အပမာဏော-ဟူ၍လည်း ပ-မှာ ဝိသံယောဂနှင့် မရွတ်နှင့်။ 'သရီသပါနိ'၌လည်း သ-မှာ အသရ-နှင့်, ရီ-မှာ ဤ-ဒီဃနှင့်, ပ-မှာ ဝိသံယောဂနှင့် သရီသပ၊ သ-မှာ က္လသရနှင့် ရီ-မှာ ဤ-ဒီဃနှင့် ပ-မှာ ဝိသံယောဂနှင့် သိရီသပ သဒ္ဒါ ၂-ချက်သင့်။ 'ဝိစ္ဆိက'၌လည်း ဝိစ္ဆိက-ဟု ဝိ-မှာ က္လ-သရနှင့် ရွတ်။ ဝစ္ဆိက-ဟု အ-သရနှင့် မရွတ်နှင့်။

'ဥဏ္ဏနာဘိ'၌လည်း ဥဏ္ဏ-ဟု ဏ-မှာ မုဒ္ဓဇ ဏ-နှင့် လိုသည်။ 'သရဗူ'၌လည်း ဗူ-မှာ ဩဋ္ဌဇတတိယက္ခရာ ဗ-နှင့် လိုသည်။ မူသိကာ-ဟု မူ-မှာ ဦ-ဒီဃနှင့် ရွတ်။ မု-ဟု ဥ-ရဿနှင့် မရွတ်နှင့်။

'ကတာ မေ ရက္ခာ'ဟူသော ဆဋ္ဌဂါထာ၌ သတ္တန္နံ-ဟု တ္တ-မှာ အ-ရဿနှင့် န္နံ-မှာ သ-သံယောဂနှင့် ရွတ်။ သတ္တာနံ-ဟု သတ္တ-မှာ အာဒီဃနှင့် န္နံ-မှာ ဝိသံယောဂနှင့် မရွတ်နှင့်။

## မောရသုတ်

'ပူရေန္တိ ဗောဓိသမ္ဘာရေ'ဟူသော မောရသုတ် ပဋိညာဏ် ၂-ဂါထာတို့၌ ပူရေန္တိ-ဟု ရေ-မှာ ဧ-သရနှင့် ရွတ်။ ပူရိန္တိ-ဟု ဣသရနှင့် မရွတ်နှင့်။ 'နိဗ္ဗတ္တံ'၌လည်း နိဗ္ဗတ္တံ-ဟု ဗ-မှာ ဩဋ္ဌဇတတိယက္ခရာ ဗ-သဒိသဒွေးဘော်နှင့် ရွတ်။ နိပ္ဗတ္တံ-ဟု ဩဋ္ဌဇပဌမက္ခရာ ပ-သဒိသဒွေးဘော်နှင့် မရွတ်နှင့်။ 'မဟာသတ္တံ'၌လည်း သတ္တံ-ဟု တ္တံ-မှာ ဒန္တဇပဌမက္ခရာ တ-သဒိသဒွေးဘော်နှင့်ရွတ်။ သတ္ထံ-ဟု တ္ထံ-မှာ ဒန္တဇပဌမ, ဒုတိယ တ္ထ-အသဒိသဒွေးဘော်နှင့် မရွတ်နှင့်။

'စိရဿံ ဝါယမန္တာပိ'ဟူသော ဒုတိယဂါထာ၌ စိရဿံ-ဟု စိ-မှာ ဣ-ရဿနှင့် ရွတ်။ စီ-ဟု ဤ-ဒီဃနှင့် မရွတ်နှင့်။ စိရဿံ ဝါယမန္တာပိ-ဟု ဝါ-ကို ယမန္တာပိ-နှင့် စပ်၍ ရွတ်။ စိရဿံဝါ ယမန္တာပိ-ဟု ဝါ-ကို စိရဿံ-နှင့် စပ်၍ မရွတ်နှင့်။ 'ဗြဟ္မမန္တန္တိ'၌လည်း ဗြာ-မှာ အာ-ဒီဃနှင့် လိုသည်။

'ဥဒေတယံ'ဟူသော မောရသုတ်၊ ပဌမဂါထာ၌ စက္ခုမ-ဟု မ-မှာ အ-သရနှင့် ရွတ်မှု ဂိုဏ်းမှန်၏။ မှန်သော်လည်း ပါဠိတော်ဖြစ်၍ စက္ခုမာ-ဟု အာ-ဒီဃနှင့်ပင် ရွတ်သင့်၏။ 'ဟရိဿဝဏ္ဏော'၌လည်း ဟရိဿ် သဝဏ္ဏော-ဟု ဂရုထင်အောင် သ-ကို ဝဏ္ဏော-နှင့် စပ်၍ ရွတ်။ ဟရိဿ ဝဏ္ဏော-ဟု သ-ကို ဟရိ-နှင့် စပ်၍ မရွတ်နှင့်။ 'ပထဝိပ္ပဘာသော'၌လည်း ပထဝိပ် ပဘာသော-ဟု ပ-ကို ဘာသော-နှင့် စပ်၍ ရွတ်။ ပထဝိပ္ပ ဘာသော-ဟု ပ-ကို ပထဝိပ်နှင့် စပ်၍ မရွတ်နှင့်။

'တံ တံ နမဿာမိ'၌လည်း နမဿာမိ-ဟု ဿ-မှာ သသံယောဂနှင့် ဂရုထင်အောင် န-နှင့် မဿာ-ကို တစ်စပ်တည်းရွတ်။ န မဿာမိ-ဟု န-ကို ပဋိသေဓကဲ့သို့ ခြား၍ မရွတ်နှင့်။ နမသာမိ-ဟူ၍လည်း သ-မှာ ဝိသံယောဂနှင့် မရွတ်နှင့်။ ဝိဟရေမု ဒိဝသံ-ဟု မု-ကို ဝိဟရေ-နှင့် စပ်၍ ရွတ်။ ဝိဟရေ မုဒိဝသံ-ဟု မု-ကို ဒိဝသံ-နှင့် စပ်၍ မရွတ်နှင့်။ ဝိဟာရေမု-ဟူ၍လည်း ဟ-မှာ အာ-ဒီဃနှင့် မရွတ်နှင့်။ ဒိဝသံ-၌လည်း ဒိ-မှာ ဤ-

ဒီဃနှင့်ရွတ်မှု ဆန်းသင့်၏။ သင့်သော်လည်း ပါဠိတော်ဖြစ်၍ ဒိဝသံ-ဟု က္က-ရဿနှင့်ပင် ရွတ်သင့်၏။

'ယေ ဗြာဟ္မဏာ ဝေဒဂူ'ဟူသော ဒုတိယဂါထာ၌ ဗြာဟ္မဏာတို့မှာ အာဒီဃနှင့် ချည်းရွတ်။ ဝေဒဂူ-၌လည်း ဝေဒဂု-ဟု ဥ-ရဿနှင့် ရွတ်မှု ဆန်းသင့်၏။ သင့်သော်လည်း ပါဠိတော်ဖြစ်၍ ဝေဒဂူ-ဟု ဦ-ဒီဃနှင့် ရွတ်သင့်၏။ 'တေ စ မံ'၌လည်း တေ စ မ-ဟု နိဂ္ဂဟိတလောပနှင့် ရွတ်မှု ဆန်းသင့်၏။ သင့်သော်လည်း ပါဠိတော်ဖြစ်၍ တေစ မံ-ဟု နိဂ္ဂဟိတ်နှင့်ပင် ရွတ်သင့်၏။ တေစ မံ-ဟု တာလုဇပဉ္စမက္ခရာ စ-ကို တေ-နှင့် စပ်၍ ရွတ်။ တေ စမံ-ဟု တာလုဇပဉ္စမက္ခရာ စ-ကို မံ-နှင့် စပ်၍ မရွတ်နှင့်။ တေဇမံ-ဟူ၍လည်း တာလုဇတတိယက္ခရာ ဇ-နှင့် မရွတ်နှင့်။ 'နမတ္ထု'၌လည်း နမတ္ထု-ဟု တ္ထု-မှာ ဒန္တဇပဉ္စမ, ဒုတိယ အသဒိသဒွေးဘော်နှင့် ဂရုထင်အောင် န-နှင့် မတ္ထု-ကို တစပ်တည်းရွတ်။ နမတ္ထု-ဟု န-ကို ပဋိသေဓကဲ့သို့ ခြား၍ မရွတ်နှင့်။ နမထု-ဟူ၍လည်း ထု-မှာ ဝိသံယောဂနှင့် မရွတ်နှင့်။

'အပေတယံ'ဟူသော တတိယဂါထာ၊ ယေ ဗြာဟ္မဏာ ဝေဒဂူ-ဟူသော စတုတ္ထ ဂါထာတို့၌ ပဉ္စမဂါထာ, ဒုတိယဂါထာတို့နှင့် တူ၏။ 'မောရော ဝါသ'မကပ္ပယိ'၌လည်း မောရော ဝါသ မကပ္ပယိ-ဟု မ-ကို ကပ္ပယိ-နှင့် စပ်၍ ရွတ်။ မောရောဝါသမ ကပ္ပယိ-ဟု မ-ကို ဝါသ-နှင့် စပ်၍ မရွတ်နှင့်။

## ဝဋ္ဋသုတ်

'ပူရေန္တံ ဗောဓိသမ္ဘာရေ'ဟူသော ဝဋ္ဋသုတ် ပဋိညာဏ် ၂-ဂါထာတို့၌ ပူရေန္တံ၊ နိဗ္ဗတ္တံ၊ မဟာသတ္တံ-ပုဒ်တို့ကား ရှေးနည်းတူ။ ဝိဝဇ္ဇယိ-ဟု ဝိ-နောင် ဝ-မှာ အ-သရနှင့် ရွတ်။ ဝိဝိဇ္ဇယိ-ဟု က္က-သရနှင့် မရွတ်နှင့်။

'အတ္ထိ လောကေ'ဟူသော ဝဋ္ဋသုတ်၊ ပဉ္စမဂါထာ၌ 'သစ္စံ သောစေယျ'၌ သစ္စံ သောစေယျ-ဟု သော-ကို စေယျ-နှင့် စပ်၍ ရွတ်။ သစ္စံသော စေယျ-ဟု သော-ကို သစ္စံ-နှင့်စပ်၍ မရွတ်နှင့်။ 'နုဒ္ဒယာ'၌လည်း နုဒ္ဒယာ-ဟု ဒ္ဒ-မှာ ဒန္တဇတတိယက္ခရာ ဒ-သဒိသ ဒွေးဘော်နှင့်ရွတ်။ နုတ္တရာ-ဟု ဒန္တဇပဉ္စမက္ခရာ တ-သဒိသဒွေးဘော်နှင့် မရွတ်နှင့်။ 'သစ္စကိရိယ မုတ္တမံ'၌လည်း ကိရိယ, ကိယိရ၊ အက္ခရာ ရှေ့,နောက်ပြန်၍ ၂-ချက်သင့်။ မုတ္တမံ-ဟု မ-မှာ ဥ-သရနှင့်၊ တ္တ-နောင် မ-မှာ နိဂ္ဂဟိတန္တနှင့်ရွတ်။ မနုတ္တရံ-ဟု မ-မှာ အ-သရနှင့် မ-နောက်၊ နု-အက္ခရာတစ်လုံးနှင့်၊ တ္တ-နောင် ရ-ကို နိဂ္ဂဟိတန္တနှင့် မရွတ်နှင့်။

'အာဝဋ္ဋေတွာ ဓမ္မဗလံ'ဟူသော ဒုတိယဂါထာ၌ ဗလံ-ဟု ဗ-မှာ ဩဋ္ဌဇ တတိယက္ခရာ ဗ-နှင့်ရွတ်။ ဖလံ-ဟု ဩဋ္ဌဇ ဒုတိယက္ခရာ ဖ-နှင့် မရွတ်နှင့်။ ပုပ္ဗကေ၌လည်း ပုဗ္ဗ-ဟု ဗ-မှာ ဩဋ္ဌဇတတိယက္ခရာ ဗ-သဒိသဒွေးဘော်နှင့် ရွတ်။ ပုပ္ပ-ဟု ဩဋ္ဌဇပဉ္စမက္ခရာ ပ-သဒိသဒွေးဘော်နှင့် မရွတ်နှင့်။ သစ္စဗလ-၌လည်း သစ္စဗလံနှင့် နည်းတူ။ မဝဿာယ, မဝသာယ၊ ပါဠိ ၂-ထွေရှိကြ၏။ သင့်သည်ချည်း။ 'သစ္စကိရိယ'၌လည်း သစ္စ ကိရိယံ-ဟု နိဂ္ဂဟိတန္တနှင့် ရွတ်မူ ဆန်းသင့်၏။ သင့်သော်လည်း ပါဠိတော်ဖြစ်၍ ဆန်းကို မငဲ့ဘဲ သစ္စကိရိယ-ဟု နိဂ္ဂဟိတလောပ-နှင့်ပင် ရွတ်သင့်၏။ ဤ၌လည်း သစ္စကိရိယ, သစ္စကိယိရ၊ အက္ခရာရှေ့နောက်ပြန် ၂-ချက်သင့်။

'သန္တိ ပက္ခာ'ဟူသော တတိယဂါထာ၌ အပတနာ-ဟု အ-ကို ပဋိသေဓထင်အောင် တ-မှာ ဝိသံယောဂနှင့်ရွတ်။ အပတ္တနာ-ဟု တ-မှာ သ-သံယောဂနှင့် မရွတ်နှင့်။ 'အဝဉ္စနာ' ၌လည်း ဝဉ္စနာ-ဟု စ-မှာ တာလုဇပဉ္စမက္ခရာ စ-နှင့်ရွတ်။ ဝဉ္ဇနာ-ဟု တာလုဇတတိယက္ခရာ ဇ-နှင့် မရွတ်နှင့်။ 'မာတာပိတာ'၌လည်း ပိတာ-ဟု ပိ-မှာ ဣ-ရဿနှင့် ရွတ်။ ပီ-ဟု ဤ-ဒီဃနှင့် မရွတ်နှင့်။ 'ဇာတဝေဒ'၌ ဇာတ ဝေဒ-ဟု တ-ကို ဇာ-နှင့် စပ်၍ရွတ်။ ဇာ တဝေဒ-ဟု တ-ကို ဝေဒ-နှင့်စပ်၍ မရွတ်နှင့်။

'သဟသစ္စေ'ဟူသော စတုတ္ထဂါထာ၌ မယှံ-ဟု ဂရုထင်အောင် ရွတ်။ 'မဟာပဇ္ဇ-လိတော'၌လည်း ပဇ္ဇလိ-ဟု ဇ-မှာ တာလုဇတတိယက္ခရာ ဇ-သဒိသဒွေးဘော်နှင့် ရွတ်။ ပစ္စလိ-ဟု တာလုဇပဉ္စမက္ခရာ စ္စ-သဒိသဒွေးဘော်နှင့် မရွတ်နှင့်။ မဟာပဇ္ဇလိတော-ဟု တော-ကို မဟာပဇ္ဇလိနှင့် စပ်၍ ရွတ်။ သိခိ-ဟု ခိ-မှာ ဣရဿနှင့် ရွတ်။ ခီ-ဟု ဤ-ဒီဃနှင့် မရွတ်နှင့်။ 'သောဠသကရီသာနိ'၌လည်း ကရီသာနိ-ဟု ရီ-မှာ ဤဒီဃနှင့် သာ-မှာ ဝိသံ ယောဂ အာ-ဒီဃနှင့်၊ ကရိဿာနိ-ဟု ရိ-မှာ ဣ-ရဿနှင့် သ-မှာ သ-သံယောဂနှင့် လည်း ရှိသင့်၏။ 'သစ္စေန မေ သမော နတ္ထိ'ဟူသော ပဉ္စမဂါထာ၌ သစ္စပါရမီ-ဟု စ္စ-မှာ အ-ရဿနှင့် ရွတ်။ သစ္စာ-ဟု အာ-ဒီဃနှင့် မရွတ်နှင့်။

## ဓဇဂ္ဂသုတ်

'ယဿာ'နုဿရဏေနာပိ'ဟူသော ဓဇဂ္ဂသုတ် ပဋိညာဏ် ၂-ဂါထာတို့၌ 'အန္တလိ-က္ခေ'၌ အန္တ-ဟု တ-မှာ ဒန္တဇပဉ္စမက္ခရာ တ-ကို န-သံယုဂ်နှင့် ရွတ်။ အန္ဒ-ဟု ဒန္တဇစတုတ္ထ-က္ခရာ ဓ-ကို န-သံယုဂ်နှင့် မရွတ်နှင့်။ 'ဘူမိယံ'၌လည်း ဘူ-မှာ ဦ-ဒီဃနှင့် မိ-မှာ ဝိသံယောဂ နှင့် ရွတ်။ ဘုမ္မိ-ဟု ဘု-မှာ ဥ-ရဿနှင့် မိ-မှာ သသံယောဂနှင့် မရွတ်နှင့်။ 'သဗ္ဗဒါ'၌လည်း

သဗ္ဗ-ဟု ဗ္ဗ-မှာ သြဌဇတတိယက္ခရာ ဗ္ဗ-သဒိသဒွေးဘော်နှင့် ရွတ်။ သပ္ပ-ဟု သြဋ္ဌဇ-ပဌမက္ခရာ ပ-သဒိသဒွေးဘော်နှင့် မရွတ်နှင့်။

'သဗ္ဗုပ္ပဒ္ဒဝ'၌လည်း သဗ္ဗုပ္ပဒ္ဒဝ-ဟု ဗ္ဗု-မှာ သြဌဇတတိယက္ခရာ ဗ္ဗ-သဒိသဒွေးဘော်နှင့်, ပ-မှာ သြဌဇပဌမက္ခရာ ပ-သဒိသဒွေးဘော်နှင့် ရွတ်။ သပ္ပုပ္ပဒ္ဒဝ-ဟု ပ္ပု-မှာ သြဌဇ-ပဌမက္ခရာ ပ-သဒိသဒွေးဘော်နှင့်, ဗ္ဗ-မှာ သြဌဇတတိယက္ခရာ ဗ-သဒိသဒွေးဘော်နှင့် မရွတ်နှင့်။ ဇာလမှာ-၌လည်း ဇာလမ်မှာ-ဟု ဂရုထင်အောင် ရွတ်။ 'ဂဏနာ နစ မုတ္တာနံ'၌လည်း ဂဏနာ နစ-ဟု နာကို ဂဏနှင့် စပ်၍ ရွတ်။ ဂဏ နာနစ-ဟု နာ-ကို နစ-နှင့် စပ်၍ မရွတ်နှင့်။

'ဧဝံ မေ သုတံ'အစရှိသော ဓဇဂ္ဂသုတ်နိဒါန်း၊ စုဏ္ဏိယပါဌ်၌ 'အာမန္တေသိ'ဟု န္တေ-မှာ ဒန္တဇပဌမက္ခရာ တ-ကို န-သံယုဂ်နှင့် ရွတ်။ အာမန္ဒေသိ-ဟု ဒန္တဇတတိယက္ခရာ ဒ-ကို န-သံယုတ်နှင့် မရွတ်နှင့်။ 'ဘဒ္ဒန္တေတိ'၌လည်း ဒ-မှာ သ-သံယောဂနှင့် ဘဒ္ဒန္တေ။ ဒ-မှာ ဝိသံယောဂနှင့် ဘဒန္တေ၊ သဒ္ဒါ ၂-ချက်သင့်။ 'ပစ္စဿောသုံ'၌လည်း သ-မှာ သသံယောဂနှင့် ပစ္စဿောသုံ၊ သ-မှာ ဝိသံယောဂနှင့် ပစ္စသောသုံ သဒ္ဒါ ၂-ချက်သင့်။

'ဘူတပုဗ္ဗံ'ဟူသော ဓဇဂ္ဂသုတ်ပါဠိတော်၌ ပုဗ္ဗံ-ဟု ဗ္ဗံ-မှာ သြဌဇတတိယက္ခရာ ဗ-သဒိသဒွေးဘော်နှင့်ရွတ်။ ပုပ္ပံ-ဟု သြဌဇပဌမက္ခရာ ပ-သဒိသဒွေးဘော်နှင့် မရွတ်နှင့်။ 'ဒေဝါသုရာ သံဂါမော'၌လည်း သုရာ-ဟု သု-မှာ ဥ-ရဿနှင့် ရာ-မှာ အာ-ဒီဃနှင့် ရွတ်။ သူရ-ဟု သု-မှာ ဦ-ဒီဃနှင့် ရာ-မှာ အ-ရဿနှင့် မရွတ်နှင့်။ သံဂါမော-ဟု ဂါ-မှာ အာဒီဃနှင့် ရွတ်။ သံဂမော-ဟု အ-ရဿနှင့် မရွတ်နှင့်။ နောက် သံဂါမသဒ္ဒါတို့၌လည်း နည်းတူ။

'သမုပဗျူဠ္ဟော'၌လည်း ဗျူဠ္ဟော-ဟု ဠ္ဟ-မှာ ဟ-သံယုဂ်နှင့် ဂရုထင်အောင် ရွတ်။ ဗျူ-၌လည်း တာလုဇ ယ-သံယုဂ်နှင့် လိုသည်။ 'အာမန္တေသိ'၌လည်း ရှေ့နည်းတူ။ 'သစေ မာရိသာ'၌လည်း မာရိသာ-ဟု သာ-မှာ အာ-ဒီဃနှင့် ရွတ်။ မာရိသ-ဟု အ-ရဿနှင့် မရွတ်နှင့်။ 'ဆမ္ဘိတတ္တံ'၌လည်း တတ္တံ-မှာ ဒန္တဇပဌမက္ခရာ တ-သဒိသဒွေးဘော်နှင့် ရွတ်။ တတ္ထံ-ဟု ဒန္တဇပဌမ, ဒုတိယ အ-သဒိသဒွေးဘော်နှင့် မရွတ်နှင့်။ နောက် 'ဆမ္ဘိတတ္တံဝါ'ပုဒ်တို့၌လည်း နည်းတူ။

'ဥလ္လောမကေယျာထ'၌လည်း ယျ-မှာ ယ-သံယုဂ်နှင့် လိုသည်။ နောက် ဥလ္လော-ကေယျာထ-တို့၌ နည်းတူချည်း မှတ်လေ။ 'သော ပဟိယိဿတိ'၌လည်း သော ပဟိယိ-ဿတိ-ဟု ပ-မှာ အ-ရဿနှင့်ရွတ်။ ပါ-ဟု အာ-ဒီဃနှင့် မရွတ်နှင့်။ ယိ-မှာ ယ-သံယုဂ်နှင့် ပဟိယျိဿတိ၊ ယိ-မှာ ယ-သံယုဂ်နှင့် ကင်း၍ ပဟိယိဿတိ၊ သဒ္ဒါ ၂-ချက်သင့်။ နောက် ပဟိယျိဿတိ-၌လည်း နည်းတူ။

'ပဇာပတိဿ ဒေဝရာဇဿ'၌ ဒေဝ ရာဇဿ-ဟု ရာ-ကို ဇဿနှင့် စပ်၍ရွတ်။ ဒေဝရာ ဇဿ-ဟု ရာ-ကို ဒေဝ-နှင့် စပ်၍မရွတ်နှင့်။ ဒေဝါရာဇဿ-ဟူ၍လည်း ဝ-မှာ အာဒီဃနှင့် မရွတ်နှင့်။ နောက် ဒေဝရာဇဿပုဒ်တို့၌လည်း နည်းတူ။

'ဒေဝါန'မိန္ဒဿ'၌ ဒေဝါ-ဟု ဝါ-မှာ အာဒီဃနှင့် ရွတ်။ ဒေဝ-ဟု အ-ရဿနှင့် မရွတ်နှင့်။ ဒေဝါန မိန္ဒဿ-ဟု န-ကို ဒေဝါနှင့် စပ်၍ ရွတ်။ ဒေဝါ နမိန္ဒဿ-ဟု န-ကို မိန္ဒဿနှင့် စပ်၍ မရွတ်နှင့်။

'သော ပဟိယျေထာပိ နော ပဟိယျေထ'၌လည်း သော ပဟိယျေထာပိ၊ နော ပဟိယျေထ-ဟု သော-အက္ခရာ၊ နော-အက္ခရာတို့ကို ပဟိယေထ-ပုဒ်နှင့်ခြား၍, ပ-မှာ အ-ရဿနှင့်ချည်း ရွတ်။ သော ပါဟိယျေထာပိ, နော ပါဟိယျေထ-ဟု သော-အက္ခရာ၊ နော-အက္ခရာတို့ကို ပဟိယျေထ-ပုဒ်နှင့် စပ်၍ ပ-မှာ အာ-ဒီဃနှင့် မရွတ်နှင့်။ ဤ၌လည်း ယျ-မှာ ယ-သံယုဂ်နှင့် ပဟိယျေထ၊ ယ-မှာ ယ-သံယုဂ်ကင်း၍ ပဟိယေထ၊ သဒ္ဒါ ၂-ချက်သင့်။ 'ရုက္ခမူလဂတာနံ ဝါ'၌ ရုက္ခ မူလ-မှာ အ-ရဿနှင့် ရွတ်။ ရုက္ခာ-ဟု အာ-ဒီဃနှင့် မရွတ်နှင့်။

'ဣတိပိ သော ဘဂဝါ'၌လည်း ဣတိပိ သောဘဂဝါ-ဟု သော-ကို ဘဂဝါ-နှင့်စပ်၍ ရွတ်။ ဣတိပိ သော-ဟု သော-ကို ဣတိပိ-နှင့် စပ်၍ မရွတ်နှင့်။ တစ်နည်း၊ ဣတိပိ ၁-ပုဒ်, သော ၁-ပုဒ်, ဘဂဝါ ၁-ပုဒ်၊ ၃-ပုဒ်ခြား၍သော်လည်း ရွတ်။

'ပုရိသဒမ္မသာရထိ'၌လည်း ပုရိသ-ဟု ပု-မှာ ဥ-ရ ဿနှင့်ရွတ်။ ပူ-ဟု ဦ-ဒီဃနှင့် မရွတ်နှင့်။ ဒမ္မ-၌လည်း ဒ-မှာ ဒန္တဇတတိယက္ခရာ ဒ-နှင့် လိုသည်။ သာရထိ-ဟု ထိ-မှာ ဣ-ရဿနှင့် ရွတ်။ ထီ-ဟု ဤဒီဃနှင့် မရွတ်နှင့်။

'သွာက္ခာတော'၌လည်း သ-မှာ ဝ-ဗျည်း အာ-ဒီဃနှင့်, က-မှာ ကဏ္ဌဇပဌမ, ဒုတိယ အ-သဒိသဒွေးဘော်ကို အာ-ဒီဃနှင့် သွာက္ခာတော၊ သ-မှာ ဝ-ဗျည်းနှင့်, က္ခ-မှာ ကဏ္ဌဇပဌမ, ဒုတိယ အသဒိသဒွေးဘော်ကို အာ-ဒီဃ ယ-သံယုဂ်နှင့် သွက္ချာတော၊ သ-မှာ ဝ-ဗျည်း အာ-ဒီဃနှင့်, ကဏ္ဌဇ ဒုတိယက္ခရာ ခ-မှာ အာဒီဃနှင့် သွာခါတော၊ သ-မှာ ဝ-ဗျည်း အာ-ဒီဃနှင့်, ကဏ္ဌဇဒုတိယက္ခရာ ခ-မှာ အာ-ဒီဃ ယသံယုဂ်နှင့် သွာချာတော။ သဒ္ဒါ ၄-ချက်သင့်။

'ဩပနေယျိကော'၌ ဩပနေယျိကော-ဟု နေ-မှာ ဧ-သရနှင့် ရွတ်။ ဩပနယျိကော ဟူ၍လည်း အချို့ကျမ်းဆရာတို့ ဆုံးဖြတ်ကြ၏။ 'ပစ္စတ္တံ'၌လည်း ပစ္စတ္တံ-ဟု စ္စ-မှာ တာလုဇပဌမက္ခရာ စ-သဒိသဒွေးဘော်နှင့် ရွတ်။ 'ဝိညူဟိ'၌လည်း ဝိညူ-ဟု ည-မှာ သ-သံယောဂနှင့် ဂရုထင်အောင် ရွတ်။

'သာဝကသံယော'၌လည်း သာဝက-ဟု က-မှာ ကဏ္ဍဇ ပဥ္စမက္ခရာ က-နှင့်ရွတ်။ သာဝဂ-ဟု ကဏ္ဍဇ တတိယက္ခရာ-ဂ-နှင့် မရွတ်နှင့်။ 'ဥဇုပ္ပဋိပန္နော'၌လည်း ပ-မှာ သံယောဂနှင့် ဥဇုပ္ပဋိပန္နော၊ ပ-မှာ ဝိသံယောဂနှင့် ဥဇုပဋိပန္နော၊ ၂-ချက်သင့်။ 'သာမိစိပ္ပဋိပန္နော'၌ နည်းတူ။ 'ပုရိသယုဂါနိ'၌ ပု-မှာ ဥ-ရဿနှင့် ရွတ်။ ယုဂ္ဂါနိ-ဟု သံယောဂ သဒိသဒွေးဘော်နှင့် မရွတ်နှင့်။ 'ဧသ ဘဂဝတော'၌လည်း ဧသ-ဟု သ-မှာ အ-ရဿနှင့်ရွတ်။ ဧသာ-ဟု အာ-ဒီဃနှင့် မရွတ်နှင့်။

'အာဟုနေယျော ပါဟုနေယျော'ပုဒ်တို့၌လည်း နေ-မှာ ဒန္တဇ-န-နှင့် လိုသည်။ ဒက္ခိဏေယျော-ပုဒ်၌ ဏေ-မှာ မုဒ္ဓဇ ဏ-နှင့် လိုသည်။ 'အဉ္ဇလိကရဏီယော'၌လည်း အဉ္ဇလိ-ဟု ဉ္ဇ-မှာ တာလုဇပဥ္စမက္ခရာ ဉ-နှင့် လိုသည်။ အဥ္စလိ-ဟူ၍လည်း တာလုဇ၊ တတိယက္ခရာ၊ ဇ-နှင့် အချို့ကျမ်းဆရာတို့ ဆုံးဖြတ်ကြ၏။ 'ပုညခေတ္တံ'၌လည်း ကဏ္ဍဇပဥ္စမ, ဒုတိယ အသဒိသဒွေးဘော်နှင့် ပုညင်္ခေတ္တံ၊ ကဏ္ဍဇဒုတိယက္ခရာ ခ-မှာ ဝိသံယောဂနှင့် ပုညခေတ္တံ ၂-ချက်သင့်။

'ဣဒ'မဝေါစ'ဂါထာ၌ ဥပမာ-သာတည်း။ 'အရညေ ရုက္ခမူလေဝါ'ဂါထာ၌ ရုက္ခမူလေ၌ ရှေးနည်းတူ။ သုညာဂါရေဝ-၌ ဝ-မှာ အ-ရဿနှင့် ရွတ်။ ဝါ-ဟု အာ-ဒီဃနှင့် မရွတ်နှင့်။ 'အနုဿရေထ သမ္ဗုဒ္ဓံ'၌လည်း အနုဿရေထ-ဟူ၍သာ ရွတ်။ အနုဿရေယျာထ-ဟူ၍ ရေ-နောင် ယျာ-အက္ခရာနှင့် မရွတ်နှင့်။ 'ဘယံ တုမှာက နော သိယာ'၌လည်း တုမှာက-ဟု က-မှာ နိဂ္ဂဟိတလောပနှင့် ရွတ်။ တုမှာကံ-ဟု နိဂ္ဂဟိတန္တနှင့် မရွတ်နှင့်။

'နော စေ ဗုဒ္ဓံ'ဂါထာ၌ နိယျာနိကံ-ဟု ယျာ-မှာ ယ-သံယုဂ်နှင့် ဂရုထင်အောင် ရွတ်။ 'နော စေ ဓမ္မံ'ဂါထာ၌ နိယျာနိကံ ပုညခေတ္တံ-တို့ကား ရှေ့နည်းတူ။ 'ဧဝံ ဗုဒ္ဓံ'ဂါထာ၌ 'လောမဟံသော န ဟေဿတိ'ဟု ရွတ်။ လောမဟံသော ဝါ န ဟေဿတိ-ဟု လောမဟံသော-နောင် ဝါ-သဒ္ဒါနှင့် မရွတ်နှင့်။

## အာဋာနာဋိယသုတ်

'အပသန္နေဟိ'ဟူသော အာဋာနာဋိယသုတ်၌ နိဒါန်း, ပဋိညာဏ် ၂-ဂါထာတို့၌ အ-ပ္ပသန္နေဟိ-ဟု အ-ကို ပဋိသေဓထင်အောင် ပ-ကို သန္နေဟိနှင့် စပ်၍ ရွတ်။ အပ သန္နေဟိ-ဟု ပ-ကို အ-နှင့်စပ်၍ မရွတ်နှင့်။ ဤ၌လည်း ပ-မှာ ဝိသံယောဂနှင့် အပသန္နေ၊ ပ-မှာ သံယောဂနှင့် အပ္ပသန္နေ၊ သဒ္ဒါ ၂-ချက်သင့်။ သံယုဂ်ရှိရာ၌လည်း အ-ပ္ပသန္နေဟိ-ဟု အ-ကို ပဋိသေဓထင်အောင် ပ္ပ-ကို သန္နေဟိ-နှင့် စပ်၍ရွတ်။ အပ္ပ သန္နေဟိ-ဟု ပ္ပ-ကို အ-နှင့် စပ်၍ မရွတ်နှင့်။ 'နာထဿ'၌ ရှေးနည်းအတူ။

'သာစုသမ္မတေ'၌လည်း သာစု-ဟု စု-မှာ ဒန္တဇစတုတ္ထက္ခရာ ဓ-နှင့် လိုသည်။ သမ္မတေ-ဟု မ-မှာ သသံယောဂ-နှင့် လိုသည်။ 'သဒါ ကိဗ္ဗိသကာရိဘိ'၌လည်း ကိဗ္ဗိသ-ဟု ဗ္ဗိ-မှာ ဩဋ္ဌဇတတိယက္ခရာ ဗ-သဒိသဒွေးဘော်နှင့် ရွတ်။ ကိပ္ပိသ-ဟု ဩဋ္ဌဇပဌမက္ခရာ ပ-သဒိသဒွေးဘော်နှင့် မရွတ်နှင့်။ ကိဗ္ဗိသ ကာရိဘိ-ဟု သ-ကို ကိဗ္ဗိ-နှင့် စပ်၍ ရွတ်။ သဒါကိဗ္ဗိ၊ သကာရိဘိ-ဟူ၍လည်း သဒါကိဗ္ဗိ-ကို စပ်၍ မရွတ်နှင့်။ သဒါ ကိဗ္ဗိသကာရိဘိ-ဟု သဒါ-နှင့် ကိဗ္ဗိသကာရိဘိ-ကို ခြား၍ ရွတ်။

'ပရိသာနံ စတဿန္နံ'၌လည်း စတဿန္နံ-ဟု ဿ-မှာ သသံယောဂ-အရဿနှင့် န္နံ-မှာ သသံယောဂနှင့် ရွတ်။ စတဿာနံ-ဟု သ-မှာ သသံယောဂအာ-ဒီဃနှင့် နံ-မှာ ဝိသံယောဂနှင့် မရွတ်နှင့်။

'ဝိပဿိဿ'ဟူသော အာဋာနာဋိယသုတ်၊ ပထမဂါထာ၌ နမတ္ထု-ဟု န-နှင့် မတ္ထု-ကို ဂရုထင်အောင် တ္ထု-မှာ ဒန္တဇပဌမ, ဒုတိယ အသဒိသဒွေးဘော်ကို ဥရဿနှင့် ရွတ်။ န မတ္ထူ-ဟု န-ကို ပဋိသေဓကဲ့သို့ တ္ထု-မှာ ဝိသံယောဂ ဦ-ဒီဃနှင့် မရွတ်နှင့်။ နောက် နမတ္ထု-ပုဒ်တို့၌လည်း နည်းတူချည်း ရွတ်။ 'သိရီမတော'၌လည်း သိ-မှာ ဣ-ရဿနှင့် ရီ-မှာ ဤဒီဃနှင့် ရွတ်။ သီရိ-ဟု သီ-မှာ ဤ-ဒီဃနှင့် ရိ-မှာ ဣ-ရဿနှင့် မရွတ်နှင့်။

'ဝေဿဘုဿ'ဟူသော ဒုတိယဂါထာ၌ နှာတကဿ-ဟု နှာ-မှာ ဟသံယုဂ်နှင့် ရွတ်။ နာတကဿ-ဟု ဟ-သံယုဂ်ကင်း၍ မရွတ်နှင့်။ ကောဏာဂမနဿ-ဟူသော တတိယ ဂါထာ၌ ကောဏာဂမနဿ-ဟု ကော-မှာ ကဏ္ဍဇပဌမက္ခရာ က-နှင့် ရွတ်။ ဂေါဏာ-ဂမနဿ-ဟု ကဏ္ဍဇတတိယက္ခရာ ဂ-နှင့် မရွတ်နှင့်။ 'ဗြာဟ္မဏဿ'ဟု ဗြာ-မှာ အာဒီဃနှင့် လိုသည်။ 'ဝုသိမတော'၌လည်း ဝ-မှာ ဥ-ရဿနှင့် ဝုသိမတော၊ ဝ-မှာ အ-ရဿနှင့် ဝသိမတော၊ သဒ္ဒါ ၂-ချက်သင့်။

'ကဿပဿ'၌လည်း ကဿပဿ-ဟု ပ-မှာ ဩဋ္ဌဇပဌမက္ခရာ ပ-နှင့်ရွတ်။ ကဿဗဿ-ဟု ဩဋ္ဌဇ တတိယက္ခရာ ဗ-နှင့် မရွတ်နှင့်။ 'ဝိပ္ပမုတ္တဿ သဗ္ဗဓိ'ဟူသော ပုဒ်၌ ဝိ-ပ္ပမုတ္တဿ-ဟု ပ္ပ-ကို မုတ္တဿနှင့် စပ်၍ ရွတ်။ ဝိပ္ပ-မုတ္တဿ-ဟု ပ္ပ-ကို ဝိ-နှင့် စပ်၍ မရွတ်နှင့်။ သဗ္ဗဓိ-၌လည်း သဗ္ဗ-ဟု ဩဋ္ဌဇတတိယက္ခရာ ဗ္ဗ-သဒိသဒွေးဘော်နှင့် ရွတ်။ သပ္ပ-ဟု ဩဋ္ဌဇပဌမက္ခရာ ပ-သဒိသဒွေးဘော်နှင့် မရွတ်နှင့်။

'အင်္ဂီရသဿ'ဟူသော စတုတ္ထဂါထာ၌ အင်္ဂီရသ-ဟု ရ-နောင် သ-အက္ခရာ တစ်လုံးနှင့် ရွတ်။ အင်္ဂီရဿ-ဟု ရ-နောင် သ-အက္ခရာတစ်လုံးနှင့် ကင်း၍ မရွတ်နှင့်။ 'သိရီမတော'၌ ရှေးနည်းတူ။ 'ပနုဒနံ'၌ ပနုဒနံ-ဟု နု-မှာ ဦ-ဒီဃနှင့် မရွတ်နှင့်။ ပနုဒနံ-ဟု ဥ-ရဿနှင့် ရွတ်။

'ယေ စာပိ နိဗ္ဗုတာ လောကေ'ဟူသော ပဉ္စမဂါထာ၌ နိဗ္ဗုတာ-ဟု ဗ္ဗု-မှာ ဥ-ရဿနှင့် ရွတ်။ နိဗ္ဗူတာ-ဟု ဦ-ဒီဃနှင့် မရွတ်နှင့်။ ဝိပဿိသုံ၌လည်း ဝိပဿိသုံ-ဟု ဿိ-မှာ နိဂ္ဂဟိတလောပနှင့် ရွတ်။ ဝိပဿီသု-ဟု နိဂ္ဂဟိတ်နှင့် မရွတ်နှင့်။ 'တေ ဇနာ'၌လည်း တေ ဇနာ-ဟု ဇ-မှာ အ-သရနှင့် ရွတ်။ တေ ဇိနာ-ဟု ဣ-သရနှင့် မရွတ်နှင့်။ 'အပိသုဏာထ' ၌လည်း အပိသုဏာ-ဟု သု-မှာ ဦ-ဒီဃနှင့် ရွတ်။ သု-ဟု ဥ-ရဿနှင့် မရွတ်နှင့်။ တာ-မှာ တ-သဒိသဒွေးဘော်နှင့် မဟတ္တာ၊ တာ-မှာ အာဒီဃ နသံယုဂ်နှင့် မဟန္တာ၊ သဒ္ဒါ ၂-ချက်သင့်။

'ဟိတံ ဒေဝမနုဿာနံ'ဟူသော ဆဋ္ဌမဂါထာ၌ နမဿန္တိ-ဟု နမဿသဒ္ဒါ ထင်အောင် တစပ်တည်းရွတ်။ န မဿန္တိ-ဟု န-ကို ပဋိသေဓကဲ့သို့ ခြား၍ မရွတ်နှင့်။ ဂေါတမံ-၌ ဂေါတမသာသနမှိနှင့် တူ၏။ တ-နိဂ္ဂဟိတန္တ သဒိသဒွေးဘော်နှင့် မဟတ္တံ၊ တ-မှာ နိဂ္ဂဟိတန္တ နသံယုဂ်နှင့် မဟန္တံ၊ သဒ္ဒါ ၂-ချက်သင့်။

'စေတေ စ'ညေ စ'ဟူသော သတ္တမဂါထာ၌ 'သဗ္ဗေ ဗုဒ္ဓါ သမသမာ'ဟု ရွတ်။ သဗ္ဗေ ဗုဒ္ဓါအသမသမာ-ဟု ဗုဒ္ဓါနောင် အ-အက္ခရာနှင့် မရွတ်နှင့်။

'သဗ္ဗေ ဒသ ဗလူပေတာ'ဟူသော အဋ္ဌမဂါထာ၌ ဗလူပေတာ-ဟု ဗ-မှာ ဩဋ္ဌဇ-တတိယက္ခရာ ဗ-နှင့် လူ-မှာ ဦ-ဒီဃနှင့်ရွတ်။ ဖလူ-ဟု ဗ-မှာ ဩဋ္ဌဇဒုတိယက္ခရာ ဖ-နှင့် လူ-မှာ ဥရဿနှင့် မရွတ်နှင့်။

'သီဟနာဒံ'ဟူသော နဝမဂါထာ၌ နဒန္တေ-ဟု နဒ-သဒ္ဒါထင်အောင် တစပ်တည်း ရွတ်။ န ဒန္တေ-ဟု န-ကို ပဋိသေဓကဲ့သို့ ခြား၍ မရွတ်နှင့်။ 'ပရိသာသု ဝိသာရဒါ'ဟု သု-ကို ပရိသာ-နှင့် စပ်၍ရွတ်။ ပရိသာ သုဝိသာရဒါ-ဟု သု-ကို ဝိသာရဒါ-နှင့် စပ်၍ မရွတ်နှင့်။ "ဗြဟ္မစက္ကံ ပဝတ္တေန္တိ'၌လည်း ပဝတ္တေန္တိ-ဟု ဧ-သရနှင့် ရွတ်။ ပဝတ္တန္တိ-ဟု အ-သရနှင့် မရွတ်နှင့်။ ဗြဟ္မ-၌ ရှေးနည်းတူ။

'ဥပေတာ ဗုဒ္ဓဓမ္မေဟိ'ဟူသော ဒသမဂါထာ၌ အဋ္ဌာရသဟိ နာယကာ-ဟု ဟိ-ကို အဋ္ဌာရသ-နှင့် စပ်၍ရွတ်။ အဋ္ဌာရသ ဟိနာယကာ-ဟု ဟိ-ကို နာယကာ-နှင့်စပ်၍ မရွတ်နှင့်။ 'ဗာတ္တိံသ'၌လည်း ဗာ-မှာ အာဒီဃနှင့် လိုသည်။ 'လက္ခဏူပေတာ'၌လည်း လက္ခဏူ-ဟု ဏူ-မှာ ဦ-ဒီဃနှင့်ရွတ်။ လက္ခဏု-ဟု ဥ-ရဿနှင့် မရွတ်နှင့်။ 'သီတာ-နုဗျဉ္ဇနာ'၌လည်း သီတာ-ဟု သီ-မှာ ဤ-ရဿနှင့် ရွတ်။ သီ-ဟု ဤဒီဃနှင့် မရွတ်နှင့်။

'ဗျာမပ္ပဘာယ'ဟူသော ဧကာဒသမဂါထာ၌ ဗျာမ ပ္ပဘာယ-ဟု ပ-ကို ဘာယ-နှင့်စပ်၍ရွတ်။ ဗျာမပ္ပ ဘာယ-ဟု ပ္ပ-ကို ဗျာမ-နှင့် စပ်၍ မရွတ်နှင့်။ 'သဗ္ဗေခီဏာသဝါ'

၌လည်း သဗ္ဗေခိဏာ သဝါဇိနာ-ဟု ခိဏာ-ကို သဗ္ဗေ-နှင့်စပ်၍ သဝါ-ကို ဇိနာ-နှင့်စပ်၍ မရွတ်နှင့်။ သဗ္ဗေ ခိဏာသဝါ ဇိနာ-ဟု ခိဏာ-ကို သဝါ-နှင့် စပ်၍ရွတ်။ တနည်း သဗ္ဗေ- ၁-ပုဒ်၊ ခိဏာသဝါ ၁-ပုဒ်၊ ဇိနာ ၁-ပုဒ်။ ၃-ပုဒ်ခြား၍ ရွတ်။

'မဟာပဘာ'ဟူသော ဒွါဒသမဂါထာ၌ ဟ-မှာ အာ-ဒီဃနှင့် ပ-မှာ ဝိသံယောဂနှင့် မဟာပဘာ, ဟ-မှာ အ-ရဿနှင့် ပ-မှာ သသံယောဂနှင့် မဟပ္ပဘာ ၂-ချက်သင့်။ 'မဟဗ္ဗလာ'၌လည်း နည်းတူ။ မဟဗ္ဗလာ-ဟု ဗ္ဗ-မှာ သြဋ္ဌဇတတိယက္ခရာ ဗ-သဒိသ ဒွေးဘော်နှင့် ရွတ်။ မဟပ္ဖလာ-ဟု သြဋ္ဌပဉ္စမ, ဒုတိယ အသဒိသဒွေးဘော်နှင့် မရွတ်နှင့်။ 'မဟာကာရုဏိကာ မီရာ'၌လည်း ကာရုဏိကာ မီရာ-ဟု ကာ-ကို ကာရုဏိ-နှင့် စပ်၍ ရွတ်။ ကာရုဏိ ကာမီရာ-ဟု က-ကို မီရာနှင့်စပ်၍ မရွတ်နှင့်။ မီရာ-ဟု မီ-မှာ ဤ- ဒီဃနှင့် ရွတ်။ မိ-ဟု ဣ-ရဿနှင့် မရွတ်နှင့်။

'ဒီပါ နာထာ'ဟူသော တေရသမဂါထာ၌ ဒီပါ-ကား ဒီပေါ်နှင့် တူ၏။ ဒန္တဇ ဒုတိယက္ခရာ ထ-နှင့် နာထာ။ ဒန္တဇစတုတ္ထက္ခရာ ဓ-နှင့် နာဓာ၊ သဒ္ဒါ ၂-ချက်သင့်။ 'ပတိဋ္ဌာ'၌လည်း ပတိဋ္ဌာ-ဟု ဋ္ဌာ-မှာ ဋ-သံယုဂ်နှင့် ဂရုထင်အောင်ရွတ်။ 'တာဏာ လေဏာ'၌ ဏာ-မှာ မုဒ္ဓဇ-ဏာ-နှင့်ချည်း လိုသည်။ 'ဂတိဗန္ဓူ'၌ ဂတိ-ဟု တိ-မှာ ဒန္တဇ ပဉ္စမက္ခရာ တ-နှင့် ဗန္ဓူ-ဟု န္ဓူ-မှာ ဒန္တဇစတုတ္ထက္ခရာ ဓ-နှင့် ရွတ်။ ဂဓိဗန္တူ-ဟု တိ-မှာ ဒန္တဇစတုတ္ထက္ခရာ ဓ-နှင့် န္တူ-မှာ ဒန္တဇပဉ္စမက္ခရာ တ-နှင့် မရွတ်နှင့်။

'မဟေဿာသာ သရဏာစ'၌လည်း သာ-အက္ခရာ ၂-လုံးကို ပေါင်း၍ ရွတ်။ မဟေဿာ သာသရဏာစ-ဟု နောက် သာ-အက္ခရာ ၁-လုံးကို သရဏာနှင့် ပေါင်း၍ မရွတ်နှင့်။ ဤ၌လည်း ဟ-မှာ ဧ-သရနှင့် မဟေဿာသာ၊ ဟ-မှာ ဣ-သရနှင့် မဟိဿာ- သာ၊ သဒ္ဒါ ၂-ချက်သင့်။

'သဒေဝကဿ'ဟူသော စုဒ္ဒသမဂါထာ၌ သိရသာ-ဟု သိ-မှာ ဣရဿနှင့်, သာ- ကို သိရ-နှင့် စပ်၍ ရွတ်။ သီရ သာပါဒေ-ဟု သီ-မှာ ဤဒီဃနှင့်, သာ-ကို ပါဒေ-နှင့်စပ်၍ မရွတ်နှင့်။ 'ပုရိသုတ္တမေ'၌လည်း ပု-မှာ ဥ-ရဿနှင့်, တ္တ-မှာ ဒန္တဇ ပဉ္စမက္ခရာ တ-နှင့်ရွတ်။ ပူရိသုဒ္ဓမေ-ဟု ပု-မှာ ဦ-ဒီဃနှင့်, တ္တ-မှာ ဒန္တဇတတိယ, စတုတ္ထ၊ အသဒိသဒွေးဘော်နှင့် မရွတ်နှင့်။

'ဝစသာ မနသာ စေဝ'ဟူသော ပန္နရသမဂါထာ၌ ဝစသာ မနသာ-ဟု ဝစ- သဒ္ဒါနောင် သာ-ကို ဝစ-နှင့် စပ်၍ ရွတ်။ ဝစ သာမနသာ-ဟု ဝစ-တွင် ရပ်၍ ဝစ- သဒ္ဒါနောင် သာ-ကို မနသာ-နှင့် စပ်၍ မရွတ်နှင့်။ မ နသာ-ဟူ၍လည်း မ-ကို ပဋိသေဓ ကဲ့သို့ ခြား၍ မရွတ်နှင့်။ 'သဗ္ဗဒါ'၌လည်း သဗ္ဗဒါ-ဟု ဗ္ဗ-မှာ သြဋ္ဌဇတတိယက္ခရာ ဗ-သဒိသ

ဒွေးဘော်နှင့် ရွတ်။ သပ္ပဒါ-ဟု ဩဋ္ဌဇပဉ္စမက္ခရာ ပ-သဒိသဒွေးဘော်နှင့် မရွတ်နှင့်။ အလုံးစုံသော သဗ္ဗဒါ-ဟူသမျှ၌ ဤနည်းတူချည်း။

'သဒါ သုခေန'ဟူသော သောဋ္ဌသမဂါထာ၌ ဗုဒ္ဓါ သန္တိ ကရာ-ဟု သန္တိ-ကို ကရာနှင့် စပ်၍ရွတ်။ 'ဗုဒ္ဓါသန္တိ၊ ကရာတုဝံ'ဟု သန္တိ-ကို ဗုဒ္ဓါနှင့်စပ်၍ မရွတ်နှင့်။ ကရာ-ကို တုဝံ-နှင့်စပ်၍ မရွတ်နှင့်။ တနည်း ဗုဒ္ဓါ ၁-ပုဒ်၊ သန္တိကရာ ၁-ပုဒ်၊ တုဝံ ၁-ပုဒ်၊ ၃-ပုဒ်ခြား၍ ရွတ်။ သန္တိကရာ-ဟူ၍လည်း န္တိ-မှာ ဒန္တဇစတုတ္ထက္ခရာ ဓ-ကို န-သံယုဂ်နှင့် မရွတ်နှင့်။

'သဗ္ဗရောဂါ ဝိနိမုတ္တော'ဟူသော သတ္တရသမဂါထာ၌ သဗ္ဗ သန္တာပ ဝဇ္ဇိတော-ဟု ပ-ကို သန္တာ-နှင့် စပ်၍ ရွတ်။ သဗ္ဗ သန္တာ ပဝဇ္ဇိတော-ဟု ပ-ကို ဝဇ္ဇိတော-နှင့် စပ်၍ မရွတ်နှင့်။ ဝဇ္ဇိတော-ဟု ဝ-မှာ အသရနှင့် ရွတ်။ ဝိဇ္ဇိတော-ဟု ဣ-သရနှင့် မရွတ်နှင့်။ 'နိဗ္ဗုတောစ'၌လည်း နိဗ္ဗု-ဟု ဗ္ဗု-မှာ ဥ-ရဿနှင့် ရွတ်။ ဗ္ဗူ-ဟု ဦ-ဒီဃနှင့် မရွတ်နှင့်။ ဘဝါဟိတွံ၊ တုဝံ ဘဝ၊ ၂-ချက်သင့်။

'တေသံ သစ္စေန'ဟူသော အဋ္ဌာရသမဂါထာ၌ သီလေန-ဟု သီ-မှာ ဤ-ဒီဃနှင့် ရွတ်။ သိ-ဟု ဣရဿနှင့် မရွတ်နှင့်။ ခန္တီ-ဟု တီ-မှာ ဤဒီဃနှင့် ရွတ်။ ဣ-ရဿနှင့် မရွတ်နှင့်။ 'ဗလေန'၌ မဟပ္ပလာနှင့် နည်းတူ။ 'အရောဂေန'၌လည်း အရောဂေန-ဟု အ-ရဿနှင့် ရွတ်။ အာရောဂေန-ဟု အာ-ဒီဃနှင့် မရွတ်နှင့်။ နောက် အာရောဂေနတို့၌ လည်း ဤနည်းတူချည်း မှတ်။

'ပုရတ္ထိမသ္မိ'ဟူသော ဧကူနဝီသတိမဂါထာ၌ ပုရတ္ထိ-ဟု ပု-မှာ ဥရဿနှင့်, တ္ထိ-မှာ ဒန္တဇပဉ္စမ, ဒုတိယ အသဒိသဒွေးဘော်နှင့် သင့်သည်။ 'ဒိသာဘာဂေ'၌လည်း ဒိသာ-ဟု ဒိ-မှာ ဣရဿနှင့် ရွတ်။ ဒီ-ဟု ဤ-ဒီဃနှင့် မရွတ်နှင့်။

'ဒက္ခိဏသ္မိ'ဟူသော ဝီသတိမဂါထာ၊ 'ပစ္ဆိမသ္မိ'ဟူသော ဧကဝီသတိမဂါထာ၊ 'ဥတ္တရသ္မိ'ဟူသော ဒွါဝီသတိမဂါထာတို့၌ ပုဒ်ပဒ သန့်ရှင်း၏။

'ပုရတ္ထိမေန ဓတရဋ္ဌော'ဟူသော တေဝီသတိမဂါထာ၌ ပုရတ္ထိမသဒ္ဒါကား ရှေးနည်းတူ။ 'ဓတရဋ္ဌော'၌ ဒန္တဇစတုတ္ထက္ခရာ-ဓ၊ ဒန္တဇပဉ္စမက္ခရာ-တ တို့မှာ အသရနှင့်, ဓတရဋ္ဌော-ဟု ရွတ်။ ဒန္တဇစတုတ္ထက္ခရာ ဓ-နောင် ဒန္တဇတတိယ, စတုတ္ထ အသဒိသဒွေးဘော်နှင့် ဓဒ္ဓရဋ္ဌော-ဟူ၍လည်းကောင်း ဒန္တဇစတုတ္ထက္ခရာ ဓ-နောင် ဒန္တဇပဉ္စမက္ခရာ တ-သဒိသ ဒွေးဘော်နှင့် ဓတ္တရဋ္ဌော-ဟူ၍လည်းကောင်း မရွတ်နှင့်။ တစ်နည်းကား ဓတ ရဋ္ဌော-ဟု တ-ကို ဓ-နှင့် စပ်၍ ရွတ်။ ဓ တရဋ္ဌော-ဟု တ-ကို ရဋ္ဌော-နှင့်စပ်၍ မရွတ်နှင့်။ ဒိသံ-၌ ရှေးနည်းတူ။

'စတ္တာရော တေ မဟာရာဇာ'ဟူသော စတုဗ္ဗိသတိမဂါထာ၌ စတ္တာရော တေ မဟာရာဇာ-ဟု တေ-ကို မဟာရာဇာနှင့် စပ်၍ရွတ်။ စတ္တာရော တေ မဟာရာဇာ-ဟု တေ-ကို စတ္တာရော-နှင့် စပ်၍ မရွတ်နှင့်။ 'လောကပါလာ ယသဿိနော'၌လည်း လောကပါလာ ယသဿိနော-ဟု ယ-ကို သဿိနောနှင့် စပ်၍ ရွတ်။ လောကပါလာယ သဿိနော ဟု ယ-ကို လောကပါလာနှင့် စပ်၍ မရွတ်နှင့်။

'အာကာသဋ္ဌာ'ဟူသော ပဉ္စဝီသတိမဂါထာ၌ အာကာသဋ္ဌာ-ဟု ငသ်ယုဂ်နှင့် ဂရုထင်အောင် ရွတ်။ 'ဘူမဋ္ဌာ'၌လည်း ဘူမဋ္ဌာ-ဟု ဘူ-မှာ ဦဒီဃနှင့်, မ-မှာ ဝိသံယောဂ, ငသ်ယုဂ်နှင့် ဂရုထင်အောင် ရွတ်။ ဘုမ္မဋ္ဌာ-ဟု ဘု-မှာ ဥ-ရဿနှင့်, မ-မှာ သံယောဂနှင့် မရွတ်နှင့်။

'ဣဒ္ဓိမန္တော စ'ဟူသော ဆဗ္ဗိသတိမဂါထာ၌ ပုဒ်ပဒသန့်ရှင်း၏။ 'သဗ္ဗိတိယော' ဟူသော သတ္တဝီသတိမဂါထာ၌ သဗ္ဗိတိယော-ဟု ဗ္ဗီ-မှာ ဤဒီဃနှင့် ရွတ်။ ဗ္ဗိ-ဟု ဣရဿ နှင့်မရွတ်နှင့်။ 'ဝိဝဇ္ဇန္တု'၌လည်း ဝိဝဇ္ဇန္တု-ဟု ဝိ-နောင် ဝ-မှာ အရဿနှင့် ရွတ်။ ဝိဝိဇ္ဇန္တု-ဟု ဣသရနှင့် မရွတ်နှင့်။ 'သောကော ရောဂေါ'၌လည်း သောကော-ဟု ကော-မှာ ကဏ္ဍဇ ပဌမက္ခရာ က-နှင့် ရွတ်။ သောဂေါ-ဟု ကဏ္ဍဇ တတိယက္ခရာ ဂ-နှင့် မရွတ်နှင့်။ ရော-၌လည်း မုဒ္ဓဇ ရ-နှင့် လိုသည်။

'ဝိနဿတု'၌လည်း ဝိနဿတု-ဟု တု-မှာ ဝိသံယောဂနှင့် ရွတ်။ ဝိနဿန္တု-ဟု န-သံယုဂ်နှင့် မရွတ်နှင့်။ 'တွန္တရာယော'၌လည်း ယ-မှာ ဩသရနှင့် တွန္တရာယော၊ ယ-မှာ အသရနှင့် တွန္တရာယ၊ ၂-ချက်သင့်။ 'သုခီ'၌လည်း သုခီ-ဟူ ခီ-မှာ ဤဒီဃနှင့် ရွတ်။ ခိ-ဟု ဣ-ရဿနှင့် မရွတ်နှင့်။

'အဘိဝါဒနသီလိဿ'ဟူသော အဋ္ဌဝီသတိမဂါထာ၌ မုဒ္ဓဇတတိယ, စတုတ္ထ အသဒိသဒွေးဘော်နှင့် ဝုမှာ၊ ဒန္တဇတတိယ, စတုတ္ထအသဒိသဒွေးဘော်နှင့် ဝုဒ္ဓါ၊ ၂-ချက် သင့်။ 'ဝုမ္ဍိ'၌လည်း နည်းတူ။

## အင်္ဂုလိမာလသုတ်

'ပရိတ္တံ ယံ ဘဏာန္တဿ'ဟူသော အင်္ဂုလိမာလသုတ် နိဒါန်း, ပဋိညာဏ်ဂါထာတို့ တွင် ပဌမဂါထာ၌ ပုဒ်ပဒ သန့်ရှင်း၏။ 'သောတ္ထိနာ ဂဗ္ဘဝုဋ္ဌာနံ'ဟူသော ဒုတိယဂါထာ၌ ဂဗ္ဘ-ဟု ဗ္ဘ-မှာ ဩဋ္ဌဇတတိယ, စတုတ္ထအသဒိသဒွေးဘော်နှင့် လိုသည်။

မင်္ဂလသုတ်၌ တေနုပသံကမိ၊ တေနုပသင်္ကမိ။ ဥပသံကမိတွာ၊ ဥပသင်္ကမိတွာ။
ပုတ္တဒါရဿ သံဂဟော၊ ပုတ္တဒါရဿ သင်္ဂဟော။
ဉာတကာနဉ္စ သံဂဟော၊ ဉာတကာနဉ္စ သင်္ဂဟော။

ဓဇဂ္ဂသုတ်၌ သံဂါမော၊ သင်္ဂါမော။ သံဂါမဂတာနံ၊ သင်္ဂါမဂတာနံ။

ဤအင်္ဂုလိမာလသုတ်၌ တံခဏေ၊ တင်္ခဏေ။

ဗောဇ္ဈင်သုတ်၌ အနေကဂုဏသံဂဟံ၊ အနေကဂုဏသင်္ဂဟံ။
သတိသံခါတော၊ သတိသင်္ခါတော။

ပုဒ်တို့၌ နိဂ္ဂဟိတ်၊ င-သံယုဂ်နှင့် သင့်သည်ချည်း။ ထေရဿ အင်္ဂုလိမာလဿ-ဟု ရွတ်။

'လောကနာထေန'၌လည်း ဒန္တဇဒုတိယက္ခရာ ထ-နှင့် နာထေ၊ ဒန္တဇစတုတ္ထက္ခရာ ဓ-နှင့် နာဓေ၊ သဒ္ဒါ ၂-ချက်သင့်။

'ယတောဟံ ဘဂိနိ'ဟူသော စုဏ္ဏိယပါဠိ၌ ဂိ-မှာ ဣ-ရဿနှင့်, နိ-မှာ ဤဒီဃနှင့် ဘဂိနီ-ဟု ရွတ်။ ဂီ-မှာ ဤဒီဃနှင့် နိ-မှာ ဣရဿနှင့် ဘဂီနိ-ဟု မရွတ်နှင့်။ 'သောတ္ထိ ဂဗ္ဘဿ'၌လည်း ဂဗ္ဘသဒ္ဒါ ရှေးနည်းတူ။

## ဗောဇ္ဈင်သုတ်

'သံသာရေ သံသရန္တာနံ'ဟူသော ဗောဇ္ဈင်သုတ် နိဒါန်း, ပဋိညာဉ်ဂါထာတို့တွင် ပဌမဂါထာ၌ ဗောဇ္ဈင်္ဂသဒ္ဒါ၌ ဇ-မှာ တာလုဇတတိယ, စတုတ္ထ အသဒိသဒွေးဘော်နှင့် လိုသည်။ 'ဗုဇ္ဈိတွာ'ဟူသော ဒုတိယဂါထာ၌ 'မုတ္တကုတ္တမာ'ဟု ကု-မှာ ကဏ္ဌဇပဌမက္ခရာ က-နှင့်ရွတ်။ ဂုတ္တမာ-ဟု ကဏ္ဌဇတတိယက္ခရာ ဂ-နှင့် မရွတ်နှင့်။ 'အဇာတိ'မဇရာ'ဗျာဓိ'၌ အဇာတိ မဇရာ-ဟု မ-ကို ဇရာ-နှင့် စပ်၍ ရွတ်။ အဇာတိမ ဇရာ-ဟု မ-ကို အဇာတိ-ပုဒ်နှင့် စပ်၍ မရွတ်နှင့်။ တနည်း အဇာတိမဇရာဗျာဓိ-ဟု မ-ကို အဇာတိ-ပုဒ်၊ ဇရာ-ပုဒ် ၂-ပုဒ်နှင့် စပ်၍ရွတ်။

'ဧဝမာဒိ ဂုဏူပေတံ'ဟူသော တတိယဂါထာ၌ ဂုဏူ-ဟု ဏူ-မှာ ဦ-ဒီဃနှင့် ရွတ်။ ဂုဏု-ဟု ဥရဿနှင့် မရွတ်နှင့်။ ဒန္တဇဒုတိယက္ခရာ ထ-နှင့် ဩသထ၊ ဒန္တဇစတုတ္ထက္ခရာ ဓ-နှင့် ဩသဓသဒ္ဒါ ၂-ချက်သင့်။

'ဗောဇ္ဈင်္ဂေါ သတိသင်္ခါတော'ဟူသော ဗောဇ္ဈင်သုတ်၊ ပဌမဂါထာ၌ ဗောဇ္ဈင်္ဂသဒ္ဒါကား နည်းတူ။ နောက် ဗောဇ္ဈင်္ဂသဒ္ဒါတို့၌လည်း နည်းတူမှတ်လေ။ 'ဓမ္မာနံ ဝိစယော'၌

ဝိစယော-ဟု စ-မှာ တာလုဇပဌမက္ခရာ စ-နှင့် ရွတ်။ ဝိဇယော-ဟု တာလုဇတတိယက္ခရာ ဇ-နှင့် မရွတ်နှင့်။ 'ဝီရိယံ'၌လည်း ဝီရိယံ-ဟု ဝီ-မှာ ဤ-ဒီဃနှင့် ရွတ်။ ဝိ-ဟု ဣရဿနှင့် မရွတ်နှင့်။ 'ပိတိ ပဿဒ္ဓိ'၌လည်း ပိတိ-ဟု ပိ-မှာ ဣ-ရဿနှင့် ရွတ်။ ပီ-ဟု ဤဒီဃနှင့် မရွတ်နှင့်။ ပဿဒ္ဓိ-ဟု ဒ္ဓိ-မှာ ဒန္တဇ တတိယ, စတုတ္ထအသဒိသ ဒွေးဘော်နှင့် လိုသည်။

'သမာဓုပေက္ခာ'ဟူသော ဒုတိယဂါထာ၌ သမာဓုပေက္ခာ-ဟု မ-မှာ ဝိသံယောဂ နှင့်ရွတ်။ သမ္မာ-ဟု သသံယောဂနှင့် မရွတ်နှင့်။ သမ္မဒက္ခာတာ၌ သမ္မ-ဟု မ္မ-မှာ သ-သံယောဂ, အ-ရဿနှင့် ရွတ်။ သမာ-ဟု ဝိသံယောဂ, အာဒီဃနှင့် မရွတ်နှင့်။ 'ဗဟုလီ-ကတာ'၌လည်း ဗဟုလီ-ဟု လီ-မှာ ဤ-ဒီဃနှင့် ရွတ်။ ဗဟုလိ-ဟု ဣရဿနှင့် မရွတ်နှင့်။

'သံဝတ္တန္တိ'ဟူသော တတိယဂါထာ၌ နိဗ္ဗာနာ-ဟု ဗ္ဗာ-မှာ အာဒီဃနှင့် န-မှာ ဝိသံယောဂနှင့်ရွတ်။ နိဗ္ဗန္နာ-ဟု ဗ္ဗ-မှာ အ-ရဿနှင့် နာ-မှာ သသံယောဂနှင့် မရွတ်နှင့်။ 'သစ္စဝဇ္ဇေန'၌လည်း ဝဇ္ဇေန-ဟု ဇ္ဇေ-မှာ တာလုဇတတိယက္ခရာ ဇ-သဒိသဒွေးဘော်နှင့် ရွတ်။ ဝစ္စေန-ဟု တာလုဇပဌမက္ခရာ စ-သဒိသဒွေးဘော်နှင့် မရွတ်နှင့်။ နောက် သစ္စဝဇ္ဇေန-ပုဒ်တို့၌လည်း နည်းတူ။

'ဧကသ္မိံ သမယေ'ဟူသော စတုတ္ထဂါထာ၌ 'နာထော'ကား ရှေးနည်းတူ။ 'ကဿပံ'၌ ပံ-မှာ ဩဋ္ဌဇပဌမက္ခရာ ပ-နှင့် လိုသည်။ 'ဂိလာနေ'၌ ဂိ-မှာ ဂိ-ဟု ဣ-ရဿနှင့် ဂိ-ဟု ရွတ်။ ဂီ-ဟု ဤဒီဃနှင့် မရွတ်နှင့်။

'တေ စ တံ အဘိနန္ဒိတွာ'ဟူသော ပဉ္စမဂါထာ၌ တေ စ တံ-ဟု စ-ကို တေ-နှင့် စပ်၍ရွတ်။ တေ စတံ-ဟု စ-ကို တံနှင့်စပ်၍ မရွတ်နှင့်။ 'မုဉ္စိသု'၌လည်း ဉ္စိ-မှာ ဉ-သံယုဂ်နှင့် မုဉ္စိသု, စ္စိ-မှာ စ္စ-သဒိသဒွေးဘော်နှင့် မုစ္စိသု၊ ၂-ချက်သင့်။

'ဧကဒါ ဓမ္မရာဇာပိ'ဟူသော ဆဋ္ဌမဂါထာ၌ 'ပီဠိတော'ဟု ပီ-မှာ ဤဒီဃနှင့် ရွတ်။ ပိ-ဟု ဣ-ရဿနှင့် မရွတ်နှင့်။ ထေ-မှာ ဒန္တဇဒုတိယက္ခရာ ထ-နှင့် စုန္ဒထေရေန, ထေ-မှာ ဒန္တဇပဌမ, ဒုတိယ အသဒိသဒွေးဘော်နှင့် စုန္ဒတ္ထေရေန ၂-ချက်သင့်။ 'ဘဏာပေတွာန သာဒရံ'၌လည်း ဘဏာပေတွာန သာဒရံ-ဟု န-ကို ဘဏာပေတွာ-နှင့် စပ်၍ ရွတ်။ ဘဏာပေတွာ နသာဒရံ-ဟု န-ကို သာဒရံနှင့် စပ်၍ မရွတ်နှင့်။

'သမောဒိတွာန အာဗာဓာ'ဟူသော သတ္တမဂါထာ၌ သံမောဒိတွာန အာဗာဓာ ဟု န-ကို သံမောဒိတွာ-နှင့် စပ်၍ ရွတ်။ သံမောဒိတွာ နအာဗာဓာ-ဟု န-ကို အာဗာဓာနှင့် စပ်၍ မရွတ်နှင့်။

'တမှာ'၌လည်း တမှာ-ဟု မ-မှာ ဟ-သံယုဂ်နှင့် ဂရုထင်အောင် ရွတ်။ 'ဝုဋ္ဌာသိ ဌာနသော'၌လည်း ဝုဋ္ဌာသိ ဌာနသော-ဟု သိ-ကို ဝုဋ္ဌာနှင့်စပ်၍ ရွတ်။ တမှာ ဝုဋ္ဌာ သိဋ္ဌာနသော-ဟု သိ-ကို ဌာနသော-နှင့် စပ်၍ မရွတ်နှင့်။

'ပဟိနာ တေ စ အာဗာဓာ'ဟူသော အဋ္ဌမဂါထာ၌ နာ-မှာ ဝိသံယောဂနှင့်, ပဟိနာ၊ နာ-မှာ သသံယောဂနှင့် ပဟိန္နာ၊ ၂-ချက်သင့်။ 'မဟေသိနံ'၌လည်း မဟေသိ-ဟု သိ-မှာ ဠရုဿနှင့် ရွတ်။ သီ-ဟု ဤဒီဃနှင့် မရွတ်နှင့်။ 'မဂ္ဂါဟတာ'၌လည်း ဟတာ-ဟု တာ-မှာ အာဒီဃနှင့် ရွတ်။ ဟတ-ဟု အရဿနှင့် မရွတ်နှင့်။

## ပုဗ္ဗဏှသုတ်

'ယံ ဒုန္နိမိတ္တံ'ဟူသော ပုဗ္ဗဏှသုတ်၊ ဣန္ဒဝဇိရာ ၃-ဂါထာတို့၌လည်း ယံ ဒုန္နိမိတ္တံ-ဟု ဒု-မှာ ဒန္တဇတတိယက္ခရာ ဒ-နှင့် ရွတ်။ ယံ တုန္နိမိတ္တံ-ဟု ဒန္တဇပဌမက္ခရာ တ-နှင့် မရွတ်သင့်။ 'သကုဏဿ'၌ သကုဏဿ-ဟု ကု-မှာ ကဏ္ဌဇ ပဌမက္ခရာ က-နှင့် ရွတ်။ သဂုဏ-ဟု ကဏ္ဌဇတတိယက္ခရာ ဂ-နှင့် မရွတ်နှင့်။ ဏ-၌လည်း ဒန္တဇ န, မုဒ္ဓဇ ဏ ၂-ချက် သင့်။ ဝိနာသ မေန္တု-ဟု သ-ကို ဝိနာနှင့် စပ်၍ရွတ်။ ဝိနာ သမေန္တု-ဟု သ-ကို မေန္တု-နှင့် စပ်၍ မရွတ်နှင့်။

'ဒုက္ခပ္ပတ္တာ စ'ဟူသော စတုတ္ထဂါထာ၌ နိဒ္ဒုက္ခာ-ဟု ဒ္ဒု-မှာ ဒန္တဇတတိယက္ခရာ ဒ-သဒိသဒွေးဘော်နှင့်ရွတ်။ နိဒုက္ခာ-ဟု ဝိသံယောဂနှင့် မရွတ်နှင့်။ 'နိဗ္ဘယာ'၌လည်း နိဗ္ဘယာ-ဟု ဗ္ဘ-မှာ ဩဋ္ဌဇတတိယ, စတုတ္ထ အသဒိသဒွေးဘော်နှင့် ရွတ်။ နိဘယာ-ဟု ဝိသံယောဂနှင့် မရွတ်နှင့်။ 'နိသ္သောကာ'၌လည်း သ္သော-မှာ သသံယောဂနှင့် ရွတ်။ နိသောကာ-ဟု ဝိသံယောဂနှင့် မရွတ်နှင့်။

'ဧတ္တာဝတာ စ'ဟူသော ပဥ္စမဂါထာ၌ ဧတ္တာဝတာစ-ဟု တ္တာ-မှာ ဒန္တဇပဌမက္ခရာ-တ-သဒိသဒွေးဘော်နှင့်ရွတ်။ ဧတ္ထာဝတာ-ဟု ဒန္တဇပဌမ,ဒုတိယအသဒိသ ဒွေးဘော်နှင့် မရွတ်နှင့်။ 'သမ္ဘတံ'၌လည်း သမ္ဘတံ-ဟု မ္ဘ-မှာ အသရနှင့် ရွတ်။ သမ္ဘုတံ-ဟု ဥ-သရနှင့် မရွတ်နှင့်။ 'သဗ္ဗေ ဒေဝါ'နုမောဒန္တု'၌လည်း နုမောဒေန္တု-ဟု ဒေ-မှာ ဧသရနှင့် ရွတ်။ နုမောဒန္တု-ဟု အသရနှင့် မရွတ်နှင့်။ သဗ္ဗဒါ-ကို နောက်က မှာခဲ့ပြီ။

'ဒါနံ ဒဒန္တု'ဟူသော ဆဋ္ဌမဂါထာ၌ ဘာဝနာဘိရတာ-ဟု ရတာ-ကို ဘာဝနာဘိနှင့် စပ်၍ရွတ်။ ဘာဝနာဘိ ရတာဟောန္တု-ဟု ရတာ-ကို ဟောန္တု-နှင့် စပ်၍ မရွတ်နှင့်။

'သဗ္ဗေ ဗုဒ္ဓါ'ဟူသော သတ္တမဂါထာ၌ ဗလပ္ပတ္တာ-ဟု ဗ-မှာ ဩဋ္ဌဇတတိယက္ခရာ ဗနှင့် ပ-မှာ ဩဋ္ဌဇပဉ္စမက္ခရာ ပ-သဒိသဒွေးဘော်နှင့် ရွတ်။ 'ဖလပတ္တာ'ဟု ဖ-မှာ ဩဋ္ဌဇ ဒုတိယက္ခရာ ဖ-နှင့် ပ္ပမှာ ဝိသံယောဂနှင့် မရွတ်နှင့်။

'ယံ ကိဉ္စိ ဝိတ္တံ' ၃-ဂါထာတို့မှာ ရတနသုတ်က အတိုင်း။ 'ဘဝတု သဗ္ဗမင်္ဂလံ' ၃-ဂါထာတို့၌ ဘဝတူ-ဟု တူ-မှာ ဦ-ဒီဃနှင့်ချည်း ရွတ်။ ဘဝတု-ဟု ဥ-ရဿနှင့် မရွတ်နှင့်။ 'သုခီ သဗ္ဗေ'၌လည်း သုခီ-ဟု ခီ-မှာ ဤဒီဃနှင့် ရွတ်။ သုခိ-ဟု ဣ-ရဿနှင့် မရွတ်နှင့်။

'မဟာကာရုဏိကော'ဟူသော စုဒ္ဒသမဂါထာ၌ 'နာထော ပူရေတွာ သစ္စဝဇ္ဇေန' တို့ကား ရှေးနည်းတူ။

'ဇယန္တော ဗောဓိယာ မူလေ'ဟူသော ပန္နရသမဂါထာ၌ မူလေ-ဟု မူ-မှာ ဦ-ဒီဃနှင့်။ မု-ဟု ဥ-ရဿနှင့် မရွတ်နှင့်။ 'နန္ဒိဝဍ္ဎနော'၌လည်း မုဒ္ဓဇတတိယ စတုတ္ထအသဒိသ ဒွေးဘော်နှင့် ဝဍ္ဎနော၊ ဒန္တဇတတိယ,စတုတ္ထအသဒိသဒွေးဘော်နှင့် ဝဒ္ဓနော၊ ၂-ချက်သင့်။ 'ဇယဿု ဇယမင်္ဂလေ'၌ ဇယဿု-ဟု သ-မှာ သ-သံယောဂနှင့် ရွတ်။ ဇယသု-ဟု ဝိသံယောဂနှင့် မရွတ်နှင့်။

'အပ္ပရာဇိတပလ္လင်္ကေ'ဟူသော သောဠသမဂါထာ၌ ပ-မှာ ဝိသံယောဂနှင့် အပရာဇိတပလ္လင်္ကေ၊ ပ-မှာ သသံယောဂနှင့် အပ္ပရာဇိတပလ္လင်္ကေ၊ ၂-ချက်သင့်။ သံယုဂ် မရှိရာ၌ အ ပရာဇိတ-ဟု ပ-ကို ရာဇိတနှင့် စပ်၍ ရွတ်။ အပ ရာဇိတ-ဟု ပ-ကို အ-နှင့် စပ်၍ မရွတ်နှင့်။ သံယုဂ်ရှိရာ၌လည်း နည်းတူ။

'ပလ္လင်္ကေ'၌ ယ-ဂိုဏ်းလို၍ လ-ဒွေးဘော်နှင့် သင့်သည်။ ကေ-မှာ ရတနသုတ် ကအတိုင်း။ 'သီသေ'၌ သီ-မှာ ဤဒီဃနှင့် ရွတ်။ သိ-ဟု ဣရဿနှင့် မရွတ်နှင့်။ 'ဝိမုက္ခလေ' ၌ ဝိ-နောင် ဩဋ္ဌဇပဥ္စမက္ခရာ မ-မှာ ဥ-သရနှင့် မု၊ မု-နောင် ကဏ္ဌဇပဉ္စမ, ဒုတိယအသဒိသ ဒွေးဘော်နှင့် ဝိမုက္ခလေ။ ဝိ-နောင် ဩဋ္ဌဇပဉ္စမအက္ခရာ ပ-မှာ ဥ-သရနှင့်ပု၊ ပု-နောင် ကဏ္ဌဇ ပဉ္စမ,ဒုတိယ အသဒိသဒွေးဘော်နှင့် ဝိပုက္ခလေ။ ဝိ-နောင် ဩဋ္ဌဇပဉ္စမအက္ခရာ ပ-မှာ ဥသရနှင့်ပု၊ ပု-နောင် ကဏ္ဌဇတတိယက္ခရာ ဂ-မှာ သဒိသဒွေးဘော်နှင့် ဝိပုဂ္ဂလေ။ သဒ္ဒါ ၃-ချက်ရှိသည်။ ထိုသို့ ရှိရာတွင်-

ဝိမုက္ခလေရှိရာ၌ သဗ္ဗဗုဒ္ဓါနံ၊ ခပ်သိမ်းကုန်သော ဘုရားရှင်တို့၏။ အဘိသေကေ၊ အဘိသိက်ခံတော်မူရာဖြစ်သော။ ပထဝိမုက္ခလေ၊ များစွာသော ကိလေသာတို့ကို သွန်ရာ ဖြစ်သော။ သီသေ၊ မြေတကာ၏ ဦးထိပ်ဖြစ်သော။ အပ္ပရာဇိတပလ္လင်္ကေ၊ အပ္ပရာဇိတ ပလ္လင်၌။ ဤသို့ အနက်ယောဇနာ သင့်၏။

ဝိပုက္ခလေရှိရာ၌ သဗ္ဗဗုဒ္ဓါနံ၊ တို့၏။ အဘိသေကော၊ သော။ ပုထုဝိပုက္ခလေ၊ များစွာကြီးကျယ် တင့်တယ်ထူးဆန်းသော။ သီသေ၊ သော။ အပ္ပရာဇိတပလ္လင်္ကေ၊ ၌။ ဤသို့ အနက်ယောဇနာသင့်၏။

ဝိပုဂ္ဂလေရှိရာ၌ သဗ္ဗဗုဒ္ဓါနံ၊ တို့၏။ အဘိသေကော၊ သော။ ဝါ၊ ကိလေသာတည်းဟူသော ရေကို သွန်ရာဖြစ်သော။ ပုထုဝိပုဂ္ဂလေ၊ မြေအပြင်ကျယ်စွာသော။ သီသေ၊ သော။ အပ္ပရာဇိတပလ္လင်္ကေ၊ ၌။ ဤသို့ အနက်ယောဇနာသင့်၏။

'သုနက္ခတ္တံ'ဟူသော သတ္တရသမဂါထာ၌ သုဝုဋ္ဌိတံ-ဟု ဋ္ဌိ-မှာ မုဒ္ဓဇပဥ္စမ, ဒုတိယ အသဒိသဒွေးဘော်နှင့်ရွတ်။ 'သုယိဋ္ဌံ'၌လည်း နည်းတူ။ 'ဗြဟ္မစာရိသု'၌ စာရိသု-ဟု ရိ-မှာ ဣ-ရဿနှင့် ရွတ်။ ရီ-ဟု ဤ-ဒီဃနှင့် မရွတ်နှင့်။

'ပဒက္ခိဏံ'ဟူသော အဋ္ဌာရသမဂါထာ၊ 'ပဒက္ခိဏာနိ'ဟူသော ဧကူနဝီသတိမ ဂါထာတို့၌ 'တေ အတ္ထလဒ္ဓါ'၌ တ္ထ-ဟု ဒန္တဇပဥ္စမ, ဒုတိယ အသဒိသဒွေးဘော်နှင့် ရွတ်။ အတ္တ-ဟု ဒန္တဇပဥ္စမက္ခရာ တ-သဒိသဒွေးဘော်နှင့် မရွတ်နှင့်။ 'ဝိရူဠှာ'၌လည်း ဝိရူဠှာ-ဟု ဠှ-မှာ ဟ-သံယုဂ်နှင့် ဂရုထင်အောင် ရွတ်။ 'အရောဂါ သုခိတာ ဟောထ၊ သဟ သဗ္ဗေဟိ ဉာတိဘိ'တို့၌လည်း ရှေးနည်းတူ။

## ပုဗ္ဗဏှသုတ် ပြီး၏။

အ, အာ၊ ဣ, ဤ၊ ဥ, ဦ၊ ဧ, ဩ။ ဤကား သရ ၈-လုံးတည်း။

**အ**-အက္ခရာရေးရာ၌ အချ, လုံးကြီးတင်, ဆံခတ်, တစ်ချောင်းငင်, နှစ်ချောင်းငင်, သဝေထိုး မရှိသည်ကို **အ**-သရ ဆိုသည်။

- **အာ**-သရ ရေးပုံမှာ တစ်ဂဏန်းကဲ့သို့ အချကို **အာ**သရ ဆိုသည်။
- လုံးကြီးတင်ကို **ဣ**-သရ ဆိုသည်။
- လုံးကြီးတင်ဆံခတ်ကို **ဤ**-သရ ဆိုသည်။
- တစ်ချောင်းငင်ကို **ဥ**-သရ ဆိုသည်။
- နှစ်ချောင်းငင်ကို **ဦ**-သရ ဆိုသည်။
- သဝေထိုးကို **ဧ**-သရ ဆိုသည်။
- သဝေထိုး၍ ချသည်ကို **ဩ**-သရ ဆိုသည်။

အ, က္က, ဥ၊ ဤကား ရဿ ၃-လုံးတည်း။

အာ, ဤ, ဦ, ဧ, ဩ၊ ဤကား ဒီဃ ၅-လုံးတည်း။

က, ခ, ဂ, ဃ, င, အ, အာ, ဟ၊ ဤကား ကဏ္ဍဇ အက္ခရာ ၈-လုံးတည်း။ လည်ချောင်းအရပ်၌ ဖြစ်၏။ ထို ၈-လုံးတို့တွင် က-သည် ပဌမက္ခရာ မည်၏။ ခ-သည် ဒုတိယက္ခရာ မည်၏။ ဂ-သည် တတိယက္ခရာ မည်၏။ ဃ-သည် စတုတ္ထက္ခရာ မည်၏။ င-သည် ပဥ္စမက္ခရာ မည်၏။

စ, ဆ, ဇ, ဈ, ည, က္က, ဤ, ယ၊ ဤကား တာလုဇအက္ခရာ ၈-လုံးတည်း။ အာစောက်အရပ်၌ ဖြစ်၏။ ပဌမက္ခရာ-စသော အမည်မှာ ရှေးနည်းတူမှတ်။

ဋ, ဌ, ဍ, ဎ, ဏ, ရ, ဠ၊ ဤကား မုဒ္ဓဇအက္ခရာ ၇-လုံးတည်း။ လျှာထိပ်အရပ်၌ ဖြစ်၏။ ပဌမက္ခရာ-စသော အမည်မှာ ရှေးနည်းတူ။

တ, ထ, ဒ, ဓ, န, လ, သ၊ ဤကား ဒန္တဇအက္ခရာ ၇-လုံးတည်း။ သွားအရပ်၌ ဖြစ်၏။ ပဌမက္ခရာ-စသော အမည်မှာ ရှေးနည်းတူ မှတ်။

ပ, ဖ, ဗ, ဘ, မ, ဥ, ဦ၊ ဤကား ဩဋ္ဌဇအက္ခရာ ၇-လုံးတည်း။ နှုတ်ခမ်းအရပ်၌ ဖြစ်၏။ ပဌမက္ခရာ-စသော အမည်မှာ ရှေးနည်းတူ မှတ်။

ဧ-အက္ခရာ တစ်လုံးသည် လည်ချောင်း, အာစောက် အရပ် ၂-ပါးတို့၌ ဖြစ်သောကြောင့် ကဏ္ဍဇ, တာလုဇအက္ခရာ မည်၏။

ဩ-အက္ခရာတစ်လုံးသည် လည်ချောင်း, နှုတ်ခမ်း အရပ် ၂-ပါးတို့၌ ဖြစ်သောကြောင့် ကဏ္ဍဇဩဋ္ဌဇအက္ခရာ မည်၏။

ဝ-အက္ခရာတစ်လုံးသည် သွား, နှုတ်ခမ်း၊ ဤ ၂-ပါးတို့၌ ဖြစ်သောကြောင့် ဒန္တဇဩဋ္ဌဇအက္ခရာ မည်၏။

နိဂ္ဂဟိတ်-ဟူသည် သေးသေးတင်တည်း။

နိဂ္ဂဟိတန္တ-ဆိုသည် နိဂ္ဂဟိတ်အဆုံးရှိသည်။

နိဂ္ဂဟိတလောပ-ဆိုသည် နိဂ္ဂဟိတ် ကျေသည်။ နိဂ္ဂဟိတ် မရှိသည် ဆိုသည်။

သံယောဂ-ဟူသည် အက္ခရာ ၂-လုံးဆင့်တည်း။

သံယုဂ်-ဟူသည်လည်း နည်းတူ။

ဝိသံယောဂ-ဆိုသည် အက္ခရာတစ်လုံးသာတည်း။

သဒိသဒွေးဘော် ဆိုသည် ပဥ္စမက္ခရာကို ပဥ္စမက္ခရာချင်း, တတိယက္ခရာကို တတိယက္ခရာချင်း ဆင့်သည်။

အသဒိသဒွေးဘော်-ဟူသည် ပဥ္စမက္ခရာကို ဒုတိယက္ခရာနှင့်, တတိယက္ခရာကို စတုတ္ထက္ခရာနှင့် ဆင့်သည်။

ဂရု-ဟူသည်-

- ဒီဃသရနှင့် ယှဉ်သော အာဟာရော၊ နဒီ၊ ဝဓူ-စသော ပုဒ်။
- နောက်၌ သံယုဂ်ရှိသော အမ္ဗေဟိ၊ အနုမောဒိတွာ၊ ဥပသင်္ကမိတွာ၊ သန္တုဋ္ဌိ၊ ကတ္တာန၊ ဒဠ္ဌေန၊ ဝိဂ္ဂယှ၊ ဂိမှာနမာသေ၊ ဂိမ္ဗေ၊ အဝိရူဠှိ၊ ယမ္ဗိ စေဝ၊ ကဏ္ဍာ၊ ဘဒြာနိ ပဿန္တု၊ ဂဏှိတုံ၊ သရိတွာ၊ မယှံ၊ ဇာလမှာ၊ သမုပဗျူဠှော၊ ဝတွာ၊ အမ္ဗေ၊ အာကာသဋ္ဌာ၊ ဘူမဋ္ဌာ၊ ဝုဋ္ဌာနံ၊ ဒိသွာ၊ တမှာ၊ ဝုဋ္ဌာသိ၊ ပူရေတွာ၊ ဝိရူဠှာ-စသောပုဒ်တို့တည်း။

ထိုထိုသို့သော ပုဒ်တို့၌ အမ္ဗေဟိ, အနုမောဒိတွာ, ဥပသင်္ကမိတွာ, သန္တုဋ္ဌီ, ကတ္တာန, ဒဠ္ဌေန, ဝိဂ္ဂယှ၊ ဤသို့-စသည်ဖြင့် သံယုဂ်နှင့် ဂရုထင်အောင် ရွတ်ရမည်။

ပဋိသေဓ-ဟူသည် မြစ်သောအနက်တည်း။ မဟုတ်, မရှိ, မဖြစ်, မထိုက်။ ဤသို့ စသည်ကား မြစ်သောအနက်တည်း။

ပရိတ်စာတွင် ဆန်း, အလင်္ကာ, သဒ္ဒါ ပုဒ်အနေသို့ လိုက်၍ ရွတ်သင့်, အံသင့်သည့် အရာကို ဗာလသောတုဇန, အပ္ပသုတပုဂ္ဂိုလ်တို့နှင့်လျော်စွာရေးထားသည်။ သတိမေ့လျော့ လစ်လပ်သောကြောင့်လည်းကောင်း၊ သဒ္ဒနယ, အတ္ထနယတို့ကို အကုန်အစင် မသိမမြင် မလိမ္မာသောကြောင့်လည်းကောင်း ချွတ်ယွင်းသည့်အရာများကို ကျမ်းဂန်သိမြင် အရှင်မြတ်တို့က ထပ်၍ ပြင်ကြပါ။

မင်္ဂလာဒီပိသောဓနီကျမ်းငယ် ပြီး၏။

စလေနဂရဝါသေန၊ ဇိနနာမေန ဘိက္ခုနာ။
သာသနေ သုတကာမေန၊ သက္ကစ္စံ အဘိယာစိတော။ ။
လိခိတာဟံ'ဝိမံ ဂန္ထံ၊ မင်္ဂလာဒီပိသောဓနိံ။
လဗ္ဘာ၀ရေ ဇေနစက္ကေ၊ ပဉ္စမာ'သင္ဃမာသကေ။ ။

တေရသေ ကာလပက္ခမှိ၊ သာဒုကံ ပရိနိဋ္ဌိတံ။
ဣမိနာ ပုညကမ္မေန၊ အဘိရမ္မေယျ သဒ္ဓမ္မေ။ ။

ဖုဿော စေ လောကဓမ္မေဟိ၊ သဟေယျ'မတိပါမောဇ္ဇော။
ဘဝါဘဝေ သံသရန္တော၊ ပိဋကတ္တယဓရော ဘဝေ။ ။

စလေနဂရဝါသေန၊ စလေမြို့၌နေသော။ သာသနေ၊ ပရိယတ္တိသာသနာတော်၌။ သုတကာမေန၊ အကြားအမြင်ကို အလိုရှိသော။ ဇိနနာမေန၊ ဇိန-အမည်ရှိသော။ ဘိက္ခုနာ၊ ရဟန်းသည်။ သက္ကစ္စံ၊ ရိုသေစွာ။ အဘိယာစိတော၊ တောင်းပန်အပ်သည်ဖြစ်၍။ ဝါ၊ အဘိယာစိတော၊ တောင်းပန်အပ်သော။ အဟံ၊ ငါသည်။ မင်္ဂလာဒိဝိသောဓနီ၊ မင်္ဂလာဒိ-ဝိသောဓနီမည်သော။ ဣမံ ဂန္ထံ၊ ဤကျမ်းကို။ လိခိတံ၊ ရေးအပ်ပြီ။ ဝါ၊ လိခိတံ၊ ရေးအပ်သော။ မင်္ဂလာဒိဝိသောဓနီ၊ မင်္ဂလာဒိဝိသောဓနီမည်သော။ ဣမံ ဂန္ထံ၊ ဤကျမ်းသည်။ ဇေနစက္ကေ၊ ဘုရားရှင်သာသနာတော်သည်။ လမ္ဗာဝရေ ၂၄၁၃-ခုသို့။ သမ္ပတ္တေ၊ ရောက်လတ်သော်။ ပဌမာ'သဠှမာသကေ၊ ပဌမဝါဆိုလ၌။ ကာလပက္ခမှိ၊ လကွယ်ပက္ခဖြစ်သော။ တေရသေ၊ ၁၃-ရက်မြောက်သော နေ့၌။ သာဒုကံ၊ ကောင်းစွာ။ ပရိနိဋ္ဌိတံ၊ အပြီးသို့ ရောက်ပြီ။

ဣမိနာ ပုညကမ္မေန၊ ဤကောင်းမှုကြောင့်။ အဟံ၊ ငါသည်။ သဒ္ဓမ္မေ၊ သူတော်ကောင်းတို့၏တရား၌။ အဘိရမ္မေယျံ၊ မွေ့လျော်နိုင်ရလို၏။ လောကဓမ္မေဟိ၊ လောကဓံတရားတို့နှင့်။ ဖုဿော၊ တွေ့သည်။ စေ ဟောတိ၊ အကယ်၍ ဖြစ်အံ့။ အတိပါမောဇ္ဇော၊ အလွန်ဝမ်းမြောက်ဝမ်းသာ။ သဟေယျံ၊ သည်းခံနိုင်လို၏။ ဘဝါဘဝေ၊ ဘဝကြီး,ငယ်၌။ သံသရန္တော၊ ကျင်လည်ရသည်ရှိသော်။ ပိဋကတ္တယဓရော၊ ပိဋကတ် ၃-ပုံကို ဆောင်နိုင်သည်။ ဘဝေ၊ ဖြစ်ရလို၏။

စလေမြို့နေ ဇိန-အမည်ရှိသော ရဟန်း တောင်းပန်သည်ကို အကြောင်းပြု၍ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိမ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ပါဠိ, အဋ္ဌကထာ, ဋီကာ, ကျမ်းဂန်, ဆန်း, အလင်္ကာ, သဒ္ဒါနှင့်အညီ အပ္ပဿုတ, ဗာလသောတုဇနပုဂ္ဂိုလ်တို့အား သင်အံလေ့ကျက် ဆောင်ရွက်မှတ်သားကြည့်ရှုရန် ရေးသားစီရင်အပ်သော မင်္ဂလာဒိဝိသောဓနီ အမည်ရှိသော ကျမ်းကား ၁၂၃၁-ခု၊ ပဌမဝါဆိုလဆုတ်၊ ၁၃-ရက်နေ့ အပြီးသို့ ရောက်သည်။

★★★★★★

## ရဟန်းတော် ဦးဝါယာမ-က ကိုယ်စောင့်နတ် ၁-ကျိပ် ၂-ပါးအကြောင်းကို သိလိုကြောင်းနှင့် လျှောက်ထားချက်

[ ၁၁၇ ] "ဘုရားတပည့်တော် သစ်ဆိမ့်ကြီးတိုက်နေ ရဟန်းရှင်ဝါယာမ လျှောက်ပါသည် ဆရာတော်ဘုရား။

(၁) လူတို့ကိုယ်တွင် ကိုယ်စောင့်နတ် ၁-ကျိပ်,၂-ယောက်ရှိသည်ဆိုသောစကား။

(၂) ထို ၁-ကျိပ်, ၂-ယောက်သော ကိုယ်စောင့်နတ်တို့၏ အမည်နာမနှင့်တကွ နေရာကျ သိလိုပါကြောင်း၊

(၃) အချို့လည်း လူတို့ကိုယ်တွင် စောင့်သောနတ်သည် ၁-ယောက်သာ ရှိသည်-ဟု ဆိုကြပါသည်ဖြစ်၍ လူတို့ကိုယ်တွင် ကိုယ်စောင့်နတ် ရှိ,မရှိကို သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား။"

၎င်းရဟန်းတော် လျှောက်ထားချက်အရ အဖြေဝိသဇ္ဇနာ-

[ ၁၁၇ ] (၁) ကိုယ်စောင့်နတ် ၁-ကျိပ်, ၂-ယောက်တို့ကို မေးလျှောက်သည်မှာ ကိုယ်စောင့်နတ် ၁-ကျိပ်, ၂-ယောက်-ဟူ၍ ကျမ်းဂန်တွင် မလာ။ လောကီပုဏ္ဏားတို့ အမှတ်အသားစာများတွင်သာ လာသည်။

(၂) ပုဏ္ဏားတို့ကျမ်းတွင် လာသော ကိုယ်စောင့်နတ်ကား-

၁။ နဖူးစာကို မှတ်တတ်သည့် သတ္တပါကနတ်။

၂။ ပညာကို ပွါးစေတတ်သည့် သူရဿတီနတ်။

၃။ စည်းစိမ်ကို ပေးတတ်သည့် သကျနတ်။

၄။ အိပ်မက်ကို ပေးတတ်သည့် မဟိရာဇနတ်။

၅။ နိမိတ်ကို ပြတတ်သည့် ဝါမသူရနတ်။

၆။ အလှူကောင်းမှုကို ဖြစ်စေတတ်သည့် ဇလသူရနတ်။

၇။ ကာမချမ်းသာကို ပေးတတ်သည့် ကဝါရနနတ်။

၈။ သွားလေရာရာကို လိုက်၍ စောင်မတတ်သည့် ယောတိကနတ်။

၉။ ကောင်းသော စကားကို မှတ်သည့်။ ဝါ၊ ကောင်းသော နိမိတ်ကို ပြတတ်သည့် ကလျာဏနိမိတ္တနတ်။

၁၀။ ကျက်သရေကို စောင့်တတ်သည့် စန္ဒာဒေဝီနတ်။

၁၁။ အိပ်သောအခါ ခေါင်းရင်းတွင် စောင့်တတ်သည့် နရိန္ဒာဒေဝီနတ်။

၁၂။ အယုတ်ကိုသာ ဖြစ်စေတတ်သည့် ကာလကဏ္ဏီနတ်။

ဤ ၁-ကျိပ်, ၂-ယောက်ဖြစ်၏။ ဤကား ပုဏ္ဏားတို့ကျမ်းတွင် လာသော ကိုယ်စောင့်နတ် ၁-ကျိပ် ၂-ယောက်တည်း။

(၃) ကိုယ်စောင့်နတ် ရှိမရှိကို မေးလျှောက်သည်မှာ အဘိဓာနပ္ပဒီပိကာ၊ သက္ကကဏ္ဍ၌-

ဇီဝေါ တု ပုရိသ'တ္တာ'ထ။

ဟု ကိုယ်စောင့်နတ်ပရိယာယ် ၃-ပုဒ်ကို ပြသည်။ (ဂါထာ-၉၂)

ဇီဝေါ၊ ရှင်စေတတ်သောနတ်။ ပုရိသော၊ အလိုကို ပြီးစေတတ်သောနတ်။ အတ္တာ၊ မြဲမြံခိုင်ခံ့ခြင်းသို့ ရောက်စေတတ်သောနတ်။

ထို ၃-ပုဒ်တို့ဖြင့် ပြအပ်သော နတ်၏ အမည်ကား ကိုယ်စောင့်နတ်၏ အမည်ပင်တည်း။ ထို့ကြောင့် အဘိဓာနပ္ပဒီပိကာကျမ်း၏ အဖွင့်ဖြစ်သော ၎င်းဋီကာ၌-

တိကံ သရီရာဓိပတိဒေဝေ။

ဟူသောပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (ဓာန်၊ဋီ။၇၅)

တိကံ၊ ပုဒ် ၃-ခုတို့၏အပေါင်းသည်။ သရီရာဓိပတိဒေဝေ၊ ကိုယ်ကို စောင့်သော နတ်၌။ ဝတ္တတိ၊ ၏။

ထိုပုဒ် ၃-ခုတို့တွင် ဇီဝေါ-ဟူသော ပုဒ်ကို-

ဇီဝန္တိ သတ္တာ ယေနာတိ ဇီဝေါ။

ဟု ဝစနတ်ပြု။ ယေန၊ အကြင်နတ်ကြောင့်။ သတ္တာ၊ သတ္တဝါတို့သည်။ ဇီဝန္တိ၊ အသက်ကို ရှင်စေတတ်ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဇီဝေါ၊ ဇီဝ မည်၏။

ပုရိသော-ဟူသော ပုဒ်ကို-

ပူရေတိ နိဿယဿာ'ဘိလာသန္တိ ပုရိသော။ ဟု ဝစနတ်ပြု။

နိဿယဿ၊ မှီရာဖြစ်သော ပုဂ္ဂိုလ်၏။ အဘိလာသံ၊ အလိုကို။ ပူရေတိ၊ ပြည့်စေတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ပုရိသော၊ ပုရိသ မည်၏။

ဒီယာဒိစ္စ-ဟူ၍ အမရကောသဋီကာ မိန့်ရကား ဧင်းဋီကာအလို ပူရိသ-၌ ဒီဃ, ရဿ ၂-ချက်သင့်။ အတ္တာ-ဟူသော ပုဒ်ကို-

**အတန္တိ သတတံ ဂစ္ဆန္တိ သတ္တာ ယေနာတိ အတ္တာ။**

ဟု ဝစနတ်ပြု။ ယေန၊ အကြင်နတ်ကြောင့်။ သတ္တာ၊ သတ္တဝါတို့သည်။ အတန္တိ သတတံ ဂစ္ဆန္တိ၊ မြဲမြံသည်၏အဖြစ်သို့ ရောက်တတ်ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ အတ္တာ၊ မည်၏။

ဤအဘိဓာန်ကျမ်း၌ကား ကိုယ်စောင့်နတ် ၃-ယောက်-ဟူ၍လည်း မဆို။ ကိုယ်စောင့်နတ်၏ ပရိယာယ်သဒ္ဒါ ၃-ခုကိုသာ ပြ၏။

ဝေသာလီပြည်တွင် သုဒိန္နမည်သော ရဟန်းသည် ပဌမပါရာဇိကသိက္ခာပုဒ်တော်ကို ပညတ်တော်မမူမီ မဟာဝုန်တောကြီးအတွင်း ပုရာဏဒုတိယိကဖြစ်သော မယားဟောင်းကို မေထုန်မှီဝဲသောကာလ မကောင်းမှုကို ပြုခြင်း၌ ဆိတ်ကွယ်ရာမည်သည် မရှိ။ အလုံးစုံသောသူတို့၏ ရှေးဦးစွာ မိမိပြုသော မကောင်းမှုကို မိမိသိ၏။ မိမိသိပြီးသောနောက် မိမိကိုစောင့်သော ကိုယ်စောင့်နတ် သိ၏။ ထို့နောင် သူတပါး၏ စိတ်ကို သိသောနတ်-အစရှိသော ပုဂ္ဂိုလ်တို့သည် သိကြကုန်၏။

ထို့ကြောင့် သမန္တပါသာဒိကာမည်သော ဝိနည်းအဋ္ဌကထာ၊ ဝေရဥ္ဇကဏ္ဍ၊ သုဒိန္နဝတ္ထု၌-

> **ယသ္မာ နတ္ထိ လောကေ ရဟော နာမ ပါပကမ္မံ ပကြုဗ္ဗတော။ သဗ္ဗပဌမံ ဟိ'ဿ တံ ပါပံ အတ္တနာ ဇာနာတိ၊ တတော အာရက္ခဒေဝတာ၊ အထ'ညာပိ ပရစိတ္တဝိဒူနိယော ဒေဝတာ။ တသ္မာ'ဿ ပရစိတ္တဝိဒူ သကလဝနသဏ္ဍနိဿိတာ ဘုမ္မာ ဒေဝါ တံ အဇ္ဈာစာရံ ဒိသွာ သဒ္ဒ'မနုဿာဝေသုံ။**

ဟူသောပါဠ်(ဝိ၊ဋ္ဌ၊၁။၁၈၁)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ယသ္မာ၊ အကြင့်ကြောင့်။ လောကေ၊ လောက၌။ ပါပကမ္မံ၊ မကောင်းမှုကံကို။ ပကြုဗ္ဗတော၊ ပြုသောသူအား။ ရဟော နာမ၊ ဆိတ်ကွယ်ရာ မည်သည်။ နတ္ထိ၊ မရှိ။ ဟိ သစ္စံ၊ မှန်၏။ သဗ္ဗပဌမံ၊ အလုံးစုံသောသူတို့၏ ရှေးဦးစွာ။ အဿ၊ ထိုမကောင်းမှုကို ပြုသောသူ၏။ တံ ပါပံ၊ ထိုမကောင်းမှုကို။ အတ္တနာ၊ မိမိသည်။ ဇာနာတိ၊ သိ၏။ တတော ပစ္ဆာ၊ ထို့နောင်မှ။ အာရက္ခဒေဝတာ၊ ကိုယ်စောင့်နတ်သည်။ ဇာနာတိ၊ သိ၏။ အထ ပစ္ဆာ၊ ထို့နောင်မှ။ အညာပိ၊ တပါးလည်းဖြစ်ကုန်သော။ ပရစိတ္တဝိဒူနိယော၊ သူတပါးတို့၏ စိတ်ကို သိကုန်

သော။ ဒေဝတာ၊ နတ်တို့သည်။ ဇာနန္တိ၊ သိကုန်၏။ တသ္မာ၊ ထို့ကြောင့်။ ပရစိတ္တဝိဒူ၊ သူတပါးတို့၏စိတ်ကို သိကုန်သော။ သကလဝနသဏ္ဍနိဿိတာ၊ အလုံးစုံသော တောအုပ်၌ နေကုန်သော။ ဘုမ္မာ ဒေဝါ၊ ဘုမ္မစိုးနတ်တို့သည်။ အဿ၊ ထိုသုဒိန္နရဟန်း၏။ တံ အဇ္ဈာစာရံ ထိုယုတ်မာသော အကျင့်ကို။ ဒိသွာ၊ မြင်၍။ သဒ္ဒံ၊ အုတ်အုတ်ကျက်ကျက်သော အသံကို။ အနုဿာဝေသုံ၊ ကြွေးကြော်ကြကုန်၏။

ဗာရာဏသီပြည်၊ ဗြဟ္မဒတ်မင်းကြီးသည် ကောသလမင်းကြီးနှင့် စစ်ထိုး၍ရှုံးသော် ကိုယ်ဝန်နှင့်တကွသော ကောသလမင်း၏ မိဖုရားကို ဆောင်ယူ၍ မိဖုရားကြီး၏အရာ၌ ထားလေ၏။ ကိုယ်ဝန်ရင့်မာလတ်သော် ရွှေရုပ်တုအဆင်းကဲ့သို့ လှပတင့်တယ်ခြင်းရှိသော သတို့သားကို ဖွားမြင်လေ၏။ ထိုအခါ မိခင်ဖြစ်သော မိဖုရားသည် ဤသို့ ကြံအောက်မေ့၏။ "ငါ၏သားသည် ကြီးပွါးခြင်းသို့ ရောက်လတ်သော် ရန်သူ၏ သားတည်း-ဟု မင်းကြီး သတ်ဖြတ်လေရာ၏။ ငါ၏သားသည် သူတပါး၏ လက်၌ မသေစေလင့်"ဟု "သုသာန်ကို သွား၍ ထားချေ" နို့ထိန်းကို စေရကား သုသာန်သို့ သွား၍ ကောင်းစွာ ထားပေ၏။ ထိုအခါ အဘဖြစ်သော ကောသလမင်းကား မိမိ၏သားတွင် စောင့်သော ကိုယ်စောင့်နတ် ဖြစ်၍ ထိုနတ်၏ အာနုဘာဝကြောင့် ထိုအရပ်ဒေသတွင် ဆိတ်မ တွေ့လေသဖြင့် နို့ရည် တိုက်ကျွေးမွေးမြူ စောင့်ရှောက်သတည်း။

ထိုအကြောင်းကို အသီတိနိပါတ်၊ ၄-ခုမြောက်သော ကုဏာလဇာတ်(၅။၄၆၁)၌-

ကောသလရာဇာပိ မရိတွာ ပုတ္တဿ အာရက္ခဒေဝတာ ဟုတွာ နိဗ္ဗတ္တိ။ တဿာ'နုဘာဝေန ကေဿ ဧဠကပါလကဿ တသ္မိံ ပဒေသေ ဧဠကေ စာရေန္တ-ဿ ဧကာ ဧဠိကာ တံ ကုမာရံ ဒိသွာ သိနေဟံ ဥပ္ပါဒေတွာ ခီရံ ပါယေတွာ ထောကံ စရိတွာ ပုန ဂန္တွာ ဒွေ တယော ဝါရေ ပါယေသိ။

ဟူ၍ ဟောတော်မူသည်။

ကောသလရာဇာပိ၊ ကောသလမင်းသည်လည်း။ မရိတွာ၊ သေ၍။ ပုတ္တဿ၊ သား၏။ အာရက္ခဒေဝတာ၊ ကိုယ်စောင့်နတ်သည်။ ဟုတွာ၊ ဖြစ်၍။ နိဗ္ဗတ္တိ၊ ဖြစ်၏။ တဿာ'-နုဘာဝေန၊ ထိုကိုယ်စောင့်နတ်၏ အာနုဘော်ကြောင့်။ တသ္မိံ ပဒေသေ၊ ထိုသုသာန်အရပ်၌။ ဧဠကေ၊ ဆိတ်တို့ကို။ စာရေန္တဿ၊ ကျောင်းသော။ ဧကဿ ဧဠကပါလဿ၊ တစ်ယောက်သော ဆိတ်ကျောင်းသား၏။ ဧကာ ဧဠိကာ၊ ၁-ကောင်သော ဆိတ်မသည်။ တံ ကုမာရံ၊ ထိုသတို့သားငယ်ကို။ ဒိသွာ၊ မြင်၍။ သိနေဟံ၊ ချစ်ခြင်းကို။ ဥပ္ပါဒေတွာ၊ ဖြစ်စေ၍။ ခီရံ ပါယေတွာ၊ နို့စို့စေ၍။ ထောကံ၊ အတန်ငယ်။ စရိတွာ၊ ကျက်စား၍။ ပုန၊ တဖန်။ ဂန္တွာ၊

သွား၍။ ဒွေ တယော စတ္တာရော ဝါရေ ၂-ကြိမ်, ၃-ကြိမ်, ၄-ကြိမ်တိုင်အောင်။ ပါယေသိ၊ နို့စို့စေ၏။

ထိုအခါ ဆိတ်မ၏ အမူအရာကို မြင်လေရကား ဆိတ်ကျောင်းသား ယူသွား၍ သားအရာဖြင့် ကောင်းစွာလုပ်ကျွေး မွေးမြူလတ်သတည်း။ ဆိတ်တို့သည် သေပျောက် ပျက်စီးများလေလျှင် မြေအိုးတွင် အိပ်စေ၍ ရေ၌ မျှောသည်တွင် မင်းအိမ်တွင် ပြုပြင် လုပ်ဆောင်သော ဒွန်းစဏ္ဍား တွေ့မြင်လေရကား ဆယ်ယူဆောင်သွားသဖြင့် သားပြု၍ မွေးပြန်သတည်း။ ကြီးပွါးခြင်းသို့ ရောက်သောကာလ အမိ,အဘတို့နှင့် အတူပင် မင်းအိမ် တွင် ထွက်,ဝင်ခစား သွား,လာရောက်ပေါက်၍ ၁၆-နှစ်အရွယ်တိုင်လေလျှင် မိဖုရားကြီးတွင် ဖွားမြင်သော ကုရုင်္ဂဒေဝီမည်သော မင်းသမီးနှင့်တကွ တွေ့မြင်ကြသော် စိရကာလ အဘိဏှဒဿနကြောင့် အညမညပဋိဗန္ဓဖြစ်ကြ၍ မိစ္ဆာစာရက် ကျင့်ကြံမှားယွင်းကြသည် ကို မောင်းမမိဿံတို့ တင်လျှောက်သောစကားဖြင့် မင်းကြားသိလတ်သော် အမတ်တို့ကို အပ်၍ စီရင်စေသတည်း။ အမတ်တို့ကား 'များစွာသော ကမ္မကာရဏတို့ကို ပြုစေပြီးမှ သတ်ရသော် ကောင်း၏'-ဟု အပေါင်းညီညာ ဆိုကြရာတွင် ဖခင်ဖြစ်ဖူးသော ကိုယ်စောင့် နတ်သည် မိဖုရားကို ပူးကပ်ပြီးမှ မင်းကြီးကို တင်လျှောက်လတ်သော် ကိုယ်စောင့်နတ်၏ အာနုဘာဝကြောင့် ငွေကကုမာရသည် ချမ်းသာရလေသတည်း။

ထိုအကြောင်းကို ၎င်းနိပါတ်၊ ကုဏာလဇာတ်(၅။၄၆၁-၂)တွင်–

> တသ္မိံ ခဏေ ကုမာရဿ ပိတာ အာရက္ခဒေဝတာ တဿေဝ ကုမာရဿ မာတု သရီရေ အဓိမုစ္စိ။ သာ ဒေဝတာနုဘာဝေန ရာဇာနံ ဥပသင်္ကမိတွာ အာဟ မဟာရာဇ နာယံ ကုမာရော စဏ္ဍာလော။ ဧသ ကုမာရော မမ ကုစ္ဆိမှိ နိဗ္ဗတ္တော ကောသလရညော ပုတ္တော၊ အဟံ 'ပုတ္တော မေ မတော'တိ တုမှာကံ မုသာ အဝစံ။

ဟူ၍ ဟောတော်မူသည်။

တသ္မိံ ခဏေ၊ ထိုခဏ၌။ ကုမာရဿ၊ ငွေကသတို့သား၏။ ပိတာ၊ ဖခင်ဖြစ်သော။ အာရက္ခဒေဝတာ၊ ကိုယ်စောင့်နတ်သည်။ တဿေဝ ကုမာရဿ၊ ထိုငွေကသတို့သား၏။ မာတုသရီရေ၊ အမိ၏ကိုယ်၌။ အဓိမုစ္စိ၊ ပူးကပ်၏။ သာ၊ ကိုယ်စောင့်နတ် အပူးခံရသော ထိုမိဖုရားသည်။ ဒေဝတာနုဘာဝေန၊ ကောသလမည်တွင် ဖခင်ဖြစ်ဖူးသော ကိုယ်စောင့် နတ်၏ အာနုဘော်ကြောင့်။ ရာဇာနံ၊ ဗာရာဏသီမင်းကြီးကို။ ဥပသင်္ကမိတွာ၊ ကပ်၍။ အာဟ၊ ဆို၏။ "မဟာရာဇ၊ ပြည့်ရှင်မင်းကြီး။ အယံ ကုမာရော၊ ဤငွေကသတို့သားသည်။ စဏ္ဍာလော၊ ဒွန်းစဏ္ဍားသည်။ န၊ မဟုတ်။ ဧသ ဧသော ကုမာရော၊ ဤငွေကသတို့သား

သည်။ မမ၊ ငါ၏။ ကုစ္ဆိမှိ၊ ဝမ်း၌။ နိဗ္ဗတ္တော၊ ဖြစ်သော။ ကောသလရညော၊ ကောသလမင်း၏။ ပုတ္တော၊ သားတည်း။ မေ၊ ငါ၏။ ပုတ္တော၊ သားသည်။ မတောတိ၊ သေပြီ-ဟူ၍။ တုမှာကံ၊ အရှင်မင်းကြီးတို့ကို။ မုသာ၊ ချွတ်လွဲသော စကားကို။ အဝစ၊ ဆိုမိ၏။

ရန်သူမင်း၏ သားဖြစ်သည်'-ဟု မင်းကြီးသတ်မည်ကို စိုးရိမ်ကြောင့်ကြ၍ 'သေလေပြီတကား'ဟု မိဖုရားက လှည့်စား၍ ထားသတည်းဟူလို။ နိဗ္ဗတ္တိ၊ နိဗ္ဗတ္တော-ဟူသောပုဒ်များ၌ ဩဠဇတတိယက္ခရာ ဗ-သဒ္ဒိသဒွေးဘော်နှင့် ရှိမှ သင့်သည်။ နိ-ပုဗ္ဗ၊ ဝတုဓာတ်။

ထို့နောက်မှ မိဖုရားက စကားဥသျှံ အလုံးစုံကို ပြန်ကြားသောကာလ နို့ထိန်းမှစ၍ ဆိတ်ကျောင်းသား, ဒွန်းစဏ္ဍား ၃-ဦးသားတို့ကို စကားစစ်ဆေး မေးမြန်းယုံကြည်သည့်ကာလ ဧဋကကုမာရသတို့သားကို ကုရုဂ်ဒေဝီမင်းသမီးနှင့် ပေးစားထိမ်းမြားပြီးမှ အဘ ကောသလမင်း၏ အရိုက်အရာကို ရ၍ မင်းပြုရသတည်း။

ကာလိင်္ဂမင်း, အဿကမင်း ၂-ဦးတို့ စစ်ပြိုင်ကြရာ ၂-ဦးသားတို့၏ ကိုယ်စောင့်နတ်တို့သည် ရှေ့မှ လာလတ်၍ ကာလိင်္ဂမင်း၏ ကိုယ်စောင့်နတ်သည် ကိုယ်လုံးဖြူသော နွားလား၏အသွင်ဖြင့် ထွက်လတ်၏။ အဿကမင်း၏ ကိုယ်စောင့်နတ်ကား ကိုယ်လုံးမည်းသော နွားလား၏အသွင်ဖြင့် ထွက်လတ်၏။ ထိုနတ် ၂-ဦးတို့သည် အချင်းချင်းတွေ့တိုက်ခိုက်သော အခြင်းအရာကို ပြ၍ ကပ်ကြလေလျှင် ထိုနွားလားဥသဘတို့ကို မင်း၂-ဦးတို့သာလျှင် မြင်ကြကုန်၏။ သူတပါးတို့ မမြင်ကြကုန်။

ထိုအခါ နန္ဒိသေနမည်သော အဿကမင်း၏ အမတ်က "ကိုယ်စောင့်နတ် ၂-ဦးတို့ တွေ့တိုက်ကြသောအရာကို မြင်၏လော"ဟု "ပညာယတိ တေ မဟာရာဇ အာရက္ခ-ဒေဝတာ"ဟု မေးလေလျှင် "ကာလိင်္ဂမင်း၏ ကိုယ်စောင့်နတ်ကား ဖြူသော နွားလား၏အသွင်၊ ငါ၏ကိုယ်စောင့်နတ်ကား မည်းသော နွားလား၏အသွင်ဖြင့် မြင်၏။ ထိုသို့ မြင်ရာတွင် ငါ၏ကိုယ်စောင့်နတ်ဖြစ်သော နွားလားသည် အလွန်ပင်ပန်းလျက် ရှိသည်"ဟု မိန့်ပေရကား "အရှင်မင်းကြီး၊ ကြောင့်ကြတော်မမူလင့်။ သည်အခါ ကာလိင်္ဂမင်းကို ရှုံးခြင်းသို့ ရောက်စေအံ့။ အရှင်မင်းကြီးသည် မြင်းမှ ဆင်းသက်၍ ဤလှံလက်နက်ကို စွဲကိုင်ပြီးလျှင် ကာလိင်္ဂမင်းကြီး၏ ကိုယ်စောင့်နတ်ကို အမတ် ၁,၀၀၀-နှင့်တကွ လှံ့လအားထုတ်ပြီးလျှင် ထိုးခုတ်သတ်ဖြတ်၍ ထိုအရပ်တွင် လဲသောကာလ သူရဲ ၁,၀၀၀-နှင့်တကွ ကျွန်တော်က ထိုးခုတ်သတ်ဖြတ်ရလျှင် ကာလိင်္ဂမင်း၏ ကိုယ်စောင့်နတ်သည် ဤအရပ်တွင်ပင် ပျက်စီးလေရာ၏"ဟု နန္ဒိသေနအမတ် ဆုံးဖြတ်သည့်အတိုင်း ဆုတ်ဆိုင်းမနေ အားထုတ်ပေက ကာလိင်္ဂမင်း၏ ကိုယ်စောင့်နတ်သည် ထိုအရပ်တွင်ပင် စုတိကျ၍ ကာလိင်္ဂမင်းသည် ရှုံးခြင်းသို့ ရောက်လေ၏။

ထိုအကြောင်းကို ငါးရာငါးဆယ်၊ စတုက္ကနိပါတ်၊ ရှေးဦးစွာသော ကာလိင်္ဂဝဂ်အစု
တွင် အစပဥ္စမ စူဠကာလိင်္ဂဇာတ်၌-

**ကာလိင်္ဂရဇ္ဇော အာရက္ခဒေဝတာ တတ္ထေဝ ဇိဝတက္ခယံ ပါပုဏိ။ တာဝဒေဝ ကာလိင်္ဂေါ ပရာဇိတွာ ပလာယိ။**

ဟူ၍ ဟောတော်မူသည်။ (ဇာ၊ဋ္ဌ၊၃။၆)

ကာလိင်္ဂရဇ္ဇော၊ ကာလိင်္ဂမင်း၏။ အာရက္ခဒေဝတာ၊ ကိုယ်စောင့်နတ်သည်။ တတ္ထေဝ၊ ထိုအရပ်၌ပင်လျှင်။ ဇိဝိတက္ခယံ၊ အသက်ကုန်ခြင်းသို့။ ပါပုဏိ၊ ရောက်လေ၏။ တာဝဒေဝ၊ ထိုကာလိင်္ဂမင်း၏ ကိုယ်စောင့်နတ် ခန္ဓာပျက်ကြွေ သေသောခဏ၌ပင်။ ကာလိင်္ဂေါ၊ ကာလိင်္ဂမင်းသည်။ ပရာဇိတွာ၊ စစ်ရှုံး၍။ ပလာယိ၊ ပြေးလေ၏။

ဥတု, ဘောဇဉ်တို့ကို စွဲ၍ လူတို့ အဆင်း, အသက်, ခွန်အား-စသည် ဆုတ်ယုတ် ပျက်စီးခြင်းအကြောင်း ပြရာ၌ ထိုထိုအရပ်၌ မင်းတို့ တရားမစောင့်သောကြောင့် အိမ်ရှေ့ မင်း, မြို့သူ, တိုင်းသူ, မိမိတို့ကိုစောင့်သော ကိုယ်စောင့်နတ်မှစ၍ တရားမစောင့်ကြခြင်း ကြောင့် မိုးတို့သည် မညီမညွတ်သည်ဖြစ်၍ မညီမညွတ်သော အာဟာရကို သုံးဆောင်ကြသ သူတို့သည် အဆင်း, အသက်, ခွန်အား-စသည် ဆုတ်ယုတ်ပျက်စီးခြင်းသို့ ရောက်ကြကုန်၏။

ထို့ကြောင့် သုမင်္ဂလဝိလာသိနီမည်သော သုတ်မဟာဝါ၊ မဟာပဒါနသုတ်အဋ္ဌကထာ၌-

**ဥတုဘောဇနဝသေန ဟိ အာယု ဟာယတိပိ ဝဍ္ဍတိပိ။ တတ္ထ ယဒါ ရာဇာနော အဓမ္မိကာ ဟောန္တိ။ တဒါ ဥပရာဇာနော သေနာပတိ သေဋ္ဌိ သကလနဂရံ သကလရဋ္ဌံ အဓမ္မိကမေဝ ဟောတိ။ အထ တေသံ အာရက္ခဒေဝတာ, တာသံ ဒေဝတာနံ မိတ္တာ ဘုမ္မဋ္ဌဒေဝတာ၊ ဘုမ္မဋ္ဌဒေဝတာနံ မိတ္တာ အာကာသဋ္ဌဒေဝတာ ။လ။ ဧဝံ ယာဝ ဘဝဂ္ဂါ ဌပေတွာ အရိယသာဝကေ သဗ္ဗာ ဒေဝပြဟ္မပရိသာပိ အဓမ္မိကာ ဟောန္တိ။**

အစရှိသော ပါဌ်(ဒီ၊ဋ္ဌ၊၂။၇)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဟိ၊ ထိုစကား သင့်၏။ ဥတုဘောဇနဝသေန၊ ဥတု, ဘောဇဉ်တို့၏ အစွမ်းဖြင့်။ မနုဿာနံ၊ လူတို့၏။ အာယု၊ အသက်သည်။ ဟာယတိပိ၊ ယုတ်လည်း ယုတ်၏။ ဝဍ္ဍတိပိ၊ ပွါးလည်း ပွါး၏။ တတ္ထ ဝစနေ၊ ထို"ဥတုဘောဇနဝသေန ဟိ အာယု ဟာယတိပိ"ဟူသော ဤစကား၌။ ယဒါ၊ အကြင်အခါ၌။ ရာဇာနော၊ မင်းတို့သည်။ အဓမ္မိကာ၊ တရား မစောင့်ကုန် သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ တဒါ၊ ထိုအခါ၌။ ဥပရာဇာနော၊ အိမ်ရှေ့မင်းတို့သည်လည်း

ကောင်း။ သေနာပတိ၊ စစ်သူကြီးသည်လည်းကောင်း။ သေဋ္ဌိ၊ သူဌေးကြီးသည်လည်းကောင်း။ သကလနဂရံ၊ မြို့အလုံးသည်လည်းကောင်း။ သကလရဋ္ဌံ၊ တိုင်းအလုံးသည်လည်းကောင်း။ အဓမ္မိကမေဝ၊ တရားမစောင့်ကြသည်သာတည်း။ အထ ခေါ၊ စင်စစ်သော်ကား။ တေသံ၊ ထိုမင်း, အိမ်ရှေ့မင်း, စစ်သူကြီး, သူဌေးကြီး, မြို့သူ,တိုင်းသူတို့ကို။ အာရက္ခဒေဝတာ၊ စောင့်သော နတ်တို့သည်လည်းကောင်း။ တာသံ ဒေဝတာနံ၊ ထိုစောင့်သော နတ်တို့၏။ ဝါ၊ ကိုယ်စောင့်နတ်တို့၏။ မိတ္တာ၊ အဆွေခင်ပွန်းဖြစ်ကြကုန်သော။ ဘုမ္မဒေဝတာ၊ ဘုမ္မစိုး နတ်တို့သည်လည်းကောင်း။ ဘုမ္မဒေဝတာနံ၊ ဘုမ္မစိုးနတ်တို့၏။ ဝါ၊ ဘုမ္မစိုးနတ်တို့နှင့်။ မိတ္တာ၊ အဆွေခင်ပွန်းဖြစ်ကြကုန်သော။ အာကာသဋ္ဌဒေဝတာ၊ အာကာသစိုးနတ်တို့သည်လည်း ကောင်း ။လ။ ဧဝံ၊ ဤသို့။ ယာဝ ဘဝဂ္ဂါ၊ အထက်ဘဝဂ်တိုင်အောင်။ အရိယသာဝကေ၊ အရိယာသာဝကဖြစ်သော ပုဂ္ဂိုလ်တို့ကို။ ဌပေတွာ၊ ထား၍။ သဗ္ဗာ၊ ခပ်သိမ်းကုန်သော။ ဒေဝဗြဟ္မပရိသာပိ၊ နတ်ပရိသတ်, ဗြဟ္မာပရိသတ်တို့သည်လည်း။ အဓမ္မိကာ၊ တရား မစောင့်ကြကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ပေယျာလ-ထားသည်မှာ "အာကာသဋ္ဌဒေဝတာနံ မိတ္တာ ဥဏှဝလာဟကာ ဒေဝတာ" မှစ၍ "တာသံ ဒေဝတာနံ မိတ္တာ အဗ္ဘဝလာဟကာ ဒေဝတာ သီတဝလာဟကာ ဒေဝတာ ဝဿဝလာဟကာ ဒေဝတာ စာတုမဟာရာဇိကာ-တို့နှင့်တကွ အာကိဉ္စညာယတနဒေဝတာ" တိုင်အောင် သိလေ။

နောက်၌လည်း လူ,နတ်တို့ တရားမစောင့်သောကြောင့် မိုးတို့သည် မညီမညွတ် သဖြင့် ကောက်ပဲအာဟာရတို့သည် ဝဏ္ဏ, ဂန္ဓ, ရသနည်း၍ လူတို့အသက် ဆုတ်ယုတ် ကြောင်း၊ လူ,နတ်တို့ တရားစောင့်ကြသောကြောင့် မိုးတို့သည် ညီညွတ်သဖြင့် ကောက်ပဲ အာဟာရတို့သည် ဝဏ္ဏ, ဂန္ဓ, ရသ ပြည့်စုံ၍ လူတို့ အသက်တိုးပွါးကြောင်းကို သိရ၏။ ပါဠိ, အဋ္ဌကထာရှိတိုင်း ပြဆိုလျှင် ကျယ်လွန်းအံ့။

ကောကာလိကတိုင်း၌ ကောကာလိကသူဌေး၏ သားဖြစ်သော ကောကာလိက-မည်သောရဟန်းသည် အဘ-ကောကာလိကသူဌေး ဆောက်လုပ်အပ်သော ကျောင်း၌ နေသတည်း။ ထိုကောကာလိကရဟန်းကား စူဠကောကာလိက တွင်သည်။ ဒေဝဒတ်၏ တပည့် ပုဏ္ဏား၏သားဖြစ်သော မဟာကောကာလိက မဟုတ်။ တရံရောအခါ သာရိပုတ္တရာ, မောဂ္ဂလ္လာန်မထေရ် ၂-ပါးတို့သည် ထိုကောကာလိကရဟန်းနေရာ ကျောင်းသို့ ရောက်၍ ဝါကပ်သောအခါ တစ်စုံတစ်ယောက်သော ဒါယကာကိုမျှ မသိစေဘဲ ဝါကျွတ်သောကာလ ကောကာလိက၏ ပယောဂဖြင့် ဒါယကာတို့ကို ပင့်ဖိတ်လှူဒါန်းကြသော အကပ္ပိယပစ္စည်း တို့ကို ကောကာလိကရဟန်းအား မပေးဘဲ စွန့်ပစ်၍ သွားကြသောကာလကပင် ကောကာလိက

သည် ဒေါမနဿ ပြင်းစွာဖြစ်သတည်း။ အဂ္ဂသာဝကပုဂ္ဂိုလ် အရှင်မြတ်တို့သည် သာဝတ္ထိ ပြည်သို့ ပြန်ကြ၍ ဝါကျွတ်ပြီးသော် မြတ်စွာဘုရား အမိန့်တော်ဖြင့် ရဟန်း ၅၀၀-တို့နှင့်တကွ ထိုကောကာလိကနေရာ ကျောင်းသို့ တဖန် ရောက်ပြန်သတည်း။

ထိုအခါ ဒါယကာတို့က သင်္ကန်း, သပိတ်, ပရိက္ခရာ များစွာ လှူဒါန်းကြသည်ကို ကောကာလိကရဟန်း မြင်ပြန်သောကာလ ဒေါမနဿမီး အားကြီးစွာ ဖြစ်ခဲ့၍ ကဲ့ရဲ့သဖြိုဟ် ပြောဆိုလိုသမျှ ပြောဆိုပြီးမှ "အဂ္ဂသာဝကမထေရ် ၂-ပါးတို့သည် ပါပိစ္ဆ ဣစ္ဆာပကတတရား အားကြီးပါသည်"ဟု လျှောက်မည်သဘောနှင့် ဆောလျင်စွာ လာသည်ကို မြတ်စွာဘုရား သိတော်မူသော်လည်း ၄-ပါးသော ပရိသတ်တို့ စွပ်စွဲပြောဆိုခြင်းမှ ကင်းပစေ၍ အရိယုပ-ဝါဒ၏ မဟာသာဝဇ္ဇအဖြစ်ကို ပြတော်မူအံ့သောငှာ–

**ပါပိစ္ဆာ ဘန္တေ သာရိပုတ္တမောဂ္ဂလ္လာနာ ပါပိကာနံ ဣစ္ဆာနံ ဝသံ ဂတာ။**

ဟု ၃-ကြိမ်မြောက်အောင် လျှောက်ထားသောအရာကို–

**မာ ဟေဝံ ကောကာလိက၊ မာ ဟေဝံ ကောကာလိက။ ပသာဒေဟိ ကောကာလိက သာရိပုတ္တမောဂ္ဂလ္လာနေသု စိတ္တံ၊ ပေသလာ သာရိပုတ္တမောဂ္ဂလ္လာနာ။**

ဟု ၃-ကြိမ်တိုင်တိုင် ပယ်တော်မူပါငြားသော်လည်း တားမြစ်၍ မရဘဲ ရှေ့တော်မှ ဖဲသည်တွင် ဆံခြည်ခန့်မျှ မလပ်ရအောင် မုန်ညင်းစေ့ပမာဏက စ၍ ကြီးပွါးသဖြင့် ကြီးမားစွာသော အဖူးအမာစွဲ၍ ကွဲပေါက်ကျိုးပြတ်ခြင်းဖြင့် ပြင်းစွာသော ဒုက္ခဝေဒနာကို ခံလျက် ဇေတဝန်တံခါးအထွက်တွင် လဲလေ၏။ ထိုအခါ တရားတော်ကို နာအံ့သောငှာ ရောက်လာသမျှ ပရိသတ်တို့ မြင်ကြသည်တွင် "အလွန်လျှင် ရွံဖွယ်ရှိစွ။ ကောကာလိကသည် မျက်နှာမလှ ဒေါမနဿကြောင့် ပျက်စီးရလေသည်"ဟု ဆိုကြသောအသံကို ကြားလတ်သဖြင့် ကိုယ်စောင့်နတ်မှ စ၍ အကနိဋ္ဌပြဟ္မာ့ဘုံတိုင်အောင် တပြိုင်နက် ကြွေးကြော်လေသတည်း။

ထို့ကြောင့် ပရမတ္ထဇောတိကာမည်သော သုတ္တနိပါတ်အဋ္ဌကထာ(၂။၁၉၆)၌–

**တေသံ သုတွာ အာရက္ခဒေဝတာ ဓိက္ကာရံ အကံသု၊ အာရက္ခဒေဝတာနံ အာကာ-သဋ္ဌဒေဝတာတိ ဣမိနာ ဥပါယေန ယာဝ အကနိဋ္ဌဘဝနာ ဧကဓိက္ကာရော ဥဒပါဒိ။**

ဟူသောပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

အထက်ပြဆိုခဲ့သော ပါဠိတော်နှင့်တကွ အဋ္ဌကထာပါဌ်၏ အတ္ထယောဇနာကား–

သာရိပုတ္တမောဂ္ဂလ္လာနာ၊ သာရိပုတ္တရာ, မောဂ္ဂလ္လာန်တို့သည်။ ပါပိစ္ဆာ၊ ယုတ်မာကုန်၏။ ပါပိကာနံ၊ ယုတ်မာကုန်သောသူတို့၏။ ဝသံ၊ အလိုသို့။ ဂတာ၊ ရောက်ကြကုန်၏။

ကောကာလိက၊ ကောကာလိကရဟန်း။ ဧဝံ၊ ဤသို့။ မာ အဝစ၊ မဆိုလင့်။ ကော-ကာလိက၊ ကောကာလိကရဟန်း။ ဧဝံ၊ ဤသို့။ မာ အဝစ၊ မဆိုလင့်။ ကောကာလိက၊ ကောကာလိကရဟန်း။ သာရိပုတ္တမောဂ္ဂလ္လာနေသု၊ သာရိပုတ္တရာ, မောဂ္ဂလ္လာန်တို့၌။ စိတ္တံ၊ စိတ်ကို။ ပသာဒေဟိ၊ ကြည်ညိုစေလော့။ သာရိပုတ္တမောဂ္ဂလ္လာနာ၊ သာရိပုတ္တရာ, မောဂ္ဂလ္လာန် တို့သည်။ ပေသလာ၊ သီလကို ချစ်ကြကုန်၏။

တေသံ၊ ထိုတရားတော်ကို နာအံ့သောငှာ ရောက်လာကြကုန်သောသူတို့၏။ တံ သဒ္ဒံ၊ ထိုအလွန်လျှင် ရွံရှာဖွယ်ရှိ၏-ဟူသော အသံကို။ သုတွာ၊ ကြား၍။ အာရက္ခဒေဝတာ၊ ကိုယ်စောင့်နတ်တို့သည်။ ဓိက္ကာရံ၊ ရွံရှာဖွယ်-ဟူသော အမူအရာကို။ အကံသု၊ ပြုကုန်၏။ အာရက္ခဒေဝတာနံ၊ ကိုယ်စောင့်နတ်တို့၏။ တံ သဒ္ဒံ၊ ထိုရွံရှာဖွယ်ဟူသော အသံကို။ သုတွာ၊ ကြား၍။ အာကာသဋ္ဌဒေဝတာ၊ အာကာသစိုးနတ်တို့သည်။ ဓိက္ကာရံ၊ ရွံရှာဖွယ်-ဟူသော အမူအရာကို။ အကံသု၊ ပြုကြကုန်၏။ ဣမိနာ ဥပါယေန၊ ဤသို့သော အကြောင်းဖြင့်။ ယာဝ အကနိဋ္ဌဘဝနာ၊ အကနိဋ္ဌဘုံတိုင်အောင်။ ဧကဓိက္ကာရော၊ တခဲနက် ရွံရှာဖွယ်-ဟူသော အမူအရာသည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။

ထိုကောကာလိကရဟန်း စုတေ၍ အဝီစိငရဲ၌ ဖြစ်လေသောကာလ သဟမ္ပတိ ဗြဟ္မာ သုဒ္ဓါဝါသဘုံမှ လာ၍-

**ကောကာလိကော ဘန္တေ ဘိက္ခု ကာလင်္ကတော။ ကာလင်္ကတော စ ဘန္တေ ကောကာလိကော ဘိက္ခု ပဒုမံ နိရယံ ဥပပန္နော သာရိပုတ္တမောဂ္ဂလ္လာနေသု စိတ္တံ အာဃာတေတွာ။**

ဟူ၍ လျှောက်ထားလေသည်။ (သုတ္တနိ။ ၃၈၀)

ဘန္တေ၊ ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား။ ကောကာလိကော၊ ကောကာ-လိက အမည်ရှိသော။ ဘိက္ခု၊ ရဟန်းသည်။ ကာလင်္ကတော၊ သေခဲ့ပြီ။ ဘန္တေ၊ ဘုန်းတော်ကြီး တော်မူသော မြတ်စွာဘုရား။ ကောကာလိကော၊ ကောကာလိက-အမည်ရှိသော။ ဘိက္ခု၊ ရဟန်းသည်။ ကာလင်္ကတော စ၊ သေသည်ဖြစ်၍လည်း။ သာရိပုတ္တမောဂ္ဂလ္လာနေသု၊ သာရိ-ပုတ္တရာ, မောဂ္ဂလ္လာန်တို့၌။ စိတ္တံ၊ စိတ်ကို။ အာဃာတေတွာ၊ ရန်ငြိုးဖွဲ့သောကြောင့်။ ပဒုမံ နိရယံ၊ ပဒုမငရဲ၌။ ဥပပန္နော၊ ဖြစ်လေ၏။

ထိုအခါ အနုသန္ဓေအရာ၌ လိမ္မာသောရဟန်းသည် "ဘုန်းတော်ကြီးတော်မူသော မြတ်စွာဘုရား ပဒုမငရဲကား အဘယ်မျှ အသက်ရှည်သနည်း"ဟု မေးလျှောက်သော ကြောင့် ပဒုမငရဲကား နှစ်အရာ, နှစ်အထောင်, နှစ်အသောင်း-စသည်ဖြင့် ရေတွက်ခြင်းငှာ

အလွန်ခဲယဉ်းလေရကား ဥပမာဆောင်၍ ဟောတော်မူသတည်း။ မဂဓရာဇ်တိုင်း၌ ဖြစ်သော ကွမ်းစားဖြင့် ၄-ကွမ်းစားသည် ကောသလတိုင်း၌ ဖြစ်သော ကွမ်းစားဖြင့် ၁-ကွမ်းစားသာ ရှိ၏။

- ထိုကောသလကွမ်းစားဖြင့် ၄-ကွမ်းစားသည် ၁-စိတ်ရှိ၏။
- ထိုစိတ်ဖြင့် ၄-စိတ်သည် ၁-တင်းရှိ၏။
- ထိုတင်းဖြင့် ၄-တင်းသည် ၁-တောင်း မည်၏။
- ထိုတောင်းဖြင့် ၄-တောင်း ပေါင်း ၂၀-သည် ၁-ဝါဟရှိ၏။
- ၁-ဝါဟကို အတင်း ၈၀-တည်း။

အတင်း ၈၀-ရှိသော ၁-ဝါဟကို အနှစ် ၁၀၀-တိုင်မှ ၁-စေ့, ၁-စေ့ ယူ၍ပစ်သော် ထိုကောသလတင်းနှင့် အတင်း ၈၀-ရှိသော ၁-ဝါဟ နှမ်းပုံသည် ကုန်ရာ၏။ အဗ္ဗုဒငရဲသက်သည် မကုန်ရာ။ ထို့ကြောင့် မြတ်စွာဘုရားသည် သုတ္တနိပါတ်၊ ကောကာလိကသုတ်ပါဠိတော်(၃၈၁)၌–

**တတော ပုရိသော ဝဿသတစ္စယေန ဧကမေကံ တိလံ ဥဒ္ဓရေယျ၊ ခိပ္ပတရံ ခေါ သော ဘိက္ခု ဝီသတိခါရိကော ကောသလကော တိလဝါဟော ဣမိနာ ဥပက္ကမေန ပရိက္ခယံ ပရိယာဒါနံ ဂစ္ဆေယျ၊ န တွေဝ ဧကော အဗ္ဗုဒေါ နိရယော။**

ဟူ၍ ဟောတော်မူသည်။

တတော၊ ထိုကောသလတင်းနှင့် အတင်း ၈၀-ရှိသော ၁-ဝါဟ နှမ်းပုံမှ။ ပုရိသော၊ ယောက်ျားသည်။ ဝဿသတစ္စယေန၊ အနှစ် ၁၀၀-လွန်သဖြင့်။ ဧကေကံ တိလံ၊ ၁-လုံး, ၁-လုံးသော နှမ်းစေ့ကို။ ဥဒ္ဓရေယျ၊ ထုတ်ယူငြားအံ့။ ဘိက္ခု၊ ရဟန်း။ ဝီသတိခါရိကော၊ အတောင်း ၂၀-ရှိသော။ သော ကောသလကော တိလဝါဟော၊ ထိုကောသလ ၁-ဝါဟ နှမ်းပုံသည်။ ဣမိနာ ဥပက္ကမေန၊ ဤသို့ လုံ့လပြုသဖြင့်။ ခိပ္ပတရံ၊ လျင်စွာ။ ပရိယာဒါနံ၊ ကုန်ခြင်းသို့။ ဂစ္ဆေယျ၊ ရောက်ရာ၏။ ဧကော၊ တစ်ခုသော။ အဗ္ဗုဒေါ နိရယော၊ အဗ္ဗုဒငရဲသက်သည်။ ပရိယာဒါနံ၊ ကုန်ခြင်းသို့။ န တွေဝ ဂစ္ဆေယျ၊ မရောက်ရာ။

ဤပါဠိတော်၏အရ၌ အဗ္ဗုဒငရဲ-ဟူသည် အခြား မရှိ။ မဟာအဝီစိငရဲ၏ အမည်ပင်တည်း။ ထိုအဝီစိငရဲ၌ ဆိုအပ်ခဲ့ပြီးသော အဗ္ဗုဒသင်္ချာ အရေအတွက်ဖြင့် ခံရသောကြောင့် အဗ္ဗုဒငရဲ-ဟူလိုသတည်း။ နိရဗ္ဗုဒ-မှစ၍ ပဒုမတိုင်အောင် ဤနည်းဖြင့် သိရာ၏။

ထို့ကြောင့် ပရမတ္ထဇောတိကာမည်သော သုတ္တနိပါတ်အဋ္ဌကထာ၌–

**အဗ္ဗုဒေါ နာမ ကောစိ ပစ္စေကနိရယော နတ္ထိ၊ အဝီစိမှိယေဝ အဗ္ဗုဒဂဏနာယ ပစ္စနောကာသော ပန "အဗ္ဗုဒေါ နိရယော"တိ ဝုတ္တော။ ဧသ နယော နိရဗ္ဗုဒါဒီသု။**

ဟူသော ပါဠိ(သုတ္တနိ၊ဋ္ဌ၊၂။၁၉၇)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

အဗ္ဗုဒေါ နာမ၊ အဗ္ဗုဒအမည်ရှိသော။ ကောစိ၊ တစ်စုံတစ်ခုသော။ ပစ္စေကနိရယော၊ အသီးဖြစ်သော ငရဲသည်။ နတ္ထိ၊ မရှိ။ ပန၊ စင်စစ်သော်ကား။ အဝီစိယေဝ၊ အဝီစိငရဲကိုပင်။ အဗ္ဗုဒဂဏနာယ၊ အဗ္ဗုဒသင်္ချာဖြင့်။ ဝါ၊ အဗ္ဗုဒ အရေအတွက်ဖြင့်။ ပစ္စနောကာသော၊ ကျက်ရာအရပ်ဖြစ်သော။ အဗ္ဗုဒေါ နိရယောတိ၊ အဗ္ဗုဒငရဲ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ နိရဗ္ဗုဒါဒီသု၊ နိရဗ္ဗုဒငရဲ စသည်တို့၌။ ဧသောဝ နယော၊ ဤနည်းသာတည်း။

- အဗ္ဗုဒငရဲသက် အလီ ၂၀-သည် နိရဗ္ဗုဒငရဲသက် မည်၏။
- နိရဗ္ဗုဒငရဲသက် အလီ ၂၀-သည် အဗဗငရဲသက် မည်၏။
- အဗဗငရဲသက် အလီ ၂၀-သည် အဋဋငရဲသက် မည်၏။
- အဋဋငရဲသက် အလီ ၂၀-သည် အဟဟငရဲသက် မည်၏။
- အဟဟငရဲသက် အလီ ၂၀-သည် ကုမုဒငရဲသက် မည်၏။
- ကုမုဒငရဲသက် အလီ ၂၀-သည် သောဂန္ဓိကငရဲသက် မည်၏။
- သောဂန္ဓိကငရဲသက် အလီ ၂၀-သည် ဥပ္ပလကငရဲသက် မည်၏။
- ဥပ္ပလကငရဲသက် အလီ ၂၀-သည် ပုဏ္ဍရိကငရဲသက် မည်၏။
- ပုဏ္ဍရိကငရဲသက် အလီ ၂၀-သည် ပဒုမငရဲသက် မည်၏။

ထိုပဒုမငရဲ၌ ကောကာလိကရဟန်း ခံရသတည်း။ (သုတ္တနိ၊ ၃၈၁)

ဤသို့ ကျမ်းဂန်လာသော စကားကို ထောက်၍ ကိုယ်စောင့်နတ် ၁၂-ယောက်တို့ကို ပိဋကတ်တော်တွင် မလာ။ ပိဋကတ်တော်အလိုအားဖြင့် ကိုယ်စောင့်နတ် ၁-ယောက်သာ လာသည်။ ထိုစကားကို အကျယ်သိလိုလျှင် အဘိဓာနပ္ပဒီပိကာ၊ ၎င်းဋီကာ, သမန္တပါသာဒိက မည်သော ဝိနည်းပါဠိ,အဋ္ဌကထာ။ အသီတိနိပါတ်၊ ကုဏာလဇာတ်အဋ္ဌကထာ။ ၅၅၀၊ စတုက္ကနိပါတ်၊ ရှေးဦးစွာသော ကာလိင်္ဂဇာတ်အဋ္ဌကထာ။ သုမင်္ဂလဝိလာသိနီမည်သော သုတ်မဟာဝါ၊ မဟာပဒါနသုတ်အဋ္ဌကထာ။ ပရမတ္ထဇောတိကာမည်သော သုတ္တနိပါတ်၊ ကောကာလိကသုတ်ပါဠိ, အဋ္ဌကထာတို့မှာ ကြည့်လေ။

သစ်ဆိမ့်ကြီးတိုက်နေ ရဟန်းရှင်ဝါယာမက "ကိုယ်စောင့်နတ် ၁၂-ယောက်၊ ထို ၁၂-ယောက်သော ကိုယ်စောင့်နတ်တို့၏ အမည်၊ လူတို့ကိုယ်တွင် ကိုယ်စောင့်နတ် ရှိ,မရှိ၊ ကိုယ်စောင့်နတ် ၁-ယောက်သာရှိသည် ဆိုသောစကား ကွဲပြားသိမှတ်လိုပါသည်"ဟု လျှောက်သောကြောင့် လောကီကျမ်းနှင့်တကွ ပိဋကတ်တော်အလာ ဒေသနာနယကို ထုတ်ဆောင်၍ ၁၂၃၈-ခု၊ ပြာသိုလပြည့်ကျော်၊၂-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိမ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## ရဟန်းတော် ဦးပညာ-က "ခဏောကိစ္စော ခဏောကိစ္စော လောကောတိ"ဟူသော ပုစ္ဆာကို ထပ်မံ လျှောက်ထားချက်

[ ၁၁၈ ] "ဘုရားတပည့်တော် ရတနာသိမ်မြို့၊ ရှင်ပညာ လျှောက်ပါသည် ဆရာတော်ဘုရား။ ဆရာတော်ဘုရား ဟောကြားဖြေဆိုတော်မူလိုက်သော ပကိဏ္ဏကဝိသဇ္ဇနာ၊ ပဌမထုပ်၊ ပဥ္စမပရိစ္ဆေဒ၊ ဒွါဒသမအဋ္ဌက္ခဏပုစ္ဆာတွင်ပါသော-

ခဏကိစ္စော လောကော ခဏကိစ္စော လောကောတိ ဘိက္ခဝေ အဿုတဝါ ပုထုဇ္ဇနော ဘာသတိ။

ဟူသော အင်္ဂုတ္တရ၊ အဋ္ဌကနိပါတ် ပါဠိတော်၏အရတွင် အာဂမသုတ, အဓိဂမ သုတ ၂-ပါးတို့၏ သရုပ်အဓိပ္ပါယ်ကို အကျယ်မသိနိုင်ကြသည် ဖြစ်ပါ၍ သုတ ၂-ပါးတို့၏ သရုပ်အဓိပ္ပါယ်ကို အကျယ်သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့် အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။"

ရှင်းရဟန်းတော် ဦးပညာ လျှောက်ထားချက်အရ အဖြေဝိသဇ္ဇနာ-

"အဿုတဝါ ပုထုဇ္ဇနော"ဟူသော ပါဠိတော်၏အရ အာဂမသုတ, အဓိဂမသုတ ၂-ပါးတို့၏ သရုပ်အဓိပ္ပါယတ္ထကို မေးလျှောက်သည်မှာ-

[၁၁၈] အကြင်ပုဂ္ဂိုလ်အား ခန္ဓာဓာတ်, အာယတနဓာတ်, ပဋိစ္စသမုပ္ပါဒ်, သတိပဋ္ဌာန်-အစရှိသည်တို့၌ ပါဠိသက်သက်ကို နှုတ်တက်ဆောင်ခြင်း, သင်ယူခြင်းတည်းဟူသော

ဥဂ္ဂဟ၊ သင်ပြီးသော ပါဠိ၊ အနက်တို့ကို အဖန်တလဲလဲ မေးမြန်းခြင်းတည်းဟူသော ပရိပုစ္ဆာ၊ လိမ္မာကျွမ်းကျင်သောသူတို့နှင့်တကွ စောဒနာပရိဟာရ၏ အစွမ်းဖြင့် ဆုံးဖြတ်ခြင်းတည်းဟူသော ဝိနိစ္ဆယမှ ကင်းသည်၏အဖြစ်ကြောင့် ဒိဋ္ဌိကို မြစ်တတ်သော ပရိယတ်-ဟု ဆိုအပ်သော အာဂုံလည်း မရှိ။ မဂ်,ဖိုလ်ကို မရသေးသည်၏ အဖြစ်ကြောင့် မဂ်,ဖိုလ်-ဟု ဆိုအပ်သော အဓိဂမလည်း မရှိ။ ထို့ကြောင့် ထိုပုဂ္ဂိုလ်သည် အဿုတဝါပုဂ္ဂိုလ် မည်၏။ များစွာသော ကိလေသာတို့ကို ဖြစ်စေခြင်းအကြောင်းတို့နှင့် ပြည့်စုံသည်၏ အဖြစ်ကြောင့်လည်း ပုထုဇန မည်၏။

ထို့ကြောင့် ဓမ္မသင်္ဂဏီအဋ္ဌကထာ၊ နိက္ခေပကဏ္ဍ(နှာ-၃၈၃)၌-

> အဿုတဝါ ပုထုဇ္ဇနောတိ ဧတ္ထ ပန အာဂမာဓိဂမာဘာဝါ ဉေယျော အဿုတဝါ ဣတိ။ ယဿ ဟိ ခန္ဓဓာတုအာယတနပစ္စယာကာရသတိပဋ္ဌာနာဒီသု ဥဂ္ဂဟပရိပုစ္ဆာဝိနိစ္ဆယရဟိတတ္တာ ဒိဋ္ဌိပဋိသေဓကော နေဝ အာဂမော, ပဋိပတ္တိယာ အဓိဂန္တဗ္ဗဿ အနဓိဂတတ္တာ နေဝ အဓိဂမော အတ္ထိ။ သော အာဂမာဓိဂမာဘာဝါ ဉေယျော အဿုတဝါ ဣတိ။ သွာယံ-
>
> ပုထူနံ ဇနနာဒီဟိ၊ ကာရဏေဟိ ပုထုဇ္ဇနော။
> ပုထုဇ္ဇနန္တောဂဓတ္တာ၊ ပုထုဝါ'ယံ ဇနော ဣတိ။ ။

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

အဿုတဝါ ပုထုဇ္ဇနောတိ ဧတ္ထ၊ အဿုတဝါ ပုထုဇ္ဇနော-ဟူသော ပါဠိတော်၌။ အာဂမာဓိဂမာဘာဝါ၊ ပရိယတ်-ဟု ဆိုအပ်သော အာဂမ, မဂ်ဖိုလ်-ဟု ဆိုအပ်သော အဓိဂမ မရှိခြင်းကြောင့်။ အဿုတဝါ ဣတိ၊ အဿုတဝါ-ဟူ၍။ ဉေယျော၊ သိအပ်၏။ ဟိ၊ အကျယ်ကား။ ယဿ ဇနဿ၊ အကြင်သူအား။ ခန္ဓဓာတုအာယတနပစ္စယာကာရသတိပဋ္ဌာနာဒီသု၊ ခန္ဓာ, ဓာတ်, အာယတန, ပဋိစ္စသမုပ္ပါဒ်, သတိပဋ္ဌာန်-စသည်တို့၌။ ဥဂ္ဂဟပရိပုစ္ဆာဝိနိစ္ဆယရဟိတတ္တာ၊ ပါဠိသက်သက်ကို နှုတ်တက်ဆောင်ခြင်း, သင်ယူခြင်း-ဟူသော ဥဂ္ဂဟ၊ သင်ပြီးသော ပါဠိ,အနက်တို့ကို အဖန်တလဲလဲ မေးမြန်းခြင်းဟူသော ပရိပုစ္ဆာ၊ လိမ္မာကျွမ်းကျင်သော ပညာရှိတို့နှင့်တကွ စောဒနာ ပရိဟာရ၏အစွမ်းဖြင့် ဆုံးဖြတ်ခြင်း-ဟူသော ဝိနိစ္ဆယမှ ကင်းသည်၏အဖြစ်ကြောင့်။ ဒိဋ္ဌိပဋိသေဓကော၊ ဒိဋ္ဌိကို မြစ်တတ်သော။ အာဂမော၊ ပရိယတ်ဟူသော အာဂုံသည်။ နေဝ အတ္ထိ၊ မရှိ။ ပဋိပတ္တိယာ၊ ပဋိပတ်ဖြင့်။ အဓိဂန္တဗ္ဗဿ၊ ရအပ်သော မဂ်ဖိုလ်ကို။ အနဓိဂတတ္တာ၊ မရသေးသည်၏အဖြစ်ကြောင့်။ အဓိဂမော၊ မဂ်,ဖိုလ်-ဟု ဆိုအပ်သော အဓိဂမသည်။ နေဝ အတ္ထိ၊ မရှိ။ သော ဇနော၊ အာဂမသုတ, အဓိဂမသုတ ၂-ပါး ကင်းသောသူကို။ အာဂမာဓိဂမာဘာဝါ၊ အာဂမသုတ, အဓိဂမသုတ ၂-ပါး မရှိခြင်းကြောင့်။

အဿုတဝါ ဣတိ၊ အဿုတဝါ-ဟူ၍။ ဧ ေယျာ၊ သိအပ်၏။ သွာယံ သော အယံ ဇနော၊ အာဂမသုတ, အဓိဂမသုတ ၂-ပါး မရှိခြင်းကြောင့် အဿုတဝါဖြစ်သော ထိုသူသည်။ ပုထုဇနံ၊ များစွာသော ကိလေသာအပေါင်းကို။ ဇနနာဒီဟိ၊ ဖြစ်စေခြင်း အစရှိကုန်သော။ ကာရဏေဟိ၊ အကြောင်းတို့ကြောင့်။ ပုထုဇ္ဇနော၊ ပုထုဇ္ဇန မည်၏။ ဝါ၊ တစ်နည်းကား။ ပုထုဇ္ဇနန္တောဂဓတ္တာ၊ ပုထုဇနတို့၏အတွင်း၌ ဝင်သည်၏ အဖြစ်ကြောင့်။ ပုထုဇ္ဇနော၊ ပုထုဇ္ဇန မည်၏။ ဝါ၊ တစ်နည်းကား။ အယံ၊ ဤသူသည်။ ပုထု၊ အရိယာပုဂ္ဂိုလ်တို့မှ အပဖြစ်သော။ ဇနော၊ လူတည်း။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ပုထုဇ္ဇနော၊ ပုထုဇ္ဇန မည်၏။

ယခု ပြခဲ့ပြီးသော ပုထုဇနသဒ္ဒါသုံး ဝိကပ်တို့၏ အရကို ပြဆိုပြန်လိုရကား-

> သော ဟိ ပုထူနံ နာနပ္ပကာရာနံ ကိလေသာဒီနံ ဇနနာဒီဟိ ကာရဏေဟိ ပုထုဇ္ဇနော။ ယထာ'ဟ ပုထု ကိလေသေ ဇနေန္တီတိ ပုထုဇ္ဇနာ၊ ပုထု အဝိဟတ- သက္ကာယ ဒိဋ္ဌိကာတိ ပုထုဇ္ဇနာ၊ ပုထု သတ္ထာရာနံ မုခ'မုလ္လောကိကာတိ ပုထုဇ္ဇနာ၊ ပုထု သဗ္ဗဂတီဟိ အဝုဋ္ဌိတာတိ ပုထုဇ္ဇနာ၊ ပုထု နာနာ'ဘိသင်္ခါရေ အဘိသင်္ခ- ရောန္တီတိ ပုထုဇ္ဇနာ၊ ပုထု နာနာဩဃေဟိ ဝုယှန္တီတိ ပုထုဇ္ဇနာ၊ ပုထု နာနာသန္တာ- ပေဟိ သန္တပ္ပန္တီတိ ပုထုဇ္ဇနာ၊ ပုထု နာနာပရိဠာဟေဟိ ပရိဍယှန္တီတိ ပုထုဇ္ဇနာ၊ ပုထု ပဉ္စသု ကာမဂုဏေသု ရတ္တာ ဂိဒ္ဓါ ဂဓိတာ မုစ္ဆိတာ အဇ္ဈောသန္နာ လဂ္ဂါ လဂ္ဂိတာ ပလိဗုဒ္ဓါတိ ပုထုဇ္ဇနာ၊ ပုထု ပဉ္စဟိ နီဝရဏေဟိ အာဝုတာ နိဝုတာ ဩဝုတာ ပိဟိတာ ပဋိစ္ဆန္နာ ပဋိကုဇ္ဇိတာတိ ပုထုဇ္ဇနာတိ။ ပုထူနံ ဝါ ဂဏနပထ'- မတီတာနံ အရိယဓမ္မပရံမုခါနံ နီစဓမ္မသမာစာရာနံ ဇနာနံ အန္တောဂဓတ္တာပိ ပုထုဇ္ဇနာ၊ ပုထု ဝါ အယံ, ဝိသုံယေဝ သင်္ချံ ဂတော, ဝိသံသဋ္ဌော သီလသုတာဒိ- ဂုဏယုတ္တေဟိ အရိယေဟိ ဇနောတိပိ ပုထုဇ္ဇနော။ ဧဝ'မေတေဟိ "အဿုတဝါ ပုထုဇ္ဇနော"တိ ဒွီဟိ ပဒေဟိ ယေ တေ။

ဟူသောပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (အဘိ၊ဋ္ဌ၊၁။၃၈၃-၄)

ဟိ၊ ထပ်၍ ချဲ့ဦးအံ့။ သော၊ ထိုအဿုတဝါဖြစ်သောသူသည်။ ပုထူနံ နာနပ္ပကာရာနံ၊ များသော အပြားရှိကုန်သော။ ကိလေသာဒီနံ၊ ကိလေသာ-စသည်တို့ကို။ ဇနနာဒီဟိ၊ ဖြစ်စေခြင်း အစရှိကုန်သော။ ဂ ႏ ႏဏေဟိ၊ အကြောင်းတို့ကြောင့်။ ပုထုဇ္ဇနော၊ ပုထုဇ္ဇန မည်၏။ ယထာဟ၊ ဘုရားဘယ်ကဲ့သို့ ဟောတော်မူသနည်းဟူမူကား-

"ပုထု ကိလေသေ ဇနေန္တီတိ ပုထုဇ္ဇနာ ။ပ။ ပုထုဇ္ဇနောတိ၊ ပုထု ကိလေသေ ဇနေန္တီတိ ပုထုဇ္ဇနာ ။ပ။ ပုထုဇ္ဇနော"ဟူ၍။ အာဟ၊ ဟောတော်မူ၏။

ယင်းသည့်သာဓကပါဠိတို့တွင် 'ပုထု ကိလေသေ ဇနေန္တီတိ ပုထုဇ္ဇနာ ။လ။ ပဋိ-ကုဋ္ဌိတာတိ ပုထုဇ္ဇနာ'တိုင်အောင်ကား 'ပုထုနံ ဇနနာဒီဟိ၊ ကာရဏေဟိ ပုထုဇ္ဇနော'ဟူသော ရှေး ၂-ပါဒ၏ သာဓကတည်း။ 'ပုထုနံဝါ။လ။ အန္တောဂဓတ္တာပိ ပုထုဇ္ဇနာ'တိုင်အောင်ကား 'ပုထုဇနန္တောဂဓတ္တာ'ဟူသော တတိယပါဒ၏ သာဓကတည်း။ 'ပုထု ဝါ အယံ, ဝိသုံယေဝ ။လ။ ဇနောတိပိ ပုထုဇ္ဇနော'ကား ပုထုဝါယံ ဇနော ဣတိ-ဟူသော စတုတ္ထပါဒ၏ သာဓကတည်း။

ပုထု ကိလေသေ၊ များစွာသော ကိလေသာတို့ကို။ ဇနေန္တိ၊ ဖြစ်စေတတ်ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ပုထုဇ္ဇနာ၊ ပုထုဇ္ဇန မည်ကုန်၏။ ပုထု အဝိဟတသက္ကာယဒိဋ္ဌိကာ၊ များစွာသော မသတ်မပယ်အပ်သော သက္ကာယဒိဋ္ဌိ ရှိကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ပုထုဇ္ဇနာ၊ ပုထုဇ္ဇနာ မည်ကုန်၏။ ဝစနတ္ထအစစ်ကား-

ပုထု နာနပ္ပကာရာ သက္ကာယဒိဋ္ဌိယော ဇနေန္တီတိ ပုထုဇ္ဇနာ။ ပုထု နာနပ္ပကာရာ-ဟိ သက္ကာယဒိဋ္ဌီဟိ ဇနေတဗ္ဗာတိ ပုထုဇ္ဇနာ။ ပုထု နာနပ္ပကာရာ ဇနာ အဝိ-ဟတာ သက္ကာယဒိဋ္ဌိယော ဧတေသန္တိ ပုထုဇ္ဇနာ။ ဟု ပြု။

ပုထု နာနပ္ပကာရာ၊ အထူးထူးအပြားပြား များကုန်သော။ သက္ကာယဒိဋ္ဌိယော၊ သက္ကာယဒိဋ္ဌိတို့ကို။ ဇနေန္တိ၊ ဖြစ်စေတတ်ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ပုထုဇ္ဇနာ၊ ပုထုဇ္ဇန မည်ကုန်၏။ ပုထု နာနပ္ပကာရာဟိ၊ အထူးထူးအပြားပြား များကုန်သော။ သက္ကာယ-ဒိဋ္ဌီဟိ၊ သက္ကာယဒိဋ္ဌိတို့ဖြင့်။ ဇနေတဗ္ဗာ၊ ဖြစ်စေအပ်ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ပုထုဇ္ဇနာ၊ ပုထုဇ္ဇန မည်ကုန်၏။ ဧတေသံ၊ ထိုပုဂ္ဂိုလ်တို့အား။ ဇနာ အဝိဟတာ၊ မသတ်မပယ် အပ်ကုန်သော။ ပုထု နာနပ္ပကာရာ၊ အထူးထူးအပြားပြား များကုန်သော။ သက္ကာယဒိဋ္ဌိ-ယော၊ သက္ကာယဒိဋ္ဌိတို့သည်။ သန္တိ၊ ရှိကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ပုထုဇ္ဇနာ၊ ပုထုဇ္ဇန မည်ကုန်၏။ [ နောက်ဝိကပ်၌ ဇနသဒ္ဒါ အဝိဟတအနက်ဟော။]

ပုထု သတ္ထာရာနံ၊ များစွာကုန်သော ဆရာတို့၏။ မုခံ'မုလ္လောကိတာ၊ မျက်နှာကို မော်၍ ကြည့်တတ်ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ပုထုဇ္ဇနာ၊ ပုထုဇ္ဇန မည်ကုန်၏။

ဝစနတ္ထအစစ်ကား "ပုထု နာနပ္ပကာရာ ဇနာ ဧတေသန္တိ ပုထုဇ္ဇနာ"ဟု ပြု။

ဧတေသံ၊ ထိုပုဂ္ဂိုလ်တို့အား။ ပုထု နာနပ္ပကာရာ၊ အထူးထူးအပြားပြား များကုန်သော။ ဇနာ၊ ဆရာဖြစ်သောသူတို့သည်။ သန္တိ၊ ရှိကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ပုထုဇ္ဇနာ၊ ပုထုဇ္ဇန မည်ကုန်၏။

ပုထု သဗ္ဗဂတီဟိ၊ အလုံးစုံသော ဂတိတို့မှ။ အဝုဋ္ဌိတာ၊ မထမြောက်နိုင်ကုန်။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ပုထုဇ္ဇနာ၊ ပုထုဇ္ဇန မည်ကုန်၏။

ဝစနတ္ထအစစ်ကား "ဇနေတဗ္ဗာ ဇာယန္တိ ဝါ ဧတ္ထာတိ ဇနာ"ဟု ပြု။

ဧတ္ထ၊ ဤ ၅-ပါးသော ဂတိတို့၌။ ဇနေတဗ္ဗာ၊ ဖြစ်စေအပ်ကုန်၏။ ဝါ၊ တစ်နည်းကား။ ဇာယန္တိ၊ ဖြစ်တတ်ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဇနာ၊ ဇန မည်ကုန်၏။ ဂတိ ရစေ။

"ပုထု ဇနာ ဧတေသန္တိ ပုထုဇ္ဇနာ"ဟု ပြု။

ဧတေသံ၊ ထိုပုဂ္ဂိုလ်တို့အား။ ပုထု၊ အလုံးစုံကုန်သော။ ဇနာ၊ ဖြစ်စေအပ်ကုန်သော (ဝါ) ဖြစ်ရာဖြစ်ကုန်သော ဂတိတို့သည်။ သန္တိ ရှိကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ပုထုဇ္ဇနာ၊ ပုထုဇ္ဇန မည်ကုန်၏။ ပုထုဇန်ပုဂ္ဂိုလ် ရစေ။

ပုထု နာနာဘိသင်္ခါရာ၊ အထူးထူးသော သင်္ခါရတရားတို့သည်။ အဘိသင်္ခရောန္တိ၊ ပြုပြင်တတ်ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ပုထုဇ္ဇနာ၊ ပုထုဇ္ဇန မည်ကုန်၏။

ဝစနတ္ထအစစ်ကား "ဣတော ပရေ ဇာယန္တိ ဧတေဟီတိ ဇနာ"ဟု ပြု။

ဧတေဟိ၊ ထိုအဘိသင်္ခါရတို့ကြောင့်။ ဣတော၊ ဤဘဝဂတိမှ။ ပရေ၊ တပါးသော ဘဝဂတိတို့သို့။ ဇာယန္တိ၊ ဖြစ်တတ်ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဇနာ၊ ဇန မည်ကုန်၏။ **အဘိသင်္ခါရကို** ရစေ။

ပုထု နာနာဩဃေဟိ၊ အထူးထူးသော ဩဃတို့သည်။ ဝုယှန္တိ၊ မျောအပ်ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ပုထုဇ္ဇနာ၊ ပုထုဇ္ဇန မည်ကုန်၏။

ပုထု နာနာသန္တာပေဟိ၊ ရာဂ-စသော အထူးထူးသော ပူပန်စေတတ်သော တရားတို့သည်။ သန္တပ္ပန္တိ၊ ပူပန်စေအပ်ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ပုထုဇနာ၊ ပုထုဇန မည်ကုန်၏။ ပုထု နာနာပရိဠာဟေဟိ၊ ကိလေသာ-ဟူသော အထူးထူးသော လောင်တတ်ကုန်သောသူတို့သည်။ ဍယှန္တိ၊ လောင်အပ်ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ပုထုဇ္ဇနာ၊ ပုထုဇ္ဇန မည်ကုန်၏။

ဝစနတ္ထအစစ်ကား "ပုထု နာနပ္ပကာရေဟိ ဩဃာဒီဟိ ဇနေတဗ္ဗာတိ ပုထုဇ္ဇနာ" ဟု ပြု။

ပုထု နာနပ္ပကာရေဟိ၊ အထူးထူးအပြားပြား များကုန်သော။ ဩဃာဒီဟိ၊ ဩဃ အစရှိသည်တို့သည်။ ဇနေတဗ္ဗာ၊ ဖြစ်စေအပ်ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ပုထုဇ္ဇနာ၊ ပုထုဇ္ဇန မည်ကုန်၏။

ပုထု ပဉ္စသု ကာမဂုဏေသု၊ များစွာကုန်သော ကာမဂုဏ် ၅-ပါးဟု ဆိုအပ်သော တရားအစုတို့၌။ ရတ္တာ၊ တပ်တတ်ကုန်၏။ ဂိဒ္ဓါ၊ မက်မောတတ်ကုန်၏။ ဂဓိတာ၊ မက်မောသောအားဖြင့် ဖြစ်တတ်ကုန်၏။ မုစ္ဆိတာ၊ မိန်းမောတတ်ကုန်၏။ အဇ္ဈောသန္နာ၊ နစ်မွန်းတတ်ကုန်၏။ လဂ္ဂါ၊ ကပ်ငြိတတ်ကုန်၏။ လဂ္ဂိတာ၊ ကပ်ငြိသောအားဖြင့် ဖြစ်တတ်ကုန်၏။ ပလိဗုဒ္ဓါ၊ နှိပ်စက်အပ်ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ပုထုဇ္ဇနာ၊ ပုထုဇ္ဇန မည်ကုန်၏။

ဝစနတ္ထအစစ်ကား "ဇာယတီတိ ဇနော"ဟု ပြု။

ဇာယတိ၊ ဖြစ်စေတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဇနော၊ ဇန မည်၏။ ရာဂဝေဓ စသည်ကို ရစေ။

"ပုထု ဇနာ ဧတေသန္တိ ပုထုဇ္ဇနာ"ဟု ပြု။

ပုထု၊ များစွာကုန်သော။ ဇနာ၊ ဖြစ်စေတတ်ကုန်သော ရာဂ, ဝေဓ, ဂဓိတ, မုစ္ဆိတ အစရှိသည်တို့သည်။ သန္တိ၊ ရှိကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ပုထုဇ္ဇနာ၊ မည်ကုန်၏။

တစ်နည်း "ပုထု ဇနာ ရတ္တာ'တိ ပုထုဇ္ဇနာ၊ ပုထု ဇနာ ပလိဗုဒ္ဓါ'တိ ပုထုဇ္ဇနာ"ဟု ပြု။

ပုထု၊ များစွာကုန်သော ကာမဂုဏ် ၅-ပါး တရားတို့၌။ ဇနာ ရတ္တာ၊ တပ်တတ်ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ပုထုဇ္ဇနာ၊ ပုထုဇ္ဇန မည်ကုန်၏။ ပုထု၊ များစွာကုန်သော ကာမဂုဏ်တရား ၅-ပါးတို့သည်။ ဇနာ ပလိဗုဒ္ဓါ၊ နှိပ်စက်အပ်ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ပုထုဇ္ဇနာ၊ ပုထုဇ္ဇန မည်ကုန်၏။ (နောက်ဝိကပ်၌ ဇနသဒ္ဒါ, ရာဂ-စသော အနက်ဟော)

ပုထု ပဉ္စဟိ နီဝရဏေဟိ၊ များစွာကုန်သော ၅-ပါးသော နီဝရဏတို့ဖြင့်။ အာဝုတာ၊ ပိတ်အပ်ကုန်၏။ နိဝုတာ၊ မြစ်အပ်ကုန်၏။ ဩဝုဋ္ဌာ၊ အောက်မှ ပိတ်အပ်ကုန်၏။ ပိဟိတာ၊ အထက်မှ ပိတ်အပ်ကုန်၏။ ပဋိစ္ဆန္နာ၊ ဖုံးလွှမ်းအပ်ကုန်၏။ ပဋိကုဇ္ဇိတာ၊ မှောက်အပ်ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ပုထုဇ္ဇနာ၊ ပုထုဇ္ဇန မည်ကုန်၏။

ဝစနတ္ထအစစ်ကား "ပုထု ပဉ္စနီဝရဏေဟိ ဇနေတဗ္ဗာတိ ပုထုဇ္ဇနာ"ဟု ပြု။

ပုထု ပဉ္စနီဝရဏေဟိ၊ များစွာကုန်သော ၅-ပါးသော နီဝရဏတို့သည်။ ဇနေတဗ္ဗာ၊ ဖြစ်စေအပ်ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ပုထုဇ္ဇနာ၊ ပုထုဇ္ဇန မည်ကုန်၏။

ဝါ၊ တစ်နည်းကား။ ပုထု၊ များစွာသော။ ဂဏနပထံ၊ ရေတွက်ခြင်းအကြောင်းကို။ အတီတာနံ၊ လွန်ကုန်သော။ အရိယဓမ္မပရမ္မုခါနံ၊ အရိယာပုဂ္ဂိုလ်တို့၏ တရားမှ မျက်ကွယ်ဖြစ်ကုန်သော။ နီစဓမ္မသမာစာရာနံ၊ ယုတ်သော တရားအကျင့်ရှိကုန်သော။ ဇနာနံ၊ လူတို့၏။

အန္ဓောဂဓတ္တာပိ၊ အတွင်း၌ ဝင်သည်၏အဖြစ်ကြောင့်လည်း။ ပုထုဇ္ဇနာ၊ ပုထုဇ္ဇန မည်ကုန်၏။

ဝစနတ္ထအစစ်ကား "ပုထု ဇနာ ပုထုဇ္ဇနာ"ဟု ပြု။

ပုထု၊ များစွာကုန်သော။ ဇနာ၊ လူတို့တည်း။ ပုထုဇ္ဇနာ၊ များစွာကုန်သော လူတို့။ ဝါ၊ တစ်နည်းကား။ သီလသုတာဒိဂုဏယုတ္တေဟိ၊ သီလ, သုတ-စသော ဂုဏ်ကျေးဇူးတို့နှင့် ယှဉ်ကုန်သော။ အရိယေဟိ၊ အရိယာသခင်တို့မှ။ အယံ ဇနော၊ ဤသူသည်။ ပုထု ဝိသုံ ယေဝ၊ အသီးသာလျှင်။ သဉ်္ဂျ ရေတွက်ခြင်းသို့။ ဂတော၊ ရောက်၏။ ဝိသံသဋ္ဌော၊ မနှီးနှော။ က္လတိပိ၊ ဤသို့သော အနက်သဘောကြောင့်လည်း။ ပုထုဇ္ဇနော၊ ပုထုဇ္ဇန မည်၏။ ဧဝံ၊ သို့။ အဿုတဝါ ပုထုဇ္ဇနောတိ၊ အဿုတဝါ ပုထုဇ္ဇနော-ဟူကုန်သော။ ဒွိဟိ၊ ၂-ပါးကုန်သော။ ဧတေဟိ ပဒေဟိ၊ ဤပုဒ်တို့ဖြင့်။ ဝုတ္တော၊ ဟောတော်မူအပ်၏။

ဤသို့ ပြဆိုခဲ့ပြီးသော 'ပုထု နာနပ္ပကာရာနံ'-အစရှိသော ပါဠိကား မဟာနိဒ္ဒေသ ၇-ခုမြောက်သော မေတ္တေယျသုတ်ပါဠိတော်တည်း။ ဤပြဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ပုထုဇ္ဇန ၏အရကို ပြပြီး၍ အန္ဓ,ကလျာဏအားဖြင့် ပုထုဇန်အပြား ၂-ပါး၊ ထို ၂-ပါးကုန်သော ပုထုဇန်တို့တွင် ဤအဿုတဝါ ပုထုဇ္ဇနော-ဟူသော ပါဠိတော်၏အရ၌ အန္ဓပုထုဇန်ကိုသာ ယူအပ်၏-ဟု ပြတော်မူလိုသော အဋ္ဌကထာဆရာသည်–

ဒုဝေ ပုထုဇ္ဇနာ ဝုတ္တာ၊ ဗုဒ္ဓေနာ'ဒိစ္စဗန္ဓုနာ။
အန္ဓော ပုထုဇ္ဇနော ဧကော၊ ကလျာဏေ'ကော ပုထုဇ္ဇနော။ ။

တေသု အန္ဓပုထုဇ္ဇနော ဝုတ္တော ဟောတီတိ ဝေဒိတဗ္ဗာ။

ဟူသောပါဠိ(အဘိ႒၁။၃၈၄)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

အန္ဓော၊ ပညာမျက်စိကန်းသော။ ပုထုဇ္ဇနော၊ ပုထုဇန်သည်။ ဧကော၊ ၁-ယောက်။ ကလျာဏော၊ ကောင်းသောဂုဏ်နှင့် ပြည့်စုံသော။ ပုထုဇ္ဇနော၊ ပုထုဇန်သည်။ ဧကော၊ ၁-ယောက်။ က္လတိ၊ သို့။ ဒုဝေ၊ ၂-ယောက်ကုန်သော။ ပုထုဇ္ဇနာ၊ ပုထုဇန်တို့ကို။ အာဒိစ္စ-ဗန္ဓုနာ၊ နေမင်း၏ အဆွေဖြစ်တော်မူသော။ ဗုဒ္ဓေန၊ မြတ်စွာဘုရားသည်။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။ က္လတိ၊ သို့။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

အာဂမသုတ, အဓိဂမသုတ ၂-ပါးကိုသာ မေးလျှောက်ရာ ပါသော်လည်း 'အဿုတဝါ ပုထုဇ္ဇနော'ဟူသော ပါဠိတော်၌ ပုထုဇ္ဇနော-ဟူသော ပါဠိတော်၏အနက်ကို အစဉ်မပျက်စေခြင်းငှာ ဆက်၍ ပြဆိုလိုက်သတည်း။ ထိုစကားကို အကျယ်သိလိုသသူတို့ ဓမ္မသင်္ဂဏီအဋ္ဌကထာ၊ နိက္ခေပကဏ္ဍ၊ အဋ္ဌကနိပါတ်၊ အင်္ဂုတ္တိုရ်၊ ၃-ခုမြောက်သော ဂဟပတိ

ဝဂ်အစု၊ ၉-ခုမြောက်သော ခဏသမယသုတ်၊ အဋ္ဌကထာ။ မဟာနိဒ္ဒေသ၊ ၇-ခုမြောက်သော မေတ္တေယျသုတ်၊ ပါဠိ,အဋ္ဌကထာတို့မှာ ကြည့်လေ။ *(ဤကျမ်း၊ ဒုတိယတွဲ၊ ပဥ္စမပိုင်း၊ နှာ ၁၁၆၄-ကိုလည်း ရှုရန်။)*

ရတနာသိခ်မြို့၊ ရှင်ပညာက "ပကိဏ္ဏကဝိသဇ္ဇနာ ပဌမထုပ်၊ ပဥ္စမပရိစ္ဆေဒ ဒွါဒသမအဋ္ဌက္ခဏပုစ္ဆာတွင်ပါသော '**ခဏကိစ္စော လောကော ခဏကိစ္စော လောကောတိ အဿုတဝါ ပုထုဇ္ဇနော ဘိက္ခဝေ ဘာသတိ**'-ဟူသော အဋ္ဌကနိပါတ်၊ အင်္ဂုတ္တိုရ်ပါဠိတော်၏အရတွင် အာဂမသုတ, အဓိဂမသုတ ၂-ပါးတို့၏ သရုပ်အဓိပ္ပါယ်ကို အကျယ်သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါ"ဟု လျှောက်သောကြောင့် ကျမ်းဂန်ပါဠိ ရှိသည့်အလာ ဒေသနာနယကို ထုတ်ဆောင်၍ ၁၂၃၈-ခု၊ ပြာသိုလပြည့်ကျော်၊ ၅-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## ဒါယကာရွှေတုံးလှေတော်ပဲ့နင်း-က "မရဏာသန္နဇော ၇-ကြိမ်"ဟူသော စကားကို ဖြေကြားတော်မူရန် လျှောက်ထားချက်

[ ၁၁၉ ] "ဘုရားတပည့်တော် ရွှေတုံးလှေတော်ပဲ့နင်း နေမျိုးမင်းလှသခ်ယာ လျှောက်ပါသည် ဆရာတော်ဘုရား။

ထေရော ဝီရိယသမာဓိံ ယောဇေတွာ သဟ ပဋိသမ္ဘိဒါဟိ အရဟတ္တံ ပါပုဏိတွာ သမသီသီ ဟုတွာ ပရိနိဗ္ဗာယိ- ဟူသော သတိပဋ္ဌာနဝိဘင်္ဂအဋ္ဌကထာ(၂၅၁)။

သမသီသီတိ ဝါရသမသီသီ ဟုတွာ ပစ္စဝေက္ခဏဝါရဿ အနန္တရဝါရေ ပရိနိဗ္ဗာယီတိ အတ္ထော။ - ဟူသော သတိပဋ္ဌာနဝိဘင်္ဂမူလဋီကာ(၁၅၆)။

ကထံ'မိဒံ သမံ ဟောတီတိ ဝါရသမတာယ။ ယသ္မာ ဟိ ဝါရေ မဂ္ဂဝုဋ္ဌာနံ ဟောတိ။ သောတာပတ္တိမဂ္ဂေ ပဉ္စ ပစ္စဝေက္ခဏာနိ, သကဒါဂါမိမဂ္ဂေ ပဉ္စ, အနာဂါမိမဂ္ဂေ ပဉ္စ, အရဟတ္တမဂ္ဂေ စတ္တာရီတိ ဧကူနဝီသတိယာ ပစ္စဝေက္ခဏညာဏေ ပတိဋ္ဌာယ ဘဝင်္ဂ ဩတရိတွာ ပရိနိဗ္ဗာယတိ။ ဣမာယ ဝါရသမတာယ ဣဒံ ဥဘယသီသပရိယာဒါနံ သမံ ဟောတိ နာမ။ -

ဟူသော ပုဂ္ဂလပညတ်၊ ဧကကသမသီသီ နိဒ္ဒေသအဋ္ဌကထာ (၃၈)။

ဘဝင် ဩတရိတွာ ပရိနိဗ္ဗာယတီတိ ဧတ္ထ ပရိနိဗ္ဗာနစိတ္တမေဝ ဘဝင်္ဂေါတရဏာ-ဘာဝေန ဝုတ္တန္တိ ဒဋ္ဌဗ္ဗံ။ –

ဟူသော ပုဂ္ဂလပညတ်၊ ကေကသမသီသီ၊ နိဒ္ဒေသမူလဋီကာ(၃၄)။

ဘဝင်္ဂေါတရဏာဘာဝေန ဝုတ္တန္တိ န ပရိနိဗ္ဗာနစိတ္တတော အညံ ဘဝင်္ဂန္တိ အဓိပ္ပါယော။

ဟူသော ၎င်းအဖွင့် မဓုဋီကာတို့ကို စွဲ၍ အချို့ကုန်သော ဆရာသခင်, လူ, ရှင်, ရဟန်းတို့က မရဏာသန္နဇော ၇-ကြိမ်-ဟူ၍ ပြောဆိုကြပါသည်။ ထိုစကားသည် ယခင်ပြဆိုခဲ့သော ပါဠိ,အဋ္ဌကထာ, ဋီကာပါဌ်တို့တွင် 'ပစ္စဝေက္ခဏာဝါရဿ အနန္တ-ရဝါရေ ပရိနိဗ္ဗာယိ' ဟူသော မူလဋီကာပါဌ်၌ 'ပစ္စဝေက္ခဏာဝါရဿ အနန္တရဝါရေ' ဆိုသောကြောင့် ပစ္စဝေက္ခဏာဝါရဇော ၇-ကြိမ်၏ အခြားမဲ့၌ပင် စုတိစိတ်ဖြစ်ရကား ပစ္စဝေက္ခဏာ ဇောဝါရကို စွဲ၍ မရဏာသန္နဇော ၇-ကြိမ်ပင် ဖြစ်သင့်သည်-ဟု ပြောဆိုကြသော အရာကို နေရာကျ မသိနိုင်ဖြစ်ပါ၍ နေရာကျ သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။"

၎င်းဒါယကာ လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ–

[၁၁၉] ထေရော ဝီရိယသမာဓိံ ယောဇေတွာ သဟ ပဋိသမ္ဘိဒါဟိ အရဟတ္တံ ပါပုဏိတွာ သမသီသီ ဟုတွာ ပရိနိဗ္ဗာယိ။

ဟူသော သတိပဋ္ဌာနဝိဘင်းအဋ္ဌကထာ။

ပစ္စဝေက္ခဏာဝါရဿ အနန္တရဝါရေ ပရိနိဗ္ဗာယိ။

ဟူသော ၎င်းအဖွင့် မူလဋီကာပါဌ်တို့ကို စွဲ၍ မရဏာသန္နဇော ၇-ကြိမ်ဟူသော စကားကို မေးလျှောက်သည်မှာ–

အမေးတွင် အဖြေပါသော စကားဖြစ်ရကား အသစ်ထိုးထွင်း၍ ကြံဖွယ်မရှိ။ ယင်းသည့် အဋ္ဌကထာ, ဋီကာ, ပါဠိဖြင့်ပင် သိသာခြားနား ကွဲပြားသင့်ပါသည့်အရာကို သဘောကျ မရိပ်မိ၊ ထိုးထွင်း၍ မသိနိုင်၊ ဉာဏ်မပိုင်သောကြောင့် မနိုင်သောဝန်ကို ဆောင်ယူချီကြွလျှင် ကွဲရှပျက်စီးသကဲ့သို့ အပ္ပသုတတို့ ကြံစည်ယူဆလျှင် နေရာမကျဘဲ ချွတ်လွဲဖောက်ပြန်၍ အလွန်,အယုတ် မဟုတ်,မမှန် ရှိတတ်၏။

ယခင်မေးလျှောက်ရာ အဋ္ဌကထာ, ဋီကာပါဌ်တို့တွင် "ပစ္စဝေက္ခဏာဝါရဿ အနန္တ-ရဝါရေ"ဟူသော သတိပဋ္ဌာနဝိဘင်္ဂမူလဋီကာပါဌ်၌ "ပစ္စဝေက္ခဏာဝါရဿ အနန္တရေ"ဟု အရှင်ဋီကာဆရာ-မပြ။ "ပစ္စဝေက္ခဏာဝါရဿ အနန္တရဝါရေ"ဟူသော ဋီကာဆရာ၊ အာနန္ဒာ ပုဂ္ဂိုလ် မိန့်ဆိုဖွင့်လှစ်ပေရကား ပစ္စဝေက္ခဏာဇောဝါရ၏အဆုံး၌ မရဏာသန္နဝီထိဇောဝါရ အသီးအခြားကျ၍ ပရိနိဗ္ဗာနစိတ် ဖြစ်တော်မူသည် ယူရမည်။ နောက်၌ ပြဆိုသော ပုဂ္ဂလ-ပညတ်အဋ္ဌကထာ, ဋီကာတို့၌လည်း ဤနည်းဖြင့်သာ ယူအပ်၏။ ထိုသို့ မယူဘဲ ပစ္စဝေက္ခ-ဏာဇောဝါရ၏အဆုံး၌ စုတိစိတ်ကျသည်-ဟု ယူခဲ့အံ့။ အဘိဓမ္မတ္ထသင်္ဂဟအဋ္ဌကထာ, အဘိဓမ္မတ္ထဝိဘာဝနီဋီကာ, ၎င်းအဖွင့်ဖြစ်သော မဏိသာရမဉ္ဇူသာဋီကာများနှင့် ဆန့်ကျင်သည်သာ ဖြစ်ရာ၏။

ထေရော၊ စိတ္တလပဗ္ဗတ၌နေသော မထေရ်သည်။ ဝီရိယသမာဓိံ၊ ဝီရိယနှင့် ယှဉ်သော သမာဓိကို။ ယောဇေတွာ၊ ယှဉ်၍။ ပဋိသမ္ဘိဒါပတ္တိ၊ ၄-ပါးကုန်သော ပဋိသမ္ဘိဒါတို့နှင့်။ သဟ၊ တကွ။ အရဟတ္တံ၊ အရဟတ္တဖိုလ်သို့။ ပါပုဏိတွာ၊ ရောက်၍။ သမသီသီ၊ ဝါရသမ-သီသီသည်။ ဟုတွာ၊ ဖြစ်၍။ ပရိနိဗ္ဗာယိ၊ ပရိနိဗ္ဗာန် ပြုတော်မူ၏။ သမသီသီတိ၊ သမသီသီ-ဟူသည်ကား။ ဝါရသမသီသီ၊ ဝါရ၏-မျှခြင်းတည်းဟူသော ဝါရသမသီသီသည်။ ဟုတွာ၊ ဖြစ်၍။ ပစ္စဝေက္ခဏာဝါရဿ၊ ပစ္စဝေက္ခဏာဝါရ၏။ အနန္တရဝါရေ၊ အခြားမဲ့၌ ဖြစ်သော မရဏာသန္နဝီထိဇောဝါရ၌။ ပရိနိဗ္ဗာယိ၊ ပရိနိဗ္ဗာန်ပြုတော်မူ၏။ က္ကတိ အယံ၊ ဤသည်လျှင်။ အတ္ထော၊ အနက်တည်း။

ကထံ၊ အဘယ်သို့သော အခြင်းအရာဖြင့်။ ဝါ၊ အဘယ်သို့သော အကြောင်းကြောင့်။ ဣဒံ၊ ဤကိလေသသီသ, ပဝတ္တသီသ ၂-ပါးစုံ၏ ကုန်ခြင်းသည်။ သမံ၊ အညီအညွတ် တပြိုင်နက်သည်။ ဟောတိ၊ ဖြစ်သနည်း။ က္ကတိ စေ၊ ဤသို့ မေးငြားအံ့။ ဝါရသမတာယ၊ ဝါရမျှသည်၏ အဖြစ်ကြောင့်။ သမံ၊ အညီအညွတ် တပြိုင်နက်သည်။ ဟောတိ၊ ဖြစ်၏။ ဟိ ဝိတ္ထာရေမိ၊ အကျယ်ပြအံ့။ ယသ္မိံ ဝါရေ၊ အကြင်ဝါရ၌။ မဂ္ဂဝုဋ္ဌာနံ၊ မဂ် ဟူသော သံသရာဝဋ်မှ ထမြောက်ခြင်းသည်။ ဝါ၊ မဂ်ဖြင့် သံသရာဝဋ်မှ ထမြောက်ခြင်းသည်။ ဟောတိ၊ ဖြစ်၏။

အထ၊ ထိုအခါ၌။ (အထကား- ပါဌ်သေသ၊ အထသောတာပတ္တိမဂ္ဂေ-စသည်ဖြင့်လည်း ပါဌ်ရှိသင့်၏။) သောတာပတ္တိမဂ္ဂေ၊ သောတာပတ္တိမဂ်၌။ ပဉ္စ၊ မဂ်ကို ဆင်ခြင်ခြင်း, ဖိုလ်ကို ဆင်ခြင်ခြင်း, ပယ်အပ်ပြီးသော ကိလေသာကို ဆင်ခြင်ခြင်း, ကြွင်းသေးသော ကိလေသာကို ဆင်ခြင်ခြင်း, နိဗ္ဗာန်ကို ဆင်ခြင်ခြင်းအားဖြင့် ၅-ပါးကုန်သော။ ပစ္စဝေက္ခဏာဉာဏာနိ၊ ပစ္စဝေက္ခဏာဉာဏ်တို့သည်။ ဟောန္တိ၊ ကုန်၏။ သကဒါဂါမိမဂ္ဂေ၊ သကဒါဂါမိမဂ်၌။ ပဉ္စ၊

၅-ပါးကုန်သော။ ပစ္စဝေက္ခဏာဉာဏာနိ၊ ပစ္စဝေက္ခဏာဉာဏ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အနာဂါမိမဂ္ဂေ၊ အနာဂါမိမဂ်၌။ ပဉ္စ၊ ၅-ပါးကုန်သော။ ပစ္စဝေက္ခဏာဉာဏာနိ၊ ပစ္စဝေက္ခဏာဉာဏ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အရဟတ္တမဂ္ဂေ၊ အရဟတ္တမဂ်၌။ စတ္တာရိ၊ မဂ်ကို ဆင်ခြင်ခြင်း, ဖိုလ်ကို ဆင်ခြင်ခြင်း, ပယ်အပ်ပြီးသော ကိလေသာကို ဆင်ခြင်ခြင်း, နိဗ္ဗာန်ကို ဆင်ခြင်ခြင်းအားဖြင့် ၄-ပါးကုန်သော။ ပစ္စဝေက္ခဏာဉာဏာနိ၊ ပစ္စဝေက္ခဏာဉာဏ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဣတိ၊ သို့။ ဧကူနဝီသတိယာ၊ ၁၉-ကြိမ်မြောက်သော။ ပစ္စဝေက္ခဏာဉာဏေ၊ ပစ္စဝေက္ခဏာဉာဏ်၌။ ပတိဋ္ဌာယ၊ တည်၍။ ဝါ၊ တန့်၍။ ဘဝဂ္ဂံ၊ ပရိနိဗ္ဗုတ္တတည်းဟူသော ဘဝင်သို့။ ဩတရိတွာ၊ သက်၍။ ပရိနိဗ္ဗာယတိ၊ ပရိနိဗ္ဗာန် ပြုတော်မူ၏။ ဣမာယ ဝါရသမတာယ၊ ဤပစ္စဝေက္ခဏာဝါရ, စုတိဝါရတို့၏ တူမျှသည်၏ အဖြစ်ကြောင့်။ ဣဒံ ဥဘယသီသပရိယာဒါနံ၊ ဤကိလေသသီသ, ပဝတ္တသီသ ၂-ပါး၏ ကုန်ခြင်းသည်။ သမံ၊ တူမျှသည်။ ဟောတိ နာမ၊ ဖြစ်သည် မည်၏။ ဣတိ၊ သို့။ ဝိသဇ္ဇေတဗ္ဗံ၊ ဖြေအပ်၏။

ဤအဋ္ဌကထာပါဌ်၌ ဥဘယသီသ၏အရကို ကိလေသသီသ, ပဝတ္တသီသ ၂-ပါးကို ယူအပ်၏။ ထို ၂-ပါးတို့တွင်–

- အဝိဇ္ဇာသည် ကိလေသာတို့၏ ဦးခေါင်းဖြစ်၍ ကိလေသသီသ မည်၏။
- ဇီဝိတိန္ဒြေသည် ဝဋ္ဋတရား၏ ဦးခေါင်းဖြစ်၍ ပဝတ္တသီသ မည်၏။

ထို ၂-ပါးတို့တွင် ကိလေသသီသ-ဟု ဆိုအပ်သော အဝိဇ္ဇာကို အရဟတ္တမဂ်ဉာဏ်ဖြင့် ကုန်စေ၏။ ပဝတ္တသီသ-ဟု ဆိုအပ်သော ဇီဝိတိန္ဒြေကို ရဟန္တာတို့ စုတိစိတ်ဖြင့် ကုန်စေ၏။ ကိလေသာ၏ ဦးခေါင်းဖြစ်သော အဝိဇ္ဇာကို ကုန်စေသော အရဟတ္တမဂ်စိတ်သည် ဝဋ္ဋတရား၏ ဦးခေါင်းဖြစ်သော ဇီဝိတိန္ဒြေကို ကုန်အောင် မတတ်နိုင်။ ဝဋ္ဋတရား၏ ဦးခေါင်းဖြစ်သော ဇီဝိတိန္ဒြေကို ကုန်စေသော ရဟန္တာပုဂ္ဂိုလ်တို့၏ စုတိစိတ်သည်လည်း ကိလေသာ၏ ဦးခေါင်းဖြစ်သော အဝိဇ္ဇာကို ကုန်အောင် မတတ်နိုင်။ ဤသို့ အထူးမှတ်။

သည် ၂-ပါးကုန်သော ကိလေသသီသ, ပဝတ္တသီသတို့၏ တပြိုင်နက် ကုန်ခြင်းသို့ ရောက်သော ပုဂ္ဂိုလ်သည် သမသီသီပုဂ္ဂိုလ် ၃-ပါးတို့တွင် ဇီဝိတသမသီသီပုဂ္ဂိုလ် မည်၏။

"ဘဝင်္ဂံ ဩတရိတွာ ပရိနိဗ္ဗာယိတိ ဧတ္ထ၊ ဘဝင်္ဂံ ဩတရိတွာ ပရိနိဗ္ဗာယိ"ဟူသော အဋ္ဌကထာပါဌ်၌။ ပရိနိဗ္ဗာနစိတ္တမေဝ၊ ပရိနိဗ္ဗာန်စိတ်ကိုပင်လျှင်။ ဘဝင်္ဂေါတရဏဘာဝေန၊ ဘဝင်သို့ သက်သည်၏အဖြစ်ဖြင့်။ ဝုတ္တံ၊ ဆိုအပ်၏။ ဣတိ၊ သို့။ ဒဋ္ဌဗ္ဗံ၊ မှတ်အပ်၏။

ဘဝင်္ဂေါတရဏာဘာဝေနာတိ၊ ဘဝင်္ဂေါတရဏာဘာဝေန-ဟူသည်ကား။ ပရိနိဗ္ဗာန-စိတ္တတော၊ ပရိနိဗ္ဗာန်စိတ်မှ။ အညံ၊ တပါးသော။ ဘဝင်္ဂ၊ ဘဝင်စိတ်သည်။ နတ္ထိ၊ မရှိ။ ဣတိ အယံ အဓိပ္ပါယော၊ ဤကား အဓိပ္ပါယ်တည်း။

ဤအဋ္ဌကထာ, ဋီကာ, ပါဌ်တို့တွင် အဋ္ဌကထာပါဌ်၌-

**ကေနုဝီသတိယာ ပစ္စဝေက္ခဏာဉာဏေ ပတိဋ္ဌာယ ဘဝင်္ဂ ဩတရိတွာ ပရိနိဗ္ဗာယတိ။**

ဟူသောပါဌ်ဖြင့် ၁၉-ပါးသော ပစ္စဝေက္ခဏာဝီထိဇောဝါရ၏ အခြားမဲ့၌ တပါးသော ဝီထိဇောဝါရမဖြစ်ဘဲ မရဏာသန္နဝီထိဇောဝါရဖြစ်၍ ပရိနိဗ္ဗာန်ပြုသည်ကို ပြသည်။ "ဘဝင်္ဂ ဩတရိတွာ"၏ အရကိုလည်း ပရိနိဗ္ဗာနစိတ်သည်ပင် ဘဝင်စိတ်ဖြစ်၏-ဟူလို။

အထက်မေးလျှောက်ရာ ပါသော စကားအရ ဝါဒအညီ သီမသောဓနဆရာလည်း ဤသမသီသိနိဒ္ဒေသကဏ္ဍ၊ စတုတ္ထပရိစ္ဆေဒ၌-

> **ဣမသ္မိံ သမသီသိနိဒ္ဒေသဝါရေပိ မရဏာသန္နဝီထိစိတ္တဿ ဝိသုံ အလဒ္ဓမာန-တော ပစ္စဝေက္ခဏန္တေယေဝ ဘဝင်္ဂစိတ္တေန ပရိနိဗ္ဗာယနတော ပရိပုဏ္ဏဝသေန သတ္တဇဝနစိတ္တာနိ ပါဠိကမ္မဋ္ဌာနိတိ အမှာကံ ခန္တိ။ ဝိမံသိတွာ ဂဟေတဗ္ဗော။ ဣတော ယုတ္တတရော ဝါ ပကာရော လဒ္ဓမာနော ဂဝေသိတဗ္ဗော။**

ဟူသော ပါဌ်ကို ပြသည်။

ဣမသ္မိံ သမသီသိနိဒ္ဒေသဝါရေပိ၊ ဤသမသီသိနိဒ္ဒေသဝါရ၌လည်း။ မရဏာသန္န-ဝီထိစိတ္တဿ၊ မရဏာသန္နဝီထိစိတ်ကို။ ဝိသုံ၊ အသီး။ အလဒ္ဓမာနတော၊ မရသင့်သော ကြောင့်။ ပစ္စဝေက္ခဏန္တေယေဝ၊ ပစ္စဝေက္ခဏာဇော၏ အဆုံး၌သာလျှင်။ ဘဝင်္ဂစိတ္တေန၊ ဘဝင်စိတ်ဖြင့်။ ပရိနိဗ္ဗာယနတော၊ ပရိနိဗ္ဗာန်ပြုခြင်းကြောင့်။ ပရိပုဏ္ဏဝသေန၊ ပြည့်စုံသည်၏ အစွမ်းအားဖြင့်။ သတ္တဇဝနစိတ္တာနိ၊ ၇-ကြိမ်သော ဇောစိတ်တို့ကို။ ပါဠိကမ္မဋ္ဌာနိ၊ အလိုရှိ အပ်ကုန်၏။ ဣတိ အယံ၊ ဤသည်လျှင်။ အမှာကံ၊ ငါတို့၏။ ခန္တိ၊ နှစ်သက်ခြင်းတည်း။ ဝိမံသိတွာ၊ စုံစမ်းဆင်ခြင်၍။ ဂဟေတဗ္ဗော၊ ယူအပ်၏။ ဣတော၊ ဤပြဆိုခဲ့ပြီးသော ဝါဒ ထက်။ ယုတ္တတရော၊ သာလွန်သင့်မြတ်သော။ ပကာရော ဝါ၊ အပြားကိုမူလည်း။ လဒ္ဓမာ-နော၊ ရခဲ့မူကား။ ဂဝေသိတဗ္ဗော၊ ရှာကြံအပ်၏။

ဤသီမသောဓနဆရာလည်း မိမိသဘောကျ သကဝါဒကိုသာ ပြသည်။ အာစရိယ-သမာနဝါဒ မဟုတ်။ ထိုသို့ မဟုတ်ခြင်းကြောင့် မိမိဝါဒကိုပင် ယုံကြည်စိတ်ချ၍ မဆုံးဖြတ်နိုင် လေရကား-

**ဣတော ယုတ္တတရော ဝါ ပကာရော လဒ္ဓမာနော ဂဝေသိတဗ္ဗော။**

ဆိုပြန်သတည်း။ ထိုသို့ သီမသောဓနဆရာ မှာဆိုသည့်အတိုင်း-

**ပစ္စဝေက္ခဏာဝါရဿ အနန္တရဝါရေတိ ဝုတ္တတ္တာ ပစ္စဝေက္ခဏာဝါရဿ အန္တေ ပစ္စေကံ မရဏာသန္နဝီထိ ဟုတွာ ပရိနိဗ္ဗာယတိ။**

ဟု ရှာအပ်၏။

ပစ္စဝေက္ခဏာဝါရဿ အနန္တရဝါရေတိ၊ **ပစ္စဝေက္ခဏာဝါရဿ အနန္တရဝါရေ**-ဟူ၍။ ဝုတ္တတ္တာ၊ အရှင်ဋီကာဆရာ မိန့်မှာတော်မူသည်၏အဖြစ်ကြောင့်။ ပစ္စဝေက္ခဏာဝါရဿ၊ ပစ္စဝေက္ခဏာဇောဝါရ၏။ အန္တေ၊ အဆုံး၌။ ပစ္စေကံ၊ အသီး။ မရဏာသန္နဝီထိ၊ မရဏာသန္နဇောဝီထိဝါရသည်။ ဟုတွာ၊ ဖြစ်၍။ ပရိနိဗ္ဗာယတိ၊ ပရိနိဗ္ဗာန် ပြု၏။

အဘိဓမ္မတ္ထသင်္ဂဟမည်သော လက်သန်းအဋ္ဌကထာ၌ကား မရဏာသန္နဇောဝါရ ၅-ကြိမ်သာ ဇောသင့်ကြောင်းကို-

**မန္ဒပ္ပဝတ္တိယံ ပန မရဏကာလာဒီသု ပဉ္စဝါရမေဝ။**

ဟု ပြသည်။

မန္ဒပ္ပဝတ္တိယံ ပန၊ နှေးသည်ဖြစ်၍ ဖြစ်ခြင်းကြောင့်ကား။ မရဏကာလာဒီသု၊ သေခါနီး ကာလ-စသည်တို့၌။ ပဉ္စဝါရမေဝ၊ ၅-ကြိမ်သာလျှင်။ ဇဝန္တိ၊ ဇောကုန်၏။

မန္ဒပ္ပဝတ္တိ-ဟူသည် သေခါနီးသောကာလ မရဏာသန္နအခါ၌ ဟဒယဝတ္ထု အားနည်းသောကြောင့် အလွန်အားနည်းသော ဇောအဟုန် ရှိသည်။ မရဏကာလာဒီသု-၌ အာဒိသဒ္ဒါဖြင့် မုစ္ဆာကာလကို။ ဝါ၊ တွေဝေမိန်းမောသော ကာလကို သင်္ဂြိုဟ်အပ်၏။

ထို့ကြောင့် အဘိဓမ္မတ္ထဝိဘာဝိနီမည်သော ရင်းအဖွင့်ဋီကာ(နှာ-၁၅၅)၌-

**မန္ဒပ္ပဝတ္တိယန္တိ မရဏာသန္နကာလေ ဝတ္ထုဒုဗ္ဗလတာယ မန္ဒီဘူတဝေဂတ္တာ မန္ဒံ ဟုတွာ ပဝတ္တိယံ။ မရဏကာလာဒီသူတိ အာဒိသဒ္ဒေန မုစ္ဆာကာလံ သင်္ဂဏှာတိ။**

ဟူသောပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

မန္ဒပ္ပဝတ္တိယန္တိ၊ မန္ဒပ္ပဝတ္တိယံ-ဟူသည်ကား။ မရဏာသန္နကာလေ၊ သေခါနီးသော ကာလ၌။ ဝတ္ထုဒုဗ္ဗလတာယ၊ ဟဒယဝတ္ထု အားနည်းသည်၏ အဖြစ်ကြောင့်။ (မန္ဒီဘူတဝေဂ-၌ ဟိတ်စပ်။) မန္ဒီဘူတဝေဂတ္တာ၊ အလွန်အားနည်းစွာ ဖြစ်၍ဖြစ်သော ကာမဇောအဟုန်

ရှိသည်၏အဖြစ်ကြောင့်။ မန္ဒံ၊ အားနည်းသည်။ ဟုတွာ၊ ဖြစ်၍။ ပဝတ္တိယံ၊ ဖြစ်သောအခါ၌။ **မရဏကာလာဒီသူတိ** ဧတ္ထပဒေ၊ မရဏကာလာဒီသု-ဟူသော ဤပုဒ်၌။ အာဒိသဒ္ဒေန၊ အာဒိသဒ္ဒါဖြင့်။ မုစ္ဆာကာလံ၊ မိန်းမောတွေဝေသောအခါကို။ သင်္ဂဏှာတိ၊ သင်္ဂြိုဟ်(အပ်)၏။

တွေဝေခြင်းဟော မုစ္ဆာ-သဒ္ဒါ၌ မုစ္စကာလံ-ဟု အချို့စာ ရှိတတ်၏။ မုစ္ဆကာလံ-ဟူ၍လည်း ဉ-သံယုဂ်နှင့် ရွတ်အံပြောဆိုလေ့ ပြုကြ၏။ မသင့်။ မုစ္ဆာ-ဟု တာလုဇပဉ္စမ, ဒုတိယ အ-သဒိသဒွေးဘော်နှင့် ရှိမှသင့်မည်။ 'မုစ္ဆ မောဟေ' သဒ္ဒနီတိ။ ဆကာရန္တဓာတ်။

ဤသို့ အဘိဓမ္မတ္ထသင်္ဂဟမည်သော အဋ္ဌကထာတွင် 'မန္ဒပ္ပဝတ္တိယံ ပန မရဏကာလာဒီသု ပစ္စဝါရမေဝ'ဟု အရှင်အနုရုဒ္ဓါဆရာ မိန့်မှာတော်မူသည့်အတိုင်း မရဏာသန္နဇော-ဟူက ၇-ကြိမ်ဟူ၍ မရှိရာ။ ၅-ကြိမ်သာ ဖြစ်သင့်ရကား 'ပစ္စဝေက္ခဏဝါရသ အနန္တရဝါရေ ပရိနိဗ္ဗာယိ'-ဟူသော သတိပဋ္ဌာနဝိဘင်း၊ မူလဋီကာပါဌ်အရ၌လည်း ပစ္စဝေက္ခဏာဇောဝါရ၏အဆုံး၌ စုတိစိတ် မကျ။ ပစ္စဝေက္ခဏာဇောဝါရ၏ အခြားမဲ့၌ မရဏာသန္နဇောဝါရ အသီးဖြစ်၍ စုတိကျကြောင်းကို ကောင်းကောင်းကြီး သန္နိဋ္ဌာန်ချ၍ မှတ်ရာ၏။

၎င်းစကားပေတို့ကို အကျယ်သိလိုလျှင် ပဋ္ဌိသမ္ဘိဒါမဂ်အဋ္ဌကထာ။ သတိပဋ္ဌာန-ဝိဘင်္ဂအဋ္ဌကထာ။ ၎င်းမူလဋီကာ၊ ပုဂ္ဂလပညတ်။ ဧကကသမသီသိနိဒ္ဒေသ အဋ္ဌကထာ။ ၎င်းအဖွင့်မူလဋီကာ။ သီမသောဓနသမသီသိနိဒ္ဒေသ စတုတ္ထကဏ္ဍ။ အဘိဓမ္မတ္ထသင်္ဂဟ အဋ္ဌကထာ။ ၎င်းအဖွင့် သုမင်္ဂလသာမိဋ္ဌီကာတို့မှာ ကြည့်လေ။

ရွှေတုံးလှေတော်ပဲ့နင်း နေမျိုးမင်းလှသင်္ခယာက "'ထေရော ဝီရိယသမာဓိံ ယောဇေတွာ သဟ ပဋိသမ္ဘိဒါဟိ အရဟတ္တံ ပါပုဏိတွာ သမသီသီ ဟုတွာ ပရိနိဗ္ဗာယိ'-အစရှိသော အဋ္ဌကထာ, ဋီကာ, ပါဌ်တို့ကို စွဲ၍ မရဏာသန္နဇော ၇-ကြိမ်-ဟူသော စကားကို ကွဲပြားအောင် သိမှတ်လိုပါသည်"ဟု လျှောက်သောကြောင့် ၎င်းအဋ္ဌကထာ, ဋီကာတို့၏ အရ ပရမတ္ထသဘာဝကို ထောက်ဆနိုင်းညှိဆင်ခြင်၍ ၁၂၃၈-ခု၊ တပို့တွဲလဆန်း၊ ၂-ရက်နေ့၊ ဒိပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိမ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★ ★ ★ ★ ★ ★ ★

## ရန်နည်းတံခါးတော်တွင်းနေ ဒကာမောင်ထွေး-က ကာယပသာဒရုပ်တည်ရာကို လျှောက်ချက်

[ ၁၂၀ ] "ဘုရားတပည့်တော် ရန်နည်းတံခါးတော်တွင်းနေ ဒကာမောင်ထွေး ခြေတော်ဦးခိုက် လျှောက်ပါသည် ဆရာတော်ဘုရား။

ကာယပသာဒရုပ်သည် တစ်ကိုယ်လုံး နှံ့၍ တည်သည်-ဆိုသည့်အရာမှာ-

(၁) ကိုယ်အင်္ဂါအစိတ်၌ ကာယပသာဒရုပ်သည် များစွာပင် ဖြစ်မည်။ တစ်ကိုယ်လုံး၌ ကာယပသာဒရုပ်တစ်ခုတည်း နှံ့၍ တည်သည် ဖြစ်မည်။

(၂) ဖောဋ္ဌဗ္ဗာရုံနှင့် ကာယပသာဒရုပ် ထိခိုက်ကြသောအခါ ဖောဋ္ဌဗ္ဗာရုံအများဖြစ်ခဲ့သော် ကာယပသာဒရုပ်လည်း အများပင် ဖြစ်မည်၊ အနည်းပင် ဖြစ်မည်။

(၃) အကယ်၍ အများပင် ဖြစ်ခဲ့အံ့၊ အဘယ် ပသာဒရုပ်ကို ကာယဝိညာဏ် မှီရမည်ကို ကွဲပြားခြားနား သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။"

၎င်းဒကာမောင်ထွေး လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ-

### ကာယပသာဒရုပ်၏ တည်ရာကို မေးလျှောက်သည်မှာ-

[ ၁၂၀ ] (၁) ကာယပသာဒရုပ်သည် အကြင်အရပ်၌ ဥပါဒိန္နကဖြစ်သော ကမ္မဇရုပ်သည် ရှိ၏။ ထိုကမ္မဇရုပ်ရှိရာအရပ်၌ ဝါဂွမ်းလွှာ၌ ဆီသည် နှံ့၍ တည်သကဲ့သို့ တည်၏။ ထိုကာယပသာဒရုပ်သည် ကျေးဇူးပြုခြင်း, ထောက်ပံ့ခြင်း, စောင့်ရှောက်ခြင်း, ခြံရံခြင်း ရှိသည်ဖြစ်၍ ကာယဝိညာဏ်အား ကျေးဇူးပြုနိုင်၏။

ထို့ကြောင့် အဋ္ဌသာလိနီမည်သော ဓမ္မသင်္ဂဏီအဋ္ဌကထာ(၃၄၈)၌-

> ယာဝတာ ပန ဣမသ္မိံ ကာယေ ဥပါဒိန္နကရူပံ နာမ အတ္ထိ။ သဗ္ဗတ္ထ ကာယာယတနံ ကပ္ပါသပဋလေ သ္နေဟော ဝိယ ယထာဝုတ္တပ္ပကာရဥပကာရုပထမ္ဘနာနုပါလနပရိဝါရမေဝ ဟုတွာ ကာယဝိညာဏာဒီနံ ယထာရဟံ ဝတ္ထုဒွါရဘာဝံ သာဓယမာနံ တိဋ္ဌတိ။

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ပန၊ အထူးကို ပြဦးအံ့။ ဣမသ္မိံ ကာယေ၊ ဤကိုယ်၌။ ယာဝတာ ယတ္တကေ ဌာနေ၊ အကြောင်းအမှတ်မရှိသော အရပ်၌။ ဥပါဒိန္နကရူပံ နာမ၊ ဥပါဒိန္နကမည်သော ကမ္မဇရုပ်သည်။ အတ္ထိ၊ ရှိ၏။ သဗ္ဗတ္ထ၊ အလုံးစုံသော ဥပါဒိန္နကမည်သော ကမ္မဇရုပ်ရှိရာ အရပ်၌။ ကာယာ-ယတနံ၊ ကာယာယတနသည်။ ကပ္ပါသပဋလေ၊ ဝါဂွမ်းလွှာ၌။ သ္နေဟော ဝိယ၊ ဆီကဲ့သို့။ ယထာဝုတ္တပ္ပကာရံ အကြောင်းအကြောင် ဆိုအပ်ခဲ့ပြီးသော အပြားရှိသော။ ဥပကာရူပထမ္ဘနာနုပါ-လနပရိဝါရမေဝ၊ ကျေးဇူးပြုခြင်း, ထောက်ပံ့ခြင်း,စောင့်ရှောက်ခြင်း, ခြံရံခြင်းရှိသည်သာလျှင်။ ဟုတွာ၊ ဖြစ်၍။ ကာယဝိညာဏာဒီနံ၊ ကာယဝိညာဏ်-အစရှိသည်တို့၏။ ယထာရဟံ၊ ထိုက်သည်အားလျော်စွာ။ ဝတ္ထုဒွါရဘာဝံ၊ မှီရာ ဒွါရ၏အဖြစ်ကို။ သာဓယမာနံ၊ ပြီးစေလျက်။ တိဋ္ဌတိ၊ တည်၏။

ကမ္မဇတေဇောဓာတ်၏ တည်ရာအရပ်, ဆံပင်ဖျား, မွေးညင်းဖျား, ခြေသည်းဖျား, လက်သည်းဖျား, ခြောက်သွေ့သော အသားစွန်း, အသားလွှာ, အရေတို့ကို ခြွင်းချန်၍ ကြွင်းကျန်သမျှ ကမ္မဇရုပ် ရှိကောင်းသော အရပ်-ဟူသမျှ၌ ကာယပသာဒရုပ် ရှိ၏-ဟူလို။

(၂, ၃) ကိုယ်အင်္ဂါအစိတ်၌ ကာယပသာဒရုပ်သည် များစွာပင် ဖြစ်မည်။ တစ်ကိုယ်လုံး၌ ကာယပသာဒရုပ်သည် တစ်ခုတည်းပင် ဖြစ်မည်။ ဖောဋ္ဌဗ္ဗာရုံနှင့် ကာယပသာဒရုပ်သည် ထိခိုက်ကြသောအခါ ဖောဋ္ဌဗ္ဗာရုံ အများဖြစ်ခဲ့သော် ကာယပသာဒရုပ်လည်း အများပင် ဖြစ်မည်၊ အနည်းပင် ဖြစ်မည်ကို မေးလျှောက်သည်မှာ အကြောင်း အမှတ်မရှိသော ဓာတ်ကို အာရုံပြုသောသူအား ကာယဝိညာဏ်သည် တပြိုင်နက် မဖြစ်။ အပ်စည်းဖြင့် ကိုယ်အစိတ်ကို ထိုးစွပ်ထိခိုက်မိသော် တပြိုင်နက်ကဲ့သို့ ထင်၏။ ထိုသို့ ထင်သော်လည်း အကြောင်း အမှတ်မရှိသောအရပ်၌ ထိခိုက်သောအရာသည် အားကြီး၏။ ထိုသို့ အားကြီးသော အရပ်၌ ရှေးဦးစွာ ဖြစ်၏။ ကြက်တောင်ဖြင့် အမာဝကို ဆေးလျှော်ပွတ်သပ်ရာ၌လည်း များစွာသော ကြက်တောင်အမျှင်တို့သည် ကာယပသာဒရုပ်ကို ထိခိုက်ကြကုန်၏။ ထိုသို့ ထိခိုက်ကြသော်လည်း အကြောင်းအရပ်၌ ကာယပသာဒရုပ်သည် များ၏၊ အားကြီး၏။ ထိုအရပ်၌ ကာယဝိညာဏ်စိတ်သည် ရှေးဦးစွာ ဖြစ်၏။

ထို့ကြောင့် အဋ္ဌသာလိနီမည်သော ဓမ္မသင်္ဂဏီအဋ္ဌကထာ(၃၇၀)၌-

> ယံကိဉ္စိ ဓာတုံ အာရမ္မဏံ ကရောန္တဿ ကာယဝိညာဏမ္ပိ ဧကပ္ပဟာရေန နုပ္ပဇ္ဇတိ၊ သူစိကလာပေန ဝိဒ္ဓဿ ဧကပ္ပဟာရေန ကာယော ဃဋ္ဋိယတိ၊ ယသ္မိံ ယသ္မိံ ပန ဌာနေ ကာယပသာဒေါ ဥဿန္နော ဟောတိ၊ တတ္ထ တတ္ထ ကာယ-ဝိညာဏံ ဥပ္ပဇ္ဇတိ။ ယတ္ထ ယတ္ထာပိ ပဋိဃဋ္ဋနနိဃံသော ဗလဝါ ဟောတိ၊ တတ္ထ တတ္ထ ပဌမံ ဥပ္ပဇ္ဇတိ။

**ကုတ္တုံပြွေပတ္တေန ဝဏ္ဏေ ခောဝိယမာနေ အံသုအံသု ကာယပသာဒံ ယဋ္ဋေတိ။ ယတ္ထ ယတ္ထ ပန ပသာဒေါ ဥဿန္နော ဟောတိ၊ တတ္ထ တတ္ထေဝ ကာယဝိညာဏံ ဥပ္ပဇ္ဇတိ။**

**ဧဝံ ဥဿဒဝသေန အာရမ္မဏံ ကရောတိ၊ ဥဿဒဝသေနေဝ စ ကာယဝိညာဏံ ဥပ္ပဇ္ဇတိ နာမ။**

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ယံ ကိဉ္စိ၊ အမှတ်မရှိသော။ ဓာတုံ၊ ဓာတ်ကို။ အာရမ္မဏံ၊ အာရုံကို။ ကရောန္တဿ၊ ပြုသောသူအား။ ကာယဝိညာဏံပိ၊ ကာယဝိညာဏ်သည်လည်း။ ဧကပ္ပဟာရေန၊ တပြိုင်နက်သော ခဏ၌။ နုပ္ပဇ္ဇတိ၊ မဖြစ်။ သုစိကလာပေန၊ အပ်စည်းသည်။ ဝါ၊ အပ်စည်းဖြင့်။ ဝိဒ္ဓဿ၊ ထိုးအပ်သောသူ၏။ ဝါ၊ ထိုးအပ်သောသူအား။ ဧကပ္ပဟာရေန၊ တပြိုင်နက်သော ခဏ၌။ ကာယော၊ ကာယပသာဒရုပ်သည်။ ဝါ၊ ကာယပသာဒရုပ်ကို။ ယဋ္ဋီယတိ၊ ထိခိုက် ခြစ်ခြုတ်မိ၏။ ပန၊ ထိုသို့ ထိခိုက်ခြစ်ခြုတ်မိသော်လည်း။ ယသ္မိံ ယသ္မိံ ဌာနေ၊ အကြောင်းအကြောင် အမှတ်မရှိသောအရပ်၌။ ကာယပသာဒေါ၊ ကာယပသာဒသည်။ ဥဿန္နော၊ ပြောသည်။ ဝါ၊ များသည်။ ဝါ၊ လွန်သည်။ ဟောတိ၊ ဖြစ်၏။ တတ္ထ တတ္ထ၊ ထိုထိုကာယပသာဒရုပ် လွန်ရာ,များရာအရပ်၌။ ကာယဝိညာဏံ၊ ကာယဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ယတ္ထ ယတ္ထာပိ၊ အကြောင်းအကြောင် အမှတ်မရှိသော အရပ်၌လည်း။ ပဋိဃဋ္ဋနနိဃံ-သော၊ ထိခိုက်ခြစ်ခြုတ်မိခြင်းသည်။ ဗလဝါ၊ အားကြီးသည်။ ဟောတိ၊ ဖြစ်၏။ တတ္ထ တတ္ထ၊ ထိုထို ထိခိုက်ခြစ်ခြုတ်မိခြင်း အားကြီးသော အရာ၌။ ပဌမံ၊ ရှေးဦးစွာ။ ကာယဝိညာဏံ၊ ကာယဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ ကုက္ကုဋပတ္တေန၊ ကြက်တောင်ဖြင့်။ ဝဏ္ဏေ၊ အမာကို။ ခောဝိယမာနေ၊ ဖန်ဆေးသည်ရှိသော်။ အံသုနာ၊ အမျှင်ဖြင့်။ ကာယပ္ပသာဒံ၊ ကာယပသာဒ ကို။ ယဋ္ဋေတိ၊ ထိခိုက်၏။ ပန၊ ထိုသို့ ထိခိုက်သော်လည်း။ ယတ္ထ ယတ္ထ၊ အကြောင်းအကြောင် အမှတ်မရှိသောအရပ်၌။ ပသာဒေါ၊ ကာယပသာဒသည်။ ဥဿန္နော၊ ပြောသည်။ ဝါ၊ များသည်။ ဝါ၊ လွန်သည်။ ဟောတိ၊ ဖြစ်၏။ တတ္ထ တတ္ထေဝ၊ ထိုထို ကာယပသာဒ များရာ, လွန်ရာအရပ်၌သာလျှင်။ ကာယဝိညာဏံ၊ ကာယဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။

ဧဝံ၊ ဤသို့။ ဥဿဒဝသေန၊ ကာယပသာဒရုပ် ပြောသည်, များသည်, လွန်သည်၏ အစွမ်းဖြင့်။ အာရမ္မဏံ၊ အာရုံကို။ ကရောတိ၊ ပြု၏။ ဥဿဒဝသေနေဝစ၊ ပြောသည်, များသည်, လွန်သည်၏ အစွမ်းဖြင့်သာလျှင်။ ကာယဝိညာဏံ၊ ကာယဝိညာဏ်သည်။ ဥပ္ပဇ္ဇတိ နာမ၊ ဖြစ်သည် မည်၏။

အမှတ်မရှိ တစ်ပါးပါးသော ဓာတ်ကို အာရုံပြုရာ ကာယဝိညာဏ်စိတ်သည် တပြိုင်နက်ပင် ဖြစ်လေသလော-ဟု မေးရန်ရှိ၏။ 'ဧကေပ္ပဟာရေန နုပ္ပဇ္ဇတိ'-ပါဠ်ကို မိန့်သော် ကာယပသာဒရုပ်ကို စွဲ၍ ကာယဝိညာဏ်စိတ်သည် တပြိုင်နက် မဖြစ်နိုင်-ဟူလို။ ဥပမာဖြင့် ပြလို၍ 'သူစိကလာပေန'-စသောပါဠ်ကို မိန့်သော်။ အပ်စည်းဖြင့် ထိခိုက်ခြစ်ခြုတ်မိရာ အကြင်အရပ်၌ ကာယပသာဒရုပ်သည် များ၏။ ထိုအရပ်၌ ကာယဝိညာဏ်စိတ်ဖြစ်၏ ဟူလို။ ထိုသို့ အပ်စည်းဖြင့် ကာယပသာဒရုပ်ကို ထိခိုက်ခြစ်ခြုတ်မိရာအရပ်၌ ကာယဝိညာဏ်စိတ်သည် တပြိုင်နက်ပင် ဖြစ်လေသလော-ဟု မေးရန် ရှိ၍ "ယတ္ထ ယတ္ထပိ ပဋိယဋ္ဋနနိယံ-သော ဗလဝါ ဟောတိ၊ တတ္ထ တတ္ထ ပဌမံ ဥပ္ပဇ္ဇတိ"ဟူသောပါဠ်ကို မိန့်သော် အကြင်အရပ်၌ ကာယပသာဒရုပ် အားကြီး၏။ ထိုသို့ အားကြီးရာအရပ်၌ ကာယဝိညာဏ်စိတ် ရှေးဦးစွာ ဖြစ်သည်-ဟူလို။

အစေးရှိသော သဖန်း-စသော သစ်ပင်တို့၌ အစေးသည် နှံ့၍ တည်သကဲ့သို့ ကာယပသာဒရုပ်သည် သွေ့ခြောက်သော အသားစွန်း၊ အရေ၊ ဆံပင်ဖျား၊ မွေးညင်းဖျား၊ ခြေသည်းဖျား၊ လက်သည်းဖျားစသောအရပ်တို့ကို ခြွင်းချန်၍ ကြွင်းကျန်သမျှ အရပ်တို့၌ပင် ကာယပသာဒရုပ်သည် နှံ့၍ တည်၏။

ထိုအစေးရှိသော သဖန်း-စသော သစ်ပင်တို့၌ တစ်စုံတစ်ခုသော ဝတ္ထုဖြင့် ထိခိုက်မိသော် များစွာထိခိုက်ရာ၌ များစွာသော အစေးပေါက်တို့သည် ဖြစ်ကုန်သကဲ့သို့ ထို့အတူ များစွာသော ဖောဋ္ဌဗ္ဗာရုံတို့ဖြင့် ထိခိုက်မိသောအရာ၌ ကာယပသာဒရုပ် အများဖြစ်၍ ကာယဝိညာဏ်စိတ်လည်း ပသာဒရုပ် အရေအတွက်အားဖြင့် များစွာပင် ဖြစ်၏-ဟု မှတ်ရာ၏။ အစေးရှိသော သဖန်း-စသော သစ်ပင်တို့တွင် အကြင်တစ်စုံတစ်ခုဝတ္ထုဖြင့် များစွာ ထိခိုက်ရာ အကြင်အရပ်၌ ထိခိုက်ခြင်း ပြင်းစွာဖြစ်၏။ ထိုအရပ်၌ ရှေးဦးစွာ အစေးဖြစ်သကဲ့သို့ ထို့အတူ အကြင်အရပ်၌ ထိခိုက်ခြင်း ပြင်းစွာဖြစ်၏။ ထိုအရပ်၌ ကာယပသာဒရုပ် ရှေးဦးစွာဖြစ်၍ ကာယဝိညာဏ်စိတ်လည်း ရှေးဦးစွာဖြစ်၏-ဟု မှတ်ရာ၏။

ထိုကာယပသာဒရုပ်သည်(သာ) များစွာဖြစ်ကောင်းသည် မဟုတ်။ ခပ်သိမ်းသော ရုပ်တို့ပင် များစွာဖြစ်ကောင်း၏။ ထိုစကား မှန်၏။

ဤကာယအစု သမုတိပညတ်၌ ဟေဋ္ဌိမကာယ၊ မဇ္ဈိမကာယ၊ ဥပရိမကာယ-ဟူ၍ ကာယ ၃-ပါး ရှိသည်။ ထို ၃-ပါးတို့တွင် ချက်မှ အောက်အရပ်သည် ဟေဋ္ဌိမကာယ မည်၏။

ထိုဟေဋ္ဌိမကာယ၌—

| | |
|---|---|
| ကာယဒသက ကလာပ်ရုပ် | ၁၀-ခု |
| ဘာဝဒသက ကလာပ်ရုပ် | ၁၀-ခု |
| အာဟာရဇ အဋ္ဌကလာပ်ရုပ် | ၈-ခု |
| ဥတုဇ အဋ္ဌကလာပ်ရုပ် | ၈-ခု |
| စိတ္တဇ အဋ္ဌကလာပ်ရုပ် | ၈-ခု |
| ဤ | ၄၄-ခု |

သော ရုပ်တို့ကို ရအပ်ကုန်၏။

ချက်မှအထက် လည်တွင်းတိုင်အောင် အရပ်သည် မဇ္ဈိမကာယ မည်၏။ ထိုမဇ္ဈိမကာယ၌-

| | |
|---|---|
| ကာယဒသက ကလာပ်ရုပ်- | ၁၀-ခု |
| ဘာဝဒသက ကလာပ်ရုပ်- | ၁၀-ခု |
| ဝတ္ထုဒသက ကလာပ်ရုပ်- | ၁၀-ခု |
| အာဟာရဇ အဋ္ဌကလာပ်ရုပ် | ၈-ခု |
| ဥတုဇ အဋ္ဌကလာပ်ရုပ် | ၈-ခု |
| စိတ္တဇ အဋ္ဌကလာပ်ရုပ် | ၈-ခု |
| ဤ | ၅၄-ခု |

သော ရုပ်တို့ကို ရအပ်ကုန်၏။

လည်တွင်းမှ အထက်အရပ်သည် ဥပရိမကာယ မည်၏။ ထိုဥပရိမကာလ၌-

| | |
|---|---|
| စက္ခုဒသက ကလာပ်ရုပ် | ၁၀-ခု |
| သောတဒသက ကလာပ်ရုပ် | ၁၀-ခု |
| ဃာနဒသက ကလာပ်ရုပ် | ၁၀-ခု |
| ဇိဝှါဒသက ကလာပ်ရုပ် | ၁၀-ခု |
| ကာယဒသက ကလာပ်ရုပ် | ၁၀-ခု |
| ဘာဝဒသက ကလာပ်ရုပ် | ၁၀-ခု |
| အာဟာရဇ အဋ္ဌကလာပ်ရုပ် | ၈-ခု |
| ဥတုဇ အဋ္ဌကလာပ်ရုပ် | ၈-ခု |
| စိတ္တဇ အဋ္ဌကလာပ်ရုပ် | ၈-ခု |
| ဤ | ၈၄-ခု |

သော ရုပ်တို့ကို ရကုန်၏။

ထို့ကြောင့် အဋ္ဌသာလိနီမည်သော ဓမ္မသင်္ဂဏီအဋ္ဌကထာ(နှာ-၃၅၃)၌-

ဣမသ္မိံ ပန ဌာနေ ယောနိမ္မကာယော မၛ္ဈိမကာယော ဥပရိမကာယောတိ တယော ကောဋ္ဌာသာ။

တတ္ထ နာဘိတော ပဋ္ဌာယ ဟေဋ္ဌာ ဟေဋ္ဌိမကာယော နာမ။ တသ္မိံ ကာယဒသကံ ဘာဝဒသကံ အာဟာရသမုဋ္ဌာနာနိ အဋ္ဌ ဥတုသမုဋ္ဌာနာနိ အဋ္ဌ စိတ္တသမုဋ္ဌာနာနိ အဋ္ဌာတိ စတုစတ္တာလီသရူပါနိ။

နာဘိတော ဥဒ္ဓံ ယာဝ ဂလဝါဋကာ မၛ္ဈိမကာယော နာမ။ တတ္ထ စ ကာယဒသကံ ဘာဝဒသကံ ဝတ္ထုဒသကံ အာဟာရသမုဋ္ဌာနာဒီနိ တီဏိ အဋ္ဌကာနီတိ စတုပညာသ ရူပါနိ။

ဂလဝါဋကတော ဥဒ္ဓံ ဥပရိမကာယော နာမ။ တတ္ထ စက္ခုဒသကံ သောတဒသကံ ဃာနဒသကံ ဇိဝှါဒသကံ ကာယဒသကံ ဘာဝဒသကံ အာဟာရသမုဋ္ဌာနာဒီနိ တီဏိ အဋ္ဌကာနီတိ စတုရာသီတိ ရူပါနိ။

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဟိ၊ အကျယ်ဆိုဦးအံ့။ ဣမသ္မိံ ဌာနေ၊ ဤကိုယ်၌။ ဟေဋ္ဌိမကာယော၊ အောက်ဖြစ်သောကိုယ်လည်းကောင်း။ မၛ္ဈိမကာယော၊ အလယ်ဖြစ်သော ကိုယ်လည်းကောင်း။ ဥပရိမကာယော၊ အထက်ဖြစ်သော ကိုယ်လည်းကောင်း။ ဣတိ၊ သို့။ တယော ကောဋ္ဌာသာ၊ ၃-ပါးကုန်သော အစုတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

တတ္ထ၊ ထို ၃-ပါးကုန်သော အစုတို့တွင်။ နာဘိတော၊ ချက်မှ။ ပဋ္ဌာယ၊ စ၍။ ဟေဋ္ဌာ၊ အောက်ဖြစ်သော ကိုယ်အစုသည်။ ဟေဋ္ဌိမကာယော နာမ၊ ဟေဋ္ဌိမကာယ မည်၏။ ဝါ၊ အောက်ဖြစ်သောကိုယ် မည်၏။ တသ္မိံ ဟေဋ္ဌိမကာယေ၊ ထိုအောက်ဖြစ်သော ကာယ၌။ ဝါ၊ ထိုအောက်ဖြစ်သော ကိုယ်၌။ ကာယဒသကံ၊ ကာယဒသက ကလာပ်ရုပ် ၁၀-လည်းကောင်း။ ဘာဝဒသကံ၊ ဘာဝဒသက ကလာပ်ရုပ် ၁၀-လည်းကောင်း။ အာဟာရသမုဋ္ဌာနာနိ၊ အာဟာရကြောင့် ဖြစ်ကုန်သော။ အဋ္ဌ၊ ၈-ပါးသော ရုပ်တို့လည်းကောင်း။ ဥတုသမုဋ္ဌာနာနိ၊ ဥတုကြောင့် ဖြစ်ကုန်သော။ အဋ္ဌ၊ ၈-ပါးသော ရုပ်တို့လည်းကောင်း။ စိတ္တသမုဋ္ဌာနာနိ၊ စိတ်ကြောင့် ဖြစ်ကုန်သော။ အဋ္ဌ၊ ၈-ပါးသော ရုပ်တို့လည်းကောင်း။ ဣတိ၊ သို့။ စတုစတ္တာလီသ ရူပါနိ၊ ၄၄-ပါးကုန်သော ရုပ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

နာဘိတော၊ ချက်မှ။ ဥဒ္ဓံ၊ အထက်သို့။ ယာဝ ဂလဝါဋကာ၊ ရေမျိုတိုင်အောင်။ ဝါ၊ လည်တွင်းတိုင်အောင်။ မၛ္ဈိမကာယော နာမ၊ မၛ္ဈိမကာယ မည်၏။ ဝါ၊ အလယ်ဖြစ်သော

ကိုယ်မည်၏။ တတ္ထ၊ ထိုမဏ္ဍိမကာယ၌။ ဝါ၊ အလယ်ဖြစ်သော ကိုယ်၌။ ကာယဒသကံ၊ ကာယဒသကကလာပ် ၁၀-လည်းကောင်း။ ဘာဝဒသကံ၊ ဘာဝဒသကကလာပ် ၁၀-လည်းကောင်း။ ဝတ္ထုဒသကံ၊ ဝတ္ထုဒသကကလာပ် ၁၀-လည်းကောင်း။ အာဟာရသမုဋ္ဌာနာဒီနိ၊ အာဟာရသမုဋ္ဌာန်-အစရှိကုန်သော။ တီဏိ၊ ၃-ပါးကုန်သော။ အဋ္ဌကာနိ၊ အဋ္ဌကတို့လည်းကောင်း။ ဣတိ၊ သို့။ စတုပညာသရူပါနိ၊ ၅၄-ပါးကုန်သော ရုပ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဂလဝါဋကတော၊ ရေမျိုမှ။ ဝါ၊ လည်တွင်းမှ။ ဥဒ္ဓံ၊ အထက်၌။ ဥပရိမကာယော နာမ၊ ဥပရိမကာယ မည်၏။ ဝါ၊ အထက်ဖြစ်သော ကိုယ်မည်၏။ တတ္ထ၊ ထိုဥပရိမကာယ၌။ ဝါ၊ အထက်ဖြစ်သော ကိုယ်၌။ စက္ခုဒသကံ၊ စက္ခုဒသကကလာပ် ၁၀-လည်းကောင်း။ သောတဒသကံ၊ သောတဒသကလာပ် ၁၀-လည်းကောင်း။ ဃာနဒသကံ၊ ဃာနဒသက ကလာပ် ၁၀-လည်းကောင်း။ ဇိဝှါဒသကံ၊ ဇိဝှါဒသကကလာပ် ၁၀-လည်းကောင်း။ ကာယ-ဒသကံ၊ ကာယဒသကကလာပ် ၁၀-လည်းကောင်း။ ဘာဝဒသကံ၊ ဘာဝဒသကကလာပ် ၁၀-လည်းကောင်း။ အာဟာရသမုဋ္ဌာနာဒီနိ၊ အာဟာရသမုဋ္ဌာန်-အစရှိကုန်သော။ တီဏိ၊ ၃-ပါးကုန်သော။ အဋ္ဌကာနိ၊ အဋ္ဌကတို့လည်းကောင်း။ ဣတိ၊ သို့။ စတုရာသီတိ ရူပါနိ၊ ၈၄-ပါးကုန်သော ရုပ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ထိုသို့ ပြဆိုခဲ့ပြီးသော စက္ခုဒသက-အစရှိသည်တို့တွင် စက္ခုပသာဒ၏ အကြောင်းဖြစ်သော ပထဝီ, အာပေါ, တေဇော, ဝါယော-ဟူသော မဟာဘုတ် ၄-ပါး၊ ဝဏ္ဏ, ဂန္ဓ, ရသ, ဩဇာ, ရုပ်ဇီဝိတိန္ဒြေ, စက္ခုပသာဒ၊ ဤရုပ် ၁၀-ခုအပေါင်းသည် မဝေဖန်အပ်သော နိပ္ဖန္နရုပ်တို့၏ အစွမ်းဖြင့် စက္ခုဒသကကလာပ် မည်၏။ ကြွင်းသော ဒသကတို့၌လည်း ဤနည်းတူ မှတ်ရာ၏။

ထို့ကြောင့် အဋ္ဌသာလိနီမည်သော ဓမ္မသင်္ဂဏီအဋ္ဌကထာ(နှာ-၃၅၃)၌-

> တတ္ထ စက္ခုပသာဒဿ ပစ္စယာနိ စတ္တာရိ မဟာဘူတာနိ ဝဏ္ဏော ဂန္ဓော ရသော ဩဇာ ဇီဝိတိန္ဒြိယံ စက္ခုပသာဒေါတိ ဣဒံ ဧကန္တတော အဝိနိဘုတ္တာနံ ဒသန္နံ နိပ္ဖန္နရူပါနံ ဝသေန စက္ခုဒသကံ နာမ။ ဣမိနာ နယေန သေသာနိပိ ဝေဒိတဗ္ဗာနိ။

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

တတ္ထ၊ ထိုစက္ခုဒသက-အစရှိသည်တို့တွင်။ စက္ခုပသာဒဿ၊ စက္ခုပသာဒ၏။ ပစ္စယာနိ၊ အကြောင်းဖြစ်ကုန်သော။ စတ္တာရိ မဟာဘူတာနိ၊ မဟာဘုတ် ၄-ပါးတို့လည်းကောင်း။ ဝဏ္ဏော၊ ဝဏ္ဏလည်းကောင်း။ ဂန္ဓော၊ ဂန္ဓလည်းကောင်း။ ရသော၊ ရသလည်း

ကောင်း။ ဩဇာ၊ ဩဇာလည်းကောင်း။ ဇီဝိတိန္ဒြိယံ၊ ဇီဝိတိန္ဒြေလည်းကောင်း။ စက္ခုပသာဒေါ၊ စက္ခုပသာဒလည်းကောင်း။ ဣတိ၊ ဤသို့။ ဣဒံ ဒသကံ၊ ဤရုပ် ၁၀-ခုတို့၏ အပေါင်းသည်။ ဧကန္တတော၊ စင်စစ်အားဖြင့်။ အဝိနိဘုတ္တာနံ၊ မခွဲခြမ်း မဝေဖန်အပ်ကုန်သော။ ဒသန္နံ၊ ၁၀-ပါးကုန်သော။ နိပ္ဖန္နရူပါနံ၊ နိပ္ဖန္နရုပ်တို့၏။ ဝသေန၊ အစွမ်းအားဖြင့်။ စက္ခုဒသကံ နာမ၊ စက္ခုဖြင့် မှတ်အပ်သော ရုပ် ၁၀-ခုအပေါင်း မည်၏။ ဝါ၊ စက္ခုပြဋ္ဌာန်းသော ရုပ် ၁၀-ခု အပေါင်း မည်၏။ ဣမိနာ နယေန၊ ဤစက္ခုဒသက၌ ပြဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။ သေသာနိပိ၊ စက္ခုဒသကမှ ကြွင်းသော ဒသကတို့ကိုလည်း။ ဝေဒိတဗ္ဗာနိ၊ သိအပ်ကုန်၏။

ဤအဋ္ဌကထာစကား၌ ဧကန္တတော-ဟူသော ပါဌ်ကို အဘယ်ကို နှစ်စေခြင်းငှာ ဆိုသနည်းဟူမူကား ကလာပ်တပါး၌ ဖြစ်ကုန်သော အဋ္ဌကလာပ်ရုပ်တို့သည် ရှိကုန်ရကား ထိုကလာပ်တပါး၌ရှိသော ရုပ်တို့ကို နှစ်စေခြင်းငှာ ဆိုသတည်း။

ထို့ကြောင့် အဋ္ဌကထာ၏ အဖွင့်ဖြစ်သော မူလဋီကာ(၁။၁၅၀)၌-

ဧကန္တတောတိ ဣဒံ သဗ္ဗဒါ ဥပ္ပဇ္ဇနေန ဝိနိဗ္ဘုဇိတုံ အသက္ကုနေယျာနံ ကလာပန္တရရူပါနံ သဗ္ဘာဝါ တေသံ နိဝတ္တနတ္ထံ ဝုတ္တံ။ န ဟိ တာနိ ဧကန္တေန အဝိနိဘုတ္တာနိ ကလာပန္တရဂတတ္တာတိ။

ဟူသောပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဧကန္တတောတိ ဣဒံ၊ ဧကန္တတော-ဟူသော ဤစကားကို။ သဗ္ဗဒါ၊ အချင်းခပ်သိမ်း။ ဥပ္ပဇ္ဇနေန၊ နှိပ်ခြင်းဖြင့်။ ဝိနိဗ္ဘုဇိတုံ၊ အသီးခွဲဝေခြင်းငှာ။ အသက္ကုနေယျာနံ၊ မတတ်ကောင်းကုန်သော။ ကလာပန္တရရူပါနံ၊ ကလာပ်တပါး၌ ဖြစ်ကုန်သော ရုပ်တို့၏။ သဗ္ဘာဝါ၊ ထင်ရှားရှိသည်၏အဖြစ်ကြောင့်။ တေသံ၊ ထိုကလာပ်တပါး၌ ဖြစ်ကုန်သော ရုပ်တို့ကို။ နိဝတ္တနတ္ထံ၊ နှစ်စေခြင်းငှာ။ ဝုတ္တံ၊ ဆိုအပ်၏။ ဟိ သစ္စံ၊ မှန်၏။ တာနိ၊ ထိုကလာပ်တပါး၌ဖြစ်သော ရုပ်တို့သည်။ ဧကန္တေန၊ စင်စစ်အားဖြင့်။ အဝိနိဘုတ္တာနိ၊ အသီး မခွဲဝေအပ်ကုန်သည်။ န၊ မဟုတ်ကုန်။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား။ ကလာပန္တရဂတတ္တာ၊ ကလာပ်တပါး၌ ဖြစ်သည်၏အဖြစ်ကြောင့်တည်း။ ဣတိ၊ ဤသို့ မှတ်အပ်၏။

ထို ၃-ပါးကုန်သော ဟေဋ္ဌိမကာယ, မဇ္ဈိမကာယ, ဥပရိမကာယ၌ ဖြစ်ကုန်သော ရုပ်တို့တွင် ဟေဋ္ဌိမကာယ၌ဖြစ်သော ရုပ်သည် မဇ္ဈိမကာယ, ဥပရိမကာယ၌ ဖြစ်သော ရုပ်တို့နှင့် မရောမယှက်။ မဇ္ဈိမကာယ၌ဖြစ်သော ရုပ်တို့သည်လည်း ဟေဋ္ဌိမကာယ, ဥပရိမကာယ၌ ဖြစ်သောရုပ်တို့နှင့် မရောမယှက်ကုန်။ ဥပရိမကာယ၌ ဖြစ်သောရုပ်တို့သည်လည်း ဟေဋ္ဌိမကာယ, မဇ္ဈိမကာယတို့၌ဖြစ်သော ရုပ်တို့နှင့် မရောမယှက်ကုန်။

ဥပမာကား ညချမ်းအခါ၌ တောင်ရိပ်, သစ်ပင်ရိပ်တို့သည် အချင်းချင်း တစပ်တည်း စပ်သကဲ့သို့ပင် ထင်၏။ ထိုသို့ ထင်သော်လည်း အချင်းချင်း မရောယှက်ကြသည်သာလျှင် ဖြစ်သကဲ့သို့ ထို့အတူ ကာယ ၃-ပါးတို့၌ ဖြစ်ကုန်သော ၄၄-ပါးကုန်သော ရုပ်၊ ၅၄-ပါး ကုန်သောရုပ်၊ ၈၄-ပါးကုန်သော ရုပ်တို့သည် တစပ်တည်း တည်သကဲ့သို့ပင် ထင်မှတ် ကုန်၏။ ထိုသို့ ထင်သော်လည်း အချင်းချင်း မရောမယှက်ကြသည်သာလျှင် ဖြစ်ကြကုန်၏။ ထို့ကြောင့် အဋ္ဌသာလိနီမည်သော ဓမ္မသင်္ဂဏီအဋ္ဌကထာ(နှာ-၃၅၃)၌-

**တေသု ဟေဋ္ဌိမကာယေ ရူပံ မဇ္ဈိမကာယဥပရိမကာယရူပေဟိ သဒ္ဓိံ အသမ္ဘိန္နံ။ သေသကာယဒ္ဝယေပိ ရူပံ ဣတရေဟိ သဒ္ဓိံ အသမ္ဘိန္နမေဝ။**

**ယထာ ဟိ သာယန္ဟသမယေ ပဗ္ဗတစ္ဆာယာ စ ရုက္ခစ္ဆာယာ စ ကိဉ္စာပိ ဧကာဗဒ္ဓါ ဝိယ ဟောန္တိ၊ အညမည့ံ ပန အသမ္ဘိန္နာဝ။ ဧဝံ ဣမေသုပိ ကာယေသု စတုစတ္တာလီသ စတုပညာသ စတုရာသီတိ ရူပါနိစ ကိဉ္စာပိ ဧကာဗဒ္ဓါနိ ဝိယ ဟောန္တိ၊ အညမည့ံ ပန အသမ္ဘိန္နာနေဝါတိ။**

ဟူသောပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

တေသု၊ ထို ၃-ပါးကုန်သော ကာယတို့တွင်။ ဟေဋ္ဌိမကာယေ၊ ဟေဋ္ဌိမကာယ၌။ ပဝတ္တံ၊ ဖြစ်သော။ ရူပံ၊ ရုပ်သည်။ မဇ္ဈိမကာယဥပရိမကာယရူပေဟိ၊ မဇ္ဈိမကာယ၌ဖြစ်သော ရုပ်, ဥပရိမကာယ၌ဖြစ်သော ရုပ်တို့နှင့်။ သဒ္ဓိံ၊ တကွ။ အသမ္ဘိန္နံ၊ မရောသည်။ ဟောတိ၊ ဖြစ်၏။ သေသကာယဒ္ဝယေ၊ ဟေဋ္ဌိမကာယမှ ကြွင်းသော မဇ္ဈိမကာယ, ဥပရိမကာယ ၂-ပါးတို့၏အပေါင်း၌။ ပဝတ္တံ၊ ဖြစ်သော။ ရူပံပိ၊ ရုပ်သည်လည်း။ ဣတရေဟိ၊ မိမိမှ တပါး ကုန်သော ဟေဋ္ဌိမကာယ၌ ဖြစ်သောရုပ်-စသည်တို့နှင့်။ အသမ္ဘိန္နမေဝ၊ မရောယှက်သည် သာလျှင်။ ဟောတိ၊ ၏။

ဟိ၊ ဥပမာဖြင့် ထင်စွာပြဦးအံ့။ သာယန္ဟသမယေ၊ ညချမ်းကာလ၌။ ပဗ္ဗတဆာယာ စ၊ တောင်ရိပ်သည်လည်းကောင်း။ ရုက္ခဆာယာ စ၊ သစ်ပင်ရိပ်သည်လည်းကောင်း။ ဧကာ-ဗဒ္ဓါ ဝိယ၊ တစပ်တည်း စပ်ကုန်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ ဣမေသုပိ ကာယေသု၊ ဤ ၃-ပါးကုန်သော ကာယတို့၌လည်း။ စတုစတ္တာလီသရူပါနိ စ၊ ၄၄-ပါးကုန်သော ရုပ်တို့ သည်လည်းကောင်း။ စတုပညာသရူပါနိ စ၊ ၅၄-ပါးကုန်သော ရုပ်တို့သည်လည်းကောင်း။ စတုရာသီတိရူပါနိ စ၊ ၈၄-ပါးကုန်သော ရုပ်တို့သည်လည်းကောင်း။ ဧကာဗဒ္ဓါနိ ဝိယ၊ တစပ်တည်း စပ်ကုန်သကဲ့သို့၊ ကိဉ္စာပိ ဟောန္တိ၊ အကယ်၍ကား ဖြစ်ကုန်၏ရှင့်။ ပန တထာပိ၊ ထိုသို့ ဖြစ်ကုန်သော်လည်း။ အညမည့ံ၊ အချင်းချင်း။ အသမ္ဘိန္နာနေဝ၊ မရောယှက်ကြကုန် သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတိ၊ ဤသို့ မှတ်အပ်၏။

ထိုကာယပသာဒရုပ်၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကို ဤသို့ မှတ်ရာ၏။ ကာယပသာဒရုပ်သည် ဖောဋ္ဌဗ္ဗာရုံ၏ ထိခြင်းငှာထိုက်သော မဟာဘုတ်ကို ကြည်စေခြင်းလျှင် မှတ်ကြောင်းလက္ခဏာ ရှိ၏။ ဝါ၊ ဖောဋ္ဌဗ္ဗာရုံကို တွေ့ခြင်းငှာ အလိုရှိသောသူ၏ အဖြစ်တည်းဟူသော ဖောဋ္ဌဗ္ဗတဏှာလျှင် အကြောင်းရှိသော မဟာဘုတ်ကို ကြည်စေခြင်းလျှင် မှတ်ကြောင်းလက္ခဏာ ရှိ၏။ အာဝဇ္ဇန်း-စသော ဝိညာဏ်ကို ဆွဲငင်ဆောင်သွားခြင်း ကိစ္စရှိ၏။ ကာယဝိညာဏ်၏ တည်ရာ၏အဖြစ်ဖြင့် ရှုသောသူ၏ဉာဏ်အား ရှေးရှုထင်၏။ ဖောဋ္ဌဗ္ဗာရုံကို တွေ့ခြင်းငှာ အလိုရှိသောသူ၏ အဖြစ်တည်းဟူသော ဖောဋ္ဌဗ္ဗတဏှာလျှင် အကြောင်းကံကြောင့်ဖြစ်သော မဟာဘုတ်လျှင် နီးစွာသောအကြောင်း ရှိ၏။ ထို့ကြောင့် အဋ္ဌသာလိနီမည်သော ဓမ္မသင်္ဂဏီ ရူပကဏ္ဍအဋ္ဌကထာ(နှာ-၃၅၀)၌-

> ဖောဋ္ဌဗ္ဗာဘိဃာတာရဟဘူတပ္ပသာဒလက္ခဏော ဖုသိတုကာမတာနိဒါနကမ္မသမုဋ္ဌာနဘူတပ္ပသာဒလက္ခဏော ဝါ ကာယော၊ ဖောဋ္ဌဗ္ဗေသု အာဝိဉ္ဆနရသော။ ကာယဝိညာဏဿ အာဓာရဘာဝပစ္စုပဋ္ဌာနော။ ဖုသိတုကာမတာနိဒါနကမ္မဇဘူတပဒဋ္ဌာနော။

ဟူသောပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ကာယော၊ ကာယပသာဒသည်။ ဖောဋ္ဌဗ္ဗာဘိဃာတာရဟဘူတပ္ပသာဒလက္ခဏော၊ ဖောဋ္ဌဗ္ဗာရုံ၏ ထိခြင်းငှာ ထိုက်သော မဟာဘုတ်ကို ကြည်စေခြင်းလျှင် မှတ်ကြောင်း လက္ခဏာရှိ၏။ ဝါ၊ တစ်နည်းကား။ ဖုသိတုကာမတာနိဒါနကမ္မသမုဋ္ဌာနဘူတပ္ပသာဒလက္ခဏော၊ ဖောဋ္ဌဗ္ဗာရုံကို တွေ့ခြင်းငှာ အလိုရှိသောသူ၏ အဖြစ်တည်းဟူသော ဖောဋ္ဌဗ္ဗတဏှာလျှင် အကြောင်းရင်းရှိသော မဟာဘုတ်ကို ကြည်စေခြင်းလျှင် မှတ်ကြောင်းလက္ခဏာရှိ၏။ ဖောဋ္ဌဗ္ဗေသု၊ ဖောဋ္ဌဗ္ဗာရုံတို့၌။ အာဝိဉ္ဆနရသော၊ အာဝဇ္ဇန်း-စသော ဝိညာဏ်ကို ဆွဲငင်ဆောင်သွားခြင်း ကိစ္စရှိ၏။ ကာယဝိညာဏဿ၊ ကာယဝိညာဏ်၏။ အာဓာရဘာဝပစ္စုပဋ္ဌာနော၊ တည်ရာ၏အဖြစ်လျှင် ရှုသသူ၏ဉာဏ်အား ရှေးရှုထင်၏။ ဖုသိတုကာမတာနိဒါနကမ္မဇဘူတပဒဋ္ဌာနော၊ ထိခြင်းငှာ အလိုရှိသောသူ၏ အဖြစ်တည်းဟူသော ဖောဋ္ဌဗ္ဗတဏှာလျှင် အကြောင်းရှိသော ကံကြောင့်ဖြစ်သော မဟာဘုတ်လျှင် နီးစွာသောအကြောင်း ရှိ၏။

ဤသို့ ကျမ်းဂန်လာသောကြောင့် ကာယပသာဒရုပ်သည် ဝါဂွမ်းစိုင်၌ ဆီသည်နှံ့၍ တည်သကဲ့သို့ သွေးခြောက်သော အသားစွန်း, အရေ, ဆံပင်ဖျား, မွေးညင်းဖျား, ခြေသည်းဖျား, လက်သည်းဖျား-အရပ်တို့ကို ခြွင်းချန်၍ ကြွင်းကျန်သော အရပ်ဌာနတို့၌ပင် နှံ့၍ တည်ကြောင်း, အကြင်အရပ်၌ ဖောဋ္ဌဗ္ဗာရုံဖြင့် ထိခိုက်၏၊ ထိုအရပ်၌ ကာယပသာဒရုပ် ဖြစ်ကြောင်း, များသော ဖောဋ္ဌဗ္ဗာရုံကို စွဲ၍ ကာယပသာဒရုပ်လည်း အများပင် ဖြစ်ကြောင်း,

အကြင်အရပ်၌ ထိခိုက်ခြင်း အားကြီး၏၊ ထိုအရပ်၌ ကာယဝိညာဏ်စိတ်သည် ရှေးဦးစွာဖြစ်ကြောင်းကို ကောင်းကောင်းကြီး သန္နိဋ္ဌာန်ချ၍ မှတ်ရမည်။

ထိုစကားရပ်တို့ကို အကျယ်သိလိုမူ အဋ္ဌသာလိနီမည်သော ဓမ္မသင်္ဂဏီအဋ္ဌကထာ၊ ၎င်းအဖွင့်ဋီကာတို့မှာ ကြည့်လေ။

ရန်နည်းတံခါးတွင်းနေ ဒကာမောင်ထွေးက “ကာယပသာဒရုပ်သည် ကိုယ်အင်္ဂါအစိတ်၌ တစ်ကိုယ်လုံးပင် နှံ့၍ တည်သည်ဖြစ်မည်။ ကာယပသာဒရုပ် အများပင် ဖြစ်မည်။ အနည်းပင် ဖြစ်မည်။ ဖောဋ္ဌဗ္ဗာရုံနှင့် ကာယပသာဒရုပ် ထိခိုက်ကြသောအခါ ဖောဋ္ဌဗ္ဗာရုံအများဖြစ်ခဲ့သော် ကာယပသာဒရုပ်လည်း အများပင် ဖြစ်မည်၊ အနည်းပင် ဖြစ်မည်။ အကယ်၍ အများပင် ဖြစ်ခဲ့အံ့။ အဘယ်ပသာဒရုပ်ကို ကာယဝိညာဏ်မှီရမည်ကို ကွဲပြားခြားနား၍ သိမှတ်ရမည်အကြောင်းနှင့် လျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာ-နယ၊ ပရမတ္ထကို ထောက်ဆနိူင်းညှိဆင်ခြင်၍ ၁၂၃၈-ခု၊ တပို့တွဲလဆန်း၊ ၁၅-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိမ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## ရန်နည်းတံခါးတော်တွင်းနေ ဒါယကာမောင်ရွှေမောင်-က ဓမ္မရသ, ဝိမုတ္တိရသကို ကွဲပြားအောင် သိလိုကြောင်းနှင့် လျှောက်ထားချက်

[ ၁၂၁ ] “ဘုရားတပည့်တော် ရန်နည်းတံခါးတွင်းနေ ဒကာမောင်ရွှေမောင် ခြေတော်ဦးခိုက် လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား။ ဓမ္မရသ, ဝိမုတ္တိရသတို့၏ အကွဲအပြား အထူးအခြားကို နေရာကျ မသိဖြစ်ပါ၍ နေရာကျသိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့် အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။”

၎င်းဒါယကာ လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ–

ဓမ္မရသ, ဝိမုတ္တိရသ ၂-ပါးတို့၏အထူးကို မေးလျှောက်သည်မှာ–

[၁၂၁] ပင်စည်မှဖြစ်သော ဂန္ဓ, ရသ-စသော အရသာမျိုးတို့သည်လည်းကောင်း အလွန်အားဖြင့် စာတုမဟာရာဇ်, တာဝတိံသာ-စသော နတ်တို့ သုံးဆောင်သော သုဓါဘုတ်

ဘောဇဉ်အရသာပင် ဖြစ်လင့်ကစား ထိုအရသာကို သုံးဆောင်မှီဝဲကုန်သော သူတို့အား ကိလေသာ တိုးပွါး၍ ဘဝ ၃-ပါးတို့၌ ကျင်လည်ရခြင်း ဝဋ်ဆင်းရဲ၏ အကြောင်းသာလျှင် ဖြစ်ကုန်၏။

၃၇-ပါးကုန်သော ဗောဓိပက္ခိယတရား၊ ၉-ပါးကုန်သော လောကုတ္တရာ-ဟု ဆိုအပ်ကုန်သော တရားတည်းဟူသော အရသာသည် သံသရာဝဋ်မှ ကင်းလွတ်ထွက်မြောက်ရာ ဖြစ်၍ မြတ်၏။ ထို့ကြောင့် ဓမ္မပဒအဋ္ဌကထာ၊ ၂၄-ခုမြောက်သော တဏှာဝဂ်အစု၊ ၁၀-ခုမြောက်သော သက္ကဝတ္ထု(၂။၃၅၂)၌-

> သဗ္ဗေ ဂန္ဓရသာဒယောပိ ရသာ ဥက္ကံသတော ဒေဝတာနံ သုဓာဘောဇနရသောပိ သံသာရဝဋ္ဋေ ပါတေတွာ ဒုက္ခာနုဘဝနဿေဝ ပစ္စယော။ ယော ပနေ'သ သတ္တတိံသဗောဓိပက္ခိယဓမ္မသင်္ခါတော စ နဝဝိဓလောကုတ္တရဓမ္မသင်္ခါတော စ ဓမ္မရသော၊ အယမေဝ သဗ္ဗရသာနံ သေဋ္ဌော။ တေန ဝုတ္တံ "သဗ္ဗရသံ ဓမ္မရသော ဇိနာတီ"တိ။

ဟူသောပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ ဂန္ဓရသာဒယော၊ အနံ့, အရသာ-အစရှိကုန်သော။ ရသာပိ၊ အရသာတို့သည်လည်းကောင်း။ ဥက္ကံသတော၊ အလွန်အားဖြင့်။ ဒေဝတာနံ၊ နတ်တို့၏။ သုဓာဘောဇနရသောပိ၊ သုဒ္ဓါကုတ်ဘောဇဉ်-ဟု ဆိုအပ်သော အရသာသည်လည်းကောင်း။ ဟောတု၊ ဖြစ်စေ။ ပန၊ စင်စစ်သော်ကား။ ဧသ ဧသော၊ ဤလူ,နတ်တို့၏ အသုံးအဆောင်ဖြစ်သော အရသာသည်။ သံသာရဝဋ္ဋေ၊ သံသရာတည်းဟူသော ဝဋ်ဆင်းရဲ၌။ ပါတေတွာ၊ ကျစေ၍။ ဒုက္ခာနုဘဝနဿေဝ၊ ဆင်းရဲကို ခံစားရခြင်း၏သာလျှင်။ ပစ္စယော၊ အကြောင်းသည်။ ဟောတိ၊ ဖြစ်၏။ သတ္တတိံသဗောဓိပက္ခိယဓမ္မသင်္ခါတော၊ ၃၇-ပါးကုန်သော ဗောဓိပက္ခိယတရား-ဟု ဆိုအပ်သော။ ဓမ္မရသော စ၊ တရားတည်းဟူသော အရသာသည်လည်းကောင်း။ နဝဝိဓလောကုတ္တရဓမ္မသင်္ခါတော၊ ၉-ပါးကုန်သော လောကုတ္တရာတရား-ဟု ဆိုအပ်သော။ ဓမ္မရသော စ၊ တရားတည်းဟူသော အရသာသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ အယမေဝ၊ ဤတရားတည်း-ဟူသော အရသာသည်သာလျှင်။ သဗ္ဗရသာနံ၊ ခပ်သိမ်းကုန်သော အရသာတို့ထက်။ သေဋ္ဌော၊ မြတ်၏။ တေန၊ ထို့ကြောင့်။ သဗ္ဗရသံ ဓမ္မရသော ဇိနာတီတိ၊ သဗ္ဗရသံ ဓမ္မရသော ဇိနာတိ-ဟူ၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ သဗ္ဗရသံ၊ ခပ်သိမ်းကုန်သော အရသာကို။ ဓမ္မရသော၊ တရားတည်းဟူသော အရသာသည်။ ဇိနာတိ၊ အောင်နိုင်၏။ ။ ဤကား ဓမ္မရသတည်း။

ဤတွင်ဧွ. ဓမ္မရသကို ပြဆိုသော စကားတစ်ရပ် အပြီးသတ်တည်း။

ဝိမုတ္တိရသ-ဟူသည်ကား ကိလေသာမှ လွတ်ငြိမ်းရာဖြစ်သော အရဟတ္တဖိုလ်သည် ဝိမုတ္တိ မည်၏။ ထို့ကြောင့် ပပဉ္စသူဒနီမည်သော မူလပဏ္ဏာသ၊ တတိယဝဂ်အစု၊ ၃-ခု မြောက်သော ရထဝိနီတသုတ်အဋ္ဌကထာ၌-

ဝိမုတ္တီတိ အရဟတ္တဖလံ (ဘရိယဖလံ)။

ဟူသောပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (မဋ္ဌ၊၂။၅၃)

ဝိမုတ္တီတိ၊ ဝိမုတ္တိ-ဟူသည်ကား။ အရဟတ္တဖလံ၊ အရဟတ္တဖိုလ်တည်း။

ထိုအရဟတ္တဖိုလ်-ဟူသော ချမ်းသာသည် ဝိမုတ္တိရသ မည်၏။ အလုံးစုံသော မြတ်စွာဘုရား စကားတော်ဖြစ်သော ပိဋကတ် ၃-ပုံသည် အရဟတ္တဖိုလ်ချမ်းသာ-ဟု ဆိုအပ်သော ဝိမုတ္တိရသအားဖြင့် ၁-ပါးသာ ရှိ၏။

ထို့ကြောင့် သမန္တပါသာဒိကမည်သော ဝိနည်းအဋ္ဌကထာ(၁။၁၃)၌-

> **တဒေတံ သဗ္ဗမ္ပိ ဗုဒ္ဓဝစနံ ရသဝသေန ဧကဝိဓံ။ ကထံ ရသဝသေန ဧကဝိဓံ ယံ ဟိ ဘဂဝတာ အနုတ္တရံ သမ္မာသမ္ဗောဓိံ အဘိသမ္ဗုဇ္ဈိတွာ ယာဝ အနုပါဒိ-သေသာယ ပရိနိဗ္ဗာနဓာတုယာ ပရိနိဗ္ဗာယတိ။ ဧတ္ထန္တရေ ပဉ္စစတ္တာလီသဝဿာနိ ဒေဝမနုဿနာဂယက္ခာဒယော အနုသာသန္တေန ပစ္စဝေက္ခန္တေန ဝါ ဝုတ္တံ၊ သဗ္ဗံ တံ ဧကရသံ ဝိမုတ္တိရသမေဝ ဟောတိ။ ဧဝံ ရသဝသေန ဧကဝိဓံ။**

ဟူသောပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

သဗ္ဗမ္ပိ၊ အလုံးစုံလည်းဖြစ်သော။ တဒေတံ တံ ဧတံ ဗုဒ္ဓဝစနံ၊ ထိုမြတ်စွာဘုရား၏ စကားတော်သည်။ ရသဝသေန၊ ရသ၏အစွမ်းအားဖြင့်။ ဧကဝိဓံ၊ တပါးအဖို့ ရှိ၏။ ရသ-ဝသေန၊ ရသ၏ အစွမ်းအားဖြင့်။ ဧကဝိဓံ၊ တပါးအဖို့ရှိသည်။ ကထံ ဟောတိ၊ အဘယ်သို့ ဖြစ်သနည်းဟူမူကား။ ဟိ၊ ထင်စွာပြအံ့။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ အနုတ္တရံ၊ အတု မရှိသော။ ယံ သမ္မာသမ္ဗောဓိံ၊ အကြင်သဗ္ဗညုတဉာဏ်တော်ကို။ အဘိသမ္ဗုဇ္ဈိတွာ၊ ထိုးထွင်း၍ သိတော်မူပြီး၍။ ယာဝ၊ အကြင်မျှလောက်။ အနုပါဒိသေသာယ ပရိနိဗ္ဗာနဓာတုယာ၊ ဝိပါက်ကမ္မဇရုပ် အကြွင်းမရှိသော အနုပါဒိသေသနိဗ္ဗာနဓာတ်ဖြင့်။ ပရိနိဗ္ဗာယတိ၊ ပရိနိဗ္ဗာန် စံတော်မူ၏။ တာဝ၊ ထိုမျှလောက်။ ဧတ္ထန္တရေ၊ ဤအတွင်း၌။ ပဉ္စစတ္တာလီသဝဿာနိ၊ ၄၅-ဝါ ကာလတို့ပတ်လုံး။ ဒေဝမနုဿနာဂယက္ခာဒယော၊ နတ်,လူ, နဂါး,ဘီလူး-အစရှိသော သတ္တဝါအပေါင်းတို့ကို။ အနုသာသန္တေန ဝါ၊ ဆုံးမတော်မူသဖြင့်လည်းကောင်း။ ပစ္စဝေက္ခ-န္တေန ဝါ၊ ဆင်ခြင်တော်မူသဖြင့်လည်းကောင်း။ ဝုတ္တံ၊ ဟောတော်မူအပ်သော။ တံ သဗ္ဗံ၊

ပိဋကတ် ၃-ပုံဟု ဆိုအပ်သော ထိုအလုံးစုံသော မြတ်စွာဘုရား စကားတော်သည်။ ဧကရသံ၊ တခုသော ရသရှိ၏။ ဝိမုတ္တိရသမေဝ၊ ဝိမုတ္တိရသသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။ ဧဝံ၊ သို့။ ရသဝသေန၊ ရသ၏ အစွမ်းအားဖြင့်။ ဧကဝိဓံ၊ တပါးအဖို့ ရှိ၏။

ဤသို့ ကျမ်းဂန်လာသောကြောင့်–

- ၃၇-ပါးသော ဗောဓိပက္ခိယတရား၊ ၉-ပါးသော လောကုတ္တရာတရားတို့ကို သိသည်ကား ဓမ္မရသ မည်၏။
- အရဟတ္တဖိုလ်ချမ်းသာသည်ကား ဝိမုတ္တိရသ မည်၏။

ဤသို့ ဓမ္မရသ, ဝိမုတ္တိရသတို့ ကွဲပြားကြောင်းကို ကောင်းကောင်း သန္နိဋ္ဌာန်ချ၍ မှတ်ရာ၏။

ထိုစကားရပ်တို့ကို အကျယ်သိလိုလျှင် ဓမ္မပဒ ၂၄-ခုမြောက်သော တဏှာဝဂ်အစု၊ ၁၀-ခုမြောက်သော သက္ကဝတ္ထု ပါဠိ,အဋ္ဌကထာ။ မူလပဏ္ဏာသ၊ တတိယဝဂ်အစု၊ ၃-ခု မြောက်သော ရထဝိနီတသုတ် ပါဠိ,အဋ္ဌကထာ။ သမန္တပါသာဒိကမည်သော ဝိနည်းအဋ္ဌကထာ, ဋီကာတို့မှာ ကြည့်လေ။

ရန်နည်းတံခါးတွင်းနေ ဒကာမောင်ချွေမောင်က "ဓမ္မရသ, ဝိမုတ္တိရသ ၂-ပါးတို့၏ အကွဲအပြားကို ခြားနားသိမှတ်လိုပါကြောင်း"နှင့် လျှောက်သောကြောင့် ကျမ်းဂန်ပါဠိ ရှိသည့်အလာ ဒေသနာနယကို ထုတ်ဆောင်၍ ၁၂၃၈-ခု၊ တပို့တွဲလပြည့်ကျော်၊ ၂-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိမ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## ရေနံချောင်းမြို့နေ အသုံးခံ ဒကာမောင်ကွန်း-က အာရတီနှင့် ဝိရတီကို နေရာကျ သိလိုကြောင်းနှင့် လျှောက်ထားချက်

[ ၁၂၂ ] "ဘုရားတပည့်တော် ရေနံချောင်းမြို့နေ အသုံးခံဒကာ မောင်ကွန်း ခြေတော်ဦးခိုက် လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား။

မင်္ဂလသုတ်တွင်–

- အာရတီကို ဝေးစွာကြဉ်ခြင်း အနက်ဆိုပါသည်။

- ဝိရတီကို အထူးသဖြင့်ကြဉ်ခြင်း အနက်ဆိုပါသည်။

ထို ၂-နက်တို့အရသည် မည်ကဲ့သို့ သဘောသရုပ် ကွဲပြားကြသည်ကိုလည်း မသိ။ အကျိုးပေးသည့်အခါဝယ် အဘယ်-ရတီ အားရှိအားကိုး အကျိုးထူးဗလဝ ဝိသေသ ဖြစ်မည်ကို မသိမမြင်နိုင်ဖြစ်ပါ၍ အသေအချာ သိမှတ်ပါရအောင် ပါဠိ,အဋ္ဌကထာ, ဋီကာကျမ်းဂန်နှင့်အညီ အမိန့်ရှိတော်မူပါမည့်အကြောင်းကို ခြေတော်ဦးခိုက် လျှောက်ဝံ့ပါသည် ဆရာတော်အရှင်ဘုရား။"

ရင်းဒကာ လျှောက်ထားချက်အရ အဖြေဝိသဇ္ဇနာ-

**အာရတီ, ဝိရတီ၏အကြောင်း မေးလျှောက်သည်မှာ-**

[၁၂၂] - မကောင်းမှုမှ အပြစ်ကို ရှုလေ့ရှိသော ပုဂ္ဂိုလ်တို့အား စိတ်ဖြင့်သာလျှင် မကောင်းမှုမှ ကြဉ်ခြင်းသည် **အာရတီ** မည်၏။

- ကိုယ်, နှုတ်တို့ဖြင့် မကောင်းမှုမှ ကြဉ်ခြင်းသည် **ဝိရတီ** မည်၏။ ထိုသို့ ကြဉ်ခြင်းသည် ဝိရတီ၏ အမည်ပင်တည်း။

ထို့ကြောင့် ပရမတ္ထဇောတိကာမည်သော ခုဒ္ဒကပါဌ၊ သုတ္တနိပါတ်၊ မင်္ဂလသုတ် အဋ္ဌကထာတို့၌-

**အာရတိ** နာမ ပါပေ အာဒီနဝဒဿာဝိနော မနသာဝ အနဘိရတိ။

**ဝိရတိ** နာမ ကမ္မဒ္ဒါရဝသေန ကာယဝါစာဟိ ဝိရမဏံ။ သာ စေသာ ဝိရတိ နာမ။

ဟူသောပါဠ်(ခုဒ္ဒက၊ဋ္ဌ။၁၁၉)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

**အာရတိ** နာမ၊ အာရတိ-ဟူသည်ကား။ ပါပေ၊ မကောင်းမှု၌။ အာဒီနဝဒဿာဝိနော၊ အပြစ်-ဟု ရှုလေ့ရှိသောသူအား။ မနသာဧဝ၊ စိတ်ဖြင့်သာလျှင်။ အနဘိရတိ၊ မမွေ့လျော်ခြင်းတည်း။

**ဝိရတိ** နာမ၊ ဝိရတိ မည်သည်ကား။ ကမ္မဒ္ဒါရဝသေန၊ ကမ္မဒ္ဒါရ၏ အစွမ်းအားဖြင့်။ ကာယဝါစာဟိ၊ ကိုယ်,နှုတ်တို့ဖြင့်။ ဝိရမဏံ၊ ကြဉ်ခြင်းတည်း။ သာ စေသာ၊ ထိုသို့ ကြဉ်ခြင်းသည်။ ဝိရတိ နာမ၊ ဝိရတိ မည်၏။

ထိုဒွါရ ၃-ပါးဖြင့် မကောင်းမှုမှ ကြဉ်ခြင်းသည် ဝိရတီ၏အမည်ပင်တည်း။ ဒွါရအားဖြင့် ကွဲပြားစေခြင်းငှာ မနောဒွါရဖြင့် ကြဉ်သည်ကို အာ-ဥပသာရနှင့် အာရတီ၊ ကာယဒွါရ၊ ဝစီဒွါရဖြင့် ကြဉ်သည်ကို ဝိ-ဥပသာရနှင့် ဝိရတီ-ဟု ပြသည်။

ထိုဝိရတိသည် သမ္ပတ္တဝိရတိ, သမာဒါနဝိရတိ, သမုစ္ဆေဒဝိရတိ-ဟူ၍ ၃-ပါး အပြားရှိ၏။ ထို ၃-ပါးတို့တွင် မိမိ၏ ဇာတ်,အမျိုးအနွယ်ကို ဆင်ခြင်သဖြင့် 'ဤကဲ့သို့သော ပါဏာတိပါတစသော မကောင်းမှုကို ပြုခြင်းသည် ငါ့အား မလျောက်ပတ်'ဟူ၍ ရောက်လာသော ဝတ္ထုမှ ကြဉ်ခြင်းသည် သမ္ပတ္တဝိရတိ မည်၏။

သိက္ခာပုဒ်တို့ကို ဆောက်တည်၍ ကြဉ်သော ဝိရတိသည် သမာဒါနဝိရတိ မည်၏။ အရိယမဂ်ဉာဏ်ကို ရသည်မှစ၍ ပါဏာတိပါတ-စသော ဝေရ ၅-ပါးတို့ကို သဘောအားဖြင့် ပင် ပြုလိုသောစိတ် မရှိ၊ အရိယမဂ်ဉာဏ်နှင့် ယှဉ်သော ဝိရတိသည် သမုစ္ဆေဒဝိရတိ မည်၏။

ထို့ကြောင့် ပရမတ္ထဇောတိကမည်သော ခုဒ္ဒကပါဌ၊ သုတ္တနိပါတ်၊ မင်္ဂလသုတ် အဋ္ဌကထာ။ ဓမ္မသင်္ဂဏီမည်သော အဋ္ဌသာလိနီအဋ္ဌကထာတို့၌-

**သမ္ပတ္တဝိရတိ သမာဒါနဝိရတိ သမုစ္ဆေဒဝိရတီတိ တိဝိဓာ ဟောတိ။ တတ္ထ ယာ ကုလပုတ္တဿ အတ္တနော ဇာတိံ ဝါ ကုလံ ဝါ ဂေါတ္တံ ဝါ ပဋိစ္စ "န မေတံ ပဋိရူပံ၊ ယွာဟံ ဣမံ ပါဏံ ဟနေယျံ အဒိန္နံ အာဒိယေယျ"န္တိ အာဒိနာ နယေန သမ္ပတ္တဝတ္ထုတော ဝိရတိ၊ အယံ သမ္ပတ္တဝိရတိ နာမ။**

**သိက္ခာပဒသမာဒါနဝသေန ပဝတ္တာ သမာဒါနဝိရတိ နာမ။**

**ယဿာ ပဝတ္တိတော ပဘုတိ ကုလပုတ္တော ပါဏာတိပါတာဒီနိ န ကရောတိ။ အရိယမဂ္ဂသမ္ပယုတ္တာ သမုစ္ဆေဒဝိရတိ နာမ။**

ဟူသော ပါဠိ(ခုဒ္ဒက၊ဋ္ဌ။၁၁၉၊၁၂၀)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

သမ္ပတ္တဝိရတိ၊ ရောက်လာသော ဝတ္ထုကို ကြဉ်ခြင်း သမ္ပတ္တဝိရတိလည်းကောင်း။ သမာဒါနဝိရတိ၊ မရောက်လာမီ ဆောက်တည်၍ ကြဉ်ခြင်း သမာဒါနဝိရတိလည်းကောင်း။ သမုစ္ဆေဒဝိရတိ၊ ပါဏာတိပါတ-စသော အကုသိုလ်ကံကို အရိယမဂ်ဉာဏ်ဖြင့် ဖြတ်ခြင်း သမုစ္ဆေဒဝိရတိလည်းကောင်း။ ဣတိ၊ သို့။ ဝိရတိ၊ ဝိရတိသည်။ တိဝိဓာ၊ ၃-ပါး အပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

တတ္ထ၊ ထို ၃-ပါးသော ဝိရတိတို့တွင်။ ကုလပုတ္တဿ၊ အမျိုးသားအား။ ယံ ဇာတိံ ဝါ၊ အကြင်ဇာတိကိုလည်းကောင်း။ ယံ ကုလံ ဝါ၊ အကြင်အမျိုးကိုလည်းကောင်း။ ယံ ဂေါတ္တံ ဝါ၊ အကြင်အနွယ်ကိုလည်းကောင်း။ ပဋိစ္စ၊ စွဲ၍။ ယွာဟံ ယော အဟံ၊ အကြင် ငါသည်။ ဣမံ ပါဏံ၊ ဤသူ၏ အသက်ကို။ ဟနေယျံ၊ သတ်မူလည်း သတ်အံ့။ အဒိန္နံ၊ အရှင်မပေးသော သူ၏ဥစ္စာကို။ အာဒိယေယျံ၊ ခိုးယူငြားအံ့။ ဧတံ၊ ဤသို့ ပါဏာတိပါတ-စသော ကံကို ပြုခြင်းသည်။ မေ၊ ငါ့အား။ န ပဋိရူပံ၊ မလျောက်ပတ်။ ဣတိ အာဒိနာ နယေန၊

ဤသို့ အစရှိသောနည်းဖြင့်။ သမ္ပတ္တဝတ္ထုတော၊ ရောက်လာသော ဝတ္ထုမှ။ ဝိရတိ၊ ကြဉ်ခြင်းတည်း။ အယံ၊ ဤကြဉ်ခြင်းသည်။ သမ္ပတ္တဝိရတိ နာမ၊ **သမ္ပတ္တဝိရတိ** မည်၏။

သိက္ခာပဒသမာဒါနဝသေန၊ ပါဏာတိပါတာ ဝေရမဏီ- အစရှိသည်ဖြင့် သိက္ခာပုဒ်တော်ကို ဆောက်တည်သည်၏ အစွမ်းဖြင့်။ ပဝတ္တာ၊ ဖြစ်သော။ ဝိရတိ၊ သည်။ သမာဒါနဝိရတိ နာမ၊ **သမာဒါနဝိရတိ** မည်၏။

ယဿာ ဝိရတိယာ၊ အကြင် ဝိရတိ၏။ ပဝတ္တိတော၊ ဖြစ်သည်မှ။ ပဘုတိ၊ စ၍။ ကုလပုတ္တော၊ အရိယာ-ဟု ဆိုအပ်သော အမျိုးသားသည်။ ပါဏာတိပါတာဒီနိ၊ ပါဏာတိပါတ အစရှိသည်တို့ကို။ န ကရောတိ၊ မပြု။ အရိယမဂ္ဂသမ္ပယုတ္တာ၊ အရိယမဂ်ဉာဏ်နှင့် ယှဉ်သော ဝိရတိသည်။ သမုစ္ဆေဒဝိရတိ နာမ၊ **သမုစ္ဆေဒဝိရတိ** မည်၏။

ဝိရတိ ၃-ပါးတို့၏ အရာကို သိသာအောင် ပြဆိုလျှင် ကျယ်လွန်းအံ့။ ထို ၃-ပါးသော ဝိရတိတို့တွင် 'အာရတီ ဝိရတီ ပါပါ'-ဟူသော ခုဒ္ဒကပါဌ၊ မင်္ဂလသုတ်ပါဠိတော်၏ အရာ၌ သီလအရာဖြစ်၍ သမာဒါနဝိရတိကိုသာ အလိုရှိအပ်၏။ အဘယ်ကြောင့်နည်းဟူမူ သမ္ပတ္တဝိရတိ, သမုစ္ဆေဒဝိရတိတို့ကို လောက၌ ဝေါဟာရအားဖြင့် သီလ-ဟု မထင်ရှားသည်၏ အဖြစ်ကြောင့်တည်း။ ထို့ကြောင့် ပဋ္ဌာန်းအဋ္ဌကထာ(အဘိ၌၊၃။၄၃၅)၌—

> **သီလံ သမာဒိယိတွာတိ** ပဉ္စင်္ဂဒသင်္ဂါဒိဝသေန နိစ္စသီလံ ဂဏှိတွာ။ ဣမိနာ သမာဒါနဝိရတိယေဝ ဒဿိတာ။ သမ္ပတ္တဝိရတိသမုစ္ဆေဒဝိရတိယော ပန လောကေ သီလန္တိ အပါကဋတ္တာ န ဝုတ္တာ။

ဟူ၍ လာသည်။

သီလံ သမာဒိယိတွာတိ၊ **သီလံသမာဒိယိတွာ**-ဟူသည်ကား။ ပဉ္စင်္ဂဒသင်္ဂါဒိဝသေန၊ ပဉ္စင်္ဂသီလ, ဒသင်္ဂသီလ-အစရှိသည်တို့၏ အစွမ်းအားဖြင့်။ နိစ္စသီလံ၊ နိစ္စသီလကို။ ဂဏှိတွာ၊ ဆောက်တည်ခံယူ၍။ ဣမိနာ၊ ဤသီလံ သမာဒိယိတွာ-ဟူသောပါဌ်ဖြင့်။ သမာဒါနဝိရတိယေဝ၊ သမာဒါနဝိရတိကိုသာလျှင်။ ဒဿိတာ၊ ပြတော်မူအပ်၏။ သမ္ပတ္တဝိရတိသမုစ္ဆေဒဝိရတိယော ပန၊ သမ္ပတ္တဝိရတိ, သမုစ္ဆေဒဝိရတိတို့ကိုကား။ လောကေ၊ ၌။ သီလန္တိ၊ သီလ-ဟူ၍။ အပါကဋတ္တာ၊ မထင်ရှားသည်၏ အဖြစ်ကြောင့်။ န ဝုတ္တာ၊ ဟောတော်မမူအပ်ကုန်။

ဤ"အာရတီ ဝိရတီ ပါပါ"ဟူသောပုဒ်၌ ပါပါ-ဟူသော အပါဒါန်ကို ထောက်၍ "အာရတီ ဝိရတီ"၏အရကို ပါဏာတိပါတ-စသော ကံ ၄-ပါးကို ယူအပ်၏။ အဘယ့်ကြောင့်နည်းဟူမူ သုရာမေရယကိုကား "မဇ္ဇပါနာ စ သံယမော"ဟု အထက်၌ အသီးအခြား

မင်္ဂလာ ၁-ပါး ဟောတော်မူလတ္တံ့ ဖြစ်သောကြောင့်တည်း။ ထိုပါဏာတိပါတ-စသော ကံ ၄-ပါးတို့မှ ကြဉ်ခြင်းသည် ပစ္စုပ္ပန်သံသရာ၌ ဖြစ်သော ကြောက်မက်ဖွယ်သော ဘယဘေရဝ တို့ကို ပယ်ခြင်း-အစရှိသော အထူးထူးသော အကျိုးကို ရခြင်း၏အကြောင်း ဖြစ်သော ကြောင့် မင်္ဂလာမည်၏။

ထို့ကြောင့် ပရမတ္ထဇောတိကာမည်သော ခုဒ္ဒကပါဌ၊ သုတ္တနိပါတ်၊ မင်္ဂလသုတ် အဋ္ဌကထာ(၄။၁၂၀)တို့၌-

**ပါဏာတိပါတော အဒိန္နာဒါနံ၊ မုသာဝါဒေါ စ ဝုစ္စတိ။**
**ပရဒါရဂမနဉ္စေဝ၊ နပ္ပသံသန္တိ ပဏ္ဍိတာ။**

**ဧဝံ ဂါထာယ သင်္ဂဟိတံ ကမ္မကိလေသသင်္ခါတံ စတုဗ္ဗိဓံ အကုသလံ။ တတော ပါပါ။ သဗ္ဗာပေ’သာ အာရတိ စ ဝိရတိ စ ဒိဋ္ဌဓမ္မိကသမ္ပရာယိကဘယ-ဘေရဝပ္ပဟာနာဒိနာနပ္ပကာရဝိသေသာဓိဂမဟေတုတော မင်္ဂလန္တိ ဝုစ္စတိ။**

ဟူသောပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ပါဏာတိပါတဉ္စ၊ ပါဏာတိပါတကိုလည်းကောင်း။ အဒိန္နာဒါနဉ္စ၊ အဒိန္နာဒါနကို လည်းကောင်း။ မုသာဝါဒေါ စ၊ မုသာဝါဒကိုလည်းကောင်း။ ပရဒါရဂမနဉ္စ၊ သူတပါးတို့၏ သားမယား၌ ကျူးလွန်ပြစ်မှား သွားလာခြင်းကိုလည်းကောင်း။ ပါပံ၊ ပါပ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ တာနိ ပါပါနိ၊ ထိုပါဏာတိပါတ-စသော မကောင်းမှုတို့ကို။ ပဏ္ဍိတာ၊ ပညာရှိ တို့သည်။ နပ္ပသံသန္တိ၊ မချီးမွမ်းကုန်။

ဧဝံ၊ ဤသို့။ ဂါထာယ၊ ဂါထာဖြင့်။ သင်္ဂဟိတံ၊ သင်္ဂြိုဟ်ရေတွက်အပ်သော။ ကမ္မ-ကိလေသသင်္ခါတံ၊ ကမ္မကိလေသ-ဟု ဆိုအပ်သော။ စတုဗ္ဗိဓံ၊ ၄-ပါးအပြားရှိသော။ အကုသ-လံ၊ အကုသိုလ်ကံသည်။ ပါပံ၊ ပါပ မည်၏။ တတော ပါပါ၊ ထို ၄-ပါးသော မကောင်းမှုမှ။ သဗ္ဗသော၊ အချင်းခပ်သိမ်း။ အာရတိ စ၊ စိတ်ဖြင့် ကြဉ်ခြင်းသည်လည်းကောင်း။ ဝိရတိ စ၊ ကိုယ်,နှုတ်ဖြင့် ကြဉ်ခြင်းသည်လည်းကောင်း။ ဒိဋ္ဌဓမ္မိကသမ္ပရာယိကဘယဘေရဝပဟာ-နာဒိနာနပ္ပကာရဝိသေသာဓိဂမဟေတုတော၊ ပစ္စုပ္ပန်, တမလွန်ဘဝ၌ဖြစ်သော ကြောက် မက်ဖွယ်သော ဘေးကို ပယ်ခြင်း-အစရှိသော အထူးထူးအပြားပြား များသောအကျိုးထူးကို ရခြင်း၏ အကြောင်းဖြစ်သောကြောင့်။ မင်္ဂလန္တိ၊ မင်္ဂလာ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

“ပါဏာတိပါတာ ပဋိဝိရတော ခေါ ဂဟပတိ အရိယသာဝကော”အစရှိသော ပဉ္စကနိပါတ်၊ အင်္ဂုတ္တိုရ်ပါဠိတော်ကိုလည်း နှလုံးသွင်းယောင် စကားအလျဉ်းသင့်ရာ ဆက် သဖြင့် ထပ်၍ ပြဆိုလျှင် ကျယ်လွန်းအံ့။

ဤ'အာရတီ ဝိရတီ ပါပါ'၏အရ၌ ပါပါ-ဟူသောအပါဒါန်ကို ထောက်၍ 'အာရတီ ဝိရတီ ပါပါ'၏အရကို မင်္ဂလာ ၁-ပါးသာ ယူအပ်၏။ 'မဇ္ဇပါနာ စ သံယမော'ကိုလည်း မင်္ဂလာ ၁-ပါး ယူအပ်၏။ 'အပ္ပမာဒေါ စ ဓမ္မေသု'၏အရကိုလည်း မင်္ဂလာ ၁-ပါး ယူအပ်၏။ ဤသို့ 'အာရတီ ဝိရတီ ပါပါ'-အစရှိသောဂါထာ၌ မင်္ဂလာတရား ၃-ပါးဖြစ်၏။ ထို့ကြောင့် ပရမတ္ထဇောတိကာမည်သော ခုဒ္ဒကပါဌ၊ သုတ္တနိပါတ်၊ မင်္ဂလသုတ်အဋ္ဌကထာတို့၌-

**ဧဝံ ဣမိဿာ ဂါထာယ ပါပါ ဝိရတိ, မဇ္ဇပါနာ သံယမော, ကုသလေသု ဓမ္မေသု အပ္ပမာဒေါတိ တီဏိ မင်္ဂလာနိ ဝုတ္တာနိ။**

ဟူသောပါဌ်(ခုဒ္ဒက၊ဋ္ဌ။၁၂၂)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဧဝံ၊ ဤသို့ ပြဆိုခဲ့ပြီးသောနည်းဖြင့်။ ဣမိဿာ ဂါထာယ၊ အာရတီ ဝိရတီ-အစရှိသော ဤဂါထာဖြင့်။ ပါပါ ဝိရတိ၊ ပါဏာတိပါတ-စသော ၄-ပါးကုန်သော မကောင်းမှုတို့မှ ကြဉ်ခြင်း။ မဇ္ဇပါနာ စ သံယမော၊ သေအရက် သောက်စားခြင်းမှ ကြဉ်ခြင်း။ ကုသလေသု ဓမ္မေသု၊ ကုသိုလ်တရားတို့၌။ အပ္ပမာဒေါ၊ မမေ့မလျော့ခြင်း။ ဣတိ၊ ဤသို့။ တီဏိ မင်္ဂလာနိ၊ ၃-ပါးကုန်သော မင်္ဂလာတို့ကို။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်၏။

ပဉ္စင်္ဂသီလတွင် သိက္ခာပုဒ် ၅-ပါး တပေါင်းတည်းဖြစ်လျက် သုရာမေရယကို "မဇ္ဇပါနာ စ သံယမော"ဟု မင်္ဂလာတရား ၁-ပါး သီးခြားဟောတော်မူသည်မှာလည်း သုရာမေရယကံသည် ပါဏာတိပါတ-စသော ၄-ပါးသောကံတို့ထက် မဟာသာဝဇ္ဇဖြစ်၍ အပြစ်သာလွန်သောကြောင့် ဟောတော်မူသည်-ဟု မှတ်ရာ၏။

အသုရာဟူသောပုဒ်, သုရာမေရယဟူသောပုဒ်များ၌ သု-မှာ ဥ-ရဿနှင့် ရှိမှ သင့်သည်။

သုရ ဣဿရိယဒိတ္တီသု။ သုရတီတိ သုရော။ သုန္ဒရာ ဝါစာ အဿာတိ ဝါ သုရော။
(သဒ္ဒနီတိ)

သုရမန္တိ ကီဠန္တီတိ ဝါ သုရာ။ (အဘိဓာန်ဋီကာ)

သုရေန ဝနစရကေန ကတာ ပါနဇာတိ သုရာ။ (သဒ္ဒနီတိ)

သု အဘိသဝေ ရော၊ သု သဝနေ ဝါ သုရာ။ (အဘိဓာန်ဋီကာ)

အနိဋ္ဌဖလဒါယကတ္တံ သုဝတီတိ သုရာ၊ မဒိရာ။ (မောဂ္ဂလာန်)

အာဒိကာလမှုပါဒါယ သုရေန ဝနစရကေန စေဝ ဝရုဏေန စ ဒိဋ္ဌတ္တာ တဿ ပါနဿ သုရာတိ နာမံ ဇာတံ။ (ငါးရာငါးဆယ် တိသနိပါတ်၊ ကုမ္ဘဇာတ်အဋ္ဌကထာ)

အချို့ဆရာတို့ကား ဤ'အာရတိ ဝိရတိ ပါပါ'-အစရှိသောဂါထာ၌ အာရတီလည်း မင်္ဂလာ ၁-ပါး၊ ဝိရတီလည်း မင်္ဂလာ ၁-ပါး၊ 'မဇ္ဇပါနာ စ သံယမော'လည်း မင်္ဂလာ ၁-ပါး၊ 'အပ္ပမာဒေါ စ ဓမ္မေသု'လည်း မင်္ဂလာ ၁-ပါး ယူပြီးလျှင် မင်္ဂလာတရား ၄-ပါး ထင်မှတ်သောကြောင့်။ ဇတ်၊ ဤတရား ၄-ပါးသည်လျှင်-ဟု အနက်ရေးထား၍ ပို့ချသင်ကြား မှတ်သားလေ့ကျက် ဆောင်ရွက်ကြသည်ကား မှားလေစွ။ **ဤတွင်ရှေ့ အာရတီ ဝိရတီ၏ အရကို ပြဆိုသော စကားတစ်ရပ် အပြီးသတ်တည်း။**

အကျိုးပေးသည့်အခါဝယ် အဘယ်ရတီ အားရှိ၊ အားကိုး အကျိုးထူးဖလ ဝိသေသ ဖြစ်မည်ကို မေးလျှောက်သည်မှာ အထက်ပြဆိုခဲ့သော ပါဏာတိပါတ-စသော ကံ ၄-ပါး တို့ကို ကြဉ်ရှောင်ရာ၌ ကုသိုလ်အရာဖြစ်၍ ကာယဒွါရ, ဝစီဒွါရ, မနောဒွါရ-ဟု ဆိုအပ်သော ဒွါရ ၃-ပါးတို့၌ပင် ဖြစ်သင့်ရကား မနောဒွါရ၌ ဖြစ်သည်ကို အာရတီ၊ ကာယဒွါရ, ဝစီဒွါရ၌ ဖြစ်သည်ကို ဝိရတီ-ဟု ဥပသာရ၏အစွမ်းဖြင့် အာရတီ, ဝိရတီ-ဟု ဟောတော်မူသည်။ စင်စစ်အားဖြင့်သော်ကား ဝိရတီ၏ အမည်ပင်တည်း။

ထို့ကြောင့် တရားကိုယ် မကွဲမပြား အာရတီ, ဝိရတီ၏အရတွင် သဘောတူလေ ရကား အကျိုးတရား ကွဲပြားထူးခြားကြ၍ ဝိသေသ ဖြစ်ကောင်းသေးသည်-ဟု မဆိုသာ။ ထိုစကား သင့်၏။

- အကုသိုလ်ကာယကံသည် ကာယဒွါရ, ဝစီဒွါရ-ဟု ဆိုအပ်သော ဒွါရ ၂-ပါးတို့၌ ဖြစ်ကုန်၏။ မနောဒွါရ၌ မဖြစ်။
- အကုသိုလ်ဝစီကံသည်လည်း ကာယဒွါရ, ဝစီဒွါရ-ဟု ဆိုအပ်သော ဒွါရ ၂-ပါးတို့၌ ဖြစ်ကုန်၏။ မနောဒွါရ၌ မဖြစ်။
- အကုသိုလ်မနောကံသည်ကား ကာယဒွါရ, ဝစီဒွါရ, မနောဒွါရ ၃-ပါးတို့၌ ဖြစ်ကုန်၏။

ထို့အတူ ကုသိုလ်ကာယကံ၊ ဝစီကံ၊ မနောကံတို့သည် ကာယဒွါရ, ဝစီဒွါရ, မနောဒွါရ ၃-ပါးတို့၌ ဖြစ်ကြကုန်၏။ ထို့ကြောင့် အဋ္ဌသာလိနီမည်သော ဓမ္မသင်္ဂဏီ အဋ္ဌကထာ(နှာ-၁၃၂)၌-

> အကုသလံ ဟိ ကာယကမ္မံ ကာယဝစီဒွါရေသု သမုဋ္ဌာတိ။ န မနောဒွါရေ။ တထာ အကုသလံ ဝစီကမ္မံ။ အကုသလံ ပန မနောကမ္မံ တီသုပိ ဒွါရေသု သမုဋ္ဌာတိ။ တထာ ကုသလာနိ ကာယဝစီမနောကမ္မာနိ။

ဟူသောပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဟိ သစ္စံ၊ မှန်၏။ ဝါ၊ ဟိ ဝိတ္ထာရေမိ၊ အကျယ်ပြအံ့။ အကုသလံ ကာယကမ္မံ၊ အကုသိုလ်ကာယကံသည်။ ကာယဝစီဒွါရေသု၊ ကာယဒွါရ, ဝစီဒွါရတို့၌။ သမုဋ္ဌာတိ၊ ဖြစ်၏။ မနောဒွါရေ၊ မနောဒွါရ၌။ န သမုဋ္ဌာတိ၊ မဖြစ်။ တထာ၊ ထိုအကုသိုလ်ကာယကံသည် ကာယဒွါရ, ဝစီဒွါရတို့၌ ဖြစ်သည်နှင့်အတူ။ အကုသလံ၊ အကုသိုလ်ဖြစ်သော။ ဝစီကမ္မံ၊ ဝစီကံသည်။ ကာယဝစီဒွါရေသု၊ ကာယဒွါရ, ဝစီဒွါရတို့၌။ သမုဋ္ဌာတိ၊ ဖြစ်၏။ မနောဒွါရေ၊ မနောဒွါရ၌။ န သမုဋ္ဌာတိ၊ မဖြစ်။ အကုသလံ၊ အကုသိုလ်ဖြစ်သော။ မနောကမ္မံ ပန၊ မနောကံသည်ကား။ တီသု ဒွါရေသု၊ ဒွါရ ၃-ပါးတို့၌။ သမုဋ္ဌာတိ၊ ဖြစ်၏။ တထာ၊ ထို အကုသိုလ်မနောကံသည် ဒွါရ ၃-ပါးတို့၌ ဖြစ်သည်နှင့်အတူ။ ကုသလာနိ၊ ကုသိုလ်ဖြစ်ကုန်သော။ ကာယဝစီမနောကမ္မာနိ၊ ကာယကံ, ဝစီကံ, မနောကံတို့သည်။ တီသု ဒွါရေသု၊ ဒွါရ ၃-ပါးတို့၌။ သမုဋ္ဌာတိ၊ ဖြစ်၏။

ထိုစကား၌ "ပါဏာတိပါတာ ဝေရမဏီ"အစရှိသည်ကိုမျှ မဆိုတတ်သောသူသည် 'ပါဏာတိပါတ'-အစရှိသည်မှ ကြဉ်လိုသော စိတ်ဖြင့် လက်ဆုပ်ပြခြင်း-စသည်ကို ပြု၍ ဆောက်တည်ရာ၏။ ထိုသူအား ကုသိုလ်ကာယကံသည်ကား ကာယဒွါရ၌ ဖြစ်၏။

ထို့ကြောင့် အဋ္ဌသာလိနီမည်သော ဓမ္မသင်္ဂဏီအဋ္ဌကထာ(နှာ-၁၇၇)၌-

**ဣမာနိ သိက္ခာပဒါနိ ဟတ္ထမုဒ္ဒါယ ဂဏှာတိ။ တဒါ ကမ္မံ ကာယကမ္မံ။ ဒွါရမ္ပိ ကာယဒွါရမေဝ။ ဧဝံ ကုသလံ ကာယကမ္မံ ကာယဒွါရေ သမုဋ္ဌာတိ။**

ဟူသောပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဣမာနိ သိက္ခာပဒါနိ၊ ဤပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ-ဟု ဆိုအပ်ကုန်သော ၃-ပါးသော သိက္ခာပုဒ်တို့ကို။ ဟတ္ထမုဒ္ဒါယ၊ လက်ဆုပ်ပြသဖြင့်။ ဂဏှာတိ၊ ဆောက်တည်၏။ တဒါ၊ ထိုအခါ၌။ ကမ္မံ၊ ကံသည်။ ကာယကမ္မံ၊ ကာယကံ မည်၏။ ဒွါရမ္ပိ၊ ဒွါရသည်လည်း။ ကာယဒွါရမေဝ၊ ကာယဒွါရပင်တည်း။ ဧဝံ၊ ဤသို့ ပြဆိုခဲ့ပြီးသောနည်းဖြင့်။ ကုသလံ ကာယကမ္မံ၊ ကုသိုလ်ကာယကံသည်။ ကာယဒွါရေ၊ ကာယဒွါရ၌။ သမုဋ္ဌာတိ၊ ဖြစ်၏။

ထို ၃-ပါးကုန်သော သိက္ခာပုဒ်တို့ကို နှုတ်မြွက်၍ ဆောက်တည်သောအခါ ကုသိုလ် ကာယကံသည် ဝစီဒွါရ၌ ဖြစ်၏။

ထို့ကြောင့် ၎င်းအဋ္ဌသာလိနီမည်သော ဓမ္မသင်္ဂဏီအဋ္ဌကထာ(နှာ-၁၇၇)၌-

တာနေဝ သိက္ခာပဒါနိ ဝစီဘေဒံ ကတွာ ဂဏှာတိ။ တဒါ ကမ္မံ ကာယကမ္မံ။ ဒွါရံ ပန ဝစီဒွါရံ ဟောတိ။ ဧဝံ ကုသလံ ကာယကမ္မံ ဝစီဒွါရေ သမုဋ္ဌာတိ။

ဟူသောပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

တာနေဝ သိက္ခာပဒါနိ၊ ထို ၃-ပါးကုန်သော သိက္ခာပုဒ်တို့ကို။ ဝစီဘေဒံ၊ နှုတ်မြွက်ခြင်းကို။ ကတွာ၊ ပြု၍။ ဂဏှာတိ၊ ဆောက်တည်၏။ တဒါ၊ ထိုအခါ၌။ ကမ္မံ၊ ကံသည်။ ကာယကမ္မံ၊ ကာယကံတည်း။ ဒွါရံ ပန၊ ဒွါရသည်ကား။ ဝစီဒွါရံ၊ ဝစီဒွါရသည်။ ဟောတိ၊ ၏။ ဧဝံ၊ ဤသို့ ပြဆိုခဲ့ပြီးသောနည်းဖြင့်။ ကုသလံ၊ ကုသိုလ်ဖြစ်သော။ ကာယကမ္မံ၊ ကာယကံသည်။ ဝစီဒွါရေ၊ ဝစီဒွါရ၌။ သမုဋ္ဌာတိ၊ ဖြစ်၏။

အကြင်အခါ ထို ၃-ပါးကုန်သော သိက္ခာပုဒ်တို့ကို ပေးသောကာလ ကိုယ်အင်္ဂါ, နှုတ်အင်္ဂါတို့ကို မလှုပ်စေဘဲ စိတ်ဖြင့် ပါဏာတိပါတ, အဒိန္နာဒါန, ကာမေသုမိစ္ဆာစာရ စသည်မှ ကြဉ်၏-ဟု ဆောက်တည်၏။ ထိုအခါ ကုသိုလ်ကာယကံသည် မနောဒွါရ၌ ဖြစ်၏။ ထို့ကြောင့် ဋ္ဌကထာ(နှာ-၁၃၇)၌-

တေသု ပန သိက္ခာပဒေသု ဒိယျမာနေသု ကာယင်္ဂဝါစင်္ဂါနိ အစောပေတွာ မနသာဝ "ပါဏာတိပါတာ အဒိန္နာဒါနာ ကာမေသုမိစ္ဆာစာရာ ပဋိဝိရမာမီ"တိ ဂဏှာတိ။ တဒါ ကမ္မံ ကာယကမ္မံ။ ဒွါရံ ပန မနောဒွါရံ ဟောတိ။ ဧဝံ ကုသလံ ကာယကမ္မံ မနောဒွါရေ သမုဋ္ဌာတိ။

ဟူသောပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

တေသု ပန သိက္ခာပဒေသု၊ ထိုပြဆိုအပ်ခဲ့ပြီးသော သိက္ခာပုဒ်တို့ကို။ ဒိယျမာနေသု၊ ပေးအပ်ကုန်သည်ရှိသော်။ ကာယင်္ဂဝါစင်္ဂါနိ၊ ကိုယ်အင်္ဂါ, နှုတ်အင်္ဂါတို့ကို။ အစောပေတွာ၊ မလှုပ်ရှားစေမူ၍။ မနသာဝ၊ စိတ်ဖြင့်သာလျှင်။ ပါဏာတိပါတာ၊ ပါဏာတိပါတမှ။ အဒိန္နာဒါနာ၊ အဒိန္နာဒါနမှ။ ကာမေသုမိစ္ဆာစာရာ၊ ကာမေသုမိစ္ဆာစာရမှ။ ပဋိဝိရမာမီတိ၊ ကြဉ်၏ဟူ၍။ ဂဏှာတိ၊ ဆောက်တည်၏။ တဒါ၊ ထိုအခါ၌။ ကမ္မံ၊ ကံသည်။ ကာယကမ္မံ၊ ကာယကံတည်း။ ဒွါရံ ပန၊ ဒွါရသည်ကား။ မနောဒွါရံ၊ မနောဒွါရသည်။ ဟောတိ၊ ဖြစ်၏။ ဧဝံ၊ ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ ကုသလံ၊ ကုသိုလ်ဖြစ်သော။ ကာယကမ္မံ၊ ကာယကံသည်။ မနောဒွါရေ၊ မနောဒွါရ၌။ သမုဋ္ဌာတိ၊ ဖြစ်၏။

သုရာမေရယသည် ကာမေသုမိစ္ဆာစာရ၌ အန္တောဂဓ ဖြစ်၏။ မုသာဝါဒ-အစရှိသော သိက္ခာပုဒ်တို့ကိုလည်း ဆိုအပ်ခဲ့ပြီးသောနည်းဖြင့် ကိုယ်, နှုတ်, စိတ်တို့ဖြင့် ဆောက်တည်သောသူအား ဝစီကံသည် ကာယဒွါရ, ဝစီဒွါရ, မနောဒွါရ၌ ဖြစ်၏။

ထို့ကြောင့် အဋ္ဌသာလိနီမည်သော အဋ္ဌကထာ(နှာ-၁၃၇)၌–

**မုသာဝါဒါ ဝေရမဏီတိအာဒီနိ ပန စတ္တာရိ သိက္ခာပဒါနိ ဝုတ္တနယေနေဝ ကာယာဒီဟိ ဂဏှန္တဿ ကုသလံ ဝစီကမ္မံ တီသု ဒွါရေသု သမုဋ္ဌာတိ။**

ဟူသောပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

**မုသာဝါဒါ ဝေရမဏီတိအာဒီနိ**၊ မုသာဝါဒါ ဝေရမဏီ-အစရှိကုန်သော။ စတ္တာရိ သိက္ခာပဒါနိ၊ ၄-ပါးကုန်သော သိက္ခာပုဒ်တို့ကို။ ဝုတ္တနယေနေဝ၊ ဆိုအပ်ပြီးသော နည်းဖြင့်သာလျှင်။ ကာယာဒီဟိ၊ ကိုယ်-စသည်တို့ဖြင့်။ ဂဏှန္တဿ၊ ဆောက်တည်သောသူအား။ ကုသလံ ဝစီကမ္မံ၊ ကုသိုလ်ဝစီကံသည်။ တီသု ဒွါရေသု၊ ဒွါရ ၃-ပါးတို့၌။ သမုဋ္ဌာတိ၊ ဖြစ်၏။

ဤ၌ စတ္တာရိ သိက္ခာပဒါနိဖြင့် ဝစီသုစရိုက် ၄-ပါးကို ပြသည်။ ၅-ပါးသီလတွင် မုသာဝါဒကို ဟောတော်မူသော်လည်း ကာယဒုစရိုက် ၃-ပါးတွင် ကာမေသုမိစ္ဆာစာရအတွင်း သုရာမေရယနှင့် မုသာဝါဒကို ထည့်၍ ပဉ္စသီ ၅-ပါး ဖြစ်၏။

ကာယဒုစရိုက်ချင်း တူသော်လည်း 'ကာမေသုမိစ္ဆာစာရ'အဝင် 'သုရာမေရယ' အပြစ် သာလွန်သောကြောင့် အသီးအခြား မင်္ဂလာတစ်ပါး ကွဲပြား၍ 'မဇ္ဇပါနာ စ သံယမော' ဟု ဟောတော်မူသတည်း။

ယင်းသည် သုရာမေရယကံ၏ အပြစ်ကြီးကြောင်းကိုလည်း ပရမတ္ထဇောတိကာမည်သော ခုဒ္ဒကပါဌ၊ သိက္ခာပဒသုတ်အဖွင့်အဋ္ဌကထာ(၁၉)၌–

**အပိ စေ'တ္ထ သုရာမေရယမဇ္ဇပမာဒဋ္ဌာနမေဝ မဟာသာဝဇ္ဇံ၊ န တထာ ပါဏာတိပါတာဒယော။ ကသ္မာ? မနုဿဘူတဿာပိ ဥမ္မတ္တကဘာဝသံဝတ္တနေန အရိယဓမ္မန္တရာယကရဏတော။**

ဟူသောပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

အပိ စ၊ ဆိုဖွယ်အထူးကား။ ဧတ္ထ၊ ဤ ၅-ပါးကုန်သော ကံတို့တွင်။ သုရာမေရယမဇ္ဇပမာဒဋ္ဌာနမေဝ၊ သုရာမေရယမဇ္ဇပမာဒဋ္ဌာနသည်သာလျှင်။ မဟာသာဝဇ္ဇံ၊ အပြစ်ကြီး၏။ တထာ၊ ထိုသုရာမေရယအတူ။ ပါဏာတိပါတာဒယော၊ ပါဏာတိပါတ-စသော ကံ ၄-ပါးတို့သည်။ မဟာသာဝဇ္ဇံ၊ အပြစ်ကြီးသည်။ န ဟောန္တိ၊ မဖြစ်ကုန်။ ကသ္မာ၊ အဘယ်ကြောင့်နည်းဟူမူကား? မနုဿဘူတဿာပိ၊ လူဖြစ်သောသူအားလည်း။ ဥမ္မတ္တကဘာဝသံဝတ္တနေန၊ ရူးသောအဖြစ်ကို ပြုသဖြင့်။ အရိယဓမ္မန္တရာယကရဏတော၊ အရိယမင်္ဂဖိုလ်၏ အန္တရာယ်ကို ပြုတတ်သောကြောင့်တည်း။

ပါဏာတိပါတ-စသော ကံ ၅-ပါးတို့၏ အပြစ်ကို အညီအမျှ ဟောတော်မူပြီးမှ သုရာမေရယ အပြစ်ကြီးကြောင်းကို ပဥ္စကနိပါတ်၊ အင်္ဂုတ္တိုရ်ပါဠိတော်တွင် မြတ်စွာဘုရား အကျယ်အားဖြင့် ဟောတော်မူသေး၏။

ဤအရာ၌ အချို့သောသူတို့က "သုရာမေရယသည် အပါယဂမနီယ မဖြစ်"ဟု ဆိုကြကုန်သည်။ ထိုစကား မသင့်။ အဘယ့်ကြောင့်နည်းဟူမူကား ပါဏာတိပါတ-စသော ကံ ၄-ပါးသည် အပါယဂမနီယကံချည်း ဖြစ်ကြ၏။ ထိုကံ ၄-ပါးထက်ပင် သုရာမေရယကံ အပြစ်သာလွန်၍ မဟာသာဝဇ္ဇဖြစ်ရကား အပါယဂမနီယအရာကို ကာ ကထာ-ဟု ပါဠိတော်၏အရကို ထောက်ဆနိုင်းချင့် ယူသင့်သောကြောင့် အပါယဂမနီယကံ-ဟု ဧကန် မုချ မှတ်ရာ၏။

ထို့ကြောင့် ပရမတ္ထဇောတိကာမည်သော ခုဒ္ဒကပါဌအဋ္ဌကထာ၊ သုတ္တနိပါတ်၊ မင်္ဂလသုတ် အဖွင့်အဋ္ဌကထာတို့၌-

> **မဇ္ဇပါနာ စ သံယမော နာမ ပုဗ္ဗေ ဝုတ္တသုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရ-မဏိယာ ဧဝေတံ အဓိဝစနံ။** ယသ္မာ ပန မဇ္ဇပါယီ အတ္ထံ န ဇာနာတိ၊ ဓမ္မံ န ဇာနာတိ၊ မာတု အန္တရာယံ ကရောတိ၊ ပိတု အန္တရာယံ ကရောတိ၊ ဗုဒ္ဓပစ္စေက-ဗုဒ္ဓတထာဂတသာဝကာနမ္ပိ အန္တရာယံ ကရောတိ၊ ဒိဋ္ဌေဝ ဓမ္မေ ဂရဟံ၊ သမ္ပရာယေ ဒုဂ္ဂတိံ၊ အပရာပရိယေ ဥမ္မာဒဥ္စ ပါပုဏာတိ။

ဟူသော ပါဌ်(ခုဒ္ဒက၊ဋ္ဌ၊၁၂၀။ သုတ္တနိ၊ဋ္ဌ၊၂၆)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

မဇ္ဇပါနာ စ သံယမော နာမ၊ **မဇ္ဇပါနာစ သံယမော**-ဟူသော ဤအမည်သည်။ ပုဗ္ဗေ၊ ရှေးဖြစ်သော သိက္ခာပဒသုတ်၌။ ဝုတ္တသုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိယာ၊ ပြဆိုအပ်ခဲ့ပြီးသော သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိ၏။ အဓိဝစနံ၊ အမည်တည်း။ ယသ္မာ ပန၊ အကြင်ကြောင့်။ မဇ္ဇပါယီ၊ သေသောက်လေ့ရှိသောသူသည်။ အတ္ထံ၊ အကျိုးစီးပွါးကို။ န ဇာနာတိ၊ မသိ။ ဓမ္မံ၊ အကြောင်းကို။ န ဇာနာတိ၊ မသိ။ မာတု အန္တရာယံ၊ အမိ၏ အန္တရာယ်ကို။ ကရောတိ၊ ပြု၏။ ပိတု အန္တရာယံ၊ အဘ၏ အန္တရာယ်ကို။ ကရောတိ၊ ပြု၏။ ဗုဒ္ဓပစ္စေကဗုဒ္ဓတထာဂတသာဝကာနံ၊ ဘုရား, ပစ္စေကဗုဒ္ဓါ, သာဝကတို့၏။ အန္တရာယံ၊ အန္တရာယ်ကို။ ကရောတိ၊ ပြု၏။ ဒိဋ္ဌေ ဓမ္မေ စ၊ မျက်မှောက်ဘဝ၌လည်း။ ဂရဟံ၊ ဘုရား-စသော သူတော်ကောင်းတို့ ကဲ့ရဲ့ခြင်းသို့။ သမ္ပရာယေ စ၊ တမလွန်ဘဝ၌လည်း။ ဒုဂ္ဂတိံ၊ အပါယ်လားခြင်းသို့။ ပါပုဏာတိ၊ ရောက်၏။ အပရာပရိယေ၊ သံသရာဘဝအဆက်ဆက်၌။ ဥမ္မာဒဥ္စ၊ ရူးခြင်းသို့လည်း။ ပါပုဏာတိ၊ ရောက်၏။

ဤသို့ သုရာမေရယ၏ အပါယဂမနီယ မဟာသာဝဇ္ဇဖြစ်၍ အပြစ်ကြီးကြောင်းကို သိရာ၏။ သိက္ခာပဒသုတ်တွင် သုရာမေရယမဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီ-အရနှင့် မင်္ဂလသုတ်တွင် မဇ္ဇပါနာ စ သံယမော-အရသည် ဒေသနာတော်အနက် တစ်ချက်တည်းပင်-ဟူလို၏။

သုရာမေရယကို အထက်မေးလျှောက်ရာ 'အာရတီ ဝိရတီ'-အရတွင် မပါမဝင်သော်လည်း သုရာမေရယ၏ မဟာသာဝဇ္ဇဖြစ်၍ အပြစ်သာလွန်သောအရာကို နေရာကျ သိစေခြင်းငှာ မင်္ဂလသုတ်ဂါထာတွင် ဒေသနာစဉ်မပျက် ဆက်၍ ပြလိုက်သည်။

**ဤတွင် 'အာရတီ ဝိရတီ'တို့၏ ဖလဝိသေသ ရှိ,မရှိကို သိသာအောင် ပြဆိုသော စကားရပ် အပြီးသတ်တည်း။**

ဤသို့ ပြဆိုခဲ့ပြီးသောနည်းဖြင့် ဝိရမိတဗ္ဗဝတ္ထုမှ ကြဉ်သော် ဝိရတီကိုပင် ဒွါရအားဖြင့် ကွဲပြားစေခြင်းငှာ မနောဒွါရဖြင့် ကြဉ်သည့် ထိုအာရတီကို ကာယဒွါရဖြင့် ကြဉ်သည့် ဝိရတီ-ဟု ဟောတော်မူပေရကား အနက်အရ သဘာဝ မကွဲမပြား အကျိုး မထူးမခြား ရကြောင်းကို ကောင်းကောင်း သန္နိဋ္ဌာန်ချ၍ မှတ်ရာ၏။

ထိုစကားရပ်တို့ကို အကျယ်သိလိုလျှင် ပရမတ္ထဇောတိကာမည်သော ခုဒ္ဒကပါဌအဋ္ဌကထာ။ ၎င်းသုတ္တနိပါတ်အဋ္ဌကထာ။ အဋ္ဌသာလိနီမည်သော ဓမ္မသင်္ဂဏီအဋ္ဌကထာတို့မှာ ကြည့်လေ။

ရေနံချောင်းမြို့နေ အသုံးခံ ဒကာကွေန်းက "အာရတီ ဝိရတီ-တို့၏ အကွဲအပြား၊ ထို'အာရတီ ဝိရတီ'-တို့၏ အကျိုးထူးဝိသေသကို နေရာကျ သိမှတ်လိုပါသည်"ဟု လျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ညွှန်းပြထုတ်ဆောင်၍ ၁၂၃၈-ခု၊ တပို့တွဲလပြည့်ကျော်၊ ၅-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိမ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## ရဟန်းတော် ဦးပညာ-က ပါရမီ ၁၀-ပါး၊ ဗြဟ္မဝိဟာရ ၄-ပါးတို့၏ လက္ခဏ, ရသ-စသည်ကို သိမှတ်လိုကြောင်းနှင့် လျှောက်ထားချက်

[ ၁၂၃ ] "ဘုရားတပည့်တော် ရတနာသိမ်မြို့ ရှင်ပညာ လျှောက်ပါသည် ဆရာတော်ဘုရား။

(၁) ဒါနပါရမီ, သီလပါရမီ-အစရှိသော ပါရမီ ၁၀-ပါးတို့၏ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်၊

(၂) မေတ္တာ, ကရုဏာ, မုဒိတာ, ဥပေက္ခာ-ဟူသော ဗြဟ္မဝိဟာရတရား ၄-ပါးတို့၏ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကို-

နေရာကျ သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။"

၎င်းဦးပညာ လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ-

[ ၁၂၃ ] (၁) ဒါန, သီလ-စသော ပါရမီ ၁၀-ပါးတို့၏ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်၊ မေတ္တာ, ကရုဏာ-စသော ဗြဟ္မဝိဟာရ ၄-ပါးတို့၏ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကို မေးလျှောက်သည်မှာ ပါရမီ ၁၀-ပါးတို့တွင်-

ဒါနပါရမီသည် စွန့်ကြဲခြင်း လက္ခဏာရှိ၏။ အလှူဝတ္ထု၌ တပ်သော လောဘကို ဖျက်ဆီးခြင်း ကိစ္စရှိ၏။ တဖန် မတောင့်တခြင်း အကျိုးရှိ၏။ တစ်နည်းလည်း ဘဝ၏ ပြည့်စုံခြင်း, ဝိဘဝ၏ ပြည့်စုံခြင်း-ဟူသော အကျိုးရှိ၏။ စွန့်ကြဲအပ်သော ဝတ္ထုလျှင် နီးစွာသောအကြောင်း ရှိ၏။

ထို့ကြောင့် စရိယာပိဋကတ်အဋ္ဌကထာ(၂၇၃)၊ သုတ်သီလက္ခန်ဋီကာတို့၌-

> ပရိစ္စာဂလက္ခဏာ ဒါနပါရမီ၊ ဒေယျဓမ္မေ လောဘဝိဒ္ဓံသနရသာ၊ အနာသတ္တိပစ္စုပဋ္ဌာနာ၊ ဘဝဝိဘဝသမ္ပတ္တိပစ္စုပဋ္ဌာနာ ဝါ၊ ပရိစ္စဇိတဗ္ဗဝတ္ထုပဒဋ္ဌာနာ။

ဟူသောပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဒါနပါရမီ၊ ဒါနပါရမီသည်။ ပရိစ္စာဂလက္ခဏာ၊ စွန့်ကြဲခြင်းလက္ခဏာရှိ၏။ ဒေယျ-ဓမ္မေ၊ အလျှုဝတ္ထု၌။ လောဘဝိဒ္ဓံသနရသာ၊ လောဘကို ဖျက်ဆီးခြင်းကိစ္စရှိ၏။ အနာသတ္တိ-ပစ္စုပဋ္ဌာနာ၊ တဖန် မတောင့်တခြင်း အကျိုးရှိ၏။ ဝါ၊ တစ်နည်းကား။ ဘဝဝိဘဝသမ္ပတ္တိ-ပစ္စုပဋ္ဌာနာ၊ ဘဝ၏ ပြည့်စုံခြင်း, ဝိဘဝ၏ ပြည့်စုံခြင်း-ဟူသော အကျိုးရှိ၏။ ပရိစ္စဇိတဗ္ဗဝတ္ထု-ပဒဋ္ဌာနာ၊ စွန့်ကြဲအပ်သော ဝတ္ထုလျှင် နီးစွာသောအကြောင်းရှိ၏။

သီလပါရမီသည် ကုသိုလ်တရားတို့ကို ဖွဲ့စည်းခြင်း လက္ခဏာရှိ၏။ တစ်နည်းလည်း ကာယကံ, ဝစီကံတို့ကို ကောင်းစွာတည်စေခြင်း လက္ခဏာရှိ၏။ ဒုဿီလ၏အဖြစ်ကို ဖျက်ဆီးခြင်းကိစ္စ ရှိ၏။ တစ်နည်းလည်း အပြစ်မရှိခြင်း ကိစ္စရှိ၏။ စင်ကြယ်ခြင်း အကျိုးရှိ၏။ ဟိရီ, ဩတ္တပ္ပ တရား ၂-ပါးလျှင် နီးစွာသောအကြောင်း ရှိ၏။

ထို့ကြောင့် စရိယာပိဋကတ်အဋ္ဌကထာ(၂၇၃)၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာတို့၌-

**သီလနလက္ခဏာ သီလပါရမီ၊ သမာဓာနလက္ခဏာ ဝါ၊ ပတိဋ္ဌာနလက္ခဏာ စာတိ ဝုတ္တံ ဟောတိ။ ဒုဿီလျဝိဒ္ဓံသနရသာ၊ အနဝဇ္ဇရသာ ဝါ၊ သောစေယျပစ္စုပဋ္ဌာနာ၊ ဟိရောတ္တပ္ပပဒဋ္ဌာနာ။**

ဟူသောပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

သီလပါရမီ၊ သီလပါရမီသည်။ သီလနလက္ခဏာ၊ ကုသိုလ်တရားတို့ကို ဖွဲ့စည်းခြင်း လက္ခဏာရှိ၏။ ဝါ၊ တစ်နည်းကား။ သမာဓာနလက္ခဏာ၊ ကောင်းစွာ တည်စေခြင်းလက္ခဏာ ရှိ၏။ ပတိဋ္ဌာနလက္ခဏာ၊ ကောင်းစွာ တည်စေခြင်းလက္ခဏာ ရှိ၏။ ဣတိ၊ ဤသို့။ ဝုတ္တံ၊ ဆိုအပ်သည်။ ဟောတိ၊ ဖြစ်၏။ ဒုဿီလျဝိဒ္ဓံသနရသာ၊ ဒုဿီလ၏အဖြစ်ကို ဖျက်ဆီးခြင်း ကိစ္စရှိ၏။ ဝါ၊ တစ်နည်းကား။ အနဝဇ္ဇရသာ၊ အပြစ်မရှိခြင်း ကိစ္စရှိ၏။ သောစေယျပစ္စု-ပဋ္ဌာနာ၊ စင်ကြယ်ခြင်း-ဟူသော အကျိုးရှိ၏။ ဟိရိဩတ္တပ္ပပဒဋ္ဌာနာ၊ ဟိရီ, ဩတ္တပ္ပ တရား ၂-ပါးလျှင် နီးစွာသော အကြောင်းရှိ၏။

နေက္ခမ္မပါရမီသည် ကာမဂုဏ် ၅-ပါး တရားတို့မှလည်းကောင်း ဘဝမှလည်းကောင်း ထွက်မြောက်ခြင်း လက္ခဏာရှိ၏။ ထိုကာမ, ဘဝ ၂-ပါးတို့၌ အပြစ်ကို ထင်စွာပြုခြင်း ကိစ္စရှိ၏။ ထိုကာမ, ဘဝ ၂-ပါးတို့၌သာလျှင် မျက်နှာ မရှင်လန်းသောအဖြစ်ကို ပြုခြင်း အကျိုးရှိ၏။ သံသရာဝဋ်မှ ထိတ်လန့်ခြင်းလျှင် နီးစွာသောအကြောင်း ရှိ၏။ ဝါ၊ ဇာတိ, ဇရာ, ဗျာဓိ, မရဏ, အပါယဒုက္ခ, အတီတေ ဝဋ္ဋမူလကဒုက္ခ, အနာဂတေ ဝဋ္ဋမူလကဒုက္ခ, ပစ္စုပ္ပန္နေ အာဟာရပရိယေဋ္ဌိမူလကဒုက္ခ-ဟု ဆိုအပ်သော သံဝေဂဝတ္ထု ၈-ပါးလျှင် နီးစွာ သောအကြောင်း ရှိ၏။

ထို့ကြောင့် စရိယာပိဋကတ်အဋ္ဌကထာ(နှာ-၂၇၃)၌-

**ကာမတော စ ဘဝတော စ နိက္ခမနလက္ခဏာ နေက္ခမ္မပါရမီ၊ တဒါဒီနဝဝိဘာဝနရသာ၊ တတော ဧဝ ဝိမုခဘာဝပစ္စုပဋ္ဌာနာ၊ သံဝေဂပဒဋ္ဌာနာ။**

ဟူသောပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

နေက္ခမ္မပါရမီ၊ နေက္ခမ္မပါရမီသည်။ ကာမတော စ၊ ကာမဂုဏ် ၅-ပါး တရားတို့မှလည်းကောင်း။ ဘဝတော စ၊ ဘဝ ၃-ပါးမှလည်းကောင်း။ နိက္ခမနလက္ခဏာ၊ ထွက်မြောက်ခြင်း လက္ခဏာရှိ၏။ တဒါဒီနဝဝိဘာဝနရသာ၊ ထိုကာမ, ဘဝ ၂-ပါးတို့၌ အပြစ်ကို ထင်စွာပြုခြင်း ကိစ္စရှိ၏။ တတော ဧဝ၊ ထိုကာမ, ဘဝ ၂-ပါးတို့၌သာလျှင်။ ဝိမုခဘာဝပစ္စုပဋ္ဌာနာ၊ မျက်နှာမသာခြင်း-ဟူသော အကျိုးရှိ၏။ သံဝေဂပဒဋ္ဌာနာ၊ သံသရာဝဋ်မှ ထိတ်လန့်ခြင်းလျှင် နီးစွာသောအကြောင်းရှိ၏။ ဝါ၊ သံဝေဂဝတ္ထု ၈-ပါးသာလျှင် နီးစွာသော အကြောင်းရှိ၏။

ပညာပါရမီသည် ဟုတ်မှန်သော သဘောကို ထိုးထွင်း၍ သိခြင်းလက္ခဏာ ရှိ၏။ တစ်နည်း လိမ္မာသော လေးသမားသည် ပစ်အပ်သော မြား၏ စူးဝင်ခြင်းကဲ့သို့ မချော်မချွတ်သောအားဖြင့် ထိုးထွင်း၍ သိခြင်းလက္ခဏာ ရှိ၏။ ဆီမီးရောင်ကဲ့သို့ အာရုံ၌ ထွန်းပခြင်း ကိစ္စရှိ၏။ တောအရပ်သို့ ကပ်သော ခရီးညွှန်ယောက်ျားကဲ့သို့ မတွေဝေခြင်းလျှင် ထင်သော အကျိုး ရှိ၏။ သမာဓိလျှင် နီးစွာသောအကြောင်း ရှိ၏။ တစ်နည်း သစ္စာ ၄-ပါး တရားလျှင် နီးစွာသောအကြောင်း ရှိ၏။

ထို့ကြောင့် စရိယာပိဋကတ်အဋ္ဌကထာ(၂၇၃)၌-

**တထ(ယထာ) သဘာဝပဋိဝေဓလက္ခဏာ ပညာပါရမီ၊ အက္ခလိတပဋိဝေဓလက္ခဏာ ဝါ ကုသလိဿာသခိတ္တဥသုပဋိဝေဓော ဝိယ။ ဝိသယောဘာသနရသာ ပဒီပေါ ဝိယ။ အသမ္မောဟပစ္စုပဋ္ဌာနာ အရညဂတသုဒေသိကော ဝိယ။ သမာဓိပဒဋ္ဌာနာ၊ စတုသစ္စပဒဋ္ဌာနာ ဝါ။**

ဟူသောပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ပညာပါရမီ၊ ပညာပါရမီသည်။ တထ သဘာဝပဋိဝေဓလက္ခဏာ၊ ဟုတ်မှန်သော သဘောကို ထိုးထွင်း၍ သိခြင်းလက္ခဏာရှိ၏။ ဝါ၊ တစ်နည်းကား။ ကုသလိဿာသခိတ္တဥသုပဋိဝေဓော ဝိယ၊ လိမ္မာသော လေးသမားသည် ပစ်အပ်သောမြား၏ စူးဝင်ခြင်းကဲ့သို့။ အက္ခလိတပဋိဝေဓလက္ခဏာ၊ မချော်မချွတ်သောအားဖြင့် ထိုးထွင်း၍ သိခြင်းလက္ခဏာ ရှိ၏။ ပဒီပေါ ဝိယ၊ ဆီမီးရောင်ကဲ့သို့။ ဝိသယောဘာသနရသာ၊ အာရုံ၌ ထွန်းပခြင်းကိစ္စ

ရှိ၏။ အရညဂတသုဒေသိကော ဝိယ၊ တောအရပ်သို့ ကပ်သော ခရီးညွှန်ယောက်ျားကဲ့သို့။ အသမ္မောဟပစ္စုပဋ္ဌာနာ၊ မတွေမဝေခြင်းလျှင် ထင်သောအကျိုးရှိ၏။ သမာဓိပဒဋ္ဌာနာ၊ သမာဓိတရားလျှင် နီးစွာသောအကြောင်းရှိ၏။ ဝါ၊ တစ်နည်းကား။ စတုသစ္စပဒဋ္ဌာနာ၊ သစ္စာ ၄-ပါးတရားလျှင် နီးစွာသောအကြောင်းရှိ၏။

**ဝီရိယပါရမီသည်** အားထုတ်ခြင်းလက္ခဏာ ရှိ၏။ ထောက်ပံ့ခြင်းကိစ္စ ရှိ၏။ မဆုတ်မနစ်ခြင်းလျှင် ထင်သောအကျိုး ရှိ၏။ ဝီရိယာရမ္ဘဝတ္ထုလျှင် နီးစွာသောအကြောင်း ရှိ၏။ တစ်နည်း သံဝေဂဝတ္ထုလျှင် နီးစွာသောအကြောင်း ရှိ၏။

ထို့ကြောင့် စရိယာပိဋကတ်အဋ္ဌကထာ(၂၇၃)၌-

> **ဥဿာဟလက္ခဏာ ဝီရိယပါရမီ၊ ဥပတ္ထမ္ဘနရသာ၊ အသံသီဒနဘာဝပစ္စုပဋ္ဌာနာ၊ ဝီရိယာရမ္ဘဝတ္ထုပဒဋ္ဌာနာ၊ သံဝေဂဝတ္ထုပဒဋ္ဌာနာ ဝါ။**

ဟူသောပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဝီရိယပါရမီ၊ ဝီရိယပါရမီသည်။ ဥဿာဟလက္ခဏာ၊ အားထုတ်ခြင်း လက္ခဏာ ရှိ၏။ ဥပတ္ထမ္ဘနရသာ၊ ထောက်ပံ့ခြင်းကိစ္စ ရှိ၏။ အသံသီဒနဘာဝပစ္စုပဋ္ဌာနာ၊ ဆုတ်နစ်ခြင်း မရှိသည်၏အဖြစ်လျှင် နီးစွာသောအကြောင်းရှိ၏။ ဝီရိယာရမ္ဘဝတ္ထုပဒဋ္ဌာနာ၊ ဝီရိယာရမ္ဘဝတ္ထုလျှင် နီးစွာသောအကြောင်းရှိ၏။ ဝါ၊ တစ်နည်းကား။ သံဝေဂဝတ္ထုပဒဋ္ဌာနာ၊ သံဝေဂဝတ္ထုလျှင် နီးစွာသောအကြောင်းရှိ၏။

**ခန္တီပါရမီသည်** သည်းခံခြင်းလက္ခဏာ ရှိ၏။ ဣဋ္ဌာရုံ, အနိဋ္ဌာရုံတို့ကို သည်းခံခြင်းကိစ္စရှိ၏။ တစ်စုံတစ်ခုသောအကြောင်းဖြင့် မတုန်လှုပ်ဘဲ လျင်စွာ သည်းခံသောအားဖြင့် ထင်သောအကျိုး ရှိ၏။ တစ်နည်းလည်း မဆန့်ကျင်သည်၏အဖြစ်လျှင် ဉာဏ်အား ရှေ့ရှု ထင်၏။ ဟုတ်မှန်တိုင်း မြင်ခြင်းလျှင် နီးစွာသောအကြောင်း ရှိ၏။

ထို့ကြောင့် စရိယာပိဋကတ်အဋ္ဌကထာ(၂၇၃)၌-

> **ခမနလက္ခဏာ ခန္တီပါရမီ၊ ဣဋ္ဌာနိဋ္ဌသဟနရသာ၊ အဓိဝါသနပစ္စုပဋ္ဌာနာ၊ အဝိရောဓပစ္စုပဋ္ဌာနာ ဝါ၊ ယထာဘူတဒဿနပဒဋ္ဌာနာ။**

ဟူသောပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ခန္တီပါရမီ၊ ခန္တီပါရမီသည်။ ခမနလက္ခဏာ၊ သည်းခံခြင်း လက္ခဏာရှိ၏။ ဣဋ္ဌာနိဋ္ဌသဟနရသာ၊ ဣဋ္ဌာရုံ, အနိဋ္ဌာရုံတို့ကို သည်းခံခြင်း ကိစ္စရှိ၏။ အဓိဝါသနပစ္စုပဋ္ဌာနာ၊ တစ်စုံတစ်ခုသော အကြောင်းဖြင့် မတုန်မလှုပ်ဘဲ လွန်စွာ သည်းခံသောအဖြစ်လျှင် ထင်သော

အကျိုးရှိ၏။ ဝါ၊ တစ်နည်းကား။ အဝိရောဓပစ္စုပဋ္ဌာနာ၊ ဝတ္ထု,အာရုံတို့နှင့် မဆန့်ကျင်သော အဖြစ်လျှင် ထင်သောအကျိုးရှိ၏။ ယထာဘူတဒဿနပဒဋ္ဌာနာ၊ ဟုတ်မှန်တိုင်း မြင်ခြင်းလျှင် နီးစွာသောအကြောင်းရှိ၏။

**သစ္စာပါရမီသည်** မချွတ်မယွင်းဆိုခြင်း လက္ခဏာရှိ၏။ ဟုတ်မှန်သော သဘောကို ထင်စွာပြုခြင်း ကိစ္စရှိ၏။ ကောင်းသည်၏အဖြစ်လျှင် ထင်သောအကျိုး ရှိ၏။ ရွံရှာခြင်း မရှိသောအဖြစ်လျှင် နီးစွာသောအကြောင်း ရှိ၏။

ထို့ကြောင့် စရိယာပိဋကတ်အဋ္ဌကထာ(၂၇၃)၌-

**အဝိသံဝါဒနလက္ခဏာ သစ္စပါရမီ၊ ယထာသဘာဝဝိဘာဝနရသာ၊ သာဓုတာပစ္စုပဋ္ဌာနာ၊ သောရစ္စပဒဋ္ဌာနာ။**

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

သစ္စပါရမီ၊ သစ္စာပါရမီသည်။ အဝိသံဝါဒနလက္ခဏာ၊ မချွတ်မယွင်း ဆိုခြင်း လက္ခဏာရှိ၏။ ယထာသဘာဝဝိဘာဝနရသာ၊ ဟုတ်မှန်သောသဘောကို ထင်စွာပြုခြင်း ကိစ္စရှိ၏။ သာဓုတာပစ္စုပဋ္ဌာနာ၊ ကောင်းသည်၏အဖြစ်လျှင် ထင်သောအကျိုးရှိ၏။ သောရစ္စပဒဋ္ဌာနာ၊ ရွံ့ရှားခြင်း မရှိသည်၏အဖြစ်လျှင် နီးစွာသောအကြောင်းရှိ၏။

**အဓိဋ္ဌာန်ပါရမီသည်** သဗ္ဗညုတဉာဏ်၏ အဆောက်အဦတို့၌ ဆောက်တည်ခြင်း လက္ခဏာရှိ၏။ ထိုသဗ္ဗညုတဉာဏ်၏ အဆောက်အဦတို့၏ ဆန့်ကျင်ဘက်ဖြစ်သော တရားတို့ကို ဖျက်ဆီးခြင်းကိစ္စ ရှိ၏။ ထိုသဗ္ဗညုတဉာဏ်၏ အဆောက်အဦတို့၌ မတုန်လှုပ်သည်၏အဖြစ်လျှင် ထင်သောအကျိုး ရှိ၏။ သဗ္ဗညုတဉာဏ်၏ အဆောက်အဦ ဖြစ်သော တရားလျှင် နီးစွာသောအကြောင်း ရှိ၏။

ထို့ကြောင့် စရိယာပိဋကတ်အဋ္ဌကထာ(၂၇၃)၌-

**ဗောဓိသမ္ဘာရေသု အဓိဋ္ဌာနလက္ခဏာ အဓိဋ္ဌာနပါရမီ၊ တေသံ ပဋိပက္ခာဘိဘဝနရသာ၊ တတ္ထ အစလတာပစ္စုပဋ္ဌာနာ၊ ဗောဓိသမ္ဘာရပဒဋ္ဌာနာ။**

ဟူသောပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

အဓိဋ္ဌာနပါရမီ၊ အဓိဋ္ဌာန်ပါရမီသည်။ ဗောဓိသမ္ဘာရေသု၊ သဗ္ဗညုတဉာဏ်၏ အဆောက်အဦတို့၌။ အဓိဋ္ဌာနလက္ခဏာ၊ ဆောက်တည်ခြင်း လက္ခဏာရှိ၏။ တေသံ၊ ထိုသဗ္ဗညုတဉာဏ်၏ အဆောက်အဦတို့၏။ ပဋိပက္ခာဘိဘဝနရသာ၊ ဆန့်ကျင်ဘက်ဖြစ်သော တရားတို့ကို ဖျက်ဆီးခြင်းကိစ္စ ရှိ၏။ တတ္ထ၊ ထိုသဗ္ဗညုတဉာဏ်၏ အဆောက်အဦတို့၌။

အစလတာပစ္စုပဋ္ဌာနာ၊ မတုန်လှုပ်သည်၏အဖြစ်လျှင် ထင်သောအကျိုးရှိ၏။ ဗောဓိသမ္ဘာ-ရပဒဋ္ဌာနာ၊ သဗ္ဗညုတဉာဏ်၏ အဆောက်အဦလျှင် နီးစွာသောအကြောင်းရှိ၏။

**မေတ္တာပါရမီသည် အစီးအပွါးကို ဖြစ်စေခြင်းလက္ခဏာ ရှိ၏။ အစီးအပွါးကို ဆောင်ခြင်းကိစ္စ ရှိ၏။** တနည်းကား ဒေါသကို ဖျောက်ခြင်းကိစ္စ ရှိ၏။ သတ္တဝါတို့၌ မေတ္တာစိတ်ကို ယိုစီးသည်၏အဖြစ်ကို ပြုခြင်းလျှင် ထင်သော အကျိုးရှိ၏။ သတ္တဝါတို့၏ နှစ်လိုသောအဖြစ်ကို ရှုခြင်းလျှင် နီးစွာသောအကြောင်း ရှိ၏။

ထို့ကြောင့် စရိယာပိဋကတ်အဋ္ဌကထာ၊ ဝိသုဒ္ဓိမဂ်၊ ဗြဟ္မဝိဟာရနိဒ္ဒေသအဋ္ဌကထာတို့၌-

**ဟိတာကာရပ္ပဝတ္တိလက္ခဏာ မေတ္တာပါရမီ၊ ဟိတူပသံဟာရရသာ၊ အာဃာတ-ဝိနယရသာ ဝါ၊ သောမ္မဘာဝပစ္စုပဒ္ဌာနာ၊ သတ္တာနံ မနာပဘာဝဒဿနပဒဋ္ဌာနာ။**

ဟူသောပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (စရိယာ၊ဋ္ဌ။၂၇၃)

မေတ္တာပါရမီ၊ **မေတ္တာပါရမီသည်။** ဟိတာကာရပ္ပဝတ္တိလက္ခဏာ၊ အစီးအပွါးကို ဖြစ်စေခြင်းလက္ခဏာ ရှိ၏။ ဟိတူပသံဟာရရသာ၊ အစီးအပွါးကို ဆောင်ခြင်းကိစ္စ ရှိ၏။ ဝါ၊ တစ်နည်းကား။ အာဃာတဝိနယရသာ၊ ဒေါသကို ဖျောက်ခြင်း ကိစ္စရှိ၏။ သောမ္မဘာဝ-ပစ္စုပဒဋ္ဌာနာ၊ အရောင်အလင်း၏အဖြစ်လျှင် ထင်သောအကျိုးရှိ၏။ ဝါ၊ သတ္တဝါတို့၌ မေတ္တာစိတ်ကို ယိုစီးခြင်းလျှင် ထင်သောအကျိုးရှိ၏။ သတ္တာနံ၊ သတ္တဝါတို့၏။ မနာပဘာဝ-ပဒဋ္ဌာနာ၊ နှစ်လိုသောအဖြစ်လျှင် နီးစွာသောအကြောင်းရှိ၏။

ဤမေတ္တာပါရမီ၌ စရိယာပိဋကတ်အဋ္ဌကထာတွင် 'အာဃာတဝိနယရသာ ဝါ'ဟု အာဃာတဝိနယ-ကို သမ္ပတ္တိရသ တစ်ချက်ထုတ်၍ သောမ္မဘာဝ-ကို ပစ္စုပဋ္ဌာန် ထုတ်၏။ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌ကား 'အာဃာတဝိနယ'ကိုပင် ပစ္စုပဋ္ဌာန် ထုတ်၏။ ပဒဋ္ဌာန်မှာ အတူတူ။

**ဥပေက္ခာပါရမီသည် လျစ်လျူရှုခြင်းကို ဖြစ်စေခြင်းလက္ခဏာ ရှိ၏။** ညီမျှသောအဖြစ်ကို ရှုခြင်းကိစ္စ ရှိ၏။ ဒေါသကို ပယ်ဖျောက်ခြင်း, ငြိမ်းစေခြင်းအကျိုး ရှိ၏။ သတ္တဝါတို့အား ကံသာလျှင် မိမိဥစ္စာရှိသောအဖြစ်ကို ဆင်ခြင်ခြင်းလျှင် နီးစွာသောအကြောင်းရှိ၏။

ထို့ကြောင့် စရိယာပိဋကတ်အဋ္ဌကထာ(၂၇၃)၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာတို့၌-

မဇ္ဈတ္တာကာရပဝတ္တိလက္ခဏာ ဥပေက္ခာပါရမီ၊ သမဘာဝဒဿနရသာ၊ ပဋိဃာနု-နယဝူပသမပစ္စုပဋ္ဌာနာ၊ ကမ္မဿကတာပစ္စဝေက္ခဏပဒဋ္ဌာနာ။

ဟူသောပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဥပေက္ခာပါရမီ၊ ဥပေက္ခာပါရမီသည်။ မဇ္ဈတ္တာကာရပဝတ္တိလက္ခဏာ၊ လျစ်လျူရှုခြင်းကို ဖြစ်စေခြင်းလက္ခဏာ ရှိ၏။ သမဘာဝဒဿနရသာ၊ ညီမျှသောအဖြစ်ကို ရှုခြင်းကိစ္စရှိ၏။ ပဋိဃာနုနယဝူပသမပစ္စုပဋ္ဌာနာ၊ ပဋိဃကို ပယ်ဖျောက်ခြင်း ငြိမ်းစေခြင်းလျှင် ထင်သော အကျိုးရှိ၏။ ကမ္မဿကတာပစ္စဝေက္ခဏပဒဋ္ဌာနာ၊ သတ္တဝါတို့၏ ကံသာလျှင် မိမိဥစ္စာ၏ အဖြစ်ကို ဆင်ခြင်ခြင်းလျှင် နီးစွာသောအကြောင်းရှိ၏။

**ဤတွင်ဓွေ့ ပါရမီ ၁၀-ပါးတို့၏ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကို ပြဆိုသော စကားရပ် အပြီးသတ်တည်း။**

(၂) ပြဟ္မဝိဟာရတရား ၄-ပါးတို့တွင် မေတ္တာ၏ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့သည် မေတ္တာပါရမီတွင် ပြဆိုအပ်ခဲ့ပြီးသည်နှင့် တူ၏။

**ဗျာပါဒ၏ ငြိမ်းခြင်းသည် မေတ္တာ၏ ပြည့်စုံခြင်း ဖြစ်၏။**

**တဏှာပေမ၏ ဖြစ်ခြင်းသည် မေတ္တာ၏ ပျက်စီးခြင်း မည်၏။**

ထို့ကြောင့် ဝိသုဒ္ဓိမဂ်၊ ပြဟ္မဝိဟာရအဋ္ဌကထာ(၁။၃၁၁)၌-

**ဗျာပါဒူပသမော ဧတဿာ သမ္ပတ္တိ၊ သိနေဟသမ္ဘဝေါ ဝိပတ္တိ။**

ဟူသောပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဗျာပါဒူပသမော၊ ဗျာပါဒ၏ ငြိမ်းခြင်းသည်။ ဧတဿာ၊ ထိုမေတ္တာ၏။ သမ္ပတ္တိ၊ ပြည့်စုံခြင်းတည်း။ သိနေဟသမ္ဘဝေါ၊ တဏှာပေမ၏ ဖြစ်ခြင်းသည်။ ဧတဿာ၊ ထိုမေတ္တာ၏။ ဝိပတ္တိ၊ ပျက်စီးခြင်းတည်း။

ကရုဏာသည် ဒုက္ခကို ပယ်သော အခြင်းအရာဖြင့် ဖြစ်ခြင်းလက္ခဏာရှိ၏။ သူတပါးတို့၏ ဒုက္ခကို သည်းမခံနိုင်ခြင်းကိစ္စ ရှိ၏။ မညှဉ်းဆဲခြင်းလျှင် ထင်သောအကျိုးရှိ၏။ ဒုက္ခဖြင့် နှိပ်စက်သောသူတို့၏ ကိုးကွယ်ရာမရှိသောအားဖြင့် ရှုခြင်းလျှင် နီးစွာသော အကြောင်းရှိ၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်၊ ပြဟ္မဝိဟာရနိဒ္ဒေသအဋ္ဌကထာ(၁။၃၁၁)၌-

ဒုက္ခာပနယနာကာရပ္ပဝတ္တိလက္ခဏာ ကရုဏာ၊ ပရဒုက္ခာသဟနရသာ၊ အဝိဟိံသာပစ္စုပဋ္ဌာနာ။ ဒုက္ခာဘိဘူတာနံ အနာထဘာဝဒဿနပဒဋ္ဌာနာ။

ဟူသောပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ကရုဏာ၊ ကရုဏာသည်။ ဒုက္ခာပနယနာကာရလက္ခဏာ၊ ဒုက္ခကို ပယ်သော အခြင်းအရာလက္ခဏာ ရှိ၏။ ပရဒုက္ခာသဟနရသာ၊ သူတပါးတို့၏ ဒုက္ခကို သည်းမခံနိုင်ခြင်းကိစ္စရှိ၏။ အဝိဟိံသာပစ္စုပဋ္ဌာနာ၊ မညှဉ်းဆဲခြင်းလျှင် ထင်သောအကျိုးရှိ၏။ ဒုက္ခာဘိဘူတာနံ၊ ဒုက္ခဖြင့် နှိပ်စက်ကုန်သောသူတို့၏။ အနာထဘာဝဒဿနပဒဋ္ဌာနာ၊ ကိုးကွယ်ရာမရှိသည်၏အဖြစ်ကို ရှုခြင်းလျှင် နီးစွာသောအကြောင်းရှိ၏။

**ဝိဟိံသာ၏ ငြိမ်းခြင်းသည် ထိုကရုဏာ၏ ပြည့်စုံခြင်းတည်း။**

**သောက၏ ဖြစ်ခြင်းသည် ထိုကရုဏာ၏ ပျက်စီးခြင်းတည်း။**

ထို့ကြောင့် ဝိသုဒ္ဓိမဂ်၊ ပြဟ္မဝိဟာရနိဒ္ဒေသအဋ္ဌကထာ(၁။၃၁၁)၌-

**ဝိဟိံသူပသမော တဿာ သမ္ပတ္တိ၊ သောကသမ္ဘဝေါ ဝိပတ္တိ။**

ဟူသောပါဌ်ဖြင့် မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဝိဟိံသူပသမော၊ ဝိဟိံသာ၏ ငြိမ်းခြင်းသည်။ တဿာ၊ ထိုကရုဏာ၏။ သမ္ပတ္တိ၊ ပြည့်စုံခြင်းတည်း။ သောကသမ္ဘဝေါ၊ သောက၏ ဖြစ်ခြင်းသည်။ တဿာ၊ ထိုကရုဏာ၏။ ဝိပတ္တိ၊ ပျက်စီးခြင်းတည်း။

မုဒိတာသည် ဝမ်းမြောက်ခြင်းလက္ခဏာ ရှိ၏။ မငြူစူခြင်းကိစ္စ ရှိ၏။ မမွေ့လျော်ခြင်းကို ဖျောက်ခြင်းလျှင် ထင်သောအကျိုး ရှိ၏။ သတ္တဝါတို့၏ ပြည့်စုံခြင်းကို ရှုခြင်းလျှင် နီးစွာသောအကြောင်း ရှိ၏။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်၊ ပြဟ္မဝိဟာရနိဒ္ဒေသအဋ္ဌကထာ(၁။၃၁၁)၌-

**ပမောဒနလက္ခဏာ မုဒိတာ၊ အနိဿာယနရသာ၊ အရတိဝိဃာတပစ္စုပဋ္ဌာနာ၊ သတ္တာနံ သမ္ပတ္တိဒဿနပဒဋ္ဌာနာ။**

ဟူသောပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

မုဒိတာ၊ မုဒိတာသည်။ ပမောဒနလက္ခဏာ၊ ဝမ်းမြောက်ခြင်း လက္ခဏာရှိ၏။ အနိဿာယနရသာ၊ မငြူစူခြင်းကိစ္စ ရှိ၏။ အရတိဝိဃာတပစ္စုပဋ္ဌာနာ၊ မမွေ့လျော်ခြင်းကို ဖျောက်ခြင်းလျှင် ထင်သောအကျိုးရှိ၏။ သတ္တာနံ၊ သတ္တဝါတို့၏။ သမ္ပတ္တိဒဿနပဒဋ္ဌာနာ၊ ပြည့်စုံခြင်းကို ရှုခြင်းလျှင် နီးစွာသောအကြောင်းရှိ၏။

မမွေ့လျော်ခြင်း၏ ငြိမ်းခြင်းသည် ထိုမုဒိတာ၏ ပြည့်စုံခြင်းတည်း။

ရယ်ရွှင်ခြင်း၏ ဖြစ်ခြင်းသည် ထိုမုဒိတာ၏ ပျက်စီးခြင်းတည်း။

ထို့ကြောင့် ဝိသုဒ္ဓိမဂ်၊ ဗြဟ္မဝိဟာရနိဒ္ဒေသအဋ္ဌကထာ(၁။၃၁၁)၌-

**အရတိဝူပသမော တဿာ သမ္ပတ္တိ၊ ပဟာသသမ္ဘဝေါ ဝိပတ္တိ။**

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

အရတိဝူပသမော၊ မမွေ့လျော်ခြင်း၏ ငြိမ်းခြင်းသည်။ တဿာ၊ ထိုမုဒိတာ၏။ သမ္ပတ္တိ၊ ပြည့်စုံခြင်းတည်း။ ပဟာသသမ္ဘဝေါ၊ ရယ်ရွှင်ခြင်း၏ ဖြစ်ခြင်းသည်။ တဿာ၊ ထိုမုဒိတာ၏။ ဝိပတ္တိ၊ ပျက်စီးခြင်းတည်း။

ဥပေက္ခာ၏ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကို ဥပေက္ခာပါရမီတွင် ပြဆိုအပ်ခဲ့ပြီးသည်နှင့် တူ၏။

**ပဋိဃကို ပယ်ဖျောက်ခြင်း, ငြိမ်းစေခြင်းသည် ထိုဥပေက္ခာ၏ ပြည့်စုံခြင်းတည်း။**

**အညာဏုပေက္ခာ၏ ပြည့်စုံခြင်းသည် ထိုဥပေက္ခာ၏ ပျက်စီးခြင်းတည်း။**

ထို့ကြောင့် ဝိသုဒ္ဓိမဂ်၊ ဗြဟ္မဝိဟာရနိဒ္ဒေသအဋ္ဌကထာ၌-

**ပဋိဃာနုနယဝူပသမော တဿာ သမ္ပတ္တိ။ ဂေဟသိတာယ အညာဏုပေက္ခာယ သမ္ဘဝေါ ဝိပတ္တိ။**

ဟူသောပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ပဋိဃာနုနယဝူပသမော၊ ပဋိဃကို ပယ်ဖျောက်ခြင်း, ငြိမ်းစေခြင်းသည်။ တဿာ၊ ထိုဥပေက္ခာ၏။ သမ္ပတ္တိ၊ ပြည့်စုံခြင်းတည်း။ ဂေဟသိတာယ၊ ဂေဟသိတတဏှာဖြင့်။ အညာဏုပေက္ခာယ၊ အညာဏုပေက္ခာ၏။ ဝါ၊ ဉာဏ်နှင့် မယှဉ်သော ဥပေက္ခာ၏။ သမ္ဘဝေါ၊ ဖြစ်ခြင်းသည်။ တဿာ၊ ထိုဥပေက္ခာ၏။ ဝိပတ္တိ၊ ပျက်စီးခြင်းတည်း။

**ဤတွင်ရွေ့ ဗြဟ္မဝိဟာရတရား ၄-ပါးတို့၏ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကို ပြဆိုသော စကားရပ် အပြီးသတ်တည်း။**

ရတနာသိဒ်မြို့၊ ရှင်ပညာက "ပါရမီ ၁၀-ပါးတို့၏ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်၊ ဗြဟ္မဝိဟာရတရား ၄-ပါးတို့၏ လက္ခဏ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ကို နေရာကျ သိလိုပါသည်"ဟု လျှောက်ထားသောကြောင့် ကျမ်းဂန်ပါဠိ ရှိသည့်အလာ ဒေသနာနယကို ထုတ်ဆောင်၍ ၁၂၃၈-ခု၊ တပို့တွဲလပြည့်ကျော်၊ ၁၂-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိ ရတနာသိဒ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## အမြင့်မြို့ ရဟန်းတော် ဦးဓမ္မ-က သန္တုဋ္ဌိ, သလ္လေခကို ကွဲပြားအောင် အမိန့်ရှိပါမည့်အကြောင်းနှင့် လျှောက်ထားချက်

[ ၁၂၄ ] "ဘုရားတပည့်တော် အမြင့်မြို့ ရှင်ဓမ္မ လျှောက်ပါသည် ဆရာတော်ဘုရား။

သန္တုဋ္ဌိ, သလ္လေခ-ဟူ၍ ပြောဆိုကြသောအရာသည် အလွန်ပင် ထင်ရှားပါသည်။ ထိုသို့ ထင်ရှားသော်လည်း အဘယ်တရားသည် သန္တုဋ္ဌိဖြစ်မည်၊ အဘယ်တရားသည် သလ္လေခဖြစ်မည်ဟု သန္တုဋ္ဌိ, သလ္လေခတရား ၂-ပါးတို့ကို ကွဲပြားခြားနားအောင် မသိနိုင်ဖြစ်ပါ၍ သန္တုဋ္ဌိ, သလ္လေခတရား ၂-ပါးတို့ကို ကွဲပြားခြားနား၍ သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။"

ဂင်းဦးဓမ္မ လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ-

### သန္တုဋ္ဌိ, သလ္လေခတို့၏အရကို မေးလျှောက်သည်မှာ-

[၁၂၄] "ဂါရဝေါ စ နိဝါတော စ သန္တုဋ္ဌိ စ"ဟူ၍ ဟောတော်မူအပ်သော ခုဒ္ဒကပါဠ်၊ မင်္ဂလသုတ်ပါဠိတော်။ သုတ္တနိပါတ်၊ မင်္ဂလသုတ်ပါဠိတော်တွင်လာသော သန္တောသ ၁၂-ပါးတို့ဖြင့် ပစ္စည်း ၄-ပါးတို့၌ ရောင့်ရဲခြင်းသည် သန္တုဋ္ဌိ မည်၏။

ထို့ကြောင့် ခုဒ္ဒကပါဌ၊ မင်္ဂလသုတ်အဋ္ဌကထာ။ သုတ္တနိပါတ်၊ မင်္ဂလသုတ်အဋ္ဌကထာ။ မူလပဏ္ဏာသ၊ တတိယဝဂ်အစု ၄-ခုမြောက်သော ရထဝိနီတသုတ်အဋ္ဌကထာတို့၌-

သန္တုဋ္ဌိ နာမ ဣတရီတရပစ္စယသန္တောသော။ သန္တုဋ္ဌောတိ ဣတရီတရပစ္စယသန္တောသေန သမန္နာဂတော။ သော ပနေ'သ သန္တောသော ဒွါဒသဝိဓော ဟောတိ။

ဟူသောပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (ခုဒ္ဒက၊ဋ္ဌ၊၁၂၂။ မ၊ဋ္ဌ၊၂၄၇)

သန္တုဋ္ဌိ နာမ၊ သန္တုဋ္ဌိ-ဟူသည်ကား။ ဣတရီတရပစ္စယသန္တောသော၊ ရရတိုင်းသော ပစ္စည်းဖြင့် ရောင့်ရဲခြင်းတည်း။ သန္တုဋ္ဌောတိ၊ သန္တုဋ္ဌော-ဟူသည်ကား။ ဣတရီတရပစ္စယသန္တောသေန၊ ရရတိုင်းသော ပစ္စည်းဖြင့် ရောင့်ရဲခြင်းနှင့်။ သမန္နာဂတော၊ ပြည့်စုံသည်တည်း။ သော ပနေ'သ သော ပန ဧသ ဧသော၊ ထိုသန္တောသသည်ကား။ ဒွါဒသဝိဓော၊ ၁၂-ပါးအပြားရှိသည်။ ဟောတိ၊ ဖြစ်၏။

ထိုအဋ္ဌကထာပါဌ်တို့၏အရ၌ သန္တောသ ၁၂-ပါးဟူသော်ကား-

ယထာလာဘသန္တောသ, ယထာဗလသန္တောသ,

ယထာသာရုပ္ပသန္တောသ- ဟူ၍-

သင်္ကန်း၌ ၃-ပါး၊ ဆွမ်း၌ ၃-ပါး၊

ကျောင်း၌ ၃-ပါး၊ ဆေး၌ ၃-ပါးစီဖြစ်၍ ၁၂-ပါး ဖြစ်၏။

ထို ၁၂-ပါးတို့တွင် အကြင်ရဟန်းသည် ကောင်းမွန်သည်ဖြစ်စေ, ဆိုးဝါးယုတ်ညံ့သည်ဖြစ်စေ အကြင်အမှတ်မရှိသော သင်္ကန်းကို ရ၍ ထိုသင်္ကန်းဖြင့် ရောင့်ရဲ၏။ တပါးသော သင်္ကန်းကို မတောင့်တခြင်း, ရသဖြင့်အလိုမရှိခြင်းသည် သင်္ကန်း၌ ယထာလာဘသန္တောသ မည်၏။

အကြင်ရဟန်းသည် ပကတိစွမ်းအား နည်း၏။ ဇရာထူရ၊ ရောဂါထူရ ဖြစ်၏။ ထိုရဟန်းအား ကြီးမားထူထဲ လေးလံသော သင်္ကန်းကို ရ၍ သီတင်းသုံးဖော်တို့နှင့် လဲလှယ်သုံးဆောင်သဖြင့် ပေါ့သော သင်္ကန်းဖြင့်သာလျှင် ရောင့်ရဲခြင်းသည် သင်္ကန်း၌ ယထာဗလသန္တောသ မည်၏။

အကြင်ရဟန်းသည် ကြီးမားထူထဲ ကောင်းမွန်ချောမွေ့သောသင်္ကန်း, များသော သင်္ကန်းတို့ကို ရ၍ ဤသို့ ကြီးမားထူထဲ ကောင်းမွန်ချောမွေ့သောသင်္ကန်း, များသော သင်္ကန်းတို့သည် ရှည်မြင့်စွာ ရဟန်းအဖြစ်သို့ရောက်သော မထေရ်ကြီး၊ အကြားအမြင်များသော ဗဟုဿုတပုဂ္ဂိုလ်၊ သူနာရဟန်း၊ နွမ်းပါးသော အပ္ပလာဘပုဂ္ဂိုလ်တို့အားသာလျှင် လျောက်ပတ်၏-ဟု ထိုပုဂ္ဂိုလ်တို့အား ပေးလှူ၍ ထိုရဟန်းတို့ စွန့်ပစ်အပ်သော ဆိုးဝါးရိနွမ်းသော သင်္ကန်းကိုလည်းကောင်း တံမြက်ချေးစု, သုသာန်မြေ-စသည်တို့၌ ရောက်သော ပံ့သကူသင်္ကန်းကိုလည်းကောင်း ရှာဖွေတောင်းခံ၍ သုံးဆောင်ခြင်းသည် သင်္ကန်း၌ ယထာသာရုပ္ပသန္တောသ မည်၏။ ဤသို့ သင်္ကန်း၌ သန္တောသ ၃-ပါးဖြစ်၏။

အကြင်ရဟန်းသည် ကောင်းမွန်မြိန်မြတ်သောဆွမ်း, ယုတ်ညံ့ကြမ်းထမ်းသော ဆွမ်းကို ရ၍ ထိုဆွမ်းဖြင့် ရောင့်ရဲခြင်း, တပါးသောဆွမ်းကို မတောင့်တခြင်း, ရသဖြင့် အလိုမရှိခြင်းသည် ဆွမ်း၌ ယထာလာဘသန္တောသ မည်၏။

အကြင်ရဟန်းသည် ပကတိအားဖြင့်လည်းကောင်း မိမိ၌ရောက်သော အနာနှင့် ဆန့်ကျင်သောအားဖြင့်လည်းကောင်း မိမိနှင့် မလျောက်ပတ်သော ဆွမ်းကို ရ၍ ထိုဆွမ်းကို သုံးဆောင်သဖြင့် မချမ်းမသာခြင်းဖြစ်သောကြောင့် သီတင်းသုံးဖော်တို့အား ပေးလှူ၍

ထိုရဟန်းတို့ လက်မှ မိမိအား လျောက်ပတ်သော ဘောဇဉ်ကို သုံးဆောင်၍ တရားကို အားထုတ်ခြင်းသည် ဆွမ်း၌ ယထာဗလသန္တောသ မည်၏။

အကြင်ရဟန်းသည် ကောင်းမွန်မြိန်မြတ်သော ဆွမ်း,ဘောဇဉ်တို့ကို ရှည်မြင့်စွာ ရဟန်းအဖြစ်သို့ရောက်သော မထေရ်ကြီး၊ အကြားအမြင်များသော ဗဟုဿုတပုဂ္ဂိုလ်၊ သူနာရဟန်း၊ ခေါင်းပါးသော အပ္ပလာဘပုဂ္ဂိုလ်တို့အား ပေးလှူ၍ ရဟန်းတို့ စွန့်ပယ်အပ်သော, များသော ဆွမ်းကြွင်းကိုသော်လည်းကောင်း ဒါယကာတို့ထံ အသစ်တောင်းခံ၍ ရသော ဆွမ်းကိုသော်လည်းကောင်း သုံးဆောင်မှီဝဲခြင်းသည် ဆွမ်း၌ ယထာသာရုပ္ပသန္တောသ မည်၏။ ဤသို့ ဆွမ်း၌ သန္တောသ ၃-ပါးဖြစ်၏။

အကြင်ရဟန်းသည် နှစ်သက်မြတ်နိုးအပ်သော ကျောင်း, မနှစ်သက် မမြတ်နိုးအပ်သော ကျောင်း, အယုတ်သဖြင့် မြက်အခင်းရှိသော ကျောင်းကိုသော်လည်းကောင်း ရသည် ဖြစ်အံ့၊ ဝမ်းမြောက်ခြင်း, နှလုံးမသာယာခြင်းကို မဖြစ်စေဘဲ ထိုရရသမျှသော ကျောင်းဖြင့် နှစ်သက်ရောင့်ရဲခြင်းသည် ကျောင်း၌ ယထာလာဘသန္တောသ မည်၏။

အကြင်ရဟန်းသည် ပကတိအားဖြင့်လည်းကောင်း မိမိ၌ရောက်သော အနာနှင့် ဆန့်ကျင်သောအားဖြင့်လည်းကောင်း မိမိနှင့် မလျောက်ပတ်သော ကျောင်းကို ရ၍ ထိုကျောင်းကို သုံးဆောင်သဖြင့် မချမ်းသာခြင်းဖြစ်သောကြောင့် သီတင်းသုံးဖော်တို့အား ပေးလှူ၍ ထိုရဟန်းတို့၏အထံမှ မိမိအား လျောက်ပတ်သောကျောင်းကို ရ၍ သုံးဆောင်ခြင်းသည် ကျောင်း၌ ယထာဗလသန္တောသ မည်၏။

အကြင်ရဟန်းသည် ရှေးဘုန်း ရှေးကံရှိ၍ ဂူ, လိုဏ်, တန်ဆောင်း, မဏ္ဍပ်, ပြာသာဒ်ရှည်, ပြာသာဒ်ဦးပြည်း-စသော ကျောင်းတို့ကို ရ၍ ထိုဂူ, လိုဏ်, တန်ဆောင်း, မဏ္ဍပ်, ပြာသာဒ်ရှည်, ပြာသာဒ်ဦးပြည်း-စသော ကျောင်းတို့ကို ရှည်မြင့်စွာ ရဟန်းအဖြစ်သို့ ရောက်သော မထေရ်ကြီး၊ အကြားအမြင်များသော ဗဟုဿုတပုဂ္ဂိုလ်၊ သူနာရဟန်း၊ ခေါင်းပါးသော အပ္ပလာဘပုဂ္ဂိုလ်တို့အား ပေးလှူ၍ အကြင်အမှတ်မရှိသော ကျောင်းကို မှီဝဲသုံးဆောင်ခြင်းသည်လည်းကောင်း အကြင်ရဟန်းအား ကောင်းမွန်ထူးမြတ်သော ကျောင်းမည်သည် မေ့လျော့ခြင်းအကြောင်း ဖြစ်၏။ ထိုကျောင်း၌ နေသောရဟန်းအား ထိန,မိဒ္ဓသို့ သက်တတ်၏။ ထိန,မိဒ္ဓဖြင့် နှိပ်စက်သောရဟန်းအား တဖန် အိပ်ရာမှ ထသည်ရှိသော် ကာမဝိတက်တို့သည် များစွာဖြစ်တတ်၏။ ဤသို့ ပညာဖြင့် သိ၍ ထိုသို့သဘောရှိသော ကျောင်းကို ပယ်၍ အဗ္ဘောကာသိက, ရုက္ခမူလ-စသည်တို့၌ နေခြင်းသည်လည်းကောင်း ကျောင်း၌ ယထာသာရုပ္ပသန္တောသ မည်၏။ ဤသို့ ကျောင်း၌ သန္တောသ ၃-ပါးဖြစ်၏။

အကြင်ရဟန်းသည် ကောင်းမွန်မြိန်မြတ်သောဆေး, ယုတ်ညံ့သောဆေးတို့ကို ရ၍ ထိုဆေးတို့ဖြင့် ရောင့်ရဲခြင်း, တပါးသောဆေးကို မတောင့်တခြင်း, ရသဖြင့် အလိုမရှိခြင်းသည် ဆေး၌ ယထာလာဘသန္တောသ မည်၏။

အကြင်ရဟန်းသည် ဆီကို အလိုရှိ၍ ရှာမှီး၏။ ထိုရဟန်းအား တင်လဲကို ရ၍ ထိုတင်လဲကို တပါးသီတင်းသုံးဘော်တို့အား ပေးလှူ၍ ထိုရဟန်းတို့ထံမှ ရသော ဆီဖြင့်လည်းကောင်း တပါး၌ ရှာမှီးတောင့်တ၍ရသော ဆီဖြင့်လည်းကောင်း ဆေးပြု၍ မှီဝဲသုံးဆောင်ခြင်းသည် ဆေး၌ ယထာဗလသန္တောသ မည်၏။

အကြင်ရဟန်းသည် ဈေးဘုန်းဈေးကံရှိ၍ များသော ဆီဦး, ထောပတ်, ပျား, တင်လဲစသော ဆေးတို့ကို ရ၍ ရှည်မြင့်စွာ ရဟန်းအဖြစ်သို့ ရောက်သော မထေရ်ကြီး၊ အကြားအမြင်များသော ဗဟုဿုတပုဂ္ဂိုလ်၊ သူနာရဟန်း၊ ခေါင်းပါးဆင်းရဲသော အပ္ပလာဘပုဂ္ဂိုလ်တို့အား ပေးလှူ၍ ထိုရဟန်းတို့ စွန့်ပယ်အပ်သော ဆေးကြွင်းတို့ကိုလည်းကောင်း ဒါယကာတို့ အထံမှ အသစ်တောင်းခံ၍ရသော ဆေးတို့ကိုလည်းကောင်း တစ်ခုသောခွက်၌ နွားကျင်ငယ်ပုပ်ဖြင့် စိမ်အပ်သော ဆီးဖြူ, သျှိသျှား, သဖန်းခါးစသော ဆေးတို့ကို ထည့်အပ်၏။ တစ်ခုသော ခွက်၌ စတုမဓူ-စသော ဆေးတို့ကို ထည့်အပ်၏။ "အရှင်ဘုရား၊ အလိုရှိရာ ဆေးတို့ကို သုံးဆောင်တော်မူပါ"ဟုလျှောက်လျှင် တစ်ပါးပါးသော ဆေးဖြင့်လည်း ရောဂါပျောက်ငြိမ်းရာ၏။ ထိုသို့ပင် ဖြစ်သော်လည်း နွားကျင်ငယ်ပုပ်ဖြင့် စိမ်အပ်သော ဆီးဖြူ, သျှိသျှား, သဖန်းခါး-စသော ဆေးတို့ကို ဘုရား-စသော သူတော်ကောင်းတို့ ချီးမွမ်းအပ်၏-ဟု နွားကျင်ငယ်ပုပ်ဖြင့် စိမ်အပ်သော ဆီးဖြူ, သျှိသျှား, သဖန်းခါး-စသော ဆေးတို့ကိုလည်းကောင်း မှီဝဲသုံးဆောင်၍ ရောင့်ရဲခြင်းသည် ဆေး၌ ယထာသာရုပ္ပသန္တောသ မည်၏။ ဤသို့ ဆေး၌ သန္တောသ ၃-ပါးဖြစ်၏။

ဤသို့ သန္တောသ ၁၂-ပါးဖြစ်၏။ ဤသို့ ကျမ်းဂန်လာသောကြောင့် ၁၂-ပါးကုန်သော သန္တောသတို့ဖြင့် ဆွမ်း, သင်္ကန်း, ကျောင်း, ဆေး-ပစ္စည်း ၄-ပါးတို့၌ ရောင့်ရဲခြင်းသည် သန္တုဋ္ဌိ မည်၏-ဟု မှတ်ရာ၏။

"သန္တုသနံ သန္တောသော"ဟု ဝစနတ္ထ ပြု။ ကုသိုလ်စိတ် ရစေ။

သန္တုသနံ၊ ရောင့်ရဲခြင်း။ သန္တောသော၊ ရောင့်ရဲခြင်း။ သံ-ပုဗ္ဗ။ တုသ-ဓာတ်။ တုသ တောသနေ-ဟု ကြား။

ထိုသန္တုဋ္ဌိ-ဟူသော ပုဒ်အရ သန္တောသ ၁၂-ပါးတို့ဖြင့် ရောင့်ရဲခြင်းကိုပင် ခုဒ္ဒကပါဌ မေတ္တသုတ်ပါဠိတော်၊ သုတ္တနိပါတ်၊ မေတ္တသုတ်ပါဠိတော်တို့၌ "သန္တုဿကော စ"ဟူ၍ ဟောတော်မူသည်။

**ဤတွင်ရွေ့ သန္တုဋ္ဌိဟူသော ပုဒ်၏အရ သန္တောသ ၁၂-ပါးတို့ကို ပြဆိုသော စကားရပ် အပြီးသတ်တည်း။**

သလ္လေခ-ဟူသည်ကား အကုသိုလ်တရားတို့ကို ဖြတ်ခြင်း, ပယ်ခြင်းတည်း။ ထို အကုသိုလ်တရားတို့ကို ပယ်ခြင်းဖြတ်ခြင်းကို ၄၄-ပါးကုန်သော သလ္လေခိတဗ္ဗဝတ္ထုတို့ဖြင့် သိရာ၏။ ၄၄-ပါးကုန်သော သလ္လေခိတဗ္ဗဝတ္ထု-ဟူသော်ကား-

| | | | |
|---|---|---|---|
| ဝိဟိံသက | ပါဏာတိပါတ | အဒိန္နာဒါန | အဗြဟ္မစရိယ |
| မုသာဝါဒ | ပိသုဏာဝါစာ | ဖရုသဝါစာ | သမ္ဖပ္ပလာပ |
| အဘိဇ္ဈာ | ဗျာပါဒ | မိစ္ဆာဒိဋ္ဌိ | မိစ္ဆာသင်္ကပ္ပ |
| မိစ္ဆာဝါစာ | မိစ္ဆာကမ္မန္တ | မိစ္ဆာအာဇီဝ | မိစ္ဆာဝါယာမ |
| မိစ္ဆာသတိ | မိစ္ဆာသမာဓိ | မိစ္ဆာဉာဏီ | မိစ္ဆာဝိမုတ္တိ |
| ထိနမိဒ္ဓပရိယုဋ္ဌိတ | ဥဒ္ဓစ္စ | ဝိစိကိစ္ဆာ | ကောဓ |
| ဥပနာဟ | မက္ခီ | ပဠာသီ | ဣဿာ |
| မစ္ဆရိယ | မာယာ | သာဌေယျ | ထဒ္ဓ |
| အတိမာန | ဒုဗ္ဗစ | ပါပမိတ္တ | ပမတ္တ |
| အဿဒ္ဓ | အဟိရိက | အနောတ္တပ္ပီ | အပ္ပဿုတ |
| ကုသီတ | မုဋ္ဌဿတိ | ဒုပ္ပည | |

သန္ဒိဋ္ဌိပရာမာသီ အာဓာနဂ္ဂါဟီ ဒုပ္ပဋိနိဿဂ္ဂီ

ဤသို့ ၄၄-ပါးတည်း။ (မ၁၅၀-၅၂)

ထို ၄၄-ပါးတို့တွင် လက်ဝါးဖြင့်၊ ဒုတ်, လှင်ကန်, ကျောက်, အုဋ်ခဲ-စသည်ဖြင့် သူတပါးတို့အား ညှဉ်းဆဲခြင်းသည် ဝိဟိံသ မည်၏။ ထိုဝိဟိံသကို ဖြတ်တတ်သော အဝိဟိံသ သည် သလ္လေခဓမ္မ မည်၏။

ထို့ကြောင့် မူလပဏ္ဏာသ၊ ရှေးဦးစွာသော မူလပရိယာယဝဂ်အစု၊ ၈-ခု မြောက် သော သလ္လေခသုတ် အဖွင့်အဋ္ဌကထာ၌-

သလ္လေခါတိ စ အဝိဟိံသာဝ ဝေဒိတဗ္ဗာ။ အဝိဟိံသာ ဝိဟိံသံ သလ္လေခတိ ဆိန္ဒတိ။ တသ္မာ သလ္လေခါတိ ဝုစ္စတိ။ ဧသ နယော သဗ္ဗတ္ထ။

ဟူသောပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

အဝိဟိံသာဝ၊ သူတပါးတို့ကို မညှဉ်းဆဲခြင်း အဝိဟိံသာကိုပင်လျှင်။ သလ္လေခေါတိ စ၊ သလ္လေခ-ဟူ၍လည်း။ ဝေဒိတဗ္ဗာ၊ သိအပ်၏။ အဝိဟိံသာ၊ သူတပါးတို့ကို မညှဉ်းဆဲခြင်း အဝိဟိံသာသည်။ ဝိဟိံသံ၊ သူတပါးတို့ကို ညှဉ်းဆဲခြင်း ဝိဟိံသကို။ သလ္လေခတိ ဆိန္ဒတိ၊ ဖြတ်တတ်၏။ တသ္မာ၊ ထို့ကြောင့်။ သလ္လေခေါတိ၊ သလ္လေခ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။ သဗ္ဗတ္ထ၊ ခပ်သိမ်းကုန်သော သလ္လေခမ္မတို့၌။ ဧသ နယော၊ ဤနည်းလျှင် နည်းတူချည်းပင်တည်း။

'ဧသ နယော'ဟူသော ပါဠ်ဖြင့် 'ပါဏာတိပါတ'မှ ကြဉ်သော ကုသိုလ်စေတနာသည် ပါဏာတိပါတအကုသိုလ်ကို ဖြတ်တတ်သောကြောင့် သလ္လေခမ္မ မည်၏။

ထို့ကြောင့်–

> သလ္လေခေါတိ စ ပါဏာတိပါတဝိရမဏာမေဝ ဝေဒိတဗ္ဗံ။ ပါဏာတိပါတဝိရမဏံ ပါဏာတိပါတံ သလ္လေခတိ ဆိန္ဒတိ။ တသ္မာ သလ္လေခေါတိ ဝုစ္စတိ။

ဤသို့ စသည်ဖြင့် သန္ဒိဋ္ဌိပရာမာသီ၊ အာဓာနဂ္ဂါဟီ၊ ဒုပ္ပဋိနိဿဂ္ဂီတိုင်အောင် သိလေဟူလို၏။

ပါဏာတိပါတဝိရမဏမေဝ၊ ပါဏာတိပါတမှ ကြဉ်သော ကုသိုလ်စေတနာကို ပင်လျှင်။ သလ္လေခေါတိ စ၊ သလ္လေခ-ဟူ၍လည်း။ ဝေဒိတဗ္ဗံ၊ သိအပ်၏။ ပါဏာတိပါတ-ဝိရမဏံ၊ ပါဏာတိပါတမှ ကြဉ်သော ကုသိုလ်-စသော စေတနာသည်။ ပါဏာတိပါတံ၊ ပါဏာတိပါတ အကုသိုလ်စေတနာကို။ သလ္လေခတိ ဆိန္ဒတိ၊ ဖြတ်တတ်၏။ တသ္မာ၊ ထို့ကြောင့်။ သလ္လေခေါတိ၊ သလ္လေခ-ဟူ၍။ ဝုစ္စတိ၊ ဆိုအပ်၏။

အထူးကား အကုသလ ကမ္မပထ ၁၀-ပါးတို့တွင် အဆုံးဖြစ်သော မိစ္ဆာဒိဋ္ဌိ၊ မိစ္ဆတ္တ-တရား ၈-ပါးတွင် အစဖြစ်သော မိစ္ဆာဒိဋ္ဌိကို ဒိဋ္ဌိဟူ၍ ဆိုအပ်၏။

ထို့ကြောင့် မူလပဏ္ဏာသ၊ ရှေးဦးစွာသော မူလပရိယာယဝဂ်အစု၊ ၈-ခုမြောက်သော သလ္လေခသုတ်အဖွင့်အဋ္ဌကထာ၌–

> မိစ္ဆာဒိဋ္ဌီတိ ဧတ္ထ ကမ္မပထာနံ အန္တမိစ္ဆာဒိဋ္ဌိ စ မိစ္ဆတ္တာနံ အာဒိမိစ္ဆာဒိဋ္ဌိ စ ဝိသေသေဟ္ဝာ ဒိဋ္ဌီတိ *(မိသေတွာ ဒိဋ္ဌိ)* ဝုတ္တာတိ ဝေဒိတဗ္ဗာ။

ဟူသောပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (မ၊ဋ္ဌ၊၁။၁၉၁)

မိစ္ဆာဒိဋ္ဌီတိ ဧတ္ထ၊ မိစ္ဆာဒိဋ္ဌိ-ဟူသော ဤပုဒ်၌။ ကမ္မပထာနံ၊ အကုသလကမ္မပထ တရား ၁၀-ပါးတို့၏။ အန္တမိစ္ဆာဒိဋ္ဌိ စ၊ အဆုံးဖြစ်သော မိစ္ဆာဒိဋ္ဌိကိုလည်းကောင်း။ မိစ္ဆတ္တာနံ၊ မိစ္ဆတ္တတရား ၈-ပါးတို့၏။ အာဒိမိစ္ဆာဒိဋ္ဌိ စ၊ အစဖြစ်သော မိစ္ဆာဒိဋ္ဌိကိုလည်းကောင်း။

ဝိသေသေတွာ၊ အထူးပြု၍။ ဒိဋ္ဌိတိ၊ ဒိဋ္ဌိ-ဟူ၍။ ဝုတ္တာ၊ ဟောတော်မူအပ်ကုန်၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗာ၊ သိအပ်ကုန်၏။

- **အဒိန္နာဒါန**မှ ကြဉ်သော အဒိန္နာဒါနဝိရမဏစေတနာသည် အဒိန္နာဒါန အကုသိုလ်ကို ဖြတ်တတ်သောကြောင့် သလ္လေခမည်၏။
- **အဗြဟ္မစရိယ**မှ ကြဉ်သော ဗြဟ္မစရိယစေတနာသည် အဗြဟ္မစရိယ အကုသိုလ်ကို ဖြတ်တတ်သောကြောင့် သလ္လေခမည် မည်၏။
- **မုသာဝါဒ**မှ ကြဉ်သော မုသာဝါဒဝိရမဏစေတနာသည် မုသာဝါဒ အကုသိုလ်ကို ဖြတ်တတ်သောကြောင့် သလ္လေခမည် မည်၏။
- **ပိသုဏဝါစာ**မှ ကြဉ်သော ပိသုဏဝါစာဝိရမဏစေတနာသည် ပိသုဏဝါစာ အကုသိုလ်ကို ဖြတ်တတ်သောကြောင့် သလ္လေခမည် မည်၏။
- **ဖရုသဝါစာ**မှ ကြဉ်သော ဖရုသဝါစာဝိရမဏစေတနာသည် ဖရုသဝါစာ အကုသိုလ်ကို ဖြတ်တတ်သောကြောင့် သလ္လေခမည် မည်၏။
- **သမ္ဖပ္ပလာပ**မှ ကြဉ်သော သမ္ဖပ္ပလာပဝိရမဏစေတနာသည် သမ္ဖပ္ပလာပ အကုသိုလ်ကို ဖြတ်တတ်သောကြောင့် သလ္လေခမည် မည်၏။
- သူတပါးတို့ ဥစ္စာကို မိမိဥစ္စာဖြစ်စေခြင်းငှာ တောင့်တသော **အဘိဇ္ဈာ**မှ ကြဉ်သော အနဘိဇ္ဈာကုသိုလ်စေတနာသည် အဘိဇ္ဈာ အကုသိုလ်တရားကို ဖြတ်တတ်သောကြောင့် သလ္လေခမည် မည်၏။
- သူတပါး အသက်ကို သေစေလိုသော **ဗျာပါဒ**မှ ကြဉ်သော အဗျာပါဒကုသိုလ်စေတနာသည် ဗျာပါဒအကုသိုလ်ကို ဖြတ်တတ်သောကြောင့် သလ္လေခမည် မည်၏။
- မှားသောအယူကို ယူခြင်း **မိစ္ဆာဒိဋ္ဌိ**မှ ကြဉ်သော, ကောင်းသောအယူကို ယူခြင်း သမ္မာဒိဋ္ဌိသည် မိစ္ဆာဒိဋ္ဌိအကုသိုလ်ကို ဖြတ်တတ်သောကြောင့် သလ္လေခမည် မည်၏။
- မကောင်းသော, ဝဋ်မှ ထွက်မြောက်ကြောင်း မဟုတ်သော အကြံကို ကြံခြင်း **မိစ္ဆာသင်္ကပ္ပ**မှ ကြဉ်သော, ကောင်းသော, ဝဋ်မှ ထွက်မြောက်ကြောင်းဖြစ်သော သမ္မာသင်္ကပ္ပသည် မိစ္ဆာသင်္ကပ္ပအကုသိုလ်ကို ဖြတ်တတ်သောကြောင့် သလ္လေခမည် မည်၏။
- မကောင်းသော, နိယျာနိက မဟုတ်သော စကားကို ဆိုခြင်း **မိစ္ဆာဝါစာ**မှ ကြဉ်သော, ကောင်းသော နိယျာနိကဖြစ်သော သမ္မာဝါစာသည် မိစ္ဆာဝါစာအကုသိုလ်ကို ဖြတ်တတ်သောကြောင့် သလ္လေခမည် မည်၏။

- မကောင်းသော ဝဋ္ဋနိဿိတဖြစ်သော အသက်မွေးခြင်း မိစ္ဆာဇီဝမှ ကြဉ်သော, ကောင်းသော ဝိဝဋ္ဋနိဿိတဖြစ်သော အသက်မွေးခြင်း သမ္မာအာဇီဝသည် မိစ္ဆာဇီဝ အကုသိုလ်ကို ဖြတ်တတ်သောကြောင့် သလ္လေခဓမ္မ မည်၏။
- ဝဋ်မှ ထွက်မြောက်ကြောင်း မဟုတ်သော, မကောင်းသော လုံ့လနှင့် ယှဉ်ခြင်းမှ ကြဉ်သော, ဝဋ်မှ ထွက်မြောက်ကြောင်းဖြစ်သော လုံ့လသည် မိစ္ဆာဝါယာမကို ဖြတ်တတ်သောကြောင့် သလ္လေခဓမ္မ မည်၏။
- ပုတ္တလာဘ, ဓနလာဘ, ယသလာဘ-စသည်ကို ကြံသော မိစ္ဆာသတိမှ ကြဉ်သော ကောင်းသောအာရုံကိုသာ အောက်မေ့ခြင်း သမ္မာသတိသည် မိစ္ဆာသတိကို ဖြတ်တတ်သောကြောင့် သလ္လေခဓမ္မ မည်၏။
- မကောင်းသော, အကုသိုလ်နှင့်ယှဉ်သော စေတဂ္ဂတာမှ ကြဉ်သော, ကုသိုလ်နှင့် ယှဉ်သော သမ္မာသမာဓိသည် မိစ္ဆာသမာဓိကို ဖြတ်တတ်သောကြောင့် သလ္လေခဓမ္မ မည်၏။

ဤအရာ၌ မိစ္ဆာသင်္ကပ္ပ-စသည်တို့ကဲ့သို့ မိစ္ဆာသတိ-ဟူ၍ တရားကိုယ်အထူး မရှိ။ ထို့ကြောင့် ရင်းမူလပဏ္ဏာသ၊ သလ္လေခသုတ်အဋ္ဌကထာ(နှာ-၁၉၂)၌-

**မိစ္ဆာသင်္ကပ္ပါဒယော ဝိယ ဟိ မိစ္ဆာသတိ နာမ ပါဋိဧက္ကော ကောစိ ဓမ္မော နတ္ထိ။**

ဟူသောပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

မိစ္ဆာသင်္ကပ္ပါဒယော ဝိယ၊ မိစ္ဆာသင်္ကပ္ပ-စသည်တို့ကဲ့သို့။ မိစ္ဆာသတိ၊ မိစ္ဆာသတိ သည်။ ပါဋိဧက္ကော၊ အသီးဖြစ်သော။ ကောစိ ဓမ္မော နာမ၊ တစ်စုံတစ်ခုသော တရားမည် သည်။ နတ္ထိ၊ မရှိ။

ပုတ္တလာဘ, ဓနလာဘ-စသည်ကို ကြံသောသူအား သတိနှင့် အလားတူသော ကြောင့် မိစ္ဆာသတိ-ဟု ဆိုအပ်၏။ ထို့ကြောင့် ရင်းအဋ္ဌကထာ၌-

**တမ္ပိ တံ တံ စိန္တေန္တဿ သတိပတိရူပကေန ဥပ္ပတ္တိံ သန္ဓာယ ဝုတ္တန္တိ ဝေဒိတဗ္ဗံ။**

ဟူသောပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (မ၊ဋ္ဌ၊၁။၁၉၂)

တံ တံ၊ ထိုထို ဓနလာဘ-စသည်ကို။ စိန္တေန္တဿ၊ ကြံသောသူအား။ သတိပတိရူပ- ကေန၊ သတိနှင့် အလားတူသဖြင့်။ ဥပ္ပတ္တိံ၊ ဖြစ်ခြင်းကို။ သန္ဓာယ၊ ရည်၍။ ဘဂဝတာ၊ မြတ်စွာဘုရားသည်။ ဝုတ္တံ၊ ဟောတော်မူအပ်၏။ ဣတိ၊ သို့။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ပါဠိ, အဋ္ဌကထာ လာတိုင်း ပြဆိုလျှင် ကျယ်လွန်းအံ့။

“မကောင်းမှုကို ပြုပြီးလျှင် ငါကား ကောင်းသောအမှုကို ပြုပေပြီ”ဟု အောက်မေ့ဆင်ခြင်သော, မောဟ-ဟု ဆိုအပ်သော, မိစ္ဆာဉာဏ်ကို ဖြတ်တတ်သော, ၁၉-ပါးသော ပစ္စဝေက္ခဏာဉာဏ်တည်းဟူသော သမ္မာဉာဏ်သည် သလ္လေခဓမ္မ မည်၏။

- မိစ္ဆာဒိဋ္ဌိတို့ကဲ့သို့ ကိလေသာမှ လွတ်စင်ကြောင်း မဟုတ်သော, မိစ္ဆာဝိမုတ္တိမှ ကြဉ်သော, အရိယဖိုလ်နှင့်ယှဉ်သော သမ္မာဝိမုတ္တိသည် မိစ္ဆာဝိမုတ္တိကို ဖြတ်တတ်သောကြောင့် သလ္လေခဓမ္မ မည်၏။
- ထိနမိဒ္ဓကို ပယ်သော ထိနမိဒ္ဓပဟာနဓမ္မသည် ထိနမိဒ္ဓကို ဖြတ်တတ်သောကြောင့် သလ္လေခဓမ္မ မည်၏။
- ပြန့်လွင့်သော ဥဒ္ဓစ္စကို ပယ်သော ဥဒ္ဓစ္စပဟာနဓမ္မသည် ဥဒ္ဓစ္စကို ဖြတ်တတ်သောကြောင့် သလ္လေခဓမ္မ မည်၏။
- ဆေးကုခြင်းဌာ တတ်နိုင်ခဲသော ဝိစိကိစ္ဆာကို ပယ်သော ဝိစိကိစ္ဆာပဟာနဓမ္မသည် ဝိစိကိစ္ဆာကို ဖြတ်တတ်သောကြောင့် သလ္လေခဓမ္မ မည်၏။
- အာဃာတဝတ္ထု ၉-ပါး၊ အာဃာတဝတ္ထု ၁၉-ပါးတို့မှ ကြဉ်သော အကောဓသည် ကောဓကို ဖြတ်တတ်သောကြောင့် သလ္လေခဓမ္မ မည်၏။
- ရန်ငြိုးဖွဲ့ခြင်း ဥပနာဟမှ ကြဉ်သော, အနုပနာဟသည် ဥပနာဟကို ဖြတ်တတ်သောကြောင့် သလ္လေခဓမ္မ မည်၏။
- ကျေးဇူးကို ချေခြင်း မက္ခမှ ကြဉ်သော အမက္ခသည် မက္ခကို ဖြတ်တတ်သောကြောင့် သလ္လေခဓမ္မ မည်၏။
- အပြိုင်ပြုခြင်း ပဠာသိမှ ကြဉ်သော အပဠာသိသည် ပဠာသိကို ဖြတ်တတ်သောကြောင့် သလ္လေခဓမ္မ မည်၏။
- ငြူစူခြင်း ဣဿာမှ ကြဉ်သော အနိဿုကိသည် ဣဿာကို ဖြတ်တတ်သောကြောင့် သလ္လေခဓမ္မ မည်၏။
- ဝန်တိုခြင်း မစ္ဆရိယမှ ကြဉ်သော အမစ္ဆရိယသည် မစ္ဆရိယကို ဖြတ်တတ်သောကြောင့် သလ္လေခဓမ္မ မည်၏။
- လှည့်ပတ်တတ်သော မာယာမှ ကြဉ်သော အမာယာဝီသည် မာယာကို ဖြတ်တတ်သောကြောင့် သလ္လေခဓမ္မ မည်၏။

- စဉ်းလဲခြင်း သာဌေယျမှ ကြဉ်သော အသာဌေယျသည် သာဌေယျကို ဖြတ်တတ်သောကြောင့် သလ္လေခဓမ္မ မည်၏။
- မာန်ခက်ထန်ခြင်း ထဒ္ဓမှ ကြဉ်သော အထဒ္ဓသည် ထဒ္ဓကို ဖြတ်တတ်သောကြောင့် သလ္လေခဓမ္မ မည်၏။
- အလွန်မာန်ခက်ထန်ခြင်း **အတိမာန**မှ ကြဉ်သော အနတိမာနသည် အတိမာနကို ဖြတ်တတ်သောကြောင့် သလ္လေခဓမ္မ မည်၏။
- ဆိုဆုံးမသဖြင့် သည်းခံနိုင်ခဲသော ဒုဗ္ဗစမှ ကြဉ်သော သုဗ္ဗစသည် ဒုဗ္ဗစကို ဖြတ်တတ်သောကြောင့် သလ္လေခဓမ္မ မည်၏။
- ဒေဝဒတ္တ၊ ကောကာလိကစသော **ပါပမိတ္တ**မှ ကြဉ်၍ သာရိပုတ္တရာ, မောဂ္ဂလ္လာန်စသော ကလျာဏမိတ္တရှိသော အဖြစ်သည် ပါပမိတ္တကို ဖြတ်တတ်သောကြောင့် သလ္လေခဓမ္မ မည်၏။
- ကာယဒုစရိုက်-စသည်တို့၌ စိတ်ကို လွှတ်၍ ကုသိုလ်ကောင်းမှုတို့၌ မေ့လျော့သော ပမတ္တမှ ကြဉ်သော အပမတ္တသည် ပမတ္တကို ဖြတ်တတ်သောကြောင့် သလ္လေခဓမ္မ မည်၏။
- ရတနာ ၃-ပါးတို့၌ မသဒ္ဓါခြင်း **အဿဒ္ဓ**မှ ကြဉ်သော ရတနာ ၃-ပါးတို့ကို သဒ္ဓါခြင်း သဒ္ဓသည် အသဒ္ဓကို ဖြတ်တတ်သောကြောင့် သလ္လေခဓမ္မ မည်၏။
- မကောင်းမှုမှ မရှက်ခြင်း **အဟိရိက**မှ ကြဉ်သော မကောင်းမှုမှ ရှက်ကြောက်ခြင်း ဟိရီသည် အဟိရိကကို ဖြတ်တတ်သောကြောင့် သလ္လေခဓမ္မ မည်၏။
- မကောင်းမှုမှ မလန့်ခြင်း **အနောတ္တပ္ပ**မှ ကြဉ်သော မကောင်းမှုမှလန့်ခြင်း ဩတ္တပ္ပသည် အနောတ္တပ္ပကို ဖြတ်တတ်သောကြောင့် သလ္လေခဓမ္မ မည်၏။
- အကြားအမြင်ပညာ မရှိသော **အပ္ပဿုတ**မှ ကြဉ်သော, များသော အကြားအမြင်ရှိသော ဗဟုဿုတသည် အပ္ပဿုတကို ဖြတ်တတ်သောကြောင့် သလ္လေခဓမ္မ မည်၏။ (ဤအရာ၌ အပ္ပဿုတ-ဟူသည် အတတ်ပညာမရှိသောသူကို ယူ။ ဗဟုဿုတ-ဟူသည် ဘုရားဒေသနာ ဂါထာကို ရ၍ ကောင်းစွာကျင့်သောသူကို ယူ။)
- ယုတ်သော လုံ့လရှိသော **ကုသီတ**မှ ကြဉ်သော သမ္မပ္ပဓာန လုံ့လနှင့် ယှဉ်သော အာရဒ္ဓဝီရိယသည် ကုသီတကို ဖြတ်တတ်သောကြောင့် သလ္လေခဓမ္မ မည်၏။

- ပျက်သော သတိရှိသော မုဋ္ဌသတိမှ ကြဉ်သော, အမြဲ ကောင်းသောအာရုံ၌သာ ထင်သော ဥပဋ္ဌိတသတိသည် မုဋ္ဌသတိကို ဖြတ်တတ်သောကြောင့် သလ္လေခဓမ္မ မည်၏။

- မကောင်းသော, ပျက်သော ပညာရှိသော ဒုပ္ပညမှ ကြဉ်သော, ကောင်းသော ပညာရှိသော ပညဝန္တအဖြစ်သည် ဒုပ္ပညကို ဖြတ်တတ်သောကြောင့် သလ္လေခဓမ္မ မည်၏။ (ဤ၌ ပညဝန္တအရမှာ ဝိပဿနာပညာကို ယူ။)

- နိယျာနိကမဟုတ်သော မှားသောအယူကို ယူခြင်း **သန္ဒိဋ္ဌိပရာမာသီ**၊ ထိုအယူကို မြဲစွာစွဲလမ်းခြင်း **အာဓာနဂ္ဂါဟီ**၊ ထိုအယူကို ဘုရား-စသော သူတော်ကောင်းတို့ အကြောင်းနှင့်တကွ ပြ၍ ဆုံးမသော်လည်း မစွန့်နိုင်ခြင်း **ဒုပ္ပဋိနိဿဂ္ဂီ**။ ဤတရား ၃-ပါးတို့ကို ကြဉ်၍ ထိုတရား ၃-ပါးတို့နှင့် မယှဉ်သော အသန္ဒိဋ္ဌိပရာမာသီ၊ အနာဓာနဂ္ဂါဟီ၊ သုပ္ပဋိနိဿဂ္ဂီသည် သန္ဒိဋ္ဌိပရာမာသီ၊ အာဓာနဂ္ဂါဟီ၊ ဒုပ္ပဋိနိဿဂ္ဂီကို ဖြတ်တတ်သောကြောင့် သလ္လေခဓမ္မ မည်၏။

ဤတွင်ရွေ့ သလ္လေခဓမ္မ ၄၄-ပါးတို့ကို ပြဆိုသော စကားရပ် အပြီးသတ်တည်း။ ထိုစကားဝယ် အကျဉ်းအမိပ္ပါယ်ကား-

- ၁၂-ပါးသော သန္တောသတို့ဖြင့် ပစ္စည်း ၄-ပါးတို့၌ ရောင့်ရဲခြင်းသည် သန္တုဋ္ဌိ မည်၏။

- ဝိဟိံသာ-စသော ၄၄-ပါးကုန်သော သလ္လေခိတဗ္ဗဓမ္မတို့ကို ဖြတ်တတ်သော အဝိဟိံသာ-စသော ၄၄-ပါးတို့သည် သလ္လေခ မည်၏။

ထိုစကားရပ်တို့ကို အကျယ်သိလိုလျှင် မူလပဏ္ဏာသ၊ ဓမ္မဒါယာဒသုတ်၊ ပါဠိ, အဋ္ဌကထာ။ ဝတ္ထသုတ်ပါဠိ, အဋ္ဌကထာ။ ရထဝိနီတသုတ် ပါဠိ, အဋ္ဌကထာ။ သလ္လေခသုတ် ပါဠိ, အဋ္ဌကထာ။ ခုဒ္ဒကပါဌအဋ္ဌကထာ။ သုတ္တနိပါတ်အဋ္ဌကထာ။ မဟာနိဒ္ဒေသပါဠိ, အဋ္ဌကထာတို့မှာ ကြည့်လေ။

အမြင့်မြို့ ရှင်ဓမ္မက "သန္တုဋ္ဌိ, သလ္လေခ ၂-ပါးတို့တွင် အဘယ်တရားသည် သလ္လေခ ဖြစ်မည်-စသည်ဖြင့် သန္တုဋ္ဌိ, သလ္လေခ ၂-ပါးတို့၏ အကွဲအပြား အထူးအခြားကို သိမှတ်လိုပါသည်"ဟု လျှောက်သောကြောင့် ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းဂန်တို့နှင့်အညီ ၁၂၃၈-ခု၊ တပို့တွဲလပြည့်ကျော်၊ ၁၄-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိမ်မြို့ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★ ★ ★ ★ ★ ★ ★

## ရတနာသိခ်မြို့၊ ရဟန်းတော် ဦးပညာသီဟ-က ဓမ္မတာအပြား ၃၀-ကို သိလိုကြောင်းနှင့် မေးလျှောက်ချက်

[ ၁၂၅ ] "ဘုရားတပည့်တော် ရတနာသိခ်မြို့၊ ရဟန်း ရှင်ပညာသီဟ လျှောက်ပါသည် ဆရာတော်ဘုရား။

မြတ်စွာဘုရားအလောင်းတော်တို့သည် ပစ္ဆိမဘဝ၌ အလောင်းတော်အဖြစ်ကစ၍ ဘုရားဖြစ်တော်မူ၍ အနုပါဒိသေသနိဗ္ဗာန် စံယူတော်မူသည့်တိုင်အောင် ပြည့်စုံစွာဖြစ်တော်မူသော ဓမ္မတာ အပြား ၃၀-တို့ကို အသေအချာ သရုပ်သချာနှင့် တကွ နေရာကျကျ သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား"။

၎င်းရဟန်းတော် ဦးပညာသီဟ လျှောက်ထားချက်အရ အဖြေဝိသဇ္ဇနာ–

ဓမ္မတာ ၃၀-ကို မေးလျှောက်သည်မှာ–

[၁၂၅] သဗ္ဗဗုဒ္ဓါနံ သမတ္တိံသဝိဓာ ဓမ္မတာ။ သေယျထိဒံ? ပစ္ဆိမဘဝိကဗောဓိသတ္တဿ မာတုကုစ္ဆိဩက္ကမနံ။ မာတုကုစ္ဆိယံ ပလ္လင်္ကေန နိသီဒိတွာ ဗဟိမုခါလောကနံ။ ဌိတာယ ဗောဓိသတ္တဿ မာတုယာ ဝိဇာယနံ။ အရညေယေဝ မာတုကုစ္ဆိတော နိက္ခမနံ။

အစရှိသော ဗုဒ္ဓဝင်အဋ္ဌကထာ, အပဒါန်အဋ္ဌကထာ, ဓမ္မသင်္ဂဏီအဋ္ဌကထာ-စသော ကျမ်းတို့နှင့်အညီ– (ဗုဒ္ဓဝံ၊ဋ္ဌ၊ သဓမ္မတာကထာ။ ၃၅၁-၂)

၁။ ပစ္ဆိမဘဝိကဖြစ်သော ဘုရားလောင်းတို့သည် မယ်တော်ဝမ်း၌သာ ပဋိသန္ဓေနေတော်မူခြင်း၊

၂။ ထက်ဝယ်ဖြင့်သာ အပသို့ မျက်နှာပြု၍ နေတော်မူခြင်း၊

၃။ မယ်တော်ရပ်လျက်သာ ဖွားတော်မူခြင်း၊

၄။ တော၌သာ ဖွားတော်မူခြင်း၊

၅။ မြောက်သို့ ၇-ဖဝါးလှမ်းတော်မူ၍ ခြင်္သေ့မင်းကဲ့သို့ ရဲရင့်စွာ ၃-ခွန်းသောစကားကို ဆိုတော်မူခြင်း၊

၆။ နိမိတ်ကြီး ၄-ပါးကို ထင်၍ သားတစ်ယောက်မြင်ပြီးမှ တောထွက်တော်မူခြင်း၊

၇။ အရဟတ္တဖိုလ်၏ တံခွန်ဖြစ်သော ရဟန်းအဖြစ်ကို ယူတော်မူခြင်း၊

၈။ အယုတ်အားဖြင့် ၇-ရက် ဒုက္ကရစရိယာ ကျင့်တော်မူခြင်း၊

၉။ ဘုရားဖြစ်အံ့သောနေ့၌ နို့ယနာဆွမ်းကို ဘုဉ်းပေးတော်မူခြင်း၊

၁၀။ မြက်အခင်း၌ နေ၍ ဘုရားဖြစ်တော်မူခြင်း၊

၁၁။ အာနာပါနကမ္မဋ္ဌာန်းကို စီးဖြန်းတော်မူခြင်း၊

၁၂။ မာရ်စစ်သည်တို့ကို အောင်တော်မူခြင်း၊

၁၃။ ဗောဓိပင်၌သာ ဝိဇ္ဇာ ၃-ပါးကို အစပြု၍ ဆအသာဓာရဏ-စသော ဂုဏ်ကျေးဇူး တို့ကို ရတော်မူခြင်း၊

၁၄။ ဗောဓိပင်၏ အနီး၌သာလျှင် ၇-ရက်, ၇-လီ နေတော်မူခြင်း၊

၁၅။ ‘တရားဟောတော်မူပါ’-ဟု သဟမ္ပတိပြဟ္မာ တောင်းပန်ခြင်း၊

၁၆။ ဣသိပတန မိဂဒါဝုန်တော၌သာ ဓမ္မစကြာတရားကို ဟောတော်မူခြင်း၊

၁၇။ တပို့တွဲလပြည့်နေ့၌သာ ပါတိမောက်ကို ပြတော်မူခြင်း၊

၁၈။ ဇေတဝန်ကျောင်းတော်၌သာ အမြဲနေတော်မူခြင်း၊

၁၉။ သာဝတ္ထိပြည်၌သာ ယမိုက်ပြာဋိဟာတို့ကို ပြတော်မူခြင်း၊

၂၀။ တာဝတိံသာ၌သာ အဘိဓမ္မာတရားကို ဟောတော်မူခြင်း၊

၂၁။ သင်္ကဿနဂိုရ်ပြည်သို့သာ တာဝတိံသာမှ သက်တော်မူခြင်း၊

၂၂။ ဖလသမာပတ်ကို မပြတ် ဝင်စားတော်မူခြင်း၊

၂၃။ ညဉ့်ဦးယံ, မိုးသောက်ယံတို့၌ ကျွတ်ထိုက်သော ဝေနေယျတို့ကို မပြတ် ကြည့် တော်မူခြင်း၊

၂၄။ အကြောင်းရှိလျှင် ရဟန်းတို့အား ဝိနည်းသိက္ခာပုဒ်တော်ကို ပညတ်တော်မူခြင်း၊

၂၅။ အတ္ထုပ္ပတ္တိရှိလျှင် ဇာတ်တရားကို ဟောတော်မူခြင်း၊

၂၆။ ဆွေတော်မျိုးတော်တို့၏ အစည်းအဝေး၌သာ ဗုဒ္ဓဝင်တရားတော်ကို ဟောတော် မူခြင်း၊

၂၇။ အာဂန္တုကရဟန်းတို့နှင့် အစေ့အစပ် ပဋိသန္ထာရကို ပြုတော်မူခြင်း၊

၂၈။ ဝါကျွတ်ပြီးသော် ဒါယကာတို့အား ပန်ကြားပြီးမှ ကြွတော်မူခြင်း၊

၂၉။ နေ့တိုင်း,နေ့တိုင်း ဆွမ်းမဘုဉ်းပေးမီ ပုရိမဘတ္တကိစ္စ၊ ဆွမ်းဘုဉ်းပေးပြီး ပစ္ဆိမဘတ္တကိစ္စ၊ ညဉ့်ဦးယံ၌ ပဌမယာမကိစ္စ၊ သန်းခေါင်ယံ၌ မဇ္ဈိမယာမကိစ္စ၊ မိုးသောက်ယံ၌ ပစ္ဆိမယာမကိစ္စတို့ကို ပြုတော်မူခြင်း၊

၃၀။ ကုဋေ ၂-သန်း ၄-သိန်းသော ဖလသမာပတ်တို့ကို ဝင်စားတော်မူ၍ အနုပါဒိသေသနိဗ္ဗာန် စံယူတော်မူခြင်း။

ဤသို့ ပစ္ဆိမဘဝိကဖြစ်သော ဘုရားအလောင်းတော်တို့အား အလောင်းတော်တို့ ပဋိသန္ဓေ ယူနေသည်မှစ၍ ဘုရားဖြစ်တော်မူ၍ ပရိနိဗ္ဗာန်စံယူတော်မူသည့်တိုင်အောင် ပြည့်စုံတော်မူမြဲဖြစ်သော ဓမ္မတာ အပြား ၃၀-တို့ကို သိရာ၏။

ပစ္ဆိမဘဝိကဖြစ်သော ဘုရားလောင်းတို့သည် တပါးသောသတ္တဝါတို့ကဲ့သို့ ပဋိသန္ဓေ ယူနေတော်မူရသည် မဟုတ်။ တပါးသောသတ္တဝါတို့သည် အမိ၏ အစာဟောင်းပေါ်တွင် ထိုင်၍ အစာသစ်ကို ဦးခေါင်းဖြင့် ရွက်ပြီးသော် အမိဝမ်းရေကို နောက်ဖီတကိုင်းထား၍ ကျောက်ကုန်းရိုးကို မှီလျက် လက်ဆုပ် ၂-ခုပေါ်တွင် မေးကို တင်၍ မိုးရွာသောအခါ သစ်ခေါင်း၌ အောင်းနေသော မျောက်အိုကဲ့သို့ ဆောင့်ကြောင့်ထိုင်လျက် နေကြရကုန်၏။

ပစ္ဆိမဘဝိကဖြစ်သော ဘုရားအလောင်းတော်တို့သည် အမိ၏ ကျောက်ကုန်းရိုးကို နောက်ထား၍ တရားဟောပုဂ္ဂိုလ်တို့၏အသွင် တင်ပြင်ခွေလျက် ထက်ဝယ်ဖွဲ့ကာ ရှေ့မျက်နှာသို့ ရှေ့ရှုနေကြကုန်၏။

ထို့ကြောင့် သုတ်မဟာဝါ၊ မဟာပဒါနသုတ်အဋ္ဌကထာ၌–

စရိမဘဝေ မာတုကုစ္ဆိယံ ဝသန္တာ မဟာဗောဓိသတ္တာ သေသဇနာ ဝိယ န ဟောန္တိ။ ယထာ ဟိ အညေ အန္တောကုစ္ဆိဂတာ မာတုပက္ကာသယံ အဝတ္ထရိတွာ အာမာသယံ ဥက္ခိပိတွာ ဥဒရပဋလံ ပိဋ္ဌိတော ကတွာ ပိဋ္ဌိကဏ္ဋကံ နိဿာယ ဥက္ကုဋိကံ ဒွီသု မုဋ္ဌီသု ဟနုကံ ဌပေတွာ ဒေဝေ ဝဿန္တေ ရုက္ခသုသိရေ မက္ကဋာ ဝိယ နိသီဒန္တိ။ န ဧဝံ ဗောဓိသတ္တော၊ ဗောဓိသတ္တော ပန ပိဋ္ဌိကဏ္ဋကံ ပိဋ္ဌိတော ကတွာ ဓမ္မာသနေ ဓမ္မကထိကော ဝိယ ပလ္လင်္ကံ အာဘုဇိတွာ ပုရတ္ထာဘိမုခေါ နိသီဒတိ။

ဟူသော ပါဠ်(ဒီ၊ဋ္ဌ၊၂။၂၈-၉)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

စရိမဘဝေ၊ အဆုံးစွန်သော ဘဝ၌။ မာတုကုစ္ဆိယံ၊ မယ်တော်ဝမ်း၌။ ဝသန္တာ၊ နေတော်မူကုန်သော။ ဗောဓိသတ္တာ၊ ဘုရားအလောင်းတော်တို့သည်။ သေသဇနာ ဝိယ၊ ကြွင်းသော လူတို့ကဲ့သို့။ န ဟောန္တိ၊ မဖြစ်ကုန်။ ဟိ၊ ထင်စွာပြအံ့။ ယထာ၊ ဥပမာသော်ကား။ အညေ၊ တပါးကုန်သော။ မာတုကုစ္ဆိဂတာ၊ အမိဝမ်း၌ ပဋိသန္ဓေ နေကြကုန်သောသူတို့သည်။ မာတုပက္ကာသယံ၊ အမိ၏ အစာဟောင်းကို။ အတ္ထရိတွာ၊ ခင်း၍။ အာမာသယံ၊ အစာသစ်ကို။ ဥက္ခိပိတွာ၊ ရွက်၍။ ဥဒရပဋလံ၊ အမိဝမ်းရေကို။ ပိဋ္ဌိတော ကတွာ၊ နောက်ထား၍။ ပိဋ္ဌိကဏ္ဍကံ၊ ကျောက်ကုန်းရိုးကို။ နိဿာယ၊ မှီ၍။ ဒွိသု မုဋ္ဌိသု၊ လက်ဆုပ် ၂-ခုတို့၌။ ဟနုကံ ဌပေတွာ၊ မေးကို တင်ထား၍။ ဒေဝေ ဝဿန္တေ မိုးရွာလတ်သော်။ ရုက္ခသုသိရေ၊ သစ်ပင်ခေါင်း၌။ မက္ကဋာ ဝိယ၊ မျောက်တို့ကဲ့သို့။ နိသီဒန္တိ၊ နေကြကုန်၏။ ဗောဓိသတ္တာ၊ ဘုရားအလောင်းတော်တို့သည်။ ဧဝံ န ဟောန္တိ၊ ဤသို့ မဟုတ်ကုန်။ တေ ပန၊ ထိုဘုရားအလောင်းတော်တို့သည်ကား။ ပိဋ္ဌိကဏ္ဍကံ၊ အမိ၏ ကျောက်ကုန်းရိုးကို။ ပိဋ္ဌိတော ကတွာ၊ နောက်ထား၍။ ဓမ္မာသနေ၊ တရားဟောပလ္လင်၌။ ဓမ္မကထိကာ ဝိယ၊ တရားဟော ပုဂ္ဂိုလ်တို့ကဲ့သို့။ ပလ္လင်္ကံ အာဘုဇိတွာ၊ ထက်ဝယ်ဖွဲ့ခွေ၍။ ပုရတ္ထာဘိမုခါ၊ ရှေ့မျက်နှာသို့ ရှေးရှု။ နိသီဒန္တိ၊ နေတော်မူကြကုန်၏။

ဤတွင်ဧွ ဓမ္မတာ ၃၀-ကို ပြဆိုသော စကားရပ် အပြီးသတ်တည်း။ ၎င်းစကားရပ်ကို အကျယ်သိလိုလျှင် ဗုဒ္ဓဝင်အဋ္ဌကထာ။ အပဒါန်အဋ္ဌကထာ။ ဓမ္မပဒ၊ ပုတိဂတ္တထေရဝတ္ထုအဋ္ဌကထာ။ သုတ်မဟာဝါ၊ မဟာပဒါနသုတ်အဋ္ဌကထာ။ သုတ်သီလက္ခန်အဋ္ဌကထာ။ ဇိနာလင်္ကာရဋီကာကျမ်းတို့မှာကြည့်လေ။

ရတနာသိခ်မြို့၊ ရဟန်းရှင်ပညာသီဟက "မြတ်စွာဘုရား အလောင်းတော်တို့သည် ပစ္ဆိမဘဝ၌ အလောင်းတော်အဖြစ်က စ၍ ဘုရားဖြစ်တော်မူ၍ အနုပါဒိသေသနိဗ္ဗာန် စံယူတော်မူသည့်တိုင်အောင် ပြည့်စုံစွာဖြစ်တော်မူကြသော ဓမ္မတာအပြား ၃၀-တို့ကို သရုပ်သချာနှင့်တကွ နေရာကျ သိမှတ်လိုပါသည်"ဟု လျှောက်သောကြောင့် ကျမ်းဂန်ပါဋ္ဌိရှိသည့်အတိုင်း ၁၂၃၈-ခု၊ တပို့တွဲလပြည့်ကျော်၊ ၁၄-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★ ★ ★ ★ ★ ★ ★

## ရဟန်းတော် ရှင်ကိတ္တိ-က နဂါးမျိုး ၁,၀၂၄-ပါးကို အသေအချာ သိမှတ်ရန် လျှောက်ထားချက်

[ ၁၂၆ ] "ဘုရားတပည့်တော် သင်္ဘောတော်ဆိပ်ကမ်း၊ စိန်ပန်းကြီးရွာ၊ ရဟန်း ရှင်ကိတ္တိ လျှောက်ပါသည် ဆရာတော်ဘုရား။

နဂါးမျိုးတို့သည် ၁,၀၂၄-ပါးရှိကြောင်းကို ဆရာတော်ဘုရား ဟောကြားတော်မူချက် အမြွက်စကား ကြားသိရပါသော်လည်း အမည်နာမ သရုပ်သဏ္ဍာန်ကို နေရာကျ မသိ မမှတ်မိပါသောကြောင့် သရုပ်သဏ္ဍာန်နှင့်တကွ နေရာကျ သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား။"

၎င်းရဟန်းတော် ရှင်ကိတ္တိ လျှောက်ထားချက်အရ အဖြေဝိသဇ္ဇနာ–

နဂါးမျိုး ၁,၀၂၄-ပါးတို့ကို မေးလျှောက်သည်မှာ –

[၁၂၆] -ကိုက်ခဲသည် ရှိသော် ခန္ဓာကိုယ်သည် သစ်သားထင်းချောင်းကဲ့သို့ အဆစ်အမျက် မကွေးမဆန့်နိုင်ဘဲ သံတံကျင်ကဲ့သို့ ခိုင်ခံ့စွာဖြစ်သော ကဋ္ဌမုခနဂါး။

- ကိုက်ခဲသည်ရှိသော် ကိုယ်သည် မှည့်၍ပုပ်သော ပိန္နဲသီးကဲ့သို့ အရေယိုထွက်သော ပူတိမုခနဂါး။
- ကိုက်ခဲသည်ရှိသော် ကိုယ်သည် မီးလောင်သကဲ့သို့ ဖရိုဖရဲရှိသော အဂ္ဂိမုခနဂါး။
- ကိုက်ခဲသည်ရှိသော် ကိုယ်သည် မိုးကြိုးကျသကဲ့သို့ ကွဲပြတ်ပျက်စီးသော သတ္ထမုခ နဂါး။

ဤသို့ ၄-ပါးတည်း။ ထို ၄-ပါးတို့တွင် တစ်ပါးပါး၌–

- ကိုက်သဖြင့် ဆိုအပ်ခဲ့ပြီးသော အခြင်းအရာတို့ဖြင့်ဖြစ်သော ဒဋ္ဌဝိသနဂါး။
- မြင်သဖြင့် ဆိုအပ်ခဲ့ပြီးသော အခြင်းအရာဖြင့်ဖြစ်သော ဒိဋ္ဌဝိသနဂါး။
- ထိသဖြင့် ဆိုအပ်ခဲ့ပြီးသော အခြင်းအရာတို့ဖြင့်ဖြစ်သော ဖုဋ္ဌဝိသနဂါး။
- နှာရှုတ်လေမှုတ်သဖြင့် ဆိုအပ်ခဲ့ပြီးသော အခြင်းအရာဖြင့်ဖြစ်သော ဝါတဝိသနဂါး-

ဟူ၍ ၄-ပါး, ၄-ပါးစီ ပြားသောကြောင့် ၁၆-ပါးဖြစ်၏။

ထို ၁၆-ပါးတို့တွင် တစ်ပါးပါး၌—

- အဆိပ်လျင်မြန်စွာလာ၍ အဆိပ်မပြင်းထန်သော **အာဂတဝိသ နဃောရဝိသနဂါး**။
- အဆိပ်ပြင်းထန်၍ လျင်မြန်စွာ အဆိပ်မလာသော **ဃောရဝိသ နအာဂတဝိသနဂါး**။
- အဆိပ်လည်း လျင်မြန်စွာလာ၍ အဆိပ်လည်း ပြင်းထန်သော **အာဂတဝိသ ဃောရဝိသနဂါး**။
- အဆိပ်လည်း လျင်မြန်စွာမလာ၊ အဆိပ်လည်း မပြင်းထန်သော **နအာဂတဝိသ နဃောရဝိသနဂါး**-

ဟူ၍ ၄-ပါး, ၄-ပါးစီ ပြားသောကြောင့် ၆၄-ပါး ဖြစ်၏။

ထို ၆၄-ပါးတို့တွင် ၁-ပါး, ၁-ပါး၌—

- ဥ-၌ ဖြစ်သော **အဏ္ဍဇနဂါး**၊
- ရေကြည်၌ဖြစ်သော **ဇလာဗုဇနဂါး**။
- အညှိကို စွဲ၍ဖြစ်သော **သံသေဒဇနဂါး**။
- ကိုယ်ထင်ဖြစ်သော **ဩပပါတိကနဂါး**-

ဟူ၍ ပဋိသန္ဓေအားဖြင့် ၄-ပါး, ၄-ပါးစီ ပြားသောကြောင့် ၂၅၆-ပါး ဖြစ်၏။

ထို ၂၅၆-ပါးတို့တွင်—

- ရေ၌ဖြစ်သော **ဇလာဗုဇနဂါး**၊
- ကြည်း၌ဖြစ်သော **ထလဇနဂါး**-

ဟူ၍ ၂-ပါး, ၂-ပါးစီ ပြားသောကြောင့် ၅၁၂-ပါး ဖြစ်၏။

ထို ၅၁၂-ပါးတို့တွင် ၁-ပါး, ၁-ပါး၌—

- ကာမဂုဏ်ဖြင့် ခံစားသော **ကာမရူပီနဂါး**၊
- ကာမဂုဏ်ဖြင့် မခံစားသော **အကာမရူပီနဂါး**-

ဟူ၍ ၂-ပါး, ၂-ပါးစီ ပြားသောကြောင့် ၁,၀၂၄-ပါး ဖြစ်၏။ (သံ၊ဋ၊၃။၅၂-၅၄)

ဤတွင်ရွေ့ နဂါးမျိုး ၁၀၂၄-ပါးကို ပြဆိုသော စကားရပ် အပြီးသတ်တည်း။ ထိုစကားရပ်ကို အကျယ်သိလိုမူ ခန္ဓဝဂ္ဂနာဂသံယုတ်အဋ္ဌကထာ။ သဠာယတနဝဂ္ဂ၊

အာသီဝိသောပမသုတ်အဋ္ဌကထာမှာ ကြည့်လေ။ သဘော်တော်ဆိပ်ကမ်း၊ စိန်ပန်းကြီးရွာ၊ ရဟန်းရှင်ကိတ္တိက "နဂါးမျိုး ၁,၀၂၄-ပါးတို့ကို နေရာကျသိလိုပါသည်"ဟု လျှောက်သောကြောင့် ကျမ်းဂန်ပါဠိ ရှိသည့်အတိုင်း ၁၂၃၈-ခု၊ တပေါင်းလဆန်း၊ ၄-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## နတ်တို့သည် လူတို့ကဲ့သို့ အာဟာရကို သုံးဆောင်သည်, မသုံးဆောင်သည်ကို လျှောက်ထားချက်

[၁၂၇ ] "ဘုရားတပည့်တော် သဘော်တော်ဆိပ်ကမ်း၊ စိန်ပန်းကြီးရွာ၊ ရဟန်းရှင်ကိတ္တိ လျှောက်ပါသည် ဆရာတော်ဘုရား။

နတ်တို့သည် လူတို့ကဲ့သို့ပင် အာဟာရကို သုံးဆောင်မှီဝဲသည်, မမှီဝဲသည်ကို နေရာကျ သိမှတ်ပါရအောင် ကျမ်းဂန်ပါဠိ ရှိသည့်အတိုင်းကို အမိန့်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။"

ဤင်းရဟန်းတော် လျှောက်ထားချက်အရ အဖြေဝိသဇ္ဇနာ—

နတ်တို့သည် လူတို့ကဲ့သို့ အာဟာရကို သုံးဆောင်မှီဝဲသည်, မမှီဝဲသည်ကို မေးလျှောက်သည်မှာ—

[၁၂၇] လောကဍ္ဍ-

- မိကျောင်းတို့၏ အာဟာရသည် အလွန်ကြမ်းတမ်း၏။
- မိကျောင်းတို့၏ အစာထက် ဥဒေါင်းတို့၏ အစာသည် နူးညံ့၏။
- ဥဒေါင်းတို့၏ အစာထက် အောင်းတို့၏ အစာသည် နူးညံ့၏။
- အောင်းတို့၏ အစာထက် ဆင်တို့၏ အစာသည် နူးညံ့၏။
- ဆင်တို့၏ အစာထက် နွားနောက်, စိုင်, သမင် စသည်တို့၏ အစာသည် နူးညံ့၏။
- နွားနောက်, စိုင်, သမင်-စသည်တို့၏ အစာထက် နွားတို့၏ အစာသည် နူးညံ့၏။
- နွားတို့၏ အစာထက် ယုန်တို့၏ အစာသည် နူးညံ့၏။

- ယုန်တို့၏ အစာထက် ငှက်တို့၏ အစာသည် နူးညံ့၏။
- ငှက်တို့၏ အစာထက် ပစ္စန္တရစ်ရွာသူတို့၏ အစာသည် နူးညံ့၏။
- ပစ္စန္တရစ်ရွာသူတို့၏ အစာထက် ရွာစားတို့၏ အစာသည် နူးညံ့၏။
- ရွာစားတို့၏ အစာထက် မင်း, မင်း၏မှူးမတ်တို့၏ အစာသည် နူးညံ့၏။
- မင်း, မှူးမတ်တို့၏ အစာထက် စကြဝတေးမင်းတို့၏ အစာသည် နူးညံ့၏။
- စကြဝတေးမင်းတို့၏ အစာထက် ဘုမ္မစိုးနတ်တို့၏ အစာသည် နူးညံ့၏။
- ဘုမ္မစိုးနတ်တို့၏ အစာထက် စာတုမဟာရာဇ်, တာဝတိံသာ-စသော နတ်တို့၏ အစာကို အစဉ်အတိုင်း သိရာ၏။

ထို့ကြောင့် သမ္မောဟဝိနောဒနီမည်သော ဝိဘင်းအဋ္ဌကထာ၊ သံယုတ်အဋ္ဌကထာတို့၌–

ကုမ္ဘိလာနံ ဟိ အာဟာရံ ဥပါဒါယ မောရာနံ အာဟာရော သုခုမော။ ကုမ္ဘိလာ ကိရ ပါသာဏေ ဂိလန္တိ၊ တေ စ နေသံ ကုစ္ဆိပတ္တာ ဝိလီယန္တိ၊ မောရာ သပ္ပဝိစ္ဆိကာ-ဒိပါဏေ ခါဒန္တိ။ မောရာနံ အာဟာရံ ဥပါဒါယ တရစ္ဆာနံ အာဟာရော သုခုမော။ တေ ကိရ တိဝဿဆဍ္ဍိတာနိ ဝိသာဏာနိ စေဝ အဋ္ဌီနိ စ ခါဒန္တိ၊ တာနိ စ နေသံ ခေဠေန တေမိတမတ္တေနေဝ ကန္ဒမူလာနိ ဝိယ မုဒုကာနိ ဟောန္တိ။ တရစ္ဆာနံ အာဟာရံ ဥပါဒါယ ဟတ္ထီနံ အာဟာရော သုခုမော။ တေ ဟိ နာနာရုက္ခသာခါ-ဒယော ခါဒန္တိ။ ဟတ္ထီနံ အာဟာရတော ဂဝယဂေါကဏ္ဏမိဂါဒီနံ အာဟာရော သုခုမော။ တေ ကိရ နိဿာရာနိ နာနာရုက္ခပဏ္ဏာဒီနိ ခါဒန္တိ။ တေသမ္ပိ အာဟာ-ရတော ဂုန္နံ အာဟာရော သုခုမော။ တေ အလ္လသုက္ခတိဏာနိ ခါဒန္တိ၊ တေသံ အာဟာရတော သသာနံ အာဟာရော သုခုမော။ တေသံ အာဟာရတော သကု-ဏာနံ အာဟာရော သုခုမော။ တေသံ အာဟာရတော ပစ္စန္တဝါသီနံ အာဟာရော သုခုမော။ တေသံ အာဟာရတော ဂါမဘောဇကာနံ အာဟာရော သုခုမော။ တေသံ အာဟာရတော ရာဇရာဇမဟာမတ္တာနံ အာဟာရော သုခုမော။ တေသမ္ပိ အာဟာရတော စက္ကဝတ္တိနော အာဟာရော သုခုမော။ တေသမ္ပိ (စက္ကဝတ္တိနော) အာဟာရတော ဘုမ္မာနံ ဒေဝါနံ အာဟာရော သုခုမော။ တေသမ္ပိ အာဟာရတော စာတုမဟာရာဇိကာနံ။ ဧဝံ ယာဝ ပရနိမ္မိတဝသဝတ္တီနံ အာဟာရာ ဝိတ္ထာရေတဗ္ဗာ။

ဟူသောပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (သံ၊ဋ္ဌ၊၂။၂၂-၃။ မ၊ဋ္ဌ၊၁။၂၁၂)

ဟိ ဝိတ္ထာရေမိ၊ ချဲ့အံ့။ ကုမ္ဘိလာနံ၊ မိကျောင်းတို့၏။ အာဟာရံ၊ အာဟာရကို။ ဥပါဒါယ၊ စွဲ၍။ မောရာနံ၊ ဥဒေါင်းတို့၏။ အာဟာရော၊ အာဟာရသည်။ သုခုမော၊ နူးညံ့၏။

ကုမ္ဘီလာ၊ မိကျောင်းတို့သည်။ ပါသာဏေ၊ ကျောက်ဖျာတို့ကို။ ဂိလန္တိ ကိရ၊ မျိုကုန်သတဲ့။ တေ စ၊ ထိုကျောက်ဖျာတို့သည်ကား။ နေသံ၊ ထိုမိကျောင်းတို့၏။ ကုစ္ဆိပတ္တာ၊ ဝမ်းတွင်းသို့ ရောက်ကုန်သည်ရှိသော်။ ဝိလီယန္တိ၊ ကြေကုန်၏။ မောရာ၊ ဥဒေါင်းတို့သည်။ သပ္ပဝိစ္ဆိကာဒိကေ၊ မြွေ, ကင်းပုဇွန်-အစရှိကုန်သော။ ပါဏေ၊ သတ္တဝါတို့ကို။ ခါဒန္တိ၊ စားကုန်၏။ မောရာနံ၊ ဥဒေါင်းတို့၏။ အာဟာရံ၊ အာဟာရကို။ ဥပါဒါယ၊ စွဲ၍။ တရစ္ဆာနံ၊ အောင်းတို့၏။ အာဟာရော၊ အာဟာရသည်။ သုခုမော၊ နူးညံ့၏။ တေ၊ ထိုအောင်းတို့သည်။ တိဝဿဆဍ္ဍိတာနိ၊ ၃-နှစ်တိုင်စွန့်၍ ထားအပ်ကုန်သော။ ဝိသာဏာနိစေဝ၊ ဦးချိုတို့ကိုလည်းကောင်း။ အဋ္ဌီနိ စ၊ အရိုးတို့ကိုလည်းကောင်း။ ခါဒန္တိ၊ စားကုန်၏။ တာနိ စ၊ ထိုဦးချို, အရိုးတို့သည်လည်း။ နေသံ၊ ထိုအောင်းတို့၏။ ခေဠေန၊ တံတွေးဖြင့်။ တေမိတမတ္တာနေဝ၊ စွတ်ခါမျှဖြင့်ပင်လျှင်။ ကန္ဒမူလာနိ ဝိယ၊ အဥ, အမြစ်တို့ကဲ့သို့။ မုဒုကာနိ၊ နူးညံ့ကုန်သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

တရစ္ဆာနံ၊ အောင်းတို့၏။ အာဟာရံ၊ အာဟာရကို။ ဥပါဒါယ၊ စွဲ၍။ ဟတ္ထီနံ၊ ဆင်တို့၏။ အာဟာရော၊ အာဟာရသည်။ သုခုမော၊ နူးညံ့၏။ တေ၊ ထိုဆင်တို့သည်။ နာနာရုက္ခသာခါယော၊ အထူးထူးအပြားပြားသော သစ်ပင်, သစ်ခက်တို့ကို။ ခါဒန္တိ၊ စားကုန်၏။ ဟတ္ထီနံ၊ တို့၏။ အာဟာရတော၊ အာဟာရထက်။ ဂဝယဂေါကဏ္ဏမိဂါဒီနံ၊ နွားနောက်, စိုင်, သမင်-စသည်တို့၏။ အာဟာရော၊ အာဟာရသည်။ သုခုမော၊ နူးညံ့၏။

တေ၊ ထိုနွားနောက်, စိုင်, သမင်-စသည်တို့သည်။ နိဿာရာနိ၊ အနှစ်မရှိကုန်သော။ နာနာရုက္ခပဏ္ဏာနိ၊ အထူးထူးသော သစ်ပင်, သစ်ရွက်တို့ကို။ ခါဒန္တိ၊ စားကုန်၏။ တေသံပိ၊ ထိုနွားနောက်, စိုင်, သမင်-စသည်တို့၏လည်း။ အာဟာရတော၊ အာဟာရထက်။ ဂုန္နံ၊ နွားတို့၏။ အာဟာရော၊ အာဟာရသည်။ သုခုမော၊ နူးညံ့၏။ တေ၊ ထိုနွားတို့သည်။ အလ္လသုက္ခတိဏာနိ၊ စိုသော, ခြောက်သော မြက်တို့ကို။ ခါဒန္တိ၊ စားကုန်၏။ တေသံ၊ ထိုနွားတို့၏။ အာဟာရတော၊ အာဟာရထက်။ သသာနံ၊ ယုန်တို့၏။ အာဟာရော၊ အာဟာရသည်။ သုခုမော၊ နူးညံ့၏။ တေသံ၊ ထိုယုန်တို့၏။ အာဟာရတော၊ အာဟာရထက်။ သကုဏာနံ၊ ငှက်တို့၏။ အာဟာရော၊ အာဟာရသည်။ သုခုမော၊ နူးညံ့၏။

တေသံ၊ ထိုငှက်တို့၏။ အာဟာရတော၊ အာဟာရထက်။ ပစ္စန္တဂါမဝါသီနံ၊ ပစ္စန္တရစ်ရွာ၌ နေကုန်သောသူတို့၏။ အာဟာရော၊ အာဟာရသည်။ သုခုမော၊ နူးညံ့၏။ တေသံ၊ ထိုပစ္စန္တရစ်ရွာသူတို့၏။ အာဟာရတော၊ အာဟာရထက်။ ဂါမဘောဇကာနံ၊ ရွာစားတို့၏။ အာဟာရော၊ အာဟာရသည်။ သုခုမော၊ နူးညံ့၏။ တေသံ၊ ထိုရွာစားတို့၏။ အာဟာရတော၊ အာဟာရထက်။ ရာဇရာဇမဟာမတ္တာနံ၊ မင်း, မင်း၏မှူးမတ်တို့၏။ အာဟာရော၊ အာဟာရ သည်။ သုခုမော၊ နူးညံ့၏။

တေသံ ပိ၊ ထိုမင်း, မင်း၏မျှူးမတ်တို့၏လည်း။ အာဟာရတော၊ အာဟာရထက်။ စက္ကဝတ္တိနံ့၊ စကြဝတေးမင်းတို့၏။ အာဟာရော၊ အာဟာရသည်။ သုခုမော၊ နူးညံ့၏။ တေသမ္ပိ၊ ထိုစကြဝတေးမင်းတို့၏လည်း။ အာဟာရတော၊ အာဟာရထက်။ ဘုမ္မဒေဝါနံ၊ ဘုမ္မစိုးနတ်တို့၏။ အာဟာရော၊ အာဟာရသည်။ သုခုမော၊ နူးညံ့၏။ တေသံ၊ ထိုဘုမ္မစိုးနတ်တို့၏။ အာဟာရတောပိ၊ အာဟာရထက်လည်း။ စာတုမဟာရာဇိကာနံ၊ စတုမဟာရာဇ်ဘုံ၌ ဖြစ်ကုန်သော နတ်တို့၏။ အာဟာရော၊ အာဟာရသည်။ သုခုမော၊ နူးညံ့၏။ ဧဝံ၊ ဤပြဆို ခဲ့ပြီးသောနည်းဖြင့်။ ယာဝ ဝသဝတ္တိနံ၊ ဝသဝတ္တိနတ်တို့၏ အာဟာရတိုင်အောင်။ ဝိတ္ထာရေ-တဗ္ဗော၊ ချဲ့အပ်၏။

ဤသို့ ကျမ်းဂန်လာသောကြောင့် နတ်တို့သည် လူတို့ကဲ့သို့ပင် အာဟာရ သုံးဆောင်မှီဝဲကြောင်းကို ကောင်းကောင်း သန္နိဋ္ဌာန်ချ မှတ်ရမည်။ ထိုစကားရပ်တို့ကို အကျယ်သိလိုလျှင် ဝိဘင်းအဋ္ဌကထာ။ သံယုတ်အဋ္ဌကထာတို့မှာ ကြည့်လေ။

သဘော်တော်ဆိပ်ကမ်း၊ စိန်ပန်းကြီးရွာ၊ ရဟန်းရှင်ကိတ္တိက "နတ်တို့သည် လူတို့ ကဲ့သို့ပင် အာဟာရ မှီဝဲသုံးဆောင်သည်, မသုံးဆောင်သည်ကို နေရာကျ သိလိုပါသည်"ဟု လျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ညွှန်ပြထုတ်ဆောင်၍ ၁၂၃၈-ခု၊ တပေါင်းလဆန်း၊ ၈-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိမ်မြို့၊ ပလိုင်းရွာ၊ **လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။**

★★★★★★★

## တောင်တွင်းကြီးမြို့ ရဟန်းရှင်ဝိလာသ-က
## မြေကြီး ၁-ယူဇနာ တက်သည်ဆိုသော စကားကို လျှောက်ထားချက်

[ ၁၂၈ ] "ဘုရားတပည့်တော် တောင်တွင်းကြီးမြို့၊ ရဟန်း ရှင်ဝိလာသ လျှောက်ပါသည် ဆရာတော်ဘုရား။

ဘုရား ၁-ဆူနှင့် ၁-ဆူအကြား မြေ ၁-ယူဇနာ, ၁-ယူဇနာ တက်သည်-ဟု ဆရာစဉ်ဆက် ဆင်းသက်ပြောဆိုကြသောစကား အလွန်ထင်ရှားပါသည် ဖြစ်၍ မဟာပထဝီမြေ တိုးဖာက်သည်ဆိုသော စကားကို နေရာကျကျ သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။"

ရင်းလျှောက်ထားချက်အရ အဖြေဝိသဇ္ဇနာ—

[၁၂၈] မြေတက်သည်ဆိုသော စကားမှာ—

ဤဝေပုလ္လတောင်သည် ကကုသန်မြတ်စွာဘုရားလက်ထက် ပါစီနဝံသတောင် တွင်၏။ လူတို့ကား တိဝရ-ဟု တွင်၏။ တိဝရလူမျိုးတို့သည် အနှစ် ၄-သောင်း အသက်ရှည် ၏။ ထိုတိဝရလူမျိုးတို့သည် ပါစီနဝံသတောင်ကို ၄-ရက် တက်၍ ၄-ရက် ဆင်းရ၏။

ထို့ကြောင့် အနမတဂ္ဂသံယုတ်၊ ဝေပုလ္လပဗ္ဗတသုတ်ပါဠိတော်၌–

> ဘူတပုဗ္ဗံ ဘိက္ခဝေ ဣမဿ ဝေပုလ္လဿ ပဗ္ဗတဿ ပါစီနဝံသော တွေဝ သမညာ ဥဒပါဒိ။ တေန ခေါ ပန ဘိက္ခဝေ သမယေန မနုဿာနံ တိဝရာတွေဝ သမညာ ဥဒပါဒိ။ တိဝရာနံ ဘိက္ခဝေ မနုဿာနံ စတ္တာလီသ ဝဿသဟဿာနိ အာယုပ္ပမာဏံ အဟောသိ။ တိဝရာ ဘိက္ခဝေ မနုဿာ ပါစီနဝံသံ ပဗ္ဗတံ စတူဟေန အာရောဟန္တိ၊ စတူဟေန ဩရောဟန္တိ။ တေန ခေါ ပန ဘိက္ခဝေ သမယေန ကကုသန္ဓော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ လောကေ ဥပ္ပန္နော ဟောတိ။

ဟူ၍ ဟောတော်မူသည်။ (သံ၁။၃၉၆)

ဘိက္ခဝေ၊ ရဟန်းတို့။ ဘူတပုဗ္ဗံ၊ ရှေး၌ ဖြစ်ဖူးသည်ကား။ ဣမဿ ဝေပုလ္လဿ ပဗ္ဗတဿ၊ ဤဝေပုလ္လတောင်၏။ ပါစီနဝံသော တွေဝ၊ ပါစီနဝံသ-ဟူ၍သာလျှင်။ သမညာ၊ အမည်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ တေန ခေါ ပန သမယေန၊ ထိုအခါ၌။ မနုဿာနံ၊ လူတို့အား။ တိဝရာ တွေဝ၊ တိဝရ-ဟူ၍သာလျှင်။ သမညာ၊ အမည် သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ တိဝရာနံ မနုဿာနံ၊ တိဝရလူမျိုးတို့ အား။ စတ္တာလီသ ဝဿသဟဿာနိ၊ အနှစ် ၄-သောင်းတို့သည်။ အာယုပ္ပမာဏံ၊ အသက် အတိုင်းအရှည်သည်။ အဟောသိ၊ ဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ တိဝရာ၊ တိဝရ-အမည်ရှိ ကုန်သော။ မနုဿာ၊ လူတို့သည်။ ပါစီနဝံသံ ပဗ္ဗတံ၊ ပါစီနဝံသတောင်ကို။ စတူဟေန၊ ၄-ရက်ဖြင့်။ အာရောဟန္တိ၊ တက်ကုန်၏။ စတူဟေန၊ ၄-ရက်ဖြင့်။ ဩရောဟန္တိ၊ သက်ကုန် ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ တေန ခေါ ပန သမယေန၊ ထိုအခါ၌။ ကကုသန္ဓော၊ ကကုသန် အမည်ရှိတော်မူသော။ ဘဂဝါ၊ ဘုန်းတော် ၆-ပါးနှင့် ပြည့်စုံတော်မူသော။ သမ္မာသမ္ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ လောကေ၊ လောက၌။ ဥပ္ပန္နော၊ ဖြစ်တော်မူသည်။ ဟောတိ၊ ဖြစ်၏။

ဤဝေပုလ္လတောင်သည် ကောဏာဂုံမြတ်စွာဘုရားလက်ထက် ဝင်္ကတောင်-ဟူ၍ တွင်၏။ လူတို့ကား ရောဟိတ တွင်၏။ ရောဟိတလူမျိုးတို့သည် အနှစ် ၃-သောင်း အသက် ရှည်၏။ ထိုရောဟိတလူမျိုးတို့သည် ဝင်္ကတောင်ကို ၃-ရက် တက်၍ ၃-ရက် ဆင်းရ၏။

ထို့ကြောင့် အနမတဂ္ဂသံယုတ်၊ ဝေပုလ္လပဗ္ဗတသုတ်ပါဠိတော်(နှာ-၃၉၇)၌—

ဘူတပုဗ္ဗံ ဘိက္ခဝေ ဣမဿ ဝေပုလ္လဿ ပဗ္ဗတဿ ဝင်္ကောတွေဝ သမညာ ဥဒပါဒိ။ တေန ခေါ ပန ဘိက္ခဝေ သမယေန မနုဿာနံ ရောဟိတဿာတွေဝ သမညာ ဥဒပါဒိ။ ရောဟိတဿာနံ ဘိက္ခဝေ မနုဿာနံ တိံသဝဿသဟဿာနိ အာယုပ္ပမာဏံ အဟောသိ။ ရောဟိတဿာ ဘိက္ခဝေ မနုဿာ ဝင်္ကပဗ္ဗတံ တီဟေန အာရောဟန္တိ၊ တီဟေန ဩရောဟန္တိ။ တေန ခေါ ပန ဘိက္ခဝေ သမယေန ကောဏာဂမနော ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ လောကေ ဥပ္ပန္နော ဟောတိ။

ဟူ၍ ဟောတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဘူတပုဗ္ဗံ၊ ရှေး၌ ဖြစ်ဖူးသည်ကား။ ဣမဿ ဝေပုလ္လဿ ပဗ္ဗတဿ၊ ဤဝေပုလ္လတောင်၏။ ဝင်္ကောတွေဝ၊ ဝင်္ကတောင်-ဟူ၍သာလျှင်။ သမညာ၊ အမည်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဘိက္ခဝေ၊ ရဟန်းတို့။ တေန ခေါ ပန သမယေန၊ ထိုအခါ၌။ မနုဿာနံ၊ လူတို့အား။ ရောဟိတဿာတွေဝ၊ ရောဟိတ-ဟူ၍သာလျှင်။ သမညာ၊ အမည်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဘိက္ခဝေ၊ တို့။ ရောဟိတဿာနံ မနုဿာနံ၊ ရောဟိတ လူမျိုးတို့အား။ တိံသဝဿသဟဿာနိ၊ အနှစ် ၃-သောင်းတို့သည်။ အာယုပ္ပမာဏံ၊ အသက် အတိုင်းအရှည်သည်။ အဟောသိ၊ ဖြစ်၏။ ဘိက္ခဝေ၊ တို့။ ရောဟိတမနုဿာ၊ ရောဟိတ လူမျိုးတို့သည်။ ဝင်္ကပဗ္ဗတံ၊ ဝင်္ကတောင်ကို။ တီဟေန၊ ၃-ရက်ဖြင့်။ အာရောဟန္တိ၊ တက်ကုန်၏။ တီဟေန၊ ၃-ရက်ဖြင့်။ ဩရောဟန္တိ၊ သက်ကုန်၏။ ဘိက္ခဝေ၊ တို့။ တေန ခေါ ပန သမယေန၊ ထိုအခါ၌။ ကောဏာဂမနော၊ ကောဏာဂုံ အမည်ရှိတော်မူသော။ ဘဂဝါ၊ ဘုန်းတော် ၆-ပါးနှင့် ပြည့်စုံတော်မူသော။ သမ္မာသမ္ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ လောကေ၊ လောက၌။ ဥပ္ပန္နော၊ ဖြစ်တော်မူသည်။ ဟောတိ၊ ဖြစ်၏။

ဤဝေပုလ္လတောင်သည် ကဿပမြတ်စွာဘုရားလက်ထက် သုပဿတောင် တွင်၏။ လူတို့ကား အပိယ တွင်၏။ အပိယလူမျိုးတို့သည် အနှစ် ၂-သောင်း အသက်ရှည် ၏။ ထိုအပိယလူမျိုးတို့သည် သုပဿတောင်ကို ၂-ရက် တက်၍ ၂-ရက် ဆင်းရ၏။ ထို့ကြောင့် အနမတဂ္ဂသံယုတ်၊ ဝေပုလ္လပဗ္ဗတသုတ်ပါဠိတော်(နှာ-၃၉၇)၌-

ဘူတပုဗ္ဗံ ဘိက္ခဝေ ဣမဿ ဝေပုလ္လဿ ပဗ္ဗတဿ သုပဿောတွေဝ သမညာ ဥဒပါဒိ။ တေန ခေါ ပန ဘိက္ခဝေ သမယေန မနုဿာနံ အပိယာတွေဝ သမညာ ဥဒပါဒိ။ အပိယာနံ ဘိက္ခဝေ မနုဿာနံ ဝီသတိဝဿသဟဿာနိ အာယုပ္ပမာဏံ အဟောသိ။ အပိယာ ဘိက္ခဝေ မနုဿာ သုပဿံ ပဗ္ဗတံ ဒွီဟေန အာရောဟန္တိ၊ ဒွီဟေန ဩရောဟန္တိ။ တေန ခေါ ပန ဘိက္ခဝေ သမယေန ကဿပေါ ဘဂဝါ အရဟံ သမ္မာသမ္ဗုဒ္ဓေါ လောကေ ဥပ္ပန္နော ဟောတိ။

ဟူ၍ ဟောတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဘူတပုဗ္ဗံ၊ ရှေး၌ ဖြစ်ဖူးသည်ကား။ ဣမဿ ဝေပုလ္လဿ ပဗ္ဗတဿ၊ ဤဝေပုလ္လတောင်၏။ သုပဿောတွေဝ၊ သုပဿတောင်-ဟူ၍သာလျှင်။ သမညာ၊ အမည်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဘိက္ခဝေ၊ တို့။ တေန ခေါ ပန သမယေန၊ ထိုအခါ၌။ မနုဿာနံ၊ လူတို့အား။ အပိယောတွေဝ၊ အပိယ-ဟူ၍သာလျှင်။ သမညာ၊ အမည်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဘိက္ခဝေ၊ တို့။ အပိယာနံ မနုဿာနံ၊ အပိယလူမျိုးတို့အား။ ဝီသတိဝဿသဟဿာနိ၊ အနှစ် ၂-သောင်းတို့သည်။ အာယုပ္ပမာဏံ၊ အသက်အတိုင်းအရှည်သည်။ အဟောသိ၊ ဖြစ်၏။ ဘိက္ခဝေ၊ တို့။ အပိယမနုဿာ၊ အပိယလူမျိုးတို့သည်။ သုပဿံ ပဗ္ဗတံ၊ သုပဿတောင်ကို။ ဒွီဟေန၊ ၂-ရက်ဖြင့်။ အာရောဟန္တိ၊ တက်ကုန်၏။ ဒွီဟေန၊ ၂-ရက်ဖြင့်။ ဩရောဟန္တိ၊ သက်ကုန်၏။ ဘိက္ခဝေ၊ တို့။ တေန ခေါ ပန သမယေန၊ ထိုအခါ၌။ ကဿပေါ၊ ကဿပ အမည်ရှိသော။ ဘဂဝါ၊ ဘုန်းတော် ၆-ပါးနှင့် ပြည့်စုံတော်မူသော။ သမ္မာသမ္ဗုဒ္ဓေါ၊ မြတ်စွာဘုရားသည်။ လောကေ၊ လောက၌။ ဥပ္ပန္နော၊ ဖြစ်သည်။ ဟောတိ၊ ဖြစ်၏။

ငါတို့ မြတ်စွာဘုရားလက်ထက် ဤဝေပုလ္လတောင်သည် ဝေပုလ္လပင် တွင်၏။ လူတို့ကား မာဂဓ တွင်၏။ မာဂဓလူမျိုးတို့၏ အသက်ကား အနည်းငယ်မျှသာ ဖြစ်၏။ ထိုမာဂဓလူမျိုးတို့သည် ဝေပုလ္လတောင်ကို တမုဟုတ်မျှသာ တက်၍ တမုဟုတ်မျှသာ ဆင်းရ၏။ ထို့ကြောင့် အနမတဂ္ဂသံယုတ်၊ ဝေပုလ္လပဗ္ဗတသုတ်ပါဠိတော်(သံ၊၁၊၃၉၈)၌-

> ဧတရဟိ ခေါ ပန ဘိက္ခဝေ ဣမဿ ဝေပုလ္လဿ ပဗ္ဗတဿ ဝေပုလ္လောတွေဝ သမညာ ဥဒပါဒိ။ ဧတရဟိ ခေါ ပန ဘိက္ခဝေ ဣမေသံ မနုဿာနံ မာဂဓကာတွေဝ သမညာ ဥဒပါဒိ။ မာဂဓကာနံ ဘိက္ခဝေ မနုဿာနံ အပ္ပံ အာယုပ္ပမာဏံ ပရိတ္တံ လဟုကံ။ ယော စိရံ ဇီဝတိ၊ သော ဝဿသတံ အပ္ပံ ဝါ ဘိယျော။ မာဂဓကာ ဘိက္ခဝေ မနုဿာ ဝေပုလ္လံ ပဗ္ဗတံ မုဟုတ္တေန အာရောဟန္တိ၊ မုဟုတ္တေန ဩရောဟန္တိ။

ဟူ၍ ဟောတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဧတရဟိ ခေါ ပန၊ ယခုအခါ၌ကား။ ဣမဿ ဝေပုလ္လဿ ပဗ္ဗတဿ၊ ဤဝေပုလ္လတောင်၏။ ဝေပုလ္လောတွေဝ၊ ဝေပုလ္လ-ဟူ၍သာလျှင်။ သမညာ၊ အမည်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဘိက္ခဝေ၊ တို့။ ဧတရဟိ ခေါ ပန၊ ယခုအခါ၌ကား။ ဣမေသံ မနုဿာနံ၊ ဤလူမျိုးတို့အား။ မာဂဓကာတွေဝ၊ မာဂဓ-ဟူ၍သာလျှင်။ သမညာ၊ အမည်သည်။ ဥဒပါဒိ၊ ထင်ရှားဖြစ်၏။ ဘိက္ခဝေ၊ တို့။ မာဂဓကာနံ၊ မာဂဓ-အမည်ရှိကုန်သော။ မနုဿာနံ၊ လူမျိုးတို့အား။ အာယုပ္ပမာဏံ၊ အသက်အတိုင်းအရှည်သည်။ အပ္ပံ၊ နည်း၏။ ပရိတ္တံ၊ ကုန်လွယ်၏။ လဟုကံ၊ လျှင်မြန်၏။ ယော၊ အကြင်သူသည်။ စိရံ ဇီဝတိ၊

ကြာမြင့်စွာ အသက်ရှည်၏။ သော၊ ထိုသူသည်။ ဝဿသတံ၊ **အနှစ် ၁၀၀-အောက်။** အပ္ပံ ဝါ၊ ယုတ်သည်လည်း ရှိ၏။ ဝဿသတံ၊ အနှစ် ၁၀၀-ထက်။ ဘိယျော ဝါ၊ လွန်သည်လည်း ရှိ၏။ ဘိက္ခဝေ၊ တို့။ မာဂဓိကာ မနုဿာ၊ မာဂဓလူမျိုးတို့သည်။ ဝေပုလ္လံ ပဗ္ဗတံ၊ ဝေပုလ္လ-တောင်ကို။ မုဟုတ္တေန၊ **တမုဟုတ်မျှဖြင့်။** အာရောဟန္တိ၊ တက်ကုန်၏။ မုဟုတ္တေန၊ တမုဟုတ်မျှဖြင့်။ ဩရောဟန္တိ၊ သက်ကုန်၏။

**တမုဟုတ်-ဟူသည် 'မုဟုတ္တော ဒွါဒ သွဉ်း'-ဟူသော** သက္ကဋအဘိဓာန်ဋီကာနှင့် အညီ ၁၂-ခဏသည် တမုဟုတ် မည်၏။ တေဟု ဒွါဒ၊ ထို ၁၂-ခဏတို့သည်သာလျှင်။ မုဟုတ္တော၊ မုဟုတ် ၁-ခု မည်၏-ဟူ၍။ သွဉ်း၊ သိအပ်၏။

**ဟုစ္ဆတိ ကုဋိလယတိ ရတ္တိဒိဝသေ သုဘာသုဘဒဿနတောတိ မုဟုတ္တံ။**

ဟု ဝစနတ် ပြု။ (ဓာန်၊ဋီ။၆၇)

ဟုစ္ဆ-ဓာတ်၊ *(တ)* ကထ-ပစ္စည်း၊ ဟုစ္ဆ ကောင်ုလျှေ-ဟု ဓာတ်ကြား။ ဈောလောပြေး-ဟူသောသုတ်ဖြင့် အက္ခရာကို ချေ။ 'ဗျနစဆယစသော နိပါတနး'-သုတ်ဖြင့် အစ၌ မု-အက္ခရာ လာ၍ မုဟုတ္တ-ဟု ပြီးသည်။ ကလာ ၃၀-ကို ၁-ခဏ ဆိုသည်။ ကာသတ ၃၀-ကို ၁-ကလာဆိုသည်။ နိမ္မိသတ ၁၈-ခုကို ၁-ကာသတ ဆိုသည်။

**ပုသော ယာဝကာလံ ကဋ္ဌတ္တိမနေတြံ ဝိကာနန္တရံ ပကမာကုဥ္စန် ဇာယတေ၊ သ နိမေ။**

ဟူသော သက္ကဋအဘိဓာန်ဋီကာနှင့်အညီ မျက်စိတစ်မှိတ်ကာလကို နိမိသ ဆိုသည်။ **တမုဟုတ်ကို နိမိသပေါင်း ၁,၆၂၀-ရှိ၏။**

ပုသော၊ ယောကျ်ားသည်။ ယာဝကာလံ၊ အကြင်မျှလောက်သော ကာလပတ်လုံး။ ကဋ္ဌတ္တိမနေတြံ ဝိကာနန္တရံ၊ ပြကတေ့မျက်စိဖွင့်သည်မှ အခြားမဲ့၌။ ပကမာကုဥ္စန်၊ မျက်စိမှိတ်ခြင်းသည်။ ဇာယတေ၊ ဖြစ်၏။ သ ကာလော၊ ထိုမျှလောက်သော ကာလသည်။ နိမေ၊ နိမိသကာလ မည်၏။

ပြကတေ့ကို ယခုကာလ အက္ခရာပြန်၍ ကြကတေ့-ဟု ခေါ်ဝေါ်ကြ၏။

ဤသို့ ပြဆိုခဲ့သော အနမတဂ္ဂသံယုတ်ပါဠိတော်၌ 'စတုပေန အာရောဟန္တိ' စသည်ဖြင့် ကကုသန်ဘုရားနှင့် ကောဏာဂုံဘုရား ၂-ဆူအကြား မြေ ၁-ယူဇနာ တက်၍ ကကုသန်ဘုရားလက်ထက် ပါစီနဝံသမည်သော ဝေပုလ္လတောင်သည် ၄-ယူဇနာမြင့် ကြောင်း၊ ကောဏာဂုံဘုရားလက်ထက် ဝင်္ကမည်သော ဝေပုလ္လတောင်သည် ၃-ယူဇနာ

မြင့်ကြောင်းကို သိရာ၏။ 'ဒွိပေဟန အာရောဟန္တိ'-စသည်ဖြင့် ကောဏာဂုံဘုရားနှင့် ကဿပ ဘုရား ၂-ဆူတို့၏အကြား မြေ ၁-ယူဇနာ တက်၍ ကဿပဘုရားလက်ထက် သုပဿမည်သော ဝေပုလ္လတောင်သည် ၂-ယူဇနာသာ မြင့်ကြောင်းကို သိရာ၏။

'မုဟုတ္တေန အာရောဟန္တိ'-စသည်ဖြင့် ကဿပမြတ်စွာဘုရားနှင့် ငါတို့မြတ်စွာ ဘုရား ၂-ဆူအကြား မြေ ၁-ယူဇနာနှင့် ၃-ဂါဝုတ် တက်၍ ဤဝေပုလ္လတောင်သည် ၁-ဂါဝုတ်ခန့်မျှသာ ရှိကြောင်းကို သိရာ၏။ ဘုရားဖြစ်တော်မူအံ့သောနေ့၌ နေရဋ္ဌရာမြစ်တွင် ရွှေခွက်မျှောသောကာလ ရွှေခွက်ချင်း ထိခိုက်ကြသောအသံကို ကာလနဂါး ကြားလေလျှင် "ယမန်နေ့တွင်ပင် ဘုရား ၁-ဆူဖြစ်ပြီးကို ယနေ့လည်း ဘုရား ၁-ဆူဖြစ်လာပြန်သည်"ဟု ဆိုခြင်းသည် ၁-ယူဇနာနှင့် ၃-ဂါဝုတ်ရှိသော ကောင်းကင်ကို ပြည့်စေ၍ မြေတက်သော ကာလကို ရည်၍ ဆိုအပ်၏-ဟု ဇာတ်အဋ္ဌကထာ စသည်တို့၌ လာသည်။

ဤသို့ ပြဆိုခဲ့ပြီးသောနည်းဖြင့် ကမ္ဘာဦးမှ စ၍ မြေသည် တိုးတက်ခဲ့သည်ရှိသော် ယူဇနာ ၄-သောင်း ၂-ထောင် မြင့်သောအရပ်၌ သွားသောနေနှင့် တရွေ့,တရွေ့နီးသဖြင့် တိုး၍ ပူရာသည်မဟုတ်လော-ဟူပြားအံ့။ ကမ္ဘာကုဋေ ၁-သိန်းလုံးကို လောင်သော ကမ္ဘာမီးလျှံသည် ယူဇနာ ၅-သိန်း, ၇-သောင်း, ၆-ထောင်မြင့်သော ပဥ္စမဈာန် ဗြဟ္မာ့ဘုံတိုင်အောင် တက်၍လောင်သော်လည်း ထက်ဝန်းကျင်မှ ကမ္ဘာမီးမလောင်သောအရပ်၌ နေကုန်သော သတ္တဝါတို့အား မိမိတို့ကံ၏ အာနုဘော်ကြောင့် ပူလောင်ခြင်း မရှိသကဲ့သို့ ထို့အတူ သတ္တဝါ တို့၏ ကံ၏အာနုဘော်ကြောင့် တိုး၍ ပူလောင်ခြင်း မရှိ-ဟု မှတ်ရာ၏။

ဤတွင်ရွေ့ မြေပွါးသည်, မြေတက်သည်ကို ပြဆိုသော စကားရပ် အပြီးသတ်တည်း။ ထိုစကားရပ်တို့ကို အကျယ်သိလိုလျှင် နိဒါနဝဂ္ဂအနမတဂ္ဂသံယုတ် ပါဠိ, အဋ္ဌကထာ။ ဇာတ်အဋ္ဌကထာ။ ဝိသုဒ္ဓိမဂ်ဋီကာ။ သဂ္ဂဋ္ဌအဘိဓာန် ဋီကာကျမ်းတို့မှာ ကြည့်လေ။

တောင်တွင်းကြီးမြို့ ရဟန်း ရှင်ဝိလာသက "ဘုရား ၁-ဆူနှင့် ၁-ဆူအကြား မြေ ၁-ယူဇနာတက်သည်-ဟု ဆရာစဉ်ဆက် ပြောဆိုကြသောစကား အလွန်ထင်ရှားပါ သည်ဖြစ်၍ မဟာပထဝီမြေ တက်သည်-ဆိုသော စကားကို နေရာကျ သိမှတ်လိုကြောင်း" နှင့် လျှောက်သောကြောင့် ကျမ်းဂန်ပါဠိ ရှိသည့်အလာ ဒေသနာနယကို ထုတ်ဆောင်၍ ၁၂၃၈-ခု၊ တပေါင်းလဆန်း၊ ၁၂-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## ပုစ္ဆာ ဝိသဇ္ဇနာ သမ္ဗူဟ

**ပဌမပုစ္ဆာ၌** - မင်္ဂလာဒီဝိသောဓနီ အဆုံးအဖြတ်များ။

**ဒုတိယပုစ္ဆာ၌** - ကိုယ်စောင့်နတ် ၁-ကျိပ်, ၂-ယောက်တို့၏ အမည်, လူတို့ကိုယ်တွင် ကိုယ်စောင့်နတ် ရှိ,မရှိ။

**တတိယပုစ္ဆာ၌** - ပကိဏ္ဏကဝိသဇ္ဇနာ ပဌမထုပ်၊ ပဉ္စမပရိစ္ဆေဒ၊ ဒွါဒသမအဋ္ဌကထာပုစ္ဆာတွင် ပါသော သုတ ၂-ပါးတို့၏ အထူး။

**စတုတ္ထပုစ္ဆာ၌** - မရဏာသန္နဇော ၇-ကြိမ် ဖြစ်သင့်, မဖြစ်သင့်။

**ပဉ္စမပုစ္ဆာ၌** - ကာယပသာဒရုပ် အများပင် ဖြစ်သင့်သည်, အနည်းငယ်ပင် ဖြစ်သင့်သည်။

**ဆဋ္ဌပုစ္ဆာ၌** - ဓမ္မရသ, ဝိမုတ္တိရသ ၂-ပါးတို့၏ အထူး။

**သတ္တမပုစ္ဆာ၌** - အာရတိ, ဝိရတိတို့၏ အထူး။

**အဋ္ဌမပုစ္ဆာ၌** - ပါရမီ ၁၀-ပါး, ဗြဟ္မဝိဟာရတရား ၄-ပါးတို့၏ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်။

**နဝမပုစ္ဆာ၌** - သန္တုဋ္ဌိ, သလ္လေခ ၂-ပါးတို့၏ အထူး။

**ဒသမပုစ္ဆာ၌** - ဓမ္မတာ ၃၀-တို့၏ သရုပ်သချ်ာ၊ မြတ်စွာဘုရားတို့သည် အလောင်းတော်ကာလမှ စ၍ ဘုရားဖြစ်တော်မူ၍ ပရိနိဗ္ဗာန်စံယူတော်မူသည့် ကာလတိုင်အောင် ပြည့်စုံတော်မူသော ဓမ္မတာ-၃၀။

**ဧကာဒသမပုစ္ဆာ၌** - နဂါးမျိုး ၁,၀၂၄-ပါး။

**ဒွါဒသမပုစ္ဆာ၌** - နတ်တို့သည် လူတို့ကဲ့သို့ အစာ စား, မစား။

**တေရသမပုစ္ဆာ၌** - မြေတက်သည်, မြေပွါးသည် ဆိုသောစကား။

ဤသို့ အရပ်ရပ် လူ,ရှင်,ရဟန်းတို့ မေးလျှောက်ကြသည့်အတိုင်း ယုံမှားကင်းစိမ့်သောငှာ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအပ်သော ပြိုးပြွမ်းသော ဝိသဇ္ဇနာရှိသည်၏အဖြစ်ကြောင့် ပကိဏ္ဏကဝိသဇ္ဇနာ မည်သော ကျမ်း၌ ၁၃-ပါးသော ဝိသဇ္ဇနာနှင့် ပြည့်စုံသော စတုတ္ထပရိစ္ဆေဒကား ၁၂၃၈-ခု၊ တပေါင်းလဆန်း၊ ၁၄-ရက်နေ့ အပြီးသို့ ရောက်သည်။

★ ★ ★ ★ ★ ★ ★

## လုံးတော်ဆရာတော်

# ပကိဏ္ဏကဝိသဇ္ဇနာကျမ်း

## ဒုတိယတွဲ၊ ၂။ (ပဉ္စမပိုင်း၊ ၅။)

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

### မြေတူးမြို့နေ ဒကာမောင်မွန်း-က
### ဝမ္မိကသုတ်, မေတ္တာနိသံသသုတ်ကို ပါဠိ,အနက်အဓိပ္ပါယ်နှင့်တကွ
### သိမှတ်ရန် လျှောက်ထားချက်

[ ၁၂၉ ] "ဘုရားတပည့်တော် မြေတူးမြို့နေ ဒကာမွန်း ခြေတော်ဦးခိုက် လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား။

တောင်ပို့ကို ဥပမာပြု၍ ဟောတော်မူသော ဝမ္မိကသုတ်, မေတ္တာနိသံသသုတ်ကို ပါဠိ, အနက်အဓိပ္ပါယ်နှင့်တကွ အသေအချာ နေရာကျ သိမှတ်ပါရအောင် ကယ်မသနားတော်မူပါမည့်အကြောင်းကို လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား"။

[၁၂၉] ၎င်းဒါယကာ လျှောက်ချက်အရ ဖြေဆိုသော ဝမ္မိကသုတ်ပါဠိ, နိသျ၊ မေတ္တာနိသံသသုတ်ပါဠိ, နိသျ–

ဧဝံ မေ သုတံ- ဧကံ သမယံ ဘဂဝါ သာဝတ္ထိယံ ဝိဟရတိ ဇေတဝနေ အနာထပိဏ္ဍိကဿ အာရာမေ၊ တေန ခေါ ပန သမယေန အာယသ္မာ ကုမာရကဿပေါ အန္ဓဝနေ ဝိဟရတိ။

အထခေါ် အညတရာ ဒေဝတာ အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ အန္ဓဝနံ ဩဘာသေတွာ ယေနာ’ယသ္မာ ကုမာရကဿပေါ၊ တေနုပသင်္ကမိ။ ဥပသင်္ကမိတွာ ဧကမန္တံ အဋ္ဌာသိ၊ ဧကမန္တံ ဌိတာ ခေါ သာ ဒေဝတာ အာယသ္မန္တံ ကုမာရ-ကဿပံ ဧတ’ ဒဝေါစ။

ဘိက္ခု ဘိက္ခု အယံ ဝမ္မိကော ရတ္တိံ ဓူမာယတိ၊ ဒိဝါ ပဇ္ဇလတိ။ ဗြာဟ္မဏော ဧဝ’မာဟ "အဘိက္ခဏ သုမေဓ သတ္ထံ အာဒါယာ"တိ။ အဘိက္ခဏန္တော သုမေဓော သတ္ထံ အာဒါယ အဒ္ဒသ လင်္ဂိံ။ လင်္ဂီ ဘန္တေတိ။ ဗြာဟ္မဏော ဧဝမာဟ "ဥက္ခိပ လင်္ဂိံ အဘိက္ခဏ သုမေဓ သတ္ထံ အာဒါယာ"တိ။

အဘိက္ခဏန္တော သုမေဓော သတ္ထံ အာဒါယ အဒ္ဒသ ဥဒ္ဓုမာယိကံ။ ဥဒ္ဓုမာယိကာ ဘန္တေတိ။ ဗြာဟ္မဏော ဧဝ’မာဟ "ဥက္ခိပ ဥဒ္ဓုမာယိကံ အဘိက္ခဏ သုမေဓ သတ္ထံ အာဒါယာ"တိ။ အဘိက္ခဏန္တော သုမေဓော သတ္ထံ အာဒါယ အဒ္ဒသ ဒွိဓာပထံ။ ဒွိဓာပထော ဘန္တေတိ။ ဗြာဟ္မဏော ဧဝ’မာဟ "ဥက္ခိပ ဒွိဓာပထံ အဘိက္ခဏ သုမေဓ သတ္ထံ အာဒါယာ"တိ။ အဘိက္ခဏန္တော သုမေဓော သတ္ထံ အာဒါယ အဒ္ဒသ စင်္ဂဝါရံ။ စင်္ဂဝါရော ဘန္တေတိ။ ဗြာဟ္မဏော ဧဝ’မာဟ "ဥက္ခိပ စင်္ဂဝါရံ အဘိက္ခဏ သုမေဓ သတ္ထံ အာဒါယာ"တိ။ အဘိက္ခဏန္တော သုမေဓော သတ္ထံ အာဒါယ အဒ္ဒသ ကုမ္မံ။ ကုမ္မော ဘန္တေတိ။ ဗြာဟ္မဏော ဧဝ’မာဟ "ဥက္ခိပ ကုမ္မံ အဘိက္ခဏ သုမေဓ သတ္ထံ အာဒါယာ"တိ။ အဘိက္ခဏန္တော သုမေဓော သတ္ထံ အာဒါယ အဒ္ဒသ အသိသူနံ။ အသိသူနာ ဘန္တေတိ။ ဗြာဟ္မဏော ဧဝ’မာဟ "ဥက္ခိပ အသိသူနံ အဘိက္ခဏ သုမေဓ သတ္ထံ အာဒါယာ"တိ။ အဘိက္ခဏန္တော သုမေဓော သတ္ထံ အာဒါယ အဒ္ဒသ မံသပေသိံ။ မံသပေသိ ဘန္တေတိ။ ဗြာဟ္မဏော ဧဝ’မာဟ "ဥက္ခိပ မံသပေသိံ အဘိက္ခဏ သုမေဓ သတ္ထံ အာဒါယာ"တိ။ အဘိက္ခဏန္တော သုမေဓော သတ္ထံ အာဒါယ အဒ္ဒသ နာဂံ။ နာဂေါ ဘန္တေတိ။ ဗြာဟ္မဏော ဧဝ’မာဟ "တိဋ္ဌတု နာဂေါ၊ မာ နာဂံ ဃဋ္ဋေသိ၊ နမော ကရောဟိ နာဂဿာ"တိ။

ဣမေ ခေါ တွံ ဘိက္ခု ပဉ္စေ ဘဂဝန္တံ ဥပသင်္ကမိတွာ ပုစ္ဆေယျာသိ။ ယထာ စ တေ ဘဂဝါ ဗျာကရောတိ၊ တထာ နံ ဓာရေယျာသိ။ နာဟံ တံ ဘိက္ခု ပဿာမိ သဒေဝကေ လောကေ သမာရကေ သဗြဟ္မကေ သဿမဏဗြာဟ္မဏိယာ ပဇာယ သဒေဝမနုဿာယ၊ ယော ဣမေသံ ပဉှာနံ ဝေယျာကရဏေန စိတ္တံ အာရာဓေယျ အညတြ တထာဂတေန ဝါ တထာဂတသာဝကေန ဝါ ဣတော ဝါ ပန သုတွာတိ။ ဣဒ’မဝေါစ သာ ဒေဝတာ ဣဒံ ဝတွာ တတ္ထေ’ဝန္တရဓာယိ။

အထ ခေါ အာယသ္မာ ကုမာရကဿပေါ တဿာ ရတ္တိယာ အစ္စယေန ယေန ဘဂဝါ၊ တေနုပသင်္ကမိ။ ဥပသင်္ကမိတွာ ဘဂဝန္တံ အဘိဝါဒေတွာ ဧကမန္တံ နိသီဒိ၊ ဧကမန္တံ နိသိန္နော ခေါ အာယသ္မာ ကုမာရကဿပေါ ဘဂဝန္တံ ဧတ’ဒဝေါစ—

ဣမံ ဘန္တေ ရတ္တိံ အညတရာ ဒေဝတာ အဘိက္ကန္တာယ ရတ္တိယာ အဘိက္ကန္တဝဏ္ဏာ ကေဝလကပ္ပံ အန္ဓဝနံ ဩဘာသေတွာ ယေနာ’ဟံ၊ တေနုပသင်္ကမိ၊ ဥပသင်္ကမိတွာ ဧကမန္တံ အဋ္ဌာသိ။ ဧကမန္တံ ဌိတာ ခေါ သာ ဒေဝတာ မံ ဧတ’ဒဝေါစ “ဘိက္ခု ဘိက္ခု အယံ ဝမ္မိကော ရတ္တိံ ဓူမာယတိ၊ ဒိဝါ ပဇ္ဇလတိ။ ဗြာဟ္မဏော ဧ’ဝမာဟ ‘အဘိက္ခဏ သုမေဓ သတ္ထံ အာဒါယာ’တိ။ အဘိက္ခဏန္တော သုမေဓော သတ္ထံ အာဒါယ ။လ။ ဣဒ’မဝေါစ ဘန္တေ သာ ဒေဝတာ ဣဒံ ဝတွာ တတ္ထေ’ဝန္တရဓာယိ။

ကော နု ခေါ ဘန္တေ ဝမ္မိကော၊ ကာ ရတ္တိံ ဓူမာယနာ၊ ကာ ဒိဝါ ပဇ္ဇလနာ၊ ကော ဗြာဟ္မဏော၊ ကော သုမေဓော၊ ကိံ သတ္ထံ၊ ကိံ အဘိက္ခဏံ၊ ကာ လင်္ဂီ၊ ကာ ဥဒ္ဓုမာယိကာ၊ ကော ဒွိဓာပထော၊ ကိံ စင်္ဂဝါရံ၊ ကော ကုမ္မော၊ ကာ အသိသူနာ၊ ကာ မံသပေသိ၊ ကော နာဂေါတိ။

ဝမ္မိကောတိ ခေါ ဘိက္ခု ဣမဿေ’တံ စာတုမဟာဘူတိကဿ ကာယဿ အဓိဝစနံ မာတာပေတ္တိကသမ္ဘဝဿ ဩဒနကုမ္မာသူပစယဿ အနိစ္စုစ္ဆာဒနပရိမဒ္ဒနဘေဒနဝိဒ္ဓံသနဓမ္မဿ။ (၁)

ယံ ခေါ ဘိက္ခု ဒိဝါ ကမ္မန္တေ အာရဗ္ဘ ရတ္တိံ အနုဝိတက္ကေတိ အနုဝိစာရေတိ၊ အယံ ရတ္တိံ ဓူမာယနာ။ (၂)

ယံ ခေါ ဘိက္ခု ရတ္တိံ အနုဝိတက္ကေတွာ အနုဝိစာရေတွာ ဒိဝါ ကမ္မန္တေ ပယောဇေတိ ကာယေန ဝါစာယ မနသာ။ အယံ ဒိဝါ ပဇ္ဇလနာ။ (၃)

ဗြာဟ္မဏောတိ ခေါ ဘိက္ခု တထာဂတဿေ’တံ အဓိဝစနံ အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ (၄)

သုမေဓောတိ ခေါ ဘိက္ခု သေက္ခဿေ’တံ ဘိက္ခုနော အဓိဝစနံ။ (၅)

သတ္ထန္တိ ခေါ ဘိက္ခု အရိယာယေ’တံ ပညာယ အဓိဝစနံ။ (၆)

အဘိက္ခဏန္တိ ခေါ ဘိက္ခု ဝီရိယာရမ္ဘဿေ’တံ အဓိဝစနံ။ (၇)

လင်္ဂီတိ ခေါ ဘိက္ခု အဝိဇ္ဇာယေ’တံ အဓိဝစနံ။ ဥက္ခိပ လင်္ဂိံ ပဇဟ အဝိဇ္ဇံ၊ အဘိက္ခဏ သုမေဓ သတ္ထံ အာဒါယာတိ အယ’မေတဿ အတ္ထော။ (၈)

ဥဒ္ဓုမာယိကာတိ ခေါ ဘိက္ခု ကောဓုပါယာသဿေ'တံ အဓိဝစနံ။

ဥက္ခိပ ဥဒ္ဓုမာယိကံ ပဇဟ ကောဓုပါယာသံ၊ အဘိက္ခဏ သုမေဓ သတ္ထံ အာဒါယာ-တိ အယ'မေတဿ အတ္ထော။ (၉)

ဒွိဓာပထောတိ ခေါ ဘိက္ခု ဝိစိကိစ္ဆာယေ'တံ အဓိဝစနံ။ ဥက္ခိပ ဒွိဓာပထံ ပဇဟ ဝိစိကိစ္ဆံ၊ အဘိက္ခဏ သုမေဓ သတ္ထံ အာဒါယာတိ အယ'မေတဿ အတ္ထော။ (၁၀)

စင်္ဂဝါရန္တိ ခေါ ဘိက္ခု ပဉ္စန္နေ'တံ နီဝရဏာနံ အဓိဝစနံ။ သေယျထိဒံ၊ ကာမစ္ဆန္ဒ-နီဝရဏဿ ဗျာပါဒနီဝရဏဿ ထိနမိဒ္ဓနီဝရဏဿ ဥဒ္ဓစ္စကုက္ကုစ္စနီဝရဏဿ ဝိစိကိစ္ဆာ-နီဝရဏဿ။ ဥက္ခိပ စင်္ဂဝါရံ ပဇဟ ပဉ္စနီဝရဏေ၊ အဘိက္ခဏ သုမေဓ သတ္ထံ အာဒါယာတိ အယ'မေတဿ အတ္ထော။ (၁၁)

ကုမ္မောတိ ခေါ ဘိက္ခု ပဉ္စန္နေ'တံ ဥပါဒါနက္ခန္ဓာနံ အဓိဝစနံ။ သေယျထိဒံ၊ ရူပုပါ-ဒါနက္ခန္ဓဿ ဝေဒနုပါဒါနက္ခန္ဓဿ သညုပါဒါနက္ခန္ဓဿ သင်္ခါရုပါဒါနက္ခန္ဓဿ ဝိညာဏု-ပါဒါနက္ခန္ဓဿ။ ဥက္ခိပ ကုမ္မံ ပဇဟ ပဉ္စုပါဒါနက္ခန္ဓေ၊ အဘိက္ခဏ သုမေဓ သတ္ထံ အာဒါယာ-တိ အယ'မေတဿ အတ္ထော။ (၁၂)

အသိသူနာတိ ခေါ ဘိက္ခု ပဉ္စန္နေ'တံ ကာမဂုဏာနံ အဓိဝစနံ။ စက္ခုဝိညေယျာနံ ရူပါနံ ဣဋ္ဌာနံ ကန္တာနံ မနာပါနံ ပိယရူပါနံ ကာမူပသံဟိတာနံ ရဇနီယာနံ။ သောတ-ဝိညေယျာနံ သဒ္ဒါနံ ။လ။ ဃာနဝိညေယျာနံ ဂန္ဓာနံ ။လ။ ဇိဝှါဝိညေယျာနံ ရသာနံ ။လ။ ကာယဝိညေယျာနံ ဖောဋ္ဌဗ္ဗာနံ ဣဋ္ဌာနံ ကန္တာနံ မနာပါနံ ပိယရူပါနံ ကာမူပသံဟိတာနံ ရဇနီယာနံ။ ဥက္ခိပ အသိသူနံ ပဇဟ ပဉ္စကာမဂုဏေ၊ အဘိက္ခဏ သုမေဓ သတ္ထံ အာဒါ-ယာတိ အယ'မေတဿ အတ္ထော။ (၁၃)

မံသပေသီတိ ခေါ ဘိက္ခု နန္ဒီရာဂဿေ'တံ အဓိဝစနံ။ ဥက္ခိပ မံသပေသိံ ပဇဟ နန္ဒီရာဂံ၊ အဘိက္ခဏ သုမေဓ သတ္ထံ အာဒါယာတိ အယ'မေတဿ အတ္ထော။ (၁၄)

နာဂေါတိ ခေါ ဘိက္ခု ခီဏာသဝဿေ'တံ အဓိဝစနံ။ တိဋ္ဌတု နာဂေါ၊ မာ နာဂံ ဃဋ္ဋေသိ၊ နမော ကရောဟိ နာဂဿာတိ အယ'မေတဿ အတ္ထောတိ။ (၁၅)

ဣဒ'မဝေါစ ဘဂဝါ။ အတ္တမနော အာယသ္မာ ကုမာရကဿပေါ ဘဂဝတော ဘာသိတံ အဘိနန္ဒီတိ။ (မ၁။၁၉၅-၈)

ဝမ္မိကသုတ္တံ နိဋ္ဌိတံ။

## ၎င်းဝမ္မိကသုတ် နိဿျ

ဘန္တေ ကဿပ၊ အရှင်မဟာကဿပ။ ဣဒံ ဝမ္မိကသုတ္တံ၊ ဤဝမ္မိကသုတ်ကို။ မေ မယာ အာနန္ဒထေရေန၊ ငါအာနန္ဒာမထေရ်သည်။ ဘဂဝတော၊ ဘုန်းတော် ၆-ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား၏။ သံမုခါ၊ မျက်မှောက်တော်မှ။ ဧဝံ၊ သို့ အကျွန်ုပ် လျှောက်ထားလတ္တံ့သော နည်းဖြင့်။ သုတံ၊ ကြားဖူးလိုက်၏။ ဥပလက္ခိတံ၊ မှတ်ဖူးလိုက်၏။ ဥပဓာရိတံ၊ ဆောင်ဖူးလိုက်၏။

ဧကံ၊ တပါးသော။ သမယံ၊ အခါ၌။ ဘဂဝါ၊ ဘုန်းတော် ၆-ပါးနှင့် ပြည့်စုံတော် မူသော မြတ်စွာဘုရားသည်။ သာဝတ္ထိယံ၊ သာဝတ္ထိပြည်၌။ အနာထပိဏ္ဍိကဿ၊ အနာ-ထပိဏ်သူဌေး၏။ အာရာမေ၊ နှလုံးမွေ့လျော် ပျော်ဖွယ်ရာရှိသော။ ဇေတဝနေ၊ ဇေတဝန် ကျောင်းတော်၌။ ဝိဟရတိ၊ နေတော်မူ၏။ တေန ခေါ ပန သမယေန၊ ထိုသို့ နေတော်မူ သောအခါ၌။ အာယသ္မာ ကုမာရကဿပေါ၊ *အရှင်ကုမာရကဿပသည်။ အန္ဓဝနေ၊ အန္ဓမည်သော တော၌။

(သုသာန်အနီး၌ ယင်းတိုက်တော-ဟူ၍ ဆရာတို့ မိန့်ကုန်၏။ ဤမထေရ် အတ္တုပ္ပတ္တိကို အဋ္ဌကထာတွင် ကြည့်လျှင် သိလွယ်၏။ အန္ဓဝနအကြောင်းကား ကျယ်ဝန်းစွာ၏။ အဋ္ဌကထာမှာ ကြည့်။ ကဿပဘုရားနှင့် ငါတို့ဘုရားလက်ထက် ထိုတောသည် အန္ဓဝနသာ တွင်၏။ ကဿပဘုရား ပရိနိဗ္ဗာန် စံလွန်တော်မူပြီးသော် ထိုတောသည် ဇနပုဒ်မရှိသဖြင့် တောအုပ်ကြီးဖြစ်၍ ငါတို့မြတ်စွာဘုရားလက်ထက် သာဝတ္ထိပြည်၏အနီး၌ ဇေတဝန်ကျောင်းတော်၏ နောက်အဖို့၌ ဆိတ်ငြိမ်ခြင်းကို အလိုရှိသော ရဟန်းမြတ်တို့၏ ကမ္မဋ္ဌာန်းအိမ်သဖွယ်ဖြစ်၍ ထိုတော၌ အရှင်ကုမာရကဿပမထေရ် သေခပဋိပဒါကို ဖြည့်လျက် နေ၏-ဟူလိုသတည်း။)

အထခေါ၊ ၌။ အညတရာ၊ အမည်, အနွယ်ဖြင့် မထင်ရှားသော။ ဒေဝတာ၊ နတ်သား ၁-ယောက်သည်။ ရတ္တိယာ၊ ညဉ်းယံဖြစ်သော ညဉ့်သည်။ အဘိက္ကန္တာယ၊ လွန်ပြီး သော်။ အဘိက္ကန္တဝဏ္ဏာ- အဘိက္ကန္တဝဏ္ဏာ၊ အလွန်နှစ်လိုဖွယ်သော အဆင်းရှိသော ကိုယ်ကို။ မာပေတွာ၊ (ထည့်ပါ) ဖန်ဆင်း၍။ ဝါ၊ ရတ္တိယာ၊ သည်။ အဘိက္ကန္တာယ၊ သော်။ အညတရာ၊ သော။ အဘိက္ကန္တဝဏ္ဏာ၊ အလွန်လှသော အဆင်းရှိသော။ ဒေဝတာ၊ နတ်သား ၁-ယောက် သည်။ ကေဝလကပ္ပံ၊ ထက်ဝန်းကျင်မှ မကြွင်းစေမူ၍။ (ကေဝလသဒ္ဒါ, ကပ္ပသဒ္ဒါတို့၏ အနက် ဝိသေသကို သိလင့်။)

(*ငယ်ရွယ်သော ကာလ၌ ရဟန်းပြုသောကြောင့် ကုမာရကဿပမည်သော မထေရ်သည်၊ ပသေနဒီ-ကောသလမင်းသည် မွေးအပ်သောကြောင့် ကုမာရကဿပမည်သော မထေရ်သည်လည်းဟူ။)

အန္ဓဝနံ၊ အန္ဓမည်သော တောအုပ်ကို။ (မှောင်ကြီးသဖြင့် ကြောက်မက်ဖွယ်ရှိသောလည်း ဟူ။) ဩဘာသေတွာ၊ ထွန်းလင်းစေ၍။ (နတ်တို့သည် လူ့ပြည်သို့ လာသောအခါ ပြကတေ့သော အဆင်းကို စွန့်၍ အလွန်လှသော အဆင်းကို ဖန်ဆင်း၍ လာမြဲ-ဟု မိန့်၏။) ဘိက္ခု ဘိက္ခု၊ အရှင်ရဟန်း, အရှင်ရဟန်း။ (အဆောတလျင် ခေါ်သဖြင့် အာမေဍိတ် ဆိုသတည်း။) အယံ ဝမ္မိကော၊ ဤတောင်ပို့သည်။ ရတ္တိံ၊ ညဉ့်အခါ၌။ ဓူမာယတိ၊ အခိုးလွှတ်၏။ ဒိဝါ၊ နေ့အခါ၌။ ပဇ္ဇလတိ၊ အလျှံလွှတ်၏။ ဗြာဟ္မဏော၊ ပုဏ္ဏားသည်။ "သုမေဓ၊ ပညာရှိ။ သတ္ထံ၊ ဓားလက်နက်ကို။ အာဒါယ၊ ၍။ အဘိက္ခဏ၊ လှံ့လအားထုတ်လော့"။ (တူးဆွလော့လည်း-ဟူ။) ဣတိ ဧဝံ၊ သို့။ အာဟ၊ ဆို၏။ သုမေဓော၊ ကောင်းသော ပညာရှိသည်။ သတ္ထံ၊ ဓားလက်နက်ကို။ အာဒါယ၊ ၍။ အဘိက္ခဏန္တော၊ တူးဆွခုတ်ဖြတ်သည်ရှိသော်။ လင်္ဂီ၊ တံခါးကျင် မင်းတုံးကို။ အဒ္ဒသ၊ မြင်၏။ "ဘန္တေ၊ အရှင်။ လင်္ဂီ၊ တည်း"။ ဣတိ ဝုတ္တေ၊ သော်။ ဗြာဟ္မဏော၊ သည်။ "သုမေဓ၊ ပညာရှိ။ သတ္ထံ၊ ကို။ အာဒါယ၊ ၍။ ဥက္ခိပ ဥက္ခိပိတုံ၊ ကြွခြင်းငှာ။ အဘိက္ခဏ၊ အဆင့်ဆင့် တူးဆွခုတ်ဖြတ်လော့"။ ဣတိ ဧဝံ၊ သို့။ အာဟ၊ ၏။

သုမေဓော၊ ပညာရှိသည်။ သတ္ထံ၊ ကို။ အာဒါယ၊ ၍။ အဘိက္ခဏန္တော၊ အားထုတ်လတ်သော်။ ဥဒ္ဓုမာယိကံ၊ ဖားကို။ အဒ္ဒသ၊ ၏။ "ဘန္တေ၊ အရှင်။ ဥဒ္ဓုမာယိကာ၊ တို့တိုင်းကြီးသောဖား" ။လ။ ဒွိဓာပထံ၊ လမ်း ၂-ကြောင်းကို ။လ။ စင်္ကဝါရံ၊ စစ်ပြီးသော အငန်ရေကို (ကြည်လင်သော အငန်ရေကိုလည်း-ဟူ) ။လ။ ကုမ္မံ ကစ္ဆပံ၊ လိပ်ကို ။လ။ အသိသူနံ၊ သန်လျက်, သားလှီးဓားငယ်ကို ။လ။ မံသပေသိံ၊ ကျောက်သားပမာဏရှိသော သားတစ်ကို။ အဒ္ဒသ ။လ။ ဥက္ခိပိတုံ၊ ကြွခြင်းငှာ။ မံသပေသိံ ကို။ အဘိက္ခဏ၊ လော့ ။လ။ နာဂံ၊ မြတ်လေးပန်းစသည်နှင့် တူသော, ကြီးစွာသော ပါးပျဉ်း ၃-ခုရှိသော, လည်ရေးရှိသော နဂါးကို။ အဒ္ဒသ၊ မြင်၏။ "ဘန္တေ၊ အရှင်။ နာဂေါ၊ နဂါးတည်း"။ ဣတိ၊ သို့။ ဝုတ္တေ၊ သော်။ "ပဏ္ဍိတ၊ ပညာရှိ။ နာဂေါ၊ နဂါးတည်းဖြစ်မူကား။ တိဋ္ဌတု၊ ရပ်လော့။ နာဂံ၊ နဂါးကို။ မာ ဃဋ္ဋေသိ၊ မထိပါစေလင့်။ နာဂဿ၊ နဂါးအား။ နမော၊ ရှိခိုးခြင်းကို။ ကရောဟိ၊ ပြုလော့"။ ဣတိ ဧဝံ၊ သို့။ ဗြာဟ္မဏော၊ သည်။ အာဟ၊ ၏။

("နဂါးမည်သည်ကို ဒုတ်, လှင်ကန်စွန်းဖြင့်လည်း မထိပါစေလင့်။ မြေမှုန့်ဖြင့်လည်း မကပ်စေလင့်။ နဂါးအထံမှ ဖဲ၍ စင်ကြယ်စွာသော အဝတ်ကို ဝတ်၍ နဂါးအား ရှိခိုးခြင်းကို ပြုလော့။ နဂါးမင်းသည် ဖြစ်စေအပ်သောဥစ္စာ မည်သည်ကား ဆွေ ၇-ဆက် သုံးဆောင်သော်လည်း မကုန်နိုင်ပြီ။ နဂါးသင့်အား ဥစ္စာကို ပေးလတ္တံ့။ ထို့ကြောင့် နဂါးကိုသာ ရှိခိုးအပ်ချေသည်။ ဒုတ်, လှင်ကန်-စသည်တို့ဖြင့် မထိပါစေလင့်"ဟူလိုသတည်း။ "အယံ ဝမ္မိကော"ဟူ၍ ရှေ့တွင် တောင်ပို့ရှိသကဲ့သို့ ဆိုသည်။ ရှေ့တွင်ကား ရှိသည် မဟုတ်။ ဒေသနာ၏အစွမ်းဖြင့် ရှေ့တွင် ရှိသကဲ့သို့ "အယံ ဝမ္မိကော"ဟု ဆိုလေသတည်း။)

ဘိက္ခု၊ အရှင်ရဟန်း။ ဣမေ ပဉ္စေ၊ ဤငါးဆိုအပ်သော ပြဿနာတို့ကို။ ဘဂဝန္တံ၊ ကို။ ဥပသင်္ကမိတွာ၊ ကပ်၍။ ပုစ္ဆေယျာသိ၊ မေးလျှောက်လေလော့။ ယထာ စ၊ အကြင် အခြင်းဖြင့်လည်း။ တေ၊ အရှင်ရဟန်းအား။ ဘဂဝါ၊ သည်။ ဗျာကရောတိ၊ ကြား၏။ တထာ၊ ထိုအခြင်းဖြင့်။ နံ အတ္ထံ၊ ထိုပြဿနာ၏ အနက်ကို။ ဓာရေယျာသိ၊ မှတ်လေလော့။ ဘိက္ခု၊ အရှင်ရဟန်း။ တထာဂတေန ဝါ၊ မြတ်စွာဘုရားကိုလည်းကောင်း။ တထာဂတသာဝကေန ဝါ၊ မြတ်စွာဘုရားတပည့် အရိယာအပေါင်းကိုလည်းကောင်း။ အညတြ ဌပေတွာ၊ ထား၍။ ဣတော ဝါ ပန၊ ဤငါ၏ အထံမှမူလည်း။ သုတွာ၊ ကြား၍။ ယော၊ အကြင်သူသည်။ ဇာနာတိ၊ သိ၏။ တေနေဝ၊ ထိုငါ၏အထံမှ ကြား၍ သိသောသူကိုလည်း။ အညတြ ဌပေတွာ၊ ထား၍။ ယော၊ အကြင်သူသည်။ ဣမေသံ ပဉ္စန္နံ၊ ဤပြဿနာတို့ကို။ ဝေယျာ-ကရဏေန၊ ဖြေသဖြင့်။ စိတ္တံ၊ ငါ၏စိတ်ကို။ အာရာဓေယျ၊ နှစ်သက်စေရာ၏။ တံ၊ ထိုသို့သောသူကို။ သဒေဝကေ၊ နတ်ပြည် ၅-ထပ်နှင့် တကွသော ။လ။ ပဇာယ၊ သတ္တလောက၌။ အဟံ၊ ငါသည်။ န ပဿာမိ၊ မမြင်။ ဣတိ ဣဒံ ဝစနံ၊ ကို။ သာ ဒေဝတာ၊ သည်။ အဝေါစ၊ ၏။ ဣဒံ ပဉ္စံ၊ ဤပြဿနာကို။ ဝတွာ၊ ဆိုပြီး၍။ သာ ဒေဝတာ၊ သည်။ တတ္ထေဝ၊ ထိုအရှင်ကုမာရကဿပ ရှေ့တော်၌ပင်လျှင်။ အန္တရဓာယိ၊ ကွယ်လေ၏။ (မမြင်ခြင်းသို့ရောက်၏လည်း-ဟူ။)

အထ ခေါ၊ ၌ ။လ။ တဿာ ရတ္တိယာ၊ ထိုညဉ့်၏။ အစ္စယေန၊ လွန်သဖြင့် ။လ။

ဘန္တေ၊ ဘုရား။ ဝမ္မိကော၊ တောင်ပို့-ဟူသည်။ ကော နုခေါ၊ အဘယ်နည်း?

ရတ္တိံ ဓူမာယနာ၊ ညဉ့်အခါ၌ အခိုးလွှတ်၏-ဟူသည်။ ကာ၊ အဘယ်နည်း?

ဒိဝါ ပဇ္ဇလနာ၊ နေ့အခါ၌ အလျှံလွှတ်၏-ဟူသည်။ ကာ၊ အဘယ်နည်း?

ဗြာဟ္မဏော၊ ဗြာဟ္မဏ-ဟူသည်။ ကော၊ အဘယ်နည်း?

သုမေဓော၊ ပညာရှိသည်။ ကော၊ အဘယ်နည်း?

သတ္ထံ၊ ဓားလက်နက်-ဟူသည်။ ကိံ၊ နည်း?

အဘိက္ခဏံ၊ တူးဆွခုတ်ဖြတ်၏-ဟူသည်။ ကိံ၊ နည်း?

လင်္ဂီ၊ တံခါးကျင်-ဟူသည်။ ကာ၊ နည်း?

ဥဒ္ဓုမာယိကာ၊ ဖား-ဟူသည်။ ကာ၊ နည်း?

ဒွိဓာပထော၊ ခရီး ၂-ကြောင်း-ဟူသည်။ ကော၊ နည်း?

စင်္ကဝါရံ၊ စစ်ပြီးသော အငန်ရေ-ဟူသည်။ ကိံ၊ နည်း?

ကုမ္မော၊ လိပ်-ဟူသည်။ ကော၊ နည်း?

အသိသူနာ၊ သန်လျက်, သားလှီးဓား-ဟူသည်။ ကာ၊ နည်း?

မံသပေသိ၊ သားတစ်-ဟူသည်။ ကာ၊ နည်း?

နာဂေါ၊ နဂါး-ဟူသည်။ ကော၊ နည်း? ဣတိ အဝေါစ၊ ၏။

ဘိက္ခု၊ ရဟန်း။ ဝမ္မိကောတိ ဧတံ၊ ဝမ္မိကောဟူသော အမည်သည်။ စာတုမဟာဘူတိကဿ၊ မဟာဘုတ် ၄-ပါးတို့ကို မှီ၍ဖြစ်သော။ မာတာပေတ္တိကသမ္ဘဝဿ၊ မိဘတို့၏ သုက်သွေးကြောင့်ဖြစ်သော။ (အဘ၏သုက်၊ အမိ၏သွေးကြောင့် ဖြစ်သောလည်းဟူ။) ဩဒနကုမ္မာသူပစယဿ၊ ထမင်း, မုယောမုန့်ဖြင့်ပြီးသော။ အနိစ္စုစ္ဆာဒန ပရိမဒ္ဒနဘေဒနဝိဒ္ဓံသနဓမ္မဿ၊ အမြဲမတည်သောသဘော, အနံ့ပျောက်စိမ့်သောငှာ နံ့သာပျောင်းဖြင့် လိမ်းကျံခြင်းသဘော, သဏ္ဍာန်ဖြင့် ပြည့်စုံစိမ့်သောငှာ ဆုပ်နယ်ခြင်းသဘော, ပျက်ခြင်းသဘော, ထိုမှ ဤမှ ဖယိုဖရဲဖြစ်ခြင်း သဘောရှိသော။ ဣမဿ ကာယဿ၊ ဤကိုယ်၏။ အဓိဝစနံ၊ ထင်သော အမည်တည်း။

- အဟိ နကုလ ဥဒ္ဒုယရဂေါလိကာဒိကေ အနေကပါဏကေ ဝမတီတိ ဝမ္မိကော၊ မြွေ, မြွေပါ, ဖွံ, အိမ်မြှောင်, တက်တူ- စသော များသော သတ္တဝါတို့ကို အန်တတ်သကဲ့သို့ ဖြစ်တတ်သောကြောင့်လည်းကောင်း။
- ဥပစိကာဟိ ဝမ္မိယတီတိ ဝမ္မိကော၊ ခြတို့သည် အန်အပ်သောကြောင့်လည်းကောင်း။
- ဥပစိကာဟိ ဝမ္မိတ္ဝာ ဥဿိတောတိ ဝမ္မိကော၊ ခြတို့သည် အန်၍ နှုတ်သီးဖြင့် ဖြည့်အပ်သော မြေမှုန့်ဖြင့် ၁-ထွာ, ၁-တောင်, ခါးပမာဏ-စသည်ဖြင့် တက်စေအပ်သောကြောင့်လည်းကောင်း။
- ဥပစိကာဟိ ဝန္တခေဠသိနေဟေန အာဗန္ဓောတိ ဝမ္မိကော၊ ခြတို့သည် အန်အပ်သော တံတွေးဖြင့် ဖရိုဖရဲ မရှိ၊ ၇-ရက်စွေသော မိုးကြောင့်သော်လည်း မပျက်၊ မြဲမြံခိုင်ခံ့စွာ စပ်သောကြောင့်လည်းကောင်း။

ဤ ၄-ပါးသော အကြောင်းတို့ကြောင့် ဝမ္မိက'တောင်ပို့'-ဟု ဆိုအပ်သကဲ့သို့ ထို့အတူ–

- ဤကိုယ်သည်လည်း မျက်စိမှ မျက်ချေး, နားမှ နဖာ, နှာခေါင်းမှ နှပ်၊ ဒွါရ ၉-ပေါက်တို့မှ လျှော်စွာ စက်ဆုပ်ဖွယ်အတိတို့၏ ထွက်ရာဖြစ်ရကား 'အက္ခိဂူထကာဒိကံ အနေကပ္ပကာရံ အသုစိံ ဝမတီတိ ဝမ္မိကော'ဟူသော ဝစနတ္ထကြောင့်လည်းကောင်း

- ဘုရား, ပစ္စေကဗုဒ္ဓါ, အရိယာတို့သည် ဤကိုယ်၌ တပ်သော နိကန္တိတဏှာကို ကုန်စေသဖြင့် အတ္တဘောကို စွန့်၍ သွားတော်မူကုန်ရကား 'အရိယေဟိ ဝမိယ-တီတိ ဝမ္မိကော'ဟူသော ဝစနတ္ထကြောင့်လည်းကောင်း
- ဤကိုယ်သည် အရိုး ၃၀၀-တို့ဖြင့် ထောင်၍ မြင့်၏။ အကြော ၉၀၀-တို့ဖြင့် စပ်အပ်,ဖွဲ့အပ်၏။ ၉၀၀-သော သားတစ်တို့ဖြင့် လိမ်းကျံအပ်၏။ အရေထူ, အရေပါးတို့ဖြင့် မှေးယှက်အပ်၏။ အပေါ် ရေတို့သည် သတ္တဝါတို့ကို လှည့်စားတတ်ရကား ထိုအလုံးစုံကို အရိယာတို့သည် အန်အပ်ပြီးသောကြောင့် 'အရိယေဟိ ဝမ္မိတော-တိ ဝမ္မိကော။ ဝန္တသဗ္ဗသယောတိပိ ဝမ္မိကော'-အန်အပ်ပြီးသော အလုံးစုံ ရှိ၏-ဟူလေ။ ဤသို့သော ဝစနတ္ထကြောင့်လည်းကောင်း
- တဏှာသာလျှင် သတ္တဝါတို့ကို ထိုထိုအာရုံ၌ ဖြစ်စေ၏။ တဏှာသာလျှင် သတ္တဝါတို့၏ စိတ်ကို နှိပ်စက်၏။ ဤသို့ တဏှာသည် ဖြစ်စေအပ်သောကြောင့် အရိယာတို့သည် အန်အပ်ပြီးသော တဏှာ-ဟူသော အစေးဖြင့် သတ္တဝါတို့ကို စပ်အပ်၏။ 'အရိယေဟိ ဝမ္မိတော။ ဝန္တေန တဏှာသိနေဟေန အာဗဒ္ဓေါတိ ဝမ္မိကော'-ဟူသော ဝစနတ္ထကြောင့်လည်းကောင်း

ဤ ၄-ပါးသော အကြောင်းတို့ကြောင့် ကိုယ်လည်း တောင်ပို့နှင့် တူ၏။ (မ၊၄၊၂၊၃၄-၅)

ပဉ္စမ ဥပမာ ဥပမေယျ ၁-ချက်ကို ထင်စွာပြမူကား တောင်ပို့တွင်း၌ များစွာသော သတ္တဝါတို့သည် ဖြစ်ကုန်၏။ ကျင်ကြီး, ကျင်ငယ် စွန့်ကုန်၏။ သားဖွားခြင်း-စသည်ကို ပြုတတ်ကုန်၏။ ပိုးမျိုးတို့၏ သုသာန်သင်္ချိုင်းဖြစ်သကဲ့သို့ စကြဝတေးမင်းတို့၏ ကိုယ်ပင်ဖြစ်ငြားသော်လည်း အရေကို မှီသောပိုး၊ အသားကို မှီသောပိုး၊ အကြောကို မှီသောပိုး၊ ခြင်ဆီကို မှီသောပိုး-ဟု ပိုးမျိုး ၈၀-တို့သည် ကိုယ်တွင်း၌သာ ဖြစ်ကုန်၍ ကိုယ်တွင်း၌သာ ကျင်ကြီး, ကျင်ငယ်-စသည်တို့ကို ပြုကုန်၏။ ထို့ကြောင့် ပိုးမျိုး ၈၀-တို့၏ တည်ရာဖြစ်ရကား တောင်ပို့နှင့် တူ၏။ ထို့ကြောင့် 'ဝမ္မိကောတိ ခေါ ဘိက္ခဝေ ဣမဿေ'တံ'-အစရှိသည်ကို ဟောတော်မူ၏-ဟူလိုသတည်း။

ဘိက္ခု၊ ရဟန်း။ ဒိဝါ၊ နေ့အခါ၌။ ကမ္မန္တေ၊ ပြုအပ်သော အမှုတို့ကို။ အာရဗ္ဘ၊ အာရုံပြု၍။ ရတ္တိံ၊ ညဉ့်အခါ၌။ ယံ အနုဝိတက္ကေတိ၊ အကြင် အဖန်တလဲလဲ ကြံ၏။ ယံ အနုဝိစာရေတိ၊ အကြင် အဖန်တလဲလဲ ဆင်ခြင်၏။ အယံ၊ ဤညဉ့်အခါ၌ အဖန်တလဲလဲ ကြံဆင်ခြင်ခြင်းသည်။ ရတ္တိံ ဓူမာယနာ၊ ညဉ့်အခါ အခိုးလွှတ်သည် မည်၏။ (ဓူမ-သဒ္ဒါ အနက်များတွင် ဤအရာ၌ ဝိတက္ကအနက် ဖြစ်၏။)

ရတ္တိံ၊ ၌။ အနုဝိတက္ကေတွာ၊ ကြံ၍။ အနုဝိစာရေတွာ၊ ဆင်ခြင်၍။ ဒိဝါ၊ နေ့အခါ ၌။ ကမ္မန္တေ၊ ပြုအပ်သောကိစ္စတို့ကို။ ကာယေန၊ ကိုယ်ဖြင့်လည်းကောင်း။ ဝါစာယ၊ နှုတ်ဖြင့် လည်းကောင်း။ *(မနသာ၊ စိတ်ဖြင့်လည်းကောင်း။)* ယံ ပယောဇေတိ၊ အကြင် ယှဉ်စေ၏။ (အကြင်ပြီးစေ၏လည်းဟူ။) အယံ၊ ဤညဥ့်အခါ ကြံ၍ နေ့အခါ ပြီးစေခြင်းသည်။ ဒိဝါ ပဇ္ဇလနာ၊ နေ့အခါ အလျှံလွှတ်သည် မည်၏။

ဘိက္ခု၊ ရဟန်း။ ဗြာဟ္မဏောတိ ဇတာ၊ မည်သည်။ အရဟတော၊ ပစ္စည်း ၄-ပါးနှင့် တကွ ပူဇော်သက္ကာရအထူးကို ခံတော်မူထိုက်ထသော။ သမ္မာသမ္ဗုဒ္ဓဿ၊ သစ္စာ ၄-ပါး, ၅-ပါးသော ဥ‌ေယျဓမ္မတို့ကို အလိုလိုသိတော်မူပြီးသော။ တထာဂတဿ၊ မြတ်စွာဘုရား၏။ အဓိဝစနံ၊ တည်း။ ရာဂ, ဒေါသ, မောဟ, မာန, သက္ကာယဒိဋ္ဌိ, ဝိစိကိစ္ဆာ, သီလဗ္ဗတ- ပရာမာသ-ဟူသော ၇-ပါးသော အကုသိုလ်တရားတို့ကို အပပြုပြီးသောကြောင့် မြတ်စွာဘုရား ကို ဗြာဟ္မဏ-ဟူသတည်း။

သုမေဓောတိ ဇတာ၊ မည်သည်။ သေခဿ၊ ကျင့်ဆဲဖြစ်သော သိက္ခာ ၃-ပါးရှိသော။ (သိက္ခာ ၃-ပါးနှင့် ယှဉ်သောလည်းဟူ။) ဘိက္ခုနော၊ ရဟန်း၏။ အဓိဝစနံ၊ တည်း။ သုမေဓော၊ ကောင်းသော ပညာရှိ-ဟူသော အနက်ကို သိစေလိုသတည်း။

အရိယာယ၊ အပြစ်မရှိသော။ ပညာယ၊ လောကီပညာ, လောကုတ္တရာပညာ၏။

ဝီရိယာရဗ္ဘဿ၊ ကာယိကဝီရိယ, စေတသိကဝီရိယ၏။ (ထိုဝီရိယကား ပညာနှင့် အလားတူသည်။ လောကီပညာအား လောကီဝီရိယ အလားတူ၏။ လောကုတ္တရာပညာအား လောကုတ္တရာဝီရိယ အလားတူ၏။)

ဇနပုဒ်၌နေသော ပုဏ္ဏားတစ်ယောက်သည် နံနက်စောစောက တပည့်သူငယ်တို့ နှင့်တကွ ရွာမှထွက်၍ နေ့အခါ ဗေဒင် ၃-ပုံကို သင်၍ ညအခါ ရွာသို့ ဝင်လာ၏။ ခရီး အကြား၌ ရှိသော တောင်ပို့တစ်ခုသည် ညအခါ အခိုးလွှတ်၏။ နေ့အခါ အလျှံလွှတ်၏။ ပုဏ္ဏားက အနီးနေတပည့် ပညာရှိသောသူငယ်ကို ဆို၏။ "အမောင် ဤတောင်ပို့သည် အခိုးအလျှံ လွှတ်၏။ ဤတောင်ပို့၏အခြင်းအရာကို သိရအောင် ပေါက်ခွဲတူးဆွ၍ ၄-ခု ဖြစ်စေလော့"ဟု ဆို၏။ တပည့်သည် "ကောင်းပြီ"ဟု ဝန်ခံ၍ ပေါက်တူးကို ယူ၍ ဆရာ ဆိုတိုင်း ပြု၏။

ထိုစကား၌ ဆရာပုဏ္ဏားကဲ့သို့ မြတ်စွာဘုရားကို မှတ်အပ်၏။ ပညာရှိသော တပည့်ကဲ့သို့ ဘိက္ခုကို မှတ်အပ်၏။ တောင်ပို့ကဲ့သို့ ဤကိုယ်ကို မှတ်အပ်၏။ "အမောင် ဤတောင်ပို့သည် အခိုးအလျှံ လွှတ်၏။ ဤတောင်ပို့ လက္ခဏာကို သိရအောင် ၄-ဖြာ

ပေါက်၍ ပစ်”ဟု ပုဏ္ဏားဆိုသောစကားကဲ့သို့ “ရဟန်း၊ ဤမဟာဘုတ် ၄-ပါးဖြင့် ပြီးသော ကိုယ်ကို ၄-စု-စု၍ ပညာဖြင့် စူးစမ်းဆင်ခြင်လော့”ဟု မိန့်တော်မူအပ်သော ကာလကို မှတ်အပ်၏။ ထိုတပည့်သည် “ကောင်းပြီ”ဟု ဝန်ခံ၍ ပေါက်တူးကိုင်လျက် ဆရာဆိုတိုင်း ပြုသကဲ့သို့ ထိုသေခရဟန်း၏-

- ၂၀-သော ကောဋ္ဌာသတို့၌ ထဒ္ဓဘာဝသည် ပထဝီဓာတ် မည်၏။
- ၁၂-ပါးသော ကောဋ္ဌာသတို့၌ အာဗန္ဓနဘာဝသည် အာပေါဓာတ် မည်၏။
- ၄-ပါးသော ကောဋ္ဌာသတို့၌ ပရိပါစနဘာဝသည် တေဇောဓာတ် မည်၏။
- ၆-ပါးသော ကောဋ္ဌာသတို့၌ ဝိတ္ထမ္ဘနဘာဝသည် ဝါယောဓာတ် မည်၏။

ဤစတုဓာတုဝဝတ္ထာန်အားဖြင့် ပိုင်းခြားခြင်းကို သိအပ်၏။

မြို့တံခါးကို ပိတ်၍ တံခါးကျင်လျှိုပြီးသော် လူအပေါင်း၏ အဝင်,အထွက် ပြတ်သကဲ့သို့ ထို့အတူ အကြင်ပုဂ္ဂိုလ်၏ဉာဏ်၌ အဝိဇ္ဇာသည် ကျလသော် ထိုပုဂ္ဂိုလ်အား နိဗ္ဗာန်သို့ ရောက်စေတတ်သော ဉာဏ်၏သွားခြင်း ပြတ်ရကား အဝိဇ္ဇာကို တံခါးကျင်ပြု၍ ပြတော်မူသတည်း။

လင်္ဂီ၊ အဝိဇ္ဇာ-ဟူသော တံခါးကျင်ကို။ ဥက္ခိပ၊ ပယ်လော့။ အဝိဇ္ဇံ ကို။ ပဇဟ၊ နုတ်လော့, စွန့်လော့။ သုမေဓ၊ ကောင်းသော ပညာရှိသောရဟန်း။ သတ္ထ၊ လောကီပညာ, လောကုတ္တရာပညာကို။ အာဒါယ ပဝတ္တေတွာ၊ ဖြစ်စေ၍။ အဘိက္ခဏ၊ လုံ့လအားထုတ်လော့။ ဣတိ အယံ၊ ဤသည်ကား။ တေသ၊ ထိုပုဂ္ဂိုလ်၏။ အတ္ထော၊ တည်း။

ကောဓူပါယာသဿ၊ အားကြီးစွာသော အမျက်ဒေါသ၏။ အဓိဝစနံ၊ တည်း။ ဥဒ္ဓုမာယိကာ၊ ကြွကြွတက်သောကြောင့် ဖားနှင့်တူသော ပြင်းစွာသော အမျက်ကို။ ဥက္ခိပ၊ ပယ်လော့။ ကောဓူပါယာသံ၊ ပြင်းစွာသော အမျက်ကို။ ပဇဟ၊ လော့။ (ဗလဝပ္ပတ္တော-ကောဓော ကောဓူပါယာသော၊ အဖွင့်တည်း။)

ဥဒ္ဓုမာယိကာ နာမ ဒုတ်, လှင်ကန်တို့ဖြင့် တို့တိုင်း ကြီးသောကြောင့် ဥဒ္ဓုမာယိက ဖားတို့မည်သည်ကား ကြီးသည် မဟုတ်၊ လက်သည်းနှောင့် ပမာဏ ရှိ၏။ သစ်ရွက်ကြား, မြုံကြား, နွယ်ကြားတို့၌ နေ၏။ ထိုဖားသည် ဒုတ်, လှင်ကန်-စသည်တို့ဖြင့် တို့သော် ကြွကြွ တက်၍ ဝန်းသော ကိုယ်ရှိ၏။ ဥသျှစ်သီး, အုန်းသီးပမာဏရှိသည် ဖြစ်၍ ခြေ ၄-ဖက်တို့သည် မြေသို့ မထိနိုင်သည်ဖြစ်၍ အသွားပြတ်၍ ကျီး, စွန်ရဲ-စသော ရန်သူလက်သို့ ရောက်၍ ကျီး, စွန်ရဲတို့၏ အစာ ဖြစ်လေ၏။

ထိုဖားကဲ့သို့ ကောဓသည် ရှေးဦးစွာ ဖြစ်လသော် စိတ်နောက်ရုံမျှသာ ရှိသေး၏။ ထိုသို့ဖြစ်သောအခါ မနှိပ်သည် ဖြစ်အံ့။ ပွါး၍ မျက်မှောင်တွန့်ခြင်း, မျက်နှာမသာခြင်းသို့ ရောက်စေ၏။ ထိုအခါ မနှိပ်မူကား ဖရုသဝါစာကို မြွက်ဆိုခြင်းသို့ ရောက်စေ၏။ ထိုအခါ မနှိပ်မူကား အရပ် ၄-မျက်နှာကို ကြည့်ခြင်းသို့ ရောက်စေ၏။ ထိုအခါ မနှိပ်မူကား ထောင်းခြင်း, တွန်းခြင်း, တိုးခြင်းသို့ ရောက်စေ၏။ ထိုအခါ မနှိပ်မူကား လက်ဆုပ်, ဒုတ်, အုတ်ခဲ, လှင်ကန်တို့ကို သုံးသပ်ခြင်းသို့ ရောက်စေ၏။ ထိုအခါ မနှိပ်မူကား ဒုတ်, လှင်ကန်တို့ကို တျက်တျက်ကျစေ၏။ ထိုအခါ မနှိပ်မူကား သူတပါးကို သတ်ခြင်း, မိမိကိုယ်ကို သတ်ခြင်းသို့ ရောက်စေ၏။

ထိုဖားသည် ကြွကြွတက်၍ ကိုယ်ကြီးသဖြင့် မိမိခြေသည် မြေသို့ မထောက်မိသဖြင့် အသွားပြတ်၍ ရန်သူလက်သို့ ရောက်၍ ကျိုးအစာ စသည်ဖြစ်သကဲ့သို့ ထိုသို့ အမျက်ဒေါသကို မနှိပ်၍ အမျက်ဒေါသနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ကမ္မဋ္ဌာန်းပွါးခြင်းငှာ မတတ်နိုင်သည် ဖြစ်၍ ရန်သူလက်သို့ ရောက်၏။ ခပ်သိမ်းသော ကိလေသမာရ်-စသည်တို့သည် နှိပ်စက်အပ်သည်၏အဖြစ်သို့ ရောက်၏။ ထို့ကြောင့် ထိုကဲ့သို့ မပြုမူ၍ အမျက်ဒေါသ ဖြစ်သည်မှ စ၍ ပျောက်အောင် နှိပ်အပ်ကုန်၏ ဟူလိုသတည်း။

'ဥစ္စာအသုံးအဆောင်နှင့်တကွ ခရီးသွားသောယောကျာ်းသည် ခရီး ၂-ကြောင်းသို့ ရောက်၍ ဤခရီးဖြင့် သွားအပ်၏၊ ဤခရီးဖြင့် မသွားအပ်'-ဟု ဆုံးဖြတ်ခြင်းငှာ မတတ်နိုင်၍ ထိုခရီး ၂-ကြောင်း၌သာ ရပ်လေ၏။ ထိုအခါ ထိုသူတို့ကို ခိုးသူတို့ နှိပ်စက်လေ၏။ ထို့အတူ မူလကမ္မဋ္ဌာန်းကို ယူ၍နေသောရဟန်းသည် ဘုရား-စသော ၅-ပါးသောအရာတို့၌ ယုံမှားခြင်း ဝိစိကိစ္ဆာဖြစ်လတ်သော် ကမ္မဋ္ဌာန်းကို ပွါးစေခြင်းငှာ မတတ်နိုင်။ ထိုအခါ ထိုရဟန်းကို ကိလေသမာရ် အစရှိသော ခိုးသူတို့သည် နှိပ်စက်၍ အကျိုးမဲ့ သံသရာအလျဉ်၌ ပျက်စီးခြင်းသို့ ရောက်စေ၏။ ထို့ကြောင့် ဒွိဓာပထ-ဟူသော အမည်သည် ဝိစိကိစ္ဆာ၏အမည်-ဟု မိန့်တော်မူသတည်း။

ပဥ္စန္နံ နီဝရဏာနံ၊ ၅-ပါးသော နီဝရဏတို့၏။ "ဆပ်ပြာသည်တို့သည် စစ်ပြီးသော ဆပ်ပြာအငန်ရည်ကို ထည့်သည်ရှိသော် အချို့သော ရေအိုးသည် ၂-အိုး, ၃-အိုး စသည် လောင်းငြားသော်လည်း ယိုသည်သာဖြစ်သကဲ့သို့ ၁-လက်ဖက်မျှ မတည်သကဲ့သို့ ထို့အတူ နီဝရဏနှင့် ပြည့်စုံသောပုဂ္ဂိုလ်၏ ကိုယ်တွင်း၌ ကုသိုလ်တရားသည် မတည်။ ထို့ကြောင့် **စင်္ကဝါရ**-ဟူသော အမည်သည် **နီဝရဏတို့၏** အမည်-ဟူလိုသတည်း။

စင်္ကဝါရံ၊ စစ်ပြီးသော အငန်ရည်ကို။ ဥက္ခိပ၊ လော့။ နီဝရဏေ၊ တို့ကို။ ပဇဟ၊ လော့။ နောက်အဖွင့်တည်း။

ပဥ္စန္နံ ဥပါဒါနက္ခန္ဓာနံ၊ ဥပါဒါန်တို့၏ အာရုံဖြစ်သော ၅-ပါးသော ခန္ဓာတို့၏။ အဓိဝစနံ၊ တည်း။ (လိပ်တို့၏သဘောသည် ခြေ ၄-ချောင်း, ဦးခေါင်း၊ ဤ ၅-ပါးသော အရေအတွက်သည် ဖြစ်ကုန်သကဲ့သို့ ထို့အတူ အလုံးစုံသော သင်္ခတတရားတို့သည် ပေါင်းအပ် ရေတွက်အပ်သည်ရှိသော် ဥပါဒါနက္ခန္ဓာ ၅-ပါးဖြစ်ရကား ကုမ္မ-ဟူသော အမည်, ဥပါဒါနက္ခန္ဓာတို့၏အမည်-ဟူလိုသတည်း။) ကုမ္မံ၊ လိပ်ကို။ ဥက္ခိပ၊ ကြွလော့။

စက္ခုဝိညေယျာနံ၊ စက္ခုဝိညာဉ်၏ အာရုံဖြစ်ကုန်သော။ ဣဋ္ဌာနံ၊ ရှာမှီးအပ်ကုန်သော။ ကန္တာနံ၊ နှစ်သက်အပ်ကုန်သော။ မနာပါနံ၊ နှလုံးကို ပွါးစေတတ်ကုန်သော။ ကာမူပသံဟိတာနံ၊ ကာမဂုဏ်နှင့် စပ်ကုန်သော။ ရဇနီယာနံ၊ တပ်အပ်ကုန်သော။ ရူပါနံ၊ ရူပါရုံတို့လည်းကောင်း ။လ။ ဣတိ၊ သို့။ ပဥ္စန္နံ ကာမဂုဏာနံ၊ တို့၏။ အဓိဝစနံ၊ အမည်တည်း။

သားလှီးဓားငယ်ဖြင့် အပေါ်ကို လွှာ၍ သန်လျက်ဖြင့် ဖြတ်သကဲ့သို့ သတ္တဝါတို့သည် ဝတ္ထုကာမဂုဏ်အလို့ငှာ ကိလေသကာမတို့ဖြင့် လှံ့လပြုကုန်၏။ ဝတ္ထုကာမတို့၏ အဖော်သဟဲပြု၍ ကိလေသကာမတို့ဖြင့် နှစ်သက်၍ ခုတ်ဖြတ်သကဲ့သို့ ဖြစ်ကုန်၏။ ထို့ကြောင့် အသိသူန-အမည်သည် ကာမဂုဏ်တို့၏ အမည်-ဟူသတည်း။

အသားတစ်မည်သည်ကို လူတိုင်းပင် တောင့်တကုန်၏။ ကျီး, စွန်ရဲ-စသော သတ္တဝါတို့လည်း တောင့်တကုန်၏။ ဤသတ္တဝါတို့၏ သဘောသည် အဝိဇ္ဇာနှင့် ပြည့်စုံခြင်းကြောင့် နန္ဒီရာဂသို့ ကပ်၍ ဝတ်တရားကို တောင့်တကုန်၏။ ဝါ၊ သားတစ်သဘောသည် ထားရာ၌ ကပ်ငြိသကဲ့သို့၊ ထို့အတူ ဤသတ္တဝါတို့လည်း နန္ဒီရာဂနှင့် စပ်ကုန်သည်ဖြစ်၍ ဝဋ်တရား၌ ကပ်ငြိကုန်၏။ ဆင်းရဲကြီးစွာ တွေ့၍လည်း ဝဋ်ကို မငြီးငွေ့ကုန်။ ထို့ကြောင့် နန္ဒီရာဂသည် သားတစ်နှင့် တူ၏-ဟူလိုသတည်း။

မံသပေသိံ၊ သားတစ်နှင့်တူသော နန္ဒီရာဂကို။ ဥက္ခိပ၊ ခွါလော့။ နန္ဒီရာဂံ၊ ကို။ ပဇဟ၊ စွန့်လော့။ သုမေဓ၊ ပညာရှိသောရဟန်း။ သတ္ထံ၊ ထိုပညာကို။ အာဒါယ၊ ဖြစ်စေ၍။ အဘိက္ကဏ၊ လှံ့လအားထုတ်လော့။ ဣတိ အယံ၊ သည်။ ဧတဿ၊ ထို'မံသပေသိ'ဟူသော ပုဒ်၏။ အတ္ထော၊ တည်း။ ခီဏာသဝဿ၊ ရဟန္တာ၏။ အဓိဝစနံ၊ တည်း။

ဘုရားမြတ်စွာတည်း-ဟူသော နာဂအား-

ဗုဒ္ဓေါ သော ဘဂဝါ ဗောဓိယာ ဓမ္မံ ဒေသေတိ။
သန္တော သော ဘဂဝါ သန္တာယ ဓမ္မံ ဒေသေတိ။
ဒန္တော သော ဘဂဝါ ဒန္တာယ ဓမ္မံ ဒေသေတိ။

**တိဏ္ဏော သော ဘဂဝါ တိဏ္ဏာယ ဓမ္မံ ဒေသေတိ။**

**ပရိနိဗ္ဗုတော သော ဘဂဝါ ပရိနိဗ္ဗာနာယ ဓမ္မံ ဒေသေတိ။ –**

ဟူ၍ ရှိခိုးခြင်းကို ပြု၏ ဟူလိုသတည်း။

ဤအရှင်ကုမာရကဿပမထေရ် ဤသုတ်ကိုပင် ကမ္မဋ္ဌာန်းပြု၍ ဝိပဿနာကို ဖြစ်စေ၍ အရဟတ္တဖိုလ်သို့ ရောက်လေ၏။ ဤသို့ မြတ်စွာဘုရားသည် ရတနာအစု အပေါင်း၌ ပတ္တမြားအထွဋ်ကို တင်ထားသကဲ့သို့ ယထာနုသန္ဓေဖြင့် ဒေသနာတော်ကို ပြီးစေ၏။

**ဝမ္မိကသုတ္တံ နိဋ္ဌိတံ။ ဝမ္မိကသုတ်နိသျ ပြီး၏။**

----- x -----

တစ်ရံရောအခါ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတော်၌ သီတင်းသုံး၍ နေတော်မူ၏။ ထိုသို့ နေတော်မူသောအခါ **အရှင်ကုမာရကဿပ**သည် ဇေတဝန်ကျောင်းတော်၌ ပရိသတ် ၄-ပါးတို့နှင့် ပြွမ်းကုန်သောကြောင့် ဆိတ်ငြိမ်ရာကို မရ၊ ထိုသို့ မရခြင်းကြောင့် သူကန်းတို့နေရာဖြစ်သော တောသို့ ကပ်၍ နေလေ၏။ ထိုအခါ မထင်ရှားသောနတ်သားသည် ညဦးယံလွန်ပြီးသော် သန်းခေါင်အခါ၌ အလုံးစုံသောသူကန်းတို့၏ နေရာဖြစ်သော တောကို ကိုယ်ရောင်ကိုယ်ဝါဖြင့် ထွန်းလင်းစေဦး၍ အရှင်ကုမာရကဿပရှိရာ အရပ်သို့ ကပ်လေ၍ တင့်အပ်လျောက်ပတ်စွာ ရပ်ပြီးသောနတ်သားကသည် ဤသို့သော ပုစ္ဆာအစဉ်ကို ထား၍ မေးလျှောက်၏။

"အရှင်ရဟန်း၊ တစ်ခုသောတောင်ပို့သည် ညဉ့်အခါ အခိုးလွှတ်၏။ နေ့အခါ **အလျှံ လွှတ်၏**။ တစ်ယောက်သောပုဏ္ဏားသည် ပညာရှိသောသူတစ်ယောက်ကို ဤသို့ ဆို၏။ "ပညာရှိ၊ လက်နက်ကို ယူ၍ တောင်ပို့ကို ၄-စိတ်ခွဲ၍ တူးဘိလော့"ဟု။

- တူးသည်ရှိသော် တံခါးကျင်မင်းတုံးကို တွေ့မြင်ရာ၏။
- ထိုအခါ တံခါးကျင်မင်းတုံးကို ပယ်၍ တစ်ဖန် တူးရာ၏။ တူးသည်ရှိသော် တို့တိုင်းကြီးသော ဥဒ္ဓုမာယိကဖားကို တွေ့မြင်ရာ၏။
- ထိုဖားကိုလည်း ပယ်၍ တဖန် တူးပြန်သည်ရှိသော် ခရီး ၂-ကြောင်းကို တွေ့လေရာ၏။
- ထိုခရီး ၂-ကြောင်းကို ပယ်၍ တူးလေသည်ရှိသော် စစ်အပ်ပြီးသော အငန်ရေကို တွေ့မြင်ရာ၏။

- ထိုအငန်ရေကို ပယ်၍ တစ်ဖန် တူးပြန်သည်ရှိသော် လိပ်ကို တွေ့မြင်ရာ၏။
- ထိုလိပ်ကို ပယ်၍ တူးပြန်သည်ရှိသော် သန်လျက်, သားလှီးဓား ၅-စင်းကို တစ်ဖန်တွေ့ ပြန်ရာ၏။
- ထိုသန်လျက်, သားလှီးဓား ၅-စင်းကိုလည်း တောင်ပို့အတွင်း၌ မရှိစေခြင်းငှာ ပယ်၍ တစ်ဖန် တူးပြန်သည်ရှိသော် အမဲသားတစ်ကို တွေ့မြင်ရာ၏။
- ထိုအမဲသားတစ်ကိုလည်း တောင်ပို့၌ မရှိစေခြင်းငှာ ပယ်၍ တစ်ဖန်တူးပြန်သည်ရှိသော် လည်ရေးသုံးဆင့်ရှိသောနဂါးကို တွေ့မြင်ရာ၏။
- လည်ရေးသုံးဆင့်ရှိသော နဂါးကိုမူကား တစ်စုံတစ်ခုသော ဒုတ်, လှင်ကန်-စသည်ဖြင့် မထိစေမူ၍ နဂါးအား ရှိခိုးခြင်းကို ပြုလော့။

အရှင်ရဟန်း၊ ဤပြဿနာကို ဘုရားသခင်အား လျှောက်ထားမေးမြန်းတော်မူပါလေ။ အကြင်အခြင်းဖြင့် အရှင်ဘုရားအား ဖြေကြား၏။ ထိုအခြင်းဖြင့် မှတ်ပါလေ”ဟု ဆို၍ ကွယ်လေ၏။

ထိုအခါ အရှင်ကုမာရကဿပသည် ထိုညဉ့်လွန်သဖြင့် ဘုရားသခင်ရှိရာ ဇေတဝန်ကျောင်းတော်သို့ သွား၍ တင့်အပ်လျောက်ပတ်သောအရပ်၌ နေပြီးသော် ၅-ပါးသော ရှိခိုးခြင်းတို့ဖြင့် ရှိခိုး၍ ဤသို့ နားတော်လျှောက်၏။ “ဘုန်းတော်အလွန်ကြီးမြတ်တော်မူလှသော မြတ်စွာဘုရား၊ အကျွန်ုပ်သည် သူကန်းတို့နေရာဖြစ်သော တော၌ ဆိတ်ငြိမ်ရာအရပ်သို့ ကပ်၍ နေပါသည်။ ထိုအခါ တစ်ဦးသောနတ်သားသည် အကျွန်ုပ်ကို ‘အရှင်ရဟန်း၊ တစ်ခုသော တောင်ပို့သည် ညဉ့်အခါ အခိုးလွှတ်၏၊ နေ့အခါ အလျှံလွှတ်၏-အစရှိသည်ဖြင့် ပုစ္ဆာအစဉ်ထား၍ မေးပါသည်ဘုရား။

- တစ်ခုသော တောင်ပို့-ဟူသည် အဘယ်နည်း?
- ညဉ့်အခါ အခိုးလွှတ်၏-ဟူသည် အဘယ်နည်း?
- နေ့အခါ အလျှံလွှတ်၏-ဟူသည် အဘယ်နည်း?
- ပုဏ္ဏား-ဟူသည် အဘယ်နည်း?
- ပညာရှိသောသူကား အဘယ်နည်း?
- လက်နက်-ဟူသည် အဘယ်နည်း?
- လေးစိတ်ခွဲ၍ တူးဆွရာ၏-ဟူသည် အဘယ်နည်း?
- တံခါးကျင်မင်းတုံး-ဟူသည် အဘယ်နည်း?

- တို့တိုင်းကြီးသော ဖား-ဟူသည် အဘယ်နည်း?
- ခရီး ၂-ကြောင်းဟူသည် အဘယ်နည်း?
- စစ်အပ်သောအငန်ရေ-ဟူသည် အဘယ်နည်း?
- လိပ်-ဟူသည် အဘယ်နည်း?
- သန်လျက်, သားလှီးဓား ၅-စင်း-ဟူသည် အဘယ်နည်း?
- အမဲသားတစ်-ဟူသည် အဘယ်နည်း?
- လည်ရေး ၃-ဆင့်ရှိသော နဂါး-ဟူသည် အဘယ်နည်း?

မြတ်စွာဘုရား"ဟု လျှောက်ထားသည်။

ထိုအခါ သစ္စာ ၄-ပါး၊ ၅-ပါးဥေယျဓမ္မတို့ကို အကြွင်းမရှိ သိတော်မူသော သဗ္ဗညု ဘုရားသခင်သည် ထိုပြဿနာပုစ္ဆာကို ဖြေသောအားဖြင့် ဟောတော်မူလိုသည်ဖြစ်၍-

**ဝမ္မိကောတိ ခေါ ဘိက္ခု ဣမဿေတံ စာတုမဟာဘူတိကဿ ကာယဿ အဓိဝစနံ မာတာပေတ္တိကသမ္ဘဝဿ ဩဒနကုမ္မာသူပစယဿ အနိစ္စုစ္ဆာဒန ပရိမဒ္ဒန ဘေဒန ဝိဒ္ဓံသနဓမ္မဿ။**

အစရှိသော ဒေသနာတော်မြတ်ကို ဟောတော်မူသည်။

ထိုဒေသနာတော်မြတ်၏ အဓိပ္ပါယ်သော်ကား "ချစ်သား ကုမာရကဿပ၊ တောင်ပို့ ဟူသော အမည်သည် ၄-ပါးသော မဟာဘုတ်ဖြင့်ပြီးသော၊ မိဘတို့၏ သုက်သွေးကြောင့်ဖြစ်သော၊ ထမင်း, မုယောမုန့်တို့သည် ကြီးစေအပ်သော၊ မမြဲသောသဘော၊ ဆုပ်နယ်ခြင်းသဘော၊ ပျက်စီးခြင်းသဘော၊ ကွဲပြိုခြင်းသဘောရှိသော ရူပကာယ၏ အမည်သာ ဖြစ်၏။

အဘယ်ကြောင့် ရူပကာယသည် တောင်ပို့နှင့် တူလေသနည်းဟူမူကား ခြတို့သည် အနည်းငယ်သော မြေကို တံတွေးဖြင့် ဆွတ်၍ အပအရပ်၌ အန်၍ ပြုသောကြောင့် တောင်ပို့ မည်သကဲ့သို့-

"အရိယေဟိ နိရပေက္ခော ဟုတွာ ဝမိတဗ္ဗောတိ ဝမ္မိကော"ဟူသော အဋ္ဌကထာ ပါဌ်နှင့်အညီ အရိယာပုဂ္ဂိုလ်တို့သည် ငဲ့ကွက်ခြင်း မရှိသည်ဖြစ်၍ အန်အပ်သော သဘောတရား ဖြစ်သောကြောင့်လည်း တောင်ပို့နှင့် တူ၏။

တောင်ပို့သည် အပေါက်ပေါက်၊ အတွင်းတွင်းရှိသကဲ့သို့ ဤကိုယ်၌လည်း ခံတွင်း, နားတွင်း, နှာခေါင်း, မျက်ကွင်း-စသည်တို့ဖြင့် အပေါက်ပေါက်, အတွင်းတွင်းရှိသောကြောင့် တောင်ပို့နှင့် တူ၏။

တောင်ပို့၏အတွင်း၌ ဖွတ်, ကြောင်, မြွေ, မြွေပါ-အစရှိသော သတ္တဝါတို့၏နေရာ၊ ကျင်ကြီး, ကျင်ငယ်စွန့်ရာ၊ အိမ်ထောင်ရာ၊ သားဖွားရာ၊ သုသာန်သင်္ချိုင်းပြုရာ ဖြစ်သကဲ့သို့ ဤကိုယ်၏အတွင်း၌လည်း ပိုးမျိုး ၈၀-တို့၏နေရာ ကျင်ကြီး, ကျင်ငယ်စွန့်ရာ၊ အိမ်ထောင်ရာ၊ သားဖွားရာ၊ သုသာန်သင်္ချိုင်းပြုရာ ဖြစ်သောကြောင့် တောင်ပို့နှင့် တူ၏။

ခပ်သိမ်းသောသတ္တဝါတို့သည် နေ့အခါပြုအပ်သော လယ်လုပ်ခြင်း, ကုန်သွယ်ခြင်း, မင်းခစားခြင်းအစရှိသောအမှု မှုဆိုး, တံငါတို့၏အမှု-စသည်တို့ကို အာရုံပြု၍ ညဥ့်အခါ အဖန်တလဲလဲ ကြံဆင်ခြင်၏။ ဤသို့ ကြံဆင်ခြင်ခြင်းသည် ညဥ့်အခါ အခိုးလွှတ်သည် မည်၏။ ထို့ကြောင့်-

> ယံ ခေါ ဘိက္ခု ဒိဝါ ကမ္မန္တေ အာရဗ္ဘ ရတ္တိံ အနုဝိတက္ကေတိ အနုဝိစာရေတိ၊ အယံ ရတ္တိံ ဓူမာယနာ။

ဟု ဟောတော်မူသည်။

ခပ်သိမ်းသော သတ္တဝါတို့သည် ညဥ့်အခါ အဖန်တလဲလဲ ကြံပြီးသော် နေ့အခါ ပြုအပ်သော အမှုကိစ္စတို့ကို ကိုယ်, နှုတ်, နှလုံးတို့ဖြင့် ပြု၏။ ဤသို့ ပြုခြင်းသည် နေ့အခါ အလျှံလွှတ်သည် မည်၏။ ထို့ကြောင့်-

> ယံ ခေါ ဘိက္ခု ရတ္တိံ အနုဝိတက္ကေတွာ အနုဝိစာရေတွာ ဒိဝါ ကမ္မန္တေ ပယော-ဇေတိ။ ကာယေန ဝါစာယ မနသာ။ အယံ ဒိဝါ ပဇ္ဇလနာ။

ဟု ဟောတော်မူသည်။

"သဝါသနာယ ဗာဟိတပါပေါတိ ဗြာဟ္မဏော"ဟူသော ဝစနတ္ထနှင့်အညီ ပုဏ္ဏား-ဟူသော အမည်သည် ဝါသနာနှင့်တကွ အလုံးစုံ ကုသိုလ်, အကုသိုလ်တရားတို့ကို ပယ်တော်မူပြီးသည်၏အဖြစ်ကြောင့် ဘုရားသခင်သည် ဗြာဟ္မဏမည်၏။ ထို့ကြောင့်-

> ဗြာဟ္မဏောတိ ခေါ ဘိက္ခု တထာဂတဿေ'တံ အဓိဝစနံ အရဟတော သမ္မာ-သမ္ဗုဒ္ဓဿ။

ဟု ဟောတော်မူသည်။

ယောဂါဝစရဖြစ်၍ ကျင့်ဆဲဖြစ်သော ပုဂ္ဂိုလ်သည် ပညာရှိ မည်၏။ ထို့ကြောင့်-

> သုမေဓောတိ ခေါ ဘိက္ခု သေက္ခဿေ'တံ ဘိက္ခုနော အဓိဝစနံ။

ဟု ဟောတော်မူသည်။ လက်နက်ဟူသော အမည်သည် မြတ်သောပညာ၏ အမည်သာတည်း။

၄-စိတ်ခွဲ၍ အဘယ်သို့ မပြတ်တူးရာသနည်းဟူမူကား ပညာဟူသော လက်နက်ဖြင့် တောင်ပို့သဖွယ်ဖြစ်သော ဤကိုယ်ကို ပထဝီဓာတ်-၂၀၊ အာပေါဓာတ် ၁၂-ပါး၊ တေဇောဓာတ် ၄-ပါး၊ ဝါယောဓာတ် ၆-ပါးတို့ကို စွဲ၍ အဖန်တလဲလဲ ဆင်ခြင်အားထုတ်ခြင်းသည် ၄-ဖြာ ခွဲဝေ၍ မပြတ်တူးဆွသည် မည်၏။ ထို့ကြောင့်-

သတ္ထန္တိ ခေါ ဘိက္ခု အရိယာယေ'တံ ပညာယ အဓိဝစနံ။
အဘိက္ခဏန္တိ ခေါ ဘိက္ခု ဝီရိယာရမ္ဘဿေ'တံ အဓိဝစနံ။

ဟု ဟောတော်မူသည်။

**အဝိဇ္ဇာ-ဟူသော မောဟသည် တံခါးကျင်မင်းတုပ် မည်၏။** အဘယ်ကြောင့် အဝိဇ္ဇာသည် တံခါးကျင်မင်းတုပ်-မည်လေသနည်းဟူမူကား ပစ္စင်, ရင်ထား, တံခါး, ကျုံး, မြောင်း, တန်ဆောင်း, ပြအိုး, တံတိုင်းတို့ဖြင့် ခိုင်ခံ့စွာ စီရင်အပ်သော မြို့၊ တံခါးကျင်မင်းတုပ်ဖြင့် မြဲမြံခိုင်ခံ့စွာ ဖွဲ့အပ်သည်ရှိသော် မြို့တွင်း,မြို့ပ၌နေကုန်သော လူအပေါင်းတို့၏ ထွက်ရာ, ဝင်ရာအခွင့်ကို မရသကဲ့သို့ ထို့အတူ အဝိဇ္ဇာ-ဟူသော မောဟသည် သတ္တဝါတို့၏ ကိုယ်တွင်း၌ ဖြစ်ကုန်သည်ရှိသော် တစ်စုံတစ်ခုသော သဒ္ဓါ, ဝီရိယ, သတိ, သမာဓိ, ပညာ, ဟိရီ, ဩတ္တပ္ပ-စသော တရားတို့ဖြင့် ပြဋ္ဌာန်းသော ကာမာဝစရကုသိုလ်, ရူပါဝစရကုသိုလ်, အရူပါဝစရကုသိုလ်, လောကုတ္တရာကုသိုလ်တို့၏ ဒွါရ ၆-ပါး၌ ထွက်ရာ, ဝင်ရာကို မရနိုင်ရာ။ အဝိဇ္ဇာဟူသော မောဟကို ပယ်သဖြင့် ရရာ၏။ ထို့ကြောင့်-

လင်္ဂီတိ ခေါ ဘိက္ခု အဝိဇ္ဇာယေ'တံ အဓိဝစနံ။ ဥက္ခိပ လင်္ဂိ ပဇဟ အဝိဇ္ဇံ။

အစရှိသည်ဖြင့် ဟောတော်မူသည်။

မိမိ,သူတပါး ၂-ပါးတို့အား ကြမ်းတမ်းသဖြင့် ပြစ်မှားခြင်းလက္ခဏာရှိသော ဒေါသသည် **ဥဒ္ဓုမာယိက တို့တိုင်းကြီးသောဖား မည်၏။** အဘယ်ကြောင့်နည်းဟူမူကား ဥဒ္ဓုမာယိက အမည်ရှိသော ဖားသည် ပဲကြီးစေ့ခန့် ပမာဏရှိ၏။ ထိုဖားကို တစ်စုံတစ်ယောက်သောသူသည် ဒုတ်, လှင်ကန်-စသည်ဖြင့် ထိလေရာ၏။ ထိုအခါ ဖားသည် ကြီး၍လာသဖြင့် ထန်းသီး, အုန်းသီးပမာဏရှိ၍ ခြေဖြင့် မြေကို ထိစေခြင်းငှာ မတတ်စွမ်းနိုင်။ ထိုဖားငယ်ကို ကျီး, စွန်ရဲ-အစရှိသော သတ္တဝါတို့သည် ထိုးဆွဆိတ်ဖောက်ခွဲ၍ စားသောကြောင့် သေသော်လည်း သေရာ၏။ သေလောက်ရုံမျှသော ဘေးကို တွေ့သော်လည်း တွေ့လေရာ၏။

ထို့အတူ ဒေါသအားကြီးသောသူသည် အနည်းငယ်သော အမနာပစကားကို ဆိုသဖြင့် အားနည်းသောဒေါသ ဖြစ်ရာ၏။ များစွာသော အမနာပစကားကို ဆိုသဖြင့် အားကြီးသောဒေါသ ဖြစ်၏။ အားနည်းသော ဒေါသဖြစ်ခြင်းကြောင့် ကလဟ, ဝိဂ္ဂဟ,

ဝိဝါဒ, ဒဏ္ဍာဒါန, သတ္ထာဒါန-အစရှိသော ဘေးကို တွေ့၍ သေလေသော်လည်း သေရာ၏၊ သေလောက်ရုံမျှသော ဘေးကို တွေ့သော်လည်း တွေ့ရာ၏။ ထိုဒေါသကို ပယ်သဖြင့် မတွေ့ရာ။ ထို့ကြောင့်-

ဥဒ္ဓုမာယိကာတိ ခေါ ဘိက္ခု ကောဓူပါယာသဿေ'တံ အဓိဝစနံ။ ဥက္ခိပ ဥဒ္ဓုမာယိကံ၊ ပဇဟ ကောဓူပါယာသံ။

အစရှိသည်ဖြင့် ဟောတော်မူသည်။

**အာရုံ၏သဘောကို မဆုံးဖြတ်နိုင်ခြင်း လက္ခဏာရှိသော ဝိစိကိစ္ဆာသည် ခရီး ၂-ကြောင်း မည်၏။** အဘယ်ကြောင့်မည်သနည်း-ဟူမူကား အသပြာ ၁,၀၀၀-ထုပ်ကို ပိုက်၍ ခရီးခဲသို့ သွားသောသူသည် ခရီး ၂-ကြောင်းသို့ ရောက်သောအခါ "ဤခရီးသည် အလိုရှိအပ်သော ဟုတ်မှန်သောခရီး ဖြစ်ပါလေ၏လော။ သားရဲ, ခိုးသူရှိသောခရီး ဖြစ်လေသလော၊ မဖြစ်လေသလော"အစရှိသည်ဖြင့် တွေးတောယုံမှားခြင်း များသောသူသည် လိုအပ်သောအရပ်သို့ မရောက်သကဲ့သို့ ထို့အတူ မဂ်, ဖိုလ်, နိဗ္ဗာန်ကို အလိုရှိကုန်သော သူတို့သည် "ဤဘုရား သဗ္ဗညု ဟုတ်လေ၏လော, မဟုတ်လော။ တရားတော်သည် ဝဋ်ဆင်းရဲမှ ထွက်မြောက်ကြောင်း ဟုတ်လေ၏လော, မဟုတ်လော။ သံဃာတော်သည် သုပ္ပဋိပန္န-စသော ကျေးဇူးနှင့် ပြည့်စုံလေ၏လော, မပြည့်စုံလော။ ငါကျင့်အပ်သော ဒါန, သီလသည် အကျိုးရှိလေ၏လော, မရှိလော"ဟု တွေးတောယုံမှားခြင်း များသောသူသည် အလိုရှိအပ်သော အကျိုး-ဟု ဆိုအပ်သော မဂ်, ဖိုလ်, နိဗ္ဗာန်ကို မရနိုင်ရာ။ ထိုဝိစိကိစ္ဆာကို ပယ်မှသာလျှင် ရနိုင်ရာ၏။

ထို့ကြောင့်-

ဒွိဓာပထောတိ ခေါ ဘိက္ခု ဝိစိကိစ္ဆာယေ'တံ အဓိဝစနံ၊ ဥက္ခိပ ဒွိဓာပထံ၊ ပဇဟ ဝိစိကိစ္ဆံ။

အစရှိသည်ဖြင့် ဟောတော်မူသည်။

**ကာမစ္ဆန္ဒ, နီဝရဏ-အစရှိကုန်သော နီဝရဏတို့သည် စစ်အပ်သော အင်နရေ မည်၏။** အဘယ်ကြောင့် မည်လေသနည်းဟူမူကား လောက၌ စစ်အပ်သော အင်နရေသည် တစက်စက် ကျဖန်များသဖြင့် အိုးစရည်းကြီး ပြည့်သကဲ့သို့ ထို့အတူ နီဝရဏတရားတို့သည်လည်း အနည်းငယ်, အနည်းငယ် သတ္တဝါတို့၏ ကိုယ်တွင်းသန္တာန်၌ ဖြစ်ဖန်များသဖြင့် အကုသိုလ်ဒုစရိုက်တို့သည် ပြည့်ရာ၏။ အကြောင်းဖြစ်သော အကုသိုလ်ဒုစရိုက်

ပြည့်ခြင်းကြောင့် အကျိုးဖြစ်သော အပါယ်ဒုက္ခ-အစရှိသော ဆင်းရဲအပေါင်းသည် ဖြစ်ရာ၏။ အငန်ရေသဖွယ်ဖြစ်သော နီဝရဏကို ပယ်သဖြင့် အပါယ်ဒုက္ခ-အစရှိသော ဆင်းရဲ မဖြစ်ရာ။ ထို့ကြောင့်-

**စက်ဝါရံတိ** ခေါ ဘိက္ခု ပဥ္စန္နေ'တံ နီဝရဏာနံ အဓိဝစနံ၊ ဉက္ခိပ စက်ဝါရံ ပဇဟ ပဥ္စ နီဝရဏေ။

အစရှိသည်ဖြင့် ဟောတော်မူသည်။

**ဉပါဒါနက္ခန္ဓာ ၅-ပါးသည် လိပ်မည်၏**။ အဘယ်ကြောင့် လိပ်မည်လေသနည်းဟူမူကား လိပ်သည် ခြေ, လက်, ဦးခေါင်း ၅-ခုသချာ ရှိသကဲ့သို့ ထို့အတူ ဉပါဒါနက္ခန္ဓာသည်လည်း ၅-ခုသချာရှိရကား လိပ်မည်၏။ လိပ်သဖွယ်ဖြစ်သော ဉပါဒါနက္ခန္ဓာ ၅-ပါးကိုလည်း တဏှာ, မာန, ဒိဋ္ဌိတို့သည် မစွဲလမ်းရာ။ ဉာဏ်ဖြင့် စွန့်ရာ၏။ ထို့ကြောင့်-

**ကုမ္မောတိ** ခေါ ဘိက္ခု ပဥ္စန္နေ'တံ ဉပါဒါနက္ခန္ဓာနံ အဓိဝစနံ။ ဉက္ခိပ ကုမ္မံ ပဇဟ ပဥ္စုပါဒါနက္ခန္ဓေ။

အစရှိသည်ဖြင့် ဟောတော်မူသည်။

**ကာမဂုဏ် ၅-ပါးသည် သားလှီးဓား ၅-စင်း မည်၏**။ အဘယ်သို့ မည်လေသနည်းဟူမူကား လောက၌ သားလှီးဓား ၅-စင်းဖြင့် သား, ငါး-စသည်တို့ကို လှီးကုန်သကဲ့သို့ ထို့အတူ ကာမဂုဏ် ၅-ပါးလျှင် အကြောင်းရင်းရှိသော အကုသိုလ်ဒုစရိုက်သည် ဖြစ်ရာ၏။ ထိုဒုစရိုက်အကျိုးပေးသောကြောင့် အပါယ် ၄-ပါးသို့ အစုတ်စုတ်, အတွင်းတွင်း ပျက်စီးလျက် ကျလေ၏။ သံသရာဝဋ်ဆင်းရဲ ရှည်လျားခြင်းသည် ဖြစ်လေရာ၏။ ထိုကာမဂုဏ်ကို ပယ်ရမူကား ထိုဆိုအပ်ခဲ့ပြီးသော ဘေးအပေါင်းတို့သည် မဖြစ်ရာ။ ထို့ကြောင့်-

**အသိသူနာတိ** ခေါ ဘိက္ခု ပဥ္စန္နေ'တံ ကာမဂုဏာနံ အဓိဝစနံ၊ ဉက္ခိပ အသိသူနံ ပဇဟ ပဥ္စကာမဂုဏေ။

အစရှိသည်ဖြင့် ဟောတော်မူသည်။

**နန္ဒီရာဂတဏှာသည် အမဲသားတစ် မည်၏**။ အဘယ်ကြောင့် မည်လေသနည်းဟူမူကား ပူလှစွာသော အိုးကင်း၌ အမဲသားစိုကို ပစ်ချအပ်သည်ရှိသော် အလွန် ကပ်ငြိသဖြင့် ခွါခြင်းငှာ ခဲသကဲ့သို့ ထို့အတူ နန္ဒီရာဂတဏှာသည် ရူပါရုံ-အစရှိသော အာရုံ ၆-ပါးတို့၌ ပြင်းစွာ တပ်သောအားဖြင့် ကပ်ငြိတတ်၏။ ထိုအမဲသားတစ်သဖွယ်ဖြစ်သော နန္ဒီရာဂတဏှာကိုလည်း စွန့်ရာ၏-ဟူ၍ ဟောတော်မူလိုသည်ဖြစ်၍-

မံသပေသီတိ ခေါ ဘိက္ခု နန္ဒိရာဂဿေ'တံ အဓိဝစနံ၊ ဥက္ခိပ မံသပေသိံ ပဇဟ နန္ဒိရာဂံ။

ဟူ၍ ဟောတော်မူသည်။

ကိလေသာအာသဝေါတို့၏ ကုန်ခြင်းသို့ ရောက်တော်မူကုန်သော ဘုရား, ပစ္စေကဗုဒ္ဓါ, ရဟန္တာပုဂ္ဂိုလ်တို့သည်လည်းကောင်း ထိုပုဂ္ဂိုလ်တို့ကို အကြောင်းပြုသဖြင့် ရတနာ ၃-ပါးတို့သည်လည်းကောင်း လည်ရေး ၃-ဆင့်ရှိသော နဂါး မည်၏။ အဘယ်ကြောင့်နည်း ဟူမူကား လောက၌ လျှင်သောအဆိပ်, ကြမ်းသောအဆိပ်နှင့် ပြည့်စုံသော တန်ခိုးထက်သောနဂါးတို့ကို မထေမဲ့မြင် မခိုင်းမနှိုင်းပြု၍ အုတ်ခဲ, ကျောက်ခဲ, တုတ်, လှံကန်စသည်တို့ဖြင့် ပစ်ခတ်ရိုက်ပုတ်ခြင်းကို ပြုသောသူအား နဂါးတို့သည် အမျက်ထွက်သဖြင့် မျက်စောင်းထိုးခြင်း၊ အကျိုးမဲ့ကို ဆောင်ခြင်း-အစရှိသည်တို့ကို ပြု၍ ဖွဲပြာဖြစ်ခြင်း၊ အနာရောဂါ စွဲရောက်ခြင်း၊ သေကျေပျက်စီးခြင်း၊ ဥစ္စာကုန်ခန်းခြင်းသို့ ရောက်ရာ၏။ နဂါးအားရိုသေခြင်း-အစရှိသည်ကို ပြုရာ၏။ ပြုသည်ရှိသော် ထိုနဂါးတို့သည် ရွှေ, ငွေ, ကျောက်, သံ, ပတ္တမြား-အစရှိသော ရတနာမျိုးတို့ကို ပေးသဖြင့် တသက်လုံး သုံးဆောင်၍ မကုန်နိုင်သော ရတနာမျိုးတို့နှင့် ပြည့်စုံကုန်သကဲ့သို့ ထို့အတူ နဂါးသဖွယ်ဖြစ်သော ရတနာ ၃-ပါးတို့အား ကာယကံ, ဝစီကံ, မနောကံတို့ဖြင့် ထိပါးတိုက်ခိုက် ပြစ်မှားမိသောသူတို့သည် ချမ်းသာ ၃-ပါးမှ ကင်း၍ ပစ္စက္ခမျက်မှောက်၌ ဥစ္စာစည်းစိမ် ဆုတ်ယုတ်ခြင်း၊ ခိုးသူဘေး, မင်းဘေး-အစရှိသော ဥပဒ္ဒဝေါတို့သည် ဖြစ်ရာ၏။

အပါယ် ၄-ပါး-စသော ဘေးတို့သည် ဖြစ်ရာ၏။ အနာရောဂါ စွဲရောက်ခြင်းတို့သည်လည်း ရောက်ရာ၏။ ရတနာ ၃-ပါးတို့အား ကံ ၃-ပါးတို့ဖြင့် မပြစ်မှားမူ၍ ရိုသေသော သူတို့သည် ဆိုအပ်ခဲ့ပြီးသော ပစ္စက္ခဘဝ၌ ဖြစ်သောဘေး အစရှိသည် မဖြစ်ရာ။ လူ, နတ်တို့သည် နှစ်သက်အပ်သော လူ,နတ်,နိဗ္ဗာန်၊ ၃-တန်သော ချမ်းသာကို ရရာ၏။ ထို့ကြောင့်-

နာဂေါတိ ခေါ ဘိက္ခု ခီဏာသဝဿေ'တံ အဓိဝစနံ၊ တိဋ္ဌတု နာဂေါ၊ မာ နာဂံ ဃဋ္ဋေသိ၊ နမော ကရောဟိ နာဂဿ။

အစရှိသည်ဖြင့် ဟောတော်မူသည်။

ဝမ္မိကသုတ်. ပါဌ်,နိဿျ အဓိပ္ပါယ် ပြီး၏။

----- x -----

## မေတ္တာနိသံသသုတ် *(ဩက္ခာသုတ်)* , ပါဠိ, နိဿျ

ယော ဘိက္ခဝေ ပုဗ္ဗဏှသမယံ ဩက္ခာသတံ ဒါနံ ဒဒေယျ၊ ယော မဇ္ဈန္တိကသမယံ ဩက္ခာသတံ ဒါနံ ဒဒေယျ၊ ယော သာယဏှသမယံ ဩက္ခာသတံ ဒါနံ ဒဒေယျ။ ယော ဝါ ပုဗ္ဗဏှသမယံ အန္တမသော ဂဒ္ဒူဟနမတ္တမ္ပိ မေတ္တစိတ္တံ ဘာဝေယျ၊ ယော ဝါ မဇ္ဈန္တိကသမယံ အန္တမသော ဂဒ္ဒူဟနမတ္တံပိ မေတ္တစိတ္တံ ဘာဝေယျ၊ ယော ဝါ သာယဏှသမယံ အန္တမသော ဂဒ္ဒူဟနမတ္တမ္ပိ မေတ္တစိတ္တံ ဘာဝေယျ။ ဣဒံ တတော မဟပ္ဖလတရံ။ တသ္မာတိဟ ဘိက္ခဝေ ဧဝံ သိက္ခိတဗ္ဗံ "မေတ္တာ နော စေတောဝိမုတ္တိ ဘာဝိတာ ဘဝိဿတိ ဗဟုလီကတာ ယာနီကတာ ဝတ္ထုကတာ အနုဋ္ဌိတာ ပရိစိတာ သုသမာရဒ္ဓါ"တိ။ ဧဝဉ္ဟိ ဝေါ ဘိက္ခဝေ သိက္ခိတဗ္ဗန္တိ။ (သံ၊၁။၄၅၅)

ဘိက္ခဝေ၊ တို့။ ယော သဒ္ဓေါ၊ အကြင်သဒ္ဓါတရားနှင့် ပြည့်စုံသောပုဂ္ဂိုလ်သည်။ ပုဗ္ဗဏှသမယံ၊ နံနက်အခါ၌။ ဩက္ခာသတံ၊ မွန်မြတ်သော ခဲဖွယ်, ဘောဇဉ်တို့ဖြင့် ပြည့်စုံသော ဒယ်အိုးကြီးအလုံး ၁၀၀-အရေအတွက်ရှိသော။ ဒါနံ၊ ခဲဖွယ်,ဘောဇဉ်အလှူကို။ ဒဒေယျ၊ ပေးလှူရာ၏။ ယော သဒ္ဓေါ၊ သည်။ မဇ္ဈန္တိကသမယံ၊ မွန်းတည့်အခါ၌။ ဩက္ခာသတံ၊ သော။ ဒါနံ၊ ကို။ ဒဒေယျ၊ ၏။

ယော သဒ္ဓေါ၊ အကြင်သဒ္ဓါတရားနှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည်။ သာယဏှသမယံ၊ ညချမ်းအခါ၌။ ဩက္ခာသတံ၊ မွန်မြတ်သော ခဲဖွယ်,ဘောဇဉ်တို့ဖြင့် ပြည့်စုံသော ဒယ်အိုးကြီးအလုံး ၁၀၀-အရေအတွက်ရှိသော။ ဒါနံ၊ ခဲဖွယ်, ဘောဇဉ်အလှူကို။ ဒဒေယျ၊ ၏။

ယော ဝါ မုဒုစိတ္တော၊ အကြင်နူးညံ့သောစိတ်ရှိသော ပုဂ္ဂိုလ်သည်။ ပုဗ္ဗဏှသမယံ၊ နံနက်အခါ၌။ အန္တမသော၊ ယုတ်သော အပိုင်းအခြားအားဖြင့်။ ဂဒ္ဒူဟနမတ္တမ္ပိ၊ နွားနို့ ၁-ကြိမ်ထွက်ရုံ ညှစ်သောကာလ အတိုင်းအရှည်မျှလည်း။ မေတ္တစိတ္တံ၊ မေတ္တာနှင့် ယှဉ်သော စိတ်ကို။ ဘာဝေယျ၊ 'အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု'-ဟု ၄-ပါးသော အခြင်းအရာဖြင့် ပွါးစေအံ့၊ ယော ဝါ မုဒုစိတ္တော၊ သည်။ မဇ္ဈန္တိကသမယံ၊ မွန်းတည့်သောအခါ၌။ အန္တမသော၊ ဖြင့်။ ဂဒ္ဒူဟနမတ္တမ္ပိ၊ လည်း။ မေတ္တစိတ္တံ၊ ကို။ ဘာဝေယျ၊ အံ့။ ယော ဝါ မုဒုစိတ္တော၊ အကြင်နူးညံ့သောစိတ်ရှိသော ပုဂ္ဂိုလ်သည်။ သာယဏှသမယံ၊ ညချမ်းအခါ၌။ အန္တမသော၊ ယုတ်သော အပိုင်းအခြားအားဖြင့်။ ဂဒ္ဒူဟနမတ္တမ္ပိ၊ နွားနို့ ၁-ကြိမ် ထွက်ရုံညှစ်သော ကာလအတိုင်းအရှည်မျှလည်း။ မေတ္တစိတ္တံ၊ မေတ္တာနှင့်ယှဉ်သော စိတ်ကို။ ဘာဝေယျ၊ 'အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ

ဟောန္တု၊ အနီဃာ ဟောန္တု၊ သုခီ အတ္တာနံ ပရိဟရန္တု'-ဟု ၄-ပါးသော အခြင်းအရာဖြင့် ပွါးစေအံ့။

က္လဒံ၊ ဤမေတ္တာ-ဟူသည်၊ အေးကြည်စွာလှ၊ ပြဟ္မဝိဟာရတရားကို၊ နွားနို့တစ်ညှစ် မျှ၊ ၃-ကာလတို့၌ ပွါးစေအပ်သော ကုသိုလ်သည်။ တတော၊ ထိုတစ်နေ့ ၃-ခါ၊ ၁၀၀-သော အိုးကြီးဖြင့် ချက်သော ခဲဖွယ်ဘောဇဉ်အလှူထက်။ မဟပ္ဖလံ၊ ကြီးမြတ်သော အကျိုးရှိ၏။ တသ္မာ၊ ထိုသို့ မေတ္တာဘာဝနာ၏ ကြီးမြတ်သော အကျိုးရှိသည်၏အဖြစ် ကြောင့်။ ဘိက္ခဝေ၊ ရဟန်းတို့။ ဝေါ၊ သင်တို့သည်။ ဧဝံ၊ ဤဆိုလတ္တံ့သော အခြင်းအရာဖြင့်။ သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏။ နော၊ ငါတို့သည်။ စေတောဝိမုတ္တိ၊ စိတ်၏ နီဝရဏတို့မှ လွတ် ကြောင်းဖြစ်သော။ မေတ္တာ၊ မေတ္တာကို။ ဘာဝိတာ၊ ပွါးစေအပ်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဗဟုလီကတာ၊ အကြိမ်များစွာ၊ လေ့လာအပ်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ယာနီကတာ၊ အထက်က စီးထားပြီးသော ယာဉ်ကဲ့သို့ ပြုအပ်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဝတ္ထုကတာ၊ တည်ရာ ဝတ္ထုကဲ့သို့ ပြုအပ်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ အနုဋ္ဌိတာ၊ မလျှပ်မကျ မြဲစွာ ပြုအပ်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ပရိစိတာ၊ ထက်ဝန်းကျင်မှ လေ့လာအပ်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ သုသမာရဒ္ဓါ၊ ကောင်းစွာ အသင့်အားဖြင့် အားထုတ်အပ်သည်။ ဘဝိဿတိ၊ ဖြစ်လတ္တံ့။ ဧဝံ၊ သို့။ သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဝေါ၊ သင်တို့သည်။ ဧဝံ၊ ဤဆိုအပ်ခဲ့ပြီးသော အခြင်းအရာ ဖြင့်။ သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏။ က္လဒံ၊ ဤမေတ္တာနိသံသသုတ်ကို။ ဘဂဝါ၊ မြတ်စွာဘုရား သည်။ အဝေါ စ၊ ဟောတော်မူ၏။

ဤင်းစကားရပ်တို့ကို အကျယ်သိလိုလျှင် မူလပဏ္ဏာသ၊ ၃-ခုမြောက်သော ဩပမဝဂ် အစု၊ ၃-ခုမြောက်သော ဝမ္မိကသုတ် ပါဠိ, အဋ္ဌကထာ, ဋီကာ၊ နိဒါနဝဂ္ဂသံယုတ်၊ ဩက္ခာသုတ်၊ ပါဠိ, အဋ္ဌကထာတို့မှာ ကြည့်လေ။

မြေတူးမြို့၊ ဒကာမွှန်းက "တောင်ပို့ကို ဥပမာပြု၍ ဟောတော်မူသော ဝမ္မိက သုတ်၊ မေတ္တာနိသံသသုတ်များကို ပါဠိ, အနက်အဓိပ္ပါယ်နှင့်တကွ အသေအချာ သိမှတ်လို ကြောင်း"နှင့် တောင်းပန်လာသောကြောင့် ကျမ်းဂန်ပါဠိ ရှိသည့်အလာ ဒေသနာနယကို ပြထုတ်ဆောင်၍ ၁၂၃၈-ခု၊ တပေါင်းလဆန်း၊ ၁၅-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိ- ရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★ ★ ★ ★ ★ ★ ★

# ပဥ္စမသင်္ဂါယနာတင် မင်းတရားကြီးဘုရား သားတော် သုံးဆယ်မင်းသား-က မှတ်သားလေ့ကျက်ရန် သြဝါဒစမ္မကို ညွှန်ပြပါမည့်အကြောင်းနှင့် လျှောက်ထားချက်

[ ၁၃၀ ] "သားတော် သုံးဆယ်မင်းသား လျှောက်ပါသည် ဆရာတော်ဘုရား။ အမျိုးသားတို့ အသင့်နှလုံးသွင်းထား၊ သင်ကြားလေ့ကျက် ဆောင်ရွက်မှတ်သား အားထုတ်ကြည့်ရှုရန် ကျမ်းဂန်အရ သြဝါဒကထာ ဆုံးမစာရေးသား ကယ်မသနား တော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။"

၎င်းလျှောက်ချက်အရ ရေးပေးတော်မူသော–

[၁၃၀] **သာရဏီယသြဝါဒကထာ**

- ခမည်းတော်သုဒ္ဓေါဒနမင်းကြီး ဆက်သအပ်သော မာနုသိကသေတဆတ္တ-ဟု ဆိုအပ်သော **ပထမထီးဖြူ၊**
- သဟံပတိဗြဟ္မာစသော နတ်ဆက်သအပ်သော ဒေဝဒတ္တဆတ္တ-ဟု ဆိုအပ်သော **ဒုတိယထီးဖြူ၊**
- ရတနာပလ္လင် ဗောဓိပင်၌ ရတော်မူအပ်သော အရဟတ္တဖိုလ်-တည်းဟူသော **တတိယထီးဖြူ–**

ကို ဆောင်းတော်မူတတ်သောကြောင့် **အတိသေတဆတ္တ**-မည်တော်မူထသော,

| | |
|---|---|
| **မဟာကရုဏာသမာပတ္တိဉာဏ်၊** | **ယမကပါဋိဟာရိယဉာဏ်၊** |
| **အာသယာနုသယဉာဏ်၊** | **ဣန္ဒြိယပရောပရိယတ္တဉာဏ်၊** |
| **အနာဝရဏဉာဏ်၊** | **သဗ္ဗညုတဉာဏ် –** |

တည်းဟူသော ပစ္စေကဗုဒ္ဓါ, သာဝကတို့နှင့် မဆက်ဆံသော ဉာဏ်တော် ၆-ပါး ရှိတော်မူသောကြောင့် ဆအသာဓာရဏီကမည်တော်မူထသော,

"အညာသိဝတ ဘော ကောဏ္ဍ-ညော"စသည်ဖြင့် ကျူးရင့်တော်မူအပ်သော စကြဝဠာတစ်သောင်းလုံးကို ကြားသိပျံ့နှံ့သော အသံတော်ရှိသောကြောင့် ဒသသဟဿိ-ဥဂ္ဃေါသိတသဒ္ဒမည်တော်မူထသော,

မဟောသဓ, ဝေဿန္တရာ, သိဒ္ဓတ္ထကုမာရ-ဟု ဆိုအပ်သော ၃-ဘဝတို့တွင် ဖွားပြီးစ ခဏ၌ စကားဆိုတော်မူသောကြောင့် တိဝါရဘဝနိစ္ဆရမည်တော်မူထသော,

စက်လက္ခဏာနှင့် ပြည့်စုံကုန်သော လူတို့ထက် သာလွန်ထူးမြတ်သော ၁၀၈-ကွက် စက်လက္ခဏာနှင့် ပြည့်စုံတော်မူသောကြောင့်လည်းကောင်း နတ်တကာတို့ထက် မြတ်သော ဝိသုဒ္ဓိနတ်မြတ် ဖြစ်တော်မူသောကြောင့်လည်းကောင်း ဗြဟ္မာတကာတို့ထက် မြတ်သော အတိဗြဟ္မာ ဖြစ်တော်မူသောကြောင့်လည်းကောင်း

စက္ကာတိစက္က စက္ကိန္ဒ, ဒေဝါတိဒေဝ-ဒေဝိန္ဒ, ဗြဟ္မာတိဗြဟ္မ ဗြဟ္မိန္ဒ-ဖြစ်တော်မူသော မြတ်စွာဘုရားကို ၃-ပါးသော ဒွါရတို့ဖြင့် ရိုသေမြတ်နိုး ရှိခိုးပူဇော်ပြီး၍ ခရီးလမ်းဆုံ၌ ကောင်းစွာ ထားအပ်သော ကြေးမုံကြီးသည် အရပ် ၄-မျက်နှာ, ၈-မျက်နှာမှ လာရောက်ကုန်သော သူတို့အား အဆင်းယုတ်,မြတ်ကို ဆုံးဖြတ်သဖြင့် ဒုဗ္ဗဏ္ဏ, သုဗဏ္ဏ ၂-ပါးကို ကွဲပြား၍ ခြားနားသိသာသကဲ့သို့ ခပ်သိမ်းကုန်သော ဇမ္ဗူဒိပ်ကျွန်းသူ လူ-ဟူသမျှပင် ပစ္စုပ္ပန်, အတိတ်, အနာဂတ်-ဟု ဆိုအပ်သော ကာလ ၃-ပါး၌ တရားတော်တည်းဟူသော ကြေးမုံအပြင်ဝယ် ဆင်ခြင်တိုင်း လောကီ, လောကုတ္တရာအကျိုး ဖွံ့ဖြိုးကြီးမား တိုးပွါးစေအပ် မြတ်သော ချမ်းသာကို ပတ္ထနာတောင့်တ အလိုရှိကြကုန်သော အမျိုးသားတို့အား မိမိ, သူတပါးတို့ သဏ္ဍာန်ဝယ် ဧကန်မုချ ကောင်း,မကောင်းသော နှလုံးသွင်း၊ သန့်ရှင်း,မသန့်ရှင်းသော ကိုယ်, နှုတ်အမူအရာ၊ ဒုသမာစရ, သုသမာစရ၊ အရာဌာန ကျ,မကျ၊ သင့်,မသင့်ကို ထောက်ချင့်စဉ်းစား၍ ကြဉ်အပ်, ကျင့်အပ် ၂-ရပ် ၂-ဌာန ၂-ကိစ္စ အပြီးတိုင်ဖြစ်၍ အသက်ထက်ဆုံး နှလုံးသွင်းထားအပ်သော သာရဏီယ ဩဝါဒကထာကို ပညာရှိအပေါင်း သူတော်ကောင်း ဟူသမျှတို့ အလွန်ရွှင်လန်းဝမ်းမြောက် နှစ်သက်ကြစေခလို။

မဟာသမုဒ္ဒရာ, နာဂဒီပ-စသောကျွန်း၊ ဟိမဝန္တာတော-စသည်တို့၌ ပေါက်ရောက်သော အမြင့်ယူဇနာ ၁၀၀-ခန့်လောက် ကြီးမားလျက် ခက်လက်ပင်စည်နှင့် ပြည့်စုံသော လက်ပံပင်ကြီးတို့သည် ရှိကုန်သတတ်။ ထိုလက်ပံပင်ကြီး၌ များစွာကုန်သော ရုက္ခစိုးနတ်တို့သည် မိမိတို့နေရာဌာန ဘုံဗိမာန်ပြု၍ မှီခိုဆည်းကပ် နေလတ်ကြကုန်၏။ ကြီးမားသော ဂဠုန်ငှက်တို့သည် ဟိမဝန္တာမှ အစာရှာစားကုန်ပြီး၍ ပြန်လာလတ်သော် ထိုလက်ပံပင်တောကြီးအထက်၌ အတောင်ကို ကောင်းစွာဖြန့်၍ နားနေကုန်၏။ ထိုအခါ လက်ပံတောကြီး၌ ခိုမှီးနေကုန်သော ရုက္ခစိုးနတ်တို့သည် ပင်စည်,ကိုင်းခက် ဆင်း,တက်လူးလာဝမ်းမြောက်ဝမ်းသာလျက် မြူးထူးပျော်ပါးကြကုန်၏။ ထိုသို့ မြူးထူးပျော်ပါးကြခြင်းသည် ‘မိမိတို့နေရာဖြစ်သော လက်ပံတောကြီးသည် ကြီးမားသော အရိပ်ရှိသဖြင့် အလွန်ချမ်းသာပေသည်။ ကြီးမားသော ဂဠုန်ငှက်သည် အတောင်ကို ဖြန့်လျက် နားနေလာပြန်သဖြင့်

အဘယ်ဆိုဖွယ် ရှိတော့အံ့နည်း'-ဟု အလွန်တရာ ဝမ်းမြောက်သဖြင့် ပျော်ရွှင်မြူးထူးကြကုန်သည်။

ဟိမဝန္တာ၌ လက်ဆုပ်ခန့် ပမာဏရှိသော နှံစုတ်ငှက်သည် ပျံလာ၍ ထိုလက်ပံတောကြီးအထက်၌ နားလာလတ်သော် ထိုရုက္ခစိုးနတ်တို့သည် ပင်စည်ကိုင်းခက် ဆင်းတက် လူးလာ စိုးရိမ်သောက ဗျာပါရ ကြောင့်ကြခြင်း ပြင်းစွာ ဖြစ်ကြလေသည်။ အဘယ်ကြောင့်နည်း။ ထိုနှံစုတ်ငှက်ငယ်သည် ဟိမဝန္တာမှ ညောင်စေ့ကို စား၍ ဤအရပ်သို့ လာသည် ဖြစ်ရာ၏။ ထိုနှံစုတ်ငှက်ငယ်သည် ဤလက်ပံပင်၏အထက်၌ ကျင်ကြီးစွန့်ခြင်းကို ပြုသဖြင့် ညောင်စေ့ကျသည်ရှိသော် ညောင်ပင်ပေါက်လတ်၍ လက်ပံပင်ကြီးကို လွှမ်းမိုး၍ လက်ပံပင်ကြီးနှင့်တကွ အကြွင်းမဲ့ ပျက်စီးခြင်းသို့ ရောက်သဖြင့် မိမိတို့ အကျိုးစီးပွါး များစွာဆုတ်ယုတ်ခြိမ့်မည်ကို အလွန်စိုးရိမ်သဖြင့် ပူပန်ခြင်း ပြင်းစွာ ဖြစ်ကြသည်။

ဤကဲ့သို့ ပစ္စုပ္ပန်,သံသရာ၊ လောကီ,လောကုတ္တရာ အကျိုး ၂-ပါးကို အလိုရှိသော အမျိုးသားတို့မှာ ကုသိုလ်တရားအသစ် ဖြစ်ပြန်မည့်အရာကို လက်ပံပင်ကြီးအထက် ဂဠုန်ငှက် နားသဖြင့် ပျော်ပါးရွှင်လန်း ဝမ်းမြောက်ဝမ်းသာသော ရုက္ခစိုးနတ်တို့ကဲ့သို့ သံသရာဘဝကြီး,ငယ်တို့၌ ကိုးကွယ်ရာ ရပေတော့မည်-ဟု အလွန်ရွှင်လန်းဝမ်းမြောက်ရာသည်။ အနည်းငယ်မျှသော အကုသိုလ်တရားသည် အပါယ် ၄-ပါး၌ ကျသဖြင့် ဒုက္ခကြီးမားစွာ ဖြစ်ရလတ္တံ့သည်ကို ကြောက်လျှင် နှံစုတ်ငှက်ငယ်ကို ကြောက်၍ ခြောက်လှန့်ဘိသကဲ့သို့ စိုးရိမ်ရာ၏။

ဤဥပမာ၌—

- ရုက္ခစိုးနတ်တို့နေရာ လက်ပံတောကြီးကဲ့သို့ ရှေးအတိတ်ဘဝက ပြုအပ်ပြီးသော ကုသိုလ်ကံဟောင်းကို မှတ်ရာ၏။
- လက်ပံတောကြီးဝယ် အတောင်ကို ဖြန့်၍ နားသော ဂဠုန်ငှက်ကဲ့သို့ တဖန် အသစ်ဖြစ်လတ္တံ့သော ကုသိုလ်တရားကို မှတ်ရာ၏။
- လက်ဆုပ်ပမာဏရှိသော နှံစုတ်ငှက်ငယ်ကဲ့သို့ အနည်းငယ်မျှသော အကုသိုလ်တရားကို မှတ်ရာ၏။
- ရုက္ခစိုးနတ်တို့ကဲ့သို့ မိမိတို့၏ ကိုယ်ကို မှတ်ရာ၏။

စရန္တိ ဗာလာ ဒုမ္မေဓာ၊ အမိတ္တေနေ'ဝ အတ္တနာ။
ကရောန္တာ ပါပကံ ကမ္မံ၊ ယံ ဟောတိ ကဋုကပ္ဖလံ။ ။ (ဓမ္မ။၂၂)

ယံ ကမ္မံ၊ အကြင် မကောင်းမှုကံသည်။ ကဋုကပ္ဖလံ၊ ခါးစပ်ကျင်နာသော အကျိုး ရှိသည်။ ဟောတိ၊ ၏။ ဒုမ္မေဓာ၊ ပညာမရှိကုန်သော။ ဗာလာ၊ သူမိုက်တို့သည်။ ပါပကံ၊ ယုတ်မာသော။ တံ ကမ္မံ၊ ထိုမကောင်းမှုကံကို။ ကရောန္တော၊ ပြုလျက်။ အတ္တနာဝ၊ မိမိသည် ပင်လျှင်။ အတ္တနော၊ မိမိ၏။ အမိတ္တေနေ'ဝ၊ ရန်သူကဲ့သို့ဖြစ်၍ သာလျှင်။ စရန္တိ၊ သွားရကုန် ၏။ (နှုတ်တက်လေ့ကျက် ဆောင်ရွက်ရာသော ပါဌ်,နိသျ။)

လောကဌ် ရွှေခွက်, ငွေခွက်တို့၌ ထည့်အပ်သော အဆိပ်ရေနှင့် ရောသော ဆီဦး, ထောပတ်, ပျား,သကာ-ဟု ဆိုအပ်သော စတုမဓုအရသာသည် သုံးဆောင်အပ်သော ခဏ၌ အလွန်ချိုမြိန်ကောင်းမြတ်၏။ ဝေးလှစွာသော ကန္တာရခရီးခဲမှ ပင်ပန်းတကြီး ခရီးပြင်းစွာ ဆိုက်ရောက်လာသော သူတို့သည် အလွန် မွတ်သိပ်ဆာလောင်ခြင်း ပြင်းစွာ နှိပ်စက်လေ ရကား ထိုရွှေခွက်၌ ထည့်သော အဆိပ်ရေနှင့် ရောသော စတုမဓုအရသာကို သုံးဆောင်အံ့ သောငှာ ကောင်းစွာ လှမ်းယူလေရာ၏။ ထိုအခါ ပညာသတိရှိသဖြင့် မျက်စိအမြင်နှင့် ပြည့်စုံသော, သူတပါးတို့၏ အကျိုးစီးပွါးကို လိုလားတောင့်တသူ လူပညာရှိသည် ဤသို့ ဆိုရာ၏။ "အမောင်ယောကျာ်း၊ ဤရွှေခွက်၌ ထည့်အပ်သော အဆိပ်ရေနှင့် ရောသော စတုမဓုအရသာသည် သုံးဆောင်သော ခဏ၌ကား ခံတွင်းအာစောက်သို့ ရောက်တိုင်း, ရောက်တိုင်း အလွန် ချိုမြိန်ကောင်းမွန်လှ၏။ သုံးဆောင်ပြီးသောခဏ နောက်ကာလ၌ကား ကိုယ်တွင်းသန္တာန်၌ အအူ,အသည်း-စသော အင်္ဂါကြီး,ငယ်တို့ကို အပိုင်းအပိုင်း ဖြတ်၍ လတ်တလော သေစေတတ်သော သတ္တိရှိ၏တကား"ဟု သနားခြင်း ကရုဏာဖြင့် ဆိုရာ၏။

ထိုသို့ ပညာမျက်စိ ရှိသသူတို့ကပင် ဆိုသည်ဖြစ်လင့်ကစား မွတ်သိပ်ဆာလောင် ခြင်းဖြင့် ပြင်းစွာ နှိပ်စက်သော ထိုယောကျာ်းသည် သေလောက်ရုံမျှသော ဘေးကို မတွေး တော, မဆင်ခြင်နိုင်သည်ဖြစ်ရကား ထိုအရသာကို လှမ်းယူကာ သုံးဆောင်မိသဖြင့် ခံတွင်း အာစောက်သို့ ရောက်တိုင်းပင် ချိုမြိန်ကောင်းမြတ်သော အရသာကို ခံစား၍ အခြားမဲ့သော နောက်ကာလ၌ တခဏချင်းပင် ကိုယ်တွင်းသန္တာန်၌ ပူပန်သောဒုက္ခဖြင့် နှိပ်စက်၍ သေကျေပျက်စီးရအံ့သော ဘေးရောက်ကာလမှ နောင်တပူပန်လျက် ထွေးအန်စွန့်ပစ်၍ မဖြစ်နိုင်မှ ဧကန်မုချ သေရတော့မည့်ဘေးကို တွေးဆ၍ ကြောက်သသူ၊ ထိုသူမိုက်ကဲ့သို့ သတ္တဝါတို့ သဘောမှာ တစိုးတစိ မိမိပြုလိုသော မကောင်းမှုအကုသိုလ်တရားကို အားထုတ် ကျင့်ကြံမည်ရှိက ဣဋ္ဌာရုံကို ရလျှင် သံသရာဘဝ အဆက်ဆက်က တသက်လျာမျှ တခဏ ပင် မမြင်,မတွေ့ရဖူးလေသကဲ့သို့ ချိုမြိန်သောအရသာ ပျားသကာကဲ့သို့ ထင်မှတ်၍ ပြုတတ် ကြ၏။

အကြင်မျှလောက်ကာလဖြင့် ထိုမကောင်းမှု အကုသိုလ်စက်ကို ပြက်ပြက်ထင်ထင် မမြင်ရ၍ အဝိပါကဓမ္မ ခံစားရလတ္တံ့သော အကျိုးမရှိသကဲ့သို့ပင် ထင်မှတ်မှား၍ အားထုတ်ကျင့်ကြံမိသမျှ အကုသိုလ်ဓမ္မသည် မုချအကျိုးပေး၍ တွေးတောယုံမှားစရာ မရှိမှ သတိရသကဲ့သို့ ဖြစ်တတ်ကြသည့်အရာမှာ သတ္တဝါ-ဟူသမျှပင် ပုထုဇဉ်မိုက်တို့ ဓမ္မတာ ဖြစ်ချေသည်-ဟု ပညာရှိ သတိရကုန်သော အမျိုးသားတို့မှာ မကောင်းမှုကို ပြုခွင့်မရမီ ကာလက သူတော်ဓမ္မ၌ မိမိစိတ်ကို ဆုံးဖြတ်ခြင်း ပရိဏာမိတတရားကို ဖြစ်စေလျက် မိန့်မှာတော်မူအပ်သော ဒေသနာတော် လမ်းကြောင်းကို ကောင်းကောင်း သန္နိဋ္ဌာန်ချ၍ မှတ်ရာသည်။

**မဓုဝါ မညတိ ဗာလော၊ ယာဝ ပါပံ န ပစ္စတိ။**
**ယဒါ စ ပစ္စတိ ပါပံ၊ အထ ဒုက္ခံ နိဂစ္ဆတိ။ ။ (ဓမ္မ။၂၃)**

ယာဝ၊ အကြင်မျှလောက်။ ပါပံ၊ မိမိတို့ကျင့်အပ်သော မကောင်းမှုသည်။ န ပစ္စတိ၊ အကျိုးမပေးသေး။ တာဝ၊ ထိုမျှလောက်။ ဗာလော၊ သူမိုက်သည်။ မဓုံဝ၊ ပျားသကာကဲ့သို့။ မညတိ၊ အောက်မေ့၏။ ယဒါ စ၊ အကြင်အခါ၌ကား။ ပါပံ၊ မကောင်းမှုသည်။ ပစ္စတိ၊ အကျိုးပေး၏။ အထ၊ ထိုအခါ၌။ ဗာလော၊ သူမိုက်သည်။ ဒုက္ခံ၊ ဆင်းရဲသို့။ နိဂစ္ဆတိ၊ ရောက်၏။ (နှုတ်တက်လေ့ကျက် ဆောင်ရွက်ရာသော ပါဌ်, နိသျ)

လောက၌ မလိမ္မာသော နွားကျောင်းသားယောက်ျားသည် မိမိကျောင်းသော နွားကို ကောင်းစွာ မကြည့်,မရှု မထိန်း,မကျောင်းဘဲ အလိုရှိတိုင်း သူတပါးတို့၏ လယ်,ယာ, ဥယျာဉ်၊ ပန်းမာလ်စည်းခြံအတွင်း ဝင်ထွက်စားသောက်သဖြင့် ဥစ္စာရှင်တို့သည် အစိုးရတို့ထံ တိုင်တန်းပြောဆိုလေရကား မလိမ္မာသော နွားကျောင်းသားသည် မလိမ္မာသော နွားကို အကြောင်းပြု၍ ကြေးငွေ ကုန်ကျခြင်း၊ မင်းမှုဖြစ်သော မင်းဘေး, မင်းဒဏ် ခိုက်ရန်ကြီးပွါးလျက် စကားကြမ်းကြုတ် ယုတ်မာသဖြင့် မသင့်သော ကိုယ်,နှုတ်အမူအရာ မာန်မာန တက်ကြွထောင်လွှားလျက် များစွာ မရေတွက်နိုင်သော ဘေးရန်၊ ပစ္စုပ္ပန်အာဒီနဝ-ဟူသမျှကို ရတတ်သကဲ့သို့ –

အယောနိသော မနသိကာရ, သတိသမ္ပဇညနှင့် ကင်းသော သူမိုက်သည် မိမိခန္ဓာကိုယ်၏ အလိုသို့ လိုက်၍ ကြိုက်နှစ်သက်ရာ ကာမဂုဏ်တည်းဟူသော စားကျက်၌ စိတ်ကို လွှတ်ထားလျက် ကျက်စားမြူးထူးကာ လွန်စွာ အခွင့်ပေးသဖြင့် တွေးတောမြော်မြင် ဆင်ခြင်တိုင်း သတိ,ပညာ-ဟူသော လူလိမ္မာအရာနှင့် ကင်းချေရကား နွားနှင့်တူသော မိမိခန္ဓာ မလိမ္မာသောစိတ်ကို အကြောင်းပြု၍ ယခုဘဝတွင်လည်း ပညာရှိ, ပညာမဲ့တို့ ကဲ့ရဲ့ရှုတ်ချခြင်း-စသော အပြစ်အာဒီနဝ၊ သံသရာဘဝ၌လည်း နိရယပေတ,တိရစ္ဆာန, အသုရကာယ်, အပါယ်ဆင်းရဲ-စသော ဝဋ္ဋဒုက္ခဘေးအပေါင်း မကောင်းကျိုး-ဟူသမျှတို့ ကျရောက်ရာဖြစ်၍

လူ့ဘဝသို့ တစ်ကြိမ်တစ်ခေါက် ရောက်လာပြန်ပါသမိ အတိဒုက္ခိတ၊ ဒုဗ္ဗဏ္ဏ၊ ဒုပ္ပည၊ အပ္ပ-သုတ၊ မနုဿ ကစဝရဖြစ်၍ မြို့သူ,ရွာသူ လူအပေါင်းတို့ မကောင်း၍ စွန့်ပစ်လိုက်သော အမှိုက်ကဲ့သို့ အဖိုးမထိုက်ဘဲ ရှိရပြန်လေရာသည်။

လိမ္မာသော နွားကျောင်းသားယောက်ျားသည် နွားကို လုံခြုံစွာ စောင့်ရှောက်သဖြင့် မသွားသင့်, မစားသင့်, မလာမရောက်သင့်သော အရပ်သို့ မကပ်စေရ။ နှင်တံဖြင့် ဆုံးမလျက် အိမ်မှ ထွက်သည်က စားကျက်မှ တဖန် ပြန်သည့်တိုင်အောင်ပင် သခင်ယောက်ျား နွားကျောင်းသားသည် နွားကို သတိပြုလျက် ကြည့်ရှု၍ ကျောင်းသဖြင့် မကောင်းသော အပြစ် အာဒိနဝ, ရာဇဘယ-စသော ဘေးရန်မှ အတန်တန် ငြိမ်းချမ်းလျက် ချီးမွမ်းဖွယ်သာ ဖြစ်လေရာသကဲ့သို့–

ယောနိသော မနသိကာရ, သတိသမ္ပဇညနှင့် ပြည့်စုံသော ပညာရှိအပေါင်း သူတော်ကောင်းတို့မှာ နွားကျောင်းသား လူလိမ္မာကဲ့သို့ အရာရာမျိုးတို့၌ ကိုယ့်စီးပွါးကိုသာ လိုလားတောင့်တစိတ်ကို ဆုံးမသဖြင့် ပစ္စုပ္ပန်ဘဝတွင်လည်း မရသေးသော ချမ်းသာအမွန် အလွန်ထူးမြတ်သော သုခသောဘဂ္ဂပတ္တသို့ ရောက်လျက် တိုးတက်ကြီးမား၍ ဘုရား-စသော သူတော်ကောင်းတို့ ကောင်းချီးသာခု ပြုကြစရာ၊ သံသရာတွင်လည်း ပညာရှိခြင်း, အဆင်းသဏ္ဌာန် ကြန်အင်လက္ခဏာ ဘုန်းသမ္ပတ္တိတို့နှင့် ပြည့်စုံသဖြင့် အရာအခွင့်ကို ထောက်ချင့်နိုင်သော ဌာနာဌာနကောသလ္လဉာဏ်၊ ဂမ္ဘီရဓမ္မအစုကို ရ၍ ပုညကြိယာ ဝတ္ထုကုသလကမ္မပထတရား၊ မိမိ, သူတပါးတို့ အကျိုးစီးပွါးကို လိုလားတောင့်တသော မနုဿပရမတ္ထ အဖြစ်သို့ စင်စစ် ရောက်ပေတတ်ရကား အပ္ပမာဒ-ဟု ဆိုအပ်သော သတိတရားကို သား-တကာတို့ ခြေရာတွင် ဆင်ခြေရာကဲ့သို့ သာလွန်ထူးမြတ်၍ အဂ္ဂပတ္တသို့ ရောက်၏-ဟု သဗ္ဗညုဘုရား ဒေ္ဒသနာတော်ထွက်ကို အသက်ထက်ဆုံး နှလုံးသွင်းထားရာ၏။

ဧကော ဓမ္မော ဘိက္ခဝေ ဘာဝိတော ဗဟုလီကတော ဥဘော အတ္ထေ သမဓိဂ္ဂယှ
တိဋ္ဌတိ ဒိဋ္ဌဓမ္မိကဉ္စေဝ သမ္ပရာယိကဉ္စ၊ ကတမော ဧကော ဓမ္မော၊ အပ္ပမာဒေါ။
(သံ၊၁၊၈၇၊ အံ၊၂၊၃၂၀)

ဘိက္ခဝေ၊ ရဟန်းတို့။ ဧကော ဓမ္မော၊ တစ်ခုသော တရားကို။ ဘာဝိတော၊ ပွါးအပ်သည်ရှိသော်။ ဗဟုလီကတော၊ အကြိမ်များစွာ လေ့လာအပ်သည်ရှိသော်။ ဒိဋ္ဌဓမ္မိကဉ္စေဝ၊ မျက်မှောက်၌ဖြစ်သော အကျိုးစီးပွါးကိုလည်းကောင်း။ သမ္ပရာယိကဉ္စ၊ တမလွန်ဘဝ၌ ဖြစ်သော အကျိုးစီးပွါးကိုလည်းကောင်း။ ဥဘော အတ္ထေ၊ ၂-ပါးသော အကျိုးတို့ကို။ သမဓိဂ္ဂယှ၊ ကောင်းစွာယူ၍။ တိဋ္ဌတိ၊ တည်၏။ ဧကော ဓမ္မော၊ တစ်ခုသော တရား-ဟူသည်။ ကတမော၊ အဘယ်နည်း။ အပ္ပမာဒေါ၊ အပ္ပမာဒတရားတည်း။

**စိတ္တံ ရက္ခေထ မေဓာဝီ၊ စိတ္တံ ဂုတ္တံ သုခါဝဟံ။** (ဓမ္မ။ ၁၈)

မေဓာဝီ၊ ပညာရှိသောသူသည်။ စိတ္တံ၊ စိတ်ကို။ ရက္ခေထ၊ စောင့်ရာ၏။ စိတ္တံ၊ စိတ်သည်။ ဂုတ္တံ၊ လုံခြုံသည်ရှိသော်။ သုခါဝဟံ၊ ချမ်းသာကို ဆောင်ပေတတ်၏။

(နှုတ်တက်လေ့ကျက် ဆောင်ရွက်ရာသော ပါဠိနိဿျ။)

လောက၌ ဆစ်ပိုးသည် သလေးကောက်ပင်၏ အဆစ်၌ ပဋိသန္ဓေနေ၏။ ထို သလေးကောက်ပင်၏ အဖူး,အညွန့်ကို အစဉ်အတိုင်း သုံးဆောင်ခံစား၍ မိမိအသက်ကို မွေး၏။ ထိုသလေးကောက်ဖူး, ကောက်ညွန့်တို့ဖြင့် အသက်ကို မွေး၍ ကျေးဇူးကို မသိတတ်သော ဆစ်ပိုးမိုက်သည် မိမိပဋိသန္ဓေ တည်ရာဖြစ်သော အဆစ်ကို ကိုက်စားလေရကား မိမိနှင့်တကွသော သလေးကောက်ပင်သည် ရေတွင် အကြွင်းမဲ့ ပျက်စီးခြင်းသို့ ရောက်သကဲ့သို့ ထို့အတူ ခပ်သိမ်းသော လူ, နတ်, ဗြဟ္မာ သတ္တဝါ-ဟူသမျှသည် ဘုရား-စသော ရတနာ ၃-ပါးတို့၏ ဂုဏ်ကြောင့် လူ့ဘုံ, နတ်ဘုံတွင် စုန်,ဆန်လူးလာ ချမ်းသာ-ဟူသမျှကို ခံစားပြီးမှ အဆုံးဖြစ်သော နိဗ္ဗာန်သောင်ကမ်းသို့ လှမ်းတက်ကြရသည်။

စေကန်မှန်ကြရကား ရတနာ ၃-ပါးတို့၏ ဂုဏ်ကျေးဇူးကြောင့် ထူးမြတ်သော မနုဿဒုလ္လဘကို ရပေသည်-ဟု နှလုံးမသွင်းမပိုက် ဆစ်ပိုးမိုက်နှင့်တူသော သတ္တဝါ, မလိမ္မာသူတို့မှာ ရတနာ ၃-ပါးတို့ကို ကြည်ညိုလေးမြတ် ရှိသေအပ်,ရှိသေကောင်းမှန်း မသိ၊ မိမိတို့ ဂုဏ်သရေကိုသာ အလေးအမြတ် ပြုခြင်းဖြင့် ပျင်းရိတတ်သော ကောသဇ္ဇမမှုကို အခွင့်ပေး၍ ကျေးဇူးရှင်ဖြစ်သော ရတနာ ၃-ပါးကို ဝပ်တွားကြည်ညို ရှိသေကိုင်းညွတ် ဆည်းကပ်ကိုးကွယ်ခြင်း သက္ကစ္စသဂါရဝတရား နည်းပါး၍ ရတနာ ၃-ပါး၏အနီးတွင် ဆင်စီး, မြင်းစီး, ယာဉ်ရထားစီး, ထီး, ဖိနပ် ဆောင်း,စီးလျက် ကျင်ကြီး,ကျင်ငယ် ထွီဖွယ်သောကိစ္စကို ပြုခြင်း၊ ကျေးဇူးသတင်းမဲ့ကို ရှာကြံပြုလုပ်၍ ရှုတ်ချကဲ့ရဲ့ကြသဖြင့် ယခုဘဝတွင်လည်း မကျမရောက်သေးသော ရောဂါဘေးဒဏ် ရန်မာန်အပေါင်း မကောင်းကျိုး-ဟူသမျှကို ရ၍ သံသရာဘဝတွင်လည်း ငရဲ-စသော အပါယ် ၄-ပါး၌ ကြီးမားသော ဝဋ္ဋဒုက္ခ၊ လူ့ဘုံ, လူ့ဘဝ၌လည်း ယုတ်မာလှစွာ သူတကာတို့ နှစ်သက်ဖွယ်နှင့်ကင်းသော အဆင်းသဏ္ဌာန်, ကြန်အင်လက္ခဏာ, စည်းစိမ်ဥစ္စာတို့နှင့်သာ ပြည့်စုံလေရာသည်။

ဤဥပမာ၌ ရတနာ ၃-ပါးသည် သလေးကောက်ပင်နှင့် တူ၏။ ရတနာ ၃-ပါးတို့ကို ရိုသေလေးမြတ်ခြင်းမရှိဘဲ မိမိတို့ ဂုဏ်အသရေကိုသာ ပမာဏပြုခြင်း ပျင်းရိသော သတ္တဝါ အမျိုးတို့မှာ ဆစ်ပိုးကဲ့သို့ မှတ်ရာ၏။ ရတနာ ၃-ပါးတို့၏ ကျေးဇူးဂုဏ်တို့ကြောင့် လူ့ဘုံ,နတ်ဘုံတွင် ထင်ရှားစွာ စံစားကြရသော ချမ်းသာအထူး လောကုတ္တရာ ဂုဏ်ကျေးဇူးကို ကောက်ဖူးကောက်ညွန့်ကဲ့သို့ မှတ်ရာ၏။

ဤဥပမာ၏အရဖြင့် ဤလောကတွင်လည်း ဘဝသခင် အသျှင်သမုတိနတ် ကေရာဇ်မင်းမြတ်ကို သလေးကောက်ပင်ကဲ့သို့ မှတ်ရာ၏။ ကေရာဇ်မင်းမြတ် ကျေးဇူးသစ္စာတော်ကို မထောက်မထား သတ္တဝါပြည်သူ ရှင်,လူ,ရဟန်းတို့အား နှိပ်စက်ညှဉ်းပန်းခြင်းကို ပြုသဖြင့် ကရုဏာပြဟ္မစိုရ်နှင့် ကင်းသော မင်း,မှူးမတ်-စသော သူတို့မှာ သလေးကောက်ပိုးကဲ့သို့ မှတ်ရာ၏။ ကေရာဇ်မင်းမြတ်ကို မှီ၍ရသော ယခုဘဝမျက်မြင် အထင်အရှား ကြီးမားမြင့်မြတ်သော ဘုန်းကျက်သရေ, အာဏာ, စည်းစိမ်ချမ်းသာ, အရာအထူးကို ကောက်ဖူးကောက်ညွန့်ကဲ့သို့ မှတ်ရာ၏။

တစ်နည်း လောက၌ ကေသရာဇာခြင်္သေ့မင်း၏ ကိုယ်တွင်း၌နေသော ပိုးသည်သာလျှင် ခြင်္သေ့မင်း၏ အသားကို စားသောက်နိုင်ရာ၏။ ဟိမဝန္တာတောတွင် သမင်ပြောက်, သမင်ပျံ့-စသော သတ္တဝါအမျိုးမျိုး အရေပိုးပင် ဖြစ်လင့်ကစား ခြင်္သေ့မင်းအသားကို မစားနိုင်။ စင်စစ်ကေန် မှန်သကဲ့သို့ သာသနာတော်မှာလည်း ရတနာ ၃-ပါးတို့၏ ကျေးဇူးတော်ကို ခံစားသသူ လူ,ရဟန်းတို့သာ ရတနာ ၃-ပါးတို့၏ ဂုဏ်ကျေးဇူးမဲ့ကို ပြုပြုထင်ထင် ပြစ်တင်ရှုတ်ချလျက် သဂါရဝတရားနှင့် ကင်းသဖြင့် ရိုသေခြင်း နည်းပါး၍ တရားတော် အမှန်ကေန်ကို မှောက်လှန်၍ ဖောက်ပြန်သဖြင့် ပြုနိုင်ရာသည်။

လောကမှာလည်း အသျှင်ကေရာဇ်မင်းမြတ်၏ တန်ခိုးအရှိန်အဝါ အရာအထူးကျေးဇူးနှင့် မကင်းသသူတို့သာ အကျိုးတော်မဲ့ကို ပြုနိုင်ရာသည်။ လူသာမန်တို့ မကြံနိုင်ရာ။ ဤဥပမာ၌ ကေသရာဇာခြင်္သေ့မင်း၏ အသားကဲ့သို့ ရတနာ ၃-ပါးတို့ ဂုဏ်ကျေးဇူးကို မှတ်ရာ၏။ လောက၌လည်း အသျှင်ကေရာဇ်မင်းမြတ်ကို ကေသရာဇာကဲ့သို့ မှတ်ရာ၏။ ကိုယ်တွင်း၌နေလျက် ကေသရာဇာ၏ အသားကို စားသောက်သော ပိုးကဲ့သို့ အကျိုးမဲ့ကို ပြုတတ်သသူတို့ကို မှတ်ရာ၏။ ဤလောကူပမာကို အရာကျကျ နှိုင်းဆဆင်ခြင်၍ ပညာရှိအပေါင်း သူတော်ကောင်းဟူသမျှပင် သခင်ဘုရား ဟောကြားတော်မူသော ရွှေနှုတ်တော်ထွက်ကို အသက်ထက်ဆုံး နှလုံးသွင်းထားရာသည်။

> ဒွေ'မေ ဘိက္ခဝေ ပုဂ္ဂလာ တထာဂတံ အဗ္ဘာစိက္ခန္တိ။ ကတမေ ဒွေ? ဒုဋ္ဌော ဝါ ဒေါသန္တရော သဒ္ဓေါ ဝါ ဒုဂ္ဂဟိတေန။ ဣမေ ခေါ ဘိက္ခဝေ ဒွေ ပုဂ္ဂလာ တထာဂတံ အဗ္ဘာစိက္ခန္တိ။ (အံ၊၁၊၆၁)

ဘိက္ခဝေ၊ ရဟန်းတို့။ ဒွေ၊ ၂-ယောက်ကုန်သော။ ပုဂ္ဂလာ၊ ပုဂ္ဂိုလ်တို့သည်။ တထာဂတံ၊ ငါဘုရားကို။ အဗ္ဘာစိက္ခန္တိ၊ စွပ်စွဲကုန်၏။ ဒွေ၊ ၂-ယောက်တို့-ဟူသည်။ ကတမေ၊ အဘယ်သူတို့နည်းဟူမူကား? ဒုဋ္ဌော ဝါ၊ ဒေါသဖြင့် ဖျက်ဆီးအပ်သောသူသည်လည်း။ ဒေါသန္တရော၊ အတွင်း၌ကျသော ဒေါသရှိသည်ဖြစ်၍။ ဝါ၊ ဒေါသနှင့် ယှဉ်သောစိတ်ရှိသည်

ဖြစ်၍။ (ရှေးနည်း အန္တရာယ်ဒွါ မဏ္ဍဟော၊ နောက်နည်း စိတ်ဟော။) အဘ္ဘာစိက္ခတိ၊ စွပ်စွဲ၏။ သဒ္ဓေါ ဝါ၊ သဒ္ဓါတရားရှိပါသော်လည်း။ ဒုဂ္ဂဟိတေန၊ မဟုတ်မမှန် ဖောက်ပြန်၍ ယူခြင်းဖြင့်။ ဂဏှာတိ၊ ယူ၏။ ဘိက္ခဝေ၊ ရဟန်းတို့၊ ဒွေ၊ ၂-ယောက်ကုန်သော။ ဣမေ ပုဂ္ဂလာ၊ တို့သည်။ တထာဂတံ၊ ငါဘုရားကို။ အဘ္ဘာစိက္ခန္တိ၊ စွပ်စွဲကုန်၏။

ဤပါဠိတော်၌ "ငါဘုရားကို မသဒ္ဓါသမျှ ကာလပတ်လုံး ငါဘုရားကို စွပ်စွဲသည် မည်၏။ ဖောက်ပြန်သော အယူကို ယူ၍ ထိုအယူကို မစွန့်သမျှ ကာလပတ်လုံး ငါဘုရားကို စွပ်စွဲသည် မည်၏"ဟု ဟောတော်မူသည်။

ထိုပါဠိတော်၌ "ဒုဋ္ဌော ဝါ ဒေါသန္တရော-အရဖြင့် သုနက္ခတ္တကဲ့သို့ အရှင်ဂေါတမမှာ ဥတ္တရိမနုဿဓမ္မ မရှိ"ဟု စွပ်စွဲသည်ကို ယူ။ သဒ္ဓေါ ဝါ ဒုဂ္ဂဟိတေန-အရဖြင့် မြတ်စွာဘုရားသည် လောကုတ္တရာပုဂ္ဂိုလ်ဖြစ်ရကား ကေသာ-စသော ဒွတ္တိံသာကာရသည်လည်း လော-ကုတ္တရာပင်-ဟု မကောင်းသဖြင့် ယူခြင်းကို ယူ၍ စွပ်စွဲသည်ကို ယူ။

**ယထာပိ ဟိ မိဂိန္ဒဿ၊ သီဟဿ မိဂရာဇိနော။**
**န တဿ မံသံ ခါဒန္တိ၊ သိင်္ဂါလသုနခါ စမ္ဗာ။ ။**

ဟိ၊ ထင်စွာပြဦးအံ့။ ယထာပိ နာမ၊ ဥပမာမည်သည်ကား။ သိင်္ဂါလသုနခါ စ၊ ခွေး, မြေခွေးတို့သည်လည်းကောင်း။ စမ္ဗာ စ၊ အရေပိုးတို့သည်လည်းကောင်း။ မိဂိန္ဒဿ၊ သားတကာတို့ကို အစိုးရသော။ မိဂရာဇိနော၊ သားတကာတို့၏ မင်းဖြစ်သော။ တဿ သီဟဿ၊ ထိုကေသရရာဇာခြင်္သေ့မင်း၏။ မံသံ၊ အသားကို။ န ခါဒန္တိ၊ မစားနိုင်ကုန်။

**သရီရေ သုသမုပ္ပန္နာ၊ ကိမိယော မံသဘောဇကာ။**
**သီဟမံသာနိ ခါဒန္တိ၊ န အညေ ပသဒါ မိဂါ။ ။**

သရီရေ၊ ကေသရရာဇာခြင်္သေ့မင်း၏ ကိုယ်တွင်း၌။ သုသမုပ္ပန္နာ၊ ကောင်းစွာဖြစ်ကုန်သော။ မံသဘောဇကာ၊ အသားကို စားတတ်ကုန်သော။ ကိမိယော၊ ပိုးတို့သည်။ သီဟမံသာနိ၊ ကေသရရာဇာခြင်္သေ့မင်း၏ အသားတို့ကို။ ခါဒန္တိ၊ စားကုန်၏။ အညေ၊ တပါးကုန်သော။ ပသဒါ မိဂါ၊ သမင်ပြောက်, သမင်ပုံ-စသည်တို့သည်။ န ခါဒန္တိ၊ မစားကုန်။ တစ်နည်း- ပသဒါ စ၊ ချေတိရစ္ဆာန်တို့သည်လည်းကောင်း။ မိဂါ စ၊ တပါးသော သားတို့သည် လည်းကောင်း။ *(န ခါဒန္တိ၊ မစားကုန်။)* (နှုတ်တက်လေ့ကျက် ဆောင်ရွက်ရာသော ပါဌ်,နိသျ။)

လောက၌ အကြင်သစ်ပင်ကြီးသည်ကား ပြည့်စုံသောအနှစ် ရှိ၏။ ထိုသစ်ပင်ကြီးကို အကာအတိဖြစ်သော သစ်ပင်ငယ်တို့ဖြင့် ရံကုန်သကဲ့သို့ သတိ, ပညာ, သဒ္ဓါတရားနှင့် ပြည့်စုံသော အမိ, အဘ, အစိုးရမင်း, မင်းဆရာ ဖြစ်သသူတို့၌ သတိ, ပညာ, သဒ္ဓါတရား

နည်းပါးသော သား,မယား, ကျေးကျွန်,တပည့်, ပရိသတ်တို့သည် ရှိကုန်ရကား သာရဖေဂ္ဂု-ပရိဝါရပုဂ္ဂိုလ် မည်၏။

အနှစ်မရှိသော သစ်ပင်ကြီးကို အနှစ်ရှိသော သစ်ပင်ငယ်တို့ဖြင့် ရံကုန်သကဲ့သို့ သတိ, ပညာ, သဒ္ဓါတရား နည်းပါးသော အမိ, အဘ, အစိုးရမင်းဖြစ်သူတို့၌ သတိ, ပညာ, သဒ္ဓါတရားနှင့် ပြည့်စုံသော သား, မယား, ကျေးကျွန်, တပည့်, ပရိသတ်တို့သည် ရှိကုန်ရကား ဖေဂ္ဂုသာရပရိဝါရပုဂ္ဂိုလ် မည်၏။

အနှစ်မရှိသော သစ်ပင်ကြီးကို အနှစ်မရှိသော သစ်ပင်ငယ်တို့သည် ရံကုန်သကဲ့သို့ သတိ, ပညာ, သဒ္ဓါတရား နည်းပါးသော အမိ, အဘ, အစိုးရ, မင်းဆရာ ဖြစ်သသူတို့၌ သတိ, ပညာ, သဒ္ဓါတရား နည်းပါးသော သား,မယား, ကျေးကျွန်, တပည့်,ပရိသတ်တို့သည် ရှိကုန်ရကား ဖေဂ္ဂုဖေဂ္ဂုပရိဝါရပုဂ္ဂိုလ် မည်၏။

အနှစ်မရှိသော သစ်ပင်ကြီးကို အနှစ်ရှိသော သစ်ပင်ငယ်တို့ဖြင့် ရံကုန်သကဲ့သို့ သတိ, ပညာ, သဒ္ဓါတရားနှင့် ပြည့်စုံသော အမိ, အဘ, အစိုးရမင်းတို့၌ သတိ, ပညာ, သဒ္ဓါတရားနှင့် ပြည့်စုံသော သား, မယား, ကျေးကျွန်, တပည့်, ပရိသတ်တို့သည် ရှိကုန်ရကား သာရသာရပရိဝါရပုဂ္ဂိုလ် မည်၏။

ယင်းသို့ဖြစ်၍ သာရသာရပရိဝါရ စတုတ္ထပုဂ္ဂိုလ်သည် သာလွန်၍ မြတ်သဖြင့် ပစ္စုပ္ပန်,သံသရာ ဆိုစရာမရှိ။ အောက်၌ ပြဆိုခဲ့သော အကျိုး,အပြစ်-ဟူသမျှကို ရထိုက်, ရသင့်၊ ပယ်ခွင့်, ပယ်ရာကို လျော်စွာဖြစ်ပွါး ရှောင်ရှားစွန့်ပယ်သဖြင့် ၂-သွယ်, ၂-ဌာန ကိစ္စအပြီးတိုင် လွယ်သည်သာ။ ထို့ကြောင့် သာရသာရပရိဝါရ စတုတ္ထပုဂ္ဂိုလ်၏ အဖြစ်ကို စင်စစ်တောင့်တသသူတို့မှာ မိမိကိုယ်ကို ရှေးဦးစွာ ကောင်း, မကောင်းသော အမူအရာကို ဒေသနာတော်တည်းဟူသော ကြေးမုံအပြင်၌ ဆင်ခြင်စဉ်းစား ထောက်ထားပြီးမှ သား, မယား, ကျေးကျွန်, တပည့်, ပရိသတ်တို့ကို လျောက်ပတ်စွာ ဆုံးမဩဝါဒပေးရာသတည်း။

အတ္တာနမေဝ ပဌမံ၊ ပဋိရူပေ နိဝေသယေ။
အထ'ည'မနုသာသေယျ၊ န ကိလိဿေယျ ပဏ္ဍိတော။ ။ (ဓမ္မ၊ ၃၇)

အတ္တာနမေဝ၊ မိမိကိုယ်ကိုသာ။ ပဌမံ၊ ရှေးဦးစွာ။ ပဋိရူပေ၊ သင့်တင့်ရာ၌။ နိဝေ-သယေ၊ ထားဦးရာ၏။ အထ ပစ္ဆာ၊ ထို့နောက်မှ။ အညံ၊ သူတပါးကို။ အနုသာသေယျ၊ ဆုံးမရာ၏။ ပဏ္ဍိတော၊ ပညာရှိသည်။ အတ္တာနံ၊ မိမိကိုယ်ကို။ န ကိလိဿေယျ၊ မညစ်မနွမ်း စေရာ။ (နှုတ်တက်လေ့ကျက် ဆောင်ရွက်ရာသော ပါဠ်,နိသျ၊)

လောက၌ **လိမ္မာသော ရထားမှူး** ယောက်ျားတစ်ယောက်သည် ရထား၌ ကသော မြင်းတို့ကို ဆုံးမရာ၌ ကောင်းမွန်စွာ အသွားညက်၍ နင်းကွက်ကျသဖြင့် ရထားလှည်းဘီး စက်သည် ဆုတ်တက် မရှိ၊ ပကတိလမ်းကြောင်းမှ မတိမ်းမစောင်းချေက နှင်တံဖြင့် မရိုက် မပုတ်ရ။ ကြိုးစကိုသာ ကောင်းစွာ ဆွဲကိုင်ခြင်းဖြင့် မြင်းတို့၌ လျှစ်လျူရှုပေရာ၏။ အကြင်အခါ မလိမ္မာသော ရထားဆောင်မြင်းသည် နင်းကွက်ကျ မသွားသဖြင့် ရထားလှည်းဘီးစက်သည် ဆုတ်တက်တိမ်းစောင်း၍ လမ်းကြောင်းမမှန်သောကြောင့် နှင်တံဖြင့် ပုတ်ခတ်စေလျက် ဆုံးမအပ်, ဆုံးမသင့်, ဆုံးမခွင့်အရာကို နေရာကျကျ ဆုံးမဩဝါဒပေး၍ ယဉ်ကျေးလိမ္မာစေ သကဲ့သို့ ထို့အတူသာ **ဆရာ,မိဘ, အစိုးရတို့မှာလည်း** အရာအခွင့် သင့်,မသင့်ကို ထောက် ချင့်စဉ်းစားလျက် တပည့်တပါး, သား,မယား, ကျေးကျွန်တို့ကို ကောင်းမွန်စွာ ဆုံးမသင့်၏။ ဆုံးမခွင့်မရှိချေက ဆုံးမသသူ၌ပင် အပြစ်တင်ရာသောကြောင့် မလိမ္မာသော ရထားမှူး ယောက်ျားသည် အသွားကောင်းလျက်နှင့် နင်းကွက်ကျသော ရထားဆောင်မြင်းတို့ကို ဆုံးမပြန်ခြင်းသည် အရာအခွင့် မသင့်သောအားဖြင့် ဆုံးမသည်မည်သကဲ့သို့ ဖြစ်ရကား **ဆုံးမသင့်လျက် မဆုံးမသဖြင့် မဆုံးမသသူ၏အပြစ် ဖြစ်ရာသည်။** မဆုံးမသင့်သည်ကို **ဆုံးမသဖြင့်လည်း ဆုံးမသသူ၏အပြစ် ဖြစ်ရာသည့်**အကြောင်းကို ကောင်းကောင်းသန္နိဋ္ဌာန် ချ၍ မှတ်ရာသည်။

လောက၌ ငါးပုပ်သည် အလွန်မကောင်းသော အနံ့ရှိ၏။ ထိုမကောင်းသောအနံ့ ရှိသော ငါးပုပ်ကို သမန်းမြက်ဖြင့် ထုပ်ပိုးလျှင် သမန်းမြက်သည်လည်း အလွန်ပုပ်သော အနံ့ဖြင့်သာ လှိုင်သကဲ့သို့ ထို့အတူ **သူတော်ကောင်းမဟုတ်သော သူယုတ်မာနှင့် ပေါင်း ဖော်ခြင်းကြောင့် သူတော်ကောင်းပင် သူယုတ်မာ ဖြစ်ရာသည်။** သူယုတ်မာချင်းဖြစ်မူ အဘယ်ဆိုဖွယ်ရှိတော့အံ့နည်း။

လောက၌ တောင်ဇလပ်ပန်းသည် မွှေးသောအနံ့ဖြင့် အလွန်သင်းပျံ့၏။ ထိုအလွန် သင်းပျံ့သော အနံ့ရှိသော တောင်ဇလပ်ပန်းကို ပေါက်ဖက်ဖြင့် ထုပ်ပိုးသည်ရှိသော် ပေါက်ဖက်သည်လည်း မွှေးသောအနံ့ဖြင့် အလွန်သင်းပျံ့သည် ဖြစ်ရာသကဲ့သို့ ထို့အတူ **သူတော်ကောင်းနှင့် ပေါင်းဖော်ခြင်းကြောင့် ပေါင်းဖော်သသူ-ဟူသမျှပင် သူတော်ကောင်း ဖြစ်ရာ၏။**

အကြင်သူသည် အကယ်၍ကား မကောင်းမှုကို မပြု၊ ထိုသို့ပင် မပြုသော်လည်း မကောင်းမှုကို ပြုတတ်သသူတို့နှင့် အတူတကွနေမှု ယုတ်မာသူ-ဟူသော အဖြစ်သို့ စင်စစ် ရောက်သည်-ဟု ဟောတော်မူသော ဘုရားစကားတော်ကို ထိပ်ပေါ်မပျက် သံမှိုနှက် သကဲ့သို့ အသက်ဆုံးတိုင် မှတ်ရာသည်။

ပကိမဏ္ဍ ကုသဂ္ဂေန၊ ယော နရော ဥပနယှတိ။
ကုသာပိ ပူတိ ဝါယန္တိ၊ ဧဝံ ဗာလူ'ပသေဝနာ။ ။

တဂရဉ္စ ပလာသေန၊ ယော နရော ဥပနယှတိ။
ပတ္တာပိ သုရဘိ ဝါယန္တိ၊ ဧဝံ ဓီရူ'ပသေဝနာ။ ။

အကရောန္တောပိ စေ ပါပံ၊ ကရောန္တ'မုပသေဝတိ။
သင်္ကိယော ဟောတိ ပါပသ္မိံ၊ အဝဏ္ဏော စ'ဿ ရူဟတိ။ ။

ယာဒိသံ ကုရုတေ မိတ္တံ၊ ယာဒိသံ စူ'ပသေဝတိ။
သ ဝေ တာဒိသကော ဟောတိ၊ သဟဝါသော ဟိ တာဒိသော။(ဇာတက၀တ်၊ ၂၄၁)

ယော နရော၊ အကြင်သူသည်။ ပူတိမစ္ဆံ၊ ငါးပုပ်ကို။ ကုသဂ္ဂေန၊ သမန်းမြက်ဖြင့်။ ဥပနယှတိ၊ ထုပ်ပိုး၏။ ကုသာပိ၊ သမန်းမြက်တို့သည်လည်း။ ပူတိ၊ ပုပ်သောအနံ့တို့သည်။ ဝါယန္တိ၊ လှိုင်ကုန်၏။ ဧဝံ တထာ၊ ထို့အတူ။ ဗာလူပသေဝနာ၊ သူမိုက်ကို မှီဝဲသောသူတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ယော နရော၊ အကြင်သူသည်။ တဂရဉ္စ၊ တောင်ဇလပ်ပန်းကိုလည်း။ ပလာသေန၊ ပေါက်ဖက်ဖြင့်။ ဥပနယှတိ၊ ထုပ်ပိုး၏။ ပတ္တာပိ၊ ပေါက်ဖက်တို့သည်လည်း။ သုရဘိ၊ ကောင်းသောအနံ့တို့သည်။ ဝါယန္တိ၊ လှိုင်ကုန်၏။ ဧဝံ တထာ၊ ထို့အတူ။ ဓီရူပသေဝနာ၊ ပညာရှိကို မှီဝဲသောသူတို့သည်။ ဟောန္တိ၊ ၏။

ယော၊ အကြင်သူသည်။ စေ၊ အကယ်၍။ ပါပံ၊ မကောင်းမှုကို။ အကရောန္တောပိ၊ မပြုသော်လည်း။ ကရောန္တံ၊ မကောင်းမှုပြုသောသူကို။ ဥပသေဝတိ၊ မှီဝဲ၏။ သော၊ ထိုသူသည်။ ပါပသ္မိံ၊ မကောင်းမှု၌။ သင်္ကိယော၊ စက်ဆုပ်ရွံရှာဖွယ်ရှိသည်။ ဟောတိ၊ ၏။ အဿ၊ ထိုသူအား။ အဝဏ္ဏော စ၊ ကျေးဇူးအရှိန်အစော် မဲ့(ခြင်း)သည်လည်း။ ရူဟတိ၊ ရောက်ရာ၏။

ယော၊ အကြင်သူသည်။ ယာဒိသံ၊ အကြင်သို့သဘောရှိသော။ မိတ္တံ၊ အဆွေခင်ပွန်းကို။ ကုရုတေ၊ ပေါင်းဖော်၏။ ယာဒိသံ၊ အကြင်သို့ သဘောရှိသော။ မိတ္တံ၊ အဆွေခင်ပွန်းကို။ ဥပသေဝတိ၊ မှီဝဲ၏။ သ-သော၊ ထိုသူသည်။ ဝေ၊ စင်စစ်။ တာဒိသကော၊ ထိုပေါင်းဖော် မှီဝဲအပ်သောသူနှင့် တူသည်။ ဟောတိ၊ ၏။ ဟိ၊ သင့်စွ။ သဟဝါသော၊ အတူတကွနေခြင်းသည်။ တာဒိသော၊ ထိုပေါင်းဖော်အပ်သောသူနှင့် တူသည်။ ဟောတိ၊ ၏။ (နှုတ်တက် လေ့ကျက် ဆောင်ရွက်ရာသော ပါဠိနိသျှ။)

ဤသို့ဖြစ်၍ အရာရာတွင် ပါသမျှ ဗာလအမည်ရှိသည့်သူ လူမလိမ္မာ-ဟူသမျှကို–

- လမ်းဆုံခရီးဝ၌ စိုက်ထားအပ်သော အဆိပ်ပင်ကဲ့သို့လည်းကောင်း
- အရပ်လေးမျက်နှာ ပိတ်ဆီးလျက် မီးလောင်သောအိမ်ကဲ့သို့လည်းကောင်း
- အဆိပ်ထန်သော မြွေ၏ ဥကျောင်းကဲ့သို့လည်းကောင်း
- ဖမ်းယူသတ်စားတတ်သော ဘီလူးသဘက်ကဲ့သို့လည်းကောင်း
- ခိုးသူ, ရန်သူများသော တောအုပ်ကဲ့သို့လည်းကောင်း
- မိကျောင်း, လင်းပိုင်, ငါး, လိပ်, မကန်းတို့ဖြင့် ပြွမ်းသော ရေဆိပ်ကဲ့သို့လည်းကောင်း
- အလျှံတပြောင်ပြောင် တောက်လောင်သော သံတွေခဲကဲ့သို့လည်းကောင်း–

ကြဉ်ဖဲစွန့်ခွါ ဝေးစွာ ရှောင်ရှားအပ်သည်-ဟု ကြပ်ကြပ် နှလုံးသွင်းထားရာသတည်း။

ဤသို့ အရပ်ရပ် ပြဆိုအပ်သော လောကူပမာနှင့် တကွသော သဗ္ဗညုဘုရား ဒေသနာတော်သည် လမ်းဆုံခရီးဝ၌ ထားအပ်သော ကြေးမုံကြီးကဲ့သို့ မိမိ, သူတပါးတို့၏ အကျိုး,အပြစ်ကို စင်စစ် သိနိုင်ရာသဖြင့် ပစ္စုပ္ပန်, သံသရာ ချမ်းသာအကျိုး ဖွံ့ဖြိုးကြီးမား တိုးပွါးစည်ပင်ခြင်းကို တောင့်တသသူတို့မှာ ဆရာဥပဇ္ဈာယ်ကဲ့သို့ အမှီတကဲ သဟဲပြု၍ ကြည့်ရှုလေ့ကျက် ဆောင်ရွက်မှတ်သားရာသည်။

**သုပဏ္ဏော ဟေမပတ္တော စ၊ ဂေါပါလော စေဝ ကိမိယော။**
**ပရိဝါရော စ သာရထိ၊ ပူတိတဂ္ဂါ ဣမေ နဝ။ ။**

သုပဏ္ဏော စ၊ ဂဠုန်ငှက်ဥပမာလည်းကောင်း။ ဟေမပတ္တော စ၊ ရွှေခွက်ဥပမာ လည်းကောင်း။ ဂေါပါလော စေဝ၊ နွားကျောင်းသားဥပမာလည်းကောင်း။ ကိမိယော စ၊ ဆစ်ပိုးဥပမာ, ခြသေ့်ပိုးဥပမာတို့လည်းကောင်း။ ပရိဝါရော စ၊ ပရိဝါရ ၄-ပါး ဥပမာလည်း ကောင်း။ သာရထိ စ၊ ရထားထိန်းဥပမာလည်းကောင်း။ ပူတိတဂ္ဂါ စ၊ ငါးပုပ်ဥပမာ, တောင် ဇလပ်ပန်းဥပမာတို့လည်းကောင်း။ ဣမေ နဝ၊ ဤ ၉-ပါးတို့တည်း။

ဤကား ဒေသနာတော်စဉ်ကို အကျဉ်းပြသော နည်းတည်း။ သားတော်သုံးဆယ် မင်းသားက "အမျိုးသားတို့ နှလုံးသွင်းထား သင်ကြားလေ့ကျက် ဆောင်ရွက်မှတ်သား အားထုတ်ကြည့်ရှုရန် ကျမ်းဂန်အရ သြဝါဒကထာ ဆုံးမစာကို ရေးသားကယ်မ သနား တော်မူပါ"ဟု လျှောက်သောကြောင့် ကျမ်းဂန်ကို အထောက်အထားပြု၍ ဥပမာ, ဥပမေယျ၊ ထုံးသာဓကကို ပြလျက် ၁၂၃၈-ခု၊ တပေါင်းလပြည့်ကျော်၊ ၁-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## ကြံခင်းမြို့၊ ဒကာမောင်ကျော်ထွေး-က ပြဆိုလတ္တံ့သော ၂၃-ပါးသောပုစ္ဆာကို မေးလျှောက်ချက်

[၁၃၁] "ဘုရားတပည့်တော် ကြံခင်းမြို့၊ ဒကာကျော်ထွေး ခြေတော်ဦးခိုက် လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား။

(၁) မြတ်စွာဘုရားဂုဏ်တော်ကျေးဇူးတော်တို့ကို ချီးမွမ်းသောဂါထာ ,

(၂) ပညာရှိတို့ကို ချီးမွမ်းသောဂါထာ,

(၃) အသက်ဂုဏ်ကြီးသောသူတို့ကို ရိုသေသောအကျိုး,

(၄) ဆွမ်း, အဝတ်, ယဉ်လှူသောအကျိုး, (၅) မနောဒွါရဖြင့် လှူသောအကျိုး,

(၆) ဆီမီးခွက်, ဆီမီးလှူသောအကျိုး, (၇) အသက်ရှည်ခြင်းအကြောင်း ၆-ပါး,

(၈) အနည်းငယ်မျှသော ဒါနအကျိုး, (၉) ဒေဝဓမ္မတရား ၂-ပါး,

(၁၀) ပညာရှိတို့ လက္ခဏာ, (၁၁) သူမြတ်တို့ လက္ခဏာ,

(၁၂) လူတို့ကို သိကြားမင်း ရှိခိုးသောဂါထာ,

(၁၃) ရတနာ ၃-ပါးကို ဆည်းကပ်သောအကျိုး,

(၁၄) မေတ္တာအကျိုး, (၁၅) အဆွေခင်ပွန်းကောင်းတို့၏ အင်္ဂါ,

(၁၆) သီလဂုဏ် ၈-ပါး, (၁၇) စာဂဂုဏ် ၆-ပါး,

(၁၈) သီလဝန္တရဟန်းတို့ကို ကိုးကွယ်သောအကျိုး,

(၁၉) နတ်ပြည်၌ ဖြစ်ရာသောအကြောင်း, (၂၀) မုသာဝါဒ အပြစ်ကြီးကြောင်း,

(၂၁) ဇမ္ဗူဒိပ်ကျွန်းသားတို့က မြောက်ကျွန်းသား, တာဝတိံသာနတ်များထက် သာလွန်သည့် တရား ၃-ပါး,

(၂၂) အား ၈-ပါး, (၂၃) ဩဝါဒကထာ,

(၂၄) ဆုတောင်းဂါထာ၊

ဤ ၂၃-ပါးသော ပုစ္ဆာတို့ကို မကျယ်,မကျဉ်း၊ နှလုံးသွင်းထား မှတ်သားပါရအောင် ပါဠိအာဂုံနှင့်တကွ ကယ်မသနားတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။"

ရှင်းဒါယကာ မောင်ကျော်ထွေး လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ-

[၁၃၁] (၁)*၁ မဟာသမုဒ္ဒေ ဥဒကံ၊ ပမေတုံ အာဠှကေန ဝါ။
နတ္တေဝ တဝ သဗ္ဗညု-ဉာဏံ သက္ကာ ပမေတဝေ။ ။

*၂ ပထဝိံ ခါရေတုံ သက္ကာ၊ ဌပေတွာ တုလမဏ္ဍလေ။
နတ္တေဝ တဝ သဗ္ဗညု-ဉာဏံ သက္ကာ ခရေတဝေ။ ။

*၃ အာကာသံ မိနေတုံ သက္ကာ၊ ရဇ္ဇုယာ အင်္ဂုလေန ဝါ။
နတ္တေဝ တဝ သဗ္ဗညု-ဉာဏံ သက္ကာ မိနေတဝေ။ ။

*၄ ပထဝီ အခိလာ စ တော၊ အာကာသော ဥဒကံ တထာ။
တဝ ဉာဏံ ဥပါဒါယ၊ ဥပမာတော န ယုဇ္ဇရေ။ ။ (အပ၊၁။၂၂)

(၂)*၁ ဓမ္မဉ္စ သီလသမ္ပန္နံ၊ သစ္စဝါဒိံ ဟိရိမနံ။
နေက္ခံ ဇမ္ဗောနဒဿေဝ၊ ကော တံ နိန္ဒိတုမရဟတိ။
ဒေဝါပိ နံ ပသံသန္တိ၊ ဗြဟ္မုနာပိ ပသံသိတော။ ။ (အံ၊၂။၄၁)

(၃)*၁ ယေ ဝုဍ္ဎမပစာယန္တိ၊ နရာ ဓမ္မဿ ကောဝိဒါ။
ဒိဋ္ဌေ ဓမ္မေ စ ပါသံသာ၊ သမ္ပရာယေ စ သုဂ္ဂတိံ။ ။ (ဇာ၊၁။၉)

(၄)*၁ အဒန္တဒမနံ ဒါနံ၊ ဒါနံ သဗ္ဗတ္ထသာဓကံ။
ဒါနေန ပိယဝါစာယ၊ ဥန္နမန္တိ နမန္တိ စ။ ။ (ဝိသုဒ္ဓိ၊၁။၃၀၀)

*၂ အန္နဒေါ ဗလဒေါ ဟောတိ၊ ဝတ္ထဒေါ ဟောတိ ဝဏ္ဏဒေါ။
ယာနဒေါ သုခဒေါ ဟောတိ၊ ဒီပဒေါ ဟောတိ စက္ခုဒေါ။ ။

*၃ သော စ သဗ္ဗဒဒေါ ဟောတိ၊ ယော ဒဒါတိ ဥပဿယံ။
အမတံ ဒဒေါ စ သော ဟောတိ၊ ယော ဓမ္မမနုသာသတိ။ ။(သံ၊၁။၂၉)

(၅)*၁ မနသာ ဒါနံ မယာ ဒိန္နံ၊ မနသာ ပသာဒမာဝဟိံ။
ပူဇိတာ သဗ္ဗဗုဒ္ဓါ စ၊ ပစ္စေကာ ဇိနသာဝကာ။ ။

တေန ကမ္မေန သုကတေန၊ စေတနာပဏိဓီဟိ စ။
ဇဟိတွာ မာနုသံ ဒေဟံ၊ ဒေဝကာယံ အဂစ္ဆဟံ။ ။ (အပ၊၁။၅)

(၆)*၁ ဒီပံ ဇာလေတိ ယော နရော၊ ဒိဗ္ဗစက္ခုံ စ လဘေယျ။
ဇစ္စန္ဓော နေဝ ဘဝေယျ၊ န စ မုယှိ ဇာယရေ။ ။

*၂ ပသာဒစက္ခုနေတ္တေန၊ သဗ္ဗဒိသာ ပဒိဿရေ။
ယတ္ထ တတ္ထ ဒဿကာမော၊ ဌိတော ယေဝ ပဒိဿရေ။ ။

*၃ ဘောဂေန စ ယသေန စ၊ ဇာတိယာ စ ဟီနော နတ္ထိ။
ပဇ္ဇလတိ အဂ္ဂိ ယထာ၊ ဒေဝတာဝ ဝိရောစတိ။ ။

*၄ ဇုတိမာ အဂ္ဂသမ္ပန္နော၊ ပညဝါ စ ဘဝါဘဝေ။
ယော စ ဒီပထာလံ ဒေတိ၊ ဒီပထာလဿိ'ဒံ ဖလံ။ ။

(၇)*၁ ပရိဿာဝနဒါနေန၊ အာဝါသဒါန မေဝ စ။
ဂိလာနဝတ္ထုဒါနေန၊ ဒါတဗ္ဗံ မနုဇာဓိပ။ ။

*၂ ကရေယျ ဇိဏ္ဏကာဝါသ-ပဋိသင်္ခရဏံ တထာ။
ပဥ္စသီလသမာဒါနံ၊ ကတွာ တံ သာဓုရက္ခိတံ။
ဥပေါသထော'ပဝါသော စ၊ ကာတဗ္ဗော'ပေါသထေ ဣတိ။ ။

၈)*၁ ယေ ဟိ တေ စန္ဒနိကာယ ဝါ ဩဠိဂလ္လေ ဝါ ပါဏာ။ တတြာပိ ယေ ထာလဓောဝနံ ဝါ သရာဝဓောဝနံ ဝါ ဆဍ္ဍေန္တိ။ "ယေ တတ္ထ ပါဏာ၊ တေ တေန ယာပေန္တူ"တိ။ တတောနိဒါနံ ပုညဿ အာဂမံ ဝဒါမိ။ ကော ပန ဝါဒေါ မနုဿဘူတေ။

(၉)*၁ ဟိရိဩတ္တပ္ပသမ္ပန္နာ၊ သုက္ကဓမ္မသမာဟိတာ။
သန္တော သပ္ပုရိသာ လောကေ၊ ဒေဝဓမ္မာတိ ဝုစ္စရေ။ ။ (ဇာ၊၁။၂)

(၁၀)*၁ ဒိဋ္ဌေ ဓမ္မေ စ ယော အတ္ထော၊ ယော စ'တ္ထော သမ္ပရာယိကော။
အတ္ထာဘိသမယာ ဓီရော၊ ပဏ္ဍိတော'တိ ပဝုစ္စတိ။ ။ (သံ၊၁။၈၇)

(၁၁)*၁ ဧရဏ္ဍာ ပုစိမန္ဒာ ဝါ၊ အထဝါ ပါလိဘဒ္ဒကာ။
မဓုံ မဓုတ္ထိကော ဝိန္ဒေ၊ သော ဟိ တဿ ဒုမု'တ္တမော။ ။

(ဧဝမေဝ မနုဿေသု)
ခတ္တိယာ ဗြာဟ္မဏာ ဝေဿာ၊ သုဒ္ဒါ စဏ္ဍာလပုက္ကုသာ။
ယမှာ ဓမ္မံ ဝိဇာနေယျ၊ သော ဟိ တဿ နရုတ္တမော။ ။ (ဇာ၊၁။၂၅၈)

(၁၂)*၁ ယေ ဂဟဋ္ဌာ ပုညကာရာ၊ သီလဝန္တော ဥပါသကာ။
ဓမ္မေန ဒါရံ ပေါသေန္တိ၊ တေ နမဿာမိ မာတလိ။ ။

*၂ သေဋ္ဌာ ဟိ ကိရ လောကသ္မိံ၊ ယေ တွံ သက္က နမဿသိ။
အဟမ္ပိ တေ နမဿာမိ၊ ယေ နမဿသိ ဝါသဝ။ ။ (သံ၊၁။၂၃၆)

(၁၃)*၁ သတံ ဟတ္ထီ သတံ အဿာ၊ သတံ အဿတရီရထာ။
သတံ ကညာသဟဿာနိ၊ အာမုက္ကမဏိကုဏ္ဍလာ။
ဧကဿ ပဒဝီတိဟာရဿ၊ ကလံ နာ'ဂ္ဃန္တိ သောဠသိံ။(ဝိ၊၄။၃၀၃။သံ၊၁။၂၁၃)

(၁၄)*[၁] ယော ဘိက္ခဝေ ပုပ္ဖဏှသမယံ ဩကွာသတံ ဒါနံ ဒဒေယျ။
ယော မဇ္ဈန္တိကသမယံ ဩကွာသတံ ဒါနံ ဒဒေယျ။
ယော သာယဏှသမယံ ဩကွာသတံ ဒါနံ ဒဒေယျ။
ယော ဝါ ပုပ္ဖဏှသမယံ အန္တမသော ဂဒ္ဒူဟနမတ္တမ္ပိ မေတ္တစိတ္တံ ဘာဝေယျ။
ယော ဝါ မဇ္ဈန္တိကသမယံ အန္တမသော ဂဒ္ဒူဟနမတ္တမ္ပိ မေတ္တစိတ္တံ ဘာဝေယျ။
ယော ဝါ သာယဏှသမယံ အန္တမသော ဂဒ္ဒူဟနမတ္တမ္ပိ မေတ္တစိတ္တံ ဘာဝေယျ။

ဣဒံ တတော မဟပ္ဖလတရံ။ တသ္မာတိဟ ဘိက္ခဝေ ဧဝံ သိက္ခိတဗ္ဗံ "မေတ္တာ နော စေတောဝိမုတ္တိ ဘာဝိတာ ဘဝိဿတိ ဗဟုလီကတာ ယာနီကတာ ဝတ္ထုကတာ အနုဋ္ဌိတာ ပရိစိတာ သုသမာရဒ္ဓါ"တိ။ ဧဝဉ္ဟိ ဝေါ ဘိက္ခဝေ သိက္ခိတဗ္ဗန္တိ။

မေတ္တာယ ဘိက္ခဝေ စေတောဝိမုတ္တိယာ အာသေဝိတာယ ဘာဝိတာယ ဗဟုလီကတာယ ယာနီကတာယ ဝတ္ထုကတာယ အနုဋ္ဌိတာယ ပရိစိတာယ သုသမာရဒ္ဓါယ ဧကာဒသာနိသံသာ ပါဋိကင်္ခါ–

ကတမေ ဧကာဒသ? သုခံ သုပတိ၊ သုခံ ပဋိဗုဇ္ဈတိ၊ န ပါပကံ သုပိနံ ပဿတိ၊ မနုဿာနံ ပိယော ဟောတိ၊ အမနုဿာနံ ပိယော ဟောတိ၊ ဒေဝတာ ရက္ခန္တိ၊ နာ'ဿ အဂ္ဂိ ဝါ ဝိသံ ဝါ သတ္ထံ ဝါ ကမတိ၊ တုဝဋံ စိတ္တံ သမာဓိယတိ၊ မုခဝဏ္ဏော ပသီဒတိ၊ အသမ္မူဠော ကာလံ ကရောတိ၊ ဥတ္တရိ အပ္ပဋိဝိဇ္ဈန္တောပိ ဗြဟ္မလောကူ'ပဂေါ ဟောတိ၊ ဣမေ ဧကာဒသာနိသံသာ ပါဋိကင်္ခါတိ။ (အံ၊၃။၅၄၂)

(၁၅)*[၁] သတ္တဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတော မိတ္တော သေဝိတဗ္ဗော။ ကတမေဟိ သတ္တဟိ? ဒုဒ္ဒဒံ ဒဒါတိ၊ ဒုက္ကရံ ကရောတိ၊ ဒုက္ခမံ ခမတိ၊ ဂုယှ'မဿ ပရိဂုယှတိ၊ ဂုယှ'မဿ နာဝိကရောတိ၊ အာပဒါသု န ဝိဇဟတိ၊ ခီဏေန နာတိမညတိ။ ဣမေဟိ ခေါ ဘိက္ခဝေ သတ္တဟ'င်္ဂေဟိ သမန္နာဂတော မိတ္တော သေဝိတဗ္ဗော။ ။ (အံ၊၂။၄၂၀)

(၁၆)*[၁] အခဏ္ဍ'မဆိဒ္ဒ'မသ-ဗလ'ကမ္မာသ ဘုဇိဿံ။
ဝိညူပသဋ္ဌ'မပရာ-မဋ္ဌ သမာဓိဝတ္တနံ။
လောကုတ္တရသီလဿ'ဌ၊ ဣတရ'ဿ စတုအာဒိကာ။ ။

(၁၇)* ဝိဂတမလမစ္ဆေရံ၊ စာဂေါ ပယတပါဏိ စ။
ယာစယောဂေါ သံဝိဘာဂ-ရတော ဝေါဿဂ္ဂရတေန။ ။
ဆဗ္ဗိဓာ စာဂဂုဏာနိ၊ ပဏ္ဍိတေဟိ ဝိဇာနိယာ။ ။

(၁၈)* ယေ ကုလံ ဥပသင်္ကမန္တိ၊ တေသံ ပဋ္ဌာနိသံသိကာ။
သဂ္ဂသံဝတ္တနိကု’စ္စာ-ကုလံ မဟိဒ္ဓိ ဘောဂါ စ။ ။

ပညာ ပသာဒါ’ဘိဝါဒါ၊ ဝိဂတမစ္ဆရာ ဝိဘာဂါ။
သဒ္ဓမ္မသဝနာ စေဝ၊ ဣမေ ပဋ္ဌာနိသံသိကာ။ ။

(၁၉)* သစ္စံ ဘဏေ န ကုဇ္ဈေယျ၊ ဒဇ္ဇာ အပ္ပမ္ပိ ယာစိတော။
ဧတေဟိ တီဟိ ဌာနေဟိ၊ ဂစ္ဆေ ဒေဝါန သန္တိကေ။ ။

(၂၀)* ဧကမ္ပိ အတီတဿ၊ မုသာဝါဒိဿ ဇန္တုနော။
ဝိတိဏ္ဏပရလောကဿ၊ နတ္ထိ ပါပံ အကာရိယံ။ ။

(၂၁)* တီဟိ ဘိက္ခဝေ ဌာနေဟိ ဇမ္ဗုဒီပကာ မနုဿာ ဥတ္တရကုရုကေ မနုဿေ အဓိဂဏှန္တိ ဒေဝေ စ တာဝတိံသေ။ ကတမေဟိ တီဟိ? သူရာ၊ သတိမန္တော ဣဓ ဗြဟ္မစရိယဝါသောတိ။ ဣမေဟိ ဘိက္ခဝေ တီဟိ ဌာနေဟိ ဇမ္ဗုဒီပကာ မနုဿာ ဥတ္တရကုရုကေ မနုဿေ အဓိဂဏှန္တိ ဒေဝေ စ တာဝတိံသေ။

(၂၂)* အဋ္ဌိ’မာနိ ဘိက္ခဝေ ဗလာနိ။ ကတမာနိ အဋ္ဌ? ဒါရကာနံ ရောဒဗလံ၊ ဣတ္ထီနံ ကောဓဗလံ၊ စောရာနံ သတ္ထဗလံ၊ ရာဇာနံ ဣဿရိယဗလံ၊ ဗာလာနံ ဟာသဗလံ၊ ပဏ္ဍိတာနံ နိစ္ဆယဗလံ၊ ဗဟုဿုတာနံ ပစ္စဝေက္ခဏဗလံ၊ ဘိက္ခူနံ ခန္တိဗလန္တိ၊ ဣမာနိ ခေါ ဘိက္ခဝေ အဋ္ဌ ဗလာနိ။

(၂၃)*၁ ပိယံ ဘာသတိ သုကော်ပိ၊ ဝနဘက္ခော ဝနေ စရံ။
နရဘူတော ဘတ္တဘက္ခော၊ ကိံနု ပိယံ န ဘာသတိ။

*၂ နရဘူတော ဘတ္တဘက္ခော၊ ဝနဘက္ခော ဝနေ စရံ။
သာခုမဂ္ဂေ န နမတိ၊ သာခံ နစ္စတိ ဝါနရော။ ။

*၃ စဇ ဒုဇ္ဇနသံသဂ္ဂံ၊ ဘဇ သာဓုသမာဂမံ။
ကရ ပုည’မဟောရတ္တံ၊ သရ နိစ္စ’မနိစ္စတံ။ ။

*၄ အဇ္ဇေဝ ကိစ္စံ အာတပ္ပံ၊ ကော ဇညာ မရဏံ သုဝေ။
န ဟိ နော သင်္ဂရံတေန၊ မဟာသေနေန မစ္စုနာ။ ။

(၂၄)*၁ ဣမိနာ ပုညကမ္မေန၊ အဘိရမေယျ သဒ္ဓမ္မေ။
ဖုဋ္ဌော စ လောကဓမ္မေဟိ၊ သဟေယျ’မတိပါမောဇ္ဇော။
ဘဝါဘဝေ သံသရန္တော၊ ပိဋကတ္တယဓရော ဘဝေ။ ။

ဓမ္မုပဒေသပါဠိ ပြီး၏။

ၒင်းပါဠိ၏ အနက်ကို ဆောင်ရွက်စေခြင်းငှာ အသီးအသီး ပိုင်းခြား၍ ပြပေအံ့။

(၁)*၁ မဟာသမုဒ္ဒေ ဥဒကံ၊ ပမေတုံ အာဠှကေန ဝါ။
နတ္ထေဝ တဝ သဗ္ဗညု-ဉာဏံ သက္ကာ ပမေတဝေ။ ။

မဟာသမုဒ္ဒေ၊ မဟာသမုဒ္ဒရာ၌။ ဥဒကံ၊ ရေကို။ အာဠှကေန ဝါ၊ ကွမ်းစားခွက်ဖြင့်လည်းကောင်း။ (ပတ္တေန ဝါ၊ ပြည်ဝင်ခွက်ဖြင့်လည်းကောင်း။) ပမေတုံ၊ ချင့်တွက်ခြင်းငှာ။ သက္ကာ၊ တတ်ကောင်းရာ၏။ တဝ၊ ရှင်တော်ဘုရား၏။ သဗ္ဗညုတဉာဏံ၊ သဗ္ဗညုတဉာဏ်တော်ကို။ ပမေတဝေ၊ ချင့်တွက်ခြင်းငှာ။ နတ္ထေဝ သက္ကာ၊ မတတ်ကောင်းရာ။

*၂ ပထဝိံ ဓာရေတုံ သက္ကာ၊ ဌပေတွာ တုလမဏ္ဍလေ။
နတ္ထေဝ တဝ သဗ္ဗညု-ဉာဏံ သက္ကာ ဓရေတဝေ။ ။

ပထဝိံ၊ မြေကြီးကို။ တုလမဏ္ဍလေ၊ စဉ်းချိန်ခွက်၌။ ဌပေတွာ၊ ထား၍။ ဓာရေတုံ၊ ချိန်စက်ခြင်းငှာ။ သက္ကာ၊ တတ်ကောင်းရာ၏။ တဝ၊ ရှင်တော်ဘုရား၏။ သဗ္ဗညုတဉာဏံ၊ သဗ္ဗညုတဉာဏ်တော်ကို။ ဓရေတဝေ၊ ချိန်စက်ခြင်းငှာ။ နတ္ထေဝ သက္ကာ၊ မတတ်ကောင်းပေရာ။

*၃ အာကာသံ မိနေတုံ သက္ကာ၊ ရဇ္ဇုယာ အင်္ဂုလေန ဝါ။
နတ္ထေဝ တဝ သဗ္ဗညု-ဉာဏံ သက္ကာ မိနေတဝေ။ ။

အာကာသံ၊ ကောင်းကင်ကို။ ရဇ္ဇုယာ ဝါ၊ တာကြိုးဖြင့်လည်းကောင်း။ အင်္ဂုလေန ဝါ၊ လက်သစ်ဖြင့်လည်းကောင်း။ မိနေတုံ၊ တိုင်းတာခြင်းငှာ။ သက္ကာ၊ တတ်ကောင်းရာ၏။ တဝ၊ ရှင်တော်ဘုရား၏။ သဗ္ဗညုတဉာဏံ၊ သဗ္ဗညုတဉာဏ်တော်ကို။ မိနေတဝေ၊ တိုင်းတာခြင်းငှာ။ နတ္ထေဝ သက္ကာ၊ မတတ်ကောင်းပေရာ။

*၄ ပထဝီ အခိလာ စ တော၊ အာကာသော ဥဒကံ တထာ။
တဝ ဉာဏံ ဥပါဒါယ၊ ဥပမာတော န ယုဇ္ဇရေ။ ။

အခိလာ၊ အလုံးစုံသော။ ပထဝီ စ၊ မြေကြီးသည်လည်းကောင်း။ အခိလော၊ အလုံးစုံသော။ အာကာသော စ၊ ကောင်းကင်သည်လည်းကောင်း။ တထာ၊ ထို့အတူ။ အခိလံ၊ အလုံးစုံသော၊ ဥဒကဉ္စ၊ ရေသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ တော၊ ထိုမြေ, ရေ, ကောင်းကင်တို့သည်။ တဝ၊ ရှင်တော်ဘုရား၏။ ဉာဏံ၊ သဗ္ဗညုတဉာဏ်တော်ကို။ ဥပါဒါယ၊ ထောက်၍။ ဥပမာတော၊ ဥပမာအားဖြင့်။ န ယုဇ္ဇရေ၊ မနှိုင်းယှဉ်ရာ။

(ဤကား 'မဟာသမုဒ္ဒေ'-အစ 'ဥပမာတော န ယုဇ္ဇရေ'-အဆုံးရှိသော ဂါထာတို့၌ အနက်။ အနောမဒဿီဘုရားလက်ထက် သာရိပုတ္တရာအလောင်း သရဒရသေ့ဖြစ်၍ အနောမဒဿီဘုရားကို ချီးမွမ်းသော ရှိခိုးဂါထာ။ အပ၊၁၊၂၂။)

(၂)*၁ ဓမ္မဋ္ဌံ သီလသမ္ပန္နံ၊ သစ္စဝါဒိံ ဟိရီမနံ။
နေက္ခံ ဇမ္ဗောနဒဿေဝ၊ ကော တံ နိန္ဒိတုမရဟတိ။ ။
ဒေဝါပိ နံ ပသံသန္တိ၊ ဗြဟ္မုနာပိ ပသံသိတော။ ။

ဓမ္မဋ္ဌံ၊ တရား၌လည်း တည်ထသော။ သီလသမ္ပန္နံ၊ သီလသီတင်းနှင့်လည်း ပြည့်စုံထသော။ သစ္စဝါဒိံ၊ ဟုတ်မှန်သော စကားကိုလည်း ဆိုလေ့ရှိထသော။ ဟိရီမနံ၊ မကောင်းမှုမှ ရှက်ကြောက်သော စိတ်လည်း ရှိထသော။ တံ၊ ထိုသူကို။ နိက္ခံ၊ ထုတ်အပ်သော အညစ်အကြေးရှိသော။ ဇမ္ဗောနဒဿေဝ၊ ဇမ္ဗူနဒီရွှေကဲ့သို့။ ကော၊ အဘယ်သူသည်။ နိန္ဒိတုံ၊ ကဲ့ရဲ့ရှုတ်ချခြင်းငှာ။ အရဟတိ၊ ထိုက်အံ့နည်း။ ဒေဝါပိ၊ နတ်တို့သည်လည်း။ နံ၊ ထိုသူကို။ ပသံသန္တိ၊ ချီးမွမ်းကုန်၏။ ဗြဟ္မုနာပိ၊ ဗြဟ္မာသည်လည်း။ ပသံသိတော၊ ချီးမွမ်းအပ်၏။

(ဤကား 'ဓမ္မဋ္ဌံ သီလသမ္ပန္နံ' -အစ၊ 'ဗြဟ္မုနာပိ ပသံသိတော'-အဆုံးရှိသော ဂါထာ၏ အနက်။ အင်္ဂုတ္တရပါဠိတော်)

(၃)*၁ ယေ ဝုဍ္ဎမပစာယန္တိ၊ နရာ ဓမ္မဿ ကောဝိဒါ။
ဒိဋ္ဌေ ဓမ္မေ စ ပါသံသာ၊ သမ္ပရာယေ စ သုဂ္ဂတိံ။ ။

ဓမ္မဿ၊ တရားတော်၌။ ကောဝိဒါ၊ လိမ္မာကုန်သော။ ယေ နရာ၊ အကြင်သူတို့သည်။ ဝုဍ္ဎံ၊ အသက်အရွယ်, ဂုဏ်ဖြင့် ကြီးသောသူကို။ အပစာယန္တိ၊ အရိုအသေပြုကုန်၏။ တေ နရာ၊ ထိုသူတို့သည်။ ဒိဋ္ဌေ ဓမ္မေ စ၊ မျက်မှောက်ဘဝ၌လည်း။ ပါသံသာ၊ ချီးမွမ်းခြင်းငှာ ထိုက်ကုန်၏။ သမ္ပရာယေ စ၊ တမလွန်ဘဝ၌လည်း။ သုဂ္ဂတိံ၊ သုဂတိဘဝသို့။ ယန္တိ၊ ရောက်ကုန်၏။

(ဤကား 'ယေ ဝုဍ္ဎမပစာယန္တိ'-အစ၊ 'သမ္ပရာယေစ သုဂ္ဂတိံ'-အဆုံးရှိသော ဂါထာ၌ အနက်။ တိတ္တိရဇာတ်ပါဠိတော်)

(၄)*၁ အဒန္တဒမနံ ဒါနံ၊ ဒါနံ သဗ္ဗတ္ထသာဓကံ။
ဒါနေန ပိယဝါစာယ၊ ဥန္နမန္တိ နမန္တိ စ။ ။

ဒါနံ၊ ပေးကမ်းခြင်းသည်။ အဒန္တံ၊ မယဉ်ကျေးသောသူကို။ ဒမနံ၊ ယဉ်ကျေးအောင် ဆုံးမသည် မည်၏။ ဒါနံ၊ ပေးကမ်းခြင်းသည်။ သဗ္ဗတ္ထသာဓကံ၊ ခပ်သိမ်းသော လောကီ,

လောကုတ္တရာအကျိုးကို ပြီးစေတတ်၏။ ဒါနေန၊ ပေးကမ်းခြင်းကြောင့်လည်းကောင်း။ ပိယဝါစာယ၊ ချစ်ဖွယ်သော စကားကို ဆိုခြင်းကြောင့်လည်းကောင်း။ ဥန္နမန္တိ စ၊ မညွတ်သေးသော သူတို့သည်လည်း ညွတ်လာကုန်၏။ နမန္တိ စ၊ ညွတ်ပြီးသော သူတို့သည်လည်း အဖန်တလဲလဲ ညွတ်လာကုန်၏။

*၂ အန္နဒေါ ဗလဒေါ ဟောတိ၊ ဝတ္ထဒေါ ဟောတိ ဝဏ္ဏဒေါ။
ယာနဒေါ သုခဒေါ ဟောတိ၊ ဒီပဒေါ ဟောတိ စက္ခုဒေါ။ ။

အန္နဒေါ၊ ဆွမ်းကို လှူသောသူသည်။ ဗလဒေါ၊ ခွန်အားကို လှူသည် မည်သည်။ ဟောတိ၊ ဖြစ်၏။ ဝတ္ထဒေါ၊ အဝတ်ကို လှူသောသူသည်။ ဝဏ္ဏဒေါ၊ အဆင်းကို လှူသည် မည်သည်။ ဟောတိ၊ ဖြစ်၏။ ယာနဒေါ၊ ယာဉ်ကို လှူသောသူသည်။ သုခဒေါ၊ ချမ်းသာကို လှူသည် မည်သည်။ ဟောတိ၊ ၏။ ဒီပဒေါ၊ ဆီမီးကို လှူသောသူသည်။ စက္ခုဒေါ၊ မျက်လုံးကို လှူသည် မည်သည်။ ဟောတိ၊ ဖြစ်၏။

*၃ သော စ သဗ္ဗဒဒေါ ဟောတိ၊ ယော ဒဒါတိ ဥပဿယံ။
အမတံဒဒေါ စ သော ဟောတိ၊ ယော ဓမ္မမနုသာသတိ။ ။

ယော စ၊ အကြင်သူသည်ကား။ ဥပဿယံ၊ ကျောင်းကို။ ဒဒါတိ၊ လှူ၏။ သော၊ ထိုသူသည်။ သဗ္ဗဒဒေါ၊ အလုံးစုံကို လှူသည်မည်သည်။ ဟောတိ၊ ဖြစ်၏။ ယော၊ အကြင်သူသည်။ ဓမ္မံ ဓမ္မေန၊ တရားဖြင့်။ အနုသာသတိ၊ ဆုံးမ၏။ သော၊ ထိုသူသည်။ အမတံဒဒေါ၊ နိဗ္ဗာန်ကို လှူသည် မည်သည်။ ဟောတိ၊ ဖြစ်၏။

(ဤကား 'အဒန္တ ဒမနံ ဒါနံ'-အစ 'ယော ဓမ္မမနုသာသတိ'-အဆုံးရှိသော ဂါထာတို့၏ အနက်။ သံယုတ်ပါဠိတော်။)

(၅)*¹ မနသာ ဒါနံ မယာ ဒိန္နံ၊ မနသာ ပသာဒ'မာဝဟိံ။
ပူဇိတာ သဗ္ဗဗုဒ္ဓါ စ၊ ပစ္စေကာ ဇိနသာဝကာ။

တေန ကမ္မေန သုကတေန၊ စေတနာပဏိဓီဟိ စ။
ဇဟိတွာ မာနုသံ ဒေဟံ၊ ဒေဝကာယံ အဂစ္ဆ'ဟံ။ ။

ဘိက္ခဝေ၊ ရဟန်းတို့။ မယာ၊ ငါဘုရားသည်။ မနသာ၊ စိတ်တော်ဖြင့်။ ဒါနံ၊ အလှူကို။ ဒိန္နံ၊ လှူခဲ့ဖူးလှပြီ။ မနသာ၊ စိတ်တော်ဖြင့်။ ပသာဒံ၊ ကြည်ညိုခြင်းကို။ အာဝဟိံ၊ ဖြစ်စေတော်မူခဲ့ဖူးလှပြီ။ သဗ္ဗဗုဒ္ဓါ စ၊ ခပ်သိမ်းသောဘုရားရှင်တို့ကိုလည်းကောင်း။ ပစ္စေကာ စ၊ ပစ္စေကဗုဒ္ဓါဘုရားတို့ကိုလည်းကောင်း။ ဇိနသာဝကာ စ၊ ဘုရားတပည့် သားတော်တို့ကိုလည်းကောင်း။ မနသာ၊ စိတ်တော်ဖြင့်။ ပူဇိတာ၊ ပူဇော်တော် မူခဲ့ဖူးလှပြီ။

သုကတေန၊ ကောင်းစွာ ပြုအပ်သော။ တေန ကမ္မေန စ၊ ထိုမနောဒွါရ ကုသိုလ်ကံကြောင့်လည်းကောင်း။ စေတနာ-ပဏိဓိဟိ စ၊ စိတ်ကိုမျှ ဆောက်တည်ခြင်းကြောင့်လည်းကောင်း။ မာနုသံ၊ လူ၌ဖြစ်သော။ ဒေဟံ၊ ကိုယ်ကို။ ဇဟိတွာ၊ စွန့်ခဲ့၍။ ဒေဝကာယံ၊ နတ်၏ကိုယ်သို့။ အဟံ၊ ငါဘုရားသည်။ အဂစ္ဆိံ၊ ရောက်ဖူးလေပြီ။ ။

(ဤကား 'မနသာ ဒါနံ မယာ ဒိန္နံ'-အစ၊ 'ဒေဝကာယံ အဂစ္ဆဟံ'-အဆုံးရှိသော ဂါထာတို့အနက်။ မနောဒွါရဖြင့် လှူသော ဒါနအကျိုးကို ဟောတော်မူသည်။ အပဒါန်ပါဠိတော်)

(၆)*[၁] ဒီပံ ဇာလေတိ ယော နရော၊ ဒိဗ္ဗစက္ခုံ စ လဘေယျ။
ဇစ္စန္ဓော နေဝ ဘဝေယျ၊ န စ မုယှမ္ဘိ ဇာယရေ။ ။

*[၂] ပသာဒစက္ခုနေတ္တေန၊ သဗ္ဗဒိသာ ပဒိဿရေ။
ယတ္ထ တတ္ထ ဒဋ္ဌုကာမော၊ ဌိတော ယေဝ ပဒိဿရေ။ ။

*[၃] ဘောဂေန စ ယသေန စ၊ ဇာတိယာ စ ဟီနော နတ္ထိ။
ပဇ္ဇလတိ အဂ္ဂိ ယထာ၊ ဒေဝတာဝ ဝိရောစတိ။ ။

ယော နရော၊ အကြင်သူသည်။ ဒီပံ၊ ဆီမီးကို။ ဇာလေတိ၊ ထွန်းညှိ၏။ သော နရော၊ ထိုသူသည်။ ဒိဗ္ဗစက္ခုံ၊ ဒိဗ္ဗစက္ခုဉာဏ်ကိုလည်း။ လဘေယျ၊ ရရာ၏။ ဇစ္စန္ဓော၊ ပဋိသန္ဓေမှ ကန်းသောအမျိုးသည်။ နေဝ ဘဝေယျ၊ မဖြစ်ရာ။ မုယှမ္ဘိ၊ တွေဝေငိုက်မျဉ်းသော အမျိုး၌။ န စ ဇာယရေ၊ မဖြစ်ရာ။

ပသာဒစက္ခုနေတ္တေန၊ ကြည်လင်စွာသော ပသာဒစက္ခုနှင့် ပြည့်စုံသော မျက်စိဖြင့်။ သဗ္ဗဒိသာ၊ ခပ်သိမ်းသော အရပ်မျက်နှာတို့ကို။ ပဒိဿယေ၊ မြင်နိုင်ရာ၏။ ယတ္ထ၊ အကြင်အရပ်၌။ ဒဋ္ဌုကာမော၊ မြင်လိုသည်ဖြစ်အံ့။ တတ္ထ၊ ထိုအရပ်၌။ ဌိတော ယေဝ၊ ရပ်လျက်ပင်လျှင်။ ပဒိဿယေ၊ မြင်နိုင်ရာ၏။

ဘောဂေန စ၊ စည်းစိမ်ချမ်းသာဖြင့်လည်း ကောင်း။ ယသေန စ၊ အခြံအရံဖြင့်လည်းကောင်း။ ဇာတိယာ စ၊ အမျိုးအားဖြင့်လည်း ကောင်း။ ဟီနော၊ ယုတ်သည်။ နတ္ထိ၊ မရှိ။ အဂ္ဂိ ယထာ၊ မီးကဲ့သို့။ ပဇ္ဇလတိ၊ တောက်ပ၏။ ဒေဝတာဝ၊ နတ်တို့ကဲ့သို့။ ဝိရောစတိ၊ တင့်တယ်၏။ ။

(ဤကား 'ဒီပံ ဇာလေတိ'-အစ၊ 'ဒေဝတာဝ ဝိရောစတိ'-အဆုံးရှိသော ဂါထာတို့၏ အနက်။ ဆီမီးလှူသော အကျိုး ၁၀-ပါး။ အပဒါန်ပါဠိတော်။)

*[၄] ဝုတိမာ အဂ္ဂသမ္ပန္နော၊ ပညဝါ စ ဘဝါဘဝေ။
ယော စ ဒီပထာလံ ဒေတိ၊ ဒီပထာလဿိဒံ ဖလံ။ ။(အပ၊၁၊၃၆၅)

ယော စ၊ အကြင်သူသည်ကား။ ဒီပထာလံ၊ ဆီမီးခွက်ကို။ ဒေတိ၊ လှူ၏။ သော၊ ထိုသူသည်။ ဘဝါဘဝေ၊ ဘဝတိုင်း ဘဝတိုင်း။ ဇုတိမာ စ၊ အရောင်အဝါ ရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ အင်္ဂသမ္ပန္နော စ၊ မြတ်သောအဖြစ်နှင့် ပြည့်စုံသည်လည်း။ ဟောတိ၊ ဖြစ်၏။ ပညဝါ စ၊ ပညာရှိသည်လည်း။ ဟောတိ၊ ဖြစ်၏။ က္ကဒံ၊ ဤ ၃-ပါးသည်။ ဒီပထာလဿ၊ ဆီမီးခွက်ကို လှူသည်၏။ ဖလံ၊ အကျိုးတည်း။

(ဤကား 'ဇုတိမာ အင်္ဂသမ္ပန္နော'အစ၊ 'ဒီပထာလဿိ'ဒံ ဖလံ'အဆုံးရှိသော ဂါထာ၏ အနက်။ ဆီမီးခွက်လှူသော အကျိုး ၃-ပါး။ အပဒါန်ပါဠိတော်)

(၇)*¹ ပရိဿာဝနဒါနဥ္စ၊ အာဝါသဒါန မေဝ စ။
ဂိလာနဝတ္ထုဒါနဥ္စ၊ ဒါတဗ္ဗံ မနုဇာဓိပ။ ။

*² ကရေယျ ဇိဏ္ဏကာဝါသ-ပဋိသင်္ခရဏံ တထာ။
ပဥ္စသီလသမာဒါနံ၊ ကတွာ တံ သာဓုရက္ခိတံ။
ဥပေါသထော'ပဝါသော စ၊ ကာတဗ္ဗော'ပေါသထေ က္ကတိ။ ။

မနုဇာဓိပ၊ လူတို့ကိုအစိုးရသော ဝသဘမင်းကြီး။ ပရိဿာဝနဒါနဥ္စ၊ ရေစစ်အလှူကိုလည်းကောင်း။ အာဝါသဒါန မေဝ စ၊ ကျောင်းအလှူကိုလည်းကောင်း။ ဂိလာနဝတ္ထု-ဒါနဥ္စ၊ ဆေးအလှူကိုလည်းကောင်း။ ဒါတဗ္ဗံ၊ လှူအပ်၏။

ဇိဏ္ဏကာဝါသပဋိသင်္ခရဏံ၊ ဟောင်းနွမ်းဆွေးမြည့်သောကျောင်းကို တစ်ဖန် ပြုပြင်ခြင်းကို။ ကရေယျ၊ ပြုပြင်ရာ၏။ ပဥ္စသီလသမာဒါနံ၊ ၅-ပါးသီလ ဆောက်တည်ခြင်း ကို။ ကတွာ၊ ပြု၍။ တံ၊ ထို ၅-ပါးသီလကို။ သာဓုရက္ခိတံ၊ ကောင်းစွာ စောင့်အပ်၏။ ဥပေါသထေ၊ ဥပုသ်နေ့၌။ ဥပေါသထော'ပဝါသော စ၊ ဥပုသ်သုံးခြင်းကိုလည်း။ ကာတဗ္ဗော၊ ပြုအပ်၏။ က္ကတိ ဇာနေယျ၊ ဤသို့ အသက်ရှည်ခြင်းအကြောင်း ၆-ပါးကို သိရာ၏။

(ဤကား 'ပရိဿာဝနဒါနဥ္စ'အစ 'ကာတဗ္ဗော'ပေါသထေ က္ကတိ'အဆုံးရှိသော ဂါထာ တို့၏အနက်။ သီဟိုဠ်ကျွန်း၌ ဝသဘမင်းကြီးကို အကြောင်းပြု၍ ရဟန္တာ အရှင်မြတ်တို့ ဟော တော်မူသည်။ အသက်ရှည်ခြင်းအကြောင်း ၆-ပါး။ မဟာဝင်ပါဠိ)

(၈)*¹ ယေ ဟိ တေ စန္ဒနိကာယ ဝါ ဩဠိဂလ္လေ ဝါ ပါဏာ။ တတြာပိ ယေ ထာလဓောဝနံ ဝါ သရာဝဓောဝနံ ဝါ ဆဍ္ဍေန္တိ။ "ယေ တတ္ထ ပါဏာ၊ တေ တေန ယာပေန္တူ"တိ။ တတောနိဒါနံ ပုညဿ အာဂမံ ဝဒါမိ။ ကော ပန ဝါဒေါ မနုဿဘူတေ။ (အံ၊၁။၁၆၁)

ဘော၊ အို-အာဇီဝကတက္ကတွန်းတို့။ စန္ဒနိကာယ ဝါ၊ တစည်းအိုင်၌လည်းကောင်း။ ဩဠိဂလ္လေ ဝါ၊ ညွန်အိုင်၌လည်းကောင်း။ ယေ ဟိ တေ ပါဏာ၊ အကြင်သတ္တဝါတို့သည်။ သန္တိ၊ ရှိကုန်၏။ တတြာပိ၊ ထိုတစည်းအိုင်၌လည်း။ ယေ၊ အကြင်သူတို့သည်။ ထာလဓောဝနံ ဝါ၊ ခွက်ဆေးရေကိုလည်းကောင်း။ သရာဝဓောဝနံ ဝါ၊ အိုးဆေးရေကိုလည်းကောင်း။ ဆဍ္ဍေန္တိ၊ စွန့်ကုန်၏။ တေ ပါဏာ၊ ထိုသတ္တဝါတို့သည်။ တေန၊ ထိုအိုးဆေးရေဖြင့်။ ဇီဝိတံ၊ အသက်ကို။ ယာပေန္တိ၊ မျှကုန်၏။ ဝါ၊ မွေးကုန်၏။ တတောနိဒါနံ၊ ထိုသို့ မျှခြင်း-ဟူသော အကြောင်းကြောင့်။ ပုညဿ၊ ကောင်းမှု၏။ အာဂမံ၊ ပြည့်စုံခြင်းကို။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။ မနုဿဘူတေသု၊ လူဖြစ်သောသူတို့၌။ ကော ပန ဝါဒေါ၊ အဘယ်မှာ ဆိုဖွယ်ရှိချိမ့်နည်း။

(ဤကား 'ယေ ဟိ တေ စန္ဒနိကာယ'-အစ၊ 'ပုညဿ အာဂမံ ဝဒါမိ'-အဆုံးရှိသော ပါဠိတော်၏အနက်။ အိုးဆေးရေ, ခွက်ဆေးရေကိုပင် ပိုးမွှားတိရစ္ဆာန်တို့ မှီဝဲစားသောက်ကြပါစေ-ဟု စေတနာနှင့် စွန့်လိုက်သည့်အရာ အကျိုးကြီးမြတ်ကြောင်း၊ လူကို လှူဒါန်းရာ အဘယ်မှာ ဆိုဖွယ်ရှိခြိမ့်နည်း-ဟု ဟောတော်မူသည်။ တိကင်္ဂုတ္တိုရ်ပါဠိတော်။)

(၉)*³ ဟိရိဩတ္တပ္ပသမ္ပန္နာ၊ သုက္ကဓမ္မသမာဟိတာ။
သန္တော သပ္ပုရိသာ လောကေ၊ ဒေဝဓမ္မာတိ ဝုစ္စရေ။ ။

ဟိရိဩတ္တပ္ပသမ္ပန္နာ၊ ဟိရိ,ဩတ္တပ္ပနှင့်ပြည့်စုံကုန်သော။ သုက္ကဓမ္မာ၊ ဖြူစင်သော သဘောရှိကုန်သော။ သမာဟိတာ၊ တည်ကြည်သောစိတ် ရှိကုန်သော။ သန္တော သပ္ပုရိသာ၊ သူတော်ကောင်းတို့ကို။ လောကေ၊ လောက၌။ ဒေဝဓမ္မာတိ၊ ဒေဝဓမ္မတို့-ဟူ၍။ ဝုစ္စရေ၊ မိန့်အပ်ကုန်၏။

(ဤကား 'ဟိရိဩတ္တပ္ပသမ္ပန္နာ'အစ၊ 'ဒေဝဓမ္မာတိ ဝုစ္စရေ'အဆုံးရှိသော ဂါထာ၏ အနက်၌ မင်း-ဟု ဆိုအပ်သော သမ္မုတိဒေဝ၊ နတ်ပြည် ၆-ထပ်, ဗြဟ္မာ ၂၀-ဟု ဆိုအပ်သော ဥပပတ္တိဒေဝ၊ ဘုရား-ဟု ဆိုအပ်သော ဝိသုဒ္ဓိဒေဝ၊ ဒေဝ ၃-ပါးတို့ကို ရစေတတ်သောကြောင့် ဟိရိ, ဩတ္တပ္ပတရား ၂-ပါးတို့ကို ဒေဝဓမ္မ-ဟု ဟောတော်မူသည်။ ဒေဝဓမ္မဇာတ်ပါဠိတော်။)

(၁၀)*³ ဒိဋ္ဌေ ဓမ္မေ စ ယော အတ္ထော၊ ယော စ'တ္ထော သမ္ပရာယိကော။
အတ္ထာဘိသမယာ ဓီရော၊ ပဏ္ဍိတော'တိ ပဝုစ္စတိ။ ။

ဒိဋ္ဌေ ဓမ္မေ၊ မျက်မှောက်ဘဝ၌ ဖြစ်သော။ ယော စ အတ္ထော၊ အကြင် အကျိုးသည်လည်းကောင်း။ သမ္ပရာယိကော၊ တမလွန်ဘဝ၌ဖြစ်သော။ ယော စ အတ္ထော၊ အကြင် အကျိုးသည်လည်းကောင်း။ အတ္ထိ၊ ရှိ၏။ အတ္ထာဘိသမယာ၊ အကျိုး ၂-ပါးကို ရသော။

မိရော၊ မြဲမြံတည်ကြည်သော စိတ်ရှိသောသူကို။ ပဏ္ဍိတောတိ၊ ပညာရှိဟူ၍။ ပဝုစ္စတိ၊ ဆိုအပ်၏။ (ဤကား 'ဒိဋ္ဌေဓမ္မေ စ ယော အတ္ထော'-အစ၊ 'ပဏ္ဍိတောတိ ပဝုစ္စတိ'-အဆုံးရှိသော ဂါထာ၏အနက်။ သံယုတ်ပါဠိတော်။)

**(၁၁)*³ ရောဟိဏီ ပုစိမန္ဒာ ဝါ၊ အထ ဝါ ပါလိဘဒ္ဒကာ။**
**မဝုံ မဝုတ္ထိကော ဝိန္ဒေ၊ သော ဟိ တဿ ဒုမု'တ္တမော။ ။**

ရောဟိဏီ ဝါ၊ ကြက်ဆူပင်မှလည်းကောင်း။ ပုစိမန္ဒာ ဝါ၊ တမာပင်မှလည်းကောင်း။ အထ၊ ထိုမှတပါး။ ပါလိဘဒ္ဒကာ ဝါ၊ တောင်ကသစ်ပင်မှလည်းကောင်း။ မဝုတ္ထိကော၊ ပျားကို အလိုရှိသောသူသည်။ မဝုံ၊ ပျားကို။ ဝိန္ဒေ၊ ရရာ၏။ သော ဟိ သော ဧဝ၊ ထိုသစ်ပင် သည်သာလျှင်။ တဿ၊ ထိုသစ်ပင်တို့တွင်။ ဒုမုတ္တမော၊ သစ်ပင်မြတ်ပေတည်း။

**(ဧဝမေဝ မနုဿေသု၊) ခတ္တိယာ ဗြာဟ္မဏာ ဝေဿာ၊ သုဒ္ဒါ စဏ္ဍာလပုက္ကုသာ။**
**ယမှာ ဓမ္မံ ဝိဇာနေယျ၊ သော ဟိ တဿ နရုတ္တမော။ ။**

ဧဝမေဝ၊ ဤအတူလည်းကောင်း။ မနုဿေသု၊ လူတို့တွင်။ ခတ္တိယာ၊ မင်းမျိုးမှလည်းကောင်း။ ဗြာဟ္မဏာ၊ ပုဏ္ဏားမျိုးမှလည်းကောင်း။ ဝေဿာ၊ ကုန်သည်မျိုးမှ လည်းကောင်း။ သုဒ္ဒါ၊ သူဆင်းရဲမျိုးမှလည်းကောင်း။ စဏ္ဍာလပုက္ကုသာ၊ ဒွန်းစဏ္ဍားမျိုး, ပန်းမှိုက်သွန်မျိုးမှလည်းကောင်း။ ယမှာ၊ အကြင်အမျိုးမှ။ ဓမ္မံ၊ တရားကို။ ဝိဇာနေယျ၊ သိရာ၏။ သော ဟိ သော ဧဝ၊ ထိုသူသာလျှင်။ တဿ၊ ထိုလူတို့တွင်။ နရုတ္တမော၊ လူမြတ်ပေတည်း။

(ဤကား 'ရောဟိဏီ ပုစိမန္ဒာ ဝါ'-အစ၊ 'သော ဟိ တဿ နရုတ္တမော'-အဆုံးရှိသော ဂါထာတို့၏ အနက်။ ကြက်ဆူပင်, တမာပင်ဖြစ်သော်လည်း ပျားရသောသစ်ပင်ကို သစ်ပင်မြတ်-ဟု ဆိုရသကဲ့သို့ ထို့အတူ အကြင်သူ၏အထံမှ တရားကို ရ၏။ ထိုသူသည် ဒွန်းစဏ္ဍားမျိုးပင် ဖြစ်သော်လည်း လူမြတ်ပေတည်း-ဟု ဟောတော်မူသည်။ အမ္ဗဇာတ်ပါဠိတော်။)

**(၁၂)*³ ယေ ဂဟဋ္ဌာ ပုညကာရာ၊ သီလဝန္တော ဥပါသကာ။**
**ဓမ္မေန ဒါရံ ပေါသေန္တိ၊ တေ နမဿာမိ မာတလိ။ ။**

မာတလိ၊ မာတလိနတ်သား။ ယေ ဂဟဋ္ဌာ၊ အကြင်လူတို့သည်။ ပုညကာရာ၊ ကုသိုလ်တရားကို အားထုတ်ကြပေကုန်၏။ သီလဝန္တော၊ သီလဆောက်တည်ကြပေကုန်၏။ ဥပါသကာ၊ ရတနာသုံးပါးအထံသို့ ချဉ်းကပ်ကြပေကုန်၏။ ဓမ္မေန၊ တရားသဖြင့်။ ဒါရံ၊ သား,မယားကို။ ပေါသေန္တိ၊ မွေးမြူကြပေကုန်၏။ တေ ဂဟဋ္ဌေ၊ ထိုလူတို့ကို။ အဟံ၊ ငါသည်။ နမဿာမိ၊ ရှိခိုး၏။

*၂ သေဋ္ဌာ ဟိ ကိရ လောကသ္မိံ၊ ယေ တွံ သတ္တ နမဿသိ။
အဟမ္ပိ တေ နမဿာမိ၊ ယေ နမဿသိ ဝါသဝ။ ။

သက္က၊ သိကြားမင်း။ ယံ၊ အကြင်သူသည်။ လောကသ္မိံ၊ ၌။ သေဋ္ဌံ၊ မြတ်၏။ တံ၊ ထိုသူကို။ ဥဒ္ဒိဿ၊ ရည်၍။ တွံ၊ သင်သည်။ နမဿသိ ကိရ၊ ရှိခိုးပေသတတ်။ ဝါသဝ၊ သိကြားမင်း။ ယေ၊ အကြင်သူတို့ကို။ တွံ၊ သင်သည်။ နမဿသိ၊ ရှိခိုး၏။ အဟံပိ၊ ငါသည်လည်း။ တေ၊ ထိုသူတို့ကို။ နမဿာမိ၊ ရှိခိုး၏။

(ဤကား 'ယေ ဂဟဋ္ဌာ ပုညကာရာ'-အစ၊ 'ယေ နမဿသိ ဝါသဝ'-အဆုံးရှိသော ဂါထာတို့၏ အနက်။ လူပြည်၌ ကုသိုလ်, ဒါန, သီလ တရား၊ သား,မယားတို့ကို တရားနှင့်အညီ မွေးမြူကြ၍ ရတနာ ၃-ပါးကို မပြတ်ဆည်းကပ်ကြသောသူတို့အား သိကြားမင်း, မာတလိ နတ်သားတို့ ရှိခိုးကြောင်းကို ဟောတော်မူသည်။ သက္ကသံယုတ်ပါဠိတော်။)

(၁၃)*၁ သတံ ဟတ္ထီ သတံ အဿာ၊ သတံ အဿတရီရထာ။
သတံ ကညာသဟဿာနိ၊ အာမုက္ကမဏိကုဏ္ဍလာ။
ဧကဿ ပဒဝီတိဟာရဿ၊ ကလံ နာ'ဂ္ဃန္တိ သောဠသိံ။ ။

သတံ ဟတ္ထိ သဟဿာနိ၊ ဆင် ၁-သိန်းတို့လည်းကောင်း။ သတံ အဿသဟဿာနိ၊ မြင်း ၁-သိန်းတို့လည်းကောင်း။ သတံ အဿတရီရထာ သဟဿာနိ၊ အဿတိုရ်ရဲ မြင်းကသော ရထား ၁-သိန်းတို့လည်းကောင်း။ အာမုက္ကမဏိကုဏ္ဍလာ၊ ပတ္တမြား လက်ကောက်, နားဍောင်း, လက်ကြပ်, ဝတ်ဆင်ကုန်သော။ သတံ ကညာသဟဿာနိ၊ သမီးကညာ ၁-သိန်းတို့လည်းကောင်း။ ဣမာနိ စတ္တာရိ၊ ဤ ၄-သိန်းတို့သည်။ ရတနတ္တယဿ၊ ရတနာ ၃-ပါး၏။ သန္တိကံ၊ အထံသို့။ ဥပဂတဿ၊ ချဉ်းကပ်သောသူ၏။ ဧကဿ ပဒဝီတိဟာရဿ၊ တစ်ခုသော ဖဝါးအလှမ်းကို။ ဝါ၊ တစ်ခုသော ဖဝါးအလှမ်း၌ ဖြစ်သောကုသိုလ်စိတ်ကို။ သောဠသိံ၊ ၁၆-စိတ်, ၁၆-စိတ် ပြန်စိတ်သည်ကို။ ဝါ၊ ၂၅၆-စိတ် စိတ်သည်ကို။ ကတ္ဝာ၊ ၍။ ကလံ၊ ၁-စိတ်ကိုမျှ။ န အဂ္ဃန္တိ၊ မမီကုန်။ ဝါ၊ မထိုက်ကုန်။

(ဆင် ၁-သိန်း၊ မြင်း ၁-သိန်း၊ အဿတိုရ်မြင်းက-သော ရထား ၁-သိန်း၊ ပုတီး, လက်ကောက်, နားဍောင်း, လက်ကြပ်, ဝတ်ဆင်သော သမီးကညာ ၁-သိန်း၊ ဤ ၄-သိန်းသော ရတနာတို့ကို ရသည်ထက် ရတနာ ၃-ပါးထံသို့ တစ်ကြိမ်ဆည်းကပ်သောသူ၏ တစ်ခုသောဖဝါးအလှမ်း၌ဖြစ်သော ကုသိုလ်စိတ်ကို ၂၅၆-စိတ် စိတ်လျှင် ၁-စိတ်သော ကုသိုလ်အကျိုးက သာလွန်ကြောင်းကို ဟောတော်မူသည်။ တစ်ခုသော ဖဝါးအလှမ်းကို ၂၅၆-စိတ် စိတ်လျှင် ၁-စိတ်သည် သန်းဥခေါင်း ၃-လုံး၊ လိက္ခာမြူ ၁၉-လုံး၊ ရထရေဏုမြူ ၁-လုံး၊ အနုမြူ ၉-လုံး၊

ပရမာဏုမြူ ၂-လုံးခန့် ပမာဏရှိ၏။ ထိုမျှလောက် ပမာဏ အပိုင်းအခြားတွင် ဖြစ်သော ကုသိုလ်-ဟူလို။ သံယုတ်ပါဠိ, ဝိနည်းပါဠိတော်။)

(၁၄)*³ **ယော ဘိက္ခဝေ ပုဗ္ဗဏှသမယံ ဩက္ခာသတံ ဒါနံ ဒဒေယျ။**

**ယော မဇ္ဈန္တိကသမယံ ဩက္ခာသတံ ဒါနံ ဒဒေယျ။**

**ယော သာယဏှသမယံ ဩက္ခာသတံ ဒါနံ ဒဒေယျ။**

**ယော ဝါ ပုဗ္ဗဏှသမယံ အန္တမသော ဂဒ္ဒူဟနမတ္တမ္ပိ မေတ္တစိတ္တံ ဘာဝေယျ။**

**ယော ဝါ မဇ္ဈန္တိကသမယံ အန္တမသော ဂဒ္ဒူဟနမတ္တမ္ပိ မေတ္တစိတ္တံ ဘာဝေယျ။**

**ယော ဝါ သာယဏှသမယံ အန္တမသော ဂဒ္ဒူဟနမတ္တမ္ပိ မေတ္တစိတ္တံ ဘာဝေယျ။**

ဘိက္ခဝေ၊ ရဟန်းတို့။ ယော သဒ္ဓေါ၊ အကြင်သဒ္ဓါတရားနှင့် ပြည့်စုံသောသူသည်။ ပုဗ္ဗဏှသမယံ၊ နံနက်အခါ၌။ ဩက္ခာသတံ၊ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ဖြင့် ပြည့်သော ဒယ်အိုးကြီး အလုံး ၁၀၀-အရေအတွက်ရှိသော။ ဒါနံ၊ အလှူကို။ ဒဒေယျ၊ လှူရာ၏။

ယော သဒ္ဓေါ၊ အကြင်သဒ္ဓါတရားနှင့် ပြည့်စုံသောသူသည်။ မဇ္ဈန္တိကသမယံ၊ မွန်းတည့်သောအခါ၌။ ဩက္ခာသတံ၊ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ဖြင့် ပြည့်သော ဒယ်အိုးကြီး အလုံး ၁၀၀-အရေအတွက်ရှိသော။ ဒါနံ၊ အလှူကို။ ဒဒေယျ၊ လှူရာ၏။

ယော သဒ္ဓေါ၊ အကြင်သဒ္ဓါတရားနှင့် ပြည့်စုံသောသူသည်။ သာယဏှသမယံ၊ ညချမ်းသောအခါ၌။ ဩက္ခာသတံ၊ မွန်မြတ်သော ခဲဖွယ်ဘောဇဉ်တို့ဖြင့် ပြည့်သော ဒယ်အိုးကြီး အလုံး ၁၀၀-အရေအတွက်ရှိသော။ ဒါနံ၊ အလှူကို။ ဒဒေယျ၊ လှူရာ၏။

ယော ဝါ မုဒုစိတ္တော၊ အကြင်နူးညံ့သောစိတ်ရှိသောသူသည်။ ပုဗ္ဗဏှသမယံ၊ နံနက်အခါ၌။ အန္တမသော၊ အယုတ်သဖြင့်။ ဂဒ္ဒူဟနမတ္တမ္ပိ၊ နွားနို့ ၁-ကြိမ် ညှစ်သောကာလ အတိုင်းအရှည်မျှလည်း။ မေတ္တစိတ္တံ၊ မေတ္တာစိတ်ကို။ ဘာဝေယျ၊ ပွါးရာ၏။

ယော ဝါ မုဒုစိတ္တော၊ အကြင် နူးညံ့သောစိတ်ရှိသောသူသည်။ မဇ္ဈန္တိကသမယံ၊ မွန်းတည့်အခါ၌။ အန္တမသော၊ အယုတ်သဖြင့်။ ဂဒ္ဒူဟနမတ္တမ္ပိ၊ နွားနို့ ၁-ကြိမ် ညှစ်သော ကာလ အတိုင်းအရှည်မျှလည်း။ မေတ္တစိတ္တံ၊ မေတ္တာစိတ်ကို။ ဘာဝေယျ၊ ပွါးစေရာ၏။

ယော ဝါ မုဒုစိတ္တော၊ အကြင် နူးညံ့သောစိတ်ရှိသောသူသည်။ သာယဏှသမယံ၊ ညချမ်းအခါ၌။ အန္တမသော၊ အယုတ်သဖြင့်။ ဂဒ္ဒူဟနမတ္တမ္ပိ၊ နွားနို့ ၁-ကြိမ် ညှစ်သောကာလ အတိုင်းအရှည်မျှလည်း။ မေတ္တစိတ္တံ၊ မေတ္တာစိတ်ကို။ ဘာဝေယျ၊ ပွါးစေရာ၏။

ဣဒံ တတော မဟပ္ဖလတရံ။ တသ္မာတိဟ ဘိက္ခဝေ ဧဝံ သိက္ခိတဗ္ဗံ "မေတ္တာ နော စေတောဝိမုတ္တိ ဘာဝိတာ ဘဝိဿတိ ဗဟုလီကတာ ယာနီကတာ ဝတ္ထု-ကတာ အနုဋ္ဌိတာ ပရိစိတာ သုသမာရဒ္ဓါ"တိ။ ဧဝဉ္ဟိ ဝေါ ဘိက္ခဝေ သိက္ခိတဗ္ဗန္တိ။

မေတ္တာယ ဘိက္ခဝေ စေတောဝိမုတ္တိယာ အာသေဝိတာယ ဘာဝိတာယ ဗဟုလီကတာယ ယာနီကတာယ ဝတ္ထုကတာယ အနုဋ္ဌိတာယ ပရိစိတာယ သုသမာရဒ္ဓါယ ဧကာဒသာနိသံသာ ပါဋိကင်္ခါ–

ကတမေ ဧကာဒသ? သုခံ သုပတိ၊ သုခံ ပဋိဗုဇ္ဈတိ၊ န ပါပကံ သုပိနံ ပဿတိ၊ မနုဿာနံ ပိယော ဟောတိ၊ အမနုဿာနံ ပိယော ဟောတိ၊ ဒေဝတာ ရက္ခန္တိ၊ နာ'ဿ အဂ္ဂိ ဝါ ဝိသံ ဝါ သတ္ထံ ဝါ ကမတိ၊ တုဝဋံ စိတ္တံ သမာဓိယတိ၊ မုခဝဏ္ဏော ပသီဒတိ၊ အသံမူဠှော ကာလံ ကရောတိ၊ ဥတ္တရိ အပ္ပဋိဝိဇ္ဈန္တော ဗြဟ္မလောကူပဂေါ ဟောတီတိ။ (အံ၊၃။၅၄၂)

ဣဒံ၊ ဤမေတ္တာ-ဟူသည် အေးကြည်လှစွာ ဗြဟ္မဝိဟာရတရားကို နွားနို့ ၁-ညှစ်မျှ သုံးဆောင်သောကာလတို့၌ ပွါးစေအပ်သော ကုသိုလ်သည်။ တတော၊ ထိုတစ်နေ့ ၃-ခါ, ၁၀၀-သော အိုးကြီးဖြင့် ချက်သော ခဲဖွယ်ဘောဇဉ်အလှူထက်။ မဟပ္ဖလတရံ၊ အကျိုးကြီး မြတ်၏။ တသ္မာ၊ ထိုသို့ မေတ္တာဘာဝနာ၏ အကျိုးကြီးမြတ်သည်၏အဖြစ်ကြောင့်။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣဟ၊ ဤလောက၌။ ဧဝံ၊ ဤဆိုလတ္တံ့သော နည်းဖြင့်။ သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏။ နော၊ ငါတို့သည်။ စေတောဝိမုတ္တိ၊ စိတ်၏ နီဝရဏတို့မှ လွတ်ကြောင်းဖြစ်သော။ မေတ္တာ၊ မေတ္တာကို။ ဘာဝိတာ၊ ပွါးစေအပ်ကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကြကုန်လတ္တံ့။ ဗဟုလီကတာ၊ အကြိမ်များစွာ လေ့လာအပ်ကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ယာနီကတာ၊ တက်ကစီး က-ပြီးယာဉ်ကဲ့သို့ ပြုအပ်ကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ဝတ္ထုကတာ၊ တည်ရာဝတ္ထု ကဲ့သို့ ပြုအပ်ကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ အနုဋ္ဌိတာ၊ မလျှပ်မကျ မြဲစွာ ပြုအပ် ကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ပရိစိတာ၊ ထက်ဝန်းကျင်မှ လေ့လာအပ်ကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ သုသမာရဒ္ဓါ၊ ကောင်းစွာ အားထုတ်အပ်ကုန်သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ ဘိက္ခဝေ၊ ရဟန်းတို့။ ဧဝံ၊ ဤသို့ ဆိုအပ်ခဲ့ပြီးသော နည်းဖြင့်။ သိက္ခိတဗ္ဗံ၊ ကျင့်အပ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ စေတောဝိမုတ္တိယာ၊ စိတ်၏ နီဝရဏတို့မှ လွတ်ကြောင်းဖြစ် သော။ အာသေဝိတာယ၊ မှီဝဲအပ်ထသော။ ဘာဝိတာယ၊ ပွါးစေအပ်ထသော။ ဗဟုလီ-ကတာယ၊ အကြိမ်များစွာ လေ့လာအပ်ထသော။ ယာနီကတာယ၊ တက်ကစီး က-ပြီးသော ယာဉ်ကဲ့သို့ ပြုအပ်ထသော။ ဝတ္ထုကတာယ၊ တည်ရာဝတ္ထုကဲ့သို့ ပြုအပ်ထသော။ အနုဋ္ဌိ-

တာယ၊ မလှုပ်မကျ မြဲစွာ ပြုအပ်ထသော။ ပရိစိတာယ၊ ထက်ဝန်းကျင်မှ လေ့လာအပ်ထသော။ သုသမာရဒ္ဓါယ၊ ကောင်းစွာ အားထုတ်အပ်ထသော။ မေတ္တာယ၊ ၏။ ဧကာဒသ၊ ၁၁-ပါးကုန်သော။ အာနိသံသာ၊ အကျိုးတို့ကို။ ပါဋိကင်္ခါ၊ အလိုရှိအပ်ကုန်၏။

ဧကာဒသ၊ ၁၁-ပါးတို့-ဟူသည်။ ကတမေ၊ အဘယ်သည်တို့နည်းဟူမူကား။

[၁]သုခံ၊ ချမ်းသာစွာ။ သုပတိ၊ အိပ်ရ၏။

[၂]သုခံ၊ ချမ်းသာစွာ။ ပဋိဗုဇ္ဈတိ၊ နိုးရ၏။

[၃]ပါပကံ၊ မကောင်းသော။ သုပိနံ၊ အိပ်မက်ကို။ န ပဿတိ၊ မမြင်မက်။

[၄]မနုဿာနံ၊ လူတို့သည်။ ပိယော၊ ချစ်အပ်သည်။ ဟောတိ၊ ဖြစ်၏။

[၅]အမနုဿာနံ၊ နတ်ဘီလူးတို့သည်။ ပိယော၊ ချစ်အပ်သည်။ ဟောတိ၊ ဖြစ်၏။

[၆]ဒေဝတာ၊ နတ်တို့သည်။ ရက္ခန္တိ၊ စောင့်ရှောက်ကုန်၏။

[၇]အဿ၊ ထိုသူအား။ အဂ္ဂိ ဝါ၊ မီးသည်လည်း။ န ကမတိ၊ မလောင်။ ဝိသံ ဝါ၊ အဆိပ်သည်လည်း။ န ကမတိ၊ မသင့်။ သတ္ထံ ဝါ၊ လက်နက်သည်လည်း။ န ကမတိ၊ မဝင်။

[၈]တုဝဋံ စိတ္တံ၊ ပြန့်လွင့်သော စိတ်သည်။ သမာဓိယတိ၊ တည်ကြည်၏။

[၉]မုခဝဏ္ဏော၊ မျက်နှာအဆင်းသည်။ ပသီဒတိ၊ ကြည်လင်၏။

[၁၀]အသမ္မူဠှော၊ မတွေမဝေသည်ဖြစ်၍။ ကာလံ ကရောတိ၊ သေခြင်းကို ပြုရ၏။

[၁၁]ဥတ္တရိံ မဂ်,ဖိုလ်အထူးကို။ အပ္ပဋိဝိဇ္ဈန္တော၊ ထိုးထွင်း၍ မသိသော်လည်း။ ဗြဟ္မလောကူပဂေါ၊ ဗြဟ္မာ့ပြည်သို့ လားရသည်။ ဟောတိ၊ ဖြစ်၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣတိ ဣမေ ဧကာဒသ အာနိသံသာ၊ ဤ ၁၁-ပါးသော အကျိုးတို့ကို။ ပါဋိကင်္ခါ၊ အလိုရှိအပ်ကုန်၏။ (ဤကား "ယော ဘိက္ခဝေ ပုဗ္ဗဏှသမယံ"အစ "ဣမေ ခေါ ဘိက္ခဝေ ဧကာဒသ အာနိသံသာ ပါဋိကင်္ခါ"-အဆုံးရှိသော ပါဠိတော်၏အနက်။ တစ်နေ့ ၃-ခါ၊ ၁၀၀-သော အိုးကြီးဖြင့် ချက်သော ခဲဖွယ်ဘောဇဉ်အလှူထက် နွားနို့ ၁-ညှစ်ခန့်မျှ တစ်နေ့ ၃-ခါ ပွါးအပ်သော မေတ္တာ၏အကျိုး ကြီးမြတ်သောကြောင့် မေတ္တာအကျိုး ၁၁-ပါးကို ဟောတော်မူသည်။ နိဒါနဝဂ္ဂသံယုတ်ပါဠိတော်(၄၅၅)၊ ဧကာဒသအင်္ဂုတ္တိုရ်ပါဠိတော်)

(၁၅)*[၁] သတ္တဟိ ဘိက္ခဝေ အင်္ဂေဟိ သမန္နာဂတော မိတ္တော သေဝိတဗ္ဗော။ ကတမေဟိ သတ္တဟိ? ဒုဒ္ဒဒံ ဒဒါတိ၊ ဒုက္ကရံ ကရောတိ၊ ဒုက္ခမံ ခမတိ၊ ဂုယှ'မဿ ပရိဂုယှတိ၊ ဂုယှ'မဿ နာဝိကရောတိ၊ အာပဒါသု န ဝိဇဟာတိ၊ ခီဏေန နာတိမညတိ။ ဣမေဟိ ခေါ ဘိက္ခဝေ သတ္တဟ'င်္ဂေဟိ သမန္နာဂတော မိတ္တော သေဝိတဗ္ဗော။

ဘိက္ခဝေ၊ တို့။ သတ္တဟိ၊ ၇-ပါးကုန်သော။ အင်္ဂေဟိ၊ အင်္ဂါတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ မိတ္တော၊ အဆွေခင်ပွန်းကို။ သေဝိတဗ္ဗော၊ မှီဝဲအပ်၏။ သတ္တ၊ ၇-ပါးတို့ဟူသည်။ ကတမေ၊ အဘယ်သူတို့နည်းဟူမူကား။ [၁]ဒုဒ္ဒဒံ၊ ပေးနိုင်ခဲသော ဝတ္ထုကို။ ဒဒါတိ၊ ပေး၏။ [၂]ဒုက္ကရံ၊ ပြုနိုင်ခဲသောအမှုကို။ ကရောတိ၊ ပြု၏။ [၃]ဒုက္ခမံ၊ သည်းခံနိုင်ခဲသည်ကိုလည်း။ ခမတိ၊ သည်းခံ၏။ အဿ၊ ထိုသူ၏။ [၄]ဂုယှံ၊ လျှို့ဝှက်အပ်သော အမှုကို။ ပရိဂုယှတိ၊ လျှို့ဝှက်၏။ အဿ၊ ထိုသူ၏။ [၅]ဂုယှံ၊ လျှို့ဝှက်အပ်သော အမှုကို။ နာ်ဝိကရောတိ၊ ထင်စွာမပြုလင့်။ [၆]အာပဒါသု၊ ဘေးရန်တို့သည်။ သန္တေသုပိ၊ ရှိကုန်သော်လည်း။ န ဝိဇဟတိ၊ မစွန့်။ [၇]ခီဏေန၊ ဥစ္စာကုန်ခန်းသဖြင့်။ နာတိမညတိ၊ မထီမဲ့မြင် မပြု။ ဘိက္ခဝေ၊ ရဟန်းတို့။ သတ္တဟိ၊ ၇-ပါးကုန်သော။ အင်္ဂေဟိ၊ အင်္ဂါတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော။ မိတ္တော၊ အဆွေခင်ပွန်းကို။ သေဝိတဗ္ဗော၊ မှီဝဲအပ်၏။

(ဤကား 'သတ္တဟိ ဘိက္ခဝေ'-အစ၊ 'မိတ္တော သေဝိတဗ္ဗော'-အဆုံးရှိသော ပါဠိတော်၏အနက်။ ပေါင်းဖော်အပ်သော အဆွေခင်ပွန်းကောင်း အင်္ဂါ ၇-ပါး။ အင်္ဂုတ္တိုရ်ပါဠိတော်။)

(၁၆)*[၁] အခဏ္ဍ'မဆိဒ္ဒ'မသ- ဗလ'ကမ္မာသ ဘုဇိဿံ။
ဝိညုပသဋ္ဌ'မပရာ- မဋ္ဌ သမာဓိဝတ္တနံ။ ။
လောကုတ္တရသီလဿ'ဋ္ဌ၊ ဣတရ'ဿ စတုအာဒိကာ။ ။

[၁]အခဏ္ဍံ၊ မကျိုးသော ဂုဏ်လည်းကောင်း။ [၂]အဆိဒ္ဒံ၊ မပေါက်သော ဂုဏ်လည်းကောင်း။ [၃]အသဗလံ၊ မပြောက်သော ဂုဏ်လည်းကောင်း။ [၄]အကမ္မာသံ၊ မကျားသော ဂုဏ်လည်းကောင်း။ [၅]ဘုဇိဿံ၊ ကိလေသာမှ တော်လှန်သော ဂုဏ်လည်းကောင်း။ [၆]ဝိညူပသဋ္ဌံ၊ ပညာရှိတို့ ချီးမွမ်းအပ်သော ဂုဏ်လည်းကောင်း။ [၇]အပရာမဋ္ဌံ၊ တဏှာ,ဒိဋ္ဌိတို့ဖြင့် မစွဲလမ်းအပ်သော ဂုဏ်လည်းကောင်း။ [၈]သမာဓိဝတ္တနံ၊ ဥပစာရသမာဓိ, အပ္ပနာသမာဓိ ၂-ပါးကို ဖြစ်စေတတ်သော ဂုဏ်လည်းကောင်း။ ဣတိ၊ သို့။ လောကုတ္တရသီလဿ၊ လောကုတ္တရာသီလအား။ အဋ္ဌ၊ ၈-ပါးသော ဂုဏ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဣတရဿ၊ လောကီသီလအား။ အာဒိ-စတုကာ၊ အစ ၄-ပါးသော ဂုဏ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

(ဤကား 'အခဏ္ဍ'မဆိဒ္ဒ။ ဣတရဿ စတုအာဒိကာ-အဆုံးရှိသော ဂါထာ၏အနက်။ သီလာနုဿတိ-ဟူသောပါဌ်၊ သီလဂုဏ် ၈-ပါး။ ဝိ၊၅၊၁၆၈။ ဒီ၊၂၆၈။ မ၊၁၊၃၉၇။ အံ၊၂၂၅၃)

(၁၇)* ဝိဂတမလမစ္ဆေရံ၊ စာဂေါ ပယတပါဏိ စ။
ယာစယောဂေါ သံဝိဘာဂ-ရတော ဝေါဿဂ္ဂရတေန။ ။
ဆဗ္ဗိဓာ စာဂဂုဏာနိ၊ ပဏ္ဍိတေဟိ ဝိဇာနိယာ။ ။

[၁]ဝိဂတမလမစ္ဆေရံ၊ ကင်းသော မစ္ဆေရရှိခြင်း။ [၂]စာဂေ၊ လွတ်လွတ်စွန့်ကြခြင်း။ [၃]ပယတပါဏိ၊ ဖြန့်သောလက်ရှိခြင်း။ [၄]ယာစယောဂေ၊ အလှူခံပုဂ္ဂိုလ်နှင့် ယှဉ်ခြင်း။ [၅]သံဝိဘာဂရတော၊ ဝေဖန်ခြင်း၌ မွေ့လျော်ခြင်း။ [၆]ဝေါဿဂ္ဂရတေန၊ စွန့်ကြခြင်း၌ မွေ့လျော်ခြင်းနှင့်။ သဟ၊ တကွ။ ဆဗ္ဗိဓာ၊ ၆-ပါး အပြားရှိကုန်သော။ စာဂဂုဏာနိ၊ စာဂဂုဏ်တို့ကို။ ပဏ္ဍိတေဟိ၊ ပညာရှိတို့သည်။ ဝိဇာနိယာ၊ သိအပ်ကုန်၏။

(ဤကား ဝိဂတမလမစ္ဆေရံ-အစ၊ ပဏ္ဍိတေဟိ ဝိဇာနိယျာ-အဆုံးရှိသော ဂါထာ၏အနက်။ စာဂါနုဿတိ-ဟူသော ပါဠ်၌ စာဂဂုဏ် ၆-ပါး။ သံယုတ်ပါဠိတော်အရ။ သံ၊၁၊၂၃၀။ အံ၊၂၊၂၅၃)

(၁၈)* ယေ ကုလံ ဥပသင်္ကမန္တိ၊ တေသံ ပဉ္စာနိသံသိကာ။
သဂ္ဂသံဝတ္တနိကုစ္စာ-ကုလံ မဟိဒ္ဓိ ဘောဂါ စ။ ။

ပညာ ပသာဒါ'ဘိဝါဒါ၊ ဝိဂတမစ္ဆရာ ဝိဘာဂါ။
သဒ္ဓမ္မသဝနာ စေဝ၊ ဣမေ ပဉ္စာနိသံသိကာ။ ။

ယေ ဘိက္ခူ၊ အကြင်သီလရှိသောရဟန်းတို့သည်။ ကုလံ၊ ဒကာအိမ်သို့။ ဥပသင်္ကမန္တိ၊ ကပ်ကုန်၏။ တေသံ ကုလာနံ၊ ထိုဒကာတို့အား။ ပဉ္စာနိသံသိကာ၊ ၅-ပါးသော အကျိုးတို့ကို ရကုန်၏။ [၁]သဂ္ဂသံဝတ္တနိကာ၊ နတ်ပြည်၌ ဖြစ်စေတတ်သော။ ပသာဒါ၊ ကြည်ညိုခြင်းလည်းကောင်း။ [၂]ဥစ္စာကုလသံဝတ္တနိကာ၊ မြတ်သောအမျိုး၌ ဖြစ်စေတတ်ကုန်သော။ အဘိဝါဒါ၊ ရှိခိုးခြင်းလည်းကောင်း။ [၃]မဟိဒ္ဓိသံဝတ္တနိကာ၊ တန်ခိုးကြီးခြင်းကို ဖြစ်စေတတ်ကုန်သော။ ဝိဂတမစ္ဆရာ၊ ဝန်တိုခြင်းမှ ကင်းခြင်းလည်းကောင်း။ [၄]ဘောဂသံဝတ္တနိကာ၊ စည်းစိမ်ချမ်းသာကို ဖြစ်စေတတ်သော။ ဝိဘာဂါ၊ ဝေဖန်ခွဲခြမ်း လှူဒါန်းခြင်းလည်းကောင်း။ [၅]ပညာသံဝတ္တနိကာ၊ ပညာကို ဖြစ်စေတတ်သော။ သဒ္ဓမ္မသဝနာ၊ တရားနာခြင်းလည်းကောင်း။ ဣမေ ပဉ္စာနိသံသိကာ၊ ဤ ၅-ပါးသော အကျိုးတို့ကို ရကုန်၏။

(ဤကား 'ယေ ကုလံ'အစ၊ 'ဣမေ ပဉ္စာနိသံသိကာ'အဆုံးရှိသော ဂါထာတို့၏ အနက်။ သီလရှိသောရဟန်း ဒါယကာတို့ အိမ်သို့ ချဉ်းကပ်လာသောအခါ သဒ္ဓါတရားနှင့် ပြည့်စုံသောသူတို့အား ၅-ပါးသော အကျိုးတို့ကို ရကုန်၏။ ၅-ပါးဟူသော်ကား–

- နတ်ပြည်၌ ဖြစ်စေတတ်သော ကြည်ညိုခြင်း ၁-ပါး၊
- မြတ်သောအမျိုး၌ ဖြစ်စေတတ်သော ရှိခိုးခြင်း ၁-ပါး၊
- တန်ခိုးကြီးခြင်းကို ဖြစ်စေတတ်သော ဝန်တိုခြင်းမှ ကင်းခြင်း ၁-ပါး၊
- စည်းစိမ်ချမ်းသာကို ဖြစ်စေတတ်သော ဝေဖန်ခွဲခြမ်း လှူဒါန်းခြင်း ၁-ပါး၊

- ပညာကို ဖြစ်စေတတ်သော တရားကျမ်းဂန် ဆွေးနွေးမေးမြန်းခြင်း ၁-ပါး။ ဤ ၅-ပါးတည်း။ ပဥ္စအင်္ဂုတ္တိုရ်ပါဠိတော်။ အံ၊၂၂၁၃။ ကုလသုတ္တ)

(၁၉)* သစ္စံ ဘဏေ န ကုဇ္ဈေယျ၊ ဒဇ္ဇာ အပ္ပမ္ပိ ယာစိတော။
ဧတေဟိ တီဟိ ဌာနေဟိ၊ ဂစ္ဆေ ဒေဝါန သန္တိကေ။ ။

¹သစ္စံ၊ မှန်သော စကားကို။ ဘဏေ၊ ဆိုရာ၏။ ²န ကုဇ္ဈေယျ၊ အမျက် မထွက်ရာ။ ³ယာစိတော၊ သူတပါးတို့ တောင်းလာသည်ရှိသော်။ အပ္ပမ္ပိ၊ အနည်းငယ်မျှကိုသော်လည်း။ ဒဇ္ဇာ၊ ပေးရာ၏။ ဧတေဟိ တီဟိ ဌာနေဟိ၊ ဤ ၃-ပါးသော အကြောင်းတို့ကြောင့်။ ဒေဝါနံ၊ နတ်တို့၏။ သန္တိကေ၊ အထံသို့။ ဂစ္ဆေ၊ ရောက်ရာ၏။

(ဤကား 'သစ္စံ ဘဏေ'အစ၊ 'ဂစ္ဆေ ဒေဝါန သန္တိကေ'အဆုံးရှိသော ဂါထာ၏အနက်။ နတ်ပြည်၌ ဖြစ်ခြင်းအကြောင်း ၃-ပါး။ ဓမ္မပဒပါဠိတော်။ ၄၆)

(၂၀)* ဧကဓမ္မံ အတီတဿ၊ မုသာဝါဒိဿ ဇန္တုနော။
ဝိတိဏ္ဏပရလောကဿ၊ နတ္ထိ ပါပံ အကာရိယံ။ ။

ဧကဓမ္မံ၊ တစ်ခုသော သစ္စာတရားကို။ အတီတဿ၊ လွန်ထသော။ ဝိတိဏ္ဏပရ-လောကဿ၊ တမလွန်လောကကို ဖျက်ဆီးထသော။ မုသာဝါဒိဿ၊ မဟုတ်မမှန်သော စကားကို ဆိုလေ့ရှိထသော။ ဇန္တုနော၊ သတ္တဝါအား။ အကာရိယံ၊ မပြုအပ်သော။ ပါပံ နာမ၊ မကောင်းမှုမည်သည်။ နတ္ထိ၊ မရှိ။

(ဤကား 'ဧကဓမ္မံ အတီတဿ'-အစ၊ 'အကာရိယံ'-အဆုံးရှိသော ဂါထာ၏အနက်။ မုသာဝါဒ-ဆိုလေ့ရှိသော သူကို တစ်စုံတစ်ခုသော မကောင်းမှုကို မပြု-ဟူ၍ မမှတ်ရကြောင်းကို ဟောတော်မူသည်။ ဣတိဝုတ္တကပါဠိတော်၊ ၂၀၇။)

(၂၁)* တီဟိ ဘိက္ခဝေ ဌာနေဟိ ဇမ္ဗုဒီပကာ မနုဿာ ဥတ္တရကုရုကေ စ မနုဿေ အဓိဂ္ဂဏှန္တိ ဒေဝေ စ တာဝတိံသေ။ ကတမေဟိ တီဟိ? သူရာ သတိမန္တော ဣဓ ဗြဟ္မစရိယဝါသော။ ဣမေဟိ ခေါ ဘိက္ခဝေ တီဟိ ဌာနေဟိ ဇမ္ဗုဒီပကာ မနုဿာ ဥတ္တရကုရုကေ စ မနုဿေ အဓိဂ္ဂဏှန္တိ ဒေဝေ စ တာဝတိံသေ။

ဘိက္ခဝေ၊ ရဟန်းတို့။ ဇမ္ဗုဒီပကာ၊ ဇမ္ဗူဒီပါကျွန်း၌ ဖြစ်ကုန်သော။ မနုဿာ၊ လူတို့သည်။ တီဟိ၊ ၃-ပါးကုန်သော။ ဌာနေဟိ၊ အရာတို့ဖြင့်။ ဥတ္တရကုရုကေ၊ ဥတ္တရကုရုကျွန်း၌ ဖြစ်ကုန်သော။ မနုဿေ စ၊ လူတို့ကိုလည်းကောင်း။ ဒေဝေ တာဝတိံသေ စ၊ တာဝတိံသာ နတ်တို့ကိုလည်းကောင်း။ အဓိဂဏှန္တိ၊ သာလွန်ကုန်၏။

တီဟိ၊ ၃-ပါးတို့-ဟူသည်။ ကတမေဟိ၊ အဘယ်သည်တို့နည်းဟူမူကား?

[၁]သူရာ၊ ကုသိုလ်တရား၌ ရဲရင့်ခြင်း။ [၂]သတိမန္တော၊ ရတနာ ၃-ပါးဂုဏ်ကို ယုံကြည်သော သတိရှိခြင်း။ [၃]ဣဓ ဖြဟ္မစရိယဝါသော၊ ဤဘုရားသာသနာတော်၌ မြတ်သောသီတင်းသုံးခြင်းဖြင့် နေခြင်း။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣမေဟိ တီဟိ ဌာနေဟိ၊ ဤ ၃-ပါးသောအရာတို့ဖြင့်။ အမိဂ္ဂဏှန္တိ၊ သာလွန်ကုန်၏။

(ဤကား 'တီဟိ ဘိက္ခဝေ ဌာနေဟိ'-အစ၊ 'အမိဂ္ဂဏှန္တိ'-အဆုံးရှိသော ပါဠိတော်အနက်။ ဥတ္တရကုရုကျွန်းသူ၊ တာဝတိံသာနတ်တို့ထက် ဇမ္ဗူဒိပါကျွန်းသူတို့က တရား ၃-ပါး သာလွန်ကြောင်းကို ဟောတော်မူသည်။ နဝကနိပါတ်၊ အင်္ဂုတ္တိုရ်ပါဠိတော်၊ တိဌာနသုတ္တ၊ ၁၉၈။)

**(၂၂)* အဋ္ဌ'မာနိ ဘိက္ခဝေ ဗလာနိ။ ကတမာနိ အဋ္ဌ? ဒါရကာနံ ရောဒဗလံ၊ ဣတ္ထီနံ ကောဓဗလံ၊ စောရာနံ သတ္ထဗလံ၊ ရာဇာနံ ဣဿရိယဗလံ၊ ဗာလာနံ ဟာသဗလံ၊ ပဏ္ဍိတာနံ နိဇ္ဈယဗလံ၊ ဗဟုဿုတာနံ ပစ္စဝေက္ခဏဗလံ၊ ဘိက္ခူနံ ခန္တိဗလန္တိ၊ ဣမာနိ ခေါ ဘိက္ခဝေ အဋ္ဌ ဗလာနိ။**

ဘိက္ခဝေ၊ ရဟန်းတို့။ ဗလာနိ၊ အားတို့သည်။ ဣမာနိ အဋ္ဌ၊ ဤ ၈-ပါးတို့တည်း။ အဋ္ဌ၊ ၈-ပါးတို့ဟူသည်။ ကတမာနိ၊ အဘယ်သည်တို့နည်းဟူမူကား? [၁]ဒါရကာနံ၊ သူငယ်တို့အား။ ရောဒဗလံ၊ ငိုခြင်း အားရှိ၏။ [၂]ဣတ္ထီနံ၊ မိန်းမတို့အား။ ကောဓဗလံ၊ အမျက်ထွက်ခြင်း အားရှိ၏။ [၃]စောရာနံ၊ ခိုးသူတို့အား။ သတ္ထဗလံ၊ လက်နက် အားရှိ၏။ [၄]ရာဇာနံ၊ မင်းတို့အား။ ဣဿရိယဗလံ၊ အစိုးရခြင်း အားရှိ၏။ [၅]ဗာလာနံ၊ သူမိုက်တို့အား။ ဟာသဗလံ၊ ရယ်ရွှင်ခြင်း အားရှိ၏။ [၆]ပဏ္ဍိတာနံ၊ ပညာရှိတို့အား။ နိဇ္ဈယဗလံ၊ ဆုံးဖြတ်ခြင်း အားရှိ၏။ [၇]ဗဟုဿုတာနံ၊ အကြားအမြင်များသောသူတို့အား။ ပစ္စဝေက္ခဏဗလံ၊ ဆင်ခြင်ခြင်း အားရှိ၏။ [၈]ဘိက္ခူနံ၊ ရဟန်းတို့အား။ ခန္တိဗလံ၊ သည်းခံခြင်း အားရှိ၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဗလာနိ၊ အားတို့သည်။ ဣမာနိ အဋ္ဌ၊ ဤ ၈-ပါးတို့တည်း။

(ဤကား 'အဋ္ဌ'မာနိ ဘိက္ခဝေ'အစ၊ 'ဣမာနိအဋ္ဌ'အဆုံးရှိသော ပါဠိတော်၏အနက်။ အဋ္ဌကအင်္ဂုတ္တိုရ်ပါဠိတော်၊ ၅၈။)

**(၂၃)*[၁] ပိယံ ဘာသတိ သုဇော်ပိ၊ ဝနဘက္ခော ဝနေ စရံ။**
**နရဘူတော ဘတ္တဘက္ခော၊ ကိံနု ပိယံ န ဘာသတိ။ ။**

ဝနေ၊ တော၌။ စရံ စရန္တော၊ လှည့်ပတ်သွားလာသော။ ဝနဘက္ခော၊ တောလိုက်ဘာသာ, တောအစာကို စားသော။ သုကောပိ၊ ကျေးငှက်သည်လည်း။ ပိယံ၊ ချစ်ဖွယ်သော

စကားကို။ ဘာသတိ၊ ဆိုတတ်၏။ ဘတ္တဘက္ခော၊ ထမင်း-ဟူသော အစာကို စားသော။ နရဘူတော၊ လူစင်စစ်ဖြစ်လျက်။ ကိံနု၊ အဘယ်ကြောင့်။ ပိယံ၊ ချစ်ဖွယ်သော စကားကို။ န ဘာသတိ၊ မဆိုနိုင်ဘဲ ရှိအံ့နည်း။

(ဤကား 'ပိယံ ဘာသတိ သုဏ္ဏော်ပိ'-အစ၊ 'ကိံနု ပိယံ န ဘာသတိ'-အဆုံးရှိသော ဂါထာ၏ အနက်။ ဩဝါဒကထာ။)

*၂ နရဘူတော ဘတ္တဘက္ခော၊ ဝနဘက္ခော ဝနေ စရံ။
သာဓုမဇ္ဈေ န နမတိ၊ သာဓုံ နစ္စတိ ဝါနရော။ ။

ဝနေ၊ တော၌။ စရံ စရန္တော၊ လှည့်ပတ်သွားလာသော။ ဝနဘက္ခော၊ တောလိုက်ဘာသာ, တောအစာကို စားသော။ ဝါနရောပိ၊ မျောက်သည်လည်း။ သာဓုံ၊ ကောင်းစွာ။ နစ္စတိ၊ က-တတ်၏။ ဘတ္တဘက္ခော၊ ထမင်း-ဟူသော အစာကို စားသော။ နရဘူတော၊ လူစင်စစ်ဖြစ်လျက်။ ကိံနု၊ အဘယ်ကြောင့်။ သာဓုမဇ္ဈေ၊ သူတော်ကောင်းတို့၏အလယ်၌။ န နမတိ၊ မကိုင်းမညွတ်နိုင်ဘဲ ရှိတော့အံ့နည်း။

(ဤကား 'နရဘူတော ဘတ္တဘက္ခော'-အစ၊ 'သာဓုံ နစ္စတိ ဝါနရော'-အဆုံးရှိသော ဂါထာ၏အနက်။ ဩဝါဒကထာ။)

*၃ စဇ ဒုဇ္ဇနသံသဂ္ဂံ၊ ဘဇ သာဓုသမာဂမံ။
ကရ ပုည'မဟောရတ္တံ၊ သရ နိစ္စ'မနိစ္စတံ။ ။

ဒုဇ္ဇနသံသဂ္ဂံ၊ သူတော်မဟုတ် သူယုတ်နှင့် ပေါင်းဖော်ခြင်းကို။ စဇ၊ စွန့်လော့။ သာဓုသမာဂမံ၊ သူတော်ကောင်းနှင့် ပေါင်းဖော်ခြင်းသို့။ ဘဇ၊ ဆည်းကပ်လော့။ အဟောရတ္တံ၊ နေ့ညဥ့်ပတ်လုံး။ ပုညံ၊ ကောင်းမှုကို။ ကရ၊ ပြုလော့။ အနိစ္စတံ၊ သင်္ခါရတရားတို့၏ မမြဲသောအဖြစ်ကို။ နိစ္စံ၊ အမြဲ။ သရ၊ အောက်မေ့လော့။

(ဤကား 'စဇ ဒုဇ္ဇနသံသဂ္ဂံ'-အစ၊ 'အနိစ္စတံ'-အဆုံးရှိသော ဂါထာ၏အနက်။ ဩဝါဒကထာ)

*၄ အဇ္ဇေဝ ကိစ္စံ အာတပ္ပံ၊ ကော ဇညာ မရဏံ သုဝေ။
န ဟိ နော သင်္ကရံ တေန၊ မဟာသေနေန မစ္စုနာ။ ။

အဇ္ဇေဝ၊ ယနေ့ပင်လျှင်။ အာတပ္ပံ၊ ကိလေသာကို ပူပန်စေတတ်သော လုံ့လကို။ ကိစ္စံ ကရဏီယံ၊ ပြုအပ်၏။ သုဝေ၊ နက်ဖြန်။ မရဏံ၊ သေခြင်းကို။ ကော၊ အဘယ်သူသည်။ ဇညာ၊ သိနိုင်အံ့နည်း။ ဟိ သစ္စံ၊ မှန်၏။ မဟာသေနေန၊ ၉၆-ပါးသော အနာ, ၃၂-ပါး

သော ကံကြမ္မာ, ၂၅-ပါးသော ဘေး, ၁၆-ပါးသော ဥပဒ္ဒဝေါ, ၁၀-ပါးသော ဒဏ်, ၈-ပါးသော အပြစ်-အစရှိသော များသော စစ်သည်အပေါင်းရှိထသော။ တေန မစ္စုနာ၊ ထို သေမင်းနှင့်။ နော၊ ငါတို့အား။ သင်္ကရံ၊ အဆွေခင်ပွန်းဖွဲ့ခြင်း၊ တံစိုးလက်ဆောင်ပေးခြင်း, စစ်ထိုးခြင်း လင့်စိမ့်သောငှာ ချိန်းချက်ဆုံးဖြတ်ခြင်းသည်။ န သိယာ၊ မဖြစ်ရာ။

(ဤကား 'အဇ္ဇေဝ ကိစ္စံ အာတပ်'-အစ၊ 'မဟာသေနေန မစ္စုနာ'-အဆုံးရှိသော ဂါထာ၏အနက်။ ဥပရိပဏ္ဏာသပါဠိတော်၊ မ၃၊၂၂၆၊၂၂၉။ ဇာ၊၂၊၁၅၉။ ဩဝါဒကထာ။)

(၂၄)*၁ ဣမိနာ ပုညကမ္မေန၊ အဘိရမ္မေယျ သဒ္ဓမ္မေ။
ဖုဋ္ဌော စ လောကဓမ္မေဟိ၊ သဟေယျံမတိပါမောဇ္ဇော။
ဘဝါဘဝေ သံသရန္တော၊ ပိဋကတ္တယဓရော ဘဝေ။ ။

ဣမိနာ ပုညကမ္မေန၊ ဤကောင်းမှုကြောင့်။ သဒ္ဓမ္မေ၊ သူတော်ကောင်းတို့၏ တရား၌။ အဘိရမ္မေယျံ၊ မွေ့လျော်ရလို၏။ လောကဓမ္မေဟိ၊ လောကဓံတရားတို့နှင့်။ ဖုဋ္ဌော၊ တွေ့သည်။ စ ဟောတိ၊ အကယ်၍ ဖြစ်အံ့။ အတိပါမောဇ္ဇော၊ အလွန်ဝမ်းမြောက်ဝမ်းသာ။ သဟေယျံ၊ သည်းခံနိုင်လို၏။ ဘဝါဘဝေ၊ ဘဝကြီး,ငယ်တို့၌။ သံသရန္တော၊ ကျင်လည်ရသည်ရှိသော်။ ပိဋကတ္တယဓရော၊ ပိဋကတ် ၃-ပုံကို ဆောင်နိုင်သည်။ ဘဝေ၊ ဖြစ်ရလို၏။

(ဤကား 'ဣမိနာ ပုညကမ္မေန'-အစ၊ 'ပိဋကတ္တယဓရော ဘဝေ'-အဆုံးရှိသော ဂါထာတို့၏အနက်။ ဒါန,သီလ-စသော ကုသိုလ်တရားကို အားထုတ်ရသော အကျိုးကို ဆုတောင်း ပတ္ထနာပြုရန် ဆုတောင်းဂါထာ။)

ကြံ့ခင်းမြို့၊ ဒကာငကျော်ထွေး-က "*မြတ်စွာဘုရားကို ချီးမွမ်းသော ဂါထာ ။ပ။ ဆုတောင်းဂါထာ၊ ဤ ၂၃-ပါးသော ပုစ္ဆာတို့ကို မကျယ်,မကျဉ်း၊ နှလုံးသွင်းထား မှတ်သားပါရအောင် ပါဠိအာဂုံနှင့်တကွ ကယ်မသနားတော်မူပါ"ဟု လျှောက်သောကြောင့် ကျမ်းဂန် အလာ ဒေသနာနယကို ညွှန်ပြထုတ်ဆောင်၍ ၁၂၃၈-ခု၊ တပေါင်းလပြည့်ကျော်၊ ၃-ရက်နေ့၊ ဒီပဲယင်းမြို့၊ ပဝတ္တိရတနာသိမ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## ရတနာသိမ်မြို့ ပဥ္စမရှင်ဉာဏ-က အဘိဓမ္မတ္ထသင်္ဂြိုဟ်တွင် ပဥ္စမ မေး,ဖြေ-ပုံကို သိမှတ်ရန် လျှောက်ထားချက်

[ ၁၃၂] "ဘုရားတပည့်တော် ရတနာသိမ်မြို့ ပဥ္စမ ရှင်ဉာဏ လျှောက်ပါသည် ဆရာတော်ဘုရား။

အဘိဓမ္မတ္ထသင်္ဂြိုဟ်စာတွင် ပထမ မေးပုံ, ဖြေပုံ ခက်ဆစ်ခက်ရာများကို အကျဉ်း ဖြေဆို သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။"

[၁၃၂] ပဥ္စမရှင်ဉာဏ လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ-

ကဲ*(၁) 'သမ္မာသမ္ဗုဒ္ဓံ'ဟူသော ပါဌ်သည် အဘယ်မှ ထွက်သနည်း။

'အဘိဝါဒိယ'ဟူသော ပါဌ်မှ ထွက်၏။ ထွက်ဟန်ကား 'ဆရာ ရှိခိုးသော'ဟူ၍ ဆို၏။

*(၂) 'အဘယ်သူကို ရှိခိုးသနည်း' အမေးရှိ၏။

ထိုအမေးကို ဖြေအံ့သောငှာ သမ္မာသမ္ဗုဒ္ဓံ-ဟူသော ပါဌ်ကို မိန့်။ အဓိပ္ပါယ်ကား ဘုရားကို ရှိခိုး၏-ဟူလိုသော်။

*(၃) အတုလံ သသဒ္ဓမ္မဂဏုတ္တမံ၊ နည်း။

'သမ္မာသမ္ဗုဒ္ဓံ'မှ ထွက်၏။ ထွက်ဟန်ကား 'ဆရာ ဘုရားကို ရှိခိုးသော'ဟူ၍ ဆို၏။

*(၄) ဆရာရှိခိုးသော ဘုရားသည် အဘယ်ဂုဏ်ထူး ဝိသေသရှိသနည်း။ ငှာ။

အတုလံ သသဒ္ဓမ္မဂဏုတ္တမံ- မိန့်၊ အဓိပ္ပါယ်ကား 'ငါရှိခိုးသော ဘုရားသည် အတုမရှိသော သီလ-အစရှိသော ဂုဏ်နှင့် ပြည့်စုံ၏'-ဟူလိုသော်။

*(၅) 'ဘာသိဿံ'ဟူသော ပါဌ်သည်၊ နည်း။

သမ္မာသမ္ဗုဒ္ဓ။လ။ ဥတ္တမံ-မှ ထွက်၏။ ထွက်ဟန်ကား ဆရာ-ဘုရားကို ရှိခိုးသော ဟူ၍ ဆို၏။

*(၆) ရှိခိုးပြီး၍ အဘယ် (ဂုဏ်)ကို ပြုအံ့နည်း၊ အဘယ်အကျိုးငှာ ရှိခိုးသနည်း- အမေးရှိ၍ ။ငှာ။

ဘာသိဿံ၊ မိန့်။ အဓိပ္ပါယ်ကား 'ဘုရားကို ရှိခိုးပြီး၍ ဟောပေအံ့'ဟူလိုသော်။

*(၇) အဘိဓမ္မတ္ထသင်္ဂဟ်ာ၊ နည်း။
'ဘာသိဿံ'မှ ထွက်၏။ ထွက်ဟန်ကား 'ဆရာ ဟောပေအံ့'ဟု ဆို၏။

*(၈) အဘယ်ကျမ်းကို ဟောမည်နည်း- အမေးရှိ၍။ ဌာ။
အဘိဓမ္မတ္ထသင်္ဂဟ်ာ။ မိန့်။ အဓိပ္ပါယ်ကား- အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းကို ဟောပေအံ့-ဟုလိုသော်။

*သမ္မာသမ္ဗုဒ္ဓ, မတုလ-အစရှိသော ဂါထာပုဒ်လုံး၏ အဓိပ္ပါယ်ကား လောကသုံးခွင်၊ တုမမြင်အောင်၊ ထင်ပေါ်ကျော်စော၊ အံ့ဖွယ်ကိုးမွမ်း၍ မကုန်နိုင်သော၊ ဂုဏ်ပေါင်းတကာတို့၏ သခင်၊ အရှင်တကာတို့၏ မြတ်ကြွန်၊ အစိန္တေယျ၊ လောကသေဌ်နင်း၊ တရားမင်းဘုရားကို၊ သုံးပါးဒွါရ၊ ပဏာမဖြင့်၊ ညွှတ်ခရိုကျိုး၊ ရှိခိုးပြီး၍၊ အဘိဓမ္မတ္ထသင်္ဂြိုဟ်၊ ခေါ်ဆိုသညာ၊ ကျမ်းအဌကထာကို၊ သုဓမ္မာခွင်၊ သဘင်ဆန်းကြွယ်၊ ပွဲကြီးလယ်၌၊ အံ့ဖွယ်သာယာ၊ ဂါထာစုဏ္ဏိယ၊ ပုဒ်ပဒဖြင့်၊ နယထွေထွေ၊ ဟောမိန့်ပေအံ့-ဟုလိုသော်။*

*(၉) တတ္ထ ဝုတ္တာ'ဘိဓမ္မတ္ထာ -ဂါထာကား၊ နည်း။
'အဘိဓမ္မတ္ထသင်္ဂဟ်ာ'မှ ထွက်၏။ ထွက်ဟန်ကား- 'ဆရာ၊ အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်းကို ဟောပေအံ့'ဟု ဆရာဆိုပေ၏။

*(၁၀) အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း-ဟူသည် အဘယ်နည်း။ ဌာ။
တတ္ထ ဝုတ္တာ-အစရှိသော ဂါထာကို မိန့်ရသော်။ အဓိပ္ပါယ်ကား အဘိဓမ္မတ္ထသင်္ဂြိုဟ်ကျမ်း-ဟူသည် တတ္ထ ဝုတ္တာ-အစရှိသည်တည်း ဟူလိုသော်။ ထိုပါဌ်တို့တွင်ကား- စတုဓာ-ဟူသည်တည်း။ ဖြေလိုရင်းပါဌ်ကား- စတုဓာဟူသော သချာကို ဆို၏။

*(၁၁) သချာ၏ သချေ်ယျကား အဘယ်နည်း။
စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်အားဖြင့် ၄-ပါးဘုရား။
တတ္ထ စိတ္တံ-ဂါထာကို စိတ္တံမှ-ထွက်။ ဤနည်းကို မှီ၍ ထွက်လေ။

*(၁၂) အဘယ်ကြောင့် အဘိဓမ္မာ မည်သနည်း။
'အဘိအတိရေကော ဓမ္မော အဘိဓမ္မော'-ဟူသော ဝစနတ္ထနှင့်အညီ သုတ္တန်ပိဋကတ်ထက် လွန်သောအနက်၊ ထူးသောအနက်ကြောင့် အဘိဓမ္မာ မည်ပါသည်ဘုရား။

*(၁၃) သုတ္တန်ပိဋကတ်ထက် သာလွန်ကောင်းလေသလော၊ ဝိနည်းပိဋကတ်ထက် မလွန်ကောင်းလေသလော။

'ကေနဋ္ဌေန အဘိဓမ္မော။ ဓမ္မာတိရေက ဓမ္မဝိသေသဋ္ဌေန အဘိဓမ္မော'ဟု အဋ္ဌကထာမိန့်ရကား ဓမ္မသဒ္ဒါသည် သုတ်,အဘိဓမ္မာကိုသာ ဟောသောကြောင့် သုတ္တန်ပိဋကတ်ထက် သာလွန်သည်-ဟူပါသည် ဘုရား။

*(၁၄) အဋ္ဌကထာဆရာကား သီးရင့်ခိုင်မာလှ၏။ ဘုရားဟောတော်မူသော ပါဠိတော်များဖြင့် ထင်ရှားရှိလေသလော။

"ယော ခေါ အာနန္ဒ မယာ ဓမ္မော စ ဝိနယော စ ဒေသိတော ပညတ္တော"ဟု ဘုရား ဟောတော်မူသောကြောင့် ဓမ္မ-ဟူသည် သုတ်, အဘိဓမ္မာ၊ ဝိနယ-ဟူသည် ဝိနည်းသီးခြားဖြစ်၍ အဘိဓမ္မာ၌ အဘိသဒ္ဒါကို သုတ္တန်ပိဋကတ်ထက် သာလွန်ခြင်း-ဟူရပါသည် ဘုရား။

*(၁၅) ဝါ့ရှင် ပဋ္ဌမဖြေဆိုသည့်အတိုင်း မှန်လျှင် အချို့ဋီကာဆရာတို့က အဘိဓမ္မာအရ၌ အဘိသဒ္ဒါကို သုတ်,ဝိနည်းတို့ထက် လွန်သည်-ဟု "အဘိ အတိရေကော ဓမ္မော အဘိဓမ္မော၊ သုတ္တန္တဝိနယာဓိကာ ပါဠိတိ အတ္ထော"ဟု ဖွင့်လှစ်ပြဆိုသည်များသည် မှားသည်-ဟု ဆိုရမည်လော။

မှားသည်-ဟု ဆိုသင့်ပါသည်ဘုရား။ "သင်္ယုတ္တိ စိတ္တစေတသိကာရူပနိဗ္ဗာနသင်္ခါတာ ပရမတ္ထဓမ္မာ'တ္ထ ဓေနာတိ သင်္ဟော"။ သဂြိုဟ်။

မောဟ၌ အသင်္ခါရိက, သသင်္ခါရိက မရှိသည်မှာ-"သဘာဝတိက္ခတာယ ဥဿာဟေတဗ္ဗတာယ စ အဘာဝတော သင်္ခါရဘေဒေါပိ နေသံ နတ္ထိ"ဟု ဆိုသောကြောင့် သဘာဝတိက္ခဖြစ်၍ အသင်္ခါရိကသာ ရှိပါသည်ဘုရား။

ကာမာဝစရကုသိုလ်မှာ-

ကမေန ပုညဝတ္ထူဟိ၊ ဂေါစရာဓိပတီဟိ စ။
ကမ္မဟီနာ'ဒိတော စေဝ၊ ဂဏေယျ နယကောဝိဒေါ။

ဋီကာကျော် (၈၈)ဆိုသောကြောင့် ပုညကိရိယာဝတ္ထု, အာရုံ, အဓိပတိ, ကံ, အယုတ်, အလတ်, အမြတ်အားဖြင့် ၁၅၁၂၀ *(၁၂၀၀)*-ဖြစ်ပါသည်ဘုရား။

*(၁၆) ရူပါဝစရစိတ်မှာ ဖဿ-အစရှိသော သမ္ပယုတ်တရား များစွာရှိလျက် ဝိတက် အစရှိသော တရားကိုသာ အဘယ်ကြောင့် ဈာန်-ဟု ဆိုသနည်း။

ဥပနိဇ္ဈာနကိစ္စတ္တာ၊ ကာမာဒိပဋိပက္ခတော။
သန္တေသုပိ စ အညေသု၊ ပဉ္စေဝ ဈာနသညိတာ။

ဋီကာကျော် (၉၃) မိန့်သည်နှင့်အညီ အာရုံကို ရှုတတ်သောကြောင့်လည်းကောင်း

နိဝရဏ၏ ဆန့်ကျင်ဘက်ဖြစ်ခြင်းကြောင့်လည်းကောင်း ဝိတက်-စသည်ကိုသာ ဈာန်-ဟု ဆိုပါသည် ဘုရား။

မဟဂ္ဂုစိတ်၌ အသင်္ခါရိက, သသင်္ခါရိက မရှိသည်မှာ–"ပုဗ္ဗာဘိသင်္ခါရဝသေန ဥပ္ပန္နတော" ဋီကာ မိန့်သည်နှင့်အညီ ပရိကံ, ဥပစာ-စသော ပုဗ္ဗာဘိသင်္ခါရနှင့် တကွဖြစ်သောကြောင့် သသင်္ခါရိကဖြစ်ပါသည်ဘုရား။

လောကုတ္တရာစိတ်၌ ကြိယာမရှိသည်မှာ "မဂ္ဂဿ ဧကစိတ္တက္ခဏိကတ္တာ"ဋီကာ မိန့်သည်နှင့်အညီ မဂ်၏ စိတ္တက္ခဏ ၁-ကြိမ်သာ ရှိသောကြောင့် ကြိယာ- မရှိပါ ဘုရား။

**စိတ်ပိုင်း ပြီး၏။**

----- x -----

[၁၃၂] ^*(၁) **စေတောယုတ္တလက္ခဏာ ၄-ပါး**

ဧကုပ္ပါဒ, ဧကနိရောဓ, ဧကာရမ္မဏ, ဧကဝတ္ထုက

*(၂) **ရာသီ ၃-ပါး**

အညသမာန်းတစ်ရာသီ, အကုသိုလ်တစ်ရာသီ, သောဘဏတစ်ရာသီ

*(၃) ဧကုပ္ပါဒသဒ္ဒါကို ဆိုခဲ့ပြီးသင့်လျက် ဧကနိရောဓသဒ္ဒါကို ဆိုသည်ကား စိတ္တဇရုပ်ကို နစ်စေသည်။ ဝိညတ်ဒွေးကို နစ်စေသည်။ ဤလက္ခဏာ ၃-ပါး ပြည့်စုံလျှင် ဧက-ဝတ္ထုက ဖြစ်၏-*(ဟု)* သိစေလို၍ ဧကဝတ္ထုကကို မိန့်ပါသည်ဘုရား။

*(၄) ဖသောကို ဝိဂြိုဟ်ပြု၊ ဖုသတီတိ ဖသော။ ရုပ်စီရင်၊ ဖုသတည်၊ လောပဥ္စ တတြာကာရောသုတ်ဖြင့် ဉ-ကို ချေ၊ ထိုကြေရာ၌ အ-အက္ခရာလာ၍ ပြီးပါသည် ဘုရား။

*(၅) ဥပဂုဿ အပစ္စံ ဩပဂဝေါ-တို့ကဲ့သို့ ဖုသတီတိ ဖောသော- ဝိဂြိုဟ် ပြုကောင်းပါ သည် မဟုတ်လော။

**န ဝုဒ္ဓိ နီလပီတာဒေါ၊ ပစ္စယေ သဏကာရကော။**
**ဖကာရော ဖုဿသဒ္ဒဿ၊ သိရောတိ သိရသံ ဝဒေ။** ။ (ကစ္စည်း)

ဆိုသောကြောင့် နီလာဒိဂိုဏ်း, ပိသောဒရာဒိဂိုဏ်းဖြစ်၍ ကုရှုန် နိဝါသော ကုရု၊ ထုနေ ဇာတံ ထုန်-တို့ကဲ့သို့ ဝုဒ္ဓိ မရောက်သင့်ပါဘုရား။

*(၆) အနုပဗ္ဗ၊ ဏ-အက္ခရာ၊ ရှိလေရာ၊ ရှေးမှာ ဝုတ္တိမြဲ-ဟု နိယံဆရာတို့ ဆိုကြသည် မဟုတ်လော။

နီလပီတဂိုဏ်းဝယ် ဝါကျမရှ ဝုဒ္ဓါဒိ-ဆိုသောကြောင့် ဝုဒ္ဓိ မရောက်သင့်ပါဘုရား။

*(၇) ကေဂ္ဂတာ-ဟူသော ပုဒ်၌ အဂ္ဂသဒ္ဒါ အဘယ်အနက်ကို ဟောသနည်း။

"အဂ္ဂသဒ္ဒေါ အာဒိ ကောဋိ သေဋ္ဌ ကောဋ္ဌာသာ'ရမ္မဏေသု ဒိဿတိ"ဟု ဋီကာ မိန့်သောကြောင့် အစ-ဟူသော အနက်၊ အထွတ်-ဟူသော အနက်၊ အမြတ်-ဟူသော အနက်၊ အစု-ဟူသောအနက်၊ အာရုံ-ဟူသော အနက် ၅-ပါးတို့ကို ဟော ပါသည်ဘုရား။

- 'အဇ္ဇတဂ္ဂေ ပါဏုပေတံ' အဇ္ဇတဂ္ဂေ၊ ယနေ့ကို အစပြု၍ ဤသို့ အစရှိသည်တို့၌ အဂ္ဂသဒ္ဒါ **အစ** ဟောပါသည်ဘုရား။
- အဂ္ဂံ ကောဋိပတ္တံ၊ အထွဋ်သို့ ရောက်တော်မူ၏။ ဤသို့ အစရှိသည်၌ အဂ္ဂသဒ္ဒါ **အထွဋ်** ဟောပါသည်ဘုရား။
- "အဂ္ဂတော ဝေ ပသန္နာနံ အဂ္ဂံ ပုညံ ပဝဍ္ဎတိ"။ အဂ္ဂတော၊ မြတ်သောအားဖြင့်။ ပသန္နာနံ၊ ကြည်ညိုကုန်သော သူတို့အား။ ဝေ၊ စင်စစ်။ အဂ္ဂံ၊ မြတ်သော။ ပုညံ၊ ကောင်းမှုသည်။ ပဝဍ္ဎတိ၊ ပွါး၏။ ဤသို့ အစရှိသည်၌ အဂ္ဂ-သဒ္ဒါ **အမြတ်** ဟောပါ သည်ဘုရား။
- ရဇဂ္ဂံ၊ မြူလုံးမြူစု။ သေနဂ္ဂံ၊ ဗိုလ်ပါအစု။ ဤသို့ အစရှိသည်တို့၌ အဂ္ဂ-သဒ္ဒါ **အစု** ဟောပါသည်ဘုရား။
- **"ဧကံ အဂ္ဂံ အာရမ္မဏံ အဿာတိ ဧကဂ္ဂတာ"** အဿ၊ ထိုစေတသိက်အား။ ဧကံ၊ တစ်ခုသော။ အဂ္ဂံ အာရမ္မဏံ၊ အာရုံသည်။ အတ္ထိ၊ ရှိ၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ဧကဂ္ဂတာ၊ ဧကဂ္ဂတာ မည်၏။ ဤဧကဂ္ဂတာ၌ အဂ္ဂ-သဒ္ဒါ **အာရုံ** ဟောပါသည်ဘုရား။

*(၈) ကုက္ကုစ္စ-ဟူသည် အဘယ်နည်း။

"ကတာကတဒုစ္စရိတသုစရိတာနုသောစနလက္ခဏံ"ဟု အဋ္ဌကထာ, ဋီကာ မိန့် သောကြောင့် ပြုပြီးသော ဒုစရိုက်၌ စိုးရိမ်ခြင်း၊ မပြုမိသော သုစရိုက်၌ စိုးရိမ်ခြင်း-ဟူ၍ ၂-ပါးပါဘုရား။

*(၉) မပြုသေးသော ဒုစရိုက်, ပြုမိသော သုစရိုက်၌ ကုက္ကုစ္စ မဖြစ်သင့်လော။

ကုက္ကုစ္စ-ဟူသည် ကာလအားဖြင့် အတိတ်၌သာ ဖြစ်ပါသည်ဘုရား။

*(၁၀) ကုဋ္ဋကုစ္စ ၂-ပါး ဟောတော်မူသောအရာများ ရှိပါသလော။

"မာ ပမာဒတ္ထ ဘိက္ခဝေ ပုည် ကရိတ္ထ ဈာယိတ္ထ။ မာ ပစ္ဆာ ဝိပ္ပဋိသာရိနော အဟုဝတ္ထ"ဟု ကုဋ္ဋကုစ္စ ၂-ပါးကို ဘုရားဟောတော်မူပါသည်ဘုရား။

*(၁၁) သညာ, ဝိညာဏ်, ပညာ ၃-ပါးတို့ သိခြင်းအထူးကား-

- သညာသည် အညို, အရွှေ-အစရှိသော အာရုံကို သိကာမျှ၊ လက္ခဏာရေး ၃-ပါး ကို မသိနိုင်။
- ဝိညာဏ်သည် အညို, အရွှေ-အစရှိသော အာရုံကိုလည်း သိ၏။ အနိစ္စ-အစရှိသော လက္ခဏာကိုလည်း သိ၏။ သစ္စာ ၄-ပါးတို့ကို မသိနိုင်။
- ပညာသည် ၃-ပါးလုံးကို သိနိုင်၏။ ဤသို့ ထူးပါသည်ဘုရား။

*(၁၂) သမ္ပယောဂနည်း ၁၆-ပါး၊ သင်္ဂဟနည်း ၃၃-ပါးကို ဆို။

- အညသမာန်း၌ ၇-ပါး၊
- အကုသိုလ်၌ ၅-ပါး၊
- သောဘဏ၌ ၄-ပါး — သမ္ပယောဂနည်း ၁၆-ပါး၊
- အကုသိုလ် ၇-ပါး၊
- အဟိတ်၌ ၄-ပါး၊
- ကာမာဝစရသောဘဏစိတ်၌ ၁၂-ပါး၊
- မဟဂ္ဂုတ်စိတ်၌ ၅-ပါး၊
- လောကုတ္တရာစိတ်၌ ၅-ပါး— သင်္ဂဟနည်း ၃၃-ပါး။

*(၁၃) နာနာ-ကဒါစိအရ အဘယ်နည်း။

သမ္မာဝါစာဖြစ်ခိုက် သမ္မာကမ္မန္တ, သမ္မာအာဇီဝ-မဖြစ်၊ သမ္မာကမ္မန္တ-ဖြစ်ခိုက် သမ္မာဝါစာ, သမ္မာအာဇီဝ-မဖြစ်၊ သမ္မာအာဇီဝ-ဖြစ်ခိုက် သမ္မာဝါစာ, သမ္မာကမ္မန္တ-မဖြစ်၊ ဤသို့ နာနာဖြစ်ပါသည်ဘုရား။

သမ္မာဝါစာသည် အသက်မွေးခြင်း အကြောင်းမရှိသော ဝစီဒုစရိုက် ၄-ပါးမှ ကြဉ်သောအခါ သမ္မာဝါစာ ဖြစ်၏။ မကြဉ်သောအခါ မဖြစ်။ အကြွင်းနည်းတူ။ ဤသို့ ကဒါစိ ဖြစ်ပါသည်ဘုရား။

*(၁၄) **လောကုတ္တရာစိတ်၌** အပ္ပမညာ-ဒွေးကို ကြဉ်သည်မှာ- အပ္ပမညာနံ သတ္တာရမ္မဏတ္တာ, လောကုတ္တရာနဉ္စ နိဗ္ဗာနာရမ္မဏတ္တာ ဝုတ္တံ 'အပ္ပမညာဝဇ္ဇိတာ'တိ။

ဋီကာမိန့်သည်နှင့် အညီ အပ္ပမညာစေတသိက်သည် သတ္တဝါပညတ်ကို အာရုံပြု၏။ လောကုတ္တရာသည် နိဗ္ဗာန်ကို အာရုံပြုသောကြောင့် ကြဉ်ပါသည်ဘုရား။

*(၁၅) မဟဂ္ဂုတ်စိတ်၌ ဝိရတီကို ကြဉ်သည်မှာ- သီလဝိသုဒ္ဓိအစွမ်းဖြင့် ရသောဈာန်ဖြစ်၍ ဒုစ္စရိတဒုရာစီဝမှ ကင်းသောကြောင့် ကြဉ်ပါသည်ဘုရား။ ဝိပါက်ကိရိယာတို့၌ ဝိရတီ မဖြစ်သည်မှာ–

"လောကိယဝိရတီနံ ကေန္တကုသလသဘာဝတ္တာ နတ္ထိ အဗျာကတေသု သမ္ဘဝေါ"

ဟု ဋီကာကျော် (၁၁၉)မိန့်ရကား လောကီဝိရတီသည် ကုသိုလ်ကေန္တဖြစ်၍ ဝိပါက်-ကြိယာ၌ ကြဉ်ပါသည်ဘုရား။

*(၁၆) အနုတ္တရေ ဈာနဓမ္မာ-ဂါထာဝယ် အဘယ်သို့ အထူးပြုတတ်သနည်း။

ဝိတက်သည် ပဌမဈာန်၌သာ ယှဉ်၍ ကြွင်းသော ဈာန်တို့၌ မယှဉ်။

ဝိစာရသည် ပဌမဈာန်, ဒုတိယဈာန်၌သာ ယှဉ်၍ ကြွင်းသော ဈာန်တို့၌ မယှဉ်။

ပီတိသည် ပ, ဒု, တ-ဈာန် ။လ။ ၌ မယှဉ်။

သုခသည် ပ, ဒု, တ, စ-ဈာန် ။လ။ ၌ မယှဉ်။

အပ္ပမညာ, ဝိရတီတို့မှာ ရှေးနည်း။

စေတသိက်ပိုင်း ပြီး၏။

----- x -----

[၁၃၂]

ᵒ*(၁) စိတ္တံ စေတသိကံ ရူပံ နိဗ္ဗာနံ-ဟု ပရမတ္ထ ၄-ပါး အစဉ်တို့ဖြင့် ရုပ်ကို ပြသင့်လျက် ပကိဏ္ဏကသင်္ဂဟကို အဘယ်ကြောင့် ပြသနည်း။

စိတ်, စေတသိက်တို့၏ ဝေဒနာ-အစရှိသော အပြားကို ပြလိုသေး၍ ပကိဏ္ဏက-သင်္ဂဟကို မိန့်ပါသည်ဘုရား။

*(၂) တေပညာသ-အရ အဘယ်နည်း။

စေတသိက် ၅၂-ပါးမှာ အသီးအသီး ဖုသန-စသော လက္ခဏာ ၁-ပါးစီရ၍ ၅၂-ပါးသောစိတ်ကို အာရမ္မဏဝိဇာနနလက္ခဏာ ၁-ပါးသာ ယူ၍ တေပညာသ-ဖြစ်ပါသည် ဘုရား။

*(၃) သင်္ဂဟ ၆-ပါး အဘယ်နည်း။

ဝေ, ဟော, ကိ, ဒွါ, အာ, ဝတ်၊ ၆-ပါးပါဘုရား။

*(၄) 'ဒွေဓာ ဘိက္ခဝေ ဝေဒနာ။'(သံ၊၂။၄၂၃)ဘုရားဟောတော်မူသောကြောင့် ဝေဒနာ ၂-ပါးသာ မဟုတ်လော။

"အနဝဇ္ဇပက္ခိကံ အဒုက္ခမသုခံ သုခဝေဒနာယံ, သာဝဇ္ဇပက္ခိကဥ္စ ဒုက္ခဝေဒနာယံ သင်္ဂဟေတွာ ဝုတ္တံ" ဋီကာကျော်(၁၂၃) မိန့်သောကြောင့် အနဝဇ္ဇဥပေက္ခာကို သုခဝေဒနာ၌ သာဝဇ္ဇ, ဥပေက္ခာကို ဒုက္ခဝေဒနာ၌ သွင်းယူပါသည်ဘုရား။

သောမနဿ-၆၃၊ ဒေါမနဿ-၂၊ ဥပေက္ခာ-၅၅၊ ရေတွက်၍ ဖြေ။

ဟိတ် ၆-ပါး၊ အဟိတ်စိတ် ၁၈-ပါး၊ သဟိတ်စိတ်-၇၁၊ ဧကဟိတ်စိတ်-၂၊ ဒွိဟိတ်စိတ်-၂၂၊ တိဟိတ်စိတ်-၄၇၊ ရေတွက်၍ ဖြေ။

*(၅) ကိစ္စ အဘယ်နှစ်ပါးနည်း။

၁၄-ပါးပါ ဘုရား။

*(၆) ဌာန အဘယ်နှစ်ပါးနည်း။

၁၀-ပါးပါဘုရား။ ၁၄-ပါး၊ ၁၀-ပါး ရေတွက်၍ ဖြေ။

*(၇) ကိစ္စ ၁၄-ပါးရှိသည်ကို အဘယ်ကြောင့် ဌာန ၁၀-ပါးသာ ဖြစ်သနည်း။

ဒဿန-စသော ကိစ္စ ၅-ပါးမှာ ဌာန ၁-ပါးသာဖြစ်၍ ၁၀-ပါးဖြစ်ပါသည်ဘုရား။

*(၈) ဌာနအပြား ဤမျှပင်လော။

"ဧကဝီဝံ သန္ဓိဌာနံ၊ ဆဌာနာနိ ဘဝင်္ဂဿ။

ဒွဋ္ဌာနာဝဇ္ဇနံ ပဉ္စ- ဝိညာဏာဒီန မေကေကံ" ဋီကာမိန့်ရကား ပဋိသန္ဓေဌာန ၁-ပါး၊ ဘဝင်ဌာန ၆-ပါး၊ အာဝဇ္ဇန်းဌာန ၂-ပါး၊ ပဉ္စဝိညာဏ်ဌာန ၁-ပါး၊ သမ္ပဋိစ္ဆိုင်းဌာန ၁-ပါး၊ သန္တီရဏဌာန ၁-ပါး၊ ဝုဋ္ဌောဌာန ၂-ပါး၊ ဇောဌာန ၆-ပါး၊ တဒါရုံဌာန ၂-ပါး၊ စုတိဌာန ၃-ပါးဖြစ်၍ ဌာန ၂၅-ပါးရှိပါသည်ဘုရား။

*(၉) ဒွါရ အဘယ်နှစ်ပါးနည်း။

ဒွါရ ၆-ပါး ရေတွက်၍ ဖြေ။

*(၁၀) ဘဝင်ကို မနောဒွါရ-ဟု ဆို၏။ ဘဝင်အများတွင် အဘယ်ဘဝင်နည်း။

"ဘဝင်္ဂန္တိ အာဝဇ္ဇနာနန္တရံ ဘဝင်္ဂံ"ဟု ဋီကာကျော် (၁၂၈) ဆိုသောကြောင့် မနောဒွါရာဝဇ္ဇန်း၏ အခြားမဲ့၌ ဘဝင်ကို ဆိုပါသည်ဘုရား။

*(၁၁) အာရုံ ၆-ပါးရေတွက်၍ ဖြေ။ သင်္ဂဟနည်း ၇-ပါးအဘယ်နည်း။

ပဋ္ဌာဝီသ ပရိတ္တမှိ-ဂါထာကို ရွတ်၍ ဖြေ။ ၇-ပါး။

*(၁၂) ဝတ္ထု ၆-ပါး ရေတွက်၍ ဖြေ။ "တာနိ ကာမလောကေ သဗ္ဗာနိပိ လဗ္ဘန္တိ"ဆိုသဖြင့် ဖြစ်သမျှမှာပင် ဝတ္ထု ၆-ပါးကို ရလေသလော။

"ပရိပုဏ္ဏိန္ဒြိယဿ တတ္ထေဝ ဥပလဗ္ဘနတော" ဋီကာကျော် (၁၃၅)မိန့်သောကြောင့် ဣန္ဒြေ ပြည့်စုံမှ ရပါသည်ဘုရား။

*(၁၃) ရူပဘုံမှာ ဝတ္ထု ၆-ပါးပင် ရလေသလော။

"ရူပလောကေ ဃာနာဒိတ္တယံ နတ္ထိ"ဆိုသောကြောင့် ဃာန, ဇိဝှါ, ကာယ၊ ဝတ္ထု ၃-ပါး မရှိပါဘုရား။

*(၁၄) အဘယ်ကြောင့် ဃာန, ဇိဝှါ, ကာယ၊ ဝတ္ထုရုပ် ၃-ပါး မရှိပါလေသနည်း။

"ပြဟ္မာနံ ကာမဝိရာဂဘာဝနာဝသေန"ဟု ဋီကာကျော် (၁၃၅)မိန့်ရကား ကာမရာဂ-မှ ကင်း သော ဘာဝနာ၏အစွမ်းဖြင့် ဖြစ်သောကြောင့် ဝတ္ထုရုပ် ၃-ခု မရှိပါဘုရား။

*(၁၅) ကာမရာဂမှ ကင်းသော ဘာဝနာ၏ အစွမ်းဖြင့် ဖြစ်ခဲ့သော် စက္ခု, သောတတို့လည်း မရှိကောင်း မဟုတ်ပါလော။

"ဗုဒ္ဓဒဿနဓမ္မဿဝနာဒိအတ္ထံ"ဟု ဋီကာကျော် (၁၃၅)မိန့်သောကြောင့် ဘုရားကို ဖူးမြင်ရခြင်း၊ တရားကို နာရခြင်းအကျိုးငှာ စက္ခု,သောတဝတ္ထုရုပ်ကို ရပါသည်ဘုရား။

*(၁၆) အရူပဘုံ၌ အဘယ်ကြောင့် ရုပ်ကို မရလေသနည်း။

"အရူပီနံရူပဝိရာဂဘာဝနာဗလေ"ဟု ဋီကာ မိန့်ရကား ရုပ်၌ တပ်ခြင်းကင်းသော ဘာဝနာ၏ အစွမ်းကြောင့် မရပါသည်ဘုရား။

ပကိဏ်းပိုင်း ပြီး၏။

----- x -----

ဿ*(၁) စိတ္တံ စေတသိကံ ရူပံ နိဗ္ဗာနံ-ဟု ပြခဲ့သည့်အတိုင်း ပကိဏ္ဏကပရိစ္ဆေဒ၏ အခြားမဲ့၌ ရူပသင်္ဂဟကို ပြသင့်သည် မဟုတ်ပါလော။ အဘယ်ကြောင့် ဝီထိသင်္ဂဟကို ပြပြန်ဘိသနည်း။

ဘုံ, ပုဂ္ဂိုလ်တို့၏ အစွမ်းအားဖြင့် ထိုစိတ်, စေတသိက်တို့၏ ဖြစ်ရာ ဝီထိအစဉ်ကို ပြခြင်းငှာ ဝီထိသင်္ဂဟကို မိန့်ပါသည်ဘုရား။

*(၂) ဆဆက္က ၆-ပါး အဘယ်နည်း။

ဝတ္ထု-၆၊ ဒွါရ-၆၊ အာရုံ-၆၊ ဝိညာဏ်-၆၊ ဝိသယ-၆၊ ဝီထိ-၆၊ ဆဆက္က ၆-ပါးပါဘုရား။

*(၃) ပဥ္စဒွါရ၌ ဝီထိပေါင်း အဘယ်မျှနည်း။

အတိမဟန္တာရုံ-၁၊ မဟန္တာရုံ-၂၊ ပရိတ္တာရုံ-၆၊ အတိပရိတ္တာရုံ-၆၊ ဤသို့ ဒွါရ ၅-ပါးတို့ ၁၅-ဝီထိသည်ဖြစ်၍ ၇၅-ဝီထိပါဘုရား။

*(၄) "ဥပ္ပဇ္ဇိတေ ကထေယျ ဘံ။ ဋ္ဌိတော ဥ ဘံ ကထေ ဋ္ဌိ"ဟု ပညာရှိတို့ ဆိုကြသည်။ အဘယ်သို့ မှတ်ရမည်နည်း။

စိတ်၏ ဥပ္ပါဒက္ခဏ၌ ဖြစ်သောရုပ်သည် ၁၇-ချက်သောစိတ်၏ ဘင်၌ ချုပ်၏။ ဋ္ဌိတိက္ခဏ၌ ဖြစ်သော ရုပ်သည် ဥပ္ပါဒက္ခဏ၌ ချုပ်၏။ ဘင်္ဂက္ခဏ၌ ဖြစ်သော ရုပ်သည် ဋ္ဌိတိက္ခဏ၌ ချုပ်၏-ဆိုပါသည်။

*(၅) ခဏတ္တယ-ဟူသည် အဘယ်နည်း။

ဥပါဒ်, ဋ္ဌီ, ဘင်၊ ၃-ပါးပါဘုရား။

*(၆) စိတ္တယမိုက်(၃၀၆၊၃၁၂)၌ "ဥပ္ပန္နံ ဥပ္ပဇ္ဇမာနံ"ဟူသောပုစ္ဆာ၏ ဝိသဇ္ဇနာ၌ "ဘင်္ဂက္ခဏေ ဥပ္ပန္နံ နော စ ဥပ္ပဇ္ဇမာနံ။ ဥပ္ပါဒက္ခဏေ ဥပ္ပဇ္ဇမာနံ နော စ ဥပ္ပန္နံ"ဟု ဟောတော်မူသောကြောင့် စိတ္တက္ခဏသည် 'ဋ္ဌီ'မရှိ၊ 'ဥပါဒ်'နှင့် 'ဘင်'သာ မဟုတ်ပါလော။

"ဥပ္ပါဒေါ ပညာယတိ၊ ဝယော ပညာယတိ၊ ဋ္ဌိတဿ အညထတ္တံ ပညာယတိ" ဟု သုတ္တန်ပါဠိ(အံ၊၁။၁၅၀) ရှိသောကြောင့် ဥပါဒ်, ဘင်တို့၏ အကြားကို ဋ္ဌီ-ဟု ဆိုပါသည် ဘုရား။

*(၇) ဝီထိဖြစ်စဉ်ကား အဘယ်နည်း။

အတီတဘဝင်နှင့် ဘဝင်္ဂစလန၊ ဘဝင်္ဂုပစ္ဆေဒ၊ ပဉ္စဒွါရာဝဇ္ဇန်း၊ စက္ခုဝိညာဏ်၊ သမ္ပဋိစ္ဆိုင်း၊ သန္တီရဏ၊ ဝုဋ္ဌော၊ ဇော ၇-ကြိမ်၊ တဒါရုံ ၂-ကြိမ်၊ ဘဝင်-ဖြစ်ထိုက်သရွေ့။

*(၈) ဘဝင်္ဂစလန-ဟူသည် အဘယ်နည်း။

ဘဝင်လှုပ်သည် ဆိုပါသည်ဘုရား။

*(၉) ဘဝင်စိတ်သည် အဘယ်ကို မှီသနည်း။

ဟဒယဝတ္ထုကို မှီပါသည်ဘုရား။

*(၁၀) ရူပါရုံ-အစရှိသည်တို့ကြောင့် စက္ခုပသာဒ-စသည်တို့၏ လှုပ်ရှားခြင်းသည် သင့်တန်စေ၊ ဟဒယဝတ္ထု လှုပ်ရှားခြင်းသည် အဘယ်သို့ သင့်နိုင်ပါအံ့နည်း။

"ယဋ္ဌိတေ အညဝတ္ထုမှိ၊ အညနိဿိတကမ္ပနံ။
ဓောဗဒ္ဓေန ဟောတီ'တိ၊ ဝဒေယျ သက္ခရော'ပမာ"

ဋီကာကျော်(၁၄၂။သစ္စသင်္ခေပ၊၁၇၆-ဂါထာ)မိန့်ရကား ရူပါရုံနှင့် စက္ခုပသာဒ ထိခိုက်သဖြင့် ပသာဒရုပ်၏ မှီရာ မဟာဘုတ် လှုပ်၏။

မဟာဘုတ်လှုပ်ခဲ့သော် မဟာဘုတ်နှင့် စပ်သော ရုပ်အဆက်ဆက်တို့ လှုပ်ခြင်းကြောင့် ဟဒယဝတ္ထုရုပ် လှုပ်လေလျှင် ဟဒယဝတ္ထုကို မှီသော ဘဝင်လှုပ်ပါသည်ဘုရား။

စက္ခုပသာဒသည် မြင်ခြင်းကိစ္စကို တတ်နိုင်အံ့။ စက္ခုဝိညာဏ်စိတ် မဖြစ်သောသူအားလည်း မြင်ရာ၏။ ဓနုနာ ဝိဇ္ဈတိ-ဆိုသကဲ့သို့ လေးဖြင့် ပစ်သည် ဆိုသော ဥပမာဖြင့် စက္ခုဝိညာဏ်, စက္ခုပသာဒ၊ ၂-ပါး ပေါင်းမိမှ မြင်ပါသည်ဘုရား။

*(၁၁) မနောဒွါရဝီထိ၌ကား မဟန္တာရုံ-စသည်မရှိ၊ ဝိဘူတာရုံ, အဝိဘူတာရုံ ၂-ပါးသာ ရှိပါသည်ဘုရား။

အပ္ပနာဇော၌ကား ဝိဘူတ, အဝိဘူတ ရှိသေးသလော။

မရှိပါဘုရား။

*(၁၂) အဘယ်ကြောင့် ဝိဘူတ, အဝိဘူတ အပြားမရှိသနည်း။

"အာရမ္မဏဿ ဝိဘူတကာလေ ယေဝ အပ္ပနာသမ္ဘဝတော"-ဋီကာကျော်(၁၄၇) မိန့်ရကား ဝိဘူတာရုံသာ ရှိပါသည်ဘုရား။

*(၁၃) ဝီထိစိတ်ရပုံ အဘယ်နည်း။

ကာမဘုံ၌-၈၀၊ ရူပဘုံ၌-၆၄၊ အရူပဘုံ၌-၄၂။

ဝီထိပိုင်း ပြီး၏။

----- x -----

[၁၃၂]

c*(၁) "စိတ္တံ စေတသိကံ ရူပံ နိဗ္ဗာနံ"ဟု ဥဒ္ဒေသအစဉ်ရှိသည့်အတိုင်း ယခုအခါ ရူပပရိစ္ဆေဒကို ပြသင့်သည် မဟုတ်လော။ အဘယ်ကြောင့် ဝီထိမုတ္တသင်္ဂဟကို ပြသနည်း။

ဝီထိသင်္ဂဟဖြင့် ဝီထိအစဉ်ကို ပြပြီး၍ ပဋိသန္ဓေ၊ စုတိအစွမ်းဖြင့် ပြအပ်သောဌာ ဝီထိမုတ္တသင်္ဂဟကို မိန့်ရသော်။

*(၂) ဘုံ ၄-ပါးကို ဖြေ။ စကြဝဠာအနန္တ၌ ၃၁-ဘုံ ရှိမည်လော။
ကသိုဏ်းပရိကံဖြင့် ဖြဟ္မာ့ပြည်၌ ဖြစ်သောကြောင့် စကြဝဠာအနန္တ၌ပင် ၃၁-ဘုံ ရှိ၏-ဟု ယူရပါမည်ဘုရား။

*(၃) သုဒ္ဓါဝါသဘုံ ရှိမည်လော။
ပုဂ္ဂိုလ် မရှိသော်လည်း ဘုံ-ရှိ၏ ယူသင့်ပါသည်။ ကမ္ဘာတစ်သိန်းထက် လွန်၍ ဘုရားမဖြစ်လျှင် ဤစကြဝဠာ၌ပင် သုဒ္ဓါဝါသဘုံမှာ ပုဂ္ဂိုလ်မရှိ။ ဘုံသာ ရှိပါသည် ဘုရား။

*(၄) မြင်းမိုရ်တောင်အောက်နေသော အသုရာကို အဘယ်ဘုံသား ဆိုရမည်နည်း။
**"မေရုပါဒဝါသိနော အသုရာ တာဝတိံသေသု ဒေဝေသု သင်္ဂဟိတာ"** ဋီကာ မိန့်ရကား တာဝတိံသာ၌ သွင်း၍ ယူပါသည်ဘုရား။

*(၅) ကာလကဉ္စာအသုရာတို့လည်း တာဝတိံသာ၌ပင် ဝင်လေသလော။
**"ကာလကဥ္စာသုရာ နာမ ဂတာ ပေတေသု သမ္ပဒါ"** ဋီကာ မိန့်သောကြောင့် ကာလကဥ္စအသုရာတို့ကို ပြိတ္တာ၌ သွင်းရပါသည်ဘုရား။

*(၆) ဝိနိပါတိကာအသုရာတို့ကို အဘယ်၌ သွင်း၍ ယူရမည်နည်း။
**"မနုဿာ ဝိယ ဒွိဟေတုကာ'ဟေတုကတိဟေတုကဝသေန တိဿော ပဋိသန္ဓိ-ယော။ ယေ ပန တိဟေဟုကာ၊ တေသံ ဓမ္မာဘိသမယော"**ဟု အဋ္ဌကထာ ဆိုသောကြောင့် ဝိနိပါတိကအသုရာသည် လူတို့ကဲ့သို့ သုဂတိအဟိတ်, ဒွိဟိတ်, တိဟိတ် ပဋိသန္ဓေ ၃-ခုရသည်ဖြစ်၍ ပြိတ္တာ အသုရာ, တာဝတိံသာတို့၌ မဝင်၊ အသီးပင်ဖြစ်ပါသည်။ အကြင် ဝိနိပါတိကာတို့သည် တိဟိတ်ပဋိသန္ဓေ နေကုန်၏၊ ထိုဝိနိပါတိကာတို့သည် မဂ်,ဖိုလ်ကို ရထိုက်ပါသည်ဘုရား။ (ဒီ၊ဋ္ဌ၊၂။၁၀၀)

*(၇) ဝတ္ထုသာစကေ ပြနိုင်ပါမည်လော။
ဥတ္တရမာတာ, ပိယင်္ကရမာတာ, ကာလိမည်သော ဘီလူးမတို့ ဝတ္ထုဖြင့် သိရပါသည်ဘုရား။

*(၈) အသညသတ်ဘုံ၌ နာမ်မရှိ-ဟု ဆို၏။ ထိုနာမ်သည် အဘယ်အရပ်ဌာန၌ ရှိသည် ဆိုရမည်နည်း။

အရိုပ်သို့ဝင်လျှင် မိမိ၏အရိပ်ပျောက်သကဲ့သို့ စိတ္တဝိရာဂကမ္မဋ္ဌာန်း၏ အာနုဘော်ကြောင့် ကမ္ဘာ ၅၀၀-ပတ်လုံး စိတ်မရှိ၊ ချုပ်ပါသည်ဘုရား။

*(၉) အရူပဘုံ၌ ရုပ်မရှိသော် နာမက္ခန္ဓာဖြစ်သောစိတ်, စေတသိက်တို့သည် အဘယ်သို့ နေဟန် သဏ္ဌာန်ကို သိရမည်နည်း။

ရသင့်သောဝီထိစိတ်တို့သည် ကာမဘုံ၌ ပဥ္စဒွါရဝီထိ၊ မနောဒွါရဝီထိဖြစ်သကဲ့သို့ ကမ္ဘာရှည်သမျှဖြစ်ပါသည်ဘုရား။

ပဋိသန္ဓေ ၄-ပါး၊ ကံ ၄-ပါးကို ရေတွက်၍ ဖြေ။

ကိစ္စကံ ၄-ပါး၊ ပါကဒါနကံ ၄-ပါး၊ ပါကကာလကံ ၄-ပါး၊ ပါကဋ္ဌာနကံ ၄-ပါး။

*(၁၀) ဒိဋ္ဌဓမ္မဝေဒနီယကံ-အများ။ အာနန္တရိယကံ-အများ ရှိသည်တွင် ကံတစ်ခုအကျိုးပေးလျှင် ကြွင်းသမျှ အဟောသိကံဖြစ်သည် မဟုတ်လော။

ဖြစ်ပါသည်ဘုရား။

*(၁၁) အလျှင်းပင် အကျိုးမပေး မှတ်ရမည်လော။

ဥပတ္ထမ္ဘက အထောက်အပံ့ ဖြစ်ရပါသေး၏ဘုရား။

ကမ္မဒွါရအားဖြင့် ကာယကံ ၃-ပါး၊ ဝစီကံ ၄-ပါး၊ မနောကံ ၃-ပါးကို ဖြေ။

*(၁၂) ပါဏာတိပါတကံ အင်္ဂါ ၅-ပါး အဘယ်နည်း။

"ပါဏော၊ ပါဏသညိတာ၊ ဝဓကစိတ္တံ၊ ဥပက္ကမော၊ တေန မရဏံ"အဋ္ဌကထာ ဆိုသောကြောင့် သတ္တဝါဖြစ်စေ၊ သတ္တဝါ-ဟူသော အမှတ်ရှိစေ၊ သေစေလိုသော စိတ် ရှိစေ။ လုံ့လပြုစေ၊ ထိုလုံ့လဖြင့် သေစေ။ ပါဏာတိပါတကံ အင်္ဂါ ၅-ပါးပါဘုရား။

*(၁၃) အင်္ဂါ ၅-ပါးကိုပင် ပါဏာတိပါတကံ ဆိုရမည်လော။ ပါဏာတိပါတကံ အခြားရှိသေးသလော။

"ပါဏော ပါဏသညိတာ ဝဓကစိတ္တဉ္စ ပုဗ္ဗဘာဂသမ္ဘာရာ၊ ဥပက္ကမော ဝဓကစေတနာသမုဋ္ဌာပိတော၊ ပဉ္စသမ္ဘာရဝတီ ပါဏာတိပါတစေတနာတိ။ သာ ပဉ္စသမ္ဘာရ ဝိနိမုတ္တာတိ ဒဋ္ဌဗ္ဗာ"ဟု ဋီကာ မိန့်သောကြောင့် လုံ့လနှင့် တကွဖြစ်သော ဝဓကစေတနာကိုသာ ပါဏာတိပါတကံ ဆိုရပါသည်။ ထိုဝဓကစေတနာသည် အင်္ဂါ ၅-ပါးမှ အလွတ်ဖြစ်ပါသည်ဘုရား။ (အဘိ၊ဋ္ဌ၊၁၊၁၄၀။ အနုဋီ၊၁၊၈၈-၉)

*(၁၄) အဘယ်တရားကို နာနာက္ခဏိကကမ္မပစ္စည်း တပ်မည်နည်း။

စေတနာသည် ပဋိသန္ဓေနာမက္ခန္ဓာကဋတ္တာရုပ်ကို ဖြစ်စေတတ်သောကြောင့် ကမ္မပထ-ဝဓကစေတနာသည် နာနာက္ခဏိကကမ္မပစ္စည်း တပ်ပါသည်ဘုရား။

*(၁၅) ကမ္မပထကို နာနာက္ခဏိကကမ္မပစ္စည်း တပ်သည်ဆိုသော် အဘိဇ္ဈာ၌ ပရဘဏ္ဍာ, အတ္တနော ပရိနာမန-ဟူ၍ အင်္ဂါ ၂-ပါး၊ ထိုအင်္ဂါ ၂-ပါးနှင့်ပြည့်စုံသော လောဘ-စေတသိက်သည် အဘိဇ္ဈာဖြစ်၍ ထိုကမ္မပထလောဘစေတသိက်သည်ပင် နာနာက္ခဏိကကမ္မပစ္စည်းတပ်သလော။

ကမ္မပထလောဘစေတသိက်သည် နာနာက္ခဏိကကမ္မပစ္စည်း မတပ်နိုင်ပါ။ လောဘနှင့် သမ္ပယုတ်ဖြစ်သော စေတနာစေတသိက်သည် နာနာက္ခဏိကကမ္မ-ပစ္စည်း တပ်ပါသည်ဘုရား။ ပုညကြိယာ ၁၀-ပါးရေတွက်၍ ဖြေ။ တိန ဒါနေ၊ ပ, ဝေ သီလာ၊ သ, နာ, ဒိမှာ ဘာဝနာ။ ပုညကြိယာ ၃-ပါးဝင်ဟန်။

*(၁၆) ငရဲကြီး ၈-ထပ်၌ နတ်သက်နှင့် နှိုင်း၍ စာတုမဟာရာဇ်နတ်တို့ အရေအတွက်-၅၀၀၊ လူတို့အရေအတွက် အနှစ် ၉-သန်း၊ ထို ၉-သန်းသည် တစ်နေ့နှင့် တစ်ည၊ ထိုနေ့, ထိုလ, ထိုနှစ်ဖြင့် အနှစ် ၅၀၀-သည် သိဉ္ဇိုးငရဲ၌ တစ်နေ့နှင့်တစ်ညဆို သောစကား သင့်မည်လော။

တေသု စတုန္န ။လ။ နတ္ထိ-ဆိုသော အဋ္ဌကထာ(အဘိဓမ္မတ္ထသင်္ဂဟ၊၃၁)နှင့် မညီ သော စကားဖြစ်၍ ပယ်အပ်ပါသည်ဘုရား။

ဘုံပိုင်း ပြီး၏။

----- x -----

[၁၃၂]

စိတ္တံ စေတသိကံ ရူပံ နိဗ္ဗာနံ ဥဒ္ဒေသ-အစဉ်ရှိသည်အတိုင်း စိတ်, စေတသိက်တို့၏ အစွမ်းဖြင့် ပရမတ္ထတရား ၂-ပါးကို ပြပြီး၍ ရုပ်,နိဗ္ဗာန်ကို ပြလိုရကား ဧတ္တာဝတာ ။လ။ ပဝုစ္စတိ။ မိန့်။ ဧတ္တာဝတာ- ပဝုစ္စတိ။ နည်း။ ရုပ်မှ ထွက်ဟန်ကား ဆရာ ရှေးဦးအစ ဥဒ္ဒေသအစဉ်၌ ရုပ်-ဟု ဆို၏။

•*(၁) ရူပပရိစ္ဆေဒကား အဘယ်နည်း။ ဌာ။

ဧတ္တာဝတာ ။လ။ ပဝုစ္စတိ။ မိန့်သော်-

ဥဒ္ဒေသ, နိဒ္ဒေသ, ပဋိနိဒ္ဒေသ, ပဝတ္တိ, ပဋိသန္ဓေ, ပရိစ္ဆေဒ ၅-ပါး။

စိတ်, စေတသိက်, ပကိဏ်း, ဝီထိ, ဝီထိမုတ် အစဉ်အတိုင်းယူ။

ဘူ-၄၊ ပ-၅၊ ဂ-၄၊ ဘ-၂၊ အာ-၁၊ ဟ-၁၊ ဇီ-၁၊ ၁၈
ပ-၁၊ ဝိ-၂၊ ဝိ-၃၊ လ-၄၊ ၁၀

ပေါင်း ရုပ်- ၂၈

*(၂) ပထဝီဓာတ် အဘယ်မျှလောက်ရှိသနည်း။ ယခုအခါ နတ်တို့နေရာ ကျွဲးမြောင်း လှ၍ သားမြီးမျှင် တစ်ဖျားမျှအရပ်တွင် နတ် ၈-ကျိပ်နေကြသည်မှာ ပခုံး, လက်မောင်း, နားရွက်, လက်ကြပ်, အဝတ်တန်ဆာမျှ မခိုက်မထိ နေသာဘိခြင်း ဆိုသော စကားကို ထောက်လျှင် ကြည့်၍ ဖြစ်ကောင်းသောဝတ္ထု မဟုတ်ပါဘုရား။

*(၃) မြင်းမိုရ်, စကြဝဠာစသည်ကို မဟာဘူတပထဝီ-ဟု ဆိုကြသည်မှာ ပထဝီ-တစ်ခု သာ ဖြစ်လေသလော။

ပထဝီဓာတ် ကဲလွန်သောကြောင့်သာ။ ဓာတ် ၄-ပါးအစုံပင် ဖြစ်ပါသည်ဘုရား။

*(၄) ဘာဝရုပ်ကို အဘယ်သို့ သိအပ်သနည်း။

ဣတ္ထိလိင်္ဂ, ဣတ္ထိနိမိတ္တ, ဣတ္ထိကုတ္တ, ဣတ္ထိအာကပ္ပဖြင့် သိရပါသည်ဘုရား။

*(၅) ဣတ္ထိလိင်္ဂ-ဟူသည် အဘယ်နည်း။

'လိင်္ဂံဟတ္ထာဒိသဏ္ဌာနံ'-ဋီကာကျော်(၁၉၇) မိန့်သောကြောင့် လက်, ခြေ-စသော သဏ္ဌာန်ကို ဣတ္ထိလိင် ဆိုပါသည်ဘုရား။

*(၆) ဣတ္ထိနိမိတ္တ-ဟူသည် အဘယ်နည်း။

'နိမိတ္တံ မိဟိတာဒိကံ' ဋီကာကျော်(၁၉၇) မိန့်သောကြောင့် ပြုံးရယ်ခြင်း-အစရှိ သည်ကို ဣတ္ထိ-နိမိတ္တ ဆိုပါသည်ဘုရား။

*(၇) ဣတ္ထိကုတ္တ အဘယ်နည်း။

'ကုတ္တံ သုပ္ပါဒိနာ ကီဠာ'-ဋီကာကျော်(၁၉၇) မိန့်သည်နှင့်အညီ ဇန်းငယ်-စသည်ဖြင့် ကစားခြင်းကို ဣတ္ထိကုတ္တ ဆိုပါသည် ဘုရား။

*(၈) ဣတ္ထိအာကပ္ပ အဘယ်နည်း။

'အာကပ္ပေါ ဂမနာဒိကံ'-ဋီကာကျော်(၁၉၇) မိန့်သည်နှင့်အညီ သွားခြင်း-အစရှိ သည်ကို ဣတ္ထိ-အာကပ္ပ ဆိုပါသည်ဘုရား။

*(၉) သူငယ်တို့မှာ အဘယ်သို့ အာဟာရ သုံးဆောင်သနည်း။

သူငယ်တို့ ချက်သည် ကြာရိုးကဲ့သို့ အမိသုံးဆောင်သော အာဟာရသည် တစပ် တည်းဖြစ်၍ ဟည်ပါသည် ဘုရား။

*(၁၀) ဧကူနဝီသတိ ကုတ္တိ၊ နွာနတ္တာယ နဒိ ဂတာ။

"တာသွေ'ကံ ကုမ္ဘိလော ဂဏှိ၊ ဝီသတိ ယရ'မာဂတာ"-ဟူသည်နှင့် အညီ ၁-ကျိပ် ၉-ယောက်သောမိန်းမတို့သည် ရေချိုးသွားရာ ၁-ယောက်ကို မိကျောင်းဖမ်းယူလေလျှင် အိမ်သို့ ၂-ကျိပ်ပြန်ခဲ့သည် ဆိုသောစကား အလွန်ဆန်းကြယ်၏။ အဘယ်သို့ မှတ်ရမည်နည်း။

ပဋိသန္ဓေအခါ ကမ္မဇရုပ် ၁၉-ပါးတို့သည် ဖြစ်၍ ဇာတိရုပ် ချုပ်ခဲ့လေသော် ဥပစယ, သန္တတိ ၂-ပါး အမည်ရသောကြောင့် ၂၀-ဖြစ်၍ ၂-ကျိပ်ပြန်လာသကဲ့သို့ ဆိုပါသည်ဘုရား။ ဤကား ပရမတ္ထကို ရည်၍ မေးရာ၌သာ ဤသို့ ဖြေသင့်ပါသည်။ ပဟေဠိဂါထာ၏ အရဖြစ်လျှင် မသင့်ပါဘုရား။

*(၁၁) နိဗ္ဗာန်သည် နာမ်လော, ရုပ်လော။

"အရူပက္ခိ နာမက္ခိ စ ပဝုစ္စတိ"ဆိုသောကြောင့် နိဗ္ဗာန်ကို နာမ်-ဟု ဆိုရပါမည်ဘုရား။

*(၁၂) နိဗ္ဗာန်ဟု ထင်ရှားရှိမည်လော။

အသင်္ခတဓာတ်ဖြစ်၍ ဓမ္မာယတန, ဓမ္မဓာတ်ဖွဲ့ရသောကြောင့် ထင်ရှားရှိပါ၏ဘုရား။

*(၁၃) နိဗ္ဗာန်အပြားသည် အဘယ်နှစ်ပါးနည်း။

သဉပါဒိသေသနိဗ္ဗာန်, အနုပါဒိသေသနိဗ္ဗာန်-ဟူ၍ ကာရဏပရိယာယ်အားဖြင့် ၂-ပါး။

သုညတနိဗ္ဗာန်, အနိမိတ္တနိဗ္ဗာန်, အပဏိဟိတနိဗ္ဗာန်ဟူသော အာကာရအားဖြင့် ၃-ပါး ပြားပါသည်ဘုရား။

- ဝိပါက်, ကမ္မဇရုပ် အကြွင်းရှိသည်ကား သဉပါဒိသေသနိဗ္ဗာန်။
- ဝိပါက်, ကမ္မဇရုပ် အကြွင်းမရှိသည်ကား အနုပါဒိသေသနိဗ္ဗာန်။
- ခပ်သိမ်းသော သင်္ခါရတို့မှ ဆိတ်သည်ကား သုညတနိဗ္ဗာန်။
- ခပ်သိမ်းသော သင်္ခါရနိမိတ် မရှိသည်ကား အနိမိတ္တနိဗ္ဗာန်။
- တဏှာ-ဟူသော တောင့်တခြင်း မရှိသည်ကား အပဏိဟိတနိဗ္ဗာန် ဆိုပါသည်ဘုရား။

ရုပ်ပိုင်း ပြီး၏။

----- x -----

ပြဆိုခဲ့ပြီးသော စိတ်, စေတသိက်, ရုပ်, နိဗ္ဗာန်-ဟူသော ပရမတ္ထတရားကို ပေါင်း၍ ပြအပ်သောငှာ ဒွါသတ္တတိ-အစရှိသော သမုစ္စယသင်္ဂဟကို မိန့်သော်-

ဆ*(၁) ဒွါသတ္တတိအရ ၇၂-ပါး အဘယ်နည်း။

- နာမ်တေပညာသ ၅၃-ပါး၊ နိပ္ဖန္နရုပ်-၁၈၊ နိဗ္ဗာန် ၁-အားဖြင့် ၇၂-ပါးပါ ဘုရား။
- အကုသလသင်္ဂဟ,မိဿကသင်္ဂဟ,ဗောဓိပက္ခိယသင်္ဂဟ,သဗ္ဗသင်္ဂဟ-ဟူ၍ ၄-ပါး။
- အကုသလသင်္ဂဟ၌ အာသဝ ၄-ပါးစသည်၊ မိဿကသင်္ဂဟ၌ ဟိတ် ၆-ပါးစသည်၊
- ဗောဓိပက္ခိယသင်္ဂဟ၌ သတိပဋ္ဌာန် ၄-ပါး-စသည်၊
- သဗ္ဗသင်္ဂဟ၌ ခန္ဓာ ၅-ပါး- စသည်ကို ပါဠိအတိုင်း နှလုံးသွင်း၍ ဖြေ။

**သမုစ္စည်းပိုင်း ပြီး၏။**

----- x -----

ပြဆိုအပ်ခဲ့ပြီးသော ရုပ်, နာမ်တရားတို့ကို ပဋိစ္စသမုပ္ပါဒနည်း, ပဋ္ဌာနနည်း ၂-ပါးတို့ဖြင့် ပြခြင်းငှာ 'ယေသံ သင်္ခတဓမ္မာနံ'-စသည်ကို မိန့်။

- ပဋိစ္စသမုပ္ပါဒ်တရားကို ပြသည်ကား ပဋိစ္စသမုပ္ပါဒ်နည်း၊
- ဟေတုပစ္စယော-စသည်ဖြင့် ပစ္စည်း, ပစ္စယုပ္ပန်(ပစ္စယသတ္တိ)တို့ကို ပြသည်ကား ပဋ္ဌာန်းနည်း။

ဂ*(၁) အင်္ဂါ ၁၂-ပါး အဘယ်နည်း။

အဝိဇ္ဇာ, သင်္ခါရ, ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ, ဇာတိ, ဇရာမရဏ ၁၂-ပါး။

*(၂) အဝိဇ္ဇာ, သင်္ခါရ အတိတ်အခွန့်၊

- ဇာတိ, ဇရာ, မရဏ အနာဂတ်အခွန့်၊
- ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ, တဏှာ, ဥပါဒါန်, ဘဝ၊ ပစ္စုပ္ပန်အခွန့်၊ *(အခွန့်)* ၃-ပါး။

*(၃) - အဝိဇ္ဇာ, သင်္ခါရ, တဏှာ, ဥပါဒါန်, ကမ္မဘဝ၊ အတိတ်အကြောင်း ၅-ပါး။

- ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ၊ ပစ္စုပ္ပန်အကျိုး ၅-ပါး။
- တဏှာ, ဥပါဒါန်, ကမ္မဘဝ, အဝိဇ္ဇာ, သင်္ခါရ၊ ပစ္စုပ္ပန်အကြောင်း ၅-ပါး။
- ဝိညာဏ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ၊ အနာဂတ်အကျိုး ၅-ပါး။ အခြင်းအရာ-၂၀။

*(၃) - ဘဝနှင့်ဝိညာဏ်(ဇာတိ) တစ်စပ်၊
- ဝေဒနာနှင့်တဏှာ တစ်စပ်။
- သင်္ခါရနှင့်ဝိညာဏ် တစ်စပ်၊ **အစပ် ၃-ပါး။**

*(၄) - အတိတ်အကြောင်း ၅-ပါး တစ်လွှာ၊
- ပစ္စုပ္ပန်အကျိုး ၅-ပါး တစ်လွှာ၊
- ပစ္စုပ္ပန်အကြောင်း ၅-ပါး တစ်လွှာ၊
- အနာဂတ်အကျိုး ၅-ပါး တစ်လွှာ၊ **အလွှာ ၄-ခု။**

*(၅) - အဝိဇ္ဇာ, တဏှာ, ဥပါဒါန်၊ ကိလေသဝဋ်။
- ကမ္မဘဝ, သင်္ခါရ၊ ကမ္မဝဋ်။

*(၆) - ဥပပတ္တိ ဘဝ, ဝိညာဉ်, နာမ်ရုပ်, သဠာယတန, ဖဿ, ဝေဒနာ၊ ဇာတိ, ဇရာမရဏ၊ ဝိပါကဝဋ်- ဟု ဝဋ် ၃-ပါး။

*(၇) အဝိဇ္ဇာ, တဏှာ၊ မူလ-၂-ပါး။

*(၈) တဏှာနှင့်ဥပါဒါန် အဘယ်သို့ ထူးသနည်း။

"ဒုဗ္ဗလာတဏှာ တဏှာ နာမ၊ ဗလဝတီ တဏှာ ဥပါဒါန်"ဟု ဋီကာ မိန့်သောကြောင့် အားနည်းသော တဏှာကို တဏှာ၊ အားကြီးသော တဏှာကို ဥပါဒါန် ဆိုပါသည် ဘုရား။

သောက, ပရိဒေဝ, ဒုက္ခ, ဒေါမနဿ, ဥပါယာသ။

ပရိဒေဝမှာ သဒ္ဒရုပ်၊ ငိုခြင်း ၃-ပါး။

- ရုန္န ဝါ၊ မျက်ရည်ယိုထွက်၊ တစက်စက်နှင့်၊ ရှိုက်လျက်ပြင်းစွာ၊ ပူဆာနှောင့်နှေး၊ ငိုကြွေးခြင်းလည်းကောင်း။
- သောကာ ဝါ၊ အသည်းနှလုံး၊ ကြိမ်မီးအုံးသို့၊ ယူကျုံးမရ၊ တသသနှင့်၊ ကြောင့်ကြ မငြိမ်၊ စိုးရိမ်ပူဆွေး၊ ငိုကြွေးခြင်းလည်းကောင်း။
- ယာ စ ပရိဒေဝနာ၊ ဧကပုတ္တ၊ မနာပ-ဟု၊ ပိယထိုထို၊ ကျေးဇူးဆိုလျက်၊ ရှိုက်ငို ရောင်ရမ်း၊ မြည်တမ်းခြင်းလည်းကောင်း။

ရုန္နပရိဒေဝ, သောကပရိဒေဝ, ပရိဒေဝန-ဟူ၍ ငိုခြင်း ၃-ပါးပါ ဘုရား။

ဒုက္ခမှာ ကာယိကဒုက္ခ၊ သောကမှာ ဒေါသစေတသိက်၊ *(သောကမှာ ဒေါမနဿ-ဝေဒနာ)* ဒေါမနဿမှာ ဒေါမနဿ-ဝေဒနာဒေါသနှင့် ယှဉ်သည်။ ဥပါယာသမှာ ဒေါသစေတသိက်၊ သောက၏ ပူလောင်ခြင်းမှာ ပွက်ပွက်ဆူသော အိုးကဲ့သို့၊ ဒေါမနဿ၏ပူလောင်ခြင်းမှာ အပူပြင်းသော, ခြောက်ခန်းသော အိုးကဲ့သို့၊ ဥပါ-ယာသမှာ အိုးပါမီးဖြစ်သော အိုးကဲ့သို့ အထူးမှတ်။ (ဝိသုဒ္ဓိ၊၂။၁၃၄-၅-ကြည့်။)

**ပဋိစ္စသမုပ္ပါဒ်နည်း ပြီး၏။**

----- x -----

| | | |
|---|---|---|
| *(၈) | နာမ်ကို နာမ်ချင်း ကျေးဇူးပြုသည် | ၆-ပစ္စည်း၊ |
| | နာမ်သည် နာမ်ရုပ်တို့အား ကျေးဇူးပြုသည် | ၅-ပစ္စည်း၊ |
| | နာမ်သည် ရုပ်အား ကျေးဇူးပြုသည် | ၁-ပစ္စည်း၊ |
| | ရုပ်သည် နာမ်အား ကျေးဇူးပြုသည် | ၁-ပစ္စည်း၊ |
| | ပညတ်, နာမ်, ရုပ်တို့သည် နာမ်အား ကျေးဇူးပြုသည် | ၂-ပစ္စည်း၊ |
| | နာမ်, ရုပ် ၂-ပါးသည် နာမ်, ရုပ် ၂-ပါးတို့အား ကျေးဇူးပြုသည် | ၉-ပစ္စည်း၊ |
| | ပေါင်း | ၂၄-ပစ္စည်း။ |

ခန္ဓပညတ်, အာယတနပညတ်၊ ဓာတုပညတ်၊ သစ္စပညတ်၊ ဣန္ဒြိယပညတ်၊ ပုဂ္ဂလပညတ်၊ ပါဠိတော်နည်း ၆-ပါး။

ဝိဇ္ဇမာနပညတ်၊ အဝိဇ္ဇမာနပညတ်၊ ဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်၊ အဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်၊ ဝိဇ္ဇမာနေန ဝိဇ္ဇမာနပညတ်၊ အဝိဇ္ဇမာနေန အဝိဇ္ဇမာနပညတ်။ အဋ္ဌကထာနည်း ၆-ပါး။

ဤမှတပါး များစွာ ရှိပါသေး၏ ဖြေ။

- ဝိဇ္ဇမာနပညတ်မှာ ရုပ်, ဝေဒနာ-စသည်၊
- အဝိဇ္ဇမာနပညတ်မှာ ဘူမိ, ပဗ္ဗတ-စသည်၊

နောက် ၄-ပါးမှာ ဆဠဘိညော၊ ဣတ္ထိသဒ္ဒေါ၊ စက္ခုဝိညာဏံ၊ ရာဇပုတ္တော-အစဉ်အတိုင်း ဖြေ။

အာရမ္မဏူပနိဿယကမ္မ’တ္ထိပစ္စယေသု သဗ္ဗေပိ ပစ္စယာ သမောဓာနံ ဂစ္ဆန္တိ။ ဆိုသောကြောင့် ၂၄-ပစ္စည်းတို့သည် အာရမ္မဏ, ဥပနိဿယ, ကမ္မ, အတ္ထိ၊ ဤ ၄-ပစ္စည်းတွင် ဝင်ပါသည်ဘုရား။

ပစ္စည်းပိုင်း ပြီး၏။

----- x -----

[၁၃၂]

ဗ*(၁) သမထဘာဝနာ၊ ဝိပဿနာဘာဝနာ ၂-ပါးတို့ကို ပြလို၍ သမထဝိပဿနာနံ စသည်ကို မိန့်။

| | |
|---|---|
| ကသိုဏ်း | ၁၀-ပါး |
| အသုဘ | ၁၀-ပါး |
| အနုဿတိ | ၁၀-ပါး |
| အပ္ပမညာ | ၄-ပါး |
| သညာ, ဝဝတ္ထာန် | ၂-ပါး |
| အာရုပ္ပ | ၄-ပါး |
| သမထကမ္မဋ္ဌာန်း | ၄၀-ပါး |

ဗုဒ္ဓါနုဿတိ-စသော အနုဿတိ ၈-ပါးမှာ အနု-သဒ္ဒါနှင့် ဟောတော်မူ၏။

*(၂) ကာယဂတာသတိ, အာနာပါနဿတိ၊ ၂-ပါးမှာ အနုသဒ္ဒါ မပါခဲ့။ အဘယ်သို့ ထူးသနည်း။

ဗုဒ္ဓါနုဿတိအရမှာ ဘဂဝါ အရဟံ-အစရှိသည်ဖြင့် များစွာ မရေတွက်နိုင်သော ဂုဏ်တော်တို့ကို အောက်မေ့ရာ ဘုရားဒြပ်၌သာ အကြိမ်ကြိမ်ကျသောကြောင့် အနုသဒ္ဒါနှင့် ဟောတော်မူပါသည်။ ဓမ္မာနုဿတိ-အစရှိသော အနုဿတိ ၇-ပါး၌လည်း နည်းတူ။

ကာယဂတာသတိ၌ ကေသာဆိုလျှင် ဆံပင်ကို အာရုံပြုရသည်။ လောမာဆိုလျှင် မွေးညင်းကို အာရုံပြုရသည်။ ဤ ၃၂-ကောဋ္ဌာသတို့၌ပင် အာရုံအသီးသီး ကွဲပြား၍ တစ်ခုတည်းသော ဒြပ်၌ အာရုံထပ်၍ မကျသောကြောင့် အနုသဒ္ဒါနှင့် ဟောတော် မမူပါဘုရား။

*(၃) ကာယဂတာသတိ, အာနာပါနဿတိတို့မှာ အနု-သဒ္ဒါမပါဘဲ အဘယ်ကြောင့် အနုဿတိ ၁၀-ပါး-ဟု ဆိုအပ်သနည်း။

ဗြာဟ္မဏဂါမော-တို့ကဲ့သို့ ယေဘုယျနည်း ဖြစ်ပါသည်ဘုရား။

*(၄) သမထကမ္မဋ္ဌာန်း ၄၀-လုံးပင် မဂ်ဖိုလ်သို့ ရောက်နိုင်လေသလော။

"အဋ္ဌတိံသာယ ကမ္မဋ္ဌာနေသု စရိတာနုကူလံ ကမ္မဋ္ဌာနံ ဂဟေတွာ"ဟု အဋ္ဌကထာ ဆိုသောကြောင့် အာကာသကသိုဏ်း, အာလောကကသိုဏ်း ကြဉ်သော ၃၈-ပါးသော ကမ္မဋ္ဌာန်းသာ မဂ်သို့ ရောက်နိုင်ပါသည်ဘုရား။

*(၅) သမထကမ္မဋ္ဌာန်း, ဝိပဿနာကမ္မဋ္ဌာန်းတို့ကို ဆိုပေအံ့-ဟု ဝန်ခံသည့်အတိုင်း သမထကမ္မဋ္ဌာန်း၏အခြားမဲ့၌ ဝိပဿနာကမ္မဋ္ဌာန်းကို ပြကောင်းသည် မဟုတ်ပါလော။ အဘယ်ကြောင့် သီလဝိသုဒ္ဓိစသော ဝိသုဒ္ဓိ ၇-ပါးတို့ကို ပြဘိသနည်း။

ဝိပဿနာကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်လိုသော ပုဂ္ဂိုလ်တို့မှာ–

- ရှေးဦးစွာ သီလကို ပြည့်စုံစေရမည်။
- သီလနှင့် ပြည့်စုံမှ နှလုံးရွှင်လန်းခြင်း အဝိပ္ပဋိသာရ ဖြစ်ပါသည်။
- အဝိပ္ပဋိသာရဖြစ်မှ ဝမ်းမြောက်ခြင်း ပါမောဇ္ဇ ဖြစ်ပါသည်။
- ပါမောဇ္ဇဖြစ်မှ နှစ်သက်ခြင်း ပီတိ ဖြစ်ပါသည်။
- ပီတိဖြစ်မှ ကိုယ်,စိတ် ၂-ပါး ချမ်းသာခြင်း သုခ ဖြစ်၏။
- သုခဖြစ်သောသူအား တည်ကြည်ခြင်း သမာဓိ ဖြစ်၏။
- သမာဓိဖြစ်မူ ယထာဘူတဉာဏ် ဖြစ်ပါသည်။ ထို့ကြောင့် သီလဝိသုဒ္ဓိကို ရှေးဦးစွာ ပြရပါသည်ဘုရား။

*(၆) ယထာဘူတဉာဏ်-ဟူသည် အဘယ်နည်း။

"ယထာဘူတဉာဏန္တိ တရုဏဝိပဿနာ ဥဒယဗ္ဗယဉာဏသော'တံ နာမံ"ကျမ်းဆရာတို့ မိန့်ရကား ယထာဘူတဉာဏ်-ဟူသည် ဥဒယဗ္ဗယဉာဏ်ကို ဆိုပါသည်ဘုရား။

*(၇) ကာမဘုံမှ အနာဂါမ်သေလျှင် သုဒ္ဓါဝါသဘုံ၌ ဖြစ်သင့်မည်လော။

"အနာဂါမိနော ပန သုဒ္ဓါဝါသေသု ဥပ္ပဇ္ဇန္တိ"-ဟု အဋ္ဌကထာ ဆိုသောကြောင့် ဖြစ်သင့်ပါသည်ဘုရား။

*(၈) အချို့သူက "ဣတ္ထိယောပိ ပန အရိယာ ဝါ အနရိယာ ဝါ အဋ္ဌသမာပတ္တိလာဘိနိယော ဗြဟ္မပါရိသဇ္ဇေသုယေဝ ဥပ္ပဇ္ဇန္တိ"ဟူသော အဋ္ဌကထာ, ပါဠိ (အဘိ၊ဋ္ဌ၊၂။ ၄၁၉)ကို ထောက်၍ မိန်းမစျာနလာဘီ-မှန်လျှင် ပုထုဇ္ဇန်ဖြစ်စေ, အရိယာဖြစ်စေ ဗြဟ္မပါရိသဇ္ဇာဘုံ၌သာ ဖြစ်ရမည် မဟုတ်လော။

ဗြဟ္မပါရိသဇ္ဇေသု-၌ ပါရိသဇ္ဇာ-သဒ္ဒါ ဗြဟ္မပါရိသဇ္ဇာဘုံကိုလည်း ဟော၏။ အလုပ်အကျွေး ဗြဟ္မာကိုလည်း ဟော၏။

ထို့ကြောင့် အနာဂါမ်မှန်လျှင် မိန်းမဖြစ်စေ, ယောက်ျားဖြစ်စေ သုဒ္ဓါဝါသဘုံ၌သာ ဖြစ်သင့်ပါသည်ဘုရား။

*(၉) သာဓကထုတ်၍ ဆိုနိုင်အံ့လော။

သက္ကော သက္ကတ္တဘာဝတော စုတော တသ္မိံ အတ္တဘာဝေ အနာဂါမီ ဟုတ္ဝာ အဝိဟေ ဥပ္ပဇ္ဇိဿတိ။ တထာပိ ဝိသာခါ ဥပါသိကာ အနာထပိဏ္ဍိကော ဂဟပတီတိ ဧကေတိ̆သကပ္ပသဟဿမေဝ သံသရိတွာ ပရိနိဗ္ဗာယိဿန္တိ။ (ဒီ၊ဋ္ဌ၊၂။၃၃၂)

ဟု ဒီဃနိကာယ၊ မဟာဝဂ္ဂသက္ကပဉှသုတ်၊ အဋ္ဌကထာ လာသောကြောင့် အနာဂါမ်ပုဂ္ဂိုလ်မှန်လျှင် သုဒ္ဓါဝါသဘုံ၌ ဧကန်ဖြစ်သည် ယူရပါမည်ဘုရား။

*(၁၀) သမာပတ် ၃-ပါး အဘယ်နည်း။

စျာန်သမာပတ်, ဖလသမာပတ်, နိရောဓသမာပတ် ၃-ပါးပါဘုရား။

*(၁၁) နိရောဓသမာပတ်ဝင်စားဟန် အဘယ်နည်း။

နိရောဓသမာပတ်ကို ပဉ္စမစျာန်က စ၍ အစဉ်အတိုင်း နေဝသညာ နာသညာယတန စျာန်တိုင်အောင် ဝင်စားပြီးမှ နိရောဓသမာပတ်ကို ဝင်စားရပါသည်။ ထိုသို့ ဝင်စားသော ပုဂ္ဂိုလ်အား ဒုတိယစျာန်၏အဆုံး၌ ဝိတက်, ဝိစာရ-ဟု ဆိုအပ်သော ဝစီသင်္ခါရ ချုပ်ပါသည်။ စတုတ္ထစျာန်၏အဆုံး၌ ထွက်သက်, ဝင်သက်-ဟု ဆိုအပ်သော ကာယသင်္ခါရ ချုပ်ပါသည်။ နေဝသညာနာသညာ ယတနစျာန်ကို ဝင်စားပြီး၍ ၂-ကြိမ်သော ဇောတို့၏ အခြားမဲ့၌ စိတ်၏ အစဉ်ပြတ်၍ စိတ္တသင်္ခါရ ချုပ်၏။

နိရောဓသမာပတ်မှ ထသောအခါ ရှေးဦးစွာ စိတ္တသင်္ခါရ ဖြစ်၏။ ထို့နောင် အဿာသ, ပဿာသ-ဟု ဆိုအပ်သော ကာယသင်္ခါရ ဖြစ်၏။ ထို့နောက် ဝိတက်, ဝိစာရ-ဟု ဆိုအပ်သော ဝစီသင်္ခါရ ဖြစ်ပါသည်ဘုရား။

*(၁၂) သေသောသူနှင့် *(နိရောဓသမာပတ်ဝင်စားသောသူ)*အဘယ်သို့ ထူးကြသနည်း။

သေသောသူမှာ သင်္ခါရ ၃-ပါးလည်း မရှိ။ အသက်လည်း ကုန်၏။ ကမ္မဇတေဇောလည်း ငြိမ်း၏။ ဣန္ဒြေတို့လည်း ပျက်စီးခဲ့၏။ နိရောဓသမာပတ်ဝင်စားသော ပုဂ္ဂိုလ်မှာ သင်္ခါရ ၃-ပါး ချုပ်၏။ အသက်လည်း ကုန်၏။ ကမ္မဇတေဇောကား မငြိမ်း။ ဣန္ဒြေတို့သည် အထူးသဖြင့် ကြည်လင်၏။ ဤသို့ ထူးပါသည်ဘုရား။

ကမ္မဋ္ဌာန်းပိုင်း ပြီး၏။
သင်္ဂြိုဟ်ပဋ္ဌမလျှောက်ထုံး ပြီး၏။

ရတနာသိခ်မြို့ ပဋ္ဌမရှင်ဉာဏ-က "အဘိဓမ္မာ သင်္ဂြိုဟ်စာတွင် ခက်ရာခက်ဆစ်များကို အကျဉ်းဖြေဆို သိမှတ်ပါရအောင် အမိန့်ရှိတော် မူပါမည့်အကြောင်း"နှင့် လျှောက်သောကြောင့် အစဉ်မပျက် ခက်ရာခက်ဆစ်ကို ကျမ်းဂန်နှင့် ညှိနှိုင်းဆင်ခြင်၍ ၁၂၃၉-ခု၊ တပေါင်းလပြည့်ကျော်၊ ၄-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိ-ရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## ပဉ္စမသင်္ဂါယနာတင် မင်းတရားကြီးဘုရား သားတော် ပင်လယ်မင်းသား-က ၃၈-ပါးသော မင်္ဂလာတရားတော်ကို သရုပ်နှင့်တကွ သိမှတ်ရန် လျှောက်ထားချက်

[ ၁၃၃] "သားတော် ပင်လယ်မင်းသား လျှောက်ပါသည် ဆရာတော်ဘုရား။ 'အသေဝနာ စ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ'-၃၈-ဖြာ မင်္ဂလာတရားကို ဟောကြားတော်မူရာ ၁၀-ခုသော ဂါထာတို့ဖြင့် ပြအပ်သော မင်္ဂလာတရား ၃၈-ပါးတို့၏ သရုပ်သချာကို မည်သည့်ဂါထာတွင် မင်္ဂလာတရား ပါးရေမည်မျှ ရသင့်သော အရာကို နေရာကျ မသိနိုင်ကြရှိသည်ဖြစ်ပါ၍ နေရာကျ သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။"

၎င်းပင်လယ်မင်းသား လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ-

[၁၃၃] "အသေဝနာ စ"စသော ၁၀-ဂါထာတို့ဖြင့် ပြအပ်သော မင်္ဂလာတရား ၃၈-ပါးတို့၏ သရုပ်သချာကို မေးလျှောက်သည်မှာ "အသေဝနာ စ ဗာလာနံ"ဟူသော ပဌမဂါထာ၌-

- သူမိုက်တို့ကို မမှီဝဲခြင်း **အသေဝနာ စ မင်္ဂလာ ၁-ပါး၊**

- ပညာရှိတို့ကို မှီဝဲခြင်း **ပဏ္ဍိတာနဉ္စ သေဝနာ မင်္ဂလာ ၁-ပါး၊**

- ပူဇော်ထိုက်သောသူတို့ကို ပူဇော်ခြင်း **ပူဇာ စ ပူဇနေယျာနံ မင်္ဂလာ ၁-ပါး၊**

ဤသို့ မင်္ဂလာတရား ၃-ပါး ဖြစ်၏။ ထို့ကြောင့် ခုဒ္ဒကနိကာယ်အဝင်ဖြစ်သော ပရမတ္ထဇောတိကာမည်သော ခုဒ္ဒကပါဠ်၊ မင်္ဂလသုတ်အဋ္ဌကထာ။ သုတ္တနိပါတ်၊ မင်္ဂလသုတ်အဋ္ဌကထာတို့၌–

**ဧဝံ ဣမိဿာ ဂါထာယ ဗာလာနံ အသေဝနာ, ပဏ္ဍိတာနံ သေဝနာ, ပူဇနေယျာနဉ္စ ပူဇာတိ တီဏိ မင်္ဂလာနိ ဝုတ္တာနိ။**

ဟူသော ပါဠ်(ခုဒ္ဒကာ၊ဋ္ဌ။၁၁၀)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဧဝံ၊ ဤသို့ ပြဆိုခဲ့ပြီးသောနည်းဖြင့်။ ဣမိဿာ ဂါထာယ၊ "အသေဝနာ စ ဗာလာနံ" ဟူသော ဤပဌမဂါထာဖြင့်။ [၁]ဗာလာနံ၊ သူမိုက်တို့ကို။ အသေဝနာ စ၊ မမှီဝဲခြင်းလည်း ကောင်း။ [၂]ပဏ္ဍိတာနံ၊ ပညာရှိတို့ကို။ သေဝနာ စ၊ မှီဝဲခြင်းလည်းကောင်း။ [၃]ပူဇနေယျာနံ၊ ပူဇော်ထိုက်သောသူတို့ကို။ ပူဇာ စ၊ ပူဇော်ရခြင်းလည်းကောင်း။ ဣတိ၊ သို့။ တီဏိ မင်္ဂလာနိ၊ ၃-ပါးကုန်သော မင်္ဂလာတို့ကို။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်၏။

"ပဋိရူပဒေသဝါသော စ"ဟူသော ဒုတိယဂါထာ၌–

- "ဒသဿနာနုတ္တရိယ"အစရှိသော အနုတ္တရိယ ၆-ပါး တရားတို့ကို ရရာအရပ်၌ နေခြင်း **ပဋိရူပဒေသဝါသမင်္ဂလာ ၁-ပါး၊**

- လွန်လေပြီးသော သံသရာဘဝတို့၌ ဘုရား, ပစ္စေကဗုဒ္ဓါ သာဝကတို့ထံ ဖြည့်ဆည်းဖူးခဲ့သော ကုသိုလ်-ဟူသော ပုဗ္ဗေကတပုညတာမင်္ဂလာ ၁-ပါး၊

- မိမိစိတ်ကို ကောင်းစွာ ဆောက်တည်ခြင်း, တစ်နည်း စတုပါရိသုဒ္ဓိသီလကို ဖြည့်ခြင်း **အတ္တသမ္မာပဏိဓိမင်္ဂလာ ၁-ပါး၊**

ဤသို့ မင်္ဂလာတရား ၃-ပါး ဖြစ်၏။ ထို့ကြောင့် ပရမတ္ထဇောတိကာမည်သော ခုဒ္ဒကပါဠ်၊ မင်္ဂလသုတ်အဋ္ဌကထာ။ သုတ္တနိပါတ်၊ မင်္ဂလသုတ်အဋ္ဌကထာတို့၌–

ဧဝံ ဣမိဿာပိ ဂါထာယ "ပဋိရူပဒေသဝါသော စ, ပုဗ္ဗေ စ ကတပုညတာ, အတ္တသမ္မာပဏိဓိ စာ"တိ တီဏိယေဝ မင်္ဂလာနိ ဝုတ္တာနိ။

ဟူသော ပါဠ်(ခုဒ္ဒကာ၊ဋ္ဌ။၁၁၂)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဧဝံ၊ ဤသို့ ပြဆိုခဲ့ပြီးသောနည်းဖြင့်။ ဣမိဿာ ဂါထာယ၊ ဤ"ပဋိရူပဒေသဝါသော စ"ဟူသော ဒုတိယဂါထာဖြင့်။ [၁]ပဋိရူပဒေသဝါသော စ၊ ဒဿနာနုတ္တရိယ-စသော အနုတ္တ-ရိယတရား ၆-ပါးတို့ကို ရရာအရပ်၌ နေခြင်းလည်းကောင်း။ [၂]ပုဗ္ဗေကတပုညတာ စ၊ လွန်လေပြီးသော သံသရာဘဝက ဆည်းပူးခဲ့သော ကုသိုလ်ရှိခြင်းလည်းကောင်း။ [၃]အတ္တ-သမ္မာပဏိဓိ စ၊ မိမိစိတ်ကို ဆောက်တည်ခြင်းလည်းကောင်း။ ဝါ၊ စတုပါရိသုဒ္ဓိသီလကို ဖြည့်ခြင်းလည်းကောင်း။ ဣတိ၊ သို့။ တီဏိ ပဂ်လာနိ၊ ၃-ပါးကုန်သော မင်္ဂလာတို့ကို။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်၏။

"ဗာဟုသစ္စဉ္စ"ဟူသော တတိယဂါထာ၌-

- များသော အကြားအမြင်ရှိခြင်း ဗာဟုသစ္စ မင်္ဂလာ ၁-ပါး၊
- အပြစ်မရှိသော အတတ်ကို တတ်ခြင်း သိပ္ပဉ္စ မင်္ဂလာ ၁-ပါး၊
- ဂိဟိဝိနယ, ပဗ္ဗဇိတဝိနယတို့ကို သင်ခြင်း ဝိနယသုသိက္ခိတ မင်္ဂလာ ၁-ပါး၊
- အင်္ဂါ ၄-ပါးနှင့် ပြည့်စုံသော စကားကိုဆိုခြင်း သုဘာသိတ မင်္ဂလာ ၁-ပါး၊

ဤသို့ မင်္ဂလာတရား ၄-ပါးဖြစ်၏။

ထို့ကြောင့် ပရမတ္ထဇောတိကာမည်သော ခုဒ္ဒကပါဌ၊ မင်္ဂလသုတ်အဋ္ဌကထာ။ သုတ္တနိပါတ်၊ မင်္ဂလသုတ်အဋ္ဌကထာတို့၌-

> ဧဝံ ဣမိဿာ ဂါထာယ "ဗာဟုသစ္စံ, သိပ္ပံ, ဝိနယော သုသိက္ခိတော, သုဘာ-သိတာ ဝါစာ"တိ စတ္တာရိ မင်္ဂလာနိ ဝုတ္တာနိ။

ဟူသော ပါဌ်(ခုဒ္ဒက၊ဋ္ဌ။၁၁၄)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဧဝံ၊ ဤသို့ ပြဆိုခဲ့ပြီးသောနည်းဖြင့်။ ဣမိဿာ ဂါထာယ၊ "ဗာဟုသစ္စဉ္စ"ဟူသော ဤတတိယဂါထာဖြင့်။ [၁]ဗာဟုသစ္စံ၊ များသော အကြားအမြင်ရှိသော သူ၏အဖြစ်။ [၂]သိပ္ပံ၊ ဂိဟိသိပ္ပ, ပဗ္ဗဇိတသိပ္ပ ၂-ပါးတို့ကို သင်ခြင်း။ [၃]ဝိနယော သုသိက္ခိတော၊ ဂိဟိဝိနယ, ပဗ္ဗဇိတဝိနယ ၂-ပါးတို့ကို သင်ခြင်း။ [၄]သုဘာသိတာ ဝါစာ၊ ကောင်းစွာ ဆိုအပ်သောစကား။ ဣတိ၊ ဤသို့။ စတ္တာရိ မင်္ဂလာနိ၊ ၄-ပါးကုန်သော မင်္ဂလာတို့ကို။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်၏။

"မာတာပိတုဥပဋ္ဌာနံ"ဟူသော စတုတ္ထဂါထာ၌-

- အမိကို လုပ်ကျွေးခြင်း မာတုဥပဋ္ဌာန မင်္ဂလာ ၁-ပါး၊
- အဘကို လုပ်ကျွေးခြင်း ပိတုဥပဋ္ဌာန မင်္ဂလာ ၁-ပါး၊
- သား, မယားတို့ကို လုပ်ကျွေးခြင်း ပုတ္တဒါရဿသင်္ဂဟ မင်္ဂလာ ၁-ပါး။

- ကာလညုတာ, ပဋိရူပကာရိတာ, အနလသတာ, ဥဋ္ဌာနဝီရိယသမ္ပာဒနတာ-စသော အင်္ဂါတို့နှင့် ပြည့်စုံသဖြင့် သား, မယား, ကျေးကျွန်တို့ကို အမှု၌ ယှဉ်စေခြင်း **အနာကုလကမ္မန္တ မင်္ဂလာ ၁-ပါး၊**

ဤသို့ မင်္ဂလာတရား ၄-ပါးဖြစ်၏။ ထို့ကြောင့် ပရမတ္ထဇောတိကာမည်သော ခုဒ္ဒကပါဌ၊ မင်္ဂလသုတ်အဋ္ဌကထာ။ သုတ္တနိပါတ်၊ မင်္ဂလသုတ်အဋ္ဌကထာတို့၌-

**ဧဝံ ဣမိဿာ ဂါထာယ "မာတုဥပဋ္ဌာနံ, ပိတုဥပဋ္ဌာနံ, ပုတ္တဒါရဿ သင်္ဂဟော, အနာကုလာ စ ကမ္မန္တာ"တိ စတ္တာရိ မင်္ဂလာနိ ဝုတ္တာနိ။**

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (ခုဒ္ဒကါဋ္ဌ။၁၁၇)

ဧဝံ၊ ဤသို့ ပြဆိုခဲ့ပြီးသောနည်းဖြင့်။ ဣမိဿာ ဂါထာယ၊ "မာတာပိတုဥပဋ္ဌာနံ" ဟူသော ဤဂါထာဖြင့်။ [၁]မာတုဥပဋ္ဌာနံ၊ အမိကို လုပ်ကျွေးခြင်း။ [၂]ပိတုဥပဋ္ဌာနံ၊ အဘကို လုပ်ကျွေးခြင်း။ [၃]ပုတ္တဒါရဿသင်္ဂဟော၊ သား, မယားတို့ကို သင်္ဂြိုဟ်ခြင်း။ [၄]အနာကုလာ စ ကမ္မန္တာ၊ အနှောင့်အယှက်မရှိဘဲ ကျေးကျွန်,သား,မယားတို့ကို အမှု၌ ယှဉ်စေခြင်း။ ဣတိ၊ ဤသို့။ စတ္တာရိ မင်္ဂလာနိ၊ ၄-ပါးကုန်သော မင်္ဂလာတို့ကို။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်၏။

"ဒါနဉ္စ ဓမ္မစရိယာ"ဟူသော ပဉ္စမဂါထာ၌-

- အလှူပေးခြင်း ဒါန-ဟူသော မင်္ဂလာ ၁-ပါး၊
- ကိုယ်, နှုတ်, နှလုံး၊ ၃-ပါးတို့ဖြင့် ကုသလကမ္မပထတရား ၁၀-ပါးတို့ကို ကျင့်ခြင်း **ဓမ္မစရိယ မင်္ဂလာ ၁-ပါး၊**
- မိမိအထံသို့ ရောက်လာသော အဆွေအမျိုးတို့အား အဝတ်အစား-စသည်တို့ဖြင့် သင်္ဂြိုဟ်ခြင်း **ဉာတကာနဉ္စ သင်္ဂဟော မင်္ဂလာ ၁-ပါး၊**
- ဥပုသ်သုံးခြင်း, ဝေယျာဝစ္စသီလ ကုသိုလ်ကံ, ပန်းဥယျာဉ်, တံတားခင်းထား လှူဒါန်းခြင်း-ဟူသော **အနဝဇ္ဇကမ္မ မင်္ဂလာ ၁-ပါး၊**

ဤသို့ မင်္ဂလာတရား ၄-ပါး ဖြစ်၏။ ထို့ကြောင့် ပရမတ္ထဇောတိကာမည်သော ခုဒ္ဒကပါဌ၊ မင်္ဂလသုတ်အဋ္ဌကထာ။ သုတ္တနိပါတ်၊ မင်္ဂလသုတ်အဋ္ဌကထာတို့၌-

**ဧဝံ ဣမိဿာ ဂါထာယ "ဒါနဉ္စ, ဓမ္မစရိယာ စ, ဉာတကာနဉ္စ သင်္ဂဟော, အနဝဇ္ဇာနိ ကမ္မာနီ"တိ စတ္တာရိ မင်္ဂလာနိ ဝုတ္တာနိ။**

ဟူသော ပါဌ်(ခုဒ္ဒကါဋ္ဌ။၁၁၉)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဇဝံ၊ ဤသို့ပြဆိုခဲ့ပြီးသောနည်းဖြင့်။ ဣမိဿာ ဂါထာယ၊ ဤ "ဒါနဉ္စ ဓမ္မစရိယာ စ" ဟူသော ပဉ္စမဂါထာ၌။ ¹ဒါနဉ္စ၊ အလှူပေးခြင်းလည်းကောင်း။ ²ဓမ္မစရိယာ စ၊ ကိုယ်, နှုတ်, နှလုံး ၃-ပါးတို့ဖြင့် ကုသလကမ္မပထတရား ၁၀-ပါးတို့ကို ကျင့်ခြင်းလည်းကောင်း။ ³ဉာတကာနဉ္စ သင်္ဂဟော၊ ဆွေမျိုးတို့ကို ထောက်ပံ့သဂြိုဟ်ခြင်းလည်းကောင်း။ ⁴အနဝဇ္ဇာနိ ကမ္မာနိ၊ အပြစ်မရှိသော အမှုတို့ကို ပြုခြင်းလည်းကောင်း။ ဣတိ၊ ဤသို့။ စတ္တာရိ မင်္ဂလာနိ၊ ၄-ပါးကုန်သော မင်္ဂလာတို့ကို။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်၏။

"အာရတီ ဝိရတီ ပါပါ"ဟူသော ဆဋ္ဌမဂါထာ၌-

- ကိုယ်, နှုတ်, နှလုံး၊ ၃-ပါးတို့ဖြင့် မကောင်းမှုမှ ကြဉ်ခြင်း ပါပဝိရတိ မင်္ဂလာ ၁-ပါး၊
- သေအရက် သောက်စားခြင်းမှ ကြဉ်ခြင်း မဇ္ဇပါနသံယမ မင်္ဂလာ ၁-ပါး၊
- ကုသိုလ်တရား၌ သတိကို မကင်းခြင်း ကုသလ အပ္ပမာဒ မင်္ဂလာ ၁-ပါး၊

ဤသို့ မင်္ဂလာတရား ၃-ပါး ဖြစ်၏။ ထို့ကြောင့် ပရမတ္ထဇောတိကာမည်သော ခုဒ္ဒကပါဌ၊ မင်္ဂလသုတ်အဋ္ဌကထာ။ သုတ္တနိပါတ်၊ မင်္ဂလသုတ်အဋ္ဌကထာတို့၌-

> ဇဝံ ဣမိဿာ ဂါထာယ "ပါပါ ဝိရတိ, မဇ္ဇပါနာ သံယမော, ကုသလေသု ဓမ္မေသု အပ္ပမာဒေါ"တိ တီဏိ မင်္ဂလာနိ ဝုတ္တာနိ။

ဟူသော ပါဠ်(ခုဒ္ဒက၊ဋ္ဌ၊၁၂၁)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဇဝံ၊ ဤသို့ ပြဆိုခဲ့ပြီးသောနည်းဖြင့်။ ဣမိဿာ ဂါထာယ၊ "အာရတီ ဝိရတီ ပါပါ" ဟူသော ဆဋ္ဌမဂါထာ၌။ ¹ပါပါ ဝိရတိ၊ မကောင်းမှုမှ ကြဉ်ခြင်းလည်းကောင်း။ ²မဇ္ဇပါနာ သံယမော၊ သေအရက် သောက်စားခြင်းမှ ကြဉ်ခြင်းလည်းကောင်း။ ³ကုသလေသု ဓမ္မေသု၊ အပ္ပမာဒေါ၊ ကုသိုလ်တရားတို့၌ မမေ့လျော့ခြင်းလည်းကောင်း။ ဣတိ၊ ဤသို့။ တီဏိ မင်္ဂလာနိ၊ ၃-ပါးကုန်သော မင်္ဂလာတို့ကို။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်၏။

"ဂါရဝေါ စ"ဟူသော သတ္တမဂါထာ၌-

- ဘုရား-စသော သူတော်ကောင်းတို့ကို ရိုသေခြင်း ဂါရဝမင်္ဂလာ ၁-ပါး၊
- ခြေသုတ်ပုဆိုး၊ မြွေစွယ်ကျိုးနှင့်၊ ချိုကျိုးသော နွား၊ ဒွန်းစဏ္ဍားပမာဏ၊ နှိမ့်ချခြင်း တည်းဟူသော နိဝါတမင်္ဂလာ ၁-ပါး၊
- ၁၂-ပါးကုန်သော သန္တောသတို့ဖြင့် ပစ္စည်း ၄-ပါးတို့၌ ရောင့်ရဲခြင်း သန္တုဋ္ဌိမင်္ဂလာ ၁-ပါး၊
- သူတပါး၏ ကျေးဇူးကို သိခြင်း ကတညုတာမင်္ဂလာ ၁-ပါး၊

- ယုံမှားသံသယ မကင်း၊ ရာဂ-အစရှိသော ပူပန်ခြင်းဖြင့် ပြင်းစွာနှိပ်စက်သောအခါ၊ တရားကို နာခြင်း **ကာလေန ဓမ္မဿဝနမင်္ဂလာ** ၁-ပါး၊

ဤသို့ မင်္ဂလာတရား ၅-ပါး ဖြစ်၏။ ထို့ကြောင့် ပရမတ္ထဇောတိကာမည်သော ခုဒ္ဒကပါဠ်၊ မင်္ဂလသုတ်အဋ္ဌကထာ။ သုတ္တနိပါတ်၊ မင်္ဂလသုတ်အဋ္ဌကထာတို့၌-

**ဧဝံ ဣမိဿာ ဂါထာယ "ဂါရဝေါ, နိဝါတော, သန္တုဋ္ဌိ, ကတညုတာ, ကာလေန ဓမ္မဿဝန"န္တိ ပဉ္စ မင်္ဂလာနိ ဝုတ္တာနိ။**

ဟူသော ပါဠ်(ခုဒ္ဒကဋ္ဌ။၁၂၅)ကို မှီ၍ဆိုဖွင့်လှစ်တော်မူသတည်း။

ဧဝံ၊ ဤသို့ ပြဆိုခဲ့ပြီးသောနည်းဖြင့်။ ဣမိဿာ ဂါထာယ၊ "ဂါရဝေါ စ"ဟူသော ဤဂါထာ၌။ [၁]ဂါရဝေါ၊ ဘုရား-စသော သူတော်ကောင်းတို့ကို ရိုသေခြင်း။ [၂]နိဝါတော၊ ခြေသုတ်ပုဆိုး၊ မြွေစွယ်ကျိုးနှင့်၊ ချိုကျိုးသော နွား၊ ဒွန်းစဏ္ဍားပမာ၊ လွန်စွာပြင်းထန်၊ မာန်ကို နှိမ့်ချခြင်း။ [၃]သန္တုဋ္ဌိ၊ ၁၂-ပါးကုန်သော သန္တောသတို့ဖြင့် ရောင့်ရဲခြင်း။ [၄]ကတညုတာ၊ သူတပါး၏ကျေးဇူးကို သိခြင်း။ [၅]ကာလေန ဓမ္မဿဝနံ၊ ယုံမှားသကင်္ကာ, ရာဂ-စသော ပူပန်ခြင်းဖြင့် ပြင်းစွာ နှိပ်စက်သောအခါ တရားတော်ကို နာခြင်း။ ဣတိ၊ သို့။ ပဉ္စ မင်္ဂလာနိ၊ ၅-ပါးကုန်သော မင်္ဂလာတို့ကို။ ဝုတ္တာနိ၊ ကုန်၏။

"ခန္တီ စ သောဝစဿတာ"ဟူသော အဋ္ဌမဂါထာ၌-

- သည်းခံခြင်း **ခန္တီစမင်္ဂလာ** ၁-ပါး၊
- သီတင်းသုံးဖော်တို့ ဆုံးမသော စကားကို နာခံခြင်း **သောဝစဿတာမင်္ဂလာ** ၁-ပါး၊
- ငြိမ်းပြီးသော ကိလေသာ, ဝိပဿနာပညာနှင့် ပြည့်စုံသော ရဟန်းတို့ကို ရိုသေလေးမြတ်စွာ ဖူးမြင်ခြင်း **သမဏာဒဿနမင်္ဂလာ** ၁-ပါး၊
- သုတ်,ဝိနည်း,အဘိဓမ္မာကို ကောင်းစွာဆွေးနွေးခြင်း **ကာလေန ဓမ္မသာကစ္ဆာမင်္ဂလာ** ၁-ပါး၊

ဤသို့ မင်္ဂလာတရား ၄-ပါး ဖြစ်၏။ ထို့ကြောင့် ပရမတ္ထဇောတိကာမည်သော ခုဒ္ဒကပါဠ်၊ မင်္ဂလသုတ်အဋ္ဌကထာ။ သုတ္တနိပါတ်၊ မင်္ဂလသုတ်အဋ္ဌကထာတို့၌-

ဧဝံ ဣမိဿာ ဂါထာယ "ခန္တီ, သောဝစဿတာ, သမဏာဒဿနံ, ကာလေန ဓမ္မသာကစ္ဆာ"တိ စတ္တာရိ မင်္ဂလာနိ ဝုတ္တာနိ။

ဟူသော ပါဠ်(ခုဒ္ဒကဋ္ဌ။၁၂၇)ကို မှီ၍ဆိုဖွင့်လှစ်တော်မူသတည်း။

ဇဝံ ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ ဣမိဿာ ဂါထာယ၊ "ခန္တီ စ သောဝစဿတာ" ဟူသောဂါထာ၌။ [၁]ခန္တီ၊ သည်းခံခြင်း။ [၂]သောဝစဿတာ၊ သီတင်းသုံးဖော်တို့ ဆုံးမသော စကားကို နာခံခြင်း။ [၃]သမဏာဒဿနံ၊ ငြိမ်းပြီးသော ကိလေသာ, ပွါးပြီးသော ဝိပဿနာ ဉာဏ်နှင့် ပြည့်စုံသော ရဟန်းတို့ကို ရိုသေလေးမြတ် မပြတ်ဖူးမြင်ရခြင်း။ [၄]ကာလေန၊ ကာမဝိတက်-စသည် နှိပ်စက်သောကာလ၌။ ဓမ္မသာကစ္ဆာ၊ သုတ်, ဝိနည်း, အဘိဓမ္မာကို ကောင်းစွာ ဆွေးနွေးမေးမြန်းခြင်း။ ဣတိ၊ ဤသို့။ စတ္တာရိ၊ ၄-ပါးကုန်သော။ မင်္ဂလာနိ၊ မင်္ဂလာတို့ကို။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်၏။

"တပေါ စ ဗြဟ္မစရိယဉ္စ"ဟူသော နဝမဂါထာ၌-

- အဘိဇ္ဈာ, ဒေါမနဿ-စသော ကိလေသာတို့ကို ပူပန်စေတတ်သော ဣန္ဒြိယ-သံဝရသီလ၊ ပျင်းရိခြင်း ကောသဇ္ဇကို ပူပန်စေတတ်သော 'ဝီရိယ'-ဟု ဆိုအပ်သော **တပေါစမင်္ဂလာ ၁-ပါး၊**
- မေထုန်အကျင့်မှ ကင်းခြင်းဟု ဆိုအပ်သော **ဗြဟ္မစရိယမင်္ဂလာ ၁-ပါး၊**
- သစ္စာ ၄-ပါးတို့ကို မဂ်ဉာဏ်ဖြင့် မြင်ခြင်း **အရိယသစ္စာန ဒဿနမင်္ဂလာ ၁-ပါး၊**
- အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်း **နိဗ္ဗာနသစ္ဆိကိရိယာမင်္ဂလာ ၁-ပါး။**

ဤသို့ မင်္ဂလာတရား ၄-ပါး ဖြစ်၏။ ထို့ကြောင့် ပရမတ္ထဇောတိကာမည်သော ခုဒ္ဒကပါဌ၊ မင်္ဂလသုတ်အဋ္ဌကထာ။ သုတ္တနိပါတ်၊ မင်္ဂလသုတ်အဋ္ဌကထာတို့၌-

> **ဇဝံ ဣမိဿာ ဂါထာယ "တပေါ, ဗြဟ္မစရိယံ, အရိယသစ္စာန ဒဿနံ, နိဗ္ဗာနသစ္ဆိ-ကိရိယာ"တိ စတ္တာရိ မင်္ဂလာနိ ဝုတ္တာနိ။**

ဟူသော ပါဠ်(ခုဒ္ဒက၊ဌ၊၁၂၉)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဇဝံ၊ ဤသို့ ဆိုအပ်ခဲ့ပြီးသောနည်းဖြင့်။ ဣမိဿာ ဂါထာယ၊ "တပေါ စ"ဟူသော ဂါထာဖြင့်။ [၁]တပေါ၊ အဘိဇ္ဈာ,ဒေါမနဿ-စသော ကိလေသာဓမ္မ ကောသဇ္ဇတို့ကို ပူပန်စေခြင်း။ [၂]ဗြဟ္မစရိယံ၊ မေထုန်မှ ကင်းသောအကျင့်ကို ကျင့်ခြင်း။ [၃]အရိယသစ္စာန ဒဿနံ၊ အရိယသစ္စာကို မဂ်ဉာဏ်ဖြင့် မျက်မှောက်ပြုခြင်း။ [၄]နိဗ္ဗာနသစ္ဆိကိရိယာ၊ အရဟတ္တဖိုလ်ကို မျက်မှောက်ပြုခြင်း။ ဣတိ၊ ဤသို့။ စတ္တာရိ မင်္ဂလာနိ၊ ၄-ပါးကုန်သော မင်္ဂလာတို့ကို။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်၏။

"ဖုဋ္ဌဿ"ဟူသော ဒသမဂါထာ၌-

- လောကဓံတရား ၈-ပါးတို့နှင့် တွေ့လျှင် ရဟန္တာတို့ စိတ်သည် မတုန်မလှုပ်သော အကမ္ပနမင်္ဂလာ ၁-ပါး၊

- စိုးရိမ်ခြင်း မရှိသော အသောကမင်္ဂလာ ၁-ပါး၊
- ရာဂ မရှိသော ဝိရဇမင်္ဂလာ ၁-ပါး၊
- ယောဂ ၄-ပါး မရှိသော ခေမမင်္ဂလာ ၁-ပါး၊

ဤသို့ မင်္ဂလာတရား ၄-ပါး ဖြစ်၏။ ထို့ကြောင့် ပရမတ္ထဇောတိကာမည်သော ခုဒ္ဒကပါဌ၊ မင်္ဂလသုတ်အဋ္ဌကထာ၊ သုတ္တနိပါတ်၊ မင်္ဂလသုတ်အဋ္ဌကထာတို့၌–

**ဧဝံ ဣမိဿာ ဂါထာယ “လောကဓမ္မေဟိ အကမ္ပိတစိတ္တံ, အသောကစိတ္တံ, ဝိရဇစိတ္တံ, ခေမစိတ္တ”န္တိ စတ္တာရိ မင်္ဂလာနိ ဝုတ္တာနိ။**

ဟူသောပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (ခုဒ္ဒက၊ဋ္ဌ။၁၃၀)

ဧဝံ၊ ဤသို့ ပြဆိုခဲ့ပြီးသောနည်းဖြင့်။ ဣမိဿာ ဂါထာယ၊ ဤဂါထာဖြင့်။ လောကဓမ္မေဟိ၊ လောကဓံတရား ၈-ပါးတို့မှ။ [၁]အကမ္ပိတစိတ္တံ၊ မတုန်မလှုပ်သောစိတ်ရှိခြင်း။ [၂]အသောကစိတ္တံ၊ စိုးရိမ်သောစိတ်မရှိခြင်း။ [၃]ဝိရဇစိတ္တံ၊ ရာဂကင်းသောစိတ်ရှိခြင်း။ [၄]ခေမစိတ္တံ၊ ဘေးမရှိသောစိတ်ရှိခြင်း။ ဣတိ၊ သို့။ စတ္တာရိ မင်္ဂလာနိ၊ ၄-ပါးကုန်သော မင်္ဂလာတို့ကို။ ဝုတ္တာနိ၊ ဟောတော်မူအပ်ကုန်၏။

ဤသို့ ကျမ်းဂန်လာသောကြောင့် မင်္ဂလာတရားတို့ကို ပြဆိုဆုံးမတော်မူရာ–

| | |
|---|---|
| ‘အသေဝနာ စ ဗာလာနံ’-ဟူသော ပဌမဂါထာ၌ မင်္ဂလာတရား | ၃-ပါး |
| ‘ပဋိရူပဒေသဝါသော စ’-ဟူသော ဒုတိယဂါထာ၌ မင်္ဂလာတရား | ၃-ပါး |
| ‘ဗာဟုသစ္စဉ္စ’-ဟူသော တတိယဂါထာ၌ မင်္ဂလာတရား | ၄-ပါး |
| ‘မာတာပိတု’-ဟူသော စတုတ္ထဂါထာ၌ မင်္ဂလာတရား | ၄-ပါး |
| ‘ဒါနဉ္စ ဓမ္မစရိယာ စ’-ဟူသော ပဉ္စမဂါထာ၌ မင်္ဂလာတရား | ၄-ပါး |
| ‘အာရတီ ဝိရတီ ပါပါ’-ဟူသော ဆဋ္ဌမဂါထာ၌ မင်္ဂလာတရား | ၃-ပါး |
| ‘ဂါရဝေါ စ နိဝါတော စ’-ဟူသော သတ္တမဂါထာ၌ မင်္ဂလာတရား | ၅-ပါး |
| ‘ခန္တီ စ’-ဟူသော အဋ္ဌမဂါထာ၌ မင်္ဂလာတရား | ၄-ပါး |
| ‘တပေါ စ’-ဟူသော နဝမဂါထာ၌ မင်္ဂလာတရား | ၄-ပါး |
| ‘ဖုဋ္ဌဿ’-ဟူသော ဒသမဂါထာ၌ မင်္ဂလာတရား | ၄-ပါး |

ဤသို့ မင်္ဂလာတရား ၃၈-ပါး ဖြစ်၏။

အ ပ ဗာ မာ ဒါ အာ ဂါ ခံ- တ ဖု သု စ ယထာက္ကမံ။
ဗာ လာ ယာ ဝါ ဘာ ဝါ မာ ဝါ- ဘာ ယာ ဇလာ သမူဟတော။ ။

အပဗာမာဒါအာဂါခံတဖုသု၊ အသေဝနာစ-ဟူသော ဂါထာ, ပဋိရူပ-ဟူသော ဂါထာ, ဗာဟုသစ္စဉ္စ-ဟူသော ဂါထာ, မာတာပိတု-ဟူသော ဂါထာ, ဒါနဉ္စ-ဟူသော ဂါထာ, အာရတီ-ဟူသော ဂါထာ, ဂါရဝေါ-ဟူသော ဂါထာ, ခန္တီစ-ဟူသော ဂါထာ, တပေါစ-ဟူသော ဂါထာ, ဖုဋ္ဌဿ-ဟူသော ဂါထာတို့၌။ ယထာက္ကမံ၊ အစဉ်အတိုင်း။ ဗာ၊ ၃-ပါးကုန်သော မင်္ဂလာတို့လည်းကောင်း။ လာ၊ ၃-ပါးကုန်သော မင်္ဂလာတို့လည်းကောင်း။ ယာ၊ ၄-ပါးကုန်သော မင်္ဂလာတို့လည်းကောင်း။ ဝါ၊ ၄-ပါးကုန်သော မင်္ဂလာတို့လည်းကောင်း။ ဘာ၊ ၄-ပါးကုန်သော မင်္ဂလာတို့လည်းကောင်း။ ဂါ၊ ၃-ပါးကုန်သော မင်္ဂလာတို့လည်းကောင်း။ မာ၊ ၅-ပါးကုန်သော မင်္ဂလာတို့လည်းကောင်း။ ဝါ၊ ၄-ပါးကုန်သော မင်္ဂလာတို့လည်းကောင်း။ ဘာ၊ ၄-ပါးကုန်သော မင်္ဂလာတို့လည်းကောင်း။ ယာ၊ ၄-ပါးကုန်သော မင်္ဂလာတို့လည်းကောင်း။ က္ကတိ၊ သို့။ သမူဟတော၊ အပေါင်းအားဖြင့်။ ဇလာ၊ ၃၈-ပါးကုန်သော မင်္ဂလာတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ (ဤကား အကျဉ်းမှတ်ရန်)

ပဉ္စ ဂါညေသု စတ္တာရော၊ အပအာသု တယော'ထဝါ။ ။

အထဝါ၊ တစ်နည်းကား။ အပအာသု၊ အသေ, ပဋိ, အာရတီ-ဟူသော ဒေသနာ ၃-ဂါထာတို့၌။ တယော၊ ၃-ပါးစဉ်သော မင်္ဂလာတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဂါ၊ ဂါရဝေါ ဟူသော မင်္ဂလာဒေသနာ ဂါထာ၌။ ပဉ္စ၊ ၅-ပါးကုန်သော မင်္ဂလာတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ အညေသု၊ ဆိုအပ်ခဲ့ပြီးသည်မှ ကြွင်းကုန်သော မင်္ဂလာဒေသနာ ၆-ဂါထာတို့၌။ စတ္တာရော၊ ၄-ပါး, ၄-ပါးသော မင်္ဂလာတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

မင်္ဂလာတရားကို ဟောတော်မူပြီးသည်နောက် မိုးသောက်သောကာလ အာနန္ဒာမထေရ်ကို ခေါ်တော်မူ၍ "ဤညဉ့်အတွင်း မထင်ရှားသော နတ်သား လာ၍ ငါဘုရားအား မင်္ဂလာတရားကို မေးလျှောက်သည်တွင် ၃၈-ဖြာ မင်္ဂလာတရားကို ငါဟောကြားတော်မူ၏" ဟု ဘုရားမိန့်တော်မူကြောင်းကို ဋ္ဌင်းအဋ္ဌကထာ တို့၌ပင်–

> ဣမံ ပန အာနန္ဒ ရတ္တိံ အညတရာ ဒေဝတာ မံ ဥပသင်္ကမိတွာ မင်္ဂလပဉှံ ပုစ္ဆိ၊ အထ'ဿာဟံ အဋ္ဌတိံသ မင်္ဂလာနိ အဘာသိံ။ ဥဂ္ဂဏှာဟိ အာနန္ဒ ဣမံ မင်္ဂလပရိယာယံ၊ ဥဂ္ဂဟေတွာ ဘိက္ခူ ဝါစေဟိ။

(ခုဒ္ဒကာဋ္ဌ။၁၃၁)ဟူ၍ လာသည်။

အာနန္ဒ၊ ချစ်သားအာနန္ဒာ။ ဣမ ပန ရတ္တိံ၊ ဤညဥ့်၌။ အညတရာ၊ မထင်ရှားသော။ ဒေဝတာ၊ နတ်သားသည်။ မံ၊ ငါဘုရားကို။ ဥပသင်္ကမိတွာ၊ ကပ်၍။ မင်္ဂလပဉှံ၊ မင်္ဂလာပြဿနာကို။ ပုစ္ဆိ၊ မေးလျှောက်၏။ အထ၊ ထိုအခါ၌။ အဿာ၊ ထိုနတ်သားအား။ အဟံ၊ ငါဘုရားသည်။ အဋ္ဌတိံသ မင်္ဂလာနိ၊ ၃၈-ပါးသော မင်္ဂလာတရားတော်တို့ကို။ အဘာသိံ၊ ဟောတော်မူ၏။ အာနန္ဒ၊ အာနန္ဒာ။ မင်္ဂလပရိယာယံ၊ မင်္ဂလာတရားတော်ကို။ ဥဂ္ဂဏှာဟိ၊ သင်လော့။ ဥဂ္ဂဟေတွာ ဝါ၊ သင်၍လည်း။ ဘိက္ခူ၊ ရဟန်းတို့ကို။ ဝါစေဟိ၊ သင်(စေ)လော့။

**ဤတွင်ရွေ့ မင်္ဂလာတရား ၃၈-ပါးတို့ကို ပြဆိုသောစကားရပ် အပြီးသတ်တည်း။**

ဎင်းစကားရပ်တို့ကို အကျယ်သိလိုလျှင် ပရမတ္ထဇောတိကာမည်သော ခုဒ္ဒကပါဌ၊ မင်္ဂသုတ်အဋ္ဌကထာ။ သုတ္တနိပါတ်၊ မင်္ဂလသုတ်အဋ္ဌကထာတို့မှာ ကြည့်လေ။

သားတော်ပင်လယ်မင်းသား-က "အသေဝနာစ ဗာလာနံ၊ ပဏ္ဍိတာနဉ္စ သေဝနာ-စသည်ဖြင့် ၃၈-ဖြာ မင်္ဂလာတရားတို့ကို ဟောကြားတော်မူရာ ၁၀-ခုသော ဂါထာတို့ဖြင့် ပြအပ်သော မင်္ဂလာတရား ၃၈-ပါးတို့၏ သရုပ်သချ်ာကို နေရာကျ သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့်အကြောင်း"ကို မေးလျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ညွှန်ပြထုတ်ဆောင်၍ ၁၂၃၈-ခု၊ တပေါင်းလပြည့်ကျော်၊ ၈-ရက်နေ့တွင် ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိမ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## မြေဒူးမြို့၊ ရဟန်းတော် ဦးသုဇာတ-က နေ့,လ ၂-ပါးတို့ကို အသူရိန်ဖမ်းသည်-ဆိုသည်ကို နေရာကျ သိမှတ်ပါရမည့်အကြောင်းနှင့် လျှောက်ထားချက်

[ ၁၃၄ ] "ဘုရားတပည့်တော် မြေဒူးမြို့၊ ရဟန်း ရှင်သုဇာတ ခြေတော်ဦးခိုက် လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား။

အထက်ကောင်းကင်၌ ကမ္ဘာ့တန်ဆာ သွားမြဲလာမြဲဖြစ်သော နေ့,လတို့သည် ဓုဗော, ရဇော, မေဃော-ဟူသော နေ့,လတို့၏ အညစ်အကြေး ၄-ပါးတို့ကို အများပင် ပြောဆိုကြသည် ဖြစ်သောကြောင့် သိသာထင်ရှားပါသည်။

အသူရိန်နတ် နေ့,လတို့ကို ဖမ်းယူသည် ဆိုသည့်အရာမှာ–

- အချို့သော ဆရာတို့ကလည်း မြေကပင် တက်၍ ဖမ်းသည်ဟု ပြောဆိုကြပါသည်။ အချို့သော ဆရာတို့ကလည်း အထက်ကောင်းကင်မှ လာ၍ ရာဟုသည် နေ,လ ဗိမာန်တို့ကို ဖမ်းသည်-ဟု ပြောဆိုကြပါသည်။
- အချို့သော ဆရာတို့ကလည်း မိမိဗိမာန်ပင် မိမိကို ကွယ်သည်-ဟု ပြောဆိုကြပါ သည်။

သို့ဝါဒအသီးသီး နည်းအထွေထွေ ရှိကြလေသဖြင့် နေရာကျကို မသိနိုင်ကြရှိသည် ဖြစ်ပါ၍ နေရာကျ သိမှတ်ပါရအောင် ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းနှင့်အညီ အမိန့် ရှိတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။"

ရင်းဦးသုဇာတ လျှောက်ထားချက်အရ အဖြေဝိသဇ္ဇနာ-

[ ၁၃၄ ] နေ,လတို့ကို အသုရိန်နတ် ဖမ်းယူသည်-ဆိုသောအရာကို မေးလျှောက်သည်မှာ ထိုအသုရိန်နတ်ကား ပုဗ္ဗယောဂါဝစရပုဂ္ဂိုလ်တည်း။ ထိုစကား မှန်၏။ ထိုအသုရိန်နတ် သည် လ,နေတို့ တင့်တယ်ပြောင်ရွှန်း ထွန်းလင်းတောက်ပသည်ကို မြင်လျှင် ငြူစူခြင်း ပြင်းစွာ နှိပ်စက်သောကြောင့် ထိုနေ,လတို့ သွားရာခရီးသို့ ဆင်းသက်ပြီးလျှင် ခံတွင်းကို ဖွင့်လှစ်၍ နေလတ်၏။ ထိုအခါ နေ-ဗိမာန်သည်လည်းကောင်း လ-ဗိမာန်သည်လည်း ကောင်း ယူဇနာ ၃၀၀-ရှိသော နရက်ချောက်တွင်းသို့ ချလိုက်သကဲ့သို့ ဖြစ်ကုန်၏။

ထို့ကြောင့် သာရတ္ထပကာသနီမည်သော သ-ဂါထာဝဂ္ဂ၊ ဒေဝပုတ္တသံယုတ်-အစ၊ ပဌမဝဂ်အစု၊ ၁၀-ခုမြောက်သော သူရိယဒေဝပုတ္တသုတ်၊ သံယုတ်အဋ္ဌကထာ၌-

> သော စန္ဒိမသူရိယေ ဝိရောစမာနေ ဒိသွာ ဣဿာပကတော တေသံ ဂမနဝီထိံ ဩတရိတွာ မုခံ ဝိဝရိတွာ တိဋ္ဌတိ။ စန္ဒဝိမာနံ ဝါ သူရိယဝိမာနံ ဝါ တိယောဇန-သတိကေ မဟာနရကေ ပက္ခိတ္တံ ဝိယ ဟောတိ။

ဟူသော ပါဠ်(သံ၊ဋ္ဌ၊၁။၁၀၁)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

သော၊ ထိုအသုရိန်နတ်သည်။ စန္ဒိမသူရိယေ၊ လ,နေတို့ကို။ ဝိရောစမာနေ၊ တင့်တယ်သည်တို့ကို။ ဒိသွာ၊ မြင်၍။ ဣဿာပကတော၊ ငြူစူခြင်းဖြင့် နှိပ်စက်သည်ဖြစ်၍။ တေသံ၊ ထိုနေဗိမာန်, လဗိမာန်တို့၏။ ဂမနဝီထိံ၊ သွားရာခရီးသို့။ ဩတရိတွာ၊ သက်၍။ တိဋ္ဌတိ၊ တည်၏။ စန္ဒဝိမာနံ ဝါ၊ လဗိမာန်သည်လည်းကောင်း။ သူရိယဝိမာနံ ဝါ၊ နေဗိမာန် သည်လည်းကောင်း။ တိယောဇနသတိကေ၊ ယူဇနာ ၃၀၀-ရှိသော။ နရကေ၊ နရက်ချောက် ၌။ ပက္ခိတ္တံ ဝိယ၊ ချလိုက်သကဲ့သို့။ ဟောတိ၊ ဖြစ်၏။

သုရာ-ဟူသော ပုဒ်, အသုရာ-ဟူသော ပုဒ်များ၌ သမှာ ဥ-ရသနှင့် ရှိမှ သင့်မည်။

**သုရ ဣဿရိယဒိတ္တီသု။ သုရတီ'တိ သုရော။ သုန္ဒရာ ဝါစာ အဿာ'တိ သုရော။**
(သဒ္ဒနီတိ၊ဓာတု။၁၅၅)

**သုရန္တိ ဝါ ကီဠန္တီတိ သုရာ၊ သုခေန ရမန္တီ'တိ ဝါ သုရာ။** (အဘိဓာန်ဋီကာ)

**သုရေန ဝနစရကေန ကတာ ပါနဇာတိ သုရာ။** (သဒ္ဒနီတိ)

**သု အဘိသဝေ၊ ရော၊ သု သဝနေ ဝါ၊ သုရာ။** (အဘိဓာန်ဋီကာ)

**အနိဋ္ဌဖလဒါယကတ္တံ သဝတီ'တိ ဝါ သုရာ၊ မဒိရာ။** (မောဂ္ဂလာန်)

**အာဒိကာလ'မှုပါဒါယ သုရေန ဝနစရကေန စေဝ ဝရုဏေန စ ဒိဋ္ဌတ္တာ တဿ ပါနဿ သုရာတိ နာမံ ဇာတံ။** (တိသနိပါတ်၊ ကုမ္ဘဇာတ်အဋ္ဌကထာ)

**န သုရံ ပိဝိမှ, န သုရံ ပိဝိမှာ'တိ အာဟံသု။ တတော ပဋ္ဌာယ အသုရာ နာမ ဇာတာ။**
(သဂါထာဝဂ္ဂသံယုတ်အဋ္ဌကထာ။၃၀၉)

သုရာနှင့် အသုရာသည် အပဋိသေဓ မြစ်သည်သာ ခြားသည်။

သုရ ဣဿရိယဒိတ္တီသု။ သုရတီ'တိ သုရော။ သုန္ဒရာ ဝါစာ အဿာ'တိ သုရော။
(သဒ္ဒနီတိ)

သုရ၊ သုရဓာတ်သည်။ ဣဿရိယဒိတ္တီသု၊ အစိုးရခြင်း, ထွန်းပခြင်းအနက်တို့၌။ ဝတ္တတိ၊ ဖြစ်၏။ သုရတိ၊ ရဲရင့်တတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သုရော၊ သုရာ မည်၏။ အဿ၊ အား။ သုန္ဒရာ၊ ကောင်းသော။ ဝါစာ၊ သည်။ အတ္ထိ၊ ၏။ ဣတိ တသ္မာ၊ ကြောင့်။ သုရော၊ မည်၏။

သုရန္တိ ဝါ ကီဠန္တီတိ သုရာ၊ သုခေန ရမန္တီ'တိ ဝါ သုရာ။ (အဘိဓာန်ဋီကာ)

ဝါ၊ တစ်နည်းကား။ သုရန္တိ ဝါ ကီဠန္တိ၊ ကစားမြူးထူးတတ်ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သုရာ၊ သုရာ မည်၏။ ဝါ၊ တစ်နည်းကား။ သုခေန၊ ချမ်းသာသဖြင့်။ ရမန္တိ၊ မွေ့လျော်တတ်ကုန်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သုရာ၊ သုရာ မည်၏။

သုရေန ဝနစရကေန ကတာ ပါနဇာတိ သုရာ။ (သဒ္ဒနီတိ)

သုရေန ဝနစရကေန၊ သုရာမည်သော မုဆိုးသည်။ ကတာ၊ ပြုအပ်သော။ ပါန-ဇာတိ၊ အဖျော်သည်။ သုရာ၊ သုရာ မည်၏။

သု အဘိသဝေ၊ ရော၊ သု သဝနေ ဝါ၊ သုရာ။ (အဘိဓာန်ဋီကာ)

သု၊ သုဓာတ်သည်။ အဘိသဝေ၊ ယိုစီးခြင်းအနက်၌။ ဝတ္တတိ၊ ဖြစ်၏။ ရော၊ ရ-ပစ္စည်းသက်။ ဝါ၊ တစ်နည်းကား။ သု၊ သု-ဓာတ်သည်။ သဝနေ၊ ပွါးခြင်းအနက်၌ ဖြစ်၏။ ရော၊ ရ-ပစ္စည်းသက်။ သုရာ၊ သုရာ မည်၏။

**အနိဋ္ဌဖလဒါယကတ္တံ သဝတီ'တိ ဝါ သုရာ။ မဒိရာ။ (မောဂ္ဂလာန်)**

အနိဋ္ဌဖလဒါယကတ္တံ၊ အလိုမရှိအပ်သော အကျိုးကို ပေးခြင်းငှာ။ သဝတိ၊ ပွါးတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သုရာ၊ သုရာ မည်၏။ မဒိရာ၊ သေ-ဟူသော အဖွင့်ရ၏။

**အာဒိကာလ'မှုပါဒါယ သုရေန ဝနစရကေန စေဝ ဝရုဏေန စ ဒိဋ္ဌတ္တာ တဿ ပါနဿ သုရာတိ နာမံ ဇာတံ။ (တိကနိပါတ်၊ ကုမ္ဘဇာတ်အဋ္ဌကထာ)**

အာဒိကာလ'မှုပါဒါယ၊ အစရှေးဦး၊ ပကတူးကာလကို စွဲ၍။ သုရေန ဝနစရကေန စေဝ၊ သုရာမည်သော မုဆိုးသည်လည်းကောင်း။ ဝရုဏေန စ၊ ဝရုဏ-ဟု၊ နာမမည်ခံ၊ မြိုးခြံကျင့်မြတ်၊ ပဒိုပတ်ကြောင့်၊ တောရပ်ပျော်မွေ့ ရှင်ရသေ့သည်လည်းကောင်း။ ဒိဋ္ဌတ္တာ၊ မြင်အပ်သည်၏အဖြစ်ကြောင့်။ တဿ ပါနဿ၊ ထိုအဖျော်၏။ သုရာတိ နာမံ၊ သုရာ ဟူသော အမည်သည်။ ဇာတံ၊ ဖြစ်၏။

**န သုရံ ပိဝိမှ, သုရံ န ပိဝိမှာ'တိ အာဟံသု။ တတော ပဋ္ဌာယ အသုရာ နာမ ဇာတာ။**

သုရံ၊ သေကို။ န ပိဝိမှ၊ မသောက်ကြဘူး။ သုရံ၊ သေကို။ န ပိဝိမှာ၊ မသောက်ကြဘူး။ ဣတိ၊ ဤသို့။ အာဟံသု၊ ဆိုကြကုန်၏။ တတော ပဋ္ဌာယ၊ ထိုကာလမှ စ၍။ အသုရာ နာမ၊ အသုရာ မည်သည်။ ဇာတာ၊ ဖြစ်၏။

ထိုအခါ ဗိမာန်၌နေသော နတ်တို့သည် သေဘေးမှ ကြောက်ကြကုန်သည်ဖြစ်၍ မြည်တမ်းကြကုန်၏။ ထိုအသူရိန်နတ်သည် နေဗိမာန်, လဗိမာန်ကို တရံတခါ လက်ဖြင့် ဖုံးအုပ်၏။ တရံတခါ မေးဖြင့် ချိတ်၍ ထား၏။ တရံတခါ လျှာဖြင့် လူးလဲ၏။ တရံတခါ ပါးစောင်၌ ထား၍ စားသကဲ့သို့ ပါးစောင်၏အတွင်း၌ တည်၏။

ထို့ကြောင့် သာရတ္ထပကာသနီမည်သော သံယုတ်ကျမ်း၊ သဂါထာဝဂ္ဂ၊ ဒေဝပုတ္တသံယုတ်အစ၊ ပဌမဝဂ်အစု၊ ၁၀-ခုမြောက်သော သူရိယဒေဝပုတ္တသံယုတ်အဋ္ဌကထာ၌ -

ဝိမာနေ အဓိဝတ္ထာ ဒေဝတာ မရဏဘယတဇ္ဇိတာ ဧကပ္ပဟာရေန ဝိရဝန္တိ။ သော ပန ဝိမာနံ ကဒါစိ ဟတ္ထေန ဆာဒေတိ၊ ကဒါစိ ဟနုကဿ ဟေဋ္ဌာ ပက္ခိပတိ၊ ကဒါစိ ဇိဝှါယ ပရိမဇ္ဇတိ၊ ကဒါစိ အဝဂဏ္ဍကာရကံ ဘုဉ္ဇန္တော ဝိယ ကပေါလန္တရေ ဌပေတိ။

ဟူသော ပါဠ်(သံ၊၄၊၁၊၁၀)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဗိမာနေ၊ ဗိမာန်၌။ အဓိဝတ္ထာ၊ စောင့်ကုန်သော။ ဒေဝတာ၊ နတ်တို့သည်။ မရဏ-ဘယတဇ္ဇိတာ၊ သေဘေးမှ ကြောက်ကြကုန်သည်ဖြစ်၍။ ဧကေပ္ပဟာရေန၊ တပြိုင်နက်ဖြင့်။ ဝိရဝန္တိ၊ မြည်တမ်းကြကုန်၏။ သော ပန၊ ထိုအသူရိန်နတ်သည်ကား။ ဗိမာနံ၊ ဗိမာန်ကို။ ကဒါစိ၊ ရံခါ။ ဟတ္ထေန၊ လက်ဖြင့်။ ဆာဒေတိ၊ ဖုံးလွှမ်း၏။ ကဒါစိ၊ ရံခါ။ ဟနုကာသ၊ မေး၏။ ဟေဋ္ဌာ၊ အောက်၌။ ပက္ခိပတိ၊ ထည့်၏။ ကဒါစိ၊ ရံခါ။ ဇိဝှါယ၊ လျှာဖြင့်။ ပရိမဇ္ဇတိ၊ လူးလဲ၏။ ကဒါစိ၊ ရံခါ။ အဝဂဏ္ဍကာရကံ၊ ပါးစောင်၌ထား၍။ ဘုဉ္ဇန္တော ဝိယ၊ စားသကဲ့သို့။ ကပေါလန္တရေ၊ ပါးစောင်၏အတွင်း၌။ ဌပေတိ၊ ထား၏။

ထိုအသူရိန်နတ်သည် နေဗိမာန်,လဗိမာန်တို့၏ အဟုန်ကို တားမြစ်ခြင်းငှာ မတတ်နိုင်။ အကယ်၍ တားမြစ်အံ့-ဟု ဆန့်ကျင်ဘက်ပြု၍ နေငြားအံ့။ ထိုအသူရိန်နတ်၏ ဦးခေါင်းကို ထွင်းဖောက်၍ နောက်သို့ ထွက်သွားလျက် ရှေ့,နောက်အားဖြင့်လည်း ကိုင်းညွတ်သည်သာ ဖြစ်ရာ၏။ ထို့ကြောင့် ဗိမာန်နှင့်အတူသာ ပါရသတည်း။

ထို့ကြောင့် သာရတ္ထပကာသနီမည်သော သံယုတ်ကျမ်း၊ သဂါထာဝဂ္ဂ၊ ဒေဝပုတ္တသံယုတ်အစ၊ ပဌမဝဂ်အစု၊ ၁၀-ခုမြောက်သော သူရိယဒေဝပုတ္တသံယုတ်အဋ္ဌကထာ၌-

**ဝေဂံ ပန ဝါရေတုံ န သက္ကောတိ၊ သစေ ဝါရေဿာမီတိ ဂဏှာကံ ကတွာ တိဋ္ဌေယျ၊ မတ္ထကံ တဿ ဘိန္ဒိတွာ နိက္ခမေယျ၊ အာကမိုတွာ ဝါ နံ ဩနမေယျ။ တသ္မာ ဝိမာနေန သဟေဝ ဂစ္ဆတိ။**

ဟူသော ပါဌ်(သံ၊ဋ္ဌ၊၁။၁၀၁)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဝေဂံ ပန၊ သွားသော အဟုန်ကိုကား။ ဝါရေတုံ၊ မြစ်အံ့သောငှာ။ န သက္ကောတိ၊ မစွမ်းနိုင်။ ဝါရေဿာမီတိ၊ မြစ်အံ့-ဟု။ ဂဏှာကံ ကတွာ၊ ပါးစောင်၌ ထား၍။ သစေ တိဋ္ဌေယျ၊ အကယ်၍ တည်ငြားအံ့။ တဿ၊ ထိုအသူရိန်၏။ မတ္ထကံ ဘိန္ဒိတွာ၊ ဦးခေါင်းကို ထွင်းဖောက်၍။ နိက္ခမေယျ၊ ထွက်ရာ၏။ အာကမိုတွာ ဝါ၊ မိမိသွားရာကို ရှေးရှုငင်၍လည်း။ ဩနမေယျ၊ ညွတ်ရာ၏။ တသ္မာ၊ ထို့ကြောင့်။ ဝိမာနေန သဟေဝ၊ ဗိမာန်နှင့် အတူသာလျှင်။ ဂစ္ဆတိ၊ သွား၏။

ထိုစကား၌ ဣဿာပကတ မစ္ဆေရစိတ် ပေါက်သဖြင့် မလောက်မလား၊ ငါတကား ဟု၊ ခွန်အားဗလ၊ မာန်မာနနှင့်၊ တက်ကြွထောင်လွှား၍ ပြေးသွားသော နေ, လဗိမာန်ကို လျင်မြန်စွာ ဖမ်းဆီးနိုင်ပါလျက် အဟုန်မပျက် ပြေးသွားလျက်လိုက်လေ၍ နေ, လဗိမာန်နှင့် အတူသာ ပါရလေသတည်း။

သည်ကိုရည်၍ ပညာရှိတို့လည်း ပိုင်ကား ပိုင်၏၊ မနိုင်၍ လျှော့ရသည်တစ်ခြား။ နိုင်ကား နိုင်၏၊ မပိုင်၍ လျှော့ရသည် တစ်ပါး၊ ဤအရာများကို စဉ်းစားဆင်ခြင်ရာ၏-ဟု ဆိုတော်မူသည်။

ထိုသို့ ပြဆိုခဲ့ပြီးသော အဋ္ဌကထာပါဠိတို့တွင် 'အမိဝတ္ထာ ဒေဝတာ'-ဟူသော ပါဠ်၌ နေ-နတ်, လ-နတ်တို့၏ အလုပ်အကျွေးတို့ကို ယူအပ်ကုန်၏။

ထို့ကြောင့် ဋီကာ၌-

အမိဝတ္ထာ ဒေဝတာတိ စန္ဒိမသူရိယာနံ ပရိစာရိကဒေဝတာ။

ဟူသော ပါဠ်(သံ၊ဋီ၊၁၊၁၄၉)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

အမိဝတ္ထာ ဒေဝတာတိ၊ အမိဝတ္ထာ ဒေဝတာ-ဟူသည်ကား။ စန္ဒိမသူရိယာနံ၊ လ-နတ်သား, နေ-နတ်သားတို့ကို။ ပရိစာရိကဒေဝတာ၊ လုပ်ကျွေးသော နတ်တို့တည်း။

"ဝေဂံ ပန ဝါရေတုံ"ဟူသော ပါဠ်၌ ဝေဂ-ဟူသည် တစ်စုံတစ်ယောက်မျှ ရှေးရှု တားမြစ်ခြင်းငှာ တတ်နိုင်ခဲသော ကမ္မနိယာမသဘာဝသိဒ္ဓိဖြစ်သော အဟုန်တည်း။

ထို့ကြောင့် ဋီကာ၌-

ဝေဂန္တိ ဇဝံ။ သော ဟိ ကေနစိ အဘိမုခံ အတိ ဒုန္နိဝါရော ကမ္မနိယာမသိဒ္ဓေါ။

ဟူသော ပါဠ်(သံ၊ဋီ၊၁၊၁၄၉)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဝေဂန္တိ၊ ဝေဂံ-ဟူသည်ကား။ ကေနစိ၊ တစ်စုံတစ်ယောက်သောသူသည်။ အဘိမုခံ၊ ရှေးရှု။ ဒုန္နိဝါရော၊ မြစ်နိုင်ခဲသော။ ကမ္မနိယာမသိဒ္ဓေါ၊ ကမ္မနိယာမဖြင့်ပြီးသော အဟုန်တည်း။

ထိုရာဟု အသူရိန်နတ်ကား ကဿပမြတ်စွာဘုရား သာသနာတော်တွင် ပုဗ္ဗယောဂါဝစရပုဂ္ဂိုလ်ဖြစ်၍ ကိလေသာငြိမ်းခြင်းငှာ ရဟန်းတရားကို အားထုတ်ပါသော်လည်း ရှေးဉပနိဿယ အားနည်းလေရကား အရိယာဘုံသို့ မရောက်ဘဲ လှေငယ်,လောင်းငယ်နှင့် ကူးသွားသော ယောက်ျားသည် ကြီးမားသော လှိုင်းဟုန်ဂရက်၊ ရေပွက်ရေကြမ်းတွင် ပရမ်းပတာပျက်စီး၍ အချည်းနှီးဖြစ်လေဘိသကဲ့သို့ အားထုတ်သော ဝီရိယာရဗ္ဘ သမထဘာဝနာသည် ကိလေသာ၏အတွင်းဝယ် ပျက်စီးခြင်းဖြစ်လေက စုတိစိတ်ကျ၍ နတ်ပြည်၌ ဖြစ်ရသတည်း။

ထို့ကြောင့် သာရတ္ထပကာသနီမည်သော သံယုတ်ကျမ်း၊ သဂါထာဝဂ္ဂ၊ ဒေဝပုတ္တသံယုတ်အစ၊ ပဌမဝဂ်အစု၊ ၆-ခုမြောက်သော အသုရိန္ဒဒေဝပုတ္တသံယုတ်အဋ္ဌကထာ၌-

**အယံ ကိရ ဒေဝပုတ္တော ပုဗ္ဗယောဂါဝစရော၊ ဗဟလကိလေသတာယ သမထ-ယောဂေန ကိလေသေ ဝိက္ခမ္ဘေန္တော သမဏဓမ္မံ ကတွာ ပုဗ္ဗနိဿယမန္ဒတာယ အရိယဘူမိံ အပတွာဝ ကာလင်္ကတွာ ဒေဝလောကေ နိဗ္ဗတ္တော။**

ဟူသော ပါဠ်(သံ၊ဋ္ဌ၊၁။၉၈)ကို မှီ၍ဆိုဖွင့်လှစ်တော်မူသတည်း။

သော ဒေဝပုတ္တော၊ ထိုအသူရိန်နတ်သည်။ ပုဗ္ဗယောဂါဝစရော၊ ပုဗ္ဗယောဂါ-ဝစရပုဂ္ဂိုလ်တည်း။ ဝါ၊ ရှေး၌ ဘာဝနာကမ္မဋ္ဌာန်း စီးဖြန်းလေ့ကျက်ခဲ့ဖူးသော ပုဂ္ဂိုလ်တည်း။ ဗလဝကိလေသတာယ၊ ကိလေသာ အလွန်အားကြီးသောကြောင့်။ သမထယောဂေန၊ သမထနှင့်ယှဉ်သော လုံ့လဖြင့်။ ကိလေသေ၊ ကိလေသာတို့ကို။ ဝိက္ခမ္ဘေန္တော၊ ခွါလျက်။ သမဏဓမ္မံ၊ ရဟန်းတရားကို။ ကတွာ၊ ပြု၍။ ပုဗ္ဗနိဿယမန္ဒတာယ၊ ရှေးဥပနိဿယ နည်းသည်၏ အဖြစ်ကြောင့်။ ဘူမိံ၊ အရိယာဘုံသို့။ အပတွာ၊ မရောက်ဘဲ။ ကာလင်္ကတွာ၊ သေ၍။ ဒေဝလောကေ၊ နတ်ပြည်၌။ နိဗ္ဗတ္တော ကိရ၊ ဖြစ်သတဲ့။

[ နိဗ္ဗတ္တတိ, နိဗ္ဗတ္တံ, နိဗ္ဗတ္တော-ဟူသော ပုဒ်များ၌ ဩဋ္ဌဇတတိယက္ခရာ ဗ-သဒ္ဒါ ဒွေးဘော်နှင့် ရှိမှ သင့်မည်။ နိပုဗ္ဗ၊ ဝတုဓာတ်။ ]

ဤအဋ္ဌကထာပါဠ်၌ ပုဗ္ဗယောဂါဝစရ-ဟူသည်ကား ရှေးဘဝ၌ ဘာဝနာကို လုံ့လ ပြုသော ရဟန်းတည်း။ ထိုအသူရိန်နတ်သည် ကဿပမြတ်စွာဘုရား သာသနာတော်၌ ရဟန်းပြု၍ အနှစ် ၁,၀၀၀-ပတ်လုံး ရဟန်းတရားကို အားထုတ်သော်လည်း ထိုမဂ်,ဖိုလ် အထူးကို ရအောင် မတတ်နိုင်လေ-ဟူလို၏။ ထို့ကြောင့်လည်း ဋီကာ၌-

**ပုဗ္ဗယောဂါဝစရောတိ ပုဗ္ဗေ ယောဂါဝစရော ပုရိမတ္တဘာဝေ ဘာဝန'မနုယုတ္တော။ အယံ ကိရ ကဿပဘဂဝတော သာသနေ ပဗ္ဗဇိတွာဝ ဗဟူနိ ဝဿသဟဿာနိ သမဏဓမ္မံ အကာသိ၊ န ပန ဝိသေသံ နိဗ္ဗတ္တေသိ။**

ဟူသော ပါဠ်(သံ၊ဋီ၊၁။၁၄၅)ကို မှီ၍ဆိုဖွင့်လှစ်တော်မူသတည်း။

ပုဗ္ဗယောဂါဝစရောတိ၊ ပုဗ္ဗယောဂါဝစရော-ဟူသည်ကား။ ပုဗ္ဗေ ပုရိမတ္တဘာဝေ၊ ရှေးဘဝ၌။ ယောဂါဝစရော ဘာဝန'မနုယုတ္တော၊ ဘာဝနာကမ္မဋ္ဌာန်းကို စီးဖြန်းအားထုတ်သော ပုဂ္ဂိုလ်တည်း။ အယံ၊ ဤအသူရိန်နတ်သည်။ ကဿပဘဂဝတော၊ ကဿပမြတ်စွာဘုရား၏။ သာသနေ၊ သာသနာတော်၌။ ပဗ္ဗဇိတွာ၊ ရဟန်းပြု၍။ ဗဟူနိ ဝဿသဟဿာနိ၊ အနှစ် ၁,၀၀၀-ပတ်လုံး။ သမဏဓမ္မံ၊ ရဟန်းတရားကို။ အကာသိ ကိရ၊ ပြုသတတ်။ တံ ပန ဝိသေသံ၊ ထိုအရိယမဂ်,ဖိုလ်အထူးကိုကား။ န နိဗ္ဗတ္တေသိ၊ မပြီးစေနိုင်။

ထိုအသူရိန်နတ်ကား-

ရာဟုဿ ဟိ အတ္တဘာဝေါ မဟာ၊ ဥစ္စတ္တနေန အဋ္ဌယောဇနသတာဓိကာနိ စတ္တာရိ ယောဇနသဟဿာနိ။

ဟူသော သံယုတ်အဋ္ဌကထာနှင့်အညီ အရပ်ကား ယူဇနာ ၄,၈၀၀-ရှိ၏။

တဟန္တရ'မဿ ဒွါဒသယောဇနသတာနိ၊ ဗဟလတ္တေန ဆယောဇနသတာနိ။

ဟူသော သံယုတ်အဋ္ဌကထာနှင့်အညီ လက်ရုံးတဖက်ကား ယူဇနာ ၁၂၀-ရှိ၏။ ထုကား-ယူဇနာ ၆၀၀-ရှိ၏။

"သီသံ နဝယောဇနသတံ"ဟူသော သံယုတ်အဋ္ဌကထာနှင့်အညီ ဦးခေါင်း ယူဇနာ ၉၀၀-ရှိ၏။

"ဘမုကန္တရံ ပန္နရသယောဇနံ"ဟူသော သံယုတ်အဋ္ဌကထာနှင့်အညီ မျက်မှောင်အကြားကား ၁၅-ယူဇနာ ရှိ၏။ မျက်မှောင်အကြား-ဟူသည်ကား မျက်လုံးနှင့် မျက်တောင်အကြားတည်း။

"နလာဋံ တိယောဇနသတံ" သံယုတ်အဋ္ဌကထာနှင့်အညီ နဖူးပြင် ယူဇနာ ၃၀၀-ရှိ၏။

"မုခံ ဒွိယောဇနသတံ"ဟူသော သံယုတ်အဋ္ဌကထာနှင့်အညီ ခံတွင်းကား ယူဇနာ ၂၀၀-ရှိ၏။

"ឃာနံ တိယောဇနသတံ"ဟူသော သံယုတ်အဋ္ဌကထာနှင့်အညီ နှာခေါင်း ယူဇနာ ၃၀၀-ရှိ၏။

"မုခါဓာနံ တိယောဇနသတဂမ္ဘီရံ"ဟူသော အဋ္ဌကထာပါဋ်နှင့်အညီ ခံတွင်းအာစောက်ပေါက်ကား ယူဇနာ ၃၀၀-နက်၏။

"ဟတ္ထပါဒတလာနံ ပုထုလတာ တိယောဇနသတာနိ"ဟူသော ၎င်းအဋ္ဌကထာနှင့်အညီ လက်ဖဝါး, ခြေဖဝါးပြင် ယူဇနာ ၃၀၀-ရှိ၏။

"အင်္ဂုလိပဗ္ဗာနိ ပဏ္ဏာသယောဇနာနိ"ဟူသော ၎င်းအဋ္ဌကထာပါဋ်နှင့်အညီ လက်ဆစ် ယူဇနာ ၅၀-ရှိ၏။ (သံ၊ဋ္ဌ၊၁။၁၀၁)

ထိုပြဆိုအပ်ခဲ့ပြီးသော အဋ္ဌကထာပါဋ်တို့တွင် နောက်သို့သော်လည်း ထွက်၍ သွားရာ၏-ဟူရာ၌ သွားသော နေ,လအဟုန်၏ ထက်သော, လျင်မြန်သော အားရှိသည်၏ အဖြစ်ကြောင့်တည်း-ဟူလို။

ထို့ကြောင့် ဋီကာ၌–

နိက္ခမေယျာတိ ဝေဂသာ တိက္ခသီဃထာမဘာဝတော။

ဟူသော ပါဠိ(သံ၊ဋီ၊၁။၁၄၉)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

နိက္ခမေယျာတိ၊ နိက္ခမေယျ-ဟူသည်ကား။ ဝေဂသာ၊ နေ,လတို့ သွားသော အဟုန်၏။ တိက္ခသီဃထာမဘာဝတော၊ ထက်သော, လျင်မြန်သော အားရှိသည်၏ အဖြစ်ကြောင့်တည်း။

"အာကမိုတွာ ဝါ ဩနမေယျ"ဟူရာ၌ မိမိသွားရာအရပ်သို့ ရှေးရှု ငင်ဆွဲ၍ သွားသော်လည်း သွားရာ၏ဟူလို။ ထို့ကြောင့် ဋီကာ၌–

**"အာကမိုတွာတိ အတ္တနော ဂမနဒိသာဘိမုခံ အာကမိုတွာ"**ဟူသော ပါဠိကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။(သံ၊ဋီ၊၁။၁၄၉)

အာကမိုတွာတိ၊ **အာကမိုတွာ**-ဟူသည်ကား။ အတ္တနော၊ မိမိ၏။ ဂမနဒိသာဘိမုခံ၊ သွားရာအရပ်သို့ ရှေးရှု။ အာကမိုတွာ၊ ငင်၍။

အမိပ္ပါယ်အရ အကျမှာ အကယ်၍ နေ,လတို့၏ အလိုသို့ မလိုက်ဘဲ ဆန့်ကျင်ဘက်ကို ပြုငြားအံ့။ နေသည် အရပ်အဆိုင်း မရှိဘဲ နောက်သို့သော်လည်း ထွက်၍ သွားရာ၏။ ယူဇနာ ၄,၈၀၀-ရှိသော အသူရိန်နတ်သည် နောက်သို့ ညွတ်၍ တရွတ်သော်လည်း ပါရာ၏-ဟူလို။

ဤသို့လာသော ပါဠိ, အဋ္ဌကထာ, ဋီကာစကားကို ထောက်ထားနှိုင်းညှိ ဆင်ခြင်လျှင် **"တေသံ ဂမနဝီထိံ ဩတရိတွာ"**ဟု လာရကား အထက်နတ်ပြည်မှ လာ၍ နေ,လတို့ သွားရာအရပ်၌ တည်လျက် နေ,လတို့ကို ဖမ်းယူသည်-ဟု မှတ်ရာ၏။

ဤပါဠိအရ သဒ္ဒနယအားဖြင့် ဥတ္တရိတွာ-ဟု ဥ-ဟူသော ဥပသာရနှင့် ရှိသော သဒ္ဒါသည် တက်ခြင်းအနက်ကို ဟော၏။ ဩတရိတွာ-ဟု အဝဥပသာရနှင့် ရှိသော သဒ္ဒါသည် သက်ခြင်းအနက်ကို ဟော၏။ များသောအားဖြင့် ဥ-ဟူသော ဥပသာရပုဒ်နှင့် ယှဉ်သော သဒ္ဒါသည် အထက်,အမြတ်-ဟူသော အနက်၌ ဖြစ်၏။ အဝ-ဟူသော ဥပသာရပုဒ်နှင့် ယှဉ်သော သဒ္ဒါသည် အောက်,အယုတ်-ဟူသော အနက်၌ ဖြစ်၏။

ဒုကနိပါတ်၊ ၄-ခုမြောက်သော ဥရဂဇာတ်တွင် ဘုရားလောင်းရသေ့ ရေချိုးရန် မြစ်သို့ ဆင်းသက်ရာ "ဝက္ကလံ ပတိဋ္ဌပေတွာ နဒိံ ဩတရိတွာ နှာယတိ"ဟု လာသည်။

ဂဠုန်,နဂါး ၂-ဦးသားတို့ကို တရားဆုံးမ၍ ရှေ့မှ တက်သွားရာ၌ "ဥဒကေ ဌိတောဝ **အနုမောဒန် ကတွာ ဥတ္တရိတွာ ဝတ္တလံ နိဝါသေတွာ**"ဟု လာသည်။ ဤမှတပါး ဤကဲ့သို့ အရာသည် များစွာပင် ရှိချေ၏။

ဤသို့ သဒ္ဒနယအားဖြင့် အဝ-ရှေးရှိသော တရ-ဓာတ် အနက်သည် အထက်မှ အောက်သို့ သက်ခြင်း၌ ဖြစ်ရကား အထက်နတ်ပြည်မှ လာ၍ နေ,လတို့ နေရာ၌ တည်ပြီးမှ ဖမ်းဆီးသောအရာကို အဋ္ဌကထာ, ဋီကာတို့၌ ထင်ရှားပေရကား မြေကပင် တက်၍ **ဖမ်းဆီးသည်-ဟူသော စကား, မိမိ၏အရိပ်ပင် မိမိကို ကွယ်သည်ဆိုသောစကား မသင့်။**

**ဤတွင်ရွေ့ အသူရိန်နတ် နေ,လတို့ကို ဖမ်းယူသော အရာကို ပြဆိုသော စကားရပ် အပြီးသတ်တည်း။**

ထိုစကားကို အကျယ်သိလိုလျှင် သဂါထာဝဂ္ဂ၊ ဒေဝပုတ္တသံယုတ်ပါဠိ, အဋ္ဌကထာ, ဋီကာ၊ သဒ္ဒနီတိ၊ အဘိဓာနပ္ပဒီပိကာ၊ ရူပသိဒ္ဓိ၊ မောဂ္ဂလာန်၊ တိသနိပါတ်၊ ကုမ္ဘဇာတ် အဋ္ဌကထာတို့မှာ ကြည့်လေ။

မြေဒူးမြို့၊ ရဟန်းရှင်သုဇာတ-က "နေ,လတို့ကို အသူရိန်နတ် ဖမ်းသည်ဆိုသော စကားမှာ မြေကပင် တက်၍ ဖမ်းသည်၊ အထက်ကောင်းကင်မှ လာ၍ ဖမ်းသည်၊ မိမိဗိမာန် ပင် မိမိကို ကွယ်သည်ဆိုသော စကားကို ကွဲပြား၍ ခြားနားသိမှတ်လိုပါသည်"ဟု လျှောက် သောကြောင့် ပါဠိ, အဋ္ဌကထာ, ဋီကာစကားကို ထောက်ထားနှိုင်းညှိ ဆင်ခြင်၍ ၁၂၃၈-ခု၊ တပေါင်းလပြည့်ကျော်၊ ၁၂-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★ ★ ★ ★ ★ ★ ★

# စလင်းမြို့ ဦးသုဒဿန-က သဗ္ဗညုတဉာဏ်တော်နှင့် ဒသဗလဉာဏ်တော်သည် မည်သို့ဖြစ်သည်ကို သိလိုကြောင်းနှင့် လျှောက်ထားချက်

[ ၁၃၅ ]  "ဘုရားတပည့်တော် စလင်းမြို့ ရှင်သုဒဿန လျှောက်ပါသည် ဆရာတော်ဘုရား။

သဗ္ဗညုတဉာဏ်တော်နှင့် ဒသဗလဉာဏ်တော်တို့ ဖြစ်ရာကာလသည် ကွဲပြား၍ အသီးအခြားပင် ဖြစ်ကြသည်, တပြိုင်နက်ပင် ဖြစ်ကြသည်ကို အသေအချာ မသိပါသောကြောင့် အသေအချာ သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့် အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။"

ရှင်ဦးသုဒဿန လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ–

[၁၃၅] သဗ္ဗညုတဉာဏ်တော်နှင့် ဒသဗလဉာဏ်တော်တို့ အသီးအခြားပင် ဖြစ်ကြသည်, တပြိုင်နက်ပင် ဖြစ်ကြသည်ကို မေးလျှောက်သည်မှာ မြတ်စွာဘုရားတို့အား သဗ္ဗညုတဉာဏ်တော်ကိုလည်းကောင်း ဒသဗလဉာဏ်တော်ကိုလည်းကောင်း ရခြင်းငှာ ပြုဖွယ်ကိစ္စ အခြားမရှိ။ သဗ္ဗညုတဉာဏ်တော်ကိုရလျှင် အလုံးစုံသော ဘုရားကိစ္စ-ဟူသမျှသည် ပြည့်စုံခြင်းသို့ ရောက်၏။

ထို့ကြောင့် ပုဂ္ဂလပညတ်၊ ဧကကနိဒ္ဒေသအဋ္ဌကထာ၌–

**ဗုဒ္ဓါနံ သဗ္ဗညုတညာဏဿ စေဝ ဒသဗလညာဏဿ စ အဓိဂမတ္ထာယ(က) အညံ ကာတဗ္ဗံ နာမ နတ္ထိ။**

ဟူသော ပါဠ်(အဘိ၊ဠ၊၃။၄၀)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့အား။ သဗ္ဗညုတညာဏဿ စ၊ သဗ္ဗညုတဉာဏ်တော်ကိုလည်းကောင်း။ ဒသဗလညာဏဿ စ၊ ဒသဗလဉာဏ်တော်ကိုလည်းကောင်း။ အဓိဂမတ္ထာယ၊ ရခြင်းငှာ။ အညံ၊ တပါးသော။ ကာတဗ္ဗံ နာမ၊ ပြုဖွယ်မည်သည်။ နတ္ထိ၊ မရှိ။

ဥပမာကား မိဘ ၂-ပါးစုံတို့မှ ဖြစ်သော ရေမြေသနင်း ပြည့်ရှင်မင်း၏ သားတော်သည် အဘိသိက်ခံယူခြင်းသို့ ရောက်သောကာလမှ စ၍ ခမည်းတော် အစိုးရသော

အာဏာစက်အတွင်း ဤမည်သော တိုင်း, ခရိုင်, နိုင်ငံကို ကြွင်းကျန်သေး၏-ဟု မဆိုရ။ အစိုးရသင့်, ရထိုက်သမျှကို အစိုးရသကဲ့သို့ ထို့အတူ မြတ်စွာဘုရားတို့အားလည်း အရဟတ္တ-မဂ်ဉာဏ်ကို ရသည်နှင့်တပြိုင်နက် အလုံးစုံသော ဘုရားဂုဏ်ကျေးဇူး-ဟူသမျှသည် တဝတည်း ပြည့်စုံခြင်းသို့ ရောက်တော်မူသည်သာတည်း-ဟု မှတ်ရာ၏။ ထို့ကြောင့် ဧင်းပုဂ္ဂလပညတ်၊ ဧကကနိဒ္ဒေသအဋ္ဌကထာ၌-

> ယထာ ပန ဥဘတောသုဇာတဿ ခတ္တိယကုမာရဿ အဘိသေကပ္ပတ္တိတော ပဋ္ဌာယ "ဣဒံ နာမ ဣဿရိယံ အနာဂတ"န္တိ န ဝတ္တဗ္ဗံ၊ သဗ္ဗံ အာဂတမေဝ ဟောတိ၊ ဧဝမေဝ ဗုဒ္ဓါနံ အရဟတ္တမဂ္ဂဿ အာဂမနတော ပဋ္ဌာယ "အယံ နာမ ဂုဏော န အာဂတော န ပဋိဝိဒ္ဓေါ န ပစ္စက္ခော"တိ န ဝတ္တဗ္ဗော၊ သဗ္ဗေပိ သဗ္ဗညုဂုဏာ အာဂတာ ပဋိဝိဒ္ဓါ ပစ္စက္ခကတာဝ ဟောန္တိ။ -

ဟူသော ပါဠ်(အဘိ၊ဋ္ဌ၊၃။၄၀)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ပန၊ ဥပမာဖြင့် ပြအံ့။ ဥဘတောသုဇာတဿ၊ မိဘ ၂-ပါးစုံတို့မှ ဖြစ်သော။ ခတ္တိယကုမာရဿ၊ ရေမြေသနင်း၊ ပြည့်ရှင်မင်း၏၊ သားရင်းဖြစ်သောသူအား။ အဘိသေက-ပတ္တိတော၊ အဘိသိက်သွန်းသောအဖြစ်သို့ ရောက်သည်မှ။ ပဋ္ဌာယ၊ စ၍။ ဣမံ နာမ၊ ဤမည်သော တိုင်း, ခရိုင်, နိုင်ငံ, မြို့, ရွာကို။ ဣဿရိယံ၊ အစိုးရသော အဖြစ်သို့။ အနာဂတံ၊ မရောက်သေး။ ဣတိ၊ ဤသို့။ န ဝတ္တဗ္ဗံ၊ မဆိုအပ်။ သဗ္ဗံ၊ အလုံးစုံသော တိုင်း, ခရိုင်,နိုင်ငံ, မြို့, ရွာသည်။ အာဂတမေဝ၊ ရောက်လာသည်သာလျှင်။ ဟောတိယထာ၊ ဖြစ်သကဲ့သို့။ ဧဝမေဝ၊ ဤအတူလည်းကောင်းလျှင်။ ဗုဒ္ဓါနံ၊ မြတ်စွာဘုရားတို့အား။ အရဟတ္တမဂ္ဂဿ၊ အရဟတ္တမဂ်ဉာဏ်တော်၏။ အာဂမနတော၊ ရောက်လာတော်မူသောအခါမှ။ ပဋ္ဌာယ၊ စ၍။ အယံ နာမ ဂုဏော၊ ဤမည်သော ဘုရားဂုဏ်ကျေးဇူးတော်သည်။ န အာဂတော၊ မလာမရောက်သေး။ အယံ နာမ ဂုဏော၊ ဤမည်သော ဘုရားဂုဏ်ကျေးဇူးကို။ န ပဋိဝိဒ္ဓေါ၊ ထိုးထွင်း၍ မသိအပ်။ အယံ နာမ ဂုဏော၊ ဤမည်သော ဘုရားဂုဏ်ကျေးဇူးကို။ န ပစ္စက္ခော၊ မျက်မှောက် မပြုအပ်။ ဣတိ၊ ဤသို့။ န ဝတ္တဗ္ဗော၊ မဆိုအပ်။ သဗ္ဗေပိ သဗ္ဗညု-ဂုဏာ၊ အလုံးစုံသော ဘုရားဂုဏ်ကျေးဇူးတော်တို့သည်။ အာဂတာ၊ လာကုန်၏။ သဗ္ဗေပိ သဗ္ဗညုဂုဏာ၊ အလုံးစုံသော ဘုရားကျေးဇူးတော်တို့ကို။ ပဋိဝိဒ္ဓါ၊ ထိုးထွင်း၍ သိအပ်ကုန်၏။ သဗ္ဗေပိ သဗ္ဗညုဂုဏာ၊ အလုံးစုံသော ဘုရားကျေးဇူးတော်တို့ကို။ ပစ္စက္ခကတာဝ၊ မျက်မှောက်ပြုတော်မူအပ်ကုန်သည်သာလျှင်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဤသို့ အဋ္ဌကထာ လာသောကြောင့် ရတနာပလ္လင် ဗောဓိပင်၌ အရဟတ္တမဂ်ဉာဏ် တော်ကို ရသည်နှင့် တပြိုင်နက် သဗ္ဗညုတဉာဏ်-အစရှိသော အလုံးစုံသော ဘုရားဂုဏ်

ကျေးဇူး-ဟူသမျှကို အကြွင်းအကျန် မရှိ၊ အပူဇွ အစရိမ တပြိုင်နက် ရတော်မူသည်-ဟု မှတ်ရာ၏။ ထိုစကားရပ်ကို အကျယ်သိလိုလျှင် ပုဂ္ဂလပညတ်အဋ္ဌကထာမှာ ကြည့်လေ။

စလင်းမြို့ ရှင်သုဒဿန-က "သဗ္ဗညုတဉာဏ်တော်နှင့် ဒသဗလဉာဏ်တော်တို့ ဖြစ်ရာကာလသည် ကွဲပြား၍ အသီးအခြားပင် ဖြစ်ကြမည်၊ တပြိုင်နက်ပင် ဖြစ်ကြမည်ကို အသေအချာ သိလိုပါကြောင်း"နှင့် လျှောက်သောကြောင့် ကျမ်းဂန်ပါဠိ ရှိသည့်အလာ ဒေသနာနယကို ထုတ်ဆောင်၍ ၁၂၃၈-ခု၊ တပေါင်းလပြည့်ကျော် ၁၄-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိမ်မြို့ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## တရားသူကြီး မဟာမင်းထင်စည်သူ-က သမ္ဗပ္ပလာပစေတနာ-စသည်တို့ကို မေးလျှောက်ချက်

[ ၁၃၆ ] "ဘုရားတပည့်တော် တရားသူကြီး မဟာမင်းထင်စည်သူ လျှောက်ပါသည် ဆရာတော်ဘုရား။

(၁) သမ္ဗပ္ပလာပစေတနာသည်လည်းကောင်း ဗျာပါဒစေတနာသည်လည်းကောင်း အပါယ်ပဋိသန္ဓေ ပေးနိုင်မည်, မပေးနိုင်မည်ကိုလည်း သိလိုပါသည်။

(၂) ကမ္မပိလောတိက ၁၂-ပါးတွင် ၉-ပါးသော ဝတ္ထု၌ ဆိုသည်မှာ 'ငရဲ၌ ကျက်ပြီးမှ အကျိုးကြွင်းဖြင့် မည်ကဲ့သို့ ခံရမည်'-ဟု ဆိုပါသည်။ ၃-ပါးသောဝတ္ထုမှာ ငရဲ၌ ကျက်သည်-ဟူ၍ မဆိုပါ။ 'ပဝတ္တိအခါ၌သာ ခေါင်းတော်ခဲရခြင်း, ခါးတော်နာရခြင်း'-ဟု ဆိုပါသည်။ အပဒါန်ပါဠိတော်, အဋ္ဌကထာ, ဋီကာကျမ်း ၃-ရပ်၌ မည်ကဲ့သို့ ထွက်ဆိုရှိမည်ကို ပါဠိ,အနက်အဓိပ္ပါယ်နှင့်တကွ သိလိုပါကြောင်း။

(၃) ကျောင်းကိုလည်းကောင်း ဥပုသ်အိမ်, သိမ်-အစရှိသည်ကိုလည်းကောင်း စတုဒိသာသံဃာအား လှူပါ၏-ဟု ရေစက်သွန်းချ လှူဒါန်းရာ သာမဏေတို့သည် ပါဝင်မည်, မပါဝင်မည်၊ အလှူဝတ္ထုကို သာမဏေတို့ ဆိုင်ပိုင်မည်, မဆိုင်ပိုင်မည်။

(၄) *[၁]တစ်ရပ်လည်း တောကျေးရွာမှာ မသာအသုဘတို့၌ ဖျင်တစ်စင်း-အစရှိသည်ဖြင့် အင်အားအလျောက် ကျောင်းရှိ သံဃာကို ရည်၍ လှူဒါန်းသည့်အရာ၊

*[၂]စာရေးတံဆွမ်းကို ကျောင်းသံဃာအား လှူဒါန်းသည့်အရာများ၌လည်း သာမဏေတို့ကို ခွဲဝေသုံးဆောင်ထိုက်သည်၊ ဥပသမ္ပဒရဟန်းတို့သာ သုံးဆောင်ထိုက်သည် ဖြစ်မည်။

(၅) တစ်ရပ်လည်း စတုဒိသာသံဃာကို ရည်၍ သစ်-အစရှိသည်ကို စုရုံးစဉ်ကာလက စ၍ ပုဗ္ဗ, မုဉ္စ, ပရစေတနာ ၃-တန်နှင့်အညီ ကျောင်းဆောက်လုပ် ရေစက်သွန်းချ လှူဒါန်းပြီးနောက် ထိုကျောင်း၌ မည်သည့်သံဃာမဆို သီတင်းသုံးသည်ကို ကျောင်းဒါယကာ မနှစ်သက်၍ ကျောင်းတင်မည်, ကျောင်းအပ်မည် ရည်ရွယ်ရင်း သံဃာတော် သီတင်းသုံးသည်ကိုသာ နှစ်သက်၍ ထိုရည်ရွယ်ရင်း ရဟန်းမြတ်ကိုသာ ကျောင်းတင်သည်, ကျောင်းအပ်သည်များမှာ သံဃိကယောင်ယောင်, ပုဂ္ဂလိကယောင်ယောင် ထွေးယှက်ရှိပါသည်။ သံဃိကအလှူ ဆိုသင့်မည်, ပုဂ္ဂလိကအလှူ ဆိုသင့်မည်များကို ခိုင်ခိုင်မာမာ သိမှတ်ပါရအောင် ဟောကြားပြသ မ-စ အမိန့်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား"။

ဧင်းတရားသူကြီးလျှောက်ထားချက်အရ အဖြေဝိသဇ္ဇနာ–

[ ၁၃၆ ] (၁) သမ္ဖပ္ပလာပစေတနာသည်လည်းကောင်း ဗျာပါဒစေတနာသည်လည်းကောင်း အပါယ်ပဋိသန္ဓေ ပေးနိုင်မည်, မပေးနိုင်မည်ကို သိလိုပါသည်-ဟု လျှောက်သည်မှာ–

သမ္ဖပ္ပလာပ, ဗျာပါဒတို့သည်–

- အင်္ဂါပြည့်စုံသောအရာတို့၌ ဒုစရိုက်လည်း မည်၏၊ ကမ္မပထလည်း မည်၏။
- အင်္ဂါမပြည့်စုံသောအရာတို့၌ ဒုစရိုက်သာ မည်သည်၊ ကမ္မပထ မမည်။

တစ်နည်း အင်္ဂါပြည့်စုံသောအရာတို့၌ ကံလည်း မည်၏၊ ကမ္မပထလည်း မည်၏။ အင်္ဂါမပြည့်စုံသော အရာတို့၌ ကံသာ မည်သည်။ ကမ္မပထ မမည်။ ဤသို့ အထူးကို သိရာ၏။

သမ္ဖပ္ပလာပသည် ကာယဒွါရ, ဝစီဒွါရ ၂-ပါးတို့၌ ဖြစ်၏၊ မနောဒွါရ၌ မဖြစ်။ ဗျာပါဒသည် ကာယဒွါရ, ဝစီဒွါရ,မနောဒွါရ ၃-ပါးလုံး၌ပင် ဖြစ်၏။ ဤသို့လည်း အထူးမှတ်။

ထိုသမ္ဖပ္ပလာပ, ဗျာပါဒ ၂-ပါးတို့၏ ကမ္မပထဖြစ်ဟန်ကို ဤသို့ မှတ်ရာ၏။

- သမ္ဖပ္ပလာပသည် ဘာရတယုဒ္ဓ သီတာဟရဏ-စသော နိရတ္ထကကထာကို ရှေးရှုသည် အင်္ဂါ ၁-ပါး၊

- ထိုသို့သဘောရှိသော နိရတ္ထကကထာကို ပြောဆိုသည် အင်္ဂါ ၁-ပါး။ ဤအင်္ဂါ ၂-ပါးတို့နှင့် ပြည့်စုံလျှင် ကမ္မပထ မြောက်၏။

ထို့ကြောင့် ဓမ္မသင်္ဂဏီအဋ္ဌကထာ၌-

**တဿ ဒွေ သမ္ဘာရာ ဟောန္တိ၊ ဘာရတယုဒ္ဓသီတာဟရဏာဒိနိရတ္ထကကထာ-ပုရေက္ခာရတာ, တထာရူပိကထာကထနဉ္စ။**

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။ (အဘိ၊ဋ္ဌ၊၁။၁၄၃)

ဘာရတယုဒ္ဓသီတာဟရဏာဒိနိရတ္ထကကထာပုရေက္ခာရတာ၊ ဘာရတမင်းတို့၏ စစ်ထိုးခြင်း, သီတာမိဖုရားကို ဒသဂီရိဆောင်ခြင်း-စသော အကျိုးမရှိသောစကားကို ရှေးရှုသည်၏အဖြစ်လည်းကောင်း။ တထာရူပိကထာကထနဉ္စ၊ ထိုသို့သဘောရှိသော စကားကို ပြောဆိုခြင်းလည်းကောင်း။ ဣတိ၊ သို့။ တဿ၊ ထိုသမ္ဖပ္ပလာပ၏။ ဒွေ၊ ၂-ပါးကုန်သော။ သမ္ဘာရာ၊ အင်္ဂါတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ထိုအင်္ဂါ ၂-ပါးပင် ပြည့်စုံသော်လည်း အကျိုးမရှိ ပြောဆိုသော စကားကို သူတပါး ယူမှသာ သမ္ဖပ္ပလာပကမ္မပထ မြောက်သည်။ သူတပါး မယူသော် ကမ္မပထ မမြောက်။ ထို့ကြောင့် ဓမ္မသင်္ဂဏီအဋ္ဌကထာ(အဘိ၊ဋ္ဌ၊၁။၁၄၃)၌-

**ပရေ ပန တံ ကထံ အဂ္ဂဏှန္တေ ကမ္မပထဘေဒေါ နတ္ထိ၊ ပရေန သမ္ဖပ္ပလာပေ ဂဟိတေယေဝ ဟောတိ။**

ဟူသောပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ပရေ၊ သူတပါးသည်။ တံ ကထံ၊ ထိုစကားကို။ အဂ္ဂဏှန္တေ ပန၊ မယူသော်ကား။ ကမ္မပထဘေဒေါ၊ ကမ္မပထအပြားသည်။ နတ္ထိ၊ မရှိ။ ပရေန၊ သူတပါးသည်ကား။ သမ္ဖပ္ပ-လာပေ၊ သမ္ဖပ္ပလာပကို။ ဂဟိတေယေဝ၊ ယူသော်သာလျှင်။ ကမ္မပထဘေဒေါ၊ ကမ္မပထ အပြားသည်။ ဟောတိ၊ ဖြစ်၏။

မရဏာဓိပ္ပါယရှိသော ဝဓကစေတနာနှင့်တကွသော ဒေါသ, စီးပွါးချမ်းသာကို ပျက်စီးစေလိုသော ဘေဒနာဓိပ္ပါယနှင့် တကွသော ဒေါသသည် ဗျာပါဒ မည်၏။ ထိုဗျာပါဒသည် သတ္တဝါတို့ကို ပျက်စီးစေခြင်း, စိတ်ပြစ်မှားခြင်းလက္ခဏာ ရှိ၏။ သတ္တဝါတို့ကိုသာလျှင် အာရုံပြု၍ ဖြစ်၏။ ဤသို့ ဗျာပါဒ၏ အင်္ဂါ ၂-ပါး။ ထို့ကြောင့် ဓမ္မသင်္ဂဏီအဋ္ဌကထာ၌-

တဿ ဒွေ သမ္ဘာရာ ပရသတ္တော စ တဿ စ ဝိနာသစိန္တာ။

ဟူသော ပါဠ်(အဘိ၊ဋ္ဌ၊၁။၁၄၄)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ပရသတ္တော၊ တပါးသော သတ္တဝါလည်းကောင်း။ တဿ၊ ထိုတပါးသော သတ္တဝါကို။ ဝိနာသစိန္တာ၊ ပျက်စီးကြောင်းကို ကြံခြင်းလည်းကောင်း။ ဣတိ၊ ဤသို့။ တဿ၊ ထိုဗျာပါဒ၏။ ဒွေ၊ ၂-ပါးကုန်သော။ သမ္ဘာရာ၊ အင်္ဂါတို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။

ဤအင်္ဂါ ၂-ပါး ပြည့်စုံလျှင် ဗျာပါဒကမ္မပထ မြောက်၏။ မရဏာဓိပ္ပါယရှိ၍ စိတ်၏ ပြစ်မှားခြင်း ဖြစ်လတ်သော် ဗျာပါဒ ဖြစ်သည်သာတည်း။

ထို့ကြောင့် သီလက္ခန္ဓဝဂ္ဂဋီကာ(ဒီ၊ဋီ၊၁။၁၂၁)၌-

**မရဏာဓိပ္ပါယေန ဟိ စိတ္တကောပေ သတိ ဗျာပါဒေါ ယေဝ ဟောတိ။**

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဟိ သစ္စံ၊ မှန်၏။ မရဏာဓိပ္ပါယေန၊ သေခြင်း၌ အလိုရှိသဖြင့်။ စိတ္တကောပေ၊ စိတ်ပြစ်မှားခြင်းသည်။ သတိ၊ ရှိသော်။ ဗျာပါဒေါ ယေဝ၊ ဗျာပါဒသည်သာလျှင်။ ဟောတိ၊ ဖြစ်၏။

မြတ်စွာဘုရား ဂိဇ္ဈကုဋ်တောင်တွင် သီတင်းသုံးနေတော်မူသောအခါ ဒေဝဒတ်သည် ဘုရားကို သေစေလိုသော မရဏာဓိပ္ပါယဖြင့် ကျောက်ဖြင့် ပစ်ခတ်၍ ခြေမတော်မှ သွေးစိမ်းတည်စေသော လောဟိတုပ္ပါဒကို ဖြစ်စေသောအရာ၌ ဗျာပါဒ၏ ကမ္မပထအဖြစ်သည် အလွန်ထင်ရှား၏။

ထို့ကြောင့် ဝိဘင်းပါဠိတော်(၃၄၉)၌-

**ပဒုဋ္ဌေန စိတ္တေန တထာဂတဿ လောဟိတံ ဥပ္ပါဒေယျ။**

ဟူ၍ ဟောတော်မူသည်။

ပဒုဋ္ဌေန စိတ္တေန၊ ပြစ်မှားလိုသော စိတ်ဖြင့်။ တထာဂတဿ၊ မြတ်စွာဘုရားအား။ လောဟိတံ၊ သွေးကို။ ဥပ္ပါဒေယျ၊ ဖြစ်စေငြားအံ့။

ထိုပါဠိတော်၏အရကို ပြတော်မူလိုသော သမ္မောဟဝိနောဒနီအဋ္ဌကထာဆရာသည်-

**ပဒုဋ္ဌေန စိတ္တေနာတိ ဒေါသသမ္ပယုတ္တေန ဝဓကစိတ္တေန။ -**

ဟူသော ပါဌ်(အဘိ၊ဋ္ဌ၊၂။၄၀၆)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ပဒုဋ္ဌေန စိတ္တေနာတိ၊ ပဒုဋ္ဌေန စိတ္တေန-ဟူသည်ကား။ ဒေါသသမ္ပယုတ္တေန၊ ဒေါသနှင့် ယှဉ်သော။ ဝဓကစိတ္တေန၊ သေစေလိုသောစိတ်ဖြင့်။

စီးပွါးချမ်းသာကို ဖျက်ဆီးကြောင်းဖြစ်သော ဒေါသသည် ကမ္မပထ မြောက်၏။ ထို့ကြောင့် အဘိဓမ္မတ္ထဝိဘာဝိနီမည်သော သုမင်္ဂလသာမိဋီကာ(၁၇၄)၌-

**ဗျာပဇ္ဇတိ ဟိတသုခံ ဧတေနာ'တိ ဗျာပါဒေါ။**

ဟု ဗျာပါဒ၏အရ ဝစနတ္ထကို ပြသည်။

ဧတေန ဒေါသေန၊ ထိုဒေါသဖြင့်။ ဟိတသုခံ၊ စီးပွါးချမ်းသာကို။ ဗျာပဇ္ဇတိ၊ ဖျက်ဆီးတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော ဒေါသော၊ ထိုဒေါသသည်။ ဗျာပါဒေါ၊ ဗျာပါဒ မည်၏။

ထိုဗျာပါဒမနောကံသည် ကမ္မပထမြောက်လျှင် ကုသိုလ်ကမ္မပထကို ဖျက်ဆီးတတ်၏။ ထို့ကြောင့် အဘိဓမ္မတ္ထဝိဘာဝိနီဋီကာ၌-

**ဗျာပါဒေါ ပန သတ္တေသု ဥပ္ပန္နေ ယေဝ ကမ္မပထံ ဘိန္ဒတိ။**

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ဗျာပါဒေါ ပန၊ ဗျာပါဒသည်ကား။ သတ္တေသု၊ သတ္တဝါတို့၌။ ဥပ္ပန္နေယေဝ၊ ဖြစ်သော် သာလျှင်။ ကမ္မပထံ၊ ကုသိုလ်ကမ္မပထကို။ ဘိန္ဒတိ၊ ဖျက်ဆီး၏။

အင်္ဂါပြည့်စုံ၍ ပဋိသန္ဓေကို ပေးနိုင်သော ကံကို ကမ္မပထ-ဟု ဆိုသည်။ ထို့ကြောင့် ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၌-

**ကမ္မမေဝ ပဋိသန္ဓိယာ ပထဘာဝတော ကမ္မပထောတိ ဝုတ္တံ။ -**

ဟူသော ပါဠ်(အနုဋီ၊၁။၉၀-ကြည့်။)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

ကမ္မမေဝ၊ ကံကိုသာလျှင်။ ပဋိသန္ဓိယာ၊ ပဋိသန္ဓေ၏။ ပထဘာဝတော၊ အကြောင်း ၏အဖြစ်ကြောင့်။ ကမ္မပထောတိ၊ ကမ္မပထ-ဟူ၍။ ဝုတ္တံ၊ ဆိုအပ်၏။

ထိုသမ္ဖပ္ပလာပ, ဗျာပါဒ ၂-ပါးတို့တွင် သမ္ဖပ္ပလာပ၌-

- မိမိကိုယ်တိုင် ပြောဆိုသော သာဟတ္ထိက၊
- သူတပါးတို့ကို ပြောဆိုစေသော အာဏတ္တိက၊
- သူတပါးတို့ ပြောဆိုသည်ကို ဝမ်းမြောက်သော သမနုညာ၊
- သူတပါးတို့ ပြောဆိုသည်ကို ချီးမွမ်းသော ပသံသ—

ဟူ၍ ဒုစရိုက် ၄-ပါး ဖြစ်၏။

ထို့ကြောင့် မြတ်စွာဘုရားသည် စတုက္ကနိပါတ်၊ အင်္ဂုတ္တိုရ်ပါဠိတော်၌-

**စတူဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ယထာဘတံ နိက္ခိတ္တော ဧဝံ နိရယေ။ ကတမေဟိ စတူဟိ? အတ္တနာ စ သမ္ဖပ္ပလာပီ ဟောတိ၊ ပရဉ္စ သမ္ဖပ္ပ-လာပေ သမာဒပေတိ၊ သမ္ဖပ္ပလာပေစ သမနုညော ဟောတိ၊ သမ္ဖပ္ပလာပဿ စ ဝဏ္ဏံ ဘာသတိ။ ဣမေဟိ ခေါ ဘိက္ခဝေ စတူဟိ ဓမ္မေဟိ သမန္နာဂတော ယထာဘတံ နိက္ခိတ္တော။ ဧဝံ နိရယေ။**

(အံ၊၁၊၅၇၈)ဟူ၍ ဟောတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ စတူဟိ၊ ၄-ပါးကုန်သော။ အင်္ဂေဟိ၊ အင်္ဂါတို့နှင့်။ သမန္နာ-ဂတော၊ ပြည့်စုံသောသူသည်။ အာဘတံ၊ ထမ်းပိုးရွက်ဆောင်ခဲ့သော ဝန်ကို။ နိက္ခိတ္တော ယထာ၊ ချလိုက်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ နိရယေ၊ ငရဲ၌။ နိက္ခိတ္တော၊ ကျလေ၏။ ကတမေဟိ စတူဟိ၊ အဘယ် ၄-ပါးကုန်သော အင်္ဂါတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော သူသည်။ အာဘတံ၊ ထမ်းပိုးရွက်ဆောင်ခဲ့သော ဝန်ကို။ နိက္ခိတ္တော ယထာ၊ ချလိုက်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ နိရယေ၊ ငရဲ၌။ နိက္ခိတ္တော၊ ကျလေသနည်း?

အတ္တနာ စ၊ မိမိသည်လည်း။ သမ္ဖပ္ပလာပီ၊ အကျိုးမရှိ နိရတ္ထကကထာကို ပြောဆို လေ့ရှိသည်။ ဟောတိ၊ ဖြစ်၏။ ပရေ စ၊ သူတပါးတို့ကိုလည်း။ သမ္ဖပ္ပလာပေ၊ အကျိုးမရှိ နိရတ္ထကကထာကို ပြောဆိုခြင်း၌။ သမာဒပေတိ၊ ဆောက်တည်စေ၏။ သမ္ဖပ္ပလာပေ စ၊ အကျိုးမရှိ နိရတ္ထကကထာကို ပြောဆိုခြင်း၌လည်း။ သမနုညော၊ ဝမ်းမြောက်သည်။ ဟောတိ၊ ဖြစ်၏။ သမ္ဖပ္ပလာပဿ၊ အကျိုးမရှိ နိရတ္ထကကထာကို ပြောဆိုခြင်း၏။ ဝဏ္ဏံ၊ ကျေးဇူးကို။ ဘာသတိ၊ ဆို၏။ ဘိက္ခဝေ၊ ရဟန်းတို့။ ဣမေဟိ စတူဟိ အင်္ဂေဟိ၊ ဤအင်္ဂါ ၄-ပါးတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသောသူသည်။ အာဘတံ၊ ထမ်းပိုးရွက်ဆောင်ခဲ့သော ဝန်ကို။ နိက္ခိတ္တော ယထာ၊ ချလိုက်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ နိရယေ၊ ငရဲ၌။ နိက္ခိတ္တော၊ ကျလေ၏။

ဗျာပါဒသည်လည်း-

- မိမိကိုယ်တိုင် မရဏာဓိပ္ပါယ, ဝိနာသနစိတ္တာကို ဖြစ်စေသော သာဟတ္ထိက၊
- သူတပါးတို့ကို တိုက်တွန်းသော အာဏတ္တိက၊
- သူတပါးတို့ ဖြစ်စေသည်ကို ဝမ်းမြောက်သော သမနုည၊
- သူတပါးတို့ ဖြစ်စေသည်ကို ချီးမွမ်းသော ပသံသ-

ဟူ၍ ဒုစရိုက် ၄-ပါး ဖြစ်၏။

ထို့ကြောင့် မြတ်စွာဘုရားသည် စတုက္ကနိပါတ်၊ အင်္ဂုတ္တိုရ်ပါဠိတော်(အံ၊၁။၅၇၈)၌-

**စတူဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ယထာဘတံ နိက္ခိတ္တော ဧဝံ နိရယေ။ ကတမေဟိ စတူဟိ?**

**အတ္တနာ စ ပါဏာတိပါတီ ဟောတိ၊ ပရဉ္စ ပါဏာတိပါတေ သမာဒပေတိ။ ပါဏာတိပါတေ စ သမနုညော ဟောတိ၊ ပါဏာတိပါတဿ စ ဝဏ္ဏံ ဘာသတိ။**

**ဣမေဟိ ခေါ ဘိက္ခဝေ စတူဟိ ဓမ္မေဟိ သမန္နာဂတော ယထာဘတံ နိက္ခိတ္တော ဧဝံ နိရယေ။**

ဟူ၍ ဟောတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ စတူဟိ၊ ၄-ပါးကုန်သော။ အင်္ဂေဟိ၊ အင်္ဂါတို့နှင့်။ သမန္နာ-ဂတော၊ ပြည့်စုံသောသူသည်။ အာဘတံ၊ ထမ်းပိုးရွက်ဆောင်ခဲ့သော ဝန်ကို။ နိက္ခိတ္တော ယထာ၊ ချလိုက်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ နိရယေ၊ ငရဲ၌။ နိက္ခိတ္တော၊ ကျလေ၏။ ကတမေဟိ စတူဟိ အင်္ဂေဟိ၊ အဘယ် အင်္ဂါ ၄-ပါးတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသော သူသည်။ အာဘတံ၊ ထမ်းပိုးရွက်ဆောင်ခဲ့သော ဝန်ကို။ နိက္ခိတ္တော ယထာ၊ ချလိုက်သကဲ့သို့။ နိရယေ၊ ငရဲ၌။ နိက္ခိတ္တော၊ ကျလေသနည်း?

အတ္တနာ စ၊ မိမိသည်လည်း။ ပါဏာတိပါတီ၊ သတ္တဝါတို့ကို ပျက်စီးစေလိုသော စိတ်ရှိသည်။ ဟောတိ၊ ဖြစ်၏။ ပရဉ္စ၊ သူတပါးကိုလည်း။ ပါဏာတိပါတေ၊ သတ္တဝါကို ပျက်စီးစေလို သော စိတ်ရှိခြင်း၌။ သမာဒပေတိ၊ ဆောက်တည်စေ၏။ ပါဏာတိပါတေ၊ ပျက်စီးလိုသော စိတ်ရှိ ခြင်း၌။ သမနုညော၊ ဝမ်းမြောက်သည်။ ဟောတိ၊ ဖြစ်၏။ ပါဏာတိပါတဿ စ၊ သတ္တဝါကို ပျက်စီးစေလိုသော စိတ်ရှိခြင်း၏။ ဝဏ္ဏံ၊ ကျေးဇူးကို။ ဘာသတိ၊ ဆို၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဣမေဟိ စတူဟိ အင်္ဂေဟိ၊ ဤအင်္ဂါ ၄-ပါးတို့နှင့်။ သမန္နာ-ဂတော၊ ပြည့်စုံသောသူသည်။ အာဘတံ၊ ထမ်းပိုးရွက်ဆောင်ခဲ့သော ဝန်ကို။ နိက္ခိတ္တော ယထာ၊ ချလိုက်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ နိရယေ၊ ငရဲ၌။ နိက္ခိတ္တော၊ ကျလေ၏။

ဤသို့ မြတ်စွာဘုရားသည် အကုသိုလ်အရာ၌ ဒုစရိုက်ကိုသာ ဟောတော်မူသည်။ ထိုသို့ ဟောတော်မူသော်လည်း အသီးအသီး အင်္ဂါနှင့် ပြည့်စုံမှ ကမ္မပထဖြစ်ကြောင်းကို အဋ္ဌကထာဆရာတို့ ဆုံးဖြတ်တော်မူကုန်၏။

ဤသမ္မပ္ပဓာနပ, ပါဏာတိပါတ၌ ဒုစရိုက် ၄-ပါးစီ ဟောတော်မူသကဲ့သို့ပင် ပါဏာတိ-ပါတ-စသည်တို့၌လည်း ဒုစရိုက် ၄-ပါးစီ ဟောတော်မူသောကြောင့် ဒုစရိုက် ၄၀-ဖြစ်၏။

ဒသကနိပါတ်၊ အင်္ဂုတ္တိုရ်ပါဠိတော်၌ကား ဒုစရိုက် ၁၀-ပါးကို အစဉ်မပျက် သာဟတ္ထိက ၁၀-ပါး, အာဏတ္တိက ၁၀-ပါး, သမနုည ၁၀-ပါး, ဝဏ္ဏဘာသန ၁၀-ပါးတို့ကို လောင်းစွက်၍-

ဒသဟိ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ယထာဘတံ နိက္ခိတ္တော ဧဝံ နိရယေ။

ဝီသတိယာ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ယထာဘတံ နိက္ခိတ္တော ဧဝံ နိရယေ။

တိံသာယ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ယထာဘတံ နိက္ခိတ္တော ဧဝံ နိရယေ။

စတ္တာလီသာယ ဘိက္ခဝေ ဓမ္မေဟိ သမန္နာဂတော ယထာဘတံ နိက္ခိတ္တော ဧဝံ နိရယေ။

(အံ၊၃။၅၀၇-၉)ဟု ဟောတော်မူသည်။

ဘိက္ခဝေ၊ ရဟန်းတို့။ ဒသတိ၊ ၁၀-ပါးကုန်သော။ ဓမ္မေဟိ၊ တရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသောသူသည်။ အာဘတံ၊ ထမ်းပိုးရွက်ဆောင်ခဲ့သော ဝန်ကို။ နိက္ခိတ္တော ယထာ၊ ချလိုက်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ နိရယေ၊ ငရဲ၌။ နိက္ခိတ္တော၊ ကျလေ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ ဝီသတိယာ၊ ၂၀-သော။ ဓမ္မေဟိ၊ တရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသောသူသည်။ အာဘတံ၊ ထမ်းပိုးရွက်ဆောင်ခဲ့သော ဝန်ကို။ နိက္ခိတ္တော ယထာ၊ ချလိုက်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ နိရယေ၊ ငရဲ၌။ နိက္ခိတ္တော၊ ကျလေ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ တိံသတိယာ၊ ၃၀-သော။ ဓမ္မေဟိ၊ တရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသောသူသည်။ အာဘတံ၊ ထမ်းပိုးရွက်ဆောင်ခဲ့သော ဝန်ကို။ နိက္ခိတ္တော ယထာ၊ ချလိုက်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ နိရယေ၊ ငရဲ၌။ နိက္ခိတ္တော၊ ကျလေ၏။

ဘိက္ခဝေ၊ ရဟန်းတို့။ စတ္တာလီသာယ၊ ၄၀-သော။ ဓမ္မေဟိ၊ တရားတို့နှင့်။ သမန္နာဂတော၊ ပြည့်စုံသောသူသည်။ အာဘတံ၊ ထမ်းပိုးရွက်ဆောင်ခဲ့သော ဝန်ကို။ နိက္ခိတ္တော ယထာ၊ ချလိုက်သကဲ့သို့။ ဧဝံ တထာ၊ ထို့အတူ။ နိရယေ၊ ငရဲ၌။ နိက္ခိတ္တော၊ ကျလေ၏။

ဝီသတိယာ၊ တိံသတိယာ၊ စတ္တာလီသာယ-ပုဒ်များ၌ အများဖြစ်လျက် ဝီသတိယာ စသည်ဖြင့် ဧကဝုစ်နှင့်သာ ဟောတော်မူသည့်အရာကား နိယတဏ္ဍတ္တိလိင်တည်း။

တပါးသော သုတ္တန်ဒေသနာ, တပါးသော အရဌာန, ပိတမလ္လကပဌာ-စသည် တို့၌လည်း "စတ္တာလီသာယ ကမ္မဌာနေသု အတ္တနော စရိယာနုကူလံ ကမ္မဌာနံ ဂဟေတွာ" စသည်ဖြင့် လာသည်။

ထိုပါဠိတော်မြွက်ပါဠ်ဝယ် အဓိပ္ပါယ်သော်ကား–

- ၁၀-ပါးသော ဒုစရိုက်တရားတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ၁၀-စင်းသော တက်တို့ဖြင့် ပြင်းထန်စွာစီးသော ရေအလျဉ်၌ ဆောလျင်စွာ ပုတ်ခတ်၍ စုန်ဆင်းသော လှေကဲ့သို့ အဆောတလျင် ငရဲသို့ ရောက်ရာ၏။
- ၂၀-သော ဒုစရိုက်တရားတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ၂၀-သော တက်တို့ဖြင့် ပြင်းထန်စွာစီးသော ရေအလျဉ်၌ ဆောလျင်စွာ ခတ်၍ စုန်သော လှေကဲ့သို့ ထို့ထက်လွန်စွာ အဆောတလျင် ငရဲသို့ ရောက်ရာ၏။
- ၃၀-သော ဒုစရိုက်တရားတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ၃၀-သော တက်တို့ဖြင့် ပြင်းထန်စွာစီးသော ရေအလျဉ်၌ ဆောလျင်စွာ ခတ်၍ စုန်သော လှေကဲ့သို့ ထို့ထက်လွန်စွာ အဆောတလျင် ငရဲသို့ ရောက်ရာ၏။
- ၄၀-သော ဒုစရိုက်တရားတို့နှင့် ပြည့်စုံသော ပုဂ္ဂိုလ်သည် ၄၀-သော တက်တို့ဖြင့် ပြင်းထန်စွာစီးသော ရေအလျဉ်၌ ဆောလျင်စွာ ခတ်၍ စုန်သော လှေကဲ့သို့ ထို့ထက်လွန်စွာ အဆောတလျင် ငရဲသို့ ရောက်ရာ၏။

ဟူ၍ ဟောတော်မူသည်။

**ဤတွင် သမ္မပ္ပဓာနပစေတနာ, ဗျာပါဒစေတနာတို့၏ အပါယ်ပဋိသန္ဓေကို ပေးနိုင်မည်, မပေးနိုင်မည်ကို ပြဆိုသောစကားရပ် အပြီးသတ်တည်း။**

(၂) ကမ္မဝိပါကကထာ ၁၂-ပါးတို့တွင် ၉-ပါးသောဝတ္ထု၌ ဆိုသည်မှာ ငရဲ၌ ကျက်ပြီးမှ အကျိုးကြွင်း မည်ကဲ့သို့ ခံရသည် ဆိုပါသည်။ ၃-ပါးသောဝတ္ထုမှာ ငရဲ၌ ကျက်သည်-ဟူ၍ မဆိုပါ။ ပဝတ္တိအခါ၌သာ ခေါင်းတော်ခဲရခြင်း, ခါးတော်နာရခြင်း-ဟု ဆိုပါသည်။ ပါဠိ,အဋ္ဌကထာ မည်သို့ ထွက်ရှိမည်ကို မေးလျှောက်သည်မှာ ဒုက္ကရစရိယာ ၆-နှစ် ကျင့်တော်မူရခြင်း-အစ, ဝမ်းတော်လားရခြင်း-အဆုံးရှိသော ၁၂-ပါးကုန်သော ဝဋ်တော်တို့တွင် ပထမဒုက္ကရစရိယာ၌ ကဿပဘုရားလက်ထက် ဇောတိပါလမည်သော ပုဏ္ဏားဖြစ်၍ "ကဿပဘုရား ဖြစ်တော်မူသည်"ဟု ကြားလျှင် "ဘုရား-ဟူသည် ဖြစ်ခဲလှ၏။ အဘယ်မှာ ရဟန်းဦးပြည်းအား ဘုရား ဖြစ်နိုင်အံ့နည်း"ဟု ဆိုသော ဝစီကံကြောင့် သံသရာ၌ အရာမကသော ဘဝတို့၌ ငရဲ-စသော ဆင်းရဲကို ခံပြီးမှ ဘုရားဖြစ်တော်မူသော ဘဝ၌ ဒုက္ကရစရိယာ ၆-နှစ် ကျင့်တော်မူရကြောင်းကို–

သော တေန ကမ္မနိဿန္ဒေန အနေကဇာတိသတေသု နရကာဒိဒုက္ခ'မနုဘဝိတွာ-

တေန ကမ္မဝိပါကေန၊ အစရိံ ဒုက္ကရံ ဗဟုံ။
ဆဗ္ဗဿာနု'ရုဝေဠာယံ၊ တတော ဗောဓိ'မပါပုဏိံ။ ။

(အပ၊၁၊၃၅၀။ အပ၊ဋ္ဌ၊၁၊၂၈)ဟူ၍ အပဒါန်ကျမ်းတွင် ဟောတော်မူသည်။

သော၊ ထိုဇောတိပါလပုဏ္ဏားသည်။ တေန ကမ္မနိဿန္ဒေန၊ ထိုဝစီကံ၏ အကျိုး ကြောင့်။ အနေကဇာတိသတေသု၊ အရာမျှလောက်သော ဘဝတို့၌။ နရကာဒိဒုက္ခ၊ ငရဲ စသော ဆင်းရဲတို့ကို။ အနုဘဝိတွာ၊ ခံစား၍။ တေန ကမ္မဝိပါကေန၊ ထိုကံ၏ အကျိုးကြောင့်။ ဆဗ္ဗဿာနိ၊ ၆-နှစ်တို့ပတ်လုံး။ ဥရုဝေဠာယံ၊ ဥရုဝေဠတော၌။ ဗဟုံ၊ များစွာ။ ဒုက္ကရံ၊ လူ,နတ်ခပဲ၊ ကျင့်နိုင်ခဲသည့်၊ အံ့အဲစလောက်၊ ချီးမြှောက်မကုန်၊ ဂုဏ်အနန္တ၊ ဝိသေသဖြင့်၊ ဒုက္ကရစရိယတ်၊ ပဋိပတ်ကို။ အစရိံ၊ ငြိုငြင်ပင်ပန်း၊ နွမ်းနွမ်းလျလျ၊ လုံ့လကြိုးကုတ်၊ အား ထုတ်ကျင့်ဆောင်တော်မူ၏။ တတော၊ ထို့နောင်မှ။ ဗောဓိံ၊ သဗ္ဗညုဘုရားအဖြစ်သို့။ အပါပုဏိံ၊ ရောက်တော်မူ၏။

'ဒုက္ကရစရိယာ'-ပုဒ်များ၌ ဒုက္ခစရိယာ-ဟု ကဏ္ဍ ပဥ္စမ, ဒုတိယ၊ အသဒိသ ဒွေးဘော်နှင့် ခေါ်ဝေါ်ရေးထား မှတ်သားပြောဆိုကြ၏။ 'ဒုက္ကရစရိယာ'-ဟု ကဏ္ဍ- ပဥ္စမက္ခရာ က-သဒိသဒွေးဘော်နှင့် ရှိမှ သင့်မည်။

ဒုတိယ။ ။'စိဉ္စမာဏဝိက အဗ္ဘာစိက္ခန'၌ ပစ္စေကဗုဒ္ဓါအရှင်မြတ်ကို ဒုဿီလ- ဟု စွပ်စွဲသော မကောင်းမှုကံကြောင့် ငရဲ-စသော ဒုက္ခကို ခံပြီးမှ ဘုရားဖြစ်တော်မူသော ကာလ တိတ္ထိတို့ ပယောဂဖြင့် စိဉ္စာ-မည်သော မိန်းမ၏ စွပ်စွဲခံတော်မူရကြောင်းကို–

တေန အကုသလနိဿန္ဒေန နရကာဒီသု အနေကဝဿသဟဿာနိ ဒုက္ခ'မနု- ဘဝိတွာ ပစ္ဆိမတ္တဘာဝေ-

တေန ကမ္မာဝသေသေန၊ စိဉ္စမာဏဝိကာ မမံ။
အဗ္ဘာစိက္ခိ အဘူတေန၊ ဇနကာယဿ အဂ္ဂတော။ ။

(အပ၊၁၊၃၄၇။ အပ၊ဋ္ဌ၊၁၊၂၉)ဟူ၍ ဟောတော်မူသည်။

တေန အကုသလနိဿန္ဒေန၊ ထိုအကုသိုလ်ကံ၏ အကျိုးကြောင့်။ နရကာဒီသု၊ ငရဲ-စသည်တို့၌။ အနေကဝဿသဟဿာနိ၊ အထောင်မျှလောက်သော နှစ်တို့ပတ်လုံး။ ဒုက္ခံ၊ ဆင်းရဲကို။ အနုဘဝိတွာ၊ ခံစား၍။ ပစ္ဆိမတ္တဘာဝေ၊ ဤအဆုံးစွန်သော ကိုယ်တော်၏အဖြစ်၌။ တေန ကမ္မာဝသေသေန၊ ထိုအကုသိုလ်ကံကြွင်းကြောင့်။ စိဉ္စမာ-

ဏာဝိကာ၊ စိဥ္စမည်သော မိန်းမသည်။ မမ၊ ငါ့အား။ အဘူတေန၊ မဟုတ်မမှန်သော စကားဖြင့်။ ဇနကာယသ္မိ၊ လူအပေါင်း၏။ အဂ္ဂတော၊ အစွန်းမှ။ အဗ္ဘာစိက္ခိ၊ စွပ်စွဲ၏။

**တတိယ**။ ။'သုန္ဒရိကာယ အဗ္ဘာစိက္ခန'၌ ဘုရားအလောင်းတော် မထင်ရှားသော အမျိုး၌ မုနာဋ္ဌိမည်သော သေသောက်ကြူးဖြစ်၍ ပစ္စေကဗုဒ္ဓါကို ဒုဿီလ-ဟု စွပ်စွဲသော မကောင်းမှုကြောင့် အနှစ် ၁,၀၀၀-တို့ပတ်လုံး ငရဲ၌ ခံရပြီးမှ ထိုကံ၏ အကြွင်းကြောင့် သုန္ဒရီပရိဗိုဇ်မ စွပ်စွဲခံတော်မူရကြောင်းကို–

**သော တေန အကုသလေန ဝစီကမ္မေန ဗဟူနိ ဝဿသဟဿာနိ နိရယေ ပစ္စိတ္ဂာ-**

**တေန ကမ္မာဝသေသေန၊ ဣမ ပစ္ဆိမကေ ဘဝေ။**
**အဗ္ဘက္ခာနံ မယာ လဒ္ဓံ၊ သုန္ဒရိကာယ ကာရဏာ။ ။**

(အပ၊၁၊၃၄၇။ အပ၊ဋ္ဌ၊၁၊၁၃၃)ဟူ၍ ဟောတော်မူသည်။

သော၊ ထိုမုနာဋ္ဌိမည်သော သေသောက်ကြူးသည်။ ဝစီကမ္မေန၊ ဝစီကံဖြစ်သော။ တေန အကုသလေန၊ ထိုအကုသိုလ်ကံကြောင့်။ ဗဟူနိ ဝဿသဟဿာနိ၊ များစွာသော အနှစ် ၁,၀၀၀-တို့ပတ်လုံး။ နိရယေ၊ ငရဲ၌။ ပစ္စိတ္ဂာ၊ ကျက်၍။ တေန ကမ္မာဝသေသေန၊ ထိုအကုသိုလ်ကံကြွင်းကြောင့်။ ဣမ ပစ္ဆိမကေ ပစ္ဆိမတ္တဘာဝေ၊ ဤအဆုံးစွန်သော ကိုယ်တော်၏အဖြစ်၌။ သုန္ဒရိကာယ၊ သုန္ဒရီမည်သော ပရိဗိုဇ်မ၏။ ကာရဏာ၊ အကြောင်းကြောင့်။ မယာ၊ ငါဘုရားသည်။ အဗ္ဘစိက္ခာနံ၊ စွပ်စွဲခြင်းကို။ လဒ္ဓံ၊ ရအပ်ပြီ။

**စတုတ္ထ**။ ။**တိတ္ထိယ** အဗ္ဘာစိက္ခန-၌ ဘုရားအလောင်းတော် ဗဟုသုတပုဏ္ဏားမျိုး၌ ဖြစ်၍ ဟိမဝန္တာတွင် ရသေ့ ၅၀၀-တို့နှင့်နေရာ ဈာနလာဘီ အဘိညာသမာပတ္တိ ရသေ့ ၁-ဦး ထိုအရပ်သို့ လာရောက်သည်ကို ကာမဘောဂီကုဟက-ဟု စွပ်စွဲသော မကောင်းမှုကြောင့် ငရဲ၌ ခံရပြီးမှ တိတ္ထိတို့ စွပ်စွဲခံတော်မူရကြောင်းကို–

သော တေန အကုသလကမ္မဝိပါကေန ဝဿသဟဿာနိ နိရယေ ဒုက္ခမနုဘဝိတ္ဂာ–

တေန ကမ္မဝိပါကေန၊ ပဥ္စ ဘိက္ခုသတာ ဣမေ။
အဗ္ဘက္ခာနံ လဘုံ သဗ္ဗေ၊ သုန္ဒရိကာယ ကာရဏာ။ ။

(အပ၊၁၊၃၄၈။ အပ၊ဋ္ဌ၊၁၊၁၃၄)ဟူ၍ ဟောတော်မူသည်။

သော၊ ထိုရသေ့သည်။ တေန အကုသလကမ္မဝိပါကေန၊ ထိုဈာနလာဘီရသေ့ကို စွပ်စွဲသော မကောင်းမှုကံ၏အကျိုးကြောင့်။ ဝဿသဟဿာနိ၊ အထောင်မျှလောက်သော

နှစ်တို့ပတ်လုံး။ နိရယေ၊ ငရဲ၌။ ဒုက္ခံ၊ ဆင်းရဲကို။ အနုဘဝိတွာ၊ ခံစား၍။ တေန ကမ္မ-ဝိပါကေန၊ ထိုမကောင်းမှုကံ၏ အကျိုးကြောင့်။ သမ္ဗော၊ ခပ်သိမ်းကုန်သော။ ဣမေ ပဉ္စသတာ ဘိက္ခူ၊ ဤ ၅၀၀-သော ရဟန်းတို့သည်။ *(သုန္ဒရိကာယ၊ သုန္ဒရိပရိဗိုဇ်မ၏။ ကာရဏာ၊ အကြောင်းကြောင့်)*။ အဗ္ဘာစိက္ခနံ၊ စွပ်စွဲခြင်းကို။ လဘုံ၊ ရကြကုန်ပြီ။

ပဉ္စမ။ ။သိလာဝေဓ-၌ ဘုရားအလောင်းတော် ညီ,အစ်ကို ၂-ယောက်ရှိကြသည်တွင် ညီဖြစ်လျက် ခွန်အားဗလနှင့် ပြည့်စုံသောကြောင့် အစ်ကိုကို ကျောက်နှင့်ပစ်ခတ်သော မကောင်းမှုကြောင့် ငရဲ-စသော ဆင်းရဲကို ခံပြီးမှ ဂိဇ္ဈကုဋ်တွင် သီတင်းသုံးနေရာ ဒေဝဒတ် ကျောက်ဖြင့် ပစ်သည်ကို ခံတော်မူရကြောင်းကို-

သော တေန ကမ္မဝိပါကေန နရကာဒီသု အနေကဝဿသဟဿာနိ ဒုက္ခမနုဘ-ဝိတွာ ဣမသ္မိံ ပစ္ဆိမတ္တဘာဝေ-

တေန ကမ္မဝိပါကေန၊ ဒေဝဒတ္တော သိလံ ခိပိ။
အင်္ဂုဋ္ဌံ ပိံသယီ ပါဒေ၊ မမ ပါသာဏသက္ခရာ။ ။

(အပ၊၁၊၃၄၈၊ အပ၊ဋ္ဌ၊၁၊၁၃၅)ဟူ၍ ဟောတော်မူသည်။

သော၊ ထိုယောကျ်ားသည်။ တေန ကမ္မဝိပါကေန၊ ထိုမကောင်းမှုကံကြောင့်။ နရကာဒီသု၊ ငရဲ-စသည်တို့၌။ အနေကဝဿသဟဿာနိ၊ အနှစ် ၁,၀၀၀-တို့ပတ်လုံး။ ဒုက္ခံ၊ ဆင်းရဲကို။ အနုဘဝိတွာ၊ ခံစား၍။ ဣမသ္မိံ ပစ္ဆိမတ္တဘာဝေ၊ ဤအဆုံးစွန်သော ကိုယ်တော်၏အဖြစ်၌။ တေန ကမ္မဝိပါကေန၊ ထိုမကောင်းမှုကံကြောင့်။ ဒေဝဒတ္တော၊ ဒေဝဒတ်သည်။ သိလံ၊ ကျောက်ကို။ ခိပိ၊ ပစ်၏။ ပါသာဏသက္ခရာ၊ ကျောက်ခြမ်းသည်။ မမ၊ ငါဘုရား၏။ ပါဒေ၊ ခြေတော်၌။ အင်္ဂုဋ္ဌံ၊ ခြေမတော်ကို။ ပိံသယီ၊ ကြိတ်မိ၏။

ဆဋ္ဌ။ ။ရထိကာပွဲဒ-၌ ဘုရားအလောင်းတော် တစ်ဦးသောအမျိုး၌ သူငယ်အဖြစ်ဖြင့် ကစား၍ နေစဉ် ဆွမ်းရပ်ခံလာသော ပစ္စေကဗုဒ္ဓါကို ကျောက်နှင့် ပစ်ခတ်သောကြောင့် သွေးယိုထွက်လေရကား ထိုမကောင်းမှုကံကြောင့် ငရဲ၌ ခံပြီးမှ ဒေဝဒတ် ကျောက်ပစ်သော နေရာမှ သွေးယိုထွက်ရကြောင်းကို-

သော တေန ကမ္မေန အပါယေသု အနေကဝဿသဟဿာနိ ဒုက္ခံ အနုဘဝိတွာ

တေန ကမ္မဝိပါကေန၊ ဗုဒ္ဓဘူတဿ မေ သတော။
ပဝိဒ္ဓေသိ သိလံ တတ္ထ၊ ရထိကာပွဲဒ'မလဘိ။ ။ *(အနည်းငယ် ကွဲ၏။)*

(အပ၊ဋ္ဌ၊၁၊၁၃၇)ဟူ၍ ဟောတော်မူသည်။

သော၊ ထိုလုလင်သည်။ တေန ကမ္မေန၊ ထိုမကောင်းမှုကံကြောင့်။ အပါယေသု၊ အပါယ်ဘုံတို့၌။ အနေကဝဿသဟဿာနိ၊ အနှစ် ၁,၀၀၀-တို့ပတ်လုံး။ ဒုက္ခံ၊ ဆင်းရဲကို။ အနုဘဝိတွာ၊ ခံစား၍။ ပစ္ဆိမတ္တဘာဝေ၊ အဆုံးစွန်သော ကိုယ်တော်၏အဖြစ်၌။ တေန ကမ္မဝိပါကေန၊ ထိုမကောင်းမှုကံ၏ အကျိုးကြောင့်။ ဗုဒ္ဓဘူတဿ၊ ဘုရားဖြစ်၍။ သတော၊ ဖြစ်တော်မူသော။ မေ၊ ငါ့အား။ ဒေဝဒတ္တော၊ ဒေဝဒတ်သည်။ သိလံ၊ ကျောက်ကို။ ပဝိဒ္ဓေသိ၊ ပစ်၏။ တတ္ထ၊ ထိုသို့ပစ်ရာ၌။ ရုဟိရုပ္ပါဒံ၊ သွေးယိုတော်မူခြင်းကို။ အလဘိ၊ ရပြီ။

သတ္တမ။ ။နာဠာဂိရိယုဒ္ဓ-၌ ငါတို့ဘုရားအလောင်းတော် ဆင်ထိန်းဖြစ်၍ ခရီးမ၌ ပစ္စေကဗုဒ္ဓါကို မြင်လျှင် ဆင်ဖြင့် တိုက်သော မကောင်းမှုကြောင့် အပါယ်ဆင်းရဲကို ခံပြီးမှ ဘုရားဖြစ်တော်မူ၍ ရာဇဂြိုဟ်ပြည်တွင် သီတင်းသုံးနေတော်မူရာ ဒေဝဒတ်သည် အဇာတသတ်မင်းနှင့် အတိုင်အပင်ပြု၍ နာဠာဂိရိဆင် တိုက်ခံတော်မူရကြောင်းကို–

**သော တေန ကမ္မေန အပါယေသု အနေကဝဿသဟဿာနိ ဒုက္ခံ အနုဘဝိတွာ ပစ္ဆိမတ္တဘာဝေ–**

**တေန ကမ္မဝိပါကေန၊ <u>ဘန္တော</u> နာဠာဂိရိ ဂဇော။**
**ဂိရိဗ္ဗဇေ ပုရဝရေ၊ ဒါရုဏော သမုပါဂမိ။ ။**

(အပ၊၁၊၃၄၈။ အပ၊ဋ္ဌ၊၁၊၁၃၇)ဟူ၍ ဟောတော်မူသည်။

သော၊ ထိုဆင်ထိန်းယောက်ျားသည်။ တေန ကမ္မေန၊ ထိုမကောင်းမှုကံကြောင့်။ အပါယေသု၊ အပါယ်ဘုံတို့၌။ အနေကဝဿသဟဿာနိ၊ အနှစ် ၁,၀၀၀-တို့ပတ်လုံး။ ဒုက္ခံ၊ ဆင်းရဲကို။ အနုဘဝိတွာ၊ ခံစား၍။ ပစ္ဆိမတ္တဘာဝေ၊ အဆုံးစွန်သော ကိုယ်တော်၏ အဖြစ်၌။ တေန ကမ္မဝိပါကေန၊ ထိုမကောင်းမှုကံ၏အကျိုးကြောင့်။ ဂိရိဗ္ဗဇေ၊ ဂိရိဗ္ဗဇ အမည်ရှိသော။ ပုရဝရေ၊ ပြည်မြတ်၌။ <u>ဘန္တော</u>၊ အလွန်ယုတ်မာသော။ ဒါရုဏော၊ ကြမ်းကြုတ်သော။ နာဠာဂိရိ ဂဇော၊ နာဠာဂိရိဆင်သည်။ ဘယံ၊ ဘေးကို။ သမုပါဂမိ၊ ဖြစ်စေ၏။

အဋ္ဌ။ ။သတ္ထဆေဒန-၌ ဘုရားအလောင်းတော် မင်းဖြစ်၍ တနေ့သ၌ သန်လျက်စွဲကိုင်လျက် မြို့ကို လှည့်လည်ရာ လူ ၂-ယောက်ကို သန်လျက်ဖြင့် ခုတ်သွားသော မကောင်းမှုကြောင့် အနှစ် ၁,၀၀၀-တို့ပတ်လုံး ငရဲ၌ ခံပြီးမှ ဓားခွဲခံတော်မူရကြောင်းကို-

**သော တေန ကမ္မဝိပါကေန ဗဟူနိ ဝဿသဟဿာနိ နိရယေ ပစ္စိတွာ တိရစ္ဆာနာဒီသု ဒုက္ခ'မနုဘဝိတွာ ပစ္ဆိမတ္တဘာဝေ–**

ကမ္မုနော တဿ သေသေန၊ ဣဒါနိ သကလံ မမ။
ပါဒေ ဆဝိံ ပကပ္ပေသိ၊ န ဟိ ကမ္မံ ဝိနဿတိ။ ။

(အပ၊၁၊၃၄၉။ အပ၊ဋ္ဌ၊၁၊၁၃၈)ဟူ၍ ဟောတော်မူသည်။

သော၊ ထိုမင်းသည်။ တေန ကမ္မဝိပါကေန၊ ထိုမကောင်းမှုကံကြောင့်။ ဗဟူနိ ဝဿသဟဿာနိ၊ အနှစ် ၁-ထောင်တို့ပတ်လုံး။ နိရယေ၊ ငရဲ၌။ ပစ္စိတွာ၊ ကျက်၍။ တိရစ္ဆာနာဒီသု၊ တိရစ္ဆာန်ဘုံ-စသည်တို့၌။ ဒုက္ခံ၊ ဆင်းရဲကို။ အနုဘဝိတွာ၊ ခံစား၍။ ပစ္ဆိမတ္တဘာဝေ၊ အဆုံးစွန်သော ကိုယ်တော်၏အဖြစ်၌။ တဿ ကမ္မုနော၊ ထိုမကောင်းမှုကံ၏။ အဝသေသေန၊ အကြွင်းဖြင့်။ သော အဟံ၊ ထိုငါသည်။ ဒါနိ၊ ယခု။ မမ၊ ငါဘုရား၏။ သကလံ၊ အလုံးစုံသော။ ပါဒေ၊ ခြေတော်၌။ ဆဝံ၊ အရေကို။ သတ္ထိ၊ ဓားဖြင့် ခွဲသော အမှုကို။ ပကပ္ပေသိ၊ ပြုစေ၏။ ကမ္မံ၊ မကောင်းမှုကံသည်။ န ဟိ ဝိနဿတိ၊ မပျောက်။

နဝမ။ ။သီသဒုက္ခ-၌ ဘုရားအလောင်းတော်သည် တံငါမျိုး၌ ဖြစ်၍ ငါးရှိရာအရပ်၌ ငါးတို့ကို သတ်ကြသည်တို့ကို မြင်လျှင် ထိုကာလ၌လည်းကောင်း အတူတကွလာကြသော ကာလ၌လည်းကောင်း ဝမ်းမြောက်ခြင်းကို ဖြစ်စေ၏။ ထိုမကောင်းမှုကံကြောင့် အပါယ် ၄-ဘုံ၌ ဒုက္ခကို ခံစားပြီးမှ ဘုရားဖြစ်တော်မူသောကာလ ခေါင်းတော်ခဲရကြောင်းကို-

သော တေန အကုသလကမ္မေန စတုရာပါယေ ဒုက္ခ'မနုဘဝိတွာ ပ္ပမသ္မိံ ပစ္ဆိမတ္တ-ဘာဝေ-

အဟံ ကေဝဋ္ဋဂါမသ္မိံ၊ အဟုံ ကေဝဋ္ဋဒါရကော။
မစ္ဆကေ ဃာတိတေ ဒိသွာ၊ ဇနယိံ သောမနဿကံ။ ။

တေန ကမ္မဝိပါကေန၊ သီသဒုက္ခံ အဟူ မမ။
သဗ္ဗေ သာကိယေ ဉာတယော၊ ဝိဋ္ဋူဗျောဘ အဟနိ တဒါ။ ။

(အပ၊၁၊၃၄၉။ အပ၊ဌ၊၁၊၁၃၉)ဟူ၍ ဟောတော်မူသည်။

သော၊ ထိုတံငါသည်သား၊ ငါဘုရားအလောင်းတော်သည်။ တေန အကုသလ-ကမ္မေန၊ ထိုအကုသိုလ်ကံကြောင့်။ စတုရာပါယေ၊ အပါယ် ၄-ဘုံ၌။ ဒုက္ခံ၊ ဆင်းရဲကို။ အနုဘဝိတွာ၊ ခံစား၍။ ပ္ပမသ္မိံ ပစ္ဆိမတ္တဘာဝေ၊ ဤအဆုံးစွန်သော ကိုယ်တော်၏အဖြစ်၌။ အဟံ၊ ငါဘုရားသည်။ ကေပဋ္ဋဂါမသ္မိံ၊ တံငါသည်ရွာ၌။ ကေဝဋ္ဋဒါရကော၊ တံငါသူငယ်သည်။ အဟုံ၊ ဖြစ်ပြီ။ မစ္ဆကေ၊ ငါးတို့ကို။ ဃာတိတေ၊ သတ်ကြသည်တို့ကို။ ဒိသွာ၊ မြင်၍။ သောမနဿကံ၊ ဝမ်းမြောက်ခြင်းကို။ ဇနယိံ၊ ဖြစ်စေတော်မူ၏။

တေန ကမ္မဝိပါကေန၊ ထိုမကောင်းမှုကံကြောင့်။ မမ၊ ငါဘုရားအား။ သီသဒုက္ခံ၊ ခေါင်းတော်ခဲသော ဆင်းရဲဒုက္ခဝေဒနာသည်။ အဟူ၊ ဖြစ်ပြီ။ သဗ္ဗေ၊ ခပ်သိမ်းကုန်သော။ မေ၊ ငါ၏။ ဉာတယော၊ ဆွေမျိုးဖြစ်ကြကုန်သော။ သာကိယေ၊ သာကီဝင်မင်းသားတို့ကို။ ဝိဋ္ဋူဗျောဘ၊ ဝိဋ္ဋူဗျောဘသည်။ တဒါ၊ ထိုငါဘုရားဖြစ်တော်မူသောအခါ၌။ အဟနိ၊ သတ်ပြီ။

ဒသမ။ ။'ယဝခါဒန'၌ ဘုရားအလောင်းတော် အမှတ်မရှိသော အမျိုး၌ဖြစ်၍ ဖုဿဘုရား တပည့်သာဝကတို့ သလေးဆွမ်းဘုဉ်းပေးကြသည်ကို မြင်လျှင် "ရဟန်းဦးပြည်းတို့သည် သလေးဆွမ်းနှင့် မတော်၊ မုယောဆွမ်းနှင့်သာ တော်သည်"ဟု ဆဲရေးသော မကောင်းမှုကြောင့် အပါယ် ၄-ဘုံ၌ ဒုက္ခကို ခံပြီးမှ ဝေရဥ္စာပြည်တွင် မုယောဆွမ်း ဘုဉ်းပေးတော်မူရကြောင်းကို–

**သော တေန အကုသလကမ္မဝိပါကေန အနေကဝဿသဟဿာနိ စတုရာပါယေ ဒုက္ခ'မနုဘဝိတွာ ဣမသ္မိံ ပစ္ဆိမတ္တဘာဝေ–**

**တေန ကမ္မဝိပါကေန၊ တေမာသံ ခါဒိတံ ယဝံ။**
**နိမန္တိတော ဗြာဟ္မဏေန၊ ဝေရဥ္စာယံ ဝသိံ တဒါ။ ။ –**

(အပ၊၁၊၃၄၉။ အပဋ္ဌ၊၁၊၃၄၉)ဟူ၍ ဟောတော်မူသည်။

သော၊ ထိုလုလင်သည်။ တေန အကုသလကမ္မဝိပါကေန၊ ထိုအကုသိုလ်၏ အကျိုးကြောင့်။ အနေကဝဿသဟဿာနိ၊ အထောင်သော နှစ်တို့ပတ်လုံး။ စတုရာပါယေ၊ အပါယ် ၄-ဘုံ၌။ ဒုက္ခံ၊ ဆင်းရဲကို။ အနုဘဝိတွာ၊ ခံစား၍။ ဣမသ္မိံ ပစ္ဆိမတ္တဘာဝေ၊ ဤအဆုံးစွန်သော ကိုယ်တော်၏အဖြစ်၌။ တေန ကမ္မဝိပါကေန၊ ထိုမကောင်းမှုကံကြောင့်။ တေမာသံ၊ ဝါတွင်း ၃-လပတ်လုံး။ ယဝံ၊ မုယောကို။ ခါဒိတံ၊ ဘုဉ်းပေးတော်မူရပြီ။ ဗြာဟ္မဏေန၊ ဝေရဥ္စပုဏ္ဏားသည်။ နိမန္တိတော၊ ပင့်ဖိတ်အပ်သည်ဖြစ်၍။ တဒါ၊ ထိုမုယောဆွမ်းဘုဉ်းပေးတော်မူရသောအခါ၌။ ဝေရဥ္စာယံ၊ ရန်သူပုန်ကို၊ အကုန်ပယ်ရှင်း၊ အောင်မြင်ခြင်းကြောင့်၊ ယင်းသည့်ဌာန၊ ဝေရဥ္စ-ဟု၊ နာမတွင်မည်၊ ထိုသည့်ပြည်၌။ ဝသိံ၊ နေတော်မူ၏။

**ကောဒသမ။** ။ပိဋ္ဌိဒုက္ခ-၌ ဘုရားအလောင်းတော် လက်ပန်းသည်ဖြစ်၍ စွမ်းပကား အားနှင့် ပြည့်စုံသောကြောင့် ဇမ္ဗူဒီပါ တောင်လက်ယာတွင် ကြေညာကျော်စောသော လက်ပန်းသည်ကြီးနှင့် မလ္လယုဒ္ဓသဘင် စီရင်ကျင်းပ၍ ပရိသတ်ဗိုလ်ထု ရှုကြသော ပွဲဘောင်တွင် ဥသျှောင်ကို ဆွဲကိုင်လျက် အထက်သို့ မြှောက်ချီလတ်၍ ရဟတ်စကြာ၏ အသွင် ကောင်းကင်၌ လည်စေ၍ မြေသို့ ကျသောကာလ ကြီးမားလှစွာသော ပိဋ္ဌိခန္ဓ ဒုက္ခဝေဒနာကို ဖြစ်စေသော မကောင်းမှု အကုသလကမ္မဝိပါကကြောင့် ဘဝများစွာ ခါးနာကိုက်ခဲသော ဝေဒနာကို ခံစားပြီးမှ ဘုရားဖြစ်တော်မူသောကာလ ခါးတော်နာရကြောင်းကို-

**သော တေန ကမ္မဝိပါကေန နိဗ္ဗတ္တနိဗ္ဗတ္တဘဝေ သရီရသီသာဒိဒုက္ခ'မနုဘဝိတွာ ပစ္ဆိမတ္တဘာဝေ ဗုဒ္ဓဘူတောပိ ပိဋ္ဌိရုဇာဒိဒုက္ခ'မနုဘောသိ။**

(အပဋ္ဌ၊၁၊၁၄၀)ဟူ၍ ဟောတော်မူသည်။

သော၊ ထိုလက်ပန်းသည်-သည်။ တေန ကမ္မဝိပါကေန၊ ထိုမကောင်းမှုကံ၏အကျိုးကြောင့်။ နိဗ္ဗတ္တနိဗ္ဗတ္တဘဝေ၊ ဖြစ်တိုင်း,ဖြစ်တိုင်းသော ဘဝ၌။ သရီရသီသာနိ၊ ကိုယ်,ဦးခေါင်းတို့သည်။ ဒုက္ခံ၊ ဆင်းရဲကို။ အနုဘဝိတွာ၊ ခံစား၍။ ပစ္ဆိမတ္တဘာဝေ၊ အဆုံးစွန်သော ကိုယ်တော်၏အဖြစ်၌။ ဗုဒ္ဓဘူတောပိ၊ ဘုရားဖြစ်တော်မူသော်လည်း။ ပိဋ္ဌိရုဇာဒိဒုက္ခံ၊ ခါးတော်နာရခြင်း-စသော ဒုက္ခကို။ အနုဘောသိ၊ ခံစားတော်မူရ၏။

နိဗ္ဗတ္တိ-ဟူသောပုဒ်၊ နိဗ္ဗတ္တံ-ဟူသောပုဒ်များ၌ ဩဋ္ဌဇ-တတိယဝဂ္ဂရာ ဗ-ကို ဗသဒိသဒွေးဘော်နှင့်ရှိမှ သင့်သည်။ နိပုဗ္ဗ-ဝတုဓာတ် ဝ-ကို ဗ-ပြု၍ နိဗ္ဗတ္တံ-ဟု ပြီးသည်။

ဥဒါဒသမ။ ။'အတိသာယကုစ္ဆိဝိရေစန'-၌ ဘုရားအလောင်းတော် ဆေးသမားဖြစ်၍ သူဌေးသားတစ်ယောက်ကို ဆေးကုရာ ဆေးခကို မေ့လျော့သဖြင့် မပေးမကမ်းဘဲ ရှိလေရကား ဝမ်းကျဆေးကို ပေး၍ ဒုက္ခဝေဒနာပြင်းစွာ ဖြစ်စေသော မကောင်းမှုကံကြောင့် ဖြစ်တိုင်း,ဖြစ်တိုင်းသော ဘဝ၌ ဝမ်းကျသော ပက္ခန္ဒိက ကုစ္ဆိဝိရေစနဒုက္ခကို ခံပြီးမှ ဘုရားဖြစ်တော်မူသောကာလ ဝမ်းသွေးသွန်သော ကုစ္ဆိဝိရေစနဒုက္ခကို ပြင်းစွာ ခံစားရ၍ ကောဋိ-သတဟတ္ထိဗလကို ဆောင်နိုင်သော အားတော်ကို ကုန်စေလျက် ပါဝါပြည်နှင့် ကုသိနာရုံ ပြည်အကြား ၃-ဂါဝုတ်မျှ ဝေးကွာသည်ကို ၁၅-ကြိမ်တိုင် နားနေရ၍ ရောက်ရာဌာန၌ ရေသိပ်ခြင်း ပြင်းစွာ ဖြစ်တော်မူ၍ ဟိရညဝတီမြစ်၏ ထိုမှာဘက် ကုသိနာရုံ တောင်တံခါး အထွက် လက်ဝဲဘက် အရှေ့တောင်အကွေ့တွင် မြိုင်ခွင်ရဂုံ အစုံအင်ကြင်း ပင်ပျိုရင်း၌ ခင်းထားမပျက် မြောက်သို့ မျက်နှာတည့်တည့် မလှည့်မစောင်းသော ညောင်စောင်းအင်းပျဉ် ထက် လက်ယာနံတောင်းစောင်း၍ လျောင်းစက်တော်မူပြီးမှ အကုဋေ ၂-သန်း, ၄-သိန်း သော ဖလသမာပတ်တို့ကို ပဋိလုံ,အနုလုံ အကုန်ဝင်စားတော်မူ၍ အနုပါဒိသေသပရိနိဗ္ဗာန် စံယူတော်မူရကြောင်းကို–

သော တေန ကမ္မဝိပါကေန နိဗ္ဗတ္တနိဗ္ဗတ္တဘဝေ လောဟိတပက္ခန္ဒိကာ ဝိရေစနံ အဟောသိ၊ ကောဋိသတဟတ္ထိဗလံ ခယံ'မာဂမာသိ၊ ဘဂဝါ ဝိသာခ-ပုဏ္ဏမာယံ ပရိနိဗ္ဗာနတ္ထာယ ဂစ္ဆန္တော အနေကေသု ဌာနေသု နိသီဒန္တော ပိပါသိတော ပါနီယံ ပိဝိတွာ မဟာဒုက္ခေန ကုသိနာရံ ပတွာ ပစ္စူသသမယေ ပရိနိဗ္ဗာယိ။ ကမ္မပိလောတိကံ နာမ ဧဝရူပံ လောကတ္တယသာမိမ္ပိ န ဝိဇဟတိ။

တိကိစ္ဆကော အဟံ အာသိ၊ သေဋ္ဌိပုတ္တံ ဝိရေစယိံ။
တေန ကမ္မဝိပါကေန၊ ဟောတိ ပက္ခန္ဒိကာ မမ။ ။

(အပ၊၁၊၃၄၉၊ အပ၊ဋ္ဌ၊၁၊၁၄၁)ဟူ၍ ဟောတော်မူသည်။

သော၊ ဆေးသမားသည်။ တေန ကမ္မဝိပါကေန၊ ထိုကံ၏အကျိုးကြောင့်။ နိဗ္ဗတ္တ-နိဗ္ဗတ္တဘဝေ၊ ဖြစ်တိုင်း,ဖြစ်တိုင်းသော ဘဝ၌။ လောဟိတပက္ခန္ဒိကာ၊ ဝမ်းသွေးသွန်သော အနာဖြစ်၍။ ဝိရေစနံ၊ ဝမ်းလားရခြင်းသည်။ အဟောသိ၊ ဖြစ်၏။ ကောဋိသတဟတ္ထိဗလံ၊ ဂဝေ်ယျဆင်ကုဋေ ၁၀၀-အားကို ဆောင်စွမ်းနိုင်သော အားတော်သည်။ ခယံ၊ ကုန်ခြင်းသို့။ အဂမာသိ၊ ရောက်၏။ ဘဂဝါ၊ မြတ်စွာဘုရားသည်။ ဝိသာခါပုဏ္ဏမာယံ၊ ကဆုန်လပြည့်နေ့၌။ ပရိနိဗ္ဗာနတ္ထာယ၊ ပရိနိဗ္ဗာန် စံယူတော်မူအံ့သောငှာ။ ဂစ္ဆန္တော၊ ကြွတော်မူသည်ရှိသော်။ အနေကေသု ဌာနေသု၊ များစွာသော အရပ်တို့၌။ နိသီဒန္တော၊ နားနေတော်မူလျက်။ ပိပါ-သိတော၊ ရေသိပ်သည်ဖြစ်၍။ ပါနီယံ၊ ရေကို။ ပိဝိတွာ၊ သောက်တော်မူ၍။ မဟာဒုက္ခေန၊ ကြီးစွာသော ဆင်းရဲခြင်းဖြင့်။ ကုသိနာရံ၊ ကုသိနာရုံပြည်သို့။ ပတွာ၊ ရောက်တော်မူ၍။ ပစ္စူသသမယေ၊ မိုးသောက်ထအခါ၌။ ပရိနိဗ္ဗာယိ၊ ပရိနိဗ္ဗာန် စံယူတော်မူ၏။ ကမ္မပိလော-တိကံ နာမ၊ ကံ၏ညစ်နွမ်းခြင်း မည်သည်ကား။ ဧဝရူပံ၊ ဤသို့ သဘောရှိသော။ လောကတ္တ-ယသာမိမ္ပိ၊ လောက ၃-ပါးကို အစိုးရတော်မူသော ဘုရားကိုမျှလည်း။ န ဝိဇဟတိ၊ မစွန့်။

အဟံ၊ ငါဘုရားသည်။ ပုရေ၊ လွန်လေပြီးသောကာလ အတိတ်ဘဝက။ တိကိစ္ဆ-ကော၊ ဆေးသမားသည်။ အာသိံ၊ ဖြစ်ဖူး၏။ သေဋ္ဌိပုတ္တံ၊ သူဌေးသားကို။ ဝိရေစယိံ၊ ဝမ်းကျဆေး ပေး၏။ တေန ကမ္မဝိပါကေန၊ ထိုမကောင်းမှုကံ၏ အကျိုးကြောင့်။ မမ၊ ငါဘုရားအား။ ပက္ခန္ဒိကာ၊ ဝမ်းသွေးသွန်သော အနာသည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ ပြဆိုခဲ့ပြီးသော ကမ္မပိလောတိက ၁၂-ပါးတို့တွင် အစဉ်မပျက် ဒုက္ကရစရိယ-အစ၊ ယဝဘတ္တဝိဘုဥ္စနတိုင် ၁၀-ပါးကုန်သော ကမ္မပိလောတိကတို့၌သာ နိရယပစ္စနဝိပါ-ကာဝသေသာဒီနဝကို ဟောတော်မူရာ ဒေသနာ ရှိသည်။ ပိဋ္ဌိဒုက္ခ, ဝိရေစန ၂-ပါးတို့၌ကား နိရယပစ္စနဝိပါကာဝသေသ မပါ။ ဤသို့ အထူးမှတ်ရာ၏။

ဒုက္ကရစရိယံ အဗ္ဘ-တပ္ပက္ခဏာတျမ္ပိ စ။ *(တဗ္ဘက္ခာနတ္တယမ္ပိ စ)*
သိလာပဝေဓကေမ္ပဋ္ဌ၊ ရုဟိရုပ္ပါဒကဋ္ဌေဝ။ ။

ဟတ္ထိယုဒ္ဓံ သတ္ထစ္ဆေဒံ၊ သီသာဗာဓံ ဝိဘုဥ္စနံ။
ပိဋ္ဌာဗာဓံ ပက္ခန္ဒိကံ၊ ကမ္မပိလောတိကာ ဣမေ။ ။

ဤကား အကျဉ်းမှတ်ရန်ဂါထာ။

ဒုက္ကရစရိယံ၊ ဒုက္ကရစရိယာ ၆-နှစ် ကျင့်တော်မူရခြင်း။ အဗ္ဘုတပ္ပက္ခဏာတျမ္ပိ စ၊ စိဉ္စာမည်သော မိန်းမ၏ စွပ်စွဲသည်ကို ခံရခြင်း, သုန္ဒရီပရိဗိုဇ်မ၏ စွပ်စွဲသည်ကို ခံရခြင်း, သုန္ဒရီပရိဗိုဇ်မကို သတ်၍ တိတ္ထိတို့ စွပ်စွဲသည်ကို ခံတော်မူရခြင်း ၃-ပါးလည်းကောင်း။

သိလာပဝေဓကမ္မဥ္စ၊ ဒေဝဒတ် ကျောက်ပစ်ခဲတော်မူရခြင်း။ ရုဟိရုပ္ပါဒကဥ္စေဝ၊ သွေးစိမ်းတည်တော်မူရခြင်း။ ဟတ္ထိယုဒ္ဓံ၊ နာဠာဂိရိဆင် တိုက်ခဲ့တော်မူရခြင်း။ သတ္ထစ္ဆေဒံ၊ ခြေတော်ကို ဓားဖြင့် ခွဲခံရခြင်း။ သီသာဗာဓံ၊ ခေါင်းတော်ခဲရခြင်း။ ဝိဘုဥ္ဇနံ၊ မုယောဆွမ်းကို ဘုဉ်းပေးတော်မူရခြင်း။ ပိဋ္ဌာဗာဓံ၊ ခါးတော်နာရခြင်း။ ပက္ခန္ဒိကံ၊ ဝမ်းသွေးသွန်တော်မူရခြင်း။ ဣတိ၊ သို့။ ကမ္မပိလောတိကာ၊ ကံ၏ ညစ်နွမ်းခြင်းတို့သည်။ ဣမေ ဒွါဒသ၊ ဤ ၁၂-ပါးတို့တည်း။

ဤတွင်ရွေ့ ကမ္မပိလောတိက ၁၂-ပါးတို့ကို ပြဆိုသော စကားရပ် အပြီးသတ်တည်း။

(၃) ကျောင်းကိုလည်းကောင်း ဥပုသ်အိမ်, သိမ်-အစရှိသည်ကိုလည်းကောင်း စတုဒိသာသံဃာအား လှူပါ၏-ဟု ရေစက်သွန်းချ လှူဒါန်းရာ သာမဏေတို့သည် ပါဝင်မည်, မပါဝင်မည်ကို မေးလျှောက်သည်မှာ သာမဏေတို့သည်လည်း သံဃာ၌ အတွင်းဝင်ကုန်၏။ ထိုစကား မှန်၏။ ထိုသံဃိကဒါနကိုလည်း သံဃာ၌ ရိုသေခြင်း, သံဃစိတ္တီကာရကို ပြုနိုင်သောသူအား သံဃိကဒါန ဖြစ်၏။ သံဃစိတ္တီကာရကို မပြုနိုင်သောသူအား မဖြစ်။ သံဃစိတ္တီကာရကိုလည်း အလွန်ပြုနိုင်ခဲ၏။

ထိုစကား သင့်၏။ သံဃိကဖြစ်သော ဒါနကို လှူအံ့-ဟု အလှူဝတ္ထုကို စီရင်ပြီး၍ သံဃာထံသို့ ချဉ်းကပ်၍ "အရှင်ဘုရားတို့ သံဃာကို ရည်၍ မထေရ် ၁-ပါးကို ပေးတော်မူပါ" ဟု လျှောက်ရာ သာမဏေကို ရ၍ "ငါ့အား သာမဏေကို ရခဲ့ပြီ"ဟု နှလုံးမသာယာသော သူအားလည်း သံဃာ၌ ရိုသေခြင်း သံဃစိတ္တီကာရ မဖြစ်။ မထေရ်ကြီးကို ရ၍ "ငါ့အား မထေရ်ကြီးကို ရပေ၏"ဟု ဝမ်းမြောက်သသူအားလည်း သံဃာ၌ ရိုသေခြင်း သံဃစိတ္တီ-ကာရ မဖြစ်။ သာမဏေကို ဖြစ်စေ, ပဥ္စင်းကို ဖြစ်စေ, မထေရ်ငယ်ကို ဖြစ်စေ, မထေရ်ကြီးကို ဖြစ်စေ အမှတ်မရှိ တစ်ပါးပါးကို ရ၍ ယုံမှားမရှိ "သံဃိကဒါနကို ငါလှူအံ့"ဟု သံဃာကို ရိုသေခြင်း သံဃစိတ္တီကာရကို ပြုနိုင်သောသူအား သံဃိကဒါန ဖြစ်၏။

ထို့ကြောင့် ဥပရိပဏ္ဏာသ၊ ဒက္ခိဏာဝိဘင်္ဂသုတ်အဋ္ဌကထာ၌-

> သံဃေ စိတ္တီကာရံ ကာတုံ သက္ကောန္တဿ ဟောတိ၊ သံဃေ စိတ္တီကာရော နာမ ဒုက္ကရော ဟောတိ။ ယော ဟိ သံဃဂတံ ဒက္ခိဏံ ဒဿာမီတိ ဒေယျဓမ္မံ ပဋိယာဒေတွာ ဝိဟာရံ ဂန္တွာ "ဘန္တေ သံဃံ ဥဒ္ဒိဿ ဧကံ ထေရံ ဒေထာ"တိ ဝဒတိ။ အထ သံဃတော သာမဏေရံ လဘိတွာ "သာမဏေရော မေ လဒ္ဓေါ"တိ အညထတ္တံ အာပဇ္ဇတိ။ တဿ ဒက္ခိဏာ သံဃဂတာ န ဟောတိ။ မဟာထေရံ လဘိတွာပိ "မဟာထေရော မေ လဒ္ဓေါ"တိ သောမနဿံ ဥပ္ပါဒေန္တဿာပိ န ဟောတိယေဝ။

**ယော ပန သာမဏေရံ ဝါ ဥပသမ္ပန္နံ ဝါ ဒဟရံ ဝါ ထေရံ ဝါ ဗာလံ ဝါ ပဏ္ဍိတံ ဝါ ယံကိဉ္စိ သံဃတော လဘိတွာ နိဗ္ဗေမတိကော ဟုတွာ သံဃဿ ဒေမီတိ သံဃေ စိတ္တီကာရံ ကာတုံ သက္ကောတိ။ တဿ ဒက္ခိဏာ သံဃဂတာ နာမ ဟောတိ။**

ဟူသော ပါဠ်(မ၊၃၊၄။၂၂၅)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

သံဃေ၊ သံဃာ၌။ စိတ္တီကာရံ၊ ရိုသေခြင်းကို။ ကာတုံ၊ ပြုခြင်းငှာ။ သက္ကောန္တဿ၊ စွမ်းနိုင်သောသူအား။ ဟောတိ၊ ဖြစ်၏။ သံဃေ၊ သံဃာ၌။ စိတ္တီကာရော နာမ၊ ရိုသေခြင်း မည်သည်ကို။ ဒုက္ကရော၊ ပြုနိုင်ခဲ၏။ ဟိ သစ္စံ၊ မှန်၏။ ယော၊ အကြင်သူသည်။ သံဃဂတံ၊ သံဃာအား ရောက်သော။ ဒက္ခိဏံ၊ အလှူကို။ ဒဿာမိ၊ လှူအံ့။ ဣတိ၊ ဤသို့ ကြံ၍။ ဒေယျဓမ္မံ၊ လှူဖွယ်ဝတ္ထုကို။ ပဋိယာဒေတွာ၊ စီရင်၍။ ဝိဟာရံ၊ ကျောင်းသို့။ ဂန္တွာ၊ သွား၍။ "ဘန္တေ၊ သခင်တို့။ သံဃံ၊ သံဃာကို။ ဥဒ္ဒိဿ၊ ရည်၍။ ဧကံ ထေရံ၊ မထေရ် ၁-ပါးကို။ ဒေထ၊ ပေးတော်မူပါကုန်"။ ဣတိ၊ ဤသို့။ ယာစိ၊ တောင်း၏။ အထ၊ ထိုသို့ တောင်းသော အခါ၌။ သံဃတော၊ သံဃာမှ။ သာမဏေရံ၊ သာမဏေကို။ လဘိတွာ၊ ရ၍။ "မေ၊ ငါ့အား။ သာမဏေရော၊ သာမဏေကို။ လဒ္ဓေါ၊ ရခဲ့ပြီ"။ ဣတိ၊ ဤသို့။ အညထတ္တံ၊ ဖောက်ပြန်ခြင်း သည်။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တဿ၊ ထိုသူ၏။ ဒက္ခိဏာ၊ အလှူသည်။ သံဃဂတာ၊ သံဃာ အား ရောက်သည်။ ဝါ၊ သံဃိကဒါနသည်။ န ဟောတိ၊ မဖြစ်။ မဟာထေရံ၊ မဟာထေရ်ကြီး ကို။ လဘိတွာ၊ ရ၍။ "မေ၊ ငါ့အား။ မဟာထေရော၊ မထေရ်ကြီးကို။ လဒ္ဓေါ၊ ရခဲ့ပြီ"။ ဣတိ၊ သို့။ သောမနဿံ၊ ဝမ်းမြောက်ခြင်းကို။ ဥပ္ပါဒေန္တဿပိ၊ ဖြစ်စေသောသူအားလည်း (သူ၏ လည်းဟူ)။ ဒက္ခိဏာ၊ အလှူသည်။ သံဃဂတာ၊ သံဃာအား ရောက်သည်။ ဝါ၊ သံဃိက အလှူသည်။ န ဟောတိ၊ မဖြစ်။

ယော ပန၊ အကြင်သူသည်ကား။ သာမဏေရံ ဝါ၊ သာမဏေကိုသော်လည်း ကောင်း။ ဥပသမ္ပန္နံ ဝါ၊ ပဉ္စင်းကိုသော်လည်းကောင်း။ ဒဟရံ ဝါ၊ ပဉ္စင်းငယ်ကိုသော်လည်း ကောင်း။ ထေရံ ဝါ၊ မထေရ်ကြီးကိုသော်လည်းကောင်း။ ဗာလံ ဝါ၊ မိုက်သော သူကိုသော် လည်းကောင်း။ ပဏ္ဍိတံ ဝါ၊ ပညာရှိသော ရဟန်းကိုသော်လည်းကောင်း။ လဘိတွာ၊ ရ၍။ နိဗ္ဗေမတိကော၊ ယုံမှားမရှိသည်ဖြစ်၍။ သံဃဿ၊ သံဃာအား။ ဒေမိ၊ လှူအံ့။ ဣတိ၊ သို့။ သံဃေ၊ သံဃာ၌။ စိတ္တီကာရံ၊ ရိုသေခြင်းကို။ ကာတုံ၊ ပြုခြင်းငှာ။ သက္ကောတိ၊ တတ်နိုင်၏။ တဿ၊ ထိုသူ၏။ ဒက္ခိဏာ၊ အလှူသည်။ သံဃဂတာ နာမ၊ သံဃာအား ရောက်သည် မည်သည်။ ဝါ၊ သံဃိကအလှူ မည်သည်။ ဟောတိ၊ ဖြစ်၏။

ဤသို့ သံယာ၌ ရှိသေခြင်း သံယစိတ္တီကာရကို ပြုနိုင်သောသူအား သံယိကဒါန ဖြစ်၏။ မပြုနိုင်သောသူအား မဖြစ်။ သံယာ၌ ရှိသေခြင်း သံယစိတ္တီကာရဖြစ်ဟန်ကို ဤဆိုလတ္တံ့သော သာဓကဝတ္ထုဖြင့် သိရာ၏။

သမုဒ္ဒရာ၏တဘက်၌နေသော ဝိဟာရကုဋုမ္ဗိကမည်သော သူကြွယ်သည် "သံယိကအလှူကို လှူအံ့"ဟု သံယာကို ရည်၍ သံယာ့အထံမှ ရဟန်း ၁-ပါးကို တောင်းလေလျှင် တယောက်သော ဒုဿီလရဟန်းကို ရခဲ့၍ နေရာအရပ်ကို တံမြက်တလင်း ရှင်းလင်း သုတ်သင်ပြီးမှ သင့်တင့်လျောက်ပတ်သောနေရာကို ကောင်းစွာခင်းလျက် အထက်၌ ဗိတာန်ကြက်၍ ပန်းအခိုးအထုံတို့ဖြင့် ပူဇော်ပြီးမှ ခြေကို ဆေးလျှော်၍ နယ်ဆီဖြင့် ဆုပ်နယ်လိမ်းကျံပြီးသော် မြတ်စွာဘုရားကို ရှိသေသကဲ့သို့ ရှိသေစွာ သံယစိတ္တီကာရကို ပြုပြီးမှ ရှိသေစွာ လှူဒါန်းပူဇော်လိုက်၏။ ထိုဒုဿီလရဟန်းသည် "သူကြွယ်၏ အလှူကို ခံ၍ အကျွမ်းဝင်ပြီ" ဟု မှတ်၍ နေလွဲအခါ စေတီကို သုတ်သင်အံ့သောငှာ သူကြွယ်အိမ်သို့ သွား၍ အပါး၌ ရပ်ပြီးသော် ပေါက်တူးကို အလှူခံလာရာ နေရာမှ မထဘဲ ပေါက်တူးကို ခြေဖြင့် ခတ်၍ ပေးလိုက်၏။

ထိုအခါ လူအပေါင်းတို့က ဤသို့ ဆိုကြကုန်၏။ "နံနက်အခါတွင်ပင် ဤအရှင်ကို ရှိသေတုပ်ဝပ်လျက် ဆက်ကပ်လှူဒါန်း ပူဇော်ခြင်းကို ပြု၍ ယခုအခါ အလှူခံလာသည်တွင် သခင်သည် ဤအရှင်ရဟန်းကို ရဟန်းသံယာကဲ့သို့ မမှတ်။ ပေါက်တူးကို ခြေဖြင့် ခတ်၍ မလျောက်မပတ် ပေးဘိ၏။ ဤအကြောင်းကား အဘယ်နည်း"ဟု မေးကြလျှင် "နံနက်အခါက သံယာကို ရည်၍ ရှိသေစွာ ငါပြု၏။ ယခုအခါ အဘယ်မှာ ငါပြုတော့အံ့နည်း"ဟု ဆို၏။

ဤကဲ့သို့ သံယာကို ရှိသေခြင်း စိတ္တီကာရကို ပြုနိုင်သောသူအား အလဇ္ဇီဒုဿီလပင် ဖြစ်လင့်ကစား ရဟန္တာပုဂ္ဂိုလ်ကို လှူသောထက် သံယိကဒါနသည် မြတ်၏။ ထို့ကြောင့် ဥပရိပဏ္ဏာသ၊ ဒက္ခိဏာဝိဘင်္ဂသုတ်အဌကထာ၌-

သံဃေ စိတ္တီကာရံ ကာတုံ သက္ကောန္တဿ ခိဏာသဝေ ဒိန္နဒါနတော ဥဒ္ဒိသိတွာ ဂဟိတေ ဒုဿီလေပိ ဒိန္နဒါနံ မဟပ္ပလတရ မေဝ။

ဟူသော ပါဌ်(မ၊ဌ၊၄၊၂၂၆)ကို မိန့်ဆို ဖွင့်လှစ်တော်မူသတည်း။

သံဃေ၊ သံယာ၌။ စိတ္တီကာရံ ရှိသေလေးမြတ် တုပ်ဝပ်ခြင်းကို။ ကာတုံ၊ ပြုခြင်းငှာ။ သက္ကောန္တဿ၊ တတ်နိုင်သောသူအား။ ခိဏာသဝေ၊ ရဟန္တာပုဂ္ဂိုလ်၌။ ဒိန္နဒါနတော၊ လှူသော အလှူထက်။ ဥဒ္ဒိသိတွာ၊ သံယာကို ရည်၍။ ဂဟိတေ၊ ယူအပ်သော။ ဒုဿီလေ၊

သီလမရှိသော ပုဂ္ဂိုလ်၌။ ဒိန္နံ၊ လှူအပ်သော အလှူသည်။ မဟပ္ဖလံ မေဝ၊ အကျိုးကြီး မြတ်သည်သာလျှင်တည်း။

ထိုကဲ့သို့သော အရာကို ရည်၍ မြတ်စွာဘုရားသည် ဝင်းဥပရိပဏ္ဏာသ၊ ဒက္ခိဏာ-ဝိဘင်္ဂသုတ်ပါဠိတော်(မ၊၃။၂၉၉)၌-

**ဘဝိဿန္တိ ခေါ ပနာ'နန္ဒ အနာဂတ'မဒ္ဓါနံ ဂေါတြဘုနော ကာသာဝကဏ္ဍာ ဒုဿီလာ ပါပဓမ္မာ၊ တေသု ဒုဿီလေသု သံဃံ ဥဒ္ဒိဿ ဒါနံ ဒဿန္တိ။ တဒါပါ'ဟံ အာနန္ဒ သံဃဂတံ ဒက္ခိဏံ အသင်္ချေယျံ အပ္ပမေယျံ ဝဒါမိ။ နတွေဝါ'ဟံ အာနန္ဒ ကေနစိ ပရိယာယေန သံဃဂတာယ ဒက္ခိဏာယ ပါဋိပုဂ္ဂလိကံ ဒါနံ မဟပ္ဖလတရံ ဝဒါမိ။**

ဟူ၍ ဟောတော်မူသည်။

အာနန္ဒ၊ အာနန္ဒာ။ အနာဂတမဒ္ဓါနံ၊ နောင်လာလတ္တံ့သော ကာလ၌။ ဂေါတြဘု-နော၊ ရဟန်း၏အနွယ်သာ ရှိကုန်သော။ ဒုဿီလာ၊ သီလ မရှိကုန်သော။ ပါပဓမ္မာ၊ ယုတ်မာသော အကျင့်ရှိကုန်သော။ ဘိက္ခူ၊ ရဟန်းတို့သည်။ ဘဝိဿန္တိ၊ ဖြစ်ကုန်လတ္တံ့။ တေသု ဒုဿီလေသု၊ ထိုဒုဿီလရဟန်းတို့၌။ သံဃံ၊ သံဃာကို။ ဥဒ္ဒိဿ၊ ရည်၍။ ဒါနံ၊ အလှူကို။ ဒဿန္တိ၊ လှူကုန်လတ္တံ့။ အာနန္ဒ၊ အာနန္ဒာ။ တဒါပိ၊ ထိုအခါ၌လည်း။ သံဃဂတံ၊ သံဃာအား ရည်၍လှူသော။ ဒက္ခိဏံ၊ အလှူသည်။ အသင်္ချေယျံ၊ မရေတွက်နိုင်။ အပ္ပမေယျံ၊ မနှိုင်းယှဉ်အပ်။ ဣတိ၊ သို့။ အဟံ၊ ငါဘုရားသည်။ ဝဒါမိ၊ ဟောတော်မူ၏။ အာနန္ဒ၊ အာနန္ဒာ။ သံဃဂတာယ၊ သံဃာအား ရည်၍လှူသော။ ဒက္ခိဏာယ၊ အလှူထက်။ ပါဋိပုဂ္ဂလိကံ ဒါနံ၊ ပုဂ္ဂိုလ်အသီးပြု၍ လှူအပ်သော ပုဂ္ဂလိကဒါနသည်။ မဟပ္ဖလတရံ၊ အကျိုးကြီးမြတ်၏-ဟူ၍။ အဟံ၊ ငါဘုရားသည်။ ကေနစိ ပရိယာယေန၊ တစ်စုံတစ်ခုသော အကြောင်းဖြင့်။ နတွေဝ ဝဒါမိ၊ ဟောတော်မမူသည်သာတည်း။

ဤသို့ ပါဠိ, အဋ္ဌကထာ၌ လာသည်ကို ထောက်လျှင် "**သာမဏေရော မေ လဒ္ဓေါတိ အညထတ္တံ ဥပ္ပါဒေန္တဿ န ဟိ သံဃေ စိတ္တီကာရံ နာမ**"ဟူရကား သာမဏေ လည်း သံဃာ၌ ပါဝင်၏။ သံဃာကို ရည်၏။ "မဟာထေရ်ကို ပေးတော်မူပါ၊ မဇ္ဈိမထေရ်ကို ပေးတော်မူပါ၊ နဝကထေရ်ကို ပေးတော်မူပါ၊ သာမဏေကို ပေးတော်မူပါ၊ မဇ္ဈိမ-ဘာဏကထေရ်-စသည်တို့ကို ပေးတော်မူပါ၊ အကျွန်ုပ်တို့ ဆွေမျိုးရဟန်းကို ပေးတော်မူ ပါ"ဟု ဒါယကာတို့ လျှောက်ရာ "ဤသံဃာ အလှည့်မကျ"-ဟု ပယ်၍ အလှည့်ကျသော ရဟန်းသာမဏေကို ပေးအပ်၏။

ထို့ကြောင့် ဝိနယသင်္ဂဟအဋ္ဌကထာ(၂၆၆)၌-

"သံယတော ဥဒ္ဒိသိတွာ အဋ္ဌ မဟာထေရေ ဒေထ၊ မဇ္ဈိမေ ဒေထ၊ နဝကေ ဒေထ၊ ပရိပုဏ္ဏဝဿေ သာမဏေရေ ဒေထ၊ မဇ္ဈိမဘာဏကာဒယော ဒေထ၊ မယှံ ဉာတိဘိက္ခူ ဒေထာ"တိ ဝဒန္တဿ ပန "ဥပါသက တွံ ဧဝံ ဝဒသိ၊ ဋ္ဌိတိကာယ ပန တေသံ န ပါပုဏာတီ"တိ ဝတွာ ဋ္ဌိတိကာဝသေနေဝ ဒါတဗ္ဗာ။

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

"သံယတော၊ သံယာမှ။ ဥဒ္ဒိသိတွာ၊ သံယာကို ရည်၍။ အဋ္ဌ မဟာထေရေ၊ မထေရ်ကြီး ၈-ပါးတို့ကို။ ဒေထ၊ ပေးတော်မူပါကုန်။ မဇ္ဈိမေ ထေရေ၊ မထေရ်လတ်တို့ကို။ ဒေထ၊ ပေးတော်မူပါကုန်။ နဝကေ ထေရေ၊ မထေရ်ငယ်တို့ကို။ ဒေထ၊ ပေးတော်မူပါကုန်။ ပရိ-ပုဏ္ဏဝဿေ သာမဏေရေ၊ ပြည့်သော ဝါရှိသော သာမဏေတို့ကို။ ဒေထ၊ ပေးတော်မူပါကုန်။ မဇ္ဈိမဘာဏကာဒယော၊ မဇ္ဈိမဘာဏကထေရ်-စသည်တို့ကို။ ဒေထ၊ ပေးတော်မူပါကုန်။ မယှံ ဉာတိဘိက္ခူ၊ ငါ၏ ဆွေမျိုးရဟန်းကို။ ဒေထ၊ ပေးတော်မူပါကုန်။" ဣတိ၊ သို့။ ဝဒန္တဿ ပန၊ ဆိုသောသူအားကား။ "ဥပါသက၊ ဒါယကာ။ တွံ၊ သင်သည်။ ဧဝံ ဝဒသိ၊ ဤသို့ ဆို၏။ တေသံ ပန၊ ထိုရဟန်း, သာမဏေတို့အားကား။ ဋ္ဌိတိကာယ၊ အလှည့်ဖြင့်။ န ပါပုဏာတိ၊ မရောက်သေး။" ဣတိ၊ သို့။ ဝတွာ၊ ဆို၍။ ဋ္ဌိတိကာယ ဝသေနေဝ၊ အလှည့်၏ အစွမ်းဖြင့်သာလျှင်။ ဒါတဗ္ဗံ၊ ပေးအပ်၏။

ဤအဋ္ဌကထာတွင်လည်း "သံယတော ဥဒ္ဒိသိတွာ ပရိပုဏ္ဏဝဿေ သာမဏေရေ ဒေထ"ဟု လာရကား သာမဏေလည်း သံယာ၌ ဝင်ကြောင်း သိရ၏။ သံယာ့ပစ္စည်းဖြစ်သော ပန်းကို ဝေရာ သမ္မုတိရသော ရဟန်းသည် ထိုကာလ ထိုအာရာမ်ကျောင်းသို့ ရောက်လာသော သာမဏေတို့အား ထက်ဝက်သော အဖို့ကို ပေးအပ်၏။

ထို့ကြောင့် ပါရာဇိကဏ်၊ တေရသကဏ္ဍ၊ ကုလဒူသကသိက္ခာပုဒ် အဖွင့်အဋ္ဌကထာ၌-

သမ္ပတေန ပုပ္ဖဘာဇကေန ဘာဇနကာလေ သမ္ပတ္တာနံ သာမဏေရာနံ ဥပဍ္ဎဘာဂံ ဒါတုံ ဝဋ္ဋတိ။

ဟူသော ပါဠ်(ဝိ၊၄၊၂။၂၀၉)ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

သမ္မတေန၊ သမ္မုတိကို ရသော။ ပုပ္ဖဘာဇကေန၊ ပန်းဝေသော ရဟန်းသည်။ ဘာဇနကာလေ၊ ဝေသောအခါ၌။ သမ္ပတ္တာနံ၊ ရောက်လာကုန်သော။ သာမဏေရာနံ၊ သာမဏေတို့အား။ ဥပဍ္ဎဘာဂံ၊ ထက်ဝက်သောအဖို့ကို။ ဒါတုံ၊ ပေးခြင်းငှာ။ ဝဋ္ဋတိ၊ အပ်၏။

ဤသို့ ကျမ်းဂန်လာသောကြောင့် သာမဏေတို့သည် သံဃာ၌ အတွင်းဝင်ကြောင်းကို ကောင်းကောင်း သန္နိဋ္ဌာန်ချ၍ မှတ်ရာ၏။ **ဤတွင်ရွေ့ သာမဏေတို့သည် သံဃာ၌ အတွင်းဝင်မည်, မဝင်မည်ကို ပြဆိုသောစကားရပ် အပြီးသတ်တည်း။**

(၄) စာရေးတံဆွမ်း-စသည် ကျောင်းရှိသံဃာကို ရည်၍ လှူဒါန်းရာ သာမဏေတို့ ဆိုင်ပိုင်မည်ကို မေးလျှောက်သည်မှာ မြတ်စွာဘုရား သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်းတွင် ကိန်းအောင်းမွေ့လျော် စံပျော်တော်မူသောကာလ ပသေနဒီကောသလမင်းကြီးသည် မြတ်စွာဘုရားအထံတော်သို့ ချဉ်းကပ်၍–

“အဘယ်ပုဂ္ဂိုလ်၌ အလှူကို လှူအပ်သနည်း”ဟု–

**“ကတ္ထ နု ခေါ ဘန္တေ ဒါနံ ဒါတဗ္ဗံ။”**

ဟု မေးလျှောက်ရာ–

“အကြင်ပုဂ္ဂိုလ်အား ကြည်ညို၏။ ထိုပုဂ္ဂိုလ်အား လှူအပ်၏”ဟု–

**“ယတ္ထ ခေါ မဟာရာဇ ပသီဒတိ၊ တတ္ထ ဒါတဗ္ဗံ။”**

စသည်ဖြင့် ဖြေတော်မူလျှင် ပသေနဒီကောသလမင်းကြီးက–

“အဘယ်ပုဂ္ဂိုလ်၌ လှူအပ်(*သော အလှူသည် အကျိုးကြီး*)သနည်း”။

**“ကတ္ထ ပန ဘန္တေ ဒိန္နံ မဟပ္ဖလံ။”**

ဟု ထပ်မံ မေးလျှောက်လေလျှင် “ဒကာမင်းကြီး၊ ရှေးဦးစွာ မေးအပ်သော အရာလည်း တခြား၊ ယခုမေးအပ်သော အရာလည်း တပါး-ဟု ထင်မှတ်သလော”ဟု မေးတော်မူပြီး၍ “ပြဿနာကို ဖြေခြင်းသည်ကား ငါဘုရား၏ ဝန်တည်း”ဟု နှလုံးသွင်းပိုက်တော်မူ၍–

**အညံ ခေါ တေ မဟာရာဇ ကတ္ထ ဒါနံ ဒါတဗ္ဗံ။ အညံ ပနေတံ ကတ္ထ ဒိန္နံ မဟပ္ဖလံ။**

ဟု မိန့်တော်မူပြီးမှ–

**သီလဝတော ခေါ မဟာရာဇ ဒိန္နံ မဟပ္ဖလံ၊ နော တထာ ဒုဿီလေ။**

ဟူ၍ ဟောတော်မူသည်။ (သံ၊၁။၉၉)

မဟာရာဇ၊ ပသေနဒီကောသလမင်းကြီး။ သီလဝတော၊ သီလရှိသောပုဂ္ဂိုလ်အား။ ဒိန္နံ၊ လှူအပ်သော အလှူသည်။ မဟပ္ဖလံ၊ အကျိုး ကြီးမြတ်၏။ သီလဝတော၊ သီလရှိသော

ပုဂ္ဂိုလ်အား။ ဒိန္နံ၊ လှူအပ်သော အလှူသည်။ မဟပ္ဖလံ၊ အကျိုးကြီးမြတ်သည်။ ဟောတိ ယထာ၊ ဖြစ်သကဲ့သို့။ တထာ၊ ထို့အတူ။ ဒုဿီလေ၊ သီလမရှိသော ပုဂ္ဂိုလ်၌။ ဒိန္နံ၊ လှူအပ် သောအလှူသည်။ မဟပ္ဖလံ၊ အကျိုးကြီးမြတ်သည်။ န ဟောတိ၊ မဖြစ်။

ဤသို့ 'ဘုရား ဖြေဆိုတော်မူရသော အရာကဲ့သို့ အထက်သံဃိကလှူရာ သာမဏေ ဆိုင်မည်, မဆိုင်မည်-ဟု မေးလျှောက်သော စကားနှင့် ယခု သံဃာကို ရည်၍ ဆွမ်းသင်္ကန်း စသည်ကို လှူရာ သာမဏေကို ဝေဖန်အပ်မည်, မအပ်မည်'-ဟု မေးသော နောက်စကား သည် အခြားရှိသကဲ့သို့ ဒါယကာ သဘောမှာ ထင်ဘိသကဲ့သို့ ရှိသည်။ သံဃာ-ဟူကလည်း သာမညဖြစ်လျှင် အခြား မရှိကောင်းပြီ။ ပစ္စည်း-ဟူကလည်း အခြား မရှိကောင်းပြီ။ ရဟန်း သံဃာ၊ သာမဏေသံဃာ၊ ရဟန်း,သာမဏေ ၂-ပါးစုံသံဃာ ခွဲခြမ်း၍ လှူမှသာ သံဃာ လည်း ကွဲပြားသင့်သည်၊ ပစ္စည်းလည်း ကွဲပြားသင့်သည်။

ရဟန်းတို့နှင့်သာ ထိုက်တန်သော ပစ္စည်း, သာမဏေတို့နှင့်သာ ထိုက်တန်သောပစ္စည်း, ရဟန်း,သာမဏေ ၂-ပါးစုံ ထိုက်တန်သော ပစ္စည်း၊ ၂-နည်း, ၃-ထွေပင် ရှိသင့်၏။ ထို့ကြောင့် အထက် တတိယပုစ္ဆာ၏ ဝိသဇ္ဇနာတွင် ပြဆိုခဲ့သည့်အတိုင်း သံဃာကို သာမညရည်သော ပစ္စည်းဖြစ်အံ့၊ သာမဏေတို့လည်း သံဃာအဝင်ဖြစ်၍ ဆိုင်ပိုင်သည်-ဟု မှတ်ရာ၏။

(ပသေနဒီကောသလမင်းကို ဝမ်းပြင်၌ မြစ်ကဲ့သို့ လက်ယာရစ် လှည့်၍ တည်သော အရေး အကြောင်းရှိသောကြောင့် ပသေနဒီကောသလ တွင်သည်-ဟု လူ့ရှင်အများပင် မှတ်သားပြောဆိုကြ၏၊ မသင့်။ တပါးသော စစ်သည်ကို အောင်၍ မင်းပြုရသောကြောင့် ပရသေနဇိ-ဟု ဆိုလိုလျက် ရ-ကို ချေ၊ ဇ-ကို ဒ-ပြု၊ ပသေနဒီ-ဟု တွင်လေသည်။

ပရသေနံ ဇိနာတီတိ ပရသေနဇီတိ ဝတ္တဗ္ဗေ ရ-ကာရဿ လောပံ၊ ဇ-ကာရဿ'စ ဒ-ကာရံ ကတွာ ပသေနဒီ'တိ ဝုတ္တံ။ )

ဤတွင်ရွေ့ ဆွမ်း,သင်္ကန်း-စသည်ကို ရည်၍ သံဃာကို လှူရာ သာမဏေတို့ကို လည်း ပေးဝေသင့်ကြောင်းကို ပြဆိုသော စကားတစ်ရပ် အပြီးသတ်တည်း။

(၅) သံဃာကို ရည်၍ လှူပြီးကျောင်းကို သီတင်းသုံးနေစေလိုသော ပုဂ္ဂိုလ်နေမှ နှစ်ခြိုက်သည်ဖြစ်၍ ထိုထိုပုဂ္ဂိုလ်သာ ကျောင်းတင်အပ်ရာ သံဃိကဖြစ်မည်, ပုဂ္ဂလိကဖြစ် မည်ကို မေးလျှောက်သည်မှာ ပုဗ္ဗ, မုဥ္စ, ပရစေတနာ ၃-တန်နှင့် သံဃာကို ရည်ညွှန်းလှူဒါန်း ပြီး၍ သံဃိကသံဃပစ္စည်း ဖြစ်၏။ ပုဂ္ဂိုလ်ကို မလှူအပ်၊ အလှူလည်း မခံအပ်၊ သုံးလည်း မသုံးဆောင်အပ်၊ လှူသော် အဓမ္မိကဒါန ဖြစ်၏။ အလှူခံသော် အဓမ္မိကပဋိဂ္ဂဟ ဖြစ်၏။ သုံးဆောင်သော် အဓမ္မိကပရိဘောဂ ဖြစ်၏။

ထိုစကား သင့်၏။ အခမ္မိကဒါန ၉-ပါး၊ အခမ္မိကပဋိဂ္ဂဟ ၉-ပါး၊ အခမ္မိက-ပရိဘောဂ ၉-ပါးရှိသည်။ မအပ်သော လှူခြင်း, မအပ်သော အလှူခံခြင်း, မအပ်သော ပစ္စည်းတို့ကို သုံးဆောင်ခြင်း-ဟူလို။ ထို့ကြောင့် မြတ်စွာဘုရားသည် ပရိဝါပါဠိတော်၊ နဝက ပရိစ္ဆေဒ(ဝိ၊၅။၂၄၅)၌-

**နဝ အခမ္မိကာနိ ဒါနာနိ၊ နဝ အခမ္မိကာ ပဋိဂ္ဂဟာ၊ နဝ အခမ္မိကာ ပရိဘောဂါ။**

ဟူ၍ ဟောတော်မူသည်။

အခမ္မိကာနိ ဒါနာနိ၊ မအပ်သော လှူခြင်းတို့သည်။ နဝ၊ ၉-ပါးတို့တည်း။ အခမ္မိကာ ပဋိဂ္ဂဟာ၊ မအပ်သော ခံခြင်းတို့သည်။ နဝ၊ ၉-ပါးတို့တည်း။ အခမ္မိကာ ပရိဘောဂါ၊ မအပ်သော သုံးဆောင်ခြင်းတို့သည်။ နဝ၊ ၉-ပါးတို့တည်း။

ထိုပါဠိတော်၏အရ၌ မအပ်သော အခမ္မိကဒါန ၉-ပါးဟူသော်ကား-

- သံဃာအား ညွတ်ပြီးသော ပစ္စည်းကို တပါးသော သံဃာကို လှူခြင်း, စေတီကို လှူခြင်း, ပုဂ္ဂိုလ်ကို လှူခြင်း ၃-ပါး၊
- စေတီတစ်ခုကို ညွတ်ပြီးသော ပစ္စည်းကို စေတီတစ်ခုကို လှူခြင်း, သံဃာကို လှူခြင်း, ပုဂ္ဂိုလ်ကို လှူခြင်း ၃-ပါး၊
- ပုဂ္ဂိုလ်ကို ညွတ်ပြီးသော ပစ္စည်းကို တပါးသော ပုဂ္ဂိုလ်ကို လှူခြင်း, သံဃာကို လှူခြင်း, စေတီကို လှူခြင်း ၃-ပါး။

ဤသို့ မအပ်သော **အခမ္မိကဒါန ၉-ပါး** ဖြစ်၏။

အခမ္မိကပဋိဂ္ဂဟ၊ အခမ္မိကပရိဘောဂတို့၌ အခမ္မိကဒါန ၉-ပါးတို့နှင့် ယှဉ်၍ သိရာ၏။ အခမ္မိကဒါန၊ အခမ္မိကပဋိဂ္ဂဟ၊ အခမ္မိကပရိဘောဂတို့၌သာ ၉-ပါးသည် ဖြစ်သည်။

- တရားသဖြင့် လှူခြင်း ဓမ္မိကဒါန ၃-ပါး၊
- တရားသဖြင့် လှူသည်ကို ခံခြင်း ဓမ္မိကပဋိဂ္ဂဟ ၃-ပါး၊
- တရားသဖြင့် သုံးဆောင်ခြင်း ဓမ္မိကပရိဘောဂ ၃-ပါး။

ဤသို့ ၃-ပါးစီသာ ဖြစ်၏။

၃-ပါးစီ ဖြစ်ဟန်ကား-

- သံဃာကို ညွတ်ပြီး၍ ညွတ်သော သံဃာကိုသာ လှူခြင်း၊
- စေတီကို ညွတ်ပြီး၍ ညွတ်သော စေတီကိုသာ လှူခြင်း၊

- ပုဂ္ဂိုလ်ကို ညွှတ်ပြီး၍ ညွှတ်သော ပုဂ္ဂိုလ်ကိုသာ လှူခြင်း ၃-ပါး၊

ဓမ္မိကပဋိဂ္ဂဟ, ဓမ္မိကပရိဘောဂတို့၌လည်း ဓမ္မိကဒါနတို့ကို ရည်၍ သိရာ၏။ ပါဠိ, အဋ္ဌကထာ လာတိုင်းကို ပြဆိုလျှင် ကျယ်လွန်းအံ့။ ထိုစကားတို့တွင် သံဃာကို ရည်၍ ပုဂ္ဂိုလ်ကို မြတ်နိုးသည်ဆိုရာ၌ သံဃာကို ရည်ကာမတ္တဖြင့် စေတနာ ၃-တန် မဖြစ်စေ။ ထိုပစ္စည်းမှာ ဒါယကာလှူတိုင်းပင် သံဃိကလည်း ဖြစ်၏။ ပုဂ္ဂလိကလည်း ဖြစ်၏။ ထိုစကား သင့်၏။ ရည်ကာမတ္တဖြင့် သံဃာ,ပုဂ္ဂိုလ် မပိုင်သေး။

ဝိနယသင်္ဂဟအဋ္ဌကထာ၊ ဝိဿာသဂ္ဂါဟဝိနိစ္ဆယတွင် တစ်စုံတစ်ယောက်သော ရဟန်းက ဝေးသောအရပ်၌ ရှိသောပုဂ္ဂိုလ်ကို ရည်၍ တစ်စုံတစ်ယောက်သော ရဟန်း၏ လက်၌ အပ်နှံပြီးသော် "ဤမည်သော ရဟန်းကို လှူပါလေ"ဟု "**ဣမံ စီဝရံ ဣတ္ထန္နာမဿ ဒေဟိ**"ဟု ပေးလိုက်ရာ ဆောင်ယူသွားသော ရဟန်းသည် ခရီးလမ်းတွင် ထိုသင်္ကန်းကို စေသူဥစ္စာ-ဟူသော အမှတ်ဖြင့် ဝိဿာသဂ္ဂါဟနှင့် ယူရာ ထိုစေသူ ဥစ္စာဖြစ်၍ သုဂဟိတ ဖြစ်၏။ အကြင်ရဟန်းအား စေလိုက်၏။ ထိုရဟန်း၏ ဥစ္စာ-ဟူသော အမှတ်ဖြင့် ဝိဿာ-သဂ္ဂါဟနှင့်ယူရာ ထိုသူဥစ္စာ မဟုတ်သောကြောင့် ဒုဂ္ဂဟိတ ဖြစ်၏။ မကောင်းသော ယူခြင်း ဖြင့် ယူသည် မည်၏။

အမှတ်မရှိ ဝေးသောအရပ်၌ ရှိသောရဟန်းကို ရည်၍ "ဤသင်္ကန်းကို ထိုရဟန်း အား လှူ၏"ဟု "**ဣမံ စီဝရံ ဣတ္ထန္နာမဿ ဒမ္မိ**"ဟု ပစ္စုပ္ပန်ကာလဖြင့် ပေးလိုက်သည်ကို ဆောင်ယူသွားသော ရဟန်းသည် ပေးလိုက်သော ပုဂ္ဂိုလ်၏ ဥစ္စာ-ဟူသော အမှတ်ဖြင့် ဝိဿာသဂ္ဂါဟနှင့် ယူရာ၊ (ဝါ) အကျွမ်းဝင်သော ယူခြင်းဖြင့် ယူရာ ထိုသူ၏ဥစ္စာ မဟုတ် သော ကြောင့် ဒုဂ္ဂဟိတ ဖြစ်၏။ မကောင်းသော ယူခြင်း မည်၏။ အဝေး၌ရှိသော ရဟန်း၏ ဥစ္စာ-ဟူသော အမှတ်ဖြင့် ယူရာ သုဂဟိတ ဖြစ်၏။ ကောင်းသောယူခြင်း မည်၏-ဟု "သုဂ္ဂဟိတံ ဟောတိ"စသည်ကို အဋ္ဌကထာဆရာ မိန့်မှာဖွင့်လှစ်တော်မူပေရကား ဝေးသည် ဖြစ်စေ, နီးသည်ဖြစ်စေ "မည်သည့်ရဟန်းအား လှူ၏"ဟု ပစ္စုပ္ပန်ဖြင့် လှူရာ လှူဆဲသော ခဏ၌ အလှူခံပုဂ္ဂိုလ်၏ ပစ္စည်း ဖြစ်၏။ သံဃာ, စေတီတို့၌လည်း နည်းတူမှတ်။

ဤမည်သော သံဃာ, စေတီ, ပုဂ္ဂိုလ်ကို လှူမည် ကြံစည်ကာမျှဖြင့် လှူသည် မဟုတ်သေး။ ဒါယကာ့ဥစ္စာပင် ဖြစ်ချေ၏။ ထို့ကြောင့် အလှူရှင် ဒါယကာတို့ ပရမတ္ထ သဘာဝကို လှလှရိပ်မိအောင် သတိနှလုံးသွင်းရာ၏။

လျှောက်စာတွင် ပါသည့်အတိုင်း သံဃာကို ရည်၍ ပုဗ္ဗ, မုဉ္စ, ပရ စေတနာ ၃-တန်ဖြစ်ပြီးမှ မည်သည့်ပုဂ္ဂိုလ်မဆို နေထိုင်သည်ကို မကြိုက်၊ ရည်ရွယ်ရင်းပုဂ္ဂိုလ် နေထိုင်မှ

သာ ကြိုက်သည်မှာ တရားကျမ်းဂန်ကို မလိမ္မာသူတို့မှာ အယူချွတ်ချော် မလျော်မသင့် ဖြစ်တတ်၏။ ထို့ကြောင့် ကျမ်းဂန်အရာကို လိမ္မာသိကျွမ်းအောင်သော်လည်း ပြုရာ၏။ လိမ္မာသိကျွမ်းသော ဆရာသခင်, အရှင်များကို လျှောက်ထား၍သော်လည်း ပြုရာ၏။

**သံဃာကို စေတနာ ၃-တန်ပြတ်၍ ရည်မှတ်ပြီးလျှင် ပုဂ္ဂိုလ်,စေတီကို မလှူအပ်။ သံဃာကိုသာ လှူအပ်၏။ မလှူအပ်သသူကို လှူသော် အဓမ္မိကဒါနဖြစ်၍ အပြစ်ရှိ၏။**

သံဃာကို စေတနာ ၃-တန်ပြတ်၍ ရည်မှတ်လှူဒါန်းသည့်ကျောင်းမှာ ပုဂ္ဂိုလ် နေထိုင်သည်ကို မနှစ်သက်ရာ။ အထက်၌ ပြဆိုခဲ့သော သံဃဒါန, အဓမ္မိကဒါနတို့ကို နှလုံးသွင်းရာ၏။ သံဃာကို လှူလိုသောစိတ် ဖြစ်ကာမျှဖြင့် **သံဃသန္တက** မဖြစ်။ သံဃာကို လှူအံ့-ဟု ပစ္စည်းပရိက္ခရာ စီရင်၍ စေတနာပြဋ္ဌာန်းလျှင် သံဃာ့လက်သို့ မရောက်သေး သော်လည်း **သံဃိက ဖြစ်**၏။ ထို့ကြောင့် သမန္တပါသာဒိကမည်သော ဝိနည်းအဋ္ဌကထာ(၂။ ၃၁၀)၌–

**သံဃိကန္တိ** သံဃဿ သန္တကံ။ သော ဟိ သံဃဿ ပရိဏတတ္တာ ဟတ္ထံ အနာ- ရုဠှောပိ ဧကေန ပရိယာယေန သံဃဿ သန္တကော ဟောတိ။

ဟူသော ပါဠ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

**သံဃိကန္တိ၊ သံဃိကံ**-ဟူသည်ကား။ သံဃဿ၊ သံဃာ၏။ သန္တကံ၊ ဥစ္စာတည်း။ ဟိ သစ္စံ၊ မှန်၏။ သော၊ ထိုသံဃာ့ဥစ္စာသည်။ သံဃဿ၊ သံဃာသို့။ ပရိဏတတ္တာ၊ ညွတ်အပ် သည်၏ အဖြစ်ကြောင့်။ ဟတ္ထံ၊ လက်သို့။ အနာရုဠှောပိ၊ မရောက်သေးသော်လည်း။ ဧကေန ပရိယာယေန၊ တစ်စုံတစ်ခုသော ပရိယာယ်ဖြင့်။ သံဃဿ သန္တကော၊ သံဃာ့ဥစ္စာ သည်။ ဟောတိ၊ ဖြစ်၏။

သံဃာကို လှူမည်-ဟု ဆွမ်း, ခဲဖွယ်, ဘောဇဉ်တို့ကို ပြင်ဆင်၍ ထားရာ ကျီးတစ်ခု လာ၍ နှုတ်သီးဖြင့် ၃-ကြိမ်တိုင် ထိုးဆွပ်ယူဆောင်၍ စားသော မကောင်းမှုကြောင့် ဂိဇ္ဈကုဋ် တောင်တွင် ၃-ဂါဝုတ်ရှိသော ကျီးပြိတ္တာဖြစ်၍ ဝမ်းတွင်း၌ မီးလောင်လျက် ခံရသည်-ဟု ဟောတော်မူသော ကာကပေတဝတ္ထုကို ထောက်။

ဤသို့ ကျမ်းဂန်လာသောကြောင့် သံဃာကို ရည်ညွှန်း၍ စေတနာပြဋ္ဌာန်းပြီး ဖြစ်လျှင် သံဃာ့ပစ္စည်း ဖြစ်၏။ သံဃာကိုသာ လှူအပ်၏။ ပုဂ္ဂိုလ်ကို မလှူအပ်။ အလှူလည်း မခံအပ်။ သုံးလည်း မသုံးဆောင်အပ်-ဟု မှတ်ရာ၏။

**ဤတွင်ရွေ့ သံဃာကို ရည်သော ပစ္စည်းကို စေတီ, ပုဂ္ဂိုလ်ကို လှူရာ, သုံးဆောင်ရာ၌ သံဃာ့ပစ္စည်း ဖြစ်မည်, ပုဂ္ဂိုလ်ပစ္စည်း ဖြစ်မည်ကို ပြဆိုသောစကားရပ် အပြီးသတ်တည်း။**

ထိုစကားရပ်တို့ကို အကျယ်သိလိုလျှင် ဓမ္မသင်္ဂဏီအဋ္ဌကထာ။ ဝိဘင်းအဋ္ဌကထာ။ သုတ်သီလက္ခန်ဋီကာ။ အဘိဓမ္မတ္ထဝိဘာဝနီ၊ ၎င်းအဖွင့် မဏိမဥ္ဇူသာဋီကာ။ စတုက္ကနိပါတ်၊ အင်္ဂုတ္တိုရ်ပါဠိ,အဋ္ဌကထာ။ ဒသကနိပါတ်၊ အင်္ဂုတ္တိုရ်ပါဠိ, အဋ္ဌကထာ။ အပဒါန်အဋ္ဌကထာ။ ဥပရိပဏ္ဏာသ၊ ဒက္ခိဏာဝိဘင်္ဂသုတ်ပါဠိ,အဋ္ဌကထာ။ ဝိနယသင်္ဂဟအဋ္ဌကထာ။ သဂါထာဝဂ္ဂ-သံယုတ်အဋ္ဌကထာ။ သုတ္တနိပါတ်၊ ပါရာယနဝဂ်၊ ပါရာယနဗာဝရီယသုတ်အဋ္ဌကထာ။ ပရိဝါပါဠိ, အဋ္ဌကထာ။ ပါရာဇိကကဏ်၊ သံဃာဒိသေသကုလဒူသကသိက္ခာပုဒ် အဖွင့် အဋ္ဌကထာ။ ၎င်းနိဿဂ္ဂိယပရိဏတသိက္ခာပုဒ် အဖွင့်အဋ္ဌကထာတို့မှာ ကြည့်လေ။

တရားသူကြီး မဟာမင်းထင်စည်သူ-က "သမ္ဗုဒ္ဓလာပ, ဗျာပါဒတို့ အပါယဂမနီယ ဖြစ်၍ အပါယ်ပဋိသန္ဓေကို ပေးနိုင်မည်, မပေးနိုင်မည်၊ ကမ္မပိလောတိက ၁၂-ပါးတွင် ၂-ပါးသော ဝတ္ထုမှာ ဧရဲ့ ကျသည်-ဟူ၍ မဆိုသည့်အကြောင်း၊ စတုဒိသာသံဃာကို ရည်၍ လှူရာ သာမဏေ ပါဝင်မည်, မပါဝင်မည်၊ တိုက်ရှိ,ကျောင်းရှိ သံဃာကို လှူရာ သာမဏေ တို့ကို ခွဲဝေသင့်မည်, မခွဲဝေသင့်မည်၊ သံဃာကို ရည်၍ ဆောက်လုပ်လှူဒါန်းသော ကျောင်းမှာ ပုဂ္ဂိုလ်နေထိုင်သည်ကို နှစ်သက်ရာ၌ သံဃိကပင် ဖြစ်သင့်သည်, ပုဂ္ဂလိကပင်ဖြစ်သင့်သည်ကို အသေအချာ သိမှတ်လိုပါသည်"ဟု လျှောက်သောကြောင့် ကျမ်းဂန်အလာ ဒေသနာနယကို ထုတ်ဆောင်၍ ၁၂၃၉-ခု၊ ဝါခေါင်လဆန်း၊ ၁၅-ရက်နေ့၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိခ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## မန္တလေးမြို့၊ စည်သာတံခါးတော်တွင်းနေ ဒါယကာမောင်ဘိုး-က ပါရမီတော်ပျို့လာ "ဝိဇ္ဇာ ၃-ကြိမ်"ကို လျှောက်ထားချက်

[ ၁၃၇ ] "ဘုရားတပည့်တော် ရတနာပုံရွှေမြို့တော်၊ စည်သာတံခါးတွင်းနေ ဒါယကာ ဘိုး ခြေတော်ဦးခိုက် လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား။

ပါရမီတော်ခန်း၊ ကဗျာကျမ်းတွင် အရှင်သီလဝံသဆရာ မဟာထေရ်မြတ် စပ်ဆိုတော်မူသော 'ဝိဇ္ဇာသုံးကြိမ်'-အစရှိသော လင်္ကာစကား၌–

- အချို့လည်း 'ဝိဇ္ဇာသုံးကြိမ်၊ လူဖြစ်ချိန် သင့်သည်'ဟု ပြောဆိုကြပါသည်။
- အချို့ကလည်း 'ဝိဇ္ဇာသုံးကြိမ်၊ လုံးဖြစ်ချိန် သင့်သည်"ဟု ပြောဆိုကြပါသည်။

သို့ ဝါဒအသီးသီး ကွဲပြားကြသည်တွင် “ဝိဇ္ဇာသုံးကြိမ်၊ လူဖြစ်ချိန်”ပင် သင့်မည်၊ ‘ဝိဇ္ဇာသုံးကြိမ်၊ လုံးဖြစ်ချိန်’ပင် သင့်မည်ကို နေရာကျ သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။”

ဒါယကာမောင်ဘိုး လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ–

[၁၃၇]　“ဝိဇ္ဇာသုံးကြိမ်၊ လူဖြစ်ချိန်”သင့်မည်၊ “ဝိဇ္ဇာသုံးကြိမ်၊ လုံးဖြစ်ချိန်”ပင် သင့်မည်ကို မေးလျှောက်သည်မှာ **“ဝိဇ္ဇာသုံးကြိမ်၊ လူဖြစ်ချိန်”**သာ သင့်သည်။ “ဝိဇ္ဇာသုံးကြိမ်၊ လုံးဖြစ်ချိန်”မသင့်။

အဘယ်ကြောင့်နည်းဟူမူ ရတနာပလ္လင်၊ ဗောဓိပင်၌ သဗ္ဗညုတဉာဏ်တော်ကို ရ၍ ဘုရားဖြစ်တော်မူစဉ်ကလည်း ဝိဇ္ဇာ ၃-ပါး လုံး၍ ဖြစ်တော်မမူ။

- ညဦးယံ၌ **ပုဗ္ဗေနိဝါသဉာဏ်**ကို ရတော်မူသည်၊
- သန်းခေါင်ယံ၌ **ဒိဗ္ဗစက္ခုဉာဏ်**ကို ရတော်မူသည်၊
- မိုးသောက်ယံ၌ **အာသဝက္ခယဉာဏ်**ကို ရတော်မူသည်။

ဤသို့ ဉာဏ် ၃-ပါးတို့ကို ရတော်မူသည့်ကာလလည်း လုံး၍ ဖြစ်တော်မမူ။

**သုမေဓာရှင်ရသေ့**၏ ပါရမီကို ဒီပင်္ကရာဘုရား ကြည့်တော်မူစဉ်ကာလလည်း ဉာဏ်တော် ၃-ပါး လုံး၍ ဖြစ်တော်မူသည် မဟုတ်။ ဒိဗ္ဗစက္ခု-ဟု ဆိုအပ်သော အနာဂတံသဉာဏ်တော် ၁-ပါးဖြင့်သာ ဘုရားဖြစ်ထိုက်၏လော၊ ဖြစ်လတ္တံ့လော-ဟု ကြည့်တော်မူသည်။

ထိုစကား၌ စုတိ, ပဋိသန္ဓေကို သိနိုင်သော စုတူပပါတဉာဏ်၊ သတ္တဝါတို့ကံအလျောက် ဖြစ်သည်ကို သိနိုင်သော ယထာကမ္မူပဂဉာဏ်၊ အနာဂတ်ကာလကို သိနိုင်သော အနာဂတံသဉာဏ်တော်တို့သည်လည်း ဤဒိဗ္ဗစက္ခုဉာဏ်တော်၏ အမည်ပင်တည်း။

ထို့ကြောင့် အဘိဓမ္မတ္ထဝိဘာဝိနီမည်သော ရှင်သုမင်္ဂလသာမိဋီကာ၊ ကမ္မဋ္ဌာနပရိစ္ဆေဒ၊ အဘိညာဏနိဒ္ဒေသ(၂၆၇)၌–

> **စုတူပပါတညာဏ**ဉ္စိ ပန ဒိဗ္ဗစက္ခုမေဝ ဝုစ္စတိ။ ယထာကမ္မူပဂ အနာဂတံသညာဏာနိပိ ဒိဗ္ဗစက္ခုဝသေနေဝ ဣဇ္ဈန္တိ။

ဟူသော ပါဌ်ကို မိန့်ဆိုဖွင့်လှစ်တော်မူသတည်း။

စုတူပပါတညာဏန္တိ ပန၊ စုတူပပါတဉာဏ်-ဟူသည်ကား။ ဒိဗ္ဗစက္ခုမေဝ၊ ဒိဗ္ဗစက္ခု-ဉာဏ်ပင်တည်း။ ယထာကမ္မူပဂ အနာဂတံသညာဏာနိပိ၊ ယထာကမ္မူပဂဉာဏ်, အနာဂတံ-သဉာဏ်တော်တို့သည်လည်း။ ဒိဗ္ဗစက္ခုဝသေန၊ ဒိဗ္ဗစက္ခု၏အစွမ်းဖြင့်။ ဣဇ္ဈန္တိ၊ ပြည့်စုံကုန်၏။

ထိုသို့ ပြဆိုခဲ့ပြီးသော ဉာဏ် ၃-ပါးတို့တွင်-

ပုဗ္ဗေနိဝါသဉာဏ်တော်သည်ကား ရှေး၌ ဖြစ်ဖူးသော ခန္ဓာအစဉ်ကို ဘဝအရာ, ဘဝအထောင်-စသည်တို့ဖြင့် သိသည်။

ဒိဗ္ဗစက္ခုဉာဏ်-ဟူသည်ကား ပဋိသန္ဓေနေဆဲ, ပုထုဇဉ်ဖြစ်သော သတ္တဝါ၊ အယုတ်, အမြတ်ဖြစ်သော သတ္တဝါ၊ အဆင်းလှသော သတ္တဝါ၊ မဆင်းမလှသော သတ္တဝါ၊ ကောင်းသော အမှု, မကောင်းသော အမှုကို ပြုသောသတ္တဝါ-အစရှိသည်တို့ကို အကြောင်း,အကျိုးနှင့်တကွ မြင်တော်မူသည်။

အာသဝက္ခယဉာဏ်-ဟူသည်ကား အာသဝေါတရား ၄-ပါးတို့ကို ကုန်စေနိုင်သော အရိယမဂ္ဂဉာဏ်တည်း။

ထို ၃-ပါးကုန်သော ဉာဏ်တော်တို့တွင် ဒိဗ္ဗစက္ခု-ဟု ဆိုအပ်သော အနာဂတံသ-ဉာဏ်တော်ဖြင့် သုမေဓာရသေ့၏ ပါရမီတော်ကို ဒီပင်္ကရာဘုရား ကြည့်တော်မူသော အရာကို ဥပမာဆောင်၍ ပြတော်မူလိုသော အရှင်သီလဝံသဆရာသည် ပါရမီတော်ခန်း၊ ကဗျာကျမ်း၌-

> "ဝိဇ္ဇာသုံးကြိမ်၊ လူ့ဖြစ်ချိန်၌၊ လောင်ထိန်တောက်ညီး၊ တန်ဆောင်မီးလည်း၊ စနီးကပ်ခါ၊ မနှုန်းသာသည်၊ အနာဂတံသ၊ ဉာဏကျော်ခေါင်၊ ပညာရောင်ဖြင့်၊ နောက်နောင်ခါဘို့၊ ကြည့်ပြီးမြို့မှ"

ဟု စပ်တော်မူသည်။

ထိုကဗျာစကား၌ "ဝိဇ္ဇာသုံးကြိမ်"ဟူသော ပိုဒ်ကို ထားခဲ့၍ "လူ့ဖြစ်ချိန်၌၊ လောင်ထိန်တောက်ညီး၊ တန်ဆောင်မီးလည်း၊ စနီးကပ်ခါ၊ မနှုန်းသာသည်"ဟူသော ကဗျာစကားဖြင့် အနာဂတံသဉာဏ်တော်ကို ဥပမာဆောင်၍ ပြသည်။

ဤလူ့ရပ် လောကဓာတ်သည် အသစ်တဖန် ဖြစ်ချိန်တန်၍ အချိန်စေ့က စကြဝဠာကုဋေတစ်သိန်းနှင့်တကွ ကမ္ဘာကို လောင်သော ကမ္ဘာမီးမှသော်လည်း အနည်းအစပ်ချဉ်းကပ်ယှဉ်၍ကာ မနှုန်းသာသော ကမ္ဘာမီးထက် သာလွန်သော ဒိဗ္ဗစက္ခု-ဟု ဆိုအပ်သော အနာဂတံသဉာဏ်တော်ဖြင့် သုမေဓာရှင်ရသေ့၏ ပါရမီကို ကြည့်တော်မူသည်-ဟု သိ။

ထိုအနာဂတံသဉာဏ်တော်ကို ဉာဏ်တော် ၃-ပါးမှ အထူးထုတ်လို၍ "ဝိဇ္ဇာ သုံးကြိမ်"ဟူသော ပိုဒ်ကို ဆိုသတည်း။ ကဗျာဖြစ်၍သာ "ဝိဇ္ဇာသုံးကြိမ်"ဟု စပ်ဆိုသည်။ "ဝိဇ္ဇာ သုံးကြိမ်တို့တွင်"ဟု နိဒ္ဒါရဏ ယူရမည်။ အပေါင်းမှ အစိတ်ကို ပြပြန်လို၍ အနာဂတံသ ဟူသော ပိုဒ်ကို ဆိုသတည်း။ ထိုအနာဂတံသဉာဏ်၏ ဂုဏ်ကို ပြလို၍ လူဖြစ်ချိန်က စ၍ မနှုန်းသာသည့်တိုင်အောင်သော ပိုဒ်တို့ကို ဆိုသတည်း။

အဓိပ္ပါယ်အရည်စစ်ကား–

ဝိဇ္ဇာသုံးကြိမ်တို့တွင် လူ့ဘုံလူ့ရပ် လောကဓာတ်သည် အသစ်တဖန် ဖြစ်ချိန်တန်၍ အချိန်စေ့က စကြဝဠာ ကုဋေတစ်သိန်းနှင့်တကွ၊ ကမ္ဘာကို လောင်သော ကမ္ဘာ လောင်မီးမှ လည်း၊ အနီးအစပ်၊ ချဉ်းကပ်ယှဉ်ကာ၊ မနှုန်းသာသော၊ အနာဂတံသဉာဏ်တော်ဖြင့် သုမေဓာ ရှင်ရသေ့၏ ပါရမီကို ဒီပင်္ကရာဘုရား ကြည့်တော်မူသည်-ဟူလို။

ဝိဇ္ဇာသုံးကြိမ်-ကား "တို့တွင်"ဟူ၍ အနက်ပေးသောကြောင့် အနာဂတံသ၌ နိဒ္ဒါရ-ဏ၊ အနာဂတံသကား နိဒ္ဒါရဏီယ၊ အနာဂတံသကား ဥပမေယျ၊ "လူဖြစ်ချိန်၌၊ လောင်ထိန် တောက်ညီး၊ တန်ဆောင်မီးလည်း၊ စနီးကပ်ခါ၊ မနှုန်းသာကား၊" ဥပမာ ဤသို့ စပ်လေ။

ဤအရာ၌သာ အရှင်သီလဝံသဆရာသည် ဤကဲ့သို့ စပ်ဆိုတော်မူသည် မဟုတ် သေး။ ယင်းသည့် ပါရမီတော်ကျမ်း၊ ဗျာဒိတ်ခန်းတွင်ပင် "၃-တန်ဆုကြီး၊ ချက်ကုန်ပြီးကို၊ **ထဲ့နှီးစိုက်စိုက်၊ ဝမ်းအင်ချိုက်လျက်၊ ရထိုက်ပတ္ထနာ၊ သုမေဓာဟု**" စပ်ဆိုတော်မူသေး၏။

ထိုကဗျာစကား၌လည်း ကဗျာဖြစ်၍သာ "သုံးတန်ဆုကြီး"ဟု စပ်ဆိုသည်။ "သုံးတန် သော ဆုကြီးတို့တွင်"ဟု နိဒ္ဒါရဏ ယူရမည်။ သုံးတန်သော ဆုကြီးတို့တွင် အချက်အကုန် ဖြင့်ပြီးသော သမ္မာသမ္ဗောဓိဆုကိုသာ အရှင်သုမေဓာရသေ့ ကြိုက်၍ နှစ်ခြိုက်ပတ္ထနာ၊ ပန်ထွာတောင့်တတော်မူသည်-ဟူလို။

သုံးတန်ဆုကြီး-ကား "တို့တွင်"ဟူ၍ အနက်ပေးသောကြောင့် ချက်ကုန်ပြီး၌ နိဒ္ဒါရ-ဏ၊ ချက်ကုန်ပြီးကား နိဒ္ဒါရဏီယ။ ဤသို့ စပ်လေ။

ယင်းသို့ဖြစ်၍ "ဝိဇ္ဇာသုံးကြိမ်"ဟူသော ကဗျာစကား၌ "ဝိဇ္ဇာသုံးကြိမ်၊ လုံးဖြစ်ချိန်" ဟူသောစကား မသင့်။ "ဝိဇ္ဇာသုံးကြိမ်၊ လူဖြစ်ချိန်"ဟူသော စကားသာ သင့်မြတ်ကြောင်းကို ကောင်းကောင်း သန္နိဋ္ဌာန်ချ၍ မှတ်ရမည်။

ရတနာပုံရွှေမြို့တော်၊ စည်သာတံခါးတွင်းနေ ဒကာဘိုး-က "ဝိဇ္ဇာသုံးကြိမ်-အစ ရှိသော ကဗျာစကား၌ "လူဖြစ်ချိန်"သင့်မည်၊ "သုံးကြိမ်၊ လုံးဖြစ်ချိန်"သင့်မည်ကို နေရာကျကျ

သိမှတ်လိုပါသည်"ဟု လျှောက်သောကြောင့် ပါဠိ, အဋ္ဌကထာ, ဋီကာကျမ်းတို့နှင့် နှိုင်းညှိလျက် ယုတ္တိသဘောကို ဆင်ခြင်၍ ၁၂၃၉-ခု၊ ဝါခေါင်လဆန်း၊ ၁၅-ရက်နေ့၊ ဒီပဲယင်းမြို့ ဇာတိ၊ ပဝတ္တိရတနာသိမ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## စည်သာတံခါးတော်တွင်း၊ ကျီတော်တန်းနေ ဒကာမောင်အုန်း-က "ကျည်းပင်ရင်းတွင် စံတော်မူခါ အဘယ်သို့ နှလုံးသွင်းကြောင်း"နှင့် လျှောက်ထားချက်

[ ၁၃၈ ] "ဘုရားတပည့်တော် ရတနာပုံရွှေမြို့တော်၊ စည်သာတံခါးတွင်း၊ ကျီတော်တန်းရပ်နေ ဒကာအုန်း ခြေတော်ဦးခိုက် လျှောက်ဝံ့ပါသည် ဆရာတော်ဘုရား။

၆-ခုမြောက်သော သတ္တာဟ၊ မုစလိန္ဒာမည်သော ကျည်းပင်ရင်း၌ သီတင်းသုံးနေတော်မူသောကာလ–

- အဘယ်တရားကို နှလုံးသွင်းတော်မူသည်၊
- အဘယ်တရားကို လူ,နတ်တို့အား ဘုရား ဟောဇတော်မူသည်ကို–

နေရာကျ မသိဖြစ်ပါ၍ နေရာကျ သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့် အကြောင်းကို လျှောက်ပါသည် ဆရာတော်ဘုရား။"

ဒါယကာမောင်အုန်း လျှောက်ချက်အရ အဖြေဝိသဇ္ဇနာ–

[၁၃၈] ဆဋ္ဌသတ္တာဟ၊ မုစ္စလိန္ဒာမည်သော ကျည်းပင်ရင်း၌ ဘုရားသီတင်းသုံးနေတော်မူသောအခါ အဘယ်တရားကို နှလုံးသွင်းတော်မူသည် လူ, နတ်တို့အား အဘယ်တရားကို ဟောတော်မူသည်ကို မေးလျှောက်သည်မှာ-

မုစ္စလိန္ဒာမည်သော ကျည်းပင်ရင်း၌ နေတော်မူသောအခါ တစ်ခုသော ထက်ဝယ်ပလ္လင်ဖြင့်သာ နေတော်မူ၍ အရဟတ္တဖိုလ်ချမ်းသာကိုသာ ၇-ရက်ပတ်လုံး ခံစားတော်မူ၏။ ထိုအခါ နွေလအဆုံးဖြစ်သောကာလ ပစ္ဆိမမာသ၌ စကြဝဠာတစ်တိုက်လုံးကို ပြည့်စေ၍ မဟာအကာလမည်သော မိုးကြီးသည် ထက်ဝန်းကျင်မှ ချမ်းသော လေတို့ဖြင့် လှည့်လည်ဝှေ့ဝိုက် တိုက်ခိုက်ပြင်းပြစွာ လာလျက် ၇-ရက်ပတ်လုံး ရွာလတ်၏။

မုစ္စလိန္ဒာမည်သော ကျည်းပင်အနီး တခုသောကန်အောက်၌ နဂါးတို့ ဗိမာန်သည် ရှိ၏။ ထိုဗိမာန်၌နေသော မုစ္စလိန္ဒာမည်သော နဂါးသည် နဂါးတို့ ဗိမာန်မှ လာလတ်၍ မြတ်စွာဘုရားအား အချမ်း, အပူ, မှက်, ခြင်, ယင်, လေ, နေပူ, မြွေ, ကင်း-စသော ဘေးမှ ကင်းဝေးစေခြင်းငှာ အောက်အဖို့မှ လောဟပါသာဒမည်သော ကြေးပြာသာဒ်၌ တည်သော တိုက်ခန်းပမာဏရှိအောင် ပြု၍ ၇-ပတ်ခွေပြီးသော် အထက်၌ ပါးပျဉ်းကို အုပ်လျက် ပြာသာဒ်ကဲ့သို့ ပြု၍ နေလတ်၏။

မုစ္စလိန္ဒာနဂါးကား မြတ်စွာဘုရားအား ရတနာ ၇-ပါးတို့ဖြင့် ပြည့်သော ပြာသာဒ်ကို ဖန်ဆင်း၍ ပူဇော်နိုင်၏။ ထိုသို့ ပူဇော်နိုင်သော်လည်း မြတ်စွာဘုရားအား ကိုယ်တိုင် ဝေယျာဝစ္စအမှုကို ဖြစ်စေအံ့-ဟု နှလုံးသွင်းပိုက်၍ ဤသို့ ပြုလတ်သတည်း။

၇-ရက်စေ့သောကာလ နဂါး၏အသွင်ကို ကွယ်ပျောက်၍ လုလင်၏ အသွင်ဖြင့် မြတ်စွာဘုရားကို ရှိခိုးလျက် တည်လတ်၏။ ထိုအခါ မြတ်စွာဘုရားသည် မုစ္စလိန္ဒာနဂါးအား-

**သုခေါ ဝိဝေကော တုဋ္ဌဿ၊ သုတဓမ္မဿ ပဿတော။**
**အဗျာပဇ္ဇံ သုခံ လောကေ၊ ပါဏဘူတေသု သံယမော။ ။**

**သုခါ ဝိရာဂတာ လောကေ၊ ကာမာနံ သမတိက္ကမော။**
**အသ္မိမာနဿ ယော ဝိနယော၊ ဧတံ ဝေ ပရမံ သုခံ။ ။**

(ဝိ၊၃၊၄။ ဥဒါန၊၈၈)ဟူသော ၂-ဂါထာတို့ကို ဟောတော်မူ၏။

ဝိဝေကော နိဗ္ဗာနသင်္ခါတော ဥပဓိဝိဝေကော၊ နိဗ္ဗာန်-ဟု ဆိုအပ်သော ဥပဓိ ဝိဝေကသည်။ သုခေါ၊ ချမ်းသာ၏။ တုဋ္ဌဿ၊ စတုမဂ္ဂညာဏသန္တောသေန တုဋ္ဌဿ၊ ၄-ပါး သော မဂ်ဉာဏ်တည်းဟူသော ရောင့်ရဲခြင်းဖြင့် ရောင့်ရဲသော။ သုတဓမ္မဿ-ပကာသန- ဓမ္မဿ၊ ထင်ရှားသော လောကုတ္တရာတရားကို။ ပဿတော၊ မြင်သောသူအား။ သုခေါ၊ ချမ်းသာ၏။ အဗျာပဇ္ဇံ အမျက်မထွက်ခြင်းသည်။ လောကေ၊ လောက၌။ သုခံ၊ ချမ်းသာ၏။ ပါဏဘူတေသု၊ အသက်ရှိသော သတ္တဝါတို့၌။ သံယမော၊ မညှဉ်းဆဲမူ၍ စောင့်ရှောက် ခြင်းသည်။ သုခေါ၊ ချမ်းသာ၏။

ဝိရာဂတာ၊ ရာဂကင်းသော အဖြစ်သည်။ လောကေ၊ လောက၌။ သုခါ၊ ချမ်းသာ၏။ ကာမာနံ၊ ကာမတရားတို့ကို။ သမတိက္ကမော၊ လွန်မြောက်ခြင်းသည်။ သုခေါ၊ ချမ်းသာ၏။ အသ္မိမာနဿ၊ ငါ-ဟူသော မာနကို။ ယော ဝိနယော၊ အကြင်ဆုံးမခြင်းသည်။ အတ္ထိ၊ ရှိ၏။ ဧတံ ဝိနယံ၊ ထိုဆုံးမခြင်းသည်။ ဝေ၊ စင်စစ်။ ပရမံ၊ မြတ်သော။ သုခံ၊ ချမ်းသာ မည်၏။

ဤသို့ ကျမ်းဂန်လာသောကြောင့် ဆဌသဘ္ဘာဟ၊ မုဉ္စလိန္ဒာမည်သော ကျည်းပင်ရင်းတွင် သီတင်းသုံးနေတော်မူသောအခါ ၇-ရက်ပတ်လုံး အရဟတ္တဖိုလ်ချမ်းသာကို ခံစားပြီးမှ မုဉ္စလိန္ဒနဂါးအား "သုခေါ ဝိဝေကော တုဋ္ဌဿ"အစရှိသော ၂-ဂါထာကို ဟောတော်မူကြောင်းကို ကောင်းကောင်း သန္နိဋ္ဌာန်ချ၍ မှတ်ရမည်။ ထိုစကားကို အကျယ်သိလိုလျှင် ဥဒါန်းပါဠိ, အဌကထာ၊ ဝိနည်း, ပါဠိ, အဌကထာတို့မှာ ကြည့်လေ။

ရတနာပုံရွှေမြို့တော်၊ စည်သာတံခါးတွင်း၊ ကျည်းတန်းရပ်နေ တကာအောင်း-က "ဆဌသဘ္ဘာဟ၊ မုဉ္စလိန္ဒာမည်သော ကျည်းပင်တွင် မြတ်စွာဘုရား သီတင်းသုံးနေတော်မူသောအခါ အဘယ်တရားကို ဆင်ခြင်သည်။ လူ,နတ်တို့အား အဘယ်တရားကို ဟောတော်မူသည်ကို နေရာကျကျ သိမှတ်လိုပါသည်"ဟု လျှောက်သောကြောင့် ကျမ်းဂန်အလာဒေသနာနယကို ထုတ်ဆောင်၍ ၁၂၃၉-ခု၊ ဝါခေါင်လပြည့်ကျော်၊ ၁၃-ရက်နေ့၊ ဒိပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိမ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအမိန့်ရှိလိုက်သည်။

★★★★★★★

## အရိပ်မယွက်ကျောင်းတိုက်နေ၊ ရဟန်းတော် ရှင်အာသဘ-က "အနက် ၆-ပါးကို နေရာကျ သိမှတ်ရန်"လျှောက်ထားချက်

| ၁၃၉ | "ဘုရားတပည့်တော် အရိပ်မထွက်ကျောင်းတိုက်နေ မတ္တရာမြို့ဇာတိ၊ ရဟန်း ရှင်အာသဘ လျှောက်ပါသည် ဆရာတော်ဘုရား။

'ပရမတ္ထ ပညတ္တိ'-စသော အနက် ၆-ပါးနှင့်တကွ ပ, မ, တ, န-စသော အက္ခရာတို့ ယှဉ်ဟန်၊ သတ်ပုံ,သတ်နည်း သဘောမကျ၊ နေရာကျ မသိနိုင်ပါသောကြောင့် ထိုအနက် ၆-ပါးတို့၏ ဖြစ်ဟန်ကို နေရာကျကျ သိမှတ်ပါရအောင် အမိန့်ရှိတော်မူပါမည့်အကြောင်းကို လျှောက်ပါသည် ဆရာတော်အရှင်သူမြတ်ဘုရား"။

၎င်းရဟန်းတော် လျှောက်ချက်အရ အဖြေဝိသဋ္ဌနာ-

|၁၃၉| သဋ္ဌနာသဋ္ဌနာသေဝံ၊ ဇာနာဇာနရဒေသိတံ။
ဒဿယိဿာမိ ဝစနာ-လင်္ကာရာ'ဟံ ဘိဝန္ဒိယ။ ။

ပရမတ္ထဉ္စ ပညတ္တိ၊ အနိစ္စိတဉ္စ ကူစ္စိတံ။
ဂရုကံ လဟုကဉ္စာတိ၊ ပဏ္ဍိတေဟိ ဝိဇာနိယာ။ ။

နိစ္စိတေ ပရမတ္ထေ စ၊ ဂရုကေ စ က္လမေ တီသု။
ပ-မ-ကာရေန သံယုတ္တာ၊ တ-န-ကာရေန သေသကာ။ ။

ညကာရော ပန ပညတ္တံ၊ ယ-ကာရောပိ ဂသံယုတံ။
ဝိသဇ္ဇနီ ပနိမေသု၊ ပ-မ-ကာရာဝ ဂယှတိ။ ။

က္လတရာ ပန ပါကဋ္ဌာ၊ သုကရာ အသံမိဿာ စ။
ကေဝလာ သဗ္ဗာကာရေသု၊ တေနေဝိဓ န ဝုတ္တကာ။ ။

ဘိသေကမဂ္ဂမေဃာ စ၊ သက္ကရာဇ ကုင်္ဍိ္ဍကာ။
ဉာဏပါသာဒဝေါဒနာ၊ ကာယင်္ဂုတ္တရကုသလာ။ ။

သင်္ဂဟသီဟဠာဒီသု၊ သဒ္ဒက္ခရေန သံယုတာ။
က္လဒံ အာစရိယာနံ ဝိနိစ္ဆယော။ ။
က္လတိ ဝစနာလင်္ကာရံ သမတ္တံ။

ဝစနာလင်္ကာရပါဌ် ပြီး၏။

အကရံ ကိစ္စသာခေန္တော၊ ပရမဝိစိတ္တဒေသနာ။
ဉာဏံ လက္ခဏာဒီဟိ စ၊ ဒေသေန္တံ ပရမာဘာဝံ။ ။

ဥတ္တမုတ္တမာနုတ္တမံ၊ ဝန္ဒာမ’ဟံ သုသိက္ခိတံ။
ဒဿယိဿာမိ ဝစနာ-လင်္ကာရဝဏ္ဏနံ သုဘံ။ ။

တတ္ထ ဟိ သပ္ပုရိသာသပ္ပုရိသေဟိ ခမ္မသေဝနေန သုသေဝိတံ။ စတုသစ္စမ္မေ အရိယမဂ္ဂညာဏေန ဇာနန္တံ။ အဇာနန္တေ စတုသစ္စမ္မေ ဒေသေန္တံ ဗုဒ္ဓံ အဘိဝန္ဒိတွာ စိတ္တက္ခရ-စိတြဗျဉ္စနေဟိ ဗန္ဓိတံ ကဝေရဏဝိကာဒိဂန္ထံ ဝါ မြန်မာဘာသာသဒ္ဒါတံ ဝစနံ ဝါ အလင်္ကာ-ရတ္တာ ဝစနာလင်္ကာရနာမကံ ဂန္ထံ ဒဿေတုံ “သဇ္ဇနာ သဇ္ဇနာသေဝ”န္တိအာဒိမာဟ။

တတြာယံ ဝစနက္ကမော။

ပကာရေ တာဝ နိစ္ဆိတေ အကာရန္တော ဤကာရန္တော ဥကာရန္တော ဝသေန ဝါ။ တထာ ဂရုကေ။

မကာရေ နိစ္ဆိတေ အကာရန္တော နိဂ္ဂဟိတန္တဝသေန ဝါ။ ပရမတ္ထေ နိဂ္ဂဟိတန္တဝသေန ဝါ။ ဂရုကေ ပန အကာရန္တော က္လကာရန္တော နိဂ္ဂဟိတန္တဝသေန ဝါ။

ညကာရေ အကာရန္တဝသေန ဝါ၊ တထာ ယကာရေ။ ဝဇ္ဇနိယေ မိသေယတွာ ပဝက္ခာမိ ယထာက္ကမံ။

ပကာရေ တာဝ နိစ္စိတေ၊ ပဝက္ခာမိ ယထာရဟံ။

ပုတ်ခပ်, စေးကပ်, ငှက်ထိုးဆွပ် စ၊ နှိပ်ကွပ်, ရိပ္ပပ်, လန့်တဖျပ်ဖျပ်။
ရှူးသွပ်, ရိုးဆွပ်, မြို့သောင်သွပ် စ၊ မောဟထူထပ်, အိပ်တလှပ်လှပ်။ ။

တံလျှပ်, ခွဲနှပ်, ရှိန်စပ်, ကိုက်ဟပ်၊ ရွက်ထပ်, ထူထပ်, မအားမလပ်။
ထွက်နပ်, ရိပ္ပပ်, အလျှာပျပ်ပျပ်၊ ရင်ဖြင့်အပ်, ခဝပ်သည် တဝ။ ။

ပဲခွပ်, ကူးခပ်, ငှက်ချင်းခွပ် စ၊ လှေကူးခပ် စ ခပ်သိမ်းအခါ။
နှုတ်ငပ်, ချစ်မက်တပ်, ဆေးအိုးတပ်၊ မှတ်သည် ရွက်ထပ်, ဆင့်အထပ်ထပ်။ ။

ထွက်နပ်, ရိပ္ပပ်, အလျှားပျပ်ပျပ်၊ သွေးပြည်ဖပ်ဖပ်, ပုဆိုးဖွပ် စ။
နေကျပ်, လကျပ်, ဘိုးသူတော်ကျပ်၊ ပသတ်က္ကစ္စေဝ မနျတေ။
သွေးလေပျက်သိပ်, တောအဆိပ် စ၊ ပသတ်က္ကစ္စေဝ မနျတေ။ ။

ခွက်ကြုပ်, ပခြုပ်, လက်ဖြင့် ကုပ် စ၊ လက်ဆုပ်, ပျောက်ပြုပ်, မကောင်းအပုပ်။
သစ်ကုပ်, သစ်ခုပ်, ဖြုတ်၍ပြုပ် စ၊ ကြိုးတုပ်, လေသုပ်, သတ္တဝါ ဖြုပ်။ ။

လူမျိုးတရုပ်, ငှက်ခင်ပုပ် စ၊ ထွေးရှုပ်, လျောက်ထုပ်, နစ်သည်စုပ်စုပ်။
နှုန်းရှုပ်, တွန့်ရှုပ်, မျက်မှောင်ကြုပ် စ၊ ပသတ်က္ကစ္စေဝ မနျတေ။ ။

ဂရုကေ ပန အဂ္ဂအရပ်၊ ရေခပ်, မီးရပ်, ဝါးသည် ရှပ်ရှပ်။
ကျခပ်, လျှင်ခပ်, ချင်းကပ်ညွတ်ပြင်၊ လက်စွပ်, တုပ်ဝပ်, မြင်သည် တပ်တပ်။ ။

ကျေးငှုတ်ဆပ်, အလျားဝပ်ဆာ၊ စစ်ချီတပ် *(စ)*, ပါးတလျှပ်လျှပ်။
လက်ချုပ်တဲ့အပ်, ရသည်လပ် စ၊ သွင်းညှပ်, ထိပ်မှပ်, သားရေဖိနပ်။ ။

သံအပ်, ပေးအပ်, အပ်မအပ် စ၊ ဆည်းကပ်, တည့်မပ်, ကျမ်းကွပ်, ကွမ်းညှပ်။
ရွက်ချပ်,အားလပ်, ချဉ်သနပ် စ၊ ရွှေကျပ်, ထူထပ်, ဆိုသည်ကျပ်ကျပ်။ ။

သုံးသပ်, စမ်းသပ်, ချောစွာသပ် စ၊ နေရပ်, တန့်ရပ်, တန်ဆောင်းစရပ်။
ဖြူလှပ်, ဘိကြပ်, ပြက်သည်လျှပ် စ၊ ရင်အပ်, တင်အပ်, အစေ့အစပ်။
အစပ်, အဟပ်, အုပ်, အုပ်ကြွပ် စ၊ ပသတ် က္ကစ္စေဝ မနျတေ။ ။

နယ်သိပ်, မွပ်သိပ်, နင်း၍နှိပ် စ၊ ခွေလိပ်, လက်လိပ်, သတ္တဝါလိပ်။
နေရိပ်, ဘုန်းရိပ်, စကားရိပ် စ၊ ရိပ်ရိပ်လည်း ပြေး, စက်အိပ်သေးသည်။ ။

တောင်ထိပ်, ဦးထိပ်, ကြယ်ဖြောက်ဆိပ်နှင့်၊ သစ်ရွက်စိပ် စ, စိပ်စိပ်လည်းနာ။
မလည်းမလိပ်, ဇမ္ဗူဒိပ်နှင့်၊ တမ္ဗဒိပ် စ, လုထိပ် အချာ။
မည်းချိပ်, တကျိပ်, ငါးမာန်နှိပ် စ၊ ပသတ်ဣစ္စေဝ မန္ဒတော။ ။

နယ်ဆုပ်, ပိုက်ထုပ်, ပဆစ်တုပ် စ၊ စာရင်းကုပ်နှင့် တုပ်တုပ်လည်း ကျ။
သချာသရုပ်, ပဆိုးချုပ်နှင့်၊ နာမ်ရုပ်ချုပ် စ, ချုပ်ချုပ်လည်း ကျ။ ။

အမြဲသိမ်းထုပ်, လောဘရုပ်နှင့်၊ ကျွန်ုပ်စေဝ, စဉ်းစဉ်းနှုပ်နှုပ် စ။
တိမ်မြုပ်, ပျောက်မြုပ်, ဥစ္စာမြုပ် စ၊ ဖွားဖွားစုပ် စ, မန်းမှုပ်တဝ။ ။

လူတို့လက်ခုပ်, ရေဝယ်ငုပ်နှင့်၊ နှလုံးအဆုပ်, ဆင်တင်းကုပ် စ။
ဖန်ဆင်းအရုပ်၊ ငှက်ပေါင်တုပ်နှင့်၊ စွန်သုပ်, ဦးထုပ်, ဖုံး၍အုပ် စ။ ။
ပြုသည်အလုပ်, ချသည်တုပ် စ၊ ပသတ်ဣစ္စေဝ မန္ဒတော။ ။

ပကာရကထာ နိဋ္ဌိတာ။

နိစ္စိတေ မကာရေ ပန၊ ငေါက်ငမ်း,ကြမ်းတမ်း, လူညစ်ညမ်း စ။
လူသွမ်း, လူနွမ်း၊ ငိုက်မည်းသမ်းနှင့်၊ ခိုက်ရောင်ရမ်း စ, ဆိုးသွမ်း တဝ။ ။

လက်တယမ်းယမ်း, မျက်ခမ်းစပ် စ၊ ဖယ်ယမ်းဖယ်ယမ်း, သွားမလှမ်းတပ်။
တောင်ယမ်း, ဘေးဘျမ်း, မှည့်မည်းသမ်း စ၊ မ-သတ်ဣစ္စေဝ မန္ဒတော။ ။

တွေ့ကျုံမ်, ကျိုက်ကျုံမ် စ, ထောင်းသည်ဆုံမ်၊ လူမျိုးအစုံမ်, ဆူးနှယ်ပုံမ်၍။
မလုမ်, မချုမ်, တပြုံမ်ပြည့်ပြည့်၊ အာလုမ်း, လွှမ်းပုံမ်း, ဆေးဝါလုမ်း စ။ ။

ဆုမ်းမနှင့်ဘုမ်း, လက်နှင့်ဘုမ်း စ၊ အကုမ်ဆုမ်း စ, ရယ်ပြုံမ်းတဝ။
ကြိုးထုမ်း, ခန့်ချုမ်း, အကျဉ်းရုံမ်း စ၊ သိမ်းရုံမ်း, လက်ရုံမ်း, တက်သည်ရုံမ်း စ။ ။

ဆွဲ၍လည်းရုံမ်း, စုတရုံမ်းရုံမ်း၊ ဆင်ကျုံမ်း, သိမ်းကျုံမ်း, လက်ဖြင့် ကျုံမ်း စ။
လွှမ်းပတ်ဖုံမ်းနှင့်, လုံမ်းသည် တဝ၊ ပညာပေတုံမ်း, အညွန့်တုံမ်း စ။
မီးဝယ်အုံမ်း စ, စုံမ်းစုံမ်းလည်းနစ်၊ သူပျက်ပြုံမ်းသည်, သုံမ်းသပ် တဝ။
(မသတ် ဣစ္စေဝ မန္ဒတော။ ။)

ပရမတ္ထေ စ မိန်းမမြုမ်၊ အနာမြုမ် စ သက်လုံ(မ်)တဝ။
နှစ်လုံ(မ်း), သည်းအုမ်း, သဲသဲအုမ်း၊ မသတ်ဣစ္စေဝ မန္ဒတော။ ။

ဂရုကေ ပန သစ်ပင်နှမ်းဟင်း၊ ယမ်း, ခရမ်းစပ်, ပဲလွမ်း စ။
ညှိုးနွမ်း, လက်ဖမ်း, လက်တလှမ်းလှမ်း၊ အောအမ်း, ပေးကမ်း, လဲဝါဂွမ်း စ။ ။

ရှိသေခရမ်း, ဇှေးထုမ်းတမ်း စ၊ ကိုယ်တိုင်ကြိုးပမ်း, ရောရောပြွမ်းပြွမ်း။
ဝမ်းသာအားရမ်း, ဆုလပ်မွမ်း စ၊ ပြည့်မွမ်း, ချီးမွမ်း, ဆွမ်းကွမ်း တဝ။ ။

လွေ့လွေ့ရမ်းရမ်း, မြောက်သည်ဝမ်း၊ နှင်းတမ်း, ချိုင့်ဝှမ်း, ခရီးလမ်း စ။
ဖြစ်ပျက် စာတမ်း, စာပေကျမ်း စ၊ သောင်းကြမ်းစေဝ, ချောင်းကမ်း တထာ။ ။

အရိပ်သင်ခမ်း, ဆောက်သည်ငြမ်း စ၊ စူးစမ်း, နှုတ်ခမ်း, မင်းနားခမ်း။
ခ(ခ)ရမ်းရမ်း, မင်းမှုထမ်းနှင့်၊ ရေကစွမ်း စ, ရဲစွမ်း တဝ။ ။

အရည်ပြည့်လျှမ်း, ဟင်းရည်ဆမ်း စ၊ ရွှမ်းရွှမ်း စေဝ, ငြိမ်းချမ်း တထာ။
အလွမ်းရော်ရမ်း, ချစ်ကျင်ကျွမ်း စ၊ မသတ် ဣစ္စေဝ မန္ဒတော။ ။

မွှေးရည်သတ်လိမ်း, သစ်ရွက်စိမ်းနှင့်၊ လူစိမ်း, အစိမ်း, ချမ်းရှိငြိမ်း စ။
နွဲ့နွဲ့လည်းရိမ်း, ပိုက်ထုပ်သိမ်းနှင့်၊ ခပ်သိမ်းစေဝ, ထိမ်းမြား, ထိမ်းမှတ်။ ။

ချုပ်ထိမ်း, စပ်ရှိမ်း, ပွတ်သတ်လိမ်းနှင့်၊ သိမ်းသည်စေဝ, ကြိမ်းဝါး, ကြိမ်းပ။
ချောက်ချမ်း, ညွှတ်တိမ်း, လှဲလှဲရှိမ်းနှင့်၊ နေမွမ်းရိမ်း စ, မုဒိမ်းကာမ။ ။

လိမ်မာ, ကွေ့လိမ်, မစိုးမရိမ်၊ တံခိုးထင်တိမ်, နှိပ်၍ နှိမ်သည်။
တစ်ကြိမ်, နှစ်ကြိမ်, ရန်ကို နှိမ် စ၊ မွေသိမ်, တင်းတိမ်နှင့် အိမ်။ ။(၂-လုံးလို)

မိုးတိမ်, စဉ်းစိမ်, ရေ၌ စိမ် စ၊ ချိမ်ခွင် စေဝ, ငြိမ်ဆိမ် တဝ။
ချမ်းစိမ့် ချမ်းစိမ့်, ဒိုးတလိမ့်လိမ့်၊ ဆိမ့်အိမ့်, နှစ်သိမ့်, မမြင့်မနိမ့်။ ။

ချိုလေးသံအိမ့်, နှုတ်တော်ငြိမ့် စ၊ သည်းတွင်း ငြိမ့်မျှ, အစိမ့်လည်း ရ။
မအိမ့်တအိမ့်, လှအိမ့်အိမ့် စ၊ မ-သတ် ဣစ္စေဝ မန္ဒတော။ ။

ကြဉ်ယုမ်, ချစ်ယုမ်, ပိုက်ယုမ်ကျုမ် စ၊ ချုမ်ရုမ်, ဝန်းရုမ်, ပုထိုး စည်းခုမ်။
တရားကောက်ခုမ်, ပလ္လင်ခုမ် စ၊ နှုတ်ဝယ်ငုံ စ, ကုမ်ထမ်ကြွယ်ဝ။ ။

ဝတ်လုမ်, အာရုမ်, ရူပါရုမ်နှင့်၊ နဂါးရုမ်, စကြာရုမ်, မြင်ရုမ်။
တဲအုမ်, စည်းအုမ်, သစ်ရွက်အုမ် စ၊ မြို့သထုမ် စ, ဒိဋ္ဌုမ် တဝ။ ။

လုသုမ်း, မသုမ်း, အသက်ဆုမ်းနှင့်၊ ပခုမ်း, ရှေးထုမ်း, ရစ်နှောင်ထုမ်း စ။
ရှေကုမ်း, ခေါင်အုမ်း စ ဣစ္စာဒိ၊ မသတ် ဣစ္စေဝ မန္ဒတော။ ။

မကာရကထာ နိဋ္ဌိတာ။

တနကာရေသု ပန ဝုတ္တာဝသေသနယေန ဝေဒိတဗ္ဗံ။
ည-ကာရေ ပန အချည်းနှီး၊ ခမည်း, ကမ္ဗည်း, ရှင်ကစ္စည်းက။ ။

ပစ္စည်း, ဝိနည်း, မလိပ် မလည်း၊ မှည့်မည်း, သိမ်းဆည်း, နှလုံးအသည်း။
ချဉ်ရည်း, သွေးပြည် စ, ဆန်တစ်ပြည်၊ ဧည့်သည်, အထည်, လူ့ပြည်, နတ်ပြည်။
ရိုက်စည် မြေဆည် စ ဣစ္စာဒိ၊ ညသတ် ဣစ္စေဝ မန္ဒျတေ။ ။

ယ-ကာရေ စ ပရိသတ်လယ်၊ ဆေးခြယ်, ပြုံမ်းရယ် စ, သန့်စင်ကြယ်။
မိုးမှာ ကြယ် စေဝ ဣစ္စာဒိ၊ ယ-သတ် ဣစ္စေဝ မန္ဒျတေ။ ။

ဝဇ္ဇနီယံ ကုသိုလ်ကံ စ၊ ဝတ္ထုကံ စ, လိမ်းကျံ, စကြံ။
လူမည် ငြံ, စိတ်က ကြံ စ၊ စုတ်သည် ကြံ စ, ဆည်ကြံ တဝ။ ။

မေတ္တာရည်ငံ, ဆားဒီငံ စ၊ ကုန်လောက်ငံ စ, ငစံ တဝ။
ရွှေစံ, ငွေစံ, ချမ်းငြိမ်းစံ စ၊ ပျော်စံ စေဝ, ဆက်ဆံ တထာ။ ။

မင်းစိုးမင်းညံ, မောင်ရွှေညံ စ၊ အညံ့ခံ စ, ညံညံ တဝ။
အတော်အတံ, ကျက်ပိတံ စ၊ ဆေးတံ စေဝ, ငတံ တထာ။ ။

ခြေရင်းအထံ, အစေထံ စ၊ သည်းထံ, ပြင်းထံ *(စ)*, လောကဓံ။
အလျားအနံနိ စ, နံရိုး စေဝ၊ မိုးနံ တထာ, ကျိုးန္ဒံ မောင်နှံ။ ။

လူငနှံ စ, ဥစ္စာနှံ စ၊ ဆေးနှံကြသည်, လက်ပံ, တောင်ပံ။
ကောင်းကင်ပျံ စ, ပြီးပြုံ စီးပျံ၊ သစ်ပင်ဖံ စ, ဝါဖံ စေဝ, ဖျိုးဖွံ့ တထာ။ ။

အမှန်အကံ, ထပ်၍ မံသည့်၊ ယမံ, မင်းယံ, လူငယံ စ။
ခြံရံ, ပရံ, စက်ဆုပ်ရွံ စ၊ အားလံ, အလံ, လှံ၍ လံသည်။ ။

ခိုးလှံ, ရေလှံ, ထ-မီးလှံ စ၊ ရုပ်တု ဂဝံ စ, စာသဝံ။
ဝံပလွေ စ, မင်းဝံ တဝ၊ ဝက်ဝံ, လူဝံ, မူဝံ တထာ။ ။

ကြားသည်အသံ, ကျော်ဖြစ်သံစေ၊ ပိုးနသံ စ, ငသံ စေဝ။
လက်ဟံ, ခြေဟံ, လူငဟံ စ၊ ကောက်ဟံ စေဝ, အံ့ဩ တထာ။ ။

စာအံ, အားအံ, အစွယ်အံနှင့်၊ ရှင်အံ, မောင်အံ, သားအံ စေဝ။
ကြွေအံ, မွေအံ, ဣစ္စာဒိကေ၊ မ-ကာရေ နိစ္စိတေ ဝုတ္တေ။ ။

တွေ့ကြုံ့, ကြိုက်ကြုံ့ စ အာဒိကေ၊ တထာ ဝုတ္တေ စ ဂရုကေ။
ကြည်ယုံ့, ချစ်ယုံ့ စ၊ အာဒိကေ ဝဇ္ဇနီယန္တိ မနျတေ။ ။

ဘိသေကမင်္ဂမေဃာတျာဒိဂါထာသု ဥတ္တာနတ္ထမေဝ။ ။

**က္လတိ ဝစနာလင်္ကာရဝဏ္ဏနံ သမတ္တံ။**

နဂရေ ရတနာပုဉ္ဇ၊ အစ္ဆာယာရာမဝါသေန။
မိနာ အာသဘနာမေန၊ ယာစိတာဟံ ဝိမံ ဂန္ထံ။ ။

ဥယျာနေ ကကုဋ္ဌာရာမေ၊ တံနာမကသ္မိ ဒက္ခိဏော။
ပရိဗ္ဗာဇကအာဝါသေ၊ ဧကေဒိနေန လိက္ခိတံ။ ။

ခိနာဝရေ ဇေနစက္ကေ၊ ဗောဓဝဏ္ဏိတမာသကေ။
နာဝါနာဂတပုဏ္ဏမေ၊ သာဓုကံ ပရိနိဋ္ဌိတန္တိ။ ။

**ဝစနာလင်္ကာရဋီကာပါဌ် ပြီး၏။**

အဟံ၊ ငါသည်။ သဇ္ဇနာသဇ္ဇနသေဝံ၊ သူတော်, မသူတော်တို့သည် မှီဝဲအပ်ထသော။ ဇာနံ၊ သစ္စာ ၄-ပါး တရားတို့ကို ပိုင်းခြား၍ သိတော်မူပြီးထသော။ အဇာနံ၊ သစ္စာ ၄-ပါး တရားတို့ကို ပိုင်းခြား၍ မသိသေးသောသူကို။ ဒေသိတံ၊ ဟောတော်မူတတ်ထသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ အဘိဝန္ဒိယ၊ ရှိခိုးပြီး၍။ ဝစနာလင်္ကာရံ၊ ဝစနာလင်္ကာရကျမ်းကို။ ဝါ၊ ခပ်သိမ်းသော ကဗျာလင်္ကာရကျမ်းတို့ကို တန်ဆာဆင်ရာဆင်ကြောင်းဖြစ်သောကြောင့် ဝစနာလင်္ကာရမည်သော ကျမ်းကို။ ဒဿယိဿာမိ၊ ပြပေအံ့။

ပရမတ္ထဉ္စ၊ ပရမတ္ထစကားရပ်လည်းကောင်း။ ပညတ္တိ စ၊ ပညတ်ဖြစ်သော စကားရပ်လည်းကောင်း။ အနိစ္ဆိတဉ္စ၊ အလိုမရှိအပ်သော စကားရပ်လည်းကောင်း။ ဣစ္ဆိတံ၊ အလိုရှိအပ်သော စကားရပ်လည်းကောင်း။ ဂရုကံ၊ အလေးအမြတ်ဖြစ်သော စကားရပ်လည်းကောင်း။ လဟုကဉ္စ၊ အပေါ့ဖြစ်သော စကားရပ်လည်းကောင်း။ က္လတိ က္လမေ ဆ၊ ဤ ၆-ခွန်းသော စကားတို့ကို။ ပဏ္ဍိတေဟိ၊ ပညာရှိတို့သည်။ ဝိဇာနိယာ၊ သိအပ်ကုန်၏။

နိစ္ဆိတေ၊ အလိုမရှိအပ်သော စကားရပ်လည်းကောင်း။ ပရမတ္ထေ စ၊ ပရမတ္ထဖြစ်သော စကားရပ်လည်းကောင်း။ ဂရုကေ စ၊ အလေးဖြစ်သော စကားရပ်လည်းကောင်း။ က္လမေ(သု)တီသု၊ ဤ ၃-ခွန်းသော စကားရပ်တို့၌။ ပ-မ-ကာရေန၊ ပ-အက္ခရာ, မ-အက္ခရာနှင့်။ သံယုတ္တာ၊ ယှဉ်ကုန်၏။ ဝါ၊ ပ-မ-ကာရေန သံယုတ္တာ၊ ပ-သတ်, မ-သတ်၍ ရေးအပ်ကုန်

၏။ သေသကာ၊ နိစ္ဆိတ, ဂရုက, ပရမတ္ထမှ ကြွင်းကုန်သော ဣစ္ဆိတ, လဟုက, ပညတ္တိ ဖြစ်သော စကားရပ်တို့သည်။ တ-န-ကာရေန၊ တ-အက္ခရာ၊ န-အက္ခရာနှင့်။ သံယုတ္တာ၊ ယှဉ်ကုန်၏။ ဝါ၊ တ-န-ကာရေန သံယုတ္တာ၊ တ-သတ်, န-သတ်၍ ရေးအပ်ကုန်၏။

ညကာရော ပန၊ ည-အက္ခရာသည်ကား။ ပညတ္တံ၊ ပညတ်နှင့်သာ ယှဉ်၏။ ယ-ကာရောပိ၊ ယ-အက္ခရာသည်လည်း။ ဂ-သံယုတ္တံ၊ ဂ-နှင့်သာ ယှဉ်၏။ ဝိသဇ္ဇနီ ပန၊ ဝိသဇ္ဇနီ ကိုကား။ ဣမေသု၊ ဤ ၆-ခွန်းသော စကားရပ်တို့တွင်။ ပ-မ-ကာရာဝ၊ ပ-အက္ခရာ, မ-အက္ခရာတို့ကဲ့သို့။ ဂယှတိ၊ ယူအပ်၏။

ဣတရာ ပန၊ ဤဆိုအပ်ခဲ့ပြီးသည်မှ တပါးသော သဝေထိုး, ရှေ့ထိုး, နောက်ပစ်, ယ-ပင့်, ရ-ရစ်, မြစ်, သီး, လုံးကြီးအတင်, တစ်ချောင်းငင်တို့သည်ကား။ ပါကဋာ၊ ထင်ရှားကုန်၏။ သုကရာ၊ အသိလွယ်ကုန်၏။ ကေဝလာ၊ သက်သက်သာ ဖြစ်ကုန်၏။ အသံ-မိဿာ၊ မရောမယှက်ကုန်။ သဗ္ဗာကာရေသု၊ ခပ်သိမ်းသောအရာတို့၌။ ဝါ၊ ခပ်သိမ်းသော ကဗျာလင်္ကာကျမ်း(တို့)၌။ ကေဝလာ၊ သက်သက်သာ ဖြစ်ကုန်၏။ တေနေဝ၊ ထို့ကြောင့်သာ လျှင်။ ဣဓ၊ ဤဝစနာလင်္ကာရကျမ်း၌။ န ဝုတ္တာ၊ သွင်း၍ မဆိုပြီ။

ဘိသေက မဂ္ဂမေဃာ စ၊ ဘိသေက, မဂ္ဂ, မေဃသဒ္ဒါတို့သည်လည်းကောင်း။ သက္က-ရာဇကုဋ္ဋိဋ္ဌကာ၊ သက္ကရာဇ, ကုဋ္ဋိဋ္ဌကာသဒ္ဒါတို့သည်လည်းကောင်း။ ဉာဏပါသာဒဝေါဒါနာ၊ ဉာဏ, ပါသာဒ, ဝေါဒါနသဒ္ဒါတို့သည်လည်းကောင်း။ ကာယဂ်ုတ္တရကုသလာ၊ ကာယ'ဂ်ုတ္တရ ကုသလသဒ္ဒါတို့သည်လည်းကောင်း။ ဣဒံ၊ ကား။ အာစရိယာနံ၊ တို့၏။ ဝိနိစ္ဆယော၊ တည်း။ သင်္ဂဟသီဟဋ္ဌာဒီသု၊ သင်္ဂဟ, သီဟဋ္ဌ-စသော သဒ္ဒါတို့၌။ သဒ္ဒက္ခရေန၊ သဒ္ဒါအက္ခရာနှင့်။ သံယုတ္တာ၊ ယှဉ်ကုန်၏။ ဝါ၊ သဒ္ဒက္ခရေန သံယုတ္တာ၊ သဒ္ဒါအက္ခရာ သတ်၍ ရေးအပ်ကုန်၏။ ဝစနာလင်္ကာရံ၊ ဝစနာလင်္ကာရကျမ်းသည်။ ဣတိ သမတ္တံ၊ ဤတွင်ရွေ့ ပြီးပြီ။

ဝစနာလင်္ကာရ အနက်ပြီး၏။

အဟံ၊ ငါသည်။ ကိစ္စသာမေန္တံ၊ မင်္ဂဖိုလ်-စသော ကိစ္စ၏ ပြီးခြင်းကို။ အကရံ၊ ပြုတော်မူပြီးထသော။ ပရမဝိစိတ္တဒေသနာဉာဏံ၊ မြတ်သော, ဆန်းကြယ်သော ဒေသနာ ဉာဏ်လည်း ရှိတော်မူထသော။ ပရမံ၊ မြတ်သော ဒေသနာတော်ကို။ လက္ခဏာဒီဟိ၊ လက္ခဏာ-စသည်တို့ဖြင့်။ ဝါ၊ လက္ခဏာ, ရသ, ပစ္စုပဋ္ဌာန်, ပဒဋ္ဌာန်တို့ဖြင့်။ ဒေသေန္တံ၊ ဟော တော်မူတတ်ထသော။ ဥတ္တမု'တ္တမာ'နုတ္တမံ၊ မြတ်သည်ဖြစ်၍ မြတ်ကုန်သော ပစ္စေကဗုဒ္ဓါ, သာဝကတို့ထက် လွန်၍ မြတ်တော်မူထသော။ အဘဝံ၊ ဘဝတပါး လားခြင်း ကင်းတော်မူ သော မြတ်စွာဘုရားကို။ ဝန္ဒာမိ၊ ရှိခိုးပါ၏။ ဝန္ဒိတွာ၊ ရှိခိုးပြီး၍။ သုသိက္ခိတံ၊ ကောင်းစွာ

လေ့ကျက် ဆောင်ရွက်အပ်သော။ သုဘံ၊ ကောင်းသော။ ဝစနာလင်္ကာရဝဏ္ဏနံ၊ ဝစနာ-လင်္ကာရကျမ်း၏ အဖွင့်ကို။ ဒဿယိဿာမိ၊ ပြပေအံ့။

တတ္ထ၊ ထိုဝစနာလင်္ကာရကျမ်း၌။ သပ္ပုရိသာ'သပ္ပုရိသေဟိ၊ သူတော်, မသူတော်တို့သည်။ ဓမ္မသေဝနေန၊ တရားတည်း-ဟူသော မှီဝဲခြင်းဖြင့်။ သုသေဝိတံ၊ ကောင်းစွာမှီဝဲအပ်ထသော။ စတုသစ္စဓမ္မေ၊ သစ္စာ ၄-ပါး တရားတို့ကို။ အရိယမဂ္ဂဉာဏေန၊ အရိယမဂ်ဉာဏ်ဖြင့်။ ဇာနန္တံ၊ သိတော်မူတတ်ထသော။ အဇာနန္တေ၊ သစ္စာ ၄-ပါး တရားတို့ကို မသိကုန်သော သူတို့ကိုလည်း။ စတုသစ္စဓမ္မေ၊ သစ္စာ ၄-ပါး တရားတို့ကို။ ဒေသေန္တံ၊ ဟောတော်မူသော။ ဗုဒ္ဓံ၊ မြတ်စွာဘုရားကို။ အဘိဝန္ဒိတွာ၊ ရှိခိုးပြီး၍။ စိတ္တက္ခရစိတြဗျဉ္ဇနေဟိ၊ ဆန်းကြယ်သောအက္ခရာ, ဆန်းကြယ်သော သဒ္ဒါတို့ဖြင့်။ ဗန္ဓိတံ၊ ဖွဲ့အပ်သော။ ကဝေရဇာ-ဝိကာဒိဂန္ထံ ဝါ၊ ကဗျာလင်္ကာ-စသော ကျမ်းကိုလည်းကောင်း။ မြမ္မာဘာသသဒ္ဒါတံ၊ မြန်မာဘာသာ-ဟု ဆိုအပ်သော။ ဝစနံ ဝါ၊ စကားကိုလည်းကောင်း။ အလင်္ကာရတ္တာ၊ တန်ဆာဆင်ရာဆင်ကြောင်းဖြစ်သောကြောင့်။ ဝစနာလင်္ကာရနာမကံ၊ ဝစနာလင်္ကာရမည်သော။ ဂန္ထံ၊ ကျမ်းကို။ ဒဿေတုံ၊ ပြခြင်းငှာ။ သဇ္ဇနာသဇ္ဇနာသေဝန္တိအာဒိ၊ သဇ္ဇနာသဇ္ဇနသေဝံ-အစရှိသော စကားကို။ အာဟ၊ ဆို၏။ တတြ၊ ထိုဝစနာလင်္ကာရ-မည်သော ကျမ်း၌။ အယံ၊ ဤဆိုလတ္တံ့သည်ကား။ ဝစနက္ကမော၊ စကားအစဉ်တည်း။

ပ-ကာရော ပ-အက္ခရာ၌။ တာဝ၊ ရှေးဦးစွာ။ နိစ္စိတော၊ အလိုမရှိအပ်သော စကားရပ်၌။ အ-ကာရန္တ က္က-ကာရန္တ ဥ-ကာရန္တဝသေန ဝါ၊ အ-ကာရန္တ, က္က-ကာရန္တ, ဥ-ကာရန္တ၏ အစွမ်းအားဖြင့်လည်းကောင်း။ ဝါ၊ ပ-သတ်သက်သက်, လုံးကြီးတင် ပ-သတ်, တစ်ချောင်းငင် ပ-သတ် အစွမ်းဖြင့်လည်းကောင်း။

ဂရုကော၊ အလေးဖြစ်သော စကားရပ်၌။ အ-ကာရန္တ က္က-ကာရန္တ ဥ-ကာရန္တဝသေန ဝါ၊ အ-ကာရန္တ, က္က-ကာရန္တ, ဥ-ကာရန္တ၏ အစွမ်းအားဖြင့်လည်းကောင်း။ ဝါ၊ ပ-သတ်သက်သက်, လုံးကြီးတင် ပ-သတ်, တစ်ချောင်းငင် ပ-သတ် အစွမ်းဖြင့်လည်းကောင်း။

မကာရော မ-အက္ခရာ၌။ နိစ္စိတော၊ အလိုမရှိအပ်သော စကားရပ်၌။ အ-ကာရန္တ နိဂ္ဂဟိတန္တဝသေန ဝါ၊ အ-ကာရန္တ, နိဂ္ဂဟိတန္တ၏ အစွမ်းဖြင့်လည်းကောင်း။ ဝါ၊ မ-သတ်သက်သက်, သေးသေးတင် မ-သတ် အစွမ်းဖြင့်လည်းကောင်း။

ပရမတ္ထော၊ ပရမတ္ထဖြစ်သော စကားရပ်၌။ နိဂ္ဂဟိတန္တဝသေန ဝါ၊ နိဂ္ဂဟိတန္တ၏ အစွမ်းဖြင့်လည်းကောင်း။ ဝါ၊ သေးသေးတင် မ-သတ် အစွမ်းဖြင့်လည်းကောင်း။

ဂရုကေ ပန၊ အလေးဖြစ်သော စကားရပ်၌ကား။ အ-ကာရန္တ က္က-ကာရန္တ နိဂ္ဂဟိတန္တဝသေန ဝါ၊ အ-ကာရန္တ, က္က-ကာရန္တ, နိဂ္ဂဟိတန္တအစွမ်းဖြင့်လည်းကောင်း။ ဝါ၊ မ-သတ်သက်သက်, လုံးကြီးတင် မ-သတ်, သေးသေးတင် မ-သတ်အစွမ်းဖြင့်လည်းကောင်း။

ည-ကာရေ၊ ည-အက္ခရာ၌။ အကာရန္တဝသေန ဝါ၊ အကာရန္တ၏ အစွမ်းအားဖြင့် လည်းကောင်း။ ဝါ၊ ည-သတ် သက်သက်ဖြင့်သာလည်းကောင်း။ ယ-ကာရေ၊ ယအက္ခရာ၌။ တထာ၊ တူ။ အ-ကာရန္တ-ဝသေန ဝါ၊ အ-ကာရန္တ၏ အစွမ်းဖြင့်လည်းကောင်း။ ဝါ၊ ယ-သတ် သက်သက် အစွမ်းဖြင့်လည်းကောင်း။ ဝဇ္ဇနီယေ၊ ဝဇ္ဇနီ၌။ မိဿေတွာ၊ ရောစ၍။ ယထာက္ကမံ၊ အစဉ်အတိုင်း။ ပဝက္ခာမိ၊ ဟောပေအံ့။

ပုတ်ခပ်,စေးကပ်, ငှက်ထိုးဆွပ် ၈၊ ပုတ်ခပ်, စေးကပ်, ငှက်ထိုးဆွပ်လည်းကောင်း ။လ။ ပ-ကာရကထာ၊ ပ-သတ်ကို ဆိုသောစကားသည်။ နိဋ္ဌိတာ၊ ပြီးပြီ။

မ-ကာရေ ပန၊ ၌ကား။ နိစ္စိတော -တ၌။ ငေါက်ငမ်း, ကြမ်းတမ်း, လူညစ်ညမ်း ၈၊ ငေါက်ငမ်း, ကြမ်းတမ်း, လူညစ်ညမ်းလည်းကောင်း ။ပ။ မ-ကာရကထာ၊ သည်။ နိဋ္ဌိတာ၊ ပြီးပြီ။

တ-ကာရ န-ကာရေသု ပန၊ တ-အက္ခရာ, န-အက္ခရာတို့၌ကား။ ဝုတ္တာဝသေသ-နယေန၊ ဆိုအပ်ခဲ့ပြီးသည်မှ ကြွင်းသောနည်းဖြင့်။ ဝေဒိတဗ္ဗံ၊ သိအပ်၏။

ည-ကာရေ ပန၊ ည-အက္ခရာ၌ကား။ အချည်းနှီး၊ အချည်းနှီးလည်းကောင်း ။လ။ ဝဇ္ဇနိယန္တိ၊ ဝဇ္ဇနိယ-ဟူ၍။ မန္ဒေတော၊ သိရာ၏။

ဘိသေကမဂ္ဂမေဃာတျာဒိဂါထာသု၊ ဘိသေက, မဂ္ဂ, မေဃ-စသော ဂါထာတို့၌။ ဥတ္တာနတ္ထမေဝ၊ ပေါ်သော အနက်ရှိသည်သာတည်း။ က္ကဒံ၊ ဤဘိသေက, မဂ္ဂ, မေဃ-စသော စကားသည်။ အာစရိယာနံ၊ ဆရာကြီး, ဆရာမြတ်တို့၏။ ဝိနိစ္ဆယော၊ အဆုံးအဖြတ် တည်း။ ဝစနာလင်္ကာရဝဏ္ဏနံ၊ ဝစနာလင်္ကာရကျမ်း အဖွင့်သည်။ က္ကတိ သမတ္တံ၊ ဤတွင်ရွေ့ ပြီးပြီ။

ရတနာပုဥ္စနဂရေ၊ ရတနာပုံ ရွှေမြို့တော်ကြီး၌။ အစ္ဆာယာရာမဝါသေန၊ အရိပ် မထွက်ကျောင်းတိုက်၌ နေသော။ အာသဘနာမေန၊ အာသဘအမည်ရှိသော။ မိနာ၊ ရဟန်းသည်။ ယာစိတော၊ တောင်းပန်အပ်သည်ဖြစ်၍။ ဝါ၊ ယာစိတော၊ တောင်းပန်အပ် သော။ အဟံ၊ ငါသည်။ က္ကမံ ဂန္ထံ၊ ဤဝစနာလင်္ကာရကျမ်းကို။ တံ နာမကဿ၊ ထိုရတနာပုံ မြို့တော်ကြီး၏။ ဒက္ခိဏော၊ တောင်ဖြစ်သော။ ဥယျာနေ၊ ဥယျာဉ်၌။ ပရိဗ္ဗာဇကအာဝါသေ၊

ပရိပိုင်တို့၏ နေရာဖြစ်သော။ ကကုဋာရာမေ၊ ကကုဋာရုံမည်သော ကျောင်း၌။ ဧကဒိနေန၊ တစ်နေ့ချင်းဖြင့်။ လိခိတံ၊ ရေးအပ်၏။ ဝါ၊ လိခိတံ၊ ရေးအပ်သော။ ဣမံ ဂန္ထံ၊ ဤကျမ်းသည်။ ဇေနစက္ကေ၊ ဘုရားရှင် သာသနာတော်သည်။ ခိနာဝရေ၊ ၂၄၀၂-ခုသို့။ သမ္ပတ္တေ၊ ရောက်လတ်သော်။ ဗောဓဝင္ကိတမာသကေ၊ သီဝံပိုင်ချုပ်၊ နတ်ဝိသုဒ်သည်၊ သုတ်ရတနာ၊ ရွှေဂါထာကို၊ ကောင်းစွာဟောဖော်၊ ချီးမွမ်းတော်မူရာဖြစ်သော ကာလ၌။ နဝါနာဂတပုဏ္ဏမေ၊ ၉-ရက်ဖြင့် မရောက်သေးသော လပြည့်နေ့၌။ သာဓုကံ၊ ကောင်းစွာ။ ပရိနိဋ္ဌိတံ၊ အပြီးသို့ ရောက်ပြီ။

ဝစနာလင်္ကာရအနက် ပြီး၏။

ရတနာပုံရွှေမြို့တော် မြောက်ပြင်၊ အရိပ်မထွက်ကျောင်းတိုက်နေ ရဟန်းတော်ရှင်အာသဘ-က "အမျိုးသားတို့ မှတ်သားကြည့်ရှုရန် သတ်ပုံစာကို ရေးသားပြုစီရင်တော်မူပါ"ဟု လျှောက်ထားတောင်းပန်သည်ကို အကြောင်းပြု၍ ရတနာပုံရွှေမြို့တော်ကြီးအတွင်း၊ တောင်ဥယျာဉ် ပရိပိုဇ်တို့နေရာ ကကုဋာရုံမည်သော ကျောင်း၌ သီတင်းသုံးနေစဉ် အမျိုးသားတို့ မှတ်သားလေ့ကျက် ဆောင်ရွက်ကြည့်ရှုစေခြင်းငှာ ရေးသားပြုစီရင်အပ်သော ဝစနာလင်္ကာရမည်သော သတ်ပုံကျမ်းကား ၁၂၃၈-ခု၊ တန်ခူးလဆန်း၊ ၆-ရက်နေ့ အပြီးသို့ ရောက်သည်။

★ ★ ★ ★ ★ ★ ★

## ပုစ္ဆာ ဝိသဇ္ဇနာ နာနာနယ သမူဟ

၁။ ပဌမပုစ္ဆာ၌ တောင်ပို့ကို ဥပမာပြု၍ ဟောတော်မူသော ဝမ္မိကသုတ်၊ ပါဠိ,အနက် အဓိပ္ပါယ်။

၂။ ဒုတိယပုစ္ဆာ၌ ဩဝါဒကထာ။

၃။ တတိယပုစ္ဆာ၌ မြတ်စွာဘုရား ဂုဏ်တော်ကို ချီးမွမ်းသောဂါထာ။

၄။ စတုတ္ထပုစ္ဆာ၌ ပညာရှိတို့ကို ချီးမွမ်းသောဂါထာ။

၅။ ပဉ္စမပုစ္ဆာ၌ အသက်အရွယ်ဂုဏ်ဖြင့် ကြီးသောသူတို့ကို ရိုသေသောအကျိုး။

၆။ ဆဋ္ဌမပုစ္ဆာ၌ ဆွမ်း, အဝတ်, ယာဉ်လှူသောအကျိုး။

၇။ သတ္တမပုစ္ဆာ၌ မနောဒွါရဖြင့် လှူသောအကျိုး။

၈။ အဋ္ဌမပုစ္ဆာ၌ ဆီမီးခွက်, ဆီမီးလှူသောအကျိုး။

၉။ နဝမပုစ္ဆာ၌ အသက်ရှည်ခြင်းအကြောင်း ၆-ပါး။

၁၀။ ဒသမပုစ္ဆာ၌ အနည်းငယ်မျှသော ဒါနအကျိုး။

၁၁။ ဧကာဒသမပုစ္ဆာ၌ ဒေဝဓမ္မတရား ၂-ပါး။

၁၂။ ဒွါဒသမပုစ္ဆာ၌ ပညာရှိတို့လက္ခဏာ။

၁၃။ တေရသမပုစ္ဆာ၌ လူမြတ်တို့လက္ခဏာ။

၁၄။ စုဒ္ဒသမပုစ္ဆာ၌ လူတို့ကို သိကြားမင်း ရှိခိုးသောဂါထာ။

၁၅။ ပဏ္ဏရသမပုစ္ဆာ၌ ရတနာ ၃-ပါးတို့ထံ ဆည်းကပ်သောအကျိုး။

၁၆။ သောဠသမပုစ္ဆာ၌ မေတ္တာအကျိုး။

၁၇။ သတ္တရသမပုစ္ဆာ၌ အဆွေခင်ပွန်းကောင်းတို့ အင်္ဂါ ၇-ပါး။

၁၈။ အဋ္ဌာရသမပုစ္ဆာ၌ သီလဂုဏ် ၈-ပါး။

၁၉။ ဧကူနဝီသတိမပုစ္ဆာ၌ စာဂဂုဏ် ၆-ပါး။

၂၀။ ဝီသတိမပုစ္ဆာ၌ သီလဝန္တရဟန်းတို့ကို ကိုးကွယ်ရာသောအကျိုး။

၂၁။ ဧကဝီသတိမပုစ္ဆာ၌ နတ်ပြည်၌ ဖြစ်ရာသောအကြောင်း။

၂၂။ ဒွါဝီသတိမပုစ္ဆာ၌ မုသာဝါဒ အပြစ်ကြီးကြောင်း။

၂၃။ တေဝီသတိမပုစ္ဆာ၌ ဇမ္ဗူဒီပါကျွန်းသူတို့က မြောက်ကျွန်းသား, တာဝတိံသာနတ်များ ထက် သာလွန်သော တရား ၃-ပါး။

၂၄။ စတုဝီသတိမပုစ္ဆာ၌ အား ၈-ပါး။

၂၅။ ပဉ္စဝီသတိမပုစ္ဆာ၌ ဩဝါဒကထာ။

၂၆။ ဆဗ္ဗီသတိမပုစ္ဆာ၌ ဆုတောင်းဂါထာ။

၂၇။ သတ္တဝီသတိမပုစ္ဆာ၌ အဘိဓမ္မတ္ထသင်္ဂြိုဟ်စာတွင် ပဌမမေးပုံ, ဖြေပုံ။

၂၈။ အဋ္ဌဝီသတိမပုစ္ဆာ၌ မင်္ဂလာတရား ၃၈-ပါးတို့၏ သရုပ်သချာ။

၂၉။ ဧကူနတိံသတိမပုစ္ဆာ၌ နေ,လတို့ကို အသူရိန် ဖမ်းယူကြောင်း။

၃၀။ တိံသတိမပုစ္ဆာ၌ သဗ္ဗညုတဉာဏ်, ဒသဗလဉာဏ်တော်တို့၏ အထူး။

၃၁။ ဧကတိံသတိမပုစ္ဆာ၌ သမ္ဗပ္ပလာပ, ဗျာပါဒတို့ ကမ္မပထမြောက်၍ အပါယ်ပဋိသန္ဓေကို ပေးဟန်။

၃၂။ ဒွတ္တိံသတိမပုစ္ဆာ၌ ကမ္မပိလောတိက ၁၂-ပါးတို့အထူး။

၃၃။ တေတ္တိံသတိမပုစ္ဆာ၌ စတုဒိသာသံဃာကို လှူရာ သာမဏေတို့ ပါဝင်မည်, မပါဝင်မည်။

၃၄။ စတုတ္တိံသတိမပုစ္ဆာ၌ ဖျင်, ပုဆိုး-စသည်တို့ကို ကျောင်းရှိ,တိုက်ရှိ သံဃာကို လှူရာ သာမဏေတို့ကို ခွဲဝေသင့်မည်, မဝေသင့်မည်။

၃၅။ ပဥ္စတိံသတိမပုစ္ဆာ၌ စေတနာ ၃-တန်နှင့် သံဃာကို ရည်၍ ကျောင်းဆောက်လုပ်လှူဒါန်းရာ သဘောနှစ်ခြိုက်သည့်ပုဂ္ဂိုလ်နေမှ ကြိုက်သည်မှာ သံဃိက ဖြစ်မည်, ပုဂ္ဂလိက ဖြစ်မည်။

၃၆။ ဆတ္တိံသပုစ္ဆာ၌ 'ဝိဇ္ဇာသုံးကြိမ်'လင်္ကာတွင် "ဝိဇ္ဇာသုံးကြိမ်၊ လူဖြစ်ချိန်"သင့်မည်, "ဝိဇ္ဇာသုံးကြိမ်၊ လုံးဖြစ်ချိန်"သင့်မည်။

၃၇။ သတ္တတိံသမပုစ္ဆာ၌ မုဥ္စလိန္ဒာမည်သော ကျည်းပင်ရင်းတွင် နေတော်မူသောအခါ အဘယ်တရားကို နှလုံးသွင်းတော်မူသည်၊ အဘယ်တရားကို လူ,နတ်တို့အား ဘုရား ဟောတော်မူသည်။

၃၈။ အဋ္ဌတိံသမပုစ္ဆာ၌ ပရမတ္ထ, ပညတ္တိ-စသော အနက် ၆-ပါးတို့၏ ပ, မ, တ, န-အက္ခရာ၊ ည, ယအက္ခရာတို့နှင့် ယှဉ်ဟန်။

ဤသို့ အရပ်ရပ် လူ,ရှင်ရဟန်းတို့ မေးလျှောက်ကြသည့်အတိုင်း ယုံမှားကင်းစိမ့်သောငှာ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိဒ်မြို့၊ ပလိုင်းရွာ၊ လုံးတော်ဆရာတော် ဖြေဆိုအပ်သော ပြီးပြွမ်းသော ဝိသဇ္ဇနာရှိသည်၏အဖြစ်ကြောင့် ပကိဏ္ဏကဝိသဇ္ဇနာမည်သော ကျမ်း၌ ၃၈-ပါးသော ဝိသဇ္ဇနာနှင့် ပြည့်စုံသော ပဥ္စမပရိစ္ဆေဒကား ၁၂၃၉-ခု၊ ဝါခေါင်လဆန်း၊ ၁၅-ရက်နေ့ အပြီးသို့ ရောက်သည်။

ဣမိနာ ပုညကမ္မေန၊ အဘိရမ္မေယျ သဒ္ဓမ္မေ။
ဖုဿော စေ လောကဓမ္မေဟိ၊ သဟေယျ'မတိပါမောဇ္ဇော။
ဘဝါဘဝေ သံသရန္တော၊ ပိဋကတ္တယဓရော ဘဝေ။ ။

ဣမိနာ ပုညကမ္မေန၊ ပကိဏ္ဏကဝိသဇ္ဇနာ၊ သညာမည်မှန်း၊ ဤစာကျမ်းကို၊ ရဟန်း, လူ,ရှင်၊ ၄-အင် မပြား၊ အမျိုးသားတို့ မှတ်သားစိမ့်ငှာ၊ ဌကထာနှင့်၊ ဋီကာအနု၊ မဓုလက်သန်း၊ ထိုထိုကျမ်းတွင်၊ အစွမ်းသတ္တိ၊ ရှိသည့်အလျောက်၊ ပတ်နှောက်ရှာဖွေ၊ အထွေထွေကို၊ ဝေဖန်ခွဲခြမ်း၊ မိပ္ပါယ်ငြမ်းကို၊ ကျမ်းနှင့်အညီ၊ စီရင်ထုတ်နုတ်၊ ပြုလုပ်ရသော စေတနာ၊ သဒ္ဓါထက်သန်၊ ဂန္ထကာရ ပုညကြီးထု၊ ဤကောင်းမှုကြောင့်။ သဒ္ဓမ္မေ၊ သူတော်ကောင်းတို့၏ တရား၌။ အဘိရမ္မေယျ၊ မွေ့လျော်ရလို၏။ လောကဓမ္မေဟိ၊ လောကဓံတရား ၈-ပါးတို့နှင့်။ ဖုဿော၊ တွေ့သည်။ စေ ဟောတိ၊ အကယ်၍ ဖြစ်အံ့။ အတိပါမောဇ္ဇော၊ အလွန်ဝမ်းမြောက်ဝမ်းသာ။ သဟေယျံ၊ သည်းခံနိုင်ရလို၏။ ဘဝါဘဝေ၊ ၌။ သံသရန္တော၊ သော်။ ပိဋကတ္တယဓရော၊ ပိဋကတ် ၃-ပုံကို ဆောင်နိုင်သည်။ ဘဝေ၊ ၏။

## ပကိဏ္ဏကဝိသဇ္ဇနာကျမ်း၊ ဒုတိယတွဲ ပြီး၏။

✪ ✪ ✪ ✪ ✪ ✪ ✪ ✪

*[ပကိဏ္ဏကဝိသဇ္ဇနာ(လုံးတော်)၊ ပထမတွဲမှ မေတ္တာစာများကို ဤကျမ်း၊ ဒုတိယတွဲ နောက်၌ ယူ၍ ပြထားပါသည်။]*

"ဤကျမ်း၊ ဒုတိယတွဲ၊ စတုတ္ထပိုင်း၊ ပုဒ်မ-၁၁၈၊ နှာ-၉၃၈၊ ပုထုဇ္ဇန-
ပုဒ်အကြောင်းအရာနှင့် တွဲစပ်ကြည့်ရှုရန်"

(၄၉) ပုထုဇ္ဇ ဇနေ (ဗျဥ္ဇနေ)။ ၁၅၈။ တိပဒံ။

(က) ရုပ်။ ။*ပုထုဇ္ဇနော။ ပုထ+ဇနေ။ ဤသုတ်ဖြင့် ဇနသဒ္ဒါကြောင့် ပုထနိပါတ်၏ အစိတ်အကို ဥပြု။ ဒွိတ္တပြု။ ။*မနုည်။ မနော+အည်၊ ဤသုတ်၌ အန္တသဒ္ဒါပိုဖြင့် ဩကို ဥပြု။ *က္လတွေဝံ။ က္လတိ+ဧဝံ။ ဤသုတ်၌ အန္တဖြင့် က္လကို ဥပြု၊ ဝမောဒုဒန္တာနံ-ဖြင့် ဥကို ဝ်ပြု။ ။ *ဧဝုမံ။ ဧဝံ+က္လမံ။ ကွစိလောပံဖြင့် နိဂ္ဂဟိတ်ချေ။ ဤ၌အန္တဖြင့် အကို ဥပြု။ ဝါပရော အသရူပေါ ဖြင့် နောက်က္လချေ။

(ခ) အဓိပ္ပါယ်။ ။(၁) ဇနေ၊ (၂) ပုထဿန္တော-အင်္ဂါ ၂-ပါး။ ။ဇနေ-နိမိတ်။ အန္တော-ကာရိ။ ပုထဿ-ကာရိ၏ဝိသေသန။ ဥ-ကာရိယ။ ။သက္ကတ၌-ဘိန္န၊ နာနာရူပ၊ ဝိနာအနက်ဟောပ္ကထင် (ပုထ)နိပါတ်၊ တန္ဒာမိ ရာဇ ဝိသေသ၊ မဟန္တ ထူလ၊ ဒက္ခအနက်ဟော ပ္ကထု (ပုထု)နာမ်ပုဒ်-ဟု ၂-မျိုးရှိ၏။

၄၃၀။ 'ဝိဝေကော ပုထဂတ္တတာ'။

၁၁၃၇။ 'ဝဇ္ဇနေ တု ဝိနာ နာနာ၊ အန္တရေန ရိတေ ပုထ။'

၁၀၈၄။ 'နီစေ ပုထုဇ္ဇနော မုဋ္ဌေ'-ဟု ပုထနိပါတ်။

၁၁၃၇။ "ဗြဟာ မဟန္တံ ဝိပုလံ၊ ဝိသာလံ ပုထုလံ ပုထု'-ဟု ပုထုနာမ် ၂-မျိုးပင် မာဂဓအဘိဓာန်၌လည်း ဆို၏။ စာအများ၌ 'ပုထု'ချည်း ပျက်ပြားနေတတ်သည်။ အနက်ကို ထောက်ချင့်၍ အသင့်အမှန်ကို သိ။

ပုထူနံ ဇနနာဒီဟိ၊ ကာရဏေဟိ ပုထုဇ္ဇနော။
ပုထုဇ္ဇနန္တောဂဓတ္တာ၊ ပုထုဝါယံ ဇနော က္လတိ။ ။

သော ဟိ ပုထူနံ နာနပ္ပကာရာနံ ကိလေသာဒီနံ ဇနနာဒီဟိပိ ကာရဏေဟိ ပုထုဇ္ဇနော။ ယထာဟ-

(၁) ပုထု (ပုထူ) (ကိလေသေ) ဇနေန္တီတိ *ပုထုဇ္ဇနာ။

(၂) ပုထု (ပုထူ) အဝိဟတသက္ကာယဒိဋ္ဌိကာတိ ပုထုဇ္ဇနာ။

(၃) ပုထူနံ သတ္ထာရာနံ မုခုလ္လောကိကာတိ ပုထုဇ္ဇနာ။

(၄) ပုထု (ပုထူဟိ) သဗ္ဗဂတီဟိ အဝုဠှိတာတိ ပုထုဇ္ဇနာ။

(၅) ပုထု (ပုထူ) နာနာအဘိသင်္ခရေ အဘိသင်္ခရောန္တီတိ ပုထုဇ္ဇနာ။

(၆) ပုထု (ပုထူဟိ) နာနာဩဃေဟိ ဝုယှန္တိ၊

(၇) ပုထု (ပုထူဟိ) သန္တာပေဟိ သန္တပန္တိ၊

(၈) ပုထု (ပုထူဟိ) နာနာပရိဠာဟေဟိ ပရိဒယှန္တိ၊

(၉) ပုထု (ပုထူသု) ပဉ္စသု ကာမဂုဏေသု ရတ္တာ ဂိဒ္ဓါ ဂဓိတာ မုစ္ဆိတာ အဇ္ဈော သန္နာ လဂ္ဂါ လဂ္ဂိတာ ပလိဗုဒ္ဓါတိ ပုထုဇ္ဇနာ။

(၁၀) ပုထု (ပုထူဟိ) ပဉ္စဟိ နီဝရဏေဟိ အာဝုတာ နိဝုတာ ဩဖုတာ ပိဟိတာ ပတိစ္ဆန္နာ ပတိကုဇ္ဇိတာတိ ပုထုဇ္ဇနာတိ (နိဒ္ဒေသပါဠိ)။

(က) ပုထူနံ ဂဏနပထမတီတာနံ အရိယဓမ္မပရမ္မုခါနံ နီစဓမ္မသမာစာရာနံ ဇနာနံ အန္တောဂဓတ္တာပိ ပုထုဇ္ဇနာ။

(ခ) ပုထုဝ အယံ ဝိသုံယေဝ သင်္ခံ ဂတော ဝိသံသဋ္ဌော သီလသုတာဒိ ဂုဏယုတ္တေဟိ အရိယေဟိ ဇနောတိ ပုထုဇ္ဇနော-

ဟူသော ပါဠိလာ (၁၀)နက်၊ အဋ္ဌကထာ ၂-နက်တို့တွင် ဒွါဒသမအနက်ကို ရည်၍ ဤသုတ်ကို ဆိုသည်။

အရဟံ-အနက် ၁၂-ချက်ရှိရာ အခြားဂိုဏ်းနှင့် ဆိုင်သော နိပ္ဖန္နရှိသင့်သော်လည်း နိရုတ္တိနည်းအရ ဂစ္ဆန္တာဒိဂဏကချည်း တမျိုးတည်း ပြီးစေသကဲ့သို့လည်းကောင်း ဘဂဝါအနက် ၁၈-ချက်ရှိသည့်အနက် အညဂဏာယတ္တ နိပ္ဖန္နရှိသင့်သော်လည်း ဂုဏဝါဒိချည်းပြီးစေသကဲ့သို့ လည်းကောင်း 'ဒွါဒသမတ္ထအရ ပုထဇ္ဇနော'ဟု ပြီးစေသင့်သော်လည်း ပုထုနာမ်ပုဒ်ဖြင့် ပြီးသော သာသနိက ပုထုဇန နည်းတူ တမူတည်း ပြီးစေသောအားဖြင့် ဥပြုပေးသည်။ ပုထုနာမ်ပုဒ်ဆိုင်ရာ ဒွေဘာဝမသင့်သော်လည်း ပုထနိပါတ်နှင့် ပြီးသော လောကိကပုထဇ္ဇန နည်းတူ တမူတည်း ပြီးစေသောအားဖြင့် ဒွေဘော်ဆင့်ပေးရသည်။ သာသနာ၌ ပုထုဇ္ဇန ပြီးသည်။ သက္ကတ၌ကား ပ္ထဂ္ဇန (ပုထဇ္ဇန)ဟု အန္တာဒိ၌ (ဥမပြုဘဲ) ရှိ၏။

ပါဠိ, အဋ္ဌကထာလာ ၁၂ နက်တို့တွင်—

(၁) ၌ ဝိဂြိုဟ်ကား ပါဠိဖြင့်ပင် ထင်ရှားပြီ။

(၂) ပုထူ (သက္ကာယဒိဋ္ဌိယော) ဇနေန္တိ၊ တာဟိ ဝါ ဇနိယန္တေတိ 'ပုထုဇ္ဇနာ။

(၃) ပုထူ ဇနာ (သတ္တာရော) ယေသန္တိပုထုဇ္ဇနာ။

(၄) ကမ္မကိလေသေဟိ ဇနိတဗ္ဗာ၊ ဇာယန္တိဝါ သတ္တာ ဧတ္ထာတိ ဇနာ၊ ဂတိယော။ ပုထူ ဇနာ ဧတေသန္တိ ပုထုဇ္ဇနာ။

(၅) ဇာယန္တိ သတ္တာ ဧတေဟီတိ ဇနာ၊ ပုထူ ဇနာ (အဘိသင်္ခါရာ) ယေသံ၊ ပုထူဝါ (အဘိသင်္ခါရေ) ဇနေန္တီတိ ပုထုဇ္ဇနာ။

(၆၊၇၊၈)ဇာယန္တိ သတ္တာ ဧတေဟီတိ ဇနာ၊ ပုထူ ဇနာ (ဩဃာ၊ သန္တာပါ၊ ပရိဠာဟာ၊ သဗ္ဗေဝါ ကိလေသာ) ယေသန္တိ ပုထုဇ္ဇနာ။

(၉) ဇာယတီတိ ဇနော။ ပုထု ဇနော (ရာဂေါ ဂေဓောတိ ဧဝမာဒိကော) ယေသံ၊ ပုထူသု ဝါ ဇနာ (ဇာတာ ရတ္တာ)တိ ပုထုဇ္ဇနာ။

(၁၀) ဇာယန္တိ ဧတေဟီတိ ဇနာ၊ ပုထူ ဇနာ (နီဝရဏာ) ယေသံ၊ ပုထူဟိ ဝါ နီဝရဏေဟိ ဇနာ (ဇနိတာ အာဝုဋ္ဌါ) တိ ပုထုဇ္ဇနာ။ ။

(က) ပုထု (ဂဏန ပထမတီတော) ဇနော ပုထုဇ္ဇနော။

(ခ) ပုထ (အရိယေဟိ ဝိသုံ ဘူတော) ဇနောတိ ပုထုဇ္ဇနော- ဟု ဝိဂြိုဟ်စစ်ပြု။

(ဝိသုဒ္ဓါရုံကစွည်းသုတ်နတ်ဋီကာမှ ထုတ်ဆောင်ယူပြသည်။)

## “ပဋိပတ္တိကဝိသဇ္ဇနာကျမ်း၊ ပထမတွဲမှ မေတ္တာစာ မာတိကာ”

[ပုဒ်မ]အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ


၁။ ရွှေမြို့တော်တွင် စာပေမသင်မကြားဘဲ အရပ်တပါးသို့သာ သွားလာ၍ နေကြောင်း ၁၁၅၉

၂။ ချဉ်ပေါင်ရွက်လျှသည့် ရှင်ဉာဏိန္ဒ-ထံ ဆရာတော်-က ပြန်ကြားစာ ၁၁၆၃

၃။ ဒီပဲယင်းမြို့သို့ ခေတ္တသွားသည့် ရှင်ဉာဏိန္ဒကို မပြန်လှာသောကြောင့် ပေးမှာစာ ၁၁၆၅

၄။ ခွေး,ကြောင်စား၍ ဆုံးပါးကြောင်းကို လျှဒါန်းသူတို့အား သိသာအောင် ပေးမှာစာ ၁၁၆၈

၅။ မန်ကျည်းကန် ဦးသီဟအား ဆင်ခြင်စေလိုသဖြင့် ပေးမှာစာ ၁၁၇၀

၆။ ငှားယူထားသည့် ပေါရာဏကထာ စာငယ်ကို မပို့လှာသောကြောင့် ပေးမှာစာ ၁၁၇၁

၇။ ကုသိုလ်တော်ဆရာသို့ ပေးမှာစာ ၁၁၇၂

၈။ ဓားကို ကောင်းမွန်စွာ လုပ်စေခြင်းငှာ ငလွှန်းပြေ-ထံ ပေးမှာစာ ၁၁၇၄

၉။ ကုလတက်-မည်ကြောင်းကို ပေးမှာလိုက်သည့် မေတ္တာစာ ၁၁၇၅

၁၀။ ကျေးပင်ကန်ရွာ၊ ရှင်ဇောတ-ထံ တစ်ခေါက်တစ်ခါမျှ မလာသောကြောင့် ပေးမှာစာ ၁၁၇၉

၁၁။ ဒါနအကျိုး မေတ္တာစာ ၁၁၈၂

၁၂။ ဒါယကာ, ဒါယိကာမများတို့အား ပေးပို့ရန် မေတ္တာစာ ၁၁၈၄

၁၃။ ရွှေမြို့တော်နေ မောင်ဖုံ-က ခပေါင်းကျိုင်ကျေးရွာသို့ ပေးမှာစာ ၁၁၈၆

၁၄။ ခပေါင်းကျိုင်ရွာ၊ ဦးဝဏ္ဏသို့ ကွမ်းသီး ကပ်လှူလိုက်သည့် မေတ္တာစာ ၁၁၈၉

၁၅။ ရန်ကုန်မြို့၊ ဗိုလ်တထောင်ရပ်နေ သား မောင်ပေါက်-က စာပေပြန်ကြား ပေးမှာစာ ၁၁၉၀

| [ပုဒ်မ]အမှတ်စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၁၆။ | မောင်ရှင်ထွန်းဦး-က မွေးသူမိခင်ထံ ပေးလိုက်သော မေတ္တာစာ | ၁၁၉၂ |
| ၁၇။ | ဆွမ်းကြီးခံ မေတ္တာစာ | ၁၁၉၃ |
| ၁၈။ | ချဉ်ပေါင် မေတ္တာစာ | ၁၁၉၄ |
| ၁၉။ | လုံးတော်ဆရာတော်-က သမ္မာရခိုင် ဘုန်းတော်ကြီးထံ ပေးမှာစာ | ၁၁၉၅ |
| ၂၀။ | လုံးတော်ရွာနေ ဒါယိကာမ-မိဖွဲ့ ဆဲရေးကြမ်းတမ်း ပြောဆိုသည့်အရာ များသောကြောင့် ရွာခေါင်း ဝင်း-က အစီရင်ခံရသည့် မေတ္တာစာ | ၁၁၉၅ |
| ၂၁။ | ရတနာသိမ်မြို့၊ မုံလှရွာ၊ ထွေးဦး-ထံ ဆရာတော်-က ပေးမှာလိုက်သည့် မေတ္တာစာ | ၁၁၉၇ |
| ၂၂။ | ၁၂၆၃-ခု၊ နယုန်လဆန်း၊ ၅-ရက်နေ့၊ မင်္ဂလာသဘင်တော်သွင်းစာ | ၁၂၀၅ |
| ၂၃။ | ၁၂၃၆-ခု၊ တန်ဆောင်မုန်းလဆန်း၊ ၅-ရက်နေ့၊ ရွှေလွှတ်တော်မင်းကြီး များထံ ဆရာတော်က မေတ္တာရပ်ခံသည့်စာ | ၁၂၀၇ |


----- x -----

# မေတ္တာစာများ

*[ ပကိဏ္ဏကဝိသဇ္ဇနာကျမ်း၊ ပထမတွဲမှ မေတ္တာစာများကို ဤဒုတိယတွဲတွင် ယူ၍ ထည့်သွင်းထားပါသည် ]*

## (၁) လုံးတော်ရွာနေ ငသောင်-က ရွှေမြို့တော်တွင် စာပေမသင်မကြားဘဲ အရပ်တပါးသို့သာ သွားလာ၍နေကြောင်းကို ပေးမှာလိုက်သည့် မေတ္တာစာ

"မာတာပိတုဂုဏော အနန္တော၊ အာစရိယဂုဏော အနန္တော"၊ မိန့်ဟောကျမ်းလာ၊ ဂါထာပါဠိ၊ ရှိသည်တတန်၊ လောကခံ တကြောင်း၊ ထုံးဟောင်းသင့်လျော်၊ ရှေ့နောက်မျှော်၍၊ ဆရာတော်ဘုရားထံ၊ နိယံမပြတ်၊ ပဋ္ဌဝတ်ဖြင့်၊ မချွတ်မမေ့၊ ရှိသရွေ့ကို၊ ဖြည့်လေ့ရွက်ဆောင်၊ သားမောင်သောင်က၊ အောင်မင်္ဂလာ၊ ရှေ့ညွှန်ဖြာလျက်၊ ဩဘာနိမိတ်၊ မေတ္တာစိတ်ဖြင့်၊ မဖိတ်မယို၊ မန်းရွှေစက်ရိပ် အခိုက၊ ပြဟ္မစိုရ်ရွှေပန်းကို၊ ဝေကမ်းပန်ဆင်လိုက်ပါသည်၊ မြင်းမိုရ်မေရု၊ နှိုင်းတုမမျှ၊ ဝိသေသဖြင့်၊ ဂုဏအထူး၊ တင်ပေဖူးသည်၊ ကျေးဇူးသခင်၊ မွေးမိခင်တို့ဗျာ။

ကျွန်တော်မှာ ဆရာတော်ဘုရား ဘုန်းတော်ကို ခိုလှုံ၍၊ ရတနာပုံ ရွှေမြို့တော်ကြီး တခွင်၊ ပဋ္ဌင်တူရိယာ၊ ခရာစီစုတ်*(စည်းစုပ်)*၊ ပလုတ်တုတ် ပတ်သာ၊ ဝေါရာမကြွင်း၊ လင်းကွင်း,နှဲ, ပြွေ၊ ပလွေ,မိကျောင်း၊ စောင်း,တယောစုံ၊ ဘုံတောင်,ပတ္တယား၊ ဆန်းပြားမှုတ်တီး၊ ပတ်ကြီး, ပတ်ဝိုင်း၊ ပတ်ဆိုင်း,အိုးစည်၊ ရွှေစည်တော်ကြီး၊ တီးရိုး-ဟူသမျှ အကုန်၊ ရုပ်စုံအမျိုး၊ ယိုးဒယားပတ်၊ လက်ခုပ်သတ်, ဂွျန်းပြန်၊ အလှန်,အမှောက်၊ ကြိုးတန်းလျှောက်, တိုင်တက်၊ ပက်လက်, မှောက်ခုံ၊ အစုံအရပ်၊ မတ်တတ်လမ်းသွား၊ တင်ထားပြင်ခွေ၊ တစောင်းနေ, တစောင်းထိုင်၊ ဒေါင်းဘောင်ကိုင်, ပဒုံးဝဲ၊ ဆင်ပွဲ, မြင်းပွဲ၊ လှေလှော်ပွဲတည့်၊ လောင်းပွဲ, စားပွဲ၊ ကစားပွဲနှင့်၊ မီးပွဲ, ဒုံးပွဲ၊ လူနွဲပွဲက၊ ထမင်းပွဲမှ, မကျန်ရအောင်၊ ပွဲဆိုသမျှအကုန်၊ အစုံအစေ့၊ တစ်နေ့မပြတ်၊ မလပ်စေရ၊ လုံ့လဥဿာဟပြု၍၊ ကြည့်ရှုကြိုးစား၊ အားထုတ်နေထိုင်ပါကြောင်းများကို၊ မှာကြား အစီရင်ခံလိုက်ပါသည်၊ မြင်းမိုရ်မေရု၊ နှိုင်းတုမမျှ၊ ဝိသေသဖြင့်၊ ဂုဏအထူး၊ တင်ပေဖူးသည်၊ ကျေးဇူးသခင်၊ မွေးမိခင်တို့ဗျာ။

"မွေးမိခင်တို့ တေျတ္ထ၊ ဧကသေသတဒ္ဓိတဝိဂ္ဂဟော'ယံ"။

**မွေးမိခင် စ မွေးဖခင် စ မွေးမိခင်။**

**ယထာ- သာရိပုတ္တော စ မောဂ္ဂလ္လာနော စ သာရိပုတ္တာ၊**

**တေနာဟ ဘဂဝါ၊ ဂစ္ဆထ တုမှေ သာရိပုတ္တာ၊ ကိင္ဒာဂိရိ ဂန္တာ အဿဇိပုနဗ္ဗသုကာန ဘိက္ခူနံ ပဗ္ဗာဇနီယကမ္မံ ကရောထ။ တုမှာကံ ဧတေ သဒ္ဓိဝိဟာရိကာ'တိ။**

ဟူ၍ပါဠိ လာရှိသည်နှင့်အညီ "မာတာပိတုဂုဏော အနန္တော၊ အာစရိယဂုဏော အနန္တော"၊ မိန့်ဟောကျမ်းလာ၊ ဂါထာပါဠိ၊ ရှိသည်တတန်၊ လောကခံ တကြောင်း၊ ထုံးဟောင်းသင့်လျော်၊ ရှေ့နောက်မျှော်၍၊ ဆရာတော်ဘုရားထံ၊ နိယံမပြတ်၊ ပဋ္ဌဝတ်ဖြင့်၊ မချွတ်မမေ့၊ ရှိသရွေ့ကို၊ ဖြည့်လေ့ရွက်ဆောင်၊ သားမောင်သောင်က၊ အောင်မင်္ဂလာ၊ ရှေ့ညွှန်းဖြာလျက်၊ ဩဘာနိမိတ်၊ မေတ္တာစိတ်ဖြင့်၊ မဖိတ်မယို၊ မန်းစက်ရိပ် အခိုက၊ ပြဟ္မစိုရ် ရွှေပန်းကို၊ ဝေကမ်းဆင်လိုက်ပါသည်၊ မြင်းမိုရ်မေရု၊ နှိုင်းတုမမျှ၊ ဝိသေသဖြင့်၊ ဂုဏအထူး၊ တင်ပေဖူးသည်၊ ကျေးဇူးသခင်၊ မွေးမိခင် တို့ဗျာ။

ကျွန်တော်မှာ ဆရာတော်ဘုရား ဘုန်းတော်ကို ခိုလှုံ၍၊ ရတနာပုံရွှေမြို့တော်ကြီး၏ မြောက်မျက်နှာ၊ သုဓမ္မာတဲနန်းတော်၊ ကုသိုလ်တော် စိန္တေယျ၊ သုဝဏ္ဏနဒီချောင်း၊ ရွှေလောင်း မြစ်အညာ၊ မဟာနန္ဒာကန်တော်ကြီးတန်ခိုး၊ ဖြိုးအုန်းရစ်သိုင်း၊ ရှုလိုက်တိုင်းကို၊ မှိုင်းတဲ့လို့အိ၊ ဖိတော့မလောက်၊ ရွှေဇာဖောက်, ငွေဇာဖောက်၊ ပတ္တမြားကန်ထောက်ကဲ့သို့၊ ချိုးလည်ပြောက် ပမာ၊ ဘုံအာကာတခွင်၊ လက်ယာရစ်ဖွဲ့၊ တိမ်ညိုနွဲ့ဝန်းကဲ့သို့ အဆင်းမှာ၊ မင်းလွင်များ ကူးသော အခါ၊ ရွှေလိုင်းသူ ပျိုရင်ဖြန်း၊ ညနေချမ်းဆီများကို၊ မြင်စမ်းစေရလျှင်၊ ထကြွက်သီးဖြန်း၊ ကိုယ်လုံး မွမ်းအောင်၊ ပန်းထိ၍ ဟိုက်၊ သဇောပင် ဆိုက်ခမန်း၊ သမိုက်ရွှေစာ၊ အကွာရာနှင့်၊ ကမ္ဘာဝင့် ခေါင်၊ ကပ်ဆုံးပြောင်မျှ၊ ဘုန်းခေါင်စက်ရိပ်၊ မိန့်ဗျာဒိတ်နှင့်၊ တံဆိပ်တော်ရ၊ မော်ကွန်းသ-တဲ့၊ မန်းဌာနသာခေါင်၊ ဆိုသည် တောင်များဖြင့်၊ တောင်က တက်, မြောက်က ဆင်း၊ အရှေ့ကွင်း, အနောက်ကွင်း၊ ဇေယဌာနအတွင်းမှာ၊ ခြေရာချင်း ရွက်စပ်၊ ဆယ်ကြိမ်ထပ်, ကိုးကြိမ်ထပ်၊ တောင်ပတ်, တောင်နှာမောင်း၊ ဟိုအနောက်စောင်းဆီက၊ စမ်းချောင်းနှင့် ကျောက်ကူစ၊ ဟေမရ- ဇတ၊ သုဝဏ္ဏနှင့်၊ ပဗ္ဗတအထွေထွေ၊ လက်ချိုး၍ပင် ရေသော်လည်း၊ ကြွင်းပေစလောက်၊ ယင်း တလျှောက်တွင်ပင်၊ အထက်,အောက် ကံညီနောင်၊ သာသည့်ချောင်မှာဖြင့်၊ လက်ဝဲမျှောင် လက်ယာကူး၊ ဦးတည့်တည့်ခိုက်၊ ဇင်တိုက်တိုးလျှို၊ ဥဒဟိုပင်၊ နေညိုသည်ခိုက်၊ ဟိုတိမ်တိုက်က၊ ကိုက်ကမ္ပလာပုံ၊ မှင်ဆေးစုံကဲ့သို့၊ တအုံလုံးကြွ၊ မျက်ရမ်းဆမူ၊ ပန်းတကာပန်း၊ ရွှင်လန်းလန်းကို၊ မရမ်းရောင်မှည့်၊ မိုးလုံးပြည့်မျှ၊ ဖြန့်သည့်အသွင်၊ သည်နှယ်များ ဆင်ခိုက်ကို၊ ကြင်သူတလှည့်၊ မြင်စမ်းတည့်-ဟု၊ ကြည့်ပစေလို၊ ချစ်ရေးပိုတို့၊ ဆိုမိမယောင်၊ ရှေ့မြောက်ချောင်က၊ တောင် ကမ်းပါးရံမြင့်၊ တစ်ဘုံဆင့်တွင်၊ တင့်သရေချွန်၊ ရွှေဉာဏ်လွန်တို့၊ သဝန်ရွှေစာ၊ ဖွဲ့တိုင်းသာသည့်၊ ယင်းဌာနဝယ်၊ ဝဍ္ဎုဒက္ခာ၊ ငြိမ်းရာရှာလို့၊ ယရာဝါထောင်၊ မြသည့်နှောင်ကို၊ ခွါရှောင်စွန့်ပစ်၊ ထုံးဆံကျစ်နှင့်၊ သစ်နက်ကယ် သားရေ၊ လျှော်ကုဋေကို၊ ရွှေပခုံးမော့၊ တင်ရုံးငယ် ကြော့လို့၊ တောတံတိုင်းမှာ၊ ကသိုဏ်းရှာသည်၊ ဆရာဘုန်းဟော့၊ ရှင်ရသေ့တို့၊ ပျော်မွေ့စံရာ၊ လှိုင်ဂူသာနှင့်၊

နေရာတော်ခေါင်း၊ သခ်မ်းကျောင်းများမှာသာ၊ ခေါက်ပေါင်း တစ်ရာ၊ တစ်ဆယ်က သာရော့မည်၊
မန်းညာတောင်ထိပ်၊ သာချမ်းရိပ်နှင့်၊ မြောက်ဆိတ်ခပ်ညောင်း၊ ဟိုတောင်စောင်းတွင်၊ ရွှေ
ကျောင်းအုပ်ရိုး၊ ပုထိုးတော်ကြီး၊ ရွှေရောင်ညီးမျှ၊ ရွှေထီးတံခွန်၊ သည်က ချွန်ကဲ့လျှင်၊ တောင်စွန်
ကုံးစ၊ စောင်းတန်းဝတွင်၊ ဟေမစေတီ၊ ကျောက်စေတီက၊ ရှု၍ဖွယ်သှ၊ ဓမ္မကနှင့်၊ ယင်းက တခန်း၊
တောင်သို့ လှမ်းပြန်လျှင်၊ စိမ့်စမ်းချောင်းဝ၊ ပေါက္ခရနှင့်၊ သေလကျောက်ကန်၊ ကမ်းပါးရံတွင်၊
ထေရ်ပြန်ဥက္ကင်၊ အရှင်မြတ်တို့၊ ကိန်းဝပ်ပျော်မွေ့၊ သာချမ်းမြေ့စွ၊ ဓလေ့ဖွယ်ရာ၊ ဖိုလ်,မဂ်ရှာလို့၊
ပါရမီငြမ်း၊ ထောက်ကူလှမ်းကြသည်၊ ရဟန်းကျင့်ဝတ်၊ ပဋိပတ်နှင့်၊ ကိန်းဝပ်နေမှီး၊ ကျောင်းတိုက်
ကြီးမှ၊ မနီးခန့်ထောက်၊ တာတစ်ရာလောက်တွင်မှ၊ ကျောက်တောင်အမော်၊ ကုန်းပြင်ပေါ်တွင်၊
ကိုယ်စားတော်စား၊ ရုပ်ပွါးတော်မြတ်၊ ခြေစုံရပ်လျက်၊ **ညီမြတ်အာနန်**၊ လျှောက်ဆိုဟန်နှင့်၊ တောင်ရံ
အငူ၊ ငုံးမင်းဂူလဲ၊ လူသာမည၊ လူမတ္တတို့၊ ရောက်ရမည်ကား၊ အလွန်ရှား၏။

မဲ့သားရွှေတောင်၊ သား-မောင်သောင်မှာဖြင့်၊ အတောင်ကို လှုပ်၊ ခေါင်းကို ပုတ်၍၊
ငုံးရုပ်ညီနောင်၊ ငှက် ၃-ခေါင်ဟာကို၊ မြောက်,တောင်ဟန်နွဲ၊ ကိုယ်ကို လွှဲခဲ့သည်။ မဲမှောင်လို့
ညို၊ သည်တခိုမှာ(ကောင့်)၊ ဟိုတောင်နိမ့်, ဟိုတောင်မြင့်၊ ဟိုတောင်ဆင့်, ဟိုတောင်စောင်း၊
ဟိုနှာမောင်းဆီက၊ စမ်းချောင်းနှင့် တောင်အကွေ့၊ မှောင်အငွေ့ ခက်ရီရီ၊ ဟိုတောင်ဆီကလဲ၊
ပလီပစာ၊ ငှက်တကာတို့၊ ဘာသာလူလို၊ လွမ်းချင်းဆိုလို့၊ အဖိုအစုံ၊ သည်ရဂုံမှာ၊ ခုန်ပျံမြူးက၊
လည်ဦးငယ် ချလို့၊ ခေါ်ကြထူးလည်၊ ပျော်ကြသည်များကို၊ ချစ်ကြည်တယူ၊ လွမ်းတတ်သူများဖြင့်၊
စိတ်ပရာဘူတ၊ တအုံလုံး ကြွလို့မို့၊ လက်စကို ဆက်၊ အငိုက ခက်သနှင့်၊ ရှိုက်ရက်ကယ် အသာ၊
ပြန်ရရှာတော့မည်။ နှစ်ဖြာလမ်းစ၊ စောင်းတန်းဝတွင်၊ အောက်ကစခန်း၊ သာသည့်လမ်းမှာ
လည်း၊ ရဟန်း,လူ,ရှင်၊ ပွဲသဘင်နှင့်၊ ပဋ္ဌင်မှုတ်တီး၊ ခရာညီးလို့၊ စည်ကြီးဦးဒိန့်၊ စည်ကြီးလိမ့်မျှ၊
ချိမ့်ချိမ့်ရိုက်မွန်း၊ လျှုဒါန်းဖွယ်ရာ၊ သူ့ထက်ငါပင်၊ သဒ္ဓါကျိုးကုတ်၊ စွမ်းအားထုတ်သူတို့၊ လက်အုပ်
မြှောက်ချီ၊ ပန်းစုံစီနှင့်၊ ထိုဤစကား၊ ရစ်တန်ထားလို့၊ ရှေ့သွား, နောက်လိုက်၊ စေတီတော်
ဆိုက်ကရော့သည်၊

အဖိုးထိုက် အရင်းတံ၊ ခြယ်စီမံလျက်၊ အကြံပေါက်တိုင်း၊ ဉာဏ်ရောက်တိုင်းပင်၊ အလှိုင်း
ကြီး,ငယ်၊ လျှုဒါန်းဖွယ်ကို၊ လက်ဝယ်ကိုင်ကာ၊ ထမ်းရွက်ကာနှင့်၊ ညီညာခင်းကျင်း၊ စောင်းတန်း
တွင်းမှာ၊ အဆင်းအတက်၊ ပြည့်အနက်မျှ၊ အောက်,ထက် တင်းလျှမ်း၊ ဖိုလ်,မဂ်ငြမ်းကို၊ လက်လှမ်း
တံချူ၊ ဆွတ်ခူးယူကြသည်။ မြူအလှုံကြွေ၊ တောင်ခိုးငွေ့နှင့်၊ ဝိုက်ဝေ့ဝန်းကျင်၊ လွမ်းတပုံ ဆင်
တတ်သည်။ ရှေ့တွင် ခပ်ညောင်း၊ ဟိုတောင်စောင်းမှာလည်း၊ ရွှေကျောင်းအုတ်ရိုး၊ ပုထိုးဆူဆူ၊
ဘိုးတော်ဂူနှင့်၊ အငူကုန်းထိပ်၊ သာသည့်ရိပ်တွင်၊ ခိုအိပ်တည်းကြ၊ သာလာယ-ဟု၊ တောင်မြ
ခပင်း၊ တောင်ခြေရင်းတွင်၊ ခင်းကျင်းစံပ၊ ဆောက်လုပ်ကြသည်မှာ၊ မြစတေ,စိန်စတေ၊ ရွှေအတိ,
ငွေအတိ၊ ဆယ်ဘုံရှိ, ကိုးဘုံထပ်၊ ပြာသာဒ်နိမ့်, ပြာသာဒ်မြင့်၊ အဆင့်ဆင့်အဆူဆူ၊ တူပြန်
သည်နောက်၊ ထပ်၍ လှောက်သောကြောင့်၊ ပေါက်တတ်သည်မျိုး၊ မြေမှာ ပျိုးသည့်နှယ်၊ ပုထိုး,ဂူ,

ကျောင်း၊ တန်ဆောင်း, ဇရပ်၊ မဏ္ဍပ်, ရေတွင်း၊ မြေတလင်းမှာ၊ ခင်းကျင်းပြည့်နှက်၊ ရေအတွက်ကို၊ ဉာဏ်စွက်၍ မပြီး၊ ရွှေမန်းတောင် အချီးနှင့်ပင်၊ ခရီးလမ်းဆုံ၊ စကားကုန်မည်ကြောင့်၊ တပုံတခန်း၊ ဟိုဆီကို လှမ်း၍၊ နာစမ်းချင်ကြ၊ သူတို့ကလဲ၊ သည်မျှနှင့် ငြိမ်၊ တင်းမတိမ်မည်ကြောင့်၊ ဝတီဘုံမှူး၊ မြင်းမိုရ်ဦးက၊ ထိန်မြူးရန်နှိမ်၊ စက်ဝရဇိန်ကဲ့သို့၊ ဉာဏ်ချိန်၍ လွှတ်ဦးမည်။ တမွတ်ဘုံမြင့်၊ သာစုံတင့်စွ၊ နန်းမြင့်ဆောက်ရာ၊ မဟာပူရ၊ ရတနာပုဏ္ဍ၏၊ ဥတြ,ဒက္ခိ၊ ရပ်ပါစိနှင့်၊ ပစ္ဆိမဆို၊ သည်တခိုမှာကောင့်၊ ဈေးချိုကြီးအဆုံးပွဲ၊ သူရဲ,မင်္ဂလာ၊ ဈေးတကာတို့ကို၊ လက်ာကုံးဖွယ်၊ စကားကျယ်မည်ကြောင့်၊ ဉာဏ်သွယ်၍ပဲ ရုံးတော့မည်၊ ထွဋ္ဌဘုန်းရောင်လွှင့်၊ ရွှေကြီးမြင့်နှင့်၊ ကိုးဆင့်ဂုဏ်ဝှန်၊ တံခိုးချွန်သည်၊ ဓာတ်မွန်ကိန်းရာ၊ အိမ်တော်ရာက၊ ချမ်းသာတော်ကြီး၊ ခြောက်ရောင်ညီးမျှ၊ ရွှေထီးသွင်သွင်၊ သည်တခွင်မှာ၊ ဝန်းကျင်ထက်,အောက်၊ ရှေ့,နောက် ဝဲ,ယာ၊ သာက သာသနှင့်၊ သယ်ဇာချောင်းထိပ်၊ ရေနံဆိပ်က၊ ကရဝိတ်ဖောင်၊ ဘုံဆောင်ဆောင်တည့်၊ မြောက်,တောင်ခပင်း၊ သည်ဆီက ခြွင်းကဲ့လျှင်၊ သီတင်းသီလ၊ အာစာရနှင့်၊ ဂုဏကြီးအင်၊ ထေရ်သခင်တို့၊ စံရှင်ပျော်အောင်း၊ နေရာကျောင်းကား၊ ထောင်,သောင်း,ဆယ်,ရာ၊ မက သာသည်၊ နှိုင်းရာမဲ့ကို၊ ရမ်းဆဆိုကြတော့၊ ဟိုတောင်လက်ယာ၊ ဒက္ခိဏာတွင်၊ မဟာမြတ်မုနိ- အစိန္တေယျာ၊ ဂုဏ်ကိုးဖြာနှင့်၊ ရောင်ဝါညီညီ၊ နှံ့သိထင်ပေါ်၊ ဟိုးဟိုးကျော်၍၊ နှိုင်းဖော်တုမဲ့၊ ကောင်းကြီးညာသံ၊ ဘဝဂ်လျှံအောင်၊ နိုင်ငံချဲ့၏။ သုံးဆယ့်တစ်ဖြာ၊ အဏ္ဏဝါ-ဟု၊ သံသရာစက်၊ ဝဲဂယက်မှ၊ စွန့်ထွက်လိုသူ၊ ဆုကြီးယူအံ့၊ ဗိုလ်လူခပင်း၊ တုပ်ဝပ်ပြင်းလျက်၊ ရှင်ရင်းထံမှောက်၊ ခိုမှီရောက်ကြသည်။ ထက်,အောက်အပုံ၊ လူမျိုးက စုံသနှင့်၊ ဂုဏ်အစိန္တိ၊ မြတ်မုနိကို၊ ပီတိစို့ရွှမ်း၊ ဆီထိဂွမ်းကဲ့သို့၊ ရှင်လန်းကြည်နူး၊ ကျွန်တော် ဖူးခဲ့သည်။

ကျေးဇူးသခင်၊ ဘဝရှင်-ဟု၊ ဘုရင်နန်းလျှာ၊ ထွတ်ရာဇာ၏၊ တအာဏာဂုဏ်၊ တဘုန်းလှုံကို၊ ကပ်ကုန်ဆဲခါ၊ သည်ကမ္ဘာတွင်၊ ပဥ္စာနန်းသူ၊ မီးအပူမှ၊ မပူရှင်းကွာ၊ အလင်းပဲ သာသည့်နှယ်၊ သမ္မာရှိန်ကို၊ ဝတီပိုင်မှူး၊ သိနိုင်ဦးအံ့၊ တွေ့ဖူးကြကုန်၊ ကြုံဖူးကြခြင်း၊ မြင်ဖူးကြမိ၊ သိဖူးကြလား၊ ကြားဖူးကြစမ်း၊ ဆိုစတမ်း၏၊ ဆန့်တန်းလက်ရုံး၊ ရာမင်းဘုန်း-ဟု၊ နှုန်းသော်မရ၊ အတုလစစ်၊ ဓမ္မရာဇ်၏၊ သစ်သစ်အောင်မြို့၊ လေးရောင်မြို့သည်၊ မြို့မန်းညွှန့်ငူ၊ တည်တော်မူကတည်းကပင်၊ မပြုရန်ဖက်၊ ပေါ်လာတိုင်း ပျက်ရသည်။ ရာသက်တော်ရှည်၊ တည်စေခလို၊ တောင်းဆုဆို၍၊ ပြဟ္မစိုရ်ရေချမ်း၊ ကျွန်ုပ်ဖျန်းခဲ့သည်။ ရွှေမန်းမြို့ကြီး၊ ပြည့်ရတနာပုံ၊ ရှိမဲ့ဂုဏ်ကို၊ အကုန် မချီးနိုင်ပြီမို့၊ အပြီးမသတ်၊ ကမွတ်သိမ်းရုံး၊ တစ်ပုဒ်ဆုံးတွင်၊ တစ်နိဂုံးသတ်ရန်မှာ၊ လျှပ်ဝရဇိန်ရောင်၊ တမိုးလုံး မှောင်တည့်လို့၊ မြောက်,တောင်ယှက်သန်း၊ တိမ်ညိုကြီး တန်းသောအခါ၊ ရွှေမန်းဆိုထင့်၊ ဟိုတောင်မြင့်ဆီက၊ ထပ်ဆင့်ဝိုက်ဝှေ့၊ မြူခိုးငွေ့လဲ၊ ဝန်း၍ ယှက်သည်၊ မရိုးစည်ကို၊ ကြိုးကြည်သံဟိန့်၊ တော်သံလိမ့်မျှ၊ ထိန့်ထိန့်ရိုက်မွှမ်း၊ တတိုက်လုံးလွှမ်းမည့်နှယ်၊ ဆော်ရွှန်းတည်လာ၊ သည်အခါမှာ၊ ဗျာပါဆင့်ထပ်၊ အလွမ်းကပ်သူတို့၊ မလွမ်းတတ်အောင်၊ လွမ်းပွေလောင်မှာ၊ လွမ်းဖောင်ကြီးဖွဲ့၊ လွမ်းငိုကာ ချဲ့ပြန်လို့၊ ငိုမဲ့ရှိုက်ကာ၊ ရှိရှာတော့မည်။

ရွှေစာကုံးသွဲ့၊ စီကုံးဖွဲ့သူတို့၊ ဆန်းတကဲ့ညဏ်၊ ဘယ်နှယ်များ ကြံမည်သိ၊ ပိုညဏ် မလောက်၊ ဆိုရန်က မောက်သောကြောင့်၊ ကွန်းထောက်စခန်း၊ ယင်းနိဒါန်းတွင်၊ စကားလမ်းသင့်၊ ဆိုရန်ခွင့်ကို၊ ဆိုသင့်ဆိုရာ၊ မဆိုပါက၊ ဆိုစချွတ်ယွင်း၊ စကားကြွင်းမည်ကြောင့်၊ ဆိုရင်းချက်ကျ၊ ဆိုလက်စတွင်၊ ဆက်ရမည်မှာ၊ ဒက္ခိဏာ-ဟု၊ ဤသာ ခပ်ညောင်း၊ ရှေ့တောင်စောင်းတွင်၊ ရွှေချောင်းတဝိုက်၊ သုဝဏ္ဏနဒီ၊ ထိုမြစ်ဆီကို၊ ဦးညီ၍ ဆိုက်ကရော့သည်၊ ကျောင်းတက် မဟာရာမ်၊ ၁၈-တန်ကို၊ ဝေယံဘုံမျှ၊ မြင်းမိုရ်ဦးက၊ မလူးရန်လွင့်၊ မိုးလယ်တင့်သည်၊ နတ်မင်းတို့အာဏာ၊ မိန့်တော်စာနှင့်၊ လူ့ရွာသို့ ဆင်း၊ ဖန်ဆင်းတည်ချေ၊ သိကြားက စေသောခါ၊ ဝေဇယန္တာရထားနှင့် လာပြီးလျှင်၊ နတ်မာတလိ၊ နတ်ဝိသုက၊ နာပုဥ္စကို၊ ဒိဗ္ဗစက္ခု၊ မျှော်ထောက်ရှုလေလျှင်၊ သာစု- သာစု၊ အလောင်းမင်းလျာ၊ ထွတ်ရာဇာကား၊ မဟာသမ္မာရ၊ မြတ်ပုညကို၊ နိဗ္ဗာနခေါ်၊ ရောက် ကြောင်းမျှော်၍၊ ကုသိုလ်တော် ပြုမတဲ့၊ ယခု ငါ့မှာ၊ မနေသာပြီ-ဟု၊ ဝိသုကာနတ်မင်း၊ ပြုဖန်ဆင်း သကဲ့သို့၊ ဝင်းထိန်လို့ပြောင်၊ ဘုံဆောင်ဆောင်မှာ၊ ရောင်နဝရတ်၊ တမိုးလုံး လျှပ်ကရော့သည်၊ ပြာသာဒ်နိမ့်၊ မြင့်၊ အဆင့်ဆင့်ကို၊ တင့်သရေချွန်၊ ရွှေညဏ်ဝန်တို့၊ သဝန်ရွှေစာ၊ ဖွဲ့တိုင်းသာစိမ့်၊ ကမ္ဘာနှုန်းမှီ၊ ထုံးနှင့်ပဲ ညီရော့လို့၊ ပန်းချီဝန့် ပန်းချီဝန်၊ လက်စမွန်သမျှ၊ ချွန်လိုက်သည့်ဖြစ်ခြင်း၊ မြေတလင်းမှာ၊ ခင်းကျင်းပြည့်စုံ၊ ဆိုမကုန်သည်၊ နတ်ဘုံတရှိ၊ တ-မျက်စိများနှင့်၊ ကြည့်၍ မငြိမ်၊ ဘယ်တင်းတိမ်ပါ့မည်၊ တစ်ကြိမ်,တစ်ခေါက်၊ ကံတော်လို့များ ရောက်ကြလျှင်၊ အံ့လောက် သည်နေရာ၊ စာတွင် ပါသည်နှင့်၊ ခြင်းရာစေ့စုံ၊ ဆိုလတ်တုံလည်း၊ မကုန်လေသေး၊ ကြွင်းပါသေး သည်-ဟု၊ နောက်ရေးနောက်ခါ၊ ရှိကြရာလိမ့်မည်၊ မြန်မာတို့တွင်၊ မပြီးခင်ကို၊ မမြင်စေလင့်၊ ထုံးဟောင်းနှင့် ချင့်ပါရော့၊ ဆိုသင့်,ဆိုရာ၊ ဆိုခွင့်ရှာ၍၊ ဆိုရာသမျှ၊ ဆိုလိုက်စမ်းရလျှင်ဖြင့်၊ ဇီဝဝိညာဉ်၊ မချုပ်ခင်ကို၊ ကုန်စင်ဖွယ်လိ၊ ကမ်းမရှိမည်ကြောင့်၊ အာဒိ,အန္တ၊ ရုံး၍ ပြခဲ့သည်၊ ဆံမျှ မယို၊ ပိုသာ ပိုတော့သည်၊ ဆိုဆိုသမျှ၊ ရပ်ဌာနတွင်၊ သို့မျှကလောက်၊ ကျွန်တော် ရောက် ကြောင်းကို၊ စာပြောင်း၍ အစီရင်ခံလိုက်ပါသည်၊ မြင်းမိုရ်မေရု၊ နှိုင်းတုမမျှ၊ ဝိသေသဖြင့်၊ ဂုဏအထူး၊ တင်ပေဖူးသည်၊ ကျေးဇူးသခင်၊ မွေးမိခင်တို့ဗျာ။ ။

★★★★★★★

## (၂) အရိပ်မထွက်ကျောင်းတိုက်နေ ရဟန်းရှင်ညဏိန္ဒ-က ချဉ်ပေါင်ရွက် လှူသည်၊ ဆရာတော်-က ပြန်ကြား ပေးမှာလိုက်သည့် မေတ္တာစာ

ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရွှေဘို၊ နတ်နဂိုတည်ရာ၊ ပြည်သိင်္ဂါ ညာလက်ရုံးက၊ တော် တစ်လုံးရှ ရွှေလုံးဂါမ၊ ရပ်ဌာနတွင်၊ ကာလကြာရှည်၊ သုံးဖူးသည်ကြောင့်၊ နွတ်နာမည် တွင်ခေါ်၊ ဆရာတော်ပုဂ္ဂိုလ်က၊ ဗြဟ္မစိုရ်ရေထုကို၊ ဇေယတုအောင်သံနှင့်၊ ကြိမ်ဖန်ဖန် သွန်းလောင်းလိုက်

သည်၊ မန်းဂိရိ နောက်စောင်းတွင်၊ ရွှေတချောင်းမည်သာ၊ ဝန်းရံခ နဒီမြွာ၊ ကုန်းငူမြင့် သာသာ ဝယ်၊ အဠာယာကျောင်းတိုက်၌၊ ယာပိုက် ၄-အင်၊ နေပျော်ရှင်သည်၊ ငရှင်ညီလှ၊ ဉာဏိန္ဒ။

လူ့ဘရှင်စော၊ မြတ်စိန္တေ ဟောခဲ့သည်၊ မနောပုဗ္ဗင်္ဂမာ ဓမ္မာ၊ ဂါထာရွှေခွန်း၊ ပြည့်ဝွန်း ရေရွတ်၊ ဝစနတ်နှင့်၊ ပုဒ်,ပါဌ်,ဝိဂြိုဟ်၊ မဖွင့်ဆိုပြီ၊ အလိုရှိရာ၊ မြန်မာဘာသာဖြင့်၊ သဒ္ဒါအရ၊ ဗျဂ်တ္တကို၊ ဓမ္မပဒဂါထာ၊ မိန့်တော်စာတွင်၊ ဒေသနာအဦး၊ ခေါင်ညွှန့်ကို ခူးတော့မည်၊ အထူး ပညတ်၊ စိတ္တုပ္ပါဒ်-ဟု၊ ဝိညာဏဓာတ်မည်၊ မျက်လှည့်သည်ကဲ့သို့၊ ဦးတည်နွားလား၊ နာမက္ခန် တရားတို့၏၊ ရှေ့သွားခေါင်းကြီး၊ စိတ်ပိုင်က ပြီးရော့သည်၊ မီးရောင်,နေရောင်ကို ချွင်း၊ လရောင် ကို အနှုန်းတွင်၊ ပညာရောင် လင်းပစေ၊ မနသာ စေ, ပသန္နေ-အစ၊ အနွေတိ-ကျအောင်၊ သဒ္ဒတ္ထဟောနည်း၊ ဝါကျရပ် သမ္ဗန္ဓည်းကို၊ ပုဒ်,အက္ခရာ၊ စ-သဒ္ဒါနှင့်၊ လျော်စွာပဲ ဆည်းခဲ့တော့မည်။

ပစ္စည်းယုတ်,မြတ်မှာ မဆိုသာ၊ စေတနာနှင့်၊ သဒ္ဓါနောက်လိုက်၊ အဖိုးထိုက်ထိုက်, မထိုက်ထိုက်၊ ယူသူသာ ကြိုက်စေ၊ အဖိုးထိုက်သူ, မထိုက်သူ၊ စေတနာ တူကြလျှင်၊ တူသည်သာ မုချ၊ ပေးသူ,ယူသူ၊ သဘောဖြူကြလျှင်၊ အလှူကောင်း ဒါန၊ နိပါတ်တော် ပြသည်မှာ၊ အဘိဓမ္မာ၊ ရွှေစာကျမ်းကြီး၊ ဟောမြွက်၍ အပြီးကို၊ ဘုန်းကြီး ကြွင့်န်း၊ ဝတီသာနတ်လမ်းက၊ နတ်စောင်း တန်း အမြွှာမြွှာနှင့်၊ လူ့ရွာသို့ အဆင်းတွင်၊ နတ် ၆-ဘုံ ခပင်းက၊ နတ်မင်းတို့ အစစ်ခံမှာ၊ ကြံ တစ်ဆစ်, ကြာတစ်လက်၊ ရေတစ်ခွက်, ရေတစ်မှုတ်၊ လုပ်ဆေးသည့်ရေ၊ ယပ်လေတခပ်၊ မုန့်နတ်, ဆန်ကွဲ၊ ဟင်းရွက်ချင်း ထမန်းများ၊ နရွဲ, မာလကာ၊ ထောက်ရာတည်လွှန်၊ စွန်ပလွှန်ပန်း၊ လက်ထုပ်ပန်းက၊ ကျူပန်း,မြက်ပန်း၊ သပွတ်ခါးပန်းကလေးများနှင့်၊ သဖန်းခါးတစ်လုံး၊ လှူကြ သည့်ထုံးများကို၊ နှလုံးသွင်းမိကြလျှင်၊ ဗိလာလဝတ္ထုတွင်၊ ခရဝင်ဆန်၊ ဂုံညင်းခန့်မျှကို၊ အံ့၍မပြီး၊ အိုးစရည်းကြီးနှင့်၊ ပုံနှီးတန္တု၊ ပမာပြု၍၊ သုံးလူ့ဆရာ၊ မိန့်တော်လာသည်မှာ—

> မာတိမညေထ ပုညဿ၊ န မန္တံ အာဂမိဿတိ။
> ဥဒဗိန္ဒုနိပါတေန၊ ဥဒကုမ္ဘောပိ ပူရတိ။
> ပူရတိ ဓီရော ပုညဿ၊ ထောကံ ထောကံပိ အာစိနံ။ ။ —

ရွှေဗျာဒိတ်တော်သံကိုလည်း၊ နာခံခဲ့ဖူးကြသည်အင်။ တို့သခင်မှာ၊ ချဉ်ပေါင်ရွက် ရင့်မ ကြီး၊ တနပ်ချက်လောက် နီးနီးကို၊ ဒေါင်းလန်းကြီး ဧရာနှင့်၊ ပြင်ဆင်ကာ သဒ္ဓါပြတ်၍၊ လှူကပ် သည့်အရာမှာ၊ ဆိုဖွယ်ရာ မရှိ၊ သောဝဂ္ဂိကာဒိ-ဟု၊ ပါဠိတော်အရတွင်၊ မဟာပုညက္ခန္ဓကို၊ တွေ့ဝ-ဟု ဧဝသဒ္ဒါ၏ အစွဲနှင့်၊ မြဲမြဲကြီး မှတ်စလောက်ပေသည်။ အထောက်အခွင့်၊ အခါသင့် သောကြောင့်၊ ငါ့ရှင့် ဒါန၊ အမ္ဗိလပဏ္ဏကို၊ ဒေါဟဋ္ဌဖြစ်ခိုက်နှင့်၊ အကြိုက်ဆုံးအတိ၊ အကောင်းဆုံး ဓိပတိမို့၊ ခေါင်သမဏီ ထိတ်ပိတ်ကို၊ ဆီအစိတ်လောက်၊ ရေများများ မလျောက်ဘဲနှင့်၊ မခြောက်, မစို၊ ကြော်,ချက်ယောင် ကျိုပြီးလျှင်၊ ဟိုအရှေ့စောင်း၊ ထောင့်ကောင်းကောင်းမှာ၊ ရွှေကျောင်း သည်တိုင်၊ မှီတဲ့လို့ ထိုင်ပြီးမှ၊ အတိုင်အဖောက်၊ နောက်လိုက်, ရှေ့ပြေး၊ သူ့အသက်ကလေးဟာနှင့်၊ ထွေးလုံးရစ်ပတ်၊ ဘူတဓာတ်-ဟု၊ ရုပ်ကလာပ်ချင်း၊ သဟဇာတ်တူ၊ ဘုဉ်းပေးတော်မူလိုက်လျှင်၊

မန်းသိုက်ရအခေါင်မှာ၊ သည်ချဉ်ပေါင်သနစ်၊ သည်စာတွင်ပဲ၊ သစ်ကရော့လို့၊ လက်ရစ်သံ ပွေပွေနှင့်၊ ယင်းရွှေမြေဇာတိက၊ ပဝတ္တိရွှေဘိုသား၊ မန်းချဉ်ပေါင်အစားတွင်မှ မွေးဖွားခဲ့စင်၊ ဟိုယခင်ကလဲ၊ အရင်ပဲ ကြိုက်ဟောင်းမို့၊ ကောင်းသည်လိုပင်၊ သည်ချဉ်ပေါင်ကို၊ စိတ်ထင်လို့ပဲ ရှိရော့လား။ ပီတိပါမောဇ္ဇ စေတနာညွတ်လိုက်သည်မှာ၊ ဝေါတြဘူနှင့် မဆိုင်သောကြောင့်သာ၊ မနိုင်လို့ ရှုံးရတော့သည်။ လုံးလုံးကြီးပင်၊ အညှဲ့မခံချင်သေးသည်နှင့်၊ ဈေးအကြောင်းတူ၊ ပစ္စည်းကို ယူမှု၊ လောဘမူ ပြဋ္ဌာန်း၍၊ ပဋ္ဌာန်းတော်နည်းလာ၊ အဝိဇ္ဇာနှင့်၊ တဏှာမကင်း၊ ချဉ်ပေါင်ဟင်း ပါကို၊ လင်းလင်းကြီး သဘောကျပေသည်။

တလည် နောက်နောင်၊ သည်ချဉ်ပေါင်ကဲ့သို့၊ အမောင်ညီလှ၊ ဉာဏိန္ဒ-က၊ ဆက်သ ကြည်ဖြူ တစ်ကြိမ်များ လှူလျှင်ဖြင့်၊ ဇမ္ဗူသောင်းထိုက်၊ နယ်တဝိုက်မှာ၊ သမိုက်ရွှေစာ၊ လှည်းဘီး လောက် အက္ခရာနှင့်၊ မန်းလက်ယာ တောင်ခါးပန်းမှာ၊ ဥဒါန်းဂါထာ ဖွဲ့စလောက်ပါပေသည်။ သဒ္ဒါကျမ်းပြု မြန်မာမှု၌၊ စေ့ငုသိမ်းဆည်း၊ ထေရ်ကစ္စည်း၏၊ ပုဒ်,ဗျည်းသဘော၊ အနက်ဟောမှာ၊ အန္တောနီတ၊ နိက္ခန္တကဲ့သို့၊ ဝါကျဆောင်ထုတ်၊ စကားငုပ်ကို၊ ပရယုဂ်တစ်ခု၊ ပိဏ္ဍာတ္ထပြုလိုက်လျှင်၊ မန်းသိုက်ရ ချဉ်ပေါင်များသည်၊ ဒီပဲယင်းသားကို ကြောက်လှ၍၊ ဖူးညှောက်မျှ ဖြိုင်ဖြိုင် မပေါ်နိုင် ရှိရာသည်။

ဝါသနာ အလိုက်၊ ကြိုက်မယ်လို့သာ ကြိုက်ရသည်၊ မာလိုက်သည့်ချဉ်ပေါင်၊ မန်းသိုက်ရ ချဉ်ပေါင်လည်းဟူ၊ ဟိုပါးစောင်မှာ၊ အံထောင်၍သွား၊ အနိုင်သာ စားရသည်။ ဝါး၍လည်း မညက်နိုင် ရှိရာသည်။ စာနှင့် စာရှင်၊ သုံးလွန်းတင်သောခါ၊ ချဉ်ပေါင်နိဒါန်း၊ တောင်ခါးပန်းမှာ၊ ဥဒါန်းသုံးခု၊ ဆန်းအလင်္ကာ၊ အက္ခရာကို၊ လျော်စွာပြု၍၊ ထုရစ်ပစေ၊ နောင် ကမ္ဘာကျေရော့လို့၊ ဇေယတုအောင်သံနှင့်၊ ကြိမ်ဖန်ဖန် သွန်းလောင်းလိုက်ပါသည်။

★★★★★★★

## (၃) အရိပ်မထွက်ကျောင်းတိုက်နေ ရှင်ဉာဏိန္ဒ ဒီပဲယင်းမြို့၊ တိုင်းရပ်ရွာသို့ ခေတ္တသွားသည်ကို မပြန်လှသောကြောင့် ပေးမှာလိုက်သည့် မေတ္တာစာ

ဒျာဒိက ပါမဇ္ဇသည် ယန္တနဂရေ၊ ခဂ္ဂပုတ္တထမ္ဘကသည် နိသိန္နဂါမေသို့၊ အစိရေ သည် တိမာသံ၊ အပရဏ္ဏအမ္ဗိလကို၊ ခါဒိတကိစ္စကြောင့်၊ ဒုဟဋ္ဌသည်အခါခါ၊ ဥပ္ပဇ္ဇတိ တံ ဣစ္ဆိကို အဝိနောဒနာ၍ ခါဒိတွာသည်၊ ဒပူရောနိဝတ္တာမ၊ အစ္ဆာယသို့၊ သိယ်သုဂတောသား၊ ဉာဏိန္ဒော သည်၊ သော ဘိက္ခု၊ ဥဒပူရံ တမ္ဗိလံကို၊ မြန်မြန်ခါဒတု၍၊ အာဂစ္ဆတု ပတ္ထနာသုလိက္ခိတံ သာသနံကို အဟံ စိက္ခိတာသည်။ အစ္ဆာယာမံ တာဝါသံသို့၊ သိယ် ဂစ္ဆတု ထည့်လေ။ ဒျာဒိ-ဟူရာ၌ ဒိအာဒိ-ဟူလိုသည်၊ ဒိအက္ခရာအစ ယူရမည်။ ပါမဇ္ဇ-ဟူရာ၌ ပါအက္ခရာ အလယ်

ဆိုလိုသည်။ ယန္တ ကို ယင်းအန္တ-ဟု မြန်မာဘာသာ ပုဒ်ဖြတ်၍ ယင်းအကွာရာ အဆုံးရှိရကား ဒိပါယင်း ဆိုလို၏။ ခဂ္ဂပုတ္တထမ္ဘ-ဟူရာ၌ ခဂ္ဂသဒ္ဒါ နတ်ဟော၊ ပုတ္တသဒ္ဒါ သား ဟော၊ ထမ္ဘက-သဒ္ဒါ တိုင်ဟော၊ တိုင်နတ်သားရ၏။

"ခေ အာကာသေ ဂစ္ဆတီတိ ခဂ္ဂေါ"ဟု ဝစနတ်ပြု။

ခေ အာကာသေ၊ ကောင်းကင်၌။ ဂစ္ဆတိ၊ သွားတတ်၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ ခဂ္ဂေါ၊ ခဂ္ဂမည်၏။ နတ်သားရစေ၊ ခေ-သဒ္ဒါ ကောင်းကင်ဟော။

ထို့ကြောင့် ကေကွရကောသကျမ်း၌ "ခမိန္ဒြယေ စ ခေ သဂ္ဂေ၊ သုညာကာသေ စ ဝိဝရေ"ဟု မိန့်သော်။ နိသိန္နဂါမေသို့ ဆိုသောကြောင့် ဒီပဲယင်းမြို့၊ တိုင်နတ်သားရွာကား ရှင်ညာဏိန္ဒရွာတည်း။

"နိသိန္နော ဂါမော နိသိန္နဂါမော"ဟု ဝစနတ်ပြု။

နိသိန္နော၊ နေသော။ ဂါမော၊ ရွာ။ နိသိန္နဂါမော၊ နေသောရွာ။ အစိရေသည် တိမာသံမှ သိယ်သုဂတောသား တိုင်အောင်သော စကားရပ်တို့မှာ အခါသမယအတွင်းဝယ် ပဋ္ဌင်းခံရှင်ပြု အသုဘဆွမ်းကြီးခံ စာရေးတန်ဆွမ်းစဉ် ပွဲသဘင်များမှာ လှူလျှင်ပါတတ် ရတတ်သည်ပင်၊ ထိုပဲချင်ကို စားချင်သော ဆန္ဒ၊ နာလန်ထအာသာ မပြေပါသောကြောင့် မကြာချက်ချင်း၊ ၃-လ တွင်းသာ ပြန်ခဲ့ပါမည်-ဟု ပန်ထွာလျှောက်ကြား ကောင်းစွာသွား၏ ဟူလိုသည်။ စိရ-သဒ္ဒါ ကြာမြင့်ခြင်းဟော၊ အပဋိသေဓ-မြစ်၍ မကြာမြင့်မီ ဟူလို၊ တိ-သဒ္ဒါ ၃-ခု ဟော၊ မာသသဒ္ဒါ လ-ဟော၊ ၃-လ။

"တယော မာသာ တိမာသံ"ဟု ဝစနတ်ပြု။

တယော၊ ၃-ခုကုန်သော။ မာသာ၊ လတို့တည်း။ တိမာသံ၊ ၃-လ။ အပရဏ္ဏ-သဒ္ဒါ ပဲဟော။ အမ္ဗိလ-သဒ္ဒါ အချင်ဟော၊ ပဲချင်။ ခါဒိတကိစ္စ-ဟူရာ၌ စားချင်သော အာသာ ဆန္ဒ ရှိသည်-ဟူလိုသည်။

ဒုဟင့်-ဟူသည်ကား ချင်ခြင်းဖြစ်သည်-ဟူလို၊ စားလိုသော အာသာဆန္ဒတောင့်တ ခြင်းကိုပင် ချင်ခြင်း ဆိုလို၏။

"ဒုက္ခိတော ဟဒယော ယဿာတိ ဒုဟဠော"ဟု ဝစနတ်ပြု။

ယဿ၊ အကြင်သူအား။ ဒုက္ခိတော၊ အာသာဆန္ဒ တောင့်တငြိုငြင်သော။ ဟဒယော၊ နှလုံးသည်။ အတ္ထိ၊ ရှိ၏။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော၊ ထိုသူသည်။ ဒုဟဠော၊ ဒုဟဠ-မည်၏။

ဒကိုချေ၊ ယကို လပြု၊ လကို ဠကြီးပြု ဒုဟဠ။ ဒုဟဠံ၊ ချင်ခြင်းသည်။ ပုနပ္ပုနံ၊ အခါခါ။ ဥပ္ပဇ္ဇတိ၊ ဖြစ်၏။ တံ ဣတ္ထိံ၊ ထိုအလိုကို။ အဝိနောဒနာ၊ မဖျောက်နိုင်သောကြောင့်။ ဤသို့ အနက်ပေး။

ဒပူရော၌ ဥကျေသည်၊ ဥဒပူရော-ဟူလို၏။ ဥဒပူရော၊ ဝမ်းပြည့်အောင်။ ဤသို့ အနက်ပေးလေ။ နိဝတ္တာမဉ် နိရှေးရှိသော တာဓာတ်, ဝတုဓာတ်၊ နိ ဥပသာရ မြစ်သောကြောင့် နစ်ခြင်း, ပြန်ခြင်းကို ဟော၏။ ဆာယသဒ္ဒါ အရိပ်ဟော။

**"နတ္ထိ ဆာယာ တေဿာတိ အစ္ဆာယာ"**ဟု ဝစနတ်ပြု။

တေဿ မလ္လဿ၊ ထိုလက်ပန်းသည်အား။ ဆာယာ၊ အရိပ်သည်။ နတ္ထိ၊ မရှိ။ ဣတိ တသ္မာ၊ ထို့ကြောင့်။ သော၊ ထိုလက်ပန်းသည်-သည်။ အစ္ဆာယာ၊ အစ္ဆာယ မည်၏။

**"အစ္ဆာယဿ နိဝါသော အစ္ဆာယော"**ဟု ဝစနတ်ပြု၊

အစ္ဆာယဿ၊ အရိပ်မထွက်သောသူ၏။ နိဝါသော၊ နေရာအရပ်တည်း။ အစ္ဆာယော၊ အရိပ်မထွက်သောသူ၏ နေရာအရပ်။ အရိပ်မထွက်သောသူ၏နေရာ, အရိပ်မထွက် ခေါ်ဝေါ်သော အရပ်ဝိသေသ ရ၏။

ဘီလူးသည် လက်ပန်းသည် အယောင်ဆောင်၍ လက်ဝှေ့သတ်သောကြောင့် အရိပ်ကို နင်း၍သတ်သဖြင့် လက်ပန်းသည်တစ်ယောက်သည် အရိပ်မထွက်သောကာလ၌ သတ်လေလျှင် ထိုဘီလူးကို နိုင်ရကား ထိုအရပ်သည် "အရိပ်မထွက်သောအရပ်"ဟု တွင်လေသတည်း။

**"အစ္ဆာယေ ဇာတော အစ္ဆာယော"**ဟု ဝစနတ်ပြု။ **အရိပ်မထွက်ဘုရား** ရစေ။

အစ္ဆာယေ၊ အရိပ်မထွက်သော အရပ်၌။ ဇာတော၊ ဖြစ်သည်တည်း။ အစ္ဆာယော၊ အရိပ်မထွက်သော အရပ်၌ ဖြစ်သည်။

**"အစ္ဆာယာယ အဝိဒူရေ ပဝတ္တော အစ္ဆာယော"**

အစ္ဆာယာယ၊ အရိပ်မထွက်ဘုရား၏။ အဝိဒူရေ၊ မနီး,မဝေးသောအရပ်၌။ ပဝတ္တော၊ ဖြစ်သည်တည်း။ အစ္ဆာယော၊ အရိပ်မထွက်ဘုရား၏ မနီးမဝေးသော အရပ်၌ ဖြစ်သည်။ **အရိပ်မထွက်ကျောင်းတိုက်** ရစေ။

ဥဒုမ္ဗရဿ အဝိဒူရေ ပဝတ္တံ ဝိမာနံ ဩဒုမ္ဗရံ-ကဲ့သို့တည်း။ သိယ်-သဒ္ဒါ လျင်မြန်ခြင်း ဟော။ သုဂတော၊ ကောင်းသောသွားခြင်း။ ဉာဏကိန္ဒောသည်၊ သောဘိက္ခုမှ၊ သိယ်ဂစ္ဆတု၊ ထည့်လေ- တိုင်အောင်သော စကားမှာ အခါသမယအတွင်းဝယ် ပဥ္စင်းခံ, ရှင်ပြု, အသုဘ, ဆွမ်းကြီးခံ၊ စာရေးတံဆွမ်းစဉ်၊ ပွဲသဘင်များမှာ လှူလျှင် ပါတတ်,ရတတ်သည်ပင်၊ ထိုပဲချင်ကို စားချင်သောဆန္ဒ နာလန်ထအာသံ မပြေပါသောကြောင့် မကြာချက်ချင်း ၃-လတွင်းသာ ပြန်ခဲ့ပါမည်-ဟု ပန်ထွာလျှောက်ကြား သွားလေသည်မှာ ဉာဏကိန္ဒတွင်၊ ကံနုတ်ရှင်သည်၊ ပဲချင်ဆန္ဒ၊ သည်ကိစ္စနှင့်၊ သို့မျှရက်ကြာ၊ မရောက်လာသောကြောင့်၊ သုဒ္ဓါဟာရ၊ ပရက္ကာ-ဟု၊ အမွိလတွင်၊ ထိုပဲချင်ကို၊ ဝမ်းတွင်ပြည့်အောင်၊ သုံးဆောင်ပြီးကာ၊ အစ္ဆာယာသို့၊ မကြာလျှင်မြန်၊ ပြန်စေ

သတည်း။ ကဗျည်းသေချာ၊ ငါဆရာက၊ အက္ခရာတံဆိပ်၊ ခတ်နှိပ်ကွင်းကွင်း၊ သတင်းစကား၊ ကြားမှာလိုက်သည်-ဟူလို။

ဉာဏိန္ဒော၊ ဉာဏိန္ဒအမည်ရှိသော။ သော ဘိက္ခု၊ ထိုရဟန်းသည်။ ဥဒပူရံ၊ ဝမ်းပြည့်အောင်။ တမ္ဗိလံ တံ အမ္ဗိလံ၊ ထိုပဲချင်ကို။ သိယံ၊ လျင်စွာ။ ခါဒတု၊ စားလော့။ ခါဒိတွာ၊ စားပြီး၍။ အာဂစ္ဆတု၊ လာစေသတည်း။ ဣတိ၊ ဤသို့။ ပဏ္ဏာနာ၊ တောင့်တခြင်းရှိသည်ဖြစ်၍။ သုလိက္ခိတံ၊ ကောင်းစွာရေးသားအပ်သော။ သာသနံ၊ သတင်းစကားကို။ အဟံ၊ ငါသည်။ အာစိက္ခိတာ၊ ကြားမှာလိုက်ပြီ။ အစ္ဆာယာမံ၊ အစ္ဆာယာမ အမည်ရှိသော။ တာဝါသံ တံ အာဝါသံ၊ ထိုကျောင်းသို့။ သိယံ၊ လျင်စွာ။ အာဂစ္ဆတု၊ လာစေသတည်း။ *(ဤသို့ အနက်ပေး။)*

**ဒ္ဓာဒိကပါမဇ္ဇတ္တာဒိကဗျာယ လီနတ္ထပကာသက် သမတ္တံ။**

★★★★★★★

## (၄) လုံးတော်ရွာနေ မင်းပုံ့မင်းခြံ့တို့က ရွှေမြို့တော်သို့ ပေါက်ပေါက်၊ ငါးကင် ပေးကမ်းလှူဒါန်းလိုက်သည်ကို ရွှေမြို့တော် ဥစ္စာရှင်ထံသို့ မရောက်ဘဲ ခွေး၊ကြောင်စား၍ ဆုံးပါသည့်အရာကို ပေးကမ်းလှူဒါန်း လိုက်သူတို့ အသေအချာသိသာအောင် ပေးမှာလိုက်သည့် မေတ္တာစာ

ဝက်ပါတောင်စတော၊ မဂ်လာအောင်မြေ၊ တက်ထောင်ရဝေ၊ စကြာရောင်သမေ တက်စွာနှင့်၊ ဘဝဂ်ရွာအောက်ထပ်၊ နတ်ခြောက်ဘုံနယ်စွန်း၊ ယုဂန်မိုရ်လယ်ကွန်းက၊ ကျွန်း ၄-ရပ် စက္ကဝါကို၊ လက်ျာရစ်ဝန်းသည့်နှယ်၊ ထွန်းသရော့ပြောင်သရော၊ လောင်မလိသဘောနှင့်၊ မြေကြောကို လှစ်ခွင်း၍၊ ဘုန်းတော်ဖြစ် ဖန်ဆင်းသည်၊ ပြည်မြမင်း ရတနာပုံက၊ ဣဋ္ဌာရုံသကတ်၊ ဘဝဂ်တိုင် နှံ့စပ်သည်၊ ဆယ်ရပ်လုံး ဒိသာ၊ လွန်ကဲသည့် မေတ္တာကို၊ အဝေရာ ရှိန်မစဲအောင်၊ အကြိမ်ကြိမ်ဖြန့်ကြလျက်၊ မပွဲ ရှင်ဝိုင်းတို့က၊ မရိုင်းသည် ယဉ်ကဗျာနှင့်၊ သဏ်ာလွှာ သလိုက်သည်၊ တိုင်းသိခ် တောင်လက်ယာ၊ ဒက္ခိဏာ နောက်ညောင်းက၊ ဓာတ်မွေပေါင်း ကိန်းပျော်၊ ကိုးဂုဏ်ပေါင်း လှိုက်ကျော်သည်၊ စိန္တေယျော် မြတ်ပုထိုး၏၊ တန်ခိုးတော် စက်ရိပ်ဝယ်၊ ခိုလှုံကြပေသော၊ ညီမရှင်ခြံ၊ အရီးပုံတို့။

ကံကုန်သည့် သတ္တဝါကို၊ ဝတီသာဘုံဖျားက၊ သိကြားမင်းမကထဲ၊ လွဲခြင်းကြီး လွဲရမည်၊ ၁-ပဲတန်ဥစ္စာနှင့်၊ ၁၀၀-တန်ဖြစ်သော်ငြားလည်း၊ ထိုက်မှပင် နားချိမ့်မည်၊ ဘုရားရှင် ရွှေလက်ထက်က၊ လောသကတိဿရဟန်းဖို့၊ ရည်မှန်းသော ဘောဇဉ်သည်၊ လမ်းတွင်သာ ပျောက်ဆုံး၍၊ မဘုဉ်းပေးရကြောင်းကို၊ ရွှေစာဟောင်းရှိသည် တစ်ခန်း၊ ဘုန်းတန်းကြီးစွာ သူတို့မှာကား၊

အနုရုဒ္ဓါ, သီဝလိ၊ ဘဒ္ဒိယမထေရ်၊ ပဏ္ဍိတသာမဏေတို့ သက်သေကို ပုံခင်းလျှင်၊ ကွင်းကွင်းကြီး သိသာပေသည်။ ရွှေနှင့်ခပ်ပြာ၊ နတ်သုဒ္ဓါနှင့်၊ မုယောထမင်းတို့ အရသာချင်း ကွဲပြား၍၊ အရည်, အရောင်ချင်း ခြားကြသည်။

သိကြားနှင့် ရက္ခစိုး၊ ပိုးမြူနှင့် နေဗိမာန်၊ ဆဒ္ဒန်နှင့် မြေခွေးအို၊ မြင်းမိုရ်နှင့် ခြတောင်၊ နှံကောင်နှင့် ဂဠုန်မင်း၊ ယင်းချောင်းနှင့် ဂင်္ဂါတို့၊ ခု,ဆယ်,ရာ,ထောင်,သောင်း၊ သိန်း,သန်းပေါင်း အလီလီတို့ဖြင့်၊ ရှင်မမှီ ပြိုင်မနှိုး၊ ဘုန်းထက် ဘုန်း၊ ဂုဏ်ထက် ဂုဏ်၊ ရှေးကုသိုလ် ကံဟုန်ကြောင့်၊ ပြည့်စုံကဲမောက်၊ ရည်ရွယ်တိုင်း ရောက်ပေသည်။ ရှေးကုသိုလ် မထောက်၍၊ ကံမှောက်သူ ဖြစ်ချေက၊ ယခုလောက၊ ယခု နေ့,ည၊ ထောင့်နှစ်ရာနှစ်ဆယ့်ရှစ်၊ ဤသက္ကရာဇ်ကောဇာတွင်၊ ရတနာပုံပြည်ဌာနသို့၊ ညီမ ရှင်ခြုံ၊ အရီးပုံတို့က၊ သဒ္ဓါဟုန် ကဲမောက်လျက်၊ ပေါက်ပေါက်နှင့် ငါးကင်ကို၊ လူကြုံတွင် ဆင့်လှမ်းလို့၊ ကမ်းလိုက်သည့်အရာမှာ၊ ရည်ရွယ်ရာ မရောက်၊ အလိုလို ကျပျောက်၍၊ ပေါက်ပေါက်ကို ခွေးစား၊ ငါးကင်ကို ကြောင်ဆွဲ၊ ဆရာတော်ကံကလည်း နဲ၊ မပွဲကံကလည်း ယိုင်၊ ရည်ရွယ်တိုင်း မရောက်၊ ပျောက်ချင်းကြီး ပျောက်ခဲ့သည်။

**အကောက်ကယ် တောင်ပေါ်မှာ၊ ဆင်ချော်လို့ လဲ။ ကျမ်းပေါက်ကို ဗွေမယူကြနှင့်၊ နန်းသူ** အသဲ။ အဲတပေါင်သံ၊ သူငယ်တို့ ဘာ၀၊ ခုကာလတွင်၊ ဆိုကြသည့် ဟန်ကဲ့သို့၊ ကံနဲသူတာ၊ ကြမ္မာကို ယိုး၊ ကိုတက်ဖြိုးကိုလည်း၊ ရန်ငြိုးမသို၊ ခွေး,ကြောင်ကိုလည်း စိတ်မထွက်၊ နောင် တစ်ကြိမ်ဆက်လက်၍၊ လက်ဆောင်ကို တဖန်၊ ပေးလိုက်မည် ကြံကြလျှင်၊ ထက်သန်သည့် စိတ်ဇောနှင့်၊ 'ရာဇတောဝါ'-အစ၊ 'ရက္ခသာ'-အဆုံး၊ တစ်ပိုဒ်လုံး ဂါထာကို၊ ထောင်,ရာကျော် ရွတ်,စုတ်၊ အကြိမ်ကြိမ် မန်းမှုတ်၍၊ ရှိလက်အုပ်မြှောက်ချီ၊ ရတနာပုံမန်းပြည်သို့၊ ရမ်းရွယ်ရည် ခညောင်း၊ ရောက်ပါစေ ဆုတောင်း၍၊ ကောင်းကောင်းကြီး လုံလုံ၊ ယုံရသည့်လူကြုံတွင်၊ စေ့စုံ အောင် မှာထား၍၊ ပါးလိုက်မှ ကောင်းမည်ကို၊ ဖြောင့်လှသည် မေတ္တာနှင့်၊ သဝဏ်လွှာ သလိုက် သည်၊ ညီမရှင်ခြုံ အရီးပုံတို့။

★★★★★★★

## (၅) မန်ကျည်းကန် ဦးသီဟ တောင်ရင်းရွာတွင် သီတင်းသုံးနေစဉ် ငြုတ်သီးကြော်, လက်ဖက်ကြော်များကို အင်မတန် စားသည်-ဟု ကြားသိရသည်တွင် ဆင်ခြင်တိုင်းထွာစေလိုသော စေတနာဖြင့် ပေးမှာလိုက်သည့် မေတ္တာစာ

**ယထာပိ ဘိက္ခဝေ မနုဿဿ မနော ဂဏ္ဍော၊ တတောပိ အဿ မနောမယသိန္ဓဝဿ ဂမန် ခိပ္ပတရံ အဟောသိ။ သော ကုရုန် ကတ္တုသေဠ၊ ဣန္ဒပဌနဂရမုပါဒယိ။**

*(မနော မနုဿဿ ယထာပိ ဂဏ္ဍော၊ တတောပိ'ဿ ခိပ္ပတရံ အဟောသိ။*
*သ ပုဏ္ဏကော ကုရုန် ကတ္တုသေဠ၊ ဥပါနယီ နဂရံ ဣန္ဒပတ္ထံ။ ။) (ဇာ၊၄၊၇။ ၂၃၄။ ဂါထာ-၁၆၃၇)*

ပါဋိတော်မြတ်၊ ပါဠ်တော်အလာ၊ ဒေသနာကို၊ လျော်စွာသဖြင့်၊ ယင်းနိဒါန်း ဖွင့်ရလျှင်၊ ယင်းဆယ်ဆောင်မှတ်၊ မိန့်တော်မြတ်တွင်၊ ဇာတ်ဝိဓုရ၊ ထုတ်ဖော်ပြသည်မှာ၊ သုံးလောကမှန်ကူ၊ နတ်လူတို့ ဦးကိုင်၊ ရန်နိုင်ဖက်ရှား၊ ငါးမာရ်အောင်သူ၊ ဗုဒ္ဓကို-ဟု၊ ပြိုင်သူမရှိ၊ ဗောဓိသတ္တ၊ ဝိဓုရသည်၊ ဝိရုဋ္ဌက၊ တေဇထန်ပြင်း၊ နဂါးမင်း၏၊ သက်နှင်းကြင်ယာ၊ ဝိမလာအား၊ တရားဟော ပြီး၊ ပြန်ချိန်လည်း နီးပြီမို့၊ ခရီးကန္တာ၊ ကွာချင်တိုင်း ကွာစေတော့၊ ဗိုလ်ပါတသင်း၊ လူခပင်းတို့၊ ဝေးမင်းခေါင်ထိ၊ အလိုရှိရာမှာ၊ 'ယံ ကိဉ္စိ အာရမ္မဏံ'၊ ကြံချင်တိုင်း ကြံသည်ထက်၊ မြန်ဟန်ကို နှုတ်တော်ထွက်နှင့်၊ ဟောမြွက်တော်မူသည့်ပြင်၊ မတည္ခု ကျမ်းပြုဆရာ၊ ထပ်၍လည်း မှာပြီမို့၊ ယူမိစွာညစ်ကြေး၊ တိမ်သလ္လာမြူမှေးကို၊ ကင်းဝေးကြစေသတတ်။

ပါဋိတော်အလာ၊ ဒေသနာကို၊ လျော်ရာတွင် ရုံးခဲ့၍၊ ယင်းနိဂုံးသတ်ရန်မှာ၊ နတ်စစ် ဒေဝ၊ ပုဏ္ဏက-ဟု၊ ယက္ခအမျိုး၊ နတ်ဘီလူးသည်၊ ငါးဦးမာရ်ရှဲ၊ ဗိုလ်ခပဲဝယ်၊ အောင်ပွဲခံလု၊ သဗ္ဗညု-ဟု၊ ဗုဒ္ဓကိုမှန်၊ ဆုထူးပန်ကို၊ ရှေ့ရန်က အသင့်ထား၍၊ သူမယား ခိုင်နှင်းဆီ၊ ဣရန္ဒတီဟာ ကို၊ နောက်ဆီက ညာထိုင်၊ မြင်းဇက်ကို ကိုင်ပြီးမှ၊ ဘုန်းလှိုင်တဲ့ နတ်နဂါးကို၊ သွားမည်လို့ နှုတ်အဆက်၊ မြင်းပေါ်သို့လည်း အတက်၊ ကောရဗျမြို့ အထွက်မှာ၊ တစ်ချက်တည်း ကျပေသည်။ "ပုဏ္ဏက နတ်မြင်းပျံကဲ့သို့၊ ကြံကြံသမျှ ဣဋ္ဌာရုံကို၊ တဝတည်း သိမ်းခြုံလျက်၊ ပြည့်စုံလွယ်သည် သာ ဖြစ်ပါစေသော"ဟု၊ ညြဒိဿမေတ္တာနှင့်၊ ဠှင်မာမြစ်ကြီးကို၊ အညာက စီးလိုက်ပါသည်၊ အထီးထိုက်နေရာချွန်၊ တော်ပြု၍ ဝန်ပေသည်။ မိုးစွန်ထိ ဂုဏ်သံနှင့်၊ နာမံတော် ဝိသေ၊ ထူးလှ ပေသည်၊ အဆွေဦးသီဟ၊ အဠတိသ်၊ ပါဋိအရဖြင့်၊ ဟောပြသော မင်္ဂလာ၊ ပဠမဂါထာဝယ်၊ 'အသေဝနာ စ' ဒေသနာအရဠ—

ယုတ်မာလှစွာ၊ ကမ္ဘာလောင်မီး၊ ငရဲမီးပမာ၊ ဝေးစွာကြဉ်ဖဲ၊ ရှောင်လွှဲနီးကပ်၊ မပြုအပ် သော၊ ဒေဝဒတ္တ၊ ကောကာလိက၊ စသည်အပေါင်း၊ သူမကောင်းတို့ကိုသာ၊ ဝေးကြောင်းကင်းကွာ၊

ကြဉ်ဖဲရာသည်မဟုတ်၊ သက်သေကို ထုတ်လိုလျှင်၊ ပရယုတ်ကား၊ သုမေဓာဆရာ၊ **ဦးပဒုမာသခင်၊ အရှင်သုမင်္ဂလ-သာရ**တွင်ခေါ်၊ တပည့်တော်တို့မှာလည်း၊ ဘဝသက်တိုင်၊ မဖက်ပြိုင်ဝံ့၊ သေအောင်ပင် ရွံ့ကြသည်၊ မလွန့်စသာ၊ <u>ဒ္ဒဟာ</u>ရာမှ၊ ပရာဇိတေ၊ ရှုံးကြလေသည်ကို၊ သက်သေဖော်ထုတ်၊ ဝတ္ထုလုပ်၍၊ ငြုပ်သီးကြော်, လဘက်ကြော်တို့ကိုလည်း၊ ပေါင်းဖော်ယှဉ်တွဲ၊ မှိုဝဲဆည်းကပ်၊ မပြု အပ်ပါ။ သည်အရာကို၊ မင်္ဂလာတရား၊ သဘောကျ မှားသကဲ့သို့၊ စားမိ၍ နေထိုင်၊ မတတ်နိုင် အောင်၊ ဝမ်းခိုင်ကြဉ်းဆောင်း၊ မီးညှောင်း ကိုက်ခဲ၊ ဝမ်းထဲ နာကျင်၊ လက်ပြင်,ရင်လေး၊ နံဘေး တခို၊ တံကျင်ကြီး လျှိုသည့်နှယ်၊ ခိုရာမဲ့, ကြံရာမဲ့၊ နှိပ်ထဲ့ပါ,နင်းထဲ့ပါ၊ မနေသာလှ၍၊ ပူပါဘိခြင်း၊ လောင်ဘိခြင်းနှင့်၊ အတွင်း,ပြင်ပ၊ ဘယ်ခါမျှပင်၊ ကောင်းလှသည် မရှိ၊ နေမိ,ထိုင်ရာ၊ အိပ်ခါ တစောင်း၊ လွန်တရာ ညှောင်းသောကြောင့်၊ ထောင်းတဲ့လား, ထုတဲ့လား၊ လူ,ရှင်ငယ်များက လည်း၊ ကျားနှင့် ခင်ကြီး၊ မနီး,မကပ်၊ မချဉ်းအပ်-ဟု၊ ဝိကပ္ပနာ၊ မသိလှာဘူး၊ ခိုရာမသိ၊ တို့ခင်ကြီးမှာ၊ ငရုတ်သီးမှု၊ သည်တစ်ခုနှင့်ပင်၊ ဝတ္ထုပါရာဇိက၊ အန္တိမကဲ့သို့၊ ကြောက်ကြ၍ ရှိချေသည်။ တလည် နောင်ခါ၊ မပြုပါပြီ-ဟု၊ ပဋိညာကရဏ၊ ဝန်ခံရသဖြင့်၊ ကုမစင်ဆေး၊ ငြုပ်သီးဘေးမှ၊ ကင်းဝေးစိမ့်ငှာ၊ **မဟာဝိဇယ၊ ဇေယျာတိဇေယျ ဇေယိန္ဒ** ဝိဟေသနီမည်သော ဆေးကျော်ကို၊ ဖော်ကာ သုံးစားချင်သော်လည်း၊ ဆေးဖော်မစုံ ရှိခဲ့၍၊ စတိမျှ ပျက်သိတ်ရုံ၊ စမုံမျိုးငါးပါး, ငါးတင်းစီ၊ တစ်လီဆင့်တက် ဆေးသားတွင် စွက်ရအောင်၊ စမုံနက် ၇-တင်း, ၂-စိတ်၊ ကြက်သွန်ဖြူခွက် အစိတ်များကို၊ ဘုန်းအား ကံယုံ၊ ပါးလူကြုံတွင်၊ လုံးစုံစေ့ငေ၊ ဆွေမိတ္တ-က၊ ခဏမကြာ၊ လျှုလိုက်မည် ခြင်းရာကို၊ မေတ္တာသာ စေလွှတ်၍၊ လွမ်းဆွတ်သော စေတနာဖြင့်၊ သဝဏ်လွှာသံခိပ်နှင့်၊ ကျောက်တံဆိပ် ကွင်းလိုက်ပါသည်၊ သဟာယက ပိယမိတ္တေ အဆွေ-ဦးသီဟ။

★★★★★★★

## (၆) သုမေဓာကျောင်းတိုက်၊ ဦးသီဟ ပေါရာဏကထာ စာငယ်ကို ငှားယူပြီးလျှင် မပို့လှာသောကြောင့် ပေးမှာလိုက်သည့် မေတ္တာစာ

**မနုဿေသု ဒုဗ္ဗော ကုလော၊ နဂရေ ဒုဗ္ဗော ဝေသိယော၊ ဂါမေ ဒုဗ္ဗော ဂေါယာတကော၊ သီဟေ ဒုဗ္ဗော စ သေလဇော။**

မနုဿေသု၊ လူတို့တွင်။ ဒုဗ္ဗော၊ ဖျက်တတ်သည်ကား။ ကုလော၊ ကုလားတည်း။ နဂရေ၊ မြို့၌။ ဒုဗ္ဗော၊ ဖျက်တတ်သည်ကား။ ဝေသိယော၊ ပြည့်တန်ဆာမတည်း။ ဂါမေ၊ ရွာ၌။ ဒုဗ္ဗော၊ ဖျက်တတ်သည်ကား။ ဂေါယာတကော၊ နွားသတ်ယောကျ်ားတည်း။ သီဟေ၊ သီဟ၌။ ဒုဗ္ဗော၊ ဖျက်တတ်သည်ကား။ သေလဇော၊ လဘက်တည်း။ စ၊ ငရုတ်သီးလည်း ဖျတ်တတ်သည်။

ပုဗ္ဗေကတ၊ ပေါရာဏဖြင့်၊ ကာလရှည်ဝေး၊ လက်မွန်ကြေး-ဟု၊ ရှေးအတိတ်မှတ်၊ ခုနောက်မှ ပညတ်သည်၊ မြတ်စိန္တေယျော်၊ ပုထိုးတော်ကြောင့်၊ လုံးတော်တွင်ထ၊ ထိုဒေသ၌၊ အပဟောနကဝါသီ၊ သညီအနွတ်၊ ပညတ်ခေါ်ဆို၊ ထိုပုဂ္ဂိုလ်က၊ ဗြဟ္မစိုရ် ရေမောင်းဖြင့်၊ သွန်းလောင်းကြားရောက်လိုက်သည်။ ပဏ္ဏတ္တိကာလ၊ ကေသရနှင့်၊ တိဏမည်ငြား၊ လေးပါသတ္တ၊ ဝိသေသ၏၊ နာမတံဆိပ်၊ နိမိတ်ပဝတ္တ၊ အရထင်စွာ၊ သုမေဓာကျောင်းတိုက်၌၊ ယာပိုက်လေးဝ၊ ကိန်းယူမျှပေသော၊ ဗြဟ္မစရိယေ၊ အဆွေဦးသီဟ။ ဒက္ခိဏဒိသာ၊ တောင်မျက်နှာကို၊ ပလာယတိ၊ မင်းကြီးသို့ ထိပြီးမှ၊ ကုတော မန်ကျည်းကန်၊ တကြောက ဒုမနော ဒုစိတ္တ၊ ဘယ်ဉာဏ်က ဖောက်၊ ဘယ်စိတ်က ကောက်သည်လို့၊ အရောက်ပြေးလှာ၊ သုမေဓာသို့၊ ပလာယတိ၊ ကြားရ၍ ရှိသည်မှာ၊ ကတ္တိကမာသ၊ တန်ဆောင်မုန်းလဆီက၊ ပေါရာဏကထာ၊ ကျမ်းရွှေစာကို၊ ဆရာဦးသီ၊ ဘယ်ရပ်ဆီမှာ၊ နိသီဒတိ၊ နေရစ်၍ ရှိကြောင်းနှင့်၊ သိသိသာသာ၊ အာစိက္ခတော၊ လာမပြောသောကြောင့်၊ ထိုပေါရာဏ၊ ပြန်မရခဲ့လျှင်၊ အမရပူရ၊ နာမတွင်ခေါ်၊ ရွှေမြို့တော်က၊ ဂိဝေါ်ဗန္ဓ၊ ဆွဲခေါ်ကာ ချချိမ့်မည်၊ ကာလစိရေ၊ မကြာစေနှင့်၊ ပေါရာဏေရွှေစာကျမ်းကိုတဲ့၊ ဆင့်ကမ်းခါ လက်မွန်ကြေးဆီသို့ ဒေတု ကဝိ။

★★★★★★★

(၇) စိန်ပန်းရွာ၊ ဒါယကာကြီးငယ်တစ်စုတို့က ၁၂၂၈-ခုနှစ် ကျောင်းဆောက်လုပ် လှူဒါန်းကိုးကွယ်လိုပါသည်-ဟု လျှောက်၍ ဆောက်လုပ်သည်၊ ကျောင်းပြီးလျှင် ခင်ကြီး ၁-ပါးက ယူ၍ ခင်ကြီး ၁-ပါးကို လှူသည်၊ ဒါယကာ-က လျှောက်ထားရင်း ပုဂ္ဂိုလ်ကို မသဒ္ဓါမကြည်ဖြူသောကြောင့် သူ့ကိုပင် လှူသည်၊ မရမက,ဥဿဟာကြောင့် လှူရလေသည်ကိုကား ကွဲပြားမသိရှိ၍ သတိသံဝေဂ အကုသိုလ်ဓမ္မ ဝိပါကသတ္တိကို ဆင်ခြင်အောက်မေ့မိ ရှိနေသည်အတွင်း ၁၂၃၄-ခုနှစ်၊ ဧကရာဇ်မင်းမြတ်-က ကျောင်းကန်လှူဒါန်းမည်၊ ဆောက်လုပ်လျှင် ယခင် ကျောင်းကို ယူဖူးသော ထိုခင်ကြီးသည် ခရီးဝေးကွာ ဘယ်ရွာ,ဘယ်ကျေးသို့ ပြေးသွားမှန်း မသိရ၊ ယခုတဖန် ကျောင်းဆောက်သံကြားလျှင်ပင် အနီးအပါးသို့ ရောက်လှာပြန်သောကြောင့် အကြံမပေါ်၍ ကုသိုလ်တော်ဆရာသို့ ပေးမှာလိုက်သော မေတ္တာစာ

"မိဒတိတိ မေတ္တာ၊ သိနေဟန္တိ အတ္တော"ဟူသော ဝစနတ်၊ အဘိဓေယျတ္ထသံဝဏ္ဏနာ၊ မိန့်မှာကျူးရင့်၊ ကစ္စည်းကျမ်း ဖွင့်သောကြောင့်၊ သင့်လျော်စလောက်၊ မမောက်မပို၊ မယိုမယုတ်၊

ယင်းသည်ပုဒ်၏၊ ပဒုဒ္ဓါရ၊ အတ္တယောဇနာ၊ ရသင့်ရာကို၊ စိန္တာကဝိ၊ ထွက်ဆိုရန် ရှိသောကြောင့်၊ မဏိသျှုတြ၊ လောကီသမုတ်၊ ကျမ်းမှထုတ်၍၊ ဂုဏ်ပုဒ်ကို ပြုပိမ့်မည်။

စံပြကိုရိယတ်၊ ဝင်းသဝဏ်သာခွါသာ၊ ကွက္ကရာနှင့် တူလာတူလီ၊ နီတီတီ ထိန်ပြောင်ပြောင်၊ စိန်အရောင် မှောင်အပြာ၊ ဝါဝါကြီး ဝင်းဝင်းကြီး၊ လင်းလင်းကြီး တခဲနက်၊ အကွက်အထောင့်၊ အမြှောင့်အဝန်း၊ ချွန်းချွန်းတိတိ၊ ကျပ်ပြိုကျပ်ပြင်၊ မိုးကုတ်ခွင်များမှာ၊ ရွှင်ကြသည်, ကြည်ကြသည်၊ အထည်ထည်ကျောက်၊ အားကုန်ကြီးပင် တောက်သော်လည်း၊ တခေါ်လောက်ခရီးမှာ၊ မမြင့်ဇသီး၊ မှိတ်တီးမှိတ်တိတ်၊ အရောင်ချင်း ဖိတ်သဖြင့်၊ ဘဝိဿဓာတ်၊ လောကဥဒ္ဓတ်၊ သစ္စာလေးဆူ၊ ပွင့်ရောင်လူလှသည်၊ မတ်ဝိဓူဇာတ်တွင်လည်း၊ အံခတ်သို့ နတ်မောင်၊ ပုဏ္ဏကဆောင်ခဲ့သည်၊ သုံးတောင်ဝှက် လုံးပတ်နှင့်၊ အရပ်ကား ၄-တောင်၊ ပြောင်သည်လို ပြောင်ပြီဖူး၊ တော,တောင်,ရေ,မြေ၊ လေ-ဝါယောဓာတ်၊ နတ်ခြောက်ဘုံ ဗြဟ္မာ၊ ပါယ်လေးရွာ ဒုဂ္ဂတိ၊ သည့်ပြင်ပင် ရှိသော်လည်း၊ ကြည့်မိကြည့်ချင်၊ ကြည့်လိုလျှင် မြင်ရသည်။

လင်းလိုက်သည့် အရည်၊ ကြည်ခြင်း ကြည်ကြောင်းကို၊ ဂုဏ်ကိုးမည် ရှင်စော၊ ရွှေနှုတ်တော် ဟောပေသည်။ တတော နံ၊ ထိုကျောက်အရောင် ယိုသည်ထက်၊ ဗြဟ္မစိုရ် လေးဝတွင်၊ ပဥ္စမဩဒိဿဖြင့်၊ တစိတ်စိတ် တဖွဲ့ဖွဲ့၊ ဟို့မစဲ တလစပ်၊ အထပ်ထပ် အခေါက်ခေါက်၊ ရေတောင်ကြီးမောက်ထည့်အောင်၊ မြင်းမိုရ်လောက်ရှင်ရှင့်၊ ဆထောင်ကျော် ရာမြင့်၍၊ ဆယ့်တစ်ဆင့် အာနိသင်၊ ဦးခေါင်းထက် ဆင်ပြီးလျှင်၊ ကြည်လင်သော စေတနာနှင့်၊ ဠှင်မာမြစ်ကြီးကို၊ အညာက စီးလိုက်ပါသည်၊ အထီးထိုက်နေရာချွန်၊ တော်ပြု၍ ဝန်ပေသည်။

မိုးစွန်ထိဂုဏ်သံနှင့်၊ နာမံထူး ဝိသေသ၊ ဒိဗ္ဗသာမိ၊ သီရိဓဇမဟာဓမ္မရာဇဂုရု၊ နှိုင်းတုမမျှော် ဆရာတော်။ အဟော်ဝတ၊ အစ္ဆရိယ၊ အဗ္ဘုတဓမ္မ၊ ၁၂၂၈၊ ဤသက္ကရာဇ်သချာ၊ နှစ်ကောဇာအတွင်းဝယ်၊ သဘော်တော်ဆိပ်ကမ်း၊ စိန်ပန်းခေါ် ဂါမာ-က၊ စေတနာဖြိုးမောက်၊ ဒါယကာ ၅-ယောက်တို့၊ ကျောင်းဆောက်လုပ် လှူလိုကြောင်းနှင့်၊ လျှောက်တောင်းခွင့်ပန်၍၊ ဝေယန် ၃-ထပ်၊ ဘုံပြာသာဒ်နှင့်၊ လျောက်ပတ်တင့်တယ်၊ ဆန်းတကြယ်ကို၊ ရည်ရွယ်ရင်းအတိုင်း၊ ဆုတ်ဆိုင်းမနှောင့်၊ မထောင့်မရွံ့၊ ဖြောင့်တန်းသော စေတနာနှင့်၊ သဒ္ဓါရည်မှတ်၍၊ လှူဒါန်းမည်ရှိတုန်းကို၊ ကံအလုံး ယွင်းပြို၊ အလှူခံပုဂ္ဂိုလ်၏၊ အကုသိုလ်ပိဋိကေ၊ အခွင့်ကြီး ရသောကြောင့်၊ ဒါယကာကျောင်းကန်ကို၊ မခံထိုက်, မစံထိုက်၊ ဘဝများစွာ၊ သူတကာကို၊ မိစ္ဆာဝန်တို၊ သံသရာ အဟိုက၊ အကုသိုလ် ဆိုက်ချေသည်၊ ရထိုက်,ရအပ်၊ ရအောင်လည်း တတ်ပေသည်။

ကံစပ်သည့်ကိုယ်တော်၊ ပုဂ္ဂိုလ်ကျော် တစ်ပါးကို၊ ညွှတ်တွားကြည်ဖြူ ဘယ်နည်းနှင့်လှူလေသည်-ဟု၊ ကြံစည်စဉ်းစား၊ ထောက်ထားနှိုင်းချိန်၍လည်း မရ၊ "ကမ္မဝိပါကော အစိန္တိယျော"၊ မြတ်စိန္တေ ဟောသည်-ဟု၊ သဘောကျ ဧကန်၊ သံဝေဂဓမ္မ၊ နိသတ္တ နိဇီဝ၊ ပရမတ္ထ ဆတ်ဆတ်ကို၊ ပညတ်သို့ တင်၊ ကသိုဏ်းကွက် ဆင်လှအောင်၊ ရှုဆင်ခြင်သုံးသပ်၍၊ မပြတ်ပင် ရှိနေရာ၊ သာသနာ့ဒါယကာ၊ မဟာဓမ္မရာဇ်၊ ဧကရာဇ်မင်းမင်းမြတ်က၊ ထပ်မံ၍ တခါ၊ လှူမည်

လို့ ရှိပြန်ရာ၊ ဒိဗ္ဗသောတနတ်နားကို ရရော့ထင့်၊ ၂-ညခန့်, ၃-ညကွာ၊ သည်မျှလောက် နေရာသို့ ထိုဆရာတို့သခင်၊ ထိုအရှင်ဘုရား၊ ရောက်လှာသည် စကား၊ ကေန္တကြားခဲ့သည်၊ ကြံအားနှင့် ဉာဏ်အား၊ ၂-ပါးပင် ကုန်သောကြောင့်၊ အလုံးစုံ နေရာကျ၊ သည်အကြောင်းကိစ္စကို၊ ခေမိကရာမ (ခေါ်)သစ်ဆိမ့်ကြီးဆရာတော်နှင့် တော်ရလျော်အောင် တိုင်ပင်၍၊ ဘယ်နည်းပင် ကောင်းသည်-ဟု အကြောင်းကို ကျုပ်ညီတော်က၊ ထုပ်ဖော်ကာ သိရအောင်၊ သတိပေးမှာစာနှင့် သဝဏ်လွှာ ပါးလိုက်စေချင်သည်။

★★★★★★★

## (၈) ပန်းပဲဆရာ လွှန်းပြေ ဓားကို ကောင်းမွန်စွာ မလုပ်သောကြောင့် ကောင်းမွန်စွာ လုပ်စေခြင်းငှာ ပေးမှာလိုက်သည့် မေတ္တာစာ

"နတ္ထိ ပဟောနကော တေဿာတိ အပဟောနကော"ဟူသော ဝစနတ္ထ၊ ဝိဂ္ဂဟနှင့်၊ အပဟောနကဝါသီ၊ သညီအနွတ်၊ ပညတ်နာမ၊ ဝိသေသနှင့် ဝေါဟာရသညာ၊ ငါဆရာ-က၊ မေတ္တာစကား၊ မှာကြားအမိန့်ရှိလိုက်သည်၊ ပန်းပဲဆရာ၊ ဒကာ လွှန်းပြေ။

ရွှေလုံးမြေမှာ၊ သံထွေသံတိုင်၊ သံဆိုင်သံခဲ၊ ထုချေခွဲ၍၊ ၁-ပဲတန်, ၁-မူးတန်၊ ၁-မတ်တန်, ၁-ကျပ်ထိုက်၊ လိုသူကြိုက်တည့်အောင်၊ တစ်မိုက်,တစ်ညို၊ ရှည့်,တို တောင်ထွာ၊ လာချင်တိုင်း လာကြရော့၊ တခါမျှ မလွတ်ရ၊ ရွှေလုံးရွာ မြောက်မျက်နှာ၊ တလင်းခုံ သာသာဝယ်၊ ရာဇာနေမိကို၊ မာတလိအတင်တွင်၊ ဗွေတရင် ဗွေဘလောင်၊ သိန္ဓောမြင်း တစ်ထောင်တို့၏၊ နောက်ပေါင်၊ ရှေ့လက်၊ ဖိုးစွက်ညီးညဲ၊ မြင်းခွါသံက၊ တလျှံတည်း ထွက်သကဲ့သို့၊ နှက်လိုက်သံ, ရိုက်လိုက်သံ၊ ထုလိုက်သံ, ခတ်လိုက်သံ၊ တူသံ,ပေသံ၊ လေရှုပ်သံ, မီးမှုတ်သံ၊ ညဥ့်ဦးယံ, သန်းခေါင်လောက်၊ မိုးသောက်ထ လင်းအားကြီးကို၊ တီးတိုင်တိုးတောက်၊ ဖြိုးဖြောက်ညီးညဲ၊ အသံမစဲ၊ လက်နက်စုံ စွဲပြီးလျှင်၊ ပန်းပဲတို့ အင်္ဂါဖြင့်၊ လုပ်ကာ ရောင်းစား၊ သည်အတတ်များနှင့်ပင်၊ သူတော်ကောင်းတရား၊ ရှိလှုပြီထင်၍၊ လေးခွင်ပါယ်ဘုံ၊ မစုံပြီ, မသွားပြီ၊ လားလားမျှ မရောက်ပြီကဲ့သို့၊ ပလီဉာဏ်, စဥ်းလဲဉာဏ်၊ သရော်ဉာဏ်, ချော်ဉာဏ်၊ တာတေလဲ ဉာဏ်ဆန်း၍၊ သက်န်းဝါ သစ်ခေါက်ဆိုး၊ အိုနားတို လူတင်စား၊ ရွာစွန်းနားမှာ၊ တောင်းစားမှိဝဲ၊ ခွက်လက်စွဲ၍၊ ခေါင်းပြည်းနှင့် ထိပ်ပြောင်၊ လူ့ဘောင်တွင် အသုံးမရ၊ ဖျင်းလှ၍ ဘုန်းကြီးလုပ်သကဲ့သို့၊ ငါတို့ကို လိမ်လည်ပြုလိုက်သည်များမှာ၊ လားလားပင် မကောင်းလှဘူး ဒါယကာ။ သည်အရာကို၊ ဆရာက ယေဘူယျနည်းကိုလည်း မလွန်ရ၊ စကားလည်း နေရာကျ၊ သက်သေနှင့် ပြဦးမည်။

၁၂၀၉-ခုနှစ်၊ ဟိုသက္ကရာဇ်က၊ သုံးသစ်လောက်အသွား၊ သုံးဆယ်ထားကို၊ စပါးသုံးတင်း၊ ပေးသွင်းဝယ်ယူပြီးမှ၊ မလှီးရ, မဖြတ်ရ၊ များများပင် သုံးမကျ၊ ခုတ်မည်လို့ စလိုက်လျှင်၊

အသွားက တာတေလံ၊ ဆုတ်၍သာ ခံသောကြောင့်၊ လက်ပံနှင့် ကသစ်၊ ဆူးရစ်နှင့် ကလိန်၊ သန်ဆိန်နှင့် ညောင်ကျွပ်၊ သပြွတ်, ခဝဲပင်၊ နဘဲကိုမျှ၊ မစွဲလုံးလုံး၊ သူ့ဘာသာပဲ တုံးနှင့်သည်၊ အသုံးပင် မရ၊ ကွင်းရစ်သည် လက်စမှာလည်း၊ ဖအုပ်ထုပ်, ဗထက်ချိုက်၊ ငှသံညင်းချိပ်ပင် လိုက်ကရော့သည်၊ မထိုက်သည် ဓား၊ အဝယ်ပင် မှားရော့ထင့်၊ သံလိမ်နှင့်ပဲ ညားရော့ထင့်၊ စပါးသာ ၃-တင်းဆုံး၊ တသက်လုံး ပြောဖတ်ရှိ၊ 'တစ်ခါခိုး, တစ်ခါမိသည်'ဟု၊ လောကီစကား၊ ကြားဖူးသည်နှင့် ညီစွာ၊ ငါဆရာမှာ၊ စာကိုသာ သင်ကျွမ်း၍၊ သံကျမ်းကို မလိမ္မာသောကြောင့်၊ တကာက သည်တစ်ချက်မှာ၊ ကျောမိလျက် ရှိပေသည်။ အရှည်နောင်ခါ၊ ရွှေလုံးရွာတွင်၊ မေတ္တာ မပျက်၊ ဆက်လက်ရောင်းစား၊ အများရှင်,လူ၊ ရွာနေသူတို့နှင့်၊ ကြည်ဖြူရွှင်လန်း၊ ဝမ်းမြောက် ဝမ်းသာ၊ ပြစ်ဆာမရှိ၊ လုပ်မိသမျှ၊ ချီးမွမ်းဖွယ် ရ၍၊ လောကပစ္စုပ္ပန်၊ ၂-တန် ကောင်းကြသဖြင့်၊ အတ္တဟိတ,ပရဟိတ၊ ကိစ္စ ၂-ပါး၊ စီးပွါးမြော်မြင်၊ ဆင်ခြင်စဉ်းစား၊ အကျိုးလည်း များကြအောင်၊ မလားပါယ်ရွာ၊ သံသရာကို မျှော်ထောက်၍၊ လျောက်ပတ်အောင် ပြုစေချင်ကြောင်းကို၊ ထပ်လောင်း ၍ ငါဆရာက၊ မေတ္တာစကား မှာထားအမိန့်ရှိလိုက်သည်၊ ပန်းပဲဆရာ ဒါယကာ လွှန်းပြေ။

★★★★★★★

## (၉) ၁၂၁၁-ခုနှစ်တွင် မောက်ကျိုးရွာတောရ ဦးဇာဂရ-ထံ ကုလတက်-မည်ကြောင်းကို ပေးမှာလိုက်သည့် မေတ္တာစာ

**"မဟန္တော နိန္နာဒေါ အဿာတိ မဟာနိန္နာဒေါ"**ဟူသော ဝစနတ်၊ ကျမ်းမြတ်သဒ္ဒါ၊ မဟာကစ္စည်း၊ ချေနည်းမပျက်၊ မိန့်မြွက်ဝိဂြိုဟ်၊ ဖွင့်ဆိုအပ်သည်နှင့်ညီစွာ၊ မဟာမဏ္ဍလ၊ မြေများ ဦးစွန်း၊ ကျွန်းတကာ ကသိုဏ်း၊ တိုင်းတကာနှင့် ယှဉ်၊ ပြည်တကာ မျက်ရှု၊ သုနာပရန်၊ ကျမ်းမာန် အောင်နိုင်၊ တမ္ဗဒိပ်-ဟု၊ တံဆိပ်စစ်ကွင်း၏ အရေးတွင်၊ မန္တလေးရွှေတောင်၏ ကျက်သရေ၊ နန်းနေထီးဆောင်း၊ မင်းပေါင်းတကာတို့ ခဝပ်ရာ၊ အမရပူရ၊ နာမတွင်ခေါ်၊ ရွှေမြို့တော်ရပ်ကြီး ဝယ်၊ ဘုန်းမီးနေ,လ၊ အစိုးရသည်၊ ဘဝသခင်၊ ဘုရင်မင်းမြတ်၊ ဧကရာဇ်၏လက်ထက်၊ တုဖက် မမြင်၊ ထက်ခွင်,အောက်ရွာ၊ ကြေငြာပတ်ဝန်း၊ ကျွန်းအတည်တည်၊ ပြည်အစိုဓ့စို၊ မြို့အခန်းခန်း၊ နန်းအသီးသီး၊ ထီးအဆောင်းဆောင်း၊ ဘေးလောင်းဘိုးကျော်၊ လက်ထက်တော်က၊ မပေါ်မထင်၊ ဖက်မရ တုမမြင်၊ အုံးမောင်းတကာ ဘုရင်၊ မြန်ခွင်ဦးစွန်း၊ တစ်ကျွန်းနိုင်ငံ၊ အာသံ, ဟိန္ဒူး၊ ဗသျှူး, ပြင်သစ်၊ မရစ်, မဒရဲ၊ ရေမံ, ခရာသီ၊ ဘင်္ဂလီ, ဘင်္ဂလား၊ တလုပ်ပါ, ငလောဟာ၊ ကတ္တရာ, ကတ္တရီ၊ ကပ္ပလီ, ကပ္ပလာ၊ သညာကွဲပြား၊ ကုလား, သိန်းယို၊ ဘရင်ဂျီ, ဗာရာဏသီ၊ တပသီ, ဇော်ဂီ၊ ဗာလီ, သင်းတွဲ၊ ဥပြ, အင်္ဂလိပ်၊ ဗောဓိ, သုတ္တံ၊ စင်ကျံ, အင်းကျယ်၊ ဘင်္ဂလား, ပုဏ္ဏား၊ ဗသျှူး, စေတုတ်၊ လောယာ, မိစ္ဆာ၊ သဟဲ, သူထဲ၊ ကလံ, စကတံ၊ ဇဟုတ်, ဘထုံ၊ ဘာလီ, ပဏ္ဏိတ်၊ ပိသေ, သရက်၊ လဟက်, လဟောက်၊ သူလိ, လဟုတ်၊ အုဿရာ, ဩအာ၊

ပတိက္ကရာ, လင်တိကာ၊ စန္ဒာ, ကျမ်းတန်း၊ ခရော်, နှာတို၊ ဗျပါ, ဟာရိ၊ ကန္တီ, ဇော်ယာ၊ ဝေါကာ, ဒေါလာ၊ ဒေါမနာ, မောပါ၊ ရန်မန်, ပန်သော၊ ပိသေ, ရေသူ၊ စိန့်, သူလောင်၊ ချေချုပ်, ကန့်စို၊ အိမ်ပတ်, ဂွန်း၊ ရှမ်း, ယွန်း၊ ယိုးဒယား, လင်းစင်း၊ တနင်္သာရီ, တရုတ်၊ တရက်, ဂုဏ်၊ ခနူ, ဗဘု၊ လဝ, ပလောင်၊ ထားဝယ်, ကတူး၊ ကချင်, ကရင်၊ ကသဲ, သောက်ကထဲ၊ မျက်နှာမည်း, ချင်း၊ ကုန်းကင်း, လဝင်း၊ လပိုက်, မြုံ, စုံ၊ သထုံ, ကြောလင်းစက်၊ ရေမီးတွက်၊ ဇဝိန်,ဇဝါ၊ မြမ္မာ, ရခိုင်၊ ဘရယ်, တောင်သူ၊ ပြူ, ပြော့, ကမ်းယံ၊ မွန်တိ, မွန်နု၊ မွန်နန်း, မွန်ညှင်း၊ ဘယ်ဆီမှ ကြွင်းပြီဘူး၊ ထုပ်ချင်းလျှို ထုပ်ချင်းဖောက်၊ လူမျိုးစုံ ရောက်ကပြီ။

အောက်ရပ်မြေပြင်၊ မြန်နယ်တရိုး၊ ပဲခူး,ရန်ကုန်၊ ဒေါပုံ, ဒလ၊ မုတ္တမ, ဘင်လိ၊ ဟိုင်းကြီးဖြုပါ၊ မော်ဘာ, မှော်ဘီ၊ သာလဝိ, ပိန်သု၊ အစုစုဂါမ၊ နိဂမတို့ကို၊ နှုတ်ရွတ်တိုင်း မဆိုသာ၊ ဟံသာနဂရ၊ တိုင်းကြီးက စလိုက်လျှင်၊ မြစ်မတလျှောက်၊ နေပြည်သို့ ရောက်အောင်၊ အောက်မြို့တခွင်၊ ဗြဲအနှံ့ စင်ရော့သည်၊ ထက်ခွင်တရိုး၊ မိုးနဲ, သိန္နီ၊ မံကွန်ချီ, မံကွန်ချာ၊ ခွန်ခါ, ခွန်ခိ၊ ဘနိ, ဘနောက်၊ ကြူဖြောက်မခန်း၊ မန်ဟို, မန်းဟယ်၊ ပသွယ်, ညောင်ပင်၊ စကားပင်နှင့်၊ တောင်ကွင်း,တောင်မ၊ တောင်မဲ-စသည်၊ တောင်များ့ အချာ၊ ဟူးသာ, ဟူးမွေး၊ တောင်ပိုင်ကြေးနှင့်၊ နောက်မွေးခပ်ယွန်း၊ ရွှေပေါ်ကျွန်းက၊ ငဆောင်ချမ်း တခွင်၊ ကောင်စဉ် ကောင်းတုံ၊ သည်ကခုန်ခဲ့လျှင်၊ မြောက်ခွင်နောက်ချောင်း၊ မန်လောင်း, မန်စိ၊ မန်ဟီ, မန်ကု၊ ဉရုမှိုင် ရေပေါ်မီး၊ ရွာပတီးများမှာ၊ အနီးမို့ ချန်လှပ်၊ မဇ္ဈိမာ နယ်အစပ်၊ မြစ်သလ္လာ ထုပ်ချင်းခပ်၊ မြို့ဟံသာနိမိတ်သတ်၊ ဆိုခဲ့သည့် အရပ်တွင်၊ ထန်းပေါင်တင် ထုတ်ချင်းလျှို၊ လှိုင်မြင်းမိုရ် ဆင်စွယ်ဝန်း၊ ပြောတွင်းကမ်း ငါးကြင်းကွက်၊ ဗိုလ်ရေးတက် ပုဆစ်အိမ်၊ နဂါးလိန် ဝက်ခေါင်းထိုး၊ ကြိုးနွယ်တန်းကြိုးနွယ်ယှက်၊ ဘူးအုံခက် ရစ်လိန့်ကွင်း၊ မြင်းဇက်ခွ ဖွတ်မြီးလွယ်၊ ဂုံညှင်းနွယ် မှန်ကူကွက်၊ လက်ယှက်သည် အသွင်၊ ဆင်သွား, မြင်းသွား၊ ရထားသွား၊ ရှစ်ကွက်ကျား မကန်း၊ ကြက်ခြေခတ်ထောင့်သန်း၍၊ ခိုနန်းကျိုး အထပ်ထပ်၊ များများကြီး လပ်ပြီဘူး၊ နှံ့စာမြေပြင်၊ မြန့်ခွင်တလွှား၊ ဘယ်ဆီများတွင်မှ၊ မကြားဘူး, မကြုံဘူးပါ၊ ထူးမြတ် သည်အသံ၊ မြရောင်လျှံမိတ်၊ ဇမ္ဗူကျွန်းဦးထိပ်က၊ ကမ္ဘာ့ကျက်သရေ၊ သပြေပင်မြင့်၊ ဝင့်ချင်တိုင်း ဝင့်ကြရော့၊ အမြင့်ယူဇနာ၊ တစ်ရာလောက်ကြီး၊ ထိုပင်က သီးသောခါ၊ မြစ်ကြီး သမုဒ္ဒရာ၊ ကုန်းသာကမ်းထိပ်၊ ရွှေရောင်ဖိတ်, ငွေရောင်ဖိတ်၊ မြရောင်ဖိတ်, စိန်ရောင်လျှပ်၊ ပတ္တမြားရောင် ထပ်ကရော့သည်၊ တလစပ်အခါခါ၊ ခရာသံ, တံပိုးသံ၊ စောင်းညှင်းသံ, လင်းကွင်းသံ၊ ဒုံမင်းသံ, စည်ပုတ်သံ၊ တူရိယာသံစုံ၊ ပိုးပုံပျိုပြုပိုးပလုံ ဘိုးပုံ၊ အိုးအုံအိုးအင့်၊ ညီးညီးည ဆင့်ပြီးလျှင်၊ အမြင့်ယူဇနာ၊ တစ်ရာလောက်မျှထိုပြင်မက၊ ကျလိုက်သောအသံ၊ ဆိုရန်တဆင့်၊ ဝါ-သဒ္ဒါနှင့်၊ လှစ်ခါဖွင့်ရလျှင်၊ ရင့်ဆယ်စောင်မှတ်၊ မိန့်တော်မြတ်တွင်၊ ဇာတ်ဝိမုရ၊ ထုတ်ဖော်ပြသည်မှာ၊ သုံးလောကမှန်ကူ၊ နတ်လူတို့ ဦးကိုင်၊ ရန်နိုင်ဖက်ရှား၊ ငါးမာရ်အောင်သူ၊ ဗုဒ္ဓကို-ဟု၊ ပြိုင်တူမရှိ၊ ဗောဓိသတ္တာ၊ ဝိဓုရကို၊ ပုဏ္ဏက မတ်မဟာ၊ အံ့ရေးက သာသောကြောင့်၊ ဝိမလာရွှယ်ပျို၊ အရေးက လိုလှသည်။

နေညိုချမ်းမြ၊ အာကာသ-ဟု၊ မိုးဝတိမ်ယံ၊ စိတ်ထက် မြန်သည်၊ မြင်းပျံနတ်လှ၊ သိန္ဓဝနှင့်၊ ကစ္စာယန လုလင်ယောင်၊ တင်ယူကာ ဆောင်ပြီးလျှင်၊ တောင်အခန်းခန်း၊ လမ်းအဆစ်ဆစ်၊ သစ်အဆိုင်ဆိုင်၊ မြိုင်အဝဝ၊ ထိုကစ၍၊ ကာလဂီရိ၊ တောင်ညိုကို ထိခါမှ၊ ဗောဓိသတ္တ၊ ဝိဓုရအား၊ ဘယနတ္ထိ၊ ကိုယ်ပေါ် မသန်း၊ ဆံမြူခြမ်းမျှ၊ ဘေးဘယမ်းမှာ ရှိပြီ-ဘု၊ နွမ်းရိကာမျှ၊ သမ္ပဏ္ဏ-ဟု၊ မုခကြည်ရွှင်၊ နတ်ဘီလူး မြင်တည့်လျှင်၊ ကောင်းကင်ထက်မြင့်၊ ဝေရမ္ဘဆုံ၊ လေအဟုန်မှာ၊ မြူမှုံလို လွင့်ရော့ဟု၊ ဆင့်တည့်၍ တဖန်၊ နတ်မြင်းပျံနှင့်၊ မိုးယံတိမ်စပ်၊ ခုနစ်ထပ်သို့၊ ကျပ်ကျပ်နှင့်ဖိလောင်း၊ ဗောဓိ၏ အဟိတပစိတ၊ ပါရမီသမ္ဘာရ၊ ကြီးမြတ်သော ပုညကြောင့်၊ ဝေရမ္ဘလေဆိုးသည်၊ မိုးကြိုးတစ်သိန်းကျသော အဟုန်၊ မည်လိုက်သော အသံကဲ့သို့၊ ဆိုရန်တတော—

**တိမိရော စ တိပိင်္ဂလော၊ တိမိပိင်္ဂလ တိမိရ။**
**တိမိဂလော စ အာနန္ဒော၊ တိမိန္ဒော အဇ္ဈာရောဟ။**
**ပြဟာတိမိ စ အဋ္ဌမာ၊ မဟာမစ္ဆာတိ ဝုစ္စတိ။ ။**

ဂဏန်းနှင့် ထိခဲ့သည်၊ အာဒိမန္တ၊ ဝါစကဖြင့်၊ စ၍တက်လှမ်း၊ ရေအဝှမ်းတွင်မှ၊ ငါးမန်းနှင့်ငါးဆင်၊ ငါးပုတ်သင်, ငါးတန်၊ ငါးဟင်းငံ, ငါးသံချောင်း၊ ငကလောင်, ကကပေါင်း၊ ငါးနံချောင်း, ငါးစီပူ၊ ငါးခူ, ငါးရန့်တိုင်း၊ ငါးစင်ရိုင်းနှင့်၊ ငသိုင်း, ငါးကြင်း၊ ငါးထမင်းက၊ ငါးမြင်းရင်း, ငါးပတ်၊ ငါးစင်စတ်, ငါးထွေ၊ ငါးမွေ, ငါးရှဥ့်၊ ငစင့်, ငါးနွမ်း, ငါးမကရ်းတို့၊ ရှင်လန်းနှစ်သက်၊ ဝဲရေနက်တွင်မှ၊ ဝှမ်းတက်ကျိုကျို၊ ပျော်ဖွယ်ရှိလှသည်။

မနိ မနော စ ဝေဋ္ဌရိယော စ သင်္ခေါ ပဝါလော ရဇတော စ သုဝဏ္ဏော မုတ္တာ၊ က္ကန္ဒနီလာ တထွေ၊ ကျောက်မျိုးစုံ ပွေလှသည်၊ 'အဏ္ဏဝေန အဏ္ဏဝေါ၊ သာဂရော စ'၊ သမုဒ္ဒ-ဟု၊ ခေါ်ကြမည်သာ၊ မြစ်လဟာတွင်၊ ဓမ္မတာသဘော၊ ကျလျှောဆုတ်,တက်၊ ရေနက်ပြင်ကျယ်၊ ဂဏန်းနှင့် ခြယ်ရလျှင်၊ လေးဆယ်,ငါးဆယ်၊ ခြောက်ဆယ်ယောဇနု၊ အစဉ်သင့် ချပြီးလျှင်၊ ယောဟနဂင်္ဂါ၊ မဟိနာ-ဟု၊ ကြီးစွာလွှမ်းမိုး၊ လှိုင်းတံပိုးသည်၊ မိုးယံထက်မြင့်၊ အားကုန်ကြီးလွှင့်ပြီးလျှင်၊ အဆင့်ဆင့် အထပ်ထပ်၊ ပေါက်ပက် ခတတ်၊ ကမ်းလုံးရိုက် ဝမ်းလုံးလှိုက်၊ တိုက်လုံးနှံ့ကျွန်းလုံးပြန့်၊ မြစ်လုံးမောက်၊ ရေဆိုင်ကို ထွင်းဖောက်၍၊ ရှေ့နောက်ဆင့် အရပ်ရပ်၊ ဆုတ်,တက်ချေ အထပ်ထပ်၊ မျက်ကြောများ ပြတ်ခမန်း၊ ရှုသူများ ပန်းစလောက်၊ မူးဝေလို့ နောက်စရာ၊ ကြောက်မက်ဖွယ် ရေအထု၊ စတုရာသီတိ၊ အောက်မြေသို့ ထိအောင်၊ က္ကတောစိတော'စ၊ လှိုင်းရေမက၊ ကျလိုက်သော အသံ၊ ဆိုရန်ဆင့်ပွါး၊ မရှားကာလ၊ ထိုရေလုံး ကျသည်တွင်၊ လောကသညာ၊ မည်ထူးက သာသနှင့်၊ ဗလဝါမုခ်၊ ဝဲက စုတ်၍၊ မှုတ်လိုက်သောအသံ၊ အဃကဏ်နှင့်၊ တောင်ရံစက္က၊ ပဗ္ဗတသို့၊ ဧကယောဇနု၊ ဒွိယောဇနု၊ ပေယျာလ။ ဒသယောဇနံ၊ ပြည့်လျှံထက်မွန်း၊ တောင်အဝှန်းသို့၊ လွှမ်းလိုက်သောအသံ၊ ခြိုးခြိုးခြိမ့်ခြိမ့်သံ၊ သိုးသိုးသိမ့်သိမ့်လျှံ၊ ဒိုးဒိုးဒိန့်ဒိန့်ညံ၊ အမြောက်သံ, ဗုံးသံ၊ တော်သံ, လျှောင်သံ၊ ပုံ့တင်သံ, ဒီလှိုင်းသံ၊ မင်းဗန္ဓုလေးညို့သံ၊ ဆိုရန်တဝ။

**မေဃသဒ္ဒေါ တိယောဇနံ၊ ဘေရီသဒ္ဒေါ တိဂါဝုတံ။**
**မဟာနိန္နာဒသဒ္ဒေါ၊ ဓောဝီသသတဥဿဘံ။ ။**

ဆိုရန်ဆိုခွင့်၊ ဆိုသင့်သမျှ ဆိုလိုက်ရလျှင်၊ ဆိုစကျယ်ပွါး၊ နာသူများမှာ၊ နားရွက်မစွင့်၊ နားအုံ နင့်၍၊ ပွင့်မည်ကို စိုးသောကြောင့်၊ မလွန့်စသာ၊ ဋကထာနှင့်၊ ဋီကာမချဲ့၊ မဆိုခဲ့ပြီဖူး၊ တကဲ့ ကလတက်၊ သည်ကလတက်၊ အိုဘဲ့ ကလတက်၊ ကြောက်ဖွဲ့ ကလတက်၊ အကြောင်းမတန် ကလတက်၊ ကလတက်တကာ့ သမဏီထိပ်ပိတ်၊ အတိတ်ရ ကလတက်၊ ကလတက် တကာ့ သေးသေးတင်၊ ကလတက်တကာ့ ရှင်ဘုရင်၊

| | |
|---|---|
| တောင်တွင်လည်း မြင်းမိုရ်၊ | စည်တွင်လည်း ပဟိုရ်၊ |
| အချိုတွင်လည်း ထန်းလျက်၊ | အထက်တွင်လည်း စိန်စောင်း၊ |
| မောင်းတွင်လည်း နာရီ၊ | အနီတွင်လည်း ဟင်္သပဒါး၊ |
| အငန်တွင်လည်း ဆား၊ | အပါးတွင်လည်း စက္ကူ၊ |
| အပူတွင်လည်း ငရဲမီး၊ | ကိုယ်ကြီးတွင်လည်း အသူရိန်၊ |
| ဒေဝိန်တွင်လည်း သိကြား၊ | ပတ္တမြားတွင်လည်း ဇောတရပ်၊ |
| အမြတ်တွင်လည်း နိဗ္ဗာန်၊ | အသံတွင်လည်း မိုးကြိုး၊ |
| အခိုးတွင်လည်း နဂါး၊ | အသားတွင်လည်း ဝက်၊ |
| အသီးတွင်လည်း သရက်၊ | ကလတက်တွင်လည်း နိန္နာ၊ |

လူပြည်တွင် ဖက်မရ၊ ခုဆို၍ ပြခဲ့သည်။ ဂုဏဝိသိသ်၊ အတိတ်နာမ၊ ဝိသေသဖြင့်၊ နိန္နာဒမည်သီး၊ ထိုကလတက်ကြီးသည်၊ အရပ်နီး,အရပ်ဝေး၊ ကျေးနယ်တခွင်၊ လူရှင်တို့နား၊ ထက်ဝန်းကျင် ကြားကြလျှင်၊ ဘုရားပုထိုး၊ ရှိခိုးပူဇော်၊ ဖူးမျှော်ကြသံ၊ တည်ညံနှင့်၊ စာအံသူ တခြား၊ သွားကြ တတန်၊ ပြန်ကြသူ တသွယ်၊ လုပ်ဖွယ်ဆောင်မှု၊ ပြုကြသည် ဗလရှုပ်၊ လယ်လုပ် တောင်သူ၊ မိလက္ခုတို့လည်း၊ အူအူသောသော၊ စောစောမိုးသောက်၊ နိန္နာဒ ခေါက်ကပြီ-ဟု၊ သူနောက်ငါ မကျ၊ ကျွက်ကျွက်ဆူ ထကြသည်၊ နိန္နာဒကျေးဇူး၊ ဂုဏ်အထူးကို၊ ချီကျူးအသင့်၊ ဋီကာနှင့် ဖွင့်ရလျှင်၊ ရေမြင့်တုံ ကြာမြင့်တုံ၊ ဆိုသော ပုံကဲ့သို့၊ ဉာဏ်ဟုန်နှင့် ကလတက်၊ တရှိန်တည်း တက်သောခါ၊ နားရွက်သူများ၊ ဝံ့သူ ရှားမည်ကြောင့်၊ စကားအညွန့်၊ အကျယ်ကွန့်၍၊ မလွန့်စသာ၊ ဇေယတု မင်္ဂလာမှာ၊ ယဉ်ကဗျာ နိဂုံးနှင့်၊ အဆုံးတိုင် ချီး၊ တိုင်းသိင်္ဂါ ပြည်အဝှန်းက၊ လွမ်းစရာ နယ်တခို၊ ကြားထည့်သူ ချိုရအောင်၊ ရှားငုတ်တို တိုင်ထောက်နှင့်၊ ခါးစောင်းလောက် မြှောက် တင်၊ ခိုင်လှသည် ထိုစင်မှာ၊ ပဲ့တင်သံ ဟိဟိနှင့်၊ မည်လှအောင် တီး။

★ ★ ★ ★ ★ ★ ★

## (၁၀) ရတနာသိခ်မြို့၊ ကျေးပင်ကန်ရွာ၊ ရှင်ဇောတ-က ဗန်းမော်အရပ်သို့ ရောက်၍ တစ်ခေါက်တစ်ခါမျှ မလာသောကြောင့် ပေးမှာလိုက်သည့် မေတ္တာစာ

"ဆ နိဝရဏာဝိသုဒ္ဓိ၊ အနုသရိရံ သတ္တမ၊ ဒွေးပဉ္စသံယောဇဉ်၊ ၄-ယဉ်သော ဩဃော၊ အာသဝေါ အဝိဇ္ဇာ၊ တဏှာထောင်ညွတ်တို့မှ၊ လွတ်သင့်လွတ်အပ်၊ ၅-ရပ်သော ဂတိတို့သည်၊ မငြိမရောက်၊ မဖောက်မပြန်၊ နိဗ္ဗာန်တည်း-ဟူသော ခရီးကြောင်းသို့၊ ဆောင်းထိုက်သော ထီး ၄-ဆူ၊ ယူထိုက်သော ဓား ၄-စင်းကို ယူငင်၍၊ ၈-ပင်တိုင် မဂ်ဖောင်မြတ်ထက်၊ သတ္တပတ် ဗောဇ္ဈင်ရိပ်ဝယ်၊ ခိုအိပ်သော အောင်သူနွယ်ကဲ့သို့၊ ကူလွယ်သည်သာ ဖြစ်ပါစေသော"ဟူ၍ လည်းကောင်း၊ "အာယုဝဏ္ဏ သုခဗလံ၊ တုယျံခိပ္ပ၊ ပြည့်ဝစုံလင်၊ လိုအင်ဆန္ဒနှင့်၊ စေတသိက ကာယိန္ဒြေ၊ ၂-ထွေသော သုခ၊ နှစ်ဝသော ချမ်းသာ၊ ရာကျော်အသက်၊ တိုးတက်ပြန့်ပွါး၊ တရား ဣဋ္ဌာရုံ၊ အင်္ဂုံအပွင့်၊ ကြီးရင့်တျန့်ခိုင်၊ ပြီးပိုင်ကြသည်သာ၊ ဖြစ်ပါစေသော"ဟူ၍လည်းကောင်း။

အနောတတ္တဆဒ္ဒန်၊ မန္ဒာကိနိ၊ ဘုန်းရှိသော ရေမျှမက၊ အဇ္ဈတ္တိကကျွန်းဝယ်၊ ခုနစ်သွယ် သော ဝိညာဏ၊ ဓာတ်တည်းဟူသော ရေပန်း,ကြည်းပန်းတို့သည်၊ အုပ်လွှမ်းဖုံးမိုးလျက်၊ ငါးဆယ့် ငါးချက်သော ဇောအပွင့်တို့သည်၊ ခုနစ်ဆင့် ခုနစ်ဆင့်မုံ၊ ငုံအာကြီးရင့်ကြပေသောကြောင့်၊ သာဓာရဏ စေတသိတ် ၇-ပါးတည်းဟူသော ပျားမွဲ, ပိတုန်းတို့သည် တရုံးရုံး ပျံဝဲယစ်မူးလျက် ၆-ဦးသော ပကိဏ္ဏက၊ ပြိုးပြွမ်းကြသော ရေကျေး,ရေကြက်၊ ကျေးငှက်ဟင်္သာတို့နှင့်တကွ၊ သိတုဒက မဟာသရ၊ သုံးဝသော ကတ္တားသံ၊ ၂-တန်သော ကမ္မသတ်၊ စက်ရဟတ် ပြွန်ဝမှ၊ စီးကျသွယ်ဖြာ လျက်၊ ခန္ဓာမြင့်ရှည် တည်သမ္ဘကာလ၊ ဝိညူဂရဟ၊ အသပ္ပုရိသ ဓမ္မပကုပ္ပတရားတို့မှ၊ ပယ်ရှား စွန့်ခွါလျက်၊ ချမ်းသာအမွန်၊ ဆကဲလွန်သည်၊ သီဝံ <u>ဝထ</u> ဝါနမုတ္တာ၊ နိဗ္ဗာန်ရွာသို့ နီဝရဏာရေလှိုင်း မှ၊ ကသိုဏ်းတည်းဟူသော ရွက်ဖြူကို၊ လူလူဖြန့်လွှား၊ ဆန်သွားနိုင်ကြသည်သာ၊ ဖြစ်ပါစေသော- ဟူ၍လည်းကောင်း။

အပေါင်းရော အစိတ်ရော၊ တကြိတ်တည်း နှောသဖြင့်၊ ဩဒိဿနဝတတ်က၊ ရဟတ်ကို လှည့်ထွန်း၍၊ ပို့သွန်းသော မေတ္တာ၊ ရေနံ့သာကို၊ ကောင်းစွာခပ်သိမ်း၊ သုတ်လိမ်းသောက်ချိုးလေ့ ရှိပါသော၊ ရတနာသိခ်- နဂရ-ဟု၊ နာမခေါ်ဆို၊ မြို့ရွှေဘို၏၊ အဟိုဒိသာ၊ ဒက္ခိဏာ၌၊ ဤသာ ခပ်ယွန်း၊ ရှေ့တောင်စွန်းတွင်၊ ကွန့်ရွှန်းကျက်သရေ ဂုဏ်မြူတေနှင့်၊ ရွှေကံသာလှ၊ ဖွားချက်ကြွေ သည့်၊ ယင်းဒေသက၊ မိဘနှစ်ဖြာ၊ ဉာတကာတို့၊ ဆယ်ဖြာစုံယှက်၊ တန်ဆောင်လက်ကို၊ ဦးခေါင်း ထက် ရွက်ဆင်လျက်၊ ကြည်လင်ညွတ်တွား၊ သနားရိုးကျိုး၊ ရှိခိုးနားတော် လျှောက်ပါသည်။

အတုလအစစ်၊ ဓမ္မရာဇ်ဘုန်းမော်၊ ရှင်တော်ဘုရားသည်၊ ဖွားတော်မူရာ၊ ရာဇဓာနီ၊ ကပိလဝတ်၊ ပြည်တော်ကို စွန့်လွတ်၍၊ ကျွတ်ထိုက်သော သတ္တဝါ၊ ဝေနေယျာတို့၏ မျက်နှာကို

ထောက်ရှုသဖြင့်၊ သံသုမာရ၊ ကောသလနှင့်၊ သာကေတ, ရာဇဂြိုဟ်၊ ထိုထိုမြို့ရွာ၊ ရပ်ဒိသာသို့၊ ဒေသစာရီ၊ လှည့်လည်ကြွသွား၊ တရားရေအေး၊ တိုက်ကျွေးဆုံးမ၊ ပြသတော်မူပေသကဲ့သို့၊ ဆွေဉာတကာတို့၏ မျက်နှာကို၊ တွယ်တာသနား၊ ထောက်ထားခြင်း မရှိ၊ မုနိထွတ်ထား၊ မြတ်ဘုရား၏၊ သားတော်အစစ်၊ ဖြစ်သည့်တိုင်း၊ မရှိုင်းမညှတ်၊ လွတ်လွတ်စွန့်ခွါ၍၊ အောက်ရွာအောက်ပြည်၊ စုန်သွားသည်လည်း၊ တလည်တခေါက်၊ ရပ်ဌာန်သို့ ရောက်သဖြင့်၊ ခရီးထောက်တစ်ခန်းမျှ၊ စက်ပန်းမဖြေ၊ ဆန်ကြွလေ၍၊ ဝေးမြေသီခေါင်၊ မိုးလုံးမှောင်သည်၊ တောင်အခန်းခန်း၊ လမ်းအဆစ်ဆစ်၊ မြစ်အမြွာမြွာ၊ တသက်လျာတွင်၊ တစ်ခါတစ်ခေါက်၊ ကိုယ်မပါဘဲ၊ စိတ်သာ ရောက်ကြသည်၊ ဤမျှလောက်ဝေး၊ ဗန်းမော်ကျေးမှာ၊ ရင်သွေးရတနာ၊ သားသည်ချာသည်၊ မင်္ဂလာမမွေ၊ ဖုဋ္ဌသကို၊ ရွှရွှနူတ်ငုံ၊ ဗန်းမော်နှင့် ရန်ကုန်၊ အဆန်နှင့် အစုန်ကို၊ အနုလုံ တဝ၊ ပဋိလုံ တခန်း၊ သည်ကမ္ဘဋ္ဌာန်းနှင့်ပင်၊ "ငါ့လမ်းကို ငါသွား၊ ဘယ်သူက တားမလဲ"၊ စကား သည်လို၊ သို့မဆိုသော်လည်း၊ အလိုတော်အရ၊ စိတ်တိုင်းကျ၍၊ မုတ္တစာဂီ၊ စာမရိကဲ့သို့၊ လောကီကို မယှဉ်၊ မွေးမိခင်နှင့်၊ ဖခင်နှစ်ပါး၊ ပစ်စွန့်ထား၍၊ ကြွသွားတော်မူပေသည်။

ကိစ္စမှာ သံဝေဂ၊ ဓမ္မတရားနှင့် ချလျှင်လည်း၊ မဟေလဂါမ- နဂရတွင်၊ စူဠနာဂ၊ မဟာ-နာဂ၊ နာမတွင်ခေါ်၊ နှစ်ဖော်ထေရ၊ ဘာတိကတို့သည်၊ တိံသဝဿာ၊ သို့လောက်ကြာမှ၊ တစ်ခါတခဏ၊ ရပ်ဌာန်သို့ ကြွသည်-ဟု၊ ကဿပသုတ်၊ သံယုတ်ကျမ်းအထွက်၊ ဝိသုဒ္ဓိမဂ်အဋ္ဌကထာ၊ ယင်းဋီကာတို့၌လည်း၊ "ဝိဇာတမာတုယာပိ ဂေဟေ တေမာသံ ဘုဥ္ဇမာနော အဟံ ပုတ္တော၊ တွံ မာတာတိ န ဝက္ခတိ"၊ ပါဠိအရ၊ ကောရဏ္ဏဂါမတွင်၊ ဒဟရဘိက္ခု၊ သည်ဝတ္ထုမှာလည်း၊ ကျေးဇူးသခင်၊ မွေးမိခင်နှင့်၊ တူပင်မခြား၊ နေ၍ သွားသည်မှာ၊ သား-ဟူ၍ မသိတတ်၊ အာဂန္တုက အမှတ်ဖြင့်သာ၊ ၃-လတိုင် ကြာသည်ကိုလည်း၊ သာဓက ၁-ရပ်၊

မောနေယျဇာတ်တွင်လည်း၊ မရပ်မနား၊ မပြတ်ပင် သွားသဖြင့်၊ သက်တိုင်အောင် ကျင့်မှ၊ နိဗ္ဗာန်ကိုရသော မောနေယျပဋိပဒါ၊ အာကခေ်ယျသုတ်၊ သံယုတ်ကျမ်းအပြ၊ တရားနှင့် ချသဖြင့်၊ ကြောင့်ကြကြီး,ငယ်၊ ကင်းဖွယ်ကိစ္စ၊ ရှိသင့်လှသော်လည်း၊ ပိယတော ဇာယတီ သောကော၊ ပါဠိတော့်အရ၊ အတွင်းတွင် ကျသော၊ အန္တောဂဓ၊ မာလအစစ်၊ မိဘဖြစ်၍၊ ချစ်ခြင်း,မုန်းခြင်း၊ ကြောင့်ကြခြင်းတို့မှ၊ မကင်းကြသောကြောင့်၊ တသ-လျက် အောက်မေ့မိ၊ ပုထုဇန်ဂတိသို့၊ လိုက်မိသောကာလ၊ ကောင်းကင်ဝတွင်၊ နေ,လကိုစဉ်၊ ကြည့်သော် မြင်တော့သည်၊ ချစ်ရှင်သားလှ၊ ဦးဇောတ၏၊ ဂတဒိသာဒိမုခေါ်၊ မြို့ဗန်းမော်သို့၊ ကော်ရော်စုံစက်၊ ဆယ်ချောင်းလက်ကို၊ သိပ်ထက်ပန်ဆင်၊ ဖူးမျှော်ချင်သော်လည်း၊ ဘယ်တွင်,ဘယ်လမ်း၊ ဘယ်စခန်းကိုမျှ၊ ထောက်လှမ်းတွေးဆ၊ နေဌာနကို၊ ရမ်းဆပိုင်ပိုင်၊ မသိနိုင်သောကြောင့်၊ စိတ်မှိုင်လက်ချ၊ မျှော်နှင့်ရသည်မှာ၊ ကာလရှည်ကြာ၊ မကြွလာသောကြောင့်၊ အာသာဆန္ဒ၊ မကုန်ကြ၍၊ မိဘနေရာ၊ သားနေရာနှင့်၊ နှစ်ပြည်နှစ်ကွဲ၊ နှစ်ဌာန လွဲချေသည်၊ မရောင့်ရဲခြင်း တရား၊ ယင်းအများတွင်၊ သားကို မိဘ၊ မြင်ရ၍ မရောင့်ရဲသည်က၊ ဆက်ကဲလွန်စွာ၊ ဒေသနာတွင်လည်း၊ "မာတာ ပုတ္တံ ဩရသံ"၊ ကျမ်းဂန်

တဝ၊ **“ဧကပုတ္တံ’မနုရက္ခေ၊ ဧကဒ္ဓံ ဝိယ စ တံ မညေ”**၊ မိန့်ထွေလှစ်ဖော်၊ တရားတော်ကို၊ ထောက်မျှော်၍ ရှု၊ သားတစ်ခုကြောင့်၊ အာယုဆုံးစေ၊ သမုတ်ရေကို၊ တင်ပေသော သာဓက၊ ရှေးရှေးသော ဘဝက၊ ချဖူးသော ရေစက်၊ ပန္နက်ဆုထူး၊ ပန်ခဲ့ဖူးသည်၊ ကံထူးဝါသနာ၊ ပါကြသည်နှင့် အညီ၊ ခင်လီလုပ်ကျွေး၊ မွေးမြူထောက်ရှု၊ သိန္နေရု-ဟု၊ ၃-ခုသော ဝိဂြိုဟ်ဖြင့်၊ မြင်းမိုရ်နှင့် ပုံခိုင်း၍၊ နှိုင်းသင့်နှိုင်းအပ်၊ ဒြပ်ဂုဏ နှိုင်းထိုက်လှအောင်၊ ရွက်ဆောင် မ-စ၊ စောင့်ရှောက်ရသော၊ လောကတစ်ဦး၊ ဂုဏ်အထူးဖြင့်ပင်၊ ကျေးဇူးကို မျှော်ထောက်၍၊ ချီးမြှောက်သင့်သောအရာ၊ တရားတော်လာသည်မှာလည်း–

**“ပါပါ နိဝါရေန္တိ၊ ကလျာဏေ နိယောဇေန္တိ၊ မေတ္တစိတ္တေန အနုကမ္ပန္တိ”** ပါဠိတော် တစ်စု၊

**“အသုတံ သုဏန္တိ၊ သုတံ ပရိယောဒါပေန္တိ။ သဂ္ဂမောက္ခံ အာစိက္ခတိ”** ရှိသည် တစ်စု၊

**“ယာဝဇီဝမ္ပိ နိစ္စာ’ဟံ၊ မာတာပေတ္တိ ဘရော အသံ”**၊ မဟာလိသုတ္တန်တွင်၊ ကျင့်ရန်တရား၊ ၇-ပါးကိုလည်း၊ ထောက်ထားယူဆ၍၊ အတုလစစ်၊ ဓမ္မရာဇ်ဘုန်းမော်၊ ရှင်တော်ဘုရားသည်၊ သွားရာဌာန၊ ကပိလသို့၊ သုဒ္ဓေါဒနရာဇာ၊ ဆွေညာတကာ အစုတို့အား၊ ကိုယ်တော်တိုင် ကြွသွား၍၊ တရားရေအေး၊ တိုက်ကျွေးဆုံးမ၊ ဟောဖော်ပြသည်ကို၊ သာဓကဝတ္ထု၊ သက်သေပြု၍၊ ဂရုကထ၊ ပြုထိုက်လှသော၊ မိဘနှစ်ဖြာ၊ ညာတကာတို့၊ နေရာဌာန၊ သိမ်ရပ်ဌာန်၊ ရွာမွေကန်သို့၊ လျင်မြန်ခဏ၊ ကိုယ်တော်ကြွ၍၊ ဓမ္မရေအေး၊ အမြိုက်ဆေးဖြင့်၊ တိုက်ကျွေးတော်မူစေချင်ကြောင်းကို၊ ရှိပျောင်းကော်ရော်၊ လက်စုံဖော်၍၊ ထိပ်ပေါ်ဟတ္ထ၊ ပဏာမဖြင့်၊ ပါဒနှစ်ဖြာ၊ စိတ်နှစ်မွှာကို၊ ဘမရာပိတုန်း၊ ကားကားပွင့်အာ၊ ပဒုမာကို၊ စုကာ ရုံးသကဲ့သို့၊ သုံးလီသော ဒွါရဖြင့်၊ ကာယ,ဝစီ၊ မနောညီ၍–

> **အဥ္စလိံ ပဂ္ဂဟေတွာ၊ ဒသနခသမောဓာနသမုဇ္ဇလံ။**
> **အဥ္စလိံ ဥပကဒ္ဓိပိတွာ၊ ဂါရဝေန အဥ္စေတိ ပူဇေတိ အနေနာတိ အဥ္စလိ။** –

မြွက်ချီသံချို၊ မိန့်ဆိုထူးဆန်း၊ ရွှေကျမ်းဋီကာ၊ ပါဌ်တော် လာသောကြောင့်၊ ပဏာမေတိ၊ ပူဇေမိဖြင့်၊ ဇောဝီထိ အခါခါ၊ တဒါရုံ အတင်တင်၊ ဘွင်အကြိမ်ကြိမ်၊ မနိန္ဒြေ ညွတ်ပျောင်းလျက်၊ ဆယ်ချောင်းဟတ္ထ၊ ပဏာမဖြင့်၊ တုပ်ကွကော်ရော်၊ ကျေးဇူးတော်ကို၊ ထိပ်ပေါ်ပန်ဆင်၊ ကြည်လင်ညွတ်တွား၊ ကြောင်းစကားကို၊ လျှောက်ကြားဆက်ကပ်လိုက်ပါသည်။ ဝါ၊ လျှောက်ကြားဆက်ကပ်လိုက်ပါသည်၊ ပိယပုတ္တာ၊ ဩရသစစ်၊ ရင်သွေးဖြစ်သည်၊ သားချစ်မှန်လှ၊ ဦးဇောတ။

> ဥဒ္ဓံ ယာဝ ဗန်းမော် စေဝ၊ အဓော ယာဝ ဒလ, ရန်ကုန်။
> ပဋိလုံ စ နုလုံ တဝ၊ ဖီလာထုတ်ချင်း စ ရံတခါ။
> အယံ ဝုစ္စတိ ပဏ္ဍိတာ’-ဂမနဿ ပဋိပဒါ။ ။

★★★★★★★

### (၁၁) ၁၂၀၆-ခုနှစ်တွင် မြေတူးမြို့၊ အောက်တိုက်တနယ်ရွာ၊ ဆရာဘုန်းတော်ကြီး-က "အုန်း-၁၀၊ မှတ်-၅၊ တံမြက်စီး-၁ ကပ်လှူပို့ရောက်ပြီးနောက် ၎င်းဒါနအကျိုးကို သာယာနာဖွယ်ရှိအောင် လျှောက်ထားလိုက်ရမည်"အမိန့်ရှိသောကြောင့် ၎င်းဒါနအကျိုးကို သဂ္ဂကထာ, မဂ္ဂကထာ, အာဒီနဝကထာ, သြသာနကထာ စုံလင်စွာနှင့် ကဗျာစကားဖြင့် လျှောက်ကြားဆက်ကပ်လိုက်သည့် မေတ္တာစာ

'ဒဟရ ကုမာရ ကညေ ပဿိတွာ ပိယံ မေ ဟဒယေ' ပါဠိလာ်သည့်အနေမှာ၊ သားရေပြည့်တင်း၊ အဆင်းသဏ္ဌာန်၊ ကြန်အင်လက္ခဏာ၊ အင်္ဂါ ၅-ပါး၊ ယောကျ်ား,မိန်းမ၊ ကာလပေါ်ဗျာဆန်လှ၊ ခိုတောင်ကျ ကျေးတောင်ကော့၊ ပျော့သူက ပျော့၊ ကြော့သူက ကြော့၊ ပြုသူက ပြု၊ နုသူက နု၊ ပြင်သူက ပြင်၊ ယဉ်သူက ယဉ်၊ အပျိုသင် အတောင်စုံ၊ မျက်နှာပုံ ချိုချိုမှာ၊ တစ်ကိုချစ်၊ နှစ်ကို ကြိုက်၊ စိတ်အဝင်များ ခြိုက်ထည့်အောင်၊ အလိုက်သင့် ခုံးမျက်မှာ၊ သက်သက်ကယ်သုတ်ပြီးလျှင်၊ ဆေးစုတ်တံ မင်သတ်၍၊ မိုးတိမ်တပ် လျှပ်ရောင်ပြေး၊ သက်တန့်ကွေး ဗိုလ်တက်ရေး၊ လကွေးသည့်သဏ္ဌာန်၊ ကိန္နရာဝဲပျံ၊ ရှစ်ကွက်ကျား အဟန်၊ လွန်းပြန်သည့် လက်ချိပ်၊ ရွှေမိတ်နှင့် သုဂန္ဓရာ၊ ဆာပါက အဆန်းဆန်း၊ ယဉ်ပုံက အခန်းခန်း၊ နန်းသူဇာ လက်ပါးစေ၊ နတ်ပြည်က နတ်များနှင့်၊ ပုံမခြား သီသီကွာ၊ လူမို့သာ မယှဉ်လောက်၊ မိုးသူဇာ ဂိုဏ်းထောက်၊ မြင်ရသူ စိတ်နောက်၊ မီးတောက်၍ ဘွင်မှာ၊ နှင်လိုက်သည် ကိလေသာ၊ သုဘကိဏှ် ဘုံအောက်ဝယ်၊ တလျှောက်တည်း ရေအလျှံကဲ့သို့ မကြံတတ်, မဖန်တတ်၊ အနေကတ် နေမတည်၊ ချစ်ကြည်သည် မေတ္တာနှင့်၊ စိတ်တဏှာ ကာမဂုဏ်၊ စုံလိုစုံ ဆန်လိုဆန်၊ ရွှေနားပန်ခြူးလွှာ၊ မုတ်ပုတီးစိန္တာကို၊ လည်မှာဝင်းလျှံ၊ တကျွန်းသူနိုင်ငံ၊ အာသံ, ဟိန္ဒူး၊ ဗသျှူး, ပြင်သစ်၊ မဒရစ်, မဒရုံ၊ ငရမံ, ခရာသီ၊ ဘင်္ဂလီ, ဘင်္ဂလာ၊ တလုပ်ပါ, လောမာ၊ သဘော်ပါ ဇာညွှန့်၊ ဇာတဘက် ရွှေပွင့်ချယ်၊ ရွှေနွယ်ရစ် နဂါးလိမ်၊ ပုဆစ်အိမ် စူကာခိုင်၊ ဆိုင်သနှင့် ပြိုင်သနှင့်၊ အလိုက်သင့် တင်ရုံး၍၊ ပခုံးပြင်အပေါ်မှ၊ တော်ရုံတန် နှစ်သွယ်ချ၊ လွန်းကိုက်ပုံ ငါးဆယ်ကျနှင့်၊ နံ့သာက ဖုံဖုံ၊ ချိုမျက်နှာ မှုန်မှုန်၊ ပုဝါကို ခြုံပြီးလျှင်၊ ဥဏှာဂူရ၊ ဂေါယာသို့ အကြွတွင်၊ တခြမ်းက ယုဂန်ခွင်၊ ဝင်လုဆဲ ခိုလုဆဲ၊ တနဲက တဖုံဖုံ၊ နေရုဏ်နှင့် အသင့်၊ တိမ်ဘုံက လွင့်လိုက်သည်၊ အဆင့်ဆင့် ပန်းစူကာ၊ ဒဝါနှင့် အနီ၊ ကတ္တီပါဇော်ရမ်း၊ မရမ်းကွက် ပုဆစ်အိမ်၊ ပြည်ဝတီမှာ၊ ထိန်လျှံဝင်းဖြာ၊ သည်အခါဝယ်၊ ကေသာကို ဖြန့်လှန်း၍၊ ညချမ်းသောအခါမို့၊ ဂေါသိတာ လေပြည်က၊ ညှင်းလှာသည် အရေးကြောင့်၊ ရွှေသွေးခိုင် စမွယ်၊ တကယ်လဲ မထင်၊ မမြင်ဘဲလည်း မရှိ၊ မချိရုံ လေလျှပ်၍၊ လပ်ခနဲ လစ်ခနဲ၊ ဝင်းခနဲ မှုန်ပြာလွင်၊ ထင်လိုက်သည်အဟိုး၊ မိုးတိမ်တောင်အကြားက၊ လသွားသည့် သဏ္ဌာန်ကဲ့သို့၊ အတန်တန်အဖန်ဖန်၊ အပြန်ပြန် မနောက၊ ဇောဝီထိယှက်တင်၊ ကလျာဏာ ငါးအင်၊ စုံလင်မယွင်း၊ ပြစ် ၆-ပါး ကင်းကြသည်၊ မင်းယောကျ်ား, မင်းမိန်းမ၊ မြဲကုသိုလ်

ဒါနနှင့်၊ စောင့်သီလ ဘာဝနာ၊ သောင်နိဗ္ဗူခေမာသို့၊ ဌာဂ်မာမဂ်လမ်းက၊ ဖြောင့်တန်းတည့်မတ်၊ သော့အလျင် ကပ်ထည့်အောင်၊ ကန့်လန့်ဖြတ် ဝဲရေဆိုင်၊ ရေတက်သံ မြိုင်မြိုင်နှင့်၊ ပဲ့ကိုင်သူ အရပ်ရပ်၊ ဦးစီးသူအထပ်ထပ်၊ ဝမ်းလှိုင်က ရွက်စပ်၊ ဘုံသုံးဆယ့်တစ်ရပ်ကို၊ အချည်းနှီး လပ်မည် နှယ်၊ မပြတ်သော ကုသလ၊ လှူမျိုးစေ့ ချကြသည်။

မြတ်ပုညု ကုသိုလ်အင်၊ ဇောပီတိ စိတ်ရွှင်၊ ကြည်လင်မနော၊ ကြီး,ငယ်သူ တသောသော၊ အံ့သြဖွယ် အထွေထွေ၊ ပင်နေပင် မြမြင့်၊ အဆင့်ဆင့် အဆိုင်းဆိုင်း၊ မှိုင်းမှိုင်းမှိုင်း မှိုင်းရီရီ၊ ပတ် လည်ချာ ပတ်လည်ဖြာ၊ ဝတီသာကဲ့သို့၊ သာယာနုပျို၊ အုံးညိုရစ်သွယ်၊ ရွာရွှေနယ်ရပ်ကြီး၏ အဟို၊ ပုဂ္ဂိုလ်ထေရ်မွန်၊ သီလဝန်သူမြတ်က၊ လှူကပ်ရန် အသွယ်သွယ်၊ အုန်း-၁၀, မှုတ်-၅၊ တံမြက်စည်း ၁-များနှင့်၊ စာရင်းသစ် ရွှေတိုက်ဝင်၊ သိဒ္ဓိတင်မင်္ဂလာ၊ ဒေသနာတော်မြတ်နှင့်၊ လျှောက်ပတ်အောင် တန်ဆာဆင်၊ မနောမှ ရွှင်ထည့်၍၊ ဟဒယင်္ဂမ၊ ကဏ္ဏသုခါ၊ ကြားသူတို့ နာသာအောင်၊ လင်္ကာဆို သံထောက်နှင့်၊ လျှောက်ရမည်-အမိန့်၊ ရွှေခွန်းတော် ငြိမ့်သည်တွင်၊ နှစ်သိမ့်နာဖွယ်၊ ဒေသနာသွယ်ပြီးလျှင် အကျယ်နှင့် လျှောက်ရန်မှာ—

**“တိဏ္ဏံ ဘိက္ခဝေ သမ္မုခီဘာဝါ သဒ္ဓေါ ကုလပုတ္တော ဗဟုံ ပုညံ ပသဝတိ”**

ဒေသနာရှိသောကြောင့်၊ ပါဠိရင်း အမှန်၊ သဒ္ဓါက ဖြောင့်သန်၊ ပြည်နိဗ္ဗူကမ်းယံကို၊ ရွှေဖောင်ပျံ အတက်၊ လက်ဆောင်တော် ဆက်ရအောင်၊ ဘော်တွင်းထွက် ငွေစင်၊ ကုသိုလ်စက် ကျိုးအင်မှန်၊ ရွှေအစင် ဇမ္ဗူရစ်ကဲ့သို့၊ နှစ်သက်ဖွယ်အဆင်း၊ အာယုကပ်ခပင်း၊ ဆဒ္ဒန်နှင့်ပုံခင်း၊ နတ်ပြည်နှင့် မယွင်း၊ မြောက်ကျွန်း လူသနင်း၊ ပညာရောင်တဝင်းဝင်း၊ တေဇာရောင် တလင်းလင်း၊ လူ့ပြည်ကို ချွင်းခဲ့လျှင်၊ နတ်မင်းကြီးအစစ်၊ သိကြားပင် ဖြစ်ထည့်၍၊ စုလစ်ဘုံပျံ၊ ဝေဇယန်မှာ၊ ခရာသံ တခြိမ့်ခြိမ့်၊ စောင်းငြင်းသံ တငြိမ့်ငြိမ့်၊ ရွှေစည်သံ တထိမ့်ထိမ့်၊ ကြောခြင်များ စိမ့်တည့်အောင်၊ ထောင့်ငါးရာရန်၊ ရတနာအတိ၊ လျှံပြောင်ပြောင် လောင်ငြိ၍၊ မဏိစုံ ရောင်လျှပ်သည်၊ နဝရတ် ဗိမာန်မှာ၊ နောက်ယံက မှီအုံးမှာ၊ သလုံးကို တင်ချိပ်လို့၊ စိတ်ရှိတိုင်း စံလိုစံ၊ ပါသာဒဝေယန်မှာ၊ ဧယဉ်ပျံ တက်စီး၍၊ ရိုဟီးလေး လွှဲလိုလွှဲ၊ သုဓမ္မာနတ်ပွဲမှာ၊ တော်လဲသံ တသိမ့်သိမ့်၊ သဘင်သံ တခြိမ့်ခြိမ့်၊ မြင်းမိုရ်တောင် နိမ့်သည်နှယ်၊ ငြိမ့်လောက်အောင် ခံလိုခံ၊ ဖာသကဥယျာန်မှာ၊ ကြိုးကြာသံ, ကရဝိက်၊ ကြေးငှက်စုံ လည်ညိတ်၍၊ **စိတြ, နန္ဒဝန်**၊ သည်နည်းကို ညွှန်ခဲ့လျှင်၊ တသွန်တည်း မိဿက၊ သာမျိုးစုံ ခိုခသည်၊ မြိုင်ရိပ်ညိုဌာနမှာ၊ ပန်းအုံကြွ အလှိုင်လှိုင်၊ ဂနိုင် သာလှ၊ ယင်းဒေသတွင်၊ အုံ့မျှမကုန်၊ ရဂုံသာညောင်း၊ ညွှတ်ခွေကာ ပြောင်းကြသည်၊ ပင်ပေါင်း ကလဲ အမြိုင်မြိုင်၊ ရေမနိုင် တွက်မရ၊ ခုဆို၍ ပြခဲ့သည်၊ ပန်းများသနစ်၊ ခါမလစ်ဖူး၊ ပွင့်သစ်ချိန် ရောက်၊ ကိုယ်စီပေါက်ကြသည်၊ ဖူးညှောက်ကလဲ အဆိုင်ဆိုင်၊ ထုံအလှိုင် ပျံ့အသင်း၊ သုတ်လေ များ ညင်းသောအခါ၊ လူမင်းနှင့် မတန်၊ နတ်မင်းတို့ စံရန်ဖို့၊ ဂန္ဓာချိမ့်ငြောင်း၊ ဆောင်ယူခါပဲ လျှောင်းကြသည်၊ နံ့ပေါင်းကလဲ တကြိုင်ကြိုင်၊ ဂနိုင်ကလဲ အဆင့်အဆင့်၊ ရိပ်မြုံက အသင့်

အသင့်၊ ရဂုံက အနိမ့်,အမြင့်၊ ပန်းပင်စု ပွင့်ကြသည်၊ လေးအင်တင့် ဥယျာန်မှာ၊ စိတ်ရှိပင် စံစား၍၊ အားရအောင် ပျော်လိုပျော်၊ သောင်းခေတ္တ အမော်မှာ၊ နတ်ကျော်တို့ သနစ်၊ စည်းစိမ် တွေ မုံယစ်လို့၊ ညွှန်နစ်သည် ကျွဲသိုးသို့၊ သံသရာ ရေရိုးမှာ၊ အကျိုးဆက် အာနိသံ၊ ခံချင်တိုင်း ခံပြီးမှ၊ ဒါနံ၀ အာဒိ၊ ဒေသနာရှိသောကြောင့်၊ ပါဠိရင်းအထွက်၊ ဆု ၃-ပါးအနက်က၊ ကြိုက်နှစ် သက် လိုရာကို၊ ပတ္ထနာ ရည်မှန်း၍၊ နိဗ္ဗူတာ ဟိုကမ်းသို့၊ လှမ်းရအောင် ရည်ရွယ်၊ စကားသာ ကျယ်တော့မည်၊ အုန်းဆယ်လုံးအကျိုးကို၊ ဟောမျိုးပင် အထပ်ထပ်၊ ဟောသော်လည်း ထပ်ချိမ့် မည်၊ လူ,နတ်တို့ဆရာ၊ ဘုရားတို့ အရာကို၊ သူငါတို့ မတတ်နိုင်၊ အဆုံးစွန်တိုင်ခဲ့သည်၊ ပြီးအောင် အသချေ၊ တွက်ရေခြင်း တိုင်းမသိ၊ အကျိုးများကို သိရလျှင်၊ ဒဿနဉာဏ်၊ သုံးဆယ်များဖြစ်ပြန် သောခါ၊ နိဗ္ဗာန်ကို တုတ်တုတ်ထိ၊ ဆိုရန်ပင် ရှိသော်လည်း၊ မသိသူများ တရားကို မဆင်ခြင်၊ လိုချင်၍ ဟောသည်-ဟု သဘောမှာ ထင်တတ်သည်။

ပညာနှင့် သက်ပွ၊ ကမ္မန္တ, ဝါစာ၊ ဝါယာမ, သတိ၊ သမာဓိ, ဝိရတိ၊ ၈-လီသော မဂ္ဂင်၊ ပြုပြုသော ဒါနမှာ၊ ဖြစ်ကြသူချည်း၊ ၎င်းနည်းကို ဉာဏ်ကြီးသူများ၊ နှလုံးက ထားကြလျှင်၊ အကြားမရှိ၊ တိုင်းမသိ အကျိုးအင်၊ ပညာနှင့် ဆင်ခြင်မှ၊ ကုန်စင်အောင် ကြံဆ၍၊ နိဗ္ဗာနကျွန်း အခေါင်ကို၊ ရောက်လွယ်အောင် နည်းယူ၊ မိန့်ခွန်းတော် ကျူခဲ့သည်၊ များဗိုလ်လူ လူခပင်းငယ်တို့၊ ဒါနကို ဘယ်မယွင်းစေနှင့်၊ ယုံမှားဖွယ် နောက်နောက်ရှင်းရအောင်၊ ဒေသနာ သည့်အိုင်တွင်းမှာ ပဲ၊ ဆင်းလျှော်လိုက်ကြ၊ ဆန်မပါ ဗလာအုန်း ဆယ်လုံးကို၊ ဘုန်းလျှုတဲ့ခင်၊ နောင်နိဗ္ဗူ ခေမာဦးကို၊ ဌက်မာ နာဝါမှူးတယ်၊ ကူးပေတဲ့ရှင်၊ ဖောင်မဂ္ဂင် လှေယဉ်ကြောနှင့်၊ ဝဲရေမော့ လှိုင်းဘောင်ဘင် မှာ၊ ဘယ်တွင်မျှ မဆုံး၊ ဆန်မပါ နောက်နောင်ခါ ဗလာဝေးစေနှင့်၊ ကုသလာ မာဂီထွေးကို ထေးဖာမအုံး။

★ ★ ★ ★ ★ ★ ★

## (၁၂) ဒါယကာ, ဒါယိကာမများတို့အား ပေးပို့ရန်မေတ္တာစာ

ရိပုံ ဇယတု၊ သဗ္ဗမင်္ဂလံ၊ အောင်ဆုပန်၍၊ လေးတန်ရောင်ရှိန်၊ အာလိန် ၅-ဆင့်၊ တောင်မြင့်ဗဟို၊ မြင့်မိုရ်အစုတ်၊ ခေါ်သမုတ်ကြသည်။ ပဗ္ဗတုတ္တမရာဇာ၊ သိလာဗွေဆိုင်၊ မဏ္ဍိုင် မေရု၊ ပံသုမြေလွှာ၊ လေးဖြာသော အဏ္ဏဝ၊ အာကာသတွင်၊ ကောင်းကင်စကြဝဠာ၊ ပမာမမျှ၊ အနန္တဂုဏ၊ သေဋ္ဌ ဇေဋ္ဌ၊ အတုလ-ဟု၊ လောကသုံးခွင်၊ ထင်ပေါ်ကျော်စောတော်မူ၍၊ နတ်လူတို့ ဦးကိုင်၊ ရန်နိုင်ဖယ်ရှား၊ ငါးမာရ်အောင်မြင်၊ ရွှေပလ္လင်ပေါ်ထက်ဝယ်၊ လေးချက်သော သစ္စာ၊ ပန်းမြတ်စွာကို၊ ရာထောင်ကုဋေ၊ များစွာဝေနေတို့ကို၊ ဆွတ်ချွေကြဖြန့်၊ ထုံနံ့ကြိုင်ကြိုင်၊ လှိုင်စေ တော်မူပြီးမှ၊ ပြည်ကြီးနိဗ္ဗူ၊ ညာကျွန်းသူခေမာသို့၊ ဌက်မာမင်္ဂလမ်းက၊ ဖြောင့်တန်းတည့်မတ်၊ သောအလျင် ခပ်ထည့်အောင်၊ ကန့်လန့်ဖြတ် ဝဲရေဆိုင်၊ လှေတက်သံ မြိုင်မြိုင်နှင့်၊ ပဲ့ကိုင်သူ

အရပ်ရပ်၊ ဦးစီးသူအထပ်ထပ်၊ ဝမ်းလှိုင်က ရွက်စပ်၊ ဘုံသုံးဆယ့်တစ်ရပ်ကို၊ အချည်းနှီး လပ်လု အောင်၊ ပို့ဆောင်တင်ယူ၊ ကယ်ဆယ်တော်မူမည်-ဟု၊ ဂေါတြဘူ ဖောင်ဆိပ်က၊ မှေးဝိဇ္ဇာ မှောင် အတွင်းဝယ်၊ ဖျင်းလှသည့် သတ္တဝါ၊ သူ့ငါကို ချန်ခြွင်း၍၊ ကြွင်းလှမ့ ကျွတ်ထိုက်သူ၊ ဘော်ငွေဖြူ လက်ဆောင်ပိုက်၍၊ ရွှေတိုက်တော် စာရင်းဝင်၊ ဖောင်တော်တွင် တင်ပြီးမှ၊ လင်ယဉ်တိုင် ခေါင်ဖျားက၊ သားတော်ကြီး နုရုဒ္ဓါ၊ လက်ယာရံမထေရ်ကြီးမှာ၊ ဦးစီးစေ မိန့်တော်ရ၊ အရေးပိုင် ကိစ္စ၊ အသုံးတော်ကျသောခါ၊ ဝဲချောင်က မောဂ္ဂလ္လာန်၊ ရှင်အာနန် ညီရင်းမှာ၊ စာရင်းကိုင် တံဆိပ်ခတ်၊ ဝမ်းလှိုင်မှာ လူနှင့်နတ်၊ တုမရှိ မြတ်ပေသည်၊ လူ့နတ်တို့ ထွတ်ခေါင်၊ ငါးမာရ်အောင် ကလည်း၊ ပဲ့ချောင်မှာ စာရင်းကျ၊ သမာဓိတည်းဟူသော တက်မကို၊ ရွှေလက်တော် ဝီရိယဖြင့်၊ မြတ်လှအောင် ကိုင်တော်မူ၊ အောင်လံကို ထူပြီးမှ၊ များဗိုလ်လူအပေါင်းကို၊ ထပ်လောင်း၍ တဖန်၊ အမိန့်တော်ပြန်သည်မှာ—

လေးတန်သော ဩဃ၊ နီဝရဏနှင့်၊ ဝဲမအစုတ်၊ ရေသမုတ်တွင်၊ သိုးပုတ်ညှီစွာ၊ ရာဂါ ဒေါသ၊ မောဟတည်း-ဟူသော ရေငန်၊ ထည့်လျှင် ခံနိုင်အောင်၊ သုံးတန်သော လက္ခဏာ၊ ဘာဝနာတည်းဟူသော သရဘတ်နှင့်၊ ပြင်ထပ်ကို ထေးရမည်၊ ဘေးရန်ကို ခြောက်ရအောင်၊ အမြောက်ကြီး ၂၀-ကျော်ကို၊ လှေပေါ်တွင် အသင့်ထား၊ ခား ၄-စင်းကိုလည်း အသင့်တင်၊ လင်းယဉ်တိုင်ကိုလည်း ခိုင်လှစေ၊ ၄-ထွေသော သီလ သံမယ်နဖြင့်လည်း၊ မြဲလှအောင် နာနာ နှက်၊ ၄-ချက်သော ထီးကိုဆောင်း၊ ၇-ချောင်းသော ကြိုးကိုဆက်၊ ရွက်လက် ၁၀-ခုကို တင်၊ ပဲ့စင်ဦးနှင့် အထိမှာ၊ ရှိသမျှ လက်နက်ကို၊ တစ်ဖက်တစ်ချက် စီးထား၊ ၅-ပါးသော နံ့သာကို ချေ၊ ၈-ထွေသောပန်းကို ပန်၊ ၁၀-တန်သော ဘွဲ့ဖြူကို ခြုံ၊ ၃-စုံသော သံချပ်ကို သိုင်း၊ ကြိုင်း ၂၂-ချက်ကို လက်ဝဲ,လက်ယာက စိုက်၊ သေချာစွာ စွဲကိုင်၍၊ အလိုက်သင့် လွယ်တကူ၊ ချွတ်ယူ၍ မရ၊ ၁၀-ချောင်းစီ သံခွနှင့်၊ ခိုင်လှသော ကျောက်ဆူးတွေကို၊ ဗိုလ်ခြေနှင့် လှန်၊ သော့အလျင် ဆန်ရမည်၊ ရှင်အာနန်ညီရင်းက၊ စာရင်းကို မြန်မြန်ကုတ်၊ အမိန့်တော် ထုတ်သည်တွင်၊ ဗိုလ်ချုပ် ကြီး လက်ယာယံကလည်း၊ မြန်ကြစေ လျင်ကြစေ၊ မကြာစေကြနှင့်၊ အောင်မြေကို နင်းရမည်။

တက်ချင်းကို ညီညီချ၊ ဘာဝနာကမ္မဋ္ဌာန်းနှင့်၊ စီးဖြန်းကာ ဆန်အကြွတွင်၊ မိုက်လှသည့် သတ္တဝါ၊ တို့သူ့ငါမှာ၊ နီဝရဏကမ်းထိပ်ကို၊ လည်ညိတ်ကာ မျှော်လိုက်ကြ၊ တက်ချင်၍ တကြွကြွ၊ စီးချင်၍ တတတ၊ လက်ဆောင်ကို တပြုပြု၊ သေအောင်ပင် ခသော်လည်း၊ ကာလပေါ်ငွေ မမှန်၊ ကိုးဆယ်က တာတေလဲ၊ လက်မခံသောကြောင့်၊ ကမ်းယံတွင် နေရစ်ကြ၊ ဖောင်ပျံတွင် မစီးရ၊ ငိုကြသူ, ရယ်ကြသူ၊ ကျွတ်ကျွတ်ဆူ ကမ်းလုံးရိုက်၊ သောင်းလုံးလှိုက် တိုက်လုံးည်၊ ရွှေဖောင်ကြီး အဆန်တွင်၊ ကြွင်းကျန်သူ အနန္တမှာ၊ မေတ္တေယျ နောက်တစ်ဆူ၊ ဖောင်စာရင်း ယူသောခါ၊ ဖြူကြစေ, စင်ကြစေ၊ ရိက္ခာကို လုံကြစေ၊ လက်နက်ကို စုံကြစေ၊ စားရိတ်ငွေ ရအောင်တောင်း၊ ကျွေးဟောင်းကို မြန်မြန်ဆပ်၊ ၅-ရပ်သော တံခါးမကို တံကျင်လျှို၊ အိမ်အိုကို မီးနှင့်တိုက်၊ သို့မှပင် လိုက်ရမည်၊ ကျွတ်ထိုက်သော ဝေနေယျာကို၊ ကြင်နာသနားတော်မူလှ၍၊ ဗိုလ်,လူများစွာ၊

သတ္တဝါတို့၏၊ အဝိဇ္ဇာတည်း-ဟူသော ချုံတောအုပ်ကို၊ ခုတ်ထွင်ရှင်းလင်းတော်မူချေအံ့-ဟု၊ ကရုဏာသီတလ၊ ချမ်းမြကြည်စွာ၊ သချာများမြောင်၊ ငါးထောင်သော သာသနာတော်မြတ်ကို၊ ပညတ်ထားတော်မူခဲ့၍၊ ၃-ဆူသော ပိဋကတ်တည်းဟူသော၊ တန်ဆောင်တိုင်ကြီးကို၊ တညီးညီး တရှိန်ရှိန်၊ တထိန်ထိန် တလက်လက်၊ ပြီးပြက်ဝင်းပြောင်၊ စိုက်ထောင်ထွန်းလင်း၊ လူခပင်းတွင်၊ အလင်းကို ပြတော်မူပြီးမှ၊ ပြည်ကြီးအမတ၊ နိဗ္ဗာနသို့၊ ဆန်ကြွတော်မူခဲ့သည်။

ယင်းသို့ဖြစ်၍၊ အရှည်များမြောင်၊ ငါးထောင်ပိုင်းခြား၊ ထားတော်မူခဲ့သော သာသနာ တော်ဝယ်၊ ၆၂-ပါးသော မိစ္ဆာဉာဏ်၊ ၈-တန်သော ဝိစိကိစ္ဆာ၊ ၃-ဖြာသော အကုသိုလ်တရား၏ အရင်း၊ ၅-စင်းသော ခြောင့်ကြီးတို့ကို၊ ကာဆီးဟန့်တားလျက်၊ ၁၀၈-ချက်သော တဏှာ မြစ် အမြွာကို၊ ၄-ဖြာသော မာန်ရှိန်ဖြင့်၊ ချိုးနှိမ်ဖြတ်ချ၍၊ နိရောဓသစ္စာ၊ ခေမာနိဗ္ဗာန်သို့၊ ၄-တန် သော ခရီးခဲမှ၊ လွတ်ရဲခွါရှောင်နိုင်မည့်အကြောင်း၊ သူတော်ကောင်းတို့၏တရား ဖြစ်ပွါးရာ၊ သဒ္ဓါ,သတိ၊ ဝီရိယ,ပညာ၊ ၄-ဖြာသော ကုသိုလ်မူလ၊ ဓမ္မတို့ကို၊ နေ့,ညမယုတ်၊ အားထုတ်ကြရ မည်- သူတော်ကောင်းတို့၊ အားထုတ်နိုင်ကြသည်သာ ဖြစ်ပါစေသောဝ်-ဟု ဩဒိဿပတ္ထနာ၊ လိုရာကို ဆက်၍ ထည့်ပါလေ။

★★★★★★★

## (၁၃) မောင်ဖိုး-က ရတနာပုံရွှေမြို့တော်တွင် နေစဉ်ကာလ မြေတူးမြို့၊ အောက်တိုက် ခပေါင်းကျိုင်ကျေးရွာသို့ ပေးမှာလိုက်သည့် မေတ္တာစာ

ကုသုန္ဒရမေယာ၊ ဂေါဏဝပ္ပန္တရသာရည် မည်သော၊ ဖန်မှုန် ပတ္တမြား၊ ငွေသားအရောင်၊ တောက်လောင်ပြီးပြက်သော၊ လေးဝသော ဂူ၏အနီးမှ၊ ထွက်စီးသော သုန္ဒရာရေ သည်၊ ဦးဇုပ်ခွေ လျှောကြ၊ ပုပ္ပန္တာတောင်စောင်းဝယ်၊ ရေနှာမောင်း ယှက်ဆိုင်လျက်၊ မန္တာဂိတောင်ထက်မှ၊ စီးထွက် ယိုဆင်း၊ သဥ္စာလာမင်း၏၊ ပယင်းအိုင် အရှေ့မြောက်၌၊ ပေါက်ရောက်သော ကာရန္တရိပန်းသည်၊ စူတန္တာငွေအိုင်မှ၊ ရေပန်းဆိုင် လျှောကြလျက်၊ မြဂေါ၍က် ပန်းစုံ၊ ငွေနှင်းမှုံ ဆွတ်ဖျန်း၊ နေမသန်း၊ လေမရောက်၊ ဖူးပွင့်ဗြောက်ဆိုင်လာလျှင်၊ ဝက်ရာနတ်မင်းက၊ စာရင်းကြ မှတ်တင်၍၊ မပန်ဆင် ထိုက်သော နတ်,တိရစ္ဆာန်၊ ကုမ္ဘဏ်ရက္ခိုက်တို့နှင့်၊ မထိုက်မတန်သော၊ မဥ္စူဂေါရန္ဒရပန်း၏ အဆင်းသည်၊ ပွင့်ချပ် ငွေသား ပတ္တမြား ဝတ်မှုန်၊ ရှိုးပုံ သန္တာ၊ အခွက်မှာ မြ၊ နတ်မှ္ဘ တရံ၊ မပန်ဆင်ရ ပစ္စေကဗုဒ္ဓါတို့၊ စုဝေးရာ ဒေသဝယ်၊ မန္တဂူ အမည်ရှိသော၊ ရွှေပန်းတောင်းဖြင့်၊ ဆွတ်လောင်းပို့သ၊ ကပ်လှူရသော မဥ္စူဂေါရန္ဒရပန်း၏ အနံ့ထက်၊ ဆထက်ထောင်,ရာ၊ မက သာသည့်၊ မေတ္တာ တည်းဟူသော ရွှေပန်းကို၊ ဝေကမ်းပန်ဆင်လေ့ရှိပါသော၊ ရွှေတူးမြို့ တောင်လက်ယာ၊ ရွှေကျိုင်ရွာ ဇာတိ၊ ပဝတ္တိရောက်ရာ၊ အရပ်ရပ် အရွာရွာတွင်၊ တွေ့ရာအိပ်, တွေ့ရာစား၊ ဆရာတော် ထံပါးဝယ်၊ ခစားလေးမြတ်၊ ဆည်းကပ်လေ့ရှိပါသော၊ ငယ်မည် မောင်ဖိုး၊ က္ကတိဟာသ၊ သျှုတြနှင့်၊ သိပ္ပဉဿုံ၊

ပညာမျိုး စုံသောကြောင့်၊ ရန်ကုန်, မုတ္တမ၊ သည်က စ၍၊ မြစ်မတလျှောက်၊ နေပြည်သို့ ရောက် အောင်၊ အောက်မြို့တခွင်၊ ပုံ့အနှံ့ စင်ပြီးမှ၊ ထက်ခွင် နှံ့စပ်၊ မလပ်ကုန်စင်၊ လှူမြင်တိုင်း ခင်ကြ သည်၊ ကျွမ်းဝင်ကြိုက်ချစ်၊ ကိုပေါ် သစ်က၊ နည်းရစ်တန်ပုံ၊ ရွှေဘုန်းရိပ် လှုံပြီးလျှင်၊ ဂုဏ်အနန္တ ရတနာတန်ဆောင်၊ ဉာဏ်အခေါင်ကို၊ ပြောင်ပြောင်ညှိ၍၊ အာဒိအန္တ ဝါစကဖြင့်၊ သခေ်ပနယာ၊ ယင်းကဗျာကို၊ ဖွဲ့ကာစီကုံး၊ အကျဉ်းရုံးပြီးလျှင်၊ ရွှေဘုန်းသမ္ဘာ၊ ကြီးအာဏာနှင့်၊ တေဇောရောင် လှစ်၊ ထွန်းနေသစ်သို့၊ နတ်စစ်ပျော်ရာ၊ ဝတီသာနှင့်၊ ပမာတရှိ၊ ပုံနှိုင်းညှိသည်၊ မန်းဂီရိ တောင် စောင်းက၊ အပေါင်းရော၊ အစိတ်ရော၊ တရောတည်း တယှက်တည်း၊ လက်ရစ်သံ ပွေပွေ၊ လက်ယာရစ်ခွေတဲ့လို့၊ မေတ္တာရေ စီးလိုက်သည်မှာ—

"အဝေရာ ဟောန္တု၊ အဗျာပဇ္ဇာ ဟောန္တု၊ မမကြီးကိုလည်း ဟောန္တု၊ မယ်ကွန်းက အစ၊ မောင်ကြာမျိုးကျအောင်၊ ရှိသမျှ သိမ်းရုံး၍၊ တစ်အိမ်လုံးကို ဟောန္တု၊ မယ်ညွှန့်မှာ အခြား၊ အသီးစားဝို ြဖျားတွင် မပေါင်မြှောင်ဘဲလည်း ဟောန္တု၊ သူကြီးမင်းပါ အားလုံး ကုန်ပါရော့သည် တစ်ရွာလုံးကုလည်း ဟောန္တု၊ ဦးအာလောက, ဦးဝဏ္ဏနှင့်၊ ဦးဝါယာမ, ဦးပညာ၊ ဆရာသခင် ကျေးဇူးရှင် သံဃာတော်ကိုလည်း ဟောန္တု" မေတ္တာကို ပြုပြီးမှ၊ ယခုဖြစ်ပုံ၊ ကိုရွှေဖုံမှာ၊ အုပ်စုံ မကြွင်း၊ ရွှေစာနှင့် လင်းလိုက်မည်၊ နားတွင်မှာငြိမ့်၊ သည်းအူစိမ့်၍၊ ဆိမ့်အောင် နာစမ်းတော့။

မန်းမြေသို့ ရောက်စ၊ တစ်ရက်စ, နှစ်ရက်စ၊ သည်ဆီလောက်ကဖြင့်၊ မကြီးချို မျက်ခွက် ကို၊ ကွက်ကွက်ကလေး မြင်လှ၍၊ စားမဝင်, သောက်မဝင်၊ ဆန့်ငင်ဆန့်ငင်၊ ရှိလိမ့်မည် ထင်ပေ သည်။ သို့ထင်ပါကတဲ့၊ ဆရာတော်ဘုန်းမို၊ ထေရ်ပုဂ္ဂိုလ်၏၊ ကုသိုလ်ကံစ၊ ပွဲတော်ကျပါမို့၊ ဝက်ဆီ က ဆွဲသောကြောင့်၊ ချောခနဲသာ၊ သုတ်သုတ်ပင် ပါချေသည်၊ သေပါစေဗျာ၊ အိမ်တော်ရာလဲ၊ ဆယ်ခါပင် စူးပါ့ေ၊ ကြံဖူးငဲ့လား၊ ဘကြီးသား ဟိုအရင်များ၊ နွားအိုကြီး ပိန်တာ၊ အဖော်နှင့် ကွာသောကြောင့်၊ ချမ်းသာမည့်အရေး၊ မျက်ရည်နှင့် ဝေးသည်နှယ်၊ ရှေးကံအဟောင်း၊ မကောင်းသည် ဂြိုဟ်ဒသာ၊ ကြမ္မာက ဖိ၊ မရိပ်မိသောကြောင့်၊ မသိ၍လားလား၊ မှားလေသနော်၊ ခြောက်ဆယ်ကျော်မှ၊ ကံပေါ် သည်အဖြစ်၊ ကိုပေသစ်မှာ၊ ရစ်တံကို ထိုး၊ အတုသာ ခိုးကြရော့၊ ကံဆိုးသည့်သတ္တဝါ၊ မလိမ္မာ၍၊ ကြမ္မာအလိုက်၊ အင်မတန် မိုက်သောကြောင့်၊ မထိုက်လေသေး၊ မန်းမြေနှင့် ဝေးသည်-ဟု၊ တွေးတောရန် ရှိပေသည်၊ မသိသူကျော်သွား၊ သိသူက ဖော်စား၊ ဆိုစကားကဲ့သို့၊ စားပုံကို ပြောလိုက်မည်၊ နားကြောမှာ စိမ့်လို၊ စိမ့်အောင် နာစမ်းတော့။

မန်းရွှေမြို့နယ်တခွင်၊ ပြပြစင်အောင်၊ ဝန်းကျင်ပတ်ကုန်း၊ တမြို့လုံးက၊ စုရုံး၍ လှူကြ၊ ရသမျှတွင်၊ ကိုဖုံးက ကြိုက်ရာ၊ လက်ရွေးဟာမို့၊ ရသာချိုမြက်၊ ဝက်ဆီက တက်သောကြောင့်၊ တချက်တည်းလောက် ကာလ၊ စား၍လည်း အဝ၊ ထိနမိဒ္ဓ၊ ငိုက်မျဉ်းလှသို့၊ နေဇာမြို့မှာ၊ အိပ်လဲ့သို့ တရေး၊ မှေးခနဲ ပျော်တွင်၊ ဝက်ဆီစော် နံသောကြောင့်၊ အကြောင်းမတန်၊ ခွေးတခဲ ခွေးယဲ့ခွေး၊ အိုဘဲ့ခွေး ကြောက်ဖွဲ့ခွေး၊ လက်ယာက ပချောင်ကို၊ အံစောနှင့် တေးလိုက်သည်၊ သွားရာခလေးပင် ထင်ချေသည်၊ ဝတ်ဆင်သည် တန်ဆာ၊ ဆိုရာမှာ ကောင်၊ သဘော်ပါ

အထည်ချော၊ ကောဇွမွရစ်၊ သည်ဆီက ဖြစ်ကရော့ ထင်၊ အသစ်အလွင်၊ ပိတ်ဖျင်ခါသာ၊ အဝါ,အနီ၊ ကတ္တီပါဖဲ၊ ရွှေမော်ကြဲများမှာ၊ မင်းပွဲမဟုတ်၍ မဆင်ပြီ၊ မယဉ်လှ, မဆန်းလှ၊ ဘုရားတကာပုံ၊ ကျောင်းတကာပုံ၊ ကျောင်းသားပုံလည်း ခပ်ရရ၊ ညနေစတွင်၊ ရောင်ပွကို ထုံးပြီးလျှင်၊ ပခုံးကို ညိတ်၊ မျက်စိမှိတ်၍၊ လွယ်အိတ်ကို လွယ်၊ ဖယ်ရမ်း, ဖယ်ရမ်း၊ ခြေလှမ်း ဖောက်ဖောက်၊ မတ်စောက်စောက်နှင့်၊ လမ်းလျှောက်များ သွားပြန်လျှင်၊ ယောက်ျားဟဲ့ မြန်မြန်၊ တိုက်လိုက်လျှင် ညံ့ရော့သည်၊ ငိုသံကြားရမည်၊ သမားသင်စနှင့်လည်း ခပ်တူတူ၊ ဝတ်ဖြူစင် ကြယ်၊ လွယ်အိတ်ကို လွယ်ပြီးလျှင်၊ လက်ဝယ် ပတ်တီး၊ ကျောင်းနီးကံပါ။ သည်ဆီကို သွားပြန် လျှင်၊ ဥပုသ်စောင့်လား-လို့လဲ သူကိုမေး၊ မနွေးမလျင်၊ ညာပခုံးဝယ်၊ လွယ်အိတ်ကို လွယ်ပြီးလျှင်၊ လက်ဝယ်ပုတီး၊ တောင်ခြေကို မှီးတဲ့လို့၊ ညီးသံ, ညူးသံ၊ ဟိန်းဝေါက်သံများနှင့်၊ အသံမျိုးစုံ၊ သဲလှိုက်လို့ တုံတည့်အောင်၊ ဩင်းဟုံဟုံ၊ ကြွဟွတ်ဟွတ်၊ မန္တန်ကို လွတ်၍၊ ရွတ်သည်ဖြောက် ဖြောက်၊ မတ်စောက်စောက်နှင့်၊ ခပ်ဖောက်ဖောက် လှမ်းရလျှင်၊ ညချမ်းဆီ တခို၊ နေညိုညိုများ ဖြင့်၊ အဟိုသာခေါင်၊ ဟေဝန်တောင်မှာ၊ သူယောင်ပင်ရိပ်၊ မှေးစက်အိပ်သည်၊ ဝိဇ္ဇာမိုရ်နှင့်လည်း ခပ်သွင်သွင်၊ ဒူးရင်းအင်္ကျီ၊ ယဉ်သီသီနှင့်၊ နီလှသည် ရုံစောင်ကို၊ နောက်မျှောင်ရှေ့ဆိုင်း၊ လက်ယာက သိုင်းတည့်လို့၊ ကသိုဏ်းများကို ရွတ်ပြန်လျှင်၊ ဝဋ္ဋဒုက္ခာ၊ ငြိမ်းရာရှာလို့၊ ဟာမကင်္ခီကျမ်း၊ ယရာဝါ တောင်၊ မြသည်နှောင်ကို၊ ခါ့ရှောင်စွန့်ပစ်၊ ထုံးဆံကျစ်နှင့်၊ သစ်နက်ကယ် သရေ၊ လော်ကုဋေကို ရွှေခုံးမော့၊ တင်ရုံငယ် ကြော့လို့၊ တော့တဝိုင်းမှာ ကသိုဏ်းရှာသည်၊ ဆရာဘုန်းဟော့၊ တောပျော် မွေသည်၊ ရသေ့ဟန်လည်း ခပ်ပါပါ၊ မန်းညာနောက်စောင်း၊ ဈေးချိုမှာ ရောင်းကြသည်၊ ပြောင်းဖူး လိပ်များ၊ အံစောင်မှာ ထားတဲ့လို့၊ သွားလိုက်ပြန်လျှင်၊ လှည်းသမားလိုလဲ ထင်ကြ၏။

ကရင်တောင်ရိုးပုံလည်း ခပ်ရရ၊ ရုပ်စုံပင် ပြနိုင်ချေသည်၊ မဏိဇောတရုပ္ပတ္တမြားဝယ်၊ နဂါး, ဝဋ္ဋန်၊ ကုမ္ဘာန်,ယက္ခ၊ ဂန္ဓဗ္ဗနှင့်၊ ဒေဝပြဟ္မာ၊ ဣစ္ဆာသယ၊ လိုတိုင်းကို ရသည်နှယ်၊ ပါမောက္ခ ခေါ်၊ ဆရာတော်၏၊ ကျေဇူးတော် စက်ရိပ်ခို၊ အိပ်ကပ်လှုံရသဖြင့်၊ မလှ,မပ၊ မဝမရှိ၊ သုဂတိ ဘုံဘဝသို့၊ လားရအောင် အမှု၊ သည်တစ်ခုကိုသာ၊ ကျွတ်ဆုရည်သံ၊ ကြိုးစားဖို့ မှတ်တော့သည်၊ တရံတခါ၊ သဒ္ဓါဖြစ်ပွါး၊ စေတနာ စိတ်ထားနှင့်၊ ဘုရားကို ကြည်ညို၍၊ ကုသိုလ်ကို အာရုံပေါက်၊ စိတ်ဝမ်းများ မြောက်လိုက်လျှင်၊ ၆-ထပ်နတ်ရွာ၊ သူဆိုင်ရာက၊ ယူလာမည်ပင် တရေးရေး၊ ထင်လိုက်ကဲ့ မန်းခွင်တကြော၊ အထခေါ်ကို ပြောလွန်းလျှင်လည်း နားမခံ၊ ချန်လွန်းလျှင်လည်း နားမဝ၊ တော်ရုံသာ ပြတော့မည်။

ဂိလာန ပစ္စယာ၊ ဘုန်းပေးတဲ့ စရာကို၊ တဆိတ်စာကလေး၊ တစ်ခါတစ်ခါ၊ ပေးလိုက် သည်။ လေဆေးကျော်ကာလည်း၊ ကိုပေါ်,ကိုထွင်း၊ သန့်ရှင်းရောဂါ၊ ဝေဒနာကို၊ ကင်းကွာပျက် ပြား၊ လွတ်စင်၍ သွားသောကြောင့်၊ စား၍လည်း မဝနိုင်၊ နေထိုင်၍လည်း ကောင်း၊ ခေါင်းမှာ လည်း မခဲသာ၊ ဖျားနာ ကင်းလွတ်၊ သဖန်းသီးအပွတ်ကို၊ ဆီဆွတ်၍ ထားသည်နှယ်၊ သားရေ ပြောင်ပြောင်၊ လေဖောင်ဖောင်နှင့်၊ နေရောင်ခြည်သန်း၊ ညနေချမ်းဆီများဖြင့်၊ ရွှေမန်းမြို့

မြောက်တခွင်၊ လေမုန်တိုင်း ဆင်ရေးသည်၊ သည့်ပြင်ကိစ္စ၊ ဟူသမျှကို၊ ပေယျာလကန်၊ သုညခံ၍၊ ဝတ်ဆံသာ ကွင်းခဲ့တော့မည်၊ နတ်မင်းနေရာ၊ ဝတီသာနှင့်၊ ပမာတန္တနီး၊ အံ့မဆုံးအောင်၊ ရွှေဘုန်းတော်ရောင်၊ တောက်ပြောင်၍နီးအိ၊ ထွန်း၍ညီမျှ၊ မန်းဂီရိတိုင်း၊ သမိုင်းသိုက်ရ၊ နာပုဥ္စ၏၊ ဥတ္တရဒိသာ၊ မြောက်မျက်နှာဝယ်၊ အလယ်တံခါး အထွက်၊ အရှေ့ဘက်လမ်း၊ ကျောင်းတန်း အဆုံး၊ ရွှေလုံးတွင်ခေါ်၊ အောက်,ထက်သိမ်းရုံး၊ နိုင်ငံတော် ဆုံးအောင်၊ တိုင်းလုံးကျော်သည့်၊ ဆရာတော်ဘုရား၊ ဘုန်းကံအားကြောင့်၊ အစားမျိုးလည်း ကုန်၊ အဝတ်မျိုးလည်း စုံခဲ့ပြီ၊ ကိုဖုံ လူယဉ်၊ ကျုပ်ဖြစ်အင်ကို၊ လက်ာကုံးသွယ်၊ စကားစုံ ခြယ်ပြီးလျှင်၊ ရည်ရွယ်ဖြောင့်တန်း၊ မြို့ရွှေမန်း က၊ ချမ်းသာစေသော၊ မာစေသော-ဟု၊ သဘောဖြောင့်သား၊ စေတနာစိတ်ထားဖြင့်၊ ကြက်သား လုံးပုံ၊ မကြီးချို ယုံလောက်အောင်၊ ကိုဖုံက မေတ္တာနှင့်၊ မန်းသေလာ တောင်တော်ကွန်းဆီက၊ တလှိုင်လှိုင် ကြိုင်လို့မွှန်းအောင်ပဲ၊ သွန်းလိုက်ပါငဲ့။ မကြီးချိုမယ် မယုံ၊ ဆီဆုံကို စီးလို့ပြမယ်၊ မယုံသေးလျှင်ကွဲ့၊ ဆီထွေးကို မျှိုပမယ်၊ မန်းခွင်တကြော၊ 'အထခေါ်'၏ အဓိပ္ပါယ်မှာ၊ အထ ခေါ်၊ ထိုသို့ သက္ကရာဇ်ကောဇာ၊ ထောင်နှစ်ရာဝယ်၊ သုံးဆယ်စွန်းလစ်၊ ခြောက်ခုနှစ်(၁၂၃၆)တွင်၊ သစ်သစ်အောင်မြို့၊ လေးရောင်ပြို့သည်၊ မန်းမြို့ရွှေဘုံ၊ ပြည်ရတနာပုံတွင်၊ ကိုဖုံ သီတင်းသုံးနေ တော်မူသောအခါ၌။

★ ★ ★ ★ ★ ★ ★

## (၁၄) တကာငရွှေ-က ၁၂၃၆-ခု၊ ရတနာပုံရွှေမြို့တော်၊ ဆရာတော်ဘုရားထံ နေစဉ် ခပေါင်းကျိုင်ရွာ၊ ဦးဝဏ္ဏသို့ ကွမ်းသီး ကပ်လှူလိုက်သည့် မေတ္တာစာ

"မာတုပိတု ဂုဏော အနန္တော၊ အာစရိယ ဂုဏော အနန္တော"၊ မိန့်ဟောကျမ်းလာ၊ ဂါထာပါဠိ၊ ရှိသည် တတန်၊ လောကခံ တကြောင်း၊ ထုံးဟောင်းသင့်လျော်၊ ရှေ့,နောက်မျှော်၍၊ ဆရာတော်ဘုရားထံ၊ နိယံမပြတ်၊ ပဥ္စဝတ်ဖြင့်၊ မချွတ်မမေ့၊ ရှိသရွေ့ကို၊ ဖြည့်ကျင့်လေ့ရှိပါသော၊ တပည့်တော် ရွှေငုံ၊ ခြေတော်စုံ ပါဒကို၊ ဝန္ဒနထိ နဖူးဖြင့်၊ ရှိခိုးပန်ဆင်၍၊ မန်းညာခွင် တောင် ကြောက၊ ဆရာတော်ရွှေဘုန်းနှင့်၊ ကွမ်းသီးလုံး ၁၀၀-ကို၊ စေတနာသုံးတန် ပြတ်၍၊ လှူကပ် ဆက်သလိုက်ပါသည်၊ သည်တက်သည် သည်နောက်ကို၊ ထပ်လျှောက်၍ လှူနိုင်အောင်၊ မြတ် ဆရာဘုန်းမော်က၊ မန်းသာခေါင် တောင်တော်ကွန်းဆီသို့၊ တကာကို ရည်ညွှန်းလျှက်၊ မေတ္တာရေ ကြိုင်မွှန်းအောင်၊ ပို့ညွှန်းတော်မူပါမည့်အကြောင်းကို ဆယ်ချောင်းသောဟတ္ထ၊ ပဏာမဖြင့်၊ တုပ်ကွရိုကျိုး၊ ရှိခိုးနားတော်လျှောက်ပါသည် ဆရာတော်ဘုရား။

★ ★ ★ ★ ★ ★ ★

(၁၅) ရန်ကုန်မြို့၊ ဗိုလ်တထောင်ရပ်နေ၊ သား မောင်ပေါက်-က
"ရတနာပုံရွှေမြို့တော်၊ သူရဲကြီးရပ်နေ၊ သား,မယား, မိဘတို့ရှိရာ
ပရပိုက်စာပေ, တူပေတန်ဆာ, ကျွန်တော်, ဘဏ္ဍာများကိုလည်း သဘော်သွား
လူကြုံတွင် အကုန်ယူငင်၍ မိခင်နှင့်တကွ နှမ,ညီသား၊ သား,မယားတို့ပါ
ကျွန်တော်တို့ နေရာ ဟံသာနဂရ ဗိုလ်တထောင်ဒေသသို့ လာရောက်ကြ
စေချင်သည်"ဟု လူကြုံတွင် စာပါး၍ မှာကြားလိုက်သည့်အရာကို ရတနာပုံ
မန္တလ၊ မိဘ,သား,မယားတို့ကလည်း မလာအား၊ မလာဖြစ်အောင်
ဖြစ်သမျှကြောင်းခြင်းရာကို စာပေပြန်ကြား မှာထားလိုက်သည့်မေတ္တာစာ

လောကုတ္တရာကို မသိ၊ လောကီသားတို့၏ ညစ်ညူးခြင်း၊ အရင်းမူလ၊ အစတဏှာ၊ ကိလေသာ ၁၀-ပါးတည်းဟူသော တောကျား, ခြသေ့်၊ ဝံ့တတ်, ခတ်တတ်၊ သတ်နှင်တတ်၊ သေကြေအောင် ပြုတတ်သည်ကို၊ အမြတ်မဂ်လာ၊ ပါရမီ ၁၀-ပါး-တည်းဟူသော နီလာညိုကို၊ ကမ်းသို့ ဆွဲတင်လျက်၊ မဂ္ဂင်-တည်းဟူသော ရွှေလှေဟူ၊ ဝိပဿနာတည်း-ဟူသော ရွှေရေးမြား၌၊ မဟဂ္ဂုတ်စျာန်တည်း-ဟူသော မြားလွှကို၊ ပွရန္တ တင်ထားပြီးမှ၊ သောတာပတ္တိမဂ် စဉ်းသွားဖြင့်၊ ၂-ပါးသော ဒိဋ္ဌိ, ဝိစိကိစ္ဆာကို၊ ငင်ကာပစ်လျက်၊ သကဒါဂါမိမဂ် စဉ်းရွက်နှင့်လည်း၊ ၃-ချက်သော လောဘ,ဒေါသ, မောဟတို့ကို ဆင့်ပြန်၊ အနာဂါမိမဂ်ဉာဏ်၊ ရွှေစဉ်းသွား မြန်မြန်နှင့်လည်း၊ ၃-တန်သော ကာမ, ရာဂ, ဗျာပါဒတို့ကို၊ စက်ချ၍ စွဲလိုက်၊ ထောင်တိုက်ရင်း လေးမြတ်၊ ရွှေစဉ်းသွား ရဟတ်နှင့်လည်း၊ ထူးတပ်၍ လျှောင်လိုလျှောင်၊ ကိလေသာ ဆယ်ကောင်ကို၊ အောင်မြင်လွယ်စေ၊ ၂-ထွေသော သုခ၊ နှစ်ဝသော ချမ်းသာ၊ ရာကျော်အသက်၊ ထို့ထက်ပြန့်ပွါး၊ တရား ဣဋ္ဌာရုံ၊ အင့်အပွင့်၊ ကြီးရင့်ကြံ့ခိုင်၊ ပြီးပိုင်လွယ်သည်သာ ဖြစ်ပါစေသော-ဟု၊ ဩဒိဿ ပတ္ထနာ၊ မေတ္တာရေမောင်းဖြင့်၊ တပေါင်းတည်း ထိန်းခြုံလျက်၊ မွေးမယ်လုံ အာဒိ၊ ဆွေဉာတိ အပေါင်းတို့က၊ ပို့သွန်းလောင်း ညီညာ၍၊ ဌာဂ်မာမြစ်ကြီးကို၊ အညာက စီးလိုက်ပါသည်၊ ပြည်ကြီး နဂရ၊ တိုင်းဟံသတွင်၊ တိဂုမ္ဘစေတီတော်ကို၊ ပူဇော်လေးမြတ်၊ ဆည်းကပ်ခိုမှီး၍၊ စီးပွါးချမ်းသာ၊ ကိုယ်ဖို့ရှာလျက်၊ သံသရာ, ပစ္စုပ္ပန်၊ ၂-တန်အရေး၊ မျှော်ထောက်တွေးသည်၊ ယင်းသွေးသည်းချာ၊ သားပုတ္တာ။

မဟာမဏ္ဍလ၊ မြေမြဉီးစွန်း၊ ကျွန်းတကာ့ ကသိုဏ်း၊ တိုင်းတကာ့ နှင်းရည်၊ ပြည်တကာ မျက်ရှု၊ သုနာပရံ၊ ကျမ်းမာန်အောင်နိုပ်၊ တမ္ဗဒိပ်-ဟု၊ တံဆိပ်ဖြာညွှန်း၊ ရွှေခွန်းလှစ်ရာ၊ ဝတီသာ နှင့်၊ ပမာတန္ဒူန်း၊ အုံ့မဆုံးအောင်၊ ရွှေဘုန်းတော်ရောင်၊ တောက်ပြောင်ရွှန်းအိ၊ ထွန်း၍ညီမျှ၊ မန်းဂီရိတိုင်း၊ သမိုင်းသိုက် ရတနာပူဠနှင့်၊ ဌာနကုန်းဘောင်၊ ရန်ကြီးအောင်ကို၊ ခွါရှောင်ရက်ရက်၊ မငဲ့ကွက်ဘဲ၊ အသက်စွန့်စား၊ သား,မယားတို့၊ စီးပွါးဥစ္စာ၊ ဖွေရှာကြိုးစား၊ သွားပေသည်မှာ၊

ပုတ္တဒါရသ သင်္ဂဟော၊ ဘုရားဟောကျမ်းလာ၊ ဒေသနာနှင့်၊ လျော်ပါပေသည်၊ သုတရေ၊ သုတေသန၊ ပဏ္ဍိတလူ(ရှင်)ရဟန်းတို့ ချီးမွမ်းပြောဆိုကြသည်ပင်။ သို့ရာတွင်လည်း၊ သခင်ဘုရား၊ ဟောကြားဆုံးမ၊ မြွက်ဟရွေနှုတ်၊ ပါဠိတော်ထုတ်လိုက်လျှင်၊ သုပ္ပါထေယျဒေသနာ၊ ကျမ်းရွှေစာတွင်၊ သိင်္ဂါလသတို့သားအား၊ လောင်းစားသောအဖြစ်၏ အပြစ်အာဒီနဝကို—

**ဆ ခေါ'မေ ဂဟပတိပုတ္တ အာဒီနဝါ ဇူတပ္ပမာဒဋ္ဌာနေ။ ဇယံ ဝေရံ ပသဝတိ၊ ဇိနော စိတ္တ'မနုသောစတိ၊ သန္ဒိဋ္ဌိကော ဓနဇာနိ၊ သဘာဂယေ တဿ ဝစနံ န ရူဟတိ၊ ပစ္စာမိတ္တာနံ ပရိဘူတော ဟောတိ။ အာဝါဟဝိဝါဟကာနံ အာပတ္တိတော ဟောတိ။ အက္ခဓုတ္တော အယံ ပုရိသပုဂ္ဂလော နာ'လံ ဒါရဘရဏာယာတိ။ (ဒီ၊၃။၁၄၉။ ထောက် ဝိသဒိသံ)**

ပါဠိတော်ရင်း အမှန်၊ ရွှေခွန်းတော် လှစ်သံနှင့်၊ နိုင်ပြန်လျှင် ရန်မတုန်၊ ရှုံးခဲ့လျှင် စိတ်နောက်၊ မျက်မှောက်တွင် ဥစ္စာကုန်၊ ဗိုလ်ပုံတွင် အသရေကင်း၊ စိုးမင်းရန်သူတို့က နှိပ်စက်ကြ၊ မိဘ, ယောက္ခမတို့ကလည်း အနာဒရ ပြောဆို၍၊ အလိုသို့ မပါသောကြောင့်၊ ဝေးကွာအောင် စွန့်ပစ်၊ ၆-ပါးသော အပြစ်ဖြင့်၊ ရှင်ချစ်ဟောကြား၊ မြတ်တရားကို၊ ကြိုးစား၍ ရှောင်ပါ၊ နိဿာရဏီယ ဒေသနာ၊ ဩဝါဒကထာကို၊ သေချာအောင် မှာပြီးမှ၊ မန်းသိုက်ရ အောင်မြေက၊ မျိုးဆွေကို စုပုံ၊ စေ့စုံအောင် ပြလိုက်မည်၊ နဝဂုဏ၊ အာကာသ-ဟု၊ ပဏာမအက္ခရာ၊ ဂုဏ်တသင်္ချာကို၊ ထက်မှာတည်မှ၊ အာသဝဖြင့်၊ မြှောက်ထသေချာ၊ ဤသက္ကရာဇ်ကောဇာ၊ နှစ်သင်္ချာမလွဲ၊ တပို့တွဲ ရာသီလ၊ ဆန်းမာသအထက်၊ ၁၃-ရက်တိထိ၊ ပါဒ်နာရီ ဗဟိုရ်၊ ၃-ချက်တီးသည် တခိုမှာ၊ နေညို သည့်အခိုက်၊ တောင်လေက အတိုက်နှင့်၊ လောင်လိုက်သည့် မီးဖြစ်အင်၊ သူရဲကြီး ဈေးတခွင်၊ ပြုပြစင် တက်တက်ပြုန်း၊ ဘောင်းတော်ကျ ဆုံးသည့်ပြင်၊ စက်ရုံကြီးအဝင်ကို၊ အင်မတန် ဗိုလ်ထု နှင့်၊ နိုင်လောက်အောင် ပြုကြ၍၊ သမ္မုတိနတ်စစ်၊ ဇကရာဇ်ရာဇာ၊ သမ္မာတော် ရွှေဘုန်းကြောင့်၊ လုံးလုံးပင် မပါ၊ ကုသိုလ်တော် သာပေသည်၊ စတ္တာလီသ နည်းအရတွင်၊ မိဂပဒဝလဥ္စနထုံး၊ သည်ပြင်က အားလုံးမှာ၊ တစ်ပြုံလုံး ခွင်းသောကြောင့်၊ ရှောင်ကွင်း၍ မလွတ်သာ၊ အဂ္ဂိတောဝါ သည်အရေး၊ သေရမည်ဘေးကိုမှ၊ ပြေး၍သာ လွတ်ရသည်၊ ခါးပတ်မှ အနိုင်ကျန်၊ မကြီးတို့ ဖြစ်ဟန်ကို၊ သားသက်နှံ့ မောင်ပေါက၊ မနောမှာ အာရုံကပ်လို့၊ သွင်းအပ်သောအရာကို၊ မေတ္တာ သာ စေလွှတ်၍၊ လွမ်းဆွတ်သော စေတနာဖြင့်၊ သဝဏ်လွှာသံခိပ်နှင့် ကျောက်တံဆိပ် ကွင်း လိုက်ပါသည်။

- နဝဂုဏသဒ္ဒါ ဂုဏ်တော် ၉-ပါးဟော ၉-ခု၊
- အာကာသသဒ္ဒါ ကောင်းကင်ဟော သုည၊
- ပဏာမသဒ္ဒါ ပဏာမ ၃-ပါးဟော ၃-ခု

အစဉ်အတိုင်း ၃-ခု၊ သုည၊ ၉-ခု-ဟု ချ၊ ၃၀၉-ခု ဖြစ်၏။ အာသဝ-သဒ္ဒါ အာသဝေါ တရား ၄-ပါးဟော ၄-ခု။ ယခင် ၃၀၉-ခုကို ၄-ခု သင်္ချာဖြင့် ဇယတြိက ဒွါဒသ ဇယနဝ-

ဆတ္တိသ-ဟု မြှောက်၍ ၁၂၃၆-ခု ဖြစ်၏။ ၁၂၃၆-ခု၊ တပိုတွဲလဆန်း၊ ၁၃-ရက်နေ့၊ ၃-ချက်တီးအချိန်တွင် သူရဲကြီးဈေးက စ၍ ဘောင်းတော်ကျ တိုင်အောင် မီးလောင်သည်-ဟူလို။

ဂဟပတိ ပုတ္တ၊ သိင်္ဂါလ-ဟု၊ နာမထင်ရှား၊ သူကြွယ်သား။ ဇူတပ္ပမာဒဋ္ဌာနေ၊ အန်လောင်းစားကြူး၊ ယစ်မူးမေ့လျော့ခြင်း၌။ ဣမေ ဆ အာဒီနဝါ၊ ဤ ၆-ပါးကုန်သော အပြစ်တို့သည်။ ဟောန္တိ၊ ဖြစ်ကုန်၏။ ဇယံ ဇယန္တော၊ သူကို အောင်သောသူသည်။ ဝေရံ ပသဝတိ၊ ရန်ပွါး၏။ ဇိနော၊ သူတပါးတို့ အနိုင်ခံရသောသူသည်။ စိတ္တံ၊ စိတ်သည်။ အနုသောစတိ၊ စိုးရိမ်၏။ သန္ဒိဋ္ဌိကော၊ မျက်မှောက်ထင်ထင်။ ဓနဟာနိ၊ ဥစ္စာပစ္စည်း ပြုန်းတီးခြင်းသည်။ ဟောတိ၊ ဖြစ်၏။ သဘာယေ၊ သဘင်၌။ တဿ၊ ထိုအလောင်းအစားကြူး ယစ်မူးမေ့လျော့သောသူ၏။ ဝစနံ၊ စကားသည်။ ဝါ၊ စကားကို။ န ရူဟတိ၊ သြဇာမရောက်။ ဝါ၊ မနာယူ။ ပစ္စာမိတ္တာနံ၊ ရန်သူတို့သည်။ ပရိဘူတော၊ နှိက်စက်သည်။ ဟောတိ၊ ဖြစ်၏။ အယံ ပုရိသပုဂ္ဂလော၊ ဤယောက်ျားသည်။ အက္ခဓုတ္တော၊ အလောင်းအစား ကြူး၏။ ဒါရဘရဏာယ၊ သား,မယားကို မွေးမြူခြင်းငှာ။ န အလံ၊ မစွမ်းနိုင်ရာ။ ဣတိ၊ ဤသို့။ အာဝါဟဝိဝါဟကာနံ၊ ထိမ်းမြားပေးစားခြင်းကို ပြုသောမိဘ,ယောက္ခမတို့၏။ သန္တိကာ၊ အထံမှ။ အာဒီနဝေါ၊ အပြစ်သည်။ အာပတ္တိတော၊ ကျရောက်သည်။ ဟောတိ၊ ဖြစ်၏။ ပါဠိတော်ကို ဤသို့ အနက်ပေး။

★ ★ ★ ★ ★ ★ ★

## (၁၆) မောင်ရှင်ထွန်းဦး-က မွေးသူမိခင်ထံ ပေးလိုက်သော မေတ္တာစာ

တာဝတိံသာ၊ နတ်ရွာတန္ဆန်း၊ အံ့မဆုံးအောင်၊ ရွှေဘုန်းတောင်ရောင်၊ တောက်ပြောင်ခွန်းအိ၊ ထွန်း၍ညိမ့်၊ မန်းဂီရိတိုင်း၊ သမိုင်းသိုက်ရ နာပုဥ္စ၏၊ ဥတ္တရဒိသာ၊ မြောက်မျက်နှာဝယ်၊ အလယ်တံခါး အထွက်၊ အရှေ့ဘက်လမ်း၊ ကျောင်းတန်းအဆုံး၊ ရွှေလုံးတွင်ခေါ်၊ အောက်,ထက်သိမ်းရုံး၊ နိုင်ငံဆုံးအောင်၊ တိုင်းလုံးကျော်သည်၊ ဆရာတော်ဘုရားထံ၊ နိယံမပြတ်၊ ပဋ္ဌဝတ်ဖြင့်၊ မချွတ်မမေ့၊ ရှိသေ့ကို၊ ဖြည့်လေ့ကျင့်ထ၊ ခါနိစ္စဖြင့်၊ နေ့,ညမပြတ်၊ ဆည်းကပ်လေ့ရှိပါသော၊ သားမောင်ရှင်ထွန်းဦး၊ ဖြန့်ဖြူးချိုသာ၊ မေတ္တာစကား၊ မှာကြားလိုက်သည်။ ရတနာသိမ်၊ နဂရ၏၊ မြို့မနောက်စောင်း၊ ကျော်တသောင်းတွင်၊ မူးချောင်းရေရှင်၊ စီးသွင်သွင်တည့်၊ ဥယျာဉ်ပန်းမာလ်၊ စည်းခြံလယ်ယာ၊ ကုန်းမြေတာနှင့်၊ လွန်စွာနုပျို၊ အုံးညိုရံခ၊ သာမောစွတည့်၊ မူလသညာ၊ ယင်းဂါမာတွင်၊ ပမာပုံဆို၊ တောင်ဗဟို-ဟု၊ မြင်းမိုရ်မေရု၊ နှိုင်းတုမမျှ၊ ဝိသေသဖြင့်၊ ဂုဏအထူး၊ ထင်ပေဖူးသည်၊ ကျေးဇူးကြီးစွာ၊ မွေးမာတာ။

ချမ်းသာစေသော၊ ကျမ်းမာစေသော၊ မေတ္တာဇောနှင့်၊ သဘောဖြောင့်စင်း၊ နှလုံးသွင်းသည်၊ သားရင်းသည်းချာ၊ ကျွန်ုပ်မှာကား၊ ဆရာတော်သခင်၊ ကျေးဇူးရှင်၏၊ ဂုဏ်အင်ကြီးလှ၊

ဝိသေသကြောင့်၊ လိုသမျှ ကုစ္ဆိတံ၊ အတန်တန်ကို၊ မကြဲစေရ၊ သိပ္ပပညာ၊ ဆည်းပူးရှာ၍၊ ကျွန်းမာ ပကတိ၊ ရှိသည်သာမက၊ သူကရနှင့်၊ ကုက္ကုဋ မစ္ဆာ၊ ပသဒါ မိဂ၊ အဇ ဂေါဏ၊ တေလံ မဓု၊ ဖာဏိတ သပ္ပိ၊ ဒဓိ ခိရာ၊ ဖလာဖလ၊ ပုဝ ခဇ္ဇာ၊ ရသာချိုချဉ်၊ ဘောဇဉ်ခဲဖွယ်၊ စားဖွယ်မြိန်မြတ်၊ မပြတ်သုံးဆောင်ရသဖြင့်၊ ဤကာယအစု၊ သမ္ပတ္တိပြည့်တတ်သည်၊ ဓာတ် ၄-ပါးညီမျှ၊ အရောင်များ ရအောင်၊ မံသ စမ္မာ၊ လွန်စွာပွါးတိုး၊ ဖွံ့ဖြိုးကြီးထု၊ နှာရုအဋ္ဌိ၊ လျှင်မရှိသို့၊ အိအိစက်စက်၊ သားဆီတက်သည်၊ တောဝက်ကြီး ပမာ၊ လွန်ချမ်းသာသောကြောင့်၊ ဝေဒနာ ကင်းစင်၍၊ အင်မတန် ဝပါကြောင်းကို၊ စာပြောင်း၍ ကြားမှာလိုက်ပါသည် ဒါယိကာမကြီး။

★★★★★★★

## (၁၇) ဆွမ်းကြီးခံ မေတ္တာစာ

"သဗ္ဗေ သတ္တာ အဝေရာ ဟောန္တု သုခိတတ္တာ"၊ ကျမ်းဂန်လာနှင့်၊ ငါးရာတိတိ၊ ဓိသတိ အမောက်၊ အလှောက် ၈-သွယ်၊ တကယ်သဘော၊ မောင်တေဇောက၊ ဩဒိဿ ပတ္ထနာနှင့်၊ မေတ္တာစာ ကြားလိုက်သည် ဒါယိကာမကြီး။

မနီးလွန်း၊ မဝေးကွာ၊ ဆရာတော်သခင်၊ စံပျော်ရွှင်နေအောင်းသည့်၊ ကျောင်းတော်သို့ အခါခါ၊ ရောက်လာပါလျက်နှင့်၊ အမြွက်မျှ မပြောငြားသော်လည်း၊ စကားတံဆိပ်၊ ခေါင်းညိတ်၊ လည်ညိတ်၊ မျက်စိမှိတ်လို့၊ အရိပ်ကယ်မျှ မကြားသောကြောင့်၊ လားလားပင် မရိပ်မိ၊ ရှိရရှာပလေ သည်။ သေလို့မှဗျာ၊ သည်တခါမှာ၊ မေ့နိုင်ပါဦးမည်လား၊ သေ၍သွားသည့်နောက်၊ ၆-နှစ်တိုင် တိုင်၊ မမေ့နိုင်အောင်၊ ကျေးဇူးဆိုသူ၊ လူငယ်ကျောင်းသား၊ လျောက်လျားဘာသာ၊ တောင်းခံလှာ သောကြောင့်၊ ဆိတ်စာနည်းများ၊ ဝအောင်ပင် မဟုတ်ငြားသော်လည်း၊ စားရသေးသဖြင့်၊ အချည်းနှီး မဟုတ်ရှာ၊ နေကောင်းထိုင်သာ ရှိပါသေး၏၊ ရှေးဦးမဆွ၊ စရင်းကပင်၊ ဒါယိကာမကြီး၊ စီးစီးစော တင်ကူး၍ ပြောပါမူ၊ စောစောကြီးက၊ မအိပ်ခင်ထလို့၊ ကြွရသော်ကား၊ တကျောင်းလုံး စားလောက်အောင်၊ အားရှိအားမဲ့၊ တိမ်းဟဲ့ဆုတ်ဟဲ့၊ တကယ်ပေတဲ့၊ ရှင်တေဇောတဲ့၊ အကုန်သဲ့၍၊ မယူခဲ့ရလေလော၊ သည်သဘောကိုသာ၊ နှမြောစရာ တစ်ချက်ရှိ၏။

မရိပ်မိ၍ ပီပီ၊ ဟီဟီဟာ၊ ထွိ-အစနာ၊ ရိုင်းလေကဗျာ၊ သည်တခါမှာ၊ ဒါယကာမကြီး ကလည်း တကယ်ရိုး၊ ကံကလဲ တကယ်ဆိုး၊ သတ္တဝါတန်လျှင် ကံကို ရိုးသည်-ဟု၊ ဆိုရိုးမုချ၊ ရှိကြစတတ်၊ သည်တခါ လပ်ချေပေါ့၊ ဘိကြွပ်တော်အဆောင်မြဲ၊ လက်စွဲတော် ဒါယကာတို့၊ နောက်တခါ သည်လိုပြောခဲ့လျှင်၊ စောစောက အရင်တင်၍၊ ပြောလှာစေချင်ကြောင်းကို၊ စာပြောင်း၍ ကြားလိုက်သည် ဒါယိကာမကြီး။ ဝါ၊ နောက်တခါ သည်လိုပြောခဲ့လျှင်၊ စောစောက အရင်တင်၍၊ ပြောလှာလျှင် သိသော်ကောင်းပါလိမ့်၊ ရွှေကျောင်းပျော်၊ ကိုတေဇောငယ်က၊

သဘောမှာ မပြေချမ်းနိုင်လို့၊ ရွှေမန်းမြို့ ပြည်နာပုံမှာ၊ စိတ်ကုန်ပြီ တကယ်ပဲနေဘ်ဗျ၊ နောက်တခါ သည်လိုလွဲလျှင်ဖြင့်၊ ရွှေသဲဆိုင် ကြာလျှင်ကြွေရောမယ်၊ ယင်းမြေကို ဒေစာလှမ်းပါလို့၊ မြန်းကြွ ချင်ပေ့ါ။

★★★★★★★

## (၁၈) ချဉ်ပေါင် မေတ္တာစာ

"အဝေရာ ဟောန္တု၊ အဗျာပဇ္ဈာ ဟောန္တု၊ ဟိုဟာကို ဟောန္တု၊ သည်ဟာကို ဟောန္တု၊ သည့်ပြင်ဟာကို ဟောန္တု၊" တုချင်ရာကို တုရအောင်၊ ခုပို့သည့် မေတ္တာ၊ ကလားတယ် သရက်၊ မက်လင်နှင့် သမ္ဘရာ၊ ဆားဖက်သည့်ပမာ၊ ချဉ်လှသည် မေတ္တာနှင့်၊ မှာစာ ကြားလိုက်သည်၊ မိဘဈေးတလျှောက်၊ မန်းမြေကို ထုတ်ချင်းဖောက်၊ သတင်းကောင်း ပေါက်သည်မှာ၊ မိုးမောက် သည့်ပြင်၊ ၁-သူလောက် ထင်လိုက်ကဲ့၊ ချဉ်ပေါင်သည် မဟာဝါ၊ လှကလျာ သည်ခါမှ အကြိုက်၊ ယားရာကို နှိုက်မိသလို၊ ကောင်းလိုက်သည့် ချဉ်ပေါင်၊ ဘယ်ပါးစောင်မှာ၊ ချဉ်ပေါင်ရွက် တဆိတ် စာ၊ ကျန်ရစ်သည့် ဟာကလေးနှင့်၊ အိပ်ရာက တရေးထ၊ ထိုညနေစတွင်၊ ဘယ်ဆီက လိုလို၊ ဟိုကထင် သည်ကထင်၊ မချင့်စာတတ်၊ မတွေးတတ်အောင်၊ တထပ်ပင် ကောင်းပြန်လို့၊ အကြောင်းမတန် ချဉ်ပေါင်၊ မန်းသာခေါင်မှာ၊ စိတ်ပူအောင်ပဲ ကောင်းသောကြောင့်၊ ကောင်း မှန်းကို ပုံသေ၊ သိရပေပြီ။

ချဉ်ပေါင်သယ် မယ်လျှ၊ ဆွေလုံမကို၊ လက်စတွင် ဆက်၊ ချဉ်ပေါင်ရွက်နှင့်၊ ဘယ်ဘက်ကို ပါ၊ ဘယ်သင်းက သာမည်လို့ စက်ရာ ခန်းခွင်၊ ခေါင်ညွှန့်ကို လှီးတဲ့လို့ မြည်းစမ်းချင်သောကြောင့်၊ ချဉ်လှသည့် မေတ္တာနှင့်၊ မှာစာ ကြားလိုက်သည်၊ ငလူးငယ်မျှောင်၊ မန်းချဉ်ပေါင် ခေါင်သမဏီ ဟာမို့ ဆောင်ကြီးရင် အထင်မှားအောင်ဘဲ၊ စားလို့ မညီး၊ နားထင်မှာ ပူ၊ သွေးဆူတဲ့ ရွှေပလိပ်ကို၊ စာမြိတ်ကယ် နန်နလျောက်သောခါ၊ ကောင်းလို့မပြီး၊ ချဉ်ပေါင်သည် မယ်လျှ၊ ဆွေလုံမကို၊ ကိုဏ္ဍနွ တွင်၊ ထိုမောင်ရှင်က၊ ယဉ်ယဉ်ပါးလိုက်သည်၊ ချင့်စာလို့ယူပါ၊ လှကလျာ။

★★★★★★★

## (၁၉) ရတနာပုံ ရွှေမြို့တော်၊ လုံးတော်ဆရာတော်-က သာယာဝတီမြို့၊ ရေကင်းရွာ၊ သမ္ဗရာခုံ ဘုန်းတော်ကြီးကို သကြား,ထောပတ် ဆက်ကပ်လှူဒါန်းလိုက်သည့် မေတ္တာစာ

"ယေ ဝုဍ္ဍမပစာယန္တိ၊ နရာ ဓမ္မဿ ကောဝိဒါ။ ဒိဋ္ဌေ ဓမ္မေ စ ပါသံသာ၊ သံပရာယေ စ သုဂ္ဂတိ"၊ အစိန္တေယျ၊ လောကတံဆိပ်၊ ငါးမာရ်နှိပ်၏၊ ရွှေဗျာဒိတ်ဟာ၊ ဒေသနာအရင်းကို၊ နှလုံးသွင်းထားလျက်၊ ၃-ပါးသောကံ၊ ၃-တန်သော ဒွါရ၊ ၃-လီသော ပမာဏဖြင့်၊ တုပ်ကွရိုကျိုး၊ ရှိခိုးပူဇော်ပြီးမှ၊ ၁၂၀၅-ခုနှစ်အတွင်း၊ ရေကင်းနန်းကျောင်းတိုက်တွင်၊ ယာပိုက်မယွင်း၊ သီတင်း သုံးနေစဉ်၊ အရှင်ဘုရားတို့နှင့်တကွ၊ သန္ဒိဋ္ဌ သမ္ဘတ္တ၊ သဟာယကအရင်း၊ ဒီပဲယင်းမြို့ဇာတိ၊ ပဝတ္တိရတနာသိမ်၊ ဒက္ခိဏဒိသာ၊ လက်ယာတောင်ပိုင်း၊ ပလိုင်းကြီးခေါ်၊ လုံးတော်ဆရာတော်က၊ နိယျာနိက၊ ဝိဝဋ္ဋနိဿိတအကျိုးငှာ၊ သမ္ဗရာခုံ၊ ဘုန်းတော်ကြီးသခင်၊ အရှင်မြတ်အား၊ သကြား, ထောပတ်၊ ဆက်ကပ်လှူဒါန်းလိုက်ပါသည် အရှင်သူမြတ်ဘုရား။

★★★★★★★

## (၂၀) လုံးတော်ရွာနေ ဒါယိကာမ-မိဖွဲ့ ဆဲရေးကြမ်းတမ်းပြောဆိုသည့် အရာ များသောကြောင့် ရွာခေါင်း ငဝင်း-က အစီရင်ခံရသည့် မေတ္တာစာ

ကျွန်တော်ခေါင်း ငဝင်း၊ အစီရင်ခံပါသည်၊ မောင်မိတ်ခင်ဗျား။ ပုဗ္ဗေကတ၊ ပုညရင်းသန်၊ ပန်ဆုထူး မှန်ကြ၍၊ ရှေးကံဆိုက်ဆုံ၊ အကြိုက်ကြုံသောကြောင့်၊ ဂုဏ်နာရဏီ၊ ရွှေသိင်္ဂီမှာ၊ ဘရဏီပုံ၊ လှုံသင့်လို့ လှုံရသည်။ အမ္ဗုန္ဒရ ဝရုဏနှင့်၊ ကုဝေရမြတ်၊ ဝါသဝနတ်သော်မှ၊ သုဒဿန၊ အယုဇ္ဈမှာ၊ နန်းသူဇ လက်ပါးစေ၊ တော်,ဒူးနေတို့နှင့်၊ ရွှေမြေပေါ်တွင်၊ တင်ခြင်းတင်၍၊ ယှဉ်ကာ ထားရလျှင်၊ နွားနို့နှင့် ထောပတ်၊ ၅-ကျပ်နှင့် ၁-သုဝဏ်၊ သာလွန်နှင့် မွတ်ရာ၊ ဥပမာကဲ့သို့၊ သာမည်ကိုပင်၊ မထင်စတတ်၊ နတ်ဝိသကြုံ၊ ဂုဏ်တရထည်၊ နတ်ပန်းချီတို့၊ ယူမည်လို့ ခဲသော် လည်း၊ မဖွဲ့ငဲ့ ရုပ်ပုံ၊ သင်ဇာချုံမှာ၊ ပုံမဝံ့လို့၊ ရွံ့ကြသူချည်း၊ ဆေးနည်းစုံဖက်၊ ဆေးနက်,ဆေးပြာ၊ ဆေးဝါ, ဆေးနီ၊ ဆေးဇော်ဂီနှင့်၊ တပသီဆို၊ ဝိဇ္ဇာမိုရ်တို့ကလဲ၊ အဟိုသာခေါင်၊ ဟေဝန်တောင်မှာ၊ သူယောင်တမွတ်၊ ရွှေသီးကို ဆွတ်နိုင်ငဲ့၊ ရာဇဝတ်တော် မကြောက်လို့ ပေါ်ကြလျှင်၊ အဟော်တဝ၊ သပြေညာငူ၊ တောင်ဇမ္ဗူမှာ၊ ဂုဏ်တစ်ဆူ ရရော့မည်၊ ရှင်းကြ,ဆုတ်ကြ၊ ရှောင်ရှားကြ၊ မမှုရုပ်ရည်၊ ပန်းပေါင်း, ဂမုန်းပေါင်း၊ နံ့သာပေါင်းတို့မှ၊ မလျှောင်းဘဲပင်၊ မပြောင်းဘဲ ယဉ်၍၊ မပြင်မပြု၊ မဆင်ဘဲ နုသေးသည်၊ နန်းသူတမွတ်၊ အထွတ်ညာဖျား၊ တောင်လက်ယာ ထားကဲ့သို့၊ ရှေးကံအား ကုသိုလ်၊ အကြိုက်ပိုသောကြောင့်၊ ကိုရွှေမိတ် ပရောဟိတ်မှာ၊ သပိတ်နှင့် ငါးကြော်၊ သိသူ

ဖော်ရောလို့၊ သူတော်နှင့် ကျပ်၊ ရှေးကံစပ်လို့မှ၊ ပြာလတ်ကယ် ယဉ်ရွဲ၊ ခေါင်ပေါ်ခေါင်မှာ၊ ခေါင်က ကဲပေတဲ့၊ မဖွဲ့ဆိုသူ၊ ဖော့ရုပ်တူက၊ ပြုဗ္ဗာမပြော၊ ငါ့ကို ကော-ဟု၊ သဘောရမ်းကား၊ စကားကြမ်းကြုတ်၊ ဟင်းရွက်ပြုတ်နှင့်၊ သူ့အုပ်မတန်၊ ကွေ့ပုဂံနှင့်၊ ရေနံမဆိုင်၊ ကျွဲလူးအိုင်နှင့်၊ ကြာခိုင်မလျော်၊ ဝတ်လဲတော်နှင့်၊ လူစော်နံပြု၊ မိလက္ခုသား၊ ဒွန်းစဏ္ဍားနှင့်၊ ပတ္တမြားရတနာ၊ ပမာမစပ်၊ မအပ်မရာ၊ မန္ဒူးသာသကဲ့သို့၊ ကလျာ ၅-ခု၊ ပြည့်သည်မှုကြောင့်၊ ၆-ခုပြစ်ကင်း၊ လှဲ့ဝင်းညိုမြ၊ သမဏနှင့်၊ သာရုပ္ပဂုဏ်ရှင်၊ ဖြစ်လျက်စင်လည်း၊ လူ့,ရှင်တို့ နား၊ မကြားစတောင်း၊ မဝံ့ကောင်းအောင်၊ ရွှေကျောင်းနေပျော်၊ ဆရာတော်က၊ သို့သော် နေမှိန်၊ သို့အချိန်ကို၊ တိမ်အလိပ်လိပ်၊ လျှပ်ရောင်များ ကြိတ်ထည့်လို့၊ မိုးရိပ်ရိပ်လာ၊ သည်အခါတွင်၊ အဆိတ်စာကလေး၊ မနေ့မလျှင်၊ ဘာဝနာကမ္မဋ္ဌာန်း၊ ရွှန့်ထည့်စမ်းမည်လို့၊ ဆောင်ခန်းသို့ ဝင်ထည့်၍၊ အဋ္ဌင်္ဂမာ၊ နိဗ္ဗုတာ-ဟု၊ အောင်ချာရပ်ခန်း၊ ရည်ရွယ်မှန်းမည်လို့၊ ရဟန်းတို့တရား၊ အားတခဲ့ဟန်၊ စိတ်မသန်၍၊ မကြံအားသော်လည်း၊ စားကြေလောက်ကြေ၊ ရှိပါစေတော့လို့၊ ရဝေဆောင်ဘုံ၊ သက်န်းကို ခြုံထည့်လို့၊ အရဟံကို၊ စိတ်ကြံ၍ပ၊ ရွတ်မည်လို့ စ-လိုက်လျှင်၊ ကေလာသဘ၊ မကုဋဝယ်၊ အာဋဝက ကြုံးသံ၊ ကောရဗျမင်း၊ အံသဘင် ကျင်းရာတွင်၊ နတ်မင်းပုဏ္ဏက၊ အံပွဲရ၍၊ ကြိမ်းပမြူးသံ၊ ကောင်းကင်ယံက၊ မြည်သံ ထစ်ထစ်၊ ကြွေးကြော်ဟစ်သကဲ့သို့၊ ရပ် ၈-မျက်နှာ၊ ဆယ်မျက်နှာက၊ ဒိသာဝိုင်းအုံ၊ သက်န်းခြုံကို၊ ဇလုံထအောင်၊ ကြွ၍တိုးသောကြောင့်၊ ၁၉-ကြိမ်သာသာ၊ "အရဟံ အရဟံ၊ နင်ဘယ်ကို လန်မလဲလို့၊" ဖန်ဖန်တွတ်တွတ်၊ အားကုန်လွှတ်၍၊ ရွတ်ပြန်ပါလဲ၊ ဟိုဟာကို သွားတဲ့လို့၊ စကားမတိတ်၊ နှုတ်မဆိတ်ခင်၊ လက်ရိပ်ကို ပြ၊ အချက်ကျသိ၊ ဆိုဘိစကား၊ ရေများမီးနိုင်၊ မခံနိုင်သောကြောင့်၊ ထိုင်တဲ့လို့ ငုတ်ငုတ်၊ စိတ်ကလည်း ရှုပ်သည်တွင်၊ ဟိုရုတ်ခနဲ၊ ဒုတ်ကို ဆွဲပြီးလျှင်၊ "မိဖွဲ့ပင် သေသေ၊ ရိုက်ထည့်ချေအံ့"ဟု၊ မခံအားကိုး၊ သူစိတ်ဆိုးပြီးမှ၊ ၁၉-ကြိမ်သာသာ၊ အနိစ္စာနှင့်၊ မရဏာကမ္မဋ္ဌာန်း၊ ရွတ်စီးဖြန်းလို့သာ၊ လန်းလန်းရှိရသည်၊ သို့ရှိသည် အခင်း၊ ငရွှေဝင်းကို၊ အတင်းခေါ်ချ၊ တထွာညှိဆိုင်၊ ရဲရဲနိုင်တဲ့၊ သူကိုင်နေကျ၊ ဒုတ်ကြီးကို ပြတဲ့လို့၊ ဩကာသ ဩကာသ၊ ရှိဦးတွလို့၊ ချသည့်အခိုက်၊ ခေါင်းအငိုက်ကို၊ နှက်လိုက်သည် အချက်၊ တမိုက်ခန့်လောက်၊ တညှိုက မောက်၍၊ တထွာလောက်ပင် နက်ကပေ့ါထင်၊ ဝက်မသား, ခွေးမသား၊ နင် မျက်စိကန်းသလား၊ မကြား။ နင့်နားကန်းသလား၊ မမြင်။ ဟိုဆီတွင်ပင် ဟိုသခင်မ၊ ဟိုနံနက်စဆီက၊ ရွတ်နေကြ ကမ္မဋ္ဌာန်း၊ ဟိုညနေချမ်းဆီက၊ တိမ်ပန်း,တိမ်ပွင့်၊ တိမ်မြင့်, တိမ်သေး၊ ပုံ့ပုံ့ကလေး၊ ပွပွကလေး၊ ကြွကြွကလေးများနှင့်၊ ဂွမ်းပုံကလေးသဏ္ဍာန်၊ နတ်တပသီ၊ နတ်ပန်းချီတို့၊ နာရဏီညိုရွဲ၊ ထိန်ဝတ်လဲနှင့်၊ တိမ်ခဲ, တိမ်မြင့်၊ တိမ်ဆေးစုံ ဆင်သောခါ၊ ကောင်းကင်လပ်ဆီက၊ တိမ်နတ်ကယ် မြူးတယ်လို့၊ တိမ်ဆူး, တိမ်ညွန့်၊ တိမ်တွန့်,တိမ်လိပ်၊ တိမ်ပုခက်ချိတ်များနှင့်၊ သပိတ်လုံးခန့်လောက်၊ ကုန်းကုန်းကြီး, ကွကွကြီး၊ ဒေါင်းမြီးချိတ်ကြီးများနှင့်၊ ဆင်စီးဟန်, မြင်းစီးဟန်၊ ခြသေ့်လည်ပြန်၊ ပဲခိုးကြက်ဆော့၊ မြီးတန်ကော့နှင့်၊ ခွပ်တော့မည်ဟန်၊ ကုမ္ဘဏ် တခြား၊ နဂါး တဖုံ၊ ဂဠုန် တဝ၊ ဂန္ဓဗ္ဗတို့၊ သေနင်္ဂပြိုင်၊ စစ်ရေးဆိုင်သည့်နှယ်၊ ရုပ်နိုင်မျှ တခန်းတခန်း၊ ဆန်းနိုင်မျှ တပုံတပုံ၊ စုံနိုင်မျှ ပါပေကို၊ အကယ်အကြံ၊ တကယ်ဟန်နှင့်၊

ဉာဏ်သာလို့ တော်တော့သည်၊ ဆို၍မပြီး၊ ချီး၍မနှံ့၊ အံ့၍မဆုံး၊ အကျဉ်းရုံးရအောင်၊ နိဂုံးဂါထာ၊ ဖွဲ့ရန်ကို ရှာလိုက်လျှင်၊ ပမာထူးလည်း လူတို့ပြည်တွင်၊ မသေခင်ကို၊ အရှင်လတ်လတ်၊ ပြာကလပ် ကြာလျှင် လပ်ကရော့မည်၊ မလပ်သင့်ပေ၊ လပ်ပစေ ရော့မည်လို့၊ ဆွတ်ချွေလပ်လပ်၊ မင်းဇလပ် ကို၊ ကြာကလပ်ပေါ်တွင်၊ မလပ်ကယ် ပြင်တဲ့လို့၊ တင်သည့်ပမာ၊ နေလဲ မှိန်မှိန်၊ တိမ်လဲ လိပ်လိပ်၊ မိုးရိပ်ရိပ်နှင့်၊ လျှပ်ကြိတ်သည်အခါ၊ ညဉ့်ဆည်းဆာကို၊ ဗလပွါပြွတ်၊ အားကုန်လွှတ်၍၊ ရွှတ်လိုက်သည် တခါ၊ နင်တို့ရွာမှာ၊ သည်ဒါယကာမ၊ ယုတ်မာလှသည်၊ ရွာကထုတ်လေ၊ မကြာ စေကြနှင့်၊ မိန့်ထွေသံကို၊ နာခံ၍ ရှိရသည်တာ၊ သည်တခါမှာ၊ ချမ်းသာပေးမှ၊ သင့်လျော်ပါမည် ဟု၊ ဝန်ချတောင်းပန်၊ အာမခံသောကြောင့်၊ တဖန်မှာ ငြိမ်းခဲ့ပြီ၊ ထိန်းပါ,အုပ်ပါ၊ နောက်တခါ ဖြင့်ပင်၊ ကျွန်တော်ပါ ပြေးရမည်ကြောင့်၊ ဖော့ရုပ်ကလေး အတူ၊ ပုံမယူနိုင်လို့၊ ယဉ်မူလှဲ့ဝင်း၊ ၆-ပြစ်ကင်းသည်၊ ယဉ်မင်းပမာ၊ ဂုဏ်လဲ ထူးပြန်၊ ကံလဲ ထူးလျက်၊ ကုသိုလ်စက်ကြောင့်၊ ပေါင်းဖက်ကယ် ပါကြသည်၊ ချစ်စေနာစွဲ၊ မမယ်ဖွဲ့-ဟု၊ ဆကဲကြင်နာ၊ ကိုယ်ချင်းစာတဲ့၊ မေတ္တာ ကြည်လင်၊ သက်ဆုံးကြင်ကို၊ လင်မောင်မိတ်ကာ၊ အရိပ်ပြကာ၊ ဆုံးမပါ-ဟု၊ မေတ္တာရည်ရော်၊ ရှေ့ကို ထောက်၍၊ နောက်ကို မြော်သည်၊ ကျွန်တော် အစီရင်ခံလိုက်ပါသည် ခင်ဗျား။

★★★★★★★

## (၂၁) ရတနာသိခ်မြို့၊ မုံလှရွာ၊ ထွန်းဦးထံ ဆရာတော်-က ပေးမှာလိုက်သည့် မေတ္တာစာ

မှာလိုက်သည် ထွန်းဦး၊ ပြန့်ဖြူးချိုသာ၊ ငါဆရာ၏၊ မေတ္တာစကားကို၊ နားစေ့စေ့ ထောင်လေ။ "မသေသမျှ၊ ကာလအတွင်း၊ ဖျင်းတန်ပေါ့သွမ်းသူကိုလည်း မပေါင်းနှင့်။ လောင်းစား, သေစာမှုကိုလည်း ဝေးအောင် ကျင့်။ ဆရာသခင်၊ အရှင်ဘုရား၊ မိဘများကို၊ မုန်းထားမာန်မျက်၍၊ စိတ်ထွက်အောင် မပြုနှင့်။ သူ့ကျေးဇူးကို အထူးသိလေ။ ဆွေလာ မျိုးဝတ်ကိုလည်း ကျေလှစေ။ အဆွေမိတ်ကောင်းကိုလည်း ရအောင် ရှာ။ ကာမဂုဏ်ကြောင့် လည်း မရူးနှင့်။ ဥစ္စာဂုဏ်ကြောင့်လည်း မမြူးနှင့်။ ကျေးဇူးမသိသည့် ခင်ပွန်းပြစ်ကို ပယ်။ အလယ်အလတ်ကျအောင် ကြံ။ မာန်မာန နည်းသူကို ရှာ။ ကုသိုလ်,ဥစ္စာ,ပညာ ၃-ခု၊ တနေ့မှုမှာ၊ တစ်ခုခုကို ရအောင် ကြံ။ ကံကိုချည်းလည်း မရိုးနှင့်။ ဉာဏ်ကိုချည်းလည်း မကိုးနှင့်။ တစ်ထောင် တန် သူ့အကျိုးကြောင့်၊ ကိုယ်အကျိုးကို မယုတ်စေရာ။ လိမ္မာတုကို ခိုး။ ကိုယ့်ကျိုးရှိအောင် ကြံ။ လောဘ ခက်ထန်လျှင် စားရ,သုံးရ၏။ ဒေါသခက်ထန်လျှင် ပစ္စုပ္ပန်,သံသရာ ၂-ဖြာရှုံး၍ စုံးစုံးနစ်၏။ အဆွေခင်ပွန်းသစ်ကို ရအောင် ပေါင်း။ အဆွေခင်ပွန်းဟောင်းကိုလည်း မပစ်နှင့်။ ချစ်ဖွယ်သောစကားကို ဆိုက သဗ္ဗသျှိ။ ဝန်တိုသောသူကို ပေးကမ်း။ စွမ်းသန်သောသူကို အားကိုး။ အကျိုးစီးပွါးကို ပြုက အဆွေ။ ကျွေးမွေးပေက အဘ။ ချစ်ကျွမ်းက ခင်ပွန်း။ ကြိုးပမ်းလုပ်ကျွေး

မွေးမြူမှု မယားကောင်း။ အပေါင်းကြည်သာလျှင် အရာခပ်သိမ်း ပြီး၏။ ခရီးလမ်းဆုံတွင် တွေ့သော ရန်သူကို ပျူငှာပြောဆို၍ ဝေးအောင် ခွါ။ ဆရာသခင်, အဆွေခင်ပွန်းမြောက်၊ သည် ၂-ယောက်ကို မျက်မှောက်,မျက်ကွယ်မှာ ပြောစား။ သားမယားတို့ကို၊ ရှည်လျားသက်နေ၊ မသေသမျှ မပြောပါနှင့်။ ကိစ္စမှုဆောင်သူ၊ ဟူသမျှကိုလည်း ပြီးစီးမှသာ ချီးမွမ်းရာသည်။

ဆာလောင်မွတ်သိပ် မရှိစေရသည် ဘောဇနသတ္တိ၊
ကာမရာဂလည်း မိန်းမ၏သတ္တိ၊
သုဂတိဘုံဘဝသည် ဒါန၏သတ္တိ၊
နိယျာနိကသည် တပစရိယ၏သတ္တိ၊

စာသိပေမြင်၊ ၁မသင်မကြားဘူးသူ တထွေ၊ ၂အစာမကြေသူ တစ်ယောက်၊ ၃အရှယ် မရောက်မီက၊ အိမ်ရာကျသောသူ တစ်သွယ်၊ ၄ငယ်ရွယ်သူ တခြား၊ ဤ ၄-ပါးတို့မှာ စားမိသော အဆိပ်နှင့် တူချေ၏၊ မြွေလည်း တဝ၊ အာတပနအတတ်လည်း တချက်၊ လက်နက်လည်း မကြွင်း၊ မင်းလည်း တခြား၊ ဤ ၄-ပါးကို၊ အားတက်ကြိုးပမ်း၊ အကျွမ်းမဝင်ရာ။ များစွာသော ဆွေမျိုးတို့၏ အကျိုးကို မျှော်ထောက်၍၊ တစ်ယောက်ကို စွန့်ရာသည်။ တစ်ရွာလုံးအကျိုးကြောင့်လည်း အမျိုး ကို စွန့်ရာသည်၊ ပြည်သူတို့၏ အကျိုးငှာ၊ ရွာကိုပင် စွန့်ထား။ ကိုယ့်ကျိုး,ကိုယ့်စီးပွါးဖြစ်ချေက၊ မြေကိုပင် စွန့်ရာသော သဘော။ ဥဩတို့မှာ အသံသာယာသည်ပင် အား၊ မိန်းမတို့မှာ ကောင်းစွာ လုပ်ကျွေး၍ လင်ကို မွေးမြူသည်ပင် အား၊ သူတော်ကောင်းတို့၏အားမှာ သည်းခံခြင်း၊ အသက် ၏အန္တရာယ်ရောက်လာလျှင် အရက်သေစာပင် ကိုးကွယ်ရာပင် ဖြစ်၏။

အညစ်အကြေး တင်၍ မစင် လိမ်းကျံသည် ဖြစ်လျက်လည်း ရွှေခွက်မှန်က ယူရာသည်။ ပညာရှိဟုတ်မူ အမျိုးယုတ်သူပင် ဆရာ။ သမီးကညာ၊ ရတနာစစ်က၊ ဒွန်းစဏ္ဍားပင် ဖြစ်ငြား သော်လည်း ချစ်ခင်လေးမြတ်ရာ၏။ ၁ဥစ္စာကုန်ခန်းသော အဖြစ်၊ ၂အပြစ်နှင့်တကွသော စကား၊ ၃သူတပါးလိမ်လည်သော အရာ၊ ၄မာန်မာန တက်ကြွထောင်လွှားသည်ကို သူတပါး မသိစေရာ။ ပညာရှိကို ကိုးကွယ်။ ပညာမဲ့သူကို ပယ်။ အရွယ်အဆင်း လှပခြင်းဖြင့် ပညာနှင့် ကင်းသောသူကို လူမဆန်။ အရောင်အဆင်း လှပခြင်းဖြင့် အနံ့ကင်းသော ပန်းကို လူမပန်။ အကြံပင် ကောင်း သော်လည်း နှောင်းလျှင် အကျိုးမရှိ။ မြင်း၏ မူလဘူတမှာ အဘဖြင့် သိရာသည်။ သမီးကညာ၏ ဖြစ်အင်မှာ မိခင်ကို ထောက်ထား။ ပုဏ္ဏားတို့ စွမ်းအင်ကို ဗေဒင်နှင့် နှိုင်းဆ။ ၁သူအ၏ အနေ အထား စကားမပြောသူလည်း အဖြစ်၊ ၂သူယစ်၏ အနေအထား စကားပြောလွန်းသူလည်း ပျက်၊ ၃လောဘရမက် ထွက်လွန်းသူလည်း ရိုင်း၊ ၄စေခိုင်းလွန်းသောသူလည်း မဖြစ်၊ ၅ချစ်ခင် ယောင်ဆောင်သောသူလည်း ခက်၊ ၆လျှို့ဝှက်တတ်သောသူလည်း မခံနိုင်၊ ၇ကျောက်စာတိုင်ကဲ့သို့ ခိုင်လွန်းသောသူလည်း အကျိုးမပြီး၊ ၈နှေးဖြေးလွန်းသောသူလည်း အကျိုးမဖြစ်၊ ဤ ၈-ယောက် ကိုလည်း ဝေးစေရာ၏။

- အာတပနအတတ်ကို တတ်သော ယောကျ်ား၊
- စကားများလွန်းသော မိန်းမ၊
- ထက်လှစွာသော ဦးချိုရှိသော နွား၊ —

ဤ ၃-ပါးကို ပယ်ရှားအပ်၏ မှတ်။ မြိန်မြတ်သော အဖျော်ဘောဇဉ်၊ ဆင်ခြင်သဖြင့် သင့်တင့်လျောက်ပတ်စွာပြုသော မယား။ ကြီးမားသောဂုဏ်နှင့် ပြည့်စုံသော မိတ်ဆွေတို့ကို သေအောင်ပင် ပေါင်းသော်လည်း ကောင်းကျိုးသာ ပြီးရာသည်။ တည်ကြည်ငြိမ်သက်က သူ-ချီးမွမ်း၏။ ကြောင်းလမ်းကို မသိက အကျိုးမပြီး။ အကျိုးပြီးသောကြောင့် လူချီးမွမ်း ခံရ၏။ ဣန္ဒြေမရှိက လူမရှိသေ၊ လူကား ရှိသေ၏။ အဆွေခင်ပွန်း နည်းသောကြောင့် ရေးကြီးခွင့်ကျယ်ကို မကြံနိုင်။ "ပိုင်ကား ပိုင်၏၊ မနိုင်၍ လျှော့ရသည် တခြား၊ နိုင်ကား နိုင်၏၊ မပိုင်၍ လျှော့သည် တပါး၊" ဤအရာများကိုလည်း စဉ်းစားဆင်ခြင်ရာသည်။

- ခြသေ့်တို့ လက္ခဏာအင်္ဂါ ၁-ပါးကို ကြည့်၍ ပညာရှိမှန်က သိမ်းရာသည်။
- ဥဗျိုင်းတို့ လက္ခဏာအင်္ဂါ ၁-ပါးကို သိ၍ ပညာရှိမှန်က သိမ်းရာသည်။
- ကြက်တို့၏ လက္ခဏာအင်္ဂါ ၄-ပါးကို စွဲ၍ ပညာရှိမှန်က ငြိမ်းရာသည်။
- ကျီးတို့၏ လက္ခဏာအင်္ဂါ ၅-ပါးကို ရိပ်မိ၍ ပညာရှိမှန်က ကိန်းရာသည်။
- ခွေးတို့၏ လက္ခဏာအင်္ဂါ ၆-ပါးကို သိ၍ ပညာရှိမှန်က သိမ်းရာသည်။
- မြည်းတို့၏ လက္ခဏာအင်္ဂါ ၃-ပါးကို သိ၍ ပညာရှိမှန်က ထိန်းရာသည်။

ဤသည် ပုံထုံးကိုလည်း နှလုံးစွဲ၍ အမြဲမှတ်။

အတတ်ပညာမရှိဘဲ မမြဲသောစိတ်ရှိသဖြင့် မိမိအလိုလို မိုက်သောသူသည် ပြည့်ရှင်မင်း၏ အကျိုးစီးပွါးကို ဖျက်၍ အသက်အန္တရာယ်ကို ပြုရာသည်။ ပညာရှိလက္ခဏာကို ပညာရှိချင်းမှသာ၊ ကိုယ်ဝန်ဆောင်သောသူ၏ ဝေဒနာကို ကိုယ်ဝန်ဆောင်ချင်းမှသာ ရှင်းလင်းကွဲပြားနိုင်ရာသည်။ ဘေးရောက်သောအခါလည်း တစ်ချက်၊ ဥစ္စာပျက်သောအခါလည်း တစ်ဝ၊ ထိုကာလကို မေးမြန်း၍ ပေးကမ်းလာမှသာ ချစ်ဆွေခင်ပွန်း မည်ရာသည် တစ်ချက်။ မုံ့ညက်ထက် နွားနို့ထမင်း၊ နွားနို့ထမင်းထက် ဟင်းမျိုးအရသာ၊ ဟင်းမျိုးအရသာထက် ထောပတ်၊ ထောပတ်ထက် ဆီနယ်သော ထမင်းတို့သည် အချင်းချင်း မတူကြဘဲ ကဲလွန်သော ရသာသည် ၈-ဆစီတိုးတက်ကြောင်းနှင့် ထုံးဟောင်းပုံစံကို ညှိ၍ သိအောင် နှလုံးသွင်းရာသည်။

နေမင်း၏ ဖြစ်အင်မှာ အဝင်အထွက် မခြားသကဲ့သို့ စီးပွါးချမ်းသာ ရှိ,မရှိသသူ လူ ၂-ဦးမှာ အထူးကို သိနိုင်ခဲသည်။ "ပွဲသဘင်သို့ ဝင်လို၏၊ ဝတ်ဆင်စရာ မရှိ။ တရားသဘင်သို့ ဝင်လို၏ ပညာမရှိ။" ပညာရှိတို့ ဖြစ်အင်ကို ပရိသတ်ခွင်မှာ ထင်ရှားရာသည်။ ဥစ္စာရှိသူတို့ ဖြစ်အင်ကို သဘင်မှာ ထင်ရှားရာသည်။ မျက်စိ,မျက်နှာ ပဒုမာပန်းကဲ့သို့ လန်းလန်းရွှင်ပြလျက်

ပိယဝါစာစကားပင် သာသကဲ့ကို ဝမ်းထဲမဖြောင့်၍ ကွယ်ထောင့်ကြံစည် လိမ်လည်တတ်သော သူယုတ်တို့၏ သဘောကို မနောတတ်အပ်သိ၍ ရိပ်မိစေရာသည်။ မရေရာက ဗလဘွာ၊ မသေချာက ဗလချာ၊ မလိမ္မာက ဗရမ်းဗတာ၊ မျက်နှာ မသာမယာခြင်း ပျင်းရိဆိုးသွမ်း၊ ကြမ်းတမ်းဆဲရေးလျက် ပျက်စီးအောင် ကြံဆောင်၍ သုံးဆောင်သောအစာ၌ တိုင်းထွာဆင်ခြင်ခြင်း မရှိ၊ ရိပ်ခြေမသိသော ကျွန်ယုတ်ကို နှင်ထုတ်စေရာသည်ကို နှလုံးမူ၊ [၁]ရန်သူလည်း တသီး၊ [၂]မီးလည်း တလီ၊ [၃]သူမြီလည်း တခြား၊ ဤ ၃-ပါးမှာ ဝေးစွာရှောင်ကွင်း အကြွင်းမထားရာ။

ပျားကို ရှာသော ယောကျ်ားသည် ပျားရချေလျှင် ကြက်ဆူပင်ကိုသော်လည်း တောတွင် အမြတ် မှတ်ရာသည်။ ပညာကို ရှာသော ယောကျ်ားသည် ဟောကြားဆုံးမ ပြသပေးလျှင် ဒွန်းစဏ္ဍားပင် ဖြစ်ခဲ့မူ လူတွင် အမြတ် မှတ်ရာသည်ပင်။ ဗေဒင်၏ အကျိုးဆုံးမှာ ဟုန်းပူဇော်ရာ၏။ စာပေကျွမ်းဝင်၊ ပညာအကျိုးမှာ ကိုယ်,နှုတ်,နှလုံးကို စောင့်ရာ၏။ မိန်းမရှိသည်ကား သား,သမီးနှင့် မငြီးငွေ့အောင် ပျော်ရ၏။ ဒါန၏ အကျိုးဆုံးမှာ ဥစ္စာစီးပွါး၊ ပေါ်များပြည့်လျှံ၊ ကောင်းကျိုးခံလျက်၊ နိဗ္ဗာန်သို့ ရောက်ရာ၏။ နောက်လိုက်သူကား များ၏၊ ရှေ့သွားသူ မရှိ။ အစွမ်းသတ္တိရှိသသူမှာ လေးစွာသော ဝန်ကို မထောက်။ သတိ, ဝီရိယရှိသသူမှာ ဥစ္စာမရှိမည်ကို မကြောက်။ စွမ်းအင်ရှိသသူတို့မှာ ရန်သူလာမည်ကို မထောက်။ ပညာရှိသသူတို့မှာ မေးမြန်းလာမည်ကို မကြောက်ရာ။ ပညာရှိသသူတို့အား အရပ်တပါး-ဟူ၍ မရှိရာ။ ပိယဝါစာ ပြောသသူတို့အား သူတပါး-ဟူ၍ မရှိရာ။ ဤသို့ ပြဆိုသောအင်္ဂါကို ပညာဖြင့် နှိုင်းနှုန်း၍ ထုံးစံမပျက် ကျင့်ရာသည်။

သံသရာရေး၊ လာမည့်ဘေးကို၊ မျှော်တွေး၍ထောက်၊ ကြောက်တတ်သသူလည်း တဒါန၊
အကုသိုလ်ဓမ္မကို နေ့,ညဖြူစင်အောင် ရှောင်ကြဉ်ရှက်ကြောက်တတ်သောသူလည်း ၂-ရပ်၊
မြတ်သောအလှူကို ခံထိုက်သောသူလည်း တဝ၊
သီလကို လေးမြတ်၍ ကျင့်တတ်သောသူလည်း တခြား။

ဤ ၅-ပါးသော သူအပေါင်းတို့ကို မပေါင်းမိဘဲ မရှိစေရာ။ အလုံးစုံသော စကြဝဠာအနန္တသည် သဗ္ဗညုဘုရား၏အရာ မုချ၊ သဗ္ဗညုတဉာဏ်သည် မန္တန်ဂါထာ၏ တည်ရာကံ၊ ထိုမန္တန်ဂါထာသာလျှင် ပညာရှိတည်ရာ မှန်ချေသည်။ အတည်အမြဲ မရှိသည် တဝ၊ အဆီအခဲမရှိသည် ကာက၊ လောကဓမ္မကို နှိုင်းနှုန်း၍ ထုံးပုံကို ရိပ်မိလျှင် ပညာရှိ မြောက်ရာသည်။

[၁]ဆရာကို ကပ်သဖြင့်လည်း အတတ်ပညာရရာသည် ၁-နည်း,
[၂]ပစ္စည်းဥစ္စာပေးမှသာလျှင် ပညာရရာသည် ၁-ရပ်,
[၃]အတတ်ချင်း အတတ်ကို လှည့်လည်ရသည် တခြား၊

ဤ ၃-ပါးသာ၊ ပညာရနည်းကို ကောက်လျှင် ၄-ခုမြောက် မရှိ။

အမိတို့ သဘောမှာ ဥစ္စာကြွယ်ဝ, အဘတို့ သဘောကား ကြီးမားပညာ,
ကညာတို့ သဘောမှာ အဆင်း, သားခြင်းတို့ အားကိုးမှာ အမျိုးကို အလိုရှိသည်၊

ဤသည် ၄-ပါး။ သူယုတ်တို့အား များစွာပင် ပေးသော်လည်း ကျေးဇူးကို မသိ,မတင်ရာ၊ အပြစ်ကိုသာ ရှာပေတတ်ရကား၊ မြွေနဂါးတို့မှာ၊ ယနာထောပတ်၊ မြိန်မြတ်ရသာ၊ ပေးပါသော် ငြား၊ အဆိပ်ပွါးသကဲ့သို့ တရားထုံးပုံ ရှိချေသည်။

ရေချိုးသောယောကျ်ားသည် ကြီးပွါးကျယ်ပြန့်သော ထုံးအိုင်, မြစ်ချောင်းမှ စိတ်နှလုံး ရွှင်ပျ၏။ အာဟာရမှီဝဲသသူတို့မှာ လက်သုတ်ဟင်းလျာ လွန်စွာပေါ်များမှသာ စိတ်နှလုံးချမ်းသာ သည်။ အိပ်ယာနေရာကိုလည်း သာယာပြန့်ပြောမှသာ သဘောနှစ်ခြိုက်၍ စိတ်ကြိုက်အလိုကျ ၏။ မိန်းမတို့မှာ အစာ ၂-ဆ၊ ဝီရိယကား ၄-ဆထက်သာ၊ ပညာ ၆-ဆ၊ ကာမသော်ကား ၈- ဆပွါး၏။ စကားနှင့် အစား၊ သည် ၂-ပါးတွင် "အစားမညီသော် တရုပ်ရုပ်၊ စကားမညီသော် အရှုပ်ရှုပ်" ခြေရှုပ်,နယ်ရှုပ်ကို သုတ်သင်နိုင်သူကား များ၏။ စကားရှုပ်ကို သုတ်သင်နိုင်သူကား ရှား၏။ ၄-ပါးသော အဂတိကြောင့် မိမိ၏အသရေ ပျက်သဖြင့် အရှက်လည်း ရ၍ သုဂတိ ဘုံဘဝနှင့် လွဲတတ်သည်။

အရုပ်နှံ့စပ်သသူမှာ ဝါစာ၊ အတတ်နှံ့စပ်သသူမှာ ပညာ၊ သဘင်နှံ့စပ်သသူမှာ ရယ်စရာ၊ အမြင်နှံ့စပ်သသူမှာ အလွယ်သာ၊ သာယာသံချို အပြောအဆို ဖြစ်၏၊ ကောက်ကျစ်စဉ်းလဲ တတ်သည်။ မောင်းမဲငေါက်ငမ်း၍ ဗရမ်းဗတာ ပြောဆို၏၊ အလိုကျအောင် ပြုတတ်သည်။ **အမှတ်မထားသူလည်း** ၁-ယောက်၊ **မပြတ်မသားသူလည်း** ၁-ယောက်၊ ဤ ၂-ယောက်တို့မှာ နောက်ကို မရှင်းရှိတတ်သည်။ သတိပြု၍ ဆင်ခြင်။ ဆင်လည်း တမျိုး၊ ခိုးသူလည်း တထွေ၊ မြွေလည်း တခြား၊ သူမယား တထူး၊ ဤ ၄-ဦးတို့ကို ယုဉ်ပူးမှီကပ် မပြုရာ။ နာ-စီ-သံ-ပ၊ ၄- ဌာနကြောင့်လည်း သောကကို မဖြစ်စေရာ။ ဒါ-သံ-သ-ပ၊ ၄-ဌာနကြောင့်လည်း ကာလကို မလွန်စေရာ။ ခန္ဓာကိုယ်နှင့်တကွ စည်းစိမ်ချမ်းသာ-ဟူသမျှကို အနိစ္စ-ဟု သဘောထား၍ တရားနှလုံးသွင်းရာသည်။

မူရာ မသန့်ရှင်းသည် တပါး, သနားကြင်နာခြင်း ကင်းသည် တချက်,
လျှို့ဝှက်တတ်သည် တခြား, စကားမမှန်သည် တရပ်,
လှည့်ပတ်သည် တထွေ, တွေဝေမိုက်မဲသည် တချက်,
အလိုရမွှက်ကြီးသည် တဝ၊

မိန်းမတို့မှာ သူယုတ်တို့လက္ခဏာ အင်္ဂါ ၇-ပါးတို့ကို စဉ်းစားမျှော်တင်၍ ပေါင်းသင့်မှ ပေါင်းရာ သည်။

ထုံးဟောင်းစံပျက်၍ မျက်ကွယ်ဆိုသော စကား တဝ၊

၂-ခွန်း, ၂-ခွဆိုသော စကား တချက်,
အမျက်ထွက်၍ ဆိုသော စကား တရပ်,
၂-ထပ်,၂-ဆင့်ဆိုသော စကား တခြား၊

ဤ ၄-ပါးကိုလည်း စဉ်းစားထောက်ချင့်၍ ယုံသင့်ယုံတန်မှ ယုံရာသည်။

ပြည့်တန်ဆာမသို့ သွားတတ်သောသူလည်း တရပ်,
အာတပ္ပနအတတ်ကို တတ်သောသူလည်း တထွေ,
သေအရက်သောက်သောသူလည်း တယောက်၊

ဤ ၃-ယောက်တို့မှာ ပညာဂုဏ်ကျေးဇူးနှင့် အထူးပြည့်စုံ၍ ရသေ့,ရဟန်းပင် ဖြစ်စေတမူ၊ လူသာမန်ကို မဆိုထားဘိ၊ ဘုန်းတန်းရှိသော ပြည်ကြီးသခင် ဘုရင်မင်းမြတ် သမ္မုတိနတ်သော်လည်း ပျက်စီးတတ်ချေသည်ပင်။ အကျွမ်းမဝင်ရာသသူကို ဝင်၍ အကျွမ်းဝင်ရာသသူကို မဝင်ခြင်း၊ အချင်းချင်း အကျွမ်းဝင်ကြပြီးမှ သီးခြားကွဲလွဲပြန်ချေက အရင်းနှင့်တကွ ခဏမကြွင်း ပျက်စီးခြင်းသို့ ရောက်ရာသည်။

၁-ဂါထာ, ၁-ပါဒမျှ သင်ချပေသသူကို မထေမဲ့မြင် မပြုရာ။ တိရစ္ဆာန်သတ္တဝါဖြစ်သော ခွေးသည်ပင် ထမင်းကျွေးသောသူကို မြင်က ချစ်ခင်လေးမြတ်သော မူရာတပါးဖြင့် အမြီးကို လှုပ်ရှား၍ ညွတ်တွားရိုသေ ပြုပေတတ်၏။ တောရပ်မြိုင်ခြေ၊ ခိုနေသော မျောက်၊ လူလက်သို့ ရောက်၍ ဖြိမ်းခြောက်ပြသလျှင် အက-ပင် တတ်ချေ၏။ ပဋိသန္ဓေ လူ့ဝမ်းမှာ နေသူသည် အဘယ်မူ၍ ဆရာနှင့်တွေ့လျှင် စင်ကြယ်စွာ ကိုယ်,နှုတ်ကို မသိမ်းမအုပ်နိုင်ဘဲ ရှိအံ့နည်း။

တောကြီးမြိုင်တိုက်၊ တောလိုက်ဘာသာ၊ တောအစာကို၊ စားပါတုံလျက်၊ တောကျေးငှက်သည်၊ လူလက်သို့ ရောက်က၊ ပီယဝါစာ၊ သာယာသံချို၊ ဆိုတတ်သည်ပင်။ လူစင်စစ်ဖြစ်သသူမှာ၊ အဘယ်မူ၍ ချမ်းမြေ့သာချို၊ မဆိုနိုင်ဘဲ ရှိရာအံ့နည်း။

မင်းလည်း တထွေ၊ မြွေလည်း တခန်း၊ ရဟန်း တသီး၊ မီးလည်း တခြား၊

ဤ ၄-ပါးတို့ကို၊ ကွဲပြားမမူ၊ အတူကျင့်အပ်လှပေသည်။ စာပေ-စသော အတတ်ကို ယှဉ်၍ ပညာဖြင့် အသက်မွေးသသူ လူမြတ်။ သူလတ်တို့ဝယ် ရောင်းဝယ်ဖောက်ကား၊ သူတပါးကိုသာ မှီငြားသူယုတ်။ ဥစ္စာပစ္စည်းကို အားနည်းက ဇကန်မသွေ မှီရချေ၏။ စစ်မြေမှာ တောင့်တသည် သူရဲ၊ ချစ်ဆွေကို တောင့်တသည် စားပွဲ၊ ခက်ခဲနက်နဲသော အရာမှာ တောင့်တသည် ပညာရှိ၊ တိုင်ပင်ရန်ရှိမှ တောင့်တသည် လုံခြုံသသူ၊

ရန်သူကို ဝေးအောင်ခွါ၊ မြေနှင့်တူစွာ ကျင့်၊
နှုတ်ကြမ်းသသူကို ဝေးအောင်ခွါ၊ မီးနှင့် တူစွာကျင့်၊

အရာအခွင့် သိသသူကို ပေါင်းဖော်လေ၊ ရေနှင့် တူစွာပြု။

ဤ ၃-ခုမှာ၊ အခါမရွေး၊ ဝေးအောင်,နီးအောင် ကြံဆောင်နှလုံးသွင်းရာသည်။

[၁]ရှက်ကြောက်ခြင်းရှိသော ပြည့်တန်ဆာ၊ [၂]ဒါယကာတို့လျှသော ပစ္စည်းဖြင့် မရောင့်ရဲနိုင်သော ရဟန်းသား၊ [၃]တိုင်းကားပြည်ရွာ၊ ဥပေက္ခာပြု၍ လျစ်လျူရှုသော မင်း၊ [၄]ရှက်ကြောက်ခြင်းမရှိသော အမျိုးသမီးတို့သည် လျင်စွာပျက်စီး၍ အကျိုးမပြီးရာ။ စည်ကြီးသံအလွန်မှာ ၁-ယူဇနာအရပ်၊ မိုးကြိုးသံအလွန်မှာ ၃-ယူဇနာ မှတ်။ ၁၀-ယူဇနာလည်း ၁-ဝိကပ်၊ ဒါနကိုပြုပြီး၍ ကောင်းချီးပြုသံမှာ လောကဓာတ်၊ ဤ ၃-ရပ်သော အသံကိုလည်း ကျမ်းဂန်နှင့် ညှိ။ မြင်း၏ အမျိုးကိုလည်း တစ်ခု၊ သတ္တဝါအစုကိုလည်း တခါ၊ မိန်းမ၏ ကိလေသာ အောင်ရာကို သိနိုင်ခဲသည် တဆင့်၊ အကျင့်ကို သိနိုင်ခဲသည် တခြား၊ ယောကျ်ားတို့ ဘုန်းတန်းကို ရော်ရမ်း၍ သိနိုင်ခဲသည် တဖြာ၊ ရွာသောမိုး၏ လက္ခဏာကို သိနိုင်ခဲသည် တသွန်။ ကင်းပုစွန်, ကင်းမြီးကောက်, မြွေဟောက်တို့ အဆိပ်ကား အမြီးဖျား, အစွယ်ဖျားတွင်သာ။ သူယုတ်တို့ အဆိပ်မှာ တစ်ကိုယ်လုံး နှံ့သဖြင့် ပြန့်၍ တည်ရာသည်။ လယ်,ယာလုပ်တတ်မှု မွတ်သည် မရှိရာ။ သီလ, ကုသိုလ်စေတနာကြောင့် ပါယ်ရွာလားဖို့ မရှိချေ။ ဆိတ်ဆိတ်နေခြင်းကြောင့် ငြင်းခုံခိုက်ရန်ကင်း၏။ နိုးကြားခြင်းကြောင့်ကား ဘေးကင်းသည်ဧကန်။

**"အဒန္တံ ဒမနံ ဒါနံ၊ ဒါနံ သဗ္ဗတ္ထသာဓကံ။**
**ဒါနေန ပိယဝါစာယ၊ ဥန္နမန္တိ န မန္တိ စ"။ ။**

သုံးလူ့ဘ၏၊ မိန့်ဟထွေသံ၊ နည်းကိုခံ၍၊ သံသရာဘယ၊ ဝဋ္ဋဒုက္ခကို၊ နေ့,ညတွေးထောက်၊ လန့်ကြောက်မြင်မြော်၊ သူတော်နှလုံး၊ စွဲပိုက်သုံးလျက်၊ ဤထုံးပုံစံ၊ သက်သေခံ၍၊ နိဗ္ဗာန်ပြည်မ၊ မရမီအကြား၊ ဘုံ ၃-ပါးတွင်၊ ချားရဟတ်သွင်၊ ကျင်လည်ရမည့်အမှုကို၊ နိဗ္ဗိန္ဒပညာနှင့်၊ အခါခါကြည့်ရှု၍၊ အကုသိုလ်ရန်ညစ်ကို၊ မချစ်မခင်ဘဲ၊ ဖြူစင်သော သဘောနှင့်၊ အဒေါသ စေတသိက်၊ ပြဟ္မစို ရေဖိတ်၍၊ မေ့ဝိဇ္ဇာ မြူမှောင်ကို၊ ဉာဏ်တန်ဆောင် ညှိထွန်းလျက်၊ ကျွန်းမော်သာခေါင်၊ နိဗ္ဗူသောင်သို့၊ ရောက်တည့်အောင် ရမ်းရွယ်၍၊ ဆယ်မည်သော ပုညာ၊ မြတ်ဓမ္မကို၊ နေ့,ညမယုတ်၊ အားထုတ်ရာသည်။ ယင်းကဗျာ၏အရ၊ အဓိပ္ပါယတ္ထ၊ ဂဏ္ဌိဋ္ဌာနကား၊ သူ့ကျေးဇူးကို မတင်ဘဲ အပြစ်ရှာကြံ၍ ပြုတတ်ပြောတတ်သသူကို ခင်ပွန်းပြုတ်လည်း-ဟူ။ ဝိဓုရကဗျာ၌ 'လူလေ, လူယုတ်၊ ခင်ပွန်းပြုတ်'ဟု စပ်သည်။ ကန်တော်မင်းကျောင်း ဆရာမှာမူကား 'သူတော်ကို ချစ်၊ ခင်ပွန်းပြစ်ကို ရှောင်'ဟု စပ်သည်။ "အလယ်အလတ်ကျအောင် ကြံ"ဟူရာ၌ မယုတ်မလွန် ပြုရမည်-ဟူလို။ "ကုသိုလ်,ဥစ္စာ,ပညာ ၃-ခု၊ တနေ့မှုမှာ၊ တစ်ခုခုကို ရအောင်ကြံ"ဟူရာ၌ တနေ့တွင် ကုသိုလ်မရလျှင် ပညာရစေ။ ပညာမရလျှင် ဥစ္စာရစေ။ နေ့လွတ်,နေ့လပ် မရှိစေနှင့်-ဟူလို။ ကံပင်ရှိသော်လည်း ဝီရိယ ကူရမည်။ ဉာဏ်ပင်ရှိသော်လည်း သတိမူရမည်။ "မျက်မှောက်, မျက်ကွယ်မှာ ချီးမွမ်းရာ၏"ဟူရာ၌ ဆရာကို မျက်မှောက် ချီးမွမ်းရာ၏။ အဆွေခင်ပွန်းကို

မျက်ကွယ် ချီးမွမ်းရာ၏-ဟူလို။ "နိယျာနိက"ဟူသည် ဝဋ်မှ ထွက်မြောက်ခြင်း ဆိုလိုသည်။ "တပစရိယ"ဟူသည် ခြိုးခြံသော အကျင့်တည်း။ "အာတပ္ပန"ဟူသည် ယခုလောကတွင် စုန်း,ကဝေ ပြုစားခြင်း-စသော မကောင်းသော အတတ်တည်း။ မကောင်းသော အတတ်ပညာမှာလည်း နည်းတူ။

- ခြသေ့်သည် သားကြီးသည်, သားငယ်သည်-ဟူ၍ လုံ့လ မတိုးမလျော့ ဟောက်သကဲ့သို့ ပညာရှိတို့လည်း အမှုကြီး,ငယ်တို့၌ အားထုတ်ခြင်းသည်၊ ခြသေ့်၏ဂုဏ် ၁-ပါး။
- ဗျိုင်းတို့သည် တည်ကြည်ငြိမ်သက်သကဲ့သို့ ပညာရှိတို့ တည်ကြည်ငြိမ်သက်ရာသည်၊ ဗျိုင်းတို့၏ဂုဏ် ၁-ပါး။
- နိုးကြားလုံ့လရှိသည်၊ အားကြိုးမာန်တက် ခွပ်သည်၊ ဆွေမျိုးတို့နှင့် ပေးကမ်းဝေဖန်သည်၊ အားကြိုးမာန်တက်ပြု၍ အစာရှာသည်၊ ဤကား ကြက်တို့၏ဂုဏ် ၄-ပါး။
- လျှို့ဝှက်သော မေထုန်ကိစ္စရှိသည်၊ အခါဟုတ်သည်,မဟုတ်သည်ကို သိသည်၊ မမေ့မလျော့ သည်၊ သူတပါးနှင့် အကျွမ်းမဝင်သည်၊ ဤကား ကျီးတို့၏ဂုဏ် ၅-ပါး။
- အခါဟုတ်သည်ကို သိသည်၊ အခါမဟုတ်သည်ကို သိသည်၊ ၂-ပါးယူ။ နည်းသော အိပ်ခြင်း ရှိသည်၊ အနည်းငယ်သော အစာဖြင့် ရောင့်ရဲသည်၊ ကောင်းစွာ အိပ်သည်၊ ကောင်းစွာ နိုးကြားသည်၊ သခင်ကို ချစ်ခင်သည်၊ ရဲရင့်သည်၊ ဤကား ခွေးတို့၏ဂုဏ် ၆-ပါး။
- များသောဝန်ကို ဆောင်သည်၊ အချမ်း,အပူကို ခံနိုင်သည်၊ မြက်-ဟူသော အစာရှိသည်၊ ဤကား မြည်းတို့၏ ဂုဏ် ၃-ပါး။

ဤဂုဏ်နှင့် ပညာရှိတို့ ပြည့်စုံစေရာ၏-ဟူလို။ နေသည် အဝင်,အထွက် မခြားသကဲ့သို့ စီးပွါးဥစ္စာ ရှိသူ, မရှိသူ ၂-ပါး မခြား-ဟူလို၏။ "မကောင်းသော အတတ်"ဟူသည် အာတပ္ပန အတတ်တည်း။ မီးပူဇော်သည်ကို ဟုန်းပူဇော်သည်-ဆိုသည်။ ဟုတ-သဒ္ဒါတွင် တ-ကို န-ပြု၍ ဟုန်း-ဟူလို၏။ "ရှောင်ကြဉ်ရှက်ကြောက်တတ်သသူ ၂-ရပ်"ဟူရာ၌ မကောင်းမှုမှ ရှက်သူ ၁-ယောက်, ကြောက်သူ ၁-ယောက်၊ ၂-ယောက်ယူ။

သေ၍ ကွေကွင်းရသည် နာနာဘာဝ (နာ-အရ),
ရှင်လျက် ကွေကွင်းရသည် ဝိနာဘာဝ (ဝိ-အရ),
မချစ်မခင်သောသူနှင့် အတူနေရသည် သမ္ပယောဂ (သံ-အရ),
ချစ်သောသူနှင့် ကွေကွင်းရသည် ဝိပ္ပယောဂ (ဝိ-အရ)၊

ဤ ၄-ပါးကြောင့် သောက မဖြစ်စေရာ-ဟူလို။ ဒါန, သီလ, ဝိပဿနာ (ဒါန, သီလ)အရ ဤ ၄-ပါးကြောင့် ကာလကို မလွန်စေရာ။ "အဘယ်ကာလမှ အလှူပေးမည်၊ သီလကို ဆောက် တည်မည်၊ သမထကို အားထုတ်မည်၊ ဝိပဿနာကို အားကိုးအားထုတ်မည်"ဟု ကာလကို

မင့်ဆိုင်းရာ။ သေမင်းက အရင်ကျတတ်သည်-ဟူလို။ "ဤ ၃-ခုမှာ၊ အခါမရွေး၊ ဝေးအောင်, နီးအောင်ကြံ"ဟူရာ၌ မြွေနှင့် မီးကို ဝေးအောင် ကြံ။ အရာအခွင့် သိသသူကို နီးအောင် ကြံ။ ယထာက္ကမ နည်းယူ။

ဒါနံ၊ အလှူပေးခြင်းသည်။ အဒန္တံ၊ မယဉ်ကျေးသောသူကို။ ဒမနံ၊ ယဉ်ကျေးအောင် ဆုံးမသည် မည်၏။ ဒါနံ၊ အလှူပေးခြင်းသည်။ သဗ္ဗတ္ထသာဓကံ၊ အလုံးစုံသော အကျိုးကို ပေးစေတတ်၏။ ဒါနေန၊ အလှူပေးခြင်းကြောင့်လည်းကောင်း။ ပိယဝါစာယ၊ ချစ်ဖွယ်သော စကားကို ဆိုခြင်းကြောင့်လည်းကောင်း။ ဥန္နမန္တိ၊ မညွတ်သောသူတို့ ညွတ်လာကုန်၏။ နမန္တိ စ၊ ညွတ်ပြီးသောသူတို့ အခါခါ ညွတ်လာကုန်၏။

★★★★★★★

## (၂၂) ၁၂၆၃-ခု၊ နယုန်လဆန်း၊ ၅-ရက်နေ့၊ မင်္ဂလာသဘင်တော်သွင်းစာ

ဒီပဲယင်းမြို့၊ အလုံမြို့၊ ဗန်ကြီမြို့၊ ပဋ္ဌာလမြို့၊ ပုဂံမြို့၊ ညောင်ရမ်းမြို့၊ ရွှေပြည်ရန် အောင်၊ တောင်ဘက် မြင်းကုက္ကိုရွာ၊ သံယာကြီး,ငယ်တစ်စုတို့ မေတ္တာရပ်ခံပါသည်။ ပဌမ-သင်္ဂါယနာတင် သာသနာဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်။

အစွန်နှရှည်ကြာသော ကပ်ကမ္ဘာကာလပတ်လုံး ဖြည့်ကျင့်ဆည်းပူးအပ်သော ပါရမီဒဗ္ဗ-သမ္ဘာရတို့ကြောင့် ရာဇဓမ္မ-စသော ပြကတေ့တို့နှင့် ပြည့်စုံတော်မူလျက် ရည်သန်တော်မူအပ် သော သမ္ဗောဓိဆုမြတ်ရှိတော်မူသော မင်းကောင်း,မင်းမြတ်ဖြစ်တော်မူ၍ သာသနာတော်၏ အကျိုးစီးပွါး၊ တိုင်း,နိုင်ငံသူ၊ လူ,ရှင်,ရဟန်းတို့၏ အကျိုးစီးပွါးကို အားကြီးစွာသော သမာဆန္ဒဖြင့် တောင့်တတော်မူသည့်အတိုင်း နိုင်ငံတော်အတွင်း မြို့,ကျေးရွာများ၌ အသီးသီး ဂိုဏ်းအုပ်, ဂိုဏ်းထောက် ခန့်အပ်တော်မူ၍ အလဇ္ဇီဓမ္မ ပါပိစ္ဆ က္ကစ္ဆာပကတ ကုမဂ္ဂဝေသန ကဏှဓမ္မပါပ-သမာစာရ အသပ္ပုရိသတည်း-ဟူသော သာသနာတော်၏ အညစ်အကြေး ဘေးရန်တို့ကို ဓမ္မဝိနယတည်း-ဟူသော ဘုရားအဆုံးအမကို ပြလျက် အာဏာစက်, ဓမ္မစက်၊ ၂-ရပ်တို့ဖြင့် နှိပ်ကွပ်ဆုံးမတော်မူ၍ အလဇ္ဇီဓမ္မ ပါပပုဂ္ဂလတို့ကို မဟာသမုဒ္ဒရာဝယ် ဟတ္ထိအသေ-စသော ကုဏပ-အစု၊ ဒုဂန္ဓအပေါင်းတို့ကို မကြာမတင်စေရ၊ မဟာဦမိဝေဂဖြင့် တခဏချင်းပင် ကမ်းသို့ ပြစ်တင်သကဲ့သို့ နိုင်ငံတော်အတွင်း မြို့,ကျေးရွာများ၌ လဇ္ဇီဓမ္မ သီလဝန္တ ဖြစ်ကြသည့်အရာများ ကို နားတော်တင်မိသဖြင့် ပီတိပါမောဇ္ဇ သဒ္ဓါဗလဝဖြစ်၍ နှစ်သက်ဝမ်းမြောက်ခြင်း ပြင်းစွာ ဖြစ်တော်မူပြန်ရကား ကြောင့်ကြမဲ့နေတော်မမူဘဲ အကြိမ်ကြိမ်,အထပ်ထပ်၊ လဇ္ဇီ သီလဝန္တ၊ ဂဏာစရိယ-စသော ပုဂ္ဂိုလ်တို့ကို ပင့်ဆောင်တော်မူခြင်းတို့နှင့် နိုင်ငံသူတို့ကိုလည်း "အာသနာ ဝုဋ္ဌဟိတွာ ဟတ္ထိခဏ္ဍံ အဘိရူဟေယျ"ဟူသကဲ့သို့ တဆင့်ထက်တဆင့်၊ မြင့်မြတ်အောင် ကြံဆောင် တော်မူ၍ ဓမ္မပါလရွာကဲ့သို့ နတ်ရွာနိဗ္ဗာန်ရောက်ကြောင်း၊ ကောင်းမြတ်သော သုဂတိဘဝကို

ရစေခြင်းငှာ တိုက်တွန်းတော်မူခြင်း-စသည်ဖြင့် ဖြစ်တော်မူသော အာသာဆန္ဒတော်သည် မုံအာစွင့်စွင့် ကြီးရင့်လေပြီးသော ပါရိဆတ္တ၏ အစဉ်မပြတ် တပြိုင်နက် ပွင့်အံ့သည်ကို မျှော်လင့်တောင့်တသော တာဝတိံသာ နတ်သဘင်ကဲ့သို့ အားကြီးစွာ ဖြစ်တော်မူသည်။

သာသနာ့ဒါယကာ ဇေရာဇ်တရားမင်းမြတ်၏ အာသာဆန္ဒ တောင့်တခြင်း ပြင်းစွာဖြစ်တော်မူလျက် တိုင်း,နိုင်ငံသူ၊ လူ,ရှင်,ရဟန်းတို့မှာ ကိုးကွယ်ရာမရ၊ အနာထဖြစ်ကြ၍ ကံတိမ်း, ကံပါး၊ ဂိုဏ်းအခြားသို့ ပြေးသွားပုန်းလျှိုး၊ ခိုကိုးနေထိုင်ကြသဖြင့် အတိဒုက္ခိတကပ္ပန၊ အထီးကျန်သတ္တဝါတို့သန္တာန်ဝယ် နိရန္တရ အကုသိုလ်ဓမ္မ ဒေါမနဿတရား ကိန်းဝပ်လျက် မပြတ်ပင်ရှိကြ၍ ဂဏာစရိယ ဂဏပါမောက္ခ ဣဿရိယပြုလုပ်သူတို့က ယထာဓမ္မသဘာဝသည် မူလမမှန်သောကြောင့် ဥဒက် မညေ အာဒိတ္တံ-ဟူသကဲ့သို့ ရှိကြပါသည်။

ဘုရားရှေ့လက်ထက်တော်ကလည်း သာရိပုတ္တရာမဟာထေရ်, ကောဏ္ဍဒါန, သဗ္ဗဒါသ, ရှင်ဒဗ္ဗ-အစရှိသော ပုဂ္ဂိုလ်တို့၏ ဝတ္ထုတွင် ပုထုဇန်ရဟန်းတို့က နေရာကျ မသိကြ၍ မိစ္ဆာဒိဋ္ဌိ, နိဂဏ္ဌ, ဥက္ကဏ္ဍိတ, ဒုဿီလ-စသည်ဖြင့် မှောက်မှောက်မှားမှား ပြောဆိုကြသောစကားကို သဗ္ဗညုဘုရား ပိုင်းခြားကျူးရင့် လှစ်ဖွင့်ဟောကြားတော်မူမှသာ စောဒနာလွတ်ကင်း ယုံမှားရှင်းလျက် ပြက်ပြက်ကွင်းကွင်း ထင်လင်းသိသာ၍ နေရာကျဖြစ်နိုင်သကဲ့သို့ တိုင်းသားပြည်သူ၊ ရှင်,လူ,ရဟန်းတို့မှာလည်း ဇေရာဇ်မင်းမြတ်ကိုယ်တိုင် သိတော်မူသောကြောင့် အရေးယူတော်မမူသမျှကို နေရာမကျနိုင်အောင် ဂယောင်ချောက်ချား၊ တိုင်းသားပြည်သူ၊ ရှင်,လူ,ရဟန်းတို့ ပင်ပန်းငြိုငြင်သော စိတ်နှလုံးဖြင့် ယူကြုံးမရ ရှိကြပါသည်။ လောက ၃-ပါးတွင် ဘုရားဖြစ်တော်မူသည်မှာလည်း ခပ်သိမ်းသောဘုံသူ၊ နတ်,လူ,ဗြဟ္မာ၊ သတ္တဝါအပေါင်းတို့၏ ကောင်းကျိုးချမ်းသာ၊ နတ်ရွာ,နိဗ္ဗာန်သို့ ပို့ဆောင်အံ့သောငှာ ဖြစ်တော်မူလှာသည်။

ဓမ္မရာဇ သမ္မာကြီးထု၊ သမ္မုတိနတ်၊ ဇေရာဇ်မင်းမြတ်တို့ ဖြစ်တော်မူသည်မှာကား တိုင်းသူပြည်သား၊ ရှင်,လူ,ရဟန်းတို့ ချမ်းသာကို၊ ရှာမှီးစောင့်ရှောက်၊ ချီးမြှောက်တော်မူခြင်းငှာ ဖြစ်တော်မူရကား ရဟန်း,ရှင်,လူ၊ ပြည်သူ,သတ္တဝါတို့ ချမ်းသာကို ရှာတော်မူသော ဘဝထူး,ဘဝမြတ်၌၊ ဒဗ္ဗသမ္ဘာရ သဘာဝ ဥဿာဟမန္တ-စသော မင်းတို့ကျင့်တမ်း၊ စွမ်းပကား အားရှိတော်မူသည်နှင့်လျော်စွာ၊ 'မန္ဒာတု၊ စတုဒီပိဿရ၊ သဗ္ဗကုမ္မ'-စသော၊ မင်းတို့၏တံထွာ၊ အာဏာလက်ရုံး၊ ဘုန်းအသရေတော်နှင့် ပြည့်စုံတော်မူသဖြင့်၊ သုဒုပ္ပရ၊ မဟောဃဝယ်၊ ကျရောက်မွန်းနစ်သော သတ္တဝါကို၊ ပြင်းစွာ အားထုတ်လျက်၊ မဆုတ်,မဆိုင်းဘဲ၊ လှိုင်းဟုန်ဂယက်၊ ရေပွက်,ရေကြမ်းမှ၊ ကမ်းသို့ ဆွဲငင်၊ ဆယ်တင်ထုတ်ဆောင်သကဲ့သို့၊ ဒုက္ခိတသတ္တဝါတို့၊ ချမ်းသာအထူး၊ ကျေးဇူးရှိမည်ကို၊ သတိယိုရင်း၊ နှလုံးသွင်းပိုက်တော်မူ၍၊ ကိုးကွယ်ရာ မရ၊ နေရာမကျ၊ အနာထဖြစ်ကြ၍၊ အရပ်တပါး၊ ဂိုဏ်းအခြားသို့၊ ပြေးသွားပုန်းလျှိုး၊ ခိုကိုးနေထိုင်ကြသော ရဟန်းတို့ကို၊ ယထာဓမ္မ၊ ဝိနိစ္ဆယအဆုံးအဖြတ်ဖြင့် ရ၍ နေရာကျဖြစ်ပါရမည့်အကြောင်းကို မေတ္တာရပ်ခံပါသည်၊ ပဌမသင်္ဂါယနာတင် သာသနာ့ဒါယကာ မဟာဓမ္မရာဇ် တရားမင်းမြတ်။

★ ★ ★ ★ ★ ★ ★

## (၂၃) ၁၂၃၆-ခု၊ တန်ဆောင်မုန်းလဆန်း၊ ၅-ရက်နေ့၊ ရွှေလွတ်တော် မင်းကြီးများထံ သထုံမြို့၊ ပေန်းဖြူကိစ္စနှင့် ဆရာတော်က မေတ္တာရပ်ခံသည့်စာ

ဆရာတော် မေတ္တာရပ်ခံအပ်သည်၊ တကာဝန့်ရှင်တော်မင်းကြီးတို့။ သီလသည် မိညှင်းနှင့် ပေန်းဖြူတို့ ဖြစ်ပွါးကြသည်- စကားမှာ သီလသည်သမီး မိနန်းရွှေကို ပေန်းဖြူ သူတော်တကာထုံးတမ်း၊ တောင်းရမ်းပြီးမှ၊ ထိမ်းမြားပေးစား၊ တိုက်ခန်းနေရာချထား၍ အိုးအင် မကွဲ၊ မပြား၊ စားသောက်နေထိုင်ကြပြီးမှ ပေန်းဖြူကို သီလသည်က ကောဓုပနာဟအမှု ၁-ခုခုနှင့်၊ ထိပါးတိုက်ခိုက်ကြလျှင် မနှစ်သက်သည့်အလျောက်ပင် ပြစ်မှုကြီးစွာ ပြုလုပ်ပြန်သဖြင့် တကာဝန့်ရှင်တော်မင်းကြီးတို့မှာ သုတစကား၊ အကြားအသိဖြင့်သာ စီရင်ရသောကြောင့် မှန်ကန်ဖြောင့်မတ်သည်လည်း ရှိရာ၏။ ချွတ်ယွင်းသည်လည်း ရှိရာ၏။ ပေန်းဖြူနှင့် သမီး-မိနန်းရွှေကို သီလသည် မိညှင်း သဘောတူပေးစား ထိမ်းမြား၊ တိုက်ခန်းနေရာချထား၍ အိုးအင် မကွဲ,မပြား၊ စားသောက်နေထိုင်ကြသည်- ဆိုသည်မှာလည်း ပေန်းဖြူနှင့် အတူနေရင်း၊ အပေါင်းသမဂ္ဂ၊ သံဃာမြို့ရွာ, လူရှင်တို့ အမြင်,အသိဖြစ်၍ ယခု စီရင်ချက်အရ အတိုင်းဖြစ်လျှင် ပေန်းဖြူမှာ အကျနာလွန်းချိမ့်မည်-ဟု အစ,အလယ်,အဆုံး၊ ၃-ပါးလုံးကို၊ ထောက်ထားနှိုင်းညှိ၊ ဆင်ခြင်မိသဖြင့်၊ "ရှုံးသော် ညောင်ပင်ကြီး၊ အလေးလောင်းသော ပညာရှိအရေး"ဆိုသကဲ့သို့ သထုံမြို့က၊ ပါရင်းအပေါင်း၊ သမဂ္ဂသံဃာ၊ ဆရာတော်တို့၏ မေတ္တာဖြင့်၊ ပေန်းဖြူကိစ္စကို၊ အဖိုးအနဂ္ဃ၊ ရတနာ့စကြာမင်း ပတ္တမြားကို၊ နားမှာ ဝတ်ဆင်၍၊ သဘင်ပြုပွဲ ကျင်းသကဲ့သို့ လောကီ,လောကုတ်၊ တရားအစုတ်ကို၊ မယုတ်မယွင်းစေရ၊ ယထာဓမ္မ၊ သဘာဝဖြင့်၊ နေရာကျ ဖြစ်စေကြောင်းကို မေတ္တာခံလိုက်သည် တကာဝန့်ရှင်တော်မင်းကြီးတို့။

အက္ခရာ ဧကေ'မေကဥ္စ၊ ဗုဒ္ဓရူပံ သမံ သိယာ။
တသ္မာ ဟိ ပဏ္ဍိတော ပေါသော၊ လိခေယျ ပိဋကတ္တယံ။ ။

★★★★★★★★

# ဗုဒ္ဓစာပေအဖွဲ့၏ ပုံနှိပ်ပြီး ကျမ်းစာများ

၁။ ဝိသုဒ္ဓါရုံသုတ်နက်ကြီး
၂။ ဝိသုဒ္ဓါရုံကစ္စည်းသုတ်နက်ဋီကာ
၃။ ဝိသုဒ္ဓါရုံသဂြိုဟ်နိဿယ
၄။ ဝိသုဒ္ဓါရုံပုဒ်စစ်ဂဏ္ဍိကျမ်း
၅။ ဝိသုဒ္ဓါရုံအဆုံးအဖြတ်
၆။ နှုတ်ငုံဆောင် ဝိသုဒ္ဓါရုံပရမတ္ထသရူပဆိုရိုး
၇။ ဝိသုဒ္ဓါရုံပရိတ်ကြီးနိဿယ
၈။ ဝိသုဒ္ဓါရုံထေရုပ္ပတ္တိဒီပနီပါဠိ
၉။ သိရီမဟာမာယာဒေဝီဝတ္ထုနိသျ
၁၀။ ဓာတွတ္ထသင်္ဂဟပါဠိ+နိသျ
၁၁။ ဆိဒ္ဒပိဓာနနီကျမ်း
၁၂။ လင်္ကာဒီမဂ္ဂဒီပနီ
၁၃။ ဝိစိတြဝဏ္ဏနာ-စသည် (ပ,ဒု-ကြိမ်)
၁၄။ မနောဒိဋ္ဌဝဏ္ဏနာ
၁၅။ သတိသမ္ပဇ္ဇနိဂ္ဂဟစာတမ်(ဦးနာရဒ)
၁၆။ မဟာဗောဓျာဒီမဂ္ဂဒီပနီ
၁၇။ အမေးတော်ဖြေ
၁၈။ မဟာဝိသုဒ္ဓါရာမတိုက်အုပ်ဆရာတော်ထေရုပ္ပတ္တိ
၁၉။ ဝိမိဿမဓုရရစနာ (ပ,ဒု-ကြိမ်) (အရှင်စန္ဒဇောတိ)
၂၀။ မင်္ဂလာ့အမြုတေ
၂၂။ လူနှင့်တူသောလူ
၂၃။ တထာဂတဥဒါနဒီပနီ(ပ-တွဲ)
၂၄။ တထာဂတဥဒါနဒီပနီ(ဒု-တွဲ)
၂၅။ ဗုဒ္ဓနိုင်ငံတော် (ပ-တွဲ)

## ဗုဒ္ဓစာပေအဖွဲ့၏ ပုံနှိပ်ပြီး ကျမ်းစာများ

၂၆။ ဗုဒ္ဓနိုင်ငံတော်(ဒု-တွဲ)
၂၇။ ဗုဒ္ဓနိုင်ငံတော် (တ-တွဲ)
၂၈။ ဝိမတိစ္ဆေဒနီ (ကြီးသဲ)
၂၉။ သမ္မာဒိဋ္ဌိကထာကျမ်း
၃၀။ စွယ်စုံကျော်ထင်ဂဏ္ဌိကျမ်း
၃၁။ သာသနာလင်္ကာရစာတမ်း၊ သာသနဝံသပ္ပဒီပိကာကျမ်း၊
THE HISTORY OF THE BUDDHA'S RELIGION (၃-ကျမ်းတွဲ)
၃၂။ မဟာဗောဓိပ္ပတ္တိကထာကျမ်း
၃၃။ သီလက္ခန်အဋ္ဌကထာ မြန်မာပြန်
၃၄။ ဘူမိစာလနိဒါန်းကျမ်း (ဒု-ကြိမ်)
၃၅။ ဘူမိစာလနိဒါန်းကျမ်း (တ-ကြိမ်)
၃၆။ ချောင်းဦး၊ ရွှေတောင်ဆရာတော်ဝိနိစ္ဆယ
၃၇။ တွံတေးပရိတ်ကြီးပါဠိနိဿယ
၃၈။ ကစ္စာယနသာရသရူပတ္ထဒီပနီ (ပြည်)
၃၉။ ဝင် ၉-ဝင်ဝတ္ထု (ပထမတွဲ)
၃၉။ ဝင် ၉-ဝင်ဝတ္ထု (ဒုတိယတွဲ)
၃၉။ ဝင် ၉-ဝင်ဝတ္ထု (တတိယတွဲ)
၄၀။ မဇ္ဈိမဒေသ သာသနာပြုအတွေ့အကြုံများ (ဟရိဗလ၊ ကုသိနာရုံ)
၄၁။ စေတီယပဋိသင်္ခရဏဝိနိစ္ဆယကျမ်း (ထိမ်တော)
၄၂။ ပကိဏ္ဏကဝိသဇ္ဇနာကျမ်း (ပထမတွဲ)
၄၂။ ပကိဏ္ဏကဝိသဇ္ဇနာကျမ်း (ဒုတိယတွဲ)

ဆက်လက်ထွက်မည် -

- The Way to Nobility *(English, မြန်မာ)* ဘဒ္ဒန္တစန္ဒဇောတိ(မလှိုင်)

## စာဒါယကာကြီး ဦးကျော်ညွန့်နှင့် မိတ်ဆွေများ ပုံနှိပ်လှူဒါန်းပြီးသော ကျမ်းဂန်များ

| | |
|---|---|
| ၁။ တိပိဋက ပါဠိမြန်မာ အဘိဓာန် | အတွဲ- ၁ |
| ၂။ တိပိဋက ပါဠိမြန်မာ အဘိဓာန် | အတွဲ- ၂ |
| ၃။ တိပိဋက ပါဠိမြန်မာ အဘိဓာန် | အတွဲ- ၃ |
| ၄။ တိပိဋက ပါဠိမြန်မာ အဘိဓာန်(အပိုင်း- ၁) | အတွဲ- ၄ |
| ၅။ တိပိဋက ပါဠိမြန်မာ အဘိဓာန် | အတွဲ- ၅ |
| ၆။ တိပိဋက ပါဠိမြန်မာ အဘိဓာန် | အတွဲ- ၆ |
| ၇။ တိပိဋက ပါဠိမြန်မာ အဘိဓာန် | အတွဲ- ၇ |
| ၈။ တိပိဋက ပါဠိမြန်မာ အဘိဓာန် | အတွဲ- ၈ |
| ၉။ တိပိဋက ပါဠိမြန်မာ အဘိဓာန် | အတွဲ- ၉ |
| ၁၀။ တိပိဋက ပါဠိမြန်မာ အဘိဓာန် | အတွဲ-၁၀ |
| ၁၁။ တိပိဋက ပါဠိမြန်မာ အဘိဓာန် | အတွဲ-၁၁ |
| ၁၂။ တိပိဋက ပါဠိမြန်မာ အဘိဓာန် | အတွဲ-၁၂ |
| ၁၃။ တိပိဋက ပါဠိမြန်မာ အဘိဓာန် | အတွဲ-၁၃ |
| ၁၄။ တိပိဋက ပါဠိမြန်မာ အဘိဓာန် | အတွဲ- ၁၄ (ပ-ပိုင်း) |
| ၁၅။ တိပိဋက ပါဠိမြန်မာ အဘိဓာန် | အတွဲ-၁၅ |
| ၁၆။ တိပိဋက ပါဠိမြန်မာ အဘိဓာန် | အတွဲ-၁၆ |
| ၁၇။ တိပိဋက ပါဠိမြန်မာ အဘိဓာန်(ရိုက်ပြီးချုပ်ဆဲ) | အတွဲ-၁၇ |
| ၁၈။ တိပိဋက ပါဠိမြန်မာ အဘိဓာန် | အတွဲ-၁၈ |
| ၁၉။ တိပိဋက ပါဠိမြန်မာ အဘိဓာန် | အတွဲ-၁၉ |

၂၀။ လူသေလူဖြစ်ဝိနိစ္ဆယကျမ်း    ၂၁။ မူလဓမ္မဝိသောဓနီကျမ်း

၂၂။ ဝိနယပုစ္ဆာဝိသဇ္ဇနာ(ထိမ်တော၊ဒု-ကြိမ်)

၂၃။ ဝိနယပုစ္ဆာဝိသဇ္ဇနာ(ထိမ်တော၊တ-ကြိမ်)    ၂၄။ ပုစ္ဆာနယပကာသနီကျမ်း

၂၅။ ဒွါစတ္တာလီသပုစ္ဆာဝိသဇ္ဇနာကျမ်း, ၉-ဌာနဝိနိစ္ဆယကျမ်း(၂-ကျမ်းတွဲ)
သာသနာလင်္ကာရစာတမ်း၊ သာသနဝံသပ္ပဒီပိကာကျမ်း၊
THE HISTORY OF THE BUDDHA'S RELIGION (မြန်မာ,ပါဠိ,အင်္ဂလိပ် ၃-ဘာသာ)

## ရကြပါစေ၊ အမျှဝေ

“မမွအလျ၊ ဖြစ်စေ”ဟူ၍၊ ဘယ်သူမန္နီး၊ ကိုယ်တိုင်နိုးလျက်၊ ကောင်းကျိုးရမှု၊ ကောင်းစွာပြုသား၊ ကောင်းမှုပေါင်းကို၊ သောင်းစကြဝဠာ၊ များစွာတွက်ရေ၊ ကုဋေတစ်သိန်း၊ တွက်ကိန်းဆဆ၊ အနန္တလျှင်၊ ဝိသယ, အာဏာ၊ ဇာတိဟူသား၊ ခေတ်သုံးပါးဝယ်၊ များလှသတ္တဝါ၊ ဝေနေယျာကို၊ မေတ္တာသနား၊ ဝေငှကြား၏။

ထူးခြားထိုမှ၊ ဂုဏ်ကြီးလှသား၊ မိဘ, ဘွား, ဘိုး၊ ဆွေမျိုးဉာတကာ၊ ကုလာဇေဋ္ဌ၊ ဝယ, သီလာ၊ ပညာဝါဖြင့်၊ ဆရာအရှင်၊ ကျေးဇူးဖြင်သည်၊ ဝန်းကျင်တွင်းပ၊ စောင့်ရှောက်မ-သား၊ ဂေဟ ဒေဝတာ၊ ဆယ်ဖြာကျိုးနတ်၊ မြတ်ထွဋ်ကုန်ကျ၊ အဋ္ဌအရိယာ၊ ဒေဝါ, သက္က၊ ဗြဟ္မမဟာ၊ လောကပါလ၊ ဝဋ္ဋာဟက၊ ယမတွင်ခြင်း၊ နတ်မင်းအများ၊ နဂါး, ယက္ခ၊ ကုမ္ဘဏ္ဍနှင့်၊ ဂန္ဓဗ္ဗများ၊ လေးခြားဒေဝတာ၊ သုံးဖြာနတ်မျိုး၊ အရိုးရိုးလျှင်၊ တန်ခိုးအာဏာ၊ ဂုဏ်ရှိန်ဝါဖြင့်၊ ပြည်, ရွာ, တိုင်းကား၊ လူတလွှားကို၊ စီးပွါးရှာရှာ၊ သာသနာကို၊ မချာနေ့, ည၊ စောင့်ရှောက်ကြသား၊ ဘူမ, ရုက္ခာ၊ အာကာသဋ္ဌ၊ တွင်နာမဖြင့်၊ ပဗ္ဗတများမြောင်၊ တော, တောင်, ကုန်းကျဉ်း၊ မြစ်ခပင်းနှင့်၊ အိုင်မင်း ၇-ဖြာ၊ သတ္တရဘာန် ၇-ရပ်၊ ၅-ထပ်အာလိန်၊ တေဇာရှိန်သာ၊ ဒေဝိန္ဒရာဇ်ဖြစ်ဖြစ်ကုန်ကြ၊ နတ်ထိုမျှကို၊ ရပါလေစေ၊ အမျှဝေ၏။

စိတ်စေတနာ၊ ဝမ်းပမ်းသာ၍၊ ငါတို့ကောင်းမှု၊ ပြုပြုသမျှ၊ ဤပုည ကို၊ ဒိဗ္ဗစက္ခု၊ မြင်မှုမပြတ်၊ ဆတ်ဆတ်နတ်နား၊ ဆင့်ဆင့်ကြားက၊ တို့အား ချစ်ခင်၊ မိဘသွင်သို့၊ ကြင်ကြင်နာနာ၊ စောင့်ကုန်ပါ၍၊ ချမ်းသာကဲမိုး၊ သစ်သစ်တိုးသည်၊ ကောင်းကျိုးဆဆ-ပွါးစေတည်း။ ။

သာဓု သာဓု သာဓု။

ဤပကိဏ္ဏကဝိသဇ္ဇနာ(ဒုတိယတွဲ)ကျမ်းကို အဆက်မပြတ်

ထုတ်ဝေနိုင်ရန် ရည်သန်၍ ငွေပဒေသာပင်စိုက်ထူကာ

ပညာသံဝတ္တနိကကုသိုလ်ပြုကြသော ဓမ္မဒါန ဒါယကာများ

ရွှေသုဝဏ်ဆရာတော်၏ ရဟန်းမယ်တော်ကြီး

# ဒေါ်အေးရင် (မြစ်သား)

ကို ရည်စူး၍

သမီး- ဒေါ်ကြည်ကြည်

မြေး- ဗိုလ်ချုပ်စောထွန်း(ငြိမ်း)+ဒေါ်မြင့်မြင့်ကို

ဦးဂျော်နီ+ဒေါ်မူမူကို၊ ဦးခင်မောင်ဆွေ+ဒေါ်ခင်မာဦး

ဒေါက်တာဦးမင်းလွင်+ဒေါ်ဝင်းဝင်းကို

ဦးအေးကို+ဒေါ်ချိုပုံး၊ ဦးလှမြင့်+ဒေါ်နှင်းနှင်းဦး

မြေး,မြစ်,တီ မျိုးဆက်သစ်များ

ကောင်းမှု

ဉာဏ်ပကိဏ္ဏကဝိသဇ္ဇနာ(ဒုတိယတွဲ)ကျမ်းကို အဆက်မပြတ်
ထုတ်ဝေနိုင်ရန် ရည်သန်၍ ငွေပဒေသာပင်စိုက်ထူကာ
ပညာသံဝတ္တနိကကုသိုလ်ပြုကြသော ဓမ္မဒါန ဒါယကာများ

ရွှေသုဝဏ်ဆရာတော်၏ ရဟန်းမယ်တော်ကြီး

# ဒေါ်အေးရင် (မြစ်သား)

ကို ရည်စူး၍

သမီး- ဒေါ်ကြည်ကြည်

မြေး- မှိုလ်ချုပ်စောထွန်း(ငြိမ်း)+ဒေါ်မြင့်မြင့်ကို
ဦးကျော်နီ+ဒေါ်မူမူကို၊ ဦးခင်မောင်ဆွေ+ဒေါ်ခင်မာဦး
ဒေါက်တာဦးမင်းလွင်+ဒေါ်ဝင်းဝင်းကို
ဦးအေးကို+ဒေါ်ချိုပြုံး၊ ဦးလှမြင့်+ဒေါ်နှင်းနှင်းဦး
မြေး,မြစ်,တီ မျိုးဆက်သစ်များ

ကောင်းမှု